ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

# တရားစီရင်ထုံးများ

၁၉၉၃ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

## တရားရုံးချုပ်၏ စီရင်ချက်များ

၁၉၉၃ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

ပထမအကြိမ်

၁၉၈၅-ဇန္နဝါရီလ

အုပ်ရေ-၆၀၀၀

မြဝတီပုံနှိပ်တိုက်၊ အမှတ် ၁၈၁-၁၈၃၊ ဆူးလေဘုရားလမ်း ရန်ကုန်တွင်
အမှုဆောင်အရာရှိချုပ် ဦးသိန်းစိန်၊ ထုတ်ဝေသူ မှတ်ပုံတင်အမှတ်
(၃၇၀၂) က ထုတ်ဝေ၍ အယ်ဒီတာချုပ် ဦးမြင့်ကြွယ် ပုံနှိပ်သူ မှတ်ပုံတင်
အမှတ် (၀၂၂၅၁) က ပုံနှိပ်သည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်

### တရားရုံးချုပ်၊ တရားသူကြီးချုပ်နှင့် တရားသူကြီးများ

| | | |
|---|---|---|
| ၁။ | ဦးအောင်တိုး B.A,B.L. | တရားသူကြီးချုပ် |
| ၂။ | ဦးကျော်ဝင်း B.A. | တရားသူကြီး |
| ၃။ | ဦးအောင်မြင့် B.A,R.L. | တရားသူကြီး |
| ၄။ | ဦးသန်းဖေ B.A,B.L. | တရားသူကြီး |
| ၅။ | ဦးတင်အုံး B.A,B.L. | တရားသူကြီး |
| ၆။ | ဦးတင်ထွတ်နိုင် B.A,B.L. | တရားသူကြီး |

## ပြည်ထောင်စုမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံ တရားစီရင်ထုံး စိစစ်ထုတ်ဝေရေးအဖွဲ့

၁။ ဦးတင်အုံး B.A,B.L. — ဥက္ကဋ္ဌ
တရားသူကြီး၊ တရားရုံးချုပ်

၂။ ဦးစိုးမြင့် B.Sc,B.L. — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ်

၃။ ဦးဘသန်းအောင် B.A,B.L. — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ပြစ်မှုဌာန

၄။ ဦးဘတင့် B.A. — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ တရားမဌာန

၅။ ဦးဘသန်း B.A,B.L. — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ စီမံဌာန

တရား ... စာကြည့်တိုက်
ပြည်ထောင်စုမြန်မာနိုင်ငံတော် ... တရားရုံး
၂၈၈၇၈
၄-၃-၀၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံ တရားစီရင်ထုံး စိစစ်ထုတ်ဝေရေးအဖွဲ့

၁။ ဦးတင်အုံး B.A,B.L. — ဥက္ကဋ္ဌ
တရားသူကြီး၊ တရားရုံးချုပ်

၂။ ဦးစိုးမြင့် B.Sc,B.L. — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ်

၃။ ဦးဘသန်း B.A,B.L. — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ပြစ်မှုဌာန
(၁၄–၆–၉၄ မှစ၍)

၄။ ဦးဘသန်းအောင် B.A,B.L. — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ တရားမဌာန
(၁၄–၆–၉၄ မှစ၍)

၅။ ဦးအေးမောင် B.A,B.L. — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ စီမံဌာန
(၁၄–၆–၉၄ မှစ၍)

“တရားစီရင်ရာတွင် အမှန်ကိုဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့
အမှန်တရားကို စီရင်ကြောင်း အများ မြင်စေရာသည်”

(ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်ရွှေ (မ) မောင်ရှေပါ-၂[၁])

---

၁။ ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး (တရားရုံးချုပ်) စာ -၆၁၆။

" တရားသူကြီးအလုပ်ဆိုတာ လူတကာ ဆောင်ရွက်လို့ရတဲ့အလုပ်မျိုး မဟုတ်ပါဘူး၊ အကျင့်၊ သီလ၊ သိက္ခာ၊ သမာဓိရှိတဲ့ ပုဂ္ဂိုလ်များသာ ဆောင်ရွက်နိုင်တဲ့လုပ်ငန်းဖြစ်ပါတယ်၊ ရာဇနီတိကျမ်းမှာ တရားသူကြီးအင်္ဂါ ၄ ပါးနဲ့ ပတ်သက်ပြီး အမျိုးသီလနှင့်ပြည့်စုံသော၊ အမှန်တည်းဟူသော တရားကိုစောင့်သော၊ ကောင်းသောပညာလည်းရှိသော၊ ချစ်နှစ်ဖွယ်စကားကို ဆိုတတ်သော၊ ရှုံးခြင်း၊ နိုင်ခြင်းကို သိတတ်သော အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသူကိုသာ တရားသူကြီးအရာမှာ စီရင်ခန့်ထားအပ်တယ်လို့ ပြဆိုထားပါတယ်၊ ဒီအင်္ဂါ ၄ ပါးဟာ တရားသူကြီးများသာမက တရားစီရင်ရေးနဲ့ ဆက်နွယ်တဲ့ ဝန်ထမ်းများအားလုံးမှာ လိုအပ်တဲ့ အရည်အချင်းဖြစ်တယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။"

---

၂၉–၇–၉၃ ရက်နေ့တွင် သုနာပြန္တကျောင်းတိုက် အစည်းအဝေးခန်းမ၌ တရားရုံးချုပ်နှင့် ပြည်နယ်နှင့်တိုင်း၊ ခရိုင်တရားသူကြီးများ၊ ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က လမ်းညွှန်အမှာစကား ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်။

## ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများနှင့် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် ပြောကြားသည့် လမ်းညွှန်အမှာစကား

ဒီကနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်လာကြတဲ့ တရားသူကြီးချုပ် အမှူးပြုတဲ့ ဗဟို၊ ပြည်နယ်၊ တိုင်းနဲ့ခရိုင်တရားသူကြီးများ၊ ရှေ့နေချုပ် အမှူးပြုတဲ့ ဗဟို၊ ပြည်နယ်၊ တိုင်းနဲ့ခရိုင်ဥပဒေအရာရှိများ ဧည့်သည်တော်များ အားလုံး တရားကို စောင့်ရှောက်ကြ၍ စင်ကြယ်သောအကျင့်သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးရေးအတွက် အဓိက အခန်းကဏ္ဍက ပါဝင်ဆောင်ရွက် နေကြတဲ့ တရားသူကြီးများ၊ ဥပဒေအရာရှိများကို အခါအားလျော်စွာ တွေ့ဆုံပြီး မှာကြားသင့်တာတွေ မှာကြားခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလို မှာကြားခဲ့တာတွေအနက်က ပြည်သူတို့ ယုံကြည်အားကိုးလောက်တဲ့ တရားစီရင်ရေးဖြစ်စေဖို့နဲ့ ပတ်သက်ပြီး မှာကြားခဲ့တဲ့ အဓိကအချက်တွေအနေနဲ့ ပြန်ပြောရမယ်ဆိုရင် မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ စာနာ သောက်ထားခြင်း တို့ဟာ ခေတ်စနစ်တွေ ဘယ်လိုဘဲပြောင်းပြောင်း လူသားများ လိုလား တောင်းဆိုတဲ့ အချက်တွေဖြစ်တယ်။ ဒီအချက်တွေဟာ တရားရေး မဏ္ဍိုင်ခိုင်ခန့်ရေး၊ ပြည်သူများ တရားစီရင်ရေးအပေါ် အားထားလာရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်း သာယာရေးတို့အတွက် အဓိက လိုအပ်ချက်တွေဖြစ်တယ်။ မှန်ရာလုပ်ရင် အန္တရာယ်မရှိဘဲ မကြောင့်မကျ အသက်မွေဝမ်းကျောင်း ပြုနိုင်မှာဖြစ်သလို မဟုတ်မမှန်လုပ်သူတွေ၊ ပြစ်မှု ကျူးလွန်သူတွေကို တရားက စီရင်အပြစ်ပေးမှာ ဖြစ်တယ် ဆိုတဲ့ အချက်ကို ပြည်သူများရဲ့ နှလုံးသားထဲမှာ ယုံကြည်စွဲမြဲလာအောင် ဥပဒေသမားတွေက လက်တွေ့ကျကျ ပြရမှာ ဖြစ်တယ်။ လာဘ်ပေးလာဘ် ယူမလုပ်ကြဖို့ မလုပ်နိုင်အောင်လည်း အဆင့်ဆင့် ကြီးကြပ် ကွပ်ကဲကြဖို့ လာဘ်ပေးလာဘ်ယူမှု အကျင့်ပျက်မှုတွေရှိရင်လည်း ထိထိရောက်ရောက် အရေးယူကြဖို့လိုတယ်။ အရည်အချင်းဆိုတာ ဥပဒေပညာကျွမ်းကျင်မှု၊ စိတ်ထား ကောင်းမွန်မှန်ကန်မှု၊ ကျင့်ဝတ်သိက္ခာ စောင့်ထိန်းမှုတို့ ဖြစ်တယ်ဆိုတဲ့ အချက်တွေကို မကြာခဏ ပြောခဲ့ပြီးဖြစ်ပါတယ်။ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ ဓာတုဗေဒ ကျွမ်းကျင် သူများ စတဲ့ တရားစွဲ အဖွဲ့အစည်းများနဲ့ ပတ်သက်လို့လည်း အမှုတွေကို ခိုင်ခိုင်မာမာ တည်ဆောက်ဖို့ တရားခွင်ရောက်တဲ့အခါ အမှုမှန်ဖြစ်ပါလျက် ပျက်သွားတာမျိုးမရှိအောင် ဆောင်ရွက်ကြဖို့ တရားရေးဝန်ထမ်း၊ ဥပဒေ ဝန်ထမ်း၊ ပြည်သူ့ရဲ၊ ဆရာဝန်၊ လက်ရေးပါရဂူ၊ ဓာတုဗေဒ ပညာရှင်စတဲ့ ကျွမ်းကျင်သူများဟာလည်း ဝန်ထမ်းဖြစ်တာနဲ့အညီ ဝန်ထမ်းကောင်း

ပီသစွာ အဂတိတရားကင်းကင်းနဲ့ တရားစီရင်ရာမှာ ပါဝင် အထောက်အကူပြုကြဖို့ သက်သေကို ထိန်းချန်ထားခြင်း မဟုတ်မမှန် ထွက်ဆိုရန် သင်ကြားခြင်း၊ ဝီရိယစိုက်ထုတ် စုံစမ်းဆေးဖို့ ပျက်ကွက်ခြင်းစတဲ့ လုပ်ရပ်တွေဟာ ဝန်ထမ်းကျင့်ဝတ်နဲ့ မလျော်ညီဘဲ တာဝန်ပျက်ကွက်ခြင်းများ ဖြစ်တာကြောင့် အမှန်တရားရဲ့ အကျိုးဆောင်များအဖြစ် အဂတိ တရားကင်းစွာ စေတနာထားပြီး ပြည်သူ့ဝန်ကို ထမ်းဆောင်ကြဖို့ စတဲ့အချက်တွေကို အဓိကမှာကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒီအချက်တွေနဲ့ ပတ်သက်လို့ အကြိမ်ကြိမ် မှာကြားခဲ့ သော်လည်း ဒီကနေ့ တရားစီရင်ရေးလောကမှာ ဖြစ်ပေါ်နေတဲ့ တကယ့်ဖြစ်ရပ်အခြေ အနေတွေကို ကြည့်မယ်ဆိုရင် တိုးတက်ကောင်းမွန်လာတဲ့အချက်တွေ တွေ့ရသလို ဆုတ်ယုတ်နေတာတွေ ယိုယွင်းပျက်စီးနေတာတွေလည်း များစွာ ရှိနေသေးတယ်ဆိုတာ တွေ့နိုင်ပါတယ်။ အထူးသဖြင့် အဂတိတရား ကင်းစင်စွာနဲ့ မှန်မှန်ကန်ကန် တရားစီရင်ရေး စနစ် ဖြစ်ထွန်းရေးဟာ အားရဖွယ်ရာ၊ ကျေနပ်ဖွယ်ရာ မရှိသေးဘူးလို့ ပွင့်ပွင့်လင်းလင်း ပြောရမှာ ဖြစ်ပါတယ်။ တရားရုံး အဆင့်ဆင့်မှာ စစ်ဆေးနေတဲ့ မှုခင်းတွေရဲ့ အခြေအနေကို လေ့လာသုံးသပ်ကြည့်တဲ့အခါမှာ အမှုလက်ကျန် လျော့နည်းကျဆင်းတာနဲ့ ပတ်သက်လို့ ပြည်နယ်၊ တိုင်းတရားရုံး၊ မြို့နယ်တရားရုံးတစ်ခုချင်းအလိုက် ကြည့်ရင် အမှုလက်ကျန် လျော့နည်းကျဆင်းတဲ့ ရုံးတွေရှိသလို အမှုလက်ကျန် တိုးလာတဲ့ ရုံးအချို့ ရှိနေသေးတာလည်း တွေ့ရပါတယ်။ ၆ လအထက်၊ ၁ နှစ်အထက် ကြန့်ကြာတဲ့အမှု လက်ကျန်ဟာလည်း အရေအတွက် မများပေမယ့် အချို့တရားရုံးတွေမှာ ရှိသင့်တာထက်ပိုပြီး ရှိနေတာတွေ တွေ့ရခဲ့ဖြစ်ပါတယ်။ အဲ့ဒီလို အမှုလက်ကျန် ကျဆင်းမှု မရှိတဲ့ရုံးတွေ ကြန့်ကြာတဲ့ အမှုတွေ ရှိနေသေးတဲ့ ရုံးတွေအနေနဲ့ မိမိတို့ရဲ့ အားနည်းချက် တွေကို ပြန်လည်သုံးသပ်ပြီး ပြုပြင်သင့်တာတွေကို ပြုပြင်ဆောင်ရွက်သွားဖို့ မှာကြားလိုပါတယ်။

တရားရုံးက ဥပဒေနဲ့အညီ မှန်ကန်စွာ အဆုံးအဖြတ်ပေးနိုင်ဖို့အတွက် အမှုတွေကို ခိုင်ခိုင်မာမာ တည်ဆောက်ရေးနဲ့ ပတ်သက်ပြီး အရင်အစည်း အဝေးတွေမှာ ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ တရားသူကြီးတွေ၊ ဥပဒေ အရာရှိတွေ သိရှိပြီး ဖြစ်တဲ့အတိုင်း ပြစ်မှုဆိုင်ရာ တရားစီရင်ရေးမှာ သက်သေပြရန် တာဝန်ဟာ အစဉ်တစိုက် တရားလိုပေါ်မှာ ကျရောက်တယ် ဆိုတဲ့ မူနဲ့အညီ တရားခံအပေါ် ပြစ်မှုကြောင်းအရ စွပ်စွဲတဲ့အခါမှာ ပြည့်ပြည့်စုံစုံ စုံစမ်းပြီး ခိုင်ခိုင်လုံလုံ သက်သေထူဖို့ တာဝန်ဟာ ယေဘုယျအားဖြင့် တရားလိုအပေါ်မှာ တည်ရှိပါတယ်။ ဒါကြောင့် တရားခံတစ်ဦးအပေါ် ပြစ်မှုထင်ရှား စီရင်နိုင်ဖို့အတွက် သက်သေအထောက်အထားများ၊ ကွင်းဆက်မပြတ် တင်ပြဖို့ လိုပါတယ်။ တရားလိုဘက်က တင်ပြတဲ့ အထောက်အထားတွေ အရ တရားခံဟာ ပြစ်မှုကျူးလွန်သူလည်း ဖြစ်နိုင်တယ်။ ပြစ်မှုကျူးလွန်သူ မဟုတ်ဘူးလို့လည်း ယူဆနိုင်တယ်ဆိုတဲ့ အခြေအနေမျိုး ပေါ်ပေါက်နေ မယ်ဆိုရင် တရားလိုဘက်က တရားခံအပြစ်ရှိကြောင်း ခိုင်လုံတဲ့ သက်သေထူရမှာ

ဖြစ်ပါတယ်။ဒါကြောင့် အပြစ်မဲ့သူကို မှားယွင်းအပြစ်ပေးမိတာမျိုး မဖြစ်ပေါ်ရအောင် တရားစွဲတဲ့ အဖွဲ့အစည်းများ အပိုင်းက ခိုင်လုံတဲ့ သက်သေအထောက်အထားများ ရရှိဖို့ ကြိုးပမ်းကြဖို့ လိုပါတယ်။ တရားစီရင် ရေးမှာ မှန်ကန်ဖို့ တရားသူကြီးတွေသာမက ဥပဒေအရာရှိတွေ၊ တရားစွဲအဖွဲ့ အစည်းတွေဖြစ်တဲ့ ပြည်သူ့ရဲ၊ အထူးစုံစမ်းစစ်ဆေးရေး အရာရှိတွေ အနေနဲ့လည်း အပြည့်အဝ ထောက်ကူပံ့ပိုးဖို့ လိုအပ်တယ်လို့ ပြောလိုပါတယ်။ အမှုတည်ဆောက်တဲ့နေရာမှာ အားနည်းလို့၊ ခိုင်မာမှုမရှိလို့၊ တရားရုံးကျမှ အပြစ်ရှိမှန်း သိလျက်နဲ့ သက်သေအထောက်အထား မရှိတာကြောင့် လွတ်လိုက်ရတယ်ဆိုတဲ့ အဖြစ်မျိုးဟာ တရားစီရင်ရေး အပေါ် ပြည်သူတွေ အမြင်မကြည်လင်မှုတွေ၊ ဝေဖန်မှုတွေ ပေါ်ပေါက်လာ နိုင်ပါတယ်။ ဒါကြောင့် ဒီလိုအားနည်းမှုတွေ၊ ချို့ယွင်းမှုတွေ၊ ပျက်ကွက်မှုတွေ မရှိရအောင် မှန်မှန်ကန်ကန် ဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။ ဒီလို တရားစွဲ အဖွဲ့အစည်းတွေဘက်က ချို့ယွင်းချက်များအပြင် တရားရုံးများအနေနဲ့ မမှားသင့်ဘဲ မှားယွင်းဆုံးဖြတ်တာတွေ၊ ဥပဒေနဲ့မညီဘဲ စီရင်ဆုံးဖြတ်တာတွေရှိနေဆဲဖြစ်တယ်ဆိုတာကို ရှေ့နေချုပ်ရုံးက တင်သွင်းတဲ့ တရား သေလွတ်မိန့်အပေါ် အယူခံဝင်တဲ့ အမှုတွေ၊ ပြင်ဆင်မှု တင်သွင်းရတဲ့ အမှုတွေကို လေ့လာကြည့်ရင် တွေ့မြင်နိုင်ပါတယ်။ ရှေ့နေချုပ်ရုံးအနေနဲ့ မူလတရားရုံးများရဲ့ တရားသေလွတ်မိန့်အပေါ် ဥပဒေနဲ့ညီ မညီ၊ ပြန်လည်သုံးသပ်ပြီး တရားရုံးချုပ်ကို အယူခံဝင်သင့် မသင့်၊ စိစစ်တဲ့အခါမှာ တစ်နှစ်ခွဲခန့်ကာလအတွင်း မြို့နယ်တရားရုံးတွေ က တရားသေလွတ်မိန့်အပေါ် အယူခံဝင်ဖို့ အမှုပေါင်း (၁၀၁၁) မှု တင်ပြခဲ့တဲ့အနက် အမှုပေါင်း (၅၄၆) မှုကို တရားရုံးချုပ်သို့ ဆက်လက်အယူခံဝင်ဖို့ ရှေ့နေချုပ်ရုံးက ဆုံးဖြတ်ခဲ့ကြောင်း သိရပါတယ်။

တရားရုံးချုပ်ကလည်း ဒီကာလအတွင်းမှာ ယခင်အမှုလက်ကျန်တွေ အပါအဝင် တရားသေ လွတ်မိန့်အယူခံမှုပေါင်း (၅၉၁) မှုကို ဆုံးဖြတ်တဲ့နေရာမှာ (၄၆၆) မှုကို ပြစ်ဒဏ်စီရင်ခဲ့တာ တွေ့ရပါတယ်။ ရာခိုင်နှုန်းအားဖြင့်ကြည့်ရင် မူလတရားရုံးတွေက အပြစ်မရှိဆိုပြီး တရားသေလွတ်ထားတဲ့ အမှုတွေထဲက ၇၈ ဒသမ ၈ ရာခိုင်နှုန်းကို ပြန်ပြီး အပြစ်ပေးရကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် မူလတရားရုံး တွေက ချမှတ်တဲ့ အမိန့်တွေဟာ ဥပဒေနဲ့မညီလို့ အထက်တရားရုံးက ပြင်ဆင်ပေးနေရ တာကို တွေ့မြင်နိုင်ပါတယ်။

ပြင်ဆင်မှုတင်သွင်းခြင်းနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် မူလ တရားရုံးနဲ့ ပြည်နယ်၊ တိုင်းတရားရုံးတွေကချမှတ်တဲ့ အမိန့်အပေါ် ပြင်ဆင်မှုတက်ဖို့ ဥပဒေရုံးတွေက တင်ပြတဲ့ အမှုတွေကို ရှေ့နေချုပ်ရုံးက စိစစ်ရာမှာ တစ်နှစ်ခွဲခန့်ကာလအတွင်း ပြည်နယ်၊ တိုင်း ဥပဒေရုံးတွေက အမှုပေါင်း ၂၆၆ မှု တင်ပြတဲ့အနက် ၁၃၂ မှုကို ပြင်ဆင်ဖို့ တရားရုံးချုပ် ကို ဆက်လက်တင်သွင်းခဲ့တာ တွေ့ရပါတယ်။

တရားရုံးချုပ်ကလည်း ဒီကာလအတွင်းမှာ ယခင်လက်ကျန်အမှုအပါအဝင် ပြင်ဆင်မှုပေါင်း ၁၀၆ မှုကို ဆုံးဖြတ်ရာမှာ ၈၃ မှုကို ပြန်လည်ပြင်ဆင်ခဲ့ပါတယ်။ ရာခိုင်နှုန်းအားဖြင့်ကြည့်ရင် မြို့နယ်တရားရုံးနဲ့ ပြည်နယ်၊ တိုင်းတရားရုံးတွေက ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်တွေအပေါ် ၇၉ ရာခိုင်နှုန်း ပြန်ပြင်ပေးခဲ့ရကြောင်း တွေ့ရပါတယ်။ ဒါကို ကြည့်ရင်လည်း မြို့နယ်တရားရုံးနဲ့ အယူခံပြင်ဆင်မှုရုံးတွေက ချမှတ်နေတဲ့ အမိန့်တွေဟာ ဥပဒေနဲ့ မညီတဲ့အတွက် အထက်တရားရုံးချုပ်က ပြင်ဆင်ပေးနေရတာကို တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် အောက်ခြေရုံးအဆင့်ဆင့်က မှန်ကန်စွာ တရားစီရင်ဖို့နဲ့ တရားရုံးချုပ်အဆင့်မှာလည်း ဥပဒေနဲ့အညီ မှန်မှန်ကန်ကန်ဖြစ်ရေး ဦးတည်ဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

နောက်တစ်ချက်က ပြစ်မှုနဲ့ ပြစ်ဒဏ် လျော်ညီစွာ ချမှတ်ရေးဟာလည်း တရားဥပဒေစိုးမိုးရေးမှာ အဓိကကျတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ ယနေ့ ဖြစ်ပွားနေတဲ့ ရာဇဝတ်မှုများကိုကြည့်မယ်ဆိုရင် ခါးပိုက်နှိုက်မှု၊ လုယက်မှု၊ ဖောက်ထွင်းခိုးယူမှု၊ ရက်စက်စွာသတ်ဖြတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှု၊ မိန်းကလေးများအား ဖြားယောင်းသွေးဆောင်မှုများအပြင် ရပ်ရွာအေးချမ်းသာယာရေး ငြိမ်ဝပ်ပိပြားရေးအတွက် တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများ၊ အဖွဲ့အစည်းများကို ခုခံရန်ပြုမှု၊ ရပ်ရွာအတွင်း လက်နက်ကိုင်ဆောင်ပြီး ရန်စရမ်းကား ထိုးကြိတ်ရိုက်နှက်မှု၊ မူးယစ်ဆေးဝါး သုံးစွဲရောင်းဝယ်မှု၊ ယာဉ်စည်းကမ်းချိုးဖောက်ပြီး မဆင်မခြင် မောင်းနှင်မှုစတဲ့ အမှုများက အများစုဖြစ်နေတာကို တွေ့ရပါတယ်။ ဒီအမှုတွေကို တစ်ဦးချင်း ကျူးလွန်ကြသလို အအုပ်အသင်းအစုအဖွဲ့နဲ့ ကျူးလွန်ကြတာတွေကိုလဲ တွေ့ရပါတယ်။ အဲဒီ ကျူးလွန်သူများကို ထိထိရောက်ရောက် အရေးယူအပြစ်ပေးခြင်းမရှိဘူးဆိုရင် တစ်စထက်တစ်စ အတင့်ရဲလာပြီး ရပ်ရွာအေးချမ်း တည်ငြိမ်ရေး ပျက်ပြားစေတဲ့အပြင် အများပြည်သူတို့ရဲ့ အသက်အိုးအိမ် လုံခြုံရေးကိုပါ ထိပါးစေမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအမှုမျိုး ကျူးလွန်သူတွေကို ဖော်ထုတ်ပြီး တရားစွဲအဖွဲ့အစည်းပိုင်းက မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံနဲ့ အမှုကို ခိုင်မာအောင် တည်ဆောက်ပြီး တရားစွဲဆို တင်ပို့ကြဖို့၊ တရားရုံးအပိုင်းကလဲ အမှုကို မြန်မြန်ဆန်ဆန် စစ်ဆေးပြီး ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း ပြစ်ဒဏ်များကို ထိရောက်ဟန့်တားလောက်အောင် ချမှတ်ကြဖို့ မှာကြားလိုပါတယ်။

ပြစ်မှုထင်ရှား စီရင်တဲ့အခါမှာ ထိရောက်ဟန့်တားတဲ့ အပြစ်ဒဏ်များ ချမှတ်ဖို့ လိုအပ်သလို အမှုစွဲဆိုစဉ်မှာ ပြစ်မှုတစ်ရပ်ရပ်နဲ့ စွပ်စွဲခံရသူကို ဥပဒေဘောင်အတွင်းက တရားမျှတစွာ ဆောင်ရွက်ပေးဖို့လည်း လိုအပ်တယ်လို့ မှာကြားလိုပါတယ်။ တရားခံကို ဥပဒေဘောင်အတွင်းက ခုခံချေပခွင့်ပေးရမှာ ဖြစ်သလို တရားရုံးကို တရားစွဲဆိုတင်ပို့ခြင်းမပြုမီ၊ သို့မဟုတ် တရားစွဲဆို တင်ပို့ပြီး အမှုကို စစ်ဆေးနေစဉ်အတွင်းမှာ ဥပဒေ

ပြဋ္ဌာန်းချက်များနဲ့အညီ ခွင့်ပြုသင့်တဲ့ အာမခံကို ခွင့်ပြုကြဖို့ ဖြစ်ပါတယ်။ တရားမမှုများမှာလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ အမှုသည်များကို တင်ပြလျှောက်လဲခွင့် အပြည့်အဝ ပေးကြဖို့ လိုအပ်ပါတယ်။

နောက်တစ်ချက်က တရားရုံး ပတ်ဝန်းကျင်မှာ မသမာမှုတွေ၊ ကိုယ်ကျိုးရှာမှုတွေ ပပျောက်ဖို့ တရားရုံးဝန်းကျင်မှာ တစ်ချိန်က တွေ့ကြုံခဲ့ရတဲ့ အနိဋ္ဌာရုံတွေပျောက်အောင် ဆောင်ရွက်ကြဖို့ အကြိမ်ကြိမ် မှာကြားခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် ပြည်နယ်၊ တိုင်း၊ ခရိုင်နဲ့ မြို့နယ်ရုံးတွေမှာ ရှိကြတဲ့ တရားရုံးအချို့မှာ တရားသူကြီးများအပါအဝင် တရားရုံးဝန်ထမ်းတွေ၊ ဥပဒေဝန်ထမ်းတွေ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေ ပူးပေါင်းပြီး အမှုပွဲစားလုပ်နေကြတာ၊ အမှုတစ်မှု စွဲလာရင် ချုပ်ရက်နဲ့ ဖြတ်ပေးမယ်၊ ငွေဒဏ်နဲ့ ဖြတ်ပေးမယ်၊ ရှေ့နေမငှားနဲ့ အမှုရှုံးတယ်၊ ဘယ်ရှေ့နေကို ငှား၊ ဘယ်တရားသူကြီးကိုတော့ ပြောပြီးပြီ စသည်ဖြင့် ဝန်ထမ်းတွေရော ရှေ့နေတွေပါ ဥပဒေဘောင်ပြင်ပက လိမ်ညာလုပ်ကိုင်ဆောင်ရွက်နေကြတာ တွေ့ရှိနေတယ်လို့ သိရပါတယ်။ အချို့တရားရုံးတွေမှာ အချုပ်တရားခံများဟာ အမှုချိန်းတဲ့နေ့မှာ ကိုယ့်အမှုကို စစ်လိမ့်မယ်လို့ မျှော်လင့်နေပေမယ့် အစောင့်ကို ငွေပေးမှ တရားရုံးယာယီအချုပ်ခန်းက တရားခွင်ရှေ့ကို ပို့ပေးတယ်လို့ ကြားနေရပါတယ်။ အဲဒီလို မသမာမှုတွေ၊ ကိုယ်ကျိုးရှာမှုတွေကြောင့် တရားစီရင်ရေးစနစ်ကို ပြည်သူအများက ယုံကြည်မှု ကင်းမဲ့ပြီး၊ ရွံရှာကြောက်ရွံ့တဲ့ အခြေအနေမျိုး ရောက်နေပြီလို့ ပြောကြားလိုပါတယ်။

တရားစီရင်ရာမှာ "ငွေများ တရားနိုင်" ဆိုတဲ့ စကားရှိနေပါတယ်၊ ဒီစကားဟာ တရားရုံးများရဲ့ လာဘ်ပေးလာဘ်ယူမှုကို စကားလုံးလှအောင် သုံးနှုန်းထားခြင်းဖြစ်ပါတယ်၊ လာဘ်ငွေများများ ပေးနိုင်တဲ့ အမှုသည်ဟာ အနိုင်ရစမြဲ ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်နေပါတယ်၊ အမှုသည်က တရားသူကြီးကို လာဘ်ပေးတယ်၊ တရားသူကြီးက လာဘ်ယူတယ်၊ လာဘ်များများပေးတဲ့ အမှုသည်ကို တရားသူကြီးက အနိုင်ပေးလေ့ရှိတယ်၊ ဒီစကားဟာ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့စကားဖြစ်တယ်လို့ ပြောကြားခဲ့ဖူးပါတယ်။

ဒါကို ပြင်ဆင်ကြဖို့ ပြောခဲ့ပေမယ့် "ငွေများတရားနိုင်" ဆိုတဲ့စကားဟာ ပြည်သူတွေကြားမှာ ဒီနေ့အထိ ခေတ်စားနေတုန်းပဲဆိုတာကို ပြောလိုပါတယ်၊ အဲဒီလို လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ခြင်း၊ မသမာမှု၊ ကိုယ်ကျိုးရှာမှု၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းမလိုက်နာမှု ကျူးလွန်ခြင်းပြုတဲ့ အကျင့်ပျက်ဝန်ထမ်းတွေကို အမြန်ဆုံးဖော်ထုတ်ပြီး၊ ကျောသားရင်သား မခွဲခြားဘဲ အရေးယူဖို့ တာဝန်ရှိသူများကို မှာကြားလိုပါတယ်။

အကျင့်ပျက်ဝန်ထမ်းများအပေါ် အရေးယူတဲ့ကိစ္စနဲ့ စပ်လျဉ်းလို့ တရားရုံးချုပ်အနေနဲ့ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလမှ ၁၉၉၃ ခုနှစ်၊ ဇွန်လအထိ ကာလအတွင်းမှာ တရားရေးစန်ထမ်း

များထဲက ဥပဒေနဲ့အညီ စီရင်ခြင်းမပြုသူ၊ လာဘ်ပေးလာဘ်ယူပြုသူ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ မလိုက်နာသူ၊ လူမှုအကျင့်သိက္ခာ ဖောက်ဖျက်သူ၊ တာဝန်ဝတ္တရား ပျက်ကွက်သူများကို အရေးယူအပြစ်ပေးရာမှာ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း၊ ရာထူးအဆင့် လျှော့ချခြင်းများအပါအဝင် အရေးယူအပြစ်ပေးခဲ့သူပေါင်း ၈၁ ဦး ရှိတယ်လို့ သိရပါတယ်။

အဲဒီကာလအတွင်းမှာ ဥပဒေဝန်ထမ်းများအနေနဲ့ လာဘ်ပေးလာဘ်ယူပြုမှု၊ မမှန်မကန် ပြုလုပ်မှုများနဲ့စပ်လျဉ်းပြီး ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခြင်း၊ ဒေသပြောင်းရွှေ့ခြင်း၊ နှစ်တိုးလစာ ရပ်ဆိုင်းခြင်းများ အပါအဝင် အရေးယူ အပြစ်ပေးခဲ့သူပေါင်း ရှစ်ဦးရှိတယ်လို့ သိရပါတယ်။

တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၊ ဥပဒေအရာရှိများနဲ့ ပတ်သက်ပြီး ကြားသိနေရတဲ့ မသမာမှု၊ လာဘ်ပေးလာဘ်ယူမှု သတင်းတွေနဲ့စာရင် အခုအရေးယူမှုဟာ အလွန်နည်းပါးသေးတဲ့အတွက် မသမာမှုတွေကို ဖော်ထုတ်အရေးယူအပြစ်ပေးဖို့ များစွာ လိုအပ်နေသေးတယ်ဆိုတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် တရားစီရင်ရေးနဲ့ ဆက်နွှယ်နေတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းများ ရှေ့နေများပေါင်းပြီး အစုအဖွဲ့လိုက် လာဘ်ပေးလာဘ်ယူမှုတွေ လက်ရဲ–ဇက်ရဲ ကျူးလွန်နေကြတာကို တာဝန်ရှိသူတွေက လက်ပိုက်ကြည့်မနေဘဲ ထိထိရောက်ရောက် အရေးယူဖို့၊ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားကြဖို့ အလေးအနက်ထား မှာကြားလိုက်ပါတယ်။

ရှေ့နေရှေ့ရပ်များနဲ့ ပတ်သက်ပြီး၊ အရည်အချင်းပြည့်ဝပြီး ကျင့်ဝတ်သိက္ခာစောင့်ထိန်းတဲ့ ရှေ့နေများ ဖြစ်လာရေးကို အလေးပေးဆောင်ရွက်ဖို့ မှာကြားခဲ့ဖူးပါတယ်။ ယခု ရှေ့နေရှေ့ရပ်များရဲ့ လုပ်ဆောင်ချက်များကို လေ့လာသုံးသပ်ကြည့်တဲ့အခါ ရှေ့နေအချို့အနေနဲ့ ပြည်သူများအတွက် စေတနာထားပြီး မိမိတို့ရဲ့ တာဝန်ဝတ္တရားများကို မလစ်ဟင်းစေဘဲ တရားရုံးများမှာ တည်တည်ငြိမ်ငြိမ် သိက္ခာရှိရှိ လိုက်ပါဆောင်ရွက်နေကြသူတွေလည်း ရှိကြပါတယ်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြန်လည်ဖွဲ့စည်းပေးတဲ့ တရားရုံးချုပ် ရှေ့နေများကောင်စီဟာလည်း ရှေ့နေရှေ့ရပ်များရဲ့ ကျင့်ဝတ်သိက္ခာဆိုင်ရာ လမ်းညွှန်စာစောင်တွေ ထုတ်ဝေပြီး မွန်မြတ်တဲ့ ရှေ့နေလုပ်ငန်းကို မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်းဖြင့် မှန်ကန်မြန်ဆန်တဲ့ တရားစီရင်ရေးကို အထောက်အကူပြုအောင် ကြီးကြပ်ဆောင်ရွက်နေကြောင်း တွေ့ရှိရပါတယ်။ ယခင်က ဖွင့်လှစ်ထားတဲ့ ဘားကောင်စီစာကြည့်တိုက်နဲ့ ရုံးခန်းကို မွမ်းမံပြင်ဆင်ပြီး ရှေ့နေများ လေ့လာရန်အတွက် ဥပဒေစာအုပ်စာတမ်းများ ပြည့်စုံအောင် ဖြည့်ဆည်းပေးထားကြောင်း သိရပါတယ်။

ဒါပေမယ့် အချို့သော ရှေ့နေများဟာ မိမိတို့ရဲ့ တာဝန်ဝတ္တရားများကို ကျေကျေပွန်ပွန် ထမ်းဆောင်ခြင်းမရှိတဲ့အပြင် ကျင့်ဝတ်သိက္ခာများလည်း စောင့်ထိန်းခြင်း မရှိတာကို တွေ့ရှိရပါတယ်။ တွေ့ရှိနေရတဲ့ အချက်အချို့ကို ပြောရမယ်ဆိုရင် ရှေ့နေများအနေနဲ့ အမှန်တရားကို ထိမ်ဝှက်ပြီး သက်သေများအား လိမ်လည်ထွက်ဆိုစေတယ်၊ မမှန်တာကို သိလျက်နဲ့ တရားရုံးရှေ့တွင် မှန်တယ်ဆိုပြီး ပြောဆိုဟင်ပြတယ်၊ အငှားသက်သေတွေ အစားထိုးစစ်ဆေးစေတယ်၊ သက်သေတွေကို ခြိမ်းခြောက်မေးမြန်းတယ် ဆိုတာတွေ ကြားသိနေရပါတယ်။

နောက်တစ်ခါ ဘာတွေတွေ့ရသေးသလဲဆိုတော့ အမှုသည်တစ်ဦးရဲ့ အမှုအကြောင်းအရာကို သိရှိပြီးမှ အခြားတစ်ဖက်က လိုက်ပါဆောင်ရွက်နေတာတွေ၊ တစ်ဖက်ရှေ့နေနဲ့ နားလည်မှုယူ ပူးပေါင်းပြီး မိမိအမှုသည်ရဲ့ အကျိုးနဲ့ ဆန့်ကျင်စွာ လုပ်ဆောင်တာ၊ အခကြေးငွေ ယူပြီးမှ အမှုကို ဆုံးခန်းတိုင်အောင် လိုက်မပေးတာ၊ အမှုနိုင်ရင် ရှေ့နေခဘယ်လောက်ပေးရမယ်ဆိုပြီး၊ အမှုအနိုင်အရှုံးပေါ်မှာ ကြေးသတ်မှတ်ပြီး လိုက်နေတာတွေ၊ မိမိအမှုသည်ကို အမှုအနိုင်အရှုံးကိုပင် အသိမပေးတာတွေလဲ တွေ့ရပါတယ်။

ဒါတွေအပြင် ရှေ့နေများအနေနဲ့ အမှုနဲ့ သက်ဆိုင်တဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကို နှံ့စပ်အောင် လေ့လာပြီး တရားရုံးရှေ့မှောက်မှာ တင်ပြရမည့်အစား ဝတ်ကျေတမ်းကျေသာ တင်ပြတာတွေ၊ အမှုသည်များက အမှုကို အမြန်ပြီးပြတ်လိုတဲ့ ဆန္ဒရှိသော်လည်း မိမိကိုယ်ကျိုးအတွက်သာကြည့်ပြီး အချိန်ကြာမြင့်အောင် ဖန်တီးပြီး အမှုကို ရှည်ကြာအောင် လုပ်ဆောင်ကြတာတွေ၊ အိမ်ပေါင်၊ မြေပေါင် ပြုလုပ်တာကို အရောင်းအဝယ်ပြုလုပ်တဲ့သဘော စာချုပ်ချုပ်ဆိုပေးတာတွေ၊ မမှန်မကန်ပြုလုပ်ခဲ့တဲ့ စာချုပ်ကို အခြေခံပြီး အမှုစွဲတဲ့ အချက်ကို မူလရုံးမှာ စောစောစီးစီး တင်ပြချေပခြင်းမပြုဘဲ၊ အမှုပြီးဆုံးကာမှ အဲဒီအချက်ကို အကြောင်းပြုပြီး၊ အမှုတစ်မှု စွဲဆိုဖို့ အမှုသည်ကို လှုံ့ဆော်အားပေးတာတွေ၊ တရားရုံးနဲ့ တရားသူကြီးများအား လာဘ်ပေးတာတွေ၊ ဥပဒေရေးရာနဲ့ စပ်လျဉ်းပြီး မှန်မှန်ကန်ကန် အကျိုးဖြစ်ထွန်းစေမယ့်နည်းလမ်းတွေကို ပြည်သူများ နားလည်သိရှိအောင် ရှင်းပြဖို့ ကောင်းသော်လည်း ဥပဒေနဲ့ဆန့်ကျင်တဲ့ ကိစ္စတွေကို လုပ်ပေးတာ၊ တိုင်စာပစ်စာများကို အခကြေးငွေယူပြီး ရေးပေးတာတွေစတဲ့ မလျော်ကန်တဲ့ အပြုအမူတွေကို ပြုမူနေကြတယ်ဆိုတာ သိရှိနေရပါတယ်။

ဒီလိုဖြစ်ပေါ်တာတွေနဲ့ စပ်လျဉ်းလို့ တရားရုံးချုပ်ရှေ့နေများ ကောင်စီဥပဒေ (Bar Council Act) နဲ့ ရှေ့နေလိုက်သူများဥပဒေ (Legal Practitioners Act) အရ တရားရုံးချုပ်က ၁၉၉၂ ခုနှစ်နဲ့ ၁၉၉၃ ခုနှစ်ထဲမှာ အရေးယူခဲ့ရာမှာ နိုတြီပဗ္ဗလစ် (Notary Public) လိုင်စင် ရုပ်သိမ်းခံရသူ လေးဦး၊ လိုင်စင် ရုပ်သိမ်းပြီး ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်းခံရတဲ့ တရားရုံးချုပ်ရှေ့နေ ၂၃ ဦးနဲ့ အထက်တန်းရှေ့နေ ၁၈ ဦး၊ နှစ်

အကန့်အသတ်နဲ့ လိုင်စင်ရပ်ဆိုင်းခြင်းခံရတဲ့ တရားရုံးချုပ်ရှေ့နေ ရှစ်ဦးနဲ့ အထက်တန်းရှေ့နေ သုံးဦးရှိကြောင်း သိရပါတယ်။ ဒီလိုအရေးယူခံရတဲ့အကြောင်းတွေကို ကြည့်တဲ့အခါ အချို့ဟာ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၊ မတရားအသင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်မှု၊ နိုင်ငံတော်အစိုးရအပေါ် အကြည်အညိုပျက်အောင် ပြုလုပ်မှု၊ တရားသူကြီးအား စော်ကားပြီး တရားစီရင်ရေးတွင် ဝင်ရောက်စွက်ဖက် နှောင့်ယှက်မှု၊ လိမ်လည်လှည့်ဖြားမှု၊ စာတမ်းအမှတ်အသားများ အတုပြုလုပ်လိမ်လည်မှု၊ လာဘ်ပေးလာဘ်ယူမှု၊ နိုင်ငံခြားငွေကြေး လဲလှယ်မှု၊ စည်းမျဉ်းသတ်မှတ်ရေး ဥပဒေချိုးဖောက်မှုစတဲ့ ရာဇဝတ်မှုများ ကျူးလွန်လို့ တရားရုံးက ပြစ်ဒဏ်ပေးခြင်းခံရတဲ့အတွက် ရှေ့နေကျင့်ဝတ်သိက္ခာ ပျက်ပြားခဲ့သူများဖြစ်ကြောင်း သိရပါတယ်။ အချို့ရှေ့နေတွေကတော့ နိုင်ငံတော်အဖွဲ့အစည်းများနဲ့ တရားရုံးကို မထီမဲ့မြင်ပြုခြင်း၊ အိမ်မြေ အရောင်းအဝယ်စာချုပ်များကို မမှန်မကန် တန်ဖိုးလျော့ ပြုလုပ်ပေးခြင်း၊ အထက်တန်းရှေ့နေစာမေးပွဲသာ အောင်မြင်ခဲ့သူဖြစ်ပါလျက် ဥပဒေဘွဲ့ရတစ်ဦးအဖြစ် သတင်းစာမှာ မမှန်မကန် ဖော်ပြခြင်း၊ ဥပဒေကို လေးစားလိုက်နာခြင်းမရှိဘဲ ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်တွေ့ရှိရတဲ့အတွက် အရေးယူခံရကြောင်း သိရပါတယ်။

အဲဒီလို ကျင့်ဝတ်ပျက်ပြားလို့ အရေးယူခဲ့ရတဲ့ ရှေ့နေများကြောင့် ရှေ့နေရှေ့ရပ်များရဲ့ ဂုဏ်သိက္ခာကို များစွာ ထိခိုက်စေကြောင်း ပြောကြားလိုပါတယ်။ ဒါကြောင့် ရှေ့နေကြီးများအနေနဲ့ နိုင်ငံတော်ရဲ့အကျိုး၊ ပြည်သူများရဲ့ အကျိုးကို ရှေ့ရှုပြီး အရည်အချင်းကောင်းများနဲ့ ပြည့်စုံတဲ့ ရှေ့နေရှေ့ရပ်များ ပေါ်ထွန်းတိုးပွားလာအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့၊ မှုခင်းများမှာ လိုက်ပါအကျိုးဆောင်ပေးဖို့ ယုံကြည်စွာ အပ်နှံလာကြတဲ့ အမှုသည်များအပေါ် သစ္စာရှိကြဖို့၊ ငွေရဖို့သည်သာလျှင် အဓိက၊ မိမိအမှုသည် အနိုင်ရဖို့သာ အဓိကဆိုတဲ့ အတွေးအခေါ်နဲ့ မမှန်ကန်တဲ့ နည်းလမ်းများကို မကျင့်သုံးကြဖို့၊ ရှေ့နေရှေ့ရပ်များဟာ တရားရုံးအရာရှိများဖြစ်တယ်လို့ သဘောပေါက်ခံယူပြီး တရားစီရင်ရေးလုပ်ငန်းများ ချောမောအောင်မြင်စွာ ပြီးမြောက်စေရန် ကူညီဆောင်ရွက်ကြဖို့၊ တတ်ကျွမ်းတဲ့ ဥပဒေပညာနဲ့အမှန်တရား ပေါ်ပေါက်ရေး ရှေ့ရှုဆောင်ရွက်ကြဖို့၊ ဥပဒေပညာရှင်များဖြစ်တဲ့ အားလျော်စွာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာကြဖို့၊ ချမှတ်ထားတဲ့ ကျင့်ဝတ်သိက္ခာများ၊ ကောင်းမြတ်တဲ့ အစဉ်အလာများကို အစဉ်တစိုက် ထိန်းသိမ်းသွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။ အခုရှင်းလင်းပြောကြားခဲ့တဲ့ အကြောင်းအရာတွေကို ခြုံငုံသုံးသပ်လိုက်ရင် တရားစီရင်ရေး မဏ္ဍိုင် ခိုင်မာတည့်မတ်ရေးအတွက် ပြုပြင်စရာတွေ အများကြီးရှိနေသေးတယ်လို့ ကောက်ချက်ချရမှာ ဖြစ်ပါတယ်၊ ဒီလို ပြုပြင်စရာတွေထဲမှာ လူပုဂ္ဂိုလ်အပိုင်းက အဓိကပြုပြင်ကြဖို့ဖြစ်တယ်ဆိုတာလည်း တွေ့ရပါတယ်။

တရားသူကြီးတွေ၊ တရားရုံးဝန်ထမ်းတွေ၊ ဥပဒေအရာရှိတွေ၊ ပြည်သူ့ရဲအရာရှိတွေ၊ တရားစွဲအဖွဲ့အစည်းများက ကျွမ်းကျင်ပညာရှင်တွေအားလုံးဟာ နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြတဲ့အတွက် အခြေခံအားဖြင့် ဝန်ထမ်းတစ်ယောက်ရဲ့ တာဝန်ဝတ္တရားနဲ့ ကျင့်ဝတ်တွေကို စောင့်ထိန်းဖို့ တာဝန်ရှိနေပါတယ်။

မြန်မာနိုင်ငံသမိုင်းမှာ ပြန်ကြည့်မယ်ဆိုရင် ရှေးမြန်မာမင်းများ လက်ထက်က အသက်ပေးပြီး တာဝန်ကျေပွန်ခဲ့တဲ့ သစ္စာစောင့်သိခဲ့တဲ့ သူရဲကောင်းအာဇာနည်တွေအကြောင်း မော်ကွန်းရေးထိုး မှတ်တမ်းတင်ထားတာတွေ များစွာတွေ့နိုင်ပါတယ်။ ဦးခေါင်းက ဆံပင်တွေ ကျွတ်ကျသည်အထိ "ဦးဆွေးဆံမြွေ" အရှင့်တာဝန် ကျေပွန်ခဲ့တဲ့ သူရဲကောင်းတွေ၊ ရန်သူရဲ့ နတ်တင်ထားတဲ့ ထမင်းကို စားသုံးမိလို့ ထမင်းရှင်ဖြစ်သွားပြီဆိုပြီး မလုပ်ကြဲဘဲ လှည့်ပြန်ခဲ့တဲ့ သူရဲကောင်းမျိုးတွေ၊ တိုက်ပွဲက ဒဏ်ရာနဲ့ ရန်သူ့လက်မှာ သေလုမြောပါးဖြစ်နေချိန်မှာ တစ်ပါးသူ ကျေးဇူးတင်ခံရမှာစိုးလို့ ရန်သူကျွေးတဲ့ဆေးတို့၊ ကွမ်းတို့ကို မစားတဲ့ အသေခံခဲ့တဲ့ သူရဲကောင်းမျိုးတွေ များစွာရှိပါတယ်။ ဒီသာဓကတွေဟာ "ထမင်းတစ်လုပ်ရဲ့ ကျေးဇူးကို မြန်မာလူမျိုးများ ဘယ်လောက်အထိ အလေးထားခဲ့တယ်"ဆိုတာကို ပြသတဲ့ သာဓကများ ဖြစ်ပါတယ်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်ရဲ့ တာဝန်ကို ယူခဲ့တဲ့ အချိန်အတွင်းမှာ နိုင်ငံ့ဝန်ထမ်းတွေအကျိုးအတွက် ဦးစားပေး ဆောင်ရွက်ခဲ့တာတွေကို အားလုံးသိထားပြီးဖြစ်ပါတယ်၊ အချိန်တိုကာလအတွင်းမှာ လစာကို နှစ်ကြိမ်တိတိ တိုးပေးခဲ့ပြီးဖြစ်ပါတယ်၊ ဒုတိယအကြိမ် လစာတိုးပေးခဲ့ရာမှာ ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးခဲ့တာ တွေ့ရမှာ ဖြစ်ပါတယ်။ အခမဲ့ ယာဉ်စီးခွင့်လက်မှတ်တွေ ထုတ်ပေးပြီး တစ်လကို ၁၇ သိန်းကျော် နိုင်ငံတော်က ကျခံသုံးစွဲနေတာလည်း ယနေ့တိုင်အောင်ပဲ ဖြစ်ပါတယ်။

ထူးခြားတဲ့ အခွင့်အရေးတစ်ခုဖြစ်တဲ့ မြေကွက်တွေ ချထားပေးပြီး၊ အိမ်ရာတည်ဆောက်နိုင်ဖို့ နိုင်ငံတော်က အတိုးမဲ့ နှစ်ရှည်ချေးငွေတွေ ပေးခဲ့တဲ့ အခွင့်အရေးမျိုးတွေလည်း ဝန်ထမ်းများ ရရှိကြပြီး ဖြစ်ပါတယ်။ စားဝတ်နေရေး ချောင်လည်စေဖို့ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် နိုင်ငံတော် အကြီးအကဲများကိုယ်တိုင် စိတ်ဝင်တစားနဲ့ စီစဉ်ဆောင်ရွက်ပေးနေတဲ့ အစီအမံတွေလည်း အများကြီးရှိပါတယ်၊ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း (GEC) ဝန်ထမ်းများရဲ့ ဖက်စပ်ကော်ပိုရေးရှင်း အမှတ် (၉) စတဲ့ အသင်းအဖွဲ့တွေ ထူထောင်ဆောင်ရွက်ပေးခဲ့တာတွေဟာ ဝန်ထမ်းများအတွက် ဘယ်လောက် စေတနာထား ဆောင်ရွက်ခဲ့တယ်ဆိုတာ ရှင်းနေပါတယ်။

ဒီလိုဝန်ထမ်းထုရဲ့ အကျိုးစီးပွားကို နိုင်ငံတော်က စိတ်ပါဝင်စားစွာနဲ့ အမြဲမပြတ် ကြည့်ရှုဖြည့်ဆည်းပေးနေတဲ့ အချိန်မျိုးမှာ နိုင်ငံဝန်ထမ်းများအနေနဲ့ နိုင်ငံတော်အပေါ်ကို

သစ္စာမစောင့်သိကြဘူး၊ လာဘ်ပေးလာဘ်ယူကြတဲ့ မသမာမှုတွေ ဆက်လုပ်နေကြမယ်၊ ဝန်ထမ်းလုပ်ငန်းတာဝန်တွေကို ကျေကျေပွန်ပွန် မဆောင်ရွက်ကြဘူးဆိုရင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးမှာ ထင်သလောက် ခရီးရောက်မှာ မဟုတ်ဘူးလို့ ပြောလိုပါတယ်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အနေနဲ့ "ပြည်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုတဲ့ ခံယူချက်နဲ့ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေတဲ့အချိန်မှာ မျိုးချစ်စိတ်ခေါင်းပါးတဲ့ ခွေးခေါ် လွမ်းသူတွေကလည်း တစ်နေ့တစ်ခြား တိုးပွားနေတုန်းပဲဆိုတာ အသိပေးလိုပါတယ်။ ဒီလိုအချိန်အခါမျိုးမှာ နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးဖို့အတွက် အဓိကအင်အားစုကြီးဖြစ်တဲ့ နိုင်ငံဝန်ထမ်းများက ကိုယ့်တာဝန်ကို မကျေပွန်ဘူး၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းတွေ ဖောက်ဖျက်ပြီး မသမာမှုတွေ လုပ်နေမယ်ဆိုရင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့ ရှေ့ရေးဟာ ရင်လေးဖွယ်ရာ ဖြစ်နေဦးမှာပဲလို့ ပြောလိုပါတယ်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့တာဝန်ယူခဲ့တာ ၄ နှစ်၊ ၅ နှစ် နီးပါး ရှိလာပြီဖြစ်ပါတယ်။ ဒီအချိန်ကာလအတွင်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုတွေ အတော်အတန် ခရီးရောက်နေပြီဖြစ်ပါတယ်။ တည်ဆောက်ပြုပြင်မှုများ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်မှုများ အမျိုးဘာသာ သာသနာအတွက် ထူးထူးကဲကဲ ဆောင်ရွက်မှုများကြောင့် အောင်မြင်မှုများ ရသင့်သလောက် ရခဲ့ပြီးဖြစ်ပါတယ်၊ ဒါပေမယ့် အချိန်အတန်ကြာလာသည်နှင့်အမျှ ဝန်ထမ်းလောကထဲမှာ ပျက်စီးယိုယွင်းမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ ပိုမိုများပြားသည်ထက် များပြားလာကြတာကို တွေ့ရပါတယ်။ တစ်ဖက်ကလည်း ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေတာကြောင့် စီးပွားရေးလုပ်ငန်းတွေ ပိုမိုတွင်ကျယ်လာပြီး မိမိတို့ ကိုယ်ကျိုးစီးပွားအတွက် လာဘ်ပေးလာဘ်ယူမှုတွေဟာ အလေ့အကျင့်တစ်ခုလို၊ လုပ်ရိုးလုပ်စဉ်တစ်ခုလို ဖြစ်ထွန်းနေတာကိုလည်း တွေ့နေရပါတယ်။

အခု ခေတ်စားနေတဲ့ လာဘ်ပေးလာဘ်ယူမှု၊ မသမာမှုတွေဟာ အထက်လွှာ၊ အလယ်လွှာ၊ အောက်ဆုံးလွှာအားလုံးမှာ သူ့နေရာနှင့်သူ တွင်ကျယ်နေကြပါတယ်။ အပြိုင်အဆိုင် ခေတ်စားနေကြတယ်ဆိုတာ မကြားချင်အဆုံးသတင်းများပဲ ဖြစ်ပါတယ်။ ဝန်ထမ်းလောကထဲမှာ တာဝန်အရှိဆုံးဆိုသူတွေပါ မသမာမှုတွေ ကျူးလွန်နေကြတယ်ဆိုတဲ့ သတင်းတွေဟာ နားမဆံ့အောင် ကြားနေရပါတယ်။

ဒါကြောင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရဲ့ အောင်မြင်မှု အဖြူရောင်ထဲမှာ မသမာမှု၊ လာဘ်ပေးလာဘ်ယူမှု၊ အကျင့်သီလ ပျက်ယွင်းမှုတွေကြောင့် အမည်းစွန်းတွေ၊ ပေကျံစွန်းထင်းကုန်မယ်ဆိုရင် နောင်သမိုင်းမှာ မကောင်းတဲ့ မှတ်တမ်းတွေ တင်ကျန်ရစ်မှာ အလွန်စိုးရိမ်စရာ ကောင်းနေပါတယ်။

ဒါကြောင့် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို တကယ်ချစ်မြတ်နိုးခဲ့ရင် နိုင်ငံ့ဝန်ထမ်းတိုင်းဟာ ကိုယ့်တာဝန်ကိုယ် ဆောင်ရွက်တဲ့နေရာမှာ အမျိုးသားရေးအမြင်နဲ့ မျိုးချစ်စိတ် အခြေခံပြီး အကျင့်သီလ မချွတ်ယွင်းဘဲ မှန်မှန်ကန်ကန် ကြိုးပမ်းဆောင်ရွက်ကြပါလို့ တိုက်တွန်းလို ပါတယ်။

နိုင်ငံ့ဝန်ထမ်းများ ထားရှိရမယ့် အတွေးအခေါ် ခံယူချက်များကို နိုင်ငံ့ဝန်ထမ်း သစ္စာ အခန်း (၆) ရပ်မှာ အတိအလင်း ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒီသစ္စာအခန်း (၆) ရပ်မှာ ပါရှိတဲ့ အချက်တွေဟာဆိုရင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့သစ္စာကို စောင့်သိ ရိုသေပါမယ်၊ ပြည်ထောင်စု မပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမယ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမယ်၊ အမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမယ်၊ ပြည်သူ့ ဝန်ထမ်းများပီပီ နိုင်ငံရေးပါတီများနဲ့ ကင်းကင်းရှင်းရှင်း နေထိုင်သွားပါမယ်၊ နိုင်ငံတော်က ပေးအပ်တဲ့ အမိန့်နဲ့ တာဝန်များကို ဦးလည်မသုန် သက်စွန့်ကြိုးပမ်းထမ်းရွက်သွားပါမယ်။ ဒီခံယူချက်များကို နိုင်ငံ့ဝန်ထမ်းတိုင်းရဲ့ နှလုံးအိမ်မှာ စွဲမြဲစွာ မှတ်သားနာယူလိုက်နာ ဆောင်ရွက်ကြမယ်ဆိုရင် ဘယ်နိုင်ငံခြားက အကူအညီ အထောက်အပံ့မှ ဒူးထောက် တောင်းခံဖို့မလိုဘဲ ကိုယ့်အားကိုယ်ကိုး စွမ်းဆောင်မှုနဲ့ပဲ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေမှာ စွမ်းဆောင်အောင်မြင်မှာဖြစ်တယ်လို့ ပြောလိုပါတယ်။

ဒါပေမယ့် ယနေ့ နိုင်ငံ့ဝန်ထမ်းများရဲ့ တာဝန်ထမ်းဆောင်မှု အခြေအနေကို ပြန်ကြည့်ရင် အဂတိတရားလေးပါး ကင်းစင်စွာနဲ့ တာဝန်များကို တိကျစွာ ထမ်းဆောင်မှု လွန်စွာ အားနည်းနေသေးတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ အဂတိတရားလေးပါးဆိုရာမှာ အမှား အမှန်ကို မချင့်ချိန်ဘဲ မျက်နှာလိုက်ပြီး လုပ်ကိုင်ဆောင်ရွက်တဲ့ ဆန္ဒာဂတိ၊ အမျက်ဒေါသ မာန်မာနနောက်ကိုလိုက်ပြီး ဆောင်ရွက်တဲ့ ဒေါသဂတိ၊ ဘေးအန္တရာယ်အသွယ်သွယ်ကို ကြောက်ရွံ့ပူပန်ပြီး လုပ်ကိုင်ဆောင်ရွက်တဲ့ ဘယာဂတိ၊ မဆင်မခြင် ပေါ့ပေါ့လျော့လျော့နဲ့ အသိပညာ နည်းပါးစွာ ဆောင်ရွက်တဲ့ မောဟဂတိဆိုတဲ့ အဂတိတရား လေးပါးအနက် ဒေါသဂတိနဲ့ မောဟဂတိတို့ဟာ မိမိရဲ့ လွဲမှားတဲ့ မာန်မာနနဲ့ အသိဉာဏ်ချို့တဲ့မှုကြောင့် ဖြစ်ရတဲ့ အဂတိတရားများ ဖြစ်ပါတယ်။

မျက်နှာလိုက် ဆောင်ရွက်တတ်တဲ့ ဆန္ဒာဂတိနဲ့ ကြောက်ရွံ့မှု အခြေခံတဲ့ ဘယာဂတိ တို့ကတော့ ပတ်ဝန်းကျင်က ရိုက်ခတ်မှုအပေါ်မှာ ခိုင်မာစွာ မရပ်တည်နိုင်လို့ဖြစ်ရတဲ့ အဂတိတရားများ ဖြစ်ပါတယ်၊ ကစ်နည်းပြောရရင် ဆန္ဒာဂတိနဲ့ ဘယာဂတိတို့ဟာ ငွေကြေးမျက်နှာ၊ အခွင့်အရေးမျက်နှာ၊ ဩဇာအာဏာအရှိန်အဝါတို့ကို ထောက်ထားပြီး ကျူးလွန်ကြတဲ့ အဂတိတရားများပဲ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ရဲ့ တာဝန်ကို အဆင့်မြင့်ပိုင်းက ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်များ အနေနဲ့ မိမိထက် ရာထူးဂုဏ်သိမ် နိမ့်ပါးတဲ့ ပုဂ္ဂိုလ်များ ဆန္ဒာဂတိ၊ ဘယာဂတိတို့ကို မကျူးလွန်ကြရအောင် မိမိတို့ရဲ့ ရာထူးအဆင့်အတန်း လုပ်ပိုင်ခွင့်နဲ့ ဩဇာအာဏာများကို တစ်လွဲအသုံးချပြီး မလျော်ကန်တဲ့ ကိစ္စတွေကို ဖိအားပေး မစေခိုင်းမိကြဖို့ ရှောင်ကြဉ် အပ်တယ်လို့ ပြောကြားလိုပါတယ်၊ မိမိကိုယ်တိုင်ကလည်း အဂတိတရား (၄)ပါးကို ရှောင်ကြဉ်ဖို့ စောင့်စည်းထိန်းသိမ်းဖို့လည်း လိုအပ်တယ်လို့ ပြောကြားလိုပါတယ်။

အခွင့်အရေး၊ အရှိန်အဝါ၊ ဩဇာအာဏာကို တစ်လွဲအသုံးမချဖို့ဆိုရာမှာ မိမိကိုယ်တိုင် စောင့်စည်းရုံမျှမက မိမိရဲ့ အရှိန်အဝါကို အသုံးပြုနိုင်တဲ့ မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်း ကိုပါ ထိန်းသိမ်းပါမှ မိမိကိုယ်တိုင်သာမက မိမိရဲ့ တပည့်များ အပါအဝင် ဝန်ထမ်းထု အားလုံး အဂတိတရား (၄) ပါး ကင်းစင်ပါလိမ့်မယ်လို့ ပြောကြားလိုပါတယ်။

ဆန္ဒာဂတိ၊ ဘယာဂတိကြောင့် မလျော်မကန် ဆောင်ရွက်မိတဲ့ ဝန်ထမ်းတစ်ဦးအဖို့လည်း မိမိထက် ရာထူးဂုဏ်သိမ်ကြီးတဲ့ ပုဂ္ဂိုလ်ရဲ့ စေခိုင်းချက်ကြောင့် ဆောင်ရွက်ရပါတယ် ဆိုတဲ့ ဆင်ခြေဟာ အဂတိတရား လိုက်စားတဲ့ အပြစ်ဒဏ်က လွတ်နိုင်တဲ့ဆင်ခြေမဟုတ် ဘူးလို့ သတိပေးလိုပါတယ်။ ကိုယ့်တာဝန်ကို ကိုယ် ကျေပွန်စွာ ထမ်းဆောင်ကြရာမှာ နိုင်ငံနဲ့ လူမျိုးအတွက်ဆိုရင် အသက်ပင်စွန့်ရ စွန့်ရ၊ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ဆောင်ရွက် မယ်ဆိုတဲ့ အမျိုးကိုချစ်တဲ့ စိတ်ဓာတ်ခံယူချက်နဲ့ ဖြောင့်ဖြောင့်မှန်မှန် ထမ်းရွက်ကြဖို့ လိုပါတယ်။

တံစိုးလက်ဆောင်ယူတယ်၊ လာဘ်ယူတယ်ဆိုတာဟာ ငွေကြေးယူရုံတစ်ခုကိုသာ ဆိုလိုတာ မဟုတ်ပါဘူး၊ လာဘ်လာဘ တံစိုးလက်ဆောင် (၃) မျိုးဆိုတာကို ရှေးအစဉ်အလာ ကထဲက ပညာရှိများ သတ်မှတ်ထားကြပါတယ်၊ အဲဒါတွေဟာ ဘာလဲဆိုရင်–

ဉာတိသ လောဟိတ – ဆွေမျိုးသားချင်းတော်စပ်သူတို့ရဲ့အမှားကို လိုက်လျောပြီး လက်ခံယူမိတဲ့ မေတ္တာတံစိုးလက်ဆောင်၊

ပိယမိတ္တ – ရာထူးဂုဏ်သိမ်ရှိသူ၊ ချစ်ကျွမ်းဝင်သူတို့ရဲ့ အမှားကို လိုက်လျောပြီး လက်ခံယူမိတဲ့ မျက်နှာတံစိုးလက်ဆောင်၊

ဓနဂ္ဂါဟ – ငွေကြေးဥစ္စာ လာဘ်ပေးလာဘ်ယူပြုလို့ အမှားကို လိုက်လျောပြီး လက်ခံ ယူမိတဲ့ ဥစ္စာတံစိုးလက်ဆောင်တို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ကိုယ့်မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်း၊ သူငယ်ချင်း၊ မိတ်ဆွေများအတွက် မျက်နှာလိုက် ဆောင်ရွက်တာတွေ၊ ဩဇာအာဏာ အရှိန်အဝါကို ကြောက်လန့်ပြီး မလျော်မကန် ဆောင်ရွက်တာတွေဟာ တံစိုးလက်ဆောင်ယူပြီး ဆောင်ရွက်တဲ့ အမှုများပဲ ဖြစ်ပါတယ်။ လာဘ်လာဘဆိုတာ ယူသူသာမဟုတ်၊ ပေးသူမှာလည်း အပြစ်ရှိတဲ့အတွက် မိမိ မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်းက မိမိရဲ့ အရှိန်အဝါကို အသုံးပြုပြီး ဆောင်ရွက်တဲ့

ကိစ္စများဟာလည်း တံစိုးလက်ဆောင်ပေးခြင်းတစ်မျိုးဖြစ်တယ်လို့ မှတ်ယူရှောင်ကြဉ်ကြရမှာ ဖြစ်ပါတယ်။

အပြည့်ပြည့်ဆိုင်ရာ အတွေ့အကြုံတွေအရ ရာထူးအရှိန်အဝါနဲ့လုပ်ပိုင်ခွင့်တွေကိုသုံးပြီး မသမာ ကိုယ်ကျိုးရှာခဲ့ကြလို့ အချို့နိုင်ငံတွေမှာ သက်ဆိုင်ရာ ပုဂ္ဂိုလ်သာမက အစိုးရ အဖွဲ့တစ်ဖွဲ့လုံးပါ ပြုတ်ကျခဲ့ရတဲ့ ဖြစ်ရပ်တွေရှိခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေအနေနဲ့ ပညာရှိ သတိဖြစ်ခဲဆိုသလို မဖြစ်ကြဖို့ အထူးသတိပေးလိုပါတယ်။

တရားရေးပိုင်းဆိုင်ရာ ဝန်ထမ်းများနှင့်ပတ်သက်လို့ ထပ်ပြောလိုပါတယ်။ တရားသူကြီးတွေ၊ တရားရုံးဝန်ထမ်းတွေ၊ ဥပဒေအရာရှိတွေ၊ ပြည်သူ့ရဲအရာရှိတွေ စတဲ့ တရားစီရင်ရေးနဲ့ သက်ဆိုင်တဲ့ ဝန်ထမ်းတွေဟာ နိုင်ငံ့ဝန်ထမ်းတွေ လိုက်နာရမယ့် ကျင့်ဝတ် စည်းကမ်းများကို လိုက်နာရုံမျှမက တရားစီရင်ရေးနဲ့ ပတ်သက်ပြီး လိုက်နာရမယ့် ကျင့်ဝတ်တွေ စည်းကမ်းတွေ၊ တရားစီရင်ရေးဆိုင်ရာမှုတွေ၊ ဥပဒေတွေကိုလည်း အပြည့်အဝ လိုက်နာကြရမှာ ဖြစ်ပါတယ်။ ဒါတွင်မက တရားစီရင်ရေးနဲ့ ပတ်သက်ဆက်နွယ်နေတဲ့ ဝန်ထမ်းအားလုံးဟာ လုပ်ငန်းရဲ့သဘာဝအရ လာဘ်လာဘ တံစိုးလက်ဆောင်နဲ့ နီးစပ်တဲ့ အတွက် အဂတိတရား (၄) ပါးကို အထူးရှောင်ကြဉ်ကြရမှာ ဖြစ်ပါတယ်။

တရားသူကြီးအလုပ်ဆိုတာ လူတကာ ဆောင်ရွက်လို့ရတဲ့ အလုပ်မျိုးမဟုတ်ပါဘူး၊ အကျင့်၊ သီလ၊ သိက္ခာ၊ သမာဓိရှိတဲ့ ပုဂ္ဂိုလ်များသာ ဆောင်ရွက်နိုင်တဲ့လုပ်ငန်း ဖြစ်ပါတယ်၊ ရာဇနီတိကျမ်းမှာ တရားသူကြီးအင်္ဂါငါးပါးနဲ့ပတ်သက်ပြီး အမျိုးသီလနှင့် ပြည့်စုံသော၊ အမှန်တည်းဟူသော တရားကိုစောင့်သော၊ ကောင်းသောပညာလည်း ရှိသော၊ ချစ်နှစ်ဖွယ်စကားကို ဆိုတတ်သော၊ ရှုံးခြင်း၊ နိုင်ခြင်းကို သိတတ်သောအင်္ဂါငါးပါးနှင့် ပြည့်စုံသူကိုသာ တရားသူကြီးအရာမှာ စီရင်ခန့်ထားအပ်တယ်လို့ ပြဆိုထားပါတယ်။ ဒီအင်္ဂါငါးပါးဟာ တရားသူကြီးများသာမက တရားစီရင်ရေးနဲ့ ဆက်နွယ်တဲ့ ဝန်ထမ်းများ အားလုံးမှာ ရှိအပ်တဲ့ အရည်အချင်းဖြစ်တယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူတွေ မျှော်လင့်သလို အဂတိတရားကင်းပြီး သစ္စာတရားကိုမြတ်နိုးတဲ့၊ ရိုးသားဖြောင့်မတ်တဲ့ပညာ၊ အမျှော်အမြင်ရှိတဲ့ စာနာတတ်တဲ့ ပုဂ္ဂိုလ်များဖြစ်အောင် ကြိုးစားစောင့်ထိန်းကြပါလို့ အလေးအနက် မှာကြားချင်ပါတယ်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဟာ နိုင်ငံတော်ရဲ့တာဝန်ကို ယူခဲ့ပြီး လက်ငင်းလုပ်ငန်းတာဝန်ကြီး (၄) ရပ်ကို ကြေညာ ဆောင်ရွက်ခဲ့ရာမှာ ပထမအချက်အနေနဲ့ "တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး" ဆိုတဲ့ တာဝန်ကြီးကို ရှေ့ဆုံးက ထည့်သွင်းထားပါတယ်။ တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်တဲ့ ဥပဒေတွေ၊ အမိန့်တွေ

ပြဋ္ဌာန်းထုတ်ပြန်ပေးခဲ့တဲ့အပြင် ဥပဒေပညာပေးတဲ့ လုပ်ငန်းများလည်း အလေးပေး ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံတော်ရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်း ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာပေမယ့် တရားစီရင်ရေးအပိုင်းမှာ ဖွံ့ဖြိုးတိုးတက်မှု အားရဖွယ်ရာ မရှိတာကို တွေ့နေရပါတယ်။

တရားရေးဝန်ထမ်း အဆင့်မြင့်အပိုင်းမှ အောက်ဆုံးပိုင်းအထိ အဆင့်ဆင့်သော အစိတ်အပိုင်းတွေမှာ အဂတိတရား (၄) ပါး လိုက်စားပြီး တံစိုးလက်ဆောင် (၃) မျိုးနဲ့ မလွှတ်ကင်းတဲ့ အမူအကျင့်တွေ နားမဆံ့အောင် ကြားသိနေရပါတယ်။ ဝန်ထမ်းများအနေနဲ့ လာဘ်ပေးလာဘ်ယူမှုတွေကို စည်းလွတ်ဝါးလွတ် သောင်းကျန်းနေကြလို့ နေ့စဉ်လိုလို ရုပ်ပြောင်ကာတွန်းတွေ၊ ပေးစာတွေနဲ့ သတင်းစာ၊ စာစောင်၊ မဂ္ဂဇင်းတွေမှာ ဘယ်လောက်ပင် ဖော်ပြနေပေမယ့် သတိတရားရပြီး ဆင်ခြင်ကြလို့ လျော့နည်းသွားတာမျိုး မရှိကြသေးဘူးလို့ ပြောကြားလိုပါတယ်။

ဒါကြောင့် တရားသူကြီးများ၊ ဥပဒေအရာရှိများအပါအဝင် တရားစီရင်ရေးနဲ့ ဆက်နွယ်နေတဲ့ ပုဂ္ဂိုလ်အားလုံး၊ နိုင်ငံ့ဝန်ထမ်းအားလုံးကို နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ နိုင်ငံတော်က ယုံကြည်အပ်နှင်းထားတဲ့တရားစီရင်ရေးအာဏာကို ပြည်သူ့အကျိုး ရှေ့ရှုပြီး ဖြောင့်မတ်မှန်ကန်စွာ ကျင့်သုံးဆောင်ရွက်ကြပါ၊ တရားစီရင်ရေးဆိုင်ရာမူများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ တရားရေးမဏ္ဍိုင် မယိမ်းမယိုင် တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါ၊ ပြည်သူလူထုက ယုံကြည်ကိုးစား ခံ့ညားလေးစားနိုင်လောက်တဲ့ ပုဂ္ဂိုလ်များဖြစ်အောင် အကျင့်၊ သီလ၊ သိက္ခာ၊ သမာဓိ ရှိတဲ့ ပုဂ္ဂိုလ်များဖြစ်အောင် အားထုတ်ကျင့်ကြံကြပါ၊ တံစိုး (၃) ပါး၊ အဂတိတရား (၄) ပါးကို အထူးရှောင်ကြဉ်ကြပါ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်နေတဲ့ နိုင်ငံတော်တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများနဲ့ လိုက်လျောညီထွေ တရားစီရင်ရေးကဏ္ဍမှာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အမျိုးသားရေးအမြင်နဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြပါ၊ ဝန်ထမ်းအားလုံးဟာ တံစိုးလက်ဆောင်နဲ့ လာဘ်ပေးလာဘ်ယူမှုကို ရှောင်ပြီး ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းနိုင်သော တိုင်းပြည်နဲ့ လူမျိုးအပေါ် အမြဲတမ်းသစ္စာရှိသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။

## တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်အဆင့် တရားသူကြီးများ၏ နဝမအကြိမ် (၆) လပတ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် တရားသူကြီးချုပ် မိန့်ကြားသည့် မိန့်ခွန်း

ဒီနေ့ မနက် သူနာပြုသင်တန်းကျောင်းမှာ ပြုလုပ်တဲ့ တရားရုံးချုပ်နဲ့ ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနဲ့ ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများ ညှိနှိုင်းအစည်းအဝေမှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) က တရားစီရင်ရေးနဲ့ ပတ်သက်ပြီး လမ်းညွှန်အမှာစကားပြောကြားပြီး ဖြစ်ပါတယ်။ လမ်းညွှန်အမှာစကားများကို အခုတက်ရောက်လာကြတဲ့ ပြည်နယ်၊ တိုင်း၊ ခရိုင်များနဲ့ မြို့နယ်များမှ တရားသူကြီးများကိုယ်တိုင် ကိုယ်ကျ ကြားသိကြပြီး ဖြစ်ပါတယ်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ပြောကြားတဲ့အထဲမှာ ကဏ္ဍစုံ၊ အကြောင်းစုံ၊ ဝန်ထမ်းအလွှာစုံနဲ့ပတ်သက်ပြီးတော့ ပကတိအခြေအနေပေါ်မှာ သုံးသပ်ပြီးတော့ လမ်းညွှန်ပြောကြားသွားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ အဲဒီလမ်းညွှန်ချက် အမှာစကားကို ပြန်ကြည့်မယ်ဆိုရင် ပြည့်ပြည့်စုံစုံဖြစ်ပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့် အနေနဲ့ အထူးအကျယ်ချဲ့ပြီးပြောစရာမရှိပါဘူး၊ ယခုညှိနှိုင်းအစည်းအဝေးမှာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကာလအတွင်းက ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေ အပေါ်မှာ အခြေအနေအရပ်ရပ် ကို ပြန်လည်သုံးသပ်ပြီးတော့ ရှေ့ကို ဘာဆက်လက် ဆောင်ရွက်ဘို့ လိုတယ်ဆိုတာကို ကနေ့ စတင်ကျင်းပတဲ့ ညှိနှိုင်းအစည်းအဝေးမှာ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များက တင်ပြဘို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်နယ်၊ တိုင်း၊ ခရိုင်နဲ့ ကျင်းပဘို့ အစည်းအဝေးဟာ နှစ်ဦးက စဘို့ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့လဲဘဲ နိုင်ငံတော်က ပေးအပ်တဲ့ အခြား တာဝန်တွေကို လုပ်ဆောင်နေရပြီး သိပ်အချိန်မရတဲ့အတွက် ယခုလို ကျင်းပရခြင်း ဖြစ်ပါတယ်။ ဒီတစ်ခါ ခေါ်ယူကျင်းပရတာကလည်းပဲ ကျွန်တော်နဲ့ နိုင်ငံတော် ရှေ့နေ ချုပ်ကြီးတို့ ညှိနှိုင်းပြီးတော့ လက်ရှိအခြေအနေကို ပြန်သုံးသပ်ကြည့်ဘို့လိုမယ်။ အခြေ အနေတွေကြည့်ရတာတော့ဖြင့်ရင် ပွင့်ပွင့်လင်းလင်းပြောရရင် အခြေအနေတွေဟာ ကျွန်တော်တို့ မျှော်မှန်းသလို တိုးတက်မှုမရှိပါဘူး။ ကျွန်တော်တို့အဖွဲ့အစည်းပိုင်းနဲ့ ပြောရမယ်ဆိုရင် ကောင်းတဲ့အပိုင်းတွေ တွေ့ရသလို မကောင်းတဲ့အပိုင်းတွေမှာလဲဘဲ တိုးတက်လာတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအခြေအနေအခါမျိုးမှာ ကျွန်တော် တို့ဟာ အချိန်ကို စောင့်လို့မရပါဘူး၊ အချိန်လွန်သွားသည်နှင့်အမျှ အခက်အခဲတွေ ပိုပြီးတော့၊ ပြဿနာတွေ ပိုပြီးတော့ ကျွန်တော်တို့ တရားစီရင်ရေး အကောင်အထည်ဖော်မှု ဟာ မှန်မှန်ကန်ကန် ဖြစ်လာနိုင်စရာအကြောင်း မရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ဒီချိန်ဒီအခါမှာ အားလုံးခေါ်လိုက်ခြင်းဖြစ်ပါတယ်။ ဒီလိုခေါ်လိုက်တဲ့အခါမှာလဲဘဲ ပြည်နယ်၊

တိုင်းအဆင့်တရားသူကြီးများ၊ ဗဟိုမှာရှိတဲ့ တရားသူကြီးများ၊ တရားရေးဝန်ထမ်းများနဲ့ဘဲ
အစည်းအဝေးလုပ်ဖို့ ဖြစ်ပါတယ်။ အခုလို ခရိုင်အဆင့်ပါ ခေါ်တာက ပြည်နယ်၊ တိုင်းကို
ပြန်ပြီးတော့ မိမိတို့ပြည်နယ်၊ တိုင်းမှာ ပြန်ပြီး ရှင်းပြ၊ ပြောပြမယ်ဆိုရင်လဲ သိရကြားသွား
ရတဲ့အတိုင်း ဖြစ်ချင်မှဖြစ်မယ်၊ ကျန်ချင်ကျန်ခဲ့မယ်။ တစ်ခါ ဒီလိုခေါ်ဘို့ ပြန်ပြောဘို့
ဆိုတာလဲဘဲ အချိန်ကပုတ်အုံးမယ်၊ ကိုယ်ကသွားပြီး ပြောမယ်ဆိုလဲဘဲ ကိုယ်က အချိန်
ပုတ်အုံးမယ်၊ ရှေ့ကို ဆောင်ရွက်ရမယ့် ကိစ္စတွေဟာ မြန်မြန်ထက်ထက်နဲ့ စနစ်တကျ
တိတိကျကျ ဆောင်ရွက်နိုင်အောင် ဒီမှာ အကုန်လုံး ခရိုင်အဆင့်ကိုပါ ခေါ်ပြီးတော့
ကျွန်တော်တို့ မှာကြားစရာရှိတာတွေ မှာကြားမယ်ဆိုတဲ့ သဘောနဲ့ ခေါ်ခြင်းဖြစ်ပါတယ်။
ဒါကြောင့်မို့ ဒီနေ့ စတင်ပြုလုပ်တဲ့ အစည်းအဝေးဟာ ခါတိုင်း ပြုလုပ်နေကျ သမားရိုးကျ
အစည်းအဝေးကဲ့သို့ သဘောမထားပဲ ထူးခြားတဲ့ အစည်းအဝေး ရှေ့ကို ဘယ်လိုဆောင်
ရွက်ရမယ်ဆိုတဲ့ လေးလေးနက်နက် စဉ်းစားတွေးခေါ်ပြီး လုပ်ကြဖို့လိုတဲ့ အစည်းအဝေးဖြစ်
ပါတယ်။ တရားစီရင်ရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ပြောစရာဆိုစရာတွေဟာ အများကြီး
ရှိပါတယ်။ သို့သော်လည်းပဲ တက်ရောက်လာတဲ့ တရားသူကြီးများ အဆင့်ကို ကြည့်မယ်
ဆိုရင် တာဝန်ရှိတဲ့ အဆင့်ကို ရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့
အရိပ်ပြရင် အကောင်ပေါ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်
အသေးစိတ် ပြောစရာမလိုတော့ဘူးလို့ ထင်ပါတယ်။ အခုအစည်းအဝေးနဲ့ ပတ်သက်ပြီးတော့
အပိုင်းသုံးပိုင်းထားပြီး လိုရင်းကို အတိုချုံး တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ တရားစီရင်ရေး
လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ညွှန်ကြားတဲ့ နေရာမှာ အပိုင်းသုံးပိုင်းထားပြီး
ပြောကြားဖို့ ဖြစ်ပါတယ်။ ပထမပိုင်းကတော့ လုပ်ငန်းပိုင်း၊ ဒုတိယပိုင်းကတော့
အကျင့်စာရိတ္တနဲ့ ပတ်သက်တဲ့အပိုင်း ဖြစ်ပါတယ်။ တတိယအပိုင်းကတော့ နိုင်ငံတော်
မူဝါဒများကို လိုက်နာကျင့်သုံးခြင်းအပိုင်းဖြစ်ပါတယ်။ ဒီတော့ ပထမပိုင်းအနေနဲ့ အတိုချုံးပြီး
ပြောရရင် လုပ်ငန်းပိုင်းမှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က စတင်ပြီး
တာဝန်ယူတဲ့ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်မှာရှိတဲ့ အမှုလက်ကျန်နဲ့ ၁၉၉၄
ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှာ တည်ရှိတဲ့ အမှုလက်ကျန်ကို နှိုင်းယှဉ်ကြည့်ရင်
အမှုလက်ကျန်တွေ လျော့နည်းကျဆင်းလာတာကို တွေ့ရပါတယ်။ ဒါပေမယ်လို့ ရုံးတစ်ရုံး
ချင်းအလိုက် ကြည့်မယ်ဆိုရင်တော့ အမှုလက်ကျန်တွေဟာ များပြားလျက် ရှိနေတာကို
တွေ့ရပါတယ်။ တစ်ခါ ပြည်နယ်နဲ့တိုင်းအတွင်းမှာ ရှိတဲ့ ခရိုင်များမှာ ရှိတဲ့ အမှုတွေဟာ
ကြန့်ကြာနေတဲ့ အမှုတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ရရှိထားတဲ့ စာရင်းဇယားအရ
လားရှိုးခရိုင်မှာ ၁၈၉ မှု၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှာ ၁၄၉ မှု၊ ရန်ကုန်အနောက်ပိုင်း
ခရိုင်မှာ ၉၆ မှု၊ မုံရွာခရိုင်မှာ ၉၉ မှု၊ ပြည်ခရိုင်မှာ ၉၅မှု စသည်ဖြင့် စစ်ဆေးဘို့
ကျန်ရှိနေတာကို တွေ့ရပါတယ်။ မြို့နယ်တရားရုံးတွေမှာ ၆ လ အထက် ကြန့်ကြာတဲ့အမှုတွေ

ရှိနေပါတယ်။ ၆ လ အပြင် တစ်နှစ်ကျော် နှစ်နှစ်တွေလဲ ရှိနေပါတယ်။ မြို့နယ်ရုံးတွေ ပြန်ကြည့်တဲ့အခါမှာ မြစ်ကြီးနားမှာ ၁၀၅ မှု၊ မြိတ်မှာ ၉၇ မှု၊ ပဲခူးမှာ ၁၀၉ မှု၊ တောင်ငူမှာ အမှု ၁၀၀၊ ချမ်းအေးသာဇံမှာ ၁၀၈ မှု၊ သဃ်န်းကျွန်းမှာ ၉၇ မှု၊ ပုသိမ်အနောက်မှာ ၉၁ မှု၊ စစ်ဆေးရန် ကျန်ရှိတာကို တွေ့ရပါတယ်။ အဲ့ဒီလို ကျန်ရှိနေတဲ့ အမှုနဲ့ကြန့်ကြာနေတဲ့ အမှုတွေကို တရားရုံးချုပ်ကို တင်ပြလာတဲ့ အမှုစာရင်း ဇယားတွေအရ သိရှိရသလောက် ဖြစ်ပါတယ်။ ဒါပေမယ့်လို့ အမှန်တကယ် ဖြစ်ပေါ်တည်ရှိနေတဲ့ အခြေအနေဟာဆိုရင် ဒီထက်ပိုမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အကျဉ်းဦးစီးဌာနက သိရှိရတဲ့ အကျဉ်းထောင်အသီးသီးမှာ ရှိနေတဲ့ အကျဉ်းသား၊ အချုပ်သားဦးရေ စာရင်းအရ တစ်နိုင်ငံလုံးမှာ အချုပ်သားပေါင်း ၁၃၁၆၀ဦး ရှိနေတာတွေ့ရပါတယ်။ အဲ့ဒီ အချုပ်သားတွေထဲက တရားရုံးမှာ အမှုကြန့်ကြာနေသူ များလည်း အများအပြားရှိပါတယ်။ ဒါအကျဉ်းထောင်မှာရှိတဲ့ အချုပ်သားကိုပြောတာ၊ ပြည်သူ့ရဲတပ်ဖွဲ့မှာ ချုပ်ထားတဲ့ အချုပ်သားတွေလည်း အများအပြားရှိမှာ ဖြစ်ပါတယ်။ အလားတူပဲ ပြစ်ဒဏ်ကျခံပြီးတော့ ထောင်ထဲမှာ ရှိနေတဲ့ အကျဉ်းသားများထဲမှာလဲပဲ၊ အခြားအမှုနဲ့ ဆက်စပ်ပြီးတော့ အစစ်အဆေးခံနေရဆဲ အကျဉ်းသားများလဲပဲ ရှိနေပါတယ်။ အယူခံပြင်ဆင်မှု၊ စသည်ဖြင့် တက်နေတဲ့ အကျဉ်းသားများလဲ ရှိနေပါတယ်။ ဒါကြောင့် အမှုလက်ကျန်တွေ ဘယ်လောက်ရှိနေတယ်ဆိုတာကို တစ်ရုံးချင်းအလိုက် ပြန်လည် စစ်ဆေးကြဖို့ လိုပါလိမ့်မယ်၊ အမှုလက်ကျန်တွေ လျော့နည်းကျဆင်းအောင် အချိန်ကြာ မြင့်နေတဲ့သူတွေ၊ မရှိအောင် ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ အဆင့်မြင့်တဲ့ တရားရုံးတွေက တရားသူကြီးတွေကလည်း ကွင်းဆင်းစစ်ဆေးပြီးတော့ တရားရုံး၊ တစ်ရုံးချင်းအလိုက်၊ တရားသူကြီး တစ်ဦးချင်းအလိုက်၊ ဘယ်လောက်အမှုတွေ ကြာမြင့်နေတယ်၊ လက်ကျန် ရှိနေတယ်ဆိုတာကို ကြီးကြပ်ညွှန်ကြားဘို့ လိုပါလိမ့်မယ်၊ အဲ့ဒီမှာ အလျဉ်းသင့်လို့ပဲ တစ်ခါထဲ ပြောကြားပါမယ်၊ အကျဉ်းထောင်တွေမှာ ရှိတဲ့ အကျဉ်းသားများနဲ့ ပတ်သက်လို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က အခြေအနေကို သိလို့ သက်ဆိုင်ရာဌာန ညွှန်ကြားရေးမှူးချုပ်တွေ၊ သက်ဆိုင်ရာဌာနတာဝန်ရှိ၊ အရာရှိတွေကို ခေါ်ပြီးတော့ ဒီကိစ္စအခြေအနေတွေကို မှာကြားပြီးဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရဲ့ ညွှန်ကြားချက်ကို ကျွန်တော် ဖတ်ပြပါ့မယ်၊ ဒါက ဩဂုတ်လ ၁၈ ရက်နေ့စွဲနဲ့ ပေးပို့တဲ့စာပါ။ ပေးပို့တာကတော့ ပြည်ထဲရေးဌာနဝန်ကြီး၊ တရားရုံးချုပ် တရားသူကြီးချုပ်၊ ရှေ့နေချုပ်ရုံး၊ ရှေ့နေချုပ်တို့ကို အမှုများ ကြန့်ကြာနေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ပေးပို့တဲ့စာဖြစ်ပါတယ်။ ဒီစာမှာ နိုင်ငံတော်တဝန်းလုံး၌ တည်ရှိနေသော အကျဉ်းထောင်များတွင် အမှုစစ်ဆေးဆဲ အကျဉ်းသားဦးရေမှာ ၁၃၀၀၀ ကျော်ခန့်ရှိနေပြီး၊ အချို့ အကျဉ်းထောင်များ၌ လက်ခံနိုင်သည့် ဦးရေထက် ပိုမိုနေသည်ကို ပူးတွဲပါ

ဖယားအတိုင်း တွေ့ရှိနေရပါတယ်။ တရားရုံးအသီးသီး၌ အမှုရင်ဆိုင်နေရသည့် အကျဉ်းသား၊ အချုပ်သား များပြားနေခြင်းမှာ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်သော်လည်း တရားစွဲဆိုသော အဖွဲ့အစည်းနှင့် တရားစီရင်ရေးအဖွဲ့များက တက်ညီလက်ညီ ညှိနှိုင်း ဆောင်ရွက်ပါက အမှုများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ စီရင်ဆုံးဖြတ်နိုင်သည့် အချုပ်သား ဦးရေ၊ လျော့နည်းသွားမည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိလက်အောက်ရှိ နယ်မြေခံ အဖွဲ့အစည်းများသို့ အမှုများကို ကြန့်ကြာမှုမရှိစေဘဲ အမြန်ဆုံး စစ်ဆေး ဆောင်ရွက်ရေး အတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သော ညွှန်ကြားမှုများ ပြုလုပ်ပြီး တရားရုံးချုပ်မှ ကိုယ်စားလှယ် ရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်၊ ပြည်သူ့ရဲတပ်ဖွဲ့ ဌာနချုပ်မှ ကိုယ်စားလှယ်တို့ ပါဝင်သော အဖွဲ့များ ဖွဲ့စည်းကာ အမှုလက်ကျန် များပြားသော နယ်မြေဒေသများသို့ ကွင်းဆင်းကာ လိုအပ်သည်များကို အနီးကပ် ညွှန်ကြားခြင်း၊ ပံ့ပိုးပေးခြင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်စပ်ညှိနှိုင်းပေးခြင်းတို့ကို စနစ်တကျ ပြုလုပ်ဆောင်ရွက်ကြရန် အကြောင်းကြားပါသည်။ ယင်းလုပ်ငန်းအစီအစဉ်ကို စက်တင်ဘာလ ၁ ရက်နေ့မှစပြီး အကောင်အထည်ဖော်ရန်ဖြစ်ပြီး ဆောင်ရွက်မှုအခြေအနေကို ပြန်လည် တင်ပြသွားရန် ဖြစ်ပါသည်။ ဒီထဲမှာ ဩဂုတ်လ ၁၈ ရက်နေ့မှာတည်ရှိတဲ့ အခြေအနေအရ ဆိုရင် အင်းစိန်မှာ အချုပ်သား ကျား ၄၄၇၁ ဦး၊ မ ၈၄၃ ဦး စုစုပေါင်း ၅၃၀၇ ဦး ရှိပါတယ်။ မန္တလေးအကျဉ်းထောင်မှာ အချုပ်သား၊ ၁၁၄၆ ဦး ရှိပြီးတော့ အမျိုးသမီး ၃၈၂ ဦး၊ စုစုပေါင်း ၁၅၂၈ ဦးပါတယ်။ ဒီထဲမှာ အချုပ်သားအလိုက် ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ပုသိမ်အကျဉ်းထောင်၊ သာယာဝတီအကျဉ်းထောင် လားရှိုးအကျဉ်းထောင်၊ ပြည် အကျဉ်းထောင်၊ မြစ်ကြီးနား အကျဉ်းထောင်၊ ဗန်းမော် အကျဉ်းထောင်၊ ကသာ အကျဉ်းထောင်၊ မြိတ်အကျဉ်းထောင်၊ ပဲခူး အကျဉ်းထောင်တို့ဟာ အများဆုံး ဖြစ်ပါတယ်။ ကျန်တာကတော့ ကျွန်တော်တို့အကျဉ်းထောင်ပေါင်း အကျဉ်းဦးစီးဌာနအောက်မှာရှိတဲ့ အကျဉ်းထောင်ပေါင်း ၃၄ ခုနဲ့ပတ်သက်ပြီးတော့ ဒီစာရင်းကို ပေးပို့ရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေထဲမှာ အဲဒီ အမှုများ ကြန့်ကြာနေတဲ့အထဲမှာ လက်ကျန်အမှုတွေ နည်းပါးအောင်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခုနပြောတဲ့အမှုလက်ကျန်အခြေအနေကို ပြန်ကြည့်မယ်ဆိုရင် ပြည်နယ်၊ တိုင်းရုံးများ၊ ခရိုင်များ အပါအဝင်မှာ ပြစ်မှုလက်ကျန်ဟာ ဇွန်လ ၃၀ ရက်နေ့မှာ ၁၈၂၄မှု ရှိပါတယ်။ တရားမမှုလက်ကျန်ဟာ ၃၅၃၁ မှုရှိပါတယ်။ မြို့နယ်ရုံးတွေ မှာ အမှုလက်ကျန်ဟာ ၃၁၂၀၇ မှုရှိပြီးတော့ တရားမမှုလက်ကျန်ဟာ ၃၁၈၂ မှု ရှိပါတယ်။ အသေးစိတ်ရုံးအလိုက် အခြေအနေတွေ ကျွန်တော်တို့ ပြုစုထားတာ ရှိပါတယ်။ အဲဒီလို လုပ်ငန်းပိုင်းနဲ့ပတ်သက်ပြီး တော့ ဆက်လက်ပြောကြားရမယ်ဆိုရင် အမှု လက်ကျန်များပြားတဲ့ အကြောင်းရင်းတွေက များပြားပါတယ်။ ကျွန်တော်တို့ ဒီနေ့ အတွင်းရေးမှူး (၁) မိုလ်ချုပ်ကြီး ခင်ညွန့်ပြောကြား

သွားတဲ့ အထဲ မှာလဲ ပါပြီး ဖြစ်ပါတယ်။ ဒါတွေကို ဘာကြောင့်အမှုတွေလက်ကျန်များပြီး ပြီးပြတ်သင့်တဲ့ အချိန်မှာ မပြီးပြတ်ဘူးဆိုတာကို ပြန်ဆန်းစစ်ဖို့ လိုမှာဖြစ်ပါတယ်။ အကြမ်းဖျဉ်းအားဖြင့် ဒီအကြောင်းရင်းတွေ ပြန်ကြည့်တဲ့အခါမှာ ၁။ တရားသူကြီးများ ကိုယ်တိုင်က ဖိဖိစီးစီး မလုပ်ကိုင်ခြင်း၊ ၂။ တရားသူကြီးများ အရည်အချင်းများ မပြည့်စုံခြင်း၊ ၃။ လုပ်ငန်းမကျွမ်းကျင်ခြင်း၊ တရားစီရင်ရေးနဲ့ဆက်နွယ်နေတဲ့ တရားစွဲအဖွဲ့အစည်းတွေ ဌာနဆိုင်ရာများ၊ အမှုသည်များ၊ သက်သေများ၊ ရှေ့နေများရဲ့ ကူညီပံ့ပိုးမှု အပြည့်အဝမရရှိခြင်း၊ ၄။လမ်းပန်း ဆက်သွယ်မှု ခက်ခဲခြင်း စတဲ့အခြေအနေအရပ်ရပ်ကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီအကြောင်းရင်းများနဲ့ စပ်လျဉ်းလို့ လက်ရှိပကတိ တွေ့နေရတဲ့ အခြေအနေပေါ်မှာ မူတည်ပြီး အတိုချုံး သုံးသပ်ပြောရမယ်ဆိုရင် တရားသူကြီးအချို့မှာ တာဝန်ကျေပွန်ခြင်းမရှိဘဲ မိမိရဲ့ လုပ်ငန်းအပေါ်မှာ စိတ်ဝင်စားမှုနည်းတာ၊ လေးလေး နက်နက်ထားခြင်း၊ ဖိဖိစီးစီးလုပ်ဆောင်ခြင်း မပြုတာ တွေ့ရပါတယ်။ တစ်နည်းပြောရရင် ရေသာခိုနေခြင်းဖြစ်ပါတယ်။ တာဝန် မကျေပွန်ခြင်း၊ သို့မဟုတ် ပေါ့ဆစွာ တာဝန် ထမ်းဆောင်ခြင်းဟာ ကျွန်တော်တို့ ဝန်ထမ်း များနဲ့ သက်ဆိုင်တဲ့ စည်းမျဉ်းစည်းကမ်းများမှာ ဝန်ထမ်းဆိုင်ရာ ပြစ်မှုတစ်ရပ်ဖြစ်တဲ့အတိုင်း ဌာနဆိုင်ရာ အရေးယူ အပြစ်ပေးနိုင်ပါတယ်၊ ဒါကြောင့် အတိုချုံးပြောရရင်တော့ အဲဒီလိုဝန်ထမ်းမျိုး ပညာပေးလို့၊ ကြပ်မတ်ပေးလို့မှ ပြုပြင်ခြင်းမရှိဘူးဆိုရင်တော့ ထိထိရောက်ရောက် အရေးယူဖို့ပါပဲ၊ အချို့သော တရားသူကြီးများအနေနဲ့ အရည်အချင်း မပြည့်မှီခြင်း၊ လုပ်ငန်းမကျွမ်းကျင်ခြင်း ရှိကြပါတယ်။ အဲဒီလို အရည်အချင်း မပြည့်မှီတာကြောင့်၊ လုပ်ငန်းမကျွမ်းကျင်တာကြောင့် အချို့သော တရားသူကြီးများဟာ မိမိတို့ရဲ့ တာဝန်ကို ရဲရဲမလုပ်ဆောင်ဘဲ ရှောင်လွှဲနေတတ်ကြပါတယ်။ တရားသူကြီးများရဲ့ လုပ်ငန်းချက်တွေဟာ လုပ်ထုံးလုပ်နည်းနဲ့ လွဲမှားနေမယ်၊ တရားစီရင်ရေးမှာ ဥပဒေနဲ့ မညီညွတ်ခြင်း၊ ဖြစ်နေတာတွေကြောင့် အမှုသည်များဟာ မနစ်နာသင့်ဘဲ နစ်နာကြရပါတယ်၊ ဒီအကြောင်းတွေကြောင့်လဲဘဲ အထက်ရုံးကို ပြင်ဆင်ဖို့၊ အထက်ရုံးတွေက ပြင်ဆင်ပေးရတာတွေလည်း ဖြစ်ပေါ်ခဲ့ပါတယ်၊ အဲဒီအကြောင်းတွေကြောင့်လည်းဘဲ အမှုတွေဟာ တိုးပွားပြီးတော့ မကြန့်ကြာသင့်တာ ကြန့်ကြာနေရပါတယ်။ ကျွန်တော်တို့ အနေနဲ့ တရားသူကြီးအဆင့်ဆင့်ကို ဥပဒေတတ်ကျွမ်းအောင် လုပ်ထုံးလုပ်နည်းများ နားလည်ကျွမ်းကျင်အောင် တရားရုံးချုပ်က သင်တန်းအဆင့်အမျိုးမျိုးထားပြီး သင်ကြား ပေးခဲ့ပါတယ်၊ အခုလဲ ဒီသင်တန်းတွေကို ဆက်လက်ပေးလျက်ရှိပါတယ်။ အဲဒီလို တရားရေးဝန်ထမ်းများကို အရည်အချင်းပြည့်မီအောင်၊ အဆင့်အတန်းမြင့်အောင်၊ မြင့်သထက် မြင့်အောင် စီမံချက်ချပြီး သင်တန်းပေးခြင်း ပြုလုပ်ပေမယ့် သင်တန်း တက်ရောက်ကြသူများ ကိုယ်တိုင်က သင်ကြားပို့ချတာတွေကို လိုလိုလားလား မှတ်သား နာယူခြင်း မပြုရင်တော့၊ အရည်အချင်း တိုးတက်လာကြမှာ မဟုတ်ပါဘူး၊ တရားရေးဝန်ထမ်းများဟာ သင်တန်းကို

ချည်းဘဲအားကိုးမနေဘဲမိမိတို့ကိုယ်တိုင်က ဥပဒေများကိုလေ့လာဖတ်ရှုမှ မိမိတို့မသိရှိသေးတာတွေကို စီရင်ထုံးများကို လေ့လာပြီးတော့ လိုအပ်တာတွေကို မှတ်သားထားကြပါမှ အရည်အချင်းပြည့်စုံတဲ့ တရားသူကြီးများဖြစ်လာနိုင်ပါလိမ့်မယ်၊ ဥပဒေကိုလည်းနားမလည်၊ လုပ်ထုံးလုပ်နည်းကိုလည်း မကျေညက်ဘဲနဲ့ တတ်သယောင်ယောင်နဲ့ မိမိထင်သလို စီရင်ဆုံးဖြတ်ကြမယ်ဆိုရင် တရားရုံးကို အားကိုးအားထားပြုပြီးလာကြသူများအဖို့ ကြီးစွာနစ်နာဆုံးရှုံးမှုများဖြစ်သွားနိုင်ပါတယ်။ ဝန်ထမ်းများစည်းကမ်းထိန်းသိမ်းရေးနဲ့ စပ်လျဉ်းပြီး ဝန်ထမ်းများလိုက်နာရမဲ့ စည်းကမ်းများထဲမှာဝန်ထမ်းများဟာ လုပ်ငန်းကျွမ်းကျင်မှု အစဉ်တိုးတက်နေစေခြင်းအားဖြင့် ဝန်ထမ်းအဖွဲ့အစည်းရဲ့စွမ်းဆောင်မှုမြင့်မားစေဖို့ ဦးတည်ချက်ထားဖို့ သတ်မှတ်ထားတယ်ဆိုတာကို သိရှိကြဖို့လိုပါတယ်။ ဒါကြောင့် တရားရေးဝန်ထမ်းများအနေနဲ့ မိမိတို့ရာထူးနဲ့ ထိုက်တန်အောင်အရည်အချင်းများ ပြည့်မီဖို့ ကြိုးစားကြမယ်ဆိုရင် မိမိတို့အတွက်လည်းအကျိုးရှိ ဌာနရဲ့စွမ်းဆောင်ရည်များလည်း မြင့်မားပြီး မိမိတို့ကို အားကိုးကြတဲ့အမှုသည်များရဲ့ အကျိုးလည်းဖြစ်ထွန်းစေမှာ ဖြစ်တာကို အစဉ်သတိပြုနေကြဖို့ဖြစ်ပါတယ်၊ ရှေ့ပိုင်းမှာ ကျွန်တော်တင်ပြသွားတဲ့ အကြောင်းရင်းတွေထဲမှာ တရားစီရင်ရေးနဲ့ ဆက်နွယ်နေတဲ့ တရားစွဲအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများအမှုသည်များ၊ ရှေ့နေများရဲ့ ကူညီပံ့ပိုးမှု အပြည့်အဝမရလို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေလို့ အမှုများကြန့်ကြာခြင်းရှိနေနိုင်ပါတယ်။ ဒါတွေနဲ့ ပတ်သက်လို့ ဒီကိစ္စဟာ တို့တွေနဲ့ မသက်ဆိုင်ဘူးလို့ သဘောထားမယ်ဆိုရင် တရားစီရင်ရေးလုပ်ငန်းတွေဟာ ချောမွေ့လာမှာ မဟုတ်ပါဘူး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဘယ်လုပ်ငန်းဘဲမဆို မြန်မြန်နဲ့ မှန်မှန်ပြီးစီးအောင်လုပ်ကြဖို့ လမ်းညွှန်ချက်တွေကို လိုက်နာပြီးတော့ ဌာနဆိုင်ရာများက ဆောင်ရွက်ကြဖို့လိုပါတယ်၊ ဒါကြောင့် အဲဒီလို အခက်အခဲများ တွေ့ရင်လည်း မိမိတို့ကလည်း သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များနဲ့ ညှိနှိုင်းဆောင်ရွက်ကြဖို့ သက်ဆိုင်ရာ အဖွဲ့အစည်းများကို အသိပေးတင်ပြညှိနှိုင်းကြဖို့ ဖြစ်ပါတယ်၊ လိုအပ်လို့ရှိရင် အထက်ကိုတင်ပြပြီး အစီရင်ခံရမှာ ဖြစ်ပါတယ်။ သို့မှသာလည်း အောက်ခြေမှာ တွေ့ကြုံရတဲ့အခက်အခဲတွေပြဿနာတွေကို ကျွန်တော်တို့ အထက်ပိုင်းအနေနဲ့ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးရမဲ့ကိစ္စတွေ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒုတိယပိုင်းဖြစ်တဲ့ အကျင့်စာရိတ္တပိုင်းနဲ့ ပတ်သက်လို့ ဆက်လက်ပြောကြားရမယ်ဆိုရင် တရားသူကြီးများဟာ အကျင့်စာရိတ္တ ကောင်းမွန်ပြီး စံပြဖြစ်နေဖို့လိုပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်လို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) လမ်းညွှန်မှာကြားချက်တွေဟာ အသေးစိတ် အပြည့်အစုံမှာကြားပြီးဖြစ်ပါတယ်။ တရားသူကြီးများမှာ ရှိ ရမဲ့သိက္ခာ၊ စောင့်ထိန်းလိုက်နာရမဲ့ ကျင့်ဝတ်တို့ကိုလိုက်နာကြရမှာ ဖြစ်ပါတယ်၊ မိမိတစ်ဦးအနေနဲ့ မတရားလုပ်ဆောင်ခြင်းမပြုဖို့ မဟုတ်မမှန်တာမဆုံးဖြတ်ဖို့ အမှန်တရားပေါ်ပေါက်အောင်၊ တရားမျှတအောင်ဆောင်ရွက်မယ်

ဆိုတဲ့ သိန္နီဌာန်မျိုးချပြီး ဘယ်လိုနည်းမျိုးနဲ့ဘဲချည်းကပ်လာတယ်ဖြစ်စေ၊ ဘယ်လို လာဘ်လာဘမျိုးပေးလာတယ်ဖြစ်စေ၊အဂတိတရား (၄) ပါးကိုရှောင်ရှားပြီး မိမိကိုပေးအပ်ထား တဲ့ တရားသူကြီး တာဝန်ကိုကျေပွန်စွာဆောင်ရွက်ဖို့လိုပါတယ်၊ တရားသူကြီးများဟာလည်း နိုင်ငံတော်နဲ့ နိုင်ငံသားတိုင်း အပေါ်သစ္စာရှိစွာနဲ့ နိုင်ငံတော်ရဲ့အကျိုးကို၊ နိုင်ငံသားများရဲ့အကျိုး ကိုဆောင်ရွက်ကြဖို့ဖြစ်ပါတယ်၊ အကျင့်စာရိတ္တပိုင်းမှာ ဒီနေ့မနက်လမ်းညွှန်မှာကြားသွားတဲ့ အထဲမှာ ဘယ်လိုဖောက်လွဲဖောက်ပြန်တွေပါရှိတယ်ဆိုတာ ပါရှိပြီးဖြစ်ပါတယ်။ လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ လာဘ်ပေးလာဘ်ယူမှုတွေကြောင့်အကျင့်ပျက်တာ ရှိသလိုဘဲအချို့သော တရားသူကြီးများ အနေနဲ့လူမှုရေးပြစ်မှုများကို ကျူးလွန်တာဆိုတာလည်း ကနေ့ပြောကြားတဲ့ အထဲမှာ ပါသွားပြီးဖြစ်ပါတယ်၊ ဒါကြောင့် လူမှုရေးပြစ်မှုတွေကိုလည်း မကျူးလွန်မိအောင် မိမိတို့ကိုယ်တိုင်ထိန်းသိမ်းကြရမှာဖြစ်ပါတယ်၊ တတိယပိုင်းဖြစ်တဲ့ နိုင်ငံတော်ရဲ့ မူဝါဒအပိုင်းကို လိုက်နာကျင့်သုံးခြင်း အပိုင်းနဲ့စပ်လျဉ်းပြီး ပြောကြားရမယ်ဆိုရင်ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဟာ နိုင်ငံတော်ကြီးနဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားတိုးတက်မြင့်မား လာအောင် ထောင့်စုံဘက်စုံကျိုးပမ်းဆောင်ရွက်လျှက်ရှိတာနဲ့အညီ နိုင်ငံတော်ရဲ့ မူဝါဒများကို တရားသူကြီးများအနေနဲ့လည်း ကျေညက်အောင်လေ့လာမှတ်သား ခံယူရမှာဖြစ်ပါတယ်။ အဲဒီလို လေ့လာမှတ်သား ခံယူပြီး နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်လျှက်ရှိတဲ့ လုပ်ငန်းများမှာ အင်တိုက်အားတိုက်ပါဝင် ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ တရားသူကြီးများ ဟာ တရားစီရင်ရေး လုပ်ငန်းနဲ့ ပတ်သက်လို့ အဓိကတာဝန်ရှိတဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့ အားလျော်စွာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းခဲ့တဲ့ တရားစီရင်ရေး ဥပဒေမှာ ပါတဲ့ တရားစီရင်ရေးမူ ၇ ချက်ကိုတိတိကျကျလိုက်နာပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်း သာယာရေးတည်ဆောက်ရာမှာ တရားရုံးများရဲ့စီရင်ဆုံးဖြတ်ချက်များဟာအထောက်အကူ ဖြစ်စေရမှာဖြစ်ပါတယ်။ တရားသူကြီးတွေအနေနဲ့ တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက် ခြင်းနဲ့အတူ ဥပဒေကိုပြည်သူတွေကနားလည်လိုက်နာကျင့်သုံးလာစေဘို့ ပညာပေးရန်နဲ့ ပြည်သူများက ဥပဒေကိုလိုက်နာတဲ့အလေ့အကျင့်တွေကိုပျိုးထောင်ပေးခြင်း လုပ်ငန်းတို့ကို လည်း တရားစီရင်ရေးမူမှာပါရှိတဲ့အတိုင်း ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ မိမိတို့ရဲ့ မိမိစီရင်ချက်၊ ချမှတ်လိုက်တဲ့ပြစ်ဒဏ်များမှတစ်ဆင့် ပြည်သူတွေတရား ဥပဒေအကြောင်း သိရှိသဘောပေါက် နားလည်အောင် ပညာပေးဘို့ဖြစ်ပါတယ်။ အခါ အားလျော်စွာလည်း ကြုံကြိုသလိုညွှန်ပြပြောကြားခြင်း ပြုလုပ်သင့်ပါတယ်။ ကျွန်တော် တင်ပြသွားတာတွေဟာ လုပ်ငန်းပိုင်းအကျင့်စာရိတ္တပိုင်းနဲ့ နိုင်ငံတော်က မူဝါဒများလိုက်နာ ကျင့်သုံးကြခြင်းနဲ့ ပတ်သက်ပြီးတော့ အတိုချုံးချုံးပြီး ပြောကြားခြင်း ဖြစ်ပါတယ်။ ကနေ့ အတွင်းရေးမှူး (၁) ရဲ့ မှာကြားချက်တွေမှာ ပြန်ကြည့်မယ်ဆိုရင် အသေးစိတ်

ပါရှိပြီးဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီနေ့အတွင်းရေးမှူး (၁) က လမ်းညွှန်ပြောကြားခြင်းမှာ စည်းကမ်းပိုင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့တရားရေးဝန်ထမ်းများ ဘယ်လောက် ဦးရေအားဖြင့် အရေးယူခဲ့တယ်ဆိုတာ ထည့်သွင်းပြောကြားသွားပါတယ်။ ဒါနဲ့ ပတ်သက်လို့ကျွန်တော်တို့ဟာ စာရင်းဇယားတွေကားရှိပါတယ်။ အဲ့ဒီကားရှိထားတဲ့ စာရင်းဇယားတွေထဲမှ ပြောကြားသွားခြင်းဖြစ်ပါတယ်။ ဒါဟာကျွန်တော်တို့ အဲ ဌာနအတွက်ကြည့်မယ်ဆိုရင် ကျွန်တော်တို့မှာရှက်စရာအလွန်ကောင်းပါတယ်။ ဒါပေမယ်လို့ ဒီလိုရှက်စရာကောင်းတာကို ကျွန်တော်တို့က ဖုံးဖိပြီးတော့ မြိုနေစရာအကြောင်းမရှိပါဘူး၊ အရှိကိုအရှိအတိုင်း တင်ပြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က အပြေ မှားယွင်းပေးတဲ့ လူ ရှိပါတယ်လို့ ပြောလဲပဲပြောပြောပဲ ဒါကြောင့်မို့လို့ ကျွန်တော်ဒီစာရင်းဇယားကို တင်ပြခြင်းဖြစ်ပါတယ်။ အဲ ကျွန်တော်တို့ဘက်ကတော့ အမှန်အတိုင်းတင်ပြပါတယ်။ ရှိပါတယ် ဥပဒေဘက်ကလည်း အများကြီး သို့သော်လည်း ဥပဒေ ကယ် မတင်ပြဘူးဆိုတာက ဒါတစ်ကဏ္ဍပေါ့၊ သို့သော်လည်း ကျွန်တော်တို့ရဲ့အခြေအနေကို ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့မှာ စာရင်းဇယားအားဖြင့် ၁၉၈၈ ခုနှစ်မှာ ကျွန်တော်တို့ တာဝန်ယူလာတဲ့ အချိန်ကနေစပြီးတော့ ကျွန်တော်တို့ပြစ်ဒဏ်အမျိုးအစားအလိုက် ဌာန ဆိုင်ရာအပြစ်ပေးခံရတဲ့ ဝန်ထမ်းများကို ကျွန်တော်တို့အထက်ဆုံးအဆင့်ကနေပြီးတော့ ဒီစာရင်းထဲမှာလည်း ဒုတိယညွှန်ကြားရေးမှူးတွေ ပြည်နယ်၊ တိုင်းတရားသူကြီးအဆင့် တရားရေး ဝန်ထမ်းအဆင့် (၁) ၊ တရားရေးဝန်ထမ်းအဆင့် (၂) ၊အဆင့် (၃)၊အဆင့်(၄)၊ စသည်ဖြင့် အကုန်လုံးပါပါတယ်။ အဲ့ဒီမှာ ပြစ်ဒဏ်အမျိုးအစားကိုပြန်ကြည့်မယ်ဆိုရင် သတိပေးခြင်း၊ နှစ်တိုးရပ်ဆိုင်းခြင်း၊ ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊ လစာနှုန်းအတွင်း လစာလျှော့ချခြင်း၊ ရာထူးအဆင့်လျှော့ချခြင်း၊ လစာမပေးလျော်စေခြင်း၊ တာဝန်မှ ယာယီ ရပ်ဆိုင်းထားသည့်အတွက် ကာလကို လစာအပြည့် ခံစားခွင့်မပြုခြင်း၊ ဒါမှမဟုတ် အဲ့ဒီ ကာလကို တာဝန်ချိန်အပြည့်အဖြစ် မသတ်မှတ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ဝန်ထမ်း အဖြစ်မှ ထုတ်ပစ်ခြင်း စသည့်အဝှင်းခွဲထားပါတယ်။ ကျွန်တော်တို့ ၁၉၈၈ ခုနှစ်မှာ သတိပေးခြင်းခံရတဲ့ ဝန်ထမ်းမှာ ကျွန်တော်တို့ အမျိုးသား ၃ ဦး၊ နှစ်တိုးလစာရပ်ဆိုင်းခြင်း ခံရတာဟာ အမျိုးသား ၁ ဦး၊ ရာထူးအဆင့်လျှော့ချခြင်းခံရတာ အမျိုးသား ၁ ဦး၊ ရာထူးမှထုတ်ပယ်ခြင်းခံရတာ အမျိုးသား ၂ ဦးနဲ့ အမျိုးသမီး ၁ဦး၊ အားလုံးစုစုပေါင်း အမျိုးသား ၇ ဦးနဲ့ အမျိုးသမီး ၁ ဦးရှိပါတယ်။ ၈၉ ခုနှစ်မှာ သတိပေးခြင်းခံရတဲ့ အမျိုးသား ၆၂ ဦး၊ အမျိုးသမီး ၁၁ ဦး၊ နှစ်တိုးလစာ ရပ်ဆိုင်းခံရတဲ့ အမျိုးသား ၄ ဦး၊ ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်းခံရတဲ့ အမျိုးသား၃ ဦး၊လစာနှုန်းအတွင်းလစာလျှော့ချခြင်း ခံရတဲ့ အမျိုးသား ၁ ဦး၊ ရာထူးအဆင့်လျှော့ချခြင်း ခံရတဲ့ အမျိုးသား ၃ ဦး၊ အဲ့ဒီ (Suspension) ကာလကို လစာအပြည့်ခံစားခွင့်မပြုတာ၊ တာဝန်ချိန်မသတ်မှတ်ခြင်း

ခံရတဲ့အမျိုးသား ၁ဦး၊ ရာထူးမှထုတ်ပယ်ခြင်းခံရတဲ့ အမျိုးသား၁ဦး၊ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်းခံရတဲ့ အမျိုးသား ၇ ဦး၊စုစုပေါင်းအမျိုးသား ၈၂ ဦးနဲ့ အမျိုးသမီး ၁၁ဦး ရှိပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ၊ သတိပေးခြင်းခံရတဲ့ အမျိုးသား ၉၄ ဦး ၊ အမျိုးသမီး ၁၁ ဦး၊ လစာရပ်ဆိုင်းခံရသဲ့ အမျိုးသား ၃ ဦး၊ အမျိုးသမီး ၃ ဦး၊ ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်းခံရတဲ့ အမျိုးသမီး ၁ ဦး၊ လစာမှပေးလျော်စေခြင်း ပြစ်ဒဏ်မှ ပေးခံရတဲ့ အမျိုးသား ၂ ဦး၊ ရာထူးမှထုတ်ပစ်ခြင်းခံရတဲ့ အမျိုးသား ၃ ဦး စုစုပေါင်း အမျိုးသား ၅၂ ဦးနဲ့ အမျိုးသမီး ၁၅ဦးရှိပါတယ်။ ၁၉၉၁ ခုနှစ်မှာ သတိပေးခြင်းခံရတဲ့ အမျိုးသား ၂၅ ဦး နဲ့ အမျိုးသမီး ၈ ဦး၊ နှစ်တိုးလစာရပ်ဆိုင်းခြင်းခံရတဲ့ အမျိုးသား ၂ ဦးနဲ့ ရာထူး တိုးမြှင့်ခြင်းကို ရပ်ဆိုင်းခံရတဲ့ အမျိုးသား ၃ ဦး၊ အမျိုးသမီး ၁ ဦး၊ ရာထူးအဆင့် လျော့ချခြင်းခံရတဲ့ အမျိုးသား ၃ ဦး၊ နောက်(Suspensicn) ကာလတို့ တာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်း စသည်ဖြင့် ဒါတော့မရှိပါဘူး၊ ရာထူးမှထုတ်ပယ်ခြင်းခံရတဲ့ အမျိုးသား ၆ ဦးနဲ့ အမျိုးသမီး ၂ ဦး၊ ရာထူးမှ ထုတ်ပယ်ခြင်း ခံရတဲ့ အမျိုးသား ၁၅ ဦး စုစုပေါင်း အမျိုးသား ၄၂ ဦးနဲ့ အမျိုးသမီး ၁၁ ဦး ရှိပါတယ်။ ၉၂ ခုနှစ်မှာ သတိပေးခြင်းခံရတဲ့ အမျိုးသား ၈၂ ဦး အမျိုးသမီး ၈ ဦး၊ နှစ်တိုးလစာရပ်ဆိုင်းခြင်း ခံရတဲ့ အမျိုးသား ၁ ဦး၊ ရာထူးအဆင့်လျော့ချခြင်းခံရတဲ့ အမျိုးသမီး ၂ ဦး၊ တာဝန်ချိန် အဖြစ်သတ်မှတ်ခြင်းမခံရတဲ့ အမျိုးသား ၁ ဦး၊ ရာထူးမှထုတ်ပယ်ခြင်းခံရတဲ့ အမျိုးသား ၅ဦးနဲ့ အမျိုးသမီး ၁ ဦး၊ ရာထူးမှထုတ်ပစ်ခြင်းခံရတဲ့ အမျိုးသား ၃ဦး၊ စုစုပေါင်း အမျိုးသား ၃၂ ဦးနဲ့ အမျိုးသမီး ၁၁ ဦး၊ ၉၃ ခုနှစ်မှာ သတိပေးခြင်းခံရတဲ့ အမျိုးသား ၄၅ ဦးနဲ့ အမျိုးသမီး ၁၁ ဦးနှစ်တိုးလစာ ရပ်ဆိုင်းခြင်းခံရတဲ့ အမျိုးသား ၆ ဦးနဲ့ အမျိုးသမီး ၁ ဦး၊ ရာထူးတိုးမြှင့်ခြင်း ရပ်ဆိုင်း ခံရတဲ့ အမျိုးသား ၆ ဦး၊ ရာထူးအဆင့်လျော့ချခြင်းခံရတဲ့ အမျိုးသား ၂ ဦး၊ လစာမှ ပေးလျော်ခြင်းခံရတဲ့ အမျိုးသား ၅ ဦး၊ ရာထူးမှထုတ်ပယ်ခြင်းခံရတဲ့ အမျိုးသမီး ၁ ဦး၊ ရာထူးမှထုတ်ပယ်ခြင်းခံရတဲ့ အမျိုးသား ၂ ဦး ၊စုစုပေါင်း အမျိုးသား ၆၆ ဦးနဲ့အမျိုးသမီး ၁၃ ဦးရှိပါတယ်။ ၉၄ ခုနှစ်မှာ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဇူလိုင်လထိ သတိပေးခြင်းခံရတဲ့ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၆ ဦး၊ ရာထူး တစ်ဆင့်လျော့ချခြင်းခံရတဲ့ အမျိုးသား ၁ ဦး၊ အမျိုးသမီး ၁ ဦး၊ ယာယီရပ်ဆိုင်းခြင်းကာလမှာ လစာပြည့်ခံစားခွင့်မပြုခြင်း၊ တာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်းခံရတဲ့ အမျိုးသား ၇ ဦး၊ ရာထူးမှထုတ်ပယ်ခြင်းခံရတဲ့ အမျိုးသား ၂ ဦး၊ စုစုပေါင်း အမျိုးသား ၂၈ ဦးနဲ့ အမျိုးသမီး ၇ ဦးရှိပါတယ်။ အချိန်ကာလ အတောအတွင်းမှာပြန်ကြည့်မယ်ဆိုရင် သတိပေးခြင်းခံရတဲ့ အမျိုးသား ၂၁၉ ဦးနဲ့အမျိုးသမီး ၅၅ ဦး၊ လစာရပ်ဆိုင်းခြင်းခံရတဲ့ အမျိုးသား ၁၇ ဦးနဲ့ အမျိုးသမီး ၁ ဦး၊ ရာထူး တိုးမြှင့်ခြင်း ကိုရပ်ဆိုင်းခံရတဲ့ အမျိုးသား ၁၂ ဦးနဲ့ အမျိုးသမီး ၁ ဦး၊ ရာထူးအဆင့် လစာလျော့ချခြင်းခံရတဲ့ အမျိုးသား ၁ ဦး၊ ရာထူးအဆင့် လျော့ချခြင်းခံရတဲ့ အမျိုးသား

၁၀ ဦး နဲ့ အမျိုးသမီး ၃ ဦး၊ လစာမှပေးလျော်စေခြင်းခံရတဲ့ အမျိုးသား ၇ ဦး၊ တာဝန်မှ ယာယီရပ်ဆိုင်းတဲ့ ကာလကို လစာပြည့် ခံစားခွင့်မပြုဘူး။ တာဝန်ချိန်အဖြစ် သတ်မှတ်ခြင်း မခံရတဲ့ အမျိုးသား ၉ ဦး၊ ရာထူးမှထုတ်ပယ်ခြင်းခံရတဲ့ အမျိုးသား ၁၆ ဦးနဲ့ အမျိုးသမီး ၅ ဦး၊ ရာထူးမှထုတ်ပစ်ခြင်းခံရတဲ့ အမျိုးသား ၁၀ ဦး၊ စုစုပေါင်း အမျိုးသား ၃၁၁ ဦးနဲ့ အမျိုးသမီး ၆၉ ဦး ရှိပါတယ်။ ထိုနည်းတူဘဲ ကျွန်တော်တို့အငြိမ်းစား ပေးခဲ့တဲ့ ဝန်ထမ်း တွေလဲဘဲ အဲဒီပုံအဲဒီနည်းအတိုင်းဘဲ စာရင်းပြုစုထားတာရှိပါတယ်။ အဲဒီမှာ အချို့အားဖြင့် ကြည့်မယ်ဆိုရင်တော့ ကျွန်တော်တို့ စုစုပေါင်း နစ်ပြည့်ယူစေတဲ့ အမျိုးသား ၂၀ ဦး၊ အမျိုးသမီး ၁ ဦး၊ လျော့ပေါ့ပင်စင်နဲ့ဘဲပေးလိုက်တဲ့ အမျိုးသား ၃၀ ဦး၊ အမျိုးသမီး ၃ဦး၊ စုစုပေါင်း ၅၄ ဦးရှိပါတယ်။ ကျွန်တော်တို့ ဒီစာရင်းတွေ ပြုစုထားတဲ့နေရာမှာ ဝန်ထမ်းတစ်ဦးချင်း၊ ဘယ်လိုပြစ်မှုကြောင့် သတိပေးတယ်ဆိုတာနဲ့ ပတ်သက်ပြီး၊ စီရင် ထားပါတယ်။ အချို့က ဝန်ထမ်းစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်၊ အကျင့်သိက္ခာဖောက်ဖျက်၊ စသည်ဖြင့် လူမှုရေး၊ အကျင့်သိက္ခာမညီလို့ သတိပေးထားတဲ့ ပုဂ္ဂိုလ်များလည်း ရှိသလို တချို့ကျတော့ တရားစီရင်ရေးမှာ အလွဲလွဲအမှားမှား အထပ်ထပ်အခါခါ အကြိမ်ကြိမ် ဖြစ်နေတဲ့အတွက်ကြောင့် သတိပေးခံရတဲ့ ပုဂ္ဂိုလ်တွေလည်းရှိပါတယ်၊ အခုဒီစာရင်းတွေကို ကျွန်တော်တို့တရားရုံးချုပ်မှာ ကွန်ပျူတာနစ်ခုရှိပါတယ်။ နောက်တစ်ခုနဲ့ဆို သုံးခုရှိမှာပါ ကွန်ပျူတာတစ်ခုက အချက်အလက်ပေါင်း (OverBillion) ထည့်လို့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တရားရေးဝန်ထမ်း အဖွဲ့အစည်းနဲ့ပတ်သက်လို့ ဝန်ထမ်း ရေးရာကိစ္စတွေနဲ့ ပတ်သက်လို့လဲပဲ ကွန်ပျူတာထဲမှာ ဝန်ထမ်းတစ်ဦးချင်းအလိုက် ထည့်ထားမှာပါ၊ အခြားအခြားသော အမှုစာရင်းဇယားတွေကိစ္စလဲပဲ ဒီလိုပဲထည့်ထားမှာပါ၊ စီမံရေးကိစ္စတွေလဲပဲ ဒီအတိုင်းပဲ ထည့်ထားမှာပါ၊ ဒီလိုကျွန်တော်တို့ စာရင်းဇယားတွေ (Maintain) လုပ်ပြီးတော့ ကျကျနနကြီးကြပ် ကွပ်ကဲမှုမပြုပဲနဲ့ လက်တန်းပဲ လုပ်နေ လို့တော့ ကျွန်တော်တို့ မျှော်မှန်းတဲ့ တရားစီရင်ရေး အဖွဲ့အစည်းမဖြစ်လာတော့ပါဘူး၊ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ စနစ်တကျနဲ့ဆောင်ရွက် သွားကြမှာဖြစ်ပါတယ်။ ဒီ နေရာမှာ ကျွန်တော်တို့ ကနေ့မနက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု အတွင်းရေးမှူး (၁)ကပြောကြား သွားတဲ့ အထဲမှာလဲပဲ အသေးစိတ် အချက်အလက်တွေကို တင်ပြသွားပြီး ဖြစ်ပါတယ်။ အဲ့ဒီတော့ အချို့ကိစ္စတွေမှာ ကျွန်တော်တို့ အနေနဲ့အထူးပဲ ဝမ်းနည်းစရာကောင်းတာက တရားသူကြီး တစ်ယောက်ရယ်လို့တောင်မှ မခေါ်နိုင်လောက်တဲ့ အပြုအမူမျိုးကိုပြုခဲ့တာ ရှိပါတယ်။ အမှုမရှိသေးပဲနဲ့တောင်သူလယ်သမားကြီးကို ရုံးကနေပြီး ရုံးကိုလာပါဆိုပြီးတော့ ဝရမ်းထုတ်တယ်၊ ဒါလဲပဲ မြေစာရင်းက မြေတိုင်းစာရေးဆိုတဲ့ပုဂ္ဂိုလ်နဲ့ ပူးပေါင်းပြီး လုပ် တယ်။ ဒီပြင် လာဘ်စားစရာ အများကြီးပါ၊ ဒီထဲမှာ တမင်သက်သက်တောင်သူလယ်သမား ကြီးတွေ၊ နိုင်ငံမှာ စီပွားရေးကဏ္ဍမှာ တကဏ္ဍက လုပ်နေတဲ့ တောင်သူလယ်သမားကြီး

တွေကို ဒီလိုငွေညှစ်နေတယ်။ ခင်ဗျားတို့ကြားဘူးပါမယ်၊ ရှေးယခင်တုံးက တော်လှန်ရေး ကောင်စီခေတ်မှာ ဘဲခေါင်းထွန်းအေးဆိုတာ အုပ်ချုပ်ရေးဌာနကဝန်ထမ်းတစ်ဦးပါ၊ အဲဒီဝန်ထမ်းသည် တောင်သူလယ်သမားကြီးများနဲ့ ပတ်သက်ပြီးတော့ မဟုတ်မတရားလုပ်လို့ တိတိကျကျ ဖော်ထုတ် အရေးယူလိုက်တာရှိပါတယ်။ ဒီလိုဉာဉ်မျိုးဟာ ဘယ် ပုဂ္ဂိုလ်တွေ လုပ်ကြလဲ၊ ကျွန်တော်တို့ တရားစီရင်ရေးအဖွဲ့အစည်းရဲ့သမိုင်းမှာ တစ်ခါမှ မရှိခဲ့ဘူး၊ ရုံးမှာ အမှုရောက်လာပြီးကာမှ တောင်းတာက တော်သေးတယ်။ ဒီလိုညစ်ညစ်ပတ်ပတ် လုပ်တယ်ဆိုတာက အဲဒီလိုပုဂ္ဂိုလ်မျိုးဟာ တရားသူကြီးဖြစ်ထိုက်သလား၊ ခင်ဗျားတို့ စဉ်းစားကြည့်ကြပါ။ အဲဒီလိုတရားသူကြီး ဒီလိုဖြစ်နေတာကို ကျွန်တော်တို့ကို အစီရင်မခံဘူး၊ ကျွန်တော်တို့ကသိရတော့မှ အရေးယူရတယ်။ အဲဒီတော့ အဲဒီလိုအစီရင်မခံတဲ့ အဆင့်ဆင့်သော တရားသူကြီးများဟာ တာဝန်ကျေရဲ့လား၊ ကျွန်တော်တို့ အကျင့်ပျက်ဝန်ထမ်းတွေကို စိမ်ချက်နဲ့ချလုပ်ပါပြောတယ်။ ကနေ့အထိ အောက်ကနေပြီးတော့ ဘယ်ဝန်ထမ်းကတော့ဖြင့် ဘယ်လို အကျင့်ပျက်နေပါတယ်။ ဘယ်လို ပြစ်ဒဏ်မျိုး ပေးသင့်ပါတယ်။ တစ်ဦးကမှ ကျွန်တော်တို့ကို တင်ပြတာမရှိဘူး၊ ဒါဟာပြောရမယ်ဆိုရင် သစ္စာမဲ့တာ၊ ဌာနအပေါ် သစ္စာမဲ့တယ်၊ အထက်လူကြီးအပေါ်သစ္စာမဲ့တယ်၊ နိုင်ငံအပေါ်သစ္စာမဲ့တယ်။ ဒါတွေဟာတော့ ဆက်လက်မဖြစ်သင့်ဘူးလို့ဆိုချင်ပါတယ်။ အဲဒီလိုတာဝန်မခံနိုင်ရင်တော့ တာဝန်ယူလုပ်ရမဲ့ အဆင့်မှာတော့ ဆက်လက်တာဝန်မယူတာ ကောင်းတယ်။ ကျွန်တော်တို့ ဗဟိုရုံးအနေနဲ့က တနိုင်ငံလုံးကိုဖြန့်ကျက်ပြီးတော့မကြည့်နိုင်ဘူး၊ ပြည်နယ်၊ တိုင်းအဆင့်တွေ၊ ခရိုင်အဆင့် တွေထားတာဟာ အခြားအကြောင်းတွေကြောင့် ထားတာ မဟုတ်ပါဘူး၊ အဆင့်လိုက် ပေးအပ်တဲ့ စီရင်ပိုင်ခွင့်တွေကို ကျင့်သုံးဘို့၊ အဓိကဖြစ်သလိုပဲ၊ အဆင့်ဆင့်သော တရား သူကြီးတွေက ရုံးတွေကို ကြီးကြပ်ကွပ်ကဲဘို့ဆိုတဲ့ အပိုင်းမှာ ဒါကို မေ့ထားလို့မရဘူး၊ အရင့်အရင်တုံးကလဲပဲ ဒီအတိုင်းပဲရှိပါတယ်။ နိုင်ငံခြားမှာလဲပဲဒီအတိုင်းပါပဲ၊ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာတွေဟာ အစီရင်ခံစာတွေရှိပါတယ်။(High Court) (Supreme Court) တို့က အောက်ရုံးတွေကို ကြီးကြပ်တယ်၊ မိမိရုံးမှာရှိတဲ့အကြီးအကဲက မိမိရုံးမှာ ရှိတဲ့ တရားသူကြီးတွေ အပေါ်မှာ ကြီးကြပ်တယ်။ ဒါတွေကျွန်တော်တို့ လုပ်ရမှာပါ။ အခုတော့ ဘယ်လိုဖြစ်နေလဲဆိုတော့ အမှန်အတိုင်းပြောရရင် ငါနဲ့မဆိုင်ပြီးရော၊ ငါအမှန်းမခံရရင်ပြီးရော၊ သူဖြစ်ရင်သူခံလိမ့်မယ်ဆိုတဲ့ ဒီလိုအစွဲလေးတွေနဲ့ လုပ်လေ့ရှိတာ အတော်များများရှိပါတယ်။ ဒါဟာကျွန်တော်တို့အဖွဲ့အစည်းအတွက် တာဝန်ကျေပွန်တဲ့ ပုဂ္ဂိုလ်မျိုးမဟုတ်ပါဘူး၊ ဒီလို အကျင့်ပျက်တဲ့ နေရာတွေဟာ အများကြီးရှိပါတယ်။ ကျွန်တော်တို့ဟာ ရှေ့မှာတစ်မျိုး ကွယ်ရာမှာ တစ်မျိုးလုပ်တတ်တဲ့ ပုဂ္ဂိုလ်မျိုးကို မလိုလားပါဘူး။ ကျွန်တော်တို့ အကြိမ်ကြိမ် ပြောပြီးဖြစ်ပါတယ်။ လမ်းညွှန်ပေးပါတယ်။ နိုင်ငံတော်အကြီးအကဲတွေကိုယ်တိုင်ကိုယ်က ရောက်တဲ့နေရာမှာ အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီးပြောတာရှိပါတယ်။ ကျွန်တော်တို့

တွေဟာ တရားသူကြီးတွေဆိုတာ ကနေ့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ပြောသွားတဲ့ အထဲမှာလဲပဲ အရည်အချင်းတွေနဲ့ပတ်သက်ပြီး တော့ ပြောသွားပြီးဖြစ်ပါတယ်။ သို့သော် ဒီထဲမှာ တိုတိုပြောရမယ်ဆိုရင်တော့ ဗီဇမကောင်းတဲ့ သူတွေပါလာရင်တော့ ပြုပြင်လို့မှမရရင် တရားသူကြီးတစ်ဦး အနေနဲ့တော့ အဲဒီ ဗီဇမကောင်းတဲ့ လူကို ထားလို့မရပါဘူး၊ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာလူမျိုးမှာ ဆိုရိုးရှိပါတယ်၊ မျိုးရိုးဗီဇကို ကြည့်ကြတယ်ဆိုတာရှိပါတယ်။ အဲဒီတော့ ဗီဇကောင်းဘို့ လိုပါတယ်။ ခုန ကျွန်တော်တို့ ပြောတဲ့အထဲမှာ ရှေ့ကတစ်မျိုး နောက်တစ်မျိုးလုပ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေထဲမှာ အမိန့်မနာခံတတ်တဲ့လူတွေ၊ အမိန့်ဖီဆန်တဲ့လူတွေရှိပါတယ်။ အဲဒီတော့ ဒီလိုပုဂ္ဂိုလ်မျိုးကို (insubordination) လက်အောက်က အမိန့်မနာခံမှုကို ကျွန်တော်တို့က လစ်လျူရှုလို့ မရပါဘူး၊ ရှိခဲ့ရင် ခင်ဗျားတို့က ကြပ်ကြပ်မတ်မတ်ထိန်းသိမ်းပါ၊ ထိန်းသိမ်းလို့မှမရဘူးဆိုရင် ကျွန်တော်တို့ ဗဟိုကိုအစီရင်ခံပါ။ အဲဒီလိုအမိန့်မနာခံတဲ့လူ၊ အစိုးရက ဒီလိုမူဝါဒတွေ ရှိပါတယ်၊ ဒီဟာမှာ ဒီလိုလုပ်ပါကိုင်ပါဆိုတာကို မနာခံတဲ့ပုဂ္ဂိုလ်တွေထဲက မိန်းကလေး တွေကသာဆိုးသေးတယ်။ ဒီလို အခြေအနေမျိုးကို တွေ့ရတယ်။ ဒါကြောင့်မို့ ဒီလိုအခြေအနေတွေမှာ ကျွန်တော်တို့ ယုံကြည်စိတ်ချစွာ တာဝန်မပေးနိုင်ဘူးဆိုရင်တော့ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေသာ ရှိမယ်ဆိုရင် ကျွန်တော့်ဌာနကြီးပျက်ဖို့ပဲရှိတယ်။ ကျွန်တော်တို့ အနေနဲ့ကတော့ ဌာနအပျက် မခံပါဘူး၊ ဒီမှာ လာဘ်ပေးလာဘ်ယူကိစ္စတွေလဲပဲ ပြောသွား ပြီးပါပြီ၊ ဒီနေရာမှာ မိမိဘာလုပ်နေတယ်ဆိုတာ မိမိကိုယ်တိုင် မိမိအသိဆုံးဖြစ်ပါတယ်။ နိုင်ငံတော်က မူဝါဒနဲ့အညီ နိုင်ငံတော်အကျိုးဖျက်ဆီးမှုဖြစ်နေတဲ့ အမှုတွေကို ထိထိ ရောက်ရောက်အပြစ်ပေးဘို့ဟာ ပြောထားပြီးဖြစ်ပါတယ်။ ဒါအထူးထပ်ပြီး ညွှန်ကြားချက် တွေ ထုတ်စရာမလိုပါဘူး၊ ညွှန်ကြားချက်တွေလဲ ထုတ်ထားပြီးဖြစ်ပါတယ်။ ဒါပေမယ်လို့ အချို့သော တရားသူကြီးတွေဟာ မဟာဂရုဏာရှင်ဖြစ်ပြီးတော့ မိမိတို့ကိုယ်ကျိုး ရှာပြီးတော့ ဒါတွေကိုလွှတ်ပြစ်တယ်ဆိုတာ ကနေ့ကြားရတဲ့အတိုင်းပါဘဲ၊ ဒါတွေနဲ့ ပတ်သက်လို့ ကျွန်တော်အရေးယူနေပါပြီ၊ အဲဒီလိုအပိုင်းမှာက ကနေ့ အတွင်းရေးမှူး (၁) ပြောတဲ့ထဲမှာလဲ ပါပါတယ်။ မိမိကိုယ်တိုင်ပင်မဟုတ်ပါဘူး၊ မိမိရဲ့ဇနီးသားမယားကအစ မိမိရဲ့တပည့်ငယ်သား တွေကိုပါ ကျွန်တော်တို့က ထိန်းကွပ်ဖို့လိုပါတယ်။ ကျွန်တော်တို့ မနေ့တစ်နေ့ကပဲ ပြောသွား တယ်၊ တောင်ကြီးကိစ္စ၊ ဒါဟိုးလေးတကြော်ပါ၊ သိပြီးဖြစ်ပါတယ်၊ ကျွန်တော် တောင်ကြီး ကိစ္စဖြစ်တာ ဝမ်းနည်းပါတယ်လို့ ကျွန်တော့်ကို လာပြောပါတယ် ကျွန်တော်က လာပြော နေစရာမလိုပါဘူး၊ ခင်ဗျားတို့ အချင်းချင်းသာပြောကြပါ၊ အဲဒီလို မဖြစ်အောင်သာ ထိန်းကြ၊ သိမ်းကြပါ၊ ဒါဟာ ဝမ်းနည်းရုံတင် မကပါဘူး၊ မျက်နှာလိုးပစ်ဖို့ ကောင်းတဲ့ကိစ္စပါ၊ ဒီထဲမှာအကျင့်စာရိတ္တနဲ့ပတ်သက်လို့ရှိပါသေးတယ်၊ အကျင့်သိက္ခာပိုင်းမှာ ကနေ့ပဲ ပြော သွားတယ်၊ ဘယ်လောက်ထိ ယိုယွင်းနေတယ်ဆိုတာ တရားသူကြီးကိုယ်တိုင်ကိုက၊

ကနေ့ အတွင်းရေးမှူး (၁) က ယဉ်ယဉ်လေးနဲ့ ပြောသွားပါတယ်၊ တကယ်တော့ မှဒိမ်းမှု လုပ်တာပါ၊ မတရားပြုကျင့်တယ်ဆိုတာ၊ တကယ်တော့ မုဒိမ်းကျင့်တာ၊ တရားသူကြီးက မုဒိမ်းကျင့်တာ သာမန်လူတစ်ယောက်ကောင်မှ ဒီလိုအမှုကျူးလွန်ဘို့ဆိုတာ တော်တော် စဉ်းစားမှာပါ၊ တစ်ခါတရားသူကြီးက လင်ရှိမိန်းမကို ဒူးတင်ပေါင်တင်နဲ့ ကြာခိုတယ်၊ အဲဒီဇနီးမောင်နှံအနေနဲ့ နှစ်ပေါင်းများစွာအိမ်ထောင်ပြုတာကြာပြီဆိုတော့ သားသမီးတောင် ၃ ယောက် ထွန်းကားခဲ့တယ်။ ဒီပုဂ္ဂိုလ် ရောက်သွားတော့မှ သူတို့ရဲ့ အိမ်ထောင်ရေးဟာ ပျက်စီးရမယ်ဆိုရင် ဒါမျိုးတော့ ကျွန်တော်တို့က အဖြစ်မခံနိုင်ဘူး၊ ဒါတရားသူကြီး တစ်ယောက်အနေနဲ့ဆင်ခြင်ရမယ့်ကိစ္စပါ၊ ဒီလိုအထိလဲပဲ စာရိတ္တယိုယွင်းနေတာကို တွေ့ရပါ တယ်။ အခု ကျွန်တော်ပြောကြားနေတာ နိုင်ငံအတွက်ပါ၊ ဒီလူအတွက် မဟုတ်ဘူး၊ ဌာနအတွက်မဟုတ်ဘူး၊ အခုဆိုပြည်သူများအနေနဲ့ နိုးနိုးကြားကြားရှိကြပြီ ဖြစ်ပါတယ်။ အမှုတွေလက်ကျန်များတယ်ဆိုတာ ကျွန်တော်တို့အချင်းချင်းဆွေးနွေးကြ၊ ကျွန်တော်တို့ အချင်းချင်းအစီရင်ခံကြ ဒါတွေပဲရှိပါသေးတယ်၊ ဒါပေမယ်လို့မနေ့ကပဲခင်ဗျားတို့ သတင်းစာ ထဲမှာ အယ်ဒီတာထံပေးစာထဲမှာ ရန်ကုန်တိုင်းကလှိုင်သာယာမှာ သမဝါယမမှုခင်းမှာ သမဝါယမ ဝန်ထမ်းတွေမလာလို့ ကြန့်ကြာနေပါပြီ ဆိုပြီးတော့ လူထုအော်သံထဲမှာ ပါလာတယ်။ နှောင်သောအခါမှာခင်ဗျားတို့ လက်ထဲမှာကြန့်ကြာနေတဲ့အမှု၊ ဘာကြောင့် ဖြစ်နေတယ်ဆိုတဲ့ အမှုဟာ အဲ့ဒီလိုထပ်မပါနိုင်ပါဘူးလို့မပြောနိုင်ပါဘူး၊ ဒါပြည်သူလူထုရဲ့ အခွင့်အရေးပါ။ သူအထက်ကိုတင်ပြလို့မှ ဆိုင်ရာတရားသူကြီးကိုတင်ပြလို့မှ မရဘူးဆိုရင် သူဒီလိုနည်းကို သုံးမှာပဲ၊ တစ်နေ့ကကာတွန်းတစ်ခုမှာတောင်ပါပါတယ်။ ဘယ်လိုတိုင်တိုင် ဘယ်လိုပြောပြော တို့ကတော့ သိပ်ဂရုမစိုက်ဘူး၊ ပြည့်သူ့အော်သံထဲမှာ ပါလာမှာသာ တို့ကြောက်တယ်လို့ ပြောကြတယ်။ အကျင့်ပျက်ဝန်ထမ်းတွေဟာ အကျင့်မပျက်တော့ပါဘူး၊ အကျင့်ရနေပါပြီ စသည်ဖြင့် ဒါတွေဟာပြည်သူတွေက သိကြပါတယ်။ ကျွန်တော်တို့ တရားရုံးပိုင်းနဲ့ ပတ်သက်လို့က ဒါတွေကို သတိဝီရိယထားပြီးတော့ ပြုပြင်ရမှာဖြစ်ပါတယ်။ တာဝန် ထမ်းဆောင်မှုနဲ့ပတ်သက်လို့လဲ ကိုယ့်ကိစ္စတွေနဲ့ပင် မပြီးပါဘူး၊ ပြည်သူတွေနဲ့ ဆက်စပ်တယ်၊ အဲ့ဒီတော့ ကျွန်တော်တို့ တာဝန်ကိုကျွန်တော်တို့ ကျေကျေပွန်ပွန်လုပ်ကြပါ၊ မိမိကာဝန်ယူရတဲ့ ရုံးစိုက်ရာနေရာကထွက်ပြီးတော့ သုံးလလောက်ထွက်သွားတယ်၊ ကျွန်တော်တို့လဲမသိဘူး၊ ဒီကြားထဲမှာ တရားရုံးချုပ်ကိုတောင်မှ သုံးခေါက်လောက်လာသွား သေးတယ်၊ နောက်ဆုံးတော့ ကျွန်တော်တို့ကြားသိတဲ့အခါ မေးတော့မှန်တယ်တဲ့ဗျာ၊ သူကသာ ပျက်ကွက်နေတယ်၊ ဟိုမှာရှိတဲ့အချုပ်တရားခံတွေ၊ အကျဉ်းသား၊ အခြားအမှုနဲ့စစ်ဆေးဆဲ ပုဂ္ဂိုလ်တွေအနေနဲ့ ဘယ်လိုခံစားရမလဲ အကျဉ်းထောင်၊အချုပ်ထောင်တွေကို ခင်ဗျားတို့ တစ်ရက်ဝင်ကြည့်ပါ၊ဘယ်လိုနေရမလဲ၊ဘယ်လိုစားရမလဲ၊ဒါဟာတော့သူက ပေါ့ပေါ့တန်တန်ပဲ အောင့်မေ့ လိုက်တာ၊ အခုကျွန်တော်တို့က အချိန်တန်လို့ ပြောင်းရွှေ့တဲ့အမိန့်ထုတ်တယ်၊

ကျွန်တော် ကြားသိရတယ် တစ်ချို့ တော်တော်ကြာတယ်။ တစ်လနှစ်လနဲ့လဲမပြောင်းကြသေးဘူး၊ ကျွန်တော် ဝန်ထမ်းဟူသည်မှာ ဟိုတုံးက ပြောင်းရွှေ့မိန့်ရပြီဆို အထူးအကြောင်းမရှိပဲ ရက်ကြာကြာ မဆိုင်းတော့ဘူး ပြောင်းသွားတာပဲ၊ ကျန်တဲ့အလုပ်ကို နောက်လာတဲ့ လူက ဆက်ခံလုပ်ရမှာ ဒါဝန်ထမ်းလောကရဲ့ သဘာဝပါ၊ ဒါပေမယ်လို့ အချို့သော တရားသူကြီးတွေသည် ဒီအမှုလေးတော့ဖြင့် ငါပြီးအောင်စစ်အုံးမယ်ဟဲ့ ဆိုတဲ့ သဘောက ဘာသဘောလဲ၊ အဲ့ဒီတော့ဒီလိုဖြစ်နေတဲ့အခါ ဟိုမှာရှိတဲ့ ပုဂ္ဂိုလ်ကလည်း စောင့်တလင့်လင့်နဲ့ ဒီကြားထဲမှာ အမှုသည်တွေက တရားရေးဝန်ထမ်းတွေ ပြောင်းကြရွှေ့ကြတာကြောင့် ကျွန်တော်ထင်ပါတယ်။ ကြန့်ကြာတဲ့အမှုတွေထဲမှာ(Percentage) ရာခိုင်နှုန်းများများဟာ ဒီအကြောင်းကြောင့် ဖြစ်တယ်။ ဒါကြောင့်မို့လို့ နောင်ကို ကျွန်တော်တို့အကြောင်းကြီးငယ်မရှိပဲ ကျွန်တော်တို့မပြောင်းပါဘူး၊ ဟာဒီနေရာမှာ ဘာဖြစ်လို့ သူ့ပြောင်းပေးလိုက်ရင်ကောင်းမယ်၊ ဒါတော့မရဘူး၊ ဘာအပြစ်ရှိလဲ၊ အပြစ်ရှိရင် ဒီနေရာမှာပဲအရေးယူရမယ်၊ အကြောင်းမဲ့ ပြောင်းခြင်းအားဖြင့် နိုင်ငံတော်မှာ ငွေကြေး မြောက်များစွာကုန်တဲ့အပြင်၊ အဓိကအားဖြင့် ကျွန်တော်တို့ တရားရုံးလုပ်ငန်းတွေ မပြီးဘူးခင်ဗျား၊ ကျွန်တော်တို့လက်ထက်မှာ အမှုတွေပြိုရမယ်၊ ကျွန်တော်တို့ဝန်ထမ်းတွေ ပေးထားတယ်၊ သို့သော်လဲ အဲ့ဒီပေးထားတဲ့ ဝန်ထမ်းတွေကို စွမ်းအားအပြည့်မသုံးကြဘူး၊ စွမ်းအားအပြည့်မပေးကြဘူး၊ ဒါတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဒီအစွဲကြီးက တင်ပြချက်တွေပေါ်မှာလဲ ကျွန်တော်တို့ဆန်းစစ်၊ အကြံပြုချက်တွေပေါ်မှာလဲ ကျွန်တော်တို့ ယူပြီးတော့ ဒီကျန်တဲ့နှစ်ထဲမှာဘဲ၊ နှစ်ကုန်မှာတော့ လက်ကျန်အမှုတွေ၊ ရှိရင်းစွဲအမှုထက်၊ နှစ်ဆယ်အစိတ်ရာခိုင်နှုန်းထက်တော့ပိုကျန်နေလို့တော့မဖြစ်ဘူး။ အမှုဆိုတာဟုတ်ပါတယ်၊ကိုယ်ပြီးချင်လို့လဲမပြီးပါဘူး၊ အမှုသစ်ဆိုတာလဲ သူတက်ချင်တဲ့အချိန်တက်ပါတယ်။ ဒါတွေဟာ အမှန်ဖြစ်တတ်တဲ့ ကိစ္စတွေပါ၊ သို့သော်လည်း ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်မှု မရှိပဲနဲ့ အမှုတွေကြန့်ကြာပြီးတော့ ကျန်နေတယ်ဆိုတာကတော့ မဖြစ်သင့်ပါဘူး၊ အဲ့ဒီတော့ အခြားခြားသော နိုင်ငံတော်အစိုးရဌာနတွေဟာ အင်တိုက်အားတိုက် နိုင်ငံတော်အကြီးအကဲတွေဟာ တနင်္ဂနွေ၊ စနေပါမရှောင် ရုံးပိတ်ရက်ပါမရှောင်၊ ရုံးချိန်ပြင်ပအချိန်မှာပါ ကြပ်မတ်ပြီးတော့ ဆော်ဩတိုက်တွန်းပြီးတော့ လမ်းညွှန်လှုပ်ရှားနေတဲ့အထဲမှာ ကျွန်တော်တို့တစ်တွေဟာ ရုံးချိန်ဆင်း ပြန်အိပ်နေလို့တော့ မရသေးဘူး၊ ရန်ကုန်တိုင်းမှာ တရားသူကြီးတွေဟာ အချိန်မှန်ရုံးမတက်ဘူးဆိုတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ သတင်းကြားလို့ဘယ်သူမှမပြောနဲ့ (Surprise check) ပေါ့ဗျာ၊ သွားကြည့်ပါဆိုတော့တွေ့ခဲ့တယ်၊ အဲ့ဒီတော့အပြောမှာနိုင်ပါတယ်။ အချုပ်သား မရောက်သေးလို့ သက်သေမရောက်သေးလို့ဆိုသော်လဲ အဲ့ဒီမရောက်သေးတဲ့အချိန်မှာ ကိုယ်ကနေ့စစ်ရမယ့်အမှုနဲ့ပတ်သက်ပြီး တိတိကျကျ လေ့လာသလားဆိုတော့ မလေ့လာဘူး။ ဒီအတိုင်းပဲခုံပေါ်တက်သွားတယ်။ အဲ့ဒီမှာအများဆုံးဖြစ်နေတာက သက်သေတွေစစ်ဆေးတဲ့နေရာမှာ

တိတိကျကျမရှိတာ၊ သေသေချာချာနားမထောင်တာ၊ သက်သေထွက်ချက်တွေကို ကျကျနန ဖတ်လို့ရအောင် မရေးတာ၊ အများကြီးတွေ့ရပါတယ်။ ကျွန်တော်တို့တောင် ဖတ်လို့မရရင် အဲဒီပုဂ္ဂိုလ်လည်း ဖတ်လို့ရမှာမဟုတ်ပါဘူး။ အမှုဆိုတာဟာ ကနေ့စစ် တစ်ရက်နှစ်ရက်နဲ့ အမိန့်ချနိုင်တဲ့ အမှုရှိသလို အချိန်ယူရတဲ့အမှုတွေရှိပါတယ်။ အဲဒီအချိန်မှာ ပုထုစဉ်သဘောအရ အမြဲတမ်း ခေါင်းထဲမှာတော့ ကွန်ပျူတာမျိုးတော့မဟုတ်ဘူး။ ကွန်ပျူတာကတော့ သေချာတယ်။ ဘယ်အချက်အလက်နဲ့ပတ်သက်လို ဘယ်အချိန်မရွေးထုတ်ကြည့်လိုက်၊ ဝေါကနဲ ထွက်တယ်။ ကျွန်တော်တို့ခေါင်းဟာ ဒီလောက်ထိမရဘူး။ အဲဒီတော့ ဒီထွက်ချက်တွေပဲ ကြည့်တော့။ သို့သော်မဖတ်နိုင်တဲ့ ထွက်ချက်ကိုတော့ ဘယ်သူမှကြည့်မယ်မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကို တိုင်စာတောစာတွေနဲ့ထဲမှာ အဆင့်ဆင့်အယူခံ ပြင်ဆင်မှုတွေ တက်လာတဲ့ အခါမှာ ပါပါတယ်။ အောက်ရုံးတွေကတင်ပြတဲ့ထွက်ဆိုတဲ့ တွက်ချက်တွေကို မသုံးသပ်ပါဘူး။ ချန်ထားခဲ့ပါတယ်။ ဒါဟာလည်း တမင်တကာ ချန်ထားတာဖြစ်သလို အမှတ်တမဲ့ကျန်သွားတာလည်းဖြစ်နိုင်ပါတယ်။ ထိုတင်ပြတဲ့ လျှောက်လဲတင်ပြချက်တွေကို အပြည့်အစုံ မသုံးသပ်ပါဘူး။ တစ်ဖက်သောဘက်က လျှောက်လဲချက်ကိုသာ သုံးသပ်ပါတယ်။ ဒါလည်းပဲအဂတိတရား မကင်းတဲ့လုပ်ရပ်များဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့ တရားသူကြီးရဲ့ တာဝန်သည် ကနေ့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ပြောကြားသွားတဲ့အတိုင်း တာဝန်တွေ သိပ်ကြီးပါတယ်။ အဲ့ဒီတာဝန်တွေ လေးလေးနက်နက် ကျွန်တော်တို့ ယူကြဖို့လိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့တွေဟာ အခုအခြေခံဥပဒေဟာလည်း ရေးဆွဲနေပြီဖြစ်ပါတယ်။ နောင်ကိုလည်းပဲ နိုင်ငံတော်မှာ တရားရုံးတွေဟာ တည်ထောင်ထားမှာ ဖြစ်ပါတယ်။ အဲဒီတည်ထောင်ထားမယ့် တရားရုံးသည် အဲဒီရုံးတွေမှာ တာဝန်ယူရမယ့် တရားသူကြီးတွေသည် အရည်အချင်း ပြည့်ဝသော၊ သစ္စာသမာဓိရှိသော၊ ရိုးသားတည်ကြည့်ဖြောင့်မတ်သော၊ တည်ငြိမ်သော တရားသူကြီးရှိဘို့ အရေးကြီးပါတယ်။ အဲဒီလို အချိန်ကူးပြောင်းနေတဲ့ ကာလမှာလည်းပဲ အခြေခံကောင်းတွေကို ချပေးရမယ့် တာဝန် ကျွန်တော်တို့မှာရှိပါတယ်။ အဲဒီလိုအခြေခံကောင်းတွေ ချပေးနိုင်မှာလည်းပဲ ရှေ့ကို ကူးပြောင်းတဲ့အခါမှာ ချောချောမောမောနဲ့ ပြည်သူတွေရဲ့အကျိုးကို ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ ခုလိုအခြေအနေမျိုးနဲ့တော့ ကျွန်တော်တို့သွားနေလို့မဖြစ်ပါဘူး။ ဒါကြောင့် မို့လို့ ကျွန်တော်တို့တတွေဟာ နောင် အခြေခံဥပဒေ ပေါ်ပေါက်လာတဲ့ အခါမှာလည်းပဲ စိတ်အားဖြင့် နိမ့်ကျနေတဲ့ တရားသူကြီးတွေကိုတော့ တာဝန်ပေးလို့မဖြစ်ပါဘူး။ အဲဒီလို အရည်အသွေး ညံ့ဖျင်းနေတဲ့သူတွေကို ထိုက်တန်တဲ့ရာထူးကို ပေးလို့မဖြစ်ပါဘူး။ ခုပဲ မေးနေပါတယ်။ ခု ကျွန်တော်တို့တရားသူကြီးတွေနဲ့ ဖြစ်ပါ့မလားဆိုတဲ့ ဒေါင့်စိုဘက်စုံ မေးနေပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့တွေဟာ ခုလိုမေးနေတာတွေဟာ ပုဂ္ဂိုလ်ချင်း တွေ့တဲ့အခါလည်း မေးတာပဲ။ တိုင်ကြားစာတွေထဲမှာ လည်းပါတာပဲ။ပြည်သူတွေကလည်း

ပြောဆိုနေကြတာပဲ။ ဒါကြောင့်မို့ ကျွန်တော်တို့တွေဟာ အရည်အချင်းပြည့်ဝတဲ့ တရားသူကြီးတွေဖြစ်အောင် ကျွန်တော်တို့ဘက်က တာဝန်ကျေကျေနဲ့ ကျွန်တော်တို့ လုပ်ပေးနေတာ ဖြစ်ပါတယ်။ ဒီတော့အရေးကြီးတာကတော့ ခံယူလုပ်ဆောင်ရမယ့် ကျွန်တော်တို့ တရားသူကြီးတွေဟာ လေးလေးနက်နက် ရှေ့ကို မျှော်မြင်တွေးခေါ်ပြီးတော့ စဉ်းစားကြပါ။ ကျွန်တော်တို့တွေသည် သမိုင်းကြောင်းမှာ ကောင်းတဲ့ ကဏ္ဍက ကောင်းတဲ့ သုံးသပ်ချက်နဲ့ ကျွန်တော်တို့ ရှိနေကြဖို့အရေးကြီးပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ကနေ့ ပြောကြားလိုတာကတော့ တရားစီရင်ရေးသည် အရေးကြီးပါတယ်။ ကျွန်တော်တို့ အခြားဌာနက ပုဂ္ဂိုလ်များအကြောင်း ပြောရမယ်ဆိုရင်အများကြီးရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) လည်း ပြောကြားတဲ့အထဲမှာ ပါပြီးပါပြီ။ ဒါနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) က လမ်းညွှန်မှတ်ချက် ပြုထားတာကို ကျွန်တော်တင်ပြလိုပါတယ်။ မှတ်ချက်ထဲမှာ တိုင်ကြားစာပါ ကိစ္စနဲ့ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကပင် ဖိအားပေး ဆောင်ရွက်စေသည် ဖြစ်စေ၊ ဖြစ်သင့်ဖြစ်ထိုက်သည့်တရားဥပဒေ နည်းလမ်းအတိုင်း တရားရုံးအဆုံးအဖြတ်ပြင့် အမှန်တရားအတိုင်းဖြစ်စေရန် လိုအပ်သည်လို့ ကျွန်တော်တို့ကို မှတ်ချက်ချထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့သိပါတယ်။ တရားသူကြီးများအနေနဲ့ အောက်ပိုင်းမှာလုပ်ရတဲ့ အခြေအနေတွေ၊ မြို့နယ်အဆင့်မှာ လုပ်ရတဲ့ အခြေအနေတွေ အများကြီး၊ အမျိုးမျိုးသော နည်းနဲ့ ဖိအားပေးချဉ်းကပ်လာတာတွေ၊ အများကြီးပါ။ အဲဒီမှာ ကျွန်တော်တို့တွေဟာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ပြောသလို ဘယ်လို အကြောင်းနဲ့ပဲဖြစ်စေ မိမိတို့ရဲ့သမာဓိကို ယိမ်းယိုင်မှု မဖြစ်နေပဲနဲ့လုပ်မယ်ဆိုရင် ကျွန်တော်တို့တွေဟာ အဲဒီလိုအပြင်ဘက်ကဖြစ်လာမယ့် ကိစ္စတွေဟာ လျော့နည်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တရားသူကြီးများအနေနဲ့ အခြေအနေအရလုပ်ရကိုင်ရတာ အလွန်ခက်ခဲတဲ့ အခြေအနေမျိုးလည်း တွေ့နိုင်ပါတယ်။ အဲဒီလိုအလွန်ခက်ခဲတဲ့ အခြေအနေမျိုးတွေ့ရင် ခင်ဗျာတို့အနေနဲ့ ကျွန်တော်တို့အနေနဲ့ အထက်မှာရှိတဲ့ ပုဂ္ဂိုလ်တွေကို ပြောနိုင်ပါတယ်။ ကျွန်တော်ကြားတဲ့သတင်းတွေဟာ အများကြီးပါ။ သိပ်ပြောလို့မကောင်းတာတွေရှိပါတယ်။ သို့သော်လည်း အဲဒီအခြေအနေတွေဟာ ခင်ဗျားတို့ အခုကျွန်တော်နဲ့တွေ့တဲ့အခါမှာ ပါးစပ်ပြောရုံလောက်နဲ့ ကျွန်တော်တို့မရဘူး။ ပါးစပ်ပြောတာလဲ ကျွန်တော်တို့ အမှန်အတိုင်း ပြောတယ်လို့ နားလည်ပါတယ်။ ကျွန်တော်တို့ဆီကို အတွင်းရေးအနေနဲ့ တင်ပြဖို့ ဖြစ်ပါတယ်။ ကျွန်တော်တစ်ယောက်အနေနဲ့ တရားစီရင်ရေးနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တို့ တာဝန်ယူနေရတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်။ အဲဒီတော့ အခုအခါမှာ တရားစီရင်ရေးနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုပဲ အခြေအနေတွေ ဖြစ်ပေါ်နေရသည် ဖြစ်စေပေါ့လေ။ ရှေ့အဖို့မှာတော့ ဒီထက် တိုးတက်လာ

အောင်တော့ ဒို့တွေလုပ်ကြမယ်။ အဲဒီလိုလုပ်တဲ့ အခါမှာလည်း (Individual) အနေနဲ့ တစ်ဦးချင်း တာဝန်ယူရသလို ပူးပေါင်းတာဝန်ယူရမယ် ဆိုတဲ့ စိတ်ဓာတ်မျိုးကို မွေးကြဘို့လိုပါတယ်။ နောက်တစ်ခုကျွန်တော်မှာကြားချင်တာက ရှေ့အဖို့ရာမှာ ကျွန်တော်တို့ ခရိုင်တွေမှာ ပြန်ကြည့်တဲ့အခါ ပြစ်မှုဆိုင်ရာ အမှုတွေနဲ့ပတ်သက်ပြီးတော့ ခရိုင်အဆင့်တွေမှာ ပေးထားတဲ့ တရားသူကြီးတွေသည် ပြည်နယ်၊ တိုင်းရဲ့ရုံးခွဲတွေနဲ့သွားပြီးတော့ ရုံးထိုင်ကြတယ်။ ရုံးထိုင်ကြတဲ့အခါမှာ အဲဒီခရိုင်တွေမှာပဲအမှုတွေ (Register) နဲ့လက်ခံပြီးတော့ စစ်ကြတာတွေ များပါတယ်။ အခုကျွန်တော်တို့ နိုင်ငံလုံးမှာရှိတဲ့ ပြည်နယ်၊ တိုင်း၊ ခရိုင်တွေရဲ့ အခြေအနေတွေပြန်ကြည့်တဲ့အခါမှာ အချို့အချို့သော ပြည်နယ်၊ တိုင်း တရားသူကြီးတွေက လွဲလို့ အများဟာတော့ဖြင့် ပြစ်မှုဆိုင်ရာ အမှုတွေမှာ မူလမှုဆိုရင် တစ်မှုတစ်လေက လွဲလို့ လုံးဝမစစ်ဆေးတဲ့ပုဂ္ဂိုလ်တွေရှိပါတယ်။ အယူခံပြင်ဆင်မှုတောင်မှ သိပ်မများလှပါဘူး။ တရားမမှုမှာတော့ ရှိတန်သလောက်ရှိပါတယ်။ ဒီတော့ ကျွန်တော်တို့တွေဟာ အမှုတွေ ပြည်နယ်၊တိုင်းက မစစ်သလို ခုနပြောတဲ့ ဖြစ်သင့်ဖြစ်ထိုက်တာတွေ ဖြစ်လာအောင် ကြီးကြပ်သလားဆိုတော့ ကနေ့ထိတွေရတဲ့ အတွေ့အကြုံကတော့ အဲဒီလို ကြီးကြပ်မှု အလွန်ပဲအားနည်းနေပါတယ်။ ဒါကြောင့်မို့လို့ တရာရုံးတွေမှာ မူလရုံးရှိတယ်၊ အယူခံရုံးရှိတယ်။ ဒီရုံးတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေအထားအရ၊ လုပ်ကိုင်ရတဲ့ တာဝန်လုပ်ငန်းပမာဏတွေကိုပြန်ကြည့်ပြီးတော့ ကျွန်တော်တို့သင့်မြတ်သလို လုပ်ပေးမှာဖြစ်ပါတယ်။ အထူးသဖြင့်ကတော့ ပြည်နယ်တိုင်း တရားသူကြီးတွေသည်အနည်းဆုံး ၁၅ ရက်လောက်တော့ အဲဒီပြည်နယ်၊ တိုင်း အတွင်းမှာအချိန်ဇယားဆွဲပြီးတော့ လိုက်လံလှည့်လည်ကြည့်ရှုပြီးတော့ ကြပ်မတ်ပေးမှာဖြစ်ပါတယ်။ ဒီလိုမကြပ်မတ်မပေးပဲနဲ့ စာတစ်တန် ပေတစ်တန်နဲ့ တယ်လီဖုန်း ကနေ တစ်ဆင့်ပြောနေလို့ကတော့ တိုးတက်လာမှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒီကြီးကြပ်ကွပ်ကဲတဲ့ အပိုင်းကို တရားရုံးချုပ်ကိုယ်စား ပြည်နယ်တိုင်းတရားသူကြီးများဟာ ဆောက်ချလုပ်ဖို့လိုပါပြီ။ ကျွန်တော်တို့ ဗဟိုကလည်းပဲရှိတဲ့ တရားသူကြီးများ၊ ဝန်ထမ်းများကလည်းပဲ ဒီကိစ္စတွေကို ကွင်းဆင်းပြီးကြည့်ဖို့လိုပါတယ်။ ဥပမာဆိုကြပါစို့။ တရားရုံးချုပ်မှာ ဌာနတွေရှိပါတယ်။ တရားစီရင်ရေးနဲ့ပတ်သက်ပြီး ပြစ်မှုဌာန၊ တရားမဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်သည် အဓိကအားဖြင့်တော့ အလေးပေးဂရုစိုက် လုပ်ရတာကတော့ တရားရုံးချုပ်မှာ စွဲဆိုလာတဲ့ အမှုတွေစစ်ဆေးစီရင်ရတဲ့ ကိစ္စဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့မှာ ဌာနခွဲကြီး ၄ ခုဖွဲ့စည်းထားတာဟာ ဒီကိစ္စတွေ၊ ဗဟိုကိစ္စတွေ အတွက်ပဲ ဒီဌာနတွေထားတာ မဟုတ်ပါဘူး။ ဗဟိုတရားရုံးကစီရင်ရတဲ့ အမှုတွေ ဒီကိစ္စအတွက်သာ ထားရမယ်ဆိုရင် ကျွန်တော်တို့နဲ့နဲ လေးထားဘို့ သို့သော်လည်း အဲဒီဌာနတွေဟာ တရားမတရားစီရင်ရေးနဲ့ပတ်သက်ပြီးတော့ နယ်မှာဖြစ်ပျက်နေတဲ့ အခြေအနေတွေ၊ အမှုတွေရဲ့တိုးတက်မှု၊ လက်ကျန်အခြေအနေ စသည်တို့ကို ကြည့်နေရမှာဖြစ်သလို ပြစ်မှု

ဌာနက ပုဂ္ဂိုလ်တွေကလည်း ကြည့်နေမှာပဲ။ သို့သော်ဒါတွေဟာ သိပ်မရှိဘူး။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို တရားရုံးချုပ်က ၂ လတစ်ခါ အစီရင်ခံတဲ့အခါမှာတော့ ခင်ဗျားတို့နယ်ကပို့လိုက်တဲ့ စာရင်းတွေ၊ ဒီကလည်းပြစ်မှုဌာန၊ တရားမဌာနကပို့လိုက်တဲ့ စာရင်းတွေကို စီမံဌာနက ဌာနစိတ်လေးတစ်ခုကပြုစုပြီးတော့ ဒီလိုနဲ့ပဲတင်ပြတယ်။ ဒီလိုအစီရင်ခံတဲ့လုပ်ငန်းလည်း လုပ်ရတာပဲ။သို့သော်လည်း ပင်မအရေးကြီးတာက အမှုလက်ကျန်တွေ ကျဆင်းသွားအောင်၊ ကြန့်ကြာနေတဲ့အမှုတွေ မရှိအောင် လုပ်ရမှာက ဒါကအဓိက အလုပ်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ တရားရုံးချုပ်နဲ့ ပတ်သက်လို့ တောင်မှ ပြန်ပြီးတော့ဝန်ထမ်းတွေကို တာဝန်တိတိကျကျခွဲပေးဘို့ လိုပါတယ်။ အမှုတွေရဲ့ ဦးရေဟာ အရင်တုန်းက အမှုတွေရဲ့ဦးရေနဲ့ သိပ်မကွာလှပါဘူး။ တစ်နိုင်ငံလုံးကို အရင်တုန်းက စီမံကွပ်ကဲအုပ်ချုပ်နေတာလဲ တရား ရုံးချုပ်ကြီးပါ။ သို့သော်တရားရုံးချုပ်ကြီးမှာ အရင်က ဆိုရင် အရာရှိတွေဟာ ဒီလောက် မများပါဘူး။ တရားရုံးချုပ်မှာ ဦးစီးအရာရှိဆိုရင် အဆင့် (၃)တွေ (၄) တွေအများကြီးပါ။ သူတို့ကို တာဝန်တိတိကျကျ ပေးဘို့လိုပါတယ်။ အဲဒီလိုပေးမထားယင် ဘာလုပ်ရ ဘာကိုင်ရမှန်းမသိပါဘူး။ လူများပြီးပွဲမစည်ပါဘူး။ နယ်ရုံးတွေရဲ့ အခြေအနေတွေ သုံးသပ်သလို ကျွန်တော်တို့တရားရုံးချုပ်ရဲ့ အခြေအနေကိုလည်း အမှန်အကန်သုံးသပ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်နိဂုံးချုပ်အနေနဲ့ကျွန်တော် ပြောချင်တာကတော့ ကျွန်တော်တို့တွေဟာ ဦးတည်ချက်တစ်ခုတော့ ထားရမယ်။ ဦးတည်ချက် မထားပဲနဲ့ ငါးပွက်ရာငါးစာချပြီး လုပ်တာမျိုးနဲ့တော့ မဖြစ်ပါဘူး။ အဲဒီတော့ ဗဟိုက ဘယ်လိုကိစ္စတွေ အလေးထားရမယ် ဆိုတာရှိသလို ပြည်နယ်၊ တိုင်း၊ အဆင့်ခရိုင် အဆင့်မှာလည်း ဘယ်လိုကိစ္စတွေ အလေးထား ဆောင်ရွက်ရမယ်ဆိုတာ စဉ်းစားဖို့လိုပါတယ်။ အထူးအရေးကြီးတာကတော့ တရားသူကြီး များဟာ အရည်အချင်း ပြည့်သထက်ပြည့်ဝအောင် လုပ်ဖို့လိုပါတယ်။ ပကတိ အခြေအနေကို ပြောရမယ်ဆိုရင် ကျွန်တော်တို့ တရားသူကြီးတွေထက် ပြင်ပကရှေ့နေတွေ အကုန်လုံးတော့ မဟုတ်ပါဘူး။ တတ်ယောင်ကန်းဖြစ်သလို လိုက်ပါဆောင်ရွက်တဲ့ ရှေ့နေတွေအများကြီးပါ။ (Legal Profession) မှာ လိုက်ပါဆောင်ရွက်နေတဲ့ ရှေ့နေတွေ တော်တော်များများသည် ကျွန်တော်တို့ တရားသူကြီးတွေထက်ပိုပြီးတော့ တတ်ကျွမ်းနားလည်မှု ရှိပါတယ်။ တရားရုံးမှာ လာပြီးတော့ အဆုံးအဖြတ်ခံယူတဲ့ နေရာမှာသာပြောပြော ငါ့အဆုံးအဖြတ်တော့ ဘယ်လို ယူကြရတာပဲဆိုပြီးတော့ ဒီလို ဂုဏ်မာနထောင်လွှားပြီးတော့ လုပ်နေလို့မရဘူး။ ကျွန်တော်တို့ကိုယ်တိုင်က ကိုယ်မတတ်တာတောင် တတ်တယ်လို့ ကိုယ့်ကိုလှည့်စားဘို့ အချိန် မဟုတ်ပါဘူး။ ဒါကြောင့်မို့ ရှေ့ပိုင်းမှာပြောသလို လေ့လာကြပါဆိုတာကို လေ့လာရမှာ ဖြစ်ပါတယ်။ အချို့မှုခင်းတွေမှာ မလေ့လာပဲ လုပ်တာတွေ အများကြီးတွေ့ရပါတယ်။ လေ့လာမှုလဲရှိမယ်၊ အကျင့်သိက္ခာလဲပြည့်မယ်ဆိုရင် ကျွန်တော်တို့တရားရုံးကိုလာပြီး

အဆုံးအဖြတ် ခံယူမယ့် ပုဂ္ဂိုလ်တွေသည် ကျွန်တော်တို့ကို လေးလေးစားစား ရှိမှာပါ၊ တရားရုံးကို လာပြီးတော့ တရားသူကြီးများရှေ့မှာ ဦးညွတ်ပြီးတော့ အလေးပြုနေတာဟာ အချို့သောနေရာတွေမှာ တရားသူကြီးကိုယ်နှိုက်ကိုက ခုံသမာဓိနဲ့ပြည့်ပြီး ဖြောင့်ဖြောင့်မှန်မှန် လုပ်နေတဲ့ တရားသူကြီးများကို စိတ်အတွင်းထဲကပါပြီး အလေးပြုနေကြတာရှိသလို အချို့နေရာတွေမှာ ကုလားထိုင်ကိုသာ အလေးပြုနေကြတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ့်ကို အမှန်အတိုင်း အလေးပြု ယုံကြည်ကိုးစားခြင်း ခံရအောင် လုပ်ကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

# ၁၉၉၃ ခုနှစ်

# ပြစ်မှုဆိုင်ရာအမှုများ

# စီရင်ထုံးပြုသောပြစ်မှုများ

စာမျက်နှာ


| | | | |
|---|---|---|---|
| ဒုရဲအုပ်စခန်းမှူး၊ ကြီးရွှေပေါ(၄) | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၁ |
| မခင်စောကြည် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၄ |
| မခင်လှလှဝင်း(ခ)မလှလှ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၉ |
| ဒေါ်စောရီ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၄ |
| ဦးစံချိန် (ခ) ဦးစံရှိန် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၂၀ |
| ဦးဌေးလွင်(ခ)ဝင်းဦး(ခ)အဟိုး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၂၄ |
| မောင်ထန်လွင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၃၂ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ကဟိုင် | ၃၆ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ကျော်မြင့် | ၄၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော်<br>ခင်အောင် | နှင့် | ခင်အောင်<br>ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၄၆ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | မောင်ခင်မျိုးအောင် | ၅၆ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | မောင်စိုးဝင်း | ၆၂ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဦးဉာဏ်ဝင်း (ခ) ဦးမူသီး | ၆၅ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဦးထွန်းဝေ | ၆၉ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဦးထွန်းပွား | ၇၂ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဒေါ်နုနု ပါ(၃) | ၇၇ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | မမဲသီး (ခ) မသန်းညို | ၈၂ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | မောင်မြင့်ကြည် | ၈၉ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ယားလို | ၉၄ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဦးရွှေဝင်း | ၉၈ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဦးရွှေသိန်းခဲ | ၁၀၂ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | လောက်ဆန်အောင်(ခ)ဇိုင်းမောင်ရီ | ၁၀၆ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဝင်းနိုင်(ခ)ပေါက်စ | ၁၁၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဦးအာမက်ဆူဘန်း | ၁၁၄ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဒေါ်အေးကျော့ | ၁၁၉ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | အင်ဂျဲလထိန်နန် | ၁၂၆ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | မောင်အုန်းလွင် | ၁၃၁ |
| ဦးဘိုထွန်း(ခ)ထွန်းလှအောင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၃၇ |

## စီရင်ထုံးပြုသောပြစ်မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးဘိန်လေး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၁၄၂ |
| ဒေါ်မရစ်လု | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၄၅ |
| ဒေါ်မြဦး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၁၅၁ |
| ဒေါ်မြင့်မြင့်ဒွေး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၁၅၈ |
| ဦးမွှေးမောင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၁၆၁ |
| ယာစင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၆၈ |
| မရီမြင့် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၇၅ |
| မလှရင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၃) | ၁၈၀ |
| ဦးလှဖေ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၄) | ၁၈၅ |
| ဦးလှကြိုင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၄) | ၁၈၈ |
| ဒေါ်ဝင်းကြည် / ဒေါ်ဝင်းကြည် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် / ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၉၂ |
| ဦးသောင်းမြင့် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၁၉၉ |
| သောင်းရွှေ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၂၀၃ |
| မသောင်းသောင်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၂၀၈ |
| ဒေါ်သန်းကြည် ပါ(၂) | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၂၁၁ |
| ဦးသန်းရွှေ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၂၁၅ |
| ဦးသိန်းတင် ပါ(၂) | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၂၂၂ |
| ဒေါ်သိန်းထိုက် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၈) | ၂၂၆ |
| ဦးအေးကို | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၂၃၂ |
| ဦးအောင်ထွန်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၂၃၅ |
| ဦးအောင်လင်း ပါ(၂) | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂) | ၂၄၀ |
| ဦးအောင်သန်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၂၄၅ |

စာမျက်နှာ

## ပြစ်မှုဆိုင်ရာအမှုများ

ဥပဒေများ–

- ပြစ်မှုဆိုင်ရာဥပဒေ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ
- သက်သေခံဥပဒေ
- ၁၉၄၇ ခုနှစ် ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ
- ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ
- ၁၉၅၅ ခုနှစ် ကလေးသူငယ်များ အက်ဥပဒေ
- ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ
- ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘောဖြစ်စေဟတ်သော ဆေးဝါးများ ဥပဒေ
- ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၂၁ အရ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ် ကျခံစေရန် အမိန့်ချမှတ်ခြင်းပြုနိုင်၊ မပြုနိုင်

**သီးခြားစီ ကျူးလွန်ခဲ့သောပြစ်မှု (၂)ရပ်အတွက် သီးခြားပြစ်ဒဏ် (၂)ရပ် ချမှတ်နိုင် မနိုင်။**

**ဆုံးဖြတ်ချက်။** ။ သေဒဏ်နှင့် ကြီးလေးစွာ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုများတွင် သက်သေအထောက်အထား ကွင်းဆက်ပြတ်နေသော အချက်များကို ထင်ကြေးဖြင့် ဆက်စပ်ကောက်ယူ၍ တရားခံအပေါ် ပြစ်ဒဏ်ချမှတ် စီရင်ရန် မသင့်ချေ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ဂ) အရ ပြစ်ဒဏ်ချမှတ်နိုင်ရန် သံသယ ကင်းရှင်းသည့် သက်သေအထောက်အထား ကွင်းဆက်မပြတ် ထင်ရှားပေါ်လွင်သည်ဟု ဆိုနိုင်မည်မဟုတ်သဖြင့် ၎င်းအပေါ် ပြစ်မှုဆိုင်ရာ

ဥပဒေပုဒ်မ ၃၀၂(၂) နှင့် ပုဒ်မ ၃၉၂ တို့အရ သီးခြားပြစ်ဒဏ် (၂)ရပ်ကို ချမှတ်သင့်ကြောင်း တွေ့ရသည်။ **စာမျက်နှာ**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကျော်မြင့် ... ၄၀

**မုဒိမ်းကျင့်နေသည်ကို အားပေးကူညီကာ မုဒိမ်းကျင့်ခံရသူ အမျိုးသမီးအား စားမြှောင်ဖြင့် ထိုးသတ်ခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ဂ) ပါ ပြစ်မှု မြောက် မမြောက်။**

**ဆုံးဖြတ်ချက်။** ။ဖြောင့်ချက်ကို လက်ခံအသုံးပြုရာ၌ ဆန့်ကျင်ဘက် သက်သေအထောက်အထား မရှိပါက ဖြောင့်ချက်ပါ စကားရပ်အားလုံး ကို လက်ခံအသုံးပြုရမည်ဖြစ်ပြီး လိုသောစကားရပ်ကိုသာ အသုံးချပြီး မလိုသော စကားရပ်ကို ပယ်ချခြင်းမပြုနိုင်ပေ၊ ဖြောင့်ချက်ကို သုံးသပ်ရာ၌ တစ်ပိုင်းကို လက်ခံပြီး တစ်ပိုင်းကို မယုံဘဲ လက်မခံခြင်းမျိုး မဖြစ်စေရပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် / ခင်အောင် နှင့် ခင်အောင် / ပြည်ထောင်စုမြန်မာနိုင်ငံတော် ၄၆

**အယူခံတရားခံမှာ ယခင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉/၄၁၁ အရ ပြစ်မှုထင်ရှား စီရင်ခံရဖူး၍ ၎င်းပင် အချင်းဖြစ်စက်ဘီးကို ခိုးယူမည်ဟု တစ်ထစ်ချ ယူဆရန် ဥပဒေက ခွင့်ပြုမထားခြင်း။**

**ဆုံးဖြတ်ချက်။** ။ အမှုတွင် အချင်းဖြစ်စက်ဘီးကို မောင်စိုးဝင်းက ခိုးယူ၍ ရောင်းချကြောင်း မျက်မြင်သက်သေမရှိပေ။ သက်သေခံပစ္စည်း လည်း သိမ်းဆည်းရမိခြင်းမရှိချေ။ မောင်စိုးဝင်း၏ ဖြောင့်ချက်သာရှိသည်။ မောင်စိုးဝင်းက ဖြောင့်ချက်ကို ရဲကရိုက်နှက်သဖြင့် ပေးခဲ့ရသည့် ဖြောင့်ချက် ဖြစ်ကြောင်း ထုချေထားသည့်ပြင် ဖြောင့်ချက်ကိုလည်း အဖမ်းခံရပြီး (၉) ရက်ခန့်ကြာမှ ပေးခဲ့ရခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေသည်။ ထို့ပြင် ဖြောင့်ချက်အား ထောက်ခံသည့် လွတ်လပ်သည့် သက်သေခံချက် မရှိ သည့်ပြင် သက်သေခံပစ္စည်း သိမ်းဆည်းရမိခြင်းလည်းမရှိ၊ အယူခံတရားခံ မောင်စိုးဝင်းမှာ ယခင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉/၄၁၁ အရ ပြစ်မှုထင်ရှား စီရင်ခံရဖူး၍ ၎င်းပင် အချင်းဖြစ်စက်ဘီးကို ခိုးယူမည်ဟု တစ်ထစ်ချ ယူဆရန် ဥပဒေက ခွင့်ပြုမထားပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်စိုးဝင်း ... ၆၂

**လင်ယောက်ျားဖြစ်သူ၏ ရိုက်နှက်မှုများ ခံနေရချိန်တွင် မိမိလွတ်ရာ လွတ်ကြောင်းကို ဖြစ်သည့်နည်းဖြင့် ပြုလုပ်မည်သာဖြစ်ခြင်း၊ ခေါင်းအေးအေးထားပြီး ကာကွယ်ခုခံပိုင်ခွင့်ကို တစ်ဆင့်ပြီးတစ်ဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေးတောချိန်ဆနေရန် အချိန်ရရှိမည်မဟုတ်ခြင်း၊ အယူခံတရားခံက အနီးတွင်ရှိသော တုတ်၊ ဓားမှန်း မသိသည့်အရာဖြင့် တစ်ချက်တည်း ရိုက်၍ ထွက်ပြေးလာသည်မှာ ကာကွယ်ခုခံပိုင်ခွင့်ကို ကျော်လွန်သည်ဟု ဆိုရန် ခဲယဉ်းခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။အထက် သုံးသပ်ခဲ့သည့်အတိုင်း အယူခံတရားခံသည် လင်ယောက်ျားဖြစ်သူ၏ ရိုက်နှက်မှုများ ခံရနေချိန်တွင် မိမိလွတ်ရာ လွတ်ကြောင်းကို ဖြစ်သည့်နည်းဖြင့် ပြုမည်သာဖြစ်သည်၊ အယူခံတရားခံအနေဖြင့် ခေါင်းအေးအေးထားပြီး ကာကွယ်ခုခံပိုင်ခွင့်ကို တစ်ဆင့်ပြီးတစ်ဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေးတောချိန်ဆနေရန် အချိန်ရနိုင်မည်မဟုတ်ပေ၊ ထိုအခြေအနေတွင် အယူခံတရားခံက အနီးတွင်ရှိတုတ်၊ ဓားမှန်း မသိသည့်အရာဖြင့် တစ်ချက်တည်း ရိုက်၍ ထွက်ပြေး လာခဲ့သည်မှာ ကာကွယ်ခုခံပိုင်ခွင့်ကို ကျော်လွန်သည်ဟုဆိုရန် ခဲယဉ်းပေသည်။

အယူခံတရားလိုဘက်မှ လျှောက်လဲသကဲ့သို့ လင်မယား စကားများရာမှ ဓားဖြင့် ခုတ်သတ်သည်ဟု သာမန်အားဖြင့် မြင်တွေ့ရမည်ဖြစ်သော်လည်း အယူခံတရားခံအနေဖြင့် မိမိအား အကြီးအကျယ် အပြင်းအထန် နာကျင်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာဖြစ်လောက်အောင် အကြောင်းရှိသည့် လက်ရောက်မှုကို သေသူက ထပ်မံကျူးလွန်လိမ့်ဦးမည်ဟု အထင်ရောက်စေသည့် အချိန်အခါမျိုး ဖြစ်နေသည်ဟု ယူဆသည်။

သို့ဖြစ်၍ မူလရုံးက အယူခံတရားခံ၏ သေသူ လင်ယောက်ျားအပေါ် ပြုမူချက်မှာ မိမိအပေါ် အသက်အန္တရာယ် ပြုလိမ့်မည်ဟု စိုးရိမ်ပြီး ကြောက်လန့်စွာဖြင့် ပြုမိပြုရာ ပြန်လည်ပြုလုပ်လိုက်ခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျရောက်ကြောင်း ကောက်ယူ၍ အယူခံတရားခံ မမဲသီးအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

စာမျက်နှာ

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) ကို ကျူးလွန်သည့် တရားခံအား ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန် အမိန့်ချမှတ်နိုင် မနိုင်။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၃ တွင် သေဒဏ်၊ တစ်ကျွန်းပို့ဒဏ်၊ ထောင်ဒဏ်နှင့် ငွေဒဏ်ဟူ၍ ပြစ်ဒဏ်အမျိုးအစား (၄) မျိုးကို သီးခြားခွဲခြား၍ သတ်မှတ်ပြဋ္ဌာန်းထားသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) တွင် ယင်းပုဒ်မအရ လူသတ်မှု ကျူးလွန်သူအား တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ် ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ ပြည်နယ်တရားရုံးက ဝင်းနိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂) အရ တစ်သက်တစ်ကျွန်းဒဏ် ချမှတ်ခြင်းမပြုပါက ၎င်းအပေါ် အများဆုံးထောင်ဒဏ် (၁၀) နှစ်အထိသာလျှင် ချမှတ်ခွင့်ရှိမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဝင်းနိုင်(ခ)ပေါက်စ ... ၁၁၀

**ပြစ်မှုဆိုင်ရာအမှုများတွင် တရားစွဲဆိုရန် ကာလစည်းကမ်း သတ်မှတ်ချက် မရှိခြင်း၊ အမှုကို တစ်နှစ်နှင့်ကိုးလကျော် ကြာပြီးမှ စွဲဆိုခဲ့ရုံမျှဖြင့် တရားမကြောင်းဖြစ်သည်ဟု မဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာအမှုများတွင် တရားစွဲဆိုရန် ကာလစည်းကမ်းသတ်မှတ်ချက် မရှိသဖြင့် ဒေါ်မတီက ဤအမှုကို တစ်နှစ်နှင့် ကိုးလကျော်ကြာပြီးမှ စွဲဆိုခဲ့ရုံမျှဖြင့် တရားမကြောင်းဖြစ်သည်ဟု မဆိုနိုင်ချေ။ ဒေါ်မတီသည် အချင်းဖြစ် မြေပေါ်တွင် နေထိုင်ခြင်းမရှိသော်လည်း ၎င်းမှာ အချင်းဖြစ်မြေ၏ မြေပိုင်ရှင်ဖြစ်ပြီး ဦးအာမက်ဆူဘာန်းကို ငှားရမ်းထားကြောင်း အငြင်းမပွားသဖြင့် ဥပဒေအရ မြေလက်ရှိဖြစ်သူဖြစ်ရာ ဦးအာမက်ဆူဘာန်း၏ ရှေ့နေက တင်ပြချက်မှာ မှန်ကန်ခြင်းမရှိပေ။

ဦးအာမက်ဆူဘာန်းက ဒေါ်မတီ၏ မြေကွက်အမှတ် ၇၇(ဃ)အတွင်းသို့ ကျူးကျော်ဆောက်လုပ်ခဲ့ခြင်းမရှိပါဟု ချေပသော်လည်း မြေတိုင်းစာရေး ဦးလွန်းရှိန်နှင့် ရာအိမ်မှူး ဦးမြမောင်တို့၏ ထွက်ချက်အရ ကျူးကျော် ဆောက်လုပ်ခဲ့ကြောင်း ပေါ်လွင်သည်။

ဦးအာမက်ဆူဘာန်းသည် ဒေါ်မတီပိုင် မြေကွက်တွင်းသို့ ကျူးကျော် ဆောက်လုပ်ခြင်းဖြင့် ဒေါ်မတီကို စိတ်ငြိုငြင်စေမည်မှာ ကေန်မုချဖြစ်ရာ ပြစ်မှုမကင်းသော ကျော်နင်းမှုမြောက်သောကြောင့် တရားမကြောင်းဆိုင်ရာ

ကျူးကျော်မှုသာဖြစ်သည်ဟု ပြည်နယ်တရားရုံး၏ ကောက်ယူချက်မှာ စာမျက်နှာ များယွင်းသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးအာမက်ဆုဘာန်း ... ၁၁၄

**အစုအစပ်လုပ်ငန်း၏ အရပ်ရပ် စီမံအုပ်ချုပ်သူ မန်နေဂျာက အစုစပ် လုပ်ငန်းမှ ပစ္စည်းများကို ရောင်းချခြင်း၊ လှူဒါန်းခြင်းသည် အစုစပ်ဝင် များ၏ စာချုပ်ပါ သဘောတူချက်အတိုင်း ကျရောက်ခြင်း ရှိမရှိ၊ အကယ်၍ ယင်းသတ်မှတ်ချက်ဘောင်အတွင်း မဝင်လျှင် အလွဲသုံးစားပြုရာ ရောက် မရောက်။**

**ဆုံးဖြတ်ချက်။** ယင်းသို့ဆောင်ရွက်ခြင်းကြောင့် အလွဲသုံးစားပြုရာ ရောက်မရောက် ဆက်လက်စဉ်းစားသည့်အခါ ဒေါ်အေးကျော့သည် အစု(၂)ခု ကို ပိုင်ရှင်သဖွယ် စီမံခန့်ခွဲခွင့်ရှိနေသူတစ်ဦးဖြစ်သည်။ ထို့ပြင် ၎င်းအနေဖြင့် အစုစပ်ပိုင်ပစ္စည်းများကို ကိုယ်ကျိုးအတွက် မည်သို့ အလွဲသုံးစားပြုခဲ့ကြောင်း တရားလိုဘက်မှ အခိုင်အမာ သက်သေမပြနိုင်ခဲ့ပေ။ မူလရုံး တရားလို ဦးခင်မောင်အေးသည် အချင်းဖြစ်ကိစ္စနှင့် ပတ်သက်၍ ဒေါ်အေးကျော့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ အရေးယူပေးရန် ရဲစခန်းတွင် ယခင်က တိုင်ကြားခဲ့ရာ တရားစွဲဆိုရန် မသင့်၍ ယင်းအမှုကို ပိတ်သိမ်းခဲ့ကြောင်း သက်သေခံ(ဆ)အရ တွေ့ရှိရသည်၊ ထိုသို့ ပိတ်သိမ်းခဲ့ပြီးသည့်အမှုကို ဦးခင်မောင်အေးက ဒေါ်အေးကျော့အပေါ် ထပ်မံတရားစွဲဆိုလာခြင်းသာ ဖြစ်သည်။ ပြည်နယ်တရားရုံးတွင် တရားစွဲဆိုထားသော အမှုအရ နောင် အစုစပ်လုပ်ငန်း ဖျက်သိမ်း၍ စာရင်းရှင်းသည့်အခါ အစုစပ်လုပ်ငန်းစာချုပ်ပါ သတ်မှတ်ချက်ဘောင်ကို ကျော်လွန်ပြီး လှူဒါန်းထားသည့် ပစ္စည်းတန်ဖိုးနှင့် စပ်လျဉ်း၍ ဒေါ်အေးကျော့အပေါ် ထည့်သွင်းစာရင်းရှင်းနိုင်မည်ဖြစ်ရာ ကျန်အစုစပ်ဝင်များအတွက် မတရား နစ်နာဆုံးရှုံးသည်ဟု မဆိုနိုင်ပေ၊ ဤအခြေအနေတွင် ဒေါ်အေးကျော့၏ လှူဒါန်းမှုကြောင့် အခြားသူများတွင် မတရား နစ်နာဆုံးရှုံးမှုရှိကြောင်း တစ်ထစ်ချပြော၍ မရနိုင်သေးသည့် အလျောက် ဒေါ်အေးကျော့အနေဖြင့် အလွဲသုံးစားပြုသည်ဟု ကောက်ယူရန် မဖြစ်နိုင်သေးပေ၊ ထို့ကြောင့် ဒေါ်အေးကျော့အား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ သည့်အမိန့်ကို ဆက်လက် အတည်ပြုပြီး ဤအယူခံကို ပလပ်လိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဒေါ်အေးကျော့ ... ၁၁၉

**လင်ယောကျ်ားမရှိဘဲ ကိုယ်ဝန်ရရှိခဲ့သူ၏ အကျင့်စာရိတ္တကို ထည့်သွင်း စဉ်းစားရန် လိုအပ်ခြင်း၊ သက်သေခံထဘီတွင် သုတ်ရည်နှင့်သုတ်ပိုး တွေ့ရှိသည်ဟု ဓာတုဗေဒဝန်ရုံး၏ ပြန်စာတွင် တွေ့ရသော်လည်း မုဒိမ်းပြုကျင့်ခံရသူမှာ အချင်းဖြစ်ချိန်၌ တရားဝင်ခင်ပွန်းမရှိဘဲ ကိုယ်ဝန် ရှိပြီးနေသူ ဖြစ်ရာ ယင်းအချက်မျှဖြင့် တရားခံက သဘောတူခွင့်ပြုချက် မရှိဘဲ မုဒိမ်းပြုကျင့်ခဲ့သည်ဟု တထစ်ချဆိုနိုင်မည်မဟုတ်ပေ။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ဆရာဝန်က စစ်ဆေးစဉ်တွင် မချိုမာ၌ ကိုယ်ဝန် (၂၆) ပတ် ရှိနေသည်မှာ မငြင်းကွယ်နိုင်ပေ။ မသန်းသန်းနွယ်၏မိခင် ဒေါ်စိုးညွန့်ကလည်း မချိုမာ မီးဖွားသည်ကို သိရှိကြောင်း ဝန်ခံထွက်ဆို ထားသည်။ သို့ဖြစ်ပါလျက် မချိုမာက ၎င်းတွင် ကိုယ်ဝန်မရှိပါဟု ငြင်းဆန်ထွက်ဆိုခဲ့ခြင်းသည်ပင် ၎င်းသည် မမှန်မကန် ပေါ့ပေါ့လွယ်လွယ် ပြောတတ်သူဖြစ်ကြောင်း ပေါ်လွင်သည်၊ မချိုမာသည် လင်ယောကျ်ား မရှိဘဲ ကိုယ်ဝန်ရခဲ့သူလည်းဖြစ်ရာ ၎င်း၏အကျင့်စာရိတ္တကိုလည်း ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်၊ ယင်းအကြောင်းများကြောင့် မချိုမာ၏ စွပ်စွဲ ထွက်ဆိုချက်ကို ယုံကြည်ရန် ခဲယဉ်းသည်။

ကျေးရွာလူကြီးများထံ မချိုမာတို့ သွားရောက်တိုင်ကြားစဉ်က မသန်းသန်းနွယ်မှာ ဘာမျှမသိဘဲ အိပ်ပျော်နေခဲ့သည်ဟု ပြောခဲ့ကြောင်း (ရ၀တ)အဖွဲ့ဝင် ဦးမြမောင်၏ ထွက်ချက်တွင် တွေ့ရသဖြင့် မသန်းသန်းနွယ် ၏ ထွက်ချက်ကိုလည်း ယုံကြည်စိတ်ချစွာ လက်ခံရန် ခိုင်လုံမှုမရှိပေ။

မချိုမာ ပေးအပ်ခဲ့သော သက်သေခံထဘီတွင် သုတ်ရည်နှင့် သုတ်ပိုး တွေ့ရှိသည်ဟု ဓာတုဗေဒဝန်ရုံး၏ပြန်စာတွင် တွေ့ရသော်လည်း မချိုမာမှာ အချင်းဖြစ်ချိန်၌ တရားဝင်ခင်ပွန်းမရှိဘဲ ကိုယ်ဝန်ပင် ရရှိနေပြီးသူဖြစ်ရာ ယင်းအချက်မျှဖြင့် မောင်အုန်းလွင်က မချိုမာအား သဘောတူ ခွင့်ပြုချက် မရှိဘဲ မုဒိမ်းပြုကျင့်ခဲ့သည်ဟု တထစ်ချဆိုနိုင်မည် မဟုတ်ပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်အုန်းလွင် ... ၁၃၁

**ရှုပ်ထွေးနေသော အခြေအနေတွင် မငြင်းသာသောဖြောင့်ချက်ကို အခြေပြုပြီး သေသူရရှိသော မှုချသေစေနိုင်သည့်ဒဏ်ရာမှာ ဖြောင့်ချက်ပေးသူ၏ လက်ချက်ကြောင့် ရသည်ဟု သုံးသပ်ဆုံးဖြတ်ရန် ဟုတ်မဟုတ်။**

**ဆုံးဖြတ်ချက်။** ။ဤကဲ့သို့ ရှုပ်ထွေးနေသောအခြေအနေတွင် မငြင်း သာသော ဖြောင့်ချက်ကို အခြေပြုပြီး သေသူရရှိသော မှုချသေစေနိုင်သည့်

ဒဏ်ရာမှာ ဖြောင့်ချက်ပေးသူ၏ လက်ချက်ကြောင့် ရသည်ဟု သုံးသပ် စာမျက်နှာ ဆုံးဖြတ်ရမည်ဆိုလျှင် မငြင်းနိုင်သူ ခံပေတော့ဟု ဆုံးဖြတ်ရာ ရောက်ပေလိမ့်မည်။

ဒဏ်ရာအခြေအနေများကို ကြည့်လျှင် အယူခံ တရားလိုက ကြာပွတ်ဖြင့်ရိုက်ခြင်း၊ ခြေထောက်ဖြင့်ကန်ခြင်းဖြင့် ရသည့် ဒဏ်ရာဟု တစ်ထစ်ချယူဆရန်မှာ ရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့် ရှုပ်ထွေးသော အခြေအနေများကို ထည့်သွင်းသုံးသပ်ပါက များစွာ သံသယဖြစ်ဖွယ်ရှိသည်။

ယာစင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၁၆၈

**တရားခံအနေဖြင့် ၎င်းအပေါ် စွပ်စွဲထားချက်အား ရဲအရာရှိကို စစ်ဆေးစဉ်က ပြန်လှန်မေးမြန်းခဲ့မှုမရှိခြင်း၊ ၎င်းကိုယ်တိုင် ပြည့်တန်ဆာလုပ်ငန်းဖြင့် ငွေရှာနေသူဖြစ်ကြောင်း ပေါ်ပေါက်ခြင်း၊ ပူးတွဲတရားခံနှင့် တွေ့ဆုံ ပြောဆိုမှုရှိခြင်းတို့သည် ပြည့်တန်ဆာအဖြစ် ရောင်းစားရန် ဖြားယောင်း သွေးဆောင်ခေါ်ယူသည့်ကိစ္စတွင် ပူးတွဲတရားခံနှင့် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့သည်ဟု သုံးသပ်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။ဒုရဲအုပ် ဦးဇော်ဝင်းက ရေးဖွင့်ခဲ့သည့်တိုင်ချက်တွင် ဝင်းတင်နှင့် မရီမြင့်တို့ ပူးပေါင်းပြီး မတင်အေးနှင့် မရီရီလွင်တို့အား ထိုင်းနိုင်ငံ ဝိတိုရိယဟိုတယ်တွင် ရောင်းစားခဲ့သည်ဟု စွပ်စွဲတိုင်ကြားချက်နှင့် စပ်လျဉ်း၍ ဦးဇော်ဝင်းကိုယ်စား တရားရုံး၌ အစစ်ခံခဲ့သူ ရဲအရာခံ ဦးသန်းဝင်းနှင့် အမှုစစ်အရာရှိ ဒုရဲအုပ် ဦးတင်ဦးတို့ကို စစ်ဆေးစဉ်က မရီမြင့်အနေဖြင့် ယင်းစွပ်စွဲထားချက်ကို တစ်စုံတစ်ရာ ပြန်လှန်မေးမြန်းငြင်းဆိုချေဖျက်နိုင်ခဲ့ခြင်းလည်း မတွေ့ရပေ။ .

ဖော်ပြပါ တွေ့ရှိချက်များအရ အမိကတရားခံ ဝင်းတင်က မတင်အေးနှင့် မရီရီလွင်တို့အား ထိုင်းနိုင်ငံ ရနောင်းမြို့ရှိ ဝိတိုရိယဟော်တယ်သို့ ပြည့်တန်ဆာအဖြစ် ရောင်းစားရန် ဖြားယောင်းသွေးဆောင် ခေါ်ယူသွားခဲ့ရာတွင် ၎င်း၏ဇနီးဆိုသူ မရီမြင့်သည်လည်း လမ်းခုလတ်၌ ဝင်းတင်နှင့် တွေ့ဆုံပြောဆိုနေခြင်း၊ ထို့အပြင် ထားဝယ်သို့ ပြန်ရောက်သည့်နေ့တွင်ပင် ဝင်းတင် မိမိအား ရောင်းစားသည့်ကိစ္စ ဝင်းတင်ကို "နင့်မိန်းမပါ ရောင်းစားပါလား" ဟု ပြောရာ ဝင်းတင်က ၎င်း၏မိန်းမရော ယခုကဲ့သို့ပင် ငွေရှာနေသူဖြစ်သည်ဟု မိမိအားပြောကြောင်း မတင်အေး (လိုပြ-၆)

ထွက်ချက်နှင့် ပေါင်းစပ်လိုက်ပါက မရှိမြင့်သည်လည်း တရားခံဝင်းတင်နှင့် စာမျက်နှာ ပူးပေါင်းပါဝင်ကျူးလွန်ခဲ့သည်ဟု သုံးသပ်ရပေသည်။

မရှိမြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၁၇၅

**တရားမမှုများတွင် အမှုအတောအတွင်း တရားလို သေဆုံးခဲ့လျှင် ၎င်း၏ ကိုယ်စား တရားဝင်ကိုယ်စားလှယ် ထည့်သွင်း၍ အမှုကို ဆက်လက် ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသော်လည်း ပြစ်မှုဆိုင်ရာ အမှုများတွင် အလားတူ ပြဋ္ဌာန်းချက်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမမှုများတွင် အမှုအတောအတွင်း တရားလို သေဆုံးခဲ့လျှင် ၎င်း၏ကိုယ်စား တရားဝင်ကိုယ်စားလှယ် ထည့်သွင်း၍ အမှုကို ဆက်လက်ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသော်လည်း ပြစ်မှုဆိုင်ရာ အမှုများတွင် အလားတူ ပြဋ္ဌာန်းချက်မရှိပေ။ ပြစ်မှုဆိုင်ရာ အမှုများတွင် တရားလိုသည် အစိုးရသာလျှင် ဖြစ်သောကြောင့် တိုင်တန်းသူ သေဆုံးသော်လည်း အမှုမှာ ရပ်ဆိုင်းသွားခြင်းမရှိပေ။ သေဆုံးသူ၏ကိုယ်စား အခြားသူတစ်ဦးဦးကို တရားလို အစားထိုးရန်လည်း မလိုပေ။ ထိုသို့ အစားထိုးခွင့်လည်း ဥပဒေပြဋ္ဌာန်းချက်မရှိပေ။ အမှုကို တရားရုံးက ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးကြားနာရန်သာ ရှိပေသည်။ ထိုနည်းတူ တရားရုံးသို့ တိုက်ရိုက်လျှောက်ထားသော အမှုများတွင်လည်း တိုက်ရိုက် လျှောက်ထားသောတရားလိုရှိနေလျှင် အမှုကို ဆက်လက်ဆောင်ရွက်ခြင်း၊ အကျိုးဆောင် ကိုယ်စားလှယ်လွှဲခြင်းများ ပြုလုပ်နိုင်သော်လည်း တိုက်ရိုက် လျှောက်ထားသော တရားလိုသေဆုံးလျှင် ယင်းကိုယ်စား ပုဂ္ဂိုလ်တစ်ဦးဦးက အမှုကို ဆက်လက်ဆောင်ရွက်နိုင်ခွင့် မရှိပေ။

ဦးလှဖေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၄ ..., ၁၈၅

**မုဒိမ်းပြုကျင့်ရန် အားထုတ်ခြင်းခံရသူမှာ အသက် ၁၈ နှစ်သာ ရှိသေး၍ အိမ်ထောင်ရှိ မိန်းကလေးတစ်ဦးဖြစ်ခြင်း၊ ငယ်ရွယ်သူမိန်းကလေးများ သည် ဤမျှ မဟုတ်မမှန် လုပ်ကြံထွက်ဆိုကြမည်မဟုတ်ခြင်း၊ တရားခံ အပေါ် လျော့ပေါ့သော အပြစ်ဒဏ်ပေးရန် မသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ငယ်ရွယ်သူမိန်းကလေးများ ဤမျှ မဟုတ်မမှန် လုပ်ကြံ ထွက်ဆိုကြမည် မဟုတ်သည့်ပြင် အဆက်အစပ်ရှိသော အခြား သက်သေခံချက် အထောက်အထားများအရ ပေါ်ပေါက်ရာ တိုင်းတရားရုံးက

ချမှတ်ခဲ့သည့် ပြစ်ဒဏ်မှာ ပြစ်မှုနှင့်နှိုင်းစာသော် မျှတမှုမရှိဟု ယူဆ စာမျက်နှာ ရပေသည်။

မလှရင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၃ ... ၁၈၀

**မြို့နယ်တရားရုံး၏ အမှုတွဲကို အခြားမြို့နယ် တရားရုံးသို့ ပြောင်းရွှေ့ခဲ့ပြီး အမှုကိုအစမှပြန်လည်စစ်ဆေးရုံဖြင့် တိုင်းတရားရုံးမှ ယခင်က ချမှတ်ခဲ့သည့် အမိန့်သည် ပျက်ပြယ်သွားခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံးသည် မိမိ၏ အထက်တရားရုံးဖြစ်သည့် တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ခွင့် မရှိသောကြောင့် အဆိုပါမြို့နယ်တရားရုံးအမိန့်မှာ ဥပဒေအရ တရားမဝင်ချေ။ ထို့ကြောင့် ယင်းအမိန့်ကို ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၃၆/၈၂ တွင် အတည်ပြုခဲ့သော မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) ၏ ၂၁-၁၂-၈၂ နေ့စွဲပါ အမိန့်မှာလည်း ဥပဒေအရ တရားဝင်၍ မှန်ကန်သော အမိန့်အဖြစ် ရပ်တည်နိုင်မည်မဟုတ်ပေ။

ဒေါ်သိန်းထိုက် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၈ ... ၂၂၆

**ပြည်သူ့ဝန်ထမ်းပင် ဖြစ်လင့်ကစား တာဝန်ဝတ္တရား ထမ်းဆောင်နိုက်တွင် တာဝန်နှင့် လုံးဝမအပ်စပ်သည့် ပြုမူချက်နှင့် ပတ်သက်လျှင် ခွင့်ပြုမိန့် ရယူရန် လိုမည်မဟုတ်။**

**ဆုံးဖြတ်ချက်။** ။မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၂(၁)အရ အချင်းဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့အား စုံစမ်းစစ်ဆေးပြီးမှ ဦးကြီးရွှေတို့အပေါ် အရေးယူခဲ့ကြောင်း တွေ့ရသည်။ ဦးကြီးရွှေ ပါ(၄) ဦးတို့အား ကိုယ်ပိုင်ခံဝန်ဖြင့် အာမခံပေးထားပြီးဖြစ်သည့်အပြင် တရားလိုပြသက်သေ(၅) ဦးကို စစ်ဆေးပြီးအဆင့်သို့ ရောက်ရှိနေပြီး ဖြစ်သည်။ ဦးကြီးရွှေတို့ဘက်မှ တရားရုံးချုပ်ရှေ့နေ ဦးတင်မြင့်နှင့် အမှုကို ခုခံနေသည့်အဆင့်ဖြစ်ကြောင်း တွေ့ရသည်။

ရဲတပ်သားအဆင့်မှ လုံခြုံရေးမှူး (ရဲအုပ်)အဆင့်ထိ ရှိသူများအား ရာထူးမှ နုတ်ပယ်ပိုင်ခွင့်အာဏာရှိသူမှာ ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ ၇(၁) အရ ရဲချုပ်သာဖြစ်၍ ဖော်ပြပါ အဆင့်ရှိ ရဲတပ်ဖွဲ့ဝင်များအား အရေးယူလျှင် ထိုသူများအပေါ် တရားစွဲဆိုရန် ခွင့်ပြုမိန့်မလိုကြောင်း တရားရုံးများ ညွှန်ကြားလွှာအမှတ် -၁၁/၇၀ တွင် ဖော်ပြထားသည်၊

ထို့ပြင် ပြည်သူ့ဝန်ထမ်းပင် ဖြစ်လင့်ကစား တာဝန်ဝတ္တရား ထမ်းဆောင် စာမျက်နှာ ခိုက်တွင် တာဝန်နှင့် လုံးဝမအပ်စပ်သည့် ပြုမူချက်နှင့် ပတ်သက်လျှင် ခွင့်ပြုမိန့် ရယူရန်လိုမည်မဟုတ်ကြောင်း ယင်းညွှန်ကြားလွှာအပိုဒ် ၅ တွင် ဖော်ပြထားကြောင်းတွေ့ရသည်၊ ယခုအမှုတွင် မှုးယစ်ဆဲဆိုနေသူ ဒုတပ်ကြပ် စိုးတင့်အား ရဲစခန်းသို့ ခေါ်ယူစစ်မေးရန်ဖြစ်ပါလျက် ထိုးကြိတ် ကြခြင်းမှာ တာဝန်နှင့် အပ်စပ်သည့်အပြုအမူဖြစ်သည်ဟု မဆိုနိုင်ပေ။

ဒုရဲအုပ်စခန်းမှူး ကြီးရွှေ ပါ–၄ နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ–၂ ၁

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ အမှုကို ချေဖျက်နိုင်ရေး ကိစ္စတွင် တရားလိုဘက်မှ စွပ်စွဲချက်များကို မှန်ကန်သည်ဟု လက်ခံသည့် တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်း ရှိမရှိ၊ မှန်ခဲ့လျှင် ပြစ်မှုမြောက်မည့် စွပ်စွဲချက်များကို ထောက်ခံမည့် သက်သေခံချက် ရှိ မရှိ ဆိုသော အချက်များကို အလေးအနက်ထား စဉ်းစားရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ အမှုကို ချေဖျက်ရေးကိစ္စတွင် အလေးအနက်ထား စဉ်းစားရမည့်အချက်မှာ တရားလိုဘက်မှ စွပ်စွဲချက်များကို မှန်ကန်သည်ဟု လက်ခံသည့်တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်း ရှိမရှိ၊ မှန်ခဲ့လျှင် ပြစ်မှုမြောက်မည့် စွပ်စွဲချက်များကို ထောက်ခံမည့် သက်သေခံချက် ရှိ မရှိ ဆိုသော အချက်များပင်ဖြစ်သည်။

တရားလိုဘက်မှ စွပ်စွဲချက်များကို မှန်ကန်သည်ဟု လက်ခံသည့်တိုင် အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက် ခြင်း မရှိလျှင်သော်လည်းကောင်း၊ မှန်ကန်ခဲ့လျှင် ပြစ်မှုမြောက်မည့် စွပ်စွဲ ချက်များကို ထောက်ခံမည့် သက်သေခံချက် လုံးဝမရှိလျှင်သော်လည်း ကောင်း တရားရုံးချုပ်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က ပါ အာဏာကို ကျင့်သုံးလျက် အမှုကို ချေဖျက်ပေးနိုင်မည်ဖြစ်သည်။

**ဦးညီလေးနှင့် နိုင်ငံတော် ပါ–၂ ၁**

အထက်တွင် ဖော်ပြခဲ့သော တရားလိုဘက် စွပ်စွဲချက်များကို မှန်ကန် သည်ဟု လက်ခံလျှင် တရားခံ ဦးစံရှိန်အနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူး လွန်ကြောင်း ပေါ်ပေါက်ဖွယ်ရာ အကြောင်းများ ရှိနေသည့်အပြင် ထိုစွပ်စွဲ

ချက်များကို ထောက်ခံမည့် သက်သေခံချက်များလည်း ရှိနိုင်ဖွယ်ရှိရာ စာမျက်နှာ တရားရုံးချုပ်အနေဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က ပါ အာဏာကို ကျင့်သုံးလျက် ယင်းအမှုအား ချေဖျက်ပေးနိုင်သည့် အခြေအနေ မရှိပေ။

ဦးစံချိန် (ခ) ဦးစံရှိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ–၂ ... ၂၀

**တရားရုံးချုပ်၏ ညွှန်ကြားချက်အမှတ် ၁၁/၈၉ အရ သက်သေခံပစ္စည်းနှင့် စပ်လျဉ်းသော အပိုင်နှင့်ချမှတ်နိုင်ရန် အလို့ငှာ လိုအပ်သော စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အထက်ပါ ညွှန်ကြားချက်များအရ သက်သေခံပစ္စည်း နှင့် စပ်လျဉ်း၍ ဖွင့်လှစ်သော ပြစ်မှုဆိုင်ရာ အထွေထွေမှုတွင် တရားရုံးက စုံစမ်းစစ်ဆေးခြင်းနှင့် အခြားလိုအပ်သော သက်သေခံ အထောက်အထား များကို ရယူခြင်း ပြုလုပ်ရမည်ဖြစ်သည်။

မန္တလေးတိုင်း တရားရုံး (မြင်းခြံမြို့နယ်စု) အနေဖြင့် သက်သေခံ ပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ အထွေထွေမှု ဖွင့်လှစ်ခဲ့သော်လည်း စုံစမ်းစစ်ဆေးခြင်းနှင့် အခြားလိုအပ်သော သက်သေခံ အထောက်အထား များကို ရယူခြင်း မပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးဉာဏ်ဝင်း(ခ)ဦးမှုသီး ... ၆၅

**ကာယိန္ဒြေပျက်စီးစေမှုနှင့် ရပ်ရွာငြိမ်ဝပ်ပိပြားရေး ထိခိုက်ပျက်ပြားစေမှု တို့ကို တစ်ချိန်တစ်ပြိုင်တည်း ဖောက်ဖျက်ကျူးလွန်ခဲ့ရာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅(၁) ပါ အမှုအမျိုးအစားနှင့် အကျုံးဝင်နေ ခြင်း၊ ကာယိန္ဒြေ ပျက်စီးစေမှုမှ အပြစ်ဒဏ်ကို တရားခံအပေါ် ခြေချုပ်နှင့် ခံဝန်အက်ဥပဒေအရ ချမှတ်ထားသော ခံဝန်ချုပ်အမိန့်နှင့် တစ်ပြိုင်တည်း ကျခံစေရန် မချမှတ်နိုင်သဖြင့် ပြစ်ဒဏ်နှစ်ကြိမ် ချမှတ်ရာ မရောက်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သီးခြားပြစ်မှုများဆိုသည်မှာ တစ်ချိန်တစ်နေရာ တည်းမှာပင်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ဥပဒေ၏သီးခြားပုဒ်မအတွင်း ကျရောက် သော ပြစ်မှုများကို ကွဲပြားခြားနားသော ပုဂ္ဂိုလ်များအား ကျူးလွန်လျှင် သီးခြားပြစ်မှုပင်ဖြစ်သည်။

ထို့ကြောင့် ဥပဒေကြောင်းအရ ထွန်းပွားအပေါ် (ရဝတ) ဥက္ကဋ္ဌက စာမျက်နှာ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေအရ စွဲဆိုသော ပြစ်မှုသေးမှုကို ထွန်းပွားအပေါ် မစုစုနိုင်က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၅၄ အရ စွဲဆိုသော ပြစ်မှုကြီးမှုနှင့် အတူ တစ်မှုတည်း၊ ပုဒ်မတစ်ရပ်တည်းဖြင့် တစ်ပေါင်းတည်း စစ်ဆေး၍ စွဲချက်တင် အပြစ်ပေးနိုင်မည် မဟုတ်ပေ။

ထွန်းပွားသည် မစုစုနိုင်အား ကာယိန္ဒြေ ပျက်စီးစေမှုနှင့် ရပ်ရွာငြိမ်ဝပ်ပိပြားရေး ထိခိုက်ပျက်ပြားစေမှုတို့ကို တစ်ချိန်တစ်ပြိုင်တည်း ဖောက်ဖျက်ကျူးလွန်ခဲ့ရာ ရောက် သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅(၁) ပါ အမှုအမျိုးအစားနှင့် အကျုံး ဝင်နေရာ ယခုအမှုတွင် ယင်းဥပဒေပုဒ်မ ၄၀၃(၂) အရ ထွန်းပွားအပေါ် ထပ်မံစွဲဆိုစစ်ဆေး အပြစ်ပေးနိုင်ပေသည်။ ထို့ပြင် ယခုအမှုမှ ပြစ်ဒဏ်ကို ထွန်းပွားအပေါ် ခြေချုပ်နှင့် ခံဝန်အက်ဥပဒေအရ ချမှတ်ထားသော ခံဝန်ချုပ်အမိန့်နှင့် တစ်ပြိုင်တည်း ကျခံစေရန်လည်း မချမှတ်နိုင်သဖြင့် ပြစ်ဒဏ်(၂)ကြိမ် ချမှတ်ရာ မရောက်နိုင်ပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ထွန်းပွား ... ၇၂

**ပြင်ဆင်မှု လျှောက်ထားခံရသူအပေါ် အကြောင်းကြားစာ ချမှတ်ရာတွင် အကြောင်းကြားစာ တရားဝင်အတည်ဖြစ်ကြောင်း ထောင်ပိုင်၏ ပြန်ကြားချက်ရရှိခြင်း သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉(၂)အရ လျှောက်ထားခံရသူတွင် ထုချေရန် အခွင့်အရေးများ ရရှိပြီးဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ တရားရုံးချုပ်၏ စီရင်ချက်တွင် ဦးဘိန်လေးအား အကြောင်းကြားစာ ချမှတ်ရာတွင် တရားဝင်အတည်ဖြစ်ကြောင်း ထောင်ပိုင် ဦးတင်ကြွယ်က ၂၄–၄–၉၂ နေ့တွင် ယင်းအချက်ကို ပြန်ကြားထားပြီး တရားရုံးချုပ်က အမှုကြားနာသောနေ့မှာ ၁၉၉၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်ဖြစ်သောကြောင့် ဦးဘိန်လေးတွင် ထုချေခွင့် အခွင့်အရေးများ ရရှိပြီးဖြစ်ကြောင်း။

ဦးဘိန်လေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ–၂ ... ၁၄၂

**လက်ဝယ်ထားရှိခြင်းဖြင့် ပြစ်ဒဏ်ထိုက်သင့်သော အမှုမျိုးများတွင် ရှာဖွေပုံစံပါ ဖော်ပြချက်များသည် အမှု၏ အဓိကပင်မကျောရိုးဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ လက်ဝယ်ထားရှိခြင်းဖြင့် ပြစ်ဒဏ်ထိုက်သင့်သော အမှုမျိုးများတွင် ရှာဖွေပုံစံပါ ဖော်ပြချက်များသည် အမှု၏ အဓိကပင်မ ကျောရိုးဖြစ်သည်။ ထို့ကြောင့် လက်ဝယ်တွေ့ရှိမှုနှင့် စပ်လျဉ်း၍ အငြင်းပွားမှု နည်းနိုင်သမျှ နည်းစေရန် ရှာဖွေပုံနည်းလမ်းများကို ဥပဒေနည်းဥပဒေများဖြင့်

အခိုင်အမာ ပြဋ္ဌာန်းကြရ သည်။ သို့သော် ပစ္စည်းလက်ဝယ်တွေ့ရှိနေကြောင်း စာမျက်နှာ
အငြင်းမပွား အခိုင်အမာ ပေါ်ပေါက်နေလျှင် ရှာဖွေပုံနည်းလမ်း မကျရုံမျှဖြင့် ပစ္စည်းလက်ဝယ် တွေ့ရှိကြောင်း ပေါ်ပေါက်နေခြင်းကို ပျက်ပြယ်စေခြင်း မရှိကြောင်း ဆုံးဖြတ်ခဲ့ကြသည်များလည်း အများအပြား ရှိခဲ့သည်။

ဒေါ်မရစ်လု နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၁၄၅

**တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ပါက သက်သေခံပစ္စည်းကို အထူး အကြောင်းမရှိလျှင် ပစ္စည်းသိမ်းခံရသူအား ပြန်ပေးရန်ဟူသော မူကို သုံးသပ်ခြင်းမရှိဘဲ အမွေဆက်ခံပိုင်ခွင့်ကိုသာ အဓိကသုံးသပ်ဆုံးဖြတ် လျှင် မှန် မမှန်။**

**ဆုံးဖြတ်ချက်။** ။ဤသို့သော ထူးခြားသည့်အခြေအနေတွင် အချင်းဖြစ် ကားကို လက်ရှိထားခွင့်ရှိသူမှာ ဒေါ်မြဦးသာ ဖြစ်သင့်သည်၊ ဒေါ်စန်းစန်းဦး အား အပြီးအပြတ် လွှတ်ခဲ့ခြင်း၊ ၎င်းထံမှ ကားသိမ်းခဲ့ခြင်း၊ ၎င်းအား ကိတ္တိမ သမီးအဖြစ် မွေးစားခဲ့ခြင်းတို့ကို အကြောင်းပြုပြီး ၎င်းကားအား ပြန်ပေးရန် တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ နှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

ဒေါ်မြဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂ ... ၁၅၁

**ကားအရောင်းအဝယ်စာချုပ်တွင် ကားရောင်းသူအဖြစ် လက်မှတ်ရေးထိုး ခဲ့သူအား ခေါ်ယူစစ်ဆေးသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက သက်သေခံ"က" ကား အရောင်းအဝယ်စာချုပ်တွင် ကားရောင်းသူအဖြစ် လက်မှတ်ရေးထိုးခဲ့သော ဦးလှသောင်းအား သက်သေ အဖြစ် ခေါ်ယူစစ်ဆေးသင့်ကြောင်း၊ အရောင်းအဝယ်စာချုပ်တွင် သက်သေခံ အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့သော ဦးကြည်မောင်၊ ဦးတင်ဦးနှင့် ဦးညွန့်မောင်တို့အနက် ဦးတင်ဦးနှင့် ဦးကြည်မောင်ကို စစ်ဆေးခဲ့ပြီးဖြစ်၍ ဦးညွန့်မောင်အား ခေါ်ယူစစ်ဆေးရန် မလိုတော့ဟု ယူဆကြောင်းဖြင့် လျှောက်လဲတင်ပြသွားသည်။

ရှေ့နေချုပ်ရုံး၏ တင်ပြချက်သည် ဖြစ်ရပ်မှန်အပေါ် အခြေခံခြင်းဖြစ် သည်ဟု သုံးသပ်တွေ့ရှိ၍ ကျွန်ုပ်လည်း ထိုအချက်ကို သဘောတူသည်။

ဒေါ်မြင့်မြင့်ဌေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂ ... ၁၅၈

**တရားခံအား အပြစ်ပေးခဲ့ရာ၌ သက်သေခံကားမှာလည်း လိမ်လည်မှုကျူးလွန်ခြင်းနှင့် ပတ်သက်သော ပစ္စည်းဖြစ်နေ၍ ယင်းပစ္စည်းကို ပြစ်မှုကျူးလွန်သူအနေဖြင့် လက်ဝယ်ပြန်လည်ရထိုက်သည်ဟု ဆိုနိုင် မဆိုနိုင်။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ယခုကိစ္စ၌ ဦးမွေးမောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ ပြစ်ဒဏ်ချမှတ်ခဲ့သည့် အမိန့်မှာ သက်သေခံကားလိုင်စင်စာရွက်များနှင့်သာမက သက်သေခံကားနှင့် ပတ်သက်၍လည်း ချမှတ်ခဲ့သော ပြစ်ဒဏ်ဖြစ်သည်ဟုသာ ကောက်ယူရမည်ဖြစ်ရာ မူလရုံးတရားခံဖြစ်သည့် ဦးမွေးမောင်အား အပြစ်ပေးခဲ့ရာ၌ သက်သေခံကားမှာလည်း လိမ်လည်မှု ကျူးလွန်ခြင်းနှင့် ပတ်သက်သောပစ္စည်းဖြစ်နေ၍ ယင်းပစ္စည်းကို ပြစ်မှုကျူးလွန်သူ ဦးမွေးမောင်အနေဖြင့် လက်ဝယ်ပြန်လည်ရထိုက်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ တရားခံအား ပြစ်မှုထင်ရှား စီရင်ခဲ့ရာ၌ ပိုင်ဆိုင်ခွင့် စာရွက်စာတမ်းများအရ လက်ရှိဖြစ်ထိုက်သူဟု ထင်ရှားသူ ဒေါ်မသန်းမေအားသာလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ပြန်လည်ပေးထားစေရန် အမိန့်ချမှတ်ထိုက်ပေသည်။

ဦးမွေးမောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂ ... ၁၆၁

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၉ အရ တရားလိုနှင့်ဇနီးတို့ နေထိုင်ရာ၌ အမှုစတင်ဖြစ်ပေါ်သည့် မြို့နယ်တရားရုံးတွင်လည်းကောင်း၊ တရားခံနှင့်ဇနီးတို့ ပေါင်းသင်းနေထိုင်ရာ၌ အမှု၏ အကျိုးဆက် ဖြစ်ပေါ်ရာ အရပ်ဒေသရှိ မြို့နယ်တရားရုံးတွင်လည်းကောင်း စီရင်ပိုင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၉ အရ တရားလို ဦးသောင်းမြင့်နှင့် ဇနီး ဒေါ်စန်းကြွေတို့ နေထိုင်ရာ၌ အမှုစတင်ဖြစ်ပေါ်သည့် အင်းစိန်မြို့နယ် တရားရုံးတွင်လည်းကောင်း၊ တရားခံ ဦးမောင်ကြိုင်နှင့် ဒေါ်စန်းကြွေတို့ပေါင်းသင်းနေထိုင်ရာ၌ အမှု၏ အကျိုးဆက် ဖြစ်ပေါ်ရာ အရပ်ဖြစ်သော သရက်မြို့နယ် တရားရုံးတွင်လည်းကောင်း စီရင်ပိုင်ခွင့်ရှိပေသည်၊ သို့ရာတွင် အမှု၌ ပေါ်လွင်သည်မှာ တရားလို၏ ဇနီး ဒေါ်စန်းကြွေမှာ အင်းစိန်မြို့သစ်ရပ်ကွက်တွင် တရားလိုနှင့် ပေါင်းသင်းနေထိုင်ရာမှ ပျောက်ဆုံးသွားပြီး သရက်မြို့နယ်တွင် တရားခံနှင့်အတူ ပေါင်းသင်းနေထိုင်သည်ဟု ပေါ်ပေါက်နေ၍လည်းကောင်း၊ အမှုတွင် တရားခံကို စစ်ဆေးပြီးအဆင့်သို့ ရောက်ရှိပြီးဖြစ်၍ အမှုမြန်ဆန်ရေးကို

ထောက်ရှု၍လည်းကောင်း၊ အမှုစတင်ဖြစ်ပွားရာဖြစ်သော အင်းစိန်မြို့နယ် တရားရုံးတွင် ဆက်လက်စီရင်ရန် သင့်မြတ်ပေသည်၊ ထို့ပြင် လျှောက်ထားခံရသူဘက်မှ တင်ပြသကဲ့သို့ အချင်းဖြစ် အမှုကို အင်းစိန်မြို့နယ် တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း မကျရောက်ဆိုပါကလည်း အင်းစိန်မြို့နယ် တရားရုံးသည် အချင်းဖြစ်အမှုကို စီရင်ဆုံးဖြတ်နိုင်သည့် အာဏာရှိ၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ အရ ကုစားရနိုင်ပေသည်။ စာမျက်နှာ

ဦးသောင်းမြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂ ... ၁၉၉

**တရားရုံးချုပ်က အမိန့်ချမှတ်သည့်နေ့မှ တစ်လကျော်လွန်ပြီးမှ မြို့နယ် တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်း၊ ယင်းအမိန့်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂(၁) ပါ မြွှာန်းချက်နှင့် ညီညွတ်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်အခန်းကို ဒေါ်သန်းကြည်နှင့် ဦးတင်မောင်သန်း(ခ) ဦးခင်မောင်သန်းတို့က သော့ခတ်၍ ပိတ်ထားရာတွင် ခြောက်လှန့်မှု ပြုလုပ်ကြောင်း မပေါ်ပေါက်သည့်အပြင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၉ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အနိုင်အထက်ပြုမှုကို ကျူးလွန်ကြောင်းလည်း မပေါ်ပေါက်ပေ။

တရားရုံးချုပ်က အယူခံမှုအမှတ် ၂၂/၉၂ ကို (၁၅-၇-၉၂) ရက်နေ့တွင် စီရင်ဆုံးဖြတ်ခဲ့သည်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ လျှောက်ထားသည့် ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၁၈၆/၉၂ ကို ပန်းဘဲတန်းမြို့နယ် တရားရုံးက (၂၈-၈-၉၂) ရက်နေ့တွင် ဆုံးဖြတ်ခဲ့ပါသည်၊ သို့ဖြစ်၍ တရားရုံးချုပ်က အမိန့်ချမှတ်သည့်နေ့မှ (၁) လကျော်လွန်ပြီးမှ မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေ၍ မြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော တိုင်းတရားရုံး၏အမိန့်တို့မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁)ပါ ပြဋ္ဌာန်းချက် **ကောဒါနတ်နှင့်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်**[၁] အမှုတွင် ပြဆိုထားချက်နှင့် ညီညွတ်ခြင်းမရှိပေ။

ဒေါ်သန်းကြည် ပါ-၂နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂ ၂၁၁

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ အမိန့်ချမှတ်ရာ၌ တရားခံအား အပြစ်မရှိ၍ အမှုမှ အပြီးအပြတ် လွှတ်ခဲ့လျှင် သက်သေခံပစ္စည်းကို သာမန်အားဖြင့် အကြောင်းထူးမရှိပါက ပစ္စည်းသိမ်းဆည်းခြင်း ခံရသူထံ**

**ပြန်ပေးထားစေရန် အမိန့်ချမှတ်ရန် ဖြစ်သော်လည်း အကြောင်းထူး စာမျက်နှာ ရှိနေလျှင် ယင်းကဲ့သို့ အမိန့်ချမှတ်ရန် မသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ သို့ဖြစ်ရာ သက်ဆိုင်ရာ မူလမှု၏ ထူးခြားသော အကြောင်းခြင်းရာအရ မြို့နယ်တရားရုံးက ဦးသိန်းရွှေအား အမှုမှ စွဲချက် မတင်မီ ပြန်လွှတ်ထားခဲ့ရုံမျှဖြင့် ၎င်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇(၁) အရ သက်သေခံ ဆင်များကို လက်ရှိထားပိုင်ခွင့်ရှိသူဖြစ်သည် ဟု တောင်းဆိုနိုင်ရန် ခဲယဉ်းပြီး သဘာဝကျနိုင်မည် မဟုတ်ပေ။

သက်သေခံဆင်များကို အမှုအတောအတွင်း လက်ရှိထိန်းသိမ်းခွင့်ရရန် အတွက် နှစ်ဘက် အပြိုင်အဆိုင် လျှောက်ထားခဲ့ကြစဉ်ကလည်း တရား ရုံးချုပ်က ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေ(အထူးအယူခံမှု) အမှတ် ၈၅ နှင့် ၈၆ တို့၌ သက်သေခံ ဆင်(၂) ကောင်စလုံးကို မူလရုံးတရားလို ဦးသန်းရွှေအား ထိန်းသိမ်းစေရန် ပေးအပ်ခဲ့သည့် တရားရုံးချုပ်၏အမိန့်ကို အတည်ပြု၍ မူလရုံးတရားခံ ဦးသိန်းရွှေ၏ အထွေထွေလျှောက်လွှာကို ပလပ်ခဲ့ပြီးဖြစ်သည်။

ဦးသိန်းရွှေဘက်မှ စီရင်ထုံး အကိုးအကားများ တင်ပြခဲ့သော်လည်း ယင်းစီရင်ထုံးများပါ အမှုအဖြစ်အပျက်များမှာ ယခုအမှုပါ အဖြစ်အပျက် အကြောင်းခြင်းရာနှင့် ထပ်တူကိုက်ညီသောအမှုများ ဖြစ်သည်ဟု မဆိုနိုင်ပေ။

တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ အမိန့်ချမှတ် ရာ၌ တရားခံအား အပြစ်မရှိ၍ အမှုမှ အပြီးအပြတ်လွှတ်ခဲ့လျှင် သက်သေခံ ပစ္စည်းကို သာမန်အားဖြင့် အကြောင်းထူးမရှိပါက ပစ္စည်းသိမ်းဆည်းခြင်း ခံရသူထံ ပြန်ပေးထားစေရန် အမိန့်ချမှတ်ရန် ဖြစ်သော်လည်း ယခုအမှု တွင်မူ အကြောင်းထူးရှိနေသဖြင့် ယင်းသို့ အမိန့်ချမှတ်ရန်မသင့်ပေ။

ဦးသန်းရွှေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ–၂ ... ၂၁၅

**မတရားတားဆီးပိတ်ပင်သူအား မတရား တားဆီးပိတ်ပင်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ အပြစ်ပေးရာတွင် မတရားတားဆီးပိတ်ပင်ထားမှုကို ဖယ်ရှားစေရန် အမိန့်ချမှတ်ခြင်း မပြုနိုင်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ အရ လျှောက်ထားမှုတွင်သာ ထိုကဲ့သို့သောအမိန့်မျိုးကိုချမှတ်နိုင်သည်။**

**ဆုံးဖြတ်ချက်။** ။ ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့အပေါ် ဦးတင်အေး က ရန်ကုန်တိုင်း တရားရုံး၌ တရားမမှု စွဲဆိုသောကြောင့် ဦးသိန်းတင်နှင့်

ဒေါ်အုန်းကျင်တို့က ခြံဝင်းအတွင်းသို့ ဦးတင်အေးတို့ ဝင်ထွက်သွားလာခြင်း မပြုနိုင်အောင် ခြံဝင်းတံခါးကို ပိတ်ထားခြင်းမှာ သဘောရိုးဖြင့် ပြုလုပ်ခြင်းဖြစ်သည်ဟု မဆိုနိုင်ပေ၊ အချင်းဖြစ်မြေကွက်နှင့် ဂိုဒေါင်အား ဦးတင်အေးတို့ ဝင်ထွက်သွားလာခြင်း မပြုနိုင်အောင် ဦးသိန်းတင်တို့အနေဖြင့် ပိတ်ပင်တားဆီးခြင်းမှာ သဘောရိုးဖြင့် ပိတ်ပင်တားဆီးခြင်းမဟုတ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၉ ၏ ကင်းလွတ်ချက်၌ အကျုံးမဝင်ပေ။ စာမျက်နှာ

တစ်ဦးတစ်ယောက်သောသူ သွားလာပိုင်ခွင့်ရှိသော အရပ်သို့ မသွားမလာရအောင် မိမိအလိုအလျောက် တားဆီးပိတ်ပင်လျှင် မတရားတားဆီးကန့်ကွက်မှုမြောက်ကြောင်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၉ တွင် ပြဋ္ဌာန်းထားသည်၊ ထို့ကြောင့် ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့အပေါ် အင်းစိန်မြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ ပြစ်မှုထင်ရှားတွေ့ရှိပြီး အပြစ်ပေးထားခြင်းမှာ မှားယွင်းမှုမရှိပေ။

မတရား တားဆီးပိတ်ပင်သူအား မတရားတားဆီး ပိတ်ပင်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ အပြစ်ပေးရာတွင် မတရားတားဆီးပိတ်ပင်ထားမှုကို ဖယ်ရှားစေရန် အမိန့်ချမှတ်ခြင်း မပြုနိုင်ပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ အရ လျှောက်ထားမှုတွင်သာ ထိုကဲ့သို့သော အမိန့်မျိုးကို ချမှတ်နိုင်သည်။

ဦးသိန်းတင် ပါ–၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ–၂ ၂၂၂

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ အရ အရေးယူပေးရန် တိုင်တန်းစွဲဆိုရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(က) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(က)တွင် "မည်သည့်တရားရုံးကမျှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၂ မှ ၁၈၈ အထိ ပြစ်ဒဏ်စီရင်ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၏ သို့မဟုတ် ၎င်း၏အထက်ပြည်သူ့ဝန်ထမ်း၏စာဖြင့် ရေးသားတိုင်တန်းချက်အရမဟုတ်လျှင် အရေးယူ ဆောင်ရွက်ခြင်းမပြုရ"ဟု ပြဋ္ဌာန်းထားသည်။

မူလရုံးအမှုတွင် ဒုရဲအုပ် စခန်းမှူး သုခသည် တရားခံ ဦးအေးကိုအား အရေးယူပေးရန် တရားရုံးသို့ စာဖြင့် ရေးသားတိုင်တန်းခဲ့သည်ကို မတွေ့ရဘဲ ရဲစခန်းသို့သာ သတင်းပေးတိုင်တန်းခဲ့ကြောင်း တွေ့ရှိသည်။

ထို့ပြင် ၎င်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(က) ပါ "သက်ဆိုင်ရာပြည်သူ့ဝန်ထမ်း" ဖြစ်ကြောင်းသော်လည်းကောင်း၊ ထိုဝန်ထမ်း၏ အထက် ပြည်သူ့ဝန်ထမ်းဖြစ်ကြောင်းသော်လည်းကောင်း ပေါ်ပေါက်ခြင်း မရှိပေ။ သို့ဖြစ်၍ မူလရုံးအမှုမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(က)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်သည်ဟု မဆိုသာပေ။ စာမျက်နှာ

ဦးအေးကို နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂ ... ၂၃၂

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလအမှုကို ချေဖျက်ပေးရန် လုပ်ပိုင်ခွင့်ကို တရားရုံးချုပ်က အလွယ်တကူ ကျင့်သုံးလေ့မရှိခြင်း၊ မူလရုံး တရားလို၏ စွဲဆိုချက် မှန်ကန်စေကာမူ မည်သည့်ပြစ်မှုမျှမြောက်နိုင်မည်မဟုတ်သော အမှုများတွင်သာ ယင်းလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တရားရုံးချုပ်က မူလရုံးအမှုတွဲကို ချေဖျက်ပေးရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ အထက်ဖော်ပြပါ နှစ်ဘက်တင်ပြချက်များနှင့်စပ်လျဉ်း၍ မူလရုံးအမှုတွဲကို လေ့လာကြည့်ရှုရာတွင် တရားလိုပြသက်သေ (၄) ဦးရှိသည့်အနက် (၂) ဦးကို စစ်ဆေးပြီးသောအခါမှ မူလရုံးတရားခံ ဦးအောင်လင်းနှင့် ဒေါ်တင်မေတို့က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလရုံး အမှုတွဲကို ချေဖျက်ပေးရန် တရားရုံးချုပ်သို့ တင်ပြလျှောက်ထားလာခြင်းဖြစ်သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ မူလရုံးတရားခံ ဦးအောင်လင်းတို့အနေဖြင့် စစ်ဆေးပြီးဖြစ်သော မူလရုံးတရားလို ဦးသိန်းအောင်နှင့် အဓိကတရားလိုပြသက်သေ ဦးချင်ချန်းတို့၏ ထွက်ချက်အရ ဦးအောင်လင်းတို့အပေါ် ပြစ်မှုကြောင်းအရ စွဲချက်တင်လောက်သော အခြေအမြစ်မရှိဟု တင်ပြလိုပါက၊ ထိုစစ်ဆေးပြီးသော အဓိကသက်သေ(၂) ဦး၏ ထွက်ချက်နှင့်ပင် သုံးသပ်၍ မူလရုံးတရားခံတို့အား စွဲချက်မတင်မီ အမှုမှ လွှတ်ပေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၂) အရ မူလရုံး၌ပင် တင်ပြလျှောက်ထားရန် အခွင့်အရေး ရှိနေပြီးဖြစ်သည်။

ဦးအောင်လင်းတို့အနေဖြင့် ယင်းသို့ အခွင့်အရေးရှိနေသောကိစ္စတွင် တရားရုံးချုပ်က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလရုံးအမှုတွဲကို ချေဖျက်ပေးရန်သင့်မည်မဟုတ်ပေ။

ဦးအောင်လင်း ပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂ ... ၂၄၀

**အမှုသည်များထံမှ အမှုအဖြစ်အပျက် အကြောင်းအရာများကို ဆွေးနွေး သိရှိခဲ့ရပြီးနောက် အထက်ဖော်ပြပါ ပြောကြားခဲ့သူနှင့် ဆန့်ကျင်ဘက် အမှုသည်၏ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်းသည် ရှေ့နေရှေ့ရပ် များ စောင့်ထိန်းအပ်သော ကျင့်ဝတ်သိက္ခာနှင့် လျော်ညီခြင်း ရှိမရှိ။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ ရှေ့နေအသင်းတွဲဖက်အတွင်းရေးမှူးအဖြစ် တည်ရှိခဲ့စဉ် တာဝန်ရှိသူတစ်ဦးအနေဖြင့်လည်းကောင်း၊ လုပ်သက်ရင့် တရားရုံးချုပ်ရှေ့နေတစ်ဦးအနေဖြင့်လည်းကောင်း၊ အမှုသည်များ၊ အမှုအဖြစ်အပျက် အကြောင်းအရာများကို ဆွေးနွေးသိရှိခဲ့ရပြီးနောက် ရှေ့နေအသင်း အမှုဆောင်တာဝန်နှင့် အသင်းသားအဖြစ်မှ နုတ်ထွက်ခဲ့ကာ မိမိအား အထက်ဖော်ပြပါ ပြောကြားခဲ့သူနှင့် ဆန့်ကျင်ဘက်အမှုသည်၏ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်းသည် ရှေ့နေရှေ့ရပ်များ စောင့်ထိန်းအပ်သော ကျင့်ဝတ်သိက္ခာနှင့် လျော်ညီခြင်းမရှိဟု သဘောရရှိပေသည်။

ဦးအောင်ထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂ ... ၂၃၇

**ဆေးထိုးရာတွင် မိမိမပါဘဲ ပူးတွဲတရားခံသာ ပါဝင်ပါသည်ဟု ဖြောင့်ဆိုခြင်းသည် ကိုယ်လွတ်ရုန်းရာရောက်ခြင်း၊ ထိုသို့ ကိုယ်လွတ်ရုန်းသော အချက်အလက်များကို လက်မခံသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ သက်သေခံဥပဒေပုဒ်မ ၃၀ အရ ပူးတွဲတရားခံ၏ ဖြောင့်ချက်ကို အခြားပူးတွဲတရားခံအပေါ် အသုံးပြုခွင့်ရှိသော်လည်း အလားတူ ပြစ်မှု(Same offence) ဖြင့် ပူးတွဲစွပ်စွဲခံရသည့်ကိစ္စများတွင်သာ အသုံးချခွင့်ရှိသည်။ ဥပဒေပြဋ္ဌာန်းချက်၏ ဆိုလိုရင်းမှာ ကိုယ်လွတ်ရုန်းပြီး တစ်ဦးအပေါ်တစ်ဦး အပြစ်ပုံချခြင်းမျိုးကို ကာကွယ်လိုဟန်ရှိသည်၊ ဘိန်းဖြူထိုး၍ လူသေသောအမှုတွင် အလောင်းနှင့် ဆေးထိုးအပ်သာ ဖျောက်ဖျက်ကြောင်း ဖြောင့်ဆိုသည့် တရားခံမှာ ဆေးထိုးရာတွင် မိမိမပါဘဲ ပူးတွဲတရားခံသာ ပါဝင်ပါသည်ဟု ဖြောင့်ဆိုခြင်းသည် ကိုယ်လွတ်ရုန်းရာရောက်သည်၊ ထို့ကြောင့် ထိုသို့ ကိုယ်လွတ်ရုန်းသော အချက်အလက်များ ကို လက်မခံသင့်ပေ။

မခင်စောကြည် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၄

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲဆိုသောအမှုတွင် အိမ်အရောင်း အဝယ်စာချုပ်နှင့် တိုက်ဆိုင်မေးမြန်းရန် လိုအပ်မှု ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ တရားလိုကို စစ်ဆေးနေဆဲအဆင့်တွင် အိမ်ရောင်းရငွေ မည်မျှဖြစ်သည်ဆိုသည့်အချက်မှာ သက်သေခံဥပဒေပုဒ်မ ၉ အရ

အမှုတွင် စပ်ဆိုင်သော အကြောင်းခြင်းရာ ဖြစ်သဖြင့် ဤအချက်ကို ရှင်းလင်း (သို့မဟုတ်) ဖော်ထုတ်ရန် (သို့မဟုတ်) မှန်ကန်ကြောင်း ထောက်ခံရန် (သို့မဟုတ်) မမှန်ကြောင်း ချေပရန်အတွက် အိမ်အရောင်း အဝယ်စာချုပ်များသည် တရားရုံးရှေ့တွင် ရောက်ရှိရန် လိုအပ်မည်ဖြစ်သည်။ စာမျက်နှာ

ဦးလှကြိုင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ–၄ ... ၁၈၈

**စာရွက်စာတမ်းပါ အချက်အလက်များကို ဆန့်ကျင်၍ မတင်ပြနိုင်ကြောင်း သက်သေခံ အက်ဥပဒေပုဒ်မ ၉၁ က ပိတ်ပင်ထားသည်၊ သို့ရာတွင် အဆိုပါ စာရွက်စာတမ်းများမှာ လိမ်လည်ပြုလုပ်ထားသော မရိုးမသား ပြုလုပ်ထားသည့် စာရွက်စာတမ်းများဖြစ်လျှင် သက်သေခံဥပဒေအရ ပိတ်ပင်ထားမှု ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ စာရွက်စာတမ်းပါ အချက်အလက်များကို ဆန့်ကျင်၍ မတင်ပြနိုင်ကြောင်း သက်သေခံအက်ဥပဒေပုဒ်မ ၉၁ က ပိတ်ပင်ထားသည်၊ စာတမ်းအမှတ်အသား သက်သေခံချက်မှာ မမှန်ကန် ပြုလုပ်ထားကြောင်း နှုတ်သက်သေခံဖြင့် တင်သွင်းနိုင်ခွင့်ရှိပေမည်၊ ထို့ကြောင့် ယခုအမှုတွင် ငွေရပြေစာပါ ငွေအတိုင်း မရရှိကြောင်း လုပ်ငန်းရှင်များ၏ ထွက်ဆိုချက်ကို မူလရုံးက လက်ခံထားခြင်းမှာ သက်သေခံအက်ဥပဒေ ပုဒ်မ ၉၁၊ ၉၂ တို့နှင့် ဆန့်ကျင်ခြင်းမရှိပေ။

ဦးအောင်သန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၂၄၁

**နေအိမ်တွင် တပ်ဆင်ရန်အတွက် ခွင့်ပြုခဲ့သော လျှပ်စစ်မီတာအား ရောင်းချသည့်ကိစ္စတွင် မသမာစွာဖြင့် ကူပုံမှ ပြုလုပ်သူ ဝန်ထမ်းသည် ဌာနဆိုင်ရာ စည်းကမ်းကို ဖောက်ဖျက်မှုသာ မဟုတ်ဘဲ မသမာမှုများပါ ပါဝင်နေကြောင်း တွေ့ရသဖြင့် ပြစ်မှုကြောင်းအရ တာဝန်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ လျှပ်စစ်မီတာမှာ ပြည်သူပိုင်ပစ္စည်းဖြစ်ကြောင်းမှာ သေချာသည်၊ ထို့ကြောင့် လျှပ်စစ်မီတာကို ပြောင်း၍ တပ်ဆင်ခြင်းအားဖြင့် ပြည်သူပိုင်ပစ္စည်းကို အလွဲသုံးစားပြုရာ ရောက်မရောက် စိစစ်ရန် ရှိသည်၊ မိမိနေအိမ်၌ မီတာသုံးခွင့်ကို အခြားအိမ်သို့ ပြောင်းတပ်ခြင်းဖြင့် မိမိအခွင့်အရေးကို မတရားအသုံးပြုရာရောက်သည်၊ သဘောရိုးဖြင့် ဆောင်ရွက်ပါသည်ဟု အကြောင်းပြသည်၊ သို့သော် ပြောင်းတပ်နိုင်ခွင့် ရရေးအတွက် မသမာမှုများဖြစ်သည့် အစိုးရစာရွက်စာတမ်းများကို ပြုပြင်

ရခြင်းအထိ ပြင်ဆင်မှုများ ပြုလုပ်ရသည်၊ ဌာနဆိုင်ရာ စည်းကမ်းကို စာမျက်နှာ ဖောက်ဖျက်မှုသာ မဟုတ်ဘဲ မသမာမှုများပါ ပါဝင်နေကြောင်း သုံးသပ် ရရှိသဖြင့် ပြစ်မှုကြောင်းအရ တာဝန်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဒေါ်နုနု ပါ-၃ ... ၇၇

**မှတ်ပုံတင်ကဒ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြား ထုတ်ပေးခဲ့ခြင်းမှန်လျှင် စာရင်းဇယားများဖြင့် မှတ်တမ်းရှိမည်ဖြစ်ခြင်း၊ တရားခံက ခိုင်လုံသော အထောက်အထား တင်ပြနိုင်ခြင်းမရှိခြင်း၊ တရားခံ၏ ထုချေတင်ပြချက် သည် အလွယ်တကူ ဖန်တီးတင်ပြနိုင်သော အကြောင်းအရာများသာ ဖြစ်၍ လက်ခံစဉ်းစားရန် ခဲယဉ်းခြင်း။**

**ဆုံးဖြတ်ချက်။** ။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ မှတ်ပုံတင်ကဒ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြား ထုတ်ပေးခဲ့ခြင်းမှန်လျှင် စာရင်းဇယားများဖြင့် မှတ်တမ်းရှိမည်ဖြစ်ရာ ထိုအချက်ကို တရားခံက ခိုင်လုံသော အထောက်အထားဖြင့် တင်ပြနိုင်ခြင်း မတွေ့ရပေ၊ တရားခံ၏ ထုချေတင်ပြချက်သည် အလွယ်တကူ ဖန်တီးတင်ပြနိုင်သောအကြောင်း အရာများသာဖြစ်၍ လက်ခံစဉ်းစားရန် ခဲယဉ်းသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် လောက်ဆန်အောင်(ခ)စိုင်းမောင်ရီ ၁၀၆

**ကလေးသူငယ် ဟုတ်မဟုတ်နှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သော တိုင်းတရားရုံး၏ အမိန့်မှာကလေးသူငယ်များ အက်ဥပဒေပုဒ်မ ၂၂အရ အပြီးသတ်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ကျောင်းဝင်မှတ်ပုံတင်စာရင်းစာအုပ်ကို တွေ့မြင် စစ်ဆေးကြည့်ရှုခွင့်ရခဲ့သော တိုင်းတရားရုံး၏ သုံးသပ်တွေ့ရှိချက်အရ ယင်းမှတ်ပုံတင်စာအုပ်ကို ယုံကြည်လက်ခံနိုင်မည်မဟုတ်၍ ထိုမှတ်ပုံတင် စာအုပ်အရ ကျောင်းအုပ်ဆရာ ဦးကျော်လင်းက ထုတ်ပေးခဲ့သော သက်သေခံ (က)နှင့် (က-၁) ထောက်ခံစာ (၂) စောင်မှာ ခိုင်လုံသည်ဟု မဆိုနိုင်ချေ။

ဦးကျော်လင်း၏ ထွက်ဆိုချက်တွင် ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ နှင့် ၁၉၈၈ ခုနှစ်တို့တွင် ကျောင်းသားသစ် လက်ခံရရှိမှု မရှိ၍ မှတ်ပုံတင် စာအုပ်တွင် ထိုနှစ်များအတွက် ရေးမှတ်ချက်မရှိခဲ့ခြင်းဖြစ်သည်ဟု ဖြေရှင်း တင်ပြသော်လည်း (၅) နှစ်စာမျှပင် ကျောင်းသားသစ်လုံးဝလက်ခံရရှိမှု မရှိခြင်း ဖြစ်နေသောကြောင့် ယုံကြည်လက်ခံရန် ခဲယဉ်းသည်။

ထို့ပြင် တိုင်းတရားရုံး၏ ၁၆-၇-၉၂ နေ့စွဲပါ နေ့စဉ်မှတ်တမ်းအမိန့် စာမျက်နှာ
တွင် တရားခံ မောင်ဘိုထွန်းသည် အမြင်အားဖြင့် ကလေးဟု သတ်မှတ်၍ မရကြောင်း ဖော်ပြချက်ကိုလည်း တွေ့ရသည့်ပြင်၊ မောင်ဘိုထွန်းက ကိုအိတ်ထောင်အား တံခါးသော့တောင်းမရရုံဖြင့် ခုတ်သတ်ခဲ့၍ ပြစ်ဒဏ်ကြီးလေးသော ပြစ်မှုနှင့် စွပ်စွဲခံထားရသူဖြစ်ရာ ကလေးသူငယ်များ အက်ဥပဒေပုဒ်မ ၂၅(၂) အရ ထည့်သွင်းစဉ်းစားသင့်က စဉ်းစားရန်လည်း ရှိနေပေသည်။

သို့ဖြစ်ရာ မောင်ဘိုထွန်းက မူလမှုတွင် တင်ပြထားသော (လဝက) ဌာနမှ ထုတ်ပေးခဲ့သည့် ထောက်ခံစာနှင့် အိမ်ထောင်စုစာရင်း အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားရန် လိုမည်မဟုတ်ပေ၊ မောင်ဘိုထွန်းသည် နိုင်ငံသားစိစစ်ရေးကတ်ပြားလည်း ပြုလုပ်ပြီးခြင်း မရှိချေ။

မောင်ဘိုထွန်း၏အသက်၊ ကလေးသူငယ် ဟုတ်မဟုတ်နှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သော တိုင်းတရားရုံး၏ အမိန့်မှာ ကလေးသူငယ်များ အက်ဥပဒေပုဒ်မ ၂၂ အရ အပြီးသတ်ဖြစ်ရမည်ဟု ပြဋ္ဌာန်းချက်ကိုလည်း တွေ့ရသည်။

မောင်ဘိုထွန်း (ခ) ထွန်းလှအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၃၇

**အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ စွဲဆိုသောအမှုတွင် နောက်တိုးတရားခံ ထည့်သွင်းလိုပါက တရားစွဲဆိုခွင့်ပြုသည့် အမိန့်ရရှိရန် သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းက လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ တည်မြဲနေသော ဤလုပ်ထုံးလုပ်နည်းအရဆိုလျှင် ဤအမှုတွင် တရားခံအဖြစ်ထည့်သွင်းမည့် ဦးဝင်းတင်အတွက် တရားစွဲဆိုခွင့်ပြုသည့် အမိန့် ရယူရန်လိုမည်ဖြစ်ရာ ယင်းကိစ္စကို တရားစွဲ အဖွဲ့အစည်းက လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားရန် မှတ်ချက် ပြုအပ်ပေသည်။

ဦးဌေးလွင်(ခ)ဝင်းဦး(ခ)အဟိုး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂ ၂၄

**သက်သေခံပဲအိတ်များကို လက်ခံခြင်းသည် ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အကျုံးဝင်ခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ ယခုအမှုတွင်တရားခံ ဒေါ်ဝင်းကြည်သည် ဆိုင်လို (၁၃) ဂိုဒေါင်အမှတ် (၂) (၄) နှင့် (၇) တို့မှ အစိုးရပိုင် သက်သေခံပဲအိတ်

များကို လက်ခံရုံသက်သက်မဟုတ်ဘဲ တရားခံသည် ယင်းသက်သေခံ စာမျက်နှာပဲအိတ်များကို ဂိုဒေါင်စောင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များကို ဂိုဒေါင်မှ တာဝန်ရှိ အလုပ်သမားဝန်ထမ်းများနှင့် ပူးပေါင်းပြီး အဓိကထွက်ပြေး တရားခံ ဒုရဲအုပ်ဦးကြည်ထွန်းနှင့် ဒုတပ်ကြပ် မြင့်ဦးတို့ထံမှတစ်ဆင့် ဝယ်ယူခိုးထုတ်ကာ ရောင်းစားခဲ့ကြောင်း ပေါ်ပေါက်သည်။

ဒေါ်ဝင်းကြည် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၂

ဒေါ်ဝင်းကြည် ပြည်ထောင်စုမြန်မာနိုင်ငံတော်

**အချင်းဖြစ်ချိန်၌ တရားခံနှင့် နှစ်ယောက်ထဲထိုင်ပြီး စကားပြောနေသော အိမ်ရှင်တွင် တရားခံ၏ လက်ဆွဲအိတ်ထဲမှ ရှာဖွေတွေ့ရှိသော ဆေးခြောက်များနှင့် ပတ်သက်၍ တာဝန်ရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်နေ့က တရားခံ မခင်လှလှဝင်း၏ နေအိမ်အား ရဲက သတင်းအရ ရှာဖွေခဲ့ခြင်းဖြစ်ပြီး မခင်လှလှဝင်းသည် အချင်းဖြစ်ချိန်တွင် တရားခံ မောင်အောင်လွင်နှင့် နှစ်ယောက်ထဲထိုင်ပြီး စကားပြောနေကြောင်း ပေါ်ပေါက်ပေရာ မောင်အောင်လွင်၏ လက်ဆွဲအိတ်ထဲမှ ရှာဖွေတွေ့ရှိသော ဆေးခြောက်များနှင့်ပတ်သက်သည့်အမှုတွင် မခင်လှလှဝင်းလည်း ပူးပေါင်းပါဝင်ခဲ့သည်ဟု ယူဆရပေသည်၊ မခင်လှလှဝင်းက မောင်အောင်လွင်သည် စစ်ထဲဝင်ရန်ကိစ္စဖြင့် ၎င်း၏နေအိမ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သော်လည်း မောင်အောင်လွင်ထံမှ စစ်ထဲဝင်ရန် လာရောက်ခြင်းဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိဘဲ ဆေးခြောက်များသာ တွေ့ရှိသဖြင့် မခင်လှလှဝင်း၏ ထွက်ဆိုချက်မှာ ယုတ္တိမရှိပေ။ သို့ဖြစ်၍ မူလရုံး၏ သုံးသပ်ချက်မှာ မှားယွင်းသည်ဟုဆိုရန် ခဲယဉ်းသည်။

မခင်လှလှဝင်း (ခ) မလှလှ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၉

**တရားခံမှာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည်ဟု သတင်း ပေါ်ပေါက်ခြင်းမရှိခြင်း၊ အခြားသူက လုပ်ကြံခြင်းဖြစ်နိုင်သည်ဟု တရားခံက စခန်းမှူးအား ချက်ခြင်းတုတ်ဖော်ပြောပြခဲ့ခြင်း၊ တရားခံနှင့် အိမ်ခြံမြေ ဝယ်ယူခဲ့သော ကိစ္စနှင့် စပ်လျဉ်း၍ မသင့်မြတ်သူများ ရှိကြောင်း ပေါ်လွင်ခြင်း၊ ဆေးခြောက်ထုပ်ကိုယူ၍ တရားခံအိမ်အောက်ရှိ သေတ္တာထဲ သွားရောက်ထည့်ပြီးနောက် ရဲထံ သတင်းပေးခဲ့သည်ဟု**

စာမျက်နှာ

**ထွက်ဆိုချက်ရှိခြင်းတို့ကြောင့် တရားခံ၏ ချေပချက်မှာ နောက်မှ အကြံဖြင့် ချေပချက်ဖြစ်သည်ဟု မဆိုသာခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားလိုပြသက်သေထွက်ချက်များအရ ဒေါ်စောရီမှာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည်ဟု သတင်းပေါ်ပေါက်ခြင်းမရှိကြောင်း၊ ဖိုးချိုတို့က လုပ်ကြံခြင်းဖြစ်နိုင်သည်ဟု ဒေါ်စောရီက စခန်းမှူး ဦးတင်ရွှေအား ချက်ခြင်းထုတ်ဖော်ပြောပြမှု ရှိခဲ့ကြောင်း၊ ဒေါ်စောရီက ဖိုးချိုအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၆ အရ တရားစွဲဆိုထားသောအမှုလည်း ရှိနေကြောင်း၊ ဒေါ်စောရီက အိမ်ခြံမြေကို ဝယ်ယူခဲ့သောကိစ္စနှင့် စပ်လျဉ်း၍ ၎င်းနှင့် ဒေါ်အမာဂျန်တို့ မသင့်မြတ်ကြကြောင်းတို့ ထင်ရှားပေါ်လွင်သဖြင့် ဒေါ်အမာဂျန်တို့ အလှူအိမ်မှ ပေးလိုက်သော ကောက်ညှင်းဟလဝါမုန့်ကို စားမိပြီး ရင်တုံမူးမော်ခဲ့သည်ဟု ဒေါ်စောရီ၏ ချေပချက်ကို ယုံကြည်လက်ခံနိုင်ရန် သဘာဝမကျဟု မဆိုသာပေ။

ဖိုးချိုက ဒေါ်အမာဂျန်ထံမှ ဆေးခြောက်ထုပ်ယူ၍ ဒေါ်စောရီအိမ်အောက်ရှိ သေတ္တာထဲ သွားရောက်ထည့်ခဲ့ပြီးနောက် ၎င်းက ရဲထံ သတင်းပေးခဲ့သည်ဟု ဒေါ်အမာဂျန်၏ တူမဖြစ်သူ မသန်းသန်းရီကိုယ်တိုင်က ထောက်ခံထွက်ဆိုထားခြင်း၊ သက်သေဦးပုတူး၊ ဒေါ်အုန်းမြင့်၏ထွက်ချက်နှင့် ဒေါက်တာမျိုးသန့်၏ဇနီး တရားခံပြသက်သေ ဒေါက်တာ ဒေါ်ခင်အေးနွယ်၏ ကော်မရှင်အစစ်ခံချက်တို့တွင် ထောက်ခံထွက်ဆိုမှုရှိခြင်း၊ ဒေါ်ခင်အေးနွယ်၏ ထွက်ဆိုချက်တွင် ဒေါ်စောရီအား ဗိုက်အောင့်ရောဂါကိုလည်း ကုသပေးခဲ့ရဖူးသည်ဟု ထောက်ခံထွက်ဆိုမှုလည်း ရှိနေခြင်းတို့ကြောင့် ဒေါ်စောရီ၏ ချေပချက်မှာ နောက်မှ အကြံဖြင့် ချေပချက်ဖြစ်သည်ဟု မဆိုသာချေ။

ဒေါ်စောရီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၄

**လက်ဝယ်တွေ့ရှိမှုကြောင့် ပြစ်ဒဏ်ထိုက်စေသော ပြစ်မှုများတွင် ရှာဖွေပုံစံတွင် ဖော်ပြချက်သည် အဓိကပင်မဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။လက်ဝယ်တွေ့ရှိမှုကြောင့် ပြစ်ဒဏ်ထိုက်စေသော ပြစ်မှုများတွင် ရှာဖွေပုံစံတွင် ဖော်ပြချက်သည် အဓိကပင်မဖြစ်သည်။ ယင်းအချက်ကို ပျက်ပြားစေအောင် ရှာဖွေသူ အရာရှိများ အပါအဝင် သက်သေများက ယိမ်းယိုင်ထွက်ဆိုလေ့ရှိကြသည်။ ယင်းသို့ယိမ်းယိုင် ထွက်ဆိုချက်များသည် နှုတ်ဖြင့် လွယ်လွယ်ထွက်ဆိုနိုင်သည်များဖြစ်ရာ ပတ်ဝန်းကျင်အခြေအနေ၊ သတင်း၊ ရုတ်တရက် တွေ့ရှိရသည့်အချက်များ

ဖြင့် ချိန်ထိုး၍ ယင်းနှုတ်သက်သေခံချက်များကို သတိဖြင့် ချင့်ချိန်လက်ခံ ရသည်။ ဤအမှုတွင် အိမ်ရှင်ထွက်ပြေးသည်၊ မူးယစ်ဆေးဝါး တွေ့ရှိသည်၊ ကျန်ရစ်သူတွင် ဆေးသုံးစွဲဖူးသည့် လက္ခဏာများရှိသည်၊ ဤအချက်များကို ခြုံငုံသုံးသပ်လျှင် ပြင်ဆင်မှုလျှောက်ထားသူ၏ အနီးတွင်ရှိသော စားပွဲပေါ်၌ သက်သေခံပစ္စည်း တွေ့ရှိခြင်းသည် ယင်း၏အစီအမံအောက်တွင် တွေ့ရှိခြင်း၊ တစ်နည်း လက်ဝယ်တွေ့ရှိခြင်းဟု မှတ်ယူနိုင်သည်၊ ရှာဖွေမိန့်မပါဘဲ ဖမ်းဆီးခြင်းသည် ရှာဖွေသူ၏ ပျက်ကွက်မှုဖြစ်သည်။ ယင်းကြောင့် မူးယစ်ဆေးဝါး တွေ့ရှိသည်ဟူသောအချက်မှာ မပျက်ပြယ်ပါဟူသော ဥပဒေအရာရှိ၏ တင်ပြချက်ကို လက်ခံရပေသည်။ စာမျက်နှာ

မောင်ထန်လွင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၃၂

**ထင်းပုံမှာ သုံးစွဲ၍ မကုန်နိုင်လောက်အောင် များပြားသည်ဟု မတွေ့ရသဖြင့် ယင်းအောက်ရှိ ဘိန်းပြောင်းကို အိမ်သားများက တစ်နှစ်ခွဲခန့်အတွင်း မတွေ့မမြင်နိုင်ရန် အကြောင်းမရှိခြင်း၊ ဆီးနမူနာတွင် မူးယစ်ဆေးဝါး စမ်းသပ်မတွေ့ရှိကာမျှဖြင့် ဘိန်းပြောင်းကို လက်ဝယ်ထားရှိရန် အကြောင်းမရှိဟု မဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ကဟိုင်သည် မိမိ၏နေအိမ်တွင် မောင်ညွှာက ဘိန်းပြောင်းထားခဲ့သောအချက်ကို မည်သူ့မျှ မပြောခဲ့ကြောင်း တရားခံပြ သက်သေတို့၏ ထွက်ဆိုချက်တွင် ပေါ်လွင်နေသည်။ ဘိန်းပြောင်းလက်ဝယ်ထားရှိပါက အဖမ်းခံရမည်ကို သိပါသည်ဟု ဝန်ခံထားသူ ကဟိုင်သည် သက်သေခံဘိန်းပြောင်းကို တစ်နှစ်ခွဲခန့်အထိ ရှာဖွေမတွေ့ခဲ့သောအချက်မှာ ယုတ္တိမရှိပေ။ ထင်းပုံမှာ သုံးစွဲ၍မကုန်နိုင်လောက်အောင် များပြားသည်ဟု မတွေ့ရသဖြင့် ယင်းအောက်ရှိ ဘိန်းပြောင်းကို ကဟိုင်တို့ အိမ်သားများက (၁)နှစ်ခွဲခန့်အတွင်း မတွေ့မမြင်နိုင်ရန် အကြောင်းမရှိပေ။ ကဟိုင်ကိုယ်တိုင်က ၎င်းသည် ကုန်လွန်ခဲ့သော (၂) နှစ်ခန့်က ဘိန်းရှူဘိန်းစားခဲ့ကြောင်း ဝန်ခံထွက်ဆိုထားရာ ၎င်းအသုံးပြုခဲ့ပြီးသော ပစ္စည်းကို ၎င်းက အခွင့်အမိန့်မရဘဲ ဆက်လက်၍ လက်ဝယ်ထားရှိမှု ကျူးလွန်ရာသာ ရောက်နေပေသည်။

အချင်းဖြစ်ပွားသောအချိန်တွင် ရယူခဲ့သော ကဟိုင်၏ ဆီးနမူနာတွင် မူးယစ်ဆေးဝါး စမ်းသပ်မတွေ့ရှိကာမျှဖြင့် ၎င်းက ဘိန်းမဲပါရှိသော ဘိန်းပြောင်းကို လက်ဝယ်ထားရှိမှုကို ကျူးလွန်ရန် အကြောင်းမရှိဟု ဆိုနိုင်မည်မဟုတ်ပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ကဟိုင် ၃၆

စာမျက်နှာ

**သဘာဝအားဖြင့် ပေါင်းပင်များကို သုတ်သင်ရ လွယ်ကူသည့်အရွယ်တွင် သုတ်သင်ပစ်လေ့ရှိခြင်း၊ သက်သေခံဆေးခြောက်အပင်များကို သင့်တော်သည့်အချိန်တွင် သုတ်သင်ခဲ့ခြင်းမရှိဘဲ တိုင်များ၊ ဝါးကပ်များဖြင့်ပင်ကျားကန်ပေးထားခဲ့ခြင်းကြောင့် အလေ့ကျပေါက်ပင်များဖြစ်သည်ဟု တရားခံ၏ ချေပချက်မှာ ယုံကြည်လက်ခံဖွယ်ရာမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ သဘာဝအားဖြင့် ပေါင်းပင်များကို သုတ်သင်ရ လွယ်ကူသည့်အရွယ်တွင် သုတ်သင်ပစ်လေ့ရှိကြသော်လည်း ဦးထွန်းဝေက သက်သေခံအပင်များကို သင့်တော်သည့်အချိန်တွင် သုတ်သင်ခဲ့ခြင်းမရှိဘဲ အမြင့်(၁၀)ပေခန့်အထိ ထားရှိ၍ တိုင်များ၊ ဝါးကပ်များဖြင့်ပင်ကျားကန်ပေးထားခဲ့ခြင်းကြောင့် အထက်ဖော်ပြပါ ဦးထွန်းဝေ၏ ချေပချက်အကြောင်းပြချက်များကို ယုံကြည်လက်ခံဖွယ်ရာမရှိပေ။

အလေ့ကျပေါက်ပင်များကို နှုတ်ပစ်ပါက ဂျုံစိုက်ခင်း ပျက်စီးနိုင်ကြောင်း ဦးထွန်းဝေသည် ဆေးခြောက်ပင်များကို တမင်စိုက်ပျိုးထားခဲ့ခြင်းဖြစ်သည်ဟု တရားလိုဘက်မှ ခိုင်လုံသော သက်သေအထောက်အထားမတင်ပြနိုင်ကြောင်း သုံးသပ်ပြီး ၎င်းအား ပုဒ်မ ၃(ခ)အရ အမှုမှ အပြီးအပြတ် လွှတ်ခဲ့သော မြို့နယ်တရားရုံး၏အမိန့်မှာ မှန်ကန်မှုမရှိပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးထွန်းဝေ . . . ၆၉

**သက်သေခံဆေးခြောက်များကို ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင်များက ရှာဖွေသိမ်းဆည်းခြင်းသည် ဥပဒေနှင့် ညီညွတ်မှုရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ အများပြည်သူ ဝင်ထွက်သွားလာနိုင်ခြင်း မပြုနိုင်သော အိမ်ဂေဟာ၊ နေရာ၊ ယာဉ် စသည်တို့တွင် ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်သူ့ရဲတပ်ဖွဲ့၊ ဒုရဲအုပ်ထက်မနိမ့်သော အရာရှိကသော်လည်းကောင်း၊ အကောက်ခွန်ဝန်ထမ်းအဆင့်(၁) ထက် မနိမ့်သော ဝန်ထမ်းကသော်လည်းကောင်း ရှာဖွေဝရမ်းမပါဘဲဝင်ရောက်ရှာဖွေနိုင်သည်ဟု နည်းဥပဒေအပိုဒ် ၄၉(က) တွင် ပြဋ္ဌာန်းထားသည်၊ ထို့ပြင် သက်သေခံပစ္စည်းကို ဖျောက်ဖျက်မည်၊ သိုဝှက်မည်သို့မဟုတ် ပြစ်မှုကျူးလွန်သူအား လွတ်မြောက်နိုင်ရန် အခွင့်အရေး ရရှိနိုင်စေမည်ဟု ယုံကြည်ရန်အကြောင်းရှိသည်ဟု အထက်ဖော်ပြပါ ဝန်ထမ်းကယုံကြည်လျှင် စာဖြင့်ရေးမှတ်၍ နေဝင်နှင့်နေထွက်အကြား အဆိုပါ

အိမ်ဂေဟာ၊ နေရာ၊ ယာဉ် စသည်တို့တွင် ရှာဖွေဝရမ်းမပါဘဲ ဝင်ရောက် ရှာဖွေနိုင်သည်ဟု နည်းဥပဒေအပိုဒ် ၄၉(ခ) ၌ ပြဋ္ဌာန်းထားသည်။ ယခု အမှု၌ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခြင်းဖြစ်၍ ဖော်ပြပါနည်းဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ် ခြင်းမရှိ ဆိုခြင်းမှာ မှန်ကန်ကြောင်း တွေ့ရသည်။ စာမျက်နှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်မြင့်ကြည် ၈၉

**ရှာလယ်လမ်းပေါ်တွင် ဘိန်းထုပ်ကို ပေါင်ကြားတွင် ဖွက်၍ ယူဆောင် လာစဉ် ဖမ်းမိခဲ့ခြင်းမှာ ပြုလုပ်မှု တစ်ရပ်တည်းမှ ပေါ်ပေါက်လာခြင်း ဖြစ်၍ ပြစ်ဒဏ်(၂) ရပ်ကို တစ်ပြိုင်တည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့ ခြင်းသည် ဥပဒေနှင့် ညီ မညီ။**

**ဆုံးဖြတ်ချက်။** ။ရှမ်းပြည်နယ် တရားရုံး (မိုင်းပျင်းမြို့နယ်စု) ၏ အမိန့်တွင် အောက်ပါအတိုင်း အမိန့်ချမှတ်ထားသည်–

" တရားခံ ယားလို (ဘ) ဦးကျဖူးအပေါ် ၁၉၇၄ ခုနှစ် မူးယစ် ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က(ခ) အရ အလုပ်ဖြင့် ထောင်ဒဏ် (၁၀) နှစ်နှင့် ငွေဒဏ် ၅၀၀၀ဝိ/– ပေးဆောင်စေ၊ မဆောင်က နောက်ထပ် ထောင်ဒဏ်(၂)နှစ် ကျခံစေ၊

၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၇–က(ခ)အရ ထောင်ဒဏ်(၁၀)နှစ်ကျခံစေရန်နှင့် ငွေဒဏ် ၅၀၀၀ဝိ/– ပေးဆောင်စေ၊ မဆောင်က နောက်ထပ် ထောင်ဒဏ် (၂) နှစ် ကျခံစေ၊ ပြစ်ဒဏ် ၂ ရပ်ကို တစ်ပြိုင်တည်း ကျခံစေ။"

ပြည်နယ်တရားရုံးက ယင်းသို့ အမိန့်ချမှတ်ခဲ့ခြင်းကြောင့် ယားလို အပေါ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က(ခ) အရနှင့် ပုဒ်မ ၇–က(ခ)အရ ချမှတ်ထားသော ငွေဒဏ် ၅၀၀၀ဝိ/– စီကို တစ်ပြိုင်တည်း ကျခံစေရန်လည်းကောင်း၊ ယင်းငွေဒဏ် မဆောင် ပျက်ကွက်ပါက နောက်ထပ်ကျခံစေရန် ထောင်ဒဏ် ၂ နှစ်စီကို လည်း တစ်ပြိုင်တည်း ကျခံစေရန်လည်းကောင်း သဘောသက်ရောက် နေသည့်အမိန့်မှာမူ ပြည်ထောင်စုမြန်မာနိုင်ငံနှင့်အေးမောင်၊ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံးစာမျက်နှာ ၃၆၂ အမှုတွင် ချမှတ်ခဲ့သည့်အမိန့်အရ ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ယားလို ၉၄

**တရားခံက မက်သာကွာလုံးဆေးပြားများကို ၎င်းမရှိခိုက် လူတစ်ဦးက လာပေးထားသည်ဟု ထုချေချက်မှာ သက်သေခံအထောက်အထားများအရ နောက်မှအကြံရပြီး မမှန်မကန် ဖန်တီးတင်ပြထားသည့် ထုချေချက် မဖြစ်နိုင်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ (ရဝတ) ဥက္ကဋ္ဌ ဦးခင်မောင်ချို (လိုပြ–၃) နှင့် အဖွဲ့ဝင် ဦးအေးဟန် (လိုပြ–၄) တို့ကလည်း အချင်းဖြစ်နေ့က သက်သေခံ မက်သာကွာလုံးဆေးပြားများပါသော **ဆေးဘူးကို** ရှာဖွေတွေ့ရှိစဉ် တရားခံ မောင်ရွှေသိန်းဖံက ထိုဆေးဘူးမှာ **သူ့ဆေးဘူးမဟုတ်ဟု** ရှင်းပြပြောခဲ့ကြောင်း၊ မောင်ထင်ကျော်လင်းက ထိုဆေးဘူးကို မောင်ရွှေသိန်းဖံ မရှိသည့် အချိန်တွင် လူတစ်ဦး လာပေးသွားခြင်းဖြစ်သည်ဟု ပြောခဲ့ကြောင်း၊ ထို အချိန်တွင် အချင်းဖြစ်ဆိုင်ရှေ့၌ ဦးသိန်းဖေဟု နောက်ပိုင်းတွင်မှ သိရသူ လူတစ်ဦး ရပ်နေကြောင်း ထွက်ဆိုထားကြသည့်အပြင် ဦးအေးဟန်၏ ထွက်ဆိုချက်၌ အချင်းဖြစ်နေ့က ၎င်းတို့စစ်ဆေးခဲ့သော ဆေးဘူးများအနက် မက်သာကွာလုံးဆေးဘူးမှတစ်ပါး အခြားဆေးဘူးများတွင် အက်စ်တီ အမှတ်အသားများ ပါသည်ကို တွေ့ကြောင်းလည်း ထွက်ဆိုထားသည်။ သို့ဖြစ်၍ တရားခံမောင်ရွှေသိန်းဖံ၏ ထုချေချက်မှာ နောက်မှအကြံရပြီး မမှန်မကန် ဖန်တီးတင်ပြထားသည့် ထုချေချက်မဖြစ်နိုင်ပေ။ ထိုနေ့က အချင်းဖြစ်ဆေးဆိုင်ကို ရှာဖွေခဲ့ခြင်းမှာ တယ်လီဖုန်းသတင်းအရ ရှာဖွေခဲ့ခြင်းဖြစ်ကြောင်းလည်း ပေါ်ပေါက်ပေရာ တစ်စုံတစ်ယောက်က မောင်ရွှေသိန်းဖံ ဒုက္ခရောက်စေရန် လုပ်ကြံဖန်တီးခဲ့ခြင်းသာ ဖြစ်ဖွယ်ရာရှိပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ကိုရွှေသိန်းဖံ . . . ၁၀၂

**တရားခံ၏အိမ်တွင် ဘိန်းရှိကြောင်း သတင်းပေးသူမှာ အတွင်းရေးကို သိသူဖြစ်ခြင်း၊ သတင်းပေးသည့်အတိုင်း တွေ့ရှိခြင်း၊ အဆိုပါပစ္စည်းများမှာ အလွယ်တကူ ရှာဖွေမတွေ့နိုင်သည့်ပစ္စည်းများ မဟုတ်၍ တရားခံ မသိနိုင်စရာမရှိခြင်း၊ အခြားသူ၏ပစ္စည်းဖြစ်သည်ဟုလည်း သက်သေမပြနိုင်ခြင်းတို့အရ တရားခံသည် ဘိန်းနှင့် ဘိန်းရှုက်ရိယာများကို သိလျက်နှင့် လက်ဝယ်ထားသည်ဟု ကောက်ယူရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ အမှုနှင့်ပတ်သက်ပြီး တရားခံ ဦးအင်ဂျဲထိန်နန်၏ အိမ်တွင် ဘိန်းရှိကြောင်း သတင်းပေးသူမှာ ၎င်း၏ဇနီး မကော့ပူဖြစ်သည်။ ၎င်းသတင်းပေးသည့်အတိုင်း ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဝင်လူကြီးများက သွားရောက်ရှာဖွေသည့်အခါ ဘိန်းနှင့် ဘိန်းရှု

ကိရိယာများကို အချင်းဖြစ်အိမ်မှ တွေ့ရှိခဲ့ခြင်း ဖြစ်ပေသည်၊ တွေ့ရှိသော စာမျက်နှာ
ပစ္စည်းများသည် ဘိန်းဖြစ်ကြောင်း အင်းစိန်မှူခင်းတပ်ဖွဲ့က သက်သေခံ (၈)အရ ထင်မြင်ချက်ပေးခဲ့သည်။ သတင်းပေးသူသည် ဦးအင်ဂျဲထိန်နန် ၏အတွင်းရေးများကို သိနေသူဖြစ်ခြင်း၊ သတင်းပေးသည့်အတိုင်း ရှာဖွေရာ၌ ဘိန်းနှင့် ဘိန်းရှူကိရိယာများ တွေ့ရှိခဲ့ခြင်း၊ အဆိုပါပစ္စည်းများမှာ အလွယ်တကူ ရှာဖွေမတွေ့နိုင်သည့် ပစ္စည်းများ မဟုတ်ကြ၍ ဦးအင်ဂျဲထိန်နန် မသိနိုင်စရာ မရှိခြင်း၊ မောင်ခါးလိ၏ ပစ္စည်းများဖြစ်ကြောင်းကိုလည်း အထင်အရှား သက်သေမပြနိုင်ခဲ့ခြင်း၊ အခြားသူတစ်ဦးတစ်ယောက် လာရောက်ထားသွားခြင်း ဖြစ်ကြောင်းကိုလည်း သက်သေမပြနိုင်ခဲ့ခြင်း တို့ကြောင့် ပစ္စည်းတွေ့ရှိပုံ အနေအထားအရ တရားခံ ဦးအင်ဂျဲထိန်နန် အနေဖြင့် ဘိန်းနှင့် ဘိန်းရှူကိရိယာများကို အစိုးရခွင့်ပြုချက်မရဘဲ သိလျက်နှင့် လက်ဝယ်ထားခဲ့ကြောင်း ကောက်ယူရန်သာ ရှိသည်။ မူလတရားရုံးနှင့် အယူခံတရားရုံးတို့က ကိုးကားခဲ့သော **ကရင်လနှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်**အမှုမှာ ဤအမှုနှင့် ဖြစ်ရပ်ခြင်း မတူညီကြချေ။ သို့ဖြစ်ရာ ယင်းစီရင်ထုံးကို ကိုးကား၍ ဦးအင်ဂျဲထိန်နန်အား အပြီးအပြတ် လွှတ်ခဲ့ခြင်းသည် ပေါ်လွင်နေသော သက်သေခံချက် များနှင့် ဆန့်ကျင်နေ၍ ပယ်ဖျက်ရပေမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် အင်ဂျဲထိန်နန် ၁၂၆

**အချင်းဖြစ်ပစ္စည်းများမှာ အယူခံတရားလို ငှားရမ်းနေထိုင်သော ဥပစာ အတွင်းမှ တွေ့ရှိရခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေရာ အယူခံတရားလို အနေဖြင့် မိမိ၏ပစ္စည်းမဟုတ်ပါဟု ထုချေသည်မှာ ယုံကြည်လက်ခံရန် ခဲယဉ်းခြင်း။**

**ဆုံးဖြတ်ချက်။** ။ မူလရုံးက အယူခံတရားလို ဒေါ်သောင်းသောင်း၏ ဥပစာအဖိတဲအတွင်းရှိ ကြောင်အိမ်ထဲမှ အချင်းဖြစ် ဘိန်းဖြူများ တွေ့ရှိခဲ့ခြင်းမှာ အငြင်းမပွားကြောင်း၊ အဆိုပါပစ္စည်းများ တရားခံ၏ လက်ဝယ် ရှိမရှိ၊ သိမသိကိုသာ စဉ်းစားရန်ဖြစ်ကြောင်း၊ ထိုသို့ စဉ်းစားရာတွင် ပစ္စည်းတွေ့ရာနေရာနှင့် ပစ္စည်း၏ပမာဏအပေါ် မူတည်ကြောင်း၊ အချင်းဖြစ် ပစ္စည်း တွေ့ရှိသောနေရာမှာ အယူခံတရားလို ဒေါ်သောင်းသောင်း နေထိုင်သော နေအိမ်အဖိတဲအတွင်းရှိ ကြောင်အိမ်မှ ပစ္စည်းတွေ့ရှိရခြင်း ဖြစ်ပြီး၊ ပစ္စည်းပမာဏ များပြားသည့်ပြင် တန်ဖိုးကြီးလှသော ပစ္စည်း

ဖြစ်သောကြောင့် ယခင်အိမ်ငှား ကျန်ရစ်ခဲ့သောပစ္စည်းများ ဖြစ်သည်ကို လက်မခံနိုင်ကြောင်း သုံးသပ်ကာ အယူခံတရားလိုအား ပြစ်မှုထင်ရှား စီရင်ခြင်းဖြစ်သည်။ စာမျက်နှာ

အချင်းဖြစ်ပစ္စည်းများမှာ အယူခံတရားလို ဒေါ်သောင်းသောင်း ငှားရမ်းနေထိုင်သော ဥပစာအတွင်းရှိ ကြောင်အိမ်အတွင်းမှ တွေ့ရှိရခြင်းဖြစ်ကြောင်း အမှုတွင် ပေါ်ပေါက်နေရာ အယူခံတရားလိုအနေဖြင့် မိမိ၏ ပစ္စည်းမဟုတ်ပါဟု ထုချေသည်ကို ယုံကြည်လက်ခံရန် ခဲယဉ်းပေသည်၊ ထို့ပြင် ယခင်အိမ်ငှား၏ ပစ္စည်းများဖြစ်ကြောင်း အယူခံတရားလိုအနေဖြင့် ခိုင်လုံစွာ သက်သေတင်ပြနိုင်ခြင်းလည်း မရှိချေ။

မသောင်းသောင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၈

**၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၁၄–က(င)တွင် ဘိန်းစိမ်း (သို့မဟုတ်)ပြုပြင်ထားသောဘိန်း (သို့မဟုတ်) ယင်းနှစ်ခုပေါင်း တစ်ရာဂရမ်ရှိလျှင် ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိသည်ဟု မှတ်ယူရခြင်း။**

**ဆုံးဖြတ်ချက်။** အမှုတွဲတွင် ပေါ်ပေါက်ချက်အရ မူးယစ်အထူးအဖွဲ့ဝင်များနှင့် သက်သေများက အယူခံတရားခံ သောင်းရွှေအိမ်သို့ သတင်းအရ တက်ရောက်ရှာဖွေရာ သောင်းရွှေဝတ်ထားသော အနွေးထည်အင်္ကျီအိတ်ကပ်အတွင်းမှ ကွန်ပါဘူးဖြင့် ထည့်ထားသည့် ဘိန်းစိမ်း တစ်ကျပ်သား သုံးရွေးခန့် တွေ့ရှိခြင်းသည် အငြင်းမပွားပေ။ မူးယစ်အထူးအဖွဲ့ဝင်များက တရားခံ၏ အိမ်ပေါ်၌ ဆက်လက်ရှာဖွေရာ သေတ္တာအတွင်း ထည့်ထားသော ဘိန်းစိမ်း (၅) ကျပ်သားကို ထပ်မံတွေ့ရှိကြောင်း ပေါ်ပေါက်သည်၊ တရားခံအပေါ် သက်သေများက မဟုတ်မတရား ထွက်ဆိုကြောင်း မပေါ်ပေါက်ပေ။ သို့သော် အယူခံတရားခံအပေါ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က(ခ)အရ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပတ်သက်၍ ပြန်လည်ဆန်းစစ်ရန်လိုသည်။ တရားခံထံမှ သိမ်းဆည်းရမိသော ဘိန်းစိမ်းစုစုပေါင်း အလေးချိန်သည် ၆ ကျပ်၊ ၃ ရွေးသားဖြစ်၍ ၉၈.၇၉၅ ဂရမ်နှင့် ညီမျှသည်။ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄–က(င)တွင် ဘိန်းစိမ်း သို့မဟုတ် ပြုပြင်ထားသောဘိန်း သို့မဟုတ် ယင်းနှစ်ခုပေါင်း တစ်ရာဂရမ်ရှိလျှင် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသည်ဟု မှတ်ယူ

ပြီး ယင်းဥပဒေပုဒ်မ ၆–က(ခ)အရအပြစ်ပေးရန် ဖော်ပြထားသည်။ ယခု စာမျက်နှာ
အယူခံတရားခံထံမှ သိမ်းဆည်းရမိသော ဘိန်းစိမ်းသည် တစ်ရာဂရမ်မပြည့်၍ ယင်းဥပဒေပုဒ်မ ၆–က(ခ) အရ အပြစ်ပေးရန် ဖော်ပြထားသည်၊ ယခု အယူခံတရားခံထံမှ သိမ်းဆည်းရမိသော ဘိန်းစိမ်းသည် တစ်ရာဂရမ်မပြည့်၍ ယင်းဥပဒေပုဒ်မ ၆(ခ) ဖြင့်သာ အကျုံးဝင်သည်။ သက်သေခံဘိန်းစိမ်းများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသည်ဟုလည်း တရားလိုဘက်က ခိုင်လုံသော အထောက်အထားဖြင့် တင်ပြခဲ့ခြင်း မတွေ့ရချေ။

သောင်းရွှေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၃

**နိုင်ငံသား ဖြစ်မဖြစ် ကိစ္စကို သက်ဆိုင်ရာ ဝန်ကြီးဌာနကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိခြင်း၊ တရားရုံးများအနေဖြင့် ဆုံးဖြတ်ခြင်းကိုထားဦး၊ မှတ်ယူခြင်းပြုရန်ပင် အခွင့်အလမ်းမရှိခြင်း၊ နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်း၌ ယခင်က ဆောင်ရွက်ခဲ့သည့်နည်းတူ မွေးစားမိဘများအား ၎င်း၏ မိဘများအဖြစ် ဖော်ပြခဲ့ခြင်းမှာ မဟုတ်မမှန် ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။**

**ဆုံးဖြတ်ချက်။** ။ နိုင်ငံသားဖြစ်မဖြစ်ကိစ္စကို သက်ဆိုင်ရာ ဝန်ကြီးဌာနကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိပေသည်၊ တရားရုံးများအနေဖြင့် ဆုံးဖြတ်ခြင်းကိုထားဦး၊ မှတ်ယူခြင်း ပြုရန်ပင် အခွင့်အလမ်းမရှိပေ၊ ကလေးဘဝနှင့် ကျောင်းနေစဉ်မှပင် တက္ကသိုလ်တွင် တက်ရောက်သင်ကြားပြီး ဘွဲ့ရသည်၊ အလုပ်အကိုင်ရသည်အထိတိုင် ကာလတစ်လျှောက်လုံး အတူနေထိုင် ကျွေးမွေးစောင့်ရှောက်ပြီး ကြီးပြင်းလာခဲ့ရသည့် မွေးစားမိဘများ၏ အမည်ကိုသာ အစဉ်တစိုက် ဖော်ပြလာခဲ့ကြောင်း၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား နံပါတ် ကေအမ်ဒီအီး – ၀၀၀၄၇၁ ကို ရရှိကိုင်ဆောင်လာခဲ့ကြောင်း၊ နိုင်ငံသား ဥပဒေသစ်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်ကို သတ်မှတ်ပြဋ္ဌာန်းချက်အရ လဲလှယ်ရန် ဆောင်ရွက်ရသည့်အခါတွင် နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်း၌ ယခင်က ဆောင်ရွက်ခဲ့သည့်နည်းတူ မွေးစားမိဘများအား ၎င်း၏မိဘများအဖြစ် ဖော်ပြခဲ့ခြင်းမှာ မဟုတ်မမှန် ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

အမှုဖြစ်ရခြင်းအကြောင်းရင်းကို သုံးသပ်သော် မွေးစားမိဘများက ၎င်းတို့၏ နိုင်ငံသားလက်မှတ်တွင် မွေးစားသား မောင်ခင်မျိုးအောင်အမည်ကို

ဖြည့်စွက်ထည့်သွင်းပေးခွင့်အတွက် ၁၉၆၁ ခုနှစ်ကပင် လျှောက်ထားခဲ့ရာ စာမျက်နှာ ယခု (၃၂) နှစ် ကြာသည့်တိုင်အောင် မည်သို့မျှ ပြန်ကျမလာသည်မှာ ဤကဲ့သို့ ပြဿနာဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းတစ်ရပ်အနေဖြင့်လည်း သုံးသပ်တွေ့ရှိရပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ခင်မျိုးအောင် ၅၆

**၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၂၁ အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ် ကျခံစေရန် အမိန့်ချမှတ်ခြင်း ပြုနိုင် မပြုနိုင်။**

**ဆုံးဖြတ်ချက်။** ။ ၁၉၈၂ ခုနှစ်တွင် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၂၁ တွင် အောက်ပါအတိုင်း **ဖော်ပြထားသည်**–

" မည်သူမဆို နိုင်ငံသားလက်မှတ်အတု ပြုလုပ်လျှင် ဖြစ်စေ၊ ထိုသို့ ပြုလုပ်ရန် အားပေးကူညီလျှင်ဖြစ်စေ၊ ထောင်ဒဏ် တစ်ဆယ့်ငါးနှစ်နှင့် ဒဏ်ငွေ ငါးသောင်းကျပ်ကို ကျခံစေရမည်"

ယင်းပြဋ္ဌာန်းချက်ကို လေ့လာရာ "ကျခံစေရမည်" ဟူသော စကားလုံးကို သုံးနှုန်းထား၍ ထိုပြစ်ဒဏ်မျိုး မချမှတ်မနေရဟူသော အဓိပ္ပာယ်ဆောင်လျက်ရှိသည်၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေပုဒ်မ ၂၁ အရ ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းကို အတည်ပြုသော်လည်း ပြစ်ဒဏ်နှင့် ပတ်သက်၍မူ အလုပ်နှင့် ထောင်ဒဏ် (၃) နှစ် ကျခံစေရန် ချမှတ်ခဲ့သော လပွတ္တာမြို့နယ်တရားရုံးအမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သော ဧရာဝတီတိုင်း တရားရုံး (မြောင်းမြမြို့နယ်စု) အမိန့်တို့ကို ပယ်ဖျက်ပြီး ယင်းအမိန့်အစား အလုပ်နှင့် ထောင်ဒဏ် (၁၅) နှစ် (တစ်ဆယ့်ငါးနှစ်) ကျခံစေရန် ပြင်ဆင်အမိန့် ချမှတ်လိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးရွှေဝင်း ၉၈

# ပြစ်မှုဆိုင်ရာ အထွေထွေမှု

## တရားရုံးချုပ် တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ဒုရဲအုပ်စခန်းမှူး ကြီးရွှေ ပါ–၄
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ–၂*

+ ၁၉၉၃
ဖေဖော်ဝါရီလ
၁၁ ရက်

**ပြည်သူ့ဝန်ထမ်းပင် ဖြစ်လင့်ကစား တာဝန်ဝတ္တရား ထမ်းဆောင်နိုက်တွင် တာဝန်နှင့် လုံးဝမအပ်စပ်သည့် ပြုမှုချက်နှင့်ပတ်သက်လျှင် ခွင့်ပြုမိန့် ရယူရန်လိုမည်မဟုတ်။**

**ဆုံးဖြတ်ချက်။** ။မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၂ (၁) အရ အချင်းဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ရဲတပ်ဖွဲ့အား စုံစမ်းစစ်ဆေးပြီးမှ ဦးကြီးရွှေတို့အပေါ် အရေးယူခဲ့ကြောင်း တွေ့ရသည်။ ဦးကြီးရွှေပါ (၄) ဦးတို့အား ကိုယ်ပိုင်ခံဝန်ဖြင့် အာမခံပေးထားပြီးဖြစ်သည့်အပြင် တရားလိုပြ သက်သေ (၅) ဦးကို စစ်ဆေးပြီး အဆင့်သို့ ရောက်ရှိနေပြီးဖြစ်သည်။ ဦးကြီးရွှေတို့ဘက်မှ တရားရုံးချုပ်ရှေ့နေ ဦးတင်မြင့်နှင့် အမှုကို ခုခံနေသည့် အဆင့်ဖြစ်ကြောင်း တွေ့ရသည်။

ရဲတပ်သားအဆင့်မှ လုံခြုံရေးမှူး (ရဲအုပ်) အဆင့်ထိရှိသူများအား ရာထူးမှ နုတ်ပယ်ပိုင်ခွင့် အာဏာရှိသူမှာ ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေ ပုဒ်မ ၈ (၁) အရ ရဲချုပ်သာဖြစ်၍ ဖော်ပြပါအဆင့်ရှိ ရဲတပ်ဖွဲ့ဝင်များအား အရေးယူလျှင် ထိုသူများအပေါ် တရားစွဲဆိုရန် ခွင့်ပြုမိန့်မလိုကြောင်း တရားရုံးများ ညွှန်ကြားလွှာ အမှတ်–၁၁/၇၀ တွင် ဖော်ပြထားသည်၊ ထို့ပြင် ပြည်သူ့ဝန်ထမ်းပင် ဖြစ်လင့်ကစား တာဝန်ဝတ္တရား ထမ်းဆောင်ခိုက်တွင် တာဝန်နှင့် လုံးဝမအပ်စပ်သည့် ပြုမှုချက်နှင့် ပတ်သက်လျှင် ခွင့်ပြုမိန့်ရယူရန် လိုမည် မဟုတ်ကြောင်း ယင်းညွှန်ကြားလွှာ အပိုဒ် ၅ တွင် ဖော်ပြထားကြောင်း တွေ့ရသည်။ ယခုအမှုတွင် မှုးယစ်ဆဲဆိုနေသူ ဒုတပ်ကြပ် စိုးတင့်အား

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၉၇

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၂၂၊ မြောက်ဥက္ကလာပ၊ မြို့နယ် တရားရုံး အမှုတွဲအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁–က အရ အမှုတွဲကို ချေဖျက်ပေးရန် လျှောက်ထားမှု

၁၉၉၃
ဒုရဲအုပ်
စခန်းမှူး
ကြီးရွှေပါ-၄
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ-၂

ရဲစခန်းသို့ ခေါ်ယူစစ်မေးရန် ဖြစ်ပါလျက် ထိုးကြိတ်ကြခြင်းမှာ တာဝန်နှင့် အပ်စပ်သည့် အပြုအမူဖြစ်သည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူများအတွက် – ဦးတင်မြင့်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်– ၁။ ဦးထွန်းရွှေ၊ လက်ထောက်
ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ရှေ့နေ၊ မလာ

အမှတ်–၅၀၂ လေတပ်စခန်း၊ မင်္ဂလာဒုံမှ ဒုတပ်ကြပ် စိုးတင့် (လေ/၁၈၇၇၇) က မြောက်ဥက္ကလာပမြို့နယ် တရားရုံးသို့ တိုက်ရိုက်လျှောက်ထားတရားစွဲဆိုရာ မြောက်ဥက္ကလာပ ရဲစခန်းမှ ဒုရဲအုပ် စခန်းမှူးကြီးရွှေပါ (၄) ဦး တို့အား ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်–၉၂၂/၉၂ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃/၃၄၂/၁၁၄ အရ အရေးယူရန် မြို့နယ်တရားရုံးက ဆက်လက်ဆောင်ရွက်၍ အမှုချေဖျက်ပေးရန် ရဲစခန်းမှူး ဦးကြီးရွှေတို့က တရားရုံးချုပ်သို့ အထွေထွေ လျှောက်လွှာတင်သွင်းသည်။

အမှုမှာ ၂၆–၇–၉၂ နေ့ ညနေ ၅:၃၀ နာရီခန့်တွင် မြောက်ဥက္ကလာပ ရဲစခန်းရှေ့၌ ဒုတပ်ကြပ်စိုးတင့်သည် ၎င်းစီးလာသော အမှတ် (၇) ဒေဝူးလိုင်း ကားမောင်းသူအား မကျေမနပ်ဖြစ်ပြီး ဆဲရေးသည်ကို ရဲဒုတပ်ကြပ် မောင်ဇော်၊ ရဲတပ်သားမြင့်ထွန်း၊ ရဲတပ်သား ညီညီလွင်တို့က တားမြစ်၍ နှစ်ဘက်ထိုးကြိတ်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။ ဒုတပ်ကြပ် စိုးတင့်သည် အမှတ် –၅၀၂ လေတပ်စခန်းမှ တပ်ကြပ်တစ်ဦးဖြစ်ကြောင်း သိရ၍ ရဲစခန်းမှူး ဦးကြီးရွှေက တပ်မတော်တပ်ထိန်းသို့ အကြောင်းကြားအပ်နှံပေးခဲ့ပြီးနောက် ၃၁–၇–၉၂ နေ့တွင် ဒုတပ်ကြပ် စိုးတင့်က စခန်းမှူး ဦးကြီးရွှေပါ (၄) ဦးတို့အား အရေးယူရန် မြောက်ဥက္ကလာပမြို့နယ် တရားရုံးသို့ တိုက်ရိုက်လျှောက်ထားခဲ့သည်။ မြို့နယ်တရားရုံးက ရဲတပ်ဖွဲ့စခန်းအား စုံစမ်းစစ်ဆေးခဲ့ပြီးနောက် စခန်းမှူး ဦးကြီးရွှေပါ (၄) ဦးတို့အား အထက်ဖော်ပြပါ ပြစ်မှုများဖြင့် အရေးယူရန် ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အထွေထွေလျှောက်လွှာတွင် ဦးကြီးရွှေတို့က အကြောင်းပြချက်များအဖြစ် တင်ပြရာ၌ အချင်းဖြစ်ပွားချိန်က စခန်းမှူး ဦးကြီးရွှေမှာ တာဝန်မှူးအဖြစ် တာဝန်ထမ်းဆောင်နေကြောင်း၊ ကျန်တပ်ဖွဲ့ဝင် (၃) ဦးတို့မှာလည်း ကင်းလှည့်ရေး တာဝန်များကိုထမ်းဆောင်နေကြောင်း၊ ထိုစဉ်တွင် ရဲစခန်းရှေ့၌ ကိုစိုးတင့်က ရိုင်းပြစွာဆဲရေးနေသည်ကို ရဲတပ်ဖွဲ့ဝင်များက တားမြစ်

ရာမှ ထိုးကြိတ်မှုဖြစ်ပွားခဲ့၍ ကိုစိုးတင့်အား ရဲစခန်းထဲသို့ ခေါ်ယူစစ်ဆေးပြီး၊ တပ်မတော် တပ်ထိန်းသို့ အပ်နှံခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့သည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ–၂၁ အရ တစ်ဦးတစ်ယောက်ကို ချုပ်နှောင်ပိုင်ခွင့်နှင့် ပြစ်မှုများကို တားမြစ်ရန် တာဝန်ရှိသူများဖြစ်သောကြောင့် ၎င်းတို့အား တရားစွဲဆိုလိုပါက ၎င်းတို့၏အထက်ရှိ အဆင့်မြင့် အာဏာပိုင်ထံမှ တရားစွဲဆိုခွင့် အမိန့်ရရှိမှသာ စွဲဆိုခွင့်ရှိမည်ဖြစ်ကြောင်း တင်ပြသည်။

၁၉၉၃ ဒုရဲအုပ်စခန်းမှူး ကြီးရွှေ ပါ–၄ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ–၂

မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ (၁) အရ အချင်းဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ရဲတပ်ဖွဲ့အား စုံစမ်းစစ်ဆေးပြီးမှ ဦးကြီးရွှေတို့အပေါ် အရေးယူခဲ့ကြောင်း တွေ့ရသည်။ ဦးကြီးရွှေ ပါ(၄) ဦးတို့အား ကိုယ်ပိုင်ခံဝန်ဖြင့် အာမခံပေးထားပြီးဖြစ်သည့်အပြင် တရားလိုပြ သက်သေ (၅) ဦးကို စစ်ဆေးပြီးအဆင့်သို့ ရောက်ရှိနေပြီးဖြစ်သည်။ ဦးကြီးရွှေတို့ဘက်မှ တရားရုံးချုပ်ရှေ့နေ ဦးတင်မြင့်နှင့် အမှုကို ခုခံနေသည့်အဆင့်ဖြစ်ကြောင်း တွေ့ရသည်။

ရဲတပ်သားအဆင့်မှ လုံခြုံရေးမှူး (ရဲအုပ်) အဆင့်ထိ ရှိသူများအား ရာထူးမှ နှုတ်ပယ်ပိုင်ခွင့် အာဏာရှိသူမှာ ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေ ပုဒ်မ ၈(၁) အရ ရဲချုပ်သာဖြစ်၍ ဖော်ပြပါ အဆင့်ရှိ ရဲတပ်ဖွဲ့ဝင်များအား အရေးယူလျှင် ထိုသူများအပေါ် တရားစွဲဆိုရန် ခွင့်ပြုမိန့်မလိုကြောင်း တရားရုံးများ ညွှန်ကြားလွှာအမှတ် –၁၁/၇၀ တွင် ဖော်ပြထားသည်။ ထို့ပြင် ပြည်သူ့ဝန်ထမ်းပင် ဖြစ်လင့်ကစား တာဝန်ဝတ္တရား ထမ်းဆောင်ခိုက်တွင် တာဝန်နှင့် လုံးဝမအပ်စပ်သည့် ပြုမူချက်နှင့် ပတ်သက်လျှင် ခွင့်ပြုမိန့် ရယူရန်လိုမည် မဟုတ်ကြောင်း ယင်းညွှန်ကြားလွှာအပိုဒ် ၅ တွင် ဖော်ပြထားကြောင်း တွေ့ရသည်။ ယခုအမှုတွင် မှုးယစ်ဆဲဆိုနေသူ ဒုတပ်ကြပ် စိုးတင့်အား ရဲစခန်းသို့ ခေါ်ယူစစ်မေးရန်ဖြစ်ပါလျက် ထိုးကြိတ်ကြခြင်းမှာ တာဝန်နှင့် အပ်စပ်သည့် အပြုအမူဖြစ်သည်ဟု မဆိုနိုင်ပေ။

မြောက်ဥက္ကလာပမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီး အမှတ်– ၉၂၂/၉၂ ကို ချေဖျက်ရန် မသင့်၍ ဤလျှောက်ထားမှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ် တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

+၁၉၉၃
မေလ ၂၆
ရက်

မခင်စောကြည်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် *

**ဆေးထိုးရာတွင် မိမိမပါဘဲ ပူးတွဲတရားခံသာ ပါဝင်ပါသည်ဟု ဖြောင့်ဆိုခြင်းသည် ကိုယ်လွတ်ရုန်းရာရောက်ခြင်း၊ ထိုသို့ ကိုယ်လွတ်ရုန်းသော အချက်အလက်များကို လက်မခံသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ သက်သေခံဥပဒေပုဒ်မ ၃၀ အရ ပူးတွဲ တရားခံ၏ ဖြောင့်ချက်ကို အခြားပူးတွဲ တရားခံအပေါ် အသုံးပြုခွင့်ရှိသော်လည်း အလားတူပြစ်မှု (Same offence) ဖြင့် ပူးတွဲစွပ်စွဲခံရသည့်ကိစ္စများတွင်သာ အသုံးချခွင့်ရှိသည်။ ဥပဒေပြဋ္ဌာန်းချက်၏ ဆိုလိုရင်းမှာ ကိုယ်လွတ်ရုန်းပြီး တစ်ဦးအပေါ် တစ်ဦး အပြစ်ပုံချခြင်းမျိုးကို ကာကွယ်လိုဟန်ရှိသည်။ ဘိန်းဖြူထိုး၍ လူသေသောအမှုတွင် အလောင်းနှင့် ဆေးထိုးအပ်သာ ဖျောက်ဖျက်ကြောင်း ဖြောင့်ဆိုသည့် တရားခံမှာ ဆေးထိုးရာတွင် မိမိမပါဘဲ ပူးတွဲတရားခံသာ ပါဝင်ပါသည်ဟု ဖြောင့်ဆိုခြင်းသည် ကိုယ်လွတ်ရုန်းရာရောက်သည်။ ထို့ကြောင့် ထိုသို့ ကိုယ်လွတ်ရုန်းသော အချက်အလက်များကို လက်မခံသင့်ပေ။

လျှောက်ထားသူအတွက် – ဦးမျိုးမြင့်စိုး၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက် – ဦးရီ၊ ဥပဒေအရာရှိအဆင့် (၁)၊ ရှေ့နေချုပ်ရုံး

ကသာမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၀၄/၉၀ တွင် မခင်စောကြည်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄–က အရ အလုပ်နှင့် ထောင်ဒဏ် (၅) နှစ် ကျခံစေရန်လည်းကောင်း၊ စိုးနိုင်အပေါ် ယင်းဥပဒေပုဒ်မ ၂၀၁ အရ အလုပ်နှင့် ထောင်ဒဏ် (၁) နှစ် ကျခံစေရန်

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၉၁(ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၃၃ တွင် ချမှတ်သော ၂၂–၉–၉၂ ရက်စွဲပါ စစ်ကိုင်းတိုင်း (ကသာမြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

လည်းကောင်း ချမှတ်ခဲ့သည်။ ယင်းအမိန့်အနက် မခင်စောကြည်အပေါ် ချမှတ်ခဲ့သောအမိန့်ကို မခင်စောကြည်က မကျေနပ်၍ စစ်ကိုင်းတိုင်းတရားရုံး(ကသာမြို့နယ်စု) သို့ အယူခံဝင်ရောက်ခဲ့သော်လည်း မအောင်မြင်သဖြင့် ၎င်းက ဤပြင်ဆင်မှုကို တင်သွင်းလာခြင်း ဖြစ်သည်။

၁၀-၇-၉၀ နေ့ နံနက်တွင် ကသာမြို့ ရပ်ကွက် (၉) ချမ်းမြေ့လမ်းဘေးတွင် လူသေအလောင်းတစ်ခု တွေ့ရှိကြောင်း ကသာရဲစခန်းသို့ သတင်းပို့၍ ဒုရဲအုပ် စခန်းမှူး ဦးကျော်မြင့်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ရပ်ကွက်(၉) နေ ဦးအောင်စိုး၏သား သန်းစိုး အသက်(၂၀)နှစ် ဖြစ်သည်ဟု စုံစမ်းသိရှိရကြောင်း၊ အလောင်းအနီးတွင် မြင်းလှည်းရာ တွေ့ရှိရပြီး ဘိန်းဖြူဆေး ထိုးမှားရာမှ သေဆုံးပြီးနောက် အလောင်းစွန့်ပစ်ထားသည့် လက္ခဏာ တွေ့ရှိသောကြောင့် အမှုဖော်ထုတ် အရေးယူပေးရန် ဒုရဲအုပ် ဦးဝင်းမောင်က တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

မခင်စောကြည်က ပြင်ဆင်မှု တင်သွင်းရာတွင် အဓိကအကြောင်း ပြချက်အဖြစ် တင်ပြသည်မှာ အခင်းဖြစ်အမှုတွင် မျက်မြင်သက်သေ တစ်ဦးတစ်ယောက်မျှ မရှိသည့်အပြင် တရားခံ မည်သူမည်ဝါဖြစ်ကြောင်းလည်း မပေါ်လွင်ကြောင်း၊ ဥပဒေနှင့် ဆန့်ကျင်သော အရပ်ရပ် စုစည်းတည်ဆောက်မှုအပေါ်အခြေခံပြီး ပြစ်ဒဏ်စီရင်ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ မိမိအား ထင်ကြေးဖြင့် ကွင်းဆက်တရားခံအဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ သေသူနှင့်အတူ အမြဲလိုလို မူးယစ်ဆေးဝါး သုံးစွဲလေ့ရှိသူ တရားခံပြေးငြိမ်းမောင်နှင့်သာ ပတ်သက်သောအမှုဖြစ်ကြောင်း၊ ပူးတွဲတရားခံ စိုးနိုင်၏ ဖြောင့်ချက်ကို အကြောင်းပြုပြီး မိမိအပေါ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် မှားယွင်းကြောင်း၊ ထို့ကြောင့် မူလရုံးအမိန့်နှင့် တိုင်းတရားရုံးအမိန့်တို့ကို ပယ်ဖျက်ပြီး မိမိအား အမှုမှ အပြီးအပြတ် လွှတ်ပေးပါရန် တင်ပြထားသည်။

ဒုရဲအုပ် ဦးဝင်းမောင် (လိုပြ-၅) က ၂၀-၇-၉၀ နေ့ နံနက် ကသာရဲစခန်းတွင် တာဝန်ထမ်းဆောင်နေစဉ် ကသာမြို့ ရပ်ကွက် (၉) ချမ်းမြေ့လက်ဖက်ရည်ဆိုင်အနီးတွင် လူတစ်ယောက် သေဆုံးနေကြောင်း သတင်းရရှိ၍ သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုရာ သေဆုံးနေသူမှာ သန်းစိုး (ခ) ဗန်တိုဖြစ်သည်ဟု သိရပြီး အလောင်းဘေးတွင် မြင်းလှည်းဘီးရာ တွေ့ရှိ၍ သာမန်သေဆုံးခြင်း မဖြစ်နိုင်ဟု ယူဆကြောင်း၊ အလောင်းကို ဆေးရုံသို့ပို့ပြီး စစ်ဆေးခဲ့ရာ မူးယစ်ဆေး အထိုးလွန်၍

သေဆုံးသည်ဟု ပြန်ကြားသောကြောင့် ဥပဒေအရ အရေးယူပေးရန် တိုင်ချက်ရေးဖွင့်ကြောင်း ထွက်ဆိုသည်။ ဒုရဲအုပ် ဦးအောင်ဆင့် (လိုပြ-၆) က သန်းစိုး (ခ) ဗန်တို သေဆုံးမှုနှင့် ပတ်သက်၍ မသင်္ကာသော မခင်စောကြည်နှင့် စိုးနိုင်တို့ကို ရဲစခန်းသို့ ခေါ်ယူပြီး စစ်ဆေးခဲ့ရာ ၎င်းတို့၏ ပြောပြချက်အရ မခင်စောကြည်အိမ်တွင် သန်းစိုးအား မခင်စောကြည်နှင့် ငြိမ်းမောင်တို့က ဘိန်းဖြူထိုးပေးရာမှ သေဆုံးသွား၍ မြင်းလှည်းအမှတ် (၄၃) ပေါ်တင်ပြီး အခင်းဖြစ်နေရာသို့ သွား၍ သန်းစိုး၏ အလောင်းကို သွားရောက်ချထားခဲ့သည်ဟု ပြောပြသိရှိရကြောင်း၊ မခင်စောကြည်က လွှင့်ပစ်ခိုင်း၍ ဆေးထိုးအပ်ကို မခင်စောကြည်၏ အိမ်ရှေ့ အမှိုက်ပုံမှာ စိုးနိုင်က လွှင့်ပစ်ထားရာမှ ရှာဖွေပုံစံဖြင့် သိမ်းဆည်းကြောင်း ထွက်ဆိုသည်။ ဦးခင်မောင် (လိုပြ-၁) က အခင်းဖြစ်သောနေ့ ဒုရဲအုပ် ဦးအောင်ဆင့်က တရားခံ စိုးနိုင်အား မိမိရှေ့မှာပင် မေးမြန်းရာ စိုးနိုင်က သေသူသန်းစိုးအား ငြိမ်းမောင်က မခင်စောကြည်အိမ်၌ ဘိန်းဖြူထိုးရာမှ ဆေးလွန်သေဆုံး၍ မခင်စောကြည်က စိုးနိုင်အား ငွေ ၃၀၀/-ကျပ် ပေးပြီး သန်းစိုး၏အလောင်းကို မြင်းလှည်းဖြင့် သွားပို့ခိုင်းသည်ဟု ပြောပြသိရှိရကြောင်း ထွက်ဆိုသည်။ ရဝတ ဥက္ကဋ္ဌ ဦးပွ (လိုပြ-၂)က မောင်သန်းစိုးအား မူးယစ်ဆေး ထိုးပေးခဲ့စဉ် အသုံးပြုခဲ့သော ဆေးထိုးအပ်ကို မခင်စောကြည်အိမ်ရှေ့လမ်းတစ်ဘက်ရှိ အမှိုက်ပုံမှ တရားခံစိုးနိုင် ယူပေး၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းရာတွင် သက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်း ထွက်ဆိုသည်။ ဦးအောင်သင်း (လိုပြ-၃)က သေသူ သန်းစိုးအလောင်း တွေ့ရှိသောအနားတွင် မြင်းလှည်းဘီးရာအသစ် တွေ့ရှိကြောင်း ထွက်ဆိုသည်။ ဒုရဲအုပ် စခန်းမှူး ဦးကျော်မြင့် (လိုပြ-၄) က သန်းစိုး (ခ) ဗန်တို၏အလောင်းကို စစ်ဆေးကြည့်ရာ ပါးစပ်နှင့် နှာခေါင်းတို့မှ အမြှုပ်ထွက်နေသည်ကို တွေ့ရကြောင်း ထွက်ဆိုသည်။ ဒုတိယမြို့နယ် တရားသူကြီး ဦးညွန့်ရွှေ (လိုပြ-၇) က ၁၃-၇-၉၀ နေ့တွင် တရားခံစိုးနိုင်၏ ဖြောင့်ချက်ကို ရေးမှတ်ကြောင်း၊ ၎င်း၏ ဆန္ဒအလျောက် ဖြောင့်ချက်ပေးခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။ စိုးနိုင်၏ ဖြောင့်ချက်တွင် အခင်းဖြစ်သောနေ့က မိမိ၏ ညီအရင်းဖြစ်သူ သန်းစိုးသည် မခင်စောကြည်၏ အိမ်ပေါ်ထပ်တွင် ရှိနေစဉ် မိမိတက်ကြည့်ရာ မခင်စောကြည်နှင့် ကိုငြိမ်းမောင်တို့က ဆားရည်တိုက်နေသည်ကို တွေ့ရကြောင်း၊ ဘိန်းဖြူမှုန့် ထိုးရာမှ (ရှော့) ဖြစ်ခြင်းဖြစ်ကြောင်း၊ မခင်စော

ကြည်က ငွေ ၃၀၀/– ကျပ်ပေးပြီး သန်းစိုး၏ အလောင်းကို မြင်းလှည်းဖြင့် ပို့ခိုင်းကြောင်း၊ ဆေးထိုးအပ်ကိုလည်း မခင်စောကြည်က လွှင့်ပစ်ခိုင်းကြောင်း ဖော်ပြထားသည်။ ဒေါက်တာတင်တင်ဝင်း (လိုပြ–၈)က သေသူ သန်းစိုး အား ၁၀–၇–၉၀ နေ့ စစ်ဆေးကြည့်ရာ ခန္ဓာကိုယ်တစ်ခုလုံး ပြာနေကြောင်း၊ နှာခေါင်းနှင့် ပါးစပ်မှ အမြှုပ်ထွက်နေကြောင်း၊ လက်ဖျံ နှစ်ဘက်စလုံးတွင် ဆေးထိုးအပ်ရာများ တွေ့ရှိကြောင်း၊ မူးယစ်ဆေး ထိုးသွင်းရာမှ အဆုတ်တွင် အရည်လျှံ၍ သေဆုံးရခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။

တရားခံစိုးနိုင်က အခင်းဖြစ်ကိစ္စကို မိမိမသိရှိကြောင်း၊ အခင်း ဖြစ်နေ့ မခင်စောကြည်အိမ်သို့လည်း မရောက်ရှိခဲ့ကြောင်း၊ သန်းစိုး၏ အလောင်းကို မိမိက သွားရောက်ချထားခြင်းမဟုတ်ကြောင်း၊ မခင်စောကြည် က မိမိအား ငွေ ၃၀၀/– ကျပ် ပေးခဲ့ခြင်းလည်း မရှိကြောင်း ထုချေ ထွက်ဆိုသည်။ တရားခံ မခင်စောကြည်ကလည်း မိမိသည် တရားခံစိုးနိုင် အား မသိရှိကြောင်း၊ သေသူ သန်းစိုးကိုလည်း မသိရှိကြောင်း၊ မြင်လည်း မမြင်ဖူးကြောင်း၊ အခင်းဖြစ်ကိစ္စနှင့် ပတ်သက်၍ မိမိဘာမှ မသိရှိကြောင်း၊ မိမိအိမ်တွင် သန်းစိုးအား ဘိန်းဖြူထိုးပေးခဲ့ခြင်း မရှိကြောင်း ထုချေထွက်ဆို သည်။ ဦးစောမောင် (ခံပြ–၃) မှာ တရားခံ မခင်စောကြည်၏ဘခင် ဖြစ်ပြီး မြင်းလှည်းမှာ မိမိပစ္စည်းဖြစ်ကြောင်း၊ မိမိမြင်းလှည်းကို အခြား လူများကို ပေးမောင်းခဲ့ခြင်း မရှိခဲ့ကြောင်း ထွက်ဆိုသည်။

ပြင်ဆင်မှု လျှောက်ထားသူ၏ အကျိုးဆောင်က ပူးတွဲတရားခံ စိုးနိုင်၏ ရပ်သိမ်းထားသော ဖြောင့်ချက်တစ်ခုတည်းဖြင့် မခင်စောကြည် အား အပြစ်ပေးခဲ့ခြင်းမှာ ဥပဒေနှင့်မညီညွတ်ကြောင်း၊ သန်းစိုး သေဆုံးမှု တွင် တရားခံပြေး ငြိမ်းမောင်တွင် တာဝန်ရှိပါလျက် မခင်စောကြည်အပေါ် အပြစ်ပုံချခြင်းမှာလည်း မသင့်ကြောင်း၊ စိုးနိုင်၏ ဖြောင့်ချက်မှာလည်း ကိုယ်လွတ်ရုန်းထားသော ဖြောင့်ချက်ဖြစ်၍ မခင်စောကြည်အပေါ် အသုံး မပြုသင့်ကြောင်း တင်ပြလျှောက်လဲသည်။

ရှေ့နေချုပ်ရုံးကိုယ်စား လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက မှုခင်းဖြစ်ရပ်အရ မခင်စောကြည်အိမ်တွင် ဘိန်းဖြူထိုး၍ သန်းစိုးသေပြီး အလောင်းကို သွားရောက်ဖျောက်ဖျက်ထားကြောင်း ထင်ရှားနေပါ၍ မူလရုံးနှင့် အယူခံရုံးတို့၏ တွေ့ရှိဆုံးဖြတ်ချက်သည် မမှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

ဤအမှုတွင် အဓိက စဉ်းစားရမည့် ပြဿနာမှာ ပူးတွဲတရားခံ

စိုးနိုင်၏ ဖြောင့်ချက်ဖြင့် မခင်စောကြည်အား အပြစ်ပေးသင့် မသင့်ပင် ဖြစ်သည်။ မခင်စောကြည်အား အပြစ်ပေးသည့် ပြစ်မှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄–က (သန်းစိုးအား ဘိန်းဖြူထိုးခြင်းကြောင့် ဆေးလွန်ပြီး သန်းစိုးအား သေစေမှု) ဖြစ်သည်။ စိုးနိုင်အား အပြစ်ပေးသည့်ပြစ်မှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၁ (အလောင်းအား အမှုသဲလွန်စ ပျောက်အောင် စွန့်ပစ်မှုနှင့် ဆေးထိုးအပ်ကို အမှိုက်ပုံ၌ စွန့်ပစ်မှု) ဖြစ်သည်။ မခင်စောကြည်နှင့် စိုးနိုင်တို့မှာ တစ်မှုတည်းတွင် စွဲဆိုစစ်ဆေးခံရသော တရားခံများဖြစ်ကြသော်လည်း ၎င်းတို့အား စွဲချက်တင်ရာတွင် အထက်ပါအတိုင်း သီးခြားပြစ်မှုများ ဖြစ်ကြသည်။ သက်သေခံဥပဒေ ပုဒ်မ ၃၀ အရ ပူးတွဲတရားခံ၏ ဖြောင့်ချက်ကိုအခြားပူးတွဲတရားခံအပေါ် အသုံးပြုခွင့်ရှိသော်လည်း အလားတူပြစ်မှု (Same Offence) ဖြင့် ပူးတွဲစွပ်စွဲခံရသည့် ကိစ္စများတွင်သာ အသုံးချခွင့်ရှိသည်။ ဥပဒေ ပြဋ္ဌာန်း ချက်၏ ဆိုလိုရင်းမှာ ကိုယ်လွတ်ရုန်းပြီး တစ်ဦးအပေါ်တစ်ဦး အပြစ်ပုံချခြင်းမျိုးကိုကာကွယ်လိုဟန်ရှိသည်။ ဘိန်းဖြူထိုး၍ လူသေသောအမှုတွင် အလောင်းနှင့် ဆေးထိုးအပ်သာ ဖျောက်ဖျက်ကြောင်း ဖြောင့်ဆိုသည့်တရားခံမှာ ဆေးထိုးရာတွင် မိမိမပါဘဲ ပူးတွဲတရားခံသာ ပါဝင်ပါသည်ဟု ဖြောင့်ဆိုခြင်းသည် ကိုယ်လွတ်ရုန်းရာရောက်သည်။ ထို့ကြောင့် ထိုသို့ ကိုယ်လွတ်ရုန်းသော အချက်အလက်များကို လက်မခံသင့်ပေ။ စိုးနိုင်၏ဖြောင့်ချက်တွင် မခင်စောကြည်က အလောင်းကို မြင်းလှည်းဖြင့်တင်ပြီး အခြားသို့အပို့ခိုင်း၍ မိမိက ပို့ရခြင်း၊ ဆေးထိုးအပ်ကို တခြားသို့ အပစ် ခိုင်း၍ အမှိုက်ပုံသို့ သွားပစ်ရခြင်း စသည့် အချက်အလက်ထက်ပို၍ လက်မခံသင့်ပေ။

ထို့ကြောင့်ပြင်ဆင်မှုလျှောက်ထားသူမခင်စောကြည်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄–က အရ ပြစ်မှု ထင်ရှားစီရင်ခြင်းမပြုဘဲ စိုးနိုင်ကဲ့သို့ပင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၁ ဖြင့်သာ ပြစ်မှုထင်ရှား စီရင်သင့်ပေသည်။

သို့ဖြစ်၍ ဤပြင်ဆင်မှုကို ခွင့်ပြုပြီး မခင်စောကြည်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄–က အရ ပြစ်မှုထင်ရှား စီရင်ကာ အလုပ်နှင့် ထောင်ဒဏ် ၅ နှစ် ကျခံစေရန် ချမှတ်ထားသော ကသာမြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော စစ်ကိုင်းတိုင်း တရားရုံး (ကသာမြို့နယ်စု)၏ အမိန့်တို့ကို ပယ်ဖျက်၍ မခင်စောကြည်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၁ အရ ပြစ်မှုထင်ရှား စီရင်ပြီး အလုပ်နှင့် ထောင်ဒဏ် (၂) (နှစ်) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အယူခံမှု

### တရားရုံးချုပ် တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

မခင်လှလှဝင်း (ခ) မလှလှ
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံတော် *

+ ၁၉၉၃
ဇန်နဝါရီလ
၈ ရက်

**အချင်းဖြစ်ချိန်၌ တရားခံနှင့် နှစ်ယောက်ထဲထိုင်ပြီး စကားပြောနေသော အိမ်ရှင်တွင် တရားခံ၏ လက်ဆွဲအိတ်ထဲမှ ရှာဖွေတွေ့ရှိသော ဆေးခြောက်များနှင့် ပတ်သက်၍ တာဝန်ရှိ-မရှိ။**

**ဆုံးဖြတ်ချက်။** ။ အချင်းဖြစ်နေ့က တရားခံ မခင်လှလှဝင်း၏ နေအိမ်အား ရဲက သတင်းအရ ရှာဖွေခဲ့ခြင်းဖြစ်ပြီး မခင်လှလှဝင်းသည် အချင်းဖြစ်ချိန်တွင် တရားခံ မောင်အောင်လွင်နှင့် နှစ်ယောက်ထဲထိုင်ပြီး စကားပြောနေကြောင်း ပေါ်ပေါက်ပေရာ မောင်အောင်လွင်၏ လက်ဆွဲ အိတ်ထဲမှ ရှာဖွေတွေ့ရှိသော ဆေးခြောက်များနှင့် ပတ်သက်သည့်အမှုတွင် မခင်လှလှဝင်းလည်း ပူးပေါင်းပါဝင်ခဲ့သည်ဟု ယူဆရပေသည်၊ မခင် လှလှဝင်းက မောင်အောင်လွင်သည် စစ်ထဲဝင်ရန်ကိစ္စဖြင့် ၎င်း၏ နေအိမ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သော်လည်း မောင်အောင်လွင် ထံမှ စစ်ထဲဝင်ရန် လာရောက်ခြင်းဖြစ်ကြောင်း ခိုင်လုံသည့် အထောက် အထား တစ်စုံတစ်ရာ မတွေ့ရှိဘဲ ဆေးခြောက်များသာ တွေ့ရှိသဖြင့် မခင်လှလှဝင်း၏ ထွက်ဆိုချက်မှာ ယုတ္တိမရှိပေ။ သို့ဖြစ်၍ မူလရုံး၏ သုံးသပ်ချက်မှာ မှားယွင်းသည်ဟု ဆိုရန် ခဲယဉ်းသည်။

အယူခံတရားလိုအတွက် — အင်းစိန်အကျဉ်းထောင် တာဝန်ခံမှ တစ်ဆင့် တင်သွင်းသည်။

အယူခံတရားခံအတွက် — ဦးအုံကြည်၊ ဥပဒေအရာရှိ

ရန်ကုန်တိုင်း တရားရုံး (ရန်ကုန်မြို့နယ်စု) ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၇၄/၉၁ တွင် မူလရုံးက တရားခံ မခင်လှလှဝင်းအား ၁၉၇၄

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၅၈၇

+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၄ တွင် ချမှတ်သော (၃-၁၂-၉၁) ရက်စွဲပါ ရန်ကုန်တိုင်း (ရန်ကုန်မြို့နယ်စု) တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၃
မခင်လှလှဝင်း
(ခ) မလှလှ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်

ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က (ခ)/၁၁ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန်နှင့် ဒဏ်ငွေ ကျပ် ၅၀၀၀၀/– ပေးဆောင်စေရန်၊ ဒဏ်ငွေမဆောင်က နောက်ထပ် ထောင်ဒဏ် (၃) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ မခင်လှလှဝင်းက တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

အမှုမှာ ဒုရဲအုပ်သန်းဦးက ၎င်းနှင့် အဖွဲ့သည် ၂၆–၂–၉၁ ရက်နေ့ ၁၄:၃၀ နာရီတွင် ဗိုလ်တထောင်မြို့နယ်အမှတ် (၃) ရပ်ကွက်၊ ၆၁–လမ်း၊ အမှတ်–၃၉ ရှိ မခင်လှလှဝင်း၏ နေအိမ်တွင် မူးယစ်ဆေးဝါးများရှိကြောင်း သတင်း ရရှိသဖြင့် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ထိုအိမ်သို့ ရောက်ရှိနေသူ သန်လျင်မြို့နေ မောင်အောင်လွင်၏ လက်ဆွဲအိတ်အတွင်းမှ တစ်ထုပ်လျှင် တစ်ရွေးသားခန့်စီပါ ဆေးခြောက်ဟု ထင်ရသော အထုပ် (၅၀၀)၊ စုစုပေါင်း အလေးချိန် ၆၂.၅ ဂရမ်ခန့်ကို တွေ့ရှိကြောင်း၊ မောင်အောင်လွင်နှင့် အိမ်ရှင် မခင်လှလှဝင်းတို့အား အရေးယူစေလိုကြောင်း ဗိုလ်တထောင်ရဲစခန်းသို့ သတင်းပေးတိုင်တန်းခဲ့သော အမှုဖြစ်သည်။

ယင်းအမှုတွင် တရားခံ မောင်အောင်လွင်အား ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများ ဥပဒေပုဒ်မ ၆–က(ခ) အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန်နှင့် ဒဏ်ငွေကျပ် ၅၀၀၀၀/– ပေးဆောင်စေရန်၊ ဒဏ်ငွေမဆောင်က နောက်ထပ် ထောင်ဒဏ် (၃) နှစ် ကျခံစေရန်လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၀(ခ)အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန်နှင့် ဒဏ်ငွေကျပ် ၅၀၀၀၀/– ပေးဆောင်စေရန်၊ ဒဏ်ငွေမဆောင်က နောက်ထပ် ထောင်ဒဏ် (၃) နှစ် ကျခံစေရန်လည်းကောင်း၊ ယင်းထောင်ဒဏ်နှစ်ရပ်ကို တစ်ပြိုင်တည်း ကျခံစေရန်လည်းကောင်း အမိန့်ချမှတ်ခဲ့သည်။

အယူခံ တရားလို မခင်လှလှဝင်းက အယူခံ အကြောင်းပြချက်အဖြစ် တင်ပြရာတွင် မူလရုံး အမှုတွဲပါ သက်သေခံချက်များအရ ၎င်းနှင့် ဆေးခြောက်များ ယူဆောင်လာသူ တရားခံ မောင်အောင်လွင်မှာ ယခင်က သိရှိခဲ့သူများ မဟုတ်ကြောင်း၊ မောင်အောင်လွင်၏ အိတ်ထဲ၌ ဆေးခြောက်များ ပါသည်ကို ၎င်းအနေဖြင့် မသိနိုင်ကြောင်း ပေါ်ပေါက်ပြီး အချင်းဖြစ်နေ့က ၎င်းသည် ဧည့်သည်လူစိမ်းဖြစ်သူ မောင်အောင်လွင်အား

၁၉၉၃
မခင်လှလှဝင်း
(ခ) မလှလှ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်

မည်သည့်အတွက် လာရောက်သည်ကို မေးမြန်းစုံစမ်း ဧည့်ခံစကားပြော နေခြင်းသာဖြစ်၍ မူလရုံးအမိန့်မှာ မှားယွင်းကြောင်း အမိကထား တင်ပြသည်။

မူလရုံးအမှုကို လေ့လာရာတွင် တရားလိုဘက် သက်သေခံချက်များအရ ၂၆-၂-၉၁ ရက်နေ့ ၁၄း၃၀နာရီတွင် ဒုရဲအုပ် သန်းဦး (လိုပြ-၁) နှင့် နယ်ထိန်း ဒုတပ်ကြပ် စိုးညွန့် (လိုပြ-၂) တို့သည် ဗိုလ်တထောင်မြို့နယ်၊ (၃) ရပ်ကွက်၊ ၆၁-လမ်း၊ အမှတ်-၃၉ နေအိမ်ပေါ်သို့ တရားခံ မောင်အောင်လွင် အိတ်တစ်လုံးဆွဲပြီးတက်သွားသည်ကို တွေ့ရှိ၍ သက်သေများဖြစ်သော ဦးလှမောင် (လိုပြ-၃) နှင့် (ရဝတ) အဖွဲ့ဝင် ဦးမောင်အေး (လိုပြ-၄) တို့နှင့်အတူ ထိုနေအိမ်ပေါ်သို့ တက်ရောက်ရှာဖွေရာ မောင်အောင်လွင်နှင့် အိမ်ရှင် မခင်လှလှဝင်းတို့နှစ်ဦး ထိုင်စကားပြောနေကြပြီး မောင်အောင်လွင် ဆွဲလာသောအိတ်ကို ၎င်းတို့ဘေးတွင် တွေ့ရှိကြောင်း၊ ထိုအိတ်မှာ ဗဟိုနိုင်ငံရေး တက္ကသိုလ်စာတမ်းပါ အသားရောင် သားရေအိတ်ဖြစ်ပြီး ထိုအိတ်ထဲမှ တစ်ထုပ်လျှင် တစ်ရွေးသားခန့်ရှိ ဆေးခြောက်ဟု ထင်ရသော အမှုန့်များပါသော အထုပ် (၅၀၀)၊ စုစုပေါင်း အလေးချိန် (၆၂.၅) ဂရမ်၊ ကာလတန်ဖိုးကျပ် ၂၅၀၀/- အား တွေ့ရှိကြောင်း၊ မောင်အောင်လွင်က ထိုအိတ်နှင့် ဆေးခြောက်များမှာ ၎င်း၏ ပစ္စည်းများဖြစ်သည်ဟု ပြောဆိုကာ ရှာဖွေပုံစံ (သက်သေခံ-က) တွင် လက်မှတ်ရေးထိုးပေးအပ်ခဲ့ကြောင်း၊ တရားခံများ၏ ခန္ဓာကိုယ်နှင့် နေအိမ်အတွင်းတွင် ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အခြားသက်သေခံပစ္စည်း တစ်စုံတစ်ရာ မတွေ့ရှိခဲ့ကြောင်း၊ မခင်လှလှဝင်းအား တရားခံအဖြစ် ထည့်သွင်းအရေးယူခဲ့ခြင်းမှာ ၎င်းသည် အချင်းဖြစ်နေအိမ်တွင် နေသူဖြစ်ပြီး မူးယစ်ဆေးဝါး ရောင်းဝယ်သည်ဟု သတင်းရ၍ဖြစ်ကြောင်း ပေါ်ပေါက်သည်။

အင်းစိန်ပြည်သူ့ရဲမှူးခင်းတပ်ဖွဲ့မှူး၏ပြန်ကြားချက်(သက်သေခံ-ဂ) အရ သက်သေခံပစ္စည်း အထုပ်ငယ် (၅၀၀) မှာ ဆေးခြောက်များ ဖြစ်ကြောင်း ပေါ်ပေါက်ပြီး ဆေးစာ (သက်သေခံ-ဃ နှင့် င) အရ တရားခံများမှာ မူးယစ်ဆေးဝါး သုံးစွဲခြင်းမရှိကြောင်း ပေါ်ပေါက်သည်။

တရားခံ မောင်အောင်လွင်က ၎င်းသည် တရားခံ မခင်လှလှဝင်း၏ ဖခင် ဦးကျော်ဝင်းနှင့် သန်လျင်မြို့ရှိ အမှတ် (၁၀) သစ်စက်တွင် အလုပ်လုပ်စဉ် သိရှိခဲ့၍ စစ်ထဲဝင်လိုသည်ဟု ပြောခဲ့ရာ ဦးကျော်ဝင်းက သူ့

သမီး မခင်လှလှဝင်းအိမ်သို့သွားရန် လိပ်စာပေးပြီး လွှတ်လိုက်၍ အချင်းဖြစ်နေအိမ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ သဘော်ဆိပ်တွင် အိတ်များပြီး ယူလာမိခဲ့၍ ထိုအိတ်ထဲမှ ဆေးခြောက်များ ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း၊ ၎င်း၏ပစ္စည်း မဟုတ်ကြောင်း၊ မခင်လှလှဝင်းအိမ်သို့ ယခင်က တစ်ကြိမ်မျှ မရောက်ဖူးကြောင်း ထွက်ဆိုထားသည်။

တရားခံ မခင်လှလှဝင်းက သက်သေခံပစ္စည်းများကို တရားခံ မောင်အောင်လွင် ဆွဲလာသော အိတ်ထဲမှ ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း၊ ၎င်းနှင့် မသက်ဆိုင်ကြောင်း၊ ၎င်း၏ဖခင် ဦးကျော်ဝင်းက (၉) မိုင် ထောက်လှမ်းရေးတွင် တာဝန်ထမ်းဆောင်နေသော သားဖြစ်သူ တင်ဝင်း ထွန်းထံ ပို့ပေးရန် မောင်အောင်လွင်ကို ၎င်းထံ လွှတ်လိုက်ခြင်းဖြစ်ကြောင်း၊ မောင်အောင်လွင်ကို ယခင်က မသိကြောင်း ထွက်ဆိုထားသည်။

မူလရုံးက တရားခံ မောင်အောင်လွင်သည် သန်လျင်–ရန်ကုန် သဘော်ပေါ်တွင် အိတ်ချင်းမှားယူလာမိသောကြောင့် ထိုမှားယူလာသော အိတ်ထဲမှ သက်သေခံပစ္စည်းများ ရှာဖွေတွေ့ရှိခြင်း ဖြစ်ပါသည်ဟု ထုချေသော်လည်း ရဲက ရှာဖွေသိမ်းဆည်းစဉ်က ထိုပစ္စည်းများမှာ ၎င်း၏ ပစ္စည်းဖြစ်သည်ဟု ပြောခဲ့၍ တရားခံ၏ ထုချေချက်မှာ နောက်မှ အကြံရသော ထုချေချက်သာ ဖြစ်နိုင်ကြောင်း၊ ရဲများက သတင်းအရ စောင့်ကြည့်နေစဉ် မောင်အောင်လွင် ရောက်ရှိလာပြီး အချင်းဖြစ်နေအိမ်၌ မခင်လှလှဝင်းနှင့် ထိုင်စကားပြောနေသည်ကို တွေ့ရှိရခြင်းကြောင့် ယခင် ကလည်း မကြာခဏ ရောက်သည့် အနေအထားမျိုးရှိ၍ မခင်လှလှဝင်း သည် မောင်အောင်လွင်ထံ၌ ဆေးခြောက်များ ပါလာသည်ကိုသိလျက် လက်သင့်ခံခဲ့ခြင်းဖြင့် မောင်အောင်လွင် ကျူးလွန်သောအမှုတွင် ပူးပေါင်း ပါဝင်ခဲ့သည်ကို တွေ့ရှိရကြောင်း သုံးသပ်ကာ တရားခံများအား အထက် တွင် ဖော်ပြခဲ့သည့်အတိုင်း ပြစ်မှု ထင်ရှားစီရင်လျက် ပြစ်ဒဏ် အသီးသီး ချမှတ်ခဲ့ခြင်းဖြစ်ပေသည်။

အချင်းဖြစ်နေ့က တရားခံ မခင်လှလှဝင်း၏ နေအိမ်အား ရဲက သတင်းအရ ရှာဖွေခဲ့ခြင်းဖြစ်ပြီး မခင်လှလှဝင်းသည် အချင်းဖြစ်ချိန်တွင် တရားခံ မောင်အောင်လွင်နှင့် နှစ်ယောက်ထဲထိုင်ပြီး စကားပြောနေကြောင်း ပေါ်ပေါက်ပေရာ မောင်အောင်လွင်၏ လက်ဆွဲအိတ်ထဲမှ ရှာဖွေတွေ့ရှိ သောဆေးခြောက်များနှင့် ပတ်သက်သည့်အမှုတွင် မခင်လှလှဝင်းလည်း ပူးပေါင်းပါဝင်ခဲ့သည်ဟု ယူဆရပေသည်။ မခင်လှလှဝင်းက မောင်အောင်

၁၉၉၃
မခင်လှလှဝင်း
(ခ) မလှလှ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်

လွင်သည် စစ်ထဲဝင်ရန်ကိစ္စဖြင့် ၎င်း၏ နေအိမ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သော်လည်း မောင်အောင်လွင်ထံမှ စစ်ထဲဝင်ရန် လာရောက်ခြင်းဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိဘဲ ဆေးခြောက်များသာ တွေ့ရှိသဖြင့် မခင်လှလှဝင်း၏ ထွက်ဆိုချက်မှာ ယုတ္တိမရှိပေ။ သို့ဖြစ်၍ မူလရုံး၏ သုံးသပ်ချက်မှာ မှားယွင်းသည်ဟု ဆိုရန် ခဲယဉ်းသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ဥပဒေအရာရှိကလည်း အချင်းဖြစ်အမှုတွင် မခင်လှလှဝင်းလည်း ပူးပေါင်းပါဝင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိ၍ မူလရုံးအမိန့်မှာ ဥပဒေနှင့် ညီညွတ်ပါကြောင်း လျှောက်လဲတင်ပြခဲ့ပေသည်။

ထို့ကြောင့် မူလရုံးအမိန့်အား တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ပြင်ဆင်ပေးရန် အကြောင်းမမြင်သဖြင့် ဤအယူခံမှုအား ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အယူခံမှု

### တရားရုံးချုပ် တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

+ ၁၉၉၃
မတ်လ ၁၅
ရက်

ဒေါ်စောရီ
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

**တရားခံမှာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည်ဟု သတင်းပေါ်ပေါက်ခြင်း မရှိခြင်း၊ အခြားသူက လုပ်ကြံခြင်းဖြစ်နိုင်သည်ဟု တရားခံက စခန်းမှူး အား ချက်ခြင်းထုတ်ဖော်ပြောပြခဲ့ခြင်း၊ တရားခံနှင့် အိမ်ခြံမြေ ဝယ်ယူ ခဲ့သော ကိစ္စနှင့် စပ်လျဉ်း၍ မသင့်မြတ်သူများ ရှိကြောင်း ပေါ်လွင်ခြင်း၊ ဆေးခြောက်ထုပ်ကိုယူ၍ တရားခံအိမ်အောက်ရှိ သေတ္တာထဲ သွားရောက် ထည့်ပြီးနောက် ရဲထံ သတင်းပေးခဲ့သည်ဟု ထွက်ဆိုချက်ရှိခြင်းတို့ ကြောင့် တရားခံ၏ ချေပချက်မှာ နောက်မှ အကြံဖြင့် ချေပချက်ဖြစ် သည်ဟု မဆိုသာခြင်း။**

**ဆုံးဖြတ်ချက်။** ။ တရားလိုပြ သက်သေထွက်ချက်များအရ ဒေါ်စောရီ မှာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည်ဟု သတင်းပေါ်ပေါက်ခြင်းမရှိ ကြောင်း၊ ဖိုးချိုတို့က လုပ်ကြံခြင်းဖြစ်နိုင်သည်ဟု ဒေါ်စောရီက စခန်းမှူး ဦးတင်ရွှေအား ချက်ခြင်းထုတ်ဖော်ပြောပြမှု ရှိခဲ့ကြောင်း၊ ဒေါ်စောရီက ဖိုးချိုအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၆ အရ တရားစွဲဆိုထားသော အမှုလည်းရှိနေကြောင်း၊ ဒေါ်စောရီက အိမ်ခြံမြေကို ဝယ်ယူခဲ့သောကိစ္စနှင့် စပ်လျဉ်း၍ ၎င်းနှင့် ဒေါ်အမာဂျန်တို့ မသင့်မြတ်ကြကြောင်းတို့ ထင်ရှား ပေါ်လွင်သဖြင့် ဒေါ်အမာဂျန်တို့ အလှူအိမ်မှ ပေးလိုက်သော ကောက်ညှင်း ဟလဝါမုန့်ကို စားမိပြီး ရင်တုံမူးမော်ခဲ့သည်ဟု ဒေါ်စောရီ၏ ချေပချက် ကို ယုံကြည်လက်ခံနိုင်ရန် သဘာဝမကျဟု မဆိုသာပေ။

ဖိုးချိုက ဒေါ်အမာဂျန်ထံမှ ဆေးခြောက်ထုပ်ယူ၍ ဒေါ်စောရီအိမ် အောက်ရှိ သေတ္တာထဲ သွားရောက်ထည့်ခဲ့ပြီးနောက် ၎င်းက ရဲထံ

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၉၆၀

\+ ၁၉၉၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၁၉ တွင် ချမှတ်သော(၂၅-၈-၉၂) ရက်စွဲပါ ပဲခူးတိုင်း (ပဲခူးမြို့နယ်စု) တရားရုံး၏အမိန့်ကို အယူခံမှု

၁၉၉၃
ဒေါ်စောရီ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်

သတင်းပေးခဲ့သည်ဟု ဒေါ်အမာဂျန်၏ တူမဖြစ်သူ မသန်းသန်းရီကိုယ်တိုင်က ထောက်ခံထွက်ဆိုထားခြင်း၊ သက်သေ ဦးပုတူး၊ ဒေါ်အုန်းမြင့်၏ ထွက်ချက်နှင့် ဒေါက်တာမျိုးသန့်၏ ဇနီး တရားခံပြသက်သေ ဒေါက်တာ ဒေါ်ခင်အေးနွယ်၏ ကော်မရှင် အစစ်ခံချက်တို့တွင် ထောက်ခံထွက်ဆိုမှု ရှိခြင်း၊ ဒေါ်ခင်အေးနွယ်၏ ထွက်ဆိုချက်တွင် ဒေါ်စောရီအား မိုက်အောင့် ရောဂါကိုလည်း ကုသပေးခဲ့ရဖူးသည်ဟု ထောက်ခံထွက်ဆိုမှုလည်း ရှိနေခြင်းတို့ကြောင့် ဒေါ်စောရီ၏ ချေပချက်မှာ နောက်မှ အကြံဖြင့် ချေပချက်ဖြစ်သည်ဟု မဆိုသာချေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဒေါ်တင်အေး (ခ) ဒေါ်တင်တင်အေး၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | – | ဦးထွန်းရွှေ၊ လက်ထောက် ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး |

ပဲခူးတိုင်းတရားရုံး (ပဲခူးမြို့နယ်စု)၏ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၁၉/၉၀ တွင် ဒေါ်စောရီအား ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄(ဃ) အရ ထောင်ဒဏ် (၃) နှစ် ကျခံစေရန် ချမှတ်ခဲ့သော အမိန့်အား ဒေါ်စောရီက မကျေနပ်၍ ဤပြင်ဆင်မှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ ၁၁–၁၁–၉၀ ရက်နေ့တွင် သတင်းအရ ဂန့်ဂေါ်ဝိုင်းရပ်နေ ဦးညွန့်ဝင်းနှင့် အစ်မ ဒေါ်စောရီတို့၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်တွင်းရှိ သွပ်သေတ္တာကြီးအတွင်း ကျွတ်ကျွတ်အိပ်ထဲမှ ဆေးခြောက်ကိုးဆယ်ကျပ်သားကို တွေ့ရှိသဖြင့် ဒေါ်စောရီအား အရေးယူပေးရန် ဒုရဲအုပ် စခန်းမှူး ဦးတင်ရွှေက ရွှေကျင်မြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားခဲ့သောအမှုဖြစ်သည်။

ဒေါ်စောရီအတွက် လိုက်ပါသည့် ရှေ့နေက အယူခံအကြောင်းပြချက်များ တင်ပြရာတွင် တရားခံပြ သက်သေ (ရဝတ) ဥက္ကဋ္ဌ ဦးချစ်နှင့် ဂေါပက အဖွဲ့ဝင် ဦးတင်ညွန့်တို့၏ ထွက်ချက်အရ ဒေါ်စောရီ မူးယစ်ဆေးဝါး သုံးစွဲသူဖြစ်သည်ဟု မပေါ်ပေါက်ကြောင်း၊ ဆီးစမ်းသပ်ချက်တစ်ချက်တည်းဖြင့် လုံလောက်မှု မရှိပါဟု ဒေါက်တာဘမှုက ထွက်ဆိုထားပြီး တရားခံပြသက်သေ လက်ထောက်မြို့နယ် ဆရာဝန်ကလည်း အလှူအိမ်မှ စားမိခဲ့သောမုန့်ကြောင့် ဒေါ်စောရီ မူးဝေပြီး ဆီးတွင် မူးယစ်ဆေးဝါး စမ်းသပ်တွေ့ရှိခဲ့ခြင်း ဖြစ်နိုင်သည်ဟု ထောက်ခံထွက်ဆိုထားကြောင်း၊

၁၉၉၃ ဒေါ်စောရီ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်

ထို့ကြောင့် ဒေါ်စောရီအား အမှုမှ အပြီးအပြတ်လွှတ်သင့်ကြောင်း တင်ပြသည်။

ရှေ့နေချုပ်ရုံ့ကိုယ်စား ဥပဒေအရာရှိက တင်ပြရာ၌ ဒေါ်အမာဂျန်က ပို့လိုက်သည့် ကောက်ညှင်းဟလဝါ စားပြီးနောက် ရင်တုံခေါင်းမူး၍ ဒေါက်တာမျိုးသန့်၏ ဆေးခန်းသို့ သွားရောက်ပြသ ကုသခဲ့ရသည်ဟု ဒေါ်စောရီ၏ ချေပချက်မှာ နောက်မှရသောအကြံဖြင့် ချေပချက်ဖြစ်ကြောင်း မူးယစ်ဆေးဝါး သုံးစွဲခြင်းမရှိဘဲ ဒေါ်စောရီ၏ ဆီးတွင် မူးယစ်ဆေးဝါး တွေ့ရှိရန် အကြောင်း မရှိနိုင်ကြောင်း၊ ထို့ကြောင့် ဤအယူခံမှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

တိုင်း တရားရုံး၏ စီရင်ချက်တွင် ဒေါ်စောရီသည် ဦးပြုံးတို့ မိသားစုထံမှ အိမ်မြေကို ဝယ်ယူခဲ့ရာ ဒေါ်အမာဂျန်နှင့် ဖိုးချိုတို့က မကျေနပ်၍ ဖိုးချိုက ဒေါ်စောရီ၏ မြေကြီးမှ (၅) ပေခန့်မြင့်သော ခြေတန်ရှည်အိမ်အောက်ရှိ သံသေတ္တာဟောင်းအတွင်းသို့ ဝင်ရောက်၍ ဆေးခြောက်ထုပ် ထည့်ထားခဲ့ပြီး ရဲထံ သတင်းပေး၍ လုပ်ကြံခဲ့သောအမှု ဖြစ်သည်ဟု ဒေါ်စောရီနှင့် တရားခံပြသက်သေတို့၏ ချေပထွက်ဆိုချက်ကို လက်ခံကာ ဒေါ်စောရီအား မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥဒေပုဒ်မ ၆ (ခ) အရ အမှုဖြင့် အပြစ်မပေးဘဲ ယင်းဥပဒေ ပုဒ်မ ၁၄(ဃ) အရသာ အပြစ်ပေးခဲ့ကြောင်း တွေ့ရသည်။

တရားလိုပြသက်သေ ဒေါက်တာဘမူ၏ ထွက်ချက်၌ အသက် (၅၂) နှစ်ရှိ ဒေါ်စောရီ၏ ဆီးနမူနာတွင် ဟယ်ရိုးအင်း တွေ့ရှိသည်ဟု ဓာတုဗေဒဌာန၏ ပြန်ကြားစာတွင် ဖော်ပြထားကြောင်း၊ မူးယစ်ဆေးဝါး သုံးစွဲသူ ဟုတ်မဟုတ် စစ်ဆေးစမ်းသပ်ရာတွင် ပြင်ပစစ်ဆေးမှု ပတ်ဝန်းကျင် စစ်ဆေးမှုနှင့် ဆီးစစ်ဆေးမှုများကို ပြည့်စုံစွာ စစ်ဆေးမှသာ အဖြေမှန်ရရှိနိုင်မည်ဖြစ်ပြီး ဆီးစစ်ဆေးချက်တစ်ချက်တည်းဖြင့် လုံလောက်ခြင်း မရှိကြောင်း ထွက်ဆိုထားသည်။

မူလမှုတွင် ဒေါ်စောရီမှာ အသက် ၁၀၄ နှစ်ရှိ ဘခင် ဦးဘကျော်နှင့် အတူ နေထိုင်ကြောင်း၊ ၎င်းမှာ အပျိုကြီးဘဝဖြင့် ရွှေကျင်ဈေးအတွင်း ဆန်ရောင်းကြောင်း တွေ့ရသည်။

ဒေါ်စောရီက ချေပထွက်ဆိုရာတွင် ဦးပြုံးထံမှ မိမိခြံနှင့် အိမ် ဝယ်ယူလိုက်သည့် ကိစ္စကို ဦးပြုံး၏ ညီမဝမ်းကွဲ ဒေါ်အမာဂျန်နှင့် ဖိုးချိုတို့က မကျေနပ်၍ မိမိအမေ၏ မောင်ဖြစ်သူ ဒေါက်တာတင်လှိုင်နှင့်

ပူးပေါင်းပြီး မိမိဝယ်ယူထားသောအိမ်ကို ၎င်းတို့ ရရှိလို၍ တရားမမှုများ စွဲဆိုခဲ့ခြင်း၊ ဦးညွန့်ဝင်း နိုင်ငံခြားမထွက်နိုင်စေရန် အမှုများ ဖန်တီးစွဲဆိုခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း၊ ဒေါ်အမာဂျန်က မိမိအိမ်အောက်၌ ဆေးခြောက်ထားပေးရန်နှင့်သောက်ရေထဲ ဘိန်းဖြူထည့်ပေးရန် ၎င်း၏တူမ မသန်းသန်းရီအား ငွေ ၁၀၀၀ိ/-ပေး၍ခိုင်းခဲ့ခြင်း၊ မသန်းသန်းရီက ငြင်းဆိုရာ ဖိုးချိုက ဒေါ်အမာဂျန်ထံမှ ဆေးခြောက်ထုပ်ယူ၍ ဒေါ်စောရီ၏ အိမ်အောက်သို့ သွားရောက်ထားပေးခဲ့ပြီး ရဲစခန်းသို့ သွားရောက်သတင်းပေးခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့သည်ဟု မသန်းသန်းရီက ပြောပြ၍ သိရှိရကြောင်း၊ အချင်းမဖြစ်မီ (၁) ရက်အလိုတွင် ဒေါ်အုန်းဆင့်ယူလာပေးသော ကောက်ညှင်းဟလဝါမုန့်ကို မိမိက စားမိပြီး ရင်တုံ၍ ခေါင်းမူးလာသဖြင့် ဒေါက်တာမျိုးသန့်၏ ဆေးခန်းသို့ သွားရောက်ပြသခဲ့ရကြောင်း၊ မိမိ ယခင်က ဗိုက်အောင့်ရောဂါရှိ၍ ဒေါက်တာမျိုးသန့်ထံမှာပင် ပြသကုသခဲ့ရဖူးကြောင်း ချေပထွက်ဆိုထားသည်။

ဦးပြုံး၏သမီး ဒေါ်အမာဂျန်၏ တူမဆိုသူ မသန်းသန်းရီနှင့် တရားခံပြ သက်သေ ဒေါ်ရှမ်းမတို့က ဒေါ်စောရီ၏ ထွက်ချက်ပါအတိုင်း ဖိုးချိုက ဆေးခြောက်ထုပ်ကို ဒေါ်စောရီ၏အိမ်အောက်သို့ ဝင်ရောက်ထားခဲ့ပြီးနောက် ရဲထံ သတင်းပေးခဲ့ကြောင်း ထောက်ခံထွက်ဆိုကြသည်။

ဒေါ်စောရီ၏အိမ်တွင် ဆေးခြောက်တွေ့ရှိနိုင်ပြီး သုံးစွဲသည့်ကိစ္စပေါ်နိုင်မည်မှာ သေချာသည်ဟု ဒေါ်အမာဂျန်က ပြော၍ ရဲထံ သတင်းပေးခိုင်းသော်လည်း မိမိက ငြင်းဆန်ခဲ့ကြောင်း တရားခံပြသက်သေ ဦးပုတူးကလည်း ထောက်ခံထွက်ဆိုထားသည်။

ဒေါ်စောရီသည် အချင်းမဖြစ်မီ ၂-၃ ရက်ခန့်က ဒေါ်အမာဂျန်၏ အလှူအိမ်မှ ပေးလိုက်သည့် ကောက်ညှင်းဟလဝါမုန့်ကို စားပြီးနောက် ခေါင်းမူး၍ ဆေးခန်းသွားရောက်ပြသခဲ့ရကြောင်း ဒေါ်အုန်းမြင့် (ဒေါ်အုန်းဆင့်) က ထောက်ခံထွက်ဆိုသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၀၃ အရ ကော်မရှင်ဖြင့် စစ်ဆေးခဲ့သည့် တောင်ကြီးမြို့မှ ဒေါက်တာ ဒေါ်ခင်အေးနွယ်၏ ထွက်ချက်တွင် မိမိ ရွှေကျင်မြို့၌ တာဝန်ထမ်းဆောင်စဉ် ၁၀-၁၁-၉၀ ရက်နေ့၌ ဒေါ်စောရီက အလှူအိမ်မှ မုန့်ကို စားမိပြီး မျက်လုံးများ လေးလံမူးဝေ၍ ပျို့အန်ချင်သလိုဖြစ်သည်ဟု ပြောဆိုပြီး မိမိတို့၏ ဆေးခန်းတွင် လာရောက်ပြသခဲ့ကြောင်း၊ မိမိ၏ ခင်ပွန်း ဒေါက်တာမျိုးသန့်က ဒေါ်စောရီ ဗိုက်

အောင့်ရောဂါကိုလည်း ကုသပေးခဲ့ရဖူးကြောင်း ထောက်ခံထွက်ဆိုထားသည်။

တရားလိုပြသက်သေ စခန်းမှူး ဦးတင်ရွှေကလည်း သက်သေခံဆေးခြောက်ကို ဖိုးချိုက ဝင်ရောက်ထားသွားခဲ့ခြင်း ဖြစ်နိုင်သည်ဟု ဒေါ်စောရီ အချင်းဖြစ်စဉ်က ပြောပြခဲ့ကြောင်း၊ ဒေါ်စောရီ၏အိမ်သို့ ဝင်ရောက်မှုဖြင့် ဖိုးချိုအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၆ အရ ရွှေကျင်မြို့နယ် တရားရုံး၌ တရားစွဲဆိုထားကြောင်း ထွက်ဆိုထားသည်။

(ရဝတ) ဥက္ကဋ္ဌ ဦးချစ်ကလည်း ဒေါ်စောရီနှင့် ဦးညွန့်ဝင်းတို့ မောင်နှစ်မသည် ဒေါက်တာတင်လှိုင်၊ ဦးပြုံးတို့နှင့် ပြဿနာဖြစ်၍ သင့်မြတ်ခြင်း မရှိကြောင်း ထွက်ဆိုသည်။

အထက်ဖော်ပြပါ နှစ်ဘက်သော သက်သေတို့၏ တွက်ချက်အရ အချင်းဖြစ် အမှုမှာ ဒေါ်အမာဂျန်နှင့် ဖိုးချိုတို့က လုပ်ကြံတိုင်ကြားခဲ့သော အမှုဖြစ်သည်ဟု ဒေါ်စောရီ၏ ချေပချက်ကို လက်ခံ၍ တိုင်းတရားရုံးက ဒေါ်စောရီအား မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ) အရ အမှုဖြင့် အပြစ်မပေးဘဲ ယင်းအမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်း ဖြစ်သောကြောင့် ဒေါ်စောရီ၏ဆီးတွင် ဟယ်ရိုးအင်း စမ်းသပ်တွေ့ရှိချက်မှာလည်း ယင်းကဲ့သို့ တစ်ဆက်တည်း လုပ်ကြံခံရမှု ဟုတ်မဟုတ် သုံးသပ်ရန်သင့်သည်။

တရားလိုပြ သက်သေထွက်ချက်များအရ ဒေါ်စောရီမှာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည်ဟု သတင်းပေါ်ပေါက်ခြင်းမရှိကြောင်း၊ ဖိုးချိုတို့က လုပ်ကြံခြင်းဖြစ်နိုင်သည်ဟု ဒေါ်စောရီက စခန်းမှူး ဦးတင်ရွှေအား ချက်ချင်းထုတ်ဖော်ပြောပြမှု ရှိခဲ့ကြောင်း၊ ဒေါ်စောရီက ဖိုးချိုအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၆ အရ တရားစွဲဆိုထားသော အမှုလည်းရှိနေကြောင်း၊ ဒေါ်စောရီက အိမ်ခြံမြေကို ဝယ်ယူခဲ့သောကိစ္စနှင့် စပ်လျဉ်း၍ ၎င်းနှင့် ဒေါ်အမာဂျန်တို့ မသင့်မြတ်ကြကြောင်းတို့ ထင်ရှားပေါ်လွင်သဖြင့် ဒေါ်အမာဂျန်တို့ အလှူအိမ်မှ ပေးလိုက်သော ကောက်ညှင်းဟလဝါမုန့်ကို စားမိပြီး ရင်တုံမူးမော်ခဲ့သည်ဟု ဒေါ်စောရီ၏ ချေပချက်ကို ယုံကြည်လက်ခံနိုင်ရန် သဘာဝမကျဟု မဆိုသာပေ။

ဖိုးချိုက ဒေါ်အမာဂျန်ထံမှ ဆေးခြောက်ထုပ်ယူ၍ ဒေါ်စောရီအိမ်အောက်ရှိ သေတ္တာထဲ သွားရောက်ထည့်ခဲ့ပြီးနောက် ၎င်းက ရဲထံသတင်းပေးခဲ့သည်ဟု ဒေါ်အမာဂျန်၏ တူမဖြစ်သူ မသန်းသန်းရီကိုယ်တိုင်

၁၉၉၃
ဒေါ်စောရီ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်

က ထောက်ခံထွက်ဆိုထားခြင်း၊ သက်သေ ဦးပုတူး၊ ဒေါ်အုန်းမြင့်၏ ထွက်ချက်နှင့် ဒေါက်တာ မျိုးသန့်၏ဇနီး တရားခံပြသက်သေ ဒေါက်တာ ဒေါ်ခင်အေးနွယ်၏ ကော်မရှင် အစစ်ခံချက်တို့တွင် ထောက်ခံထွက်ဆိုမှု ရှိခြင်း၊ ဒေါ်ခင်အေးနွယ်၏ ထွက်ဆိုချက်တွင် ဒေါ်စောရီအား ဗိုက်အောင့် ရောဂါကိုလည်း ကုသပေးခဲ့ရဖူးသည်ဟု ထောက်ခံထွက်ဆိုမှုလည်း ရှိနေခြင်းတို့ကြောင့် ဒေါ်စောရီ၏ ချေပချက်မှာ နောက်မှ အကြံဖြင့် ချေပချက် ဖြစ်သည်ဟု မဆိုသာချေ။

အထက်ပါ တွေ့ရှိချက်များအရ ဒေါ်စောရီအား မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄(ဃ) အရ ပြစ်ဒဏ် ချမှတ်ခဲ့သော တိုင်းတရားရုံး၏ အမိန့်မှာ တစ်ထစ်ချ မှန်ကန်သည်ဟု ဆိုနိုင်မည် မဟုတ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုပြီး ဒေါ်စောရီအပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ် ၁၄(ဃ) အရ ပြစ်ဒဏ်ချမှတ်ခဲ့သော ပဲခူးတိုင်းတရားရုံး (ပဲခူးမြို့နယ်စု) ၏ အမိန့်အား ပယ်ဖျက်၍ ၎င်းအား အမှုမှ အပြီးအပြတ် လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

## တရားရုံးချုပ် တရားသူကြီး ဦးသန်းဖေရှေ့တွင်

ဦးစံချိန် (ခ) ဦးစံရှိန်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ *

+ ၁၉၉၃
ဖေဖော်ဝါရီလ
၂၆ ရက်

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုကို ချေဖျက်နိုင်ရေး ကိစ္စတွင် တရားလိုဘက်မှ စွပ်စွဲချက်များကို မှန်ကန်သည်ဟု လက်ခံသည့်တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်းရှိမရှိ၊ မှန်ခဲ့လျှင် ပြစ်မှုမြောက်မည့် စွပ်စွဲချက်များကို ထောက်ခံမည့် သက်သေခံချက်ရှိ မရှိဆိုသော အချက်များကို အလေးအနက်ထား စဉ်းစားရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုကို ချေဖျက်ရေးကိစ္စတွင် အလေးအနက်ထား စဉ်းစားရမည့် အချက်မှာ တရားလိုဘက်မှ စွပ်စွဲချက်များကို မှန်ကန်သည်ဟု လက်ခံသည့်တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်းရှိမရှိ၊ မှန်ခဲ့လျှင် ပြစ်မှုမြောက်မည့် စွပ်စွဲချက်များကို ထောက်ခံမည့် သက်သေခံချက် ရှိမရှိ ဆိုသော အချက်များပင် ဖြစ်သည်။

တရားလိုဘက်မှ စွပ်စွဲချက်များကို မှန်ကန်သည်ဟု လက်ခံသည့်တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်း မရှိလျှင်သော်လည်းကောင်း၊ မှန်ကန်ခဲ့လျှင် ပြစ်မှုမြောက်မည့် စွပ်စွဲချက်များကို ထောက်ခံမည့် သက်သေခံချက် လုံးဝမရှိလျှင်သော်လည်းကောင်း တရားရုံးချုပ်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ အာဏာကို ကျင့်သုံးလျက် အမှုကို ချေဖျက်ပေးနိုင်မည် ဖြစ်သည်။ **ဦးညီလေးနှင့် နိုင်ငံတော်ပါ-၂၊**[1]

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၅၅

+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၅၆၊ မအူပင်မြို့နယ် တရားရုံး အမှုတွဲအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားမှု

၁၉၉၃
ဦးစံချိန် (ခ)
ဦးစံရှိန်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ-၂

အထက်တွင် ဖော်ပြခဲ့သော တရားလိုဘက် စွပ်စွဲချက်များကို မှန်ကန်သည်ဟု လက်ခံလျှင် တရားခံ ဦးစံရှိန်အနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက်ဖွယ်ရာ အကြောင်းများရှိနေသည့်အပြင် ထို စွပ်စွဲချက်များကို ထောက်ခံမည့် သက်သေခံချက်များလည်း ရှိနိုင်ဖွယ်ရှိရာ တရားရုံးချုပ်အနေဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကပါ အာဏာကို ကျင့်သုံးလျက် ယင်းအမှုအား ချေဖျက်ပေးနိုင်သည့် အခြေအနေ မရှိပေ။

လျှောက်ထားသူအတွက် - ဦးကျော်ငြိမ်း၊ တရားရုံးချုပ်ရှေ့နေ (မလာ)

လျှောက်ထားခံရသူများအတွက်- ၁။ ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ကိုယ်တိုင်၊ မလာ

မအူပင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၅၆/၉၂ တွင် မူလရုံးက တရားခံ ဦးစံချိန်(ခ)ဦးစံရှိန်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ အရ အရေးယူ စစ်ဆေးလျက်ရှိရာ ယင်းအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန်အတွက် ဦးစံချိန် (ခ) ဦးစံရှိန်က တရားရုံးချုပ်သို့ ဤအထွေထွေလျှောက်လွှာကို တင်သွင်းသည်။

အမှုမှာ မအူပင်မြို့နယ် တရားရုံးမှ စာရေးကြီး ဦးအုန်းကြွယ်က မအူပင်မြို့နယ် တရားရေး ဦးစီးဌာနသို့ ၉-၁-၈၇ ရက်နေ့တွင် ရောက်ရှိလာသော ရဏာအမှတ် ၃၃ ကို ဖိုင်တွဲထားရန် မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်က အမိန့်ချခဲ့၍ စာခွက်တွင် ထည့်ထားစဉ် ပျောက်သွားခဲ့သော်လည်း သတိမပြုမိခဲ့ကြောင်း၊ နောက်ပိုင်းတွင် ထိုစာကို ပူးတွဲပြီး ဦးစံရှိန်က ဦးမူးစေ့အပေါ် တရားရုံးချုပ်သို့ တိုင်ကြားသည်ကို တွေ့ရှိမှ ထိုစာ ပျောက်ဆုံးခဲ့သည်ကို သိရကြောင်း၊ ထို့ကြောင့် စာခိုးသူ ဦးစံရှိန်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ အရ အရေးယူစေလိုကြောင်း ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့သောအမှုဖြစ်သည်။

လျှောက်ထားသူက အမှုချေဖျက်ပေးရန်အတွက် အကြောင်းပြချက်အဖြစ် တင်ပြရာတွင် လျှောက်ထားသူက ဦးမူးစေ့အပေါ် တရားရုံးများ မထိမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၃ အရ အရေးယူပေးရန် ပူးတွဲတင်ပြခဲ့သည့် တိုင်စာမိတ္တူမှာ မအူပင်မြို့နယ် တရားရုံးမှ ပျောက်ဆုံးသွားသောစာဖြစ်သည်ဟု တိကျသည့် အထောက်အထားမရှိကြောင်း အဓိကထားတင်ပြသည်။

၁၉၉၃
ဦးစံချိန် (ခ)
ဦးစံရှိန်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ-၂

မူလရုံး အမှုကို လေ့လာရာတွင် တရားလို ဦးအုန်းကြွယ် (လိုပြ-၁)၊ ဒေါ်သန်းညွန့် (လိုပြ-၃)၊ ဒေါ်ဌေးဌေးကြည် (လိုပြ-၄) တို့၏ ထွက်ဆိုချက်များအရ ဦးမူးစေ့ (ခ) ဦးဝင်းကြည်က ဦးစံရှိန်အပေါ် နိုင်ငံတော် ကောင်စီနှင့် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သို့ တိုင်ကြားခဲ့သည့် ၇-၁-၈၇ ရက်စွဲပါ တိုင်စာမိတ္တူတစ်စောင်ကို ၉-၁-၈၇ ရက်နေ့တွင် မအူပင်မြို့နယ် တရားရုံးတွင် လက်ခံရရှိခဲ့၍ ဒေါ်သန်းညွန့်က ရစာ မှတ်ပုံတင်ပြီး မြို့နယ် ဦးစီးမှူးထံ တင်ပြခဲ့ရာ မြို့နယ်ဦးစီးမှူးက ဖိုင်တွဲရန် မှတ်ချက်ရေးခဲ့၍ ဦးအုန်းကြွယ်က စာခွက်၌ ထည့်ထားသိမ်းဆည်းထားစဉ် ပျောက်ဆုံးသွားခဲ့ကြောင်း၊ နောက်ပိုင်းတွင် ထိုစာကို ဦးစံရှိန် ယူသွား ခြင်းဖြစ်သည်ကို သိရှိရကြောင်း ပေါ်ပေါက်သည်။

ဦးမူးစေ့၏ တိုင်စာမိတ္တူ (သက်သေခံ-ဂ) တွင် ဝင်စာအမှတ်၊ မြို့နယ်ဦးစီးမှူး၏ မှတ်ချက်နှင့် လက်မှတ်တိုများကို မင်နှင့်သုတ်ပြီး ဖျက်ထားသည်ကိုတွေ့ရပြီး စာမျက်နှာတိုင်းတွင် မောင်စံရှိန်ဟု လက်မှတ် ထိုးထားသည်ကိုလည်း တွေ့ရသည်။ ဦးစံရှိန်သည် ဦးမူးစေ့အပေါ် တရားရုံးများ မထိမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၃ အရ အရေးယူပေးရန် တိုင်ကြားရာတွင် ထိုစာကို ပူးတွဲတင်ပြခဲ့ကြောင်းလည်း ပေါ်ပေါက်သည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ အငြင်းပွားခြင်း မရှိပေ။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုကို ချေဖျက် ရေးကိစ္စတွင် အလေးအနက်ထား စဉ်းစားရမည့်အချက်မှာ တရားလိုဘက်မှ စွပ်စွဲချက်များကို မှန်ကန်သည်ဟု လက်ခံသည့်တိုင်အောင် တရားခံအနေ ဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်းရှိမရှိ၊ မှန်ခဲ့လျှင် ပြစ်မှုမြောက်မည့် စွပ်စွဲချက်များကို ထောက်ခံမည့် သက်သေခံချက် ရှိမရှိ ဆိုသောအချက်များပင်ဖြစ်သည်။

တရားလိုဘက်မှ စွပ်စွဲချက်များကို မှန်ကန်သည်ဟု လက်ခံသည့် တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပေါ် ပေါက်ခြင်းမရှိလျှင်သော်လည်းကောင်း၊ မှန်ကန်ခဲ့လျှင် ပြစ်မှုမြောက်မည့် စွပ်စွဲချက်များကို ထောက်ခံမည့် သက်သေခံချက် လုံးဝမရှိလျှင်သော် လည်းကောင်း တရားရုံးချုပ်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ အာဏာကို ကျင့်သုံးလျက် အမှုကို ချေဖျက်ပေးနိုင်မည်ဖြစ် သည်။ **ဦးညီလေးနှင့် နိုင်ငံတော်ပါ-၂**[၁]

---

၁။ ၁၉၅၉ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး (တရားရုံးချုပ်) စာ-၆၀

၁၉၉၃
ဦးစံချိန် (ခ)
ဦးစံရှိန်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ-၂

အထက်တွင် ဖော်ပြခဲ့သော တရားလိုဘက် စွပ်စွဲချက်များကို မှန်ကန်သည်ဟု လက်ခံလျှင် တရားခံ ဦးစံရှိန်အနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက်ဖွယ်ရာ အကြောင်းများ ရှိနေသည့်အပြင် ထိုစွပ်စွဲချက်များကို ထောက်ခံမည့် သက်သေခံချက်များလည်း ရှိနိုင်ဖွယ် ရှိရာ တရားရုံးချုပ်အနေဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ အာဏာကို ကျင့်သုံးလျက် ယင်းအမှုအား ချေဖျက်ပေးနိုင်သည့် အခြေအနေ မရှိပေ။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ဥပဒေအရာရှိက လည်း အမှုတွဲများ ချေဖျက်ပေးခြင်းနှင့် ပတ်သက်၍ မူလအမှုမှာ အစ ပထမစွဲစဉ်အခါကပင် ပျက်ပြယ်နေပြီး ဆက်လက်စစ်ဆေးလျှင်လည်း ပြစ်မှုကြောင်း တစ်စုံတစ်ရာမြောက်ရန် အခြေအနေ မရှိသည့်အခါမျိုး၌သာ တရားရုံးချုပ်က အမှုတွဲအား ချေဖျက်ပေးလေ့ရှိကြောင်း လျှောက်လဲ တင်ပြသည်။

သို့ဖြစ်၍ မူလရုံး အမှုအား ချေဖျက်ပေးရန် အကြောင်းတစ်စုံတစ်ရာ မရှိသဖြင့် ဤအထွေထွေလျှောက်လွှာအား ပယ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## တရားရုံးချုပ် တရားသူကြီး ဦးသန်းဖေရှေ့တွင်

+ ၁၉၉၃ နှန်လ ၂၂ ရက်

ဦးဌေးလွင် (ခ) ဝင်းဦး (ခ) အဟိုး
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂ *

**အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ အရ စွဲဆိုသောအမှုတွင် နောက်တိုးတရားခံ ထည့်သွင်းလိုပါက တရားစွဲဆိုခွင့်ပြုသည့် အမိန့်ရရှိရန် သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းက လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ တည်မြဲနေသော ဤလုပ်ထုံးလုပ်နည်းအရဆိုလျှင် ဤအမှုတွင် တရားခံအဖြစ် ထည့်သွင်းမည့် ဦးဝင်းတင်အတွက် တရားစွဲဆိုခွင့်ပြုသည့် အမိန့်ရယူရန် လိုမည်ဖြစ်ရာ ယင်းကိစ္စကို တရားစွဲ အဖွဲ့အစည်းက လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားရန် မှတ်ချက်ပြုအပ်ပေသည်။

လျှောက်ထားသူအတွက် – ဦးလှမျိုးမြင့်၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက်– ၁။ ဒေါ်ခင်မာမာလတ်၊ ဥပဒေအရာရှိ ၊ ရှေ့နေချုပ်ရုံး
၂။ ဒေါ်ဝင်းတင်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး (ရန်ကုန်မြို့နယ်စု)၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉(ရက) ၉၂ တွင် ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃/ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ တို့အရ တရားစွဲဆိုခြင်း ခံရသော ဦးဌေးလွင် (ခ) ဝင်းဦး (ခ) အဟိုးက ယင်းအမှုတွင် တရားလိုပြသက်သေဖြစ်သူ ဦးဝင်းတင်အား နောက်တိုးတရားခံအဖြစ် ထည့်သွင်းပေးရန် လျှောက်ထားရာ ရန်ကုန်တိုင်း

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၈၅ (ခ)
+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီး ၉(ရက) တွင် ချမှတ်သော (၁၁–၁၁–၉၂) ရက်စွဲပါ ရန်ကုန်တိုင်း (ရန်ကုန်မြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၃
ဦးဌေးလွင်
(ခ) ဝင်းဦး
(ခ) အဟိုး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ-၂

တရားရုံး (ရန်ကုန်မြို့နယ်စု) က ပယ်လိုက်သောကြောင့် ဦးဌေးလွင်က တရားရုံးချုပ်သို့ ပြင်ဆင်မှု တင်သွင်းသည်။

အမှုမှာ ရန်ကုန်မြို့ တိရစ္ဆာန်ဥယျာဉ် ဦးစီးအရာရှိ ဦးဇော်မင်းသည် ရန်ကုန်တိုင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ ထုတ်ယူခွင့် ရရှိခဲ့သော ငွေ ၁၃၄၁၀ကို/၉၄ ပြား တန်ဖိုးရှိသည့် ဆန်ကွဲ တန် (၄၀) နှင့် ဖွဲနု တန် (၅၀) တို့ကို ဦးဌေးလွင်ထံသို့ အသားတင်အမြတ်ငွေ ၂၀၇၅ကို/၈၆ ပြား ရယူကာ လက်လွှဲရောင်းချလိုက်သောကြောင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနက ၎င်းတို့နှစ်ဦးအပေါ် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃/ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ ရ တရားစွဲဆိုသောအမှုဖြစ်သည်။

ရန်ကုန်တိုင်း တရားရုံး (ရန်ကုန်မြို့နယ်စု) က တရားလိုပြသက်သေ ဦးဝင်းတင် (လိုပြ-၁၃) သည် သက်သေခံ (ဂ-၁) (မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းငွေလွှဲစာ) တွင် ဗိုလ်ကြီးဇော်မင်း (အထက်၌ ဖော်ပြခဲ့သည့် ဦးဇော်မင်းဖြစ်သည်)၊ ဘီစီ-၁၃၃၂၉ ဟူသော လက်ရေးလက်မှတ်သည် ၎င်းသက်သေ ဦးဝင်းတင်ကိုယ်တိုင် ရေးသားသည့် လက်ရေးလက်မှတ်များဖြစ်သည်ဟု ပြန်လှန်စစ်မေးသည့် ထွက်ဆိုချက်၌ပါရှိသော်လည်း ဦးဝင်းတင်အား ဗိုလ်ကြီး ဇော်မင်းက ၎င်း၏လက်မှတ်တုထိုးခြင်းအတွက် အရေးယူတိုင်ကြားစွဲဆိုထားကြောင်း မတွေ့ရသည့်အပြင် ဦးဝင်းတင်သည် ဆန်ကွဲနှင့် ဖွဲနုထုတ်ရာ၌ အကျိုးအမြတ် တစ်စုံတစ်ရာ ရယူခံစားခဲ့ကြောင်း မပေါ်ပေါက်၍ နောက်တိုးတရားခံအဖြစ် ထည့်သွင်းရန် မလိုဟု ဆုံးဖြတ်ထားကြောင်း တွေ့ရသည်။

ဦးဌေးလွင်က ပြင်ဆင်မှုအကြောင်းပြချက်များကို တင်ပြရာတွင် ဗိုလ်ကြီးဇော်မင်း၏အမည်နှင့် လက်မှတ်များကို ဦးဝင်းတင် (လိုပြ-၁၃) က အတုရေးသား လက်မှတ်ထိုးထားသော ငွေလွှဲပုံစံပါ ငွေတန်ဖိုးမှာ ၁၃၄၁၀ကို/၉၄ ပြား ဖြစ်ပြီး ၎င်းက ဦးဝင်းတင်ထံမှ ဝယ်ယူခဲ့သည့် ဆန်ကွဲနှင့် ဖွဲနုအိတ်များ တန်ဖိုးမှာ ငွေ ၁၇၃၇၅ဝိ/-ဖြစ်ပြီး ၎င်းငွေကို ၁၉-၂-၉၁ နေ့ကလက်ခံရယူခဲ့ကြောင်း သက်သေခံချက်များ ရှိသည့်အတွက် ဦးဝင်းတင်သည်လည်း ၎င်းတို့အမှုတွင် နောက်တိုးတရားခံအဖြစ် ပါဝင်လာသင့်ကြောင်း၊ သို့အတွက် အမှုတွင် အမှန်တကယ်ပါဝင်ကျူးလွန်သူကို တရားလိုပြသက်သေအဖြစ်သာလျှင် ထည့်သွင်းတင်ပြခဲ့သော တရားစွဲအဖွဲ့အစည်း၏ ဆောင်ရွက်

၁၉၉၃
ဦးဋ္ဌေးလွင်
(ခ) ဝင်းဦး
(ခ) အဟိုး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ-၂

ချက်မှာ တရားစီရင်ရေးလမ်းကြောင်းကို တိမ်းစောင်းစေပါကြောင်း အဓိက တင်ပြသည်။

မှုလရုံးအမှုအား လေ့လာရာတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကျော်ညွန့်လွင် (လိုပြ-၃)၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် သစ်တောဦးစီးဌာန ရုံးအုပ် ဒေါ်ခင်မိုးဆွေ (လိုပြ-၄)၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် တိရစ္ဆာန် ထိန်းသိမ်းရေးနှင့် ရိက္ခာဌာနစုမှူး ဒေါ်သန်းဋ္ဌေးကြည် (လိုပြ-၆) တို့၏ ထွက်ချက်များအရ သက်သေခံ (ခ-၁) ကုန်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ ရန်ကုန်တိုင်း၏ ၈-၂-၉၀ ရက်စွဲပါ စာအမှတ်၊ ၎-၂/ရောင်း (၃၉၅) ဖြင့် ကောက်စော ဆန်ကွဲတန် (၄၀) နှင့် လကျော်ဖွဲနု တန် (၅၀) ကို ရန်ကုန်တိရစ္ဆာန် ဥယျာဉ် လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်ကြီးဇော်မင်း (ကြည်း/ ၁၃၃၂၉) အား ဝယ်ယူခွင့်ပြုထားသည့် စာပေါ်ရှိ ဗိုလ်ကြီးဇော်မင်း၏ လက်မှတ်များမှာ ၎င်းတို့ ဌာနရုံးရှိ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်ကြီးဇော်မင်း ၏ လက်မှတ်နမူနာများဖြစ်ကြောင်း ထွက်ဆိုထားကြသည်။ ထိုသက်သေခံ (ခ-၁) ကို ၎င်းထုတ်ပေးခဲ့ကြောင်း ကုန်သွယ်လယ်ယာရုံးချုပ်၊ ကုန်ဝယ်ကုန်ရောင်းဌာန၊ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ခင်အေး (လိုပြ-၈) က ထွက်ဆိုထားသည်ကို တွေ့ရသည်။

ဦးဝင်းတင် (လိုပြ-၁၃) မှာ ယခင်က ကုန်သွယ်လယ်ယာဌာန ဝန်ထမ်းအဖြစ် (၁၅) နှစ် လုပ်ကိုင်ခဲ့သူဖြစ်ပြီး ဦးဋ္ဌေးလွင်နှင့် ၇-နှစ်၊ ၈-နှစ်ခန့်က သိခဲ့ဖူးသူဖြစ်ကြောင်း၊ ၎င်းသည် "ဗိုလ်ကြီးဇော်မင်း၊ ဘီစီ ၁၃၃၂၉" ဆိုသော လက်ရေးများကို သက်သေခံ(ဂ-၁)ပေါ်တွင် ရေးသားခဲ့ကြောင်း၊ လက်မှတ်ကို ၎င်းက ရေးထိုးပေးခဲ့ခြင်း ဟုတ်မဟုတ် မမှတ်မိကြောင်းဖြင့် ဗိုလ်ကြီးဇော်မင်း၏ ပြန်လှန်စစ်မေးချက်ကို ဖြေကြားထွက်ဆိုထားကြောင်း တွေ့ရသည်။

ဦးဋ္ဌေးလွင်၏ ပြန်လှန်စစ်မေးချက်များကို ဖြေကြားထွက်ဆိုရာတွင် "XXX၁၉-၂-၉၀ ရက်နေ့စွဲဖြင့် ကျနော်၏သားမက် မောင်သက်နိုင်က ကျနော့်ကိုယ်စား ဦးဋ္ဌေးလွင်ထံမှ ငွေပေါင်း ၁၇၃၇၅၀/-ကို လက်ခံယူသွားသည်ဆိုလျှင် မှန်ပါသည်။ ထိုစာများပေါ်တွင် ငွေလက်ခံသူအဖြစ် ရေးထိုးထားသော လက်မှတ်မှာ ကျနော်၏ သားမက်ဖြစ်သူ မောင်သက်နိုင် ၏လက်မှတ် မှန်ပါသည်။ ထိုငွေသည် ဆန်ကွဲ (၈၁၄) အိတ်နှင့် ဖွဲနု (၁၆၀၀) အိတ်အတွက် ကျသင့်သောငွေများကို ဦးဋ္ဌေးလွင်က ဦးဝင်းတင်

ထံသို့ ၁၉–၂–၉၀ တွင် ပေးချေခြင်းဖြစ်သည်ဆိုလျှင် မှန်ပါသည်။ အဆိုပါ စာရွက်စာတမ်း အထောက်အထားများအရ ဦးဌေးလွင်က ကျနော့်ထံမှ ဖော်ပြပါ ဆန်ကွဲနှင့် ဖွဲနုအိတ်များကို ဝယ်ခြင်းဖြစ်သည် ဆိုလျှင် မှန်ပါသည်။ ယခု အမှုဖြစ်ပွားသည့် ဆန်ကွဲ၊ ဖွဲနုကိစ္စ ဝယ်ယူခြင်းသည် ကျနော်သာဖြစ်သည်ဆိုလျှင် မမှန်ပါ။ ကျနော် မဝယ်ပါ။ ယခု ကျနော့်အား ပြသသည့် သက်သေခံ (ဂ–၁) အမှတ်အသားပါ ငွေလွှဲ လက်မှတ်ပေါ်ရှိ (ဗက ဇော်မင်း) ဆိုသော နေရာပေါ်တွင် ရေးထိုးသည့် လက်မှတ်မှာ ကျနော်၏ လက်မှတ်ဖြစ်သည်ဆိုလျှင် မှန်ပါသည်။ x xx ယခု ကျနော့်အား ပြသသည့် သက်သေခံ (ဂ–၁) အမှတ်အသားပါ မြန်မာ့စီးပွားရေးဘဏ်ငွေလွှဲ လက်မှတ်၌ ပေးသွင်းသည့် ငွေရေးသွင်းသည့် လက်ရေးလက်သား၊ ဗက ဇော်မင်း ဘီစီနံပါတ် ဖော်ပြလျက် ရေးသွင်းချက်၊ ထိုနေရာတွင် ရေးထိုးထားသည့် လက်မှတ်ထိုးသည်မှာ ကျနော်၏ ဆောင်ရွက်ချက်များဖြစ်သည်ဆိုလျှင် လက်ရေးနှင့် လက်မှတ်များသည် ကျနော်လက်ရေးနှင့် လက်မှတ်များ မှန်ပါသည်။ ကျနော်လက်မှတ်နှင့် လက်ရေးဖြစ်နေသည့်အတွက် ကျနော်ငွေသွင်းတာဖြစ်နိုင်ပါသည်x x x” ဟု လည်းကောင်း၊ ပြန်ရှင်းစစ်မေးရာတွင် “x x x ဘဏ် (၆) တွင် ငွေသွင်းခါမှ ကျနော် ရောက်ခြင်းဖြစ်ပါသည်။ ထိုစဉ်တွင် ဗိုလ်ကြီး ဇော်မင်းဆိုသူ ပုဂ္ဂိုလ်တစ်ဦး ရောက်လာပါသည်။ ဌေးလွင် (ခ) အဟိုးက ထိုသူမှာ ဗိုလ်ကြီးဇော်မင်းဖြစ်ကြောင်း ကျနော့်အား မိတ်ဆက်ပေးပါသည်။ ထိုသို့ မိတ်ဆက်ပေးသဖြင့် ၎င်းနှင့် ကျနော်တို့အတူ ဘဏ်ထဲ လိုက်ဝင် သွားပါသည်။ ဗိုလ်ကြီးဇော်မင်းက ထိုင်ခုံတစ်ခုတွင် ထိုင်နေပြီး ဌေးလွင် (ခ) အဟိုးက ကောင်တာတွင် ငွေပေးရန် ဆောင်ရွက်ပါသည်။ ထိုစဉ်တွင် ဘဏ်ကောင်တာမှ ငွေသွင်းသည့် စာရွက်တစ်ရွက်ယူပြီး ကျနော့်ကို ပြပါ သည်။ ဗိုလ်ကြီးဇော်မင်း လက်မှတ်ထိုးပါဟု ကောင်တာတာဝန်ခံက ပြောပါသည်။ ဗိုလ်ကြီးဇော်မင်းက မသန်မစွမ်းဖြစ်၍၊ ကျနော်က ဇော်မင်းဟု ထိုချလံပေါ်တွင် ထိုးပေးလိုက်ပါသည်xxx” ဟုလည်းကောင်း ဦးဝင်းတင် (လိုပြ–၁၃) က ထွက်ဆိုထားသည်ကို တွေ့ရှိရသည်။

၁၉၉၃
ဦးဌေးလွင်
(ခ) ဝင်းဦး
(ခ) အဟိုး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ–၂

သက်သေခံ (ဂ–၁) အရ မြန်မာ့စီးပွားရေး ဘဏ်ခွဲ (၆) သန်လျင် ဘဏ်ငွေတိုက်ခွဲသို့ ငွေ ၁၃၄၁၀ကျပ်/၉၄ပြားကို မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်း ကော်ပိုရေးရှင်းသို့ ဗိုလ်ကြီးဇော်မင်းက ပေးသွင်းခဲ့ကြောင်း၊ ဦးဝင်းတင် (လိုပြ–၁၃) က (ဗက ဇော်မင်း) ဘီစီ ၁၃၃၂၉ ၏ အမည်နှင့်

၁၉၉၃
ဦးဌေးလွင်
(ခ) ဝင်းဦး
(ခ) အဟိုး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်၊ ပါ–၂

လက်မှတ်ကို ရေးထိုးပေးကြောင်း၊ ထိုစဉ်က ဘဏ်ခွဲ(ဖ)ထဲတွင် ဗိုလ်ကြီး ဇော်မင်းလည်း အနီးတွင် ရှိနေကြောင်း ပေါ်ပေါက်သည်။

ဦးဝင်းတင် (လိုပြ–၁၃) သည် ဗိုလ်ကြီး ဇော်မင်း ရန်ကုန်တိရစ္ဆာန်ဉယျာဉ်ပိုင်ငွေ ၁၃၄၁၀ကို/၉၄ါးကို မြန်မာ့လယ်ယာထွက်ကုန် ကုန်ပစ္စည်း ကော်ပိုရေးရှင်းသို့ ပေးသွင်းရာတွင် ဗိုလ်ကြီးဇော်မင်း၏ လက်ရေးနှင့် လက်မှတ်များကို အတုရေးထိုးပေးခဲ့ကြောင်း သက်သေခံ (ဂ–၁) နှင့် (ခ–၁) တို့ကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့်လည်းကောင်း၊ ဦးဝင်းတင်ကိုယ်တိုင်၏ ထွက်ဆိုချက်အရလည်းကောင်း မြင်သာနေပေသည်။ ဗိုလ်ကြီးဇော်မင်းသည် ဦးဌေးလွင်နှင့် ဦးဝင်းတင် (လိုပြ–၁၃) တို့နှင့် ဖွဲ့နှ၊ ဆန်ကွဲဖိုးငွေ ၁၃၄၁၀ကို/၉၄ါး ကို သွင်းခဲ့ပြီး ဦးဝင်းတင်က ၎င်း၏ သားမက် မောင်သက်နိုင်မှတစ်ဆင့် ငွေ ၁၇၃၇၅ဝိ/–ကို ဦးဌေးလွင်ထံမှ ရယူခဲ့ကြောင်း ဦးဝင်းတင် (လိုပြ–၁၃) ကိုယ်တိုင် ထွက်ဆိုချက်အရ ပေါ်ပေါက်နေ၍ ၎င်းတို့သုံးဦးသည် ရန်ကုန်တိရစ္ဆာန်ဉယျာဉ်ပိုင်ငွေများကို အသုံးချ၍ ငွေပေါင်း ၃၉၆၄၅/၀၆ါးကို ရယူခဲ့ကြကြောင်း၊ ရယူရာတွင် ဦးဝင်းတင်လည်း ငြိစွန်းနေကြောင်း၊ ၎င်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၃၇ အရ အစိုးရသက်သေမဟုတ်ဘဲ သာမန်သက်သေမျှသာ ဖြစ်ကြောင်း၊ အထက်တွင် ပေါ်ပေါက်ချက်အရ ၎င်းမှာ အပြစ်စွန်းထင်းသော သက်သေ (Tainted Witness)၊ တရားခံဖြစ်ထိုက်သော သက်သေဖြစ်နေကြောင်း သုံးသပ်ရပေသည်။

နိုင်ငံတော်အတွက် ဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး ဥပဒေအရာရှိက ရန်ကုန်တိရစ္ဆာန်ဉယျာဉ်အတွက် ဆန်ကွဲနှင့် ဖွဲ့နုများ ဝယ်ခွင့်ရသူ ဗိုလ်ကြီးဇော်မင်းသည် ဌာနပိုင်ငွေနှင့် ဝယ်ယူခြင်း မပြုဘဲ ဦးဌေးလွင်နှင့် ဦးဝင်းတင်တို့က ချယ်ဖြင့် ငွေပေးသွင်းခဲ့သည့်အတွက် အဆိုပါငွေများကို ဘဏ်ခွဲ (ဖ)က သန်လျင်ဘဏ်သို့ ငွေလွှဲလက်မှတ်ဖြင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ကော်ပိုရေးရှင်းသို့ ငွေလွှဲခွင့်ရခဲ့ကြောင်း ပေါ်ပေါက်ကြောင်း၊ ဦးဝင်းတင် ပေးသွင်းသော အဆိုပါငွေများမှာ ချယ်အမှတ်–၇၃၅၁၂၀–၁၄/၂၃ ဖြင့် ငွေဝင်သွားပြီး ဖြစ်သဖြင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ကော်ပိုရေးရှင်း (သန်လျင်) က ဆန်ကွဲနှင့် ဖွဲ့နုများကို ထုတ်ရောင်းချခဲ့ကြောင်း ပေါ်ပေါက်ကြောင်း၊ တရားလိုပြသက်သေ ဦးဝင်းတင်သည် ဦးဌေးလွင်ကို ငွေချေးယူရုံသက်သက် ဆောင်ရွက်ခဲ့သည်ဆိုပါက ဆန်ကွဲနှင့် ဖွဲ့နုဝယ်ရန် ငွေလွှဲလက်မှတ်တွင် ဗိုလ်ကြီးဇော်မင်း

၁၉၉၃
ဦးဖွေးလွင်
(ခ) ဝင်းဦး
(ခ) အဟိုး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ-၂

လက်မှတ်နေရာ၌ ဦးဝင်းတင်က ရေးထိုးရန် မလိုအပ်ကြောင်း၊ ဦးဝင်းတင်၏ တရားရုံးရှေ့ ထွက်ချက်မှာပင် ဘဏ်ခွဲ (၆) ၌ ငွေလွှဲရာတွင် ဗိုလ်ကြီးဖော်မင်းလက်မှတ်အစား ၎င်းကပင် ရေးထိုးခဲ့ကြောင်း ထွက်ဆိုဝန်ခံထားရာ ဗိုလ်ကြီးဖော်မင်းမှာ မသန်မစွမ်းသူဖြစ်သဖြင့် ၎င်း၏ကိုယ်စား လက်မှတ်ထိုးခြင်း ဖြစ်ပါသည်ဟု ထွက်ဆိုထားကြောင်း၊ ဤသို့ ပြင်ပပုဂ္ဂိုလ်တစ်ဦးသည် မိမိနှင့် မသက်ဆိုင်ဘဲနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ကော်ပိုရေးရှင်းသို့ ငွေလွှဲရာတွင် ၎င်း၏ငွေကိုစိုက်၍ လက်မှတ်ရေးထိုး ပေးသွင်းသည်မှာ ၎င်း၏ အကျိုးစီးပွားရှိ၍သာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူရပါကြောင်း၊ ဦးဝင်းတင်၏ ပြုမူဆောင်ရွက်ချက်သည် ဗိုလ်ကြီးဖော်မင်းက ကိရ္ဆာန်ဥယျာဉ်အမည်ဖြင့် လျှောက်ထားသော ဆန်ကွဲနှင့် ဖွဲနုများ ဝယ်ယူနိုင်ရန် ငွေစိုက်ပေးခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ဗိုလ်ကြီးဖော်မင်းနှင့်အတူ ပူးပေါင်း၍ ဤပြစ်မှုကို ကျူးလွန်ခြင်းဖြစ်ကြောင်း သုံးသပ်နိုင်ပါကြောင်း၊ သို့ဖြစ်၍ ဗိုလ်ကြီးဖော်မင်းအား တရားစွဲဆိုထားသော ယခုအမှုတွင် ဦးဝင်းတင်သည်လည်း ပါဝင်ပတ်သက်နေကြောင်း ပေါ်ပေါက်လျက်ရှိသဖြင့် တရားခံအဖြစ် ထည့်သွင်းအရေးယူပေးရန် တင်ပြချက်မှာ ဥပဒေအရ မှားယွင်းမှုမရှိပါကြောင်း၊ မူလရုံးအမှုတွဲတွင် ဗိုလ်ကြီးဖော်မင်းနှင့် ဦးဖွေးလွင်တို့အပေါ် အခြားငြိစွန်းသည့် သက်သေခံ အထောက်အထားများနှင့် သက်သေထွက်ချက်များ ရှိနေပြီးဖြစ်သဖြင့် ဦးဝင်းတင်အား တရားခံအဖြစ် ထည့်သွင်းခြင်းကြောင့် အမှုပျက်ပြား ထိခိုက်ဖွယ် မရှိကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း၊ မူလတရားရုံးက "သက်သေခံ (ဂ-၁) သည် ငွေလွှဲလက်မှတ်ဖြစ်ကြောင်း တွေ့ရပြီး ဦးဝင်းတင်သည် ဗိုလ်ကြီးဖော်မင်း၏ လက်မှတ်ရေးထိုးပြီး ငွေထုတ်လျှင် ပြစ်မှုမြောက်သည်ဟု မှတ်ယူရန် ရှိသော်လည်း အမှုစွဲတင်သည်အထိ ဗိုလ်ကြီးဖော်မင်းက ဦးဝင်းတင်အား အမှုတစ်စုံတစ်ရာ ပြုလုပ်ခြင်း မတွေ့ရ၊ ဗိုလ်ကြီးဖော်မင်း၏ လက်မှတ်ကို ငွေလွှဲလက်မှတ်တွင် ရေးထိုးသည့်အချက်တစ်ခုသာရှိပြီး ဆန်နှင့် ဆန်ကွဲ ထုတ်ရာတွင် အကျိုးအမြတ် တစ်စုံတစ်ရာ ခံစားခဲ့ကြောင်း ပေါ်ပေါက်သည်ကို မတွေ့ရ" ဟု သုံးသပ်ထားပါကြောင်း၊ ဦးဝင်းတင်သည် သက်သေခံ (ဂ-၁) ငွေလွှဲလက်မှတ်တွင် ဗိုလ်ကြီးဖော်မင်း၏ လက်မှတ်ကို ရေးထိုးရုံသက်သက်မဟုတ်ဘဲ ဗိုလ်ကြီးဖော်မင်း လျှောက်ထားသော ဆန်ကွဲနှင့် ဖွဲနုဝယ်ရန် ဘဏ်ခွဲ (၆) တွင် ကိုယ်တိုင်သွားရောက် ငွေသွင်းခဲ့ခြင်းမှာ ဗိုလ်ကြီး

၁၉၉၃
ဦးဌေးလွင်
(ခ) ဝင်းဦး
(ခ) အဟိုး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ-၂

ဇော်မင်း၊ ဦးဌေးလွင်တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အကျိုးအမြတ်ရရှိရန် ပြုလုပ်ခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါကြောင်း၊ သို့ပါလျက်နှင့် ဤအချက်ကို မူလတရားရုံးက လျစ်လျူရှု၍ နောက်တိုးတရားခံအဖြစ် ထည့်သွင်းခြင်း မပြုသည်မှာ ဥပဒေအရ မှားယွင်းလျက်ရှိပါကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၅၁ (၁) တွင် မူလတရားရုံးသည် အမှုစစ်ဆေးနေစဉ် ပြစ်မှုတွင် ပါဝင်ကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်သူ မည်သူကိုမဆို တရားခံအဖြစ် ထည့်သွင်းစစ်ဆေးနိုင်ကြောင်း ပြဋ္ဌာန်းချက်ရှိသဖြင့် ယခုအမှုမှ တရားလိုပြသက်သေ ဦးဝင်းတင်အား ပြစ်မှုတွင် နောက်တိုးတရားခံအဖြစ် ထည့်သွင်းအရေးယူပိုင်ခွင့်ရှိပါကြောင်း၊ ထည့်သွင်းအရေးယူရာတွင် ထိုသူနှင့် စပ်လျဉ်းသည့် မှုခင်းကိစ္စကို အသစ် ပြန်လည်စစ်ဆေး ကြားနာရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၅၁ (၂) တွင် ပြဋ္ဌာန်းချက်ရှိပါကြောင်း၊ ထို့ပြင် ဤအမှုမှာ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ စွဲဆိုသောအမှုဖြစ်သဖြင့် အဆိုပါဥပဒေပုဒ်မ ၄အရ တရားစွဲဆို ခွင့်ပြုမိန့်ရယူရန် ပြဋ္ဌာန်းထားသဖြင့် ဦးဝင်းတင်အား ဥပဒေအရ တရားခံအဖြစ် ထည့်သွင်းစစ်ဆေးမည် ဆိုပါက တရားစွဲရန် ခွင့်ပြုမိန့် လိုအပ်မည်ဖြစ်ပါကြောင်း လျှောက်ထားတင်ပြသည်။

တရားစွဲဆို ခွင့်ပြုမိန့်နှင့် စပ်လျဉ်း၍ ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"ဤဥပဒေအရဖြစ်သော ပြစ်မှုတစ်ခုခုကို ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၏ အခွင့်အမိန့်မရှိဘဲ မည်သည့်တရားရုံးမှာမျှ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရ။"

အထက်ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် ပြစ်မှုနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရထံမှ တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့် ရယူရန် လိုအပ်ကြောင်း မြင်သာပေသည်။ သို့ရာတွင် လက်တွေ့အားဖြင့်မူ သက်ဆိုင်ရာဌာနအနေဖြင့် တရားစွဲဆိုရမည့်သူကို တရားစွဲဆိုခွင့်ပြုကြောင်း ခွင့်ပြုမိန့် ပေးလေ့ပေးထရှိသည်ကို တွေ့ရပေသည်။ ယခုအမှုတွင်လည်း ပြည်ထဲရေးဝန်ကြီးဌာနက ဦးဇော်မင်း (ဘ) ဦးဘသန်းနှင့် ဦးဌေးလွင် (ဘ) ဦးလှမြင့်တို့နှစ်ဦးအား ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃/ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ အရ

၁၉၉၃
ဦးဒွေးလွင်
(ခ) ဝင်းဦး
(ခ) အဟိုး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ-၂

အရေးယူ စစ်ဆေးနိုင်ရန် ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၄ အရ တရားစွဲဆိုခွင့်ပြုခဲ့ပေသည်။ တည်မြဲနေသော ဤလုပ်ထုံးလုပ်နည်းအရဆိုလျှင် ဤအမှုတွင် တရားခံအဖြစ် ထည့်သွင်းမည့် ဦးဝင်းတင်အတွက် တရားစွဲဆိုခွင့်ပြုသည့် အမိန့်ရယူရန်လိုမည်ဖြစ်ရာ ယင်းကိစ္စကို တရားစွဲအဖွဲ့အစည်းက လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားရန် မှတ်ချက်ပြုအပ်ပေသည်။

အထက်ပါအကြောင်းများကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး မူလရုံးအမှုတွဲတွင် တရားလိုပြသက်သေ (၁၃) ဖြစ်သူ ဦးဝင်းတင်အား နောက်တိုးတရားခံအဖြစ် ထည့်သွင်း၍ အမှုကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်စစ်ဆေးဆောင်ရွက်သွားရန် မူလရုံးအား ညွှန်ကြားကြောင်း အမိန့်ချမှတ်လိုက်သည်။ ဦးဝင်းတင်အား တရားစွဲဆိုရန်အတွက် ခွင့်ပြုမိန့်ကို သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းက လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးရန် ဖြစ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

မောင်ထန်လွင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

+ ၁၉၉၃
မေလ
၂၅ ရက်

**လက်ဝယ်တွေ့ရှိမှုကြောင့် ပြစ်ဒဏ်ထိုက်စေသော ပြစ်မှုများတွင် ရှာဖွေပုံစံတွင် ဖော်ပြချက်သည် အဓိက ပင်မဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** လက်ဝယ်တွေ့ရှိမှုကြောင့် ပြစ်ဒဏ်ထိုက်စေသော ပြစ်မှုများတွင် ရှာဖွေပုံစံတွင် ဖော်ပြချက်သည် အဓိကပင်မ ဖြစ်သည်။ ယင်းအချက်ကို ပျက်ပြားစေအောင် ရှာဖွေသူ အရာရှိများ အပါအဝင် သက်သေများက ယိမ်းယိုင်ထွက်ဆိုလေ့ရှိကြသည်။ ယင်းသို့ ယိမ်းယိုင် ထွက်ဆိုချက်များသည် နှုတ်ဖြင့် လွယ်လွယ်ထွက်ဆိုနိုင်သည်များဖြစ်ရာ ပတ်ဝန်းကျင်အခြေအနေ၊ သတင်း၊ ရတ်တရက် တွေ့ရှိရသည့် အချက်များဖြင့် ချိန်ထိုး၍ ယင်းနှုတ်သက်သေခံချက်များကို သတိဖြင့် ချင့်ချိန် လက်ခံရသည်။

ဤအမှုတွင် အိမ်ရှင်ထွက်ပြေးသည်၊ မူးယစ်ဆေးဝါး တွေ့ရှိသည်၊ ကျန်ရစ်သူတွင် ဆေးသုံးစွဲဘူးသည့် လက္ခဏာများ ရှိသည်၊ ဤအချက်များ ကို ခြုံငုံသုံးသပ်လျှင် ပြင်ဆင်မှု လျှောက်ထားသူ၏ အနီးတွင်ရှိသော စားပွဲပေါ်၌ သက်သေခံပစ္စည်းတွေ့ရှိခြင်းသည် ယင်း၏ အစီအမံအောက် တွင် တွေ့ရှိခြင်း၊ တစ်နည်း လက်ဝယ်တွေ့ရှိခြင်းဟု မှတ်ယူနိုင်သည်။

ရှာဖွေမိန့် မပါဘဲ ဖမ်းဆီးခြင်းသည် ရှာဖွေသူ၏ ပျက်ကွက်မှု ဖြစ် သည်။ ယင်းကြောင့် မူးယစ်ဆေးဝါး တွေ့ရှိသည်ဟူသော အချက်မှာ မပျက်ပြယ်ပါဟူသော ဥပဒေအရာရှိ၏ တင်ပြချက်ကို လက်ခံရပေမည်။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၈၄ (ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၀ တွင် ချမှတ်သော ၃၀–၉–၉၂ ရက်စွဲပါ စစ်ကိုင်းတိုင်း (ကလေးမြို့နယ်ရှိ) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

လျှောက်ထားသူအတွက် – ဦးသန်းကြည်၊ တရားရုံးချုပ် ရှေ့နေ ကိုယ်စား
ဦးမင်းလွင်၊ တရားရုံးချုပ်ရှေ့နေမှ ရေးသားလျှောက်လဲချက် တင်သည်။

လျှောက်ထားခံရသူအတွက် – ဦးထွန်းရွှေ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ကလေးမြို့၊ မူးယစ်အထူးအဖွဲ့မှ ဒုရဲအုပ် ဦးညဏ်သောင်း ခေါင်းဆောင်သော အဖွဲ့သည် ၁၀–၃–၉၂ နေ့ ၂၀း၃၀ နာရီခန့်တွင် ကလေးမြို့နယ် မွန်းလိုင်ကျေးရွာ (၁၁) ရပ်ကွက်နေ အိုက်တွမ်၏ နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်ရှင်အိုက်တွမ် ထွက်ပြေးသွားပြီး ထိုအိမ်ပေါ်တွင် ရောက်ရှိနေသူ မောင်ထန်လွင်၏ အင်္ကျီအိတ်အတွင်းမှ သတင်းစာစက္ကူဖြင့်ထုပ်ထားသော ၁ ကျပ်သား ရွေးခန့်ရှိ ဘိန်းဖြူမှုန့်ကို သိမ်းဆည်းရမိ၍ အိုက်တွမ်အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဆေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ)/၅၁၂ ဖြင့်လည်းကောင်း၊ ထန်လွင်အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဆေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) ဖြင့်လည်းကောင်း အရေးယူသော အမှုဖြစ်သည်။

ကလေးမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၁၄/၉၂ တွင် မောင်ထန်လွင်အပေါ် မူးယစ်ထုံထိုင်း ဆေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ အလုပ်နှင့် ထောင်ဒဏ် (၅) နှစ် ကျခံစေရန် ချမှတ်ခဲ့ခြင်းကို မောင်ထန်လွင်က မကျေနပ်၍ စစ်ကိုင်းတိုင်း တရားရုံး (ကလေးမြို့နယ်စု) ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၀/၉၂ တွင် အယူခံဝင်ရောက်ခဲ့သော်လည်း မအောင်မြင်သဖြင့် ၎င်းက ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

ဤပြင်ဆင်မှုတွင် အဓိကအကြောင်းပြသည်မှာ သက်သေခံပစ္စည်းကို စားပွဲပေါ်တွင် တွေ့ရှိခြင်း ဖြစ်ပါသည်ဟု သက်သေများက ထွက်ဆိုထားပါလျက် လက်ဝယ်တွေ့ရှိမှုဖြင့် အပြစ်ပေးခြင်းမှာ မှားယွင်းကြောင်း၊ လက်ဖျံတွင် ဆေးထိုးအပ်ရာများ တွေ့ရှိသည်ကို အခြေပြု၍ မူးယစ်ဆေးဝါး သုံးစွဲရန် လာရောက်ဝယ်သည်ဟု ထင်ကြေးဖြင့် အပြစ်ပေးထားခြင်းမှာ မှားယွင်းကြောင်းတို့ဖြစ်သည်။

ပြင်ဆင်မှု လျှောက်ထားသူ၏ အကျိုးဆောင်က ရေးသားလျှောက်လဲချက်တင်ပြရာတွင် ပြင်ဆင်မှု လျှောက်ထားသူ၏ အိပ်ထောင်အတွင်းမှ သက်သေခံပစ္စည်း တွေ့ရှိပါသည်ဆိုသော သက်သေခံချက်သည် ရှာဖွေသူတို့၏ ပြောပြချက်အရ ထွက်ဆိုခြင်း ဖြစ်သဖြင့် သက်သေခံအက်ဥပဒေ ပုဒ်မ ၆၀ အရ သက်သေခံ မဝင်ကြောင်းနှင့် ညည့်အချိန် ရှာဖွေခြင်းဖြစ်ရာ ရှာဖွေရန် အမိန့်မပါသဖြင့် ရှာဖွေခြင်းမှာ ဥပဒေနှင့် မညီကြောင်း တင်ပြသည်။

ရှေ့နေချုပ်ရုံးကိုယ်စားလိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက ဝင်ရောက်ရှာဖွေရာတွင် အိမ်ရှင် အိုက်တွမ် ထွက်ပြေးပြီး ပြင်ဆင်မှုလျှောက်ထားသူ ထန်လွင်ကို စားပွဲအနီး၌ တွေ့ရှိရကြောင်း၊ စားပွဲပေါ်တွင် သက်သေခံ ဘိန်းဖြူထုပ် တွေ့ရှိကြောင်း ပေါ်ပေါက်နေသဖြင့် ထန်လွင်ထံမှ တွေ့ရှိသိမ်းဆည်းခြင်းမှန်ကြောင်းနှင့် ရှာဖွေမိန့် မပါခြင်းကြောင့် သက်သေခံပစ္စည်းကို ထန်လွင်အနီးမှ တွေ့ရခြင်းမှာ မပျက်ပြယ်ကြောင်း လျှောက်လဲတင်ပြသည်။

ဤအမှုတွင် သက်သေခံ (က) ရှာဖွေပုံစံအရ ပြင်ဆင်မှု လျှောက်ထားသူထံမှ သက်သေခံပစ္စည်း ဖမ်းဆီးရမိကြောင်းမှာ ထင်ရှားသည်။ ရှာဖွေပုံစံတွင် အင်္ကျီအိတ်အတွင်းမှ တွေ့ရှိသည်ဟုဆိုသည်။ ရှာဖွေသက်သေများက အနီးရှိစားပွဲပေါ်မှ တွေ့ရှိသည်ဟုဆိုသည်။ ထန်လွင်သည် မူးယစ်ဆေးဝါး သုံးစွဲသူဖြစ်ဟန်ရှိကြောင်း၊ လက်ဖျန်ရှိ ဆေးထိုးအပ်ရာများက ညွှန်ပြနေသည်။ ထိုအချက်များကို ဆက်စပ်လျှင် မူးယစ်ဆေးဝါး ဝယ်ယူရန် လာသည်ဟု ယူဆနိုင်ရန် အချက်အလက်များ ပေါ်ပေါက်နေသည်။ ထို့ကြောင့် အနီးရှိစားပွဲပေါ်မှ သက်သေခံပစ္စည်း တွေ့ရှိသည် ဆိုစေကာမူ ထန်လွင်၏ လက်ဝယ်မှ တွေ့ရှိသည်ဟု မူလရုံးနှင့် အယူခံရုံးတို့က ချင့်ချိန်သုံးသပ်ခဲ့ကြခြင်းမှာ မှားသည်ဟု မဆိုနိုင်ပေ။ ထို့ပြင် သက်သေခံ (က) ရှာဖွေပုံစံအရ ထန်လွင်၏ အိပ်ထောင်ထဲမှ ထုတ်ပေးရရှိသည်ဆိုသော အချက်မှာ ပစ်ပယ်၍ မရသောအချက်လည်း ဖြစ်သည်။

လက်ဝယ်တွေ့ရှိမှုကြောင့် ပြစ်ဒဏ်ထိုက်စေသော ပြစ်မှုများတွင် ရှာဖွေပုံစံတွင် ဖော်ပြချက်သည် အဓိကပင်မဖြစ်သည်။ ယင်းအချက်ကို ပျက်ပြားစေအောင် ရှာဖွေသူအရာရှိများ အပါအဝင် သက်သေများက ယိမ်းယိုင်ထွက်ဆိုလေ့ရှိကြသည်။ ယင်းသို့ ယိမ်းယိုင်ထွက်ဆိုချက်များသည် နှုတ်ဖြင့် လွယ်လွယ်ထွက်ဆိုနိုင်သည်များဖြစ်ရာ ပတ်ဝန်းကျင်အခြေအနေ၊ သတင်း၊

၁၉၉၃
မောင်ထန်လွင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်

ရုတ်တရက် တွေ့ရှိရသည့် အချက်များဖြင့် ချိန်ထိုး၍ ယင်းနုတ်သက်သေခံချက်များကို သတိဖြင့်ချင့်ချိန်လက်ခံရသည်။ ဤအမှုတွင် အိမ်ရှင်ထွက်ပြေးသည်၊ မူးယစ်ဆေးဝါးတွေ့ရှိ သည်။ ကျန်ရစ်သူတွင် ဆေးသုံးစွဲဖူးသည့် လက္ခဏာများရှိသည်။ ဤအချက်များကို ခြုံငုံသုံးသပ်လျှင် ပြင်ဆင်မှုလျှောက်ထားသူ၏ အနီးတွင်ရှိသော စားပွဲပေါ်၌ သက်သေခံပစ္စည်းတွေ့ရှိခြင်းသည် ယင်း၏ အစီအမံအောက်တွင် တွေ့ရှိခြင်း၊ တစ်နည်းလက်ဝယ်တွေ့ရှိခြင်းဟု မှတ်ယူနိုင်သည်။ ရှာဖွေမိန့်မပါဘဲ ဖမ်းဆီးခြင်းသည် ရှာဖွေသူ၏ ပျက်ကွက်မှုဖြစ်သည်။ ယင်းကြောင့် မူးယစ်ဆေးဝါးတွေ့ရှိသည်ဟူသောအချက်မှာ မပျက်ပြယ်ပါဟူသော ဥပဒေအရာရှိ၏ တင်ပြချက်ကို လက်ခံရပေမည်။

**ထို့ကြောင့် ဤပြင်ဆင်မှုကို ပယ်သည်။**

# ပြစ်မှုဆိုင်ရာအယူခံမှု

## တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နှင့်
ကဟိုင် *

+ ၁၉၉၃
ဇန်နဝါရီလ
၁၂ ရက်

**ထင်းပုံမှာ သုံးစွဲ၍ မကုန်နိုင်လောက်အောင် များပြားသည်ဟု မတွေ့ရသဖြင့် ယင်းအောက်ရှိ ဘိန်းပြောင်းကို အိမ်သားများက တစ်နှစ်ခွဲခန့်အတွင်း မတွေ့မမြင်နိုင်ရန် အကြောင်းမရှိခြင်း၊ ဆီးနမူနာတွင် မူးယစ်ဆေးဝါး စမ်းသပ်မတွေ့ရှိကာမျှဖြင့် ဘိန်းပြောင်းကို လက်ဝယ်ထားရှိရန် အကြောင်းမရှိဟု မဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ကဟိုင်သည် မိမိ၏နေအိမ်တွင် မောင်ညာက ဘိန်းပြောင်းထားခဲ့သော အချက်ကို မည်သူမျှ မပြောခဲ့ကြောင်း တရားခံပြသက်သေတို့၏ ထွက်ဆိုချက်တွင် ပေါ်လွင်နေသည်။ ဘိန်းပြောင်း လက်ဝယ်ထားရှိပါက အဖမ်းခံရမည်ကို သိပါသည်ဟု ဝန်ခံထားသူ ကဟိုင်သည် သက်သေခံ ဘိန်းပြောင်းကို တစ်နှစ်ခွဲခန့်အထိ ရှာဖွေမတွေ့ခဲ့သော အချက်မှာ ယုတ္တိမရှိပေ။ ထင်းပုံမှာ သုံးစွဲ၍ မကုန်နိုင်လောက်အောင် များပြားသည်ဟု မတွေ့ရသဖြင့် ယင်းအောက်ရှိ ဘိန်းပြောင်းကို ကဟိုင်တို့ အိမ်သားများက (၁) နှစ်ခွဲခန့်အတွင်း မတွေ့မမြင်နိုင်ရန် အကြောင်း မရှိပေ။ ကဟိုင်ကိုယ်တိုင်က ၎င်းသည် ကုန်လွန်ခဲ့သော (၂) နှစ်ခန့်က ဘိန်းရှူ ဘိန်းစားခဲ့ကြောင်း ဝန်ခံတွက်ဆိုထားရာ ၎င်းအသုံးပြုခဲ့ပြီးသော ပစ္စည်းကို ၎င်းက အခွင့်အမိန့်မရှိဘဲ ဆက်လက်၍ လက်ဝယ်ထားရှိမှု ကျူးလွန်ရာသာ ရောက်နေပေသည်။

အချင်းဖြစ်ပွားသော အချိန်တွင် ရယူခဲ့သော ကဟိုင်၏ ဆီးနမူနာတွင် မူးယစ်ဆေးဝါး စမ်းသပ်မတွေ့ရှိကာမျှဖြင့် ၎င်းက ဘိန်းမဲပါရှိသော ဘိန်းပြောင်းကို လက်ဝယ်ထားရှိမှုကို ကျူးလွန်ရန် အကြောင်းမရှိဟု ဆိုနိုင်မည် မဟုတ်ပေ။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၁၉

\+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃ တွင်ချမှတ်သော (၁၀-၇-၉၁) ရက်စွဲပါ ဖယ်ခုံမြို့နယ်တရားရုံး၏ အမိန့်ကိုအယူခံမှု

၁၉၉၃
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်
နှင့်
ကဟိုင်

အယူခံတရားလိုအတွက် – ဦးခင်မောင်ဦး၊ လက်ထောက်
ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
အယူခံတရားခံအတွက် – ကိုယ်တိုင် (မလာ)

ဖယ်ခုံမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃/၉၁ တွင် ကဟိုင်အပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ စွဲချက်တင်၍ စစ်ဆေးပြီးနောက် ၎င်းအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ရာ ရှေ့နေချုပ်ရုံးက မကျေနပ်၍ ဤအယူခံမှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ ၂၈–၃–၉၁ ရက် နေ့ည (၁၀)နာရီခန့်တွင် ဌေ့စိမ်းများ လိုက်လံရှာဖွေ စစ်ဆေးရာ ဟိန္ဒမရပ်ကွက်နေ ကဟိုင်၏ နေအိမ်အတွင်းမှ ဘိန်းရှူသည့် ဝါးပြောင်း (၁) ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ထို့ကြောင့် ၎င်းအား အရေးယူပေးရန် ဒုရဲအုပ် ဦးစိုးညွန့်က ဖယ်ခုံမြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားခဲ့သော အမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးက အယူခံအကြောင်းပြချက်များ တင်ပြရာ၌ ရှာဖွေရေးအဖွဲ့ဝင်တို့၏ ထွက်ချက်များအရ ကဟိုင်၏ နေအိမ်အတွင်းမှ ဘိန်းရှူသည့် ဝါးပြောင်းကို တွေ့ရှိခဲ့ပြီး ယင်းပြောင်းတွင် ဘိန်းမဲတွေ့ရှိသည်ဟု ဓာတုဗေဒဝန်ရုံးမှ ပြန်ကြားထားကြောင်း၊ မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးခံရသော မောင်ညှာဆိုသူက လွန်ခဲ့သော (၂) နှစ်ခန့်က ထားရှိခဲ့သော ပစ္စည်းဖြစ်မည်ထင်ကြောင်းဖြင့် ကဟိုင်၏ ချေပချက်မှာ တိကျခိုင်လုံမှု မရှိကြောင်း၊ ထို့ကြောင့် ကဟိုင်အား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သော မြို့နယ်တရားရုံး၏ အမိန့်မှားယွင်းကြောင်း တင်ပြသည်။

မြို့နယ်တရားရုံး၏ စီရင်ချက်၌ ကဟိုင်၏ ဆီးတွင် မူးယစ်ဆေးဝါး စစ်ဆေးမတွေ့ရှိသဖြင့် လွန်ခဲ့သော တစ်နှစ်ခွဲခန့်က လာရောက်တည်းခိုသွားခဲ့သူ မောင်ညှာ၏ ပစ္စည်းဖြစ်နိုင်ကြောင်း၊ မောင်ညှာက ဝှက်ထားခဲ့သော ဘိန်းပြောင်းကို ကဟိုင်တို့က ရှာဖွေမတွေ့ရှိခဲ့သဖြင့် ၎င်းက သိလျက်နှင့် လက်ဝယ်ထားရှိသည်ဟု ကောက်ယူရန် မသင့်ကြောင်း သုံးသပ်ကာ ၎င်းအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သည်။

သက်သေခံဘိန်းပြောင်းတွင် ဘိန်းမဲများ စစ်ဆေးတွေ့ရှိခဲ့ကြောင်းနှင့် (ရဝတ)အဖွဲ့က နွားသားရေကို သွားရောက်ရှာဖွေရာတွင် ကဟိုင်နှင့် စကားပြောအဆင်မပြေရာမှ ရဲစခန်းသို့အကြောင်းကြား၍ အိမ်အတွင်းသို့ ရှာဖွေရာတွင် သက်သေခံဘိန်းပြောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အငြင်းမပွားချေ။

ကဟိုင်၏ ထွက်ဆိုချက်တွင် အချင်းဖြစ် ဘိန်းပြောင်းကို ယင်း၏ နေအိမ်အတွင်းခန်းနှင့် အပြင်ခန်း ထရံခြားထားသော နေရာရှိ ထင်းပုံအောက်မှတွေ့ရှိခဲ့ခြင်း မှန်ကြောင်းဝန်ခံသည်။

ကဟိုင်က လွန်ခဲ့သော ၁စ်နှစ်ခွဲခန့်တွင် ဘိန်းမှုဖြင့် ထောင်ကျသွားခဲ့သော မောင်ညွှာ၏ ဘိန်းပြောင်းဖြစ်သည်ဟု ချေပသော်လည်း ရဲနှင့် (ရဝတ) များ ရှာဖွေစဉ်က ယင်းသို့ ရှင်းပြမှု မရှိခဲ့သည်မှာ မှန်ကြောင်း၊ ရှာဖွေသူ(ရဝတ) အဖွဲ့ဝင် ဦးထွန်းရီ၊ ဦးအောင်ဘတို့နှင့် ရန်ငြိုးရန်စ မရှိကြောင်း၊ မိမိသည် လွန်ခဲ့သော နှစ်နှစ်ကျော်ခန့်က ဘိန်းရှု ဘိန်းစားသဖြင့် (ရဝတ)အဖွဲ့ဝင် ဦးအောင်ဘက ခေါ်ယူသတိပေးခဲ့ရာတွင် မိမိက ဆက်လက် မပြုလုပ်တော့ပါဟု ဝန်ခံကတိပြုခဲ့သည်မှာ မှန်ကြောင်း၊ မောင်ညွှာက ဘိန်းပြောင်း မိမိအိမ်၌ ဝှက်ထားခဲ့သည့်အကြောင်းကို (ရဝတ) သို့ အကြောင်းမကြားခဲ့ကြောင်းတို့ကို ဝန်ခံထွက်ဆိုထားသည်။ သို့ဖြစ်ရာ ကဟိုင်က နောက်မှရသောအကြံဖြင့် ထွက်ဆိုသော ချေပချက်များသာ ဖြစ်သည်ဟု ပေါ်လွင်သည်။

ကဟိုင်သည် မိမိ၏ နေအိမ်တွင် မောင်ညွှာက ဘိန်းပြောင်းထားခဲ့သော အချက်ကို မည်သူ့မျှ မပြောခဲ့ကြောင်း တရားခံပြသက်သေတို့၏ ထွက်ချက်တွင် ပေါ်လွင်နေသည်။ ဘိန်းပြောင်းလက်ဝယ် ထားရှိပါက အဖမ်းခံရမည်ကို သိပါသည်ဟု ဝန်ခံထားသူ ကဟိုင်သည် သက်သေခံ ဘိန်းပြောင်းကို တစ်နှစ်ခွဲခန့်အထိ ရှာဖွေမတွေ့ခဲ့သော အချက်မှာ ယုတ္တိမရှိပေ။ ထင်းပုံမှာ သုံးစွဲ၍ မကုန်နိုင်လောက်အောင် များပြားသည်ဟု မတွေ့ရသဖြင့် ယင်းအောက်ရှိ ဘိန်းပြောင်းကို ကဟိုင်တို့ အိမ်သားများက (၁) နှစ်ခွဲခန့်အတွင်း မတွေ့မမြင်နိုင်ရန် အကြောင်းမရှိပေ။ ကဟိုင်ကိုယ်တိုင်က ၎င်းသည် ကုန်လွန်ခဲ့သော (၂) နှစ်ခန့်က ဘိန်းရှုဘိန်းစားခဲ့ကြောင်း ဝန်ခံထွက်ဆိုထားရာ ၎င်းအသုံးပြုခဲ့ပြီးသော ပစ္စည်းကို ၎င်းက အခွင့်အမိန့်မရဘဲ ဆက်လက်၍ လက်ဝယ်ထားရှိမှု ကျူးလွန်ရာသာ ရောက်နေပေသည်။

အချင်းဖြစ်ပွားသော အချိန်တွင် ရယူခဲ့သော ကဟိုင်၏ ဆီးနမူနာတွင် မူးယစ်ဆေးဝါး စမ်းသပ်မတွေ့ရှိကာမျှဖြင့် ၎င်းက ဘိန်းမဲပါရှိသော ဘိန်းပြောင်းကို လက်ဝယ်ထားရှိမှုကို ကျူးလွန်ရန် အကြောင်းမရှိဟု ဆိုနိုင်မည် မဟုတ်ပေ။

သို့ဖြစ်ရာ ကဟိုင်အား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သော မြို့နယ်တရားရုံး၏အမိန့်မှာ မှန်ကန်မှု မရှိချေ။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုပြီး ကဟိုင်အား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သော ဖယ်ခုံမြို့နယ် တရားရုံး၏အမိန့်ကို ပယ်ဖျက်၍ ၎င်းအား ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၆ (ခ) အရ ထောင်ဒဏ် (၅) နှစ် (ငါးနှစ်) တိတိ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ချုပ်ရက်များရှိက ထောင်ဒဏ်မှ ထုတ်နုတ်ခံစားခွင့်ပြုသည်။

၁၉၉၃
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်
နှင့်
ကဟိုင်

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးကျော်တင့်နှင့် ဦးသန်းဖေတို့ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နှင့်
ကျော်မြင့် *

+ ၁၉၉၃
မေလ
၂၅ ရက်

**သီးခြားစီကျူးလွန်ခဲ့သော ပြစ်မှု(၂)ရပ်အတွက် သီးခြားပြစ်ဒဏ်(၂)ရပ် ချမှတ်နိုင် မနိုင်။**

**ဆုံးဖြတ်ချက်။** ။ သေဒဏ်နှင့် ကြီးလေးစွာ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုများတွင် သက်သေအထောက်အထား ကွင်းဆက်ပြတ်နေသော အချက်များကို ထင်ကြေးဖြင့် ဆက်စပ်ကောက်ယူ၍ တရားခံအပေါ် ပြစ်ဒဏ်ချမှတ်စီရင်ရန် မသင့်ချေ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်ဒဏ်ချမှတ်နိုင် ရန် သံသယကင်းရှင်းသည့် သက်သေအထောက်အထား ကွင်းဆက်မပြတ် ထင်ရှားပေါ်လွင်သည်ဟု ဆိုနိုင်မည် မဟုတ်သဖြင့် ၎င်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) နှင့် ပုဒ်မ ၃၉၂ တို့အရ သီးခြားပြစ်ဒဏ် (၂) ရပ်ကို ချမှတ်သင့်ကြောင်း တွေ့ရသည်။

လျှောက်ထားသူအတွက် – ဦးကျင်စိန်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူအတွက် – ဒေါ်ခင်ဌေး၊ တရားရုံးချုပ်ရှေ့နေ

မန္တလေးတိုင်း တရားရုံး (ရမည်းသင်းမြို့နယ်စု)၏ ပြစ်မှုကြီး အမှတ် ၁၇/၉၁ တွင် ကျော်မြင့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုအား တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၉၅ (ခ)

\+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇ တွင် ချမှတ်သော (၃၁–၇–၉၁) ရက်စွဲပါ မန္တလေးတိုင်း (ရမည်းသင်းမြို့နယ်စု) တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

အမှုမှာ မခင်ဝင်းဆိုသူက သူမအား ကျော်မြင့်က ဓားဖြင့် ထိုးသွားကြောင်း ပြောပြသိရှိရ၍ ကျော်မြင့်အပေါ် အရေးယူပေးရန် မခင်ဝင်း၏ အစ်မ မခင်လှက တပ်ကုန်းမြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် တိုင်တန်းရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။ တပ်ကုန်းမြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ အရ အမှုဖွင့်လှစ်ခဲ့ပြီးနောက်ပိုင်းတွင် မခင်ဝင်း သေဆုံးသွား၍ ကျော်မြင့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၃၉၂/၄၁၄ တို့အရ မန္တလေးတိုင်း တရားရုံး (ရမည်းသင်းမြို့နယ်စု) သို့ တရားစွဲဆို တင်ပို့ခဲ့သည်။

ပြင်ဆင်မှု လျှောက်လွှာတွင် အကြောင်းပြချက်အဖြစ် တရားလိုပြ သက်သေများနှင့် သေသူ မခင်ဝင်း၏ သေခါနီး အစစ်ခံချက်များအရ တရားခံကျော်မြင့်သည် မခင်ဝင်းအား သားမယားအဖြစ် ပြုကျင့်ပြီး မခင်ဝင်းထံမှ ဆွဲကြိုးကို လုယူသွားသည်ဟု ပေါ်လွင်နေကြောင်း၊ ဆရာဝန်က မခင်ဝင်း၏ မိန်းမကိုယ်အတွင်းသို့ သွတ်သွင်းသည့် လက္ခဏာရှိသည်ဟု ထင်မြင်ချက်ပေးထားကြောင်း၊ မခင်ဝင်းထံမှ လုယူသွားသည့် ဆွဲကြိုးကို မခင်ဝင်းအား ဓားနှင့်ထိုးပြီးနောက် နာရီပိုင်းအတွင်း၌ တရားခံကျော်မြင့်က ရောင်းချခဲ့သည်ဟု ပေါ်ပေါက်နေကြောင်း၊ ယင်းကဲ့သို့ အချက်အလက်များ ပေါ်ပေါက်နေပါလျက်နှင့် တရားခံကျော်မြင့်အပေါ် စွဲချက်တင်ထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်မှုထင်ရှား စီရင်ရမည့်အစား ပုဒ်မ ၃၀၂ (၂) ဖြင့် ပြောင်းလဲအပြစ်ပေးထားခြင်းမှာ ဥပဒေအရ မှားယွင်းနေကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

လျှောက်ထားခံရသူ ကျော်မြင့်အတွက် ၎င်း၏ ရှေ့နေ ဒေါ်ခင်ဌေးက ချေပတင်ပြရာ၌ သေသူ မခင်ဝင်း၏ သေခါနီး ထွက်ချက်အရမှာပင် ကျော်မြင့်နှင့် မခင်ဝင်းတို့သည် အချင်းဖြစ်ပွားရာ နောင်သခ်ါသချိုင်း သို့ နှစ်ဦးအတူတကွ ဆိတ်ကွယ်ရာ၌ ချိန်းဆိုသွားရောက်ခဲ့ကြခြင်း၊ ၎င်းတို့နှစ်ဦး ကာမဆက်ဆံစဉ် ကျော်မြင့်၏ ပုဆိုးကြားတွင် ဓားကိုတွေ့၍ မအော်ရဲခဲ့ပါဟု မခင်ဝင်း၏ ထွက်ချက်မှာ ယုတ္တိမရှိခြင်း၊ မခင်ဝင်းသည် ယခင်ကလည်း ကာမဆက်ဆံမှု ရှိခဲ့ဖူးသူဖြစ်သည်ဟု ဆရာဝန်က ထွက်ဆို ထားခြင်းတို့ကြောင့် ကျော်မြင့်က မခင်ဝင်းအား အလိုမတူဘဲ မုဒိမ်းပြု ကျင့်ခဲ့သည်ဆိုသော အချက်မှာ သံသယဖြစ်ဖွယ်ရာရှိကြောင်း၊ မူလရုံးက သုံးသပ်သကဲ့သို့ ကျော်မြင့်က မခင်ဝင်း၏ ဆွဲကြိုးကို ခြောက်လှန့်တောင်း ယူမှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၄ အရ ထောင်ဒဏ် (၃) နှစ်အထိ

သာ ထိုက်သော ပြစ်မှုဖြစ်၍ ၎င်းအပေါ် ယင်းဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်ဒဏ်ချမှတ်နိုင်ခြင်း မရှိကြောင်း၊ ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

မူလအမှုတွင် မျက်မြင်သက်သေအဖြစ် မခင်ဝင်း တစ်ဦးတည်းသာ ရှိသည်။ မခင်ဝင်းမသေမီ တပ်ကုန်းမြို့နယ်ဆေးရုံ၌ တပ်ကုန်းမြို့ ဒုတိယ မြို့နယ်တရားသူကြီးထံတွင် အစစ်ခံထွက်ဆိုခဲ့သည်။ ထိုသို့ အစစ်ခံထွက် ဆိုစဉ်က မခင်ဝင်းသည် ကောင်းမွန်စွာ သတိရလျက် ပုံမှန်စိတ် အခြေ အနေရှိကြောင်း တပ်ကုန်းမြို့ ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခင်မောင် ကျော်က မခင်ဝင်း၏ အစစ်ခံထွက်ဆိုချက်တွင် ရေးမှတ်ထားသည်။

မခင်ဝင်းက တပ်ကုန်းမြို့တွင် ဒုတိယမြို့နယ်တရားသူကြီး ထံတွင် အောက်ပါအတိုင်း ထွက်ဆိုခဲ့သည်–

"xxx ကိုကျော်မြင့်မှာ ကျွန်မ၏ရည်းစားဖြစ်ပြီး တပ်ကုန်းဈေးထဲ၌ တွေ့ပြီး ကျွန်မနောက်ကို လိုက်လာပါသည်။ ထို့နောက် နှစ်ယောက်အတူ စိုက်ပျိုးရေးခြံ အရှေ့ဘက်နဘူးခြံထဲသို့ သွားကြပါသည်။ xxxနှစ်ယောက် အတူ ထိုင်နေရာမှ ၂ ပဲ ၄ ရွေးသားရှိ သံကြိုးဆက် ရွှေဆွဲကြိုးအား လုပြီး လည်ပင်း၊ မိုက်၊ ဘယ်ဘက်လက်တို့ကို ဓားနှင့်ထိုးပါသည်။ ကျွန်မထံမှ ဆွဲကြိုးမလုခင်က ကျွန်မနှင့် ကိုကျော်မြင့် လင်မယားလို ကာမဆက်ဆံခဲ့ပါသည်။ တစ်ကြိမ်တည်းသာ ဆက်ဆံခြင်းဖြစ်သည်။ ယခင်က မဆက်ဆံဖူးပါ xxx။ ကျမနှင့် ဈေးထဲတွင်တွေ့စဉ်က ဓားပါ လာမှန်း မသိသော်လည်း ကျွန်မကို ရွယ်ပြီး ဓားနှင့်ထိုးမှ ဓားပါမှန်း သိပါသည်။ ဓားမှာ ဓားဦးချွန်ဖြစ်ပါသည်။ ကျွန်မ၏ လည်ပင်းကို စထိုးပြီးနောက် လက်နှင့်မိုက်ကို ထိုးခြင်းဖြစ်ပါသည်။ သားမယားအဖြစ် ဆက်ဆံသည်တွင် ကိုကျော်မြင့်က ကျွန်မကို တွန်းလှဲပြီးနောက်မှ ထမီအား ဆွဲလှန်ကာ ကျွန်မ ပက်လက်ဖြစ်နေစဉ် အပေါ်မှတက်လုပ်ခြင်း ဖြစ်ပါသည်။ ကျွန်မမှာ ရုန်းသော်လည်းမရသည့်အပြင် ဓားမှာ ၎င်း၏ ပုဆိုးကြားထဲ၌ တွေ့ရပါသည်။ xxx၎င်းတွင် ဓားပါသဖြင့် ကျွန်မမှာ မအော်ရဲပါ၊xxx ကျွန်မအား ကိုကျော်မြင့်မှ ၎င်းနှင့်လိုက်ခဲ့ရန် ကျွန်မ အား သားမယား မပြုကျင့်မီက ခေါ်ခြင်းဖြစ်ပါသည်။ ကျွန်မအား သားမယားလို ပြုကျင့်ပြီးနောက်တွင်လည်း လိုက်ခဲ့ရန် ခေါ်ပါသည်။ ကျွန်မအား ၎င်းနှင့်အတူ လိုက်ခဲ့ရန် ခေါ်ရာ မရသဖြင့် ဓားနှင့်ထိုးပြီး ဆွဲကြိုးအား လုယူသွားခြင်း ဖြစ်ပါသည် xxx"

ဒေါက်တာ ခင်မောင်ကျော်က ဆေးစာတွင် မိန်းမကိုယ်အတွင်းသို့ သွတ်သွင်းခံရသော လက္ခဏာတွေ့ရှိရသည်ဟု ရေးသားထားခြင်းမှာ မခင်ဝင်း သေဆုံးပြီးနောက် စစ်ဆေးတွေ့ရှိချက်ကို ရေးသားထားခြင်း ဖြစ်ကြောင်း၊ မိန်းမကိုယ်ထဲသို့ လတ်တလော သွတ်သွင်းထားသည့် အခြေအနေမျိုးဖြစ်ကြောင်း၊ မခင်ဝင်း၏ မိန်းမကိုယ်၌ တွေ့ရှိရသော သုတ်ရည်မှာ အမျိုးသားသုတ်ရည်မျိုး ဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုထား သည်။

မောင်အေးချိုက ရွှေဆွဲကြိုးကို ကျော်မြင့်လာရောင်း၍ ဝယ်ယူထား လိုက်ခြင်းဖြစ်ကြောင်း၊ နောက်တစ်နေ့တွင် ကျော်မြင့် ဆွဲကြိုးဖြတ်ပြီး လာရောင်းကြောင်း သိရှိရ၍ မိမိကိုယ်တိုင် ရဲစခန်းသို့ သွားရောက်ပြီး ကျော်မြင့်ရောင်းခဲ့သည့် ဆွဲကြိုးကို ရဲစခန်းတွင် အပ်နှံခဲ့ကြောင်း၊ ယင်း ဆွဲကြိုးကို ကျော်မြင့်လာရောင်းစဉ်က ယင်းဆွဲကြိုးမှာ ပြတ်နေခြင်းမရှိကြောင်း၊ ပကတိပုံသဏ္ဍာန်အတိုင်းဖြစ်ကြောင်း၊ ဆွဲဖြတ်မည်ဆိုပါက အလွယ်တကူ ဖြတ်၍ ရသော ဆွဲကြိုးမျိုးဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုထားသည်။

သေသူ မခင်ဝင်း၏ အစ်မဖြစ်သူ မခင်လှ၏ ရဲစခန်းတိုင်ချက်တွင် ကျော်မြင့်က မခင်ဝင်းကို မုဒိမ်းကျင့်ခဲ့ခြင်းနှင့် ဆွဲကြိုးလုယူခဲ့ခြင်းတို့ကို ထည့်သွင်းတိုင်ကြားမှု မတွေ့ရပေ။ သက်သေခံဆေးစာတွင် မခင်ဝင်းကို စစ်ဆေးရာ၌ ရှန်းကန်လှုပ်ရှား၍ ရရှိသော ပွန်းပဲ့ဒဏ်ရာ မတွေ့ရကြောင်း ဖော်ပြထားသည့်ပြင် ဒေါက်တာ ခင်မောင်ကျော်၏ ထွက်ဆိုချက်တွင် မခင်ဝင်း၏ မိန်းမကိုယ်အား စစ်ဆေးချက်အရ ယခင်ကပင် ကာမဆက်ဆံ ခဲ့ဖူးသော အနေအထားမျိုးရှိကြောင်း ထွက်ဆိုထားသည်။

မခင်ဝင်း၏ သေခါနီး ထွက်ဆိုချက်အရဆိုလျှင် ဦးစွာပထမ ၎င်းနှင့် ကျော်မြင့်တို့ လင်မယားလို ကာမဆက်ဆံခဲ့ကြပြီးနောက်မှ ကျော်မြင့်က ၎င်းကို ဓားဖြင့်ထိုး၍ ဆွဲကြိုးလုယူသွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ကျော်မြင့်က ၎င်းအား ဓားဖြင့်ရွယ်၍ ထိုးလိုက်သည့်အခါမှ ကျော်မြင့်တွင် ဓားပါမှန်း သိကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျော်မြင့်က ပြုကျင့်နေစဉ် ၎င်း၏ ပုဆိုးကြား၌ ဓားပါသည်ကို တွေ့မြင်၍ မအော်ရဲပါဟု မခင်ဝင်း၏ ထွက်ချက်မှာ ရှေ့နောက်မညီမညွတ်ဖြစ်နေ၍ မှန်ကန်သည်ဟု ယုံကြည်လက်ခံရန် ခဲယဉ်းနေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ သမီးရည်းစားဖြစ်ကြောင်း အငြင်းမပွားသူ ကျော်မြင့်နှင့် သေသူ မခင်ဝင်းတို့သည် လူသူဆိတ်ကွယ်ရာ နေရာ၌ ချိန်းတွေ့ကြရာတွင်

ကျော်မြင့်က မခင်ဝင်းအား အလိုမတူဘဲ မုဒိမ်းပြုကျင့်ခဲ့သည်ဟု မုချကောက်ယူနိုင်ရန် ခဲယဉ်းမည်ဖြစ်သည်။

မခင်ဝင်း၏ သေခါနီးထွက်ဆိုချက်တွင် မိမိအား သားမယားအဖြစ် မပြုကျင့်မီနှင့် ပြုကျင့်ပြီးနောက်တို့တွင် ကျော်မြင့်က ၎င်းနှင့် လိုက်ခဲ့ရန် ခေါ်ခဲ့သေးကြောင်း၊ ခေါ်မရ၍ ကျော်မြင့်က မိမိကို ဓားဖြင့်ထိုးပြီး ဆွဲကြိုးအား လုယူသွားခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်။

သို့ဖြစ်ရာ ကျော်မြင့်သည် သေသူ၏ ဆွဲကြိုးကို လုယူရန်အကြံဖြင့် မခင်ဝင်းအား ဓားဖြင့် ထိုးသတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ရန် သေချာမှု မရှိချေ။ မခင်ဝင်းကို ခေါ်မရ၍ စိတ်မထိန်းနိုင်ဘဲ ဓားဖြင့် ဆက်ကာဆက်ကာ ထိုးခဲ့ပြီးနောက်မှ မခင်ဝင်း၏ ဆွဲကြိုးကို ယူဆောင်သွားရန် အကြံဖြစ်ပေါ်၍ လုယူသွားခဲ့ခြင်းလည်း ဖြစ်နိုင်သည်။

တနည်းအားဖြင့် ကျော်မြင့်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂)အရ ပြစ်မှုကို ကျူးလွန်ခဲ့ပြီးနောက်မှ ယင်းဥပဒေပုဒ်မ ၃၉၂ အရ ပြစ်မှုကို ကျူးလွန်ရန် အကြံဖြစ်ပေါ်၍ ဆက်တိုက်ကျူးလွန်ခဲ့ခြင်း ဖြစ်ဖွယ်ရာ ရှိနိုင်သည်။ ကျော်မြင့်သည် မခင်ဝင်း မသေသေးမီမှာပင် ဆွဲကြိုးကို ဖြုတ်ယူခဲ့ခြင်း ဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ နှင့် အကျုံးဝင်မည် မဟုတ်ဘဲ ယင်းဥပဒေပုဒ်မ ၃၉၂ အရ ပြစ်မှုကို ကျူးလွန်ခဲ့ရာရောက်သည်။

သေဒဏ်နှင့် ကြီးလေးစွာ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုများတွင် သက်သေအထောက်အထား ကွင်းဆက်ပြတ်နေသော အချက်များကို ထင်ကြေးဖြင့် ဆက်စပ်ကောက်ယူ၍ တရားခံအပေါ် အပြစ်ဒဏ်ချမှတ်စီရင်ရန် မသင့်ချေ။

သို့ဖြစ်ရာ ဤအမှုတွင် ကျော်မြင့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်ဒဏ်ချမှတ်နိုင်ရန် သံသယကင်းရှင်းသည့် သက်သေအထောက်အထား ကွင်းဆက်မပြတ် ထင်ရှားပေါ်လွင်သည်ဟု ဆိုနိုင်မည် မဟုတ်သဖြင့် ၎င်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) နှင့် ပုဒ်မ ၃၉၂ တို့အရ သီးခြား ပြစ်ဒဏ် (၂) ရပ်ကို ချမှတ်သင့်ကြောင်း တွေ့ရသည်။

ကျော်မြင့်သည် မိမိနောက်လိုက်ခဲ့ရန် ခေါ်မရ၍ မခင်ဝင်းအား ဓားဖြင့် ထိုးခဲ့သည့်ပြင် ယင်းသို့ဓားဖြင့်ထိုးခဲ့ပြီးနောက် မခင်ဝင်းမသေမီ ၎င်းထံမှ ဆွဲကြိုးလုယက်မှုကိုပါ ဆက်လက် ကျူးလွန်ခဲ့ခြင်းဖြစ်ရာ သီးခြားစီ

ကျူးလွန်ခဲ့သော ပြစ်မှု (၂) ရပ်အတွက် သီးခြားပြစ်ဒဏ် (၂) ရပ် ချမှတ်နိုင်ကြောင်း တွေ့ရသည်။ ကျော်မြင့်က သမီးရည်းစားဖြစ်သူ မခင်ဝင်းအား ရက်စက်စွာ ကျူးလွန်ခဲ့သော အမှုဖြစ်၍ ပြစ်မှုနှင့် ပြစ်ဒဏ်မျှတစေရန် ပြစ်ဒဏ်တိုးမြှင့်သင့်သည်ကိုလည်း တွေ့ရသည်။

တိုင်းတရားရုံးက ကျော်မြင့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ စွဲချက် တင်ခဲ့ရာတွင် ၎င်းအပေါ် မခင်ဝင်း၏ ဆွဲကြိုးလုယက်မှုကိုပါ ထည့်သွင်းဖော်ပြ ဖြေရှင်းစေခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး ကျော်မြင့်အပေါ် ချမှတ်ထားသည့် မန္တလေးတိုင်း တရားရုံး (ရမည်းသင်းမြို့နယ်စု)၏ အမိန့်အစား ၎င်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံစေရန်အပြင် ယင်းဥပဒေပုဒ်မ ၃၉၂ အရ ထောင်ဒဏ် (၅) နှစ် (ငါးနှစ်)တိတိကိုပါ ထပ်မံ၍ သီးခြားကျခံစေရန် ပြင်ဆင်တိုးမြှင့် ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာသေဒဏ်အတည်ပြုမှု
### အယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးကျော်တင့်နှင့် ဦးသန်းဖေတို့ရှေ့တွင်

+ ၁၉၉၃
စက်တင်ဘာလ
၁ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ခင်အောင်
နှင့်
ခင်အောင်*
ပြည်ထောင်စုမြန်မာနိုင်ငံတော်

**မုဒိမ်းကျင့်နေသည်ကို အားပေးကူညီကာ မုဒိမ်းကျင့်ခံရသူ အမျိုးသမီးအား ဓားမြှောင်ဖြင့်ထိုးသတ်ခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ)ပါ ပြစ်မှုမြောက် မမြောက်။**

**ဆုံးဖြတ်ချက်။** ဖြောင့်ချက်ကို လက်ခံအသုံးပြုရာ၌ ဆန့်ကျင်ဘက်သက်သေအထောက်အထား မရှိပါက ဖြောင့်ချက်ပါ စကားရပ်အားလုံးကို လက်ခံအသုံးပြုရမည်ဖြစ်ပြီး လိုသောစကားရပ်ကိုသာ အသုံးချပြီး မလိုသော စကားရပ်ကို ပယ်ချခြင်း မပြုနိုင်ပေ။ ဖြောင့်ချက်ကို သုံးသပ်ရာ၌ တစ်ပိုင်းကို လက်ခံပြီး တစ်ပိုင်းကို မယုံဘဲ လက်မခံခြင်းမျိုး မဖြစ်စေရပေ။

အယူခံတရားလိုအတွက် — ဒေါ်သင်းသင်းမြ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
ဦးကိုရီ၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် — ဦးကိုရီ၊ တရားရုံးချုပ်ရှေ့နေ
ဒေါ်သင်းသင်းမြ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ သေဒဏ်အတည်ပြုမှု / အယူခံမှု အမှတ် ၂ / ၆၆၆

\+ ၁၉၉၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၃ တွင်ချမှတ်သော (၂၆-၅-၉၂) ရက်စွဲပါ မွန်ပြည်နယ် (မော်လမြိုင်မြို့နယ်စု)တရားရုံး၏ အမိန့်ကို လျှောက်ထားမှု

အမှုမှာ ကျိုက်မရောမြို့နယ် ဖာသိမ်ကျေးရွာ ဗမာစုနေ ဒေါ်အေးမွှံက ၎င်း၏ သမီး မမိုးမိုးခိုင်သည် ၁၈-၃-၉၁ ရက်နေ့ ညည့်က ရွာရှိဘုန်းကြီးပျံပွဲသို့ သွားရာမှ ပြန်မရောက်ကြောင်း၊ နောက်တစ်နေ့ နံနက်တွင် သိရှိရ၍ ဆွေမျိုးများနှင့်အတူ ရွာအနီးအနားသို့ လိုက်ရှာကြကြောင်း၊ ရွာ၏ တောင်ဘက် ခြံစည်းရိုးစပ်အနီးတွင် မမိုးမိုးခိုင်၏ အလောင်းကို ဓားဒဏ်ရာဖြင့်တွေ့ရ၍ အလောင်းကို ချောင်းနှစ်ခွ တိုက်နယ်ဆေးရုံသို့ ကျေးရွာ (ရ-ဝ-တ) အဖွဲ့ဝင် ဦးညွှန့်သိန်းနှင့်အတူ သွားရောက်ပို့အပ်ခဲ့ကြောင်း ဖော်ပြလျက် ကျိုက်မရောရဲစခန်းတွင် တိုင်ချက်ဖွင့်ခဲ့သောအမှုဖြစ်သည်။

မွန်ပြည်နယ် တရားရုံး (မော်လမြိုင်မြို့နယ်စု)၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၃/၉၀ တွင် ခင်အောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ပြီးနောက် ယင်းအမိန့်ကို အတည်ပြုပေးရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၇၄ အရ မွန်ပြည်နယ် တရားရုံးမှ တရားရုံးချုပ်သို့ တင်ပြလာသည်။ သေဒဏ်အမိန့်ချမှတ်ခံရသည့် ခင်အောင်ကလည်း တရားရုံးချုပ်သို့ အယူခံမှု တင်သွင်းလာသည်။ ယင်းအမှုနှစ်မှုလုံးမှာ မူလအမှု တစ်မှုတည်းမှ ပေါ်ပေါက်လာသော အမှုများဖြစ်၍ ဤစီရင်ချက်တစ်ခုတည်းဖြင့် အမိန့်ချမှတ်ရန်ဖြစ်သည်။ သို့ဖြစ်၍ ဤစီရင်ချက်သည် သေဒဏ်အတည်ပြုမှုနှင့်လည်းကောင်း၊ အယူခံမှုနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

ခင်အောင်၏ ရှေ့နေက အယူခံအကြောင်းပြချက်များ တင်ပြရာ၌ ဒေါ်အေးမွှံကိုယ်တိုင်က ခင်အောင်ကို စွပ်စွဲတိုင်ကြား မထားသည့်အပြင် မျက်မြင်သက်သေလည်း တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ သက်သေခံဓားမြှောင်ကို အခင်းဖြစ်ပွားပြီး (၇) ရက်အကြာတွင်မှ ခင်အောင်၏ စပါးကျီထဲမှ သိမ်းဆည်းခဲ့ကြောင်း၊ ယင်းဓားမြှောင်တွင် လူသွေးတွေ့ရှိကြောင်း ဓာတုဗေဒ ပြန်ကြားစာတွင် ပါရှိသော်လည်း သေသူ မမိုးမိုးခိုင်၏ သွေးဟုတ်မဟုတ် မတင်ပြနိုင်ကြောင်း၊ ဓားပေါ်တွင် လက်ဗွေရာ ရှိမရှိကိုလည်း စစ်ဆေးခဲ့ခြင်း မရှိကြောင်း၊ အခင်းဖြစ်နေရာ၌ တွေ့ရှိသော အတွင်းခံဘောင်းဘီနှင့် ထမိတို့တွင် ယောကျ်ားသုတ်ရည်နှင့် သုတ်ပိုးတွေ့ရှိသည်ဆိုသော်လည်း ခင်အောင်ထံမှ သုတ်ရည်နှင့် သုတ်ပိုးဖြစ်သည်ဟု အတည်ပြုချက် မရှိကြောင်း၊ ခင်အောင်၏ ဖြောင့်ဆိုချက်တွင် ပါရှိသည့် ကြည်မြင့်နှင့် လှမြင့်တို့က မမိုးမိုးခိုင်အား မုဒိမ်းပြုကျင့်သည်ဆိုသော

၁၉၉၃
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်
ခင်အောင်
နှင့်
ခင်အောင်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်

အချက်နှင့် သက်သေခံဓားမြှောင်ကိစ္စကို ရောထွေး မစဉ်းစားသင့်ကြောင်း၊ ခင်အောင်အား တပ်သားများက ရိုက်နှက်ညှဉ်းပန်းနှိပ်စက်သည်ကို မခံနိုင်၍ ၎င်းတို့ သင်ပေးထားသည့်အတိုင်း တရားရုံးတွင် ဖြောင့်ချက်ပေးခဲ့ရခြင်းသာ ဖြစ်ကြောင်း၊ ကြိုတင်ကြံရွယ်ချက်မရှိဘဲ တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ အပြစ်မပေးနိုင်ကြောင်း၊ ခင်အောင်က ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ပြီးဖြစ်၍ သေဒဏ်အမိန့်အစား အခြားအပြစ်ဒဏ်တစ်ရပ်သို့ လျှော့ပေါ့ သတ်မှတ်ပေးသင့်ကြောင်း အမိက ထားတင်ပြသည်။

ရှေ့နေချုပ်ရုံးမှ လက်ထောက် ညွှန်ကြားရေးမှူးက တင်ပြရာ၌ (ရ-ဝ-တ) ဥက္ကဋ္ဌ ဦးညွှန့်မောင် (လိုပြ-၆)က အခင်းဖြစ် ညဥ့်တွင် ပွဲခင်းထဲ၌ မိုးမိုးခိုင်နှင့် ခင်အောင်တို့ကို ယောကျ်ားလေး၊ မိန်းကလေးအဖော်များနှင့်အတူ တွေ့ကြောင်း၊ ရွာရှိ လူပျိုပေါက်များကို တပ်က ခေါ်စစ်စဉ် (ရ-ဝ-တ) လူကြီးများရှေ့၌ ခင်အောင်က ၎င်းကိုယ်တိုင် ပြစ်မှုကျူးလွန်သည်ကို ဝန်ခံပြီး ဓားမြှောင်ကို စပါးကျည်ထဲက ထုတ်ပေးကြောင်း၊ ထိုအချက်ကို (ရ-ဝ-တ) အဖွဲ့ဝင် ဦးမြင့်သိန်း (လိုပြ-၄) နှင့် (ရ-ဝ-တ) အတွင်းရေးမှူး ဦးညွှန့်သိန်း (လိုပြ-၅)တို့က ထောက်ခံထွက်ဆိုခဲ့ကြောင်း၊ သက်သေခံ (ဃ) ဖြောင့်ချက်၌ မမိုးမိုးခိုင်အား အချင်းဖြစ်ညဥ့်တွင် ညောင်ပင်နား ခေါ်သွားပြီး အချက်ပြလိုက်၍ ကြည်မြင့်နှင့် လှမြင့်တို့က လိုက်လာပြီး မမိုးမိုးခိုင်၏ ပါးစောင်ကို ထိုးလိုက်ရာ လဲသွားကြောင်း၊ လှမြင့်နှင့် ကြည်မြင့်က မုဒိမ်းကျင့်ကြောင်း၊ ၎င်းက နစ်လုံအကွာတွင် ရပ်နေစဉ် ဓားနှင့်ထိုးသတ်ခိုင်း၍ မမိုးမိုးခိုင်၏ ရင်ညွှန့်ကို ဓားဖြင့် ထိုးသတ်ခဲ့ကြောင်း၊ အလောင်းကို အုတ်ဖိုကျင်းထဲထည့်ပြီး ကောက်ရိုးသစ်များဖြင့် ဖုံးထားခဲ့ကြောင်း၊ အချင်းဖြစ်ပြီးနောက် (၃) နာရီတွင် စပါးကျည်ထဲ၌ ဓားကို ဝှက်ထားခဲ့ကြောင်း၊ သေသူ မမိုးမိုးခိုင် အချင်းဖြစ်စဉ်က ဝတ်ဆင်သည့် အတွင်းခံဘောင်းဘီနှင့် ထမိတို့တွင် သုတ်ရည်နှင့် သုတ်ပိုးတွေ့ရကြောင်းလည်း သက်သေခံ(ဆ) ဓာတုဗေဒ ပြန်စာအရ ပေါ်ပေါက်နေကြောင်း၊ ဓားတွင် လူသွေးတွေ့ရှိရသည်ကိုလည်း သက်သေခံ (ဆ) ဓာတုဗေဒ ပြန်စာတွင် တွေ့ရကြောင်း၊ ခင်အောင်က ၎င်းအား ရဲက ၎င်း၏ ဓားဖြင့် ရိုက်နှက်၍ ၎င်း၏ ကိုယ်မှထွက်သောသွေးပေနေခြင်း ဖြစ်သည်ဟု ထုချေသော်လည်း ထိုအချက်ကို ထောက်ခံသက်သေမတင်ပြနိုင်ကြောင်း၊ သို့အတွက် မိုးမိုးခိုင်ကို သူငယ်ချင်းနှစ်ဦး

က မှဒိမ်းကျင့်စေရန် အားပေးကူညီခဲ့ပြီး မိုးမိုးခိုင်အား ခင်အောင်ကိုယ်တိုင် ဓားဖြင့် ထိုးသတ်ခဲ့ကြောင်း ခိုင်မာသည့် သက်သေခံကွင်းဆက် အထောက်အထားများ ရှိနေ၍ ဖြောင့်ချက်အရ ခင်အောင်ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်မှုထင်ရှားစီရင်သည်မှာ ဥပဒေနှင့် ညီညွတ်ကြောင်း တင်ပြသည်။

သေသူ မမိုးမိုးခိုင်၏ မိခင် ဒေါ်အေးမွှံ (လိုပြ-၁)က အခင်းဖြစ် ညဥ့် (၇) နာရီခန့်တွင် နေအိမ်၌ မမိုးမိုးခိုင် ကလေးငယ် (၂) ယောက်နှင့် အတူရှိနေစဉ် ၎င်း၏ခင်ပွန်းဦးမောင်မောင်၏ တူအရင်းဖြစ်သည့် ခင်အောင် ရောက်လာပြီး ယောက်ျားပတ်နာရီတစ်လုံးကို ပေါင်ကြောင်း၊ ၎င်းက ပိုက်ဆံမရှိ၍အပေါင်မခံလိုက်ကြောင်း၊ ထိုစဉ်က ခင်ပွန်းဖြစ်သူ ဦးမောင်မောင်မှာ ပွဲခင်းတွင် တာဝန်ကျနေကြောင်း၊ ၎င်းက ကလေးငယ်တစ်ဦးကို ခေါ်ပြီး ပွဲခင်းထဲသွားရာ အိမ်တွင် မမိုးမိုးခိုင်နှင့် ခင်အောင်တို့ ကျန်ခဲ့ကြောင်း၊ အိမ်တွင် မျက်စိမမြင် နားမကြားသည့် ၎င်း၏ ဖခင် ဦးချစ်စိန်လည်း အိမ်စောင့်ကျန်ခဲ့ကြောင်း၊ ညဥ့် (၉)နာရီခန့်တွင် ၎င်း အိမ်သို့ ပြန်လာပြီး အိပ်ကြောင်း၊ နောက်တစ်နေ့တွင် မမိုးမိုးခိုင် အိပ်ခန်းထဲမှာ မရှိတော့ကြောင်း သိရ၍ ဆွေမျိုးများနှင့်အတူ လိုက်ရှာကြရာ ရွာတောင်ဘက် ခြံစည်းရိုးစပ်နားတွင် မမိုးမိုးခိုင်၏ အလောင်းကို ပက်လက်အနေအထားဖြင့် ကောက်ရိုးသစ်များဖုံးအုပ်လျက် တွေ့ရကြောင်း၊ ၎င်း၏ မေးစေ့နား၌ ဒဏ်ရာ တစ်ချက်နှင့် ရင်ညွန့်နို့အုံအောက်တွင် ဓားထိုးဒဏ်ရာ တစ်ချက်တို့ကို တွေ့ရပြီး အနီးတွင် မမိုးမိုးခိုင်ဝတ်သည့် ဘောင်းဘီကို တွေ့ရကြောင်း၊ အလောင်းကို (ရ-ဝ-တ) လူကြီး ဦးညွန့်သိန်းနှင့်အတူ ချောင်းနှစ်ခွ တိုက်နယ်ဆေးရုံသို့ သွားရောက်ပို့အပ်ခဲ့ကြောင်း၊ ရဲစခန်းသို့ တိုင်ချက်ဖွင့်ခဲ့ကြောင်း၊ အခင်းမဖြစ်မီ (၂)နှစ်ခန့်က ၎င်း၏အိမ်မှ လက်ပတ်နာရီတစ်လုံးကို ခင်အောင်ခိုးယူသည့် ကိစ္စနှင့် ပတ်သက်၍ စကားများကြပြီး မခေါ်မပြောဘဲ နေခဲ့ကြကြောင်း၊ ထိုသို့ဖြစ်ပြီး ပြန်ခေါ်ကြကာ အခင်းမဖြစ်မီ လေးငါးဆယ်လခန့်အကြာလောက်တွင် ၎င်းတို့စပါးကျည်ထဲမှ စပါးများ ခိုးယူသည့် ကိစ္စနှင့် ထပ်မံစကားများကြပြန်ကြောင်း၊ အခင်းမဖြစ်မီ လေးငါးဆယ်ရက် ခန့်တွင် ခင်အောင်သည် ၎င်း၏အိမ်သို့ဝင်ထွက်သွားလာရင်း လူတစ်ယောက် သတ်ဖို့ရှိတယ်ဟု ၂ ကြိမ်ခန့် ပြောဖူးကြောင်း ထွက်ဆိုထားသည်။

ဒေါ်အေးမွှံ၏ သား အောင်ကျော်ထွေး (လိုပြ-၃)က အခင်းမဖြစ်မီ ညဥ့် ၇ နာရီခန့်တွင် ၎င်းပွဲခင်းထဲမသွားမီ အိမ်၌အစ်မဖြစ်သူ မမိုးမိုးခိုင်၊

၁၉၉၃
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်
ခင်အောင်
နှင့်
ခင်အောင်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်

ဖခင်ဦးမောင်မောင်၊ မိခင်ဒေါ်အေးမှုံ၊ ညှော့သည် ဒေါ်မြရွှေတို့ စကားပြော နေကြောင်း၊ ပွဲခင်းသွားခါနီးတွင် ခင်အောင် ရောက်လာပြီး နာရီတစ်လုံး လာပေါင်သော်လည်း မပေါင်ဖြစ်ကြောင်း၊ ပွဲခင်းသို့သွားပြီး နောက်တစ် နေ့နံနက် (၃) နာရီလောက်တွင် အိမ်ပြန်လာပြီး အိပ်ရာဝင်ရာ၌ အစ်မ ဖြစ်သူကို မတွေ့ရကြောင်း၊ နံနက် (၆) နာရီခန့်တွင် မိခင်က အစ်မကို မတွေ့ဘူးလားမေး၍ အိပ်ယာမှ နိုးလာပြီး အစ်မကို လိုက်ရှာကြောင်း၊ ၎င်း အိမ်ယာကနိုးပြီး မကြာမီမှာပင် ခင်အောင် ရောက်လာပြီး ၎င်းလည်း လိုက်လာကြောင်းမှ စ၍ အလောင်းတွေ့ရှိရသည့် အနေအထားများကို ထွက်ဆိုသွားသည်။

ဖာသိမ်ရွာ ရပ်ကွက်မှူး ကိုသန်းဝင်း (လိုပြ–၄)က မိုးမိုးခိုင်အလောင်းကို လိုက်လံရှာဖွေတွေ့ရှိရပုံ အနေအထားများကို အသေးစိတ် ထွက်ဆိုထား သည့်အပြင် မိုးမိုးခိုင်၏ မိဘများနှင့် ခင်အောင်တို့မှာ နာရီပျောက်ဆုံးမှုနှင့် ပတ်သက်၍ ရန်ဖြစ်ဖူးကြောင်း ထွက်ဆိုထားသည်။

ဖာသိမ်ရပ်ကွက် (၄) (ရ–ဝ–တ) လူကြီး ဦးမြင့်သိန်း (လိုပြ–၅)က မိုးမိုးခိုင်သေဆုံးပြီး (၇) ရက်ခန့်အကြာတွင် တပ်မှ ခင်အောင်၏အိမ်ကို သွားရှာရာ သက်သေအဖြစ် ပါဝင်ကြောင်း၊ စပါးကျည်ထဲမှ အရှည် ၆"၊ ဗျက် ၁" ခန့်ရှိ ဓားမြှောင်ကိုတွေ့ရ၍ (ရ–ဝ–တ) ဥက္ကဋ္ဌက ရှာဖွေသက်သေ အဖြစ် လက်မှတ်ထိုးပေးခဲ့ကြောင်း၊ ခင်အောင်မှာ လောင်းကစားခြင်း၊ ခိုးဝှက်ခြင်းကြောင့် ကျေးရွာရုံးတွင် ခေါ်ယူဆုံးမခဲ့သည်ဟု ကြားဖူးကြောင်း၊ မိုးမိုးခိုင်အိမ်မှ နာရီကို ခင်အောင်က ခိုးယူသည့် ကိစ္စနှင့်ပတ်သက်၍ ခင်အောင်နှင့် မိုးမိုးခိုင်မိသားစု စကားများခဲ့ဖူးကြောင်း၊ ခင်အောင်အိမ်သို့ သွားရှာစဉ်က အရပ်သားအဖြစ် ၎င်းနှင့် (ရ–ဝ–တ) အတွင်းရေးမှူးတို့သာ ပါဝင်ပြီး တပ်မှ ဆရာအောင်နိုင်နှင့် တပ်သား (၃) ဦးတို့ ပါဝင်ကာ ရဲအရာရှိများ မပါဝင်ကြောင်း၊ ဓားကို (ရ–ဝ–တ) အတွင်းရေးမှူးက ရှာဖွေတွေ့ရခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်။

ဖာသိမ်ရွာ (ရ–ဝ–တ) အဖွဲ့ဝင် ဦးညွှန့်သိန်း (လိုပြ–၆)က ၎င်းသည် မမိုးမိုးခိုင်၏ အလောင်းတွေ့သည့် နေရာသို့ နောက်မှသွားကြည့်ခဲ့သူ ဖြစ်ကြောင်း၊ မမိုးမိုးခိုင်၏ လုံချည်နှင့် အတွင်းခံဘောင်းဘီတို့အား ဒေါ်အေးမှုံက ရဲအရာရှိထံ ပေးအပ်ရာတွင် အသိသက်သေအဖြစ် လက်မှတ် ထိုးခဲ့ကြောင်း၊ ခင်အောင်၏ စပါးကျီထဲမှ ၆" ရှိသော ဓားမြှောင်တစ်ချောင်း

ကို တွေ့ရှိပြီး သိမ်းယူရာ၌လည်း သက်သေအဖြစ် လက်မှတ်ထိုးခဲ့ရကြောင်း ထွက်ဆိုထားသည်။

(ရ-ဝ-တ) ဥက္ကဋ္ဌ ဦးညွန့်မောင် (လိုပြ-၇)က မိုးမိုးခိုင်အလောင်းကို ချောင်းနှစ်ခွရွာသို့ ပို့ပြီးနောက် ညနေ (၃) နာရီခန့်တွင် ရွာ၌ ရှိနေသော (ခ-လ-ရ ၆၂) စစ်ကြောင်းမှူး ဗိုလ်မှူးမောင်မောင်ရှိန်က ရွာရှိ လူပျိုပေါက် ကလေးများကို ခေါ်စစ်ကြောင်း၊ ခင်အောင်ကို နှစ်ခါပြန်စစ်ရာ ၎င်းက ဝန်ခံသဖြင့် ၎င်း၏ အိမ်သို့ဓားသွားရှာခိုင်းခဲ့ကြောင်း၊ ဓားရှာရာတွင် ခင်အောင် မပါကြောင်း၊ ၎င်းက ရဲကင်းတွင် နေခဲ့ပြီး သက်သေခံဓားကို (ရ-ဝ-တ) အတွင်းရေးမှူး ဦးညွန့်သိန်း၊ ရပ်ကွက်မှူး ဦးမြင့်သိန်း၊ ကိုသန်းဝင်း၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် တပ်မှ ၃-၄ ဦး လိုက်သွားပြီး ရှာဖွေကြကြောင်း၊ ခင်အောင်က လူသတ်မှုတွင် အသုံးပြုသော ဓားကို စပါးကျည်ထဲ ထည့်ထားကြောင်း ပြောသဖြင့် သွားရှာကြခြင်းဖြစ်ကြောင်း၊ ၁၅ မိနစ်ခန့်အကြာတွင် ထိုသူများ ပြန်ရောက်လာ၍ ဓားကို စပါးကျည်ထဲမှ တွေ့ရသည်ဟု ပြောပြကြကြောင်း၊ ခင်အောင်အား ပြန်တွေ့ချိန်တွင် ရိုက်နှက်ထားသည့် ဒဏ်ရာများ အနည်းအကျဉ်းရှိကြောင်း ထွက်ဆိုထား သည်။

ချောင်းနှစ်ခွကျေးရွာအုပ်စု (ရ-ဝ-တ) ဥက္ကဋ္ဌဦးရွှေကြည် (လိုပြ-၉) က ရဲကင်း၌ရှိစဉ် တရားခံခင်အောင်ကို တွေ့ကြောင်း၊ ရဲများက သက်သေခံ ဓားကိုပြကာ ၎င်းဓားမှာ တရားခံက လူသတ်မှုကျူးလွန်ရာတွင် အသုံးပြုသောဓားဟုပြောကာ ရှာဖွေပုံစံဖြင့်သိမ်းယူရာ၌ ၎င်းက သက်သေ အဖြစ် လက်မှတ်ထိုးခဲ့ရကြောင်း၊ တရားခံကိုတော့ မေးမကြည့်မိကြောင်း ထွက်ဆိုထားသည်။ ဦးတင်ဝင်း (လိုပြ-၁၀)က အလားတူထွက်ဆိုထား သည်။

ကျိုက်မရောမြို့နယ်တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်စန္ဒာခင် (လိုပြ-၁၁) က ခင်အောင်အား ဖြောင့်ချက်ရယူခဲ့ပုံများကို ထွက်ဆိုထားရာ၌ ခင်အောင်၏ ချက်နားတွင် ဓားဒဏ်ရာတစ်ခုတွေ့၍ မေးရာ ခင်အောင်က ၎င်းကိုယ်ကို ၎င်းက ဓားဖြင့်ထိုးသည့် ဒဏ်ရာဖြစ်သည်ဟု ပြောကြောင်း ထွက်ဆိုထားသည်။

ကျိုက်မရောမြို့နယ်ဆေးရုံမှ လက်ထောက်ဆရာဝန် ဦးအောင်သိန်း (လိုပြ-၁၂) က မမိုးမိုးခိုင်၏ အလောင်း၌ တွေ့ရှိရသော ဒဏ်ရာများမှာ လက်ဝဲဘက်မေးစေ့နှင့် နားအုံတွင် ဖူးယောင်ဒဏ်ရာ၊ လက်ဝဲဘက်ရင်အုံ

အောက် ၂' တွင် ၁' ခန့် ထိုးဖောက်ဒဏ်ရာ၊ လည်ပင်းတွင် ညိုမဲနေသည့် ပွန်းပဲ့ဒဏ်ရာနှင့် မိန်းမကိုယ်အဝတွင် သွေးအနည်းငယ် တွေ့ရကြောင်း၊ ဓားမြှောင်ကဲ့သို့ ထက်သော လက်နက်ဖြင့် ထိုးမိ၍ နလုံးတွင် ၁' ခန့် ထိုးဖောက်ဒဏ်ရာကြောင့် သေဆုံးရကြောင်း ထွက်ဆိုထားသည်။

သက်သေခံ"ဆ" (ဓာတုဗေဒ စိစစ်ချက်)အရ သက်သေခံဓားမြှောင်တွင် လူသွေးတွေ့ရှိကြောင်း၊ ထမိန်နှင့် ဘောင်းဘီတွင် သုတ်ရည်နှင့် သုတ်ပိုးတွေ့ရှိကြောင်း ပေါ်ပေါက်သည်။

ခင်အောင်က မိုးမိုးခိုင် မသေဆုံးမီ ညဥ့်တွင် ၎င်းသည် ဒေါ်စိန်ရွှေ၏ မုန့်ဟင်းခါးဆိုင်တွင် ဝိုင်းကူရောင်းနေကြောင်း၊ ၎င်းညဥ့်က မမိုးမိုးခိုင်၏ မောင်လေး အောင်ကျော်ထွေး၊ သားငယ်တို့နှင့်အတူ ပွဲဈေးတန်းသို့ နာရီဝက်ခန့် လျှောက်လည်ကြောင်း၊ နံနက် ၅ နာရီခွဲခန့်တွင် အိမ်ပြန်အိပ်ကြောင်း၊ နံနက် (၇) နာရီခန့်တွင် မိုးမိုးခိုင်၏ မိခင်ဒေါ်အေးမွှကမိုးမိုးခိုင်ကို ရှာပေးရန်ပြော၍ ဘုန်းကြီးကျောင်းသို့ သွားရှာရာ မတွေ့၍ အိမ်တစ်ခေါက် ပြန်လာကြောင်း၊ ဒေါ်စန်းမြက ရွာအပြင်ဘက်တွင် သွေးတစ်ကွက်တွေ့ကြောင်း ပြောသဖြင့် ဒေါ်အေးမွှနှင့် ၎င်းတို့အပိုင်းမှ ဝိုင်းဝန်းရှာဖွေကြရာ ရပ်ကွက် (၅)မှ ဦးသန်းဝင်းဆိုသူက မိုးမိုးခိုင်၏ အလောင်းကို တွေ့ရှိ၍ ၎င်းနှင့်အတူ ဦးသန်းဝင်း၊ ဦးမြင့်သိန်းတို့က သယ်ယူကာ ချောင်းနှစ်ခွဆေးရုံသို့ ၎င်းကိုယ်ပိုင်လှည်းဖြင့် ပို့ပေးခဲ့ကြောင်း၊ ခ–လ–ရ (၆၂) တပ်စခန်းမှ တပ်ကြပ်အောင်နိုင်က နှိပ်စက်ခြင်း၊ ခြိမ်းခြောက်ခြင်းကြောင့် ဖြောင့်ချက်ပေးရခြင်းဖြစ်ကြောင်း၊ မျက်ခုံးရိုး၊ လက်ဝဲဘက်လည်ပင်းနှင့် လက်ဝဲဘက်လက်ဖျန်တို့၌ သံချောင်းကို မီးပူတိုက်၍ ထိုးကပ်ထားသည့် အမာရွတ်များရှိကြောင်း၊ တပ်စခန်းတွင် (၆) ရက်ခန့် ချုပ်နှောင်စစ်ဆေးပြီး ချောင်းနှစ်ခွရဲစခန်းတို့မှတစ်ဆင့် ကျိုက်မရောရဲစခန်းသို့ပို့ကြောင်း၊ ရဲများက ဖြောင့်ချက်ပေးလျှင်ပေး၊ မပေးလျှင် ထပ်ရိုက်မည်ပြော၍ တရားသူကြီးရှေ့တွင် ဖြောင့်ချက်ပေးခဲ့ခြင်းဖြစ်ကြောင်း ချေပထွက်ဆိုထားသည်။

မှုလရုံးအမှုတွဲကို လေ့လာရာတွင် ဖြောင့်ချက်ပါ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

"ကျွန်တော်နှင့် ငထွန်းတို့ ညဥ့် (၉) နာရီခန့်တွင် လမ်းကဲ့သွားကြပါသည်။ ထိုအချိန်တွင် ဆိုင်နား၌ ကြည်မြင့်၊ လှမြင့်တို့နှင့် တွေ့ပါသည်။ ၎င်းတို့က ဘယ်မှာလဲမေးရာ ကျွန်တော်က ရမယ်ပြန်ပြောပါသည်။

နောက် ကျနော်အိမ်ဖက် တစ်ချက်ပြန်လှည့်လာပါသည်။ လမ်းတစ်ဝက်တွင် ပွဲသို့ ကျနော်ပြန်လာပါသည်။ ထိုစဉ် မန်ကျည်းပင်နားတွင် ကျနော့ညီမ မိုးမိုးခိုင်နှင့် တွေ့ပါသည်။ ကျနော်က မိုးမိုးခိုင်ခေါ်ပြီး ညောင်ပင်နားသို့ သွားပါသည်။ ကျနော် ခေါ်သွားစဉ် ကြည်မြင့်နှင့် လှမြင့် ကျနော့နောက်ကလိုက်လာပါသည်။ ကျနော် ခေါင်းနှင့် အချက်ပြလိုက်ပါသည်။ ညောင်ပင်မှာ ပွဲခင်းနှင့် ဝါး (၃) ပြန်ခန့်ဝေးပါသည်။ ညောင်ပင်မှာ ခြံအပြင်တွင်ရှိပါသည်။ ညောင်ပင်အောက်ရောက်တော့ မောင်ကြည်မြင့်နှင့် မောင်လှမြင့်က ကျနော့ညီမ ပါးစောင်ကို ဖမ်းထိုးလိုက်ပါသည်။ မိုးမိုးခိုင် မေ့သွားစဉ် မောင်လှမြင့်က အရင်မုဒိမ်းကျင့်ပါသည်။ နောက် မောင်ကြည်မြင့် မုဒိမ်းကျင့်ပါသည်။ ကျနော့ညီမကို ၎င်းတို့ လည်ပင်းညှစ်ထား၍ မအော်နိုင်ပါ။ ထိုစဉ် ကျနော် ၂ လံခန့်အကွာတွင် ရပ်နေပါသည်။ ကျနော့လက်ထဲတွင် ဓားပါပါသည်။ ဓာတ်မီးမှာ ငထွန်းကို ပေးလိုက်ပါသည်။ နောက် မောင်ကြည်မြင့်နှင့် မောင်လှမြင့်က မင်းညီမကို ဓားနှင့် ထိုးသတ်လိုက်ဟု ပြောပါသည်။ ကျနော် အရက်မူးနေ၍ မိုးမိုးခိုင်ကို ရင်ညွန့်တွင် တစ်ချက်ထိုးလိုက်ပါသည်။ မိုးမိုးခိုင်က "အား"ဟု တစ်ချက်အော်လိုက်ပါသည်။ မောင်လှမြင့်တို့က သွားပစ်လိုက်ဟု ပြောရာ ကျနော်က သေသူ မိုးမိုးခိုင်ကို ပွေ့ချီပြီး အုတ်ဖိုထဲ ပစ်ချလိုက်ပါသည်"

အထက်ပါဖြောင့်ချက်ကို ရဲအချုပ်တွင် တစ်ရက်ကြာ အချုပ်ခံရပြီး နောက်နေ့တွင် ဒုတိယ မြို့နယ်တရားသူကြီး ဒေါ်စန္ဒာခင် (လိုပြ–၁၁) ရှေ့တွင် ပေးခဲ့ကြောင်း တွေ့ရသည့်အပြင် ထိုစဉ်က ခင်အောင်၏ ဝမ်းပိုက်၌ တွေ့ရသည့် ဒဏ်ရာများကို တရားသူကြီးကမေးရာ မိမိကိုယ် မိမိ ဓားဖြင့်ထိုး၍ ရသည့်ဒဏ်ရာများ ဖြစ်သည်ဟုပြောကြောင်း ဖြောင့်ချက်ရှေ့ပိုင်း၌ မှတ်တမ်းတင် ဖော်ပြထားသည်။ ခင်အောင်က ခ–လ–ရ (၆၂) ၌ ၎င်းအားချုပ်ထားပြီး ဆရာအောင်နိုင်က ရိုက်နှက်၍ ကြောက်သဖြင့် ရဲစခန်းသို့ လွှဲအပ်ပြီးနောက်နေ့၌ ဖြောင့်ချက်ပေးရကြောင်း၊ ရဲများက ထပ်မံရိုက်နှက်မည်စိုး၍ ဖြောင့်ဆိုရကြောင်း ထွက်ဆိုသော်လည်း ခ–လ–ရ (၆၂) မှ ဆရာအောင်နိုင်တို့ ရိုက်နှက်နှိပ်စက်သည်ဆိုသော အချက်များကို အမှုစစ်ရဲအရာရှိအား ပြန်လှန် မေးမြန်းခဲ့ခြင်း မရှိခဲ့ချေ။ သို့ဖြစ်၍ ရဲက ၎င်းအား ထပ်မံရိုက်နှက် နှိပ်စက်မည်စိုးသောကြောင့် ဖြောင့်ချက်ပေးရသည်ဆိုသော ခင်အောင်၏ ထုချေချက်မှာ ယုတ္တိရှိသည်ဟု မဆိုနိုင်ပေ။

| |
|---|
| ၁၉၉၃ |
| ပြည်ထောင်စု မြန်မာနိုင်ငံ တော် |
| ခင်အောင် နှင့် ခင်အောင် |
| ပြည်ထောင်စု မြန်မာနိုင်ငံ တော် |

ဖြောင့်ချက်ကို ဥပဒေနှင့်အညီ အရေးယူလျှင် ထိုဖြောင့်ချက်ကို တရားခံထံမှ ခြောက်လှန့်ရယူကြောင်း ပြသရန် တာဝန်မှာ တရားခံအပေါ်တွင် ကျရောက်သည်။ ဖြောင့်ချက်ကို ရဲက ဖြားယောင်းသဖြင့်အတွက် ပေးရသည်ဟု တင်ပြလိုလျှင် အမှုစစ်ရဲအရာရှိအား တရားခံက ပြန်လှန်မေးမြန်းသင့်သည်။ ယင်းသို့ မေးမြန်းခြင်း မပြုလျှင် နောက်မှအကြံရ၍ စွပ်စွဲခြင်းမျိုး ဖြစ်သည်။ (၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာမျက်နှာ ၂၈ ရှိ မောင်စံသိန်း (ခ) သိမ်းဇော်နှင့် နိုင်ငံတော်အမှုကို ကြည့်ပါ။)

ဖြောင့်ချက်တစ်ခုလုံးကို ခြုံကြည့်လျှင် ခင်အောင်သည် ၎င်း၏ ညီမတစ်ဝမ်းကွဲတော်သူ မိုးမိုးခိုင်ကို ကြည်မြင့်နှင့်လှမြင့်တို့နှင့်တွေ့အောင် ဖန်တီးခေါ်ယူသွားကြောင်း၊ ကြည်မြင့်နှင့် လှမြင့်တို့က မိုးမိုးခိုင်၏ ပါးစောင်ကို လက်သီးဖြင့်ထိုး၍ မေ့လဲသွားမှ ကြည်မြင့်တို့ (၂) ဦးက တစ်လှည့်စီ မုဒိမ်းကျင့်ကြကြောင်း၊ ထိုစဉ်က ခင်အောင်မှ ထိုနေရာနှင့် ၂ လံခန့်အကွာတွင် ဓားလက်နက်ကိုင်လျက် ရှိနေပါလျက်နှင့် ညီမ တစ်ဝမ်းကွဲတော်သူအား ကြည်မြင့်တို့ (၂) ဦးက မုဒိမ်းပြုကျင့်သည်ကို အကာအကွယ် မပေးသည့်အပြင် ကြည်မြင့်တို့ (၂) ဦးက ညီမတစ်ဝမ်းကွဲတော်သူ မိုးမိုးခိုင်အား ဓားဖြင့် အထိုးခိုင်းသည့်အတွက် မိုးမိုးခိုင်၏ ရင်ညွန့်ကို ခင်အောင်က ဓားဖြင့်ထိုးကြောင်း ပေါ်လွင်နေသည်။ ခင်အောင်၏ အိမ်ရှိ စပါးကျည်ထဲမှ တွေ့ရသော ဓားတွင် လူသွေးတွေ့ရှိကြောင်း သက်သေခံ (ဆ) ဓာတုဗေဒစိစစ်ချက်အရ ပေါ်ပေါက်သည့်အပြင် သက်သေခံ (င) ဆရာဝန်၏စိစစ်ချက်အရ မိုးမိုးခိုင်၏ ရင်ညွန့်တွင် ထိုးဖောက်ဒဏ်ရာသည် နှလုံးကို ထိုးဖောက်စူးဝင်သွားခြင်းကြောင့် မိုးမိုးခိုင် သေဆုံးရကြောင်းလည်း ပေါ်ပေါက်လျက် ရှိနေသည်။ သို့အတွက် ကြည်မြင့်နှင့် လှမြင့်တို့က မိုးမိုးခိုင်အား မုဒိမ်းမှု ပြုကျင့်ရန် ကျူးလွန်နေကြသည်ကို ခင်အောင်က အားပေးအားမြှောက်ပြုသည်ဟု ယူဆရန်မှတစ်ပါး အခြားမရှိတော့ပေ။

ဖြောင့်ချက်ကို လက်ခံအသုံးပြုရာ၌ ဆန့်ကျင်ဘက်သက်သေ အထောက်အထား မရှိပါက ဖြောင့်ချက်ပါ စကားရပ်အားလုံးကို လက်ခံအသုံးပြုရမည်ဖြစ်ပြီး လိုသောစကားရပ်ကိုသာ အသုံးချပြီး မလိုသောစကားရပ်ကို ပယ်ချခြင်းမပြုနိုင်ပေ။ ဖြောင့်ချက်ကို သုံးသပ်ရာ၌ တစ်ပိုင်းကို လက်ခံပြီး တစ်ပိုင်းကိုမယုံဘဲ လက်မခံခြင်းမျိုး မဖြစ်စေရပေ။ (၁၉၆၈ ခုနှစ် မြန်မာ

နိုင်ငံ တရားစီရင်ထုံးများ စာမျက်နှာ ၂၂၇–၂၃၂ ရှိ မောင်သန်းလှနှင့် နိုင်ငံတော်အမှုကို ကြည့်ပါ။)

ထို့ကြောင့် မိုးမိုးခိုင်အား ကြည်မြင့်နှင့် လှမြင့်တို့က မုဒိမ်းကျင့်နေသည်ကို ခင်အောင်က အားပေးကူညီကာ ကြည်မြင့်တို့က ဓားဖြင့် ထိုးခိုင်း၍ ခင်အောင်က မိုးမိုးခိုင်၏ ရင်ညွန့်ကို ၎င်းတွင် ပါလာသော ဓားမြှောင်ဖြင့် ထိုးသတ်ခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) ပါ ပြစ်မှုမြောက်သည်ဟု ယူဆရပေသည်။

သို့ဖြစ်၍ မွန်ပြည်နယ်တရားရုံး (မော်လမြိုင်မြို့နယ်စု)က ခင်အောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ သေဒဏ်အမိန့်ချမှတ်ခြင်းကို အတည်ပြုပြီး ခင်အောင်၏ အယူခံမှုကို ပလပ်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ် တရားသူကြီး ဦးသန်းဖေရှေ့တွင်

+၁၉၉၃
ဧပြီလ
၉ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နှင့်
မောင်ခင်မျိုးအောင်*

**နိုင်ငံသား ဖြစ်မဖြစ်ကိစ္စကို သက်ဆိုင်ရာ ဝန်ကြီးဌာနကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိခြင်း၊ တရားရုံးများ အနေဖြင့် ဆုံးဖြတ်ခြင်းကိုထားဦး မှတ်ယူခြင်းပြုရန်ပင် အခွင့်အလမ်းမရှိခြင်း၊ နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်း၌ ယခင်က ဆောင်ရွက်ခဲ့သည့်နည်းတူ မွေးစားမိဘများအား ၎င်း၏ မိဘများအဖြစ် ဖော်ပြခဲ့ခြင်းမှာ မဟုတ်မမှန် ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်း ဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။**

**ဆုံးဖြတ်ချက်။** နိုင်ငံသား ဖြစ်မဖြစ် ကိစ္စကို သက်ဆိုင်ရာ ဝန်ကြီးဌာနကသာ ဆုံးဖြတ်ပိုင်ခွင့် ရှိပေသည်။ တရားရုံးများအနေဖြင့် ဆုံးဖြတ်ခြင်းကိုထားဦး မှတ်ယူခြင်းပြုရန်ပင် အခွင့်အလမ်းမရှိပေ။

ကလေးဘဝနှင့် ကျောင်းနေစဉ်မှပင် တက္ကသိုလ်တွင် တက်ရောက်သင်ကြားပြီး ဘွဲ့ရသည်၊ အလုပ်အကိုင်ရသည်ထိတိုင် ကာလတစ်လျှောက်လုံးအတူ နေထိုင်ကျွေးမွေးစောင့်ရှောက် ကြီးပြင်းလာခဲ့ရသည့် မွေးစားမိဘများ၏ အမည်ကိုသာ အစဉ်တစိုက် ဖော်ပြလာခဲ့ကြောင်း၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား နံပါတ် ၄ကအမ်ဒီအီး-၀၀၀၄၇၁ ကို ရရှိကိုင်ဆောင်လာခဲ့ကြောင်း၊ နိုင်ငံသား ဥပဒေသစ်အရ နိုင်ငံသားစိစစ်ရေး ကတ်ပြားအသစ်ကို သတ်မှတ်ပြဋ္ဌာန်းချက်အရ လဲလှယ်ရန် ဆောင်ရွက်ရသည့်အခါတွင် နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်း၌ ယခင်က ဆောင်ရွက်ခဲ့သည့်နည်းတူ မွေးစားမိဘများအား ၎င်း၏ မိဘများအဖြစ် ဖော်ပြခဲ့ခြင်းမှာ မဟုတ်မမှန် ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်း ဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ်-၁၁၅၉

\+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၆၁ တွင်ချမှတ်သော (၂၆-၅-၉၂) ရက်စွဲပါ ရန်ကုန်တိုင်း (ရန်ကုန်မြို့နယ်စု) တရားရုံး၏ အမိန့်ကို အယူခံမှု။

အမှုဖြစ်ရခြင်း အကြောင်းရင်းကို သုံးသပ်သော် မွေးစားမိဘများက ၎င်းတို့၏ နိုင်ငံသားလက်မှတ်တွင် မွေးစားသား မောင်ခင်မျိုးအောင် အမည်ကို ဖြည့်စွက်ထည့်သွင်းပေးခွင့်အတွက် ၁၉၆၁ ခုနှစ်ကပင် လျှောက်ထားခဲ့ရာ ယခု (၃၂)နှစ်ကြာသည့်တိုင်အောင် မည်သို့မျှ ပြန်ကြားမလာသည်မှာ ဤကဲ့သို့ ပြဿနာ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်း တစ်ရပ်အနေဖြင့်လည်း သုံးသပ်တွေ့ရှိရပေသည်။

အယူခံတရားလိုအတွက် – ဦးစောနိုင်၊ ဥပဒေအရာရှိ၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် – ဦးစိန်လွင်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး (ရန်ကုန်မြို့နယ်စု) ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၆၁/၉၁ တွင် မူလရုံးက တရားခံ မောင်ခင်မျိုးအောင်အား မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၁၈ အရ စွဲချက်တင် စစ်ဆေးခဲ့ပြီးနောက် အမှုမှ အပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ရှေ့နေချုပ်ရုံးမှ တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

အမှုမှာ ရန်ကုန်မြို့နယ်စု လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ မြို့နယ်စုဦးစီးဌာနမှူး ဦးကံမြင့်က ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အိမ်အမှတ် (၁၉) နေ မောင်ခင်မျိုးအောင်သည် ဖခင်၏ နိုင်ငံသားလက်မှတ်တွင် အမည်မပါဝင်သည့်အပြင် အသက် (၁၈) နှစ်ပြည့်ပြီး တစ်နှစ်အတွင်း "ဇဇ" "ညည" ကျိန်ဆိုထားခြင်းလည်း မရှိခြင်းတို့ကြောင့် နိုင်ငံခြားသား တစ်ဦးအဖြစ်သာ တည်ရှိနေသူဖြစ်လျက် နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်းတွင် မဟုတ်မမှန် ဖော်ပြခဲ့ခြင်းဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂/မကတ (နိုင်) ဝ၄၃၈၆၈ကို ရယူကိုင်ဆောင်ထားကြောင်း တွေ့ရ၍ ၎င်းအား နိုင်ငံသား ဥပဒေပုဒ်မ ၁၈ အရ အရေးယူပေးစေလိုကြောင်း ကြည့်မြင်တိုင် ရဲစခန်းသို့ သတင်းပေးတိုင်တန်းခဲ့သော အမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးမှ အယူခံအကြောင်းပြချက်အဖြစ် တင်ပြရာတွင် မောင်ခင်မျိုးအောင်သည် ၎င်း၏ မိဘအရင်းများမှာ နိုင်ငံခြားသားဖြစ်သည်ကို သိရှိသော်လည်း နိုင်ငံခြားသား လက်မှတ် ကိုင်ဆောင်ခြင်း မပြုသည့်အပြင် နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်းတွင် မိဘရင်းများ၏ အကြောင်းအရာများကို ဖော်ပြခြင်းမပြုဘဲ နိုင်ငံသားဖြစ်သော မွေးစားမိဘ ဦးစိန်ဝင်းနှင့် ဒေါ်သောင်းကြည်တို့၏ အကြောင်းအရာများကိုသာ ဖော်ပြခဲ့ပြီး နိုင်ငံသား

စိစစ်ရေးကတ်ပြားကို ရယူခဲ့ကြောင်း၊ ဦးစိန်ဝင်းနှင့် ဒေါ်သောင်းကြည်တို့သည် ၎င်းတို့၏ နိုင်ငံသားလက်မှတ်ပါ သားသမီးစာရင်းတွင် မောင်ခင်မျိုးအောင်၏ အမည်ကို ထည့်သွင်းပေးရန် လျှောက်ထားခဲ့သော်လည်း ဤအမှုစွဲဆိုသည့် အချိန်အထိ သက်ဆိုင်ရာဝန်ကြီးဌာနက ထည့်သွင်းပေးခြင်းမရှိ၍ မောင်ခင်မျိုးအောင်သည် နိုင်ငံသားအဖြစ်ကို ရယူသည်ဟု မှတ်ယူရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေပုဒ်မ ၆ (၂) တွင် ဝန်ကြီးသည် ယင်းဥပဒေပုဒ်မ ၄ (၂)၊ ၅၊ ၉ (၂) နှင့် ၁၁ (၄) တစ်ခုခုအရသော်လည်းကောင်း၊ အခြေခံဥပဒေပုဒ်မ ၁၁ အပိုဒ် (ခ) (ဂ) တစ်ခုခုအရသော်လည်းကောင်း မြန်မာနိုင်ငံသားဖြစ်သူ သို့တည်းမဟုတ် ဖြစ်သည်ဟု မှတ်ယူခြင်း ခံရသူ သို့တည်းမဟုတ် ဖြစ်သည်ဟု အသိအမှတ်ပြုခံရသူအား နိုင်ငံသား လက်မှတ်ထုတ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသဖြင့် မောင်ခင်မျိုးအောင်သည် နိုင်ငံသားအဖြစ်သို့ အလိုအလျောက် ရောက်ရှိသည်ဟု မှတ်ယူနိုင်ခြင်း မရှိကြောင်း၊ သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်းကြောင်း အဓိကထားတင်ပြသည်။

မူလရုံးအမှုကို လေ့လာသည့်အခါ တရားလိုဘက်မှ သက်သေခံချက်များ၌ တရားခံ မောင်ခင်မျိုးအောင်သည် နိုင်ငံခြားသား တရုပ်လူမျိုးတန်ဘွန်ချိန်နှင့် ချိန်ဘီလေတို့မှ မွေးဖွားခဲ့သူဖြစ်သော်လည်း နိုင်ငံခြားသားလက်မှတ်ကိုင်ဆောင်ခြင်း မပြုသည့်အပြင် နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်းသက်သေခံ (ဂ) တွင် မိရင်းဖရင်း၏ အကြောင်းအရာများကို ဖော်ပြခြင်းမပြုဘဲ နိုင်ငံသားများဖြစ်သော မွေးစားမိဘ ဦးစိန်ဝင်း (ခံပြ-၄)နှင့် ဒေါ်သောင်းကြည်တို့၏ အကြောင်းအရာများကိုသာ ဖော်ပြခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂/မကတ(နိုင်) ဝ၄၃၈၆၈ ကို ရယူကိုင်ဆောင်ထားခဲ့ကြောင်း ဦးစိန်ဝင်းနှင့် ဒေါ်သောင်းကြည်တို့သည် မောင်ခင်မျိုးအောင်၏ အမည်ကို ၎င်းတို့၏ နိုင်ငံသားလက်မှတ်ပါ သားသမီးစာရင်းတွင် ထည့်သွင်းပေးရန် လျှောက်ထားခဲ့သည်ဟု သိရှိရသော်လည်း ဤအမှုစွဲဆိုသည့်အချိန်အထိသက်ဆိုင်ရာဝန်ကြီးဌာနက ထည့်သွင်းပေးခြင်း မရှိ၍ မောင်ခင်မျိုးအောင်မှာ ၁၉၄၈ ခုနှစ်နိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၉ (၂) အရ နိုင်ငံသားဖြစ်သည်ဟု မှတ်ယူနိုင်ခြင်း မရှိကြောင်း၊ ၎င်း၏ ညီအစ်ကို မောင်နှမအားလုံးမှာ နိုင်ငံခြားသား လက်မှတ်ကိုင်ဆောင်ထားသည်ကို တွေ့ရကြောင်း၊ ဘိုးဘွား (၄) ဦးသည် မြန်မာနိုင်ငံတွင် နေ၍

၁၉၉၃
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်
နှင့်
မောင်ခင်မျိုး
အောင်

မြန်မာနိုင်ငံတွင် ကွယ်လွန်ပြီး မိဘနှစ်ပါးမှာလည်း မြန်မာနိုင်ငံတွင်မွေး၊ နေ၊ သေခဲ့ပါက မြန်မာနိုင်ငံတွင်မွေးဖွားသူသည် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂) အရ နိုင်ငံသားဖြစ်သည်ဟု မှတ်ယူနိုင်ကြောင်း၊ သို့သော် နိုင်ငံသား စိစစ်ရေးအဖွဲ့ (ဗဟို)သို့ လျှောက်ထားလျက် နိုင်ငံသားဖြစ်သည်၊ မဖြစ်သည်ကို အဆုံးအဖြတ် ခံရမည်ဖြစ်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

မောင်ခင်မျိုးအောင်က ၎င်းသည် နိုင်ငံခြားသား တရုပ်လူမျိုးများ ဖြစ်သော တန်ဘွန်ချိန်နှင့် ချိန်ဘီလေတို့မှ မွေးဖွားခဲ့သူဖြစ်သည်ဆိုခြင်းကို မငြင်းပေ။ သို့သော် ၎င်းအား ဦးစိန်ဝင်းနှင့် ဒေါ်သောင်းကြည်တို့က မွေးစားခဲ့ကြ၍ ကျောင်းနေစဉ်အချိန်မှစပြီး မိဘအမည်ကို ဖော်ပြရန်လိုအပ်သည့်အခါ မွေးစားမိဘများ၏ အမည်ကိုသာ ဖော်ပြခဲ့ရာ ၎င်း၏ အမျိုးသား မှတ်ပုံတင်ကတ်ပြား (သက်သေခံ-၁၇)တွင်လည်း အဖအမည်ကို ဦးစိန်ဝင်းဟု ဖော်ပြထားခဲ့ကြောင်း၊ ယင်းမှတ်ပုံတင်ကတ်ပြားကို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် လဲရန်အတွက် သက်ဆိုင်ရာပုံစံကို ဖြည့်စွက်ရာတွင်လည်း မိဘအမည် ရေးသွင်းဖော်ပြရာတွင် ဦးစိန်ဝင်းနှင့် ဒေါ်သောင်းကြည်တို့၏ အမည်များကိုပင် သဘောရိုးဖြင့် ဖော်ပြခဲ့ကြောင်း၊ ထိုပုံစံတွင် မိရင်းဖရင်းအမည်များကိုသာ ဖော်ပြရမည်ဟူသော မှတ်ချက်မပါသည့်အပြင် မည်သူကမျှ ထိုသို့ညွှန်ကြားခဲ့ခြင်းလည်း မရှိကြောင်း၊ ၎င်း၏ ဘိုးဘွား (၄) ဦးသည် မြန်မာပြည်တွင် နေထိုင်ကွယ်လွန်ခဲ့ကြပြီး မိရင်းဖရင်းများမှာလည်း မြန်မာပြည်တွင် မွေးဖွားနေထိုင်စဉ် ကွယ်လွန်သွားခဲ့ကြရာ မြန်မာပြည်တွင်မွေးဖွားခဲ့သူ ၎င်းမှာ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ သားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂) အရ မြန်မာနိုင်ငံသား ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း အောက်ပါစာရွက်စာတမ်းများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများ၊ ဓာတ်ပုံမှတ်တမ်းများနှင့်တကွ တင်ပြထုချေထားသည်-

- ရန်ကုန်မြူနီစီပယ်အဖွဲ့မှ ထုတ်ပေးခဲ့သော မွေးဖွားလက်မှတ် (သက်သေခံ-၁)
- အမွေစား၊ အမွေခံ မွေးစားစာချုပ် (သက်သေခံ-၂)
- မောင်ခင်မျိုးအောင်အား မွေးစားသားအဖြစ် အသိအမှတ်ပြုပေးရန် လျှောက်ဝင်မှု မှတ်ပုံတင်ကြီးကြပ်ရေးဝန်ကြီးဌာနသို့ တင်ပြခဲ့သည့် မွေးစားဖခင်ဦးစိန်ဝင်း၏ ၉-၂-၆၁ ရက်စွဲပါစာ(သက်သေခံ-၃)

- အထက်ပါကိစ္စနှင့် ပတ်သက်၍ ထပ်မံတင်ပြသည့် မွေးစားမိခင်၏ ၂၄-၇-၆၁ ရက်စွဲပါစာ (သက်သေခံ-၄)
- အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ် (သက်သေ ခံ-၅)
- ဒေသကောလိပ်ဝင် မှတ်ပုံတင်လက်မှတ် (သက်သေခံ-၆)
- ဒီပလိုမာ (ဓာတုလုပ်ငန်း) အောင်လက်မှတ် (သက်သေခံ-၇)
- ရန်ကုန်တက္ကသိုလ်၌ ၁၉၈၄ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော သိပ္ပံ (ဓာတုဗေဒ) အထူးပြုစာမေးပွဲကျရှုံးကြောင်း ထောက်ခံစာ (သက်သေခံ-၈)
- အမျိုးသားမှတ်ပုံတင်ကတ်ပြား (သက်သေခံ-၁၇)
- နိုင်ငံခြားသွား သင်္ဘောသားလက်မှတ် (သက်သေခံ-၁၉)
- မောင်ခင်မျိုးအောင်အား နိုင်ငံသားပြုမှုလက်မှတ်ပါ သားသမီး စာရင်းတွင် ထည့်သွင်းပေးရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထား တင်ပြသည့် မွေးစားမိခင် ဒေါ်သောင်းကြည်၏ ၉-၅-၈၉ ရက်စွဲပါ စာ (သက်သေခံ-၂၃)
- မွေးစားဖခင် ဦးစိန်ဝင်း၏ နိုင်ငံသာ ပြုမှုလက်မှတ် (သက်သေခံ-၂၆)
- မွေးစားမိခင်ဒေါ်သောင်းကြည်၏ နိုင်ငံသားပြုမှုလက်မှတ် (သက်သေခံ-၂၇)

မူလရုံးက တရားခံသည် ၎င်း၏ နိုင်ငံသား ကိုယ်ရေးမှတ်တမ်းတွင် မဟုတ်မမှန် ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ်ကို ရယူခဲ့သည်ဟု ယူဆနိုင်ဖွယ်မရှိသည့်အပြင် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂) အရ မြန်မာနိုင်ငံသားဖြစ်သည်ဟု မှတ်ယူနိုင်သူဖြစ်ကြောင်း ပေါ်ပေါက်သည်ဟု သုံးသပ်ကာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပြီးအပြတ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ခြုံ၍ သုံးသပ်သော် မောင်ခင်မျိုးအောင် နိုင်ငံသားဖြစ်မဖြစ် ကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနကသာ ဆုံးဖြတ်ပိုင်ခွင့် ရှိပေသည်။ တရားရုံးများ အနေဖြင့် ဆုံးဖြတ်ခြင်းကို ထားဦး မှတ်ယူခြင်းပြုရန်ပင် အခွင့်အလမ်း မရှိပေ။ အမှုတွင် ဆုံးဖြတ်ရမည့် အဓိကပြဿနာမှာ မောင်ခင်မျိုးအောင် အနေဖြင့် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်

ကျူးလွန်ခြင်း ရှိမရှိသာ ဖြစ်သည်။ မောင်ခင်မျိုးအောင်သည် ကလေးဘဝနှင့် ကျောင်းနေစဉ်မှသည် တက္ကသိုလ်တွင် တက်ရောက်သင်ကြားပြီး ဘွဲ့ရသည်၊ အလုပ်အကိုင်ရသည်ထိတိုင် ကာလတစ်လျှောက်လုံး အတူနေထိုင် ကျွေးမွေး စောင့်ရှောက်ကြီးပြင်းလာခဲ့ရသည့် မွေးစားမိဘများ၏ အမည်ကိုသာ အစဉ်တစိုက် ဖော်ပြလာခဲ့ကြောင်း၊ အမျိုးသား မှတ်ပုံတင်ကတ်ပြားနံပါတ် ကေအမ်ဒီအီး-၀၀၀၄၇၁ ကို ရရှိကိုင်ဆောင်လာခဲ့ကြောင်း၊ နိုင်ငံသား ဥပဒေသစ်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်ကို သတ်မှတ်ပြဋ္ဌာန်းချက် အရ လဲလှယ်ရန် ဆောင်ရွက်ရသည့်အခါတွင် နိုင်ငံသား၏ ကိုယ်ရေး မှတ်တမ်း၌ ယခင်က ဆောင်ရွက်ခဲ့သည့်နည်းတူ မွေးစားမိဘများအား ၎င်း၏မိဘများအဖြစ် ဖော်ပြခဲ့ခြင်းမှာ မဟုတ်မမှန် ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်း ဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ထိုကိုယ်ရေးမှတ်တမ်း ပုံစံတွင် မွေးစားမိဘများကို ဖော်ပြခြင်း မပြုရ၊ မိရင်းဖရင်းအမည်များကိုသာ ဖော်ပြရမည်ဟူသော မှတ်ချက်မပါသည့်အပြင် မည်သူကမျှ ထိုသို့ ညွှန်ကြားခဲ့ခြင်းမရှိ၍ တရားခံ၏ ထုချေချက်မှာလည်း ယုတ္တိမရှိဟု မဆို သာပေ။ အမှုဖြစ်ရခြင်း အကြောင်းရင်းတွင် သုံးသပ်သော် မွေးစားမိဘများက ၎င်းတို့၏ နိုင်ငံသားလက်မှတ်တွင် မွေးစားသား မောင်ခင်မျိုးအောင်အမည်ကို ဖြည့်စွက်ထည့်သွင်းပေးခွင့်အတွက် ၁၉၆၁ ခုနှစ်ကပင် လျှောက်ထားခဲ့ရာ ယခု (၃၂) နှစ် ကြာသည့်တိုင်အောင် မည်သို့မျှ ပြန်ကြားမလာသည်မှာ ဤကဲ့သို့ပြဿနာ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းတစ်ရပ်အနေဖြင့် လည်း သုံးသပ်တွေ့ရှိရပေသည်။

အထက်ပါအကြောင်းများကြောင့် မူလရုံးအမိန့်ကို တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ပြင်ဆင်ပေးရန် အကြောင်းမမြင်သဖြင့် ဤအယူခံမှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင်ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

မောင်စိုးဝင်း*

+ ၁၉၉၃ ,
ဇန်နဝါရီလ
၁၈ ရက်

**အယူခံတရားခံမှာ ယခင်ကပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉/၄၁၁ အရ ပြစ်မှုထင်ရှား စီရင်ခံရဖူး၍ ၎င်းပင် အချင်းဖြစ်စက်ဘီးကို ခိုးယူမည်ဟု တစ်ထစ်ချယူဆရန် ဥပဒေက ခွင့်ပြုမထားခြင်း ။**

**ဆုံးဖြတ်ချက်** ။ ။ အမှုတွင်အချင်းဖြစ် စက်ဘီးကိုမောင်စိုးဝင်းက ခိုးယူ၍ရောင်းချကြောင်း မျက်မြင်သက်သေမရှိပေ၊ သက်သေခံပစ္စည်းလည်း သိမ်းဆည်းရမိခြင်းမရှိချေ။ မောင်စိုးဝင်း၏ ဖြောင့်ချက်သာရှိသည်။ မောင်စိုးဝင်းက ဖြောင့်ချက်ကို ရဲကရိုက်နှက်သဖြင့် ပေးခဲ့ရသည့် ဖြောင့်ချက်ဖြစ်ကြောင်း ထုချေထားသည့်ပြင်ဖြောင့်ချက်ကိုလည်း အဖမ်းခံရပြီး (၉) ရက်ခန့်ကြာမှ ပေးခဲ့ရခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေသည်။ ထို့ပြင် ဖြောင့်ချက်အား ထောက်ခံသည့် လွတ်လပ်သည့်သက်သေခံချက် မရှိသည့်ပြင် သက်သေခံပစ္စည်း သိမ်းဆည်းရမိခြင်းလည်းမရှိ။ အယူခံတရားခံမောင်စိုးဝင်းမှာ ယခင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉/၄၁၁ အရပြစ်မှု ထင်ရှား စီရင်ခံရဖူး၍ ၎င်းပင် အချင်းဖြစ်စက်ဘီးကို ခိုးယူမည်ဟု တထစ်ချယူဆရန် ဥပဒေက ခွင့်ပြုမထားပေ။

အယူခံတရားလိုအတွက် – ဒေါ်ခင်မာမာလတ်၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် – ကိုယ်တိုင် (မလာ)

တောင်ငူမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၁၉၇/၉၁ တွင် တရားခံဖြစ်သူမောင်စိုးဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉အရ စွဲဆိုတင်ပို့ခဲ့ရာ ၁၈–၂–၉၂နေ့က အပြီးအပြတ်လွှတ်သည့်အမိန့် ချမှတ်

---

* ၁၉၉၂ ခုနှစ်ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၈၅၆

+ ၁၉၉၁ ခုနှစ်ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၁၉၇ တွင်ချမှတ်သော (၁၈– ၂– ၉၂) ရက်စွပါ တောင်ငူမြို့နယ်တရားရုံး၏ အမိန့်ကိုအယူခံမှု

ခဲ့သည်။ ယင်းအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ ဤအယူခံကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ တောင်ငူမြို့နယ်၌ ၃၀-၉- ၉၁ နေ့ ၁၀ နာရီခန့်တွင် တောင်ငူမြို့နယ်ဥပဒေရုံးမှ စာရေးဝန်ထမ်းအဆင့်(၁) မခင်ဝင်းလှိုင်သည် စက်ဘီးအား သော့တန်းလန်းဖြင့် ဥပဒေရုံးအနီး လှေခါးတွင်ထားခဲ့ရာ ၁၂း၃၀ နာရီခန့်တွင် ပျောက်ဆုံးသွား၍ တိုင်တန်းခဲ့သော အမှုဖြစ်သည်။

အယူခံတွင် ရှေ့နေချုပ်ရုံးက မူလရုံးတရားလို မခင်ဝင်းလှိုင်သည် မြို့နယ်ဥပဒေရုံးသို့ စက်ဘီးဖြင့်သွားရာ စက်ဘီးကို သော့မခတ်ဘဲ ရုံး လှေခါး၌ ထောင်ထားခဲ့ရာမှ ပျောက်ဆုံးသွားကြောင်း၊ အယူခံတရားခံ မောင်စိုးဝင်းသည် အချင်းဖြစ် စက်ဘီးကို ဒေါ်အုန်းကြည်ထံတွင် ငွေ ၈၀၀/-ဖြင့် ရောင်းထားသည်ဟု ပေါ်ပေါက်ကြောင်း၊ မောင်စိုးဝင်းမှာ ယခင်ကလည်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉/၄၁၁ အရ ပြစ်မှုထင်ရှား စီရင်ခံရဖူးကြောင်း၊ သက်သေခံ(ဂ) အရ ပေါ်ပေါက်၍ အကျင့်စာရိတ္တ မကောင်းသူဟု ပေါ်လွင်ကြောင်း၊ မောင်စိုးဝင်းက အချင်းဖြစ်ချိန်တွင် အခြားနေရာတွင် ရှိနေသည်ဟု ထုချေခြင်းကို လက်မခံထိုက်ကြောင်း အကြောင်းပြသည်။

မူလရုံး အမှုတွဲကိုစိစစ်ကြည့်ရှုရာ မူလရုံးတရားလို မခင်ဝင်းလှိုင်သည် တောင်ငူမြို့နယ်ဥပဒေရုံးမှ စာရေးဝန်ထမ်း အဆင့် (၁) ဖြစ်ပြီး၊ မြို့နယ် ဥပဒေရုံးသို့ စက်ဘီးဖြင့်သွားခဲ့သည်။ စက်ဘီးကို သော့မခတ်ဘဲ ထားခဲ့ရာမှ ပျောက်သွားသည်။ မခင်ဝင်းလှိုင်သည် ရုံးသို့ စက်ဘီးစီးလာကြောင်းနှင့် ပျောက်သွားကြောင်းကို မြို့နယ်ဥပဒေရုံးဝန်ထမ်းများဖြစ်ကြသည့် ဦးသန်းလှိုင် (လိုပြ-၂)၊ ဦးသောင်းမြင့်(လိုပြ-၃) တို့က သိရှိကြောင်း ထွက်ဆိုထားကြ သည်။ အယူခံတရားခံ မောင်စိုးဝင်းကလည်း တရားသူကြီး ဒေါ်မိုးမိုးမြင့် (လိုပြ-၄) ထံတွင် သက်သေခံ(ခ)အရ ဖြောင့်ချက်ပေးခဲ့သည်။ ဖြောင့်ချက် တွင် မောင်စိုးဝင်းက တောင်ငူမြို့စုပေါင်းရုံးကြီးအတွင်းတွင် မိန်းမစီး အစိမ်းရောင် စက်ဘီးတစ်စီး သော့မခတ်ဘဲ ထောင်ထားသည်ကိုတွေ့ရ၍ အင်ဒိုင်းရွာသို့ စီးနင်းခဲ့ကြောင်း၊ အဆိုပါရွာရှိ ဒေါ်အုန်းကြည်ထံတွင် ငွေ ၈၀၀/-ဖြင့် ရောင်းချခဲ့ကြောင်းဖြင့် ဆိုထားသည်။

အယူခံတရားခံ မောင်စိုးဝင်းကမူ ၃၀- ၉- ၉၁ နေ့က သစ်ဖောင် လိုက်နေ၍ တောင်ငူတွင် မရှိကြောင်း၊ စက်ဘီးကို မခိုးရကြောင်း၊ ရဲမှ ရိုက်နှက်၍ ဖြောင့်ချက်ပေးခဲ့ရကြောင်း ထုချေသည်။ တရားခံပြသက်သေ

ဦးမောင် (ခံပြ-၅) နှင့်ဦးမောင်ပန်း (ခံပြ-၆) တို့ကလည်း မောင်စိုးဝင်းမှာ သစ်ဖောင်လိုက်နေကြောင်း ထောက်ခံထွက်ဆိုထားကြသည်ကို တွေ့ရသည်။

အမှုတွင် အချင်းဖြစ်စက်ဘီးကို မောင်စိုးဝင်းက ခိုးယူ၍ ရောင်းချကြောင်း မျက်မြင်သက်သေမရှိပေ။ သက်သေခံပစ္စည်းလည်း သိမ်းဆည်းရမိခြင်းမရှိချေ။ မောင်စိုးဝင်း၏ ဖြောင့်ချက်သာရှိသည်။မောင်စိုးဝင်းက ဖြောင့်ချက်ကို ရဲကရိုက်နှက်သဖြင့်ပေးခဲ့ရသည့် ဖြောင့်ချက်ဖြစ်ကြောင်း ထုချေထားသည့်ပြင် ဖြောင့်ချက်ကိုလည်း အဖမ်းခံရပြီး (၉) ရက်ခန့်ကြာမှပေးခဲ့ရခြင်း ဖြစ်ကြောင်းပေါ်ပေါက်နေသည်။ ထို့ပြင် ဖြောင့်ချက်အား ထောက်ခံသည့် လွတ်လပ်သည့် သက်သေခံချက်မရှိသည့်ပြင် သက်သေခံပစ္စည်း သိမ်းဆည်းရမိခြင်းလည်းမရှိ။ အယူခံ တရားခံ မောင်စိုးဝင်းမှာ ယခင်ကပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉/၄၁၁ အရ ပြစ်မှုထင်ရှား စီရင်ခံရဘူး၍ ၎င်းပင် အချင်းဖြစ်စက်ဘီးကို ခိုးယူမည်ဟု တထစ်ချယူဆရန် ဥပဒေက ခွင့်ပြုမထားပေ။

ထို့ကြောင့် မူလရုံးက အယူခံတရားခံ မောင်စိုးဝင်းအား အမှုမှ အပြီးအပြတ်လွတ်ခဲ့သည်မှာ ဥပဒေနှင့်မညီဟု မဆိုနိုင်သောကြောင့် အယူခံကို ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ဦးဉာဏ်ဝင်း (ခ) ဦးမှုသီး *

+ ၁၉၉၃
ဖေဖော်ဝါရီလ
၁၆ ရက်

**တရားရုံးချုပ်၏ ညွှန်ကြားချက်အမှတ် ၁၁/၈၉ အရသက်သေခံပစ္စည်းနှင့် စပ်လျဉ်းသောအမိန့်ချမှတ်နိုင်ရန် အလို့ငှာ လိုအပ်သော စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** အထက်ပါညွှန်ကြားချက်များအရ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ ဖွင့်လှစ်သော ပြစ်မှုဆိုင်ရာ အထွေထွေမှုတွင် တရားရုံးက စုံစမ်းစစ်ဆေးခြင်းနှင့် အခြားလိုအပ်သော သက်သေခံ အထောက်အထားများကို ရယူခြင်း ပြုလုပ်ရမည်ဖြစ်သည်။

မန္တလေးတိုင်း တရားရုံး (မြင်းခြံမြို့နယ်စု) အနေဖြင့် သက်သေခံ ပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ အထွေထွေမှု ဖွင့်လှစ်ခဲ့သော်လည်း စုံစမ်းစစ်ဆေးခြင်းနှင့် အခြားလိုအပ်သော သက်သေခံ အထောက်အထား များကို ရယူခြင်းမပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

| | |
|---|---|
| လျှောက်ထားသူအတွက် | – ဦးကျင်စိန်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| လျှောက်ထားခံရသူအတွက် | – ကိုယ်တိုင် |

မန္တလေးတိုင်း တရားရုံး (မြင်းခြံမြို့နယ်စု) ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၆/၉၀ တွင် ၎င်းတိုင်းတရားရုံး ပြစ်မှုကြီးအမှတ် ၂/၈၈ မှ သက်သေခံပစ္စည်းများကို ဦးဉာဏ်ဝင်း (ခ) ဦးမှုသီး၊ ၎င်း၏ဇနီး မနီလာ (ခ)နာရာနမားနှင့် ၎င်း၏အစ်မ လက်ချိမ်း(ခ) စုပါမားတို့အား ပြန်လည် ထုတ်ပေးရန် အမိန့်ချမှတ်ထားသည်။ ယင်းအမိန့်ကို ရှေ့နေချုပ်ရုံးက

* ၁၉၉၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၃၄ (ခ)
\+ ၁၉၉၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာ အထွေအထွေမှု အမှတ် ၆ တွင် ချမှတ်သော ၆–၆–၉၀ ရက်စွဲပါ မန္တလေးတိုင်း (မြင်းခြံမြို့နယ်စု)တရားရုံး၏အမိန့်ကို ပြင်ဆင်မှု

၁၉၉၃
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်
နှင့်
ဦးဉာဏ်ဝင်း(ခ)
ဦးမှုသီး

မကျေနပ်၍ တရားရုံးချုပ်(မန္တလေးရုံးထိုင်)၌ ဤပြင်ဆင်မှုအား တင်သွင်းခြင်းဖြစ်သည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိက မူလမှုဖြစ်သည့် ပြစ်မှုကြီးအမှတ် ၂/၈၈ တွင် တရားလိုပြသက်သေများ၏ ထွက်ချက်များအရ မကွေးတိုင်း ချောက်မြို့နယ် မြန်မာ့ရေနံ ကော်ပိုရေးရှင်း လုံခြုံရေးဌာနမှ လုံခြုံရေးအရာရှိ ဦးဉာဏ်ဝင်း (ခ) ဦးမှုသီးသည် ရေနံခိုးယူသူများကို ဖမ်းရန် တာဝန်ရှိပါလျက်နှင့် ဖမ်းဆီးခြင်းမပြုဘဲ ခိုးယူခွင့်ပြုခဲ့ပြီးနောက် လက်အောက်ဝန်ထမ်းများထံမှ လစဉ်လာဘ်ငွေများ ရယူကာ ယင်းလာဘ်ငွေများဖြင့် သက်သေခံပစ္စည်းများကို ဝယ်ယူခဲ့သည်ဟု ထင်ရှားပေါ်ပေါက်နေပါလျက် ထိုသက်သေခံပစ္စည်းများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမပြုဘဲ အသိမ်းခံရသူများသို့ ပြန်ပေးစေရန် ချမှတ်ခဲ့သော အမိန့်မှာ ဥပဒေအရ သိသာထင်ရှားစွာ မှားယွင်းနေကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ ဦးဉာဏ်ဝင်း (ခ) ဦးမှုသီးက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့သော ငွေနှင့် ပစ္စည်းများမှာ မတရားရရှိထားသော ငွေနှင့် ၎င်းငွေဖြင့် ဝယ်ယူထားသည့် ပစ္စည်းများ မဟုတ်ဘဲ မိမိလက်ထပ်စဉ်က မိမိ၏ မိဘများ လက်ဖွဲ့သည့်ငွေနှင့်ပစ္စည်းများ၊ မိမိပိုင်အိမ်ကို ရောင်းရငွေများ၊ မိမိအစ်ကို ဦးထွန်းအောင်၏ ဇနီး မအေးသန်း အပ်နှံထားသည့်ပစ္စည်းများဖြစ်ကြောင်း၊ မအေးသန်း၏ပစ္စည်းများကို မိမိတို့ ရန်ကုန်မြို့ ၂၇ လမ်းရှိ ကာလိမယ်တော်ဘုရားပွဲသို့သွားရာ အပြန်တွင် မော်တော်ကား၌ လူကြပ်၍ စိတ်မချရသဖြင့် မအူကုန်းလမ်းရှိ လက်ချမ်းမီးထံတွင် အပ်နှံထားခဲ့ခြင်းဖြစ်ကြောင်း၊ မည်သည့်တရားလိုပြ သက်သေကမျှ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့သည့်ငွေနှင့် ပစ္စည်းများမှာ မတရားရယူထားသောငွေနှင့် ၎င်းငွေဖြင့် ဝယ်ယူထားသည့်ပစ္စည်းများဖြစ်သည်ဟု ထွက်ဆိုထားခြင်းမရှိကြောင်း၊ သို့ဖြစ်၍ တိုင်းတရားရုံး၏ အမိန့်ကို အတည်ပြုပေးသင့်ကြောင်း စသည်ဖြင့် တင်ပြသည်။

ပြစ်မှုကြီး အမှတ် ၂/၈၈ မှာ စွဲချက်တင်သည့်အဆင့်သို့ ရောက်ရှိသည့်အချိန်တွင် ယင်းအမှုအား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄/၈၉ အရ ပိတ်သိမ်းကာ တရားခံ ဦးဉာဏ်ဝင်း(ခ) ဦးမှုသီးအား အမှုမှ လွှတ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် တရားရုံးချုပ်၏ ညွှန်ကြားချက်အမှတ် ၁၁/၈၉ ဖြင့် ညွှန်ကြားချက်အရ ပြစ်မှုကြီး အမှတ် ၂/၈၈ မှ သက်သေခံပစ္စည်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်အလို့ငှာ မန္တလေးတိုင်း တရားရုံး (မြင်းခြံ မြို့နယ်စု) က ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၆/၉၀ ကို ဖွင့်လှစ်ခဲ့ပြီး နှစ်ဘက်လျှောက်လဲချက် ကြားနာကာ သက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်း ခံရသူ ဦးဉာဏ်ဝင်း(ခ)ဦးမှုသီး၊ ၎င်း၏ဇနီး မနီလာ(ခ) နာရာနမားနှင့် ၎င်း၏အစ်မ လက်ချိမ်း (ခ) စူပါမားတို့အား ပြန်လည်ထုတ်ပေးရန် အမိန့်ချမှတ် ခဲ့သည်။

၁၉၉၃
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်
နှင့်
ဦးဉာဏ်ဝင်း(ခ)
ဦးမှုသီး

တရားရုံးချုပ်၏ ညွှန်ကြားချက်အမှတ် ၁၁/၈၉ ရှိ စာပိုဒ် (၂)၊ (၃) နှင့် (၄) တို့တွင် အောက်ပါအတိုင်း ဖော်ပြညွှန်ကြားထားသည်–

"၂။ တရားရုံးချုပ်၏ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့စွဲပါ ညွှန်ကြားချက်အမှတ် ၉/၈၉ နှင့်အညီ စိစစ်၍ ပိတ်သိမ်းလိုက်သော အမှုသည် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ဦးအား ထိခိုက်နစ်နာစေသည့် ပြစ်မှု၊ ပုဂ္ဂလိကပိုင်ပစ္စည်း ဆုံးရှုံးနစ်နာသည့် ပြစ်မှု အမျိုးအစားမဟုတ်ပါက ထိုသို့ ပိတ်သိမ်းလိုက်သည့် အမှုနှင့် စပ်လျဉ်း၍ တရားရုံးသို့ တင်သွင်းထားသော သက်သေခံပစ္စည်းများရှိလျှင် ယင်းသက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားရုံးက အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) အမှုပိတ်သိမ်းသည့် အချိန်တွင် ပေါ်ပေါက်နေသော သက်သေခံချက်များအရ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ (၁) တွင် ပြဋ္ဌာန်းထားသော အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သောအခြေအနေရှိလျှင် ယင်းအမိန့်ကို ချမှတ်ရန်၊

(ခ) အထက်အပိုဒ်ခွဲ (က) ပါအတိုင်း အမိန့်ချမှတ်နိုင်သည့် အခြေအနေမရှိသေးလျှင် "သက်သေခံပစ္စည်းနှင့် စပ်လျဉ်းသော အမိန့် ချမှတ်နိုင်ရန် အလို့ငှာ လိုအပ်သော စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်ရန်အတွက် ပြစ်မှုဆိုင်ရာ အထွေထွေမှု ဖွင့်လှစ်ရန်" ဟု ပိတ်သိမ်းလိုက်သောအမှု၏ နေ့စဉ်မှတ်တမ်းတွင် ရေးသားဖော်ပြရန်။

၃။ ပိတ်သိမ်းလိုက်သော အမှုသည် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ဦးအား ထိခိုက်နစ်နာစေသည့်ပြစ်မှု၊ ပုဂ္ဂလိကပိုင်ပစ္စည်း ဆုံးရှုံးနစ်နာ

သည့်ပြစ်မှု ဖြစ်ပါက ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် ကုန်လွန်သည်အထိ စောင့်ဆိုင်းပြီး ကိုယ်တိုင် ထိခိုက်နစ်နာသူက အမှုကို ပိတ်သိမ်းခြင်း မပြုလိုကြောင်း လျှောက်ထားခြင်း မရှိလျှင် ယင်းအမှုတွင် တင်သွင်းထားသော သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ အထက်အပိုဒ် ၂ (က) သို့မဟုတ် အပိုဒ် ၂(ခ) ပါအတိုင်း တရားရုံးက ဆောင်ရွက်ရမည်။

၄။ အထက်အပိုဒ် ၂ (ခ) သို့မဟုတ် အပိုဒ် ၃ အရဖွင့်လှစ်သော ပြစ်မှုဆိုင်ရာ အထွေထွေမှုတွင် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိကြောင်း အဆိုရှိသူ၊ ထိုသို့အကျိုးသက်ဆိုင်ခွင့်ရှိနိုင်သည်ဟု တရားရုံးက ထင်မြင်ယူဆသူကိုဆင့်ဆိုခြင်း၊ စစ်ဆေးခြင်းနှင့်အခြားလိုအပ်သော သက်သေခံအထောက်အထားများ ရယူခြင်းများကို အမြန်ဆုံးပြုလုပ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ (၁) တွင် ပြဋ္ဌာန်းထားသော အမိန့်တစ်ရပ်ရပ်ကို တရားရုံးက ချမှတ်ရမည်။"

အထက်ပါ ညွှန်ကြားချက်များအရ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ ဖွင့်လှစ်သော ပြစ်မှုဆိုင်ရာ အထွေထွေမှုတွင် တရားရုံးက စုံစမ်းစစ်ဆေးခြင်းနှင့်အခြားလိုအပ်သော သက်သေခံအထောက်အထားများကို ရယူခြင်း ပြုလုပ်ရမည်ဖြစ်သည်။

မန္တလေးတိုင်း တရားရုံး (မြင်းခြံမြို့နယ်စု) အနေဖြင့်သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ အထွေထွေမှုဖွင့်လှစ်ခဲ့သော်လည်း စုံစမ်းစစ်ဆေးခြင်းနှင့် အခြားလိုအပ်သော သက်သေခံအထောက်အထားများကို ရယူခြင်း မပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် မန္တလေးတိုင်း တရားရုံး (မြင်းခြံမြို့နယ်စု) ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၆/၉၀ တွင် ချမှတ်ထားသည့် အမိန့်ကိုပယ်ဖျက်ပြီး တရားရုံးချုပ်၏ ညွှန်ကြားချက်အမှတ် ၁၁/၈၉ နှင့်အညီ စုံစမ်းစစ်ဆေးခြင်းနှင့်အခြားလိုအပ်သော သက်သေခံအထောက်အထားများကိုရယူခြင်း ပြုလုပ်ပြီးမှ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စီရင်ဆုံးဖြတ်ရန် မန္တလေးတိုင်းတရားရုံး ( မြင်းခြံမြို့နယ်စု) အားပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၁) အရညွှန်ကြား အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ်တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ဦးထွန်းဝေ *

+ ၁၉၉၃
မတ်လ
၂၄ ရက်

**သဘာဝအားဖြင့် ပေါင်းပင်များကို သုတ်သင်ရ လွယ်ကူသည့် အရွယ်တွင် သုတ်သင်ပစ်လေ့ရှိခြင်း၊ သက်သေခံဆေးခြောက်အပင်များကို သင့်တော်သည့် အချိန်တွင် သုတ်သင်ခဲ့ခြင်းမရှိဘဲ တိုင်များ၊ ဝါးကပ်များဖြင့်ပင် ကျားကန်ပေးထားခဲ့ခြင်းကြောင့် အလေ့ကျ ပေါက်ပင်များဖြစ်သည်ဟု တရားခံ၏ ချေပချက်မှာ ယုံကြည်လက်ခံဖွယ်ရာ မရှိခြင်း။**

**ဆုံးဖြတ်ချက်။** သဘာဝအားဖြင့် ပေါင်းပင်များကို သုတ်သင်ရ လွယ်ကူသည့် အရွယ်တွင် သုတ်သင်ပစ်လေ့ရှိကြသော်လည်း ဦးထွန်းဝေက သက်သေခံအပင်များကို သင့်တော်သည့် အချိန်တွင် သုတ်သင်ခဲ့ခြင်းမရှိဘဲ အမြင့် (၁၀)ပေခန့်အထိ ထားရှိ၍ တိုင်များဝါးကပ်များဖြင့်ပင် ကျားကန်ပေးထားခဲ့ခြင်းကြောင့် အထက်ဖော်ပြပါ ဦးထွန်းဝေ၏ ချေပအကြောင်းပြချက်များကို ယုံကြည်လက်ခံဖွယ်ရာ မရှိပေ။

အလေ့ကျပေါက်ပင်ပင်များကို နုတ်ပစ်ပါက ဂျုံစိုက်ခင်း ပျက်စီးနိုင်ကြောင်း ဦးထွန်းဝေသည် ဆေးခြောက်ပင်များကို တမင်စိုက်ပျိုးထားခဲ့ခြင်းဖြစ်သည်ဟု တရားလိုဘက်မှ ခိုင်လုံသော သက်သေအထောက်အထားမတင်ပြနိုင်ကြောင်းသုံးသပ်ပြီး ၎င်းအား ပုဒ်မ ၃ (ခ)အရ အမှုမှ အပြီးအပြတ် လွှတ်ခဲ့သော မြို့နယ်တရားရုံး၏ အမိန့်မှာ မှန်ကန်မှုမရှိပေ။

| | |
|---|---|
| အယူခံတရားလိုအတွက် | – ဒေါ်သင်းသင်းမြ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး။ |
| အယူခံတရားခံအတွက် | – ကိုယ်တိုင် (မလာ) |

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံအမှတ် ၁၀၂၉
၁၉၈၉ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၀ တွင် ချမှတ်သော (၂၇-၄-၉၂) ရက်စွဲပါ ပြင်ဦးလွင်မြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၃
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်
နှင့်
ဦးထွန်းဝေ

အမှုမှာ ၁၃–၁–၈၉နေ့တွင် လက်ပံကုန်းရွာနေ ဦးထွန်းဝေ၏ နေအိမ်ခြံဝင်းအတွင်းရှိ ဂျုံစိုက်ခင်းအတွင်းသို့ ဝင်ရောက်ရှာဖွေရာ အမြင့် (၁) တောင်ခန့်ရှိ ဆေးခြောက်ပင် အစိမ်း (၁) ပင်၊ တိုင် (၂) ချောင်းဖြင့် ကျားကန်ထားသော အမြင့် (၉)ပေခန့်ရှိ ဆေးခြောက်ပင် (၂) ပင်နှင့် အမြင့် (၁၀) ပေခန့်ရှိ ဆေးခြောက်ပင် အခြောက် (၁၀) ပင်တို့ကို တွေ့ရှိသဖြင့် ဦးထွန်းဝေအား အရေးယူပေးရန် ဒုရဲအုပ် ဦးမျိုးမောင်က ပြင်ဦးလွင်မြို့နယ် ပြင်စာပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားခဲ့သော အမှုဖြစ်သည်။

ပြင်ဦးလွင်မြို့နယ် တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၀/၈၉ တွင် ဦးထွန်းဝေအပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၃ (ခ)အရ စွဲချက်တင်ခဲ့သည့် အမှုမှ အပြီးအပြတ်လွှတ်၍ ၎င်းအပေါ် ယင်းဥပဒေပုဒ်မ ၁၄ (ဃ)အရ ထောင်ဒဏ် (၃)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ရှေ့နေချုပ်ရုံးက အယူခံအကြောင်းပြချက်များ တင်ပြရာ၌ အလေ့ကျပေါက်နေသော ဆေးခြောက်ပင်များဖြစ်သည်ဟု ဦးထွန်းဝေက ချေပသော်လည်း ယင်းအပင်များကို ကျားကန်၍ ခြံခတ်ထားသဖြင့် ၎င်းက စိုက်ပျိုးထားသော အပင်များဖြစ်သည်မှာ ထင်ရှားနေကြောင်း၊ ထို့ကြောင့် ဦးထွန်းဝေအား မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၃ (ခ)အရ အမှုမှ အပြီးအပြတ်လွှတ်ခဲ့သော မြို့နယ်တရားရုံး၏ အမိန့်မှားယွင်းကြောင်း တင်ပြသည်။

တရားလိုပြသက်သေ ဒုရဲအုပ် ဦးမျိုးမောင်၊ ရှာဖွေသက်သေ ဦးချစ်နီနှင့် ဦးကံရတို့အပြင် တရားခံ ဦးထွန်းဝေ၏ ထွက်ချက်များအရ ဦးထွန်းဝေ၏ ဂျုံခင်းအတွင်းမှ ဆေးခြောက်ပင် အစိမ်း (၁)ပင်၊ ကျားကန်ထားသော ဆေးခြောက်ပင်အခြောက် (၂) ပင်နှင့် ဆေးခြောက်ပင်အခြောက် (၁၀)ပင်တို့ကို တွေ့ရှိခဲ့ပြီး ယင်းတို့ကို ရဲတပ်ဖွဲ့ဝင်များက နုတ်ယူပြီး ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း၊ ယင်းအပင်တို့မှ နမူနာအပင်နှင့် အရွက်ခြောက်တို့မှာ ဆေးခြောက်များ ဖြစ်သည်ဟု အင်းစိန်ပြည်သူ့ရဲ မှုခင်းတပ်ဖွဲ့ရုံးက စစ်ဆေးတွေ့ရှိခဲ့ကြောင်းတို့တွင် အငြင်းပွားမှု မရှိပေ။

ဦးထွန်းဝေက ချေပထွက်ဆိုရာတွင် အချင်းဖြစ်အပင်များမှာ မဲဒီဒုတ်ပင်ဟု ထင်ရသော အလေ့ကျပေါက်နေသည့် အပင်များဖြစ်ကြောင်း၊ ယင်းတို့ကို နုတ်ပစ်မည်ဆိုပါက အောင်မြင်နေသော ဂျုံပင်များကို ထိခိုက်နိုင်သဖြင့် မနုတ်ဘဲ ဝါးကပ်ကြမ်းများ၊ တိုင်များဖြင့် ကျားကန်ထားရခြင်းဖြစ်ကြောင်း၊

အိမ်နှင့်ယာခင်းမှာ တစ်ဆက်တည်းဖြစ်ကြောင်း၊ မိမိသည် ဆေးခြောက်ပင်ကို မတွေ့မမြင်ဖူးကြောင်း၊ ထို့ကြောင့် အပြစ်မရှိကြောင်း ချေပထွက်ဆိုထားသည်။ တရားခံပြသက်သေများဖြစ်ကြသော ဦးဘအောင်၊ ဦးဘိုးတူ၊ ဦးသန်းမောင်၊ ဦးဘသန်း၊ ဦးထွန်းစိန်၊ ဦးဘလှိုင်၊ ဦးအောင်သန်းနှင့် ဦးချစ်မောင်တို့က သက်သေခံအပင်တို့မှာ အလေ့ကျပေါက်ပင်များဖြစ်သည်ဟု ဦးထွန်းဝေအား ထောက်ခံထွက်ဆိုကြသည်။ သို့ရာတွင် ယင်းတရားခံပြသက်သေတို့၏ ထွက်ချက်တွင် ယင်းကဲ့သို့သော အလေ့ကျပေါက်သည့် ဆေးခြောက်ပင်များကို ရွာ၌ မတွေ့ဖူးကြောင်း၊ သက်သေခံ အပင်တို့မှာ ဦးထွန်းဝေက တမင်စိုက်ပျိုးထားခဲ့ခြင်း ဟုတ်မဟုတ် မိမိတို့ မသိနိုင်သည်မှာ မှန်ကန်ကြောင်းဖြင့်လည်း ဝန်ခံထွက်ဆိုချက်ကို တွေ့ရသည်။

ဦးထွန်းဝေက မူးယစ်ဆေးဝါး သုံးစွဲခြင်းမရှိပါဟု ထုချေသော်လည်း ၎င်း၏ ဆီးနမူနာတွင် ဟယ်ရိုးအင်းတွေ့ရှိကြောင်း ဆရာဝန်၏ ထွက်ချက်နှင့် ဓာတုဗေဒဝန်ရုံး၏ ပြန်စာတို့အရ ပေါ်လွင်၍ မြို့နယ်တရားရုံးကလည်း ၎င်းအပေါ် မူးယစ်ထုံထိုင်းဘောဖြစ်တတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ (ဃ) အရ ပြစ်ဒဏ်ချမှတ်ထားသည်။

သဘာဝအားဖြင့် ပေါင်းပင်များကို သုတ်သင်ရလွယ်ကူသည့် အရွယ်တွင် သုတ်သင်ပစ်လေ့ရှိကြသော်လည်း ဦးထွန်းဝေက သက်သေခံအပင်များကို သင့်တော်သည့်အချိန်တွင် သုတ်သင်ခဲ့ခြင်းမရှိဘဲ အမြင့် (၁၀) ပေခန့်အထိ ထားရှိ၍ တိုင်များ ဝါးကပ်များဖြင့်ပင် ကျားကန်ပေးထားခဲ့ခြင်းကြောင့် အထက်ဖော်ပြပါ ဦးထွန်းဝေ၏ ချေပအကြောင်းပြချက်များကို ယုံကြည်လက်ခံဖွယ်ရာ မရှိပေ။

အလေ့ကျ ပေါက်ပင်များကို နုတ်ပစ်ပါက ဂျုံစိုက်ခင်း ပျက်စီးနိုင်ကြောင်း၊ ဦးထွန်းဝေသည် ဆေးခြောက်ပင်များကို တမင်စိုက်ပျိုးထားခဲ့ခြင်းဖြစ်သည်ဟု တရားလိုဘက်မှ ခိုင်လုံသော သက်သေအထောက်အထားမတင်ပြနိုင်ကြောင်း သုံးသပ်ပြီး၊ ၎င်းအား ပုဒ်မ ၃ (ခ) အရ အမှုမှ အပြီးအပြတ် လွှတ်ခဲ့သော မြို့နယ်တရားရုံး၏ အမိန့်မှာ မှန်ကန်မှုမရှိပေ။

ဦးထွန်းဝေအပေါ် မူးယစ်ထုံထိုင်း ဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၃ (ခ)အရ ပြစ်ဒဏ်ချမှတ်နိုင်ရန် သက်သေအထောက်အထားထင်ရှားခိုင်လုံသည်ဖြစ်၍ ၎င်းပုဒ်မ ၃ (ခ) အရ ထောင်ဒဏ် (၅)နှစ် ကျခံစေလိုက်သည်။ ဤပြစ်ဒဏ်ကို ပုဒ်မ ၁၄ (ဃ)အရ ချမှတ်ထားသော ထောင်ဒဏ်နှင့်အတူ ကျခံစေ။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ်တရားသူကြီး ဦးသန်းပေ ရှေ့တွင်

+၁၉၉၃ ဖေဖော်ဝါရီလ ၁၆ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ထွန်းပွား *

**ကာယဒိန္နေပျက်စီးစေမှုနှင့် ရပ်ရွာငြိမ်ဝပ်ပိပြားရေး ထိခိုက်ပျက်ပြားစေမှုတို့ကို တစ်ချိန်တစ်ပြိုင်တည်း ဖောက်ဖျက်ကျူးလွန်ခဲ့ရာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၃၅ (၁)ပါ အမှုအမျိုးအစားနှင့် အကျုံးဝင်နေခြင်း ကာယဒိန္နေပျက်စီးစေမှုမှ အပြစ်ဒဏ်ကို တရားခံအပေါ် ခြေချုပ်နှင့် ခံဝန်အက်ဥပဒေအရ ချမှတ်ထားသော ခံဝန်ချုပ်အမိန့်နှင့် တစ်ပြိုင်တည်း ကျခံစေရန် မချမှတ်နိုင်သဖြင့် ပြစ်ဒဏ်နှစ်ကြိမ် ချမှတ်ရာ မရောက်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** သီးခြားပြစ်မှုများ ဆိုသည်မှာ တစ်ချိန်တစ်နေရာတည်းမှာပင် ဖြစ်စေ ပြစ်မှုဆိုင်ရာ ဥပဒေ၏ သီးခြားပုဒ်မအတွင်း ကျရောက်သော ပြစ်မှုများကို ကွဲပြားခြားနားသော ပုဂ္ဂိုလ်များအား ကျူးလွန်လျှင် သီးခြားပြစ်မှုပင်ဖြစ်သည်။

ထို့ကြောင့် ဥပဒေကြောင်းအရ ထွန်းပွားအပေါ် (ရဝတ) ဥက္ကဋ္ဌက ခြေချုပ်နှင့် ခံဝန်အက်ဥပဒေအရ စွဲဆိုသော ပြစ်မှုသေးမှုကို ထွန်းပွားအပေါ် မစုစုနိုင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄အရ စွဲဆိုသော ပြစ်မှုကြီးမှုနှင့်အတူ တစ်မှုတည်း၊ ပုဒ်မတစ်ရပ်တည်းဖြင့် တပေါင်းတည်း စစ်ဆေး၍ စွဲချက်တင်အပြစ်ပေးနိုင်မည် မဟုတ်ပေ။

ထွန်းပွားသည် မစုစုနိုင်အား ကာယဒိန္နေ ပျက်စီးစေမှုနှင့် ရပ်ရွာငြိမ်ဝပ်ပိပြားရေး ထိခိုက်ပျက်ပြားစေမှုတို့ကို တစ်ချိန်တစ်ပြိုင်တည်း ဖောက်ဖျက်ကျူးလွန်ခဲ့ရာ ရောက်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ (၁) ပါ အမှုအမျိုးအစားနှင့် အကျုံးဝင်နေရာ ယခုအမှုတွင် ယင်း

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၀၁၃

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၆၃ တွင် ချမှတ်သော (၈-၅-၉၂) ရက်စွဲပါ တောင်ကြီးမြို့နယ်တရားရုံး၏ အမိန့်ကို အယူခံမှု

ဥပဒေပုဒ်မ ၄၀၃ (၂)အရ ထွန်းပွားအပေါ် ထပ်မံ စွဲဆိုစစ်ဆေးအပြစ်ပေးနိုင်ပေသည်။ ထို့ပြင် ယခုအမှုမှ ပြစ်ဒဏ်ကို ထွန်းပွားအပေါ် ခြေချုပ်နှင့် ခံဝန်အက်ဥပဒေအရ ချမှတ်ထားသော ခံဝန်ချုပ်အမိန့်နှင့် တပြိုင်တည်း ကျခံစေရန်လည်း မချမှတ်နိုင်သဖြင့် ပြစ်ဒဏ် (၂) ကြိမ် ချမှတ်ရာ မရောက်နိုင်ပေ။

အယူခံတရားလိုအတွက် – ဦးမြင့်နိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး။

အယူခံတရားခံအတွက် – ဦးဝင်းမော်၊ တရားရုံးချုပ်ရှေ့နေ

တောင်ကြီးမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၄၆၃/ ၉၂တွင် ထွန်းပွားအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ အရ စွဲချက်တင်၍ စစ်ဆေးပြီးနောက် ၎င်းအား အမှုမှအပြီးအပြတ်လွှတ်ခဲ့သော အမိန့်နှင့် စပ်လျဉ်း၍ ရှေ့နေချုပ်ရုံးက မကျေနပ်သောကြောင့် ဤအယူခံမှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ ၁၇–၂–၉၂ ရက်နေ့ ည (၉) နာရီခန့်တွင် ရုပ်မြင်သံကြားကြည့်ရန် ထွက်လာခဲ့ရာ လမ်းကြားအရောက်၌ ထွန်းပွားက အမျိုးမျိုးစခဲ့ပြီး နောင့်ယှက်ပြောဆိုကာ လက်ကိုဆွဲပြီး မိမိကိုနမ်းခဲ့ကြောင်း၊ ထိုသို့ပြုမူခြင်းကို သားကြီးဆိုသူတွေ့မြင်ကြောင်း၊ ထို့ကြောင့် အရေးယူပေးရန် မစုစုနိုင်က တောင်ကြီးမြို့အမှတ် (၁) ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားခဲ့သော အမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးက အယူခံအကြောင်းပြချက်များ တင်ပြရာ၌ မစုစုနိုင်၏ စွပ်စွဲထွက်ဆိုချက်အပေါ် တရားလိုပြ သက်သေများက ထောက်ခံထွက်ဆိုမှုရှိကြောင်း၊ အချင်းဖြစ်စဉ်က မစုစုနိုင်အား ဝင်တိုက်မိခဲ့ရာ မစုစုနိုင်က မိမိအပေါ် စိတ်ဆိုးသွားခဲ့ခြင်းသာ ဖြစ်သည်ဟု ထွန်းပွား၏ ချေပချက်မှာ ခိုင်လုံမှုမရှိကြောင်း၊ ၎င်းအား မြို့နယ်တရားရုံးက ခြေချုပ်နှင့် ခံဝန်အက်ဥပဒေပုဒ်မ ၅ (၁) (စ) (ဆ)အရ အရေးယူ အမိန့်ချမှတ်ခဲ့ပြီး ဖြစ်သဖြင့် ၎င်းအား ဤအမှုဖြင့် ထပ်မံ အရေးယူအပြစ်ပေးရန် မသင့်ဟု ထွန်းပွားက ထုချေသော်လည်း အမှုအကြောင်းခြင်းရာချင်း တူညီမှုမရှိ၍ နှစ်ကြိမ်ထပ်မံတရားစွဲဆိုခြင်း မဟုတ်ကြောင်း၊ ထို့ကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၃ (၁) အရ ထွန်းပွားအပေါ် ယခုအမှုဖြင့် ထပ်မံအပြစ် မပေးထိုက်ကြောင်း သုံးသပ်ပြီး အမှုမှ အပြီးအပြတ်လွှတ်ခဲ့သော မြို့နယ်တရားရုံး၏ အမိန့်မှားယွင်းကြောင်း တင်ပြသည်။

၁၉၉၃
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်
နှင့်
ထွန်းပွား

မစုစုနိုင်၏ ထွက်ချက်တွင် အချင်းဖြစ်နေရာအရောက် ထွန်းပွားက "စုစု"ဟု လှမ်းခေါ်ကြောင်း၊ အရက်ဖိုလမ်းကြားအရောက် ထွန်းပွားက မိမိရှေ့လာရပ်ပြီး "ငါခေါ်တာ မကြားဘူးလား၊ ရပ်ကွက်ထဲ ငါဘာကောင်လဲဆိုတာ မသိဘူးလား၊ နင်ကလှတယ်၊ ချစ်ရာကောင်းတယ်"ဟု ပြောပြီး လမ်းပိတ်ထားကြောင်း၊ ထွန်းပွားမှာ အရက်မူးနေကြောင်း၊ မိန်းမနှင့်ကလေးရှိသူ ဖြစ်ကြောင်း၊ မိမိကငိုကြောင်း၊ သားကြီးဆိုသူ စက်ဘီးနှင့်ဖြတ်သွားရာ ထွန်းပွားက မိမိကို "အားကိုးမရှာနဲ့"ဟု ပြောကြောင်း၊ မိမိက ထွန်းပွားကို ဖယ်ပေးရန်ပြောရာ ထွန်းပွားက လက်ဆွဲပြီး မိမိအားနမ်းကြောင်း၊ မိမိက ထွန်းပွားကို တွန်းဖယ်ပြီး ထွက်ပြေးခဲ့ကြောင်း၊ အချင်းဖြစ်စဉ် ထွန်းပွားနှင့်အတူလေးငါးဦးခန့်ပါရှိပြီး ၎င်းတို့၏ရယ်သံများကြားရကြောင်း ထွက်ဆိုသည်။

သားကြီး (ခ) စိုးဝင်းနီ၏ ထွက်ချက်တွင် အချင်းဖြစ်စဉ် ထွန်းပွားက "စက်ဘီးသမားလည်း ဂရုမစိုက်ဘူး"ဟု ပြောသဖြင့် မိမိလည်း စက်ဘီးကို ဆက်တွန်းသွားပြီး လမ်းထိပ်မှ ရပ်ကြည့်နေကြောင်း၊ ထွန်းပွားက စကားပြောရာ ကလေးမက လက်မခံကြောင်း၊ ထွန်းပွားက မစုစုနိုင်အား လက်ဆွဲပြီး ပခုန်းပုတ်သည်ကို တွေ့မြင်ခဲ့ကြောင်းဖြင့် စုစုနိုင်အားထောက်ခံထွက်ဆိုသည်။

ဦးတင်ရွှေက ၎င်းထံ တူမဖြစ်သူ စုစုနိုင်ရောက်လာပြီး ၎င်းအား ထွန်းပွားက နှောင့်ယှက်ပြီး လက်ဆွဲကာ ဖက်နမ်းခဲ့သည်ဟု ပြောပြတိုင်ကြားခဲ့ကြောင်း ထွက်ဆိုသည်။

(ရဝတ) အဖွဲ့ဝင် ဦးကျော်အေးက မစုစုနိုင်နှင့် ဦးတင်ရွှေတို့ မိမိထံလာရောက်တိုင်ကြားခဲ့ရာ ထွန်းပွားနှင့် ညှိနှိုင်းပေးသော်လည်း မရသဖြင့် နောက်နေ့တွင် ရဲစခန်းတိုင်ကြားရန် ပြောလိုက်ကြောင်း၊ မစုစုနိုင်နှင့်ပြဿနာတက်သည့် ကိစ္စနှင့် ပတ်သက်၍ မိမိတာဝန်ကျရာ ရတနာသိရိရပ်ကွက် (ရဝတ)မှ ထွန်းပွားအား ခြေချုပ်နှင့် ခံဝန်အက်ဥပဒေအရအရေးယူပေးရန် ရဲစခန်းသို့ ၁၉-၂-၉၂ ရက်နေ့တွင် တိုင်ကြားခဲ့ကြောင်း၊ မြို့နယ်တရားရုံးက ၂၄-၂-၉၂ နေ့တွင် ထွန်းပွားအပေါ် ယင်းဥပဒေအရ ၅၀၀၀ိ/-တန်ခံဝန်သူ (၂)ဦးဖြင့် ခံဝန်ချုပ်စေရန် အမိန့်ချမှတ်ခဲ့ကြောင်း ထွက်ဆိုသည်။

ထွန်းပွားက မစုစုနိုင်ကို လက်ဆွဲဖက်နမ်းခြင်း မပြုဘဲ မတော်တဆတိုက်မိခဲ့ခြင်းဖြစ်၍ အပြစ်မရှိဟု ငြင်းဆိုကာ ၎င်းသည် ခြေချုပ်နှင့် ခံဝန်

အက်ဥပဒေပုဒ်မ ၅ (၁) (စ) (ဆ) အရလည်း အရေးယူအမိန့်ချမှတ်ခံခဲ့ရပြီးဖြစ်၍ ပြစ်မှုတစ်ရပ်အတွက် နှစ်ကြိမ်ရင်ဆိုင်နေရသဖြင့် စဉ်းစားပေးထိုက်ကြောင်း ထွက်ဆိုချေပသည်။ ပြန်လှန်မေးခွန်းတွင် ၎င်းက အချင်းဖြစ်ချိန် အရက်မူးနေကြောင်းနှင့် မစုစုနိုင်အား ပုတ်လိုက်မိခြင်းသာဖြစ်ကြောင်း ဝန်ခံထွက်ဆိုထားသည်။

မြို့နယ်တရားရုံး၏ စီရင်ချက်တွင် ထွန်းပွားခြေချုပ်နှင့် ခံဝန်ဥပဒေပုဒ်မ ၅ (၁) (စ) (ဆ) အရ အရေးယူခံရပြီးဖြစ်၍ အဆိုပါစီရင်ချက်မှာ အတည်ဖြစ်နေကြောင်း၊ ထို့ကြောင့် ယခုအမှုဖြင့် ထပ်မံအရေးယူရန်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁) ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းနေသဖြင့် ထွန်းပွားအပေါ် ယခုအမှုဖြင့် ထပ်မံအရေးယူ အပြစ်ပေးရန် အကြောင်းမရှိ၍ အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

အမှုအကြောင်းခြင်းရာအရ မစုစုနိုင်၏ စွပ်စွဲထွက်ဆိုချက်အပေါ် မျက်မြင်သက်သေ သားကြီး (ခ) စိုးဝင်းနီ၏ ထောက်ခံထွက်ဆိုချက်ရှိသည်တွင် ထွန်းပွားကိုယ်တိုင်ကလည်း ၎င်းသည် မစုစုနိုင်ကို မတော်တဆ ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ မစုစုနိုင်အား ပုခုန်းကို ပုတ်ခဲ့မိကြောင်း ဝန်ခံထွက်ဆိုထားချက်နှင့် ဆက်စပ်သုံးသပ်ပါက ထွန်းပွားသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ အရ ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း ပေါ်လွင်သည်။

ထွန်းပွား၏ မူလရုံးလျှောက်လဲချက်တွင် ပူးတွဲတင်ပြထားသော စီရင်ချက်မိတ္တူ၌ ၁၉၆၁ ခုနှစ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေပုဒ်မ ၅ (၁) (စ) (ဆ) အရ ခံဝန်ချုပ်အမိန့်ပါ အချက်များအရ ထွန်းပွားသည် အလုပ်အကိုင် အတည်တကျမရှိဘဲ ရပ်ကွက်အတွင်း မကောင်းမှုဒုစရိုက်များ ကျူးလွန်လေ့ရှိသောကြောင့် (ရဝတ) ၏ သတင်းပေးတိုင်တန်းချက်အရ အရေးယူခဲ့ရသော အမှုဖြစ်ကြောင်းနှင့် တရားလိုပြသက်သေထွက်ချက်များအရလည်း ထွန်းပွားသည် အခြေတကျမရှိဘဲ ရပ်ကွက်အတွင်း ငြိမ်ဝပ်ပိပြားရေး ပျက်ပြားစေရန် ဒုစရိုက်မှုများ ကျူးလွန်ရန် အားထုတ်လေ့ရှိကြောင်း သုံးသပ်ဖော်ပြထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ယင်းအမိန့်တွင် ထွန်းပွားက မစုစုနိုင်အား ကျူးလွန်ခဲ့သည့် အမှုကိစ္စသက်သက်အတွက် အရေးယူခဲ့ခြင်း ဖြစ်သည်ဟု ဖော်ပြမပါရှိသည့်ပြင် အမှုသဘာဝချင်းလည်း ခြားနားသည်။

မြို့နယ်တရားရုံး၏ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေအရအမှုတွင် (ရဲဝတ) ဥက္ကဋ္ဌက လုပ်ငန်းတာဝန်အရ ရပ်ရွာအတွင်း ငြိမ်ဝပ်ပိပြားမှု ရှိစေရေး

အတွက် ကြိုတင်ကာကွယ်သည့် အနေဖြင့် ပြစ်မှုကျူးလွန်ရန် အားထုတ်လေ့ရှိသူ ထွန်းပွားအပေါ် အရေးယူခဲ့သောအမှုဖြစ်ပြီး၊ ယခုအမှုမှာမူ မစုစုနိုင်က ၎င်း၏ ကာယိန္ဒြေပျက်စီးနစ်နာခဲ့မှုအတွက် တိုင်ကြားအရေးယူသော အမှုဖြစ်ရာ အမှုအကြောင်းအရာ သဘာဝချင်း မတူညီကွဲပြားခြားနားသည့်ပြင် နစ်နာသူတို့မှာလည်း သီးခြားစီဖြစ်သည်။

သီးခြားပြစ်မှုများ ဆိုသည်မှာ တစ်ချိန်တစ်နေရာတည်းမှာပင် ဖြစ်စေ ပြစ်မှုဆိုင်ရာ ဥပဒေ၏ သီးခြားပုဒ်မအတွင်း ကျရောက်သော ပြစ်မှုများကို ကွဲပြားခြားနားသော ပုဂ္ဂိုလ်များအားကျူးလွန်လျှင် သီးခြားပြစ်မှုပင်ဖြစ်သည်။

ထို့ကြောင့် ဥပဒေကြောင်းအရ ထွန်းပွားအပေါ် (ရဝတ) ဥက္ကဋ္ဌက ခြေချုပ်နှင့် ခံဝန်အက်ဥပဒေအရ စွဲဆိုသော ပြစ်မှုသေးမှုကို ထွန်းပွားအပေါ် မစုစုနိုင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ အရ စွဲဆိုသော ပြစ်မှုကြီးမှုနှင့်အတူ တစ်မှုတည်း၊ ပုဒ်မ တစ်ရပ်တည်းဖြင့် တပေါင်းတည်း စစ်ဆေး၍ စွဲချက်တင် အပြစ်ပေးနိုင်မည် မဟုတ်ပေ။

ထွန်းပွားသည် မစုစုနိုင်အား ကာယိန္ဒြေပျက်စီးစေမှုနှင့် ရပ်ရွာငြိမ်ဝပ်ပိပြားရေး ထိခိုက်ပျက်ပြားစေမှုတို့ကို တစ်ချိန်တစ်ပြိုင်တည်း ဖောက်ဖျက်ကျူးလွန်ခဲ့ရာ ရောက်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ (၁)ပါ အမှု အမျိုးအစားနှင့် အကျုံးဝင်နေရာ ယခုအမှုတွင် ယင်းဥပဒေပုဒ်မ ၄၀၃ (၂) အရ ထွန်းပွားအပေါ် ထပ်မံစွဲဆိုစစ်ဆေး အပြစ်ပေးနိုင်ပေသည်။ ထို့ပြင် ယခုအမှုမှ ပြစ်ဒဏ်ကို ထွန်းပွားအပေါ် ခြေချုပ်နှင့် ခံဝန်အက်ဥပဒေအရ ချမှတ်ထားသော ခံဝန်ချုပ်အမိန့်နှင့် တပြိုင်တည်းကျခံစေရန်လည်း မချမှတ်နိုင်သဖြင့် ပြစ်ဒဏ် (၂) ကြိမ် ချမှတ်ရာ မရောက်နိုင်ပေ။

အလားတူ သုံးသပ်တွေ့ရှိချက်မျိုးကို **ဦးကျော်စိန်နှင့် ဦးစိန်၊ ၁၉၇၁ မြန်မာနိုင်ငံ စီရင်ထုံး (တရားရုံးချုပ်) စာမျက်နှာ-၁** အမှုတွင် တွေ့ နိုင်ပေသည်။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုပြီး ထွန်းပွားအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သော တောင်ကြီးမြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ၎င်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ အရ ငွေဒဏ်ကျပ် ၁၀၀၀/-(ကျပ်တစ်ထောင်) တိတိ ပေးဆောင်စေရန်နှင့်မဆောင်ပါက ထောင်ဒဏ် (၆) လ (ခြောက်လ) တိတိကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ငွေဒဏ်ကို မြို့နယ်တရားရုံးတွင် ပေးဆောင်ရန်ဖြစ်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့် ရှေ့တွင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ဒေါ်နုနုပါ-၃ *

+ ၁၉၉၃
မေလ ၂၈
ရက်

**နေအိမ်တွင် တပ်ဆင်ရန်အတွက် ခွင့်ပြုခဲ့သော လျှပ်စစ်မီတာအား ရောင်းချသည့်ကိစ္စတွင် မသမာစွာဖြင့် ကူပုံမှုပြုလုပ်သူ ဝန်ထမ်းသည် ဌာနဆိုင်ရာ စည်းကမ်းကို ဖောက်ဖျက်မှုသာ မဟုတ်ဘဲ မသမာမှုများပါ ပါဝင်နေကြောင်းတွေ့ရသဖြင့် ပြစ်မှုကြောင်း အရတာဝန်ရှိခြင်း ။**

**ဆုံးဖြတ်ချက်။** လျှပ်စစ်မီတာမှာ ပြည်သူပိုင်ပစ္စည်းဖြစ်ကြောင်းမှာ သေချာသည်၊ ထို့ကြောင့်လျှပ်စစ်မီတာကိုပြောင်း၍ တပ်ဆင်ခြင်းအားဖြင့် ပြည်သူပိုင်ပစ္စည်းကို အလွဲသုံးစားပြုရာရောက်မရောက်စိစစ်ရန်ရှိသည်။ မိမိနေအိမ်၌မီတာသုံးခွင့်ကို အခြားအိမ်သို့ပြောင်းတပ်ခြင်းဖြင့် မိမိအခွင့်အရေးကို မတရားအသုံးပြုရာရောက်သည်၊ သဘောရိုးဖြင့် ဆောင်ရွက်ပါသည်ဟု အကြောင်းပြသည်၊ သို့သော်ပြောင်းတပ်နိုင်ခွင့်ရရေးအတွက် မသမာမှုများဖြစ်သည့် အစိုးရစာရွက်စာတမ်းများကို ပြုပြင်ရခြင်းအထိ ပြင်ဆင်မှုများပြုလုပ်ရသည်။ ဌာနဆိုင်ရာ စည်းကမ်းကို ဖောက်ဖျက်မှုသာ မဟုတ်ဘဲ မသမာမှုများပါ ပါဝင်နေကြောင်းသုံးသပ်ရရှိသဖြင့် ပြစ်မှုကြောင်း အရ တာဝန်ရှိသည်။

အယူခံတရားလိုအတွက် - ဦးထွန်းရွှေ၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံများအတွက် - ၁၊ ၂၊ ၃ ဦးမြစိန်၊ တရားရုံးချုပ် ရှေ့နေ

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၄၄

\+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၅၈ တွင်ချမှတ်သော (၂၁-၁-၉၂) ရက်စွဲပါ မန္တလေး အနောက်တောင်မြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၃
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်
နှင့်
ဒေါ်နုနု ပါ-၃

မန္တလေးအနောက်တောင်မြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၅၈/၉၁ တွင် ဒေါ်နုနုနှင့် ဦးသိန်းတန်တို့အပေါ် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆ (၁) အရလည်းကောင်း၊ ဦးခင်လေးမောင်နှင့် ဦးဆန်းထွန်းတို့အပေါ် ယင်းဥပဒေပုဒ်မ ၆ (၁)/၉ အရလည်းကောင်း စွဲချက်တင်စစ်ဆေးပြီးနောက် ဦးဆန်းထွန်း တစ်ဦးတည်းကိုသာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၈ အရ ရုံးဆင်းရုံးတက် ထောင်ဒဏ်ကစ်ရက်နှင့်ဒဏ်ငွေ ၅၀၀၀/-ကျပ် ပေးဆောင်စေ၊ ဒဏ်ငွေမဆောင်က ထောင်ဒဏ်တစ်နှစ်ကျခံစေရန် အမိန့်ချမှတ်ပြီး ဒေါ်နုနု၊ ဦးသိန်းတန်၊ ဦးခင်လေးမောင်တို့အား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သည်။ ဒေါ်နုနု၊ ဦးသိန်းတန်နှင့် ဦးခင်လေးမောင်တို့အား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းကို ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် ဤအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

မန္တလေးအနောက်တောင်မြို့နယ် သီရိမာလာအနောက်ရပ်၊ အကွက်အမှတ် (၂၁၂) တွင် နေထိုင်သော ဒေါ်နုနုက ၎င်းနေထိုင်သော အိမ်တွင် တပ်ဆင်ရန်အတွက် ခွင့်ပြုခဲ့သော လျှပ်စစ်မီတာအမှတ် ဂျီ ၉၅၉၀၂/၀၂၆၀၈၁၆ကို မန္တလေးအနောက်တောင်မြို့နယ် သီရိဟေမာ အနောက်ရပ် အကွက်အမှတ် (၂၂၇)နေ ဦးသိန်းတန်အား ၂၅၀၀၀/-ကျပ်ဖြင့် လွှဲပြောင်းရောင်းချခဲ့ကြောင်း၊ ထိုကဲ့သို့ လွှဲပြောင်းရောင်းချတပ်ဆင်ရာတွင် လျှပ်စစ်လုပ်သား ဦးဆန်းထွန်းနှင့် မြို့နယ်လျှပ်စစ်ဓာတ်အား လုပ်ငန်းမှ ဒုလက်ထောက်အင်ဂျင်နီယာ ဦးခင်လေးမောင်တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရ၍ ဒေါ်နုနု၊ ဦးခင်လေးမောင်၊ ဦးဆန်းထွန်းနှင့် ဦးသိန်းတန်တို့အပေါ် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ အရေးယူပေးရန် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ စုံစမ်းရေးမှူး ဦးဇာခန်မန်းက တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။ ဤအယူခံတွင် အကြောင်းပြချက်အဖြစ် ဒေါ်နုနုသည် ၎င်းနေထိုင်သော အိမ်လိပ်စာဖြင့် ချပေးထားသော လျှပ်စစ်မီတာကို ဦးသိန်းတန်နေထိုင်သော အိမ်သို့ တပ်ဆင်ခဲ့ရာတွင် လျှပ်စစ်လုပ်သား ဦးဆန်းထွန်းအား အခကြေးငွေပေးပြီး တပ်ဆင်စေခဲ့သည်မှာ ထင်ရှားကြောင်း၊ ဦးသိန်းတန်ကလည်း ဒေါ်နုနုအိမ်အတွက် ချပေးထားသော လျှပ်စစ်မီတာဖြစ်မှန်းသိလျက်နှင့် ၎င်း၏အိမ်တွင် တပ်ဆင်ခဲ့ခြင်းသည် မှားယွင်းကြောင်း၊ ဒေါ်နုနုအား လျှပ်စစ်မီတာ ချပေးထားသော စာရင်းတွင် ဒေါ်နုနုအမည်ကို

ဖျက်ပြီး ဦးသိန်းတန်လိပ်စာဖြင့် ပြင်ဆင်ရေးသားထားသော လက်ရေးသည် ဒုလက်ထောက်အင်ဂျင်နီယာ ဦးခင်လေးမောင်၏ လက်ရေးများ ဖြစ်သည်မှာ ထင်ရှားပေါ်ပေါက်ကြောင်း၊ ထို့ကြောင့် ဒေါ်နုနု၊ ဦးသိန်းတန်၊ ဦးဆန်းထွန်း၊ ဦးခင်လေးမောင်တို့သည် ပြည်သူပိုင်လျှပ်စစ် မီတာကို မသမာသောနည်းဖြင့် ပြောင်းလဲတပ်ဆင်ခဲ့ကြောင်း ပေါ်ပေါက်၍ ဒေါ်နုနုနှင့် ဦးသိန်းတန်တို့အပေါ် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရလည်းကောင်း၊ ဦးခင်လေးမောင်အပေါ် ယင်းဥပဒေပုဒ်မ ၆ (၁)/၉အရလည်းကောင်း ထိုက်သင့်သော ပြစ်ဒဏ်အသီးသီး ချမှတ်ပါရန် တင်ပြသည်။

၁၉၉၃
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်
နှင့်
ဒေါ်နုနု ပါ-၃

အယူခံတရားခံများ၏ အကျိုးဆောင်က ဒေါ်နုနုသည် မိမိတပ်ဆင်ခွင့်ရထားသော လျှပ်စစ်မီတာကို ဦးသိန်းတန်သို့ရောင်းသည်မှာ မပေါ်ပေါက်ကြောင်း၊ ဒေါ်နုနုသည် မိမိအိမ်ရှင်ဖြစ်သူက ဒေါ်နုနု တပ်ဆင်ခွင့်ရရှိသော လျှပ်စစ်မီတာကို တပ်ဆင်ခွင့် မပြုသဖြင့် ဦးသိန်းတန်အိမ်သို့ ပြောင်းတပ်ခြင်းသာဖြစ်ကြောင်း၊ လျှပ်စစ်မီတာကို လိပ်စာပြောင်းတပ်ခြင်း ဖြစ်၍ ခွင့်ပြုချက် မရဘဲ ဆောင်ရွက်ခဲ့ခြင်းသာ ပေါ်ပေါက်ကြောင်း၊ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ကျော်လွန်ဆောင်ရွက်ခြင်း ဖြစ်သဖြင့် ဌာနဆိုင်ရာ နည်းလမ်းအရသာ အရေးယူ ဆောင်ရွက်သင့်၍ ပြစ်မှုကြောင်းအရ ပြစ်မှု မမြောက်ကြောင်း ဦးကျော်ညွန့်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံအမှု[၁] စီရင်ထုံးကို ကိုးကားလျှောက်လဲသည်။

ဤအမှုတွင် အငြင်းမပွားသော ဖြစ်ရပ်မှာ ကုန်သွယ်ရေးဌာနစားထွေလုပ်ငန်းမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်နုနုသည် မန္တလေး အနောက်တောင်မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ ၎င်း၏ နေအိမ်တွင် အမှန်တကယ် သုံးရန်လိုကြောင်း ဖော်ပြလျှက် အိမ်သုံးလျှပ်စစ်မီတာ တစ်လုံး ချထားပေးရန် လျှောက်ထားရာ ဒေါ်နုနု နေအိမ်အကွက် အမှတ် ၂၁၂၊ သိရိမာလာအနောက်အတွက် လျှပ်စစ်မီတာ တပ်ဆင်ခွင့် ရရှိခဲ့သည်။ သို့သော် ယင်းလျှပ်စစ်မီတာကို အကွက်အမှတ် ၂၂၇၊ သီရိဟေမာအနောက်ရှိ ဦးသိန်းတန်နေအိမ်၌ တပ်ဆင်ထားသည်။ ထိုသို့ တပ်ဆင်နိုင်ရန် အတွက် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က လျှပ်စစ်မီတာ တပ်ဆင်ခွင့်ပြုကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာထံ အကြောင်းကြားသည့်စာ (သက်သေခံ က-၁) တွင် မီတာတပ်ဆင်ရမည့် လိပ်စာကို

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (ရုံးချုပ်) စာ-၄၉၆

"မာလာ" အစား "ဟေမာ"ဟူ၍လည်းကောင်း၊ "၂၁၂" အစား "၂၂၇" ဟူ၍လည်းကောင်း မသိမသာဖျက်၍ ပြင်ဆင်ထားသည်။ အလားတူပင် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာသို့ ပေးပို့ထားသော လျှပ်စစ်မီတာ ၂၆၃ လုံး တပ်ဆင်ခွင့်စာရင်း အမှတ်စဉ် ၁၉၉ တွင်လည်း လိပ်စာဇယားတိုင်၌ မူရင်းစာလုံး "၂၁၂ မာလာ"အစား "၂၂၄ ဟေမာ"ဟူ၍ ဖျက်ပြင်ထားသည်။ ၂၂၇ ဟူ၍တော့ မပြင်ပေ။ မီတာကိုလည်း ၂၂၇ သီရိဟေမာရှိ ဦးသိန်းတန်အိမ်တွင် တပ်ဆင်ထားသည်။ မြို့နယ်လျှပ်စစ်ရုံး၌ ဖော်ပြပါစာတမ်းများကို ဖျက်ပြင်ထားသည့် လက်ရေးမှာ ဒုလက်ထောက်အင်ဂျင်နီယာ၏ လက်ရေးဖြစ်ကြောင်း လက်ရေးပါရဂူက ပြန်ကြားထားသည်။

လျှပ်စစ်မီတာမှာ ပြည်သူပိုင်ပစ္စည်းဖြစ်ကြောင်းမှာ သေချာသည်။ ထို့ကြောင့် လျှပ်စစ်မီတာကို ပြောင်း၍တပ်ဆင်ခြင်းအားဖြင့် ပြည်သူပိုင်ပစ္စည်းကို အလွဲသုံးစားပြုရာ ရောက်မရောက် စိစစ်ရန်ရှိသည်။ ဒေါ်နုနုမှာ လျှပ်စစ်မီတာ သုံးစွဲခွင့်ရရေးအတွက် မိမိနေအိမ်တွင် တပ်ဆင်ရန် အကြောင်းပြလျှောက်ထားခဲ့သည်။ မိမိအိမ်ပိုင် မဟုတ်ကြောင်း သိလျက်နှင့် လျှောက်ထားရယူပြီးမှ အိမ်ရှင်က တပ်ဆင်ခွင့် မပြုဟု ဒေါ်နုနုတို့က အကြောင်းပြသည်။ တပ်ဆင်ခွင့် မပြုလျှင် ပြန်အပ်သင့်သည်။ ထိုသို့ မအပ်ဘဲ ဦးသိန်းတန်နေအိမ်တွင် ပြောင်းလဲတပ်ဆင်ခြင်းသည် မိမိနေအိမ်၌ မီတာသုံးခွင့်ကို အခြားအိမ်သို့ ပြောင်းတပ်ခြင်းဖြင့် မိမိအခွင့်အရေးကို မတရား အသုံးပြုရာရောက်သည်။ သဘောရိုးဖြင့် ဆောင်ရွက်ပါသည်ဟု အကြောင်းပြသည်။ သို့သော် ပြောင်းတပ်နိုင်ခွင့်ရရေးအတွက် မသမာမှုများဖြစ်သည့် အစိုးရစာရွက်စာတမ်းများကို ပြုပြင်ရခြင်းအထိ ပြင်ဆင်မှုများ ပြုလုပ်ရသည်။ ဒေါ်နုနုကိုယ်တိုင် မဖြစ်လင့်ကစား ပြင်ကြောင်းမသိဟု ဆိုစေဦး ဒေါ်နုနုရရှိမည့် မတရား အခွင့်အရေးအတွက် မသမာစွာ ပြုပြင်ခြင်းများ ပေါ်ပေါက်လာရသည်။ ဤအချက်များသည် မရိုးမဖြောင့်မှုကို ညွှန်ပြနေသည်။ ဦးသိန်းတန်အနေဖြင့်မူ ဤမျှအထိ ပါဝင်ပတ်သက်ကြောင်း ဆက်စပ်ယူနိုင်ရန် အလှမ်းဝေးသည်။

ထို့ကြောင့် ဒေါ်နုနုအနေဖြင့် ရရှိထားသည့် ပြည်သူ့ပစ္စည်းသုံးပိုင်ခွင့်ကို လက်မလွှတ်စေရေးအတွက် ဦးသိန်းတန်အိမ်ကို အသုံးချကာ အလွဲသုံးစွဲ ရယူထားကြောင်း ပေါ်လွင်သည်။ ဤပြုလုပ်မှုကို ဖြစ်မြောက်အောင် ဌာနတာဝန်ရှိ ဦးခင်လေးမောင်က မသမာစွာဖြင့် ကူပံ့မှု ပြုလုပ်

ရာရောက်သည်။ ထို့ကြောင့် အယူခံတရားခံများ၏ အကျိုးဆောင် လျှောက်လဲသကဲ့သို့ ဌာနဆိုင်ရာစည်းကမ်းကို ဖောက်ဖျက်မှုသာမဟုတ်ဘဲ မသမာမှုများပါ ပါဝင်နေကြောင်း သုံးသပ်ရရှိသဖြင့် ပြစ်မှုကြောင်းအရ တာဝန်ရှိသည်။ ရည်ညွှန်းကိုးကားသော ဦးကျော်ညွှန့်နှင့် မြန်မာနိုင်ငံတော် အမှုပါ ဖြစ်ရပ်တွင် မသမာမှုများ မရှိခဲ့သဖြင့် ဦးကျော်ညွှန့် အမှုစီရင်ထုံးကို ဤအမှုတွင် လမ်းညွှန်အဖြစ် လက်ခံရန် မဖြစ်နိုင်ပေ။

ထို့ကြောင့် ဒေါ်နနနှင့် ဦးခင်လေးမောင်တို့နှင့် စပ်လျဉ်းသော အယူခံကို ခွင့်ပြု၍ မန္တလေးအနောက်တောင်မြို့နယ် တရားရုံးက ၎င်းတို့အား အမှုမှ အပြီးအပြတ်လွှတ်သော အမိန့်ကို ပယ်ဖျက်ကာ ဒေါ်နနအား ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေပုဒ်မ ၆ (၁)အရလည်းကောင်း၊ ဦးခင်လေးမောင်အား ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁)/၉ အရလည်းကောင်း ပြစ်မှုထင်ရှား စီရင်၍ အလုပ်နှင့် ထောင်ဒဏ် (၆) (ခြောက်)လစီ အသီးသီးကျခံကြစေရန် အမိန့်ချမှတ်လိုက်သည်။ ဦးသိန်းတန်နှင့် စပ်လျဉ်း၍ မူလတရားရုံးက အမှုမှ အပြီးအပြတ်လွှတ်ထားခြင်းကို အတည်ပြုလိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ်တရားသူကြီး ဦးသန်းဖေရှေ့တွင်

+ ၁၉၉၃
မတ်လ
၂၆ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
မမဲသီး (ခ) မသန်းညို *

**လင်ယောကျ်ားဖြစ်သူ၏ ရိုက်နှက်မှုများခံနေရချိန်တွင် မိမိလွတ်ရာ လွတ်ကြောင်းကို ဖြစ်သည့်နည်းဖြင့် ပြုလုပ်မည်သာဖြစ်ခြင်း၊ ခေါင်းအေးအေးထားပြီး ကာကွယ်ခုခံပိုင်ခွင့်ကို တစ်ဆင့်ပြီးတစ်ဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေးတောချိန်ဆနေရန် အချိန်ရမည်မဟုတ်ခြင်း၊ အယူခံတရားခံက အနီးတွင်ရှိသောတုတ်၊ ဓားမှန်းမသိသည့်အရာဖြင့် တစ်ချက်တည်း ရိုက်၍ ထွက်ပြေးလာသည်မှာ ကာကွယ်ခုခံပိုင်ခွင့်ကို ကျော်လွန်သည်ဟု ဆိုရန် ခဲယဉ်းခြင်း။**

**ဆုံးဖြတ်ချက်။** ။ အယူခံတရားခံသည် လင်ယောကျ်ားဖြစ်သူ၏ ရိုက်နှက်မှုများ ခံနေရချိန်တွင် မိမိလွတ်ရာလွတ်ကြောင်းကို ဖြစ်သည့်နည်းဖြင့်ပြုမည်သာဖြစ်သည်။ အယူခံတရားခံအနေဖြင့် ခေါင်းအေးအေးထားပြီး ကာကွယ်ခုခံပိုင်ခွင့်ကို တစ်ဆင့်ပြီးတစ်ဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေးတောချိန်ဆနေရန် အချိန်ရနိုင်မည်မဟုတ်ပေ။ ထိုအခြေအနေတွင် အယူခံတရားခံက အနီးတွင်ရှိ တုတ်၊ ဓားမှန်းမသိသည့်အရာဖြင့် တစ်ချက်တည်း ရိုက်၍ ထွက်ပြေးလာခဲ့သည်မှာ ကာကွယ်ခုခံပိုင်ခွင့်ကို ကျော်လွန်သည်ဟုဆိုရန် ခဲယဉ်းပေသည်။

အယူခံတရားလိုဘက်မှ လျှောက်လဲသကဲ့သို့ လင်မယားစကားများရာမှ ဓားဖြင့် ခုတ်သတ်သည်ဟု သာမန်အားဖြင့် မြင်တွေ့ရမည်ဖြစ်သော်လည်း အယူခံတရားခံအနေဖြင့် မိမိအား အကြီးအကျယ် အပြင်းအထန်နာကျင်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာဖြစ်လောက်အောင် အကြောင်းရှိသည့်

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံအမှတ် ၂၂၆

+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၁တွင် ချမှတ်သော (၂၇-၁-၉၂) ရက်စွဲပါ မန္တလေးတိုင်း (မိတ္ထီလာမြို့နယ်စု) တရားရုံး၏ အမိန့်ကို အယူခံမှု

လက်ရောက်မှုကို သေသူက ထပ်မံကျူးလွန်လိမ့်ဦးမည်ဟု အထင်ရောက်စေသည့် အချိန်အခါမျိုးဖြစ်နေသည်ဟု ယူဆသည်။

သို့ဖြစ်၍ မူလရုံးက အယူခံတရားခံ၏ သေသူ လင်ယောကျ်ားအပေါ် ပြုမူချက်မှာ မိမိအပေါ် အသက်အန္တရာယ်ပြုလိမ့်မည်ဟု စိုးရိမ်ပြီး ကြောက်လန့်စွာဖြင့် ပြုမိပြုရာ ပြန်လည်ပြုလုပ်လိုက်ခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျရောက်ကြောင်း ကောက်ယူ၍ အယူခံတရားခံ မမဲသီးအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းမှာ မှားယွင်းသည် မဆိုနိုင်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးတင်ရှိန်၊ ဒုတိယညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး |
| အယူခံတရားခံအတွက် | – | ဒေါ်သန်းသန်းအေး၊ တရားရုံးချုပ်ရှေ့နေ |

မန္တလေးတိုင်း (မိတ္ထီလာမြို့နယ်စု)၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၁/၉၁ တွင် မမဲသီး (ခ) မသန်းညိုအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ တရားစွဲဆိုခဲ့ရာ တိုင်းတရားရုံးက အပြီးအပြတ် လွှတ်ခဲ့သည်ကို မကျေနပ်၍ ရှေ့နေချုပ်ရုံးမှ တရားရုံးချုပ်သို့ ဤအယူခံကိုတင်သွင်းသည်။

အမှုမှာ သာစည်မြို့နယ်၊ ငှက်ကြီးသိုက်ကျေးရွာနေ မောင်ပြေငြိမ်းနှင့် မမဲသီး (ခ) မသန်းညိုတို့ လင်မယားချင်း ရန်ဖြစ်ရာ မောင်ပြေငြိမ်းက မမဲသီးအား လည်ပင်းညှစ်၍ ပြင်းထန်စွာရိုက်နှက်သဖြင့် မောင်ပြေငြိမ်းအား မမဲသီးက အနီးရှိ ဓားဖြင့်ခုတ်၍ မောင်ပြေငြိမ်း သေဆုံးကြောင်း၊ မမဲသီးက ငှက်ကြီးသိုက်ကျေးရွာအုပ်စု (ရဝတ) ဥက္ကဋ္ဌဦးကြီးလှ (လိုပြ–၁) ထံသို့ တိုင်ကြားခဲ့သည်။ ဦးကြီးလှက (ရဝတ) အဖွဲ့ဝင် ဦးကြည်လွင် (လိုပြ–၃) ကို ခေါ်ယူပြီး အချင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုကြရာ မောင်ပြေငြိမ်းမှာ အိမ်အနောက်ဖက်ခန်းထဲ၌ လည်ဂုတ်တွင် ဓားဒဏ်ရာရရှိကာ သေဆုံးနေကြောင်း တွေ့ရသဖြင့် ဦးကြီးလှက ဟံဓားရဲတပ်ဖွဲ့စခန်းသို့ တိုင်ကြားခဲ့သော အမှုဖြစ်သည်။

အယူခံတွင် ရှေ့နေချုပ်ရုံးမှ အယူခံတရားခံ မမဲသီးကို သေသူမောင်ပြေငြိမ်းက ရိုက်သည့်ကျွန်းပျဉ်ပြားမှာ အထူ ၂" ဗျက် ၁" နှင့် အရှည်တစ်တောင်ခန့် ရှိသော တုတ်သာဖြစ်ပြီး မမဲသီးက ပြေငြိမ်းကိုခုတ်သည့်ဓားမှာ တစ်တောင်ခန့်ရှည်ပြီး ဗျက်လက်လေးသစ်ခန့်ရှိသော ဓားဖြစ်သဖြင့် ကာကွယ်ခုခံပိုင်ခွင့်ကို သုံးသည်ဆိုသော မမဲသီး၏ ချေပ

ချက်ကို လက်မခံသင့်ကြောင်း၊ မမဲသီး၏ ပြုမူချက်မှာ ပြစ်မှုမကင်းသော လူ့သေမှုဖြင့် ပြစ်မှုထင်ရှားစီရင်နိုင်ကြောင်း အဓိကထားတင်ပြသည်။

မှုလရုံးအမှုတွဲကို စိစစ်ကြည့်ရှုရာ ဦးကြီးလှ (လိုပြ-၁)က (၂-၅-၉၁) နေ့ညနေ (၅း၃၀) နာရီခန့်တွင် မမဲသီး ၎င်းထံသို့ ရောက်ရှိလာပြီးနောက် ခင်ပွန်းဖြစ်သူ မောင်ပြေငြိမ်းက ၎င်း၏ လည်ပင်းကို ညှစ်ပြီး ဦးခေါင်းနှင့် ခြေသလုံး၊ ပေါင်၊ ခါးတို့ကို တုတ်ဖြင့်ရိုက်သဖြင့် အနီးရှိဓားဖြင့် ၎င်းကတစ်ချက်ခုတ်လိုက်သည်ဟု ပြောပြသဖြင့် အချင်းဖြစ်အိမ်သို့သွားကြောင်း၊ မောင်ပြေငြိမ်းမှာ အိမ်အနောက်ဖက်ခန်းတွင် လည်ဂုတ်၌ ဓားဒဏ်ရာဖြင့်သေဆုံးနေသည်ကို တွေ့ခဲ့ရကြောင်း၊ မမဲသီး လာတိုင်စဉ်က ၎င်း၏ဦးခေါင်းတွင် ပေါက်ပြဲဒဏ်ရာများဖြင့် သွေးများစီးကျနေသည်ကို တွေ့ရှိရကြောင်း၊ မြက်စင်းရာတွင် အသုံးပြုသောဓားကို မမဲသီးကိုယ်တိုင် လာပေးကြောင်း ထွက်ဆိုသည်။

မမဲသီး၏ မိခင် ဒေါ်ခင်အေး (လိုပြ-၂)က အချင်းဖြစ်နေ့တွင် ပြေငြိမ်းနှင့် မမဲသီးတို့ စကားများသံကြားရပြီး ခဏအကြာတွင် မမဲသီး ရောက်လာကာ ၎င်းအားပြေငြိမ်းက ဆံပင်ဆွဲပြီး တုတ်နှင့်ရိုက်၍ ပြေငြိမ်းအား ဓားလား တုတ်လား မသိနှင့်ပြန်ရိုက်ခဲ့သည်ဟု ပြောပြကြောင်း၊ ပြေငြိမ်းမှာ နေ့စဉ်သောက်စား မူးယစ်ပြီး မမဲသီးအား နှိပ်စက်လေ့ရှိပြီး အချင်းဖြစ်နေ့က ယခင် ကဲ့သို့ပင် ရန်ဖြစ်ကြသည်ထင်၍ သွားမကြည့်ခဲ့ရကြောင်း၊ အချင်းများကြသည့်အခါတိုင်း ဖြန်ဖြေသူကို ပြေငြိမ်းက ရန်လုပ်တတ်ကြောင်း ထွက်ဆိုသည်။

၄က်ကြီးသိုက် ကျေးရွာအုပ်စု (ရဝတ) အဖွဲ့ဝင် ဦးကြည်လွင် (လိုပြ-၃)က အချင်းဖြစ်နေ့ညနေ (၅)နာရီကျော်ခန့်တွင် ဥက္ကဋ္ဌ ဦးကြီးလှ ရောက်လာပြီးနောက် မောင်ပြေငြိမ်းတို့ စကားများတယ် သွားကြည့်ရအောင် ပြော၍ ၎င်းတို့အိမ်သို့သွားကြည့်ရာ မောင်ပြေငြိမ်းမှာ အိမ်ပေါ်ရှိ အနောက်ဘက်ခန်းထောင့်အနီး၌ လည်ဂုတ်တွင် ဓားဒဏ်ရာဖြင့် လဲကျသေဆုံးနေကြောင်း၊ ကြမ်းပြင်ပေါ်တွင် သွေးများစီးကျနေကြောင်း ထွက်ဆိုသည်။

မမဲသီး၏မောင် မောင်တိုးဝင်း (လိုပြ-၄)က အချင်းဖြစ်နေ့ညနေ(၆) နာရီခန့်တွင် မမဲသီးနှင့် ပြေငြိမ်းတို့ကိစ္စကို (ရဝတ) ဥက္ကဋ္ဌဦးကြီးလှက စာရေးပေးသဖြင့် ဟံဘားရဲစခန်းသို့ သွားပို့ပေးခဲ့ရကြောင်း၊ အခင်းဖြစ်ပွားပုံကို မသိကြောင်း၊ ၎င်း၏အစ်မအား ပြေငြိမ်းက အရက်မူးပြီး နှိပ်စက်လေ့ရှိ

ကြောင်း၊ ပြေငြိမ်းမှာ မမဲသီးနှင့် ပေါင်းသင်းစဉ်ကာလအတွင်း မကြာခဏ ထောင်ကျဖူးကြောင်း ထွက်ဆိုသည်။

ကိုကြည်ညွှန့် (လိုပြ-၅) က မောင်တိုးဝင်းနှင့်အတူ ဟံဇာရဲစခန်းသို့ ဥက္ကဋ္ဌ ဦးကြီးလှ၏စာကို ပို့ပေးရပုံများကို ထွက်ဆိုသည်။

ဦးထူး (လိုပြ-၆)က အချင်းဖြစ်နေ့တွင် (ရဝတ) ဥက္ကဋ္ဌဦးကြီးလှက ပြေငြိမ်းအလောင်းကို စောင့်ခိုင်း၍ ၎င်းတို့အိမ်ရှေ့တွင် စောင့်နေရပြီး နောက်တစ်နေ့တွင် သာစည်ဆေးရုံသို့ ၎င်း၏လှည်းဖြင့် ပို့ပေးရကြောင်း ထွက်ဆိုပြီး ပြန်လှန်စစ်မေးရာ၌ ပြေငြိမ်းမှာ ၎င်းတို့ရွာတွင် အရက်မူးသည့်အခါ ဇနီးနှင့် အခြားသူများကို ရန်မူလေ့ရှိကြောင်း၊ ဒေါ်ကုလားမဆိုသူအား အရက်မူးပြီး ဓားနှင့်ခုတ်ခဲ့ကြောင်း၊ ပြေငြိမ်းမှာ လူသတ်မှု၊ ဓားခုတ်မှုများဖြင့် ထောင်ကျဖူးကြောင်း ထွက်ဆိုသည်။

သာစည်မြို့နယ် တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်ခင်စန်းဝင်း (လိုပြ-၇)မှာ အယူခံတရားခံ မမဲသီးက ဖြောင့်ချက်ပေး၍ သက်သေခံ (ဃ) ဖြောင့်ချက်ကို ရေးယူခဲ့သည်ဆိုသည်။ ဖြောင့်ချက်တွင်လည်း အယူခံတရားခံက ကိုပြေငြိမ်းက ၎င်းအား ခေါင်းတွင်မက တစ်ကိုယ်လုံးကို တုတ်ဖြင့်သိမ်းကျုံးရိုက်ကြောင်း၊ ရုန်းကန်၍မရသည့်ပြင် ထွက်ပြေးရန် ကြိုးစားသော်လည်း အပေါက်ပိတ်ထားသောကြောင့် ထွက်ပြေး၍မရကြောင်း၊ ၎င်း၏ခေါင်းမှ သွေးများယိုကျပြီးမူးနောက်နေကြောင်း၊ သေသူက ၎င်းအား သွေးထွက်ရုံမျှမက အသေသတ်ပစ်မည်ဟု ပြောကြောင်း၊ ၎င်းက သေသူ၏ ပုဆိုးကို ဆွဲချွတ်ကြောင်း၊ ၎င်းကရုန်းကန်ပြီး အတင်းကုန်းထလိုက်ရာ သေသူမှာ ပုဆိုးဝတ်ရန်ထလိုက်ရင်း ရှေ့သို့လဲကျသွားကြောင်း၊ ၎င်းက ထွက်ပြေးနိုင်ရန် အနီးအနားတွင်ရှိသော တုတ်၊ ဓားမှန်းမသိသည့်အရာ တစ်ခုဖြင့် ရိုက်ခဲ့ကြောင်း၊ ထွက်ပြေးလာပြီးနောက် (ရဝတ) ဥက္ကဋ္ဌ ဦးကြီးလှထံ ပြေး၍အကြောင်းစုံ ပြောကြားခဲ့ကြောင်း ဖြောင့်ဆိုထားသည်။

ဟံဇာရဲစခန်းမှ ဒုရဲအုပ် (စခန်းမှူး) ဦးစိန်အောင် (လိုပြ-၈)က အမှုစစ်အရာရှိအဖြစ် ဆောင်ရွက်ရသူဖြစ်သည်။

သာစည်ပြည်သူ့ဆေးရုံမှ ဆရာဝန်ဦးအောင်မြတ် (လိုပြ-၉)က ပြေငြိမ်း၏အလောင်းကို (၁၃-၅-၉၁) နေ့တွင် စစ်ဆေးရာ အလောင်း၏ လည်ပင်းနောက်ပိုင်း ဆံစပ်တွင် အလျား ၉"အနက် ၅" ခန့်ရှိ ဓားခုတ်ဒဏ်ရာကြောင့် လည်ပင်းရိုးနှင့် သွေးကြောကြီးများ ပြတ်သွားစေကာ သွေးထွက်လွန်၍ သေဆုံးရခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။ ထို့ပြင်

၁၉၉၃
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
မမဲသီး
(ခ)
မသန်းညို

အယူခံတရားခံ မမဲသီးရရှိခဲ့သည့် ဒဏ်ရာများကို စစ်ဆေးရာ ဦးခေါင်းထိပ်တွင် အလျား ၁" ရှိ အရေပြားထိနက်သော ကွဲပြဲဒဏ်ရာတစ်ခု၊ လက်ယာဘက် ဂျိုစောင်းတွင် ၂"×၂" ရှိ ဖူးရောင်ဒဏ်ရာတစ်ခု၊ လက်ယာဘက်ခြေသလုံးတွင် ၃"× ၉" ရှိ ညိုမဲအစင်းတစ်ခု၊ လက်ဝဲဘက်ပေါင်၊ ပါးနှင့် လက်ပြင်တို့တွင် ကွဲပြဲဒဏ်ရာတစ်ခုစီတို့ကို တွေ့ရကြောင်း ထွက်ဆိုသည်။

အယူခံတရားခံ မမဲသီးက ခင်ပွန်းဖြစ်သူ ပြေငြိမ်းသည် မိမိနှင့် ကလေး(၃)ယောက်ရခဲ့ပြီး (၁၀)နှစ်ခန့် ပေါင်းသင်းသော ခင်ပွန်းဖြစ်ကြောင်း၊ ခင်ပွန်းမှာ အလုပ်အကိုင် အတည်တကျမရှိ၍ မိမိကပင် လုပ်ကိုင်ကျွေးမွေးရကြောင်း၊ အချင်းဖြစ်နေ့က မိမိဈေးရောင်းသွားပြီး အပြန် ထမင်းချက်ရန် ဆန်ပြာနေခိုက် ထမင်းချက်နောက်ကျသည်ဟုဆိုကာ မိမိအား သေသူက ရိုက်ကြောင်း၊ ထမင်းစားချင်ရင် အမေ့အိမ်မှ ယူပေး မည်ဟုဆိုသော်လည်း လက်မခံဘဲ သတ်ချင်သည်ဟုဆိုကာ တုတ်ဖြင့်ရိုက်ကြောင်း၊ မိမိမှာ ပေါက်ပြဲကုန်၍ ကယ်ကြရန် အော်ဟစ်ရာ မအော်ရန် တားမြစ်ပြီး ဆက်ရိုက်ကြောင်း၊ ထို့နောက် တုတ်နဲ့သာမက ဓားနဲ့ခုတ်မည်ဟုဆိုကာ ဆံပင်ဆွဲသဖြင့် ဒရွတ်တိုက်ပါခဲ့ကြောင်း၊ သေသူမှာ လက်တွင် တုတ်လားဓားလားမသိ ကိုင်ထားပြီး မိမိအား ခုတ်ရန် ရွယ်လိုက်စဉ် လဲကျသွားရာ လက်ထဲကိုင်ထားသည့် လက်နက်လည်း ထွက်ကျခဲ့ကြောင်း၊ မိမိက ယင်းလက်နက်ကိုယူ၍ သေသူအား ရိုက်လိုက်ကြောင်း၊ မည်သည့်နေရာကို ထိမှန်းမသိရဘဲ (ရဝတ) ဥက္ကဋ္ဌဦးကြီးလှအိမ်သို့ သွားရောက်သတင်းပို့ခဲ့ကြောင်း၊ မိမိမှာ ခင်ပွန်းဖြစ်သူ ပြုလုပ်မှုကို အသက်ကာကွယ်သည့်အနေဖြင့် ပြန်လည်ခုခံရင်းဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပြီး ဖြောင့်ချက်ပေးခဲ့စဉ်ကလည်း ယင်းအတိုင်းပင် ပြောဆိုခဲ့ကြောင်း၊ ခင်ပွန်းမှာ ရပ်ရွာတွင် ဆိုးသွမ်းသူဖြစ်၍ ဆွေမျိုးများက လာရောက်စောင့်ရှောက်ခြင်းမရှိသည့်အတွက် သက်ဆိုင်ရာ (ရဝတ) များက စောင့်ပေးခဲ့ရကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

မမဲသီး၏ အစ်ကို ဦးကြည်ထွန်း (ခံပြ–၂) က အချင်းဖြစ်နေ့က နေမကောင်း၍ အိပ်ရာထဲလဲနေစဉ် မမဲသီးနှင့် ပြေငြိမ်းတို့ ရန်ဖြစ်သံကြားရကြောင်း၊ အချင်းဖြစ်ပုံကို (ရဝတ) ဥက္ကဋ္ဌဦးကြီးလှ ပြောပြမှ သိရကြောင်းထွက်ဆိုသည်။

ဟံဇားရဲတပ်ကြပ်ကြီး ဦးစံလှ (ခံပြ–၃)က သေသူပြေငြိမ်းမှာ ရွာထဲတွင် အရက်မူးပြီး ရမ်းကားလေ့ရှိသူဖြစ်ကြောင်း၊ ဓားနှင့် ရမ်းကား

၁၉၉၃
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
မမဲသီး
(ခ)
မသန်းညို

သူဖြစ်၍ ရွာတွင် ကြောက်ရွံ့ရသူဖြစ်ကြောင်း၊ မမဲသီးမှာ ကောင်းမွန်စွာ လုပ်ကိုင်စားသောက်နေသူဖြစ်ကြောင်း ထွက်ဆိုသည်။

ဦးကြီးလှ၏သမီး မတင်ဒွေး (ခံပြ-၄) က အချင်းဖြစ်နေ့တွင် မမဲသီး၏ဦးခေါင်း၌ သွေးယိုစီးကျလျက် ၎င်းတို့အိမ်သို့ ရောက်ရှိလာရာ ၎င်း၏ ကလေးကလည်း ငိုသဖြင့် အပြင်သို့ ထွက်သွားရကြောင်း၊ နောက်ပိုင်းကျမှ အချင်းဖြစ်ပွားပုံကို ပြောပြ၍သိရှိရကြောင်း ထွက်ဆိုသည်။

အယူခံတရားခံ မမဲသီး(ခ) မသန်းညို၏ ထွက်ဆိုချက်နှင့် ဖြောင့်ချက် သက်သေခံ(ဃ)အရ အယူခံတရားခံက လင်ယောကျ်ားဖြစ်သူ သေသူ ပြေငြိမ်းအား တုတ်၊ ဓားဟု မသိသောအရာဖြင့် ရိုက်ခဲ့၍ သေဆုံးရခြင်း မှာ အငြင်းမပွားပေ။ အယူခံတရားခံက ၎င်းအပေါ် အမြဲတမ်း ဆိုးသွမ်းခဲ့ သော သေသူက ထမင်းချက်မထားရကောင်းလားဟုဆိုကာ ရိုက်နှက်ခြင်း ပြုခဲ့၍ လင်ယောကျ်ား၏ နှိပ်စက်မှုမှ လွတ်မြောက်ရန်အလို့ငှာ အနီးတွင် တွေ့ရာအရာဝတ္ထုဖြင့် ရိုက်နှက်ခဲ့ခြင်းဖြစ်သည်ဟု ထုချေထားသည်။ မျက်မြင်သက်သေမရှိ၍ အမှုတွင် ပေါ်ပေါက်သော အကြောင်းအချက် များပေါ်၌သာ စိစစ်ရန် ရှိပေသည်။

အယူခံတရားခံသည် သေသူလင်ယောကျ်ားအား ပြုမူပြီးနောက် (ရဝတ) ဥက္ကဋ္ဌ ဦးကြီးလှ၏ နေအိမ်သို့ ပြေးသွားပြီး ပြောဆိုရာတွင် အယူခံတရားခံ၏ ဦးခေါင်းမှသွေးများယိုစီးကျနေသည်ကို တွေ့ရှိရသည်ဟု ပေါ်ပေါက်သည်။ ဒေါက်တာ အောင်မြတ် (လိုပြ-၉) ၏ ထွက်ဆိုချက် အရလည်း အယူခံတရားခံ၏ ဦးခေါင်းကွဲသည့်ဒဏ်ရာ၊ ညာဘက် ဂျိုစောင်းအထက်နားတွင် ဖူးရောင်ဒဏ်ရာ၊ ညာခြေသလုံး၊ ဝဲပေါင်နှင့် ဝဲဘက်ခါးတို့တွင် ညိုမဲဒဏ်ရာများ ရရှိသည်ဟုလည်း ပေါ်လွင်သည်။ သို့ဖြစ်ရာ သေသူလင်ယောကျ်ားက အယူခံတရားခံအား နာကျင်စေမှုများ ပြုမူသည်မှာ ထင်ရှားသည်။ အယူခံတရားခံ၏ ဦးခေါင်းထိပ်တွင် အလျား ၁-လက်မနှင့် အရေပြားထိ နက်သော ကွဲပြဲဒဏ်ရာ၊ ညာဘက် ဂျိုစောင်းအထက်နားတွင် ၂"× ၂"ရှိ ဖူးရောင်ဒဏ်ရာများ ရရှိကြောင်း ပေါ်ပေါက်ရာ အဆိုပါဒဏ်ရာများမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀ တွင် ပြဋ္ဌာန်းထားသော လက္ခဏာရောက်မှုများဟု ဆိုနိုင်ပေသည်။ ထို့ပြင် သေသူ ကိုပြေငြိမ်းတွင်လည်း လည်ပင်းတွင် ဓားဒဏ်ရာတစ်ချက်သာ ရရှိကြောင်း ပေါ်ပေါက်ရာ အယူခံတရားခံအနေဖြင့် မိမိအသက်အန္တရာယ်ကို ကာကွယ် သည့်အနေဖြင့် ပြုမူသည်ဟု ယူဆရန်ရှိပေသည်။

အထက် သုံးသပ်ခဲ့သည့်အတိုင်း အယူခံတရားခံသည် လင်ယောကျ်ား ဖြစ်သူ၏ ရိုက်နှက်မှုများ ခံရနေချိန်တွင် မိမိလွတ်ရာလွတ်ကြောင်းကို ဖြစ်သည့်နည်းဖြင့် ပြုမည်သာဖြစ်သည်။ အယူခံတရားခံအနေဖြင့် ခေါင်း အေးအေးထားပြီး ကာကွယ်ခုခံပိုင်ခွင့်ကို တစ်ဆင့်ပြီးတစ်ဆင့် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု တွေးတောချိန်ဆနေရန် အချိန်ရနိုင်မည်မဟုတ်ပေ။ ထို အခြေအနေတွင် အယူခံတရားခံက အနီးတွင်ရှိ တုတ်၊ ဓားမှန်းမသိသည့် အရာဖြင့် တစ်ချက်တည်း ရိုက်၍ ထွက်ပြေးလာခဲ့သည်မှာ ကာကွယ်ခုခံ ပိုင်ခွင့်ကို ကျော်လွန်သည်ဟုဆိုရန် ခဲယဉ်းပေသည်။

အယူခံတရားလိုဘက်မှ လျှောက်လဲသကဲ့သို့ လင်မယားစကားများ ရာမှ ဓားဖြင့်ခုတ်သတ်သည်ဟု သာမန်အားဖြင့် မြင်တွေ့ရမည်ဖြစ်သော် လည်း အယူခံတရားခံအနေဖြင့် မိမိအားအကြီးအကျယ် အပြင်းအထန် နာကျင်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်လောက်အောင် အကြောင်းရှိ သည့်လက်ရောက်မှုကို သေသူက ထပ်မံကျူးလွန်လိမ့်ဦးမည်ဟု အထင် ရောက်စေသည့်အချိန်အခါမျိုးဖြစ်နေသည်ဟု ယူဆသည်။

သို့ဖြစ်၍ မူလရုံးက အယူခံတရားခံ၏ သေသူလင်ယောကျ်ား အပေါ်ပြုမှုချက်မှာ မိမိအပေါ် အသက်အန္တရာယ်ပြုလိမ့်မည်ဟု စိုးရိမ်ပြီး ကြောက်လန့်စွာဖြင့် ပြုမိပြုရာ ပြန်လည်ပြုလုပ်လိုက်ခြင်းသည် ကာကွယ်ခုခံ ပိုင်ခွင့်အတွင်း ကျရောက်ကြောင်း၊ ကောက်ယူ၍ အယူခံတရားခံ မမဲ့သီး အား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းမှာ မှားယွင်းသည်မဆိုနိုင်ပေ။

ထို့ကြောင့် အယူခံကို ခွင့်ပြုရန် အကြောင်းမမြင်၍ ပလပ်လိုက် သည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင့်နှင့် ဦးသန်းပေတို့ရှေ့တွင်**

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
မောင်မြင့်ကြည် *

+ ၁၉၉၃
ဇူလိုင်လ ၈
ရက်

**သက်သေခံဆေးခြောက်များကို ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင်များက ရှာဖွေသိမ်းဆည်းခြင်းသည် ဥပဒေနှင့် ညီညွတ်မှုရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ အများပြည်သူ ဝင်ထွက်သွားလာနိုင်ခြင်း မပြုနိုင်သော အိမ်ဂေဟာနေရာ၊ ယာဉ်စသည်တို့တွင် ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့ရဲတပ်ဖွဲ့၊ ဒုရဲအုပ်ထက် မနိမ့်သော အရာရှိကသော်လည်းကောင်း၊ အကောက်ခွန်ဝန်ထမ်းအဆင့် (၁) ထက် မနိမ့်သော ဝန်ထမ်းကသော်လည်းကောင်း ရှာဖွေဝရမ်းမပါဘဲ ဝင်ရောက် ရှာဖွေနိုင်သည်ဟု နည်းဥပဒေအပိုဒ် ၄၉ (က) တွင် ပြဋ္ဌာန်းထားသည်။

ထို့ပြင် သက်သေခံပစ္စည်းကို ဖျောက်ဖျက်မည်၊ သိဝှက်မည် သို့မဟုတ် ပြစ်မှုကျူးလွန်သူအား လွတ်မြောက်နိုင်ရန် အခွင့်အရေး ရရှိနိုင်စေမည်ဟု ယုံကြည်ရန်အကြောင်းရှိသည်ဟု အထက်ဖော်ပြပါဝန်ထမ်းက ယုံကြည်လျှင် စာဖြင့်ရေးမှတ်၍ နေဝင်နှင့်နေထွက်အကြား အဆိုပါ အိမ်ဂေဟာ၊ နေရာ၊ ယာဉ်စသည်တို့တွင် ရှာဖွေဝရမ်းမပါဘဲ ဝင်ရောက်ရှာဖွေနိုင်သည်ဟု နည်းဥပဒေအပိုဒ် ၄၉ (ခ) ၌ ပြဋ္ဌာန်းထားသည်။

ယခုအမှု၌ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခြင်းဖြစ်၍ ဖော်ပြပါနည်းဥပဒေ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိ ဆိုခြင်းမှာ မှန်ကန်ကြောင်း တွေ့ရသည်။

---

* ၁၉၉၂ခုနှစ် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၂၇

+ ၁၉၉၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၉၆၇ တွင် ချမှတ်သော (၂၆-၆-၉၁) ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံမှု

အယူခံတရားလိုအတွက် – ဦးတင်ရှိန်၊ ဒုတိယညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် – ကိုယ်တိုင် (မလာ)

ပဲခူးတိုင်းတရားရုံး (ပဲခူးမြို့နယ်စု) ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄၄/၈၉ တွင် မောင်လှဝင်းနှင့် မောင်မြင့်ကြည်တို့အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က (ခ)အရ စွဲချက်တင်စစ်ဆေးပြီးနောက် ၎င်းတို့အား အမှုမှအပြီးအပြတ် လွတ်သောအမိန့်ကို ချမှတ်ခဲ့သည်။ တရားခံ (၂)ဦးအနက် မောင်မြင့်ကြည် အား အမှုမှ အပြီးအပြတ်လွတ်သောအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၉၆၇/၉၀ တွင် အယူခံ ဝင်ရောက်ခဲ့သည်။ တရားရုံးချုပ်က ပဲခူးတိုင်း တရားရုံး၏ အမိန့်ကို အတည်ပြုပြီး အယူခံကိုပလပ်ကြောင်း (၂၆–၆–၉၁) ရက်စွဲနေ့က အမိန့် ချမှတ်ခဲ့သည်။ အဆိုပါ တရားရုံးချုပ်၏အမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ ဤအထူးအယူခံကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ပဲခူးတိုင်း၊ ပဲနွယ်ကုန်းမြို့၊ သဲတောရွာနေ မောင်လှဝင်း၏ နေအိမ်သေတ္တာထဲ၌ စိမ်းရွှေရွှေအနံ့ရှိ အထုပ်တစ်ထုပ် တွေ့ရှိကြောင်း၊ ယင်းအိမ်အား စောင့်နေရသူ မခင်ပို၏ သတင်းပေးချက်အရ ရပ်ကွက်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိန်မြင့်နှင့်အဖွဲ့က သွားရောက် ကြည့်ရှုရာ ဆေးခြောက် ၇၅ ကျပ်သားခန့်ရှိ အထုပ်တစ်ထုပ်ကို တွေ့ရှိရ ကြောင်း၊ နောက်တစ်နေ့တွင် ပဲနွယ်ကုန်း ရဲစခန်းသို့ တိုင်ကြားကာ သက်သေခံ ဆေးခြောက်ကိုပါ အပ်နှံခဲ့ကြောင်း၊ ရဲစခန်းမှ မောင်လှဝင်းနှင့် မောင်မြင့်ကြည်တို့အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘောဖြစ်စေတတ် သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က(ခ)၊ ၇–က(ခ)၊ ၁၀ (ခ) နှင့် ၁၄(ဃ) တို့အရ တရားစွဲဆိုတင်ပို့ရာမှ အမှုစတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။

အယူခံတရားလိုက အဓိကအယူခံအကြောင်းပြချက်အဖြစ် တင်ပြ ရာ၌ အိမ်စောင့် မခင်ပို၏ သတင်းပေးချက်အရ မောင်လှဝင်း၏နေအိမ် သေတ္တာထဲမှ သက်သေခံပစ္စည်းဆေးခြောက် ၇၅ ကျပ်သား တွေ့ရှိရကြောင်း နှင့် ယင်းဆေးခြောက်ကို မောင်မြင့်ကြည်က လာထားသွားသည်ဟု ပေါ် ပေါက်ပါလျက် မောင်မြင့်ကြည်အား အပြစ်မပေးခြင်းသည် မှန်ကန်မှု မရှိကြောင်း၊ ရှာဖွေပုံနည်းလမ်းကျနမှုမရှိသော်လည်း နိုင်ငံတော်က တာဝန် ပေးထားသော ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က သိမ်းဆည်း

ခြင်းဖြစ်၍ ရှာဖွေတွေ့ရှိမှုသည် လုံးဝပျက်ပြယ်သွားသည်ဟု မဆိုသင့်ကြောင်း၊ သက်သေခံဥပဒေအရ မည်သည့်အမှုမျိုးတွင် သက်သေ မည်မျှရှိရမည်ဟု သတ်မှတ်မထားသောကြောင့် ယုံကြည်ထိုက်သည့်သက်သေ ဟုတ် မဟုတ် သာလျှင် အဓိကဖြစ်ကြောင်းဖြင့် တင်ပြထားသည်။

ယခုအမှု၌ အဓိကဆုံးဖြတ်ရမည့်ပြဿနာမှာ သက်သေခံဆေးခြောက်များကို ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဝင်များက ရှာဖွေသိမ်းဆည်းရမိခြင်းဖြစ်ရာ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေအပိုဒ် ၄၉(က)နှင့် (ခ) တို့အရ ဥပဒေနှင့် ညီညွတ်မှုရှိမရှိ၊ တရားမျှတမှု ရှိမရှိတို့ကို သုံးသပ်ဆုံးဖြတ်ရန် ဖြစ်ပေသည်။

တိုင်းတရားရုံး၏ အမှုတွဲကို လေ့လာရာ၌ အချင်းဖြစ်သက်သေခံ ပစ္စည်းဆေးခြောက် ၇၅ကျပ်သားခန့်ကို မောင်လှဝင်း(ခံပြ–၁)၏ နေအိမ်ရှိ ထင်းရှူးသေတ္တာထဲမှ ရှာဖွေတွေ့ရှိကြောင်း အငြင်းမပွားပေ။ ယင်းသို့ ဆေးခြောက်ရှိကြောင်း မောင်လှဝင်းမရှိခိုက် နေအိမ်ကို စောင့်ရသူ မောင်လှဝင်း၏မရီး မခင်ပို၏ သတင်းပေးချက်အရ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိန်မြင့် (လိုပြ–၁)၊ ဦးတင်ရွှေ (လိုပြ–၃) နှင့် ဦးမဲ (လိုပြ–၄) တို့က သွားရောက်ရှာဖွေရာမှ တွေ့ရှိခြင်းဖြစ်သည်။ မခင်ပို (လိုပြ–၂)၏ ထွက်ချက်အရ ယင်းဆေးခြောက်ထုပ်ကို ပဲခူးရပ်၊ ကျောက်ကြီးမြို့နေ မောင်မြင့်ကြည်မှ လာရောက်ထားသွားခြင်းဖြစ်ကြောင်း၊ လာထားသည့် ပစ္စည်းမှာ မည်သည့်ပစ္စည်းဖြစ်သည်ဟု မသိကြောင်း၊ မည်သူ့ကိုမျှ မပြောရန် မိမိအား ပြောသွားကြောင်းဖြင့် မခင်ပို (လိုပြ–၂) က ထွက်ဆိုထားသည်။

တိုင်းတရားရုံးက ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များမှ အချင်းဖြစ် မောင်လှဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေခြင်းမှာ နည်းဥပဒေအပိုဒ် ၄၉ (က) (ခ)တို့နှင့် ညီညွတ်မှုမရှိကြောင်း၊ မိမိနေထိုင်ခြင်း မရှိသော နေအိမ်ပေါ်မှ မူးယစ်ဆေးဝါး တွေ့ရှိမှုအတွက် မောင်လှဝင်းအပေါ် တာဝန်မရှိကြောင်း၊ မောင်မြင့်ကြည်နှင့် ပတ်သက်၍လည်း မခင်ပိုတစ်ဦးတည်း၏ ထွက်ချက်သာရှိပြီး ကျန်သက်သေများက ထောက်ခံထားခြင်း မရှိကြောင်းဖြင့် သုံးသပ်ကာ တရားခံ (၂) ဦးစလုံးကို အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းဖြစ်သည်။

တရားရုံးချုပ်ကလည်း အချင်းဖြစ်ဆေးခြောက်ကို မောင်မြင့်ကြည်မှ လာထားသွားသည်ဆိုသော အချက်နှင့် စပ်လျဉ်း၍ မခင်ပို (လိုပြ–၂)

တစ်ဦးတည်း၏ တွက်ချက်သာရှိသောကြောင့် သံသယရှိပြီး အပြစ်ပေးရန် မခိုင်လုံကြောင်း၊ မခင်ပို (လိုပြ–၂) ၏ သတင်းပေးချက်အရ ဦးစိန်မြင့် (လိုပြ–၁) ခေါင်းဆောင်သော အဖွဲ့က ဆေးခြောက်ထုပ်ကို တစ်ည သိမ်းဆည်းထားပြီး နောက်ရက်မှ ရဲထံအပ်ပေးသည်ဟု ပေါ်လွင်ကြောင်း၊ ရှာဖွေပုံမှာ နည်းဥပဒေအပိုဒ် ၄၉နှင့် မညီညွတ်ကြောင်း၊ ကြီးလေးသော ပြစ်ဒဏ်ထိုက်နိုင်သည့် ယခုကဲ့သို့သော ပြစ်မှုတွင် တရားခံပြစ်မှု ကျူးလွန်ကြောင်း လုံလောက်သည့် အထောက်အထားရှိရန် လိုအပ်ကြောင်းဖြင့် သုံးသပ်လျက် တိုင်းတရားရုံး၏ အမိန့်ကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

အများပြည်သူ ဝင်ထွက်သွားလာနိုင်ခြင်း မပြုနိုင်သော အိမ်ဂေဟာ နေရာ၊ ယာဉ်စသည်တို့တွင် ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်း၊ တို့နှင့် စပ်လျဉ်း၍ ပြည်သူ့ရဲတပ်ဖွဲ့၊ ဒုရဲအုပ်ထက် မနိမ့်သော အရာရှိကသော် လည်းကောင်း၊ အကောက်ခွန် ဝန်ထမ်းအဆင့် (၁) ထက် မနိမ့်သော ဝန်ထမ်းကသော်လည်းကောင်း ရှာဖွေဝရမ်းမပါဘဲ ဝင်ရောက်ရှာဖွေနိုင်သည် ဟု နည်းဥပဒေအပိုဒ် ၄၉(က)တွင် ပြဋ္ဌာန်းထားသည်။ ထို့ပြင် သက်သေခံ ပစ္စည်းကို ဖျောက်ဖျက်မည်၊ သိဝှက်မည် သို့မဟုတ် ပြစ်မှုကျူးလွန်သူအား လွတ်မြောက်နိုင်ရန် အခွင့်အရေးရရှိနိုင်စေမည်ဟု ယုံကြည်ရန် အကြောင်း ရှိသည်ဟု အထက်ဖော်ပြပါ ဝန်ထမ်းက ယုံကြည်လျှင် စာဖြင့်ရေးမှတ်၍ နေဝင်နှင့်နေထွက်အကြား အဆိုပါ အိမ်ဂေဟာ၊ နေရာ၊ ယာဉ်စသည်တို့တွင် ရှာဖွေဝရမ်းမပါဘဲ ဝင်ရောက်ရှာဖွေနိုင်သည်ဟု နည်းဥပဒေ အပိုဒ် ၄၉ (ခ)၌ ပြဋ္ဌာန်းထားသည်။ ယခုအမှု၌ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခြင်းဖြစ်၍ ဖော်ပြပါ နည်းဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိဆိုခြင်းမှာ မှန်ကန်ကြောင်း တွေ့ရသည်။

ရှေ့နေချုပ်ရုံးက လျှောက်လဲတင်ပြရာ၌ မခင်ပို၏ သတင်းပေးချက် အရ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က သွားကြည့်ရာမှ အချင်းဖြစ် ဆေးခြောက်ကို တွေ့ရခြင်းဖြစ်ကြောင်း၊ ရှာဖွေပုံနည်းလမ်း မကျရုံမျှနှင့် ပစ္စည်းတွေ့သည်မှာ မပျက်ပြယ်နိုင်ကြောင်း၊ ယခုကိစ္စ၌ နည်းဥပဒေအပိုဒ် ၄၉ (က)(ခ) နှင့်အညီ ရှာဖွေမှုကို ပြုလုပ်ခြင်းမဟုတ် ကြောင်း ပြည်သူ့ရဲနှင့် အကောက်ခွန်ဦးစီးဌာနက ရှာခြင်းမဟုတ်လျှင် တရားခံကို လွှတ်ရမလို ဖြစ်နေကြောင်း၊ အခြားတစ်စုံတစ်ယောက်က

အခြားနည်းရှာဖွေ တွေ့ရှိသည်များလည်းရှိနိုင်ကြောင်း၊ သို့ဖြစ်၍ အလားတူ အမှုမျိုးအတွက် ခိုင်မာသည့်မှုကို ချမှတ်ပေးသင့်ကြောင်းဖြင့် လျှောက်လဲ တင်ပြသွားသည်။

သက်သေခံဆေးခြောက်ကို မောင်မြင့်ကြည်မှ လာထားသွားသည် ဟူသောအချက်ကို မခင်ပို (လိုပြ-၂) တစ်ဦးတည်းကသာ ထွက်ဆိုထား သည်။ ၎င်း၏ထွက်ချက် မှန်ကန်ကြောင်း ထောက်ခံသက်သေမရှိပေ။ ယင်းထွက်ချက်ကို မခင်ပို (လိုပြ-၂)က ရုံးရှေ့ကျမှ ထွက်ဆိုခြင်းဖြစ်သည်။ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ထံ တိုင်ကြားစဉ်ကလည်း ကောင်း၊ ရဲများမှ ပစ္စည်းသိမ်းဆည်းစဉ်ကလည်းကောင်း တစ်စုံတစ်ရာ ထည့်သွင်းပြောကြားခဲ့ခြင်း မရှိပေ။ ဦးစိန်မြင့် (လိုပြ-၁)၊ ဦးတင်ရွှေ (လိုပြ-၃)နှင့် ဦးမဲ (လိုပြ-၄)တို့၏ ထွက်ချက်အရ ယင်းအချက်မှာ ထင်ရှားလျက်ရှိသည်။

ထို့ပြင် မခင်ပို (လိုပြ-၂) သည် အိမ်ရှင် မောင်လှဝင်း၏ မရီး ဖြစ်သည်။ ဆေးခြောက်ကို မည်သူမည်ဝါက လာထားသည်ဟု မပြော နိုင်လျှင် ၎င်းကိုယ်တိုင်နှင့် အိမ်ရှင်မောင်လှဝင်းတို့အပေါ် တာဝန်ကျရောက်ပေ မည်။ ယင်းသို့သော အခြေအနေကို သဘောပေါက်လာ၍ ရုံးရှေ့၌ ယခု ကဲ့သို့ မောင်မြင့်ကြည်မှ လာထားသည်ဟု လုပ်ကြံထွက်ဆိုခြင်း မဟုတ် ဟုလည်း မဆိုနိုင်ပေ။ ထို့ပြင် ပစ္စည်းရှာဖွေပုံစံပေါ်၌ မခင်ပို (လိုပြ-၂)က အပ်ပေးသူအဖြစ် လက်မှတ်ရေးထိုးခဲ့သည်။ မောင်လှဝင်းသော်လည်းကောင်း၊ မောင်မြင့်ကြည်သော်လည်းကောင်း ရှာဖွေပုံစံပေါ်၌ လက်မှတ်ရေးထိုး ထားခြင်း မရှိသည်ကိုလည်း သတိထားရပေမည်။ သက်သေခံပစ္စည်းနှင့် ပတ်သက်၍ ပေးအပ်သူ မခင်ပို၌သာ လုံးဝတာဝန်ရှိကြောင်း ပေါ်ပေါက်ပြီး မောင်လှဝင်းနှင့် မောင်မြင့်ကြည်တို့၌ တာဝန်ရှိသည်ဟု ပေါ်ပေါက်ခြင်း မရှိချေ။

သို့ဖြစ်၍ တရားခံ မောင်မြင့်ကြည်အား အမှုမှ အပြီးအပြတ် လွှတ်စေ ရန် ချမှတ်ထားသော ပဲခူးတိုင်း တရားရုံး (ပဲခူးမြို့နယ်စု) ၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော တရားရုံးချုပ်၏ အမိန့်တို့သည် ဥပဒေနှင့်အညီ ချမှတ်ထားခြင်းဖြစ်သည်။ အဆိုပါ အမိန့်များကို ကျွန်ုပ်တို့က ဆက်လက် အတည်ပြု၍ ဤအထူးအယူခံကို ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်းရွှေ့တွင်

+ ၁၉၉၃
ဩဂုတ်လ
၆ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ယားလို *

**ရှာလယ်လမ်းပေါ်တွင် ဘိန်းထုပ်ကို ပေါင်ကြားတွင် ဝှက်၍ ယူဆောင်လာစဉ် ဖမ်းမိခဲ့ခြင်းမှာ ပြုလုပ်မှုတစ်ရပ်တည်းမှ ပေါ်ပေါက်လာခြင်းဖြစ်၍ ပြစ်ဒဏ်(၂)ရပ်ကို တစ်ပြိုင်တည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီ မညီ။**

**ဆုံးဖြတ်ချက်။** ။ ရှမ်းပြည်နယ် တရားရုံး (မိုင်းပျင်းမြို့နယ်စု) ၏ အမိန့်တွင် အောက်ပါအတိုင်း အမိန့်ချမှတ်ထားသည် –

" တရားခံယားလို (ဘ) ဦးကျဖူးအပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က (ခ)အရ အလုပ်ဖြင့် ထောင်ဒဏ် (၁၀)နှစ်နှင့် ငွေဒဏ် ၅၀၀၀ိ/– ပေးဆောင်စေ၊ မဆောင်က နောက်ထပ်ထောင်ဒဏ် (၂) နှစ် ကျခံစေ။

၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၇–က (ခ)အရ ထောင်ဒဏ် (၁၀)နှစ် ကျခံစေရန်နှင့် ငွေ ဒဏ် ၅၀၀၀ိ/– ပေးဆောင်စေ၊ မဆောင်က နောက်ထပ်ထောင်ဒဏ် (၂) နှစ်ကျခံစေ၊ ပြစ်ဒဏ် ၂ ရပ်ကို တစ်ပြိုင်တည်း ကျခံစေ။"

ပြည်နယ် တရားရုံးက ယင်းသို့အမိန့်ချမှတ်ခဲ့ခြင်းကြောင့် ယားလို အပေါ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က (ခ)အရနှင့် ပုဒ်မ ၇–က(ခ) အရ ချမှတ်ထားသော ငွေဒဏ် ၅၀၀၀ိ/– စီကို တစ်ပြိုင်တည်း ကျခံစေရန် လည်းကောင်း၊ ယင်းငွေဒဏ်

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃(က)

\+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၆ တွင် ချမှတ်သော (၂၀–၅–၉၂) ရက်စွဲပါ ရှမ်းပြည်နယ် (မိုင်းပျင်းမြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

မဆောင် ပျက်ကွက်ပါက နောက်ထပ်ကျခံစေရန် ထောင်ဒဏ် (၂) နှစ်စီကို လည်း တစ်ပြိုင်တည်း ကျခံစေရန် လည်းကောင်း၊ သဘောသက်ရောက်နေသည့် အမိန့်မှာမူ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် အေးမောင်၊ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံးစာမျက်နှာ ၃၆၂ အမှုတွင် ချမှတ်ခဲ့သည့်အမိန့်အရ ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

လျှောက်ထားသူအတွက် – ဦးမြင့်နိုင် (လက်ထောက်ညွှန်ကြားရေးမှူး) ရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူအတွက် – ကိုယ်တိုင်–မလာ

ရှမ်းပြည်နယ် တရားရုံး (မိုင်းပျင်းမြို့နယ်စု)၏ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၆/၉၁ တွင် ယားလိုအား ၁၉၇၄ နှစ် မူးယစ်ထုံထိုင်းသောပြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က(ခ)နှင့် ပုဒ်မ ၇–က(ခ) တို့အရ ထောင်ဒဏ်(၁၀)နှစ်စီနှင့် ငွေဒဏ် ၅၀၀၀ိ/– စီပေးဆောင်စေ၊ မဆောင်က နောက်ထပ်ထောင်ဒဏ် (၂) နှစ်စီကျခံစေ၊ ယင်းပြစ်ဒဏ် ၂ ရပ်ကို တစ်ပြိုင်တည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်မှာ တရားခံအပေါ် ပြုလုပ်မှုတစ်ရပ်တည်းအတွက် ပြစ်ဒဏ် ၂ ရပ်ချမှတ်ခဲ့ပြီး ငွေဒဏ် ၂ ရပ်ကိုလည်း တစ်ပြိုင်တည်း ချခဲ့ခြင်းဖြစ်သဖြင့် ဥပဒေအရ မှားယွင်းနေသဖြင့် ပြင်ဆင်ပေးရန် မိုင်းပျင်းမြို့နယ်စု တရားသူကြီး၏ တင်ပြချက်အရ ရှမ်းပြည်နယ် တရားသူကြီးက တရားရုံးချုပ်သို့ ထပ်ဆင့်တင်ပြသည်။

အမှုမှာ (၅–၄–၉၁) ရက်နေ့ ၁၅:၃၀နာရီခန့်တွင် သတင်းအရ ဟောင်လီရွာသို့ သွားရောက်စောင့်ဆိုင်းဖမ်းဆီးခဲ့ရာ ကျောပိုးအိတ်တစ်လုံးဖြင့် ရွာလယ်လမ်းအတိုင်း လျှောက်လာသူ ယားလိုအား တွေ့ရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေရာ ၎င်း၏ ပေါင်ကြားအတွင်းမှ ရှမ်းစက္ကူဖြင့် ထုပ်ထားသော ၁ ပိဿာခန့်ရှိ ဘိန်းစိမ်းတစ်ထုပ်တွေ့ရှိကြောင်း၊ ထို့ကြောင့် ယားလိုအား အရေးယူပေးရန် ဒုရဲအုပ်ဦးသောင်းက မိုင်းတုံ ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားခဲ့သော အမှုဖြစ်သည်။

မူလမှုတွင် ရဲစခန်း၌ သတင်းပေးချက် ရေးဖွင့်ခဲ့သူ ဒုရဲအုပ်ဦးသောင်းမှာ ကျိုင်းတုံသို့ ပြောင်းရွှေ့သွားခဲ့သဖြင့် ၎င်းကိုယ်စား မိုင်းတုံပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ဦးစိုးဝင်း၊ တရားခံအား ဖမ်းဆီးစဉ်က ပါရှိခဲ့သူ တပ်ကြပ်ငိုင်ဟာနှင့် ရှာဖွေသက်သေ (ရဝတ) ဥက္ကဋ္ဌဦးသောင်းစိန်တို့အား စစ်ဆေးပြီးနောက် တရားခံ ယားလိုအပေါ် အထက်ဖော်ပြပါ ပြစ်မှု ၂ရပ်

၁၉၉၃
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ယားလို

ဖြင့် စွဲချက်တင်ခဲ့ရာ အပြစ်ရှိကြောင်း ဝန်ခံသဖြင့် ၎င်းအား တိုင်းတရားရုံး (မိုင်းပျင်းမြို့နယ်စု) က ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်သည်။

မိုင်းပျင်းမြို့နယ်စုမှ လက်ထောက်ပြည်နယ်တရားသူကြီး ဦးအုန်းသွင် လုပ်သက်ခွင့် ခံစားနေစဉ် ပူးတွဲတာဝန် ထမ်းဆောင်ခဲ့သူ ကျိုင်းတုံမြို့နယ်စုမှ လက်ထောက်ပြည်နယ် တရားသူကြီး ဦးကျော်သောင်းက (၂၀-၅-၉၂) ရက်နေ့တွင် မိုင်းပျင်းမြို့သို့ ရောက်ရှိခဲ့ပြီး ယင်းနေ့တစ်နေ့တည်းတွင် ဒုရဲအုပ် ဦးစိုးဝင်းအား စစ်ဆေးခြင်း၊ တရားခံယားလိုအပေါ် စွဲချက်တင်ခြင်း၊ တရားခံ၏ ဝန်ခံချက်အရ ၎င်းအား ပြစ်ဒဏ်စီရင်ချမှတ်ခဲ့ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

" x x x x x x x x x
x x x x x x x x x

တည်ဆဲဥပဒေအရ တစ်ဦးတစ်ယောက်သောသူ၏ ပြုလုပ်မှုသည် သီးခြားပြစ်မှု ၂ မျိုးသော်လည်းကောင်း၊ ၂ မျိုးထက်ပို၍သော်လည်းကောင်း မြောက်နိုင်လျှင် သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်လျှင် ထိုသူအား x x x x x
x x x x x x x x x x

တရားရုံးက ပြစ်မှုတစ်ခုခုအတွက် ပေးနိုင်သော ပြစ်ဒဏ်ထက် ပိုမိုပြင်းထန်သော ပြစ်ဒဏ်ကိုမပေးရ။"

ရှမ်းပြည်နယ် တရားရုံး (မိုင်းပျင်းမြို့နယ်စု) ၏ အမိန့်တွင် အောက်ပါအတိုင်း အမိန့်ချမှတ်ထားသည်-

"တရားခံယားလို (ဘ)ဦးကျဖူးအပေါ် ၁၉၇၄ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆-က(ခ)အရ အလုပ်ဖြင့်ထောင်ဒဏ် (၁၀)နှစ်နှင့် ငွေဒဏ် ၅၀၀၀ိ/ ပေးဆောင်စေ၊ မဆောင်က နောက်ထပ်ထောင်ဒဏ်(၂)နှစ် ကျခံစေ၊

၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၇-က(ခ) အရ ထောင်ဒဏ် (၁၀)နှစ် ကျခံစေရန်နှင့် ငွေဒဏ် ၅၀၀၀ိ/-ပေးဆောင်စေ၊ မဆောင်က နောက်ထပ်ထောင်ဒဏ် (၂)နှစ်ကျခံစေ၊

ပြစ်ဒဏ် ၂ ရပ်ကို တစ်ပြိုင်တည်းကျခံစေ။"

၁၉၉၃
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ယားလို

ပြည်နယ်တရားရုံးက ယင်းသို့ အမိန့်ချခဲ့ခြင်းကြောင့် ယားလို အပေါ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆-က(ခ)အရ နှင့် ပုဒ်မ ၇-က (ခ) အရ ချမှတ်ထားသော ငွေဒဏ် ၅၀၀၀ဝိ/-စီကို တစ်ပြိုင်တည်း ကျခံစေရန်လည်းကောင်း ယင်းငွေဒဏ် မဆောင်ပျက်ကွက်ပါက နောက်ထပ်ကျခံစေရန် ထောင်ဒဏ် ၂ နှစ်စီကိုလည်း တစ်ပြိုင်တည်း ကျခံစေရန်လည်းကောင်း သဘောသက်ရောက်နေသည့် အမိန့်မှာမူ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် အေးမောင် ၁၉၄၈ ခုနှစ် မြန်မာ နိုင်ငံစီရင်ထုံး စာမျက်နှာ ၃၆၂ အမှုတွင် ချမှတ်ခဲ့သည့် အမိန့်အရ ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါသော လက်ထောက်ညွှန်ကြားရေးမှူး ကလည်း မောင်အုန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံစီရင်ထုံး (တရားရုံးချုပ်) စာမျက်နှာ ၉၄ အမှုကို ရည်ညွှန်း၍ မူလရုံးတရားခံ ယားလိုအား မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါး များ ဥပဒေပုဒ်မ ၆-က(ခ)အရ ပြည်နယ်တရားရုံး၏ ပြစ်မှုထင်ရှား တွေ့ရှိခြင်းနှင့် ချမှတ်ထားသော ပြစ်ဒဏ်တို့ကို ပယ်ဖျက်၍ ယင်းတရားရုံးက ၎င်းအား ယင်းဥပဒေပုဒ်မ ၇-က(ခ)အရ ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် ပြစ်ဒဏ်ချမှတ်ချက်တို့ကိုသာ အတည်ပြုသင့်ကြောင်း တင်ပြသည်။

အမှုအကြောင်းခြင်းရာ အရမှာလည်း ယားလိုသည် ရွာလယ်လမ်းပေါ် တွင် ၁ ပိဿာခန့်ရှိ ဘိန်းထုပ်ကို ပေါင်ကြားတွင်ဝှက်၍ ယူဆောင်လာစဉ် ဖမ်းမိခဲ့ခြင်းဖြစ်ရာ ပြုလုပ်မှုတစ်ရပ်တည်းမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ထို့ကြောင့် ရှမ်းပြည်နယ်တရားရုံး (မိုင်းပျဉ်းမြို့နယ်စု) ၏ အမိန့်ကို ပယ်ဖျက်ပြီး ယားလိုအား ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ် သော ဆေးဝါးများ ဥပဒေပုဒ်မ ၇-က (ခ)အရ ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန်အပြင် ငွေဒဏ် ၅၀၀၀ဝိ/- ပေးဆောင်ရန်၊ မဆောင်က နောက်ထပ် ထောင်ဒဏ် (၂) နှစ်ကျခံစေရန် ပြင်ဆင်အမိန့် ချမှတ်လိုက် သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးကျော်တင့်ရှေ့တွင်

+ ၁၉၉၃ ဇူလိုင်လ ၂၃ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ဦးရွှေဝင်း *

**၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၂၁ အရ အလုပ်နှင့်ထောင်ဒဏ် ၃နှစ်ကျခံစေရန် အမိန့်ချမှတ်ခြင်း ပြုနိုင် မပြုနိုင်။**

**ဆုံးဖြတ်ချက်။** ။ ၁၉၈၂ ခုနှစ်တွင် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၂၁ တွင် အောက်ပါအတိုင်း ဖော်ပြထားသည် –

"မည်သူမဆို နိုင်ငံသားလက်မှတ်အတု ပြုလုပ်လျှင်ဖြစ်စေ၊ ထိုသို့ ပြုလုပ်ရန် အားပေးကူညီလျှင်ဖြစ်စေ၊ ထောင်ဒဏ်တစ်ဆယ့်ငါးနှစ်နှင့် ဒဏ်ငွေငါးသောင်းကျပ်ကို ကျခံစေရမည်"

ယင်းပြဋ္ဌာန်းချက်ကို လေ့လာရာ "ကျခံစေရမည်" ဟူသော စကားလုံးကို သုံးနှုန်းထား၍ ထိုပြစ်ဒဏ်မျိုး မချမှတ်မနေရဟူသော အဓိပ္ပာယ်ဆောင်လျက်ရှိသည်။

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ ပုဒ်မ ၂၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းကို အတည်ပြုသော်လည်း ပြစ်ဒဏ်နှင့်ပတ်သက်၍မူ အလုပ်နှင့်ထောင်ဒဏ် (၃)နှစ် ကျခံစေရန် ချမှတ်ခဲ့သော လပွတ္တာမြို့နယ် တရားရုံးအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော ဧရာဝတီတိုင်း တရားရုံး (မြောင်းမြမြို့နယ်စု) အမိန့်တို့ကို ပယ်ဖျက်ပြီး ယင်းအမိန့်အစား အလုပ်နှင့်ထောင်ဒဏ် (၁၅) နှစ် (တစ်ဆယ့်ငါးနှစ်) ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | – | ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး |
| လျှောက်ထားခံရသူအတွက် | – | ကိုယ်တိုင် (မလာ) |

---

* ၁၉၉၂ ခုနှစ်ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၈၀ (ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၈တွင် ချမှတ်သော (၃၀–၆–၉၂) ရက်စွဲပါ ဧရာဝတီတိုင်း (မြောင်းမြမြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

လပွတ္တာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၄၉/၉၂ တွင် ဦးရွှေဝင်းအပေါ် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၂၁ အရ အလုပ်နှင့်ထောင်ဒဏ် (၃)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းကို ရှေ့နေတိုင်း ဥပဒေရုံးက မကျေနပ်၍ ပြစ်ဒဏ် ပြင်ဆင်သတ်မှတ်ပေးပါရန် ရှေ့နေတိုင်း တရားရုံး (မြောင်းမြမြို့နယ်စု) သို့ ပြင်ဆင်မှု တင်သွင်းရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး ချမှတ်ခဲ့သော ထောင်ဒဏ် (၃)နှစ်ကို ဆက်လက်အတည်ပြုပြီး တရားခံအား ဒဏ်ငွေ ၅၀၀၀၀/-ကျပ်ကို ထပ်မံပေးဆောင်စေ၊ ဒဏ်ငွေမဆောင်က နောက်ထပ်ထောင်ဒဏ် (၃)နှစ် ကျခံစေရန် ဖြည့်စွက်အမိန့်ချမှတ်ခဲ့သည်။ တိုင်းတရားရုံး အမိန့်သည်လည်း ဥပဒေနှင့်မညီ၍ ဥပဒေနှင့် ညီညွတ်သောအမိန့်တစ်ရပ် ချမှတ်ပေးပါရန် ရှေ့နေချုပ်ရုံးက ဤပြင်ဆင်မှုကို တင်သွင်းလာခြင်း ဖြစ်သည်။

၁၉၉၃
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ဦးရွှေဝင်း

အမှုမှာ (၂၆-၁-၉၂) နေ့တွင် လပွတ္တာမြို့နယ် ကဇောင်းကျေးရွာ အုပ်စု ရောက်ချောင်းကျေးရွာ၌ မင်းလှမြို့နယ် ကျွဲတော်ရွာနေ ဦးရွှေဝင်းအား ခလရ (၉၃) မှ ဖမ်းဆီးပြီး လပွတ္တာရဲစခန်းသို့ လွှဲပြောင်းပေး၍ ရဲစခန်းမှ စစ်ဆေးကြည့်ရာ ၎င်း၏ နိုင်ငံသား စိစစ်ရေး ကဒ်ပြားကို ဖြည့်စွက်ပြုပြင် ထားကြောင်း စစ်ဆေးတွေ့ရှိရ၍ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၂၁ အရ အရေးယူပေးရန် ဒုရဲအုပ်စခန်းမှူး ဦးလှသန်းထွန်းက တိုင်ချက် ရေးဖွင့်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးက ပြင်ဆင်မှုတင်သွင်းရာတွင် အဓိကအကြောင်းပြ ချက်အဖြစ် တင်ပြသည်မှာ ဦးရွှေဝင်းအပေါ် ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေပုဒ်မ ၂၁ အရ စွဲချက်တင်ရာ အပြစ်ရှိသည်ဟု ဝန်ခံ၍ ၎င်း၏ ဝန်ခံချက်အရ အပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံ သား ဥပဒေပုဒ်မ ၂၁ တွင် "မည်သူမဆို နိုင်ငံသား လက်မှတ်အတု ပြုလုပ်လျှင်ဖြစ်စေ၊ ထိုသို့ ပြုလုပ်ရန် အားပေးကူညီလျှင် ဖြစ်စေ၊ ထောင် ဒဏ် တစ်ဆယ့်ငါးနှစ်နှင့် ဒဏ်ငွေငါးသောင်းကျပ်ကို ကျခံစေရမည်" ဟု ပြဋ္ဌာန်းထားကြောင်း၊ ယင်းပြဋ္ဌာန်းချက်အရဆိုလျှင် ထောင်ဒဏ် (၁၅)နှစ်နှင့် ဒဏ်ငွေ ငါးသောင်းကျပ်ကို မချမနေရဟု ကောက်ယူနိုင် ကြောင်း၊ ရှေ့နေတိုင်း တရားရုံး (မြောင်းမြမြို့နယ်စု) က ဥပဒေပြဋ္ဌာန်း ချက်တွင် အနည်းဆုံး ထောင်ဒဏ်(၁၅)နှစ် ချမှတ်ရမည်ဟု မပါဝင်သဖြင့် ထောင်ဒဏ် (၁၅)နှစ် အတွင်း ချမှတ်နိုင်သည်ဟု သုံးသပ်ခဲ့ကြောင်း၊ ယခုအမှုမှာ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်နေ

ကြောင်း ထို့ကြောင့် အောက်ရုံးအမိန့်များကို ပြန်လည် စိစစ်ပြီး ဥပဒေနှင့် ညီညွတ်သော အမိန့်တစ်ရပ်ချမှတ်ပေးပါရန် တင်ပြသည်။ ရှေ့နေချုပ်ရုံးက ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းနှင့် ပတ်သက်၍ ကတိသစ္စာပြုလွှာဖြင့် ပူးတွဲ တင်ပြထားသည်။

မြို့နယ်တရားရုံး အမှုတွဲကိုလေ့လာရာတွင် ခလရ (၉၃) စစ်ကြောင်းက ၂၆–၁–၉၂ နေ့ ရောက်ချောင်းကျေးရွာ၌ ဦးရွှေဝင်းအား မသင်္ကာဖွယ် တွေ့ရှိ၍ စစ်ဆေးကြည့်ရာ ၎င်းထံမှ ပြင်ဆင်ဖြည့်စွက်ပြုလုပ်ထားသော နိုင်ငံသားစိစစ်ရေး ကဒ်ပြား (၁)ခု၊ အမျိုးသားမှတ်ပုံတင်(၁)ခု၊ မော်ကျွန်း မြို့နယ် ကျွန်းချောင်းကျေးရွာ (ရဝတ)ထံ တိုင်ကြားထားသော ညှော်စာရင်း တစ်စောင်တို့ကို တွေ့ရှိရကြောင်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးမြင့်နွယ် (လိုပြ–၂)က ခလရ (၉၃)မှ လွှဲပြောင်းပေးသော ဦးရွှေဝင်းကို စစ်ဆေးကြည့်ရာ ၎င်းကိုင်ဆောင်ထား သော နိုင်ငံသား စိစစ်ရေးကဒ်ပြားတွင် အမည်၊ အသက်နှင့် ဓာတ်ပုံကပ် သော နေရာများတွင် ဖျက်ရာများ တွေ့ရပြီး မူလစာသားများကို ပြင်ဆင် ရေးသားထားသည်ကို တွေ့ရကြောင်း လဝက ဌာနမှ အမှတ်အသားတံဆိပ် ဝိုင်းလည်းမပါရှိကြောင်း၊ အကယ်၍ နိုင်ငံသား စိစစ်ရေးကဒ်ပြားတွင် အမှားအယွင်းရှိပါက ကဒ်ပြားအသစ် ထပ်မံထုတ်ပေးရန် တောင်းခံနိုင် ကြောင်း၊ တရားခံသည် နိုင်ငံသားစိစစ်ရေးကဒ်ပြား အတုပြုလုပ်ကိုင်ဆောင် ခဲ့သည်မှာ ထင်ရှားကြောင်း ထွက်ဆိုသည်၊ ဦးကျော်အေး (လိုပြ–၃) က တရားခံထံမှ သိမ်းဆည်းရမိသော ပစ္စည်းများကို ရှာဖွေပုံစံဖြင့် သိမ်းဆည်း ခဲ့ကြောင်း ထွက်ဆိုသည်။

တရားခံဦးရွှေဝင်းအပေါ် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၂၁ အရ စွဲချက်တင်ရာ ၎င်းက အပြစ်ရှိကြောင်း ဝန်ခံသည်။ တရားခံ က သက်ဆိုင်ရာမှ ထုတ်ပေးထားသော နိုင်ငံသား စိစစ်ရေးကဒ်ပြားကို ပြင်ဆင်ရေးသားခဲ့ကြောင်း ပေါ်ပေါက်၍ ၎င်းအပေါ် နိုင်ငံသား ဥပဒေပုဒ်မ ၂၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်ကြောင်း တွေ့ရသည်၊ သို့သော် ၎င်းအပေါ်ချမှတ်ထားသော ပြစ်ဒဏ်ကိုမူ ပြန်လည် ဆန်းစစ်ရန်လိုသည်။ အမှုကာလစည်းကမ်း သတ်ကျော်လွန်ခြင်းကို ကာလ စည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၅ အရ ကင်းလွတ်ခွင့်ပြုသည်။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၂၁ တွင် အောက်ပါ အတိုင်း ဖော်ပြထားသည် —

"မည်သူမဆို နိုင်ငံသား လက်မှတ်အတု ပြုလုပ်လျှင်ဖြစ်စေ၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီလျှင် ဖြစ်စေ၊ ထောင်ဒဏ်တစ်ဆယ့်ငါးနှစ်နှင့် ဒဏ်ငွေ ငါးသောင်းကျပ်ကို ကျခံစေရမည်"

ယင်း ပြဋ္ဌာန်းချက်ကို လေ့လာရာ "ကျခံစေရမည်" ဟူသော စကားလုံးကို သုံးနှုန်းထား၍ ထိုပြစ်ဒဏ်မျိုး မချမှတ်မနေရဟူသော အဓိပ္ပာယ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် မြို့နယ်တရားရုံးက ချမှတ်ခဲ့သော အမိန့်နှင့် ယင်းအမိန့်ကို ဖြည့်စွက်ချက်ဖြင့် အတည်ပြုခဲ့သော တိုင်းတရားရုံး အမိန့်တို့သည် ဥပဒေပြဋ္ဌာန်းချက်ကို လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူခဲ့ကြောင်း တွေ့ရသည်။

သို့ဖြစ်၍ ဤပြင်ဆင်မှုကို ခွင့်ပြုလျက် ပြင်ဆင်မှုလျှောက်ထားခံရသူ ဦးရွှေဝင်းအပေါ် ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေပုဒ်မ ၂၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းကို အတည်ပြုသော်လည်း ပြစ်ဒဏ်နှင့်ပတ်သက်၍မူ အလုပ်နှင့် ထောင်ဒဏ် (၃) နှစ်ကျခံစေရန် ချမှတ်ခဲ့သော လပွတ္တာမြို့နယ်တရားရုံးအမိန့်နှင့်ယင်းအမိန့်ကို အတည်ပြုခဲ့သော ဧရာဝတီတိုင်း တရားရုံး (မြောင်းမြမြို့နယ်စု) အမိန့်တို့ကို ပယ်ဖျက်ပြီး ယင်းအမိန့်အစား အလုပ်နှင့် ထောင်ဒဏ် (၁၅) နှစ် (တစ်ဆယ့်ငါးနှစ်) ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။ ဦးရွှေဝင်းအပေါ် ယင်းဥပဒေပုဒ်မအရ ဒဏ်ငွေ ၅၀၀၀၀/–ကျပ် ပေးဆောင်စေ၊ ဒဏ်ငွေမဆောင်က ထောင်(၃)နှစ် ကျခံစေရန် ဖြည့်စွက်ချမှတ်ခဲ့သော တိုင်းတရားရုံး အမိန့်ကိုမူ ဆက်လက်အတည်ပြုသည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ်တရားသူကြီး ဦးသန်းဖေရှေ့တွင်

+ ၁၉၉၃
ဖေဖော်ဝါရီလ
၂၆ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ကိုရွှေသိန်း‌ခံ *

**တရားခံက မက်သာကွာလုံး ဆေးပြားများကို ၎င်းမရှိခိုက် လူတစ်ဦးက လာပေးထားသည်ဟု ထုချေချက်မှာ သက်သေခံ အထောက်အထားများ အရ နောက်မှအကြံရပြီး မမှန်မကန် ဖန်တီးတင်ပြထားသည့် ထုချေချက် မဖြစ်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ (ရဝတ) ဥက္ကဋ္ဌ ဦးခင်မောင်ချို (လိုပြ–၃) နှင့် အဖွဲ့ဝင် ဦးအေးဟန် (လိုပြ–၄) တို့ကလည်း အချင်းဖြစ်နေ့က သက်သေခံ မက်သာကွာလုံးဆေးပြားများပါသော ဆေးဘူးကို ရှာဖွေတွေ့ရှိစဉ် တရားခံ မောင်ရွှေသိန်းခံက ထိုဆေးဘူးမှာ သူ့ဆေးဘူးမဟုတ်ဟု ရှင်းပြပြောခဲ့ ကြောင်း၊ မောင်ထင်ကျော်လင်းက ထိုဆေးဘူးကို မောင်ရွှေသိန်းခံ မရှိသည့် အချိန်တွင် လူတစ်ဦး လာပေးသွားခြင်းဖြစ်သည်ဟု ပြောခဲ့ကြောင်း ထိုအချိန် တွင် အချင်းဖြစ်ဆိုင်ရှေ့၌ ဦးသိန်းဖေဟု နောက်ပိုင်းတွင်မှသိရသူလူတစ်ဦး ရပ်နေကြောင်း ထွက်ဆိုထားကြသည့်အပြင် ဦးအေးဟန်၏ ထွက်ဆိုချက်၌ အချင်းဖြစ်နေ့က ၎င်းတို့ စစ်ဆေးခဲ့သောဆေးဘူးများအနက် မက်သာကွာလုံး ဆေးဘူးမှတစ်ပါး အခြားဆေးဘူးများတွင် အက်စ်တီ အမှတ်အသားများ ပါသည်ကို တွေ့ကြောင်းလည်း ထွက်ဆိုထားသည်။ သို့ဖြစ်၍ တရားခံ မောင်ရွှေသိန်းခံ၏ ထုချေချက်မှာ နောက်မှအကြံရပြီး မမှန်မကန် ဖန်တီး တင်ပြထားသည့် ထုချေချက်မဖြစ်နိုင်ပေ။ ထိုနေ့က အချင်းဖြစ်ဆေးဆိုင်ကို ရှာဖွေခဲ့ခြင်းမှာ တယ်လီဖုန်း သတင်းအရ ရှာဖွေခဲ့ ခြင်းဖြစ်ကြောင်းလည်း ပေါ်ပေါက်ပေရာ တစ်စုံတစ်ယောက်က မောင်ရွှေသိန်းခံ ဒုက္ခရောက် စေရန် လုပ်ကြံဖန်တီးခဲ့ခြင်းသာ ဖြစ်ဖွယ်ရာရှိပေသည်။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၂၄

\+ ၁၉၉၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၈၇ တွင် ချမှတ်သော (၈–၈–၉၁) ရက်စွဲပါ မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၃
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ကိုရွှေသိန်းခံ

အယူခံတရားလိုအတွက် – ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြား ရေးမှူး ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် – ဦးတင်ရွှေ၊ တရားရုံးချုပ်ရှေ့နေ

မွန်ပြည်နယ်တရားရုံး(မော်လမြိုင်မြို့နယ်စု)၏ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၈၇/၉၀ တွင် မူလရုံးက တရားခံ မောင်ရွှေသိန်းခံအား ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ)နှင့် ၁၀(ခ) တို့အရ စွဲချက်တင် စစ်ဆေးခဲ့ပြီးနောက် အပြီးအပြတ် လွှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ရှေ့နေချုပ်ရုံးမှ တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

အမှုမှာ မော်လမြိုင်မြို့၊ မူးယစ် (အထူး) အဖွဲ့မှ ဒုရဲအုပ်မြင့်သိန်းက ၎င်းသည် ၁၄–၁၁–၉၀ ရက်နေ့ (၁၁း၃၀) နာရီတွင် တပ်ကြပ်ကြီးကိုကို၊ တပ်ကြပ် ဝင်းမောင်၊ တပ်သားဝင်းကျော်၊ ဒုတပ်ကြပ် တင်ကြီးတို့နှင့်အတူ မူးယစ်ဆေးဝါး စာရင်းဝင်ဆေးများ ရောင်းချနေသည်ဟု သတင်းရရှိထား သော ပန်းဘဲတန်းရပ်နေ ဦးဇိနဘုရားလမ်းရှိ နဝဒေးဆေးဆိုင်သို့ သက်သေ လူကြီးများ ရှေ့မှောက်တွင် ဝင်ရောက်ရှာဖွေရာ ကိုမိသာဇင် ဆေးပုလင်း အရည်အပြည့်ပါ (၃၅) လုံး၊ အရည်မပါ (၂) လုံး၊ ပလပ်စတစ်ဘူးဖြင့် ထည့်ထားသော မူးယစ်ဆေးဝါးဟုယူဆရသည့် ဆေးပြားအသေး (၁၅၉) လုံးနှင့် ထိုဆေးများ ရောင်းရငွေဟု ယူဆရသော ငွေကျပ် ၁၂၅၆°/– ကို တွေ့ရှိကြောင်း မော်လမြိုင် မြို့မရဲစခန်းသို့ သတင်းပေး တိုင်တန်းခဲ့သောအမှု ဖြစ်သည်။

ရှေ့နေချုပ်ရုံးမှ အယူခံအကြောင်းပြချက်အဖြစ် တင်ပြရာတွင် တရားလိုဘက် သက်သေခံချက်များအရ တရားခံသည် ၎င်း၏ ဆေးဆိုင်၌ မူးယစ်ဆေးဝါးဖြစ်သည့် မက်သာကွာလုံး ဆေးပြားများကို လက်ဝယ်ထားရှိ ကာ ရောင်းချကြောင်း ထင်ရှားပြီး တရားခံက ထိုဆေးပြားများကို ၎င်း မရှိခိုက် လူတစ်ဦး လာပေးထားခြင်းဖြစ်သည်ဟု တူဖြစ်သူ ထင်ကျော်လင်း က ပြောပြ၍ သိရကြောင်း ထုချေထားသော် မည်သူမည်ဝါ လာထားခဲ့သည် ကို တိကျစွာ တင်ပြနိုင်ခြင်းမရှိ၍ တရားခံ၏ ထုချေချက်မှာ အခြေအမြစ် မရှိကြောင်း အဓိကထား တင်ပြသည်။

မူလရုံးအမှုကို လေ့လာရာတွင် အချင်းဖြစ်နေ့က တရားခံ မောင် ရွှေသိန်းခံ၏ နဝဒေးအမည်ရှိသော ဆေးဆိုင်ကို ပြည်သူ့ရဲက တယ်လီဖုန်း သတင်းအရဟုဆိုကာ (ရဝတ) အဖွဲ့ဝင်များနှင့်အတူ သွားရောက်ရှာဖွေ

ခဲ့ရာ မောင်ရွှေသိန်းဖံကို မတွေ့ဘဲ အသက် (၁၁) နှစ်အရွယ်ရှိ မောင်ထင်ကျော်လင်း (ခံပြ-၂) ကိုသာ တွေ့ကြောင်း၊ ထိုကလေးအား မောင်ရွှေသိန်းဖံကို ခေါ်ပေးရန် ပြောဆိုနေစဉ်မှာပင် မောင်ရွှေသိန်းဖံသည် အပြင်မှ ကားတစ်စီးဖြင့် ရောက်ရှိလာ၍ ၎င်းအား ခွင့်တောင်းပြီး ဆိုင်အတွင်းသို့ ဝင်ရောက်ရှာဖွေကြရာ ကိုမိသာဇင်ဆေးပုလင်း အရည်အပြည့်ပါ (၃၅)လုံး၊ အရည်မပါ (၂) လုံး၊ ပလပ်စတစ်ဘူးအဖြူဖြင့် ထည့်ထားသော မူးယစ်ဆေးဝါးဟု ယူဆရသည့် ဆေးပြားအသေး (၁၅၉) လုံးနှင့် ထိုဆေးများရောင်းရငွေဟု ယူဆရသော ငွေ ၁၂၅၆ိ/-ကို တွေ့ရှိကြောင်း ပေါ်ပေါက်သည်။ ယင်းအချက်များနှင့် စပ်လျဉ်း၍ နှစ်ဘက်အငြင်းပွားခြင်းမရှိပေ။

ဓာတုဗေဒဝန်၏ ပြန်စာ (သက်သေခံ-ဂ) ၌ အဆိုပါ ဆေးပြားများမှာ မက်သာကွာလုံးဆေးပြားများဖြစ်ကြောင်းနှင့် ကိုမိသာဇင်ဆေးရည်များတွင် မူးယစ်ဆေးဝါး မတွေ့ကြောင်း ဖော်ပြထားသည်။

တရားခံ မောင်ရွှေသိန်းဖံက ၎င်းသည် အချင်းဖြစ်နေ့တွင် ၎င်း၏ ဆေးဆိုင်ကို တူဖြစ်သူ မောင်ထင်ကျော်လင်း (၁၁ နှစ်အရွယ်) အား စောင့်ခိုင်းထားပြီး ညီဖြစ်သူ မောင်ကျော်ကျော်သိန်း၏ဇနီး မတိုးတိုးဝေအား မီးဖွားရန်အတွက် သူငယ်ချင်းတစ်ဦး၏ကားဖြင့် ဆေးခန်းသို့ လိုက်ပို့ခဲ့ကြောင်း၊ ထို့နောက် ထမင်းချိုင့်ယူရန် ဆေးခန်းမှ ပြန်လာစဉ် ၎င်း၏ ဆိုင်ကို လူများဝိုင်းထားသည်ကို တွေ့ကြောင်း၊ ၎င်းက ဘာကိစ္စရှိသလဲ ဟု မေးရာ ထိုသူများက ၎င်း၏ဆိုင်ကို ရှာလိုသည်ဟုပြော၍ ရှာခွင့်ပြုခဲ့ကြောင်း၊ သက်သေခံ မက်သာကွာလုံးဆေးပြားများပါသော ဆေးဘူးမှာ ၎င်း၏ဆေးဘူးမဟုတ်ကြောင်း၊ ၎င်း၏ဆေးဘူးများတွင် အက်စ်တီဟု မှတ်သားထားကြောင်း ချက်ချင်းပင် ရှင်းပြထုချေသည်။

မောင်ထင်ကျော်လင်း (ခံပြ-၂) က အချင်းဖြစ်နေ့တွင် ၎င်း၏ဦးလေး ဦးရွှေသိန်းဖံသည် သူ့ညီ ဦးကျော်ကျော်သိန်း၏ဇနီး ဒေါ်တိုးတိုးဝေအား မီးဖွားရန်အတွက် ဆေးခန်းသို့ ကားဖြင့် လိုက်ပို့စဉ် ၎င်းအား အချင်းဖြစ်ဆိုင်ကို စောင့်ခိုင်းခဲ့၍ စောင့်ပေးခဲ့ရကြောင်း၊ ထိုသို့စောင့်နေစဉ် သက်သေခံ မက်သာကွာလုံးဆေးပြားများပါသော ဆေးဘူးကို လူတစ်ဦး လာပေးသွားခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုထားပြီး ဦးသိန်းဖေ (ခံပြ-၃)က မောင်ထင်ကျော်လင်းအား ထောက်ခံထွက်ဆိုထားသည်။

(ရဝတ) ဥက္ကဋ္ဌ ဦးခင်မောင်ချို (လိုပြ-၃) နှင့်အဖွဲ့ဝင် ဦးအေးဟန် (လိုပြ-၄) တို့ကလည်း အချင်းဖြစ်နေ့က သက်သေခံ မက်သာကွာလုံး

ဆေးပြားများပါသော ဆေးဘူးကို ရှာဖွေတွေ့ရှိစဉ် တရားခံ မောင်ရွှေသိန်း၊ ဓ က ထိုဆေးဘူးမှာ သူ့ဆေးဘူးမဟုတ်ဟု ရှင်းပြပြောခဲ့ကြောင်း၊ မောင်ထင်ကျော်လင်းက ထိုဆေးဘူးကို မောင်ရွှေသိန်း၊ ဓ မရှိသည့်အချိန်တွင် လူတစ်ဦး လာပေးသွားခြင်းဖြစ်သည်ဟု ပြောခဲ့ကြောင်း၊ ထိုအချိန်တွင် အချင်းဖြစ်ဆိုင်ရှေ့၌ ဦးသိန်းဖေဟု နောက်ပိုင်းတွင်မှ သိရသူ လူတစ်ဦး ရပ်နေကြောင်း ထွက်ဆိုထားကြသည့်အပြင် ဦးအေးဟန်၏ ထွက်ဆိုချက်၌ အချင်းဖြစ်နေ့က ၎င်းတို့စစ်ဆေးခဲ့သော ဆေးဘူးများအနက် မက်သာကွာလုံး ဆေးဘူးမှတစ်ပါး အခြားဆေးဘူးများတွင် အက်စ်တီ အမှတ်အသားများ ပါသည်ကို တွေ့ကြောင်းလည်း ထွက်ဆိုထားသည်။ သို့ဖြစ်၍ တရားခံ မောင်ရွှေသိန်း၊ ဓ ၏ ထုချေချက်မှာ နောက်မှအကြံရပြီး မမှန်မကန် ဖန်တီး တင်ပြထားသည့်ထုချေချက် မဖြစ်နိုင်ပေ။ ထိုနေ့က အချင်းဖြစ် ဆေးဆိုင်ကို ရှာဖွေခဲ့ခြင်းမှာ တယ်လီဖုန်းသတင်းအရ ရှာဖွေခဲ့ခြင်းဖြစ်ကြောင်းလည်း ပေါ်ပေါက်ပေရာ တစ်စုံတစ်ယောက်က မောင်ရွှေသိန်း၊ ဓ ဒုက္ခရောက်စေရန် လုပ်ကြံဖန်တီးခဲ့ခြင်းသာ ဖြစ်ဖွယ်ရာ ရှိပေသည်။

မူလရုံး စီရင်ချက်၌ တရားခံ၏ ထုချေချက်သည် နောက်မှ ကြံစည်စဉ်းစား၍ ထုချေသည့်သဘော မဟုတ်သည့်အပြင် ရောင်းရေးဝယ်တာ ကိစ္စများ၌ ပစ္စည်းလွှဲပြောင်းပေးအပ်ခြင်း၊ လက်ခံရယူခြင်း သဘာဝနှင့် မဆန့်ကျင်သဖြင့် ယုတ္တိရှိသည်ဟု ယူဆကြောင်း သုံးသပ်ကာ တရားခံအား အပြီးအပြတ်လွှတ်ခဲ့ခြင်းဖြစ်ပေသည်။ မူလရုံးအမိန့်မှာ အမှုတွင် ပေါ်ပေါက်သော သက်သေခံ အထောက်အထားများနှင့် ဆီလျော်ခြင်းမရှိဟု မဆိုသာပေ။

အထက်ပါအကြောင်းများကြောင့် မူလရုံးအမိန့်ကို တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက် ပြင်ဆင်ပေးရန် အကြောင်းမမြင်သဖြင့် ဤအယူခံမှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ်တရားသူကြီး ဦးကျော်တင့်ရွှေ့တွင်

+ ၁၉၉၃ ဧပြီလ ၁၂ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
လောက်ဆန်အောင် (ခ) စိုင်းမောင်ရီ *

**မှတ်ပုံတင်ကဒ်ပြားနှင့် နိုင်ငံသား စိစစ်ရေးကဒ်ပြား ထုတ်ပေးခဲ့ခြင်းမှန်လျှင် စာရင်းဇယားများဖြင့် မှတ်တမ်းရှိမည်ဖြစ်ခြင်း၊ တရားခံက ခိုင်လုံသော အထောက်အထား တင်ပြနိုင်ခြင်းမရှိခြင်း၊ တရားခံ၏ ထုချေတင်ပြချက်သည် အလွယ်တကူ ဖန်တီးတင်ပြနိုင်သော အကြောင်းအရာများသာ ဖြစ်၍ လက်ခံစဉ်းစားရန် ခဲယဉ်းခြင်း။**

**ဆုံးဖြတ်ချက်။** ။ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မှတ်ပုံတင်ကဒ်ပြားနှင့် နိုင်ငံသား စိစစ်ရေးကဒ်ပြား ထုတ်ပေးခဲ့ခြင်း မှန်လျှင် စာရင်းဇယားများဖြင့် မှတ်တမ်းရှိမည်ဖြစ်ရာ ထိုအချက်ကို တရားခံက ခိုင်လုံသော အထောက်အထားဖြင့် တင်ပြနိုင်ခြင်းမတွေ့ရပေ။ တရားခံ၏ ထုချေတင်ပြချက်သည် အလွယ်တကူ ဖန်တီးတင်ပြနိုင်သော အကြောင်းအရာများသာဖြစ်၍ လက်ခံစဉ်းစားရန် ခဲယဉ်းသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး |
| အယူခံတရားခံအတွက် | – | ကိုယ်တိုင် (မလာ) |

လားရှိုးမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၅၅၆/၉၁ တွင် လောက်ဆန်အောင် (ခ) စိုင်းမောင်ရီအပေါ် ၁၉၄၇ ခုနှစ်၊ လူဝင်မှု ကြီးကြပ်ရေး (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၁၃(၁) အရ စွဲချက်တင် စစ်ဆေးပြီးနောက် အမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်းကို ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် ဤအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

---

* ၁၉၉၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၀၀

\+ ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၅၆ တွင်ချမှတ်သော (၂-၁၂-၉၁) ရက်စွဲပါ လားရှိုးမြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၉၃
ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် လောက်ဆန် အောင် (ခ) စိုင်းမောင်ရီ

အမှုမှာ လားရှိုးမြို့ အမှတ် (၉) ထောက်လှမ်းရေးတပ်မှ (၁၃-၃-၉၁) နေ့တွင် လောက်ဆန်အောင် (ခ) စိုင်းမောင်ရီသည် တရုပ်နိုင်ငံမှ ဥပဒေမဲ့ ခိုးဝင်လာပြီး လားရှိုးမြို့တွင် တရားမဝင် နေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရ၍ ဖမ်းဆီးပြီး လားရှိုးမြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနသို့ လွှဲပြောင်းပေးရာ မြို့နယ် (လဝက) ဦးစီးမှူး၊ ဦးစိုင်းမျိုးမြင့်က လောက်ဆန်အောင်အပေါ် ဥပဒေအရ အရေးယူပေးရန် တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးက အယူခံရာတွင် အဓိကအကြောင်းပြချက်အဖြစ် တင်ပြသည်မှာ လောက်ဆန်အောင်အား အမှတ် (၉) ထောက်လှမ်းရေးတပ်မှ ဖမ်းဆီးပြီး စစ်ဆေးရာ ၎င်းသည် တရုပ်နိုင်ငံသားဖြစ်ပြီး မြန်မာနိုင်ငံတွင်းသို့ ဥပဒေမဲ့ ခိုးဝင်လာကာ လားရှိုးမြို့ အမှတ် (၆) ရပ်ကွက်တွင် တရားမဝင် နေထိုင်သည်ကို တွေ့ရှိခဲ့ကြောင်း၊ အမှတ် (၉) ထောက်လှမ်းရေးတပ်မှ ၎င်းအား ဖမ်းဆီးခဲ့စဉ် အမျိုးသားမှတ်ပုံတင်ကဒ်ပြား၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား စသည်များ မပြသနိုင်ခဲ့ကြောင်း၊ တရားခံက ၎င်း၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားအား စစ်သားနှစ်ဦးက မိမိအား လာရောက်ဖမ်းဆီးစဉ် သိမ်းဆည်းသွားသည်ဟု ထုချေထွက်ဆိုသော်လည်း တရားလိုဘက်က သက်သေများအား စစ်ဆေးခဲ့စဉ် ယင်းအချက်ကို ထည့်၍ပြန်လှန်မေးမြန်းခဲ့ခြင်းမရှိ၍ နောက်မှ အကြံရ၍ ထုချေထွက်ဆိုခြင်းသာဖြစ်ကြောင်း၊ သိန္နီမြို့နယ် လူဝင်မှုကြီးကြပ်ရေးမှူး ဦးရဲချစ်က တရားခံသည် ကျောက်မဲမြို့နယ် တံခွန်တိုင်ရွာတွင် နေထိုင်ပြီး ၎င်းအား မှတ်ပုံတင် လက်မှတ်ထုတ်ပေးခဲ့သည်ဟု ထွက်ဆိုရုံမျှဖြင့် ၎င်းသည် နိုင်ငံသားဖြစ်သည်ဟု မမှတ်ယူနိုင်ကြောင်း၊ မြို့နယ်တရားရုံးက တရားခံသည် တစ်ဘက်နိုင်ငံမှ ဥပဒေမဲ့ ဝင်ရောက်လာခြင်းဖြစ်သည်ဟု သက်သေခံ အထောက်အထား မတင်ပြနိုင်ဘဲ တရားခံ၏အစစ်ခံချက်အရ အဆိုရှိခြင်းသာဖြစ်၍ မခိုင်လုံဟု သုံးသပ်ခဲ့ခြင်းသည် မှားယွင်းကြောင်း၊ တရားခံသည် နိုင်ငံခြားသား မဟုတ်ဟု ခိုင်လုံစွာ ထုချေတင်ပြနိုင်ခြင်းမရှိဘဲလျက် ၎င်းအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်းသည် မှားယွင်း၍ ၎င်းအပေါ် လူဝင်မှု ကြီးကြပ်ရေး (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃(၁) အရ ထိုက်သင့်သော ပြစ်ဒဏ်တစ်ရပ် ချမှတ်ပါရန် တင်ပြသည်။

မြို့နယ်တရားရုံး အမှုတွဲကို လေ့လာရာတွင် အမှတ် (၉) ထောက်လှမ်းရေးတပ်ဖွဲ့သည် (၁၃-၃-၉၁) နေ့တွင် လားရှိုးမြို့အမှတ် (၆) ရပ်ကွက်တွင်

နေထိုင်သော လောက်ဆန်အောင်ကို ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းသည် တရုပ်နိုင်ငံတွင် မွေးဖွားသူဖြစ်ပြီး မြန်မာနိုင်ငံတွင်းသို့ မတရား ခိုးဝင်လာကာ လားရှိုးမြို့ အမှတ် (၆) ရပ်ကွက်တွင် တရားမဝင် နေထိုင်နေသည်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးပြီး လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ လားရှိုးမြို့နယ် လဝက ဦးစီးမှူး ဦးစိုင်းမျိုးမြင့် (လိုပြ–၁)၊ဦးမျိုးကိုကို (လိုပြ–၂)၊ ဦးရဲမြင့် (လိုပြ–၃) တို့က ပူးပေါင်းစစ်ဆေးရာ တရားခံသည် တရုပ်ပြည် ယူနန်ပြည်နယ် မံစီမြို့နယ် မန်တာဝမ်ရွာ၌ မွေးဖွားပြီး မံစီမြို့မှတစ်ဆင့် ဝမ်တိုင်မြို့သို့ ရောက်ရှိကာ ထိုမှတစ်ဆင့် မူဆည်မြို့သို့ ရောက်ရှိကြောင်း၊ ထိုမှတစ်ဆင့် လားရှိုးမြို့တွင် နေထိုင်နေသည်ဟု စစ်ဆေးတွေ့ရှိရကြောင်းဖြင့် အသီးသီးထွက်ဆိုကြသည်။

တရားခံ လောက်ဆန်အောင်က မိမိသည် ကျောက်မဲမြို့နယ် တံခွန်တိုင်ကျေးရွာတွင် အဘဦးဒိုဟောင်း အမိနိုင်းခံဟောင်းတို့မှ ၁၃၁၉ ခုနှစ်တွင် မွေးဖွားပြီး ကျောက်မဲမြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနမှ အမျိုးသားမှတ်ပုံတင်ကဒ်ပြား ထုတ်ပေးထားကြောင်း၊ လွန်ခဲ့သော (၄) နှစ်ခန့်တွင် လားရှိုးမြို့ အမှတ် (၅) ရပ်ကွက်တွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း၊ နောက်ပိုင်း လားရှိုးမြို့ အမှတ် (၆) ရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်ကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် လားရှိုးမြို့နယ်တွင် နိုင်ငံသား စိစစ်ရေးကဒ်ပြား ရရှိခဲ့ကြောင်း၊ အဆိုပါ ကဒ်ပြားကို မိမိအား ဖမ်းဆီးခဲ့စဉ် စစ်သားနှစ်ဦးက ယူဆောင်သွား၍ ယခု မတင်ပြနိုင်ကြောင်း၊ မိမိသည် တရုပ်နိုင်ငံမှ ခိုးဝင်လာသူမဟုတ်ဘဲ မြန်မာနိုင်ငံတွင် မွေးဖွားသူတစ်ဦးဖြစ်ကြောင်း ထုချေထွက်ဆိုသည်။ ဦးလုံးပေ (ခံပြ–၂)က မိမိသည် ကျောက်မဲမြို့နယ် တံခွန်တိုင်ကျေးရွာ (ရဝတ) အဖွဲ့ဝင်ဖြစ်ကြောင်း၊ တံခွန်တိုင် ကျေးရွာတွင် လွန်ခဲ့သော နှစ်ပေါင်း(၃၀) ခန့်မှစ၍ နေထိုင်လာခဲ့ရာ တရားခံ စိုင်းမောင်ရီသည် အဘ ဦးခိုဟောင်း အမိ နိုင်းခံဟောင်းမှ မွေးဖွားခဲ့သူဖြစ်ကြောင်း၊ သက်သေခံ (၁) ထောက်ခံစာကို မိမိက ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ထောက်ခံထွက်ဆိုသည်။ ဦးရဲချစ် (ခံပြ–၅) က ကျောက်မဲမြို့နယ် လဝက ဦးစီးမှူးဖြစ်ကြောင်း၊ တရားခံ စိုင်းမောင်ရီအား အမျိုးသားမှတ်ပုံတင်ကဒ်ပြား ထုတ်ပေးခဲ့သည်မှာ မှန်ကန်ကြောင်း၊ သက်သေခံ (၂) ထောက်ခံစာကို မိမိကိုယ်တိုင် ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ထောက်ခံထွက်ဆိုသည်။

၁၉၉၃
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
လောက်ဆန်
အောင် (ခ)
စိုင်းမောင်ရီ

အမှုတွဲတွင် ပေါ်ပေါက်ချက်အရ အယူခံတရားခံသည် တရုပ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် မံစီမြို့နယ် မန်တာဝမ်ရွာတွင် မွေးဖွားခဲ့သူဖြစ်သည်ဟု လားရှိုးမြို့အမှတ် (၉) ထောက်လှမ်းရေးတပ်ဖွဲ့နှင့် လားရှိုးမြို့လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ စုံစမ်းသိရှိခဲ့ကြောင်း ပေါ်ပေါက်သည်။ ၎င်းအား အမှတ်(၉) ထောက်လှမ်းရေးတပ်ဖွဲ့မှ စစ်ဆေးခဲ့စဉ် အမျိုးသားမှတ်ပုံတင်ကဒ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားကို ပြသနိုင်ခဲ့ခြင်းမရှိကြောင်း ပေါ်ပေါက်သည်။ ၎င်း၏ မှတ်ပုံတင်ကဒ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားကို ထောက်လှမ်းရေးတပ်ဖွဲ့မှ သိမ်းယူသွားခြင်းမှန်လျှင် တရားရုံးသို့မတင်ပြဘဲ နေမည်မဟုတ်ဟု ယူဆသည်။ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များသည် တရားခံအပေါ် မဟုတ်မမှန် လုပ်ကြံထွက်ဆိုရန် အကြောင်းမရှိချေ။ တရားခံအား ကျောက်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ မှတ်ပုံတင်ကဒ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြား ထုတ်ပေးခဲ့ခြင်းမှန်လျှင် စာရင်းဇယားများဖြင့် မှတ်တမ်းရှိမည်ဖြစ်ရာ ထိုအချက်ကို တရားခံက ခိုင်လုံသော အထောက်အထားဖြင့် တင်ပြနိုင်ခြင်းမတွေ့ရပေ။ တရားခံ၏ ထုချေတင်ပြချက်သည် အလွယ်တကူဖန်တီးတင်ပြနိုင်သော အကြောင်းအရာများသာဖြစ်၍ လက်ခံစဉ်းစားရန်ခဲယဉ်းသည်။ ထို့ကြောင့် အယူခံတရားခံအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သော အမိန့်သည် ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ချေ။

သို့ဖြစ်၍ ဤအယူခံမှုကို ခွင့်ပြုလျက် အယူခံ တရားခံ လောက်ဆန်အောင် (ခ) စိုင်းမောင်ရီအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သော လားရှိုးမြို့နယ် တရားရုံးအမိန့်ကို ပယ်ဖျက်ပြီး ၎င်းအပေါ် ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး(အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃(၁)အရ အလုပ်နှင့် ထောင်ဒဏ် (၂) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ချုပ်ရက်ကို ပြစ်ဒဏ်မှ ထုတ်နှုတ်ခံစားခွင့်ပြုသည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးသန်းဖေရှေ့တွင်

+ ၁၉၉၃ နှန်လ ၁၈ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ဝင်းနိုင် (ခ) ပေါက်စ *

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) ကို ကျူးလွန်သည့် တရားခံအား ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန် အမိန့်ချမှတ်နိုင် မနိုင်။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၃ တွင် သေဒဏ်၊ တစ်ကျွန်းပို့ဒဏ်၊ ထောင်ဒဏ်နှင့် ငွေဒဏ်ဟူ၍ ပြစ်ဒဏ်အမျိုးအစား (၄) မျိုးကို သီးခြားခွဲခြား၍ သတ်မှတ်ပြဋ္ဌာန်းထားသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) တွင် ယင်းပုဒ်မအရ လူသတ်မှု ကျူးလွန်သူအား တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ ပြည်နယ်တရားရုံးက ဝင်းနိုင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ တစ်သက်တစ်ကျွန်းဒဏ် ချမှတ်ခြင်းမပြုပါက ၎င်းအပေါ် အများဆုံး ထောင်ဒဏ် (၁၀)နှစ်အထိသာလျှင် ချမှတ်ခွင့်ရှိမည် ဖြစ်သည်။

လျှောက်ထားသူအတွက် – ဦးမျိုးချစ်၊ ဥပဒေအရာရှိ၊ ရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူအတွက် – ကိုယ်တိုင် (မလာ)

ရခိုင်ပြည်နယ် တရားရုံး (သံတွဲခရိုင်) ၏ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၃/၉၂ တွင် ဝင်းနိုင် (ခ) ပေါက်စအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ထောင်ဒဏ် (၁၅) နှစ် ကျခံစေရန် ချမှတ်ခဲ့သော အမိန့်မှာ ဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ စိစစ်ရန်အတွက် တရားရုံးချုပ်က ဤရုံးခေါ် ပြင်ဆင်မှုကို ဖွင့်လှစ်ကြားနာခြင်းဖြစ်သည်။

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄(က)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃တွင် ချမှတ်သော (၃၀-၁၀-၉၂) ရက်စွဲပါ ရခိုင်ပြည်နယ် (သံတွဲခရိုင်)တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၉၃
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ဝင်းနိုင် (ခ)
ပေါက်စ

အမှုမှာ (၂၆-၄-၉၂) ရက်နေ့ည (၁၀း၃၀) နာရီခန့်တွင် လင်းသိရွာ ရွှေလှေတံတား ဆောက်လုပ်ရေးမှ ဒုလက်ထောက် အင်ဂျင်နီယာ ဦးမောင်မောင်မှာ ပါးစပ်နှင့်တည့်တည့် ကန့်လန့်ဖြတ် ဓားဒဏ်ရာ (၁) ချက်၊ မေးစေ့နှင့် မေးစေ့အောက် လည်ပင်းတို့တွင် ဓားဒဏ်ရာ (၁) ချက်စီ၊ နောက်စေ့နှင့် လည်ပင်းတို့တွင် ဓားဒဏ်ရာ (၁) ချက်နှင့် ညာဘက်နားရွက်အနီး လည်ပင်းတွင် ဓားဒဏ်ရာ (၁) ချက်ဖြင့် ဆောက်လုပ်ရေးဗိုလ်တဲ၏ အနောက်ဘက်၌ သေဆုံးနေသည်ကိုတွေ့ရ၍ စုံစမ်းအရေးယူပေးရန် ဒုရဲအုပ် ဦးထွန်းစံက သံတွဲမြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် တိုင်ကြားခဲ့သော အမှုဖြစ်သည်။

မူလမှုတွင် တရားလိုဘက်မှ မျက်မြင်သက်သေမရှိသော်လည်း တရားခံ ဝင်းနိုင်က ရင်စောပြင်ရွာသစ်အနီး ခြုံထဲ၌ မြှုပ်၍ဝှက်ထားရာမှ ထုတ်ဖော်ပေးအပ်ခဲ့သော သေသူ ဝတ်ဆင်ခဲ့သည့် နှစ်ပိုင်းပြတ်နေသော သက်သေခံ ရွှေဆွဲကြိုးမှာ ဝင်းနိုင်၏ ဖြောင့်ချက်နှင့် ရုံးရှေ့ဝန်ခံထွက်ဆိုချက်တို့ကို ထောက်ခံနေသဖြင့် ဝင်းနိုင်က သေသူ ဦးမောင်မောင်အား ဓားဖြင့် ခုတ်သတ်ခဲ့ကြောင်း ထင်ရှားပေါ်လွင်သည်။

တရားခံ ဝင်းနိုင်၏ ရုံးရှေ့ထွက်ချက်နှင့် ၎င်း၏ဖြောင့်ချက်တို့အရ ကင်းမော်ရွာနေ သေသူ၏ အစ်မရင်း ဒေါ်တင်ကြည်က ငမဲဆိုသူထံ အပ်နှံထားသော တစ်သိန်းခွဲခန့်တန်သည့်ပစ္စည်း အပ်နှံထားကြောင်း၊ ငမဲကို ခုတ်သတ်၍ ပစ္စည်းကိုယူပြီး တစ်ဝက်စီ ခွဲဝေယူကြရန် သေသူက မိမိကို အတင်းအကျပ် ခိုင်းစေခဲ့ကြောင်း၊ မိမိက ငြင်းသော်လည်း မရ၍ သဘောတူပြီး အချင်းဖြစ်ည (၁၀) နာရီကျော်ခန့်တွင် ငမဲကိုသတ်ရန် မိမိတို့နှစ်ဦး ဗိုလ်တဲမှ ထွက်လာခဲ့ကြကြောင်း၊ ထိုသို့ ထွက်လာရာတွင် သေသူက မိမိ၏မရီး (လင်ရှိမယား) မလှရီကို မုဒိမ်းကျင့်ပြီး ၎င်းအား သတ်၍ လက်ဝတ်လက်စားများကို မိမိအားပေးမည်ဟု ပြောဆိုကြောင်း၊ မိမိက တားမြစ်ရာ သေသူက ဝုန်းကနဲ ပြေးလာသည့်အတွက် မိမိသည် လက်ထဲရှိ ဓားဖြင့် တစ်ချက်ခုတ်လိုက်ကြောင်း၊ သေသူလဲကျပြီးနောက် မိမိက သုံးလေးချက် ထပ်၍ခုတ်ခဲ့ကြောင်း၊ မိမိထံ ပါလာသည့် သေသူ၏ ဆွဲကြိုးကို ရွာဖွေပုံစံတွင် ဖော်ပြထားသောနေရာ၌ မြှုပ်နှံခဲ့ကြောင်း ထင်ရှားပေါ်လွင်သည်။

ဆရာဝန်၏ထွက်ချက်နှင့် ဆေးစာတို့အရ သေသူ၏ ဝဲဘက်နှုတ်ခမ်းစပ်မှ နားရွက်ထိ၊ ဝဲဘက်မေးစေ့မှ လည်ပင်းထိ၊ လည်ပင်းရှေ့၊ နောက်စေ့၊

ညာဘက်နားရွက်မှ ပါးအထိ စုစုပေါင်း ဓားဒဏ်ရာ (၇) ချက်ရရှိခဲ့ပြီး ယင်းဒဏ်ရာများအနက် ပြင်းထန်ဒဏ်ရာ (၄) ချက်နှင့် မုချသေစေမည့် ဒဏ်ရာ (၂) ချက် စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ သေသူကို နောက်ဘက်မှ နေပြီး ခုတ်၍ လဲကျသွားရာတွင် နောက်ထပ်ခုတ်၍ ရရှိသော ဒဏ်ရာများ ဖြစ်နိုင်ကြောင်း ထွက်ဆိုတင်ပြထားသည်။

သို့ဖြစ်ရာ ဝင်းနိုင်၏ ဖြောင့်ချက်နှင့် ဆရာဝန်၏ ထွက်ချက်အရ သေသူလှည့်အထွက်၌ ဝင်းနိုင်က နောက်ဘက်မှနေ၍ ဓားဖြင့် ခုတ်၍ လဲကျသွားရာတွင် နောက်ထပ် ပြင်းပြင်းထန်ထန် အချက်ပေါင်းများစွာ ခုတ်ခဲ့ခြင်း ဖြစ်သောကြောင့် ခုခံကာကွယ်ပိုင်ခွင့်အရ ကျူးလွန်မှုမဟုတ်ကြောင်း ပေါ်လွင်သည့်ပြင် ရက်စက်စွာ ကျူးလွန်ခဲ့သော လူသတ်မှုဖြစ်သည်ဟု တွေ့ရသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၃ တွင် သေဒဏ်၊ တစ်ကျွန်းပို့ဒဏ်၊ ထောင်ဒဏ်နှင့် ငွေဒဏ်ဟူ၍ ပြစ်ဒဏ်အမျိုးအစား (၄)မျိုးကို သီးခြားခွဲခြား၍ သတ်မှတ်ပြဋ္ဌာန်းထားသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) တွင် ယင်းပုဒ်မအရ လူသတ်မှုကျူးလွန်သူအား တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ ပြည်နယ် တရားရုံးက ဝင်းနိုင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)အရ တစ်သက်တစ်ကျွန်းဒဏ် ချမှတ်ခြင်းမပြုပါက ၎င်းအပေါ် အများဆုံး ထောင်ဒဏ် (၁၀) နှစ်အထိသာလျှင် ချမှတ်ခွင့်ရှိမည်ဖြစ်သည်။

ရှေ့နေချုပ်ရုံးကိုယ်စား လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိကလည်း အမှု၌ နှစ်ဘက်သက်သေထွက်ဆိုချက်များ၊ ဖြောင့်ဆိုချက် (သက်သေခံ-ဈ) တရားခံ ဝင်းနိုင်က သေသူ၏ပစ္စည်း ယိုးဒယားဘတ်ကြိုးတစ်ကုံးကို ရှာဖွေပုံစံ (သက်သေခံ-ဂ) ဖြင့် အပ်နှံခဲ့ခြင်း၊ တရားခံက ရုံးရှေ့တွင် ခံပြု(၁)အဖြစ် အစစ်ခံရာတွင်လည်း ဝန်ခံထားခြင်း၊ ထို့ကြောင့် မူလ တရားရုံးက တရားခံ ဝင်းနိုင် (ခ) ပေါက်စအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂(၂)အရ ငြိစွန်းသည်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်သည်ဟု ယူဆကြောင်း၊ သို့သော် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂)အရ ပြစ်မှုထင်ရှားစီရင်လျှင် ထောင်ဒဏ် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ (၁၀)

နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ ချမှတ်နိုင်ကြောင်းသာ ဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် ယခုအမှု၌ တရားခံအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ထောင်ဒဏ် (၁၅) နှစ် ကျခံစေရန် ချမှတ်ထားခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိပါကြောင်း တင်ပြသည်။

ဤစီရင်ချက်ကို အဆုံးမသတ်မီ မူလမှုတွင် တရားခံအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) အရ ပြစ်မှုထင်ရှား စီရင်ရာတွင် ထောင်ဒဏ် (၁၅) နှစ် ကျခံစေရန် ချမှတ်ခဲ့သည့် ရခိုင်ပြည်နယ် တရားရုံး (သံတွဲခရိုင်) လက်ထောက်ပြည်နယ်တရားသူကြီးအနေဖြင့် နောင်တွင် ထောင်ဒဏ် ချမှတ်က ဥပဒေပြဋ္ဌာန်းချက်ထောင်ဒဏ်ထက် ကျော်လွန်၍ ပြစ်ဒဏ် ချမှတ်ခြင်း မပြုမိစေရန် သတိပြုရန်ဖြစ်ကြောင်း မှတ်ချက်ပြုလိုက်သည်။

ထို့ကြောင့် အမှုပါ တရားခံဝင်းနိုင် (ခ) ပေါက်စအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ထောင်ဒဏ် (၁၅) နှစ် ကျခံစေရန် ချမှတ်ခဲ့သည့် ရခိုင်ပြည်နယ် တရားရုံး (သံတွဲခရိုင်) ၏ အမိန့်အစား ဝင်းနိုင် (ခ) ပေါက်စအား ယင်းဥပဒေပုဒ်မ ၃၀၂(၂) အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ် (တစ်ဆယ်နှစ်) တိတိ ကျခံစေရန် ပြင်ဆင်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အယူခံမှု

### တရားရုံးချုပ်တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

+ ၁၉၉၃ ဖေဖော်ဝါရီလ ၂ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ဦးအာမက်ဆူဘာန်း *

**ပြစ်မှုဆိုင်ရာ အမှုများတွင် တရားစွဲဆိုရန် ကာလစည်းကမ်း သတ်မှတ်ချက် မရှိခြင်း၊ အမှုကို တစ်နှစ်နှင့် ကိုးလကျော် ကြာပြီးမှ စွဲဆိုခဲ့ရုံမျှဖြင့် တရားမကြောင်းဖြစ်သည်ဟု မဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာ အမှုများတွင် တရားစွဲဆိုရန်ကာလစည်းကမ်းသတ်မှတ်ချက်မရှိသဖြင့် ဒေါ်မတီက ဤအမှုကို တစ်နှစ်နှင့် ကိုးလကျော်ကြာပြီးမှ စွဲဆိုခဲ့ရုံမျှဖြင့် တရားမကြောင်းဖြစ်သည်ဟု မဆိုနိုင်ချေ။ ဒေါ်မတီသည် အချင်းဖြစ်မြေပေါ်တွင် နေထိုင်ခြင်းမရှိသော်လည်း ၎င်းမှာ အချင်းဖြစ်မြေ၏ မြေပိုင်ရှင်ဖြစ်ပြီး ဦးအာမက်ဆူဘာန်းကို ငှားရမ်းထားကြောင်း အငြင်းမပွားသဖြင့် ဥပဒေအရ မြေလက်ရှိဖြစ်သူဖြစ်ရာ ဦးအာမက်ဆူဘာန်း၏ ရှေ့နေက တင်ပြချက်မှာ မှန်ကန်ခြင်းမရှိပေ။

ဦးအာမက်ဆူဘာန်းက ဒေါ်မတီ၏မြေကွက် အမှတ် ၇၇(ဃ) အတွင်းသို့ ကျူးကျော်ဆောက်လုပ်ခဲ့ခြင်း မရှိပါဟု ချေပသော်လည်း မြေတိုင်းစာရေး ဦးလွန်းရှိန်နှင့် ရာအိမ်မှူး ဦးမြမောင်တို့၏ ထွက်ချက်အရ ကျူးကျော်ဆောက်လုပ်ခဲ့ကြောင်း ပေါ်လွင်သည်။

ဦးအာမက်ဆူဘာန်းသည် ဒေါ်မတီပိုင်မြေကွက်တွင်းသို့ ကျူးကျော်ဆောက်လုပ်ခြင်းဖြင့် ဒေါ်မတီကို စိတ်ငြိုငြင်စေမည်မှာ ကေန်မုချဖြစ်ရာ ပြစ်မှုမကင်းသော ကျော်နင်းမှုမြောက်သောကြောင့် တရားမကြောင်းဆိုင်ရာ ကျူးကျော်မှုသာဖြစ်သည်ဟု ပြည်နယ်တရားရုံး၏ ကောက်ယူချက်မှာ မှားယွင်းသည်။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၉၉၈

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၁၃တွင်ချမှတ်သော (၃၀-၄-၉၂) ရက်စွဲပါ မွန်ပြည်နယ် (မော်လမြိုင်မြို့နယ်စု) တရားရုံး၏အမိန့်ကို အယူခံမှု။

အယူခံတရားလိုအတွက် - ဒေါ်သင်းသင်းမြ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် - ဦးဆယ်မောင်၊ တရားရုံးချုပ်ရှေ့နေ

မော်လမြိုင်မြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၉၉/၉၁ တွင် ဦးအာမက်ဆူဘန်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇ အရ ငွေဒဏ် ၅၀၀ိ/– ပေးဆောင်စေရန်၊ မဆောင်က ထောင်ဒဏ် (၁၅) ရက် ကျခံစေရန် အမိန့်ချမှတ်ခဲ့သဖြင့် ဦးအာမက်ဆူဘန်းက အယူခံမှု တင်သွင်းရာ၌ မွန်ပြည်နယ် တရားရုံး (မော်လမြိုင်မြို့နယ်စု) က ၎င်းအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ရာ ရှေ့နေချုပ်ရုံးက ပြည်နယ် တရားရုံး၏ အမိန့်ကို မကျေနပ်၍ ဤအယူခံမှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ မော်လမြိုင်မြို့ မန္တလေးရပ်ကွက် အောင်မင်္ဂလာလမ်းနေ ဒေါ်မတီက မိမိ၏နေအိမ်နှင့် တစ်အိမ်ကျော်ရှိ အိမ်အမှတ် (၁/ဒီ) တည်ရှိရာ ဦးပိုင်မြေကွက် အမှတ် (၇၈) မှာ မိမိပိုင်မြေကွက်ဖြစ်ကြောင်း၊ ဦးအာမက်ဆူဘန်းသည် အဆိုပါမြေကွက်ပေါ်တွင် ၁၉၈၉ ခုနှစ် ဩဂုတ်လ အတွင်းက အိမ်(၁)လုံးနှင့် ရေလောင်းအိမ်သာ (၁) လုံးတို့ကို ကျူးကျော် ဆောက်လုပ်ခဲ့သဖြင့် အရေးယူပေးရန် မော်လမြိုင်မြို့၊ မြို့မ ပြည်သူ့ရဲတပ်ဖွဲ့ စခန်း၌ တိုင်ကြားခဲ့သောအမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးက အယူခံအကြောင်းပြချက်များ တင်ပြရာ၌ ဦးအာမက် ဆူဘန်းသည် အချင်းဖြစ်မြေ၌ ကျူးကျော်ဆောက်လုပ်ခဲ့သည်ဟု တိုင်း တရားရုံးက လက်ခံခဲ့ရာ ထိုသို့ ကျူးကျော်လျှင် ပိုင်ရှင်အား စိတ်ငြိုငြင်စေမည် ဖြစ်ကြောင်း၊ သို့ဖြစ်ပါလျက် ဦးအာမက်ဆူဘန်းအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သော တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်းကြောင်း တင်ပြသည်။

ဦးအာမက်ဆူဘန်း၏ ရှေ့နေက ချေပတင်ပြရာ၌ ယခုအမှုတွင် တရားခံ ဦးအာမက်ဆူဘန်းအနေဖြင့် အပြစ်မရှိပါဟု ချေပချက်အပေါ် သက်သေပြရန် တာဝန်လွှဲပြောင်း ကျရောက်ခြင်းမရှိကြောင်း၊ ဤအမှုမှာ တစ်နှစ်နှင့် ကိုးလကျော်ကြာပြီးမှ စွဲဆိုခြင်းဖြစ်ရာ တရားမကြောင်းအရ သာ စွဲဆိုသင့်သည်ဟု ပေါ်လွင်ကြောင်း၊ ဒေါ်မတီနှင့် ဦးအာမက်ဆူဘန်း တို့မှာ မြေရှင်မြေငှားဖြစ်သည်ဟု အငြင်းမပွားသော်လည်း ဒေါ်မတီသည် အချင်းဖြစ်မြေကို အမှန်တကယ် ကိုယ်ထိလက်ရောက် လက်ရှိဖြစ်သည်ဟု မပေါ်လွင်ကြောင်း၊ ထို့ကြောင့် ဒေါ်မတီအပေါ် ပြစ်မှုအင်္ဂါရပ်မမြောက်၍ အယူခံမှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

မူလရုံး တရားလို ဒေါ်မတီ၏ ထွက်ချက်တွင် ဆက်စပ်လျက်ရှိသော အချင်းဖြစ် မြေကွက်အမှတ် (၇၇) နှင့် (၇၈) တို့ကို မိမိပိုင်ကြောင်း၊ မြေကွက်အမှတ် (၇၈) ကို ဦးအာမက်ဆူဘာန်းအား တစ်လလျှင် ၆ိ/- နှုန်းဖြင့် ငှားရမ်းထားပြီး ငှားစဉ်က မျက်နှာစာ (၁၅) ပေရှိကြောင်း၊ ၁၉၈၉ ခုနှစ်တွင် ဦးအာမက်ဆူဘာန်းသည် မိမိပိုင်မြေကွက်အမှတ် (၇၇) အတွင်းသို့ (၉) ပေခန့် ကျူးကျော်၍ ဆောက်လုပ်ခဲ့ကြောင်း၊ မိမိသည် မြေကွက်အမှတ် (၇၇) တွင် မနေထိုင်သော်လည်း ခြံလုပ်ထားကြောင်း၊ အချင်းဖြစ်မြေ (၂) ကွက်ပေါ်တွင် မြေငှား (၇) ဦးကို ငှားရမ်းထားကြောင်း၊ မိမိသည် ဦးအာမက်ဆူဘာန်းအပေါ် မြေခရလိုမှု တရားစွဲဖူးပြီး ၎င်းအား မြေကွက်အမှတ် (၇၇) ကို ငှားရမ်းထားခြင်းမရှိကြောင်း ထွက်ဆိုသည်။

တရားလိုပြသက်သေ ဒေါ်ဖာတမာ၊ မပူစူးမတို့က ထောက်ခံထွက်ဆို ကြသည်။

မြေတိုင်းစာရေး ဦးလွန်းရှိန်၏ ထွက်ချက်တွင် (၂၁-၁၂-၉၀) ရက်နေ့၌ အချင်းဖြစ်အမှုနှင့် စပ်လျဉ်း၍ မြို့မရဲစခန်းမှ မြေတိုင်းပေးရန် ပြောဆို သဖြင့် ဒေါ်မတီအမည်ပေါက်သည့် အချင်းဖြစ် မြေကွက်အမှတ် ၇၇(ဃ) နှင့် ၇၈ တို့ကို (ရဝတ) အဖွဲ့ဝင် ရာအိမ်မှူး ဦးမြမောင်နှင့်အတူ တိုင်းတာ ခဲ့ကြောင်း၊ ထိုသို့ တိုင်းတာရာတွင် ဦးအာမက်ဆူဘာန်း၏အိမ်မှာ အမှတ် ၇၇(ဃ) မြေကွက်အတွင်းသို့ အနံ ၈ ပေ×၈ ပေနှင့် အလျား (၁၅) ပေခန့်ဝင်ပြီး ဆောက်လုပ်ထားသည်ကို တွေ့ရကြောင်း၊ လှေခါးမှာလည်း ၅ ပေ×၂ပေ ထွက်ခါ အဆိုပါမြေထဲသို့ ဝင်နေကြောင်း ထွက်ဆိုထားသည်။

ရာအိမ်မှူး ဦးမြမောင်၏ ထွက်ချက်တွင် အဖွားကြီး (ဒေါ်မတီ)၏ သဘောတူညီချက်အရ ဦးအာမက်ဆူဘာန်းက ဆောက်လုပ်ခဲ့သည်မှာ မဟုတ်ဘဲ အဖွားကြီးက ကန့်ကွက်ကြောင်း၊ ဦးအာမက်ဆူဘာန်းက မြေကိုကျော်ပြီး မဝင်ဆိုကကျော်ကြောင်း ထွက်ဆိုသည်။

ဦးအာမက်ဆူဘာန်းက မိမိသည် အချင်းဖြစ်မြေကွက် (၂) ကွက်စလုံးကို ဒေါ်မတီထံမှ ငှားရမ်းပြီး အိမ်ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ မိမိသည် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်အရ အိမ်နောက်ဖေး ကပြင်နှင့် ရေလောင်းအိမ်သာကို တိုးချဲ့ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်မတီက တိုင်အတွင်းမှာပဲ ဆောက်ဟုပြော၍ မိမိက တိုင်အတွင်းမှာပင် ဆောက်ခဲ့ခြင်းဖြစ်ပြီး ကျူးကျော်ဆောက်လုပ်မှု မပြုကြောင်း၊ မိမိသည်

ခွင့်ပြုမိန့်မရဘဲ ဆောက်လုပ်ခဲ့သဖြင့် သက်ဆိုင်ရာ စည်ပင်သာယာရေး အဖွဲ့က ၁၉၈၉ ခုနှစ် ဇူလိုင်လအတွင်း၌ ဖျက်သိမ်းပေးရန် ရုံးရှေ့တွင် မိမိအား ပြသသော နို့တစ်စာပေးခဲ့သည်ဆိုလျှင် ထိုနို့တစ်စာမှာ မိမိထံ မရောက်ရှိခဲ့ကြောင်း ထွက်ဆိုသည်။

ဦးအာမက်ဆူဘာန်း၏ ထွက်ချက်ကို ပန်းရန် ဦးရှဖိအာလီ၊ မြေငှား တစ်ဦးဖြစ်သူ ဦးတင်ထွန်းနှင့် လက်သမား ဦးပန်းစိန်တို့က ထောက်ခံ ထွက်ဆိုကြသည်။

မြို့နယ်တရားရုံး၏ စီရင်ချက်တွင် ဦးအာမက်ဆူဘာန်းသည် အမှတ် (၇၇) မြေကွက်ကိုပါ ငှားရမ်းထားကြောင်းနှင့် ၎င်း၏နေအိမ် နောက်ဖေးကို ထိုမြေကွက်အတွင်းသို့ (၈) ပေခန့် ကျူးကျော်ဆောက်ခဲ့ခြင်းမှာ စည်ပင် သာယာရေးအဖွဲ့၏ ခွင့်ပြုမိန့်ဖြင့် ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ချက်နှင့် စပ်လျဉ်း၍ အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိကြောင်း၊ သို့ဖြစ်ရာ ဦးအာမက်ဆူဘာန်းသည် ၁၉၈၉ ခုနှစ်တွင် ဒေါ်မတီလက်ရှိ ဖြစ်သော အမှတ် ၇၇(ဃ) မြေကွက်အတွင်းသို့ ဒေါ်မတီအား စိတ်ငြိုငြင် စေရန်အကြံဖြင့် နောက်ဖေးဆောင် (၈) ပေခန့်ကို ကျူးကျော်ဆောက်လုပ် ခဲ့သည်ဟု ပေါ်ပေါက်ကြောင်း သုံးသပ်ကာ ဦးအာမက်ဆူဘာန်းအား ပြစ်မှုထင်ရှား စီရင်ခဲ့ကြောင်း တွေ့ရသည်။

ပြစ်မှုဆိုင်ရာ အမှုများတွင် တရားစွဲဆိုရန်ကာလစည်းကမ်း သတ်မှတ် ချက် မရှိသဖြင့် ဒေါ်မတီက ဤအမှုကို တစ်နှစ်နှင့် ကိုးလကျော်ကြာ ပြီးမှ စွဲဆိုခဲ့ရုံမျှဖြင့် တရားမကြောင်းဖြစ်သည်ဟု မဆိုနိုင်ချေ။ ဒေါ်မတီ သည် အချင်းဖြစ်မြေပေါ်တွင် နေထိုင်ခြင်းမရှိသော်လည်း ၎င်းမှာ အချင်းဖြစ် မြေ၏ မြေပိုင်ရှင်ဖြစ်ပြီး ဦးအာမက်ဆူဘာန်းကို ငှားရမ်းထားကြောင်း အငြင်းမပွားသဖြင့် ဥပဒေအရ မြေလက်ရှိဖြစ်သူဖြစ်ရာ ဦးအာမက်ဆူဘာန်း၏ ရှေ့နေက တင်ပြချက်မှာ မှန်ကန်ခြင်းမရှိပေ။

ဦးအာမက်ဆူဘာန်းက ဒေါ်မတီ၏ မြေကွက်အမှတ် ၇၇(ဃ) အတွင်း သို့ ကျူးကျော်ဆောက်လုပ်ခဲ့ခြင်းမရှိပါဟု ချေပသော်လည်း မြေတိုင်း စာရေး ဦးလွန်းရှိန်နှင့် ရာအိမ်မှူး ဦးမြမောင်တို့၏ ထွက်ချက်အရ ကျူးကျော် ဆောက်လုပ်ခဲ့ကြောင်း ပေါ်လွင်သည်။

ဦးအာမက်ဆူဘာန်းသည် ဒေါ်မတီပိုင် မြေကွက်တွင်းသို့ ကျူးကျော် ဆောက်လုပ်ခြင်းဖြင့် ဒေါ်မတီကို စိတ်ငြိုငြင်စေမည်မှာ ဧကန်မုချဖြစ်ရာ

၁၉၉၃
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ဦးအာမက်
ဆူဘာန်း

ပြစ်မှုမကင်းသော ကျော်နင်းမှု မြောက်သောကြောင့် တရားမကြောင်းဆိုင်ရာ ကျူးကျော်မှုသာ ဖြစ်သည်ဟု ပြည်နယ်တရားရုံး၏ ကောက်ယူချက်မှာ မှားယွင်းသည်။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုပြီး ဦးအာမက်ဆူဘာန်းအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သော မွန်ပြည်နယ်တရားရုံး (မော်လမြိုင်မြို့နယ်စု) ၏ အမိန့်ကို ပယ်ဖျက်၍ ၎င်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇ အရ ပြစ်ဒဏ် ချမှတ်ခဲ့သည့် မော်လမြိုင်မြို့နယ်တရားရုံး၏ အမိန့်ကို ပြန်လည် အတည်ပြုလိုက်သည်။

## ပြစ်မှုဆိုင်ရာ အထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင်တို့ရှေ့တွင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ဒေါ်အေးကျော့ *

+ ၁၉၉၃
နိုဝင်ဘာလ
၂၅ ရက်

**အစုစပ်လုပ်ငန်း၏ အရပ်ရပ် စီမံအုပ်ချုပ်သူ မန်နေဂျာက အစုစပ်လုပ်ငန်းမှ ပစ္စည်းများကို ရောင်းချခြင်း၊ လှူဒါန်းခြင်းသည် အစုစပ်ဝင်များ၏ စာချုပ်ပါ သတ်မှတ်ချက်ဘောင်အတွင်း ကျရောက်ခြင်း ရှိမရှိ အကယ်၍ ယင်းသတ်မှတ်ချက်ဘောင်အတွင်း မဝင်လျှင် အလွဲသုံးစားပြုရာ ရောက် မရောက်။**

**ဆုံးဖြတ်ချက်။** ။ ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် အလွဲသုံးစားပြုရာ ရောက်မရောက် ဆက်လက်စဉ်းစားသည့်အခါ ဒေါ်အေးကျော့သည် အစု (၂) ခုကို ပိုင်ရှင်သဖွယ် စီမံခန့်ခွဲခွင့်ရှိနေသူတစ်ဦးဖြစ်သည်။ ထို့ပြင် ၎င်းအနေဖြင့် အစုစပ်ပိုင်ပစ္စည်းများကို ကိုယ်ကျိုးအတွက် မည်သို့ အလွဲ သုံးစား ပြုခဲ့ကြောင်း တရားလိုဘက်မှ အခိုင်အမာ သက်သေမပြနိုင်ခဲ့ပေ။ မူလရုံးတရားလို ဦးခင်မောင်အေးသည် အချင်းဖြစ်ကိစ္စနှင့် ပတ်သက်၍ ဒေါ်အေးကျော့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ အရေးယူပေးရန် ရဲစခန်းတွင် ယခင်က တိုင်ကြားခဲ့ရာ တရားစွဲဆိုရန် မသင့်၍ ယင်းအမှုကို ပိတ်သိမ်းခဲ့ကြောင်း သက်သေခံ(ဆ)အရ တွေ့ရှိရသည်။ ထိုသို့ ပိတ်သိမ်း ခဲ့ပြီးသည့်အမှုကို ဦးခင်မောင်အေးက ဒေါ်အေးကျော့အပေါ် ထပ်မံတရား စွဲဆိုလာခြင်းသာဖြစ်သည်။ ပြည်နယ်တရားရုံးတွင် တရားစွဲဆိုထားသော အမှုအရ နောင်အစုစပ်လုပ်ငန်းဖျက်သိမ်း၍ စာရင်းရှင်းသည့်အခါ အစုစပ် လုပ်ငန်း စာချုပ်ပါ သတ်မှတ်ချက်ဘောင်ကို ကျော်လွန်ပြီး လှူဒါန်းထား

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု အမှတ် ၁

\+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၅၁၉တွင် ချမှတ်သော(၃၀-၁၀-၉၁) ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု။

သည့် ပစ္စည်းတန်ဘိုးနှင့် စပ်လျဉ်း၍ ဒေါ်အေးကျော့အပေါ် ထည့်သွင်းစာရင်းရှင်းနိုင်မည်ဖြစ်ရာ ကျန်အစုစပ်ဝင်များအတွက် မတရားနစ်နာ ဆုံးရှုံးသည်ဟု မဆိုနိုင်ပေ။ ဤအခြေအနေတွင် ဒေါ်အေးကျော့၏ လှူဒါန်းမှုကြောင့် အခြားသူများတွင် မတရားနစ်နာ ဆုံးရှုံးမှုရှိကြောင်း တစ်ထစ်ချပြော၍ မရနိုင်သေးသည့်အလျောက် ဒေါ်အေးကျော့အနေဖြင့် အလွဲသုံးစားပြုသည်ဟု ကောက်ယူရန် မဖြစ်နိုင်သေးပေ။ ထို့ကြောင့် ဒေါ်အေးကျော့အား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည့်အမိန့်ကို ဆက်လက်အတည်ပြုပြီး ဤအယူခံကို ပလပ်လိုက်သည်။

အယူခံတရားလိုအတွက် – ဦးခင်အောင်၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် – ဦးဟန်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံ ဒေါ်အေးကျော့သည် စစ်တွေမြို့နယ် တရားရုံး၊ ပြစ်မှုကြီးအမှတ် ၂၃၅/၈၉ မှ တရားခံဖြစ်ပြီး ၎င်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ ထောင်ဒဏ် အလုပ်ကြမ်းနှင့် ၆ လ အပြစ်ပေးခဲ့ရသည်ကို မကျေနပ်၍ ရခိုင်ပြည်နယ် တရားရုံး (စစ်တွေမြို့နယ်စု) တွင် အယူခံမှုအမှတ် ၁၅၂/၉၀ အရ အယူခံဝင်ရာ အမှုမှ အပြီးအပြတ် လွှတ်ပေးခဲ့သည်။ ထိုသို့ အပြီးအပြတ် လွှတ်ပေးခြင်းကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ တရားရုံးချုပ်တွင် အယူခံမှုအမှတ် ၅၁၉/၉၁ ကို တင်သွင်းခဲ့သည်။ တရားရုံးချုပ်က ရခိုင်ပြည်နယ်တရားရုံး၏အမိန့်ကို အတည်ပြုပြီး အယူခံမှုကို ပလပ်လိုက်၍ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ပြုရန် အထွေထွေ လျှောက်ထားမှုအမှတ် ၁၁၂/၉၂ ကို ရှေ့နေချုပ်ရုံးက ထပ်မံတင်သွင်းသည့်အခါ အောက်ပါပြဿနာကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆုံးဖြတ်နိုင်ရန်အတွက် ယင်းလျှောက်ထားမှုကို အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

" (၁) လျှောက်ထားခံရသူ ဒေါ်အေးကျော့သည် အစုစပ်လုပ်ငန်းမှ ငွေကျပ် (၃၅) သိန်းခန့်ရှိ ဆန်စက်ဂိုဒေါင်မှ ပစ္စည်းများကို ရောင်းချခြင်း၊ လှူဒါန်းခြင်းသည် အစုစပ်လုပ်ငန်း၏ သဘာဝအလျောက် အခြားလုပ်ဆောင်ရန် လိုအပ်သည့် လုပ်ငန်းများကို မိမိ ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ခြင်းဟူသော အစုစပ်ဝင်များ၏ စာချုပ်အပိုဒ် (၁၇)၊ အပိုဒ်ခွဲငယ် (၁၆) တွင် ပါဝင်သည့် သတ်မှတ်ချက်ဘောင်အတွင်း ကျရောက်ခြင်းရှိမရှိ၊

(၂) အကယ်၍ ယင်းသတ်မှတ်ချက်ဘောင်အတွင်း မဝင်လျှင် အလွဲသုံးစားပြုရာ ရောက်မရောက်။"

၁၉၉၃ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် ဒေါ်အေးကျော့

အမှုမှာ စစ်တွေမြို့ရှိ လျောင်ဝင်ကီ ဆန်စက်အစုစပ်လုပ်ငန်းမှ အစုစပ်ဝင် အမှတ် (၃) ကွယ်လွန်သူ ဒေါ်မေနွဲ့၏သား အမွေစားအမွေခံများ၏ အရပ်ရပ် ကိုယ်စားလှယ်ဖြစ်သူ ဦးခင်မောင်အေးက အစုစပ်လုပ်ငန်း၏ အရပ်ရပ် စီမံအုပ်ချုပ်ခွင့်ရှိသူ မန်နေဂျာအဖြစ် အစုဝင်အမှတ် (၁) ဦးအခင်ကို အစုစပ်ဝင်များက သဘောတူ ခန့်အပ်ခဲ့ကြကြောင်း၊ သို့သော် ဦးအခင်သည် ထိုလုပ်ပိုင်ခွင့်ကို အစုစပ်ဝင်အမှတ် (၆) ဦးအဟိန်အား လွှဲပြောင်းပေးခဲ့ပြီး နိုင်ငံခြားသို့ ထွက်ခွာသွားခဲ့ကြောင်း၊ တဖန် ဦးအဟိန် ကလည်း ၎င်း၏ အစုစပ်လုပ်ငန်းနှင့် ထိုလုပ်ငန်း၏ အရပ်ရပ်စီမံအုပ်ချုပ်သူ မန်နေဂျာ၏ လုပ်ငန်းတာဝန်များကို ဇနီး ဒေါ်အေးကျော့အား ထပ်မံ လွှဲပြောင်းပေးပြီး နိုင်ငံခြားသို့ ထွက်ခွာသွားခဲ့ပြန်ကြောင်း၊ ထို့ကြောင့် ဒေါ်အေးကျော့သည် အစုစပ်လုပ်ငန်းပိုင်ပစ္စည်းများကို စီမံအုပ်ချုပ်ခွင့် ရှိသည့် ကိုယ်စားလှယ်ဖြစ်လာကြောင်း၊ ထိုအခါ ဒေါ်အေးကျော့သည် တန်ဘိုးငွေ ၃၅ သိန်းရှိသည့် အစုစပ်လုပ်ငန်းပိုင်ပစ္စည်းများဖြစ်သည့် ဂိုဒေါင်များကို ဖြိုဖျက်ထုခွဲရောင်းချ၍ မရိုးမဖြောင့်သောသဘောဖြင့် မိမိ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခဲ့ကြောင်း စွပ်စွဲပြီး ၎င်းအပေါ် အရေးယူ ပေးရန် စစ်တွေမြို့နယ်တရားရုံးတွင် တိုက်ရိုက် တိုင်လျှောက်ရာမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သည့် ဥပဒေအရာရှိက လျောင်ဝင်ကီဆန်စက် အစုစပ်လုပ်ငန်း၏ အရပ်ရပ် စီမံအုပ်ချုပ်ခွင့်ရှိသူ မန်နေဂျာအဖြစ် အစုစပ်ဝင် အမှတ် (၁) ဦးအခင်ကို အစုဝင်အားလုံးက ခန့်ထားခဲ့ကြောင်း၊ တဖန် ဦးအခင်က ယင်းလုပ်ငန်းတာဝန်ကို အစုစပ်ဝင် အမှတ် (၆) ဦးအဟိန်သို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ ဦးအဟိန်က တဖန် ထိုလုပ်ငန်းတာဝန်ကို မိမိ၏ဇနီး အယူခံတရားခံ ဒေါ်အေးကျော့အား ထပ်ဆင့်လွှဲပြောင်းပေးပြီး နိုင်ငံခြားသို့ သွားခဲ့ကြောင်း၊ အစုစပ်လုပ်ငန်းပိုင် ဆန်စက်ဂိုဒေါင် အဆောက်အဦများကို ဖြိုဖျက်၍ ဒေါ်အေးကျော့သဘော ဖြင့် လှူဒါန်းရန် အစုစပ်စာချုပ် အပိုဒ် (၁၇) အပိုဒ်ခွဲငယ် (၁၆) တွင် မပါရှိကြောင်း၊ အခြားအစုစပ်ဝင်များအား အသိမပေးဘဲ ဒေါ်အေးကျော့က တန်ဖိုး ၃၅ သိန်းခန့်ရှိသော အစုစပ်လုပ်ငန်းပိုင် ပစ္စည်းများကို ရောင်းချ လှူဒါန်းခဲ့ခြင်းသည် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ပြုလုပ်ခြင်း

ဖြစ်ကြောင်း၊ အစုစပ်စာချုပ်အရ ဒေါ်အေးကျော့သည် လွှဲဒါန်းလိုပါလျှင် တစ်ကြိမ်လျှင် ငွေ ၁၀ဝိ/–ထက်ပို၍ လွှဲဒါန်းခွင့်မရှိကြောင်း၊ ဂိုဒေါင်များကို ဖြိုဖျက်ရောင်းချခဲ့ခြင်း ဂိုဒေါင်များမှ ဖျက်ထားသည့် သွပ်၊ သစ်၊ တိုင်စသည်တို့ကို လွှဲဒါန်းခဲ့ခြင်းတို့သည် အစုစပ်လုပ်ငန်းတွင် ပါဝင်ခြင်းမရှိသော လုပ်ငန်းများကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ သတ်မှတ်ချက်ထက်ကျော်၍ လွှဲဒါန်းခဲ့ခြင်းဖြစ်၍ မရိုးမဖြောင့်သောသဘောရှိသည်ကို တွေ့ရကြောင်း၊ အစုစပ်လုပ်ငန်းကို ဆောင်ရွက်ရာတွင် အစုစပ်လုပ်ငန်းစာချုပ် အပိုဒ် (၁၇)၊ အပိုဒ်ခွဲငယ် (၁၆) တွင် ပါဝင်သော သတ်မှတ်ချက်ဘောင်ကို ကျော်လွန်ဆောင်ရွက်ခြင်းဖြစ်၍ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးကို ဖောက်ဖျက်ကျူးလွန်ရာကျကြောင်း၊ ယင်းသို့ ပြုလုပ်ခြင်းကြောင့်ကျန်အစုစပ်ဝင်များမှာ မတရားနစ်နာဆုံးရှုံးမှုများရှိကြောင်း၊ ထို့ကြောင့် အယူခံတရားခံ ဒေါ်အေးကျော့အား အပြီးအပြတ်လွှတ်ခဲ့ခြင်းသည် မှားယွင်းကြောင်း၊ ၎င်းအား ရာဇဝတ် မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉အရ ထိုက်သင့်သည့် ပြစ်ဒဏ်ငွေ ပေးသင့်ကြောင်း စသည်ဖြင့် အကျယ်တဝင့် လျှောက်လဲတင်ပြသည်။

အယူခံ တရားခံ၏ တရားရုံးချုပ်ရှေ့နေက ဒေါ်အေးကျော့သည် မူလလျှောင်ဝင်ကီဆန်စက်၏ မန်နေဂျာ အုပ်ချုပ်သူ အစုရှင် ဦးအခင်၏ ကိုယ်စားလှယ်လွှဲစာရရှိ၍ မိမိကိုယ်တိုင်လည်း အုပ်ချုပ်သူ အစုရှင် ဦးအဟိန်၏ လွှဲစာရ တရားဝင်ကိုယ်စားလှယ်နှင့် တရားဝင်ဇနီးဖြစ်သဖြင့် အစုရှင် ဦးအခင်နှင့် အစုရှင်ဦးအဟိန်တို့၏ အစုရှယ်ယာများကို ပိုင်ဆိုင်မှုရရှိသူဖြစ်ကြောင်း၊ လျှောင်ဝင်ကီ ဆန်စက် အစုစပ်လုပ်ငန်း၏ အုပ်ချုပ်သူမန်နေဂျာအဖြစ် စီမံခန့်ခွဲရန် အခွင့်အရေးများ ရှိသူလည်းဖြစ်ကြောင်း၊ အစုစပ်ပိုင် ဂိုဒေါင်မှ ပစ္စည်းများကို မကြာခဏ ခိုးယူခြင်းခံရ၍ ဆုံးရှုံးနစ်နာမှု မရှိစေရန် မိမိဉာဏ်မီသလို ကာကွယ်စောင့်ရှောက်ပိုင်ခွင့်ရှိသူဖြစ်၍ ယင်းလုပ်ငန်းနှင့် စပ်လျဉ်းပြီး အစုရှင်များကို အသိပေးပြီးမှဆောင်ရွက်ရန် မလိုကြောင်း၊ အဆောက်အဦများမှာ နှစ်အတော်အတန်ကြာခဲ့ပြီးဖြစ်၍လည်းကောင်း၊ မိုးဒဏ်လေဒဏ်ကြောင့်လည်းကောင်း၊ ဟောင်းနွမ်းဆွေးမြေ့ကုန်ကြပြီးဖြစ်၍ မည်သည့်ပစ္စည်းများမှ အကောင်းပကာတိမရနိုင်တော့ကြောင်း၊ ဖြုတ်တောက်ပြုပြင်ပြီးမှသာ သုံးနိုင်သည့် အနေအထားရှိကြောင်း၊ ထို့ကြောင့် ပစ္စည်းအားလုံး၏ တန်ဘိုးမှာ ငွေ ၁ သိန်းပင်မရှိတော့ကြောင်း၊ ယင်းပစ္စည်းများ၏ တန်ဘိုး ၃၅ သိန်းဖြစ်သည်ဆိုခြင်းမှာ

တရားဝင်တန်ဘိုး သတ်မှတ်ထားခြင်းမဟုတ်ဘဲ တရားလို၏ သဘော တစ်ခုတည်းဖြင့် စွပ်စွဲဖော်ပြထားခြင်းသာဖြစ်၍ လုံးဝလက်ခံခြင်း မပြု ထိုက်ကြောင်း၊ ဒေါ်အေးကျော့ လှူဒါန်းခဲ့သည့်ပစ္စည်းများမှာ လျောင်ဝင်ကီ ဇနီးမောင်နှံ ကျန်ခဲ့သည့်ပစ္စည်းများ ဖြစ်ကြပြီး ၎င်းတို့ တည်ဆောက် ကိုးကွယ်ခဲ့သည့်ကျောင်းတွင် လှူဒါန်းခဲ့ခြင်းသာဖြစ်ကြောင်း၊ လှူဒါန်းသည့် ပစ္စည်းများမှာလည်း တန်ဘိုးရှိသည့်ပစ္စည်းများမဟုတ်ကြတော့ဘဲ အဟောင်း အနွမ်းများသာ ဖြစ်ကြောင်း၊ ယင်းသို့ လှူဒါန်းခြင်းသည် ဒေါ်အေးကျော့ အနေဖြင့် မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်း မဟုတ်၍ စာချုပ် အပိုဒ် (၁၇)၊ အပိုဒ်ခွဲငယ် (၁၆) ပါ ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက် ခြင်းတွင် ကောင်းစွာအကျုံးဝင်ကြောင်း၊ လုပ်ပိုင်ခွင့်ဘောင်ကို ကျော်လွန် ဆောင်ရွက်ခြင်း မဟုတ်၍လည်းကောင်း၊ အချင်းဖြစ်ကိစ္စမှာ နိုင်ငံတော် နှင့်သော်လည်းကောင်း၊ အများပြည်သူနှင့်သော်လည်းကောင်း သက်ဆိုင်မှု မရှိဘဲ အစုစပ်ဝင်များ၏ ကိုယ်စားလှယ်အချင်းချင်း အငြင်းပွားသည့် ကိစ္စသာဖြစ်၍ ဥပဒေအရ အရေးယူလောက်သည့် ပြဿနာမဟုတ်ကြောင်း၊ အချင်းဖြစ်ကိစ္စနှင့် ပတ်သက်၍ မူလရုံးတရားလို ဦးခင်မောင်အေးသည် ဒေါ်အေးကျော့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ အရေးယူရန် ယခင်က ရဲစခန်းတွင် တိုင်ကြားခဲ့ရာ ရှေ့နေချုပ်ရုံးက ပြစ်မှုကြောင်းအရ တရားစွဲဆိုရန် မသင့်ကြောင်း အကြံပြုခဲ့၍ ယင်းအမှုကို ပိတ်သိမ်းခဲ့ပြီးဖြစ် ကြောင်း၊ ယခု အမှုတွင် ရှေ့နေချုပ်ရုံးက ယခင် မိမိတို့ တင်ပြသည့် အကြံ ပြုချက်နှင့် ဆန့်ကျင်တင်ပြနေခြင်းကို လက်မခံသင့်ကြောင်း၊ အာဃာတ ရှေ့ထား၍ ဦးခင်မောင်အေးက ယခုအမှုကို ထပ်မံတိုင်ကြားခြင်းသာ ဖြစ်၍ အယူခံတရားခံအပေါ် ပြစ်မှုကြောင်းအရ အရေးယူအပြစ်ပေးရန် မသင့်ကြောင်း၊ ၎င်းအား တရားသေလွှတ်သည့်အမိန့်ကို ဆက်လက် အတည်ပြုသင့်ကြောင်း စသည်ဖြင့် ချေပလျှောက်လဲသည်။

အမှုတွင် ဒေါ်အေးကျော့က အစုစပ်ပိုင်ပစ္စည်းများဖြစ်သည့် ဂိုဒေါင် များကို ဖြိုဖျက်ထုခွဲရောင်းချခဲ့သည်ဆိုခြင်း၊ ဖြိုဖျက်ထားသည့် သွပ်၊ တိုင် စသည့်ပစ္စည်းအချို့ကို လှူဒါန်းခဲ့သည်ဆိုခြင်းတို့ကို အငြင်းမပွားခဲ့ချေ။ ထိုသို့လှူဒါန်းခဲ့ခြင်းသည် အလွဲသုံးစားပြုရာ ရောက်မရောက် စဉ်းစားစရာ အကြောင်း ပေါ်ပေါက်သည်။ အစုစပ်စာချုပ်သက်သေခံ (က) အပိုဒ် (၁၇) အပိုဒ်ခွဲငယ် (၂) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

to spend, contribute or donate by way of charity an

amount not exceeding K 100/ (Kyats one hundred) only on each occasion on behalf of the partnership.

အထက်ပါပြဋ္ဌာန်းချက်အရ ဒေါ်အေးကျော့သည် အစုစပ်လုပ်ငန်းနှင့် ပတ်သက်၍ တစ်ကြိမ်လျှင် ငွေ ၁၀၀/-ထက်ပို၍ လွှဲဒါန်းခြင်း မပြုနိုင်ပေ။ သို့ရာတွင် ဒေါ်အေးကျော့လွှဲဒါန်းခဲ့သည့်ပစ္စည်းနှင့် ငွေတန်ဘိုးမှာ ထိုထက် ကျော်နေသည်ဆိုခြင်းကို နှစ်ဘက်အငြင်းမပွားခဲ့ကြချေ။ အစုစပ်လုပ်ငန်း စာချုပ် အပိုဒ် (၁၇) အပိုင်ခွဲငယ်(၁၆) မှာ အောက်ပါအတိုင်း ဖြစ်သည်-

to do any or all other acts as the nature of the partnership business may require in his discretion, and to appoint, hire, remove, discharge, or dismiss any clerk or other servants of the partnership.

အစုစပ်စာချုပ်အပိုဒ် (၁၇) အပိုဒ်ခွဲငယ် (၉) တွင် မန်နေဂျာ၏ လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍-

to sign, transfer, sell, dispose off, improve, manage, develop or turn into account or otherwise deal with any part or parcel of the property of the partnership,

အစုစပ်ပိုင်ပစ္စည်းများမှာ အဆောက်အအုံတွင် အသုံးပြုထားသော ပစ္စည်းများဖြစ်သည်။ ယင်းတို့ကို မရောင်းချဘဲ ထားပါက ပျက်စီးယိုယွင်း မည်ဖြစ်သဖြင့် ရောင်းချခြင်းဖြစ်ကြောင်း ဒေါ်အေးကျော့၏ အကျိုးဆောင် တင်ပြချက်မှာ အထက်အစုစပ် စာချုပ်အပိုဒ် (၁၇) အပိုဒ်ခွဲငယ် (၉)ဘောင်အတွင်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ လက်ခံသည်။ ရောင်းရငွေများကို အစုစပ်ပိုင်ငွေအဖြစ် ဒေါ်အေးကျော့က ထိန်းသိမ်းထားလျက်ရှိရာ ထိုသို့ ထိန်းသိမ်းပိုင်ခွင့်လည်းရှိသည်။ အစုစပ်လုပ်ငန်းကို ဖျက်သိမ်းပြီး လုပ်ငန်း နှင့် စပ်လျဉ်းသည့် ဝင်ငွေထွက်ငွေ အရှုံးအမြတ်များကို စာရင်းရှင်းလင်း ပေးရန်အတွက် ဦးခင်မောင်အေးက ဒေါ်အေးကျော့အပေါ် ရခိုင်ပြည်နယ် တရားရုံးတွင် တရားမကြီးမှု အမှတ် ၁/၉၀ ကို (၁၂-၃-၉၀) ရက်နေ့က စွဲဆိုထားရာ အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်း၍ ဒေါ်အေးကျော့က စာရင်း ရှင်းလင်းပေးသည့်အခါ ယင်းရောင်းရငွေများလည်း ပါဝင်သွားမည်ဖြစ် သည်။ ထို့ကြောင့် ရောင်းချခြင်းသည် အစုစပ်လုပ်ငန်းစာချုပ်အပိုဒ်(၁၇) အပိုဒ်ခွဲငယ် (၁၆) တွင် ပါဝင်သည့် သတ်မှတ်ချက်ဘောင်အတွင်း ကျရောက်သည်ဟု ကောက်ယူရန်ရှိသည်။

သို့သော် ဒေါ်အေးကျော့၏ အကျိုးဆောင်က လျှောက်ဝင်ကို ဖနီးမောင်နှံ

ကျန်ရစ်သော ပစ္စည်းများကို လျောင်ဝင်ကီတို့ တည်ဆောက်ကိုးကွယ်ခဲ့သည့် ကျောင်းနှင့်စေတီသို့ လှူဒါန်းခြင်းဖြစ်သည်ဟု တင်ပြခဲ့ရာ လှူဒါန်းသည့်အချိန်တွင် လှူဒါန်းသည့်ပစ္စည်းများမှာ လျောင်ဝင်ကီဇနီးမောင်နှံပိုင် ပစ္စည်းအဖြစ် မတည်ရှိတော့ဘဲ အစုစပ်လုပ်ငန်းပိုင်ပစ္စည်းများအဖြစ်သာ တည်ရှိနေသဖြင့် ဒေါ်အေးကျော့၏ အကျိုးဆောင်တင်ပြချက်ကို လက်မခံနိုင်ပေ။

လှူဒါန်းခြင်းမှာ အစုစပ်လုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိသည်ဟုလည်း မဆိုနိုင်၍ အစုစပ်လုပ်ငန်းစာချုပ်အပိုဒ် (၁၇) အပိုဒ်ခွဲငယ် (၁၆) ဘောင်အတွင်းမှ အစုစပ်လုပ်ငန်း၏ သဘောသဘာဝအလျောက် မိမိ၏ ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ချေ။ သတ်မှတ်သည့် စည်းကမ်းဘောင်ကို ကျော်လွန်ဆောင်ရွက်ခဲ့သည်ဟုသာ ကောက်ယူရန်ရှိသည်။

ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် အလွဲသုံးစားပြုရာ ရောက်မရောက် ဆက်လက်စဉ်းစားသည့်အခါ ဒေါ်အေးကျော့သည် အစု(၂)ခုကို ပိုင်ရှင်သဖွယ် စီမံခန့်ခွဲခွင့် ရှိနေသူတစ်ဦးဖြစ်သည်။ ထို့ပြင် ၎င်းအနေဖြင့် အစုစပ်ပိုင်ပစ္စည်းများကို ကိုယ်ကျိုးအတွက် မည်သို့အလွဲသုံးစားပြုခဲ့ကြောင်း တရားလိုဘက်မှ အခိုင်အမာ သက်သေမပြနိုင်ခဲ့ပေ။ မူလရုံး တရားလို ဦးခင်မောင်အေးသည် အချင်းဖြစ်ကိစ္စနှင့်ပတ်သက်၍ ဒေါ်အေးကျော့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ အရေးယူပေးရန် ရဲစခန်းတွင် ယခင်က တိုင်ကြားခဲ့ရာ တရားစွဲဆိုရန် မသင့်၍ ယင်းအမှုကို ပိတ်သိမ်းခဲ့ကြောင်း သက်သေခံ (ဆ)အရတွေ့ရှိရသည်။ ထိုသို့ပိတ်သိမ်းခဲ့ပြီးသည့် အမှုကို ဦးခင်မောင်အေးက ဒေါ်အေးကျော့အပေါ် ထပ်မံတရားစွဲဆိုလာခြင်းသာ ဖြစ်သည်။ ပြည်နယ်တရားရုံးတွင် တရားစွဲဆိုထားသောအမှုအရ နောင်အစုစပ်လုပ်ငန်း ဖျက်သိမ်း၍ စာရင်းရှင်းသည့်အခါ အစုစပ်လုပ်ငန်းစာချုပ်ပါ သတ်မှတ်ချက်ဘောင်ကို ကျော်လွန်ပြီး လှူဒါန်းထားသည့်ပစ္စည်းတန်ဘိုးနှင့် စပ်လျဉ်း၍ ဒေါ်အေးကျော့အပေါ် ထည့်သွင်းစာရင်းရှင်းနိုင်မည်ဖြစ်ရာ ကျန်အစုစပ်ဝင်များအတွက် မတရားနစ်နာဆုံးရှုံးသည်ဟု မဆိုနိုင်ပေ။ ဤအခြေအနေတွင် ဒေါ်အေးကျော့၏ လှူဒါန်းမှုကြောင့် အခြားသူများတွင် မတရားနစ်နာဆုံးရှုံးမှုရှိကြောင်း တစ်ထစ်ချပြော၍ မရနိုင်သေးသည့်အလျောက် ဒေါ်အေးကျော့အနေဖြင့် အလွဲသုံးစားပြုသည်ဟု ကောက်ယူရန် မဖြစ်နိုင်သေးပေ။ ထို့ကြောင့် ဒေါ်အေးကျော့အား အမှုမှအပြီးအပြတ် လွှတ်ခဲ့သည့်အမိန့်ကို ဆက်လက်အတည်ပြုပြီး ဤအယူခံကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင့်နှင့် ဦးသန်းဖေတို့ရှေ့တွင်

+ ၁၉၉၃
ဩဂုတ်လ
၂၀ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
အင်ဂျဲထိန်နန်*

**တရားခံ၏ အိမ်တွင်ဘိန်းရှိကြောင်း သတင်းပေးသူမှာ အတွင်းရေးကို သိသူဖြစ်ခြင်း၊ သတင်းပေးသည့်အတိုင်း တွေ့ရှိခြင်း၊ အဆိုပါပစ္စည်းများမှာ အလွယ်တကူရှာဖွေမတွေ့နိုင်သည့်ပစ္စည်းများ မဟုတ်၍ တရားခံ မသိနိုင်စရာမရှိခြင်း၊ အခြားသူ၏ ပစ္စည်းဖြစ်သည်ဟုလည်း သက်သေ မပြနိုင်ခြင်းတို့အရ တရားခံသည် ဘိန်းနှင့် ဘိန်းရှုကိရိယာများကို သိလျက်နှင့် လက်ဝယ်ထားသည်ဟု ကောက်ယူရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ အမှုနှင့်ပတ်သက်ပြီး တရားခံဦးအင်ဂျဲထိန်နန်၏ အိမ်တွင် ဘိန်းရှိကြောင်း သတင်းပေးသူမှာ ၎င်း၏ ဇနီးမကောဒ္ဓပူဖြစ်သည်။ ၎င်းသတင်းပေးသည့်အတိုင်း ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင် လူကြီးများက သွားရောက်ရှာဖွေသည့်အခါ ဘိန်းနှင့် ဘိန်းရှုကိရိယာများကို အချင်းဖြစ်အိမ်မှ တွေ့ရှိခဲ့ခြင်း ဖြစ်ပေသည်။ တွေ့ရှိသော ပစ္စည်းများသည် ဘိန်းဖြစ်ကြောင်း အင်းစိန်မှူခင်းတပ်ဖွဲ့က သက်သေခံ (ဂ)အရ ထင်မြင်ချက် ပေးခဲ့သည်။ သတင်းပေးသူသည် ဦးအင်ဂျဲထိန်နန်၏ အတွင်းရေးများကို သိနေသူဖြစ်ခြင်း၊ သတင်းပေးသည့်အတိုင်း ရှာဖွေရာ၌ ဘိန်းနှင့် ဘိန်းရှုကိရိယာများတွေ့ရှိခဲ့ခြင်း၊ အဆိုပါပစ္စည်းများမှာ အလွယ်တကူ ရှာဖွေမတွေ့နိုင်သည့် ပစ္စည်းများမဟုတ်ကြ၍ ဦးအင်ဂျဲထိန်နန်မသိနိုင်စရာမရှိခြင်း၊ မောင်ခါးလီ၏ ပစ္စည်းများဖြစ်ကြောင်းကိုလည်း အထင်အရှား သက်သေမပြနိုင်ခဲ့ခြင်း၊ အခြားသူတစ်ဦးတစ်ယောက် လာရောက်

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ အထူးအယူခံအမှုအမှတ် ၂

+ ၁၉၉၀ ပြည့်နှစ်ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၄၈ကျွင်ချမှတ်သော (၂၁-၆-၉၁) ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံမှု

ထားသွားခြင်းဖြစ်ကြောင်းကိုလည်း သက်သေမပြနိုင်ခဲ့ခြင်းတို့ကြောင့် ပစ္စည်းတွေ့ရှိပုံ အနေအထားအရ တရားခံဦးအင်ဂျဲထိန်နန်အနေဖြင့် ဘိန်းနှင့်ဘိန်းရှုကိရိယာများကို အစိုးရခွင့်ပြုချက်မရဘဲသိလျက်နှင့် လက်ဝယ်ထားခဲ့ကြောင်း ကောက်ယူရန်သာရှိသည်။ မူလတရားရုံးနှင့် အယူခံတရားရုံးတို့က ကိုးကားခဲ့သော ကရင်လနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံတော်အမှုမှာ ဤအမှုနှင့် ဖြစ်ရပ်ခြင်း မတူညီကြချေ။ သို့ဖြစ်ရာ ယင်းစီရင်ထုံးကို ကိုးကား၍ ဦးအင်ဂျဲထိန်နန်အား အပြီးအပြတ်လွှတ်ခဲ့ခြင်းသည် ပေါ်လွင်နေသော သက်သေခံချက်များနှင့် ဆန့်ကျင်နေ၍ ပယ်ဖျက်ရပေမည်။

အယူခံတရားလိုအတွက် – ဦးခင်အောင်၊ ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် – ကိုယ်တိုင် (မလာ)

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာ ရပ်ကွက်ရှိ ဦးအင်ဂျဲထိန်နန်၏အိမ်မှ ဘိန်းနှင့်ဘိန်းရှုကိရိယာများ တွေ့ရှိခဲ့မှုနှင့်ပတ်သက်၍ ၎င်းအပေါ်မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ)အရမြစ်ကြီးနားမြို့နယ် တရားရုံးတွင် ပြစ်မှုကြီးအမှတ် ၆၁၃/၈၉ အရတရားစွဲဆိုတင်ပို့ခဲ့သည်။ ယင်းအမှုကို စစ်ဆေးပြီးနောက် ထိုရုံးက တရားခံဦးအင်ဂျဲထိန်နန်အား အပြီးအပြတ်လွှတ်ခဲ့သည်။ ရှေ့နေချုပ်ရုံးက ထိုဆုံးဖြတ်ချက်ကို မကျေနပ်၍ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၅၄၈/၉၀ အရ တရားရုံးချုပ်တွင် အယူခံဝင်ရာ မအောင်မြင်ချေ။ တရားရုံးချုပ်၏အမိန့်ကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန်ရှေ့နေချုပ်ရုံးက ပြစ်မှုဆိုင်ရာအထွေထွေလျှောက်ထားမှုအမှတ်၁၃၀/၉၂ကို ထပ်မံတင်သွင်းသည့်အခါ တရားရုံးချုပ်က အောက်ပါပြဿနာကိုကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည် –

"လက်ဝယ်တွေ့ရှိခြင်းနှင့် အပြစ်ပေးသည့် ကိစ္စသည် မူးယစ်ဆေးဝါးများကို သိလျက်နှင့် လက်ဝယ်ထားမှုသာ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ)အရ ပြစ်မှုမြောက်မမြောက် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားနိုင်ရန်အတွက် ဤအထွေထွေအယူခံလျှောက်လွှာကို ခွင့်ပြု၍ အထူးအယူခံဝင်ခွင့်ပြုကြောင်း။"

ဤအမှုတွင် မူးယစ်ဆေးဝါးဖြစ်သည့် ဘိန်းနှင့် ဘိန်းရှုကိရိယာများကို လက်ရှိထားခြင်းသည် သိလျက်နှင့်ထားခြင်း ဟုတ်မဟုတ်ကို အဓိကထားသုံးသပ်ဆုံးဖြတ်ရန်ဖြစ်သည်။ မည်သူမျှအစိုးရ၏ ခွင့်ပြုချက်မရဘဲ မူးယစ်

ဆေး၀ါးကိုဖြစ်စေ၊ ယင်းဆေး၀ါးကို အသုံးပြုသည့် ပစ္စည်းကိရိယာကို ဖြစ်စေ လက်ဝယ်ထားခွင့်မရှိချေ။ သိလျက်နှင့်ထားခြင်းဖြစ်လျှင် ဦးအင်ဂျဲ ထိန်နန်သည် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေး၀ါးများ ဥပဒေပုဒ်မ ၆(ခ)အရ ပြစ်မှုထင်ရှားစီ ရင်ခြင်းခံရမည်ဖြစ်သည်။ သိလျက်နှင့် လက်ဝယ် ထားကြောင်း မပေါ်ပေါက်လျှင် အပြစ်ရမည်မဟုတ်ပေ။

တရားလိုဘက်မှ စွပ်စွဲချက်များအရ အမှုပေါ်ပေါက်လာပုံ အကျဉ်း ချုပ်မှာ အယူခံတရားခံ ဦးအင်ဂျဲထိန်နန်၏အိမ်တွင် ဘိန်းရောင်းချကြောင်း သတင်းအရ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင် လူကြီးများ ဖြစ်ကြသော ဦးသန်းငွေ (လိုပြ–၁)၊ ဦးဖိုးဦး (လိုပြ–၂)နှင့် ဦးလှိုင်မြင့် (လိုပြ–၅) တို့က ဝင်ရောက်ရှာဖွေရာတွင် မီးဖိုချောင်အတွင်း ကြပ်ခိုးစင်ပေါ် ရှိ ဖျာလိပ်ကြားထဲမှ ဘိန်းမဲ ၁ မတ်သားခန့်ရှိအထုပ် (၃) ထုပ်၊ ၁ ပဲသား ခန့်ရှိ အထုပ် (၇) ထုပ် စုစုပေါင်း အထုပ် (၁၀) ထုပ်ကို ရှာဖွေတွေ့ရှိခဲ့ကြ သည်။ ၎င်းအပြင် အိမ်ပေါ်မှလည်း ဘိန်းရှုကိရိယာများ ဖြစ်ကြသော တော်ပါဘူး (၁) လုံး၊ ဘိန်းချက်ခွက် (၁) ခု၊ ဝါးခက်တံ (၁) ချောင်း၊ ဘိန်းကင်သည့်သံပြား (၁) ချပ်တို့ကို ထပ်မံတွေ့ရှိခဲ့သည်။ ဦးအင်ဂျဲထိန်နန် နှင့် သက်သေခံပစ္စည်းများကို ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင် လူကြီးများက ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ သူရစောကို (လိုပြ–၃) ထံ အပ်နှံခဲ့ကြသည်။ ဦးစောကိုက ဒုရဲအုပ်ဦးအောင် ဆန်း (လိုပြ–၄) ထံ တရားခံနှင့် ပစ္စည်းများကို ဆက်လက်အပ်နှံပြီးနောက် သက်သေခံ (က) တိုင်ချက်ကို ပေးခဲ့သောကြောင့် ဤအမှုပေါ်ပေါက်လာရ ခြင်းဖြစ်သည်။

မူလတရားရုံးက ဘိန်းထုပ်ငယ်များနှင့် ဘိန်းရှုကိရိယာများကို ဦးအင်ဂျဲထိန်နန်က သိလျက်နှင့် လက်ဝယ်ထားရှိခြင်းဖြစ်ကြောင်း မထင် ရှားဟု သုံးသပ်ကာ တရားခံကို အမှုမှအပြီးအပြတ်လွှတ်ခဲ့သည်။ အယူခံ တရားရုံးဖြစ်သည့် တရားရုံးချုပ်ကလည်း "အယူခံတရားခံ၏အိမ်တွင် တွေ့ရှိရသော မူးယစ်ဆေး၀ါးများသည် အယူခံတရားခံကိုယ်တိုင် သိလျက် နှင့် လက်ဝယ်ထားခြင်းလည်း ဖြစ်နိုင်သည်။ အယူခံတရားခံ မသိဘဲ မောင်ခါးလီ၏ပစ္စည်းများကို အယူခံတရားခံ၏ ဇနီးကတွေ့ရှိပြီး သတင်း ပေးခြင်းလည်း ဖြစ်နိုင်ပေသည်။ အယူခံတရားခံကိုယ်တိုင် မသိရဘဲ ယင်းပစ္စည်းများ ရောက်ရှိနေခြင်း ဖြစ်ပါက မူလရုံးက ကိုးကားထားသော ကရင်လ နှင့် နိုင်ငံတော်[၁] စီရင်ထုံးအရ ပြစ်မှုမြောက်မည်မဟုတ်ပေ။

ယခုအမှုတွင် အယူခံတရားခံသည် မိမိအိမ်တွင် မူးယစ်ဆေးဝါးများ ရှိနေကြောင်း သိမသိ ဆိုသောအချက်မှာ သံသယဖြစ်စရာ အခြေအနေတွင် ရှိနေပေသည်။ ဤကဲ့သို့ တရားခံတွင် အပြစ်ရှိသည်ဟု စိတ်ချလက်ချ သံသယကင်းစွာ ကောက်ယူခြင်း မပြုနိုင်သော အခြေအနေတွင် မူလရုံးက အပြီးအပြတ်လွှတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ"ဟူ၍ သုံးသပ်ပြီး အမှုကို ပလပ်ခဲ့သည်။

တရားရုံးချုပ်က မူးယစ်ဆေးဝါးများကို လက်ဝယ်ထားခြင်းသည် သိလျက်နှင့် လက်ဝယ်ထားခြင်း ဟုတ်မဟုတ် ပြဿနာကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားရန်အတွက် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်ထားမှု အမှတ် ၁၃၀/၉၂ကို လက်ခံခွင့်ပြုခဲ့ခြင်း ဖြစ်သည်၊

အမှုတွင် ရှေ့နေချုပ်ရုံးကိုယ်စား လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက ဦးအင်ဂျဲထိန်နန်သည် ၎င်း၏အိမ်မှ ဘိန်းနှင့်ဘိန်းရှူကိရိယာများ တွေ့ရှိခဲ့သည်ဆိုခြင်းကိုအငြင်းမပွားခဲ့ကြောင်း၊ ယင်းပစ္စည်းများသည် ၎င်း၏ အိမ်တွင် ကျောင်းတက်ရန် လာရောက်နေထိုင်သူ ယောက်ဖ မောင်ခါးလီ၏ ပစ္စည်းများဖြစ်မည်ထင်ကြောင်းကို ထုချေခဲ့ကြောင်း၊ သို့သော် မောင်ခါးလီ၏ ပစ္စည်းဖြစ်ကြောင်းကို သက်သေထင်ရှားမပြနိုင်ခဲ့ကြောင်း၊ တစ်ဦးတစ်ယောက်က လာရောက်ထားသွားခြင်း ဖြစ်ကြောင်းကိုလည်း သက်သေမပြနိုင်ကြောင်း၊ သတင်းပေးသည့်အတိုင်းသွားရောက်ရှာဖွေသည့်အခါ အချင်းဖြစ်ပစ္စည်းများကို တွေ့ရှိခဲ့ကြောင်း၊ ဤအခြေအနေတွင် ဦးအင်ဂျဲထိန်နန်သည် သက်သေခံပစ္စည်းများကို သိလျက်နှင့် လက်ဝယ်ထားကြောင်း ပေါ်လွင်နေ၍ ၎င်းအား အပြီးအပြတ် လွှတ်ခဲ့ခြင်းသည် ဥပဒေအရ မှားယွင်းကြောင်း၊ ၎င်းအား ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ် စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ)အရ ပြစ်မှုထင်ရှားစီရင်ပြီး ထိုက်သင့်သည့် ပြစ်ဒဏ်ကို ပေးသင့်ကြောင်း အကျယ်တဝင့် လျှောက်လဲသည်။

အယူခံတရားခံ ဦးအင်ဂျဲထိန်နန်သည် ရုံးရှေ့သို့ လာရောက်ထုချေခဲ့ခြင်းမရှိချေ။

အမှုနှင့်ပတ်သက်ပြီး တရားခံဦးအင်ဂျဲထိန်နန်၏ အိမ်တွင် ဘိန်းရှိကြောင်း သတင်းပေးသူမှာ ၎င်း၏ ဇနီးမကော့ပူဖြစ်သည်။ ၎င်းသတင်းပေးသည့်အတိုင်း ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင် လူကြီးများက သွားရောက်ရှာဖွေသည့်အခါ ဘိန်းနှင့်ဘိန်းရှူကိရိယာများကို အချင်းဖြစ်အိမ်မှ တွေ့ရှိခဲ့ခြင်းဖြစ်ပေသည်။ တွေ့ရှိသောပစ္စည်းများသည် ဘိန်းဖြစ်

ကြောင်း အင်းစိန်မှုခင်းတပ်ဖွဲ့က သက်သေခံ (ဂ)အရ ထင်မြင်ချက်ပေးခဲ့သည်။ သတင်းပေးသူသည် ဦးအင်ဂျဲထိန်နန်၏ အတွင်းရေးများကို သိနေသူဖြစ်ခြင်း၊ သတင်းပေးသည့်အတိုင်း ရှာဖွေရာ၌ ဘိန်းနှင့်ဘိန်းရူကိရိယာများ တွေ့ရှိခဲ့ခြင်း၊ အဆိုပါပစ္စည်းများမှာ အလွယ်တကူ ရှာဖွေမတွေ့နိုင်သည့်ပစ္စည်းများ မဟုတ်ကြ၍ ဦးအင်ဂျဲထိန်နန် မသိနိုင်စရာမရှိခြင်း၊ မောင်ခါးလီ၏ ပစ္စည်းများဖြစ်ကြောင်းကိုလည်း အထင်အရှား သက်သေမပြနိုင်ခဲ့ခြင်း၊ အခြားသူတစ်ဦးတစ်ယောက် လာရောက်ထားသွားခြင်းဖြစ်ကြောင်းကိုလည်း သက်သေမပြနိုင်ခဲ့ခြင်းတို့ကြောင့် ပစ္စည်းတွေ့ရှိပုံအနေအထားအရ တရားခံ ဦးအင်ဂျဲထိန်နန်အနေဖြင့် ဘိန်းနှင့် ဘိန်းရူကိရိယာများကို အစိုးရခွင့်ပြုချက်မရဘဲ သိလျက်နှင့် လက်ဝယ်ထားခဲ့ကြောင်း ကောက်ယူရန်သာရှိသည်။ မူလတရားရုံးနှင့် အယူခံတရားရုံးတို့က ကိုးကားခဲ့သော ကရင်လနှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အမှုမှာ ဤအမှုနှင့် ဖြစ်ရပ်ခြင်းမတူညီကြချေ။ သို့ဖြစ်ရာယင်းစီရင်ထုံးကို ကိုးကား၍ ဦးအင်ဂျဲထိန်နန်အား အပြီးအပြတ်လွှတ်ခဲ့ခြင်းသည် ပေါ်လွင်နေသော သက်သေခံချက်များနှင့် ဆန့်ကျင်နေ၍ ပယ်ဖျက်ရပေမည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြုပြီး မူလတရားရုံးက အယူခံတရားခံ ဦးအင်ဂျဲထိန်နန်အား အပြီးအပြတ် လွှတ်ခဲ့သည့်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသောတရားရုံးချုပ် အယူခံမှုအမှတ် ၅၄၈/၉၀ ၏ အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ အိမ်အမှတ် ၅၃၄ နေ အဘ ဦးအင်ဂျန်းဂမ်၏သား အယူခံတရားခံ ဦးအင်ဂျဲထိန်နန်အား ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၆ (ခ)အရ ထောင်ဒဏ် အလုပ်ကြမ်းနှင့် (၅)နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်းရွှေ့တွင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
မောင်အုန်းလွင် *

+ ၁၉၉၃
ဖေဖော်ဝါရီလ
၁၆ ရက်

**လင်ယောကျ်ားမရှိဘဲ ကိုယ်ဝန်ရရှိခဲ့သူ၏ အကျင့်စာရိတ္တကို ထည့်သွင်းစဉ်းစားရန်လိုအပ်ခြင်း၊ သက်သေခံထမီတွင် သုတ်ရည်နှင့် သုတ်ပိုးတွေ့ရှိသည်ဟု ဓာတုဗေဒဝန်ရုံး၏ပြန်စာတွင် တွေ့ရသော်လည်း မုဒိမ်းပြုကျင့်ခံရသူမှာ အချင်းဖြစ်ချိန်၌ တရားဝင်ခင်ပွန်းမရှိဘဲ ကိုယ်ဝန်ရှိပြီးနေသူဖြစ်ရာ ယင်းအချက်မျှဖြင့် တရားခံက သဘောတူခွင့်ပြုချက်မရှိဘဲ မုဒိမ်းပြုကျင့်ခဲ့သည်ဟု တထစ်ချဆိုနိုင်မည်မဟုတ်ပေ။**

**ဆုံးဖြတ်ချက်။** ။ဆရာဝန်ကစစ်ဆေးစဉ်တွင် မချိုမာ၌ ကိုယ်ဝန်(၂၆) ပတ်ရှိနေသည်မှာ မငြင်းကွယ်နိုင်ပေ။ မသန်းသန်းနွယ်၏မိခင် ဒေါ်စိုးညွန့်ကလည်း မချိုမာ မီးဖွားသည်ကို သိရှိကြောင်း ဝန်ခံထွက်ဆိုထားသည်။ သို့ဖြစ်ပါလျက် မချိုမာက ၎င်းတွင် ကိုယ်ဝန်မရှိပါဟု ငြင်းဆန်ထွက်ဆိုခဲ့ခြင်းသည်ပင် ၎င်းသည် မမှန်မကန်ပေါ့ပေါ့ လွယ်လွယ်ပြောတတ်သူဖြစ်ကြောင်း ပေါ်လွင်သည်။ မချိုမာသည် တရားဝင်ခင်ပွန်းမရှိဘဲ ကိုယ်ဝန်ရခဲ့သူလည်းဖြစ်ရာ ၎င်း၏အကျင့်စာရိတ္တကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ယင်းအကြောင်းများကြောင့် မချိုမာ၏ စွပ်စွဲထွက်ဆိုချက်ကို ယုံကြည်ရန် ခဲယဉ်းသည်။

ကျေးရွာလူကြီးများထံ မချိုမာတို့ သွားရောက်တိုင်ကြားစဉ်က မသန်းသန်းနွယ်မှာ ဘာမျှမသိဘဲ အိပ်ပျော်နေခဲ့သည်ဟု ပြောခဲ့ကြောင်း (ရဝတ) အဖွဲ့ဝင် ဦးမြမောင်၏ ထွက်ချက်တွင် တွေ့ရသဖြင့် မသန်းသန်းနွယ်၏ ထွက်ချက်ကိုလည်း ယုံကြည်စိတ်ချစွာ လက်ခံရန် ခိုင်လုံမှုမရှိပေ။

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၅၃

\+ ၁၉၉၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၆၈ တွင်ချမှတ်သော(၂၇-၁၁-၉၁) ရက်စွဲပါ မြောင်မြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၃
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
မောင်အုန်းလွင်

မချိုမာပေးအပ်ခဲ့သော သက်သေခံထဘီတွင် သုတ်ရည်နှင့် သုတ်ပိုးတွေ့ရှိသည်ဟု ဓာတုဗေဒဝန်ရုံး၏ပြန်စာတွင် တွေ့ရသော်လည်း မချိုမာမှာ အချင်းဖြစ်ချိန်၌ တရားဝင်ခင်ပွန်းမရှိဘဲ ကိုယ်ဝန်ပင် ရရှိနေပြီးသူဖြစ်ရာ ယင်းအချက်မျှဖြင့် မောင်အုန်းလွင်က မချိုမာအား သဘောတူခွင့်ပြုချက်မရှိဘဲ မုဒိမ်းပြုကျင့်ခဲ့သည်ဟု တထစ်ချဆိုနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုအတွက် – ဦးအုံ့ကြည်၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် – ဦးအုန်းမောင်၊ တရားရုံးချုပ်ရှေ့နေ

မြောင်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၆၈/၉၀ တွင် မောင်အုန်းလွင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆အရ စွဲချက်တင်၍ စစ်ဆေးပြီးနောက် ၎င်းအားအမှုမှ အပြီးအပြတ်လွှတ်ခဲ့သော အမိန့်ကို ရှေ့နေချုပ်ရုံးကမကျေနပ်သဖြင့် ဤအယူခံမှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ လွန်ခဲ့သော နတ်တော်လဆန်း (၈) ရက်နေ့ည (၂၄း၀၀) နာရီခန့်တွင် ဘခင်ဖြစ်သူ ဦးခင်ခရီးထွက်နေသဖြင့် မိမိသည် အဖော်ဖြစ်သူ ညီမဝမ်းကွဲမသန်းသန်းနွယ်နှင့်အတူ မြေစိုက်တဲအိမ်အတွင်းရှိ ကုတင်ပေါ်တွင် အိပ်ပျော်နေခဲ့ကြကြောင်း၊ ထိုစဉ်တစ်ရွာတည်းသား မောင်နှမဝမ်းကွဲတော်သူ မောင်အုန်းလွင်ရောက်လာပြီး မိမိကိုဓားဖြင့်ထောက်ကာ လည်မျိုကုတ်၍ သားမယားအဖြစ် ပြုကျင့်သွားခဲ့ကြောင်း၊ ၎င်းက သတ်မည်ဟု ခြိမ်းခြောက်သဖြင့် မအော်ရဲမပြောရဲနေလာခဲ့ပြီး နတ်တော်လဆန်း (၁၀) ရက်နေ့ ညတွင်မှ အိမ်ပြန်ရောက်လာသော ဘခင်ဖြစ်သူကို ပြောပြ၍ (ရဝတ) ဦးလှဝေကို အသိပေးခဲ့ကြောင်းဖြင့်ပြောဆိုကာ လက်ယက်မရွာနေ မချိုမာက မြောင်မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားသော အမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးက အယူခံအကြောင်းပြချက်များ တင်ပြရာ၌ မချိုမာနှင့်အတူအိပ်သူ မသန်းသန်းနွယ်က မချိုမာအား ထောက်ခံထွက်ဆိုချက်ရှိကြောင်း၊ သက်သေခံထဘီပေါ်တွင် သုတ်ရည်နှင့် သုတ်ပိုးတွေ့ရှိသည်ဟု ဓာတုဗေဒဝန်ရုံးမှ ပြန်ကြားထားသည့်ပြင် ဆရာဝန်၏ စစ်ဆေးချက်အရ မချိုမာ၏ မိန်းမကိုယ်တွင် အပျိုမှေးမရှိတော့ဟု ထွက်ဆိုထားကြောင်း၊ မချိုမာက မောင်နှမဝမ်းကွဲတော်သူ မောင်အုန်းလွင်အပေါ် မတရားစွပ်စွဲရန်လည်းမရှိကြောင်း၊ အကျင့်စာရိတ္တမကောင်းသော အမျိုးသမီးပင် ဖြစ်စေ

ကာမှ ၎င်း၏ သဘောတူခွင့်ပြုချက်မရဘဲ ကျူးလွန်ခဲ့ပါက မုဒိမ်းမှုမြောက်နိုင်ကြောင်း၊ ထို့ကြောင့် မောင်အုန်းလွင်အား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သော မြို့နယ်တရားရုံး၏ အမိန့် မှားယွင်းကြောင်း တင်ပြသည်။

မောင်အုန်းလွင်အတွက် ရှေ့နေကချေပတင်ပြရာ၌ အချင်းဖြစ်စဉ်က တွေ့မြင်ရပုံများနှင့် စပ်လျဉ်း၍ မသန်းသန်းနွယ်၏ ထွက်ချက်မှာ မချိုမာ၏ ထွက်ချက်နှင့် ကွဲလွဲချက်များရှိနေသည့်ပြင် ညီမဝမ်းကွဲ တော်ကြ၍ ဆင်ထားသည့်အတိုင်း ထွက်ချက်များ ကောင်းလွန်းနေ၍ မမှန်မကန် ထွက်ဆိုခဲ့သည်မှာ ပေါ်လွင်ကြောင်း၊ ထို့ကြောင့် မသန်းသန်းနွယ် တစ်ဦးတည်း၏ ယုံကြည်ထိုက်သော ထွက်ချက်ဖြင့် အပြစ်မပေးထိုက်ကြောင်း၊ မချိုမာတွင် ကိုယ်ဝန်အရင့်အမာ ရှိနေသည်ဟု ထင်ရှားပြီး ဆရာဝန်၏ စစ်ဆေးချက်တို့အရ မချိုမာ၏ စွပ်စွဲချက် ခိုင်လုံမှုမရှိကြောင်း၊ သက်သေခံ ထဘီတွင် သုတ်ရည်သုတ်ပိုးတွေ့ရှိသော်လည်း မချိုမာမှာ ကိုယ်ဝန်ပင် ရှိနေသူဖြစ်၍ မောင်အုန်းလွင်အပေါ် ခိုင်လုံသော အထောက်အထားဟု မဆိုနိုင်ကြောင်း၊ အချင်းဖြစ်ချိန်တွင် မောင်အုန်းလွင် သောင်ကြီးရွာသို့ ရောက်ရှိနေသည်ဟု ဦးပြေနှင့် (ရဝတ) ဥက္ကဋ္ဌ ဦးမြဘူးတို့က ထောက်ခံ ထွက်ဆိုထားကြောင်း၊ ထို့ကြောင့် ဤအယူခံမှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

မချိုမာက ရဲထံတိုင်ချက်ပါအတိုင်း ထွက်ဆိုပြီး ပြန်လှန်မေးခွန်းဖြေဆိုရာတွင် အချင်းဖြစ်ညက မိမိ၏အဖွားနှင့် ဦးလေးဦးစိန်ဝင်းတို့အား မပြောပြခဲ့သည်မှာ မှန်ကြောင်း၊ တဲ နီးချင်းများအား အော်ဟစ်အကူအညီ မတောင်းခဲ့ခြင်းမှာ မောင်အုန်းလွင်က ခြိမ်းခြောက်ထား၍ဖြစ်ကြောင်း၊ ဇရပ်ကုန်းပွဲတွင် မောင်ကြည်စိုးနှင့်အတူ မိမိပွဲကြည့်ခဲ့ဖူးခြင်း မရှိကြောင်း၊ မိမိတွင် ကိုယ်ဝန်ရှိနေသည်မှာမဟုတ်ကြောင်း၊ မောင်အုန်းလွင်က မိမိကို ကွမ်းနှစ်ရာညက် (ထမင်းအိုးနှစ်လုံးတည်) ခန့်ကြာအောင် ပြုကျင့်ခဲ့ကြောင်း၊ ပြုကျင့်စဉ်က ကုတင်အသံမြည်နေပြီး တစ်ကုတင်တည်း၌ အတူအိပ်နေသော မသန်းသန်းနွယ် နိုးနေကြောင်း ထွက်ဆိုသည်။

အသက် (၁၃) နှစ်အရွယ် မသန်းသန်းနွယ်၏ ထွက်ချက်တွင် မောင်အုန်းလွင်က မချိုဟုခေါ်လျက် ဓားကိုင်ဝင်လာပြီး မချိုမာ၏ လည်မျိုကို ကုတ်ထားကြောင်း၊ အော်ရင်သတ်ပစ်မည်၊ ဟိုကလေးနိုးရင်လဲ သတ်မည်ဟု ပြောကြောင်း၊ မချိုမာကို စော်ကားကြောင်း၊ မချိုမာမှာ ပက်လက်ဖြစ်ပြီး မောင်အုန်းလွင်က အပေါ်မှဖြစ်ကြောင်း၊ ပုဆိုးနှင့်ထဘီတို့မှာ နှစ်ဦးလုံး၏

ဒူးအောက်နားခြေရင်းဘက်တွင် ရောက်နေကြောင်း၊ ကုတင်မှ အသံတော့ မကြားရကြောင်း၊ မိမိကြောက်၍ မအော်ခဲ့ကြောင်း၊ မချိုမာ ရန်းကန် ကုတ်ဖဲ့သည်ကို တွေ့မြင်ကြောင်း ထောက်ခံထွက်ဆိုသည်။

မချိုမာ၏ဘခင် ဦးခင်၏ ထွက်ချက်တွင် မိမိသည် (၁၀)ရက် နေ့ ရွာပြန်ရောက်သည့်အခါမှ သမီးမချိုမာကပြောမှ အကျိုးအကြောင်း သိရ ကြောင်း မိမိအိမ်တွင်လက်နက်ပုန်းအရှာခံရသောကိစ္စအတွက် မောင်အုန်းလွင် ၏ဘခင် ဦးသိန်းအောင်အပေါ် ရန်ညှိုးရှိနေသည်မှာ မဟုတ်ကြောင်း ထွက်ဆိုသည်။

တရားလိုပြ သက်သေ ဒေါ်စိုးညွန့်၏ ထွက်ချက်တွင် မသန်းသန်းနွယ် နှင့် မချိုမာတို့က အချင်းဖြစ်ကိစ္စကို မိမိအားပြောပြခဲ့ကြောင်း၊ (၁၀)ရက်နေ့ တွင် မိမိက ဦးသိန်းအောင်၏ အိမ်သို့သွားပြောပြရာ ဦးသိန်းအောင်က မဟုတ်မတရား စွပ်စွဲသည်ဟုပြော၍ ဆဲဆိုကြိမ်းမောင်းခဲ့ကြောင်း၊ မချိုမာ၌ ကိုယ်ဝန် (၆)လ ရှိနေသည်ကို မသိကြောင်း၊ ယခုမီးဖွားသည်ကိုတော့ သိကြောင်း ထွက်ဆိုသည်။ ဦးစိန်ဝင်းက ဒေါ်စိုးညွန့်၏ ထွက်ချက်ကို ထောက်ခံထွက်ဆိုသည်။

မောင်အုန်းလွင်က မိမိသည် မချိုမာကို မကျူးလွန်ခဲ့၍ အပြစ်မရှိ ကြောင်း၊ အချင်းဖြစ်နေ့ရက်တွင် မိမိသည် သောင်ကြီးရွာ ဦးပြည့်၏ နေအိမ်တွင် လူငှားအဖြစ် ရောက်ရှိလုပ်ကိုင်နေကြောင်း၊ လက်နက်ပုန်း အရှာခံရသော ကိစ္စနှင့်အမွေကိစ္စအတွက် ဦးခင်ကမိမိတို့အပေါ် မကျေနပ် ကြောင်း၊ မချိုမာအနေနှင့်မူ မိမိတို့နှင့် ရန်ငြိုးမရှိသော်လည်း ခေါ်ပြောမှု မရှိကြောင်း ထွက်ဆိုသည်။ သောင်ကြီးရွာနေဦးပြည့်က မောင်အုန်းလွင်၏ ထွက်ချက်ကို ထောက်ခံထွက်ဆိုသည်။

မြို့နယ်တရားရုံး၏ စီရင်ချက်တွင် ကုတင်အသံမြည် မမြည်အချက်၊ ထဘီလှန်ခြင်းနှင့် အောက်သို့ဆွဲချခြင်း အချက်တို့၌ မချိုမာနှင့် မသန်းသန်း နွယ်တို့၏ ထွက်ချက်များမှာ ကွဲလွဲနေကြောင်း၊ မသန်းသန်းနွယ်သည် ဘေးမှထိုင်၍ ကြည့်နေသကဲ့သို့ ထွက်ဆိုထားသည့်ပြင် အရွယ်နှင့်မလိုက် အောင် ထွက်ဆိုသူဖြစ်နေသဖြင့် သဘာဝယုတ္တိမရှိကြောင်း၊ မသန်းသန်းနွယ် သည် အချင်းဖြစ်စဉ်က အော်ဟစ် အကူအညီပေးခဲ့မှု မရှိခဲ့သည့်အပြင် မချိုမာက နောက်(၂) ရက်ကြာမှ တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ မချိုမာသည် လင်ယောကျ်ားသမီးရည်းစားမရှိဘဲ ကိုယ်ဝန်ရခဲ့သူဖြစ်၍ အကျင့်စာရိတ္တ လျော့နည်းနေသူဟုဆိုသင့်ကြောင်း၊ လူသူ ဆိတ်ကွယ်ရာ၌ ကျူးလွန်လေ့

ရှိသောအမှုကို မသန်းသန်းနွယ်၏ ရှေ့ခံကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်မှာ လက်ခံရန် ခဲယဉ်းသဖြင့် မဖြစ်နိုင်ဟု ကောက်ယူရမည် ဖြစ်ကြောင်း သုံးသပ်အမိန့်ချမှတ်ထားသည်။

၁၉၉၃
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
မောင်အုန်းလွင်

မြို့နယ်တရားရုံး၏ စီရင်ချက်တွင် ဖော်ပြထားသည့်အတိုင်း မချိုမာ နှင့်တစ်ဦးတည်းသော မျက်မြင်သက်သေ မသန်းသန်းနွယ်တို့၏ ထွက်ချက်များမှာ အဓိကကျသော အချက်တို့တွင် သိသာစွာ ကွဲလွဲမှုများ ရှိနေကြောင်း တွေ့ရသည်။

မသန်းသန်းနွယ်သည် အသက် (၁၃)နှစ်အရွယ် ကလေးငယ်တစ်ဦး ဖြစ်ရာ ၎င်းမှာအမှန်တရားကို ထွက်ဆိုသူဖြစ်နိုင်သကဲ့သို့ မချိုမာနှင့် မိန်းမချင်း ရင်းနှီးသူဖြစ်သည့်အလျောက် မချိုမာတို့ဘက်မှ အလွယ်တကူ သင်ကြားထားရန်လည်း ဖြစ်နိုင်ပေသည်။

သဘာဝယုတ္တိအရ သုံးသပ်ရပါက မောင်အုန်းလွင်၊ မချိုမာနှင့် မသန်းသန်းနွယ်တို့မှာ သူတစိမ်းများ မဟုတ်ကြဘဲ မောင်နှမဝမ်းကွဲတော်သူများ ဖြစ်နေရာ မသန်းသန်းနွယ်က တစ်ကုတင်တည်း၌ အနီးကပ်မြင် တွေ့နေစဉ် မောင်အုန်းလွင်က မချိုမာအား ဗြောင်ကျကျ မုဒိမ်းပြုကျင့်ရန် ကိစ္စမှာ ခဲယဉ်းမည်ဖြစ်သည်။ မောင်အုန်းလွင်မှာ သူစိမ်းတရံဆံ မဟုတ်သဖြင့် ၎င်းကခြိမ်းခြောက်ခဲ့လျှင်ပင် မချိုမာနှင့် မသန်းသန်းနွယ်တို့က ပြန်လည်ခုခံအော်ဟစ်ခြင်း မပြုဝံ့လောက်အောင် အလွန်အမင်း ကြောက်ရွံ့ တုန်လှုပ်မှုဖြစ်ပေါ်ခဲ့ရန်အကြောင်း ရှိမရှိ စဉ်းစားဖွယ်ရာဖြစ်သည်။

ဆရာဝန်က စစ်ဆေးစဉ်တွင် မချိုမာ၌ ကိုယ်ဝန် (၂၆) ပတ် ရှိနေသည်မှာ မငြင်းကွယ်နိုင်ပေ။ မသန်းသန်းနွယ်၏ မိခင်ဒေါ်စိုးညွန့်ကလည်း မချိုမာမီးဖွားသည်ကို သိရှိကြောင်း ဝန်ခံထွက်ဆိုထားသည်။သို့ဖြစ်ပါလျက် မချိုမာက ၎င်းတွင် ကိုယ်ဝန်မရှိပါဟု ငြင်းဆန်ထွက်ဆိုခဲ့ခြင်းသည်ပင် ၎င်းသည် မမှန်မကန်ပေါ့ပေါ့ လွယ်လွယ်ပြောတတ်သူဖြစ်ကြောင်း ပေါ်လွင်သည်။ မချိုမာသည် လင်ယောကျ်ားမရှိဘဲ ကိုယ်ဝန်ရခဲ့သူလည်းဖြစ်ရာ ၎င်း၏ အကျင့်စာရိတ္တကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ယင်း အကြောင်းများကြောင့် မချိုမာ၏ စွပ်စွဲထွက်ဆိုချက်ကို ယုံကြည်ရန် ခဲယဉ်းသည်။

ကျေးရွာလူကြီးများထံ မချိုမာတို့ သွားရောက်တိုင်ကြားစဉ်က မသန်း သန်းနွယ်မှာ ဘာမျှမသိဘဲ အိပ်ပျော်နေခဲ့သည်ဟု ပြောခဲ့ကြောင်း

၁၉၉၃
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
မောင်အုန်းလွင်

(ရဝတ) အဖွဲ့ဝင် ဦးမြမောင်၏ထွက်ချက်တွင် တွေ့ရသဖြင့် မသန်းသန်းနွယ်၏ ထွက်ချက်ကိုလည်း ယုံကြည်စိတ်ချစွာ လက်ခံရန် ခိုင်လုံမှုမရှိပေ။

မချိုမာပေးအပ်ခဲ့သော သက်သေခံထဘီတွင် သုတ်ရည်နှင့် သုတ်ပိုးတွေ့ရှိသည်ဟု ဓာတုဗေဒဝန်ရုံး၏ ပြန်စာတွင်တွေ့ရသော်လည်း မချိုမာမှာ အချင်းဖြစ်ချိန် တရားဝင်ခင်ပွန်း မရှိဘဲ ကိုယ်ဝန်ပင် ရရှိနေပြီးသူဖြစ်ရာ ယင်းအချက်မျှဖြင့် မောင်အုန်းလွင်က မချိုမာအား သဘောတူခွင့်ပြုချက်မရှိဘဲ မုဒိမ်းပြုကျင့်ခဲ့သည်ဟု တထစ်ချဆိုနိုင်မည်မဟုတ်ပေ။

သို့ဖြစ်ရာ မြို့နယ်တရားရုံး၏ သုံးသပ်တွေ့ရှိချက်နှင့် အမိန့်တို့မှာ မှားယွင်းမှု မရှိပေ။

ထို့ကြောင့် မောင်အုန်းလွင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ အပြစ်မရှိကြောင်း သုံးသပ်၍ ၎င်းကိုအမှုမှ အပြီးအပြတ် လွှတ်ခဲ့သော မြောင်မြို့နယ် တရားရုံး၏ အမိန့်အား ဝင်ရောက်စွက်ဖက်ရန် မရှိသဖြင့် ဤအယူခံမှုကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

မောင်ဘိုထွန်း (ခ) ထွန်းလှအောင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

+၁၉၉၃
ဖေဖော်ဝါရီလ
၂ ရက်

**ကလေးသူငယ်ဟုတ် မဟုတ်နှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သော တိုင်းတရားရုံး၏ အမိန့်မှာ ကလေးသူငယ်များ အက်ဥပဒေပုဒ်မ ၂၂ အရ အပြီးသတ် ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ကျောင်းဝင်မှတ်ပုံတင် စာရင်းစာအုပ်ကို တွေ့မြင် စစ်ဆေးကြည့်ရှုခွင့်ရခဲ့သော တိုင်းတရားရုံး၏ သုံးသပ်တွေ့ရှိချက်အရ ယင်းမှတ်ပုံတင်စာအုပ်ကို ယုံကြည်လက်ခံနိုင်မည် မဟုတ်၍ ထိုမှတ်ပုံတင် စာအုပ်အရ ကျောင်းအုပ်ဆရာ ဦးကျော်လင်းက ထုတ်ပေးခဲ့သော သက်သေခံ (က) နှင့် (က–၁) ထောက်ခံစာ (၂)စောင်မှာ ခိုင်လုံသည်ဟု မဆိုနိုင်ချေ။

ဦးကျော်လင်း၏ ထွက်ဆိုချက်တွင် ၁၉၈၃ခုနှစ် ၁၉၈၆ခုနှစ်အထိ နှင့် ၁၉၈၈ ခုနှစ်တို့တွင် ကျောင်းသားသစ်လက်ခံ ရရှိမှု မရှိ၍ မှတ်ပုံတင် စာအုပ်တွင် ထိုနှစ်များအတွက် ရေးမှတ်ချက်မရှိခဲ့ခြင်း ဖြစ်သည်ဟု ဖြေ ရှင်းတင်ပြသော်လည်း (၅) နှစ်စာမျှပင် ကျောင်းသားသစ်လုံးဝ လက်ခံ ရရှိမှု မရှိခြင်းဖြစ်နေသောကြောင့် ယုံကြည်လက်ခံရန် ခဲယဉ်းသည်။

ထို့ပြင် တိုင်းတရားရုံး၏ ၁၆–၇–၉၂ နေ့စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်တွင် တရားခံ မောင်ဘိုထွန်းသည် အမြင်အားဖြင့် ကလေးဟု သတ်မှတ်၍ မရကြောင်း ဖော်ပြချက်ကိုလည်း တွေ့ရသည့်ပြင်၊ မောင်ဘိုထွန်း က ကိုအိတ်ထောင်အား တံခါးသော့ တောင်းမရ၍ဖြင့် ခုတ်သတ်ခဲ့၍ ပြစ်ဒဏ်ကြီးလေးသောပြစ်မှုနှင့် စွပ်စွဲခံထားရသူဖြစ်ရာ ကလေးသူငယ်များ အက်ဥပဒေပုဒ်မ ၂၅ (၂) အရ ထည့်သွင်းစဉ်းစားသင့်က စဉ်းစားရန်လည်း ရှိနေပေသည်။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၉၉ (ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၂ တွင် ချမှတ်သော (၁၆–၇–၉၂) ရက်စွဲပါ မကွေးတိုင်း (မကွေးမြို့နယ်စု) တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု

၁၉၉၃
မောင်ဘိုထွန်း
(ခ)
ထွန်းလှအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

သို့ဖြစ်ရာ မောင်ဘိုထွန်းက မူလမှုတွင် တင်ပြထားသော (လဝက) ဌာနမှ ထုတ်ပေးခဲ့သည့် ထောက်ခံစာနှင့် အိမ်ထောင်စုစာရင်း အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားရန်လိုမည် မဟုတ်ပေ။ မောင်ဘိုထွန်းသည် နိုင်ငံသား စိစစ်ရေးကတ်ပြားလည်း ပြုလုပ်ပြီးခြင်းမရှိချေ။

မောင်ဘိုထွန်း၏အသက်၊ ကလေးသူငယ်ဟုတ် မဟုတ်နှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သော တိုင်းတရားရုံး၏အမိန့်မှာ ကလေးသူငယ်များ အက်ဥပဒေ ပုဒ်မ ၂၂ အရ အပြီးသတ်ဖြစ်ရမည်ဟု ပြဋ္ဌာန်းချက်ကိုလည်း တွေ့ရသည်။

လျှောက်ထားသူအတွက် – ဦးသန်းအောင်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် – ဦးခင်မောင်ဦး၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

မကွေးတိုင်း တရားရုံး (မကွေးမြို့နယ်စု)၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၂/၉၂ တွင် တရားခံ မောင်ဘိုထွန်း (ခ) ထွန်းလှအောင်မှာ အမြင်အားဖြင့် ကလေးသူငယ်ဟု သတ်မှတ်၍မရသောကြောင့် အမှုကို ကလေးသူငယ်မှုခင်းဟု သတ်မှတ်ခြင်းမပြုကြောင်း အမိန့်ချမှတ်ခဲ့ရာ မောင်ဘိုထွန်း (ခ) ထွန်းလှအောင်က ယင်းအမိန့်ကို မကျေနပ်၍ ဤပြင်ဆင်မှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ ၁၂–၄–၉၁ ရက်နေ့ နံနက် (၂)နာရီခန့်တွင် မောင်ဘိုထွန်း (ခ) ထွန်းလှအောင်သည် ရွာတံခါးမကြီးသော့ကို တောင်း၍မရသည့်အတွက် ခင်ပွန်းဖြစ်သူ ကိုအိတ်ထောင်၏လည်ပင်းကို ဓားဖြင့် ခုတ်သတ်လိုက်ကြောင်း၊ ထို့ကြောင့် ၎င်းအား အရေးယူ ပေးရန် လျှော်ထောင်ကျေးရွာနေ ဒေါ်ထွေးခင်က နတ်မောက်မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားခဲ့သော အမှုဖြစ်သည်။

မောင်ဘိုထွန်း (ခ) ထွန်းလှအောင် ကိုယ်စားရှေ့နေက တင်ပြရာတွင် လျှော်ထောင်ကျေးရွာ မူလတန်း ကျောင်းအုပ်ဆရာကြီး ဦးကျော်လင်း၏ ထွက်ချက်နှင့် ကျောင်းဝင်မှတ်ပုံတင်စာရင်းစာအုပ်အရ ထုတ်ပေးခဲ့သည့် ထောက်ခံစာများ၊ မြို့နယ် (လဝက) ဌာနမှထုတ်ပေးထားသည့် ထောက်ခံစာနှင့် အိမ်ထောင်စုစာရင်းတို့အရ မောင်ဘိုထွန်း (ခ) ထွန်းလှ အောင်၏ မွေးသက္ကရာဇ်မှာ ၁၃၃၈ ခုနှစ် သီတင်းကျွတ်လဆုတ် (၂) ရက် (၉–၁၀–၇၆) နေ့ဖြစ်၍ ယခုအမှု ဖြစ်ပွားခဲ့သော ၁၃၅၃ ခုနှစ် တန်ခူး လဆန်း (၉) ရက် (၁၂–၄–၉၁) နေ့တွင် ၎င်း၏အသက်မှာ (၁၅)နှစ် နှင့် (၃)လခန့်သာ ရှိသေးသဖြင့် ကလေးသူငယ်ဖြစ်သည်ဟု

၁၉၉၃
မောင်ဘိုထွန်း
(ခ)
ထွန်းလှအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

ပေါ်လွင်ကြောင်း၊ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ ထောက်ခံစာနှင့် (လဝက) ဌာနမှ ထုတ်ပေးသည့် အိမ်ထောင်စုစာရင်းတို့မှာ အများပြည်သူဆိုင်ရာ စာရွက်စာတမ်းများဖြစ်၍ သက်သေခံ ပုဒ်မ ၃၅ အရ သက်သေခံဝင်ကြောင်း၊ လက်ထောက်တိုင်းတရားသူကြီးသည် လက်ရေးကျွမ်းကျင်သူ မဟုတ်ဘဲ ကျောင်းဝင်မှတ်ပုံတင် စာရင်းပါ ရေးသွင်းထားသော မင်ရောင်တို့မှာ လောလောဆယ်ရေးသွင်းထားသည့် လက္ခဏာဖြစ်သည်ဟု ယူဆရလောက်အောင် လက်ရေးအသစ်များဖြစ်သည်ဟု ကောက်ယူသုံးသပ်ခဲ့သည်မှာ မှားယွင်းကြောင်း၊ တိုင်းတရားရုံးသည် မြို့နယ် (လဝက) ဌာနမှ ထုတ်ပေးထားသော အသက်ထောက်ခံစာနှင့် အိမ်ထောင်စုစာရင်း တို့ကိုမှု တစ်စုံတစ်ရာ သုံးသပ်ဖော်ပြမှုမရှိဘဲ ထိန်ချန်ထားခဲ့ကြောင်း၊ ကိုယ်ခန္ဓာထွားကြိုင်းရုံနှင့် ကလေးသူငယ်မဟုတ်ဟု တရားသူကြီးက ကောက်ယူချက်မှာလည်း သက်ဆိုင်ရာဆရာဝန်၏စစ်ဆေးတွေ့ရှိချက်မရှိဘဲ ကောက်ယူချက်သာဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်၍ မောင်ဘိုထွန်း (ခ) ထွန်းလှအောင်အား ကလေးသူငယ်မှုခင်း စစ်ဆေးနည်းအရ စစ်ဆေးစီရင်စေရန် ပြင်ဆင်အမိန့်ချမှတ်ပေးသင့်ကြောင်း တင်ပြသည်။

ရှေ့နေချုပ်ရုံးကိုယ်စား ဥပဒေအရာရှိက တင်ပြရာ၌ လျော်ထောင်ကျေးရွာ မူလတန်းကျောင်း၏ ကျောင်းဝင်မှတ်ပုံတင် စာရင်းစာအုပ်တွင် ရေးသွင်းထားသည့်မင်ရောင်မှာ လောလောဆယ် ရေးသွင်းထားပုံရခြင်း၊ ယင်းစာအုပ်တွင် မောင်ဘိုထွန်းက ကျောင်းထွက်သွားသည့် မှတ်ချက် ရေးသွင်းမထားခြင်း၊ ထုတ်ပေးသည့် ထောက်ခံစာမှာ လုပ်ထုံးလုပ်နည်းနှင့် မညီပါဟု ကျောင်းအုပ်ကြီး ဦးကျော်လင်းက ဝန်ခံထွက်ဆိုထားခြင်းတို့ကြောင့် တိုင်းတရားရုံးက မောင်ဘိုထွန်းအား ကလေးသူငယ်ဟု သတ်မှတ်စစ်ဆေးခြင်း မပြုဘဲ ငြင်းပယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကလေးသူငယ် ဟုတ်မဟုတ်နှင့် စပ်လျဉ်း၍ တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်မှာ အပြီးသတ်ဖြစ်ရမည်ဟု တွေ့ရကြောင်း၊ ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

မူလတန်းကျောင်းအုပ်ဆရာကြီး ဦးကျော်လင်း၏ ထွက်ချက်နှင့် ၎င်းက ကျောင်းဝင်မှတ်ပုံတင်စာရင်းစာအုပ်ကို အခြေခံ၍ ထုတ်ပေးခဲ့သော သက် သေခံ (က)နှင့် (က–၁) ထောက်ခံစာများအရ မောင်ဘိုထွန်း (ခ) ထွန်း လှအောင်၏ မွေးသက္ကရာဇ်မှာ ၁၃၃၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၂) ရက် (၉–၁၀–၇၆) နေ့ဖြစ်ကြောင်း တွေ့ရသည်။

၁၉၉၃
မောင်ဘိုထွန်း
(ခ)
ထွန်းလှအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

မောင်ဘိုထွန်း၏ ဘခင် ဦးမောင်မောင်မှာလည်း အခြားကျောင်း တစ်ကျောင်း၏ ကျောင်းဆရာတစ်ဦးဖြစ်ကြောင်းနှင့် မောင်ဘိုထွန်းသည် ဦးကျော်လင်း၏ ကျောင်းမှထွက်သွားပြီး ၎င်း၏ဘခင်ရှိရာ ကျောင်းတွင် တက်ရောက်လျက်ရှိကြောင်း ဦးကျော်လင်း၏ ထွက်ချက်တွင် တွေ့ရသည်။ ထို့ကြောင့် မောင်ဘိုထွန်း၏ အသက်အတွက် ထောက်ခံစာကို ဦးကျော်လင်း ထံမှ တောင်းယူတင်ပြသော အချက်မှာ သံသယဖြစ်ဖွယ်ရှိသည်။

တိုင်းတရားရုံး၏ အမိန့်တွင် ကျောင်းဝင်စာရင်းစာအုပ်မှာ ၁၉၈၃ ခုနှစ်ကတည်းက စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်ဟု ကျောင်းအုပ်ဆရာကြီး ဦးကျော်လင်းက ထွက်ဆိုသော်လည်း အဆိုပါ စာအုပ်ပါ ရေးသွင်းချက် တို့၏မင်ရောင်တို့မှာ လောလောဆယ် ရေးသွင်းခဲ့သည့် လက္ခဏာများ ဖြစ်သည်ဟု ယူဆရလောက်အောင် လက်ရေးအသစ်များ တွေ့ရသည့်ပြင် စာအုပ်မျက်နှာဖုံးတွင် စတင်အသုံးပြုသည့်ခုနှစ်ကို ဖော်ပြမထားကြောင်း၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ အတွက်လည်း ကျောင်းသားအမည် စာရင်းရေးသွင်းထားမှု မတွေ့ရသည့်ပြင် တရားခံ၏အမည်နှင့်ယှဉ်သော နောက်ဆုံးစာတိုင်၌ ကျောင်းထွက်လက်မှတ် ထုတ်ပေးခဲ့သည်ဟု မှတ်ချက် မပါရှိကြောင်း၊ ထို့ကြောင့် ဦးကျော်လင်းက အဆိုပါ ကျောင်းဝင်မှတ်ပုံတင် စာရင်းအရ ထုတ်ပေးခဲ့သော အသက်အတွက် ထောက်ခံစာတို့ကို ယုံကြည် လက်ခံနိုင်ဖွယ်မရှိကြောင်း သုံးသပ်ထားသည်။

သို့ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင် စာရင်းစာအုပ်ကို တွေ့မြင်စစ်ဆေး ကြည့်ရှုခွင့် ရခဲ့သော တိုင်းတရားရုံး၏ သုံးသပ်တွေ့ရှိချက်အရ ယင်း မှတ်ပုံတင်စာအုပ်ကို ယုံကြည်လက်ခံနိုင်မည် မဟုတ်၍ ထိုမှတ်ပုံတင်စာအုပ် အရ ကျောင်းအုပ်ဆရာ ဦးကျော်လင်းက ထုတ်ပေးခဲ့သော သက်သေခံ (က)နှင့် (က-၁) ထောက်ခံစာ (၂) စောင်မှာ ခိုင်လုံသည်ဟု မဆိုနိုင်ချေ။

ဦးကျော်လင်း၏ ထွက်ချက်တွင် ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ နှင့် ၁၉၈၈ ခုနှစ်တို့တွင် ကျောင်းသားသစ်လက်ခံရရှိမှု မရှိ၍ မှတ်ပုံတင် စာအုပ်တွင် ထိုနှစ်များအတွက် ရေးမှတ်ချက်မရှိခဲ့ခြင်း ဖြစ်သည်ဟု ဖြေရှင်းတင်ပြသော်လည်း (၅) နှစ်စာမျှပင် ကျောင်းသားသစ် လုံးဝ လက်ခံရရှိမှုမရှိခြင်း ဖြစ်နေသောကြောင့် ယုံကြည်လက်ခံရန် ခဲယဉ်းသည်။

ထို့ပြင် တိုင်းတရားရုံး၏ (၁၆-၇-၉၂) နေ့စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်တွင် တရားခံ မောင်ဘိုထွန်းသည် အမြင်အားဖြင့် ကလေးဟု သတ်မှတ်၍မရကြောင်း ဖော်ပြချက်ကိုလည်း တွေ့ရသည့်ပြင်၊ မောင်ဘိုထွန်း

က ကိုအိတ်ထောင်အား တံခါးသော့ တောင်းမရရုံဖြင့် ခုတ်သတ်ခဲ့၍ ပြစ်ဒဏ်ကြီးလေးသော ပြစ်မှုနှင့် စွပ်စွဲခံထားသူဖြစ်ရာ ကလေးသူငယ်များ အက်ဥပဒေပုဒ်မ ၂၅ (၂) အရ ထည့်သွင်းစဉ်းစားသင့်က စဉ်းစားရန်လည်း ရှိနေပေသည်။

၁၉၉၃
မောင်ဘိုထွန်း
(ခ)
ထွန်းလှအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

သို့ဖြစ်ရာ မောင်ဘိုထွန်းက မူလမှုတွင် တင်ပြထားသော (လဝက) ဌာနမှ ထုတ်ပေးခဲ့သည့် ထောက်ခံစာနှင့် အိမ်ထောင်စုစာရင်း အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားရန် လိုမည်မဟုတ်ပေ။ မောင်ဘိုထွန်းသည် နိုင်ငံသား စိစစ်ရေးကတ်ပြားလည်း ပြုလုပ်ပြီးခြင်း မရှိချေ။

မောင်ဘိုထွန်း၏အသက်၊ ကလေးသူငယ်ဟုတ်မဟုတ်နှင့် စပ်လျဉ်း၍ချမှတ်ခဲ့သော တိုင်းတရားရုံး၏ အမိန့်မှာ ကလေးသူငယ်များ အက်ဥပဒေပုဒ်မ ၂၂ အ ရအပြီးသတ်ဖြစ်ရမည်ဟု ပြဋ္ဌာန်းချက်ကိုလည်း တွေ့ရသည်။

ထို့ကြောင့် မောင်ဘိုထွန်း (ခ) ထွန်းလှအောင်သည် ကလေးသူငယ်မဟုတ်ဟု ချမှတ်ခဲ့သော မကွေးတိုင်း တရားရုံး (မကွေးမြို့နယ်စု)၏ အမိန့်အား ဝင်ရောက်စွက်ဖက်ရန်မရှိ၍ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ (အထူးအယူခံ)

### တရားရုံးချုပ်၊ တရားသူကြီး ဦးအောင်မြင်နှင့် ဦးသန်းဖေတို့ရှေ့တွင်

+ ၁၉၉၃
ဇန်နဝါရီလ
၆ ရက်

ဦးဘိန်လေး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ –၂ *

**ပြင်ဆင်မှု လျှောက်ထားခြင်းခံရသူအပေါ် အကြောင်းကြားစာချမှတ်ရာတွင် အကြောင်းကြားစာတရားဝင် အတည်ဖြစ်ကြောင်း ထောင်ပိုင်၏ ပြန်ကြားချက်ရရှိခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂)အရ လျှောက်ထားခံရသူတွင် ထုချေရန် အခွင့်အရေးများ ရရှိပြီး ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ တရားရုံးချုပ်၏ စီရင်ချက်တွင် ဦးဘိန်လေးအား အကြောင်းကြားစာချမှတ်ရာတွင် တရားဝင်အတည်ဖြစ်ကြောင်း ထောင်ပိုင် ဦးတင်ကြွယ်က ၂၄–၄–၉၂ နေ့တွင် ယင်းအချက်ကို ပြန်ကြားထားပြီး တရားရုံးချုပ်က အမှုကြားနာသောနေ့မှာ ၁၉၉၂ ခုနှစ်၊ ဧပြီလ ၃၀ ရက် ဖြစ်သောကြောင့် ဦးဘိန်လေးတွင် ထုချေခွင့်အခွင့်အရေးများ ရရှိပြီးဖြစ်ကြောင်း။

လျှောက်ထားသူအတွက် – ဦးမြင့်စိုး၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက်– (၁) ဦးမျိုးချစ်၊ လက်ထောက် ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး
(၂) ဦးခင်မောင်ရီ

အမှုမှာ ၆–၁–၉၁ ရက်နေ့က ပုသိမ်အရှေ့မြို့နယ် သဲဖြူကျေးရွာ အုပ်စု ကျွဲခြံရွာနေ တရားလို ဦးအုန်းမြင့်၏ သမီးအရွယ်မရောက်သေးသူ မသူဇာမြင့်အား တစ်ရွာတည်းနေ ဦးဘိန်လေးက မိဘများ၏ သဘောတူ ခွင့်ပြုချက်မရရှိဘဲ ခိုးယူပေါင်းသင်းသည်ဟုဆိုကာ ဘခင်ဖြစ်သူ ဦးအုန်းမြင့်

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၁၃၄

\+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၃၀(ခ) တွင် ချမှတ်သော (၂၂–၅–၉၂) ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံဝင်မှု

၁၉၉၃
ဦးဘိန်လေး
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

က ရဲစခန်းသို့ ပထမတိုင်ချက်သက်သေခံအမှတ် (က)ကို ဖွင့်လှစ်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ပုသိမ်အရှေ့မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၉/၉၁ တွင် တရားခံ ဦးဘိန်လေးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ ထောင် (၁) နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တိုင်းဥပဒေရုံး ပုသိမ်မြို့နယ်စုက မကျေနပ်သောကြောင့် ပြစ်ဒဏ်တိုးရန် ဧရာဝတီတိုင်းတရားရုံး (ပုသိမ်မြို့နယ်စု) သို့ ပြင်ဆင်မှုတင်သွင်းရာ မအောင်မြင်ချေ။ မူလရုံးတရားလို ဦးအုန်းမြင့်ကလည်း တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၃၀ (ခ)/၉၁ အရ ပြင်ဆင်မှုတင်သွင်းပြန်သည်။

တရားရုံးချုပ်က တရားခံ ဦးဘိန်လေးအား မူလရုံးက ချမှတ်ထားသော ထောင်ဒဏ် (၁) နှစ်မှ (၃) နှစ်အထိ တိုးမြှင့်ချမှတ်သည့်အမိန့်နှင့် ဦးဘိန်လေး ရုံးရှေ့တွင် လာရောက်လျှောက်လဲရခြင်းမရှိဘဲ တရားရုံးချုပ်က ပြစ်ဒဏ် တိုးမြှင့်ချမှတ်ခဲ့သည့် အမိန့်တို့ကို မကျေနပ်သောကြောင့် ဦးဘိန်လေးက ဤအထူးအယူခံကို တင်သွင်းခြင်းဖြစ်သည်။

ဦးဘိန်လေး၏ ရှေ့နေ ဦးမြင့်စိုးက ဤအမှုတွင် ဦးဘိန်လေးအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၂) အရ ထုချေခွင့်ပေးသင့်ကြောင်း ယင်းသို့ ထုချေခွင့်မရဘဲ တရားရုံးချုပ် စီရင်ချက်တွင် အယူခံတရားလို မလာဟု ရေးသားပြီး ဦးဘိန်လေးအပေါ် ပြစ်ဒဏ်တိုးမြှင့်ချမှတ်ခြင်းမှာ မှားယွင်းကြောင်းပင်ဖြစ်သည်။

နိုင်ငံတော်ဘက်က လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက တရားရုံးချုပ်၏ ပြင်ဆင်မှုတွင် ဦးဘိန်လေး ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောအကြောင်းကြားစာကို အခြေပြု၍ အမှုကြားနာဆုံးဖြတ်ခြင်း ဖြစ်သဖြင့် မှန်ကန်ကြောင်း လျှောက်လဲတင်ပြသွားသည်။

တရားရုံးချုပ် စီရင်ချက်တွင် ဦးဘိန်လေးအား အကြောင်းကြားစာ ချမှတ်ရာတွင် တရားဝင်အတည်ဖြစ်ကြောင်း ထောင်ပိုင် ဦးတင်ကြွယ်က ၂၄-၄-၉၂ နေ့တွင် ယင်းအချက်ကို ပြန်ကြားထားပြီး တရားရုံးချုပ်က အမှုကြားနာသောနေ့မှာ ၁၉၉၂ ခုနှစ် ဧပြီလ ၃၀ ရက်ဖြစ်သောကြောင့် ဦးဘိန်လေးတွင် ထုချေခွင့် အခွင့်အရေးများ ရရှိပြီးဖြစ်ကြောင်း၊ ပြစ်မှုမှာလည်း မိမိမြေးအရွယ်ဖြစ်သည့် အသက်(၁၆)နှစ် မပြည့်သေးသူ မသူဇာမြင့်အား ခိုးယူပေါင်းသင်းခဲ့ခြင်းမှာ ကြီးမားသော လူမှုရေးပြစ်မှုဖြစ်ကြောင်း

၁၉၉၃
ဦးဘိန်လေး
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

သုံးသပ်ပြီး ထောင်ဒဏ် (၃) နှစ် တိုးမြှင့်ချမှတ်ထားခြင်း ဖြစ်ကြောင်း တွေ့ရသည်။

တရားရုံးချုပ်၏အမိန့်တွင် အထူးအယူခံဝင်ရောက်ခွင့်ပြုရန် အရေးယူလောက်သော ပြဿနာ ပေါ်ပေါက်ကြောင်း မတွေ့ရသဖြင့် ဤအထွေထွေလျှောက်လွှာကို ပယ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာ အယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

ဒေါ်မရစ်လု
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

+ ၁၉၉၃
မေလ ၂၇
ရက်

**လက်ဝယ်ထားရှိခြင်းဖြင့် ပြစ်ဒဏ်ထိုက်သင့်သော အမှုမျိုးများတွင် ရှာဖွေ ပုံစံပါဖော်ပြချက်များသည် အမှု၏ အဓိကပင်မကျောရိုးဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ လက်ဝယ်ထားရှိခြင်းဖြင့် ပြစ်ဒဏ်ထိုက်သင့်သော အမှုမျိုးများတွင် ရှာဖွေပုံစံပါဖော်ပြချက်များသည် အမှု၏အဓိကပင်မကျော ရိုးဖြစ်သည်။ ထို့ကြောင့် လက်ဝယ်တွေ့ရှိမှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှု နည်းနိုင်သမျှ နည်းစေရန် ရှာဖွေပုံနည်းလမ်းများကို ဥပဒေနည်းဥပဒေများ ဖြင့် အခိုင်အမာ ပြဋ္ဌာန်းကြရသည်။ သို့သော် ပစ္စည်းလက်ဝယ်တွေ့ရှိနေ ကြောင်း အငြင်းမပွား အခိုင်အမာပေါ်ပေါက်နေလျှင် ရှာဖွေပုံနည်းလမ်း မကျရုံမျှဖြင့် ပစ္စည်းလက်ဝယ်တွေ့ရှိကြောင်း ပေါ်ပေါက်နေခြင်းကို ပျက် ပြယ်စေခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့ကြသည်များလည်း အများအပြား ရှိခဲ့သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးဇော၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | – | ဦးဟန်ရှိန်၊ ဥပဒေအရာရှိ အဆင့် (၁) ရှေ့နေချုပ်ရုံး |

ကချင်ပြည်နယ် တရားရုံး (မြစ်ကြီးနားမြို့နယ်စု) ၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၆/၉၁ တွင် ဒေါ်မရစ်လုအား ၁၉၇၄ ခုနှစ်၊ မူးယစ် ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၇–က(ခ)အရ ထောင်ဒဏ် (၁၀) နှစ်နှင့် ငွေဒဏ် ၅၀၀၀ိ/–ပေးဆောင်ရန်၊ မဆောင်က ထောင်ဒဏ် (၃)နှစ် ထပ်မံကျခံစေရန် ချမှတ်ခဲ့သည့် အမိန့်နှင့်စပ်လျဉ်း၍ ဒေါ်မရစ်လုက မကျေနပ်သဖြင့်တရားရုံးချုပ်သို့ ဤအယူခံမှုကိုတင်သွင်းသည်။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၆၅

\+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၆ တွင် ချမှတ်သော (၂၉–၅–၉၂) ရက်စွဲပါ ကချင်ပြည်နယ် (မြစ်ကြီးနားမြို့နယ်စု) တရားရုံး၏ အမိန့်ကို ခံယူမှု

၁၉၉၃
ဒေါ်မရစ်လု
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

အမှုမှာ (၁၀-၇-၉၁) ရက်နေ့(၁၃း၃၀) နာရီခန့်တွင် ဝိုင်းမော် ဆိပ်ကမ်းရှိအမှတ်(၁)ရေယာဉ်ပေါ် တက်ရောက်ရှာဖွေရာ မြစ်ကြီးနားမြို့နေသူ ဒေါ်မရစ်လုထံမှ ဘိန်းမဲ (၁) ပိဿာ (၃၅) ကျပ်သား (၂.၂၀၄၆) ကီလိုဂရမ်ခန့်ကို ၎င်းပိုင်နောက်လွယ်ခြင်းတောင်းတွင်းမှ ရှာဖွေတွေ့ ရှိခဲ့ကြောင်း၊ ထို့ကြောင့် ဒေါ်မရစ်လုအား အရေးယူပေးရန် စခန်းမှူး ဦးကျော်လတ်က ဝိုင်းမော်မြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားခဲ့သော အမှုဖြစ်သည်။

အယူခံတရားလို ဒေါ်မရစ်လုကိုယ်စား ၎င်း၏ ရှေ့နေဦးဇမာက လျှောက်လဲတင်ပြရာ၌ မူလမှုတွင် ရဲတပ်ကြပ်လေဆုတ်တစ်ဦးတည်း ထွက်ချက်သာရှိပြီး ၎င်း၏ ထွက်ချက်တွင် သက်သေခံခြင်းတောင်းကို ဒေါ်မရစ်လုနှင့်အတူ တွေ့ရှိခြင်းမဟုတ်ဟု ထွက်ဆိုထားကြောင်း၊ အချင်း ဖြစ်စဉ် ဒေါ်မရစ်လုကလည်း ငြင်းဆိုခဲ့ကြောင်း၊ ပြည်နယ်တရားရုံး၏ စီရင်ချက်တွင် သက်သေခံဘိန်းကို ဒေါ်မရစ်လုက သယ်ဆောင်လာခဲ့သည်ဟု တထစ်ချမဆိုနိုင်ဟု သုံးသပ်ခဲ့ပြီးမှ ၎င်းအား အပြစ်ပေးခဲ့သည်မှာ မှားယွင်း ကြောင်း၊ ဘိန်းပိုင်ရှင် မည်သူမည်ဝါမှန်း မရေရာသောအမှုတွင် မိန်းမသား တစ်ဦးအပေါ် ကြီးလေးသော ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းကြောင့် ဒေါ်မရစ်လုအဖို့ နစ်နာလှကြောင်း၊ ထို့ကြောင့် ၎င်းအား အမှုမှ အပြီးအပြတ် လွှတ်သင့်ကြောင်း တင်ပြသည်။

ရှေ့နေချုပ်ရုံးကိုယ်စား လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားသော ဘိန်းပါသည့်ခြင်းတောင်းမှာ အယူခံ တရားလိုနှင့် ၁၀ ပေခန့်အကွာမှသိမ်းဆည်းရမိသည်မှာ အငြင်းမပွားကြောင်း၊ အယူခံ တရားလိုမှာ မျက်နှာနီပြီး အမှုအယာပျက်နေကြောင်း၊ ရှာဖွေပုံစံ တွင်လည်း လက်ဗွေနှိပ်ပြီး ပေးအပ်ခဲ့သဖြင့် အယူခံတရားလို သယ်ဆောင် လာသည့် ဘိန်းများဖြစ်သည်ဟု ကောက်ယူသုံးသပ်သင့်ကြောင်း တင်ပြ လျှောက်လဲသည်။

ရဲတပ်ကြပ်လေဆုတ်၏ထွက်ချက်တွင် ၎င်းရှာဖွေစဉ် အမှတ် (၁) ရေယာဉ်ပေါ်တွင် ခရီးသည် (၇၀) ခန့်ရှိပြီး သမဝါယမအသင်း စက်လှေ ပေါ်သို့ ပြောင်းရွှေ့နေကြသည့်အချိန် ဖြစ်ကြောင်း၊ အခြားအမျိုးသမီး (၂) ဦးနှင့် အမျိုးသား (၁) ဦးထံမှ ဘိန်းများရှာဖွေတွေ့ရှိပြီးမှ ရေယာဉ် ဝမ်းဗိုက်အလယ်တွင် ခရီးသည်များ ချထားသော ခြင်းတောင်းများကို ဆက်လက်ရှာဖွေရာ ဟင်းသီးဟင်းရွက်များ ထည့်ထားသော သက်သေခံ

ကြိမ်ခြင်းတောင်းအတွင်းမှ ဘိန်းမဲ (၃) ထုပ်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ထိုသို့ တွေ့ရှိချိန်က ရေယာဉ်ပေါ်တွင် လူ ၂၀ ခန့်ရှိပြီး ခရီးသည်အများအပြား ဝင်ထွက်သွားလာနေသည်မှာ မှန်ကြောင်း၊ မိမိက ခြင်းတောင်းပိုင်ရှင်များ ကိုယ့်ပစ္စည်းကိုယ်လာယူရန် ပြောသဖြင့် ခြင်းပိုင်ရှင်များလာရောက်ယူသွားကြရာတွင် လာယူသူမရှိသော ကျန်နေသည့် ခြင်းတောင်း (၃) လုံးကို ရှာဖွေခြင်းဖြစ်ကြောင်း၊ မိမိက ဘိန်းတွေ့ရှိသည့် ခြင်းတောင်းပိုင်ရှင်ကို အော်ဟစ်မေးမြန်းခေါ်ယူသော်လည်း မည်သူမျှ လာမယူသဖြင့် လိုက်လံအကဲခတ် ကြည့်ရှုရာတွင် ခြင်းတောင်းနှင့် (၁၀) ပေကွာရှိ ထိုင်ခုံ၌ အဝတ်အစားများပါသော အိတ်ဖြူ (၁)လုံးနှင့်အတူ ထိုင်နေသော ဒေါ်မရစ်လုမှာ မျက်နှာပျက်(မျက်နှာနီ) နေသောကြောင့် မိမိက မသင်္ကာ၍ ၎င်းအား ခေါ်လိုက်ကြောင်း၊ ဒေါ်မရစ်လု မိမိထံလာရောက်ပြီး ၎င်း၏ ပစ္စည်းမဟုတ်ဟု ပြော၍ ပြန်အလှည့်တွင် မိမိက ၎င်းအား နားရင်းရိုက်ပြီး ထိုင်ခိုင်းလိုက်ကြောင်း၊ ၎င်းနောက်ကြိုးနှင့် တုပ်ထားကြောင်း၊ စောစောပိုင်းက ဖမ်းဆီးခဲ့သော တရားခံ(၃) ဦးမှာ ၎င်းတို့ယူလာသော သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးမိခဲ့သူများဖြစ်ကြောင်း၊ မိမိ၏အကြောင်းကြားချက်အရ စခန်းမှူးနှင့်အဖွဲ့ ရောက်ရှိလာရာတွင် ဒေါ်မရစ်လုက ၎င်း၏ပစ္စည်းမဟုတ်ဟု ငြင်းဆိုနေသဖြင့် စခန်းမှူးက ရုံးရောက်မှရှင်းဟု ပြောပြီး ဒေါ်မရစ်လု၏ လက်ကိုကိုင်၍ ရှာဖွေပုံစံတွင် လက်ဗွေနှိပ်ယူခဲ့သည်ကို တွေ့မြင်ရကြောင်း၊ သက်သေခံ ဘိန်းထုပ်ကို ချိတ်ပိတ်ပြီးနောက်မှ လှေဖြင့် ရောက်ရှိလာသော (ရဝတ) အဖွဲ့ဝင် ဦးအေးမင်းကို လက်မှတ်ထိုးခိုင်းခဲ့ကြောင်း ထွက်ဆိုထားသည်။

ရှာဖွေသက်သေ ဆိပ်ကမ်းလုပ်သားမောင်လှအောင်၏ ထွက်ချက်တွင် ရဲတပ်ကြပ်လေဆုတ်က ရေယာဉ်ပေါ်မှ အမျိုးသမီး (၂) ယောက်နှင့် အမျိုးသား (၁) ယောက်ကို ရှာဖွေဖမ်းဆီးခဲ့ပြီးနောက် ဆက်လက်ရှာဖွေရာ နောက်ထပ်တွေ့ပြီဟု တပ်ကြပ်လေဆုတ်က ပြောဆိုသံကို မိမိက လေးငါးလံ အကွာမှကြားရကြောင်း၊ ခြင်းတောင်းတွင်းမှ သက်သေခံပစ္စည်းကို ကြမ်းပြင် ပေါ်သွန်ထားသည်ကို တွေ့မြင်ရကြောင်းနှင့် ကျန်အချက်များတွင် တပ်ကြပ်လေဆုတ်၏ ထွက်ချက်ပါအတိုင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

ဒေါ်မရစ်လုမှာ မူးယစ်ဆေးဝါး သုံးစွဲထားသည့် လက္ခဏာစစ်ဆေးတွေ့ရှိမှုမရှိကြောင်း သက်သေခံ (ဂ) ဆေးစာ၌ ဖော်ပြထားသည်။ ဓာတု

၁၉၉၃
ဒေါ်မရစ်လု
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

ဗေဒဝန်ရုံး၏ပြန်စာတွင် သက်သေခံပစ္စည်းမှာ ဘိန်းမဲဖြစ်ကြောင်း ပြန်ကြားထားသည်။

ဒေါ်မရစ်လု၏ ထွက်ဆိုချက်တွင် မိမိသည် မြစ်ကြီးနားမှ ဝိုင်းမော်သို့ ဖွဲ၊ ဆန်ကွဲဝယ်ရန်သွားရောက်ခဲ့ကြောင်း၊ ဝယ်ယူ မရရှိခဲ့သဖြင့် ဒေါ်မဂေါင်လုကတိုက်သည့် အရက် (၁) ခွက်သောက်ပြီး ပြန်ခဲ့ကြောင်း၊ လက်မှတ်ဝယ်ရန် ဆိပ်ခံဘောတံတားရှိ ထိုင်ခုံ၌ ထိုင်စောင့်နေစဉ် ရဲတပ်ကြပ်လေဆုတ်က ဆိပ်ခံဘောတံတားရှိ အလယ်တွင် ချထားသော သက်သေခံခြင်းတောင်းပိုင်ရှင်ကိုမေးကြောင်း၊ မိမိထိုင်သော နေရာမှာ ခြင်းတောင်းနှင့် (၁၀) ပေခန့်ကွာဝေးကြောင်း၊ မိမိက ငြင်းသော်လည်း တပ်ကြပ်လေဆုတ်က မိမိ၏ဆံပင်ကိုဆွဲ၍ ခြင်းတောင်းရှိရာသို့ ဆွဲခေါ်သွားခဲ့ကြောင်း ထွက်ဆိုပြီး ကျန်အချက်များတွင် တပ်ကြပ်လေဆုတ်၏ ထွက်ချက်ပါအတိုင်း ထွက်ဆိုချေပထားသည်။

ဒေါ်မရစ်လုနေထိုင်ရာ ရပ်ကွက်နယ်မြေမှူး ဦးတင်ချိုက လွန်ခဲ့သော (၁) နှစ်ခန့်၌ ဖွဲ၊ ဆန်ကွဲဝယ်ရန်အတွက် အိတ်တစ်လုံးနှင့်အတူ ဒေါ်မရစ်လု ဝိုင်းမော်သို့ ထွက်သွားသည်ကို တွေ့မြင်ခဲ့ကြောင်း ထောက်ခံထွက်ဆိုပြီး ဝိုင်းမော်မှ ဒေါ်မဂေါင်လုကလည်း ဒေါ်မရစ်လု၏ ထွက်ချက်မှ ၎င်းနှင့်သက်ဆိုင်သည့် အချက်များအတိုင်း ထောက်ခံထွက်ဆိုသည်။

လက်ဝယ်ထားရှိခြင်းဖြင့် ပြစ်ဒဏ်ထိုက်သင့်သော အမှုမျိုးများတွင် ရှာဖွေပုံစံပါ ဖော်ပြချက်များသည် အမှု၏ အဓိက ပင်မကျောရိုးဖြစ်သည်။ ထို့ကြောင့် လက်ဝယ်တွေ့ရှိမှုနှင့် စပ်လျဉ်း၍ အငြင်းပွားမှုနည်းနိုင်သမျှ နည်းစေရန် ရှာဖွေပုံ နည်းလမ်းများကို ဥပဒေနည်းဥပဒေများဖြင့် အခိုင်အမာ ပြဋ္ဌာန်းကြရသည်။ သို့သော် ပစ္စည်းလက်ဝယ် တွေ့ရှိနေကြောင်း အငြင်းမပွား အခိုင်အမာပေါ်ပေါက်နေလျှင် ရှာဖွေပုံနည်းလမ်း မကျေရုံမျှဖြင့် ပစ္စည်းလက်ဝယ်တွေ့ရှိကြောင်း ပေါ်ပေါက်နေခြင်းကို ပျက်ပြယ်စေခြင်း မရှိကြောင်း ဆုံးဖြတ်ခဲ့ကြသည်များလည်း အများအပြားရှိခဲ့သည်။

ဤအမှုတွင် သက်သေခံ "ခ" ရှာဖွေပုံစံ၌ သက်သေခံပစ္စည်းများကို ဝိုင်းမော်မှ မြစ်ကြီးနားသို့ သွားရန်သယ်လာစဉ် ဒေါ်မရစ်လုထံမှ တွေ့ရှိ အပ်ပေး၍ သက်သေများ ရှေ့တွင် သိမ်းဆည်းကြောင်း ဖော်ပြကာ ဒေါ်မရစ်လုလည်း လက်ဗွေနှိပ်၊ သက်သေများလည်း လက်မှတ်ရေးထိုးကာ ရှာဖွေသူ ရဲအရာရှိအဖြစ် ဒုရဲအုပ် ဦးဝင်းရွှေ(လိုပြ–၅)ကလည်း လက်မှတ်ရေးထိုးသည်။ သို့သော် ဤအမှုတွင် ဦးဝင်းရွှေသည် ရှာဖွေသူရဲအရာရှိ

၁၉၉၃
ဒေါ်မရစ်လု
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

မဟုတ်ဘဲ ရှာဖွေတွေ့ရှိထားသော သက်သေခံပစ္စည်းကို လက်ခံသိမ်းဆည်းသူသာ ဖြစ်ပေသည်။ ရှာဖွေတွေ့ရှိသူမှာ ရဲတပ်ကြပ် လေဆုတ် (လိုပြ-၂) ဖြစ်သည်။ ယင်း၏ ထွက်ချက်အရပင် သက်သေခံပစ္စည်း ဘိန်းများကို ရေယာဉ်ပေါ်ရှိ ပစ္စည်းများ ရှာဖွေရင်း ဖမ်းဆီးရမိကြောင်း၊ ဒေါ်မရစ်လုသည် သက်သေခံပစ္စည်းပါသော ခြင်းတောင်းနှင့် ၁၀ ပေအကွာ၌ ရှိကြောင်း မသင်္ကာသဖြင့်မေးရာ ၎င်း၏ပစ္စည်းမဟုတ်ကြောင်း ငြင်းသဖြင့် တစ်ချက်ရိုက်ပြီး အထိုင်ခိုင်းကာ ကြိုးဖြင့်တုပ်ထားကြောင်း ပေါ်ပေါက်သည်။ ထို့ကြောင့် သက်သေခံပစ္စည်းကို ပထမဆုံး ရှာဖွေတွေ့ရှိသူကိုယ်တိုင်က အယူခံတရားလို၏လက်ဝယ်တွင်မတွေ့ဘဲ အယူခံတရားလိုအား မသင်္ကာ၍ ရိုက်နှက်ဖမ်းဆီးခဲ့သည်မှာ ပေါ်ပေါက်နေသည်။ တရားခံ၏ ပရဝုဏ်၊ တရားခံ၏ စီမံခန့်ခွဲမှုအောက်တွင် တွေ့ရှိလျှင် လက်ဝယ်တွေ့ ရှိသည်ဟု ယူဆနိုင်မည်ဖြစ်သော်လည်း ရေယာဉ်ပေါ် လူအများ ရှိနေကြသွားလာကြသည့် အများပြည်သူနေရာ၌ သက်သေခံပစ္စည်းတွေ့ရှိရာဝယ် ၁၀ ပေခန့် အကွာတွင် ထိုင်နေသော တရားခံ၏ လက်ဝယ်မှတွေ့သည်ဟု ယူဆနိုင်ရန်မှာ အလှမ်းဝေးလွန်းသည်။ ၁၀ ပေခန့်အကွာတွင် တွေ့ရှိ သည်ဆိုစေကာမူ ခြင်းတောင်းမှာ တရားခံ၏ပစ္စည်းဖြစ်ကြောင်း အခြားအထောက်အထား တစ်စုံတစ်ရာလည်းမရှိ၊ ထိုသို့ ရှိရန်လည်း အမှုတည်ဆောက်သူများက တစ်စုံတစ်ရာ အားထုတ်မှုမပြုခဲ့။ မသင်္ကာ၍ ရိုက်နှက်ဖမ်းဆီးပြီး ရှာဖွေပုံစံတွင် လက်ဗွေအနှိပ်ခိုင်းကာ မိမိပစ္စည်းမဟုတ်ဟု တရားခံက ငြင်းသော အခါ "ရုံးရောက်မှရှင်း" ဟု လွယ်လွယ်ပြောပြီး အမှုတည်ဆောက်ခဲ့ဟန်ရှိသည်။ အထက်ပါအခြေအနေများကို ကြည့်ခြင်းအားဖြင့် အယူခံတရားလို၏ လက်ဝယ်မှ သက်သေခံဘိန်းများ တွေ့ရှိခြင်းဟုတ်မဟုတ် ယုတ္တိရှိရှိ အငြင်းပွားနေသည့် အခြေအနေတွင် ရှာဖွေပုံစံတွင် လက်ဗွေနှိပ်ပြီး ပေးအပ်ခဲ့သည်ကို အကြောင်းပြုကာ အယူခံတရားလို သယ်ဆောင်လာသည့်ဘိန်းများဖြစ်သည်ဟု ကောက်ယူသုံးသပ်ရန် ဥပဒေအရာရှိ၏တင်ပြချက်ကို လက်ခံရန် မသင့်ပေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြုသည်။ ကချင်ပြည်နယ် တရားရုံး (မြစ်ကြီးနားမြို့နယ်စု) က အယူခံတရားလိုဒေါ်မရစ်လုအား ၁၉၇၄ခုနှစ်၊ မူးယစ်ထုံထိုင်းဘေး ဖြစ်စေတတ်သောဆေးဝါးများ ဥပဒေပုဒ်မ၇-က(ခ) အရ ပြစ်မှုထင်ရှားစီရင်၍ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ် ကျခံစေရန်နှင့် ဒဏ်ငွေ ၅၀၀၀၀ိ/-ပေးဆောင်စေရန် ဒဏ်ငွေမဆောင်လျှင် ထောင်ဒဏ်

၁၉၉၃
ဒေါ်မရစ်လု
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

(၃) နှစ်ကျခံစေရန် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်ပြီး အယူခံတရားလို ဒေါ်မရစ်လုအား ဤအမှုနှင့်စပ်လျဉ်း၍ အပြီးအပြတ် လွှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင်နှင့် ဦးသန်းဖေတို့ရှေ့တွင်

+၁၉၉၃ ဩဂုတ်လ ၂၀ ရက်

ဒေါ်မြဦး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ -၂ *

**တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ပါက သက်သေခံပစ္စည်းကို အထူး အကြောင်းမရှိလျှင် ပစ္စည်းသိမ်းခံရသူအား ပြန်ပေးရန်ဟူသော မူကို သုံးသပ်ခြင်းမရှိဘဲ အမွေဆက်ခံပိုင်ခွင့်ကိုသာ အဓိကသုံးသပ် ဆုံးဖြတ်လျှင် မှန် မမှန်။**

**ဆုံးဖြတ်ချက်။** ။ဤသို့သော ထူးခြားသည့် အခြေအနေတွင် အချင်းဖြစ်ကားကို လက်ရှိထားခွင့်ရှိသူမှာ ဒေါ်မြဦးသာ ဖြစ်သင့်သည်။ ဒေါ်စန်းစန်းဦး အား အပြီးအပြတ် လွှတ်ခဲ့ခြင်း၊ ၎င်းထံမှကား သိမ်းခဲ့ခြင်း၊ ၎င်းအား ကိတ္တိမသမီးအဖြစ် မွေးစားခဲ့ခြင်းတို့ကို အကြောင်းပြုပြီး ၎င်းကားအား ပြန်ပေးရန် တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ နှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးဇော်ဝင်း၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံများအတွက် | - (၁) ဦးအောင်စိန်၊ ဒုတိယညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး |
| | (၂) ဦးစံထွန်း၊ တရားရုံးချုပ်ရှေ့နေ |

ရမည်းသင်းမြို့နယ် တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၅၆/၉၁ တွင် ဒေါ်မြဦးက ဒေါ်စန်းစန်းဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ ဦးတိုက်လျှောက်ထားခဲ့သည့်အမှုကို ကြားနာစစ်ဆေးပြီးနောက် ဒေါ်စန်း

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၃

\+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၆၆ (ခ) တွင် ချမှတ်သော (၁-၄-၉၂) ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အယူခံမှု

၁၉၉၃
ဒေါ်မြဦး
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

စန်းဦးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ ရုံးတက်ရုံးဆင်းသော ထောင်ဒဏ် (၁) ရက်နှင့် ဒဏ်ငွေ ၁၀၀၀ိ/-ပေးဆောင်စေရန်၊ ဒဏ်ငွေမဆောင်က ထောင်ဒဏ် (၆)လ ကျခံစေရန်နှင့် သက်သေခံကား ည/၇၇၇၉ နှင့် ၎င်းနှင့်သက်ဆိုင်သည့် အသုံးအဆောင်ပစ္စည်းများ၊ စာရွက် စာတမ်းများကို အယူခံရက်ကျော်လွန်က ဒေါ်မြဦးအား ပေးစေရန် အမိန့် ချခဲ့သည်။ ထိုအမိန့်ကို မကျေနပ်ကြ၍ မန္တလေးတိုင်း တရားရုံး (ရမည်းသင်းမြို့နယ်စု) တွင် ဒေါ်စန်းစန်းဦးက ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၄၀/၉၁ကိုလည်းကောင်း၊ ဒေါ်မြဦးက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၆၆/၉၁ကိုလည်းကောင်း တင်သွင်းခဲ့ကြသည်။ နှစ်မှုလုံးအတွက် စီရင်ချက်ကို တစ်ပေါင်းတည်း ချရာတွင် ဒေါ်မြဦး၏ ပြင်ဆင်မှုကို ပယ်ပြီး ဒေါ်စန်းစန်းဦး၏ အယူခံကို ခွင့်ပြုကာ ၎င်းအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သည်။ သက်သေခံကားကိုမူ ဒေါ်မြဦးအား ပြန်ပေးရန် ချမှတ်ခဲ့သည့် မူလရုံး၏ အမိန့်ကိုပင် ဆက်လက်အတည်ပြုပေးခဲ့သည်။ ဒေါ်မြဦးအား ကားပြန်ပေးသည့် အမိန့်ကို မကျေနပ်၍ ဒေါ်စန်းစန်းဦးက တရားရုံးချုပ် (မန္တလေးရုံးထိုင်)တွင် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၆၆(ခ)/၉၁ကို တင်သွင်းသည့်အခါ ရမည်းသင်းမြို့နယ်တရားရုံးနှင့် မန္တလေးတိုင်း တရားရုံး (ရမည်းသင်းမြို့နယ်စု)တို့၏ အမိန့်ကို ပယ်ဖျက်၍ အချင်းဖြစ်ကားကို ဒေါ်စန်းစန်းဦးအား ပေးရန် ပြင်ဆင်အမိန့်ချခဲ့သည်။ ထိုအခါ ဒေါ်မြဦးက မကျေနပ်ပြန်၍ တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ပြုရန် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်ထားမှု အမှတ် ၁၄၉/၉၂ကို တင်သွင်းရာ တရားရုံးချုပ်က အောက်ပါပြဿနာကို ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"(က) သက်သေခံမော်တော်ကားကို မစန်းစန်းဦးအား ပြန်ပေးစေရန် ချမှတ်ခဲ့သော အမိန့်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ညီညွတ်ခြင်း ရှိမရှိနှင့်

(ခ) တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ပါက သက်သေခံပစ္စည်းကို အထူးအကြောင်းမရှိလျှင် ပစ္စည်းသိမ်းခံရသူအား ပြန်ပေးရန် ဟူသော မူကို သုံးသပ်ခြင်း မရှိဘဲ အမွေဆက်ခံပိုင်ခွင့်ကိုသာ အဓိကသုံးသပ်ဆုံးဖြတ်ခဲ့သော တရားရုံးချုပ်၏ အမိန့်ကို ပြန်လည်သုံးသပ်နိုင်ရန်အတွက် ဤအထွေထွေလျှောက်လွှာကို ခွင့်ပြုပြီး အထူးအယူခံဝင်ခွင့်ပြုကြောင်း

၁၉၉၃
ဒေါ်မြဦး
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

တရားလိုဘက်မှ စွပ်စွဲချက်များအရ အမှုပေါ်ပေါက်လာပုံ အကျဉ်းချုပ်မှာ အယူခံတရားလို ဒေါ်မြဦးသည် ရမည်းသင်းမြို့ ညောင်ပင်ရပ်နေ ဦးလှဖေ၏ ဇနီးဖြစ်ပြီး အယူခံတရားခံ ဒေါ်စန်းစန်းဦးမှာ ဦးလှဖေ၏ တူမအရင်းဖြစ်သည်။ အချင်းဖြစ်သက်သေခံကား ည/၇၇၇၉သည် ဦးလှဖေပိုင် ဖြစ်သည်။ ဦးလှဖေ မကျန်းမမာဖြစ်လာ၍ မန္တလေးမြို့သို့ ဆေးကုသခံရန် သွားစဉ်က အချင်းဖြစ်ကားကို အသုံးပြုရန်အတွက် ဒေါ်မြဦးက ဒေါ်စန်းစန်းဦးအား ရမည်းသင်းမြို့တွင် ပေးအပ်ခဲ့သည်ဟုအဆိုရှိသည်။ ဦးလှဖေသည် ဆေးကုသခံရင်းပင် ဒေါ်စန်းစန်းဦးတို့ နေထိုင်သည့် စဉ့်ကိုင်မြို့တွင် ကွယ်လွန်ခဲ့သည်။ ဦးလှဖေကွယ်လွန်ပြီးနောက် ဇနီးဒေါ်မြဦးက ဒေါ်စန်းစန်းဦးထံမှ အချင်းဖြစ်ကားကို ပြန်တောင်းသည့်အခါ ဒေါ်စန်းစန်းဦးက မပေးဘဲ ငြင်းဆန်နေသောကြောင့် ၎င်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆/၄၀၄ အရ ရမည်းသင်းမြို့နယ် တရားရုံးတွင် ဦးတိုက်လျှောက်ထားရာမှ အမှုပေါ်ပေါက်လာခြင်းဖြစ်သည်။

အမှုနှင့် ပတ်သက်၍ အယူခံတရားလို ဒေါ်မြဦး၏ အကျိုးဆောင်က အချင်းဖြစ်ကားသည် ဒေါ်မြဦး၏ခင်ပွန်း ဦးလှဖေ၏ကားဖြစ်ပြီး ဒေါ်စန်းစန်းဦး၏ ကားမဟုတ်ကြောင်း အမှုတွင် ပေါ်လွင်လျက်ရှိပြီးဖြစ်ကြောင်း၊ ဒေါ်မြဦးနှင့် ဦးလှဖေတို့ ကွာရှင်းပြတ်စဲပြီး ဖြစ်ကြောင်းကိုလည်း ဒေါ်စန်းစန်းဦးဘက်မှ သက်သေမပြနိုင်ခဲ့ကြောင်း၊ ဦးလှဖေက ဒေါ်စန်းစန်းဦးအားကိတ္တိမသမီးအဖြစ် မွေးစားခြင်းသည်လည်း တရားမဝင်ကြောင်း၊ ဒေါ်မြဦးသည် ဦးလှဖေနှင့်အတူရှိနေသူဖြစ်၍ ကားကို ဒေါ်မြဦးသို့သာ ပြန်ပေးထားသင့်ကြောင်း၊ ဒေါ်စန်းစန်းဦးအား ကားပြန်ပေးခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇နှင့် မညီညွတ်၍ ပယ်ဖျက်သင့်ကြောင်း စသည်ဖြင့် လျှောက်လဲသည်။

အယူခံတရားခံ ဒေါ်စန်းစန်းဦး၏ အကျိုးဆောင် မမာမကျန်းဖြစ်နေသူ ဦးလှဖေအား ဒေါ်စန်းစန်းဦးကသာ ငွေကုန်ကြေးကျခံ၍ ဂရုတစိုက် ပြုစုစောင့်ရှောက်ခဲ့ကြောင်း၊ ဒေါ်မြဦးနှင့် ဦးလှဖေတို့သည် ၁၉-၃-၈၅ နေ့ကပင် ကွာရှင်းခဲ့ပြီးဖြစ်ကြောင်း၊ ဒေါ်မြဦးသည် ဦးလှဖေအား အနီးကပ် နေထိုင်ပြုစုမပေးခဲ့ခြင်း၊ သင်္ဂြိုဟ်မပေးခဲ့ခြင်းတို့ကပင်လျှင် ဦးလှဖေနှင့် ဒေါ်မြဦးတို့ ကွာရှင်းခဲ့ပြီးဖြစ်ကြောင်းကို ထင်ရှားပေါ်လွင်စေခဲ့ကြောင်း၊ ဦးလှဖေက ဒေါ်စန်းစန်းဦးအား ကိတ္တိမသမီးအဖြစ် မွေးစားခဲ့သည်သာမက အချင်းဖြစ်ကားကို အပြီးအပိုင် လွှဲပြောင်းပေးခဲ့ပြီးဖြစ်၍ ပစ္စည်းသိမ်းဆည်း

ခြင်းခံရသူ ဒေါ်စန်းစန်းဦးအား အချင်းဖြစ်ကားကို တရားရုံးချုပ်က ပြန်ပေးခဲ့ခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ နှင့် ညီညွတ်မှန်ကန်သောကြောင့် အယူခံကို ပလပ်သင့်ကြောင်း စီရင်ထုံး အမြောက်အမြားကို ကိုးကား၍ အကျယ်တဝင့် ချေပလျှောက်လဲသည်။

ရှေ့နေချုပ်ရုံးကိုယ်စား လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက ဒေါ်မြဦးနှင့် ဦးလှဖေတို့ တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းကို ဒေါ်စန်းစန်းဦးဘက်မှ သက်သေမပြနိုင်ခဲ့ကြောင်း၊ ဒေါ်မြဦးသည် ကွယ်လွန်သူ ဦးလှဖေ၏ ဇနီးဖြစ်၍ ဦးလှဖေပိုင်ကားကို ဒေါ်မြဦး လက်ရှိရထိုက်သူဖြစ်ပါလျက် မရရှိဘဲ ဖြစ်နေခြင်းသည် အကြောင်းထူးတစ်ရပ်ပင် ဖြစ်နေပါကြောင်း၊ တရားရုံးချုပ်က ဒေါ်စန်းစန်းဦးအား အပြီးအပြတ်လွှတ်သည်ကို အကြောင်းပြုပြီး ကားပြန်ပေးခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ နှင့် ညီညွတ်သည်ဟု မဆိုနိုင်ကြောင်း ရုံးတော်မှ သင့်မြတ်သည့် အမိန့်ကို ချမှတ်သင့်ကြောင်းတို့ကို လျှောက်လဲသည်။

ယခုအမှုတွင် ဒေါ်မြဦးနှင့် ဒေါ်စန်းစန်းဦးတို့သည် အချင်းဖြစ်ကားကို သူ့ရထိုက် ကိုယ်ရထိုက် အဓိကအားဖြင့် အငြင်းပွားခဲ့ကြသည်။

ပြစ်မှုနှင့် ပတ်သက်နေသည့် သက်သေခံပစ္စည်းကို စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> "၅၁၇။ (၁) မည်သည့်ပြစ်မှုဆိုင်ရာ တရားရုံးတွင်မဆို စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု တစ်မှုဆုံးခန်းသို့ ရောက်ရှိသည့်အခါ တရားရုံးသို့တင်ပြထားသော သို့မဟုတ် တရားရုံးက ထိန်းသိမ်းထားသောပစ္စည်း၊ သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည်ဟု ယူဆရန် အကြောင်းရှိသောပစ္စည်း၊ သို့မဟုတ် စာတမ်းအမှတ်အသား တစ်ခုခုကိုဖြစ်စေ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော ပစ္စည်း၊ သို့မဟုတ် စာတမ်းအမှတ်အသား တစ်ခုခုကိုဖြစ်စေ တရားရုံးသည် ဖျက်ဆီးစေရန်၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်၊ သို့မဟုတ် လက်ရှိထားခွင့်ရှိသည်ဟု တောင်းဆိုသူအား ပေးအပ်စေရန်၊ သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်စေရန်အတွက် သင့်သည်ထင်မြင်သည့် စီမံခန့်ခွဲမှုအမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။"

သက်သေခံပစ္စည်းအား အမှုပြီးဆုံးသည့်အခါ မည်သူ့ကိုပြန်ပေးရန် စဉ်းစားရာတွင် အထက်ပါပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီသာ စဉ်းစားရပြီး ဥပဒေအရ လက်ဝယ်ရထိုက်ခွင့်ရှိသူကိုသာ ပြန်ပေးရန်ဖြစ်သည်။ ယခုအမှုတွင် အချင်းဖြစ်ကားသည် ကွယ်လွန်သူ ဦးလှဖေပိုင်ဖြစ်သည်ဆိုခြင်းကို နှစ်ဘက်အငြင်းမပွားခဲ့ကြချေ။ အမှုတွင် ဒေါ်စန်းစန်းဦးကိုယ်တိုင်က အစစ်ခံစဉ်က အောက်ပါအတိုင်း ထွက်ဆိုသည်-

> "ရမည်းသင်းကုန်းလမ်းပို့ဆောင်ရေးတွင် ဒေါ်မြဦးက ည/၇၇၇၉ကားအတွက် လိုင်စင်လဲရန် လျှောက်ထားစဉ်က ကုန်းလမ်းပို့ဆောင်ရေးသို့ ဦးလှဖေတွင် ဇနီး ဒေါ်မြဦးသာမဟုတ်၊ ကိတ္တိမသမီး ကျမလည်းရှိပါသေးသည်ဟု ဖော်ပြချက်ကန့်ကွက်ခဲ့သည်ဆိုလျှင် မှန်ပါသည်။ xxx ဦးလှဖေမှာ (၁-၅-၈၆) နေ့တွင် ကွယ်လွန်ပြီး ဒေါ်မြဦးက (၁၆-၅-၈၆) နေ့၌ လိုင်စင်လဲရန် ကုန်းလမ်းသို့ လျှောက်ခဲ့ပြီး (၂၇-၅-၈၆) နေ့စွဲဖြင့် ကျမက ကန့်ကွက်ခဲ့ခြင်းသည် ဦးလှဖေ ကွယ်လွန်သည့် တစ်လအတွင်း ကန့်ကွက်ခဲ့သည်ဆိုလျှင် မှန်ပါသည်။ xxxx ယခုအမှုနှင့် ပတ်သက်သည့် ဦးလှဖေ၏ အသုံးအဆောင်ပစ္စည်းများ ကားနှင့်တကွ ကျမတို့လက်ဝယ်၌ပင် ထားရှိသည်ဆိုလျှင် ဦးလှဖေက ကျမတို့ပေးသွား၍ ထားခြင်းဖြစ်ပါသည်။"

အထက်ပါ ထွက်ချက်ကိုကြည့်လျှင် ဦးလှဖေကွယ်လွန်ပြီးနောက် ကုန်းလမ်းပို့ဆောင်ရေးသို့ ဒေါ်မြဦးအား ကားလိုင်စင် လဲမပေးသင့်ကြောင်း ကန့်ကွက်စဉ်က အချင်းဖြစ်ကားကို ၎င်းအား ဦးလှဖေက ပေးခဲ့ပြီးဖြစ်၍ ၎င်းပိုင်ပြီးဖြစ်ကြောင်း အကြောင်းမပြခဲ့ခြင်းကပင်လျှင် ဦးလှဖေက အချင်းဖြစ်ကားကို ဒေါ်စန်းစန်းဦးအား ပေးပြီးဖြစ်သည်ဆိုသော တင်ပြချက် မမှန်ကြောင်းမြင်သာသည်။

အမှုတွင် ဒေါ်မြဦးနှင့် ဦးလှဖေတို့ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ ဒေါ်စန်းစန်းဦးအနေဖြင့် အထောက်အထားဖြင့် ခိုင်လုံစွာ တင်ပြနိုင်ခဲ့ခြင်း မရှိချေ။ ၎င်းကိုယ်တိုင်ကလည်း ဦးလှဖေ မန္တလေးနှင့် စဉ့်ကိုင်မြို့များတွင် ဆေးကုသခံနေစဉ်က ဒေါ်မြဦးလာသည်ကို ဝန်ခံခဲ့သည်။ ၎င်း၏ သက်သေများဖြစ်ကြသော ဦးလှမောင် (ခံပြ-၃) က "ကျွန်တော် ဦးလှဖေ အခြေအနေသွားရောက်ကြည့်စဉ်က ဒေါ်မြဦးသည် ဦးလှဖေကို

ပြုစုနေတာ တွေ့ရသလားဆိုလျှင် နောက်ဆုံး ဦးလှဖေ မကွယ်လွန်မီပင် ၁ ရက်ကြို ကျနော်ရောက်စဉ်က ဒေါ်မြဦးသည် ဦးလှဖေကို ပြုစုနေသည်ကို ကျနော်တွေ့ရပါသည်။XXX ဦးလှဖေသေဆုံးကာနီးတွင် ဒေါ်မြဦးနှင့် ဦးလှဖေ တဲအတွင်း၌ ရှိနေပြီး ဦးလှဖေ ဆွေမျိုးများ ရောက်ရှိနေကြပါသည်" ဟူ၍လည်းကောင်း၊ ဦးမာ (ခံပြ-၄)က "ဒေါ်မြဦးသည် ဦးလှဖေ၏အိမ်မှ ဆင်းသွားရခြင်းအကြောင်းမှာ ဒေါ်မြဦးတွင် အနာပေါက်သဖြင့်လည်းကောင်း၊ ဦးလှဖေမှာလည်း နေမကောင်းခြင်းကြောင့်လည်းကောင်း၊ ၎င်းညီမ အိမ်သို့ ဆင်းသွားခြင်းဖြစ်သည်ကို ကျနော်သိပါသည်။XXX ဦးလှဖေ မန္တလေး၌ ဆေးကုသသွားစဉ် ဒေါ်မြဦး မန္တလေးသို့ လိုက်သွားပြီး ပြုစုကုသပေးခဲ့ သည်ဆိုလျှင် မှန်ပါသည်။ ဦးလှဖေ မန္တလေးသွားစဉ်ကတော့ လိုက်မသွားပါ။ နောက်မှ ခွင့်ယူပြီး သူ့အိမ်မှ လိုက်သွားခြင်း ဖြစ်ပါသည်။ XXXကျနော်သည် အစောင့်ဖြစ် နေခဲ့သည်ဟုဆိုခဲ့၍ ထိုကဲ့သို့ အခမ့ဝင် သည်ကို မည်သည့်အတွက်ကြောင့် မတားသလဲဆိုလျှင် ဒေါ်မြဦးမှာ ဦးလှဖေ၏ဇနီးဖြစ်၍ ကျနော် မတားခြင်းဖြစ်ပါသည်" ဟူ၍လည်းကောင်း၊ ဦးအုန်းမောင် (ခံပြ-၅)က ဒေါ်မြဦးမှာ မန္တလေးသို့ ဦးလှဖေသွားစဉ်က သမဝန်ထမ်းဖြစ်၍ ခွင့်မရသောကြောင့် မလိုက်ဖြစ်ဘဲ နောက်မှ ခွင့်ယူပြီး မန္တလေးသို့လိုက်၍ ဦးလှဖေအားပြုစုသည်ဆိုလျှင် မှန်ပါသည်။ ဦးလှဖေသည် ဒေါ်မြဦးနှင့် သေသည်အထိ ပေါင်းသင်းခဲ့ပြီး တရားဝင်ပြတ်စဲခဲ့ခြင်း မရှိဆိုလျှင် မှန်ပါသည်"ဟူ၍လည်းကောင်း၊ ဒေါ်မြဦးနှင့် ဦးလှဖေတို့ ကွာရှင်းပြတ်စဲမှု မရှိသေးကြောင်းကို ဒေါ်မြဦးအား ထောက်ခံ ထွက်ဆိုခဲ့ကြသည်။ မန္တလေး မသွားခင်က အချင်းဖြစ်ကားသည် ဦးလှဖေ လက်ရှိ အသုံးပြုခဲ့သည့်ကား ဖြစ်သည်။ ဤကဲ့သို့သော ထူးခြားသည့် အခြေအနေတွင် အချင်းဖြစ်ကားကို လက်ရှိထားခွင့်ရှိသူမှာ ဒေါ်မြဦးသာ ဖြစ်သင့်သည်။ ဒေါ်စန်းစန်းဦးအား အပြီးအပြတ် လွှတ်ခဲ့ခြင်း၊ ၎င်းထံမှ ကားသိမ်းခဲ့ခြင်း၊ ၎င်းအား ကိတ္တိမသမီးအဖြစ် မွေးစားခဲ့ခြင်းတို့ကို အကြောင်းပြုပြီး ၎င်းအား ကားပြန်ပေးရန် တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇နှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။ အမှန်စင်စစ် ဒေါ်စန်းစန်းဦးအား ကွယ်လွန်သူဦးလှဖေ တစ်ဦးတည်းက ကိတ္တိမ သမီး အဖြစ် မွေးစားခဲ့ခြင်းသည် တရားဝင်မဝင်၊ အချင်းဖြစ်ကားကို ဒေါ်မြဦးနှင့် ဒေါ်စန်းစန်းဦးတို့နှစ်ဦးအနက် မည်သူက အမွေဆက်ခံ ပိုင်ဆိုင်သည်ဆိုသော အချက်တို့မှာ ဤအမှုတွင် အဆုံးအဖြတ်ပေးရမည့် ကိစ္စမဟုတ်ချေ။

တရားမရုံးကသာ အဆုံးအဖြတ် ပြုရမည် ဖြစ်၍ အသေးစိတ်သုံးသပ်ပြရန် အကြောင်းမရှိတော့ပေ။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြု၍ တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၆၆(ခ) ၉၁ တွင် အချင်းဖြစ်ကားကို ဒေါ်စန်းစန်းဦး အား ပြန်ပေးစေရန် ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်၍ ရမည်းသင်းမြို့နယ် တရားရုံးနှင့် မန္တလေးတိုင်း တရားရုံး (ရမည်းသင်းမြို့နယ်စု)တို့က သက်သေခံကားနှင့် ပတ်သက်သောပစ္စည်းများကို ဒေါ်မြဦးအား ပြန်လည် ပေးစေရန် ချမှတ်ခဲ့သော အမိန့်ကို ဆက်လက်အတည်ပြုလိုက်သည်။

၁၉၉၃
ဒေါ်မြဦး
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့်ရှေ့တွင်

+၁၉၉၃
စန်နဝါရီလ
၂၀ ရက်

ဒေါ်မြင့်မြင့်ဌေး
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ –၂ *

**ကားအရောင်းအဝယ်စာချုပ်တွင် ကားရောင်းသူအဖြစ် လက်မှတ်ရေးထိုး ခဲ့သူအား ခေါ်ယူစစ်ဆေးသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက သက်သေခံ "က"ကားအရောင်းအဝယ် စာချုပ်တွင် ကားရောင်းသူအဖြစ် လက်မှတ်ရေးထိုးခဲ့သော ဦးလှသောင်းအား သက်သေအဖြစ် ခေါ်ယူစစ်ဆေးသင့်ကြောင်း၊ အရောင်းအဝယ်စာချုပ်တွင် သက်သေခံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့သော ဦးကြည်မောင်၊ ဦးတင်ဦးနှင့် ဦးညွန့်မောင်တို့အနက် ဦးတင်ဦးနှင့် ဦးကြည်မောင်ကို စစ်ဆေးခဲ့ပြီးဖြစ်၍ ဦးညွန့်မောင်အား ခေါ်ယူစစ်ဆေးရန် မလိုတော့ဟု ယူဆကြောင်းဖြင့် လျှောက်လဲတင်ပြသွားသည်။

ရှေ့နေချုပ်ရုံး၏ တင်ပြချက်သည် ဖြစ်ရပ်မှန်အပေါ် ခြေခံခြင်း ဖြစ်သည်ဟု သုံးသပ်တွေ့ရှိ၍ ကျွန်ုပ်လည်း ထိုအချက်ကို သဘောတူသည်။

| | |
|---|---|
| လျှောက်ထားသူအတွက် | – ဦးဝင်းမြင့်၊ တရားရုံးချုပ်ရှေ့နေ |
| လျှောက်ထားခံရသူများအတွက် | – ၁။ ဦးစောနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| | ၂။ ဦးမြင့်ဆွေ၊ တရားရုံးချုပ်ရှေ့နေ |

ပဲခူးမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၀၆၉/၉၀ တွင် ဦးစန်းမြင့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ အရ လက်ခံကြားနာ စစ်ဆေးလျက်ရှိရာ တရားလိုဘက်က မူလတင်ပြခဲ့သော သက်သေ (၆)

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၂၅ (ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၂ တွင် ချမှတ်သော (၂၁–၇–၉၂) ရက်စွဲပါ ပဲခူးတိုင်း (ပဲခူးမြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု လျှောက်ထားခြင်း

၁၉၉၃
ဒေါ်မြင့်မြင့်ဌေး
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ–၂

ဦးကို စစ်ဆေးခဲ့ပြီးဖြစ်ရာ နောက်ထပ်သက်သေ (၅) ဦးကို စစ်ဆေးရန်အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ အရ ရုံးခေါ်သက်သေအဖြစ် ခေါ်ယူစစ်ဆေးပေးပါရန် မူလရုံးတရားလို ဒေါ်မြင့်မြင့်ဌေးက တင်ပြရာ (၅)ဦးအနက် (၂)ဦးကိုသာ ဆင့်ခေါ်စစ်ဆေးမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ မြို့နယ်တရားရုံး၏အမိန့်ကို ဒေါ်မြင့်မြင့်ဌေးက မကျေနပ်၍ ပဲခူးတိုင်း တရားရုံး (ပဲခူးမြို့နယ်စု)သို့ ပြင်ဆင်မှုတင်သွင်းရာ မူလရုံးက ဆင့်ခေါ်ရန် ခွင့်ပြုခဲ့သော သက်သေ(၂)ဦးအပြင် နောက်ထပ်တစ်ဦးကိုပါ ဆင့်ခေါ်စစ်ဆေးရန် ညွှန်ကြားခဲ့သည်။ တိုင်းတရားရုံး၏ အမိန့်ကိုလည်း ဒေါ်မြင့်မြင့်ဌေးက မကျေနပ်သေး၍ ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ပျော်ဘွယ်မြို့ ရွှေပြည်ရန်လုံ အမှတ် (၂) ရပ်ကွက်နေ ဒေါ်မြင့်မြင့်ဌေးက ၎င်းပိုင်သော ကုန်တင်ကားအမှတ် ၄၂၈၄ ကို ပဲခူးမြို့ ကြည်တော်ကုန်း (၂)လမ်းနေ ဦးထွန်းမြင့် နေအိမ်သို့ ကျောက်ဆွဲရန်အတွက် ထားခဲ့ရာ (၁၄–၃–၉၁) နေ့တွင် မလှိုင်မြို့နေ ဦးစန်းမြင့်က ဒေါ်မြင့်မြင့်ဌေး၏ ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိဘဲ မော်တော်ကားကို ယူသွား၍ ဦးစန်းမြင့်အပေါ် ဥပဒေအရ အရေးယူပေးရန် ဒေါ်မြင့်မြင့်ဌေးက ပဲခူးမြို့နယ်တရားရုံးသို့ တိုင်လျှောက်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ဒေါ်မြင့်မြင့်ဌေးက ပြင်ဆင်မှု တင်သွင်းရာတွင် အဓိက အကြောင်းပြချက်အဖြစ် တင်ပြသည်မှာ မူလတရားရုံးတွင် သက်သေခံ "က"အဖြစ် လက်ခံထားသော ကားအရောင်းအဝယ် စာချုပ်တွင် ဦးလှသောင်းက ကားရောင်းသူဖြစ်ပြီး အသိသက်သေအဖြစ် လက်မှတ်ရေးထိုးသူများသည် ဦးကြည်အောင်၊ ဦးညွန့်မောင်၊ ဦးတင်ဦးတို့ဖြစ်ကြကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ အရ ရုံးခေါ် သက်သေအဖြစ် ခေါ်ယူစစ်ဆေးပေးရန် စာရင်းတင်ပြသူများမှာ ဦးလှသောင်း၊ ဦးညွန့်မောင်၊ ဦးထွန်းမြင့်၊ ဦးတင်လှိုင်နှင့် ဦးခင်မောင်ဆွေတို့ (၅)ဦးဖြစ်ကြောင်း၊ မြို့နယ်တရားရုံးက ဦးထွန်းမြင့်နှင့် ဦးခင်မောင်ဆွေတို့ကိုသာ ခေါ်ယူစစ်ဆေးရန် ခွင့်ပြုခဲ့ကြောင်း၊ တိုင်းတရားရုံးက ဦးတင်လှိုင်ကိုပါ စစ်ဆေးရန် ခွင့်ပြုခဲ့ကြောင်း၊ ဦးလှသောင်းနှင့် ဦးညွန့်မောင်တို့ကို သက်သေအဖြစ် ခေါ်ယူစစ်ဆေးရန် ငြင်းပယ်ခဲ့ခြင်းသည် မှားယွင်းကြောင်း၊ ကားအမှတ် ၄၂၈၄ ကို ဝယ်သူမှာ ဒေါ်မြင့်မြင့်ဌေး တစ်ဦးတည်းဖြစ်ရာ ရောင်းသူမှာ ဦးလှသောင်းနှင့် ဦးမှတ်ကျော်ဆိုသူ နှစ်ဦးဖြစ်ပြီး အရောင်းအဝယ်စာချုပ်နှစ်ခု ဖြစ်နေကြောင်း (သက်သေခံ

၁၉၉၃
ဒေါ်မြင့်မြင့်ဌေး
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

"က") နှင့် သက်သေခံ (၁) တို့ဖြစ်ကြောင်း၊ အရောင်းအဝယ်စာချုပ်နှစ်ခုအနက် မည်သည့်စာချုပ်က အမှန်ဖြစ်သည်ကို ဖော်ထုတ်ရန်လိုအပ်နေ၍ ဦးလှသောင်းနှင့် ဦးညွန့်မောင်တို့အား ခေါ်ယူစစ်ဆေးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ အရ ခေါ်ယူစစ်ဆေးခွင့်ပြုသော အမိန့်တစ်ရပ် ချမှတ်ပါရန် တင်ပြသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက သက်သေခံ "က" ကားအရောင်းအဝယ် စာချုပ်တွင် ကားရောင်းသူအဖြစ် လက်မှတ်ရေးထိုးခဲ့သော ဦးလှသောင်းအား သက်သေအဖြစ် ခေါ်ယူစစ်ဆေးသင့်ကြောင်း၊ အရောင်းအဝယ်စာချုပ်တွင် သက်သေခံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့သော ဦးကြည်မောင်၊ ဦးတင်ဦးနှင့် ဦးညွန့်မောင်တို့အနက် ဦးတင်ဦးနှင့် ဦးကြည်မောင်ကို စစ်ဆေးခဲ့ပြီး ဖြစ်၍ ဦးညွန့်မောင်အား ခေါ်ယူစစ်ဆေးရန် မလိုတော့ဟု ယူဆကြောင်းဖြင့် လျှောက်လဲတင်ပြသွားသည်။

ရှေ့နေချုပ်ရုံး၏ တင်ပြချက်သည် ဖြစ်ရပ်မှန်အပေါ် အခြေခံခြင်းဖြစ်သည်ဟု သုံးသပ်တွေ့ရှိ၍ ကျွန်ုပ်လည်း ထိုအချက်ကို သဘောတူသည်။

သို့ဖြစ်၍ ပြင်ဆင်မှုကို တစ်စိတ်တစ်ဒေသ ခွင့်ပြု၍ ဦးလှသောင်းအား ရုံးခေါ်သက်သေအဖြစ် ခေါ်ယူစစ်ဆေးရန် ငြင်းပယ်ခဲ့သော ပဲခူးမြို့နယ်တရားရုံးအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော ပဲခူးတိုင်း တရားရုံး (ပဲခူးမြို့နယ်စု)၏ အမိန့်ကို ပယ်ဖျက်ပြီး ဦးလှသောင်းအား ရုံးခေါ်သက်သေအဖြစ် ခေါ်ယူစစ်ဆေးရန် ညွှန်ကြားလိုက်သည်။ ဦးညွန့်မောင်အား သက်သေအဖြစ် ခေါ်ယူစစ်ဆေးရန် ငြင်းပယ်ခဲ့သော အမိန့်များကိုမူ ဆက်လက်အတည်ပြုသည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

ဦးမွေးမောင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂*

+ ၁၉၉၃
မတ်လ
၂၅ ရက်

**တရားခံအား အပြစ်ပေးခဲ့ရာ၌ သက်သေခံကားမှာလည်း လိမ်လည်မှုကျူးလွန်ခြင်းနှင့် ပတ်သက်သော ပစ္စည်းဖြစ်နေ၍ ယင်းပစ္စည်းကို ပြစ်မှုကျူးလွန်သူအနေဖြင့် လက်ဝယ်ပြန်လည်ရထိုက်သည်ဟု ဆိုနိုင် မဆိုနိုင်။**

**ဆုံးဖြတ်ချက်။** ယခုကိစ္စ၌ ဦးမွေးမောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ ပြစ်ဒဏ်ချမှတ်ခဲ့သည့် အမိန့်မှာ သက်သေခံကား လိုင်စင်စာရွက်များနှင့် သာမက သက်သေခံကားနှင့် ပတ်သက်၍လည်း ချမှတ်ခဲ့သော ပြစ်ဒဏ်ဖြစ်သည်ဟုသာ ကောက်ယူရမည်ဖြစ်ရာ မူလရုံး တရားခံဖြစ်သည့် ဦးမွေးမောင်အား အပြစ်ပေးခဲ့ရာ၌ သက်သေခံကားမှာ လည်း လိမ်လည်မှုကျူးလွန်ခြင်းနှင့် ပတ်သက်သော ပစ္စည်းဖြစ်နေ၍ ယင်းပစ္စည်းကို ပြစ်မှုကျူးလွန်သူ ဦးမွေးမောင်အနေဖြင့် လက်ဝယ်ပြန်လည် ရထိုက်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ တရားခံအား ပြစ်မှုထင်ရှားစီရင် ခဲ့ရာ၌ ပိုင်ဆိုင်ခွင့် စာရွက်စာတမ်းများအရ လက်ရှိဖြစ်ထိုက်သူဟု ထင်ရှားသူ ဒေါ်မသန်းမေအားသာလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ပြန်လည်ပေးထားစေရန် အမိန့်ချမှတ်ထိုက်ပေသည်။

လျှောက်ထားသူအတွက် – ဦးသောင်းညွန့်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်– (၁) ဦးမျိုးချစ်၊လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
(၂) ဦးလှကို၊ တရားရုံးချုပ်ရှေ့နေ

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၈၆ (ခ)၊ ၄၈၇ (ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၄၂ ၊ တွင်ချမှတ်သော (၄–၉–၉၂) ပြစ်မှုဆိုင်ရာ အတွေ့ထွမှုအမှတ် ၁၅၀

ရက်စွဲပါ ရခိုင်ပြည်နယ် (စစ်တွေမြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၃
ဦးမွေးမောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

အမှုမှာ စစ်တွေမြို့ မောလိပ်ရပ်ကွက်နေ ဒေါ်မသန်းမေက မိမိ၏အမည်ဖြင့် ဝယ်ယူထားသော ဟိုင်းလပ်ကားအမှတ် န/၉၉၂၇ ကို လွန်ခဲ့သော (၁)လခန့်က ယောက္ခမ ဦးမွေးမောင်ထံ ပြေးဆွဲခြင်း မပြုဘဲ စောင့်ရှောက်ထားရန် မှာကြား၍ သော့ခတ်အပ်နှံပြီး ကလေးမီးဖွားရန်အတွက် မိမိ၏ မိဘနေထိုင်ရာ ဘောင်းသားစုရပ်ကွက်နေအိမ်သို့ ဆင်းလာခဲ့ကြောင်း၊ ဦးမွေးမောင်နှင့် မိမိ၏ကားမှာ မိမိနှင့် ဦးမောင်ထွန်းတို့ လင်မယားပိုင် မောလိပ်ရပ်ကွက်ရှိ နေအိမ်၌ ကျန်ခဲ့ကြောင်း၊ ထိုစဉ် ခင်ပွန်း ဦးမောင်ထွန်းက ရန်ကုန်သွားရန် ရှိနေကြောင်း၊ ဦးမွေးမောင်သည် ပူးတွဲတရားခံ သန်းအောင် (ခ) အနောက်ချေ၏ အကူအညီဖြင့် ကားသော့အတုပြုလုပ်ပြီး ကားကို အငှားပြေးဆွဲမောင်းနှင်စေ၍ အလွဲသုံးစားပြုလုပ်ခြင်း၊ ကားလိုင်စင်နှင့် လုပ်ငန်းလိုင်စင်သစ်တို့ကို လိမ်လည်ပြုလုပ်ခြင်းတို့ကို ကျူးလွန်ခဲ့ကြောင်း၊ ထို့ကြောင့် ဦးမွေးမောင်တို့နှစ်ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆၊ ၄၂၀ တို့အရ အရေးယူပေးရန် စစ်တွေမြို့နယ် တရားရုံး၌ တိုက်ရိုက်လျှောက်ထားစွဲဆိုခဲ့သော အမှုဖြစ်သည်။

အထက်ပါ အမှုတွင် စစ်တွေမြို့နယ် တရားရုံးက တရားခံ (၂)ဦးအနက် ဦးမွေးမောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ ရုံးတက် ရုံးဆင်း ထောင်ဒဏ်(၁) ရက်အပြင် ငွေဒဏ် ၅၀၀ိ/-ပေးဆောင်စေ၊ မဆောင်က နောက်ထပ် ထောင်ဒဏ် (၅)လကျခံစေရန်နှင့် သက်သေခံကား၊ ကားသော့၊ ဆိစာအုပ်နှင့် လုပ်ငန်းလိုင်စင်အဟောင်းတို့ကို ၎င်းအား ပြန်ပေးထားစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးမွေးမောင်နှင့် ဒေါ်မသန်းမေတို့က ရခိုင်ပြည်နယ်တရားရုံး (စစ်တွေမြို့နယ်စု) သို့ အပြီးအပြတ်လွှတ်ပေးရန် အယူခံမှုနှင့်သက်သေခံကားအတွက် ပြင်ဆင်မှုတို့ကို အပြန်အလှန် တင်သွင်းခဲ့ရာ၌ ပြည်နယ်တရားရုံးက ဦးမွေးမောင်၏ အယူခံမှုကို ပလပ်၍ ဒေါ်မသန်းမေ တင်သွင်းသည့် ပြင်ဆင်မှုကို ခွင့်ပြုပြီး မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ အထက်ဖော်ပြပါ သက်သေခံကား၊ ကားသော့နှင့် စာရွက်စာတမ်းများကို ဒေါ်မသန်းမေအား ပြန်ပေးထားစေရန် ပြင်ဆင်အမိန့် ချမှတ်ခဲ့သည်။ အဆိုပါပြည်နယ်တရားရုံး၏အမိန့်များအပေါ် ဦးမွေးမောင်က မကျေနပ်၍ ဤပြင်ဆင်မှု(၂)မှုကို တရားရုံးချုပ်သို့ တင်သွင်းခြင်းဖြစ်သည်။

ဤပြင်ဆင်မှု (၂) မှုမှာ မူလမှုတစ်မှုတည်းမှ ပေါ်ပေါက်လာခြင်း ဖြစ်သောကြောင့် ဤစီရင်ချက်သည် အဆိုပါပြင်ဆင်မှု (၂) မှုစလုံးနှင့် သက်ဆိုင်စေရမည်။

၁၉၉၃
ဦးမွေးမောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

ဦးမွေးမောင်အတွက် ၎င်း၏ရှေ့နေက ပြင်ဆင်မှု (၂)မှုတွင် အကြောင်းပြချက်များ တင်ပြရာ၌ ဦးမွေးမောင်သည် သားဖြစ်သူ ဦးမောင်ထွန်း၏ အကြောင်းကြားချက်အရ ကားလိုင်စင်ကို သဘောရိုးဖြင့် လဲလှယ်ခဲ့ခြင်း ဖြစ်၍ လိမ်လည်မှု ကျူးလွန်ခဲ့ခြင်း မရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးရာ၌ ဦးမွေးမောင်အတွက် မည်သည့်အကျိုးကျေးဇူးမျှ မခံစားခဲ့ရကြောင်း၊ ထို့ကြောင့် ဦးမွေးမောင်အား အမှုမှ အပြီးအပြတ်လွှတ်သင့်ကြောင်း၊ သက်သေခံကားမှာ သားဖြစ်သူ ဦးမောင်ထွန်းက အပ်နှံထားခဲ့ခြင်းဖြစ်၍ ဦးမွေးမောင်ထံ ပြန်ပေးသင့်ကြောင်း တင်ပြသည်။

မူလရုံးတရားလို ဒေါ်မသန်းမေက ၎င်း၏ တိုက်ရိုက်လျှောက်လွှာပါ အတိုင်းထွက်ဆို၍ ၎င်း၏အမည်ဖြင့် ကားဝယ်ထားသော စာချုပ်၊ ကားလိုင်စင်နှင့် လုပ်ငန်းလိုင်စင်တို့ကို သက်သေခံ အထောက်အထားများ အဖြစ် တင်ပြထားသည်။

တရားလိုပြသက်သေ စစ်တွေမြို့နယ် (ကညန)မှ ဒုဦးစီးအရာရှိ ဦးစိုးတင့်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ရုံးလိုင်စင်ဌာနမှ စာရေးဦးထွန်းလှိုင်တို့က ဒေါ်မသန်းမေ၏အမည်ဖြင့် လိုင်စင်ပေါက်သော ကားဖြစ်ကြောင်း ထောက်ခံထွက်ဆိုကြသည်။

အထက်ပါ တရားလိုပြသက်သေ (၂)ဦး၏ ထွက်ချက်၊ မူလရုံးတရားခံ ဦးမွေးမောင်၏ ဝန်ခံထွက်ဆိုချက်နှင့် သက်သေခံ (၃) အရ အချင်းဖြစ် ကားလိုင်စင် လျှောက်ထားသည့် ၂၃-၃-၉၂ နေ့စွဲပါ လျှောက်လွှာတွင် စာရင်း (ဂ) လိုင်စင်စာအုပ် ပျောက်နေကြောင်း ရေးသားဖော်ပြ၍ ဦးမွေးမောင်က ဒေါ်မသန်းမေကိုယ်စား လက်မှတ်ရေးထိုးလျှောက်ထားချက်တို့မှာ အငြင်းမပွားသော အချက်များဖြစ်သည်။

ဦးမွေးမောင်က ချေပထွက်ဆိုရာတွင် အချင်းဖြစ်ကားကို ချွေးမ ဒေါ်မသန်းမေက မိမိအား အပ်နှံခြင်း မဟုတ်ဘဲ သားဖြစ်သူ ဦးမောင်ထွန်းက အပ်နှံခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်မသန်းမေမှာ ဦးမောင်ထွန်းနှင့် လင်မယားရန်ဖြစ်၍ နေအိမ်ပေါ်မှ ဆင်းသွားခဲ့ပြီး လိုင်စင်စာအုပ်ကို ၎င်းထံမှ တောင်းခံမရသဖြင့် သားနှင့် ချွေးမတို့အတွက် အနစ်နာစေရန် မိမိက ဒေါ်မသန်းမေကိုယ်စား သက်သေခံ (၃)တွင် လက်မှတ်ရေးထိုး၍ လိုင်စင်လဲလှယ်ပေးရန် လျှောက်ထားခဲ့ကြောင်း၊ သားဖြစ်သူ ဦးမောင်ထွန်းက မန္တလေးမှ ဖုန်းဖြင့် အကြောင်းကြား၍ လျှောက်ထားရခြင်းဖြစ်ကြောင်း၊ ယင်းသို့ လျှောက်ထားရာတွင် ကားလိုင်စင်မှာ မိမိ၏ အမည်ဖြစ်မလာသည့်အပြင်၊ မိမိအတွက်

၁၉၉၃
ဦးမွေးမောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

အကျိုးအမြတ်လည်း မရှိကြောင်း၊ သက်သေခံ သော့အတုကို မိမိက ဒေါ်မသန်းမေနှင့် မောင်သန်းထွန်းတို့ မောင်နှမနှင့် ကိုင်ပင်ပြီး မူရင်းသော့ ပျောက်မည်စိုး၍ ပြုလုပ်ခဲ့သည်ဟု ထွက်ချက်နှင့် စပ်လျဉ်း၍ ဒေါ်မသန်းမေအား စစ်ဆေးစဉ် ပြန်လှန်မေးမြန်းမှု မရှိခဲ့သည်မှာ မှန်ကြောင်း ချေပထွက်ဆိုသည်။

တရားခံပြသက်သေ မောင်သန်းအောင် (ခ) အနောက်ချေ တပ်ကြပ်ကြီးစာရေး ဦးအောင်မျိုး၊ ဗိုလ်ကြီးအောင်ခိုင်နှင့် ဦးမောင်ထွန်းတို့က မိမိတို့နှင့် သက်ဆိုင်ရာ အပိုင်းတို့တွင် ဦးမွေးမောင်အား ထောက်ခံထွက်ဆိုကြသည်။

ဦးမောင်ထွန်းက ထွက်ဆိုရာတွင် မိမိပိုင် ငွေ ၃ သိန်းခွဲဖြင့် ယောက္ခမ ဦးမောင်သာထွန်းကို ရန်ကုန်သို့ စေလွှတ်၍ သက်သေခံကားကို ဝယ်ယူစေခဲ့ခြင်းဖြစ်ကြောင်း၊ မိမိသည် ပြည်မဘက်သို့ အလုပ်သွားရောက်လုပ်ကိုင်နေရသူဖြစ်၍ ဇနီး ဒေါ်မသန်းမေ၏အမည်ဖြင့် ကားကို ဝယ်ယူစေခဲ့ခြင်းဖြစ်ကြောင်း၊ ဘခင်ဦးမွေးမောင်အား ကားလိုင်စင်သက်တမ်း တိုးမြှင့်လျှောက်ထားပေးရန် မိမိက မန္တလေးမြို့မှ အကြောင်းကြားခဲ့ကြောင်း ထွက်ဆိုထားသည်။

ရှေ့နေချုပ်ရုံး ကိုယ်စား ဥပဒေအရာရှိက ဤပြင်ဆင်မှု (၂)မှုကို အဓိကအကြောင်းပြချက်များတင်ပြရာ၌ သက်သေခံကားမှာ ဦးမွေးမောင် လက်ဝယ်တွင် ရှိနေသော်လည်း ကားသော့နှင့်ဓာကွ ကားနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုနှင့် လိုင်စင်စာရွက်စာတမ်းများ အားလုံးမှာ ဒေါ်မသန်းမေ၏ လက်ဝယ်၌ ပါသွားခဲ့ကြောင်း၊ ဦးမွေးမောင်သည် စာရင်း(ဂ)အရ လိုင်စင် စာအုပ် အဟောင်းမှာ ဒေါ်မသန်းမေနှင့် ပါသွားခဲ့သည်ဟု အမှန်အတိုင်း ဖော်ပြ၍ သက်ဆိုင်ရာဌာနသို့ လျှောက်ထားသင့်ပါလျက် သက်သေခံ(၃) လျှောက်လွှာ၌ ချွေးမဖြစ်သူဒေါ်မသန်းမေအား လျှောက်ထားသယောင် သွေးဆောင်လျှောက်ထားခြင်းမှာ ရိုးသားသည်ဟု မယူဆကြောင်း၊ ဦးမွေးမောင်သည် သက်သေခံကားကို ခွင့်ပြုချက်မရှိဘဲ ဂိတ်ထိုးပြေးဆွဲခြင်း၊ ပုဂ္ဂလိကအငှားပြေးဆွဲခြင်းတို့ကို အထက်ပါအချက်များနှင့် ဆက်စပ်သုံးသပ်ပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုကို ကျူးလွန်ခဲ့သည်မှာ ပေါ်လွင်ကြောင်း၊ ထို့ကြောင့် ၎င်းအား အမှုမှ အပြီးအပြတ်လွှတ်ပေးရန် ပြင်ဆင်မှု လျှောက်လွှာကို ပလပ်သင့်ကြောင်း၊ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍မူ မူလရုံးက ဦးမွေးမောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း ယင်းဥပဒေပုဒ်မ ၄၀၆ အရ အမှုမှာ

၁၉၉၃
ဦးမွေးမောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

အပြီးအပြတ်လွှတ်ခဲ့သည် ဖြစ်သောကြောင့် သက်သေခံကားကို မူလသိမ်းဆည်းခြင်းခံရသည့် ဦးမွေးမောင်သို့ ပြန်လည်ပေးစေရန် ချမှတ်ခဲ့သည့် မြို့နယ်တရားရုံး၏အမိန့် မှားယွင်းမှုမရှိကြောင်း တင်ပြသည်။

ဒေါ်မသန်းမေအတွက် ၎င်း၏ ရှေ့နေက ချေပတင်ပြရာ၌ ကားဝယ်စာချုပ်နှင့် ကားလိုင်စင်စာအုပ်တို့တွင် ဒေါ်မသန်းမေ၏ အမည်ပေါက်သည်မှာ ထင်ရှားကြောင်း၊ ယင်းစာရွက်စာတမ်းများမှာ ဒေါ်မသန်းမေနေအိမ်ပေါ်မှ ဆင်းသွားခဲ့စဉ် ၎င်း၏ လက်ဝယ်၌ ပါရှိသွားခဲ့သည်မှာလည်း အငြင်းမပွားကြောင်း၊ ဦးမွေးမောင်၏ ပြုလုပ်မှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၄ အရ မရိုးမဖြောင့်သော သဘောဖြင့် ပြုလုပ်မှုဖြစ်သည်ဟု ထင်ရှားကြောင်း၊ ထို့ကြောင့် ဦးမွေးမောင်အပေါ် ယင်းဥပဒေပုဒ်မ ၄၂၀အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် အမိန့်မှာ ဥပဒေအရ မှန်ကန်ကြောင်း၊ ဦးမွေးမောင်အား ယင်းဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုထင်ရှား၍ ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်ရာ ဒေါ်မသန်းမေအား သက်သေခံကားနှင့် စာရွက်စာတမ်းများ ပြန်ပေးထားစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သော ပြည်နယ်တရားရုံး၏ အမိန့် မှန်ကန်သဖြင့် အတည်ပြုသင့်ကြောင်း ချေပတင်ပြသည်။

အထက်ပါတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ သုံးသပ်ရာတွင် မူလရုံးတရားခံ ဦးမွေးမောင်က သက်သေခံကားကို သားဖြစ်သူ ဦးမောင်ထွန်း၏ ငွေဖြင့် ဝယ်ယူခဲ့သည်ဟု ချေပထွက်ဆိုသော်လည်း စာချုပ်စာတမ်းအထောက်အထား ခိုင်ခိုင်လုံလုံ တင်ပြနိုင်ခြင်း မတွေ့ရချေ။

မူလရုံးတရားလို ဒေါ်မသန်းမေဘက်ကမူ ၎င်း၏အမည်ဖြင့် ကားဝယ်ခဲ့သော စာချုပ်၊ ကားလိုင်စင်နှင့် လုပ်ငန်းလိုင်စင် စာအုပ်အဟောင်းတို့ကို တင်ပြထားသဖြင့် သက်သေခံကားမှာ ဒေါ်မသန်းမေ အမည်ပေါက်ပိုင်ဆိုင်သော ကားဖြစ်သည်မှာ ထင်ရှားသည်။ ထို့ကြောင့် ထိုကားကို လိုင်စင်သက်တမ်းတိုးမြှင့်လိုပါက ဦးမွေးမောင်အနေဖြင့် ဒေါ်မသန်းမေ၏ သဘောတူညီချက်နှင့် ကိုယ်စားလှယ်လွှဲစာ စသည်တို့ကို ဦးစွာရရှိပြီးမှသာ သက်ဆိုင်ရာဌာနသို့ ကားလိုင်စင်သက်တမ်းတိုးရန် ပူးတွဲလျှောက်ထားသင့်ပေသည်။ ဤအမှုတွင် ဦးမွေးမောင်အနေဖြင့် ယင်းကဲ့သို့ ဆောင်ရွက်ခဲ့မှု မရှိဘဲ လိုင်စင်သက်တမ်း တိုးမြှင့်ရန် လျှောက်လွှာတွင် ဒေါ်မသန်းမေကိုယ်စား လက်မှတ်ရေးထိုး လျှောက်ထားခဲ့ခြင်းဖြစ်သည်။

ကားလိုင်စင်စာအုပ်အဟောင်းနှင့် ကားသော့မှာ ဒေါ်မသန်းမေထံ၌ ရှိနေခဲ့သည်မှာ အငြင်းမပွားသောကြောင့် ယင်းလိုင်စင်စာအုပ်အဟောင်း

ပျောက်နေပါသည်ဟု သက်သေခံ (၃)ပျောက်လွှာတွင် ဦးမွေးမောင်က ဖော်ပြခဲ့ခြင်းမှာ မမှန်မကန်သော အချက်ကို သိလျက်နှင့် ဖော်ပြခဲ့ရာ ရောက်သည်။

အထက်ပါထင်ရှားပေါ်လွင်နေသော အချက်များအရ ဦးမွေးမောင်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ခဲ့သည်ဖြစ်၍ ၎င်းအပေါ် ယင်းဥပဒေပုဒ်မအရ ပြစ်ဒဏ်ချမှတ် အတည်ပြုခဲ့သည့် မြို့နယ်နှင့် ပြည်နယ်တရားရုံးတို့၏ အမိန့် မှားယွင်းမှု မရှိချေ။

သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ မြို့နယ်တရားရုံးက ဦးမွေးမောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းသာ ဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၄၂၀ အရ အမှုတွင်မူ ဦးမောင်မွေးအား အပြီးအပြတ်မလွှတ်ဘဲ ပြစ်ဒဏ်ချမှတ်ခဲ့ရာ မြို့နယ်တရားရုံး၏ အမိန့်မှာ ဦးမွေးမောင်အား အပြစ်မရှိဟူ၍ မူလမှုပါ စွဲချက် ၂ ရပ်စလုံးမှ လုံးလုံး လျားလျား အပြီးအပြတ်လွှတ်ခဲ့ရာ မရောက်ချေ။ ယင်းအတွက်ကြောင့် ဦးမွေးမောင်အား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သည်ဟု အကြောင်းပြ၍ သက်သေခံကားကို ၎င်းထံပြန်ပေးစေရန် ဦးမွေးမောင်၏ ရှေ့နေက တင်ပြ ခဲ့သော စီရင်ထုံးမှာ ဤအမှု၏ ထူးခြားသော အကြောင်းအချက်များအရ အကျုံးဝင် ကိုက်ညီသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

မူလမှုတွင် အငြင်းမပွားသော အချက်များအရ ဒေါ်မသန်းမေနေအိမ်မှ ဆင်းသွားစဉ်၌ သက်သေခံကားနှင့် သက်ဆိုင်သော ပိုင်ဆိုင်ခွင့်စာချုပ်၊ ကားလိုင်စင်နှင့် လုပ်ငန်းလိုင်စင် စာအုပ်များအပြင် ကားသော့မူရင်းများပါ ၎င်းနှင့် တပါတည်းပါသွားခဲ့ကြောင်း ပေါ်လွင်သဖြင့် သက်သေခံကားမှာ အချင်းဖြစ်စဉ်က အချင်းဖြစ်နေအိမ်၌ ကျန်ရစ်ခဲ့သော်လည်း ဒေါ်မသန်းမေ၏ လက်ရှိမဟုတ်ဘဲ ဦးမွေးမောင်၏ လက်ရှိအဖြစ်ကျန်ရစ်ခဲ့သည်ဟု ဆိုနိုင်ရန် ခဲယဉ်းပေသည်။

ဦးမွေးမောင်အနေဖြင့် ကားလိုင်စင် သက်တမ်းတိုးခွင့်နှင့် လုပ်ငန်းလိုင်စင် အမည်ပြောင်းလဲခွင့်တို့ကို လိမ်လည်လျှောက်ထားခဲ့ခြင်းနှင့် ၎င်းက သက်သေခံကားကို ယုံကြည်အပ်နှံရေး ဖောက်ဖျက် အလွဲသုံးစားပြု၍ ဂိတ်ထိုးခြင်း၊ ပြေးဆွဲခြင်း စသည့် ပြုလုပ်ကျူးလွန်မှု ၂ မျိုးစလုံးမှာ သက်သေခံကားနှင့်ပင် ပတ်သက်သည့် ပြုလုပ်ကျူးလွန်မှုများသာ ဖြစ်ပေ သည်။ သို့ဖြစ်ရာ မူလမှုမှ ကားမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ

၁၉၉၃
ဦးမွေးမောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

ဦးမွေးမောင်အား အပြီးအပြတ်လွှတ်ခဲ့သည့် အမှုနှင့်သာ သက်ဆိုင်သည်။ ယာဉ်လိုင်စင်အသစ် (သက်သေခံ-ခ)အရ ကျူးလွန်မှုမှာ ယင်းဥပဒေပုဒ်မ ၄၂ဝနှင့်သာ သက်ဆိုင်သည်ဟု ခွဲခြားသုံးသပ်ခဲ့သော မြို့နယ်တရားရုံး၏ သုံးသပ်ချက်မှာ မူလမှုအကြောင်းချင်းရာနှင့်ကိုက်ညီမှန်ကန်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ယခုကိစ္စ၌ ဦးမွေးမောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂ဝအရ ပြစ်ဒဏ်ချမှတ်ခဲ့သည့် အမိန့်မှာ သက်သေခံ ကားလိုင်စင် စာရွက်များနှင့်သာမက သက်သေခံကားနှင့် ပတ်သက်၍လည်း ချမှတ်ခဲ့သော ပြစ်ဒဏ်ဖြစ်သည်ဟုသာ ကောက်ယူရမည်ဖြစ်ရာ မူလရုံးတရားခံဖြစ်သည့် ဦးမွေးမောင်အား အပြစ်ပေးခဲ့ရာ၌ သက်သေခံကားမှာလည်း လိမ်လည်မှုကျူးလွန်ခြင်းနှင့် ပတ်သက်သော ပစ္စည်းဖြစ်နေ၍ ယင်းပစ္စည်းကို ပြစ်မှုကျူးလွန်သူ ဦးမွေးမောင်အနေဖြင့် လက်ဝယ်ပြန်လည် ရထိုက်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ တရားခံအား ပြစ်မှုထင်ရှားစီရင်ခဲ့ရာ၌ ပိုင်ဆိုင်ခွင့် စာရွက်စာတမ်းများအရ လက်ရှိဖြစ်ထိုက်သူဟု ထင်ရှားသူ ဒေါ်မသန်းမေအားသာလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ပြန်လည်ပေးထားစေရန် အမိန့်ချမှတ်ထိုက်ပေသည်။

ထို့ကြောင့် ဦးမွေးမောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂ဝအရ ပြစ်ဒဏ်ချမှတ်ခဲ့သော စစ်တွေမြို့နယ် တရားရုံး၏ အမိန့်ကို အတည်ပြု၍ သက်သေခံကားကို မူလရုံးတရားလို ဒေါ်မသန်းမေအား ပြန်ပေးထားစေရန် ချမှတ်ခဲ့သည့် ရခိုင်ပြည်နယ် တရားရုံး (စစ်တွေမြို့နယ်စု)၏ အမိန့်အား ဝင်ရောက်စွက်ဖက်ရန် မရှိသဖြင့် ဦးမွေးမောင်က တင်သွင်းသည့် ဤပြင်ဆင်မှု ၂ မှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

+၁၉၉၃
မေလ ၂၈
ရက်

ယာစင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

**ရှုပ်ထွေးနေသော အခြေအနေတွင် မငြင်းသာသော ဖြောင့်ချက်ကို အခြေပြုပြီး သေသူရရှိသော မှုချသေစေနိုင်သည့် ဒဏ်ရာမှာ ဖြောင့်ချက်ပေးသူ၏ လက်ချက်ကြောင့် ရသည်ဟု သုံးသပ်ဆုံးဖြတ်ရန် ဟုတ်မဟုတ်။**

**ဆုံးဖြတ်ချက်။** ။ ဤကဲ့သို့ ရှုပ်ထွေးနေသော အခြေအနေတွင် မငြင်းသာသော ဖြောင့်ချက်ကို အခြေပြုပြီး သေသူရရှိသော မှုချသေစေနိုင်သည့် ဒဏ်ရာမှာ ဖြောင့်ချက်ပေးသူ၏ လက်ချက်ကြောင့်ရသည်ဟု သုံးသပ်ဆုံးဖြတ်ရမည်ဆိုလျှင် မငြင်းနိုင်သူ ခံပေတော့ဟု ဆုံးဖြတ်ရာ ရောက်ပေလိမ့်မည်။

ဒဏ်ရာအခြေအနေများကို ကြည့်လျှင် အယူခံတရားလိုက ကြာပွတ်ဖြင့် ရိုက်ခြင်း၊ ခြေထောက်ဖြင့် ကန်ခြင်းဖြင့် ရသည့်ဒဏ်ရာဟု တစ်ထစ်ချ ယူဆရန်မှာ ရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့် ရှုပ်ထွေးသော အခြေအနေများကို ထည့်သွင်းသုံးသပ်ပါက များစွာ သံသယဖြစ်ဖွယ်ရှိသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးထွန်းကြည်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | – | ဦးထွန်းရွှေ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |

မန္တလေးတိုင်းတရားရုံး (မန္တလေးမြို့နယ်စု) ၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄၉/၉၁ တွင် တရားခံ (၅)ဦးအနက် (၄)ဦးအား စွဲချက်မတင်မီ အမှုမှ ပြန်လွှတ်ခဲ့ပြီး ယာစင်ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ထောင်ဒဏ်(၅)နှစ် ချမှတ်ခဲ့သော အမိန့်အား ယာစင်က မကျေနပ်၍ ဤအယူခံမှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၆၆

\+ ၁၉၉၁ ခုနှစ်ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄၉ တွင်ချမှတ်သော (၁၂–၅–၉၂) ရက်စွဲပါ မန္တလေးတိုင်း (မန္တလေးမြို့နယ်စု) တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၃
ယာစင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

အမှုမှာ (၁၉–၈–၉၁) ရက်နေ့ နေ့လည် (၂) နာရီခွဲခန့်တွင် သတင်းအရ လိုက်ကြည့်ရာ မြင်းလှည်းဂိတ်နား၌ ဖျာပေါ်တွင် အသက်ငင်နေသော မောင်ယာစင်၏ မြင်းလှည်းယာဉ်မောင်းသူ ကာလီကစ္စနားကို တွေ့ရကြောင်း၊ စုံစမ်းကြည့်ရာ ရပ်ကွက်လူကြီး ကိုဝင်းထိန်နှင့် ကျေးရွာလုံခြုံရေး အဖွဲ့ဝင် (၂)ဦးတို့က ကာလီကစ္စနားကို ရိုက်နှက်ညှဉ်းပန်းခဲ့သည်ဟု သိရကြောင်း၊ ကာလီကစ္စနားသည် ရရှိသော ဒဏ်ရာများဖြင့် ထိုနေ့ညနေ (၇)နာရီခန့်တွင်ပင် သေဆုံးသွားခဲ့သဖြင့် ကိုဝင်းထိန်နှင့် အပေါင်းအပါတို့ကို အရေးယူပေးရန် ရောက်ပင်ချိုရွာနေ ကိုချစ်ဝင်းက စဉ့်ကူးမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားခဲ့သော အမှုဖြစ်သည်။

တိုင်းတရားရုံး၏ စီရင်ချက်တွင် သေသူကာလီကစ္စနား၏ ကျောနှင့်ရင်ဘတ်တွင် ရရှိခဲ့သည့် ပြင်းထန်ဒဏ်ရာတို့မှာ အရက်မူးပြီး လဲကျ၍ရနိုင်သော ဒဏ်ရာမျိုးမဖြစ်နိုင်ကြောင်း၊ မောင်ယာစင်သည် မိမိ၏ မြင်းလှည်းမောင်းသမား ကာလီကစ္စနားအား အရက်အလွန်အကျွံမူးပြီး အဝတ်အစားကင်းမဲ့နေသည်ကို တွေ့မြင်သောအခါ မချုပ်တည်းနိုင်သော ဒေါသဖြစ်ပေါ်၍ ရိုက်နှက်ရာမှ လက်လွန်ခြေလွန်ဖြစ်ခဲ့သည်ဟု ယူဆရကြောင်း၊ ထို့ကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၉ (၂) (က) အရ အကျုံးဝင်သော အမှုဖြစ်၍ ယာစင်အား ယင်းဥပဒေပုဒ်မ ၃၀၄ အရသာ ပြစ်ဒဏ်ထိုက်သင့်ကြောင်း သုံးသပ်အမိန့်ချမှတ်ခဲ့သည်။

ယာစင်ကိုယ်စား ၎င်း၏ ရှေ့နေက အယူခံအကြောင်းပြချက်များ တင်ပြရာ၌ သက်သေထွက်ချက်များအရ ယာစင်က ၎င်း၏ တပည့်သေသူကာလီကစ္စနားအား မြင်းရိုက်သော ကြာပွတ်တုတ်ငယ်ဖြင့် နှစ်ချက်သုံးချက်ခန့်သာ ရိုက်နှက်ခဲ့ခြင်း ဖြစ်သည်ဟု ပေါ်လွင်ပြီး ကြာပွတ်ဖြင့် ရိုက်ရုံဖြင့် သေစေလောက်သည့် ဒဏ်ရာ မရနိုင်ဟု ဆရာဝန်က ထွက်ဆိုထားကြောင်း၊ သေသူသည် အရက် အလွန်အကျွံမူးယစ်ပြီး သစ်ငုတ်နှင့် ကျောက် တုံးများအပေါ် အကြိမ်ကြိမ်လဲကျ၍ ၎င်းဘာသာ ဒဏ်ရာရရှိ သေဆုံးခဲ့ ခြင်းဖြစ်ကြောင်း၊ ယာစင်ကလည်း သေသူကို ကြာပွတ်ဖြင့်သာ ရိုက်ခဲ့သည်ဟု ဖြောင့်ချက်ပေးခဲ့ပြီး ယင်းဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းခြင်း မပြုကြောင်း၊ ကြာပွတ်ဖြင့်သာ ရိုက်ခဲ့သဖြင့် ယာစင်က သေသူအား သေစေရန် အကြံ မရှိခဲ့သည်မှာ ပေါ်လွင်ကြောင်း၊ ထို့ကြောင့် ယာစင်အပေါ် ကြာပွတ်ဖြင့် ရိုက်နှက်မှုဖြင့်သာ ပြစ်ဒဏ်ပြောင်းလဲ စီရင်သင့်ကြောင်း ကင်ပြသည်။

တရားလိုပြသက်သေ ဒေါ်ကြည်၏ ထွက်ချက်တွင် အချင်းဖြစ်ချိန်၌ အရက်မူးပြီး လဲနေသော ကုလားတစ်ဦး (ကာလီကစ္စနား)ကို မြင်းလှည်းပိုင်ရှင် ယာစင်က မြင်းရိုက်ကြာပွတ်ဖြင့် အချက်ပေါင်း မရေမတွက်နိုင်အောင် ရိုက်ကြောင်း၊ ထို့နောက် ဝါးတုတ်သေးသေးတစ်ချောင်းဖြင့် နေရာမရွေးတွေ့ရာ ရိုက်ရာ တုတ်ကျိုးသွားသဖြင့် ယာစင်က လွှင့်ပစ်လိုက်ကြောင်း၊ အချင်းဖြစ်နေရာ၌ ကျောက်ခဲနှင့်ဒုတ်များ မရှိကြောင်း ထွက်ဆိုထားသည်။ သို့ဖြစ်ရာ ဒေါ်ကြည်၏ထွက်ချက်မှာ ယာစင်၏ ဖြောင့်ချက်ကို ထောက်ခံမှု ရှိနေသည်။

ရှောက်ပင်ရိုးရွာ(ရဝတ)အဖွဲ့ဝင် ဦးချစ်ဝင်းနှင့် ၎င်း၏အစ်ကို ဦးချစ်ဦးတို့၏ ထွက်ချက်တွင်မူ သေသူအား ကျည်တောက်ပေါက် ရွှေကျင်စခန်း ရပ်ကွက်လူကြီးများ ဖြစ်ကြသော ဦးဝင်းထိန်၊ ဦးမှတ်ကြီး၊ ဦးပန်တို့က ဝိုင်းရိုက်၍ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ထိုည (၁၁) နာရီခန့်တွင် စံသိန်း၊ တင်သောင်းနှင့် ရွှေကျင်စခန်းမှ စိုးနိုင်ကပြောပြ၍ သိရှိရကြောင်း မိမိတို့က စုံစမ်းခဲ့ရာတွင် ယာစင်က သေသူကိုရိုက်သည်ဟု မည်သူကမျှ ပြောပြခဲ့ခြင်း မရှိကြောင်း အခြားသောသက်သေများနှင့် ကွဲလွဲထွက်ဆိုထားသည်။ သို့သော် ၎င်းတို့၏ ထွက်ချက်ကို ထောက်ခံသော သက်သေမရှိပေ။

ဒေါ်ခင်နှင့် မောင်စိုးတို့မှာ ရဲရှေ့ထွက်ချက်တွင် တစ်မျိုး၊ ရုံးရှေ့ထွက်ချက်တွင် တစ်မျိုး ကွဲလွဲထွက်ဆိုခဲ့ကြသူများ ဖြစ်သောကြောင့် ယင်းတို့၏ ထွက်ချက်များကို ယုံကြည်စွာ ယည့်သွင်းသုံးသပ်နိုင်မည် မဟုတ်ပေ။

မောင်တင်လင်း၏ ထွက်ချက်တွင် ယာစင်က သေသူအား အရှည် (၂) တောင်နှင့် လုံးပတ်လက်မခန့်ရှိ တုတ်ဖြင့် ရိုက်သည့်ပြင် တုတ်ကျိုးသွားသည့်အခါ သေသူအား ခြေဖြင့်ကန်လိုက်သဖြင့် တစ်ဘက်သို့ လိမ့်ကျသွားသည်ကို တွေ့မြင်ရကြောင်း ထွက်ဆိုထားရာ ယာစင်၏ ဖြောင့်ချက်နှင့် ကိုက်ညီစွာ ထောက်ခံမှုရှိနေသည်။

သက်သေခံဆေးစာနှင့် ဒေါက်တာသောင်းမြင့်၏ထွက်ချက်တို့၌ သေသူတွင် ပါးရိုးညိုမဲဒဏ်ရာများ၊ ဝဲရင်အုံရောင်ရမ်းဒဏ်ရာနှင့် ကျောဘက် ညိုမဲဒဏ်ရာများ၊ ဒူးခေါင်းပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ခွဲစိတ်ကြည့်ရှုချက်အရ သေသူ၏ ဝဲဘက်အဆုပ် အစိတ်အပိုင်းအားလုံး စုတ်ပြတ်ကျေမွ၍ ဝဲဘက်အဆုတ်သို့သွားသော နှလုံးသွေးကြောမကြီး ပေါက်ကွဲယိုစီးနေသည်ကို တွေ့ရကြောင်း၊ အဆိုပါ အတွင်းဒဏ်ရာ (၂)ချက်မှာ မုချသေစေမည့် ဒဏ်ရာများဖြစ်ပြီး အဆက်မပြတ် ရိုက်နှက် ထုထောင်းရာမှ ရရှိနိုင်ကြောင်း၊

ယင်းဒဏ်ရာများမှာ သက်သေခံမြင်းရိုက် ကြာပွတ်ဖြင့် တစ်ဆယ့်လေး ငါးချက်ခန့် ရိုက်လျှင်လည်း ရနိုင်မည် မဟုတ်ကြောင်း၊ သေသူရရှိသည့် အတွင်းဒဏ်ရာကဲ့သို့ ဒဏ်ရာများမှာ အကြိမ်ကြိမ်လဲကျခဲ့ရုံမျှဖြင့် ရရှိနိုင်ရန် ခဲယဉ်းကြောင်း ထွက်ဆိုထားသည်။

ယာစင်၏ ဖြောင့်ချက်တွင် သေသူကာလီကစ္စနားမှာ မိဘဆွေမျိုးမရှိသဖြင့် မိမိထံတွင် အတူနေ၍ တစ်လ ၅၀ဝိ/–ဖြင့် မြင်းလှည်းမောင်းပေးသူ ဖြစ်ကြောင်း၊ မိမိသတင်းကြား၍ လိုက်ကြည့်ရာ ၎င်းမှာ အရက်မူးပြီး အဝတ်အစားမပါဘဲ လဲနေသဖြင့် မိမိက ဒေါသတကြီးဖြင့် ပါလာသော မြင်းရိုက်သည့် အရှည် (၂)တောင်ခန့် ဝါးစိမ်းတုတ်ဖြင့် ၎င်း၏ ကျောကို (၃) ချက်၊ ခြေထောက်ကို (၂) ချက်ရိုက်ခဲ့ကြောင်း၊ မိမိသည် သေသူ၏ ကိုယ်ခန္ဓာကိုလည်း ခြေထောက်ဖြင့် (၂) ချက် ကန်ခဲ့ကြောင်း၊ အချင်းဖြစ်ချိန်တွင် သေသူမှာ မောနေပြီး မော၍သေသည် သို့မဟုတ် မိမိက ရိုက်နှက်ခြင်းကြောင့်သေသည်ဟု မခန့်မှန်းတတ်ကြောင်း၊ မိမိက ကာလီကို မကြာခဏ ဆုံးမဖူးပြီး ယခုအကြိမ်တွင် ဒေါသဖြင့် မိမိလက်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း ဖြောင့်ဆိုဝန်ခံထားသည်။ အဆိုပါ ဖြောင့်ချက်ပါ အချက်များအားလုံး မှန်ကန်ကြောင်း ရုပ်သိမ်းခြင်း မပြုကြောင်း ယာစင်က ရုံးရှေ့တွင် ထပ်မံ အတည်ပြု ထွက်ဆိုထားသည်။

မူလ တရားရုံးရှေ့တွင် ယာစင်က မိမိသည် သေသူကို သေအောင် ရိုက်နှက်ခဲ့ခြင်း မဟုတ်၍ အပြစ်မရှိကြောင်း၊ မိမိက သေသူကို မြင်းရိုက် ကြာပွတ်ဖြင့် တင်ပါးနှင့် ခြေထောက်တို့တွင် (၂) ချက် (၃) ချက်သာ ရိုက်ခဲ့ပြီး အခြားနေရာကို မရိုက်ခဲ့မိကြောင်း၊ ကြာပွတ်အဖျား ကျိုးသွား၍ ပစ်ချခဲ့ကြောင်း၊ ဆေးစာပါ သေသူ၏ ဒဏ်ရာများကို မိမိက ပြုလုပ်ခဲ့ခြင်း မရှိကြောင်း၊ မိမိက ဖြောင့်ချက်တွင် အဖြစ်မှန်များကို ဖြောင့်ဆိုခဲ့ခြင်း ဖြစ်ကြောင်း ထွက်ဆိုထားသည်။ ယာစင်က ပြန်ရှင်းမေးခွန်း ဖြေဆိုရာတွင်မူ မြင်းရိုက်သည့်တုတ်မှာ ကျိုးအောင် ရိုက်၍ မရဘဲ စပ်အောင်သာရိုက်၍ ရကြောင်း ထွက်ဆိုထားသည်။

တရားခံပြသက်သေ ဦးကြွက်နီမှာ အမှုအကြောင်းခြင်းရာကို မြင်တွေ့သိရှိသူ မဟုတ်ပေ။ ဦးတိုးမောင်က ယာစင်သည် သေသူကို ကြာပွတ်ဖြင့် ရိုက်သကဲ့သို့ ရှယ်နေသည်ကို တွေ့ရသည်ဟု ထွက်ဆိုထားသည်။

အယူခံတရားလို၏ အကျိုးဆောင်က အယူခံတရားလိုအနေဖြင့် သေသူအား ကြာပွတ်ဖြင့် ရိုက်ကြောင်း ဖြောင့်ချက်ပေးထားပြီး ဖြစ်သဖြင့်

ကြာပွတ်ဖြင့်ရိုက်သည်မှာ အငြင်းမပွားကြောင်း၊ ထိုသို့ရိုက်ခြင်းမှာ သေစေလိုသော ကြံရွယ်ချက် မရှိခြင်း၊ သေသူရရှိသည့် ဒဏ်ရာများအနက် မုချသေစေလောက်သော ဒဏ်ရာမှာ ကြာပွတ်ဖြင့်ရသော ဒဏ်ရာ မဖြစ်နိုင်ခြင်းတို့ကြောင့် မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ ဖြင့် အပြစ်ပေးထားသည်မှာ မှားယွင်းကြောင်း၊ အလွန်ဆုံး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ ဖြင့်သာ အပြစ်ပေးထိုက်ကြောင်း လျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံး ကိုယ်စား လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက အယူခံတရားလို ယာစင်သည် သေသူကို ကြာပွတ်ဖြင့် ရိုက်သည်သာမက ခြေထောက်ဖြင့် ကန်ကျောက်ကြောင်းလည်း သက်သေခံချက်ရှိကြောင်း၊ ခြေထောက်ဖြင့် ကန်သဖြင့် သေသူလိမ့်သွားသည်ဟု ထွက်ချက်ရှိသောကြောင့် အင်အားသုံးပြီး ကန်သည်ဟု ယူဆနိုင်ကြောင်း၊ ဆရာဝန်က အင်အား အတော်အတန်သုံးပြီး တုံးသော လက်နက်ဖြင့် ပြုလုပ်လျှင် သေသူ၌ ရရှိသော သေ လောက်သည့် ဒဏ်ရာကို ရနိုင်သည်ဟု ထွက်ဆိုထားရာ အယူခံတရားလိုက ခြေထောက်ဖြင့် ကန်သောကြောင့် သေသူ ဒဏ်ရာရသည်ဟု သုံးသပ်သင့်ကြောင်း၊ ထို့ကြောင့် မူလရုံးက ပြစ်မှုထင်ရှားစီရင်ထားသည်မှာ မမှားကြောင်း တင်ပြလျှောက်လဲသည်။

ဥပဒေအရာရှိ၏ သုံးသပ်တင်ပြချက်မှာ ယာစင်၏ ပြုလုပ်မှုနှင့် သေသူရရှိသော ဒဏ်ရာကိုသာ ကွက်ကြည့်လျှင် သဘာဝကျသည်။ သို့သော် အမှုအဖြစ်အပျက် အခြေအနေကို လွှမ်းခြုံကြည့်လျှင် သေသူတွင် ရရှိသော ဒဏ်ရာများအနက် မုချသေစေလောက်သော ဒဏ်ရာမှာ မည်သူ့လက်ချက်ဖြင့် ရသည်ဆိုသည့် အချက်မှာ စဉ်းစားဖွယ်ဖြစ်သည်။

ဤအမှုစတင်ပေါ်ပေါက်လာစဉ်က ဒေါ်ကြည် (လိုပြ-၁) အလုပ်လုပ်သော ရွှေဆိုင်ရှေ့တွင် သေသူမူးပြီး အမြင်မတော်လဲ၍ ဂျီတိုက်နေရာမှ ဒေါ်ကြည်၏ အကြောင်းကြားချက်အရ ရပ်ရွာလူကြီးများဖြစ်သော ဦးဝင်းထိန်၊ ဦးပန်၊ ဦးမှတ်ကြီးတို့ ရောက်လာပြီး သေသူကို ကြိုးဖြင့် တုပ်၍ ဒေါ်ကြည်တို့ ရွှေဆိုင်ရှေ့မှ အခြားသို့ ဆွဲခေါ်သွားပြီး နောက်ပိုင်းအဖြစ်အပျက်များ ဖြစ်ပျက်လာရခြင်းဖြစ်သည်။ ဓာတ်လမ်းမှာ အရပ်လူကြီးများက ဝိုင်းရိုက်ပါသည်ဟု ရဝတ အဖွဲ့ဝင် ဦးချစ်ဝင်း (လိုပြ-၄)က ညတွင်းချင်း စုံစမ်းရရှိသဖြင့် ယင်းအရပ်လူကြီးများအပေါ် တိုင်ချက်ဖွင့်ရာမှ အစပျိုးလာခြင်းဖြစ်သည်။ ဆက်လက်စုံစမ်းရာ သေသူမောင်းသော မြင်းလှည်းပိုင်ရှင် အယူခံတရားလို ယာစင်ပါ တရားခံအဖြစ် ပါလာခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်

အားလုံးကိုပင် တရားရုံးသို့ လူသတ်မှုဖြင့် စွဲတင်ခြင်းဖြစ်သည်။ သက်သေ အချို့မှာ ရုံးရောက်သောအခါ ရဲထံထွက်ချက်နှင့် ကွဲလွဲဆန့်ကျင်ထွက်ဆို ကြ၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ ဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ရ သည်။ အယူခံတရားလို ယာစင်မှာမူ မိမိတပည့်ဖြစ်သူ သေသူအား အမြင်မတော် မူးရူးဆိုးဝါးနေသည်ကိုတွေ့၍ ပါလာသော မြင်းရိုက် ဝါးစိမ်းတုတ်ဖြင့် ရိုက်ခြင်း၊ ခြေထောက်ဖြင့် ကန်ကျောက်ခြင်းတို့ ပြုလုပ် ခဲ့သည်။ ထိုအကြောင်းကိုလည်း ဖြောင့်ချက်ပေးသည်။ ဖြောင့်ချက်ကိုလည်း ရိုးသားစွာဖြင့် ပြန်လည် မရုပ်သိမ်းခဲ့။ ဤအခြေအနေအဖြစ်အပျက် များမှာ မငြင်းသာသော ဖြစ်ရပ်များ ဖြစ်သည်။

ဤကဲ့သို့ ရှုပ်ထွေးနေသော အခြေအနေတွင် မငြင်းသာသော ဖြောင့်ချက် ကို အခြေပြုပြီး သေသူရရှိသော မုချသေစေနိုင်သည့် ဒဏ်ရာမှာ ဖြောင့်ချက် ပေးသူ၏ လက်ချက်ကြောင့် ရသည်ဟု သုံးသပ်ဆုံးဖြတ်မည်ဆိုလျှင် မငြင်း နိုင်သူ ခံပေတော့ဟု ဆုံးဖြတ်ရာ ရောက်ပေလိမ့်မည်။

သေသူတွင် ရရှိသော ဒဏ်ရာများတွင် ပါးရိုးများတွင် ညိုမဲဒဏ်ရာများ ဝဲရင်အုံ ရောင်ရမ်းနေခြင်း၊ ကျောဘက်ညိုမဲဒဏ်ရာများ၊ ဒူးခေါင်းများ ပွန်းပဲ့နေခြင်းတို့ကို အပြင်ဒဏ်ရာများအဖြစ် တွေ့ရသည်။ အတွင်းတွင် ခွဲစိပ်သောအခါ ဝဲဘက်အဆုတ်သို့သွားသော နှလုံးသွေးလွှတ်ကြောကြီး ပေါက်ကွဲသွေးယိုနေခြင်းနှင့် ဝဲဘက်အဆုတ်အစိတ်အပိုင်းအားလုံး စုတ်ပြဲ ကြေမွနေခြင်းများ တွေ့ရသည်ဟု ဆရာဝန်က ထွက်ဆိုသည်။ သေဆုံးရသည့် အကြောင်းရင်းမှာ နှလုံးသွေးလွှတ်ကြောမကြီး ပေါက်ကွဲသွေးယိုခြင်းကြောင့် ဖြစ်ကြောင်း ထွက်ဆိုထားသည်။ ရင်ဘတ်ပေါ်သို့ တုံးသော မျက်နှာပြင်ရှိ သည့် အရာဝတ္ထုတစ်ခုခုဖြင့် စဉ်ဆက်မပြတ်ထုနှက်၍ ရနိုင်သည့် ဒဏ်ရာမျိုး ဖြစ်သည်ဟု ထင်မြင်ချက်ပေးသည်။

ဒဏ်ရာအခြေအနေများကို ကြည့်လျှင် အယူခံတရားလိုက ကြာပွတ် ဖြင့် ရိုက်ခြင်း၊ ခြေထောက်ဖြင့်ကန်ခြင်းဖြင့်ရသည့် ဒဏ်ရာဟု တထစ်ချ ယူဆရန်မှာ ရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့် ရှုပ်ထွေးသော အခြေအနေများကို ထည့်သွင်းသုံးသပ်ပါက များစွာ သံသယဖြစ်ဖွယ်ရှိသည်။ ဤမှုခင်းဖြစ်ရပ် တွင် အယူခံတရားလိုအပေါ် လုံးဝတာဝန်ထားပြီး ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၄ အရ မန္တလေးတိုင်း တရားရုံး (မန္တလေးမြို့နယ်စု)က ပြစ်မှု ထင်ရှား စီရင်ထားခြင်းမှာ သင့်မြတ်မှုရှိမည် မဟုတ်ချေ။

၁၉၉၃
ယာစင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

ထို့ကြောင့် အယူခံကို ခွင့်ပြုသည်။ အယူခံတရားလို မောင်ယာစင်အား မန္တလေးတိုင်း တရားရုံး (မန္တလေးမြို့နယ်စု)က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှားစီရင်၍ အလုပ်နှင့် ထောင်ဒဏ် (၅) နှစ်ကျခံစေရန် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်ကာ အယူခံတရားလို မောင်ယာစင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ အရ ပြစ်မှုထင်ရှားစီရင်၍ အလုပ်နှင့် ထောင်ဒဏ် (၁) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးသန်းဖေရှေ့တွင်

မရီမြင့်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်*

+ ၁၉၉၃
စက်တင်ဘာလ
၇ ရက်

**တရားခံအနေဖြင့် ၎င်းအပေါ် စွပ်စွဲထားချက်အား ရဲအရာရှိကို စစ်ဆေးစဉ်က ပြန်လှန်မေးမြန်းခဲ့မှု မရှိခြင်း၊ ၎င်းကိုယ်တိုင် ပြည့်တန်ဆာလုပ်ငန်းဖြင့် ငွေရှာနေသူဖြစ်ကြောင်း ပေါ်ပေါက်ခြင်း၊ ပူးတွဲတရားခံနှင့် တွေ့ဆုံပြောဆိုမှုရှိခြင်းတို့သည် ပြည့်တန်ဆာအဖြစ် ရောင်းစားရန် ဖြားယောင်းသွေးဆောင်ခေါ်ယူသည့်ကိစ္စတွင် ပူးတွဲတရားခံနှင့် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့သည်ဟု သုံးသပ်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။ ဒုရဲအုပ် ဦးဇော်ဝင်းက ရေးဖွင့်ခဲ့သည့်တိုင်ချက်တွင် ဝင်းတင်နှင့် မရီမြင့်တို့ ပူးပေါင်းပြီး မတင်အေးနှင့် မရီရီလွင်တို့အား ထိုင်းနိုင်ငံ ဝိတိုရိယဟိုတယ်တွင် ရောင်းစားခဲ့သည်ဟု စွပ်စွဲတိုင်ကြားချက်နှင့် စပ်လျဉ်း၍ ဦးဇော်ဝင်းကိုယ်စား တရားရုံး၌ အစစ်ခံခဲ့သူ ရဲအရာခံ ဦးသန်းဝင်းနှင့် အမှုစစ်အရာရှိ ဒုရဲအုပ် ဦးတင်ဦးတို့ကို စစ်ဆေးစဉ်က မရီမြင့်အနေဖြင့် ယင်းစွပ်စွဲထားချက်ကို တစ်စုံတစ်ရာ ပြန်လှန်မေးမြန်းငြင်းဆိုချေဖျက်နိုင်ခဲ့ခြင်းလည်း မတွေ့ရပေ။

ဖော်ပြပါ တွေ့ရှိချက်များအရ အဓိကတရားခံ ဝင်းတင်က မတင်အေးနှင့် မရီရီလွင်တို့အား ထိုင်းနိုင်ငံ ရနောင်းမြို့ရှိ ဝိတိုရိယဟိုတယ်သို့ ပြည့်တန်ဆာအဖြစ် ရောင်းစားရန် ဖြားယောင်းသွေးဆောင်ခေါ်ယူသွားခဲ့ရာတွင် ၎င်း၏ဇနီးဆိုသူ မရီမြင့်သည်လည်း လမ်းခုလတ်၌ ဝင်းတင်နှင့် တွေ့ဆုံပြောဆိုနေခြင်း၊ ထို့အပြင် ထားဝယ်သို့ ပြန်ရောက်သည့်နေ့တွင်ပင် ဝင်းတင် မိမိအား ရောင်းစားသည့်ကိစ္စ ဝင်းတင်ကို "နင့်မိန်းမပါ ရောင်းစားပါလား" ဟု ပြောရာ ဝင်းတင်က ၎င်း၏မိန်းမရော ယခုကဲ့သို့ပင်

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅(ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၇ တွင်ချမှတ်သော (၂၆-၁၀-၉၂) ရက်စွဲပါ ထားဝယ်မြို့နယ် တရားရုံး၏ အမိန့်ကို ပြင်ဆင်လျှောက်ထားမှု

ငွေရှာနေသူဖြစ်သည်ဟု မိမိအားပြောကြောင်း မတင်အေး (လိုပြ-၆)။ ထွက်ချက်နှင့် ပေါင်းစပ်လိုက်ပါက မရီမြင့်သည်လည်း တရားခံ ဝင်းတင်နှင့် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့သည်ဟု သုံးသပ်ရပေသည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | – | ထားဝယ်အကျဉ်းထောင် |
| လျှောက်ထားခံရသူအတွက် | – | ဒေါ်ခင်မာမာလတ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |

ထားဝယ်မြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၅၃/၉၂ တွင် မောင်ဝင်းတင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ အရ အလုပ်နှင့် ထောင်ဒဏ် (၅) နှစ် ကျခံစေရန်လည်းကောင်း၊ မရီမြင့်နှင့် မောင်စောရွှေ တို့အပေါ် ယင်းဥပဒေပုဒ်မ ၃၆၆/၃၄ နှင့် ပုဒ်မ ၃၆၆/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်စီ ကျခံစေရန်လည်းကောင်း အမိန့်ချမှတ်ခဲ့သည်။ မရီမြင့်က ၎င်းအပေါ် ချမှတ်ခဲ့သော မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်၍ တနင်္သာရီတိုင်း တရားရုံး (ထားဝယ်မြို့နယ်စု) သို့ အယူခံ တင်သွင်းခဲ့သော်လည်း မအောင်မြင်သဖြင့် အကျဉ်းထောင်မှတစ်ဆင့် တရားရုံးချုပ်သို့ ပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ထားဝယ်မြို့ ကျောင်းလမ်းနေ ရီရီလွင်အား ရောင်းစားခဲ့ကြောင်း သတင်းရရှိ၍ ထားဝယ်မြို့ရဲစခန်းမှ ဒုရဲအုပ်စခန်းမှူးဦးဇော်ဝင်းက စုံစမ်းရာ အုတ်ဖိုမြို့နယ် သရက်ပင်ဆိပ်ရွာနေ ဝင်းတင်(ခ) ကျော်မင်း(ခ) နိုင်ဝင်း၊ လောင်းလုံမြို့နယ် မင်းရပ်ရွာနေ မရီမြင့်၊ ထားဝယ်မြို့ မြောက်ရွာနေ မောင်စောရွှေတို့က ၁၉၉၂ခုနှစ် ဧပြီလဆန်းတွင် ထားဝယ်မြို့နေ မတင်အေး၊ ထားဝယ်မြို့ကျောင်းလမ်းနေ မရီရီလွင်တို့အား ကော့သောင်းမြို့ရှိ သစ်လုပ်ငန်းတစ်ခုတွင် ထမင်းချက်အဖြစ် အလုပ်ပေးမည်ဟု သွေးဆောင်ခေါ်သွားပြီး တစ်ဘက်နိုင်ငံ ရနောင်းမြို့ရှိ ဝိတိုရိယ ဟိုတယ်တွင် ပြည့်တန်ဆာအဖြစ် ရောင်းစားခဲ့ရာ မတင်အေးသည် ပြန်လည်လွတ်မြောက်လာခဲ့သော်လည်း မရီရီလွင်သည် တစ်ဘက်နိုင်ငံမှာပင် ကျန်ရှိနေကြောင်း စုံစမ်းသိရှိရ၍ ဝင်းတင်၊ မရီမြင့်နှင့် မောင်စောရွှေတို့ အပေါ် ဥပဒေအရ အရေးယူပေးရန် ဒုရဲအုပ် စခန်းမှူး ဦးဇော်ဝင်းက ထားဝယ်မြို့ ပြည်သူ့ရဲတပ်ဖွဲ့ စခန်း၌ တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

မရီမြင့်က ပြင်ဆင်မှုတွင် အဓိကအကြောင်းပြချက်အဖြစ် တင်ပြသည်မှာ မိမိသည် တရားခံဝင်းတင်နှင့် တရားဝင် လက်ထပ်ထားသူဖြစ်ကြောင်း၊

မိမိသည် ဝင်းတင်နှင့် ပူးပေါင်းကာ ထားဝယ်မြို့မှ မတင်အေး၊ မရီရီလွင်တို့အား တစ်ဘက်နိုင်ငံသို့ ပြည့်တန်ဆာအဖြစ် ရောင်းစားခဲ့သည်ဟူသော သက်သေခံ အထောက်အထား လုံးဝမရှိကြောင်း၊ မိမိအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆/၃၄ အရ အပြစ်ပေးခဲ့ခြင်းမှာ လုံးဝမှားယွင်းနေကြောင်း၊ မိမိ၏ခင်ပွန်းဖြစ်သူ ဝင်းတင်နှင့် ပြောဆိုဆက်ဆံခြင်းကို အကြောင်းပြုပြီး အပြစ်ပေးထားခြင်းသည် သဘာဝမကျကြောင်း၊ ထို့ကြောင့် မိမိအား အမှုမှ အပြီးအပြတ်လွှတ်သော အမိန့်တစ်ရပ် ချမှတ်ပါရန် တင်ပြသည်။

မူလရုံးအမှုတွဲကို လေ့လာရာတွင် တရားလိုဘက်က တင်ပြသော သက်သေများအနက် မတင်အေးသည် အရေးကြီးဆုံးသက်သေဖြစ်သည်။ မတင်အေး၏ထွက်ဆိုချက်အရ တရားခံ ဝင်းတင်သည် မိမိနှင့် မရီရီလွင်တို့အား ကော့သောင်းမြို့ သစ်လုပ်ငန်းတစ်ခုတွင် ထမင်းချက်အဖြစ် အလုပ်ပေးမည်ဟု ပြောဆိုခေါ်ဆောင်သဖြင့် စက်လှေဖြင့် လိုက်သွားရာ ကော့သောင်းတစ်ဘက်ကမ်း ရနောင်းမြို့ရှိ ဝိတိုရိယဟိုတယ်တွင် ပြည့်တန်ဆာအဖြစ် ရောင်းစားခံခဲ့ရကြောင်း၊ မိမိအား ရှမ်းတရုတ်အမျိုးသား အဘိုးကြီးတစ်ဦးက ရွေးယူပြီး ကော့သောင်းမြို့သို့ ပြန်ပို့ပေး၍ လွတ်မြောက်လာရကြောင်း၊ မရီရီလွင်မှာမူ ဝိတိုရိယဟိုတယ်၌ပင် ကျန်ရစ်ခဲ့ကြောင်း တွေ့ရသည်။ မတင်အေး၏ထွက်ဆိုချက်အရ ဝင်းတင်နှင့်အတူ မရီမြင့်နှင့် မောင်စောရွှေတို့ ထားဝယ်မြို့တွင် အတူသွားလာနေခဲ့ကြောင်း ပေါ်ပေါက်သည်။ ထားဝယ်မြို့ နိလာတည်းခိုခန်းပိုင်ရှင် ဦးလှကြိုင်က တရားခံ ဝင်းတင်နှင့် မရီမြင့်တို့သည် မိမိတည်းခိုခန်းတွင် လာရောက်တည်းခိုခဲ့ဖူးကြောင်းနှင့် ၎င်းတို့သည် တရားခံ မောင်စောရွှေ၏ ဆိုက်ကားဖြင့် သွားလာတတ်ကြောင်း ထွက်ဆိုထားသည်။ ဦးတင်အောင်က တရားခံဝင်းတင်သည် ထားဝယ်မြို့ရှိ မိမိတည်းခိုခန်း၌ အမြဲလိုလို တည်းခိုတတ်ပြီး ၎င်းသည် ရေးမြို့မှ လာသည့်အခါ အမျိုးသမီးငယ်များ ပါလာတတ်ကြောင်း၊ အမျိုးသမီးငယ်များကို သဘော်၊ စက်လှေကြုံသည့်အခါ ထည့်ပေးလေ့ရှိကြောင်း ထွက်ဆိုသည်။

မရီမြင့်က မိမိသည် ဝင်းတင်နှင့်တရားဝင်လက်ထပ်ခဲ့ကြောင်း၊ မိမိ၏ဖခင်က ဝင်းတင်နှင့် သဘောမတူ၍ တည်းခိုခန်းတွင် သွားတည်းခိုကြောင်း၊ နောက်ပိုင်း၌ ထားဝယ်မြို့တွင် အိမ်ငှားနေထိုင်ကြောင်း၊ မတင်အေးနှင့် မရီရီလွင်တို့အား မိမိမသိကြောင်း၊ ၎င်းတို့နှင့် ပတ်သက်၍ မိမိက ဝင်းတင်နှင့်ပူးပေါင်းပြီး မည်သည့်ဆောင်ရွက်ချက်မျှ မရှိခဲ့ကြောင်း၊ ဝင်းတင်

၏မိဘများ နေထိုင်သော အုတ်ဖိုမြို့သို့ သွားရောက်ခဲ့ရာ အပြန်တွင် အဖမ်းခံရခြင်းဖြစ်ပြီး အပြစ်မရှိကြောင်း ထုချေထွက်ဆိုသည်။

မရီမြင့်သည် တရားခံ ဝင်းတင်၏ဇနီးဖြစ်ပြီး ထားဝယ်၊ လောင်းလုံတွင် နေထိုင်သူဖြစ်သည်။ ဝင်းတင်သည် အမျိုးသမီးငယ်များကို ဖြားယောင်း ခေါ်ဆောင်သွားပြီး တစ်ဘက်နိုင်ငံရှိ ဟိုတယ်သို့ ပို့ပေးလေ့ရှိကြောင်း ပေါ်ပေါက်သည်။ ဝင်းတင်က ယင်းကဲ့သို့ပြစ်မှုကျူးလွန်နေသည်ကို ဇနီး ဖြစ်သည်ဆိုသူ မရီမြင့်အနေဖြင့် မသိရှိပါဆိုသော အချက်ကို ယုံကြည် လက်ခံရန် ခဲယဉ်းပေသည်။ မတင်အေးနှင့် မရီရီလွင်တို့ကို ကော့သောင်း ဘက်ထွက်မည့် ရေယာဉ်သို့ ခေါ်ဆောင်သွားစဉ် မရီမြင့်နှင့် ဝင်းတင်တို့ လမ်းခုလတ် ညောင်ပင်အောက်၌ မိနစ် (၃၀) ခန့် တွေ့ဆုံ စကားပြောခဲ့ကြပြီး ဝင်းတင်က မိမိတို့ဘက်နှင့် မြင်းလှည်းရှိရာဘက်သို့ လက်ညှိုးထိုးပြခဲ့ကြောင်း၊ ဝင်းတင်က မိမိနှင့် မရီရီလွင်တို့အား ရှမ်းကန်ရှိ တည်းခိုခန်း၌ ပိတ်လှောင် ထားပြီး ပြည့်တန်ဆာလုပ်ရန် ပြောဆိုရာတွင် ၎င်း၏ဇနီး မရီမြင့်လည်း ဒီလိုငွေရှာပေးနေသည်ဟု ပြောဆိုခဲ့ကြောင်းဖြင့် မတင်အေးက ထွက်ဆို ထားသည်။

မှုလမှုတွင် တွေ့ရှိရသည့်အချက်များအရ မတင်အေး၏ တိုင်ကြားချက် ကြောင့် မဟုတ်ဘဲ ၎င်းက ထားဝယ်ရဲစခန်းသို့ ဝင်ရောက်တိုင်ကြားခဲ့သည် ဟု ထွက်ဆိုထားပြီး (၂-၅-၉၂) နေ့မတိုင်မီ (၃၀-၄-၉၂) နေ့ရက်မှစ၍ ထားဝယ်မြို့ ရဲတပ်ဖွဲ့စခန်းမှ ရဲအုပ် ဦးဇော်ဝင်းက အချင်းဖြစ်အမှုကို သတင်းရရှိပြီး လိုက်လံစုံစမ်းဖော်ထုတ်ခဲ့ပြီးနောက် ဦးဇော်ဝင်းကိုယ်တိုင် (၂၃-၅-၉၂) နေ့တွင် ထားဝယ်ရဲစခန်း၌ ပထမသတင်းပေးချက် ရေးဖွင့် တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

ဒုရဲအုပ် ဦးဇော်ဝင်းက ရေးဖွင့်ခဲ့သည့် တိုင်ချက်တွင် ဝင်းတင်နှင့် မရီမြင့်တို့ ပူးပေါင်းပြီး မတင်အေးနှင့် မရီရီလွင်တို့အား ထိုင်းနိုင်ငံ ဝိတိုရိယဟိုတယ်တွင် ရောင်းစားခဲ့သည်ဟု စွပ်စွဲတိုင်ကြားချက်နှင့် စပ်လျဉ်း၍ ဦးဇော်ဝင်းကိုယ်စား တရားရုံး၌ အစစ်ခံခဲ့သူ ရဲအရာခံ ဦးသန်းဝင်းနှင့် အမှုစစ် အရာရှိ ဒုရဲအုပ် ဦးတင်ဦးတို့ကို စစ်ဆေးစဉ်က မရီမြင့်အနေဖြင့် ယင်းစွပ်စွဲထားချက်ကို တစ်စုံတစ်ရာ ပြန်လှန်မေးမြန်းငြင်းဆိုချေဖျက် နိုင်ခဲ့ခြင်းလည်း မတွေ့ရပေ။

ဖော်ပြပါ တွေ့ရှိချက်များအရ အဓိကတရားခံ ဝင်းတင်က မတင်အေး နှင့် မရီရီလွင်တို့အား ထိုင်းနိုင်ငံ ရနောင်းမြို့ရှိ ဝိတိုရိယဟိုတယ်သို့

၁၉၉၃
မရီမြင့်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

ပြည့်တန်ဆာအဖြစ် ရောင်းစားရန် ဖြားယောင်းသွေးဆောင်ခေါ်ယူသွားခဲ့ရာတွင် ၎င်း၏ဇနီးဆိုသူ မရီမြင့်သည်လည်း လမ်းခုလတ်၌ ဝင်းတင်နှင့်တွေ့ဆုံပြောဆိုနေခြင်း၊ ထို့အပြင် ထားဝယ်သို့ ပြန်ရောက်သည့်နေ့တွင်ပင်ဝင်းတင် မိမိအား ရောင်းစားသည့်ကိစ္စ ဝင်းတင်ကို "နင့်မိန်းမပါ ရောင်းစားပါလား" ဟု ပြောရာ ဝင်းတင်က ၎င်း၏မိန်းမရော ယခုကဲ့သို့ပင်ငွေရှာနေသူဖြစ်သည်ဟု မိမိအားပြောကြောင်း မတင်အေး (လိုပြ–၆) ၏ထွက်ချက်နှင့် ပေါင်းစပ်လိုက်ပါက မရီမြင့်သည်လည်း တရားခံ ဝင်းတင်နှင့်ပူးပေါင်းပါဝင်ကျူးလွန်ခဲ့သည်ဟု သုံးသပ်ရပေသည်။

ရှေ့နေချုပ်ရုံးကိုယ်စား ယင်းရုံးဥပဒေအရာရှိက တင်ပြရာ၌ မရီမြင့်သည် ယခင်ကလည်း ဝင်းတင်နှင့် တည်းခိုခန်းတွင် တည်းခိုခဲ့ဖူးရာ၎င်းနှင့် ဝင်းတင်တို့ အိမ်ထောင်ကျပြီး တစ်လခန့်အချိန်၌ ခင်ပွန်းဖြစ်သူကမိန်းကလေးများနှင့် ခရီးသွားသည့်ကိစ္စ မသိပါဟု မရီမြင့်၏ ချေပချက်မှာသဘာဝမကျကြောင်း၊ ကော့သောင်းဘက်သွားစဉ် လမ်း၌ မရီမြင့်နှင့်ဝင်းတင်တို့ လှမ်း၍ မိမိအား လက်ညှိုးထိုးပြီး စကားပြောဆိုကြသည်ဟုအဓိကသက်သေ မတင်အေးက ထွက်ဆိုချက်မှာ မတင်အေးနှင့် မရီရီလွင်တို့ကို ဝင်းတင်က တစ်ဘက်နိုင်ငံသို့ ရောင်းချရန် အစီအစဉ်ပြုရာ၌ ဇနီးဖြစ်သူ မရီမြင့်လည်း သိရှိသည့်ပြင် ကိုယ်တိုင်ပါဝင်အားပေးကူညီခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ မတင်အေးက မိမိအပေါ် မဟုတ်မမှန် ထွက်ဆိုခဲ့သည်ဟု မရီမြင့်က တိကျစွာ မချေပနိုင်ခဲ့ကြောင်း၊ မိမိ၏ဇနီးလည်းယခုကဲ့သို့ ငွေရှာပေးနေသည်ဟု မတင်အေးအား ရောင်းစားစဉ် ဝင်းတင်က ပြောခဲ့သည်မှာလည်း ပေါ်လွင်နေကြောင်း၊ ထို့ကြောင့် အချင်းဖြစ်အမှုတွင် မရီမြင့်လည်း ပါဝင်ပတ်သက် ကျူးလွန်ခဲ့သည်ဟု ပေါ်လွင်သဖြင့် ၎င်း၏ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

ထို့ကြောင့် မရီမြင့်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆/၃၄ အရပြစ်ဒဏ်ချမှတ်ခဲ့သည့် ထားဝယ်မြို့နယ် တရားရုံး၏ အမိန့်ကို အတည်ပြုခဲ့သော တနင်္သာရီတိုင်း တရားရုံး (ထားဝယ်မြို့နယ်စု) ၏ အမိန့်အားဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးသန်းဖေရှေ့တွင်

+၁၉၉၃
ဧပြီလ ၉
ရက်

မလှရင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၃*

**မုဒိန်းပြုကျင့်ရန် အားထုတ်ခြင်းခံရသူမှာ အသက် ၁၈ နှစ်သာ ရှိသေး၍ အိမ်ထောင်ရှိ မိန်းကလေးတစ်ဦးဖြစ်ခြင်း၊ ငယ်ရွယ်သူ မိန်းကလေးများသည် ဤမျှမဟုတ်မမှန် လုပ်ကြံထွက်ဆိုကြမည်မဟုတ်ခြင်း၊ တရားခံအပေါ် လျှော့ပေါ့သော အပြစ်ဒဏ်ပေးရန် မသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ငယ်ရွယ်သူမိန်းကလေးများ ဤမျှ မဟုတ်မမှန် လုပ်ကြံ ထွက်ဆိုကြမည်မဟုတ်သည့်ပြင် အဆက်အစပ်ရှိသော အခြားသက်သေခံချက် အထောက်အထားများအရ ပေါ်ပေါက်ရာ တိုင်းတရားရုံးက ချမှတ်ခဲ့သည့် ပြစ်ဒဏ်မှာ ပြစ်မှုနှင့်နှိုင်းစာသော် မျှတမှုမရှိဟုယူဆရပေသည်။

လျှောက်ထားသူအတွက် – ဦးမြင့်၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက်– ၁။ ဦးစောနိုင်၊ ဥပဒေအရာရှိ၊ ရှေ့နေချုပ်ရုံး
၂။ ကိုယ်တိုင် (မလာ)
၃။ ဦးတင်ရွှေ၊ တရားရုံးချုပ်ရှေ့နေ

ဝါးခယ်မမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၈၇၇/၉၁ တွင် မူလရုံးက တရားခံ မောင်ကုလား (ခ) မြင့်အေးနှင့် မောင်ဇော်ဝမ်းတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/၅၁၁ အရ အလုပ်နှင့် ထောင်ဒဏ် (၂) နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ တရားခံများက ဧရာဝတီတိုင်း တရားရုံး (မြောင်းမြမြို့နယ်စု) သို့ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၄၉/၉၂ ကို တင်သွင်းခဲ့ရာ တိုင်းတရားရုံးက

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၉၄ (ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၄၉တွင် ချမှတ်သော(၁၁-၆-၉၂) ရက်စွဲပါ ဧရာဝတီတိုင်း (မြောင်းမြမြို့နယ်စု)တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု

၁၉၉၃
မလှရင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၃

မူလရုံးအမိန့်ကို ပယ်ဖျက်ပြီး တရားခံ မောင်ကုလားအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/၅၁၁ အရ ထောင်ဒဏ်(၁)နှစ်သာ ကျခံစေရန်၊ တရားခံ မောင်ဇော်ဝမ်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ အရ ထောင်ဒဏ် (၁) လသာ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားလို မလှရင်က မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ဝါးခယ်မမြို့နယ်ပဒေသာကုန်းကျေးရွာနေ မလှရင်က ၎င်းသည် (၇-၁၁-၉၁) ရက်နေ့ ညနေ (၃)နာရီခန့်တွင် ယောက်မ မသန်းအေး၊ ညီမ မတိုးတိုးတို့နှင့်အတူ ဈေးဝယ်ရန် ဆန်အိတ်ရွာသို့ ထွက်လာရာ ခနိတောထဲသို့အရောက်တွင် တစ်ရွာတည်းနေ မောင်ဇော်ဝမ်းနှင့် မောင်ကုလားတို့က လမ်းပိတ်ရပ်ထားပြီး မောင်ကုလားက ၎င်းကိုတွန်းလှဲခဲ့ကြောင်း၊ မောင်ဇော်ဝမ်း က အင်္ကျီကိုဆွဲဖြဲပြီး နို့စို့ခဲ့ကြောင်း၊ မောင်ကုလားက ထဘီဆွဲလှန်ပြီး သားမယားအဖြစ် ပြုကျင့်ရန်ကြံကြောင်း၊ မသန်းအေးနှင့် မတိုးတိုးတို့က "မလှရင်ကို ကုလားနှင့်ဇော်ဝမ်းတို့ မတရားပြုကျင့်နေ၍ လာကြပါ၊ လာကြပါ"ဟု အော်ရာ မောင်ဇော်ဝမ်း ထွက်ပြေးသွားကြောင်း၊ ၎င်းသည် မောင်ကုလားကို အတင်းတွန်းဖယ်ထွက်ပြေးခဲ့ရာ မောင်ကုလား သည် တံတားပေါ်အထိ လိုက်လာကြောင်း၊ (ရဝတ) များ ခရီးလွန်နေ၍ အလုပ်ရှင် ဦးသိန်းလှိုင်ကို တိုင်ကြားထားခဲ့ပြီး ယနေ့မှ ရဲစခန်းသို့ လာရောက်တိုင်ကြားခြင်းဖြစ်ကြောင်း (၁၀-၁၁-၉၁) ရက်နေ့တွင် ကျူမငေး ရဲစခန်းသို့ သတင်းပေးတိုင်တန်းခဲ့သော အမှုဖြစ်သည်။

လျှောက်ထားသူ မလှရင်၏ ရှေ့နေများက ပြင်ဆင်မှုအကြောင်းပြချက် အဖြစ် တင်ပြရာတွင် အယူခံ တရားရုံးသည် ပြစ်ဒဏ်လျှော့ပေါ့ရန် ခိုင်လုံသော အကြောင်းမရှိဘဲ ပြစ်ဒဏ်ကို လျှော့ပေါ့ပေးလိုက်ကြောင်း၊ ပြစ်ဒဏ်မှ လွတ်မြောက်လာသူ မောင်ဇော်ဝမ်းသည် နောင်တတရားမရဘဲ ထပ်မံ အန္တရာယ်ပြုနေကြောင်း၊ အမှုရုပ်သိမ်းလွှာ တင်ခဲ့ခြင်းမှာ မလျော် ဩဇာသုံးလျက် သွေးဆောင်ဖြားယောင်းပြီး တင်ခိုင်းခြင်းကြောင့် ဖြစ် ကြောင်း၊ မူလရုံးနှင့် တိုင်းတရားရုံးတို့က ချမှတ်ထားသည့် ပြစ်ဒဏ်ကို တိုးမြှင့်သင့်ကြောင်း အဓိကထား တင်ပြသည်။

မူလရုံးအမှုကို လေ့လာရာတွင် တရားလို မလှရင် (လိုပြ-၁)၊ မတိုး တိုး (လိုပြ-၂)၊ မသန်းအေး (လိုပြ-၄) တို့၏ထွက်ဆိုချက်များ၌ ၎င်းတို့ သည် အချင်းဖြစ်နေ့တွင် ဆန်အိတ်ရွာသို့ ဈေးဝယ်ရန် ထွက်လာရာ ဦးစုကော့ခနိတောလမ်းကြားတွင် တရားခံ မောင်ကုလား၊ မောင်ဇော်ဝမ်း

တို့နှင့် တွေ့ကြောင်း၊ မောင်ကုလားက မလှရင်အား ဟိုတနေ့ညက ဘာဖြစ်တာလဲဟု မေးရာ မလှရင်က နင့်ယောက်ဖ စိုးဝင်း ခြင်ထောင်ထဲ ဝင်ပြီး နှိုက်လို့ ဆဲလွှတ်လိုက်တယ်ဟု ပြန်ပြောခဲ့ကြောင်း၊ မောင်ကုလား က နှိုက်မှာပေါ့ အစက ငါးကြော်ကျွေးဖူးတာကိုး၊ အခုလဲ ကျွေးလိုက် ပေါ့ဟု ပြောကြောင်း၊ မလှရင်က နင့်နှမလို လူတကာ လိုက်ခံနေတာ မဟုတ်ဘူးဟု ပြောခဲ့ကြောင်း၊ ထိုအခါ မောင်ကုလားက မလှရင်အား လက်သီးနှင့်ထိုးပြီး ပိတ်ကန်ကြောင်း၊ မလှရင် လဲသွားသောအခါ တက်ခွ လျက် ထဘီကိုဆွဲလှန်ပြီး မုဒိန်းကျင့်ရန် အားထုတ်ကြောင်း၊ မောင်ဇော်ဝမ်း ကလည်း ဆွဲမလိုလိုနှင့် တက်ခွလျက် အင်္ကျီကို ဆွဲဖြဲပြီး နို့တစ်ဖက်ကို စို့၊ ကျန်တစ်ဖက်ကို ကိုင်ခဲ့သည့်အပြင် မင်းမြန်မြန်လုပ်၊ မင်းပြီးလျှင် ငါလုပ်မယ်ဟု မောင်ကုလားကို ပြောခဲ့ကြောင်း၊ မသန်းအေးနှင့် မတိုးတိုး တို့က လုပ်ကြပါဦး၊ ကျွန်မအစ်မကို ကုလားနှင့် ဇော်ဝမ်း မတရားကျင့် နေသည်ဟုအော်မှ မောင်ကုလားနှင့် မောင်ဇော်ဝမ်းတို့ ထွက်ပြေး သွားကြောင်း၊ မလှရင်သည် ထဘီရင်ရှားပြီး ညီမများရှိရာသို့ ပြေးလိုက်ခဲ့ရာ မောင်ကုလားသည် ဒီကောင်မတွေ အသေသတ်မည်ဟု ဆိုပြီး တံတားအထိ လိုက်လာကြောင်း၊ ဦးသံချောင်း (လိုပြ-၅) က နေမကောင်းဖြစ်နေရာမှ ထလာပြီး ဟေ့ကောင်တွေ၊ မင်းတို့ လွန်မယ်ဟု ပြောမှ ပြန်လှည့်သွား ကြောင်း၊ မလှရင်တို့သည် ဆန်အိတ်ရွာသို့ ဆက်မသွားတော့ဘဲ ပဒေသာ ကုန်းရွာသို့ ပြန်လာခဲ့ရာ ကိုမြလှိုင်ဆိုသူနှင့် တွေ့၍ အကျိုးအကြောင်းပြောပြီး အိမ်သို့ ပြန်ပို့ခိုင်းခဲ့ကြောင်း၊ ထိုစဉ်က လူကြီးများ ခရီးထွက်နေ၍ အလုပ်ရှင် ဦးသိန်းလှိုင် (လိုပြ-၃)နှင့်အတူ ကျုံမငေးရဲစခန်းသို့ သွားရောက်ပြီး စုတ်ပြဲသွားသောအင်္ကျီကို ပေးအပ် တိုင်တန်းခဲ့ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရှိသည်။

ဦးသိန်းလှိုင် (လိုပြ-၃) က အချင်းဖြစ်နေ့ ညနေ (၃) နာရီခန့်တွင် မလှရင်၊ မတိုးတိုးနှင့် မသန်းအေးတို့ ဆန်အိတ်ရွာသို့ ဈေးသွားဝယ်မည်ဟု ဆိုကာ ထွက်သွားကြပြီး ညနေ (၅) နာရီခန့်တွင် ပြန်ရောက်လာကြောင်း၊ မလှရင်သည် အင်္ကျီမပါဘဲ ထဘီရင်ရှားနှင့် တက်လာကြောင်း၊ မတိုးတိုး နှင့် မသန်းအေးတို့အပြင် ကိုမြလှိုင်ဆိုသူလည်း ပါလာကြောင်း၊ ဈေးဝယ် ရန်သွားစဉ် ခနီတော၌ မောင်ဇော်ဝမ်း၊ မောင်ကုလားတို့က မလှရင်အား စော်ကားခဲ့သည့်အကြောင်းကို ပြောပြပြီး မလှရင်က အစော်ကားခံရတာ နှစ်ခါရှိပြီ၊ မခံနိုင်ဘူးဟု ပြောခဲ့ကြောင်း၊ ပထမအကြိမ် ဖြစ်ပွားခဲ့သည့်

၁၉၉၃
မလှရင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၃

မောင်ကုလား၏ ယောက်ဖ စိုးဝင်း မလှရင်၏ ခြင်ထောင်ထဲ ဝင်သည့်အမှုကို ၎င်းက မတိုင်ရန် ကြားဝင်ညှိနှိုင်းပေးခဲ့၍ မတိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤအမှုနှင့်ပတ်သက်၍ နောက်နေ့တွင် ရဲစခန်းသို့ သွားတိုင်ခဲ့ရာ ၎င်းလည်း လိုက်သွားခဲ့ကြောင်း ထွက်ဆိုထားသည်။ ဦးသံချောင်း (လိုပြ-၅)ကလည်း အချင်းဖြစ်နေ့တွင် မိန်းမသံရော၊ ယောကျ်ားသံပါ ဆဲဆိုသံများ ကြားရပြီး မတိုးတိုးနှင့် မသန်းအေးတို့ ပြေးလာသည်ကို တွေ့ကြောင်း၊ တစ်အောင့်ခန့် အကြာတွင် မလှရင်သည် အဝတ်အစားများ ဖိုသီဖတ်သီနှင့် ထဘီရင်ရှား လျက် ပြေးလာသည်ကို တွေ့ကြောင်း၊ မလှရင်၏နောက်မှ တရားခံ မောင်ကုလား ပုဆိုးစွန်တောင်ဆွဲပြီး လိုက်လာရာ ၎င်းက ဟေ့ကောင် ဘာလုပ်တာလဲ မင်းအလုပ် မင်းသွားလုပ်ဟုပြောမှ နောက်ကြောင်းသို့ ပြန်လှည့်သွားကြောင်း၊ တရားခံမောင်ဇော်ဝမ်း ခပ်လှမ်းလှမ်းတွင် တဟား ဟား ရယ်နေသည်ကို တွေ့ကြောင်း ထွက်ဆိုထားသည်။

မူလရုံးက တရားခံများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/၅၁၁ အရစွဲချက်တင်ခဲ့ရာ တရားခံများက အပြစ်မရှိကြောင်း ထုချေရာတွင် အချင်းဖြစ်နေ့တွင် မလှရင်၊ မတိုးတိုးနှင့် မသန်းအေးတို့ကို တွေ့၍ မောင်ကုလားက မိလှရင် ဘယ်သွားမလဲဟုမေးရာ မလှရင်က ရွာထဲသွားမလို့ဟုပြောကြောင်း၊ မောင်ကုလားက ရွာထဲမှာ နင့်ယောကျ်ားရှိတယ်ဟု စခဲ့ရာ မလှရင်က နင့်နှမလိုမဟုတ်ဘူးဟု ပြောပြီးဆဲကြောင်း၊ မောင်ကုလားကလည်း ပြန်ဆဲကြောင်း၊ ကိုယ်ထိလက်ရောက် ဘာမျှမလုပ်ခဲ့ကြောင်း၊ တရားခံမောင်ဇော်ဝမ်း အနေဖြင့် ဘာမျှဝင်မပြောခဲ့ကြောင်း ထွက်ဆိုထားသည်။

မောင်ဖိုးငွေ (ခံပြ-၃) နှင့် ဦးငြိမ်း (ခံပြ-၄) တို့က တရားခံများအား ထောက်ခံထွက်ဆိုထားသော်လည်း တရားလိုဘက် သက်သေခံချက်များအား ချေဖျက်နိုင်သည်အထိ ယုတ္တိရှိကြောင်း မတွေ့ရပေ။

ခြုံ၍သုံးသပ်သော် မူလရုံးနှင့် တိုင်းတရားရုံးတို့သည် တရားလို၏ စွပ်စွဲချက်များမှာ ယုတ္တိရှိသည်ဟု တစ်သဘောတည်း ကောက်ယူကြောင်း တရားခံများအပေါ် အပြစ်ပေးသည့်ပုဒ်မနှင့် ပြစ်ဒဏ်မှု မတူ၊ ကွာခြားကြောင်း တွေ့ရသည်။ တရားခံ မောင်ဇော်ဝမ်းအပေါ် မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/၅၁၁ ဖြင့် ပြစ်မှုထင်ရှား စီရင်ထားခြင်းကို တိုင်းတရားရုံးက ပယ်ဖျက်ပြီး ယင်းအစား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ ဖြင့် ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုသာပေ။ ထို့ကြောင့် တရားခံများအပေါ် ပြစ်မှုထင်ရှား တွေ့ရှိခဲ့ခြင်းနှင့် စပ်လျဉ်း၍

၁၉၉၃
မလှရင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၃

တိုင်းတရားရုံးအမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းထူးမရှိပေ။ သို့ရာတွင် တရားခံများအပေါ် မူလရုံးက ထောင်ဒဏ် (၂)နှစ်စီ ချမှတ်ခဲ့ပြီး တရားခံများက တိုင်းတရားရုံးသို့ အယူခံဝင်ရောက်ခဲ့ရာတွင် တိုင်းတရားရုံး (မြောင်းမြမြို့နယ်စု) က တရားခံ မောင်ကုလားအပေါ် ပုဒ်မ ၃၇၆/၅၁၁ အရ ထောင်ဒဏ် (၁) နှစ်၊ တရားခံ မောင်ဇော်ဝမ်း အပေါ် ပုဒ်မ ၃၅၄ အရ ထောင်ဒဏ် (၁) လ လျှော့ပေါ့ချမှတ်ခဲ့ခြင်းမှာ ခိုင်လုံသောအကြောင်း ရှိသည်ဟု မဆိုသာပေ။ အသက် (၁၈) နှစ်သာ ရှိသေးသူအိမ်ထောင်ရှိသော မိန်းကလေးတစ်ဦးအား တရားခံ မောင်ကုလား (ခ) မြင့်အေးက အတင်း အဓမ္မ တွန်းလှဲပြီး တက်ခွလျက် ထဘီဆွဲလှန်ပြီး မုဒိန်းကျင့်ရန် အားထုတ် နေစဉ် ကျန်တရားခံ မောင်ဇော်ဝမ်းက ဝင်ရောက်တားမြစ်ဆွဲဖယ်မလိုလိုနှင့် မလှရင်အား အင်္ကျီကိုဆွဲဖြဲပြီး နို့တစ်ဖက်ကိုစို့၊ ကျန်နို့တစ်ဖက်ကို ကိုင်ခဲ့ ကြောင်း၊ မင်းမြန်မြန်လုပ်၊ မင်းပြီးရင် ငါလုပ်မယ်ဟုပင် ပြောခဲ့ကြောင်း တရားလိုဘက် ထွက်ဆိုချက်များရှိရာ ငယ်ရွယ်သူ မိန်းကလေးများ ဤမျှ မဟုတ်မမှန် လုပ်ကြံထွက်ဆိုကြမည်မဟုတ်သည့်ပြင် အဆက်အစပ်ရှိ သော အခြားသက်သေခံချက် အထောက်အထားများအရ ပေါ်ပေါက်ရာ တိုင်း တရားရုံးက ချမှတ်ခဲ့သည့် ပြစ်ဒဏ်မှာ ပြစ်မှုနှင့် နှိုင်းစာသော် မျှတမှုမရှိဟု ယူဆရပေသည်။ ပထမအယူခံ တရားရုံးမှ ပြစ်ဒဏ်လျှော့ပေါ့ စီရင်ခဲ့သည့် ထောင်ဒဏ်တစ်လနှင့် လွတ်လာသူ တရားခံ မောင်ဇော်ဝမ်းသည် နောင်တ တရားမရဘဲ ထပ်မံအန္တရာယ် ပြုနေကြောင်း ဤအယူခံမှု တရားလို၏တင်ပြ ချက်ကို မဟုတ်မမှန် တင်ပြခြင်းမဟုတ်ဟုလည်း စဉ်းစားရန် ရှိပေသည်။

အထက်ပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး ဧရာဝတီ တိုင်းတရားရုံး (မြောင်းမြမြို့နယ်စု) က လျှောက်ထားခံရသူ မောင်ကုလား (ခ) မြင့်အေးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/၅၁၁ အရလည်းကောင်း၊ လျှောက်ထားခံရသူ မောင်ဇော်ဝမ်းအား ယင်းဥပဒေပုဒ်မ ၃၅၄ အရ လည်းကောင်း ပြစ်မှုထင်ရှားစီရင်ထားခြင်းကို အတည်ပြုသည်။ ဧရာဝတီ တိုင်းတရားရုံး (မြောင်းမြမြို့နယ်စု) က ချမှတ်ထားသော ပြစ်ဒဏ်များကိုမူ ပယ်ဖျက်ပြီး ယင်းအစားလျှောက်ထားခံရသူ မောင်ကုလား (ခ) မြင့်အေး အား အလုပ်နှင့် ထောင်ဒဏ် (၂) နှစ် (နှစ်နှစ်) ကျခံစေရန်နှင့် လျှောက် ထားခံရသူ မောင်ဇော်ဝမ်းအား အလုပ်နှင့် ထောင်ဒဏ် (၁) နှစ် (၆) လ (တစ်နှစ်ခြောက်လ) ကျခံစေရန် ပြင်ဆင်တိုးမြှင့် အမိန့် ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

တရားရုံးချုပ်တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ဦးလှဖေ
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၄*

+ ၁၉၉၃
နှလိုင်လ
၇ ရက်

**တရားမမှုများတွင် အမှုအတောအတွင်း တရားလို သေဆုံးခဲ့လျှင် ၎င်း၏ ကိုယ်စား တရားဝင် ကိုယ်စားလှယ် ထည့်သွင်း၍ အမှုကို ဆက်လက် ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသော်လည်း ပြစ်မှုဆိုင်ရာအမှု များတွင် အလားတူ ပြဋ္ဌာန်းချက်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ တရားမမှုများတွင် အမှုအတောအတွင်း တရားလို သေဆုံးခဲ့လျှင် ၎င်း၏ကိုယ်စား တရားဝင် ကိုယ်စားလှယ် ထည့်သွင်း၍ အမှုကို ဆက်လက်ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသော်လည်း ပြစ်မှုဆိုင်ရာ အမှုများတွင် အလားတူပြဋ္ဌာန်းချက်မရှိပေ။ ပြစ်မှုဆိုင်ရာ အမှုများတွင် တရားလိုသည် အစိုးရသာလျှင်ဖြစ်သောကြောင့် တိုင်တန်းသူ သေဆုံးသော်လည်း အမှုမှာ ရပ်ဆိုင်းသွားခြင်းမရှိပေ။ သေဆုံးသူ၏ ကိုယ်စား အခြားသူတစ်ဦးဦးကို တရားလို အစားထိုးရန်လည်း မလိုပေ။ ထိုသို့ အစားထိုးခွင့်လည်း ဥပဒေပြဋ္ဌာန်းချက်မရှိပေ။ အမှုကို တရားရုံးက ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးကြားနာရန်သာ ရှိပေသည်။ ထိုနည်းတူ တရားရုံးသို့ တိုက်ရိုက်လျှောက်ထားသောအမှုများတွင်လည်း တိုက်ရိုက် လျှောက်ထားသော တရားလိုရှိနေလျှင် အမှုကို ဆက်လက်ဆောင်ရွက်ခြင်း၊ အကျိုးဆောင်ကိုယ်စားလှယ်လွှဲခြင်းများ ပြုလုပ်နိုင်သော်လည်း တိုက်ရိုက် လျှောက်ထားသော တရားလို သေဆုံးလျှင် ယင်းကိုယ်စား ပုဂ္ဂိုလ်တစ်ဦးဦး က အမှုကို ဆက်လက်ဆောင်ရွက်နိုင်ခွင့်မရှိပေ။

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ အမှတ် ၃၆

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၅၈ တွင် ချမှတ်သော(၉-၉-၉၂) ရက်စွဲပါ ရန်ကုန်တိုင်း (ရန်ကုန်မြို့နယ်စု) တရားရုံး၏ အမိန့်ကို လျှောက် ထားမှု

၁၉၉၃
ဦးလှဖေ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၄

လျှောက်ထားသူအတွက် – ဦးသောင်းလှိုင်၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက်– ၁။ ဦးမြင့်နိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ၃။ ၄။ ဦးအုန်းမောင်၊ တရားရုံးချုပ်ရှေ့နေ

တာမွေမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၅/၉၂ တွင် ဒေါ်သိန်းမြက ဦးထွန်းကြည်၊ ကိုမြင့်သိန်းနှင့် မဝခင်တို့အပေါ် နေအိမ်ခန်းသော့ကို ချိုးဖျက်၍ ကျူးကျော်ဝင်ရောက်ကြပြီး တိုက်ခန်းတွင်းရှိ လှေခါးကို ဖျက်ဆီးသောကြောင့် အရေးယူပေးပါရန် ဦးတိုက်လျှောက်ထား စွဲဆိုခဲ့သည်။ မူလရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေး၍ ပုဒ်မ ၂၀၂ အရ ပြည်သူ့ရဲတပ်ဖွဲ့သို့ စုံစမ်းစစ်ဆေး၍ အစီရင်ခံ တင်ပြရန် ညွှန်ကြားခဲ့သည်။ ရဲမှ အစီရင်ခံစာကို (၁၇-၄-၉၂) နေ့တွင် တင်ပြခဲ့၍ မြို့နယ်တရားရုံးက (၁၂-၅-၉၂) နေ့တွင် လျှောက်ထားသူ ဒေါ်သိန်းမြ၏ တိုင်လျှောက်မှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ ပလပ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်သိန်းမြက မကျေနပ်၍ တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၈၂(ခ) ၉၂ ဖြင့် လျှောက်ထားခဲ့သည်။

ပြင်ဆင်မှု လျှောက်ထားစဉ်အတွင်း၌ ဒေါ်သိန်းမြသည် (၁၈-၂-၉၃) နေ့တွင် သေဆုံးသွား၍ ဒေါ်သိန်းမြ၏ ကိုတ္တိမ မွေးစားသားဖြစ်သူဦးလှဖေက နစ်နာသည့်ပြင် စိတ်ပါဝင်စားသူလည်းဖြစ်၍အမှုတွင် တရားဝင်ကိုယ်စားလှယ် အဖြစ် ပါဝင်ဆောင်ရွက်ခွင့်ပြုရန် **ဒေါ်အေးဟန်-ပါ(၂)နှင့် နိုင်ငံတော်**[၁] အမှုကို ရည်ညွှန်း၍ လျှောက်ထားခဲ့သည်။ တရားရုံးချုပ်က (၁၁-၃-၉၃) နေ့စွဲပါ နေ့စဉ်မှတ်တမ်းအရ ဤအထွေထွေမှုကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

လျှောက်ထားရာတွင် ဦးလှဖေက ၎င်းမှာ အချင်းဖြစ် အဆောက်အဦ တွင်ပင် ကွယ်လွန်သူ ဒေါ်သိန်းမြနှင့်အတူ နေထိုင်သောကြောင့် အချင်းဖြစ် တိုက်နှင့် ပတ်သက်သောကိစ္စများသည် ၎င်းအပေါ် အကျိုးသက်ရောက် လျက်ရှိကြောင်း၊ ၎င်းမှာ နစ်နာသူဖြစ်သည့်ပြင် အမှုတွင် စိတ်ပါဝင်စားသူ ဖြစ်၍ အမှုတွင် ပါဝင်ခွင့်ပြုသင့်ကြောင်း အဓိကအကြောင်းပြသည်။

အမှုမှာ လျှောက်ထားသူ ဒေါ်သိန်းမြမှာ အမှုအတွင်း ကွယ်လွန်သွား၍ မွေးစားသားဖြစ်သူ ဦးလှဖေက တရားဝင် ကိုယ်စားလှယ်အဖြစ် ဆက်လက် ဆောင်ရွက်ခွင့် ရရှိရန် လျှောက်ထားခြင်းဖြစ်သည်။ တရားမမှုများတွင်

---
၁။ ၁၉၈၁ ခုနှစ်၊ မတစ၊ စာ-၁၃၂

၁၉၉၃
ဦးလှဖေ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၄

အမှုအတောအတွင်း တရားလို သေဆုံးခဲ့လျှင် ၎င်း၏ကိုယ်စား တရားဝင် ကိုယ်စားလှယ် ထည့်သွင်း၍ အမှုကို ဆက်လက်ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသော်လည်း ပြစ်မှုဆိုင်ရာအမှုများတွင် အလားတူ ပြဋ္ဌာန်းချက် မရှိပေ။ ပြစ်မှုဆိုင်ရာ အမှုများတွင် တရားလိုသည် အစိုးရသာလျှင် ဖြစ်သောကြောင့် တိုင်တန်းသူ သေဆုံးသော်လည်း အမှုမှာ ရပ်ဆိုင်းသွားခြင်း မရှိပေ။ သေဆုံးသူ၏ကိုယ်စား အခြားသူတစ်ဦးဦးကို တရားလို အစားထိုးရန်လည်း မလိုပေ။ ၎င်းသို့ အစားထိုးခွင့်လည်း ဥပဒေ ပြဋ္ဌာန်းချက်မရှိပေ။ အမှုကို တရားရုံးက ဥပဒေနှင့်အညီ ဆက်လက် စစ်ဆေးကြားနာရန်သာ ရှိပေသည်။ **ဒေါ်အေးဟန်-ပါ(၂) နှင့် နိုင်ငံတော်**[၁] အမှုတွင် ကြည့်ပါ။ ထိုနည်းတူ တရားရုံးသို့ တိုက်ရိုက်လျှောက်ထားသောအမှုများတွင်လည်း တိုက်ရိုက်လျှောက်ထားသော တရားလိုရှိနေလျှင် အမှုကို ဆက်လက် ဆောင်ရွက်ခြင်း၊ အကျိုးဆောင် ကိုယ်စားလှယ်လွှဲခြင်းများ ပြုလုပ်နိုင်သော်လည်း တိုက်ရိုက်လျှောက်ထားသော တရားလို သေဆုံးလျှင် ယင်းကိုယ်စား ပုဂ္ဂိုလ်တစ်ဦးဦးက အမှုကို ဆက်လက်ဆောင်ရွက်နိုင်ခွင့် မရှိပေ။ **ဦးစိုးရ-ပါ(၂) နှင့် နိုင်ငံတော်**[၂] အမှုတွင် ကြည့်ပါ။

အထက်ပါ စီရင်ထုံးလမ်းညွှန်ချက်များကို လိုက်နာလျက် မွေးစားသားဖြစ်သူ ဦးလှဖေအနေဖြင့် တရားမမှုများတွင်ကဲ့သို့ တရားဝင်ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်ခွင့် မရှိပေ။ နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိကသာ သတ်မှတ်ထားသော ဘောင်အတွင်း လိုအပ်သလို ဆောင်ရွက်စေရန် ဖြစ်ပေသည်။

သို့ဖြစ်၍ ဤပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာကို ပလပ်လိုက်သည်။

---

၁။ ၁၉၈၁ ခုနှစ်၊ မတစ၊ စာ-၁၃၂

၂။ ၁၉၇၉ ခုနှစ်၊ မတစ၊ စာ-၄၄

## တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

+၁၉၉၃
နှလိုင်လ
၂၃ ရက်

ဦးလှကြိုင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၄*

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲဆိုသောအမှုတွင် အိမ်အရောင်း အဝယ်စာချုပ်နှင့် တိုက်ဆိုင်မေးမြန်းရန် လိုအပ်မှု ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ တရားလိုကို စစ်ဆေးနေဆဲအဆင့်တွင် အိမ်ရောင်း ရငွေ မည်မျှဖြစ်သည်ဆိုသည့်အချက်မှာ သက်သေခံဥပဒေပုဒ်မ ၉ အရ အမှုတွင် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သဖြင့် ဤအချက်ကို ရှင်းလင်း (သို့မဟုတ်) ဖော်ထုတ်ရန် (သို့မဟုတ်) မှန်ကန်ကြောင်း ထောက်ခံရန် (သို့မဟုတ်) မမှန်ကြောင်း ချေပရန်အတွက် အိမ်အရောင်း အဝယ်စာချုပ်များသည် တရားရုံးရှေ့တွင် ရောက်ရှိရန် လိုအပ်မည်ဖြစ်သည်။

လျှောက်ထားသူအတွက် - ဦးတင်အုံး၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက်- ၁။ ဒေါ်ခင်မာမာလတ်၊ လက်ထောက် ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး
၂။ ၃။ ၄။ ဦးတင်အောင်၊ တရားရုံးချုပ်ရှေ့နေ

ကျုံပျော်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၅/၉၂ တွင် ဦးလှကြိုင်က ဒေါ်ပို၊ မောင်ဇော်ဝင်း (ခ) အောင်ဇော်ဝင်းနှင့် မမြင့်မြင့်အေးတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ အရေးယူပေးရန် ဦးတိုက်လျှောက်ထားစွဲဆိုခဲ့သည်။ မူလရုံးက တရားလို ဦးလှကြိုင်အား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေး၍ တရားခံများ

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၁၆ (ခ)
+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀၇တွင် ချမှတ်သော(၁၆-၁၀-၉၂) ရက်စွဲပါ ဧရာဝတီတိုင်း (ပုသိမ်ခရိုင်) တရားရုံး၏အမိန့်ကို ပြင်ဆင်မှု

၁၉၉၃
ဦးလှကြိုင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၄

အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ အရေးယူရန် အမိန့်ချမှတ်ခဲ့သည်။ မူလရုံးက (၂-၉-၉၂) နေ့တွင် တရားလို ဦးလှကြိုင်အား စစ်ဆေးစဉ် အိမ်အရောင်းအဝယ် စာချုပ်နှင့် တိုက်ဆိုင်မေးမြန်းရန် လိုအပ်သည်ဆိုကာ တရားခံ ဒေါ်ပိုတို့က စာချုပ်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၉၄ အရ သိမ်းဆည်းရန် လျှောက်ထားခဲ့သည်။ မူလရုံးက ဒေါ်ပိုတို့၏ လျှောက်ထားမှုကို ပလပ်ခဲ့၍ ရောဝတီတိုင်း တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းရာ တိုင်းတရားရုံးက မူလရုံးအမိန့်ကို ပယ်ဖျက်၍ စာချုပ်များကို သိမ်းဆည်းစေရန် ပြင်ဆင်အမိန့် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားလို ဦးလှကြိုင်က မကျေနပ်၍ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုဖြစ်စဉ်မှာ တရားလို ဦးလှကြိုင်မှာ ကျုံပျော်မြို့၊ အောင်ဆန်းရပ်ကွက်၊ ညောင်ပင်သာ (၁) လမ်းတွင် နေထိုင်သူဖြစ်သည်။ မင်္ဂလာဒုံ ကြခင်းစုရပ်၊ သုခလမ်း အမှတ် (၁၃) နေ ဦးတင်အုံးက ကျုံပျော်မြို့၊ မြဝတီရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၆၈၃)ကို ရောင်းချရန် ဦးလှကြိုင်အား အထွေထွေ ကိုယ်စားလှယ်စာ ပေးခဲ့သည်ဆိုသည်။ ဦးလှကြိုင်က အချင်းဖြစ်အိမ်ကို ရောင်းချပြီး ရောင်းရငွေ ၁၅၀၀၀ဝိ/-ကို ဦးတင်အုံး၏ ဇနီး မူလရုံး (၁) တရားခံ ဒေါ်ပို၊ သမီး (၃) တရားခံ မမြင့်မြင့်အေးနှင့် သားမက် (၂) တရားခံ မောင်အောင်ဇော်ဝင်းတို့အား ဦးတင်အုံးကို ပေးရန် ပေးလိုက်သည်ဆိုသည်။ ယင်းငွေကို ဦးတင်အုံးက မရရှိကြောင်းသိရ၍ ဦးလှကြိုင်က အချင်းဖြစ်မှုကို ဦးတိုက်လျှောက်ထားစွဲဆိုခြင်း ဖြစ်သည်။

ပြင်ဆင်မှုတွင် ဦးလှကြိုင်မှ အရောင်းအဝယ်ပြုလုပ်ခြင်းမှာ အငြင်းမထွက်သည့်ပြင် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ကို တင်ပြထားပြီးဖြစ်ကြောင်း၊ စာချုပ်တွင် ပစ္စည်းနှင့် တန်ဘိုးကို ဖော်ပြထားပြီးဖြစ်ကြောင်း၊ ပစ္စည်းရောင်းရငွေကို တရားခံများအား ပေးခိုင်းရာ မပေးခဲ့၍ ယုံကြည်အပ်နှံမှု ဖောက်ဖျက်ခြင်းအတွက် တရားစွဲဆိုခြင်းဖြစ်ကြောင်း၊ စာချုပ်များနှင့် ပတ်သက်၍ တရားခံတို့အနေဖြင့် ဝယ်သူအား ၎င်း၏သက်သေအဖြစ် တင်ပြကာ စာချုပ်များကိုပါ တင်ပြစေခိုင်းကြောင်း၊ အမှုကြန့်ကြာစေရန် ဆောင်ရွက်သည့်သဘောသာဖြစ်၍ တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်သင့်ကြောင်း အဓိကအကြောင်းပြသည်။

မူလရုံးအမှုတွဲကို စိစစ်ကြည့်ရှုရာ ဦးတိုက်လျှောက်လွှာတွင်လည်းကောင်း၊ တရားရုံးရှေ့ ထွက်ချက်တွင်လည်းကောင်း၊ ဦးတင်အုံး ပိုင်ကျုံ

၁၉၉၃
ဦးလှကြိုင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၄

ပျော်မြို့၊ မြဝတီလမ်း အမှတ် (၆၈၃) ရှိ အိမ်တစ်လုံးကို ရောင်းပေးရန် တရားလို ဦးလှကြိုင်အား အထွေထွေ ကိုယ်စားလှယ်စာကို ပေးခဲ့သဖြင့် တရားလိုက အဆိုပါအိမ်ကို ရောင်းချပေးခဲ့ကြောင်း၊ ရောင်းရငွေမှာ ၁၅၀၀၀၀ိ/- ဖြစ်ကြောင်း တင်ပြထားသည်။ သို့ရာတွင် တရားလိုက အရောင်းအဝယ် စာချုပ်မူရင်းကိုဖြစ်စေ၊ မိတ္တူမှန်ကိုဖြစ်စေ၊ တရားရုံးတွင် တင်ပြခြင်းမရှိပေ။ တရားလိုက အိမ်ရောင်းစဉ်က မှတ်ပုံတင်စာချုပ်မှာ ဦးကြွယ်နားနှင့် စာချုပ်ပြီး၊ ငွေပေးငွေယူကို ကိုအောင်မျိုးဌေးနှင့် ပြုလုပ်ကြောင်း၊ ထိုစာချုပ်မှာ ဝယ်သူများလက်ဝယ် ရှိနေကြောင်း၊ စရန်ပေးစာချုပ်ရှိသည်ဆိုခြင်းမှာ မဟုတ်ကြောင်း ထွက်ဆိုထားသည်။ မူလတရားရုံးတွင် တရားခံအကျိုးဆောင်က တရားလိုနှင့် အိမ်ဝယ်သူတို့ ချုပ်ဆိုသော စာချုပ်များကို အိမ်ဝယ်သူထံမှ သိမ်းဆည်းပေးရန် လျှောက်ထားခြင်းဖြစ်ကြောင်း တွေ့ရသည်။

အမှုမှာ အိမ်ရောင်းရငွေများ အလွဲသုံးစားပြုသည်ဟုဆိုကာ စွပ်စွဲသော အမှုဖြစ်ရာ အိမ်အရောင်းအဝယ် ပြုလုပ်ရာတွင် ချုပ်ဆိုခဲ့သော စာချုပ်များသည် မူလရုံးတရားလို၏ လက်ဝယ်တွင်လည်းကောင်း၊ မူလရုံး တရားခံများ၏ လက်ဝယ်တွင်လည်းကောင်း ရှိမနေဘဲ အိမ်ဝယ်သူတို့၏ လက်ထဲတွင် ရှိနေကြောင်းသာ ပေါ်ပေါက်သည်။ ဤအခြေအနေတွင် တရားလို ထွက်ဆိုသည့်အတိုင်း အိမ်ရောင်းရငွေမှာ တစ်သိန်းခွဲဖြစ်သည်ဆိုခြင်း မှန်-မမှန် ဖော်ထုတ်ရန်မှာ အရောင်းအဝယ်စာချုပ်များကို တရားရုံးရှေ့တွင် တင်ပြမေးမြန်းမှ ပေါ်ပေါက်မည်ဖြစ်သည်။ တရားလိုကို စစ်ဆေးနေဆဲအဆင့်တွင် အိမ်ရောင်းရငွေ မည်မျှဖြစ်သည်ဆိုသည့်အချက်မှာ သက်သေခံဥပဒေပုဒ်မ ၉ အရ အမှုတွင် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သဖြင့် ဤအချက်ကို ရှင်းလင်း (သို့မဟုတ်) ဖော်ထုတ်ရန် (သို့မဟုတ်) မှန်ကန်ကြောင်း ထောက်ခံရန် (သို့မဟုတ်) မမှန်ကြောင်း ချေပရန်အတွက် အိမ်အရောင်းအဝယ်စာချုပ်များသည် တရားရုံးရှေ့တွင် ရောက်ရှိရန် လိုအပ်မည်ဖြစ်သည်။

ထိုအခြေအနေတွင် တိုင်းတရားရုံးက အမှုမှာ အိမ်အရောင်းအဝယ် ပြုလုပ်ရာမှ ရောင်းရငွေကို အလွဲသုံးစားပြုခြင်းနှင့် ပတ်သက်၍ စာချုပ်များ အရ စရန်မည်မျှ ပေးခဲ့သည်၊ မည်မျှဖြင့် အရောင်းအဝယ် ပြုလုပ်ခဲ့ကြသည်ကို စာချုပ်ဖြင့် တိုက်ဆိုင်မေးမြန်းရန် လိုအပ်ကြောင်း ကောက်ယူကာ စာချုပ်များကို သိမ်းဆည်းစေရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းသည်ဟု

မဆိုနိုင်ပေ။ မူလရုံးက အမှုမှာ တရားလိုက တရားခံများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲဆိုထားခြင်းဖြစ်၍ စာချုပ်ပါ အရောင်းအဝယ်တန်ဘိုးမှာ အဓိကမကျ၍ တရားခံများ၏ စာချုပ်များကို သိမ်းဆည်းရန် လျှောက်ထားခြင်းကို ပယ်ခဲ့သည်မှာ မှန်ကန်သည်ဟု မဆိုနိုင်ချေ။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိကလည်း ထိုသဘောအတိုင်းပင် လျှောက်လဲတင်ပြသည်။

စာချုပ်များကို တရားရုံးသို့ တင်ပြစေခြင်းဖြင့် အမှန်တရားကို စီရင်ရာတွင် အထောက်အကူရစေမည်ဟု ယူဆသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုရန် အကြောင်းမရှိ၍ ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အထူးအယူခံမှု

တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင့်နှင့် ဦးသန်းဗေတို့ရှေ့တွင်

ဒေါ်ဝင်းကြည်
ဒေါ်ဝင်းကြည်

+ ၁၉၉၃
မေလ ၆
ရက်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် *
ပြည်ထောင်စုမြန်မာနိုင်ငံတော်

**သက်သေခံ ပဲအိတ်များကို လက်ခံခြင်းသည် ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အကျုံးဝင်ခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ ယခုအမှုတွင် တရားခံ ဒေါ်ဝင်းကြည်သည် ဆိုင်လို (၁၃) ဂိုဒေါင် အမှတ် (၂) (၄) နှင့် (၇) တို့မှ အစိုးရပိုင် သက်သေခံ ပဲအိတ်များကို လက်ခံရုံသက်သက်မဟုတ်ဘဲ တရားခံသည် ယင်းသက်သေခံ ပဲအိတ်များကို ဂိုဒေါင်စောင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ ဂိုဒေါင်မှ တာဝန်ရှိ အလုပ်သမား ဝန်ထမ်းများနှင့် ပူးပေါင်းပြီး အခြား ထွက်ပြေးတရားခံ ဒုရဲအုပ် ဦးကြည်ထွန်းနှင့် ဒုတပ်ကြပ် မြင့်ဦးတို့ထံမှတစ်ဆင့် ဝယ်ယူ ခိုးထုတ်ကာ ရောင်းစားခဲ့ကြောင်း ပေါ်ပေါက်သည်။

| | |
|---|---|
| အယူခံတရားလိုအတွက် | – ဦးတင်လတ်၊ တရားရုံးချုပ်ရှေ့နေ<br>ဦးတင်လတ်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | – ဦးခင်အောင်၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး<br>ဦးခင်အောင်၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၂၄/၂၅

\+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၁၅၂/၁၁၅၃ တွင် ချမှတ်သော (၂၄-၃-၉၂) ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု

၁၉၉၃
ဒေါ်ဝင်းကြည်
ဒေါ်ဝင်းကြည်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

ရန်ကုန်တိုင်း တရားရုံး (အင်းစိန်မြို့နယ်စု) ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၄/၉၀ နှင့် ၂၅/၉၀ တို့တွင် တိုင်းတရားရုံးက အယူခံတရားလို (မူလရုံးတရားခံ) ဒေါ်ဝင်းကြည်အား ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်စီ ကျခံစေရန်နှင့် ယင်းထောင်ဒဏ်များကို တစ်ပြိုင်တည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်ဝင်းကြည်က မကျေနပ်၍ တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့ရာ မအောင်မြင်သောကြောင့် ဤအထူးအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

မူလတရားရုံးတွင် တရားခံ ဒေါ်ဝင်းကြည်အပေါ် ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တစ်မှုစီ သီးခြားခွဲ၍ တရားစွဲဆိုခဲ့သော်လည်း ဤအထူးအယူခံမှု၌ စဉ်းစားဆုံးဖြတ်ရမည့် ပြဿနာမှာ တူညီနေကြောင်း တွေ့ရှိရ၍ ဤစီရင်ချက်သည် အဆိုပါ အမှုနှစ်မှုစလုံးနှင့် အကျုံးဝင်စေရမည်။

အမှုမှာ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်းအုပ်စု (၁၃) ဆိုင်လို အုပ်စုမန်နေဂျာ ဦးစံသိန်းက ၎င်းထိန်းသိမ်းစောင့်ရှောက်ရသော ပဲမျိုးစုံထားရှိသည့် အုပ်စု (၁၃) ဆိုင်လို သိုလှောင်ရုံအား (၂–၁၀–၈၈) နှင့် (၁၁–၁၁–၈၈) နေ့များတွင် ဖောက်ထွင်းခိုးခံရ၍ ပဲအိတ်များ စုစုပေါင်း တန်ဖိုးကျပ် ၇၂၄၂၃/– ဆုံးရှုံးကြောင်းဖြင့် သုဝဏ္ဏရဲစခန်းသို့ ပထမ သတင်းပေးတိုင်ချက်ရေးဖွင့်ခဲ့ရာမှ ပေါ်ပေါက်လာသောအမှုများဖြစ်သည်။

ယခုအမှုများတွင် အဓိကသုံးသပ်ဆုံးဖြတ်ရမည့် ပြဿနာမှာ အောက်ပါအတိုင်း ဖြစ်သည် –

> " ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက် ရေးဥပဒေပုဒ်မ ၃ တွင် အများနှင့် သက်ဆိုင်သောပစ္စည်းတစ်ခုနှင့် စပ်လျဉ်း၍ ပြစ်မှုမြောက်ရန်မှာ –
>
> (၁) ခိုးမှု
>
> (၂) အလွဲသုံးစားပြုမှု (သို့တည်းမဟုတ်)
>
> (၃) လိမ်လည်မှု ကျူးလွန်ကြောင်း
>
> သက်သေခံချက် ရှိရမည်ဖြစ်ပေသည်။ ယခုအမှုတွင် ဒေါ်ဝင်းကြည်သည် သက်သေခံပဲအိတ်များကို လက်ခံခြင်းဖြစ်ကြောင်း တွေ့ရသဖြင့် အထက်ဖော်ပြပါ ၁၉၆၃ခုနှစ်၊ အများနှင့် သက်ဆိုင်

သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အကျုံးဝင်ခြင်း ရှိမရှိ။ "

အယူခံ တရားလို၏ရှေ့နေမှ အဓိကအယူခံအကြောင်းပြချက်များအဖြစ် တင်ပြရာတွင် ပျောက်ဆုံးပစ္စည်းများ အယူခံ တရားလိုထံမှ လုံးဝဖမ်းဆီး ရမိခြင်း မရှိကြောင်း၊ စွဲချက်တင်ရာတွင်လည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၂၂(၂) အရ မည်သည့်ပစ္စည်း မည်ရွေ့မည်မျှ ပျောက်ဆုံး၍ တန်ဖိုးမည်မျှ ဆုံးရှုံးသည်ကို ဖော်ပြထားခြင်း မရှိကြောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၄/၉၀ မှ တပ်သား မြဟန် (လိုပြ-၅)၊ ရဲတပ်သား သန်းထွန်း (လိုပြ-၆) နှင့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၅/၉၀ မှ ဒုတပ်ကြပ် ကျော်သန်းဦး (လိုပြ-၁၂)၊ ရဲတပ်သား ဆန်းမောင်မောင် (လိုပြ-၁၃)၊ ကိုခင်စိုး (လိုပြ-၁၇)တို့၏ ထွက်ဆိုချက်များသည် ယုံကြည် ထိုက်သော ထွက်ဆိုချက်များ မဟုတ်ကြောင်းဟူ၍ ဖြစ်သည်။

မြို့နယ် တရားရုံးအမှုတွဲကို လေ့လာသုံးသပ်ရာတွင် ရန်ကုန် ကုန်သွယ် လယ်ယာရုံး၊ အုပ်စု မန်နေဂျာ ဦးစံသိန်း (လိုပြ-၁) ၏ သက်သေခံ (က) ပထမ သတင်းပေးတိုင်ချက်နှင့် ရုံးရှေ့ အစစ်ခံချက်တို့အရ (၂-၁၀-၈၈) ရက်နေ့တွင် ဂိုဒေါင်အမှတ် (၂) မှ မတ်ပဲများ၊ ဂိုဒေါင်အမှတ် (၄) မှ ပဲစင်းငုံများ ဖောက်ထွင်းခိုးခံရကြောင်း၊ (၁၁-၁၁-၈၈) နေ့တွင်လည်း ဂိုဒေါင်အမှတ် (၇) မှ ပဲစင်းငုံများ လုယူခြင်းခံရကြောင်း ပေါ်ပေါက်သည်။

တရားလိုပြသက်သေများဖြစ်ကြသည့် တပ်သားမြဟန် (လိုပြ-၅)၊ တပ်သား သန်းထွန်း (လိုပြ-၆)၊ ဒုတပ်ကြပ် ကျော်သန်းဦး (လိုပြ-၁၂)၊ ရဲတပ်သား ဆန်းမောင်မောင် (လိုပြ-၁၃)၊ ကိုခင်စိုး (လိုပြ-၁၇) တို့၏ ထွက်ဆိုချက်များသည် မယုံကြည်ထိုက်ကြောင်း တင်ပြထားသော်လည်း ၎င်းတို့၏ကိုယ်တိုင် ရုံးရှေ့ အဓိကစစ်မေးချက်တွင် ထွက်ဆိုရာ၌ တပ်သား မြဟန် (လိုပြ-၅)က "ကျနော် တာဝန်ကျသည့်ကာလ ဆရာ ဦးကြည်ထွန်း လက်ထက်တွင် ပဲဂိုဒေါင်မန်နေဂျာနှင့် ဂိုဒေါင်မှူးတို့မှ တပ်ဖွဲ့ဝင်များ စားသုံးရန်အတွက် တစ်ပတ်လျှင် တစ်ဦး ပဲအိတ်တစ်အိတ်နှုန်းဖြင့် ပဲအိတ် (၂၂) အိတ် ထုတ်ပေးပါသည်၊ စုစုပေါင်းသုံးကြိမ် ထုတ်ပေးခြင်း ဖြစ်ပါသည်။ ထိုရိက္ခာအဖြစ် ထုတ်ပေးသော ပဲအိတ်များကို ကော်စက်ဝင်း ထိပ်နေ မဝင်းကြည်သို့ ဆရာကြည်ထွန်းနှင့် ဆရာ ဦးမြင့်ဦးတို့မှ ရောင်းလိုက်ပါသည်။ မဝင်းကြည်ကို ဆရာကျော်သန်းဦးနှင့် ကျနော်မှ သွားခေါ်ပေးရခြင်းဖြစ်ပါသည်။" ဟူ၍ လည်းကောင်း၊ ရဲတပ်သား

သန်းထွန်း (လိုပြ-၆) က "မဝင်းကြည်ရသော ပဲအိတ်များကို ဒတ်ဆန်ကားဖြင့် တင်သွားတာ တွေ့ရပါသည်။ ယင်းထွက်ဆိုချက် မှန်သလားဆိုလျှင် မှန်ပါသည်။" ဟူ၍လည်းကောင်း ထွက်ဆိုထားကြသည်။

ထို့ပြင် ဒုတပ်ကြပ် ကျော်သန်းဦး (လိုပြ-၁၂)က "ဒုတပ်ကြပ်မြင့်ဦးမှ မဝင်းကြည်သို့ ပဲအိတ် (၆၀) (၇၀) ခန့် ညလေးနာရီခန့်တွင် ရောင်းကြောင်း သိရပါသည်။ ၎င်းပဲအိတ်များကို တစ်ဖက်ရှိ ဆားဂိုဒေါင်သို့ ဆားဘက်အလုပ်သမားအဖွဲ့မှ သယ်ယူသွားကြောင်း သိရပါသည်"ဟူ၍လည်းကောင်း၊ ရဲတပ်သား ဆန်းမောင်မောင် (လိုပြ-၁၃) က "ဒုတပ်ကြပ်မြင့်ဦးမှ အမည်မသိအသားညိုညိုပုပုတစ်ဦးက ည(၇)နာရီခန့်တွင် မြင့်ဦးနှင့် ရှေ့အဝင်အထွက်ဂိတ်တွင် ပဲအရောင်းအဝယ်ပြောဆိုနေကြောင်း ကြားရပါသည်။ ၎င်းတို့ပြောဆိုချက်အရ ပဲအိတ် (၆၀) (၇၀) ခန့်ရောင်းမည်ဟု ကြားရပါသည်။" ဟူ၍လည်းကောင်း အသီးသီး ထွက်ဆိုထားကြသည်။

ပဲခွဲစက် အလုပ်သမား မောင်မောင်လေး (လိုပြ-၇) က "ကျနော့်ထံ ပဲလာရောင်း၍ ဝယ်ဖူးပါသည်။ ကျနော် ပဲလာရောင်းသည်ကို (၃) ကြိမ် ဝယ်ခဲ့ဖူးပါသည်။ လာရောင်းတဲ့ နေ့ရက်များကိုတော့ မမှတ်မိတော့ပါ၊ ပဲလာရောင်းတာတော့ အမျိုးသမီးတစ်ယောက် ရောင်းပါသည်။ အခုတော့ မမှတ်မိတော့ပါ။ (၃) ကြိမ်စလုံး ဒီအမျိုးသမီးကြီး လာရောင်းခြင်းဖြစ်ပါသည်။ ပထမအကြိမ် ပဲအိတ် (၇၀) လာရောင်းခြင်းဖြစ်ပါသည်။ ပဲအိတ် (၈၀) မှာ မတ်ပဲ အမျိုးအစားဖြစ်ပါသည်။ ဒုတိယအကြိမ် အိတ် (၂၀) မတ်ပဲ ဖြစ်ပါသည်။ တတိယအကြိမ်မှာ အိတ် (၈၀) မတ်ပဲ ဖြစ်ပါသည်။ ပဲအိတ်တစ်အိတ်လျှင် ငွေ ၈၀/- ပေး၍ ဝယ်ခဲ့ခြင်းဖြစ်ပါသည်" ဟုလည်းကောင်း၊ ဒုတပ်ကြပ် ကိုတင်ဝင်း (လိုပြ-၁၀)က "ဒုရဲအုပ်ဦးကြည်ထွန်းက အဆိုပါ ပဲအိတ်များကို တစ်အိတ်လျှင် ၄၀/-၊ ၄၅/- နှုန်းဖြင့်ရောင်းချပြီး ရရှိသည့်ငွေများကို ရိက္ခာအတွက်သုံးသည်ဟု သိရပါသည်။ အဆိုပါ ပဲအိတ်များကို ကျနော်တို့ ကင်းအရှေ့ဘက်၌ နေထိုင်သော မဝင်းကြည်ဆိုသူအား ဦးကြည်ထွန်းမှ ရောင်းချကြောင်း ကျနော် သိရပါသည်"ဟူ၍လည်းကောင်း၊ တပ်သားသန်းဒွေးဝင်း (လိုပြ-၁၁)က "ကျနော် တာဝန်ယူရသည့်ကာလအတွင်း အဖွဲ့ခေါင်းဆောင် ဦးကြည်ထွန်းအား ပဲအိတ်များ ပေးသည်ဟု ကြားသိရပါသည်။ အဆိုပါပဲအိတ်များကို ရိက္ခာအတွက် ဦးကြည်ထွန်းမှ ရောင်းချကြောင်း သိရပါသည်။ xxxဦးကြည်ထွန်းမှ ၎င်းရရှိသော ပဲအိတ်များကို ဒေါ်ဝင်းကြည်ဆိုသောအမျိုးသမီးထံ ရောင်းချ

ကြောင်းကြားသိရပါသည်”ဟူ၍လည်းကောင်း အသီးသီးထွက်ဆိုထားကြသည်။

တရားခံ ဒေါ်ဝင်းကြည်က အချင်းဖြစ်သည်ဆိုသည့်နေ့များက မိမိသည် စား/ထွေတွင် အလုပ်ဆင်းနေရ၍ အချင်းဖြစ်နေရာသို့ မရောက်ရှိခဲ့ကြောင်း၊ ပဲမျိုးစုံကိုလည်း မဝယ်ခဲ့ရကြောင်း၊မိမိတို့ အရပ်ထဲတွင် နာမည်တူများရှိကြောင်း ထုချေထားသော်လည်း ယင်းအချက်နှင့်စပ်လျဉ်း၍ တရားလိုပြသက်သေများအား စစ်မေးစဉ်က ပြန်လှန်မေးမြန်းခဲ့ကြောင်း မတွေ့ရှိရသဖြင့် ယင်းထုချေချက်သည် နောက်မှအကြံရ၍ ထုချေခြင်းမျိုးသာ ဖြစ်ကြောင်း ပေါ်ပေါက်၍ တရားခံမဝင်းကြည်၏ ထုချေချက်ကို လက်ခံရန် ခဲယဉ်းမည် ဖြစ်သည်။

အယူခံတရားလိုအကျိုးဆောင် တင်ပြသည့် တရားလိုပြသက်သေများဖြစ်ကြသည့် တပ်သား မြဟန် (လိုပြ–၅)၊ ရဲတပ်သား သန်းထွန်း (လိုပြ–၆)၊ ဒုတပ်ကြပ် ကျော်သန်းဦး (လိုပြ–၁၂)၊ ရဲတပ်သား ဆန်းမောင်မောင် (လိုပြ–၁၃) တို့အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ ယခင်ရဲထံ ထွက်ဆိုချက်နှင့်တိုက်ဆိုင် စစ်ဆေးခဲ့ရာတွင် ယင်းသက်သေများက ရဲထံ ထိုသို့ ထွက်ဆိုခဲ့သည်မှာ မှန်ကန်ကြောင်း၊ အကြောင်းခြင်းရာအားဖြင့် မှန်ကန်၍သာ ထိုသို့ ထွက်ဆိုခဲ့ခြင်းဖြစ်ကြောင်း အသီးသီးဝန်ခံထွက်ဆိုထားကြသဖြင့် ယင်းထွက်ဆိုချက်များသည် အမှုတွင် ထည့်သွင်းစဉ်းစားနိုင်သည့်အလျောက် အယူခံတရားလိုဘက်မှ တင်ပြခဲ့သည့် ဖော်ပြပါ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များကို မယုံကြည်ထိုက်ဟူသောအချက်ကို လက်ခံနိုင်မည်မဟုတ်ပေ။

တရားခံတစ်ဦးတစ်ယောက်အား ပြစ်မှုတစ်ရပ်ရပ်ဖြင့် စွဲချက်တင်ရာတွင် ယင်းစွဲချက်နှင့် စပ်လျဉ်း၍ ယင်းတရားခံအနေဖြင့် မိမိထုချေရမည့်အချက်အလက်ကို သိရှိနားလည်သဘောပေါက်က တရားမျှတမှုရှိမည်ဖြစ်၍ စွဲချက်မပြည့်စုံရုံမျှဖြင့် အမှုမှာ မပျက်ပြယ်နိုင်ပေ။

ယခုအမှုတွင် တရားခံ ဒေါ်ဝင်းကြည်အပေါ် “အစိုးရပိုင် မတ်ပဲနှင့် ပဲမျိုးစုံကို အုပ်စု (၁၃) ဆိုင်လို သိုလှောင်ရုံမှ ခိုးယူသည်” ဟူ၍ ဖော်ပြပြီး စွဲချက်တင်ခဲ့ရာ တရားခံအနေဖြင့် မိမိထုချေရမည့်အချက်အလက်များကို သိရှိပြီးဖြစ်၍ တရားမျှတမှုမရှိဟု မဆိုနိုင်သည့်အလျောက် တရားလိုအကျိုးဆောင်ဘက်မှ တင်ပြသည့်စွဲချက်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၂၂ (၂) ပါအချက်များနှင့် မကိုက်ညီ၍ တရားခံအား အပြစ်ပေး

ခဲ့ခြင်းသည် မှားယွင်းပါသည်ဆိုသောအချက်ကိုလည်း လက်ခံရန် ခဲယဉ်းမည်ဖြစ်သည်။

အများနှင့်သက်ဆိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍လည်း အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

"ဤဥပဒေတွင် အများနှင့်သက်ဆိုင်သောပစ္စည်းဆိုသည်မှာ–

(က) တပ်မတော် သို့တည်းမဟုတ်

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်တစ်ဦးဦး၊ သို့တည်းမဟုတ် တည်ဆဲတရားဥပဒေတစ်ခုခုအရ ဖွဲ့စည်းထားသည့်ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ဘဏ်၊ အခြားအဖွဲ့တစ်ခုခု၊ သို့တည်းမဟုတ်

(ဂ) သမဝါယမအသင်း တစ်ခုခု၊ သို့တည်းမဟုတ်

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် ကျေညာသော –

(၁) အသင်းများမှတ်ပုံတင်အက်ဥပဒေအရ မှတ်ပုံတင်ထားသည့်အသင်းတစ်ခုခု၊

(၂) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၂၆ အရ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသောအသင်း တစ်ခုခု၊

(၃) ပြည်သူသို့ဆိုင်ရာ ယုံမှတ်အပ်နှံမှုအဖွဲ့တစ်ခုခု၊ သို့တည်းမဟုတ်

(၄) အခြားအဖွဲ့အစည်းတစ်ခုခု။

ပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ်၊ အသုံးပြုရန် လွှဲပြောင်းပေးအပ်ထားသည့် သို့တည်းမဟုတ် သိမ်းဆည်းထားသည့်၊ ငွေ၊ သိုလှောင်ပစ္စည်း၊ အသုံးအဆောင် သို့တည်းမဟုတ် အခြားပစ္စည်းတစ်ရပ်ကို ဆိုလိုသည်။"

တရားခံဒေါ်ဝင်းကြည်ဝယ်ယူခဲ့သော ပဲမျိုးစုံပစ္စည်းမှာလည်း အစိုးရပိုင်ပစ္စည်းဖြစ်၍ အများနှင့်သက်ဆိုင်သောပစ္စည်းဖြစ်ကြောင်း ထင်ရှားသည်။

၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ တွင် အများနှင့်သက်ဆိုင်သောပစ္စည်းတစ်ခုနှင့် စပ်လျဉ်း၍ ပြစ်မှုမြောက်ရန်မှာ –

(၁) ခိုးမှု၊

(၂) အလွဲသုံးစားပြုမှု (သို့တည်းမဟုတ်)

(၃) လိမ်လည်မှုကျူးလွန်ကြောင်း

သက်သေခံချက်ရှိရမည် ဖြစ်သည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးမှလည်း တရားခံ ဒေါ်ဝင်းကြည်သည် အများနှင့်သက်ဆိုင်သောပစ္စည်းဖြစ်သည့် ပဲအိတ်များကို ဂိုဒေါင်လုံခြုံရေးတာဝန်ကျသည့် ရဲများဖြစ်သူ ဒုရဲအုပ် ဦးကြည်ထွန်း၊ ဒုတပ်ကြပ် မြင့်ဦးတို့နှင့် မိမိကိုယ်တိုင် ပဲဂိုဒေါင်သို့ သွားရောက်ပြီး ညှိနှိုင်းကာ သာမန်တန်ဖိုးထက် များစွာလျှော့နည်း၍ ဝယ်ယူပြီး ဒုတ်ဆန်ကားဖြင့် သယ်ယူခဲ့ကြောင်း ပေါ်ပေါက်ပါသဖြင့် ဒေါ်ဝင်းကြည်သည် သက်သေခံပဲအိတ်များကို လက်ခံခြင်းဖြစ်ကြောင်း ပေါ်လွင်သည်ဖြစ်၍ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ ပါ ခိုးမှုကို ကျူးလွန်ကြောင်း ထင်ရှားပါသဖြင့် မူလ တိုင်းတရားရုံးနှင့်တရားရုံးချုပ်တို့က တရားခံ ဒေါ်ဝင်းကြည်အပေါ် ဤအမှုနှစ်မှုစလုံးတွင် တပြေးညီ ပြစ်မှုထင်ရှားတွေ့ရှိခြင်းသည် မှားယွင်းမှုမရှိပါကြောင်းဖြင့် အကျယ်တဝင့်တင်ပြ လျှောက်လဲသွားသည်။

ယခုအမှုတွင် တရားခံ ဒေါ်ဝင်းကြည်သည် ဆိုင်လို (၁၃) ဂိုဒေါင်အမှတ် (၂) (၄) နှင့် (၇) တို့မှ အစိုးရပိုင် သက်သေခံ ပဲအိတ်များကိုလက်ခံရုံသက်သက်မဟုတ်ဘဲ တရားခံသည် ယင်းသက်သေခံ ပဲအိတ်များကို ဂိုဒေါင်စောင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ဂိုဒေါင်မှ တာဝန်ရှိအလုပ်သမားဝန်ထမ်းများနှင့် ပူးပေါင်းပြီး အခိုကအွက်ပြေးတရားခံ ဒုရဲအုပ် ဦးကြည်ထွန်းနှင့် ဒုတပ်ကြပ် မြင့်ဦးတို့ထံမှ တစ်ဆင့်ဝယ်ယူခိုးထုတ်ကာရောင်းစားခဲ့ကြောင်း ပေါ်ပေါက်သည်။

သို့ဖြစ်၍ အယူခံတရားလို ဒေါ်ဝင်းကြည် တင်သွင်းသည့် ဤအထူးအယူခံမှု နှစ်မှုစလုံးကို ပလပ်ကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## တရားရုံးချုပ် တရားသူကြီး ဦးသန်းဖေရှေ့တွင်

ဦးသောင်းမြင့်
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ-၂*

+ ၁၉၉၃
ဇန်နဝါရီလ
၁၈ ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၇၉ အရ တရားလိုနှင့်ဇနီးတို့ နေထိုင်ရာ၌အမှုစတင်ဖြစ်ပေါ်သည့် မြို့နယ်တရားရုံးတွင်လည်းကောင်း၊ တရားခံနှင့်ဇနီးတို့ ပေါင်းသင်းနေထိုင်ရာ၌ အမှု၏အကျိုးဆက်ဖြစ်ပေါ်ရာ အရပ်ဒေသရှိ မြို့နယ်တရားရုံးတွင်လည်းကောင်း စီရင်ပိုင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၉ အရ တရားလို ဦးသောင်းမြင့်နှင့်ဇနီးဒေါ်စန်းကြွေတို့ နေထိုင်ရာ၌ အမှုစတင်ဖြစ်ပေါ်သည့် အင်းစိန်မြို့နယ်တရားရုံးတွင် လည်းကောင်း၊ တရားခံ ဦးမောင်ကြိုင်နှင့်ဒေါ်စန်းကြွေတို့ ပေါင်းသင်းနေထိုင်ရာ၌ အမှု၏အကျိုးဆက်ဖြစ်ပေါ်ရာအရပ်ဖြစ်သော သရက်မြို့နယ်တရားရုံးတွင်လည်းကောင်း စီရင်ပိုင်ခွင့်ရှိပေသည်။ သို့ရာတွင် အမှု၌ ပေါ်လွင်သည်မှာ တရားလို၏ဇနီးဒေါ်စန်းကြွေမှာ အင်းစိန်မြို့သစ်ရပ်ကွက်တွင် တရားလိုနှင့် ပေါင်းသင်းနေထိုင်ရာမှ ပျောက်ဆုံးသွားပြီး သရက်မြို့နယ်တွင် တရားခံနှင့်အတူ ပေါင်းသင်းနေထိုင်သည်ဟု ပေါ်ပေါက်နေ၍လည်းကောင်း၊ အမှုတွင် တရားခံကို စစ်ဆေးပြီးအဆင့်သို့ ရောက်ရှိပြီးဖြစ်၍ အမှုမြန်ဆန်ရေးကို ထောက်ရှု၍ လည်းကောင်း၊ အမှုစတင်ဖြစ်ပွားရာဖြစ်သော အင်းစိန်မြို့နယ်တရားရုံးတွင် ဆက်လက်စီရင်ရန် သင့်မြတ်ပေသည်။ ထို့ပြင် လျှောက်ထားခံရသူဘက်မှ တင်ပြသကဲ့သို့ အချင်းဖြစ်အမှုကို အင်းစိန်မြို့နယ်တရားရုံး၏ စီရင်ပိုင်ခွင့် အတွင်း မကျရောက်ဆိုပါကလည်း အင်းစိန်မြို့နယ်တရားရုံးသည်

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၃၁(ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၂၁ တွင် ချမှတ်သော (၃၁-၇-၉၂) ရက်စွဲပါ ရန်ကုန်တိုင်း (အင်းစိန်မြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၃
ဦးသောင်းမြင့်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

အချင်းဖြစ်အမှုကို စီရင်ဆုံးဖြတ်နိုင်သည့်အာဏာရှိ၍ ပြစ်မှုဆိုင်ရာ အကျင့်ထုံး ဥပဒေ ပုဒ်မ ၅၃၇ အရ ကုစားရနိုင်ပေသည်။

လျှောက်ထားသူအတွက် – ဦးစောအေးဆွေ၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက် – ၁။ ဦးအုံးကြည်၊ လက်ထောက်ညွှန်ကြား
ရေးမှူး ရှေ့နေချုပ်ရုံး
၂။ ဦးတင်မြင့်၊ တရားရုံးချုပ်ရှေ့နေ

အင်းစိန်မြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၂၄၂/၉၂ တွင် လျှောက်ထားသူ ဦးသောင်းမြင့်က လျှောက်ထားခံရသူ (၂)ဦးမောင်ကြိုင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ စွဲဆိုသည်။ မူလရုံးက တရားလိုနှင့် သက်သေများကို စစ်ဆေး၍ (၁၄-၅-၉၂) နေ့တွင် ဦးမောင်ကြိုင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ စွဲချက်တင်သည်။ ယင်းအမိန့်ကို ဦးမောင်ကြိုင် က မကျေနပ်၍ တိုင်းတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းရာ (၂၈-၅-၉၂) နေ့တွင် ဦးမောင်ကြိုင်၏ပြင်ဆင်မှုကို ပလပ်၍ စွဲချက်တင်သည့် အမိန့်ကို အတည်ပြုခဲ့ပြီးဖြစ်သည်။ ထို့နောက် မူလရုံးက တရားခံကို စစ်ဆေးပြီး သည့်အဆင့်တွင် လျှောက်ထားခံရသူ ဦးမောင်ကြိုင် (တရားခံ)က အချင်းဖြစ်အမှုမှာ သရက်မြို့တွင် ဖြစ်ပွား၍ အင်းစိန်မြို့နယ် တရားရုံးတွင် စစ်ဆေးစီရင်ပိုင်ခွင့် မရှိကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၉ အရ လျှောက်ထားခဲ့သည်။ မြို့နယ်တရားရုံးက လျှောက်ထားသူ ဦးသောင်းမြင့် (တရားလို)နှင့် ဇနီးတို့မှာ အင်းစိန်မြို့နယ်တွင် နေထိုင်ပြီး ဇနီးဖြစ်သူ စတင်ပျောက်ဆုံးသည်မှာ အင်းစိန်မြို့၌ဖြစ်ကြောင်း၊ သရက်မြို့မှာ အချင်းဖြစ်ရပ်၏ အဆက်သာဖြစ်ကြောင်း သုံးသပ်ကာ တရားခံ ဦးမောင်ကြိုင်၏ လျှောက်လွှာကို ပလပ်ခဲ့သည်၊

ယင်းအမိန့်ကို ဦးမောင်ကြိုင်က မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး (အင်းစိန်မြို့နယ်စု)၌ ပြင်ဆင်မှု လျှောက်ထားရာ တိုင်းတရားရုံးက တရားခံ ဦးမောင်ကြိုင်သည် ဦးသောင်းမြင့်၏ဇနီး ဒေါ်စန်းကြွေအား အင်းစိန်သို့ လာရောက်ခေါ်ကာ ပေါင်းသင်းစပ်ယှက်သည်ဟု မပေါ်ပေါက်ဘဲ သရက်ရေနံမြေတွင်သာ ပေါင်းသင်းစပ်ယှက်နေထိုင်ကြောင်း ပေါ်ပေါက်သော ကြောင့် အင်းစိန်မြို့နယ်တရားရုံး၌ စီရင်ပိုင်ခွင့်မရှိဟု အမိန့်ချမှတ်ခဲ့သည်။

ယင်းအမိန့်ကို လျှောက်ထားသူ ဦးသောင်းမြင့် (တရားလို)က မကျေနပ်၍ ဤပြင်ဆင်မှုကို လျှောက်ထားသည်။

၁၉၉၃
ဦးသောင်းမြင့်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

ပြင်ဆင်မှုတွင် လျှောက်ထားသူ ဦးသောင်းမြင့်က လွန်ခဲ့သော (၃၁) နှစ်ခန့်မှ စတင် ပေါင်းသင်းခဲ့သော ဇနီးသည် ဒေါ်စန်းကြွေမှာ (၁၁-၉-၉၁) နေ့တွင် နေအိမ်မှ ပျောက်ဆုံးသွား၍ ရဲစခန်း၌ လူပျောက်မှုဖွင့် လှစ်တိုင်တန်းခဲ့ကြောင်း၊ လွန်ခဲ့သော (၅) လခန့်တွင် မိမိဇနီးနှင့် ဦးမောင်ကြိုင်တို့မှာ မကွေးတိုင်း၊ သရက်မြို့နယ်၊ သရက်ကိုးပင်ရွာတွင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြောင်း သတင်းရ၍ အင်းစိန်ရဲစခန်း၌ (၁၉-၂-၉၂)နေ့တွင် အမှုဖွင့်လှစ်ခဲ့ကြောင်း၊ ဦးမောင်ကြိုင်မှာ အင်းစိန်မြို့သစ်ရပ်ကွက်တွင် မိမိအိမ်နှင့် သုံးလုံးခြားလျက် နေထိုင်ပြီး မိမိ၏ဇနီးသည်အား အင်းစိန်မှ ခေါ်ယူကာ သရက်မြို့နယ်၊ သရက်ကိုးပင်ရွာတွင် ခိုးယူပေါင်းသင်း နေထိုင်ကြောင်း ပေါ်ပေါက်ပါလျက် အမှုဖြစ်ပွားခြင်းမှာ သရက်မြို့နယ်တွင်သာဖြစ်၍ အင်းစိန်မြို့နယ်တွင် စီရင်ပိုင်ခွင့်မရှိဟု တိုင်းတရားရုံးက သုံးသပ်ခြင်းမှာ မှားယွင်းကြောင်း အကြောင်းပြသည်။

အမှုတွင် တရားလို ဦးသောင်းမြင့်နှင့်ဇနီး ဒေါ်စန်းကြွေတို့မှာ အင်းစိန်မြို့သစ်ရပ်ကွက်တွင် နေထိုင်ကြကြောင်းနှင့် ထိုနည်းတူ တရားခံ ဦးမောင်ကြိုင်သည်လည်း တရားလို လင်မယားနှင့် (၃) အိမ်ကျော်၌ နေထိုင်သည်မှာ အငြင်းမထွက်ပေ။ တရားခံ ဦးမောင်ကြိုင်က တရားလို၏ ဇနီး ဒေါ်စန်းကြွေကို သရက်မြို့နယ် သရက်ကိုးပင်ရွာတွင် ပေါင်းသင်းနေထိုင်သည်မှာလည်း အငြင်းမထွက်ပေ။ ထိုသို့ သရက်မြို့နယ်တွင် ပေါင်းသင်းနေထိုင်၍ သရက်မြို့နယ်တွင် စီရင်ပိုင်ခွင့်ရှိသည်ဟု တိုင်းတရားရုံးက ကောက်ယူခဲ့သည်။ မြို့နယ်တရားရုံးကမူ တရားလို၏ ဇနီး ဒေါ်စန်းကြွေမှာ အင်းစိန်မြို့သစ် ရပ်ကွက်တွင် နေထိုင်ရာမှ ပျောက်ဆုံးသွားပြီး သရက်မြို့နယ်တွင် တရားခံနှင့် ပေါင်းသင်းနေထိုင်ကြောင်း တွေ့ရှိရ၍ အင်းစိန်မြို့နယ်တရားရုံးတွင် စီရင်ပိုင်ခွင့်ရှိကြောင်း သုံးသပ်ခဲ့သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၉ အရ တရားလို ဦးသောင်းမြင့်နှင့် ဇနီး ဒေါ်စန်းကြွေတို့ နေထိုင်ရာ၌ အမှုစတင်ဖြစ်ပေါ်သည့် အင်းစိန်မြို့နယ်တရားရုံးတွင် လည်းကောင်း၊ တရားခံ ဦးမောင်ကြိုင်နှင့် ဒေါ်စန်းကြွေတို့ ပေါင်းသင်းနေထိုင်ရာ၌ အမှု၏ အကျိုးဆက်ဖြစ်ပေါ်ရာ အရပ်ဖြစ်သော သရက်မြို့နယ်တရားရုံးတွင်လည်းကောင်း စီရင်ပိုင်ခွင့်ရှိပေသည်။ သို့ရာတွင် အမှု၌ ပေါ်လွင်သည်မှာ တရားလို၏ ဇနီး ဒေါ်စန်းကြွေမှာ အင်းစိန်မြို့သစ်ရပ်ကွက်တွင် တရားလိုနှင့် ပေါင်းသင်းနေထိုင်ရာမှ ပျောက်ဆုံးသွားပြီး သရက်မြို့နယ်တွင် တရားခံနှင့်အတူ ပေါင်းသင်းနေထိုင်သည်

ဟု ပေါ်ပေါက်နေ၍လည်းကောင်း၊ အမှုတွင် တရားခံကို စစ်ဆေးပြီး အဆင့်သို့ ရောက်ရှိပြီးဖြစ်၍ အမှုမြန်ဆန်ရေးကို ထောက်ရှု၍လည်းကောင်း၊ အမှုစတင်ဖြစ်ပွားရာဖြစ်သော အင်းစိန်မြို့နယ် တရားရုံးတွင် ဆက်လက် စီရင်ရန် သင့်မြတ်ပေသည်။ ထို့ပြင် လျှောက်ထားခံရသူဘက်မှ တင်ပြ သကဲ့သို့ အချင်းဖြစ်အမှုကို အင်းစိန်မြို့နယ်တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း မကျရောက်ဆိုပါကလည်း အင်းစိန်မြို့နယ်တရားရုံးသည် အချင်းဖြစ်အမှု ကို စီရင်ဆုံးဖြတ်နိုင်သည့် အာဏာရှိ၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ အရ ကုစားရနိုင်ပေသည်။

ထို့ကြောင့် ပြင်ဆင်မှုကို ခွင့်ပြု၍ အချင်းဖြစ်အမှုကို အင်းစိန်မြို့နယ် တရားရုံးတွင် စီရင်ပိုင်ခွင့် မရှိဟူသော ရန်ကုန်တိုင်း တရားရုံး (အင်းစိန် မြို့နယ်စု)၏ အမိန့်ကို ပယ်ဖျက်၍ အင်းစိန်မြို့နယ် တရားရုံးတွင် စီရင်ပိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်သည့် မူလအင်းစိန်မြို့နယ်တရားရုံး၏ (၇-၇-၉၂) ရက်စွဲပါ အမိန့်ကို ပြန်လည်အတည်ပြုပြီး အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ရန် မူလရုံးအား ညွှန်ကြားလိုက်သည်။

# ပြစ်မှုဆိုင်ရာအယူခံမှု

## တရားရုံးချုပ် တရားသူကြီး ဦးသန်းဖေရှေ့တွင်

သောင်းရွှေ

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် *

+၁၉၉၃
ဇန်နဝါရီလ
၂၈ ရက်

**၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄–က (င) တွင် ဘိန်းစိမ်း (သို့မဟုတ်) ပြုပြင်ထားသော ဘိန်း(သို့မဟုတ်) ယင်းနှစ်ခုပေါင်း တစ်ရာဂရမ်ရှိလျှင် ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိသည်ဟု မှတ်ယူရခြင်း။**

**ဆုံးဖြတ်ချက်။** ။ အမှုတွဲတွင် ပေါ်ပေါက်ချက်အရ မူးယစ်အထူးအဖွဲ့ဝင်များနှင့် သက်သေများက အယူခံတရားခံသောင်းရွှေအိမ်သို့ သတင်းအရ တက်ရောက်ရှာဖွေရာ သောင်းရွှေဝတ်ထားသော အနွေးထည်အင်္ကျီအိတ်ကပ်အတွင်းမှ ကွန်ပါဘူးဖြင့် ထည့်ထားသည့် ဘိန်းစိမ်း တစ်ကျပ်သားသုံးရွေးခန့်တွေ့ရှိခြင်းသည် အငြင်းမပွားပေ။ မူးယစ်အထူးအဖွဲ့ဝင်များက တရားခံ၏ အိမ်ပေါ်၌ ဆက်လက်ရှာဖွေရာ သေတ္တာအတွင်း ထည့်ထားသော ဘိန်းစိမ်း (၅) ကျပ်သားကို ထပ်မံတွေ့ရှိကြောင်း ပေါ်ပေါက်သည်။ တရားခံအပေါ် သက်သေများက မဟုတ်မတရားထွက်ဆိုကြောင်း မပေါ်ပေါက်ပေ။ သို့သော် အယူခံတရားခံအပေါ် မူးယစ်ထုံထိုင်း ဘောဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆–က(ခ)အရ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပတ်သက်၍ ပြန်လည်ဆန်းစစ်ရန်လိုသည်။ တရားခံထံမှ သိမ်းဆည်းရမိသော ဘိန်းစိမ်း စုစုပေါင်း အလေးချိန်သည် ၆ ကျပ်၊ ၃ ရွေးသားဖြစ်၍ ၉၈.၇၉၅ ဂရမ်နှင့် ညီမျှသည်။ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄–က(င)တွင် ဘိန်းစိမ်း သို့မဟုတ် ပြုပြင်ထားသော ဘိန်း သို့မဟုတ် ယင်းနှစ်ခုပေါင်း တစ်ရာဂရမ်ရှိလျှင် ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိသည်ဟု မှတ်ယူပြီး

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၂၂

\+ ၁၉၈၉ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၁ တွင် ချမှတ်သော (၂၈–၁၁–၉၁) ရက်စွဲပါ စစ်ကိုင်းတိုင်း (ကသာမြို့နယ်စု) တရားရုံး၏ အမိန့်ကို အယူခံမှု

ယင်းဥပဒေပုဒ်မ ၆-က(ခ)အရ အပြစ်ပေးရန် ဖော်ပြထားသည်။ ယခု အယူခံတရားခံထံမှ သိမ်းဆည်းရမိသော ဘိန်းစိမ်းသည် တစ်ရာဂရမ်မပြည့်၍ ယင်းဥပဒေပုဒ်မ ၆ (ခ)ဖြင့်သာ အကျုံးဝင်သည်။ သက်သေခံဘိန်းစိမ်းများကို ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိသည်ဟုလည်း တရားလိုဘက်က ခိုင်လုံသော အထောက်အထားဖြင့် တင်ပြခဲ့ခြင်း မတွေ့ရချေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးမျိုးမြင့်စိုး၊ တရားရုံးချုပ်ရှေ့နေ (မလာ) |
| အယူခံတရားခံအတွက် | - | ဦးချစ်ဆွေ၊ ခရိုင်ဥပဒေအရာရှိ |

စစ်ကိုင်းတိုင်းတရားရုံး (ကသာမြို့နယ်စု) ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၁/၈၉ တွင် သောင်းရွှေအပေါ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆-က(ခ)အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်ကျခံစေသည့်အပြင် ဒဏ်ငွေကျပ် ၅၀၀၀၀/-ကိုလည်း ပေးဆောင်စေ၊ ဒဏ်ငွေမဆောင်က နောက်ထပ်ထောင်ဒဏ်(၂)နှစ်ကျခံစေရန် ချမှတ်ခဲ့ခြင်းကို သောင်းရွှေက မကျေနပ်သဖြင့် ဤအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ကသာမြို့ မူးယစ်အထူးအဖွဲ့မှ ရဲအုပ်ဦးကြည်စိန်နှင့် အဖွဲ့က သတင်းအရ (၂-၁-၈၉) နေ့ နံနက်တွင် ကသာမြို့နယ်၊ နကူးကျေးရွာနေ သောင်းရွှေ၏ အိမ်သို့ ဝင်ရောက်ရှာဖွေရာ သောင်းရွှေဝတ်ထားသော အနွေးထည်အင်္ကျီအိတ်အတွင်းမှ ဂွန်ပါဘူးဖြင့် ထည့်လျက် ဘိန်းစိမ်း (၁) ကျပ်သားနှင့် ၃ ရွေးတွေ့ရှိပြီး အိမ်ပေါ်ဆက်လက် ရှာဖွေရာ သေတ္တာအတွင်း ထည့်ထားသော ဘိန်းစိမ်း (၅) ကျပ်သားကို ထပ်မံတွေ့ရှိ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး သောင်းရွှေအပေါ် ဥပဒေအရ အရေးယူပေးရန် ရဲအုပ် ဦးကြည်စိန်က ကသာရဲစခန်းသို့ တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

သောင်းရွှေက အယူခံရာတွင် အဓိက အကြောင်းပြချက်အဖြစ် တင်ပြသည်မှာ မိမိသည် မီးလှုံနေစဉ် ဘိန်းစိမ်း အနည်းငယ်မျှကို တွေ့ရှိခြင်းအား အကြောင်းပြုပြီး မိမိမပါဘဲ မိမိအိမ်အပေါ်ထပ်ကို ရှာဖွေရာမှ ဘိန်းစိမ်း (၅)ကျပ်သား တွေ့ရှိသည်ဟု စွပ်စွဲခြင်းသည် ဥပဒေနှင့် မညီကြောင်း၊ မိမိ[illegible]မှ သိမ်းဆည်းရမိသည်ဆိုသော ဘိန်းစိမ်း စုစုပေါင်း အလေးချိန်[illegible] ၉၈.၇၉၅ ဂရမ်သာဖြစ်၍ ၁၀၀ ဂရမ် မပြည့်၍ ပုဒ်မ ၆(ခ)အရသ[illegible]ဝင်သော်လည်း ယင်းပုဒ်မ ၆-က(ခ)အရ ပြစ်ဒဏ်စီရင်

ခဲ့ခြင်းသည် မှားယွင်း ကြောင်း၊ ထို့ကြောင့် မိမိအား အမှုမှ အပြီးအပြတ် လွှတ်သော အမိန့်တစ်ရပ် ချမှတ်ပါရန် တင်ပြသည်။

တိုင်းတရားရုံး အမှုတွဲကို လေ့လာရာတွင် အခင်းဖြစ်သော နံနက်က သောင်းရွှေအိမ်သို့ ဝင်ရောက်ရှာဖွေရာတွင် ပါဝင်ခဲ့သော ရဲအုပ် ဦးကြည်စိန် (လိုပြ-၄)၊ နကူးကျေးရွာ (ရဝတ) ဥက္ကဋ္ဌ ဦးမဲမောင်၊ ဦးမောင်ဝင်း (လိုပြ-၂)၊ ရဲစခန်းမှူး ဦးသန်းထွန်းဦး (လိုပြ-၃)၊ ရဲတပ်ကြပ်ကြီး ဦးမြအုံး (လိုပြ-၅)၊ ဒုရဲအုပ် ဦးထွန်းဝင်း (လိုပြ-၆)၊ အငြိမ်းစား ရဲတပ်ကြပ် ဦးတင်ရှိန်တို့အား စစ်ဆေးခဲ့သည်။ ၎င်းသက်သေအားလုံးက အခင်းဖြစ်သော နံနက်က တရားခံသောင်းရွှေအိမ်သို့ ဝင်ရောက်ရှာဖွေရာ သောင်းရွှေအား အိမ်ရှေ့၌ မီးလှုံနေသည်ကို တွေ့ရကြောင်း၊ ၎င်းကိုယ်ကို ရှာဖွေရာ ၎င်းဝတ်ထားသော အနွေးထည်အင်္ကျီအတွင်းမှ ကွန်ပါဘူးဖြင့်ထည့်လျက် ဘိန်းစိမ်း ၁ ကျပ်သားနှင့် ၃ ရွေး၊ ချိန်ခွင်တစ်ခု၊ ကတ်ကြေးအသေး တစ်ချောင်း၊ ကျပ်ပြားစေ့လေးစေ့၊ ၁၀ ပြားစေ့၊ ၅ ပြားစေ့တို့ကို တွေ့ရှိကြောင်း၊ အိမ်ပေါ်သို့ ဆက်လက်ရှာဖွေရာ သေတ္တာအတွင်း ထည့်ထားသော ဘိန်းစိမ်း (၅) ကျပ်သားနှင့် ငွေ ၄၄၄/-ကျပ်ကို သိမ်းဆည်းရမိ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းသည်ဟု တညီတညွတ်တည်း ထွက်ဆိုကြကြောင်း တွေ့ရသည်။ တရားခံထံမှ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းကို ဓာတုဗေဒဝန်ထံ ပေးပို့ပြီး စစ်ဆေးခဲ့ရာ ဘိန်းစိမ်း (Opium)ဖြစ်သည်ဟု ပြန်ကြားထားသည်။ ကသာမူးယစ်အထူးဆေးရုံမှ ဒေါက်တာ ယဉ်ယဉ်ဝင်း က တရားခံ သောင်းရွှေအား စစ်ဆေးကြည့်ရာ မူးယစ်ဆေးဝါး သုံးစွဲသော လက္ခဏာမတွေ့ရှိဟု ထွက်ဆိုသည်။

တရားခံသောင်းရွှေက မိမိ၏ အနွေးထည်အင်္ကျီအတွင်းမှ တွေ့ရှိသော ဘိန်းဟု အဆိုရှိသောပစ္စည်းကို တောမှ ကောက်ယူလာခြင်းဖြစ်ကြောင်း၊ ဘိန်းပါမှန်း မသိ၍ ကောက်ယူလာခြင်း ဖြစ်ကြောင်း၊ မူးယစ်အထူးအဖွဲ့က မိမိတို့ မီးလှုံနေစဉ် ရှာဖွေရာမှ တွေ့ရှိသွားကြောင်း၊ မူးယစ်အထူးအဖွဲ့မှ မိမိကို မခေါ်ဘဲ ၎င်းတို့ဘာသာ အိမ်ပေါ်တက်ရောက်ရှာဖွေရာမှ ဘိန်းစိမ်း ၅ ကျပ်သားတွေ့ရှိသည်ဟုသိရကြောင်း၊ ယင်းဘိန်းစိမ်း ၅ကျပ်သားကို မိမိထားရှိခြင်း မဟုတ်ကြောင်း၊ ငွေ ၄၄၄/-ကျပ်သည် ဘုန်းကြီးကျောင်း အတွက် ကောက်ခံထားသော ငွေဖြစ်ကြောင်းဖြင့် ထုချေထွက်ဆိုသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက အယူခံတရားခံထံမှ သိမ်းဆည်းရမိသော ဘိန်းစိမ်းစုစုပေါင်း ၆ ကျပ် ၃

၁၉၉၃
သောင်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

ရွှေးမှာ (၉၈.၇၉၅)ဂရမ်သာရှိ၍ သတ်မှတ်ချက်အရ ဂရမ် ၁၀၀ မပြည့်ခြင်းကြောင့် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆–က(ခ)အစား ပုဒ်မ ၆(ခ)သို့ ပြောင်းလဲသတ်မှတ်သင့်ကြောင်း၊ သို့သော်လည်း ချိန်ခွင်၊ အလေးစသည်များကို တွေ့ရှိရသဖြင့် ဘိန်းစိမ်းရောင်းချနေကြောင်း ပေါ်လွင်၍ ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်ချမှတ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသွားသည်။

အမှုတွဲတွင် ပေါ်ပေါက်ချက်အရ မူးယစ်အထူးအဖွဲ့ဝင်များနှင့် သက်သေများက အယူခံ တရားခံသောင်းရွှေအိမ်သို့ သတင်းအရ တက်ရောက်ရှာဖွေရာ သောင်းရွှေဝတ်ထားသော အနွေးထည်အင်္ကျီအိတ်ကပ်အတွင်းမှ ကွန်ပါဘူးဖြင့် ထည့်ထားသည့် **ဘိန်းစိမ်း တစ်ကျပ်သား သုံးရွှေးခန့် တွေ့ရှိခြင်း**သည် အငြင်းမပွားပေ။ မူးယစ်အထူးအဖွဲ့ဝင်များက တရားခံ၏အိမ်ပေါ်၌ ဆက်လက် ရှာဖွေရာ သေတ္တာအတွင်း ထည့်ထားသော **ဘိန်းစိမ်း (၅) ကျပ်သားကို ထပ်မံတွေ့ရှိကြောင်း** ပေါ်ပေါက်သည်။ တရားခံအပေါ် သက်သေများက မဟုတ်မတရား ထွက်ဆိုကြောင်း မပေါ်ပေါက်ပေ။ သို့သော် အယူခံတရားခံအပေါ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က(ခ)အရ ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပတ်သက်၍ ပြန်လည်ဆန်းစစ်ရန်လိုသည်။ တရားခံထံမှ သိမ်းဆည်းရမိသော ဘိန်းစိမ်း စုစုပေါင်းအလေးချိန်သည်**၆ ကျပ်၊ ၃ ရွှေးသားဖြစ်၍ ၉၈.၇၉၅ ဂရမ်နှင့် ညီမျှသည်။** ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သောဆေးဝါးများ ဥပဒေပုဒ်မ ၁၄–က(င)တွင် ဘိန်းစိမ်း သို့မဟုတ် ပြုပြင်ထားသော ဘိန်း သို့မဟုတ် ယင်းနှစ်ခုပေါင်း တစ်ရာဂရမ်ရှိလျှင် ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိသည်ဟုမှတ်ယူပြီး ယင်းဥပဒေပုဒ်မ ၆–က(ခ)အရ အပြစ်ပေးရန် ဖော်ပြထားသည်။ ယခုအယူခံတရားခံထံမှ သိမ်းဆည်း ရမိသော ဘိန်းစိမ်းသည် တစ်ရာဂရမ်မပြည့်၍ ယင်းဥပဒေ ပုဒ်မ ၆ (ခ) ဖြင့်သာ အကျုံးဝင်သည်။ သက်သေခံ ဘိန်းစိမ်းများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသည်ဟုလည်း တရားလိုဘက်က ခိုင်လုံသော အထောက် အထားဖြင့် တင်ပြခဲ့ခြင်း မတွေ့ရချေ။

သို့ဖြစ်၍ ဤအယူခံမှုကို တစ်စိတ်တစ်ဒေသ ခွင့်ပြုလျက် အယူခံတရားလို မောင်သောင်းရွှေအပေါ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ၆–က(ခ)အရ အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ် ကျခံစေရန် နှင့် ဒဏ်ငွေကျပ် ၅၀၀၀၀/–ပေးဆောင်စေ၊ ဒဏ်ငွေမဆောင်က

ထောင်ဒဏ် (၂)နှစ် ကျခံစေရန် ချမှတ်ခဲ့သော စစ်ကိုင်းတိုင်းတရားရုံး (ကသာမြို့နယ်စု) ၏ အမိန့်ကို ပယ်ဖျက်ပြီး ၎င်းအပေါ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ အလုပ်နှင့် ထောင်ဒဏ် (၅) နှစ် (ငါးနှစ်) ကျခံစေရန် ပြင်ဆင် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ် တရားသူကြီး ဦးသန်းဖေရှေ့တွင်

+ ၁၉၉၃ ဇန်နဝါရီလ ၂၇ ရက်

မသောင်းသောင်း

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

**အချင်းဖြစ် ပစ္စည်းများမှာ အယူခံတရားလို ငှားရမ်းနေထိုင်သော ဥပစာ အတွင်းမှ တွေ့ရှိရခြင်း ဖြစ်ကြောင်း ပေါ်ပေါက်နေရာ အယူခံတရားလို အနေဖြင့် မိမိ၏ ပစ္စည်းမဟုတ်ပါဟု ထုချေသည်မှာ ယုံကြည်လက်ခံရန် ခဲယဉ်းခြင်း။**

**ဆုံးဖြတ်ချက်။** ။ မူလရုံးက အယူခံတရားလို ဒေါ်သောင်းသောင်း၏ ဥပစာအဖိတဲအတွင်းရှိ ကြောင်အိမ်ထဲမှ အချင်းဖြစ် ဘိန်းဖြူများ တွေ့ ရှိခဲ့ခြင်းမှာ အငြင်းမပွားကြောင်း၊ အဆိုပါပစ္စည်းများ တရားခံ၏ လက်ဝယ်ရှိ မရှိ၊ သိမသိကိုသာ စဉ်းစားရန်ဖြစ်ကြောင်း၊ ထိုသို့စဉ်းစားရာတွင် ပစ္စည်း တွေ့ရာ နေရာနှင့် ပစ္စည်း၏ ပမာဏအပေါ် မူတည်ကြောင်း၊ အချင်းဖြစ် ပစ္စည်းတွေ့ရှိသောနေရာမှာ အယူခံတရားလို ဒေါ်သောင်းသောင်း နေထိုင် သော နေအိမ်အဖိတဲအတွင်းရှိ ကြောင်အိမ်မှ ပစ္စည်းတွေ့ရှိရခြင်းဖြစ်ပြီး၊ ပစ္စည်းပမာဏ များပြားသည့်ပြင် တန်ဖိုးကြီးလှသော ပစ္စည်းဖြစ်သောကြောင့် ယခင်အိမ်ငှား ကျန်ရစ်ခဲ့သော ပစ္စည်းများ ဖြစ်သည်ကို လက်မခံနိုင်ကြောင်း သုံးသပ်ကာ အယူခံတရားလိုအား ပြစ်မှုထင်ရှားစီရင်ခြင်းဖြစ်သည်။

အချင်းဖြစ် ပစ္စည်းများမှာ အယူခံတရားလို ဒေါ်သောင်းသောင်း ငှားရမ်းနေထိုင်သော ဥပစာအတွင်းရှိ ကြောင်အိမ်အတွင်းမှ တွေ့ရှိရခြင်းဖြစ် ကြောင်း အမှုတွင် ပေါ်ပေါက်နေရာ အယူခံတရားလိုအနေဖြင့် မိမိ၏ ပစ္စည်းမဟုတ်ပါဟု ထုချေသည်ကို ယုံကြည်လက်ခံရန် ခဲယဉ်းပေသည်၊ ထို့အပြင် ယခင်အိမ်ငှား၏ ပစ္စည်းများဖြစ်ကြောင်း အယူခံတရားလိုအနေဖြင့် ခိုင်လုံစွာ သက်သေတင်ပြနိုင်ခြင်းလည်း မရှိချေ။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၉

\+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉ တွင် ချမှတ်သော (၁၂-၁၂-၉၂) ရက်စွဲပါ မန္တလေးတိုင်း (မန္တလေးမြို့နယ်စု) တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၃
မသောင်းသောင်း
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

အယူခံတရားလိုအတွက် – ဦးစိုးဝင်း၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားခံအတွက် – ဒေါ်ခင်ခင်စိုး၊ ခရိုင်ဥပဒေအရာရှိ

မန္တလေးတိုင်းတရားရုံး (မန္တလေးမြို့နယ်စု)၊ ပြစ်မှုကြီးအမှတ် ၉/၉၁ တွင် အယူခံတရားလို ဒေါ်သောင်းသောင်းအပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က(ခ)အရ အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ်နှင့် ဒဏ်ငွေ ၅၀၀၀ိ/–ပေးဆောင်စေရန် ပျက်ကွက်က နောက်ထပ်အလုပ်နှင့် ထောင်ဒဏ် (၂) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို အယူခံတရားလို ဒေါ်သောင်းသောင်းက မကျေနပ်၍ ဤအယူခံကို တင်သွင်းသည်။

အမှုမှာ (၁၄–၁–၉၁) နေ့ ၁၂း၂၅ နာရီခန့်တွင် မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်စခန်းမှူး ဦးခင်ဝင်းနှင့်အဖွဲ့သည် ဒေးဝန်းအရှေ့အကွက် (၂၈၈) နေ မသောင်းသောင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာတွင် နေအိမ်ရှေ့ အဖီစောင်းတဲရှိ ကြောင်အိမ်အတွင်းမှ အနီရောင်ခေါင်းအုံးစွပ် အတွင်းတွင် ထည့်လျက် တစ်ထုပ်လျှင် (၀.၀၅) ကီလိုခန့် ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့်များ (၁၀)ထုပ်၊ စုစုပေါင်း အလေးချိန် (၀.၅) ကီလိုဂရမ် တွေ့ရှိပြီး ၎င်းအထုပ်များကို မသောင်းသောင်းကိုယ်တိုင် ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးအပ်သဖြင့် ဦးခင်ဝင်းက တရားလို ပြုလုပ်လျက် အမှတ် (၇) ရဲစခန်းသို့ တိုင်ကြားခဲ့သော အမှုဖြစ်သည်။

အယူခံတွင် ဒေါ်သောင်းသောင်းက မိမိမှာ အချင်းဖြစ်အိမ်၌ ငှားရမ်းနေထိုင်သည်မှာ ၃၊ ၄ ရက်သာရှိသေးပြီး သက်သေခံပစ္စည်းတွေ့သည့် ကြောင်အိမ်မှာ မိမိအရင် ငှားရမ်းနေထိုင်သော မနန်းရွှေ၏ ပစ္စည်းများ ဖြစ်ကြောင်း ပေါ်ပေါက်ပါလျက် မိမိအား ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းကြောင်း အဓိကအကြောင်းပြသည်။

အချင်းဖြစ်နေ့က အယူခံတရားလို ဒေါ်သောင်းသောင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာတွင် အိမ်အရှေ့အဖီတဲအတွင်းရှိ ကြောင်အိမ်အတွင်းရှိ အနီရောင် ခေါင်းအုံးစွပ်အတွင်းတွင် ထည့်လျက် တစ်ထုပ်လျှင် (၀.၀၅) ကီလိုဂရမ်ခန့်ပါသော ဘိန်းဖြူမှုန့်ဟု ယူဆရသော ပလပ်စတစ်အထုပ် (၁၀)ထုပ် စုစုပေါင်း (၅) ကီလိုဂရမ်ကိုတွေ့ရှိ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း ဒုရဲအုပ်ဦးခင်ဝင်း၊ ရှာဖွေသက်သေ (ရဝတ) အဖွဲ့ဝင် ဦးပုကြီး (လိုပြ–၁)၊ ဦးသန်းဦး (လိုပြ–၂)တို့၏ ထွက်ဆိုချက်အရ ပေါ်ပေါက်သည်။

အယူခံတရားခံ ဒေါ်သောင်းသောင်းက နေအိမ်အရှေ့အဖီတဲရှိ ကြောင်

အိမ်အတွင်းမှ သက်သေခံပစ္စည်းများ တွေ့ရှိသည်ကို အငြင်းမပွားပေ။ ၎င်းအနေဖြင့် အချင်းဖြစ် နေအိမ်သို့ ပြောင်းရွှေ့လာသည်မှာ (၂)ပတ်ခန့်သာ ရှိသေးပြီး အချင်းဖြစ် ကြောင်အိမ်မှာ မိမိကြောင်အိမ်မဟုတ်ဘဲ အိမ်ရှင် ဒေါ်သန်းတင်၏ ပြောပြချက်အရ ယခင်အိမ်ငှား၏ ကြောင်အိမ်ဖြစ်သည်ဟု သိရကြောင်း၊ အချင်းဖြစ်ပစ္စည်းများမှာ မိမိပစ္စည်းမဟုတ်သည့်ပြင် ယင်း ပစ္စည်းများ မိမိ၏ ဥပစာတွင်ရှိသည်ကိုလည်း မသိရှိ၍ အပြစ်မရှိကြောင်း ထုချေသည်၊ ဒေါ်မြင့်သန်း (ခံပြ–၂)က အချင်းဖြစ်အိမ်ကို သက်သေခံ (၁) အရ လားရှိုးမြို့နေ မနန်းရွှေအားငှားရမ်းခဲ့ပြီး သက်သေခံ (၂)အရ အယူခံတရားလို ဒေါ်သောင်းသောင်းအား ဆက်လက် ငှားရမ်းခဲ့ကြောင်းနှင့် မနန်းရွှေ၏ပစ္စည်း အဟောင်းအနွမ်းများထည့်သည့် ထင်းရှူးသေတ္တာအစုတ် တစ်လုံးနှင့် ကြောင်အိမ်တစ်လုံး ကျန်ရစ်ခဲ့သည်ဟု ထွက်ဆိုသည်။ ဦးမိုး အောင် (ခံပြ–၃)ကလည်း ထို့အတူပင် ထွက်ဆိုသည်။

မူလရုံးက အယူခံတရားလို ဒေါ်သောင်းသောင်း၏ ဥပစာအဖီတဲ အတွင်းရှိကြောင်အိမ်ထဲမှ အချင်းဖြစ်ဘိန်းဖြူများ တွေ့ရှိခဲ့ခြင်းမှာ အငြင်း မပွားကြောင်း၊ အဆိုပါပစ္စည်းများ တရားခံ၏ လက်ဝယ်ရှိ မရှိ၊ သိမသိ ကိုသာ စဉ်းစားရန်ဖြစ်ကြောင်း၊ ထိုသို့ စဉ်းစားရာတွင် ပစ္စည်းတွေ့ရာနေ ရာနှင့် ပစ္စည်း၏ ပမာဏအပေါ် မူတည်ကြောင်း၊ အချင်းဖြစ်ပစ္စည်း တွေ့ရှိသော နေရာမှာ အယူခံတရားလို ဒေါ်သောင်းသောင်း နေထိုင်သော နေအိမ်အဖီတဲအတွင်းရှိ ကြောင်အိမ်မှ ပစ္စည်းတွေ့ရှိရခြင်းဖြစ်ပြီး ပစ္စည်း ပမာဏများပြားသည့်ပြင် တန်ဖိုးကြီးလှသော ပစ္စည်းဖြစ်သောကြောင့် ယခင်အိမ်ငှားကျန်ရစ်ခဲ့သော ပစ္စည်းများ ဖြစ်သည်ကို လက်မခံနိုင်ကြောင်း သုံးသပ်ကာ အယူခံတရားလိုအား ပြစ်မှုထင်ရှားစီရင်ခြင်းဖြစ်သည်။

အချင်းဖြစ်ပစ္စည်းများမှာ အယူခံတရားလို ဒေါ်သောင်းသောင်း ငှားရမ်း နေထိုင်သော ဥပစာအတွင်းရှိ ကြောင်အိမ်အတွင်းမှ တွေ့ရှိရခြင်းဖြစ် ကြောင်း အမှုတွင် ပေါ်ပေါက်နေရာ အယူခံတရားလိုအနေဖြင့် မိမိ၏ ပစ္စည်းမဟုတ်ပါဟု ထုချေသည်ကို ယုံကြည်လက်ခံရန် ခဲယဉ်းပေသည်။ ထို့အပြင် ယခင် အိမ်ငှား၏ ပစ္စည်းများဖြစ်ကြောင်း အယူခံတရားလိုအနေ ဖြင့် ခိုင်လုံစွာ သက်သေတင်ပြနိုင်ခြင်းလည်း မရှိချေ။

ထို့ကြောင့် မူလရုံးက အယူခံတရားလို ဒေါ်သောင်းသောင်းအပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က(ခ) အရ ပြစ်မှုထင်ရှားစီရင်၍ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမှာ ဥပဒေနှင့် မညီဟု မဆိုနိုင်သောကြောင့် ဤအယူခံကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ် တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ဒေါ်သန်းကြည်ပါ-၂
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂*

+၁၉၉၃
မတ်လ ၃၀
ရက်

**တရားရုံးချုပ်က အမိန့်ချမှတ်သည့်နေ့မှ တစ်လကျော်လွန်ပြီးမှ မြို့နယ် တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်း၊ ယင်းအမိန့်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ (၁)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ အချင်းဖြစ် အခန်းကို ဒေါ်သန်းကြည်နှင့် ဦးတင်မောင်သန်း(ခ) ဦးခင်မောင်သန်းတို့က သော့ခတ်၍ ပိတ်ထားရာတွင် ခြောက်လှန့်မှု ပြုလုပ်ကြောင်း မပေါ်ပေါက်သည့်အပြင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၉ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အနိုင်အထက်ပြုမှုကို ကျူးလွန်ကြောင်းလည်း မပေါ်ပေါက်ပေ။

တရားရုံးချုပ်က အယူခံမှုအမှတ် ၂၂/၉၂ ကို (၁၅-၇-၉၂) ရက်နေ့တွင် စီရင်ဆုံးဖြတ်ခဲ့သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ လျှောက်ထားသည့် ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၁၈၆/၉၂ကို ပန်းဘဲတန်းမြို့နယ် တရားရုံးက (၂၈-၈-၉၂) ရက်နေ့တွင် ဆုံးဖြတ်ခဲ့ပါသည်။ သို့ဖြစ်၍ တရားရုံးချုပ်က အမိန့်ချမှတ်သည့်နေ့မှ (၁) လ ကျော်လွန်ပြီးမှ မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေ၍ မြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော တိုင်းတရားရုံး၏ အမိန့်တို့မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ပါ ပြဋ္ဌာန်းချက် **ကေဒါနတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်**[၁] အမှုတွင် ပြဆိုထားချက်နှင့် ညီညွတ်ခြင်းမရှိပေ။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၀၀ (ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၃၁တွင်ချမှတ်သော (၉-၁၀-၉၂) ရက်စွဲပါ ရန်ကုန်တိုင်း (ရန်ကုန်မြို့နယ်စု)တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၃
ဒေါ်သန်းကြည်
ပါ-၂
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

လျှောက်ထားသူများအတွက် — ဦးစိုးဝင်း၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက်— ၁။ ဦးစောနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ဦးလှသင်း၊ တရားရုံးချုပ်ရှေ့နေ

ဦးတင့်မော်(ခ)မော်မော်က အိမ်ထောင်စုစာရင်းဖြင့် မိမိတရားဝင်နေထိုင်လျက်ရှိသော ပန်းဘဲတန်းမြို့နယ် ၃၁ လမ်း၊ အမှတ် ၁၇၃ (မြေညီထပ်)အခန်းကို ဝင်ထွက်သွားလာခွင့် မပြုနိုင်အောင် ဒေါ်သန်းကြည်နှင့် ဦးတင်မောင်သန်း(ခ) ဦးခင်မောင်သန်းတို့က သော့ခတ်ပြီး မတရားတားဆီးပိတ်ပင်ထားသဖြင့် ဒေါ်သန်းကြည်နှင့်ဦးတင်မောင်သန်း(ခ) ဦးခင်မောင်သန်းတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၁ အရ အရေးယူပေးရန် ပန်းဘဲတန်းမြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားပါသည်။ ပန်းဘဲတန်းမြို့နယ်တရားရုံးက ပြစ်မှုကြီးအမှတ် ၁၃၆/၉၁ ဖွင့်လှစ်အရေးယူ စစ်ဆေးကြားနာပြီးနောက် ဒေါ်သန်းကြည်နှင့် ဦးတင်မောင်သန်း(ခ) ဦးခင်မောင်သန်းတို့အား အမှုမှ အပြီးအပြတ်လွတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ မြို့နယ်တရားရုံး၏အမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ တရားရုံးချုပ် ၌ အယူခံဝင်သည်။ တရားရုံးချုပ်က ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၂/၉၂ ဖွင့်လှစ်ကာ နှစ်ဘက်လျှောက်လဲချက်ကို ကြားနာပြီးနောက် ပန်းဘဲတန်းမြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဒေါ်သန်းကြည်နှင့် ဦးတင်မောင်သန်း(ခ)ဦးခင်မောင်သန်းတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ ဒဏ်ငွေ ၂၀ဝိ/-(ကျပ်နှစ်ရာ)စီ ပေးဆောင်ကြစေရန် အမိန့်ချမှတ်ခဲ့သည်။ ထို့နောက် ဦးတင့်မော် (ခ) မော်မော်က အချင်းဖြစ်အခန်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁)အရ ၎င်းအား ပြန်ပေးရန် ပန်းဘဲတန်းမြို့ နယ်တရားရုံး ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၁၈၆/၉၂တွင် လျှောက် ထားပါသည်။

ပန်းဘဲတန်းမြို့နယ်တရားရုံးက အချင်းဖြစ် အခန်းအား ဒေါ်သန်းကြည်တို့က ပိတ်ထားသည့် သော့ခလောက်ကို ဖွင့်ပြီး ဦးတင့်မော်(ခ) မော်မော်တို့ အခန်းကို ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့သည်။

မြို့နယ်တရားရုံး၏ အမိန့်ကို ဒေါ်သန်းကြည်နှင့် ဦးတင်မောင်သန်း (ခ) ဦးခင်မောင်သန်းတို့က မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး (ရန်ကုန်မြို့နယ်စု) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၃၁/၉၂ တွင် ပြင်ဆင်မှု

၁၉၉၃
ဒေါ်သန်းကြည်
ပါ-၂
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

တင်သွင်းရာ ယင်းပြင်ဆင်မှုကို ရန်ကုန်တိုင်းတရားရုံး (ရန်ကုန်မြို့နယ်စု) က ပလပ်ခဲ့သည်။ ထို့ကြောင့် ဒေါ်သန်းကြည်နှင့် ဦးတင်မောင်သန်း (ခ) ဦးခင်မောင်သန်းတို့က တရားရုံးချုပ်၌ ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

တရားရုံးချုပ် အယူခံမှုအမှတ် ၂၂/၉၂ ကို (၁၅-၇-၉၃) ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ကြောင်း၊ ဦးတင့်မော် (ခ) မော်မော်က ပန်းဘဲတန်းမြို့နယ် တရားရုံးတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ လျှောက်လွှာကို (၃၀-၇-၉၂) ရက်နေ့၌ တင်သွင်းခဲ့ကြောင်း၊ မြို့နယ်တရားရုံးက (၂၈-၈-၉၂) ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ကြောင်း၊ တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့သည့်နေ့မှ (၁)လကျော်ပြီးမှ မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁)ပါ ပြဋ္ဌာန်းချက်ကို ကျော်လွန်အမိန့်ချမှတ်ထားခြင်း ဖြစ်သဖြင့် ဥပဒေအရ လွဲမှားနေကြောင်း၊ တိုင်းတရားရုံး၏ သုံးသပ်ချက်မှာလည်း ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း၊ ပြစ်မှုကြီးအမှတ် ၁၃၆/၉၂ တွင်ရှိသောသက်သေထွက်ချက်များကို လေ့လာပါက ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု၊ ခြောက်လှန့်မှုပြုလုပ်သည်ဟု ထွက်ဆိုချက် လုံးဝမရှိသည်ကို တွေ့ရှိနိုင်ကြောင်း၊ တရားရုံးချုပ်၏ အမိန့်တွင်လည်း ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု၊ ခြောက်လှန့်မှုကို ယခုပြင်ဆင်မှု လျှောက်ထားသူများက ပြုလုပ်ခဲ့သည်ဟု သုံးသပ်ဆုံးဖြတ်ထားခြင်း မရှိကြောင်း၊ ထို့ကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်ထားပါကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

အချင်းဖြစ်အခန်းတွင် ဦးတင့်မော်(ခ) မော်မော်သည် ၁၉၇၂ ခုနှစ်မှ စ၍ အိမ်ထောင်စုလူဦးရေစာရင်းဖြင့် နေထိုင်လျက်ရှိကြောင်း၊ ထိုအခန်းကို ဒေါ်သန်းကြည်နှင့် ဦးတင်မောင်သန်း (ခ) ဦးခင်မောင်သန်းတို့က ဦးတင့်မော်(ခ)မော်မော်၏ သဘောတူခွင့်ပြုချက် မရရှိဘဲ သော့ခတ်၍ ပိတ်ထားကြောင်း ပေါ်ပေါက်သည်။ ဦးတင့်မော် (ခ) မော်မော်နေထိုင်လျက်ရှိသော အခန်းကို ဒေါ်သန်းကြည်နှင့် ဦးတင်မောင်သန်း (ခ) ဦးခင်မောင်သန်းတို့က သော့ခတ်၍ ပိတ်ထားခဲ့သည်မှာ မှန်ကြောင်း၊ ထိုသို့ ပိတ်ထားခဲ့ခြင်းမှာ သဘောရိုးဖြင့် ပိတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေါ်သန်းကြည်နှင့် ဦးတင်မောင်သန်း (ခ) ဦးခင်မောင်သန်းတို့က ဝန်ခံထွက်ဆိုထားကြသည်။

၁၉၉၃
ဒေါ်သန်းကြည်
ပါ-၂
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

အချင်းဖြစ်အခန်းကို ဒေါ်သန်းကြည်နှင့် ဦးတင်မောင်သန်း(ခ) ဦးခင်မောင်သန်းတို့က သော့ခတ်၍ပိတ်ထားရာတွင် ခြောက်လှန့်မှု ပြုလုပ်ကြောင်း မပေါ်ပေါက်သည့်အပြင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၉ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အနိုင်အထက်ပြုမှုကို ကျူးလွန်ကြောင်းလည်း မပေါ်ပေါက်ပေ။

တရားရုံးချုပ်က အယူခံမှုအမှတ် ၂၂/၉၂ကို (၁၅-၇-၉၂) ရက်နေ့တွင် စီရင်ဆုံးဖြတ်ခဲ့သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁)အရ လျှောက်ထားသည့် ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၁၈၆/၉၂ ကို ပန်းဘဲတန်းမြို့နယ် တရားရုံးက (၂၈-၈-၉၂) ရက်နေ့တွင် ဆုံးဖြတ်ခဲ့ပါသည်။ သို့ဖြစ်၍ တရားရုံးချုပ်က အမိန့်ချမှတ်သည့်နေ့မှ (၁)လကျော်လွန်ပြီးမှ မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေ၍ မြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော တိုင်းတရားရုံး၏ အမိန့်တို့မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁)ပါ ပြဋ္ဌာန်းချက်၊ **ကေဒါနတ် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်**[၁] အမှုတွင် ပြဆိုထားချက်နှင့် ညီညွတ်ခြင်း မရှိပေ။

သို့ဖြစ်၍ ဤပြင်ဆင်မှုကို ခွင့်ပြုပြီး ပန်းဘဲတန်းမြို့နယ် တရားရုံးနှင့် ရန်ကုန်တိုင်း တရားရုံး (ရန်ကုန်မြို့နယ်စု)တို့က ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၁၈၆/၉၂ နှင့် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၃၁/၉၂ တို့တွင် ချမှတ်ထားသော အမိန့်အသီးသီးတို့ကို ပယ်ဖျက်လိုက်သည်။

---

(၁) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာမျက်နှာ-၇၇

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

### တရားရုံးချုပ် တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ဦးသန်းရွှေ
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ *

+ ၁၉၉၃
မတ်လ ၁၅
ရက်

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ အမိန့်ချမှတ်ရာ၌ တရားခံအားအပြစ်မရှိ၍ အမှုမှအပြီးအပြတ် လွှတ်ခဲ့လျှင် သက်သေခံပစ္စည်းကို သာမန်အားဖြင့် အကြောင်းထူးမရှိပါက ပစ္စည်းသိမ်းဆည်းခြင်း ခံရသူထံ ပြန်ပေးထားစေရန် အမိန့်ချမှတ်ရန်ဖြစ်သော်လည်း အကြောင်းထူးရှိနေလျှင် ယင်းကဲ့သို့ အမိန့်ချမှတ်ရန်မသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ သို့ဖြစ်ရာ သက်ဆိုင်ရာမူလမှု၏ ထူးခြားသော အကြောင်းခြင်းရာအရ မြို့နယ်တရားရုံးက ဦးသိန်းရွှေအား အမှုမှ စွဲချက်မတင်မီ ပြန်လွှတ်ထားခဲ့ရုံမျှဖြင့် ၎င်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ၅၁၇(၁)အရ သက်သေခံဆင်များကို လက်ရှိထားပိုင်ခွင့်ရှိသူ ဖြစ်သည်ဟု တောင်းဆိုနိုင်ရန်ခဲယဉ်းပြီး သဘာဝကျနိုင်မည်မဟုတ်ပေ။

သက်သေခံဆင်များကို အမှုအတောအတွင်း လက်ရှိထိန်းသိမ်းခွင့်ရရန်အတွက် နှစ်ဘက်အပြိုင်အဆိုင် လျှောက်ထားခဲ့ကြစဉ်ကလည်း တရားရုံးချုပ်က ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေ (အထူးအယူခံမှု) အမှတ် ၈၅ နှင့် ၈၆ တို့၌ သက်သေခံဆင် (၂) ကောင်စလုံးကို မူလရုံးတရားလို ဦးသန်းရွှေအား ထိန်းသိမ်းစေရန် ပေးအပ်ခဲ့သည့် တရားရုံးချုပ်၏ အမိန့်ကို အတည်ပြု၍ မူလရုံးတရားခံ ဦးသိန်းရွှေ၏ အထွေထွေလျှောက်လွှာကို ပလပ်ခဲ့ပြီးဖြစ်သည်။

ဦးသိန်းရွှေဘက်မှ စီရင်ထုံးအကိုးအကားများ တင်ပြခဲ့သော်လည်း ယင်းစီရင်ထုံးများပါ အမှုအဖြစ်အပျက်များမှာ ယခုအမှုပါ အဖြစ်အပျက် အကြောင်းခြင်းရာနှင့် ထပ်တူကိုက်ညီသော အမှုများဖြစ်သည်ဟု မဆိုနိုင်ပေ။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်၄၅၃ (ခ)/ ၄၅၄ (ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၁/၈၃ တွင် ချမှတ်သော (၈-၉-၉၂) ရက်စွဲပါ ဧရာဝတီတိုင်း (ပုသိမ်မြို့နယ်စု) တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု

၁၉၉၃
ဦးသန်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ အမိန့်ချမှတ်ရာ၌ တရားခံအား အပြစ်မရှိ၍ အမှုမှအပြီးအပြတ် လွှတ်ခဲ့လျှင် သက်သေခံပစ္စည်းကို သာမန်အားဖြင့် အကြောင်းထူးမရှိပါက ပစ္စည်းသိမ်းဆည်းခြင်းခံရသူထံ ပြန်ပေးထားစေရန် အမိန့်ချမှတ်ရန် ဖြစ်သော်လည်း ယခုအမှုတွင်မူ အကြောင်းထူးရှိနေသဖြင့် ယင်းသို့အမိန့်ချမှတ်ရန် မသင့်ပေ။

လျှောက်ထားသူအတွက် – ဦးတင့်ဝေ၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်– (၁) ဦးထွန်းရွှေ၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး
(၂) ဦးတင်ရွှေ၊ ဦးဟူဆင်၊ တရားရုံးချုပ်ရှေ့နေများ

သာပေါင်းမြို့နယ်တရားရုံးပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၀၇/၉၀ တွင် တရားခံ ဦးသိန်းရွှေ၊ ထွန်းအိနှင့် ဝင်းထူးတို့အား စွဲချက်မတင်မီ အမှုမှ ပြန်လွှတ်စေရန်နှင့် သက်သေခံ ပလောင်တင် အမည်ရှိ ဆင်ထီးကို တရားလိုဦးသန်းရွှေအား လည်းကောင်း၊ မောင်သိန်းကြည်အမည်ရှိ ဆင်ထီးကို တရားခံ ဦးသိန်းရွှေအား လည်းကောင်း၊ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ သက်သေခံဆင်နှင့် စပ်လျဉ်းသည့် အမိန့်ကို ဦးသန်းရွှေနှင့် ဦးသိန်းရွှေတို့နှစ်ဦးစလုံးက မကျေနပ်၍ ပြင်ဆင်မှုများ အပြန်အလှန် တင်သွင်းခဲ့ရာ၌ ဧရာဝတီတိုင်း တရားရုံး (ပုသိမ်မြို့နယ်စု) က သက်သေခံဆင်ထီး (၂) ကောင်စလုံးကို တရားခံ ဦးသိန်းရွှေအား ပြန်ပေးစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ မူလရုံးတရားလို ဦးသန်းရွှေက တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်၍ ဤပြင်ဆင်မှု (၂)မှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ သာပေါင်းမြို့နေ ဦးသန်းရွှေက မိမိသည် သက်သေခံဆင်များ၏ ပိုင်ရှင်ဖြစ်သူ ဘခင်ဦးမောင်မောင်ထံမှ လွှဲအပ်ပေးထားသောမှတ်ပုံတင် အထွေထွေ ကိုယ်စားလှယ်လွှဲစာဖြင့် အချင်းဖြစ်ဆင်များကို လက်ရှိထား၍ သာပေါင်းသစ်ထုတ်လုပ်ရေး နယ်အိမ်ဆိုးသစ်ကွက်တွင် လက်ရှိလုပ်ကိုင်နေသော သစ်ငုတ်ထုတ် ကန်ထရိုက်တာဖြစ်ကြောင်း၊ မိမိ၏ အစ်ကို ဦးသိန်းရွှေနှင့် အမည်မသိ (၄) ဦးတို့သည် အဆိုပါ သစ်ကွက်သို့ ရောက်ရှိလာပြီး (၁-၁၂-၈၉)ရက်နေ့တွင် သာပေါင်း (မဝတ)နှင့် (ရဝတ) တို့က ၎င်းအား ခွဲဝေပေးလိုက်ပြီဟု ပြောဆို၍ မိမိကွယ်ရာတွင် မိမိ၏ အလုပ်သမားများဖြစ်သော ဆင်အုပ်နှင့် ဆင်ဦးစီးတို့က တားမြစ်သော်လည်း မရဘဲ သက်သေခံပလောင်တင်နှင့် ခင်မောင်ချင်း (ခ) မောင်သောင်းကြည်

အမည်ရှိ ဆင်ထီး (၂) ကောင်ကို အတင်းအဓမ္မယူဆောင်သွားခဲ့ကြောင်း၊ ထို့ကြောင့် မိမိ၏ လက်ဝယ်မှ ဆင် (၂) ကောင်ကို မိမိသဘောမတူဘဲ အဓမ္မ ယူဆောင်သွားသော အစ်ကိုတော်သူ ဦးသိန်းရွှေနှင့် အမည်မသိ (၄)ဦး တို့အား အရေးယူပေးရန် သာပေါင်းမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားခဲ့သော အမှုဖြစ်သည်။

ဤပြင်ဆင်မှု (၂) မှုမှာ မူလမှုတစ်မှုတည်းမှ ပေါ်ပေါက်ခဲ့ခြင်းဖြစ်၍ ဤစီရင်ချက်သည် အဆိုပါ ပြင်ဆင်မှု (၂) မှုစလုံးနှင့် သက်ဆိုင်စေရမည်။

ဦးသန်းရွှေအတွက် ၎င်း၏ရှေ့နေက ပြင်ဆင်မှု (၂)မှုတွင် တူညီသော အကြောင်းပြချက်များ တင်ပြရာ၌ နှစ်ဘက်အမှုသည်တို့မှာ ညီအစ်ကိုတော်သူများဖြစ်သောကြောင့် အမှုဆက်လက်ဆောင်ရွက်လိုသော ဆန္ဒမရှိတော့သဖြင့် ဦးသန်းရွှေက အမှုရုပ်သိမ်းခွင့်လျှောက်လွှာ တင်သွင်းခဲ့ကြောင်း၊ မြို့နယ်တရားရုံးက ဦးသန်းရွှေနှင့် သက်သေ (၁) ဦးကို ဆက်လက်စစ်ဆေးပြီးနောက် မူလရုံးတရားခံအားလုံးကို စွဲချက်မတင်မီ အမှုမှပြန်လွှတ်ခဲ့ပြီး ပလောင်တင် အမည်ရှိဆင်ကို ဦးသန်းရွှေအားလည်းကောင်း၊ မောင်သောင်းကြည်အမည်ရှိ ဆင်ကို ဦးသိန်းရွှေအားလည်းကောင်း ပြန်ပေးစေရန် အပြီးသတ် အမိန့် ချမှတ်ခဲ့ကြောင်း၊ တိုင်းတရားရုံးက ယခင်နည်းအတိုင်း သက်သေခံ ဆင်(၂)ကောင်စလုံးကို ဦးသိန်းရွှေအားပြန်ပေးစေရန် ပြင်ဆင် အမိန့်ချမှတ်ခဲ့ရာ ဦးသန်းရွှေက မကျေနပ်၍ ဤပြင်ဆင်မှု (၂)မှုကို တင်သွင်းခြင်းဖြစ်ကြောင်း၊ သက်သေခံဆင် (၂) ကောင်၏ ပိုင်ရှင်မှာ ဘခင် ဦးမောင်မောင်ဖြစ်ပြီး ဦးသန်းရွှေနှင့်အတူ နေထိုင်၍ ဦးသိန်းရွှေမှာ သီးခြားနေထိုင်သူဖြစ်ကြောင်း၊ ဦးသန်းရွှေမှာ သက်သေခံကိုယ်စားလှယ် လွှဲစာအရ ဘခင်ဦးမောင်မောင်ကိုယ်စား ဆင်များကို လက်ရှိထား၍ သစ်ထုတ်လုပ်ရေးဌာနတွင် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေစဉ် ဦးသိန်းရွှေတို့ လူစုက အဓမ္မယူ ဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သက်သေခံ ဆင်နှစ်ကောင်စလုံးကို ပိုင်ရှင်ဖြစ်သူဦးမောင်မောင်အားဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်စာအရ တရားဝင် လက်ဝယ်ထားရှိလုပ်ကိုင်နေသူ ဦးသန်းရွှေအားဖြစ်စေ ပြန်ပေးထိုက်သည်မှာ ပေါ်လွင်ကြောင်း၊ သက်သေခံ ရှာဖွေပုံစံတွင် သက်သေခံ ဆင်(၂)ကောင်ကို ကျွန်းလျားကြီး သစ်ကွက်မှ မိမိက ယူဆောင်လာခဲ့ပြီး ၎င်းဆင်များမှာ ဦးမောင်မောင်ပိုင်ဆင်များ ဖြစ်သည်ဟု ဦးသိန်းရွှေက ဝန်ခံပြောဆိုပေးအပ်ခဲ့ကြောင်း၊ ယင်းသို့ ရှာဖွေပုံစံပါမှတ်ချက်များကို သက်သေခံပစ္စည်း စီမံခန့်ခွဲရာတွင် ထည့်သွင်းသုံးသပ်နိုင်သည်ဟု

၁၉၉၇
ဦးသန်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

စီရင်ထုံးရှိပြီး ဖြစ်ကြောင်း၊ တရားခံအား အမှုမှစွဲချက်မတင်မီ ပြန်လွှတ်ခဲ့ပါက သက်သေခံပစ္စည်းကို ၎င်းအား ပြန်ပေးရမည်ဟူ၍ တစ်ထစ်ချမှတ်ယူ၍ မရနိုင်ကြောင်း၊ ကျင့်ထုံးပုဒ်မ ၅၁၇(၁)အရ လက်ရှိရထိုက်သူဟုဆိုသည်မှာ ဦးသန်းရွှေပင် ဖြစ်ကြောင်း၊ ဦးသိန်းရွှေက ဆင်များကို ဆေးကုပေးရန် ယူဆောင်သွားခဲ့သည်ဆိုသော်လည်း ပိုင်ရှင်ဦးမောင်မောင်နှင့် လက်ရှိဖြစ်သူ ဦးသန်းရွှေတို့၏ သဘောတူ ခွင့်ပြုချက်မရှိဘဲ ယူဆောင်သွားခဲ့ခြင်းဖြစ်ရာ ၎င်းသည် ဆင်များကို ဥပဒေအရ လက်ရှိရထိုက်သူ မဟုတ်ကြောင်း၊ ထို့ကြောင့် ယင်းအချက်များကို ထည့်သွင်းမသုံးသပ်ခဲ့သော မြို့နယ်နှင့် တိုင်းတရားရုံးတို့၏ အမိန့်မှားယွင်း သဖြင့် ပယ်ဖျက်၍ သက်သေခံဆင်(၂) ကောင်စလုံးကို မူလရုံးတရားလို ဦးသန်းရွှေအား ပြန်ပေးစေရန် ပြင်ဆင် အမိန့်ချမှတ်သင့်ကြောင်း တင်ပြ သည်။

ဦးသိန်းရွှေအတွက် ၎င်း၏ ရှေ့နေက အခိုကချေပတင်ပြရာ၌ အချင်းဖြစ်ဆင် (၂) ကောင်မှာ ဘခင်ဦးမောင်မောင်ပိုင်သော ဆင်များဖြစ် သည်ဟု သက်သေအထောက်အထား မရှိသည့်ပြင် ဦးမောင်မောင်က မြို့နယ်တရားရုံး၌ တင်ပြတောင်းဆိုခြင်းလည်း မရှိခဲ့ကြောင်း၊ ပိုင်ရေးပိုင်ခွင့် ကို တရားမမှု၌သာ ဆုံးဖြတ်ပေးခွင့်ရှိမည် ဖြစ်ကြောင်း၊ ဦးသိန်းရွှေသည် ဆင်များကို ဆေးကုပေးရန် သဘောရိုးဖြင့် ယူဆောင်သွားခဲ့သည်ဟု ဦးသန်းရွှေက ဝန်ခံထွက်ဆိုခဲ့ချက်အရ မြို့နယ်တရားရုံးက ဦးသန်းရွှေအား စွဲချက်မတင်မီ အမှုမှ ပြန်လွှတ်၍ မှားယွင်းမှုဟု သတ်မှတ်ခဲ့ပြီးဖြစ်ရာ သက်သေခံဆင်များမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ ၌ ဖော်ပြ ထားသော "ပစ္စည်း" ဆိုသော စကားရပ်နှင့် သက်ဆိုင်အကျုံးဝင်မှု မရှိကြောင်း၊ ဦးသန်းရွှေ တိုင်ကြားခဲ့သော အမှုမှာ ဖြစ်ပွားခဲ့ခြင်းမရှိတော့၍ မူလမှုမှ ရှာဖွေပုံစံပါ ဖော်ပြချက်များကို ထည့်သွင်းစဉ်းစားရန် အကြောင်း မရှိကြောင်း၊ ရှာဖွေပုံစံပါ ဦးသိန်းရွှေ၏ဝန်ခံချက်များမှာ သက်သေခံ ဥပဒေပုဒ်မ ၂၆ နှင့်လည်း ဆန့်ကျင်၍ သက်သေခံမဝင်ကြောင်း၊ ဦးသန်းရွှေ ဘက်မှ တင်ပြသော ဦးအုန်းဖေပါ (၃) အမှုဖြစ်သော ၁၉၇၈ ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံးစာမျက်နှာ ၁၃၇ ပါအမှု၌ ရှာဖွေပုံစံပါ အချက်များကို ဝန်ခံခဲ့သူတို့မှာ တရားလိုပြ သက်သေများသာဖြစ်ရာ ယခုအမှုနှင့် ကိုက်ညီ ခြင်းမရှိကြောင်း၊ ဦးသန်းရွှေ ဘက်မှတင်ပြသော အချက်တို့မှာဦးသိန်းရွှေပေါ် စွဲချက်တင်ထိုက် မတင်ထိုက် ကိစ္စတွင်သာ တင်ပြရန် သက်ဆိုင်သော အချက်များဖြစ်ကြောင်း၊ ဆင်များ သိမ်းဆည်းခဲ့စဉ်က လက်ရှိဖြစ်သူ

၁၉၉၃
ဦးသန်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

ဦးသိန်းရွှေအား ပြန်ပေးထားစေသည့် တိုင်းတရားရုံး၏ အမိန့်မှာ ဥပဒေ စီရင်ထုံးများနှင့် ညီညွတ်မှန်ကန်မှု ရှိကြောင်းတင်ပြသည်။

ရှေ့နေချုပ်ရုံး ကိုယ်စားဥပဒေအရာရှိက တင်ပြရာ၌ သက်သေခံဆင် များကို နှစ်ဘက်အမှုသည်တို့၏ ဘခင်ဦးမောင်မောင် ပိုင်ဆိုင်ပြီး ၎င်းက ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ထားချက်အရ ဦးသန်းရွှေက လက်ရှိထား၍ လုပ်ကိုင်နေခြင်း၊ ထိုဆင်များကို ဆေးဝါးကုသပေးရန်အတွက် သဘောရိုး ဖြင့် ယူဆောင်သွားခဲ့သူ ဦးသိန်းရွှေထံမှ ရဲက သိမ်းဆည်းခဲ့ခြင်းတို့ ထင်ရှား ပေါ်လွင်ကြောင်း၊ ထို့ကြောင့် သက်သေခံဆင်နှစ်ကောင်ကို ဦးသိန်းရွှေအား ပြန်ပေးထားစေရန် ချမှတ်ခဲ့သော တိုင်းတရားရုံး၏အမိန့် မှားယွင်းမှု မရှိသဖြင့် ဤပြင်ဆင်မှု(၂)မှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

မြို့နယ်တရားရုံး၏ စီရင်ချက်တွင် တရားခံဦးသိန်းရွှေသည် အချင်း ဖြစ်ဆင် (၂) ကောင်ကို မရိုးမဖြောင့်သော သဘောဖြင့် ယူဆောင်သွားခဲ့ခြင်း မဟုတ်ပါဟု တရားလို၏ ထွက်ချက်အရ ထင်ရှားနေ၍ စွဲချက်မတင်မိ လွှတ်ရန်သာရှိကြောင်း၊ ဆင်ပိုင်ရှင် ဦးမောင်မောင်က ဦးသန်းရွှေသို့ လွှဲအပ်သည့် (၁၀-၃-၈၉) နှင့် (၂၁-၆-၈၉) နေ့စွဲပါ အထွေထွေကိုယ်စား လှယ် လွှဲစာများအရ ပလောင်တင်အမည်ရှိ ဆင်ကို တရားခံ ဦးသိန်းရွှေထံမှ သိမ်းဆည်းလာသည့်တိုင် လက်ရှိဖြစ်သင့်သော လက်လွှတ်လိုက်ရသူ ဦးသန်းရွှေအား ပြန်ပေးသင့်ကြောင်း၊ မောင်သိန်းကြည်အမည်ရှိဆင်မှာ ဦးမောင်မောင်က ဦးသန်းရွှေအား လွှဲအပ်ပေးထားသည်ဟု နောက်ဆုံးချုပ်ဆို သည့်လွှဲစာတွင်မပါရှိကြောင်း၊ ဦးလှမြင့်က (၁၃-၆-၈၅) နေ့စွဲပါ ကိုယ် စားလှယ်လွှဲစာဖြင့် ဦးသိန်းရွှေထံ လွှဲအပ်ထားသည့် ဆင်မမယ်ပုလေးကို ဦးစောလှသိန်းပိုင် မောင်သိန်းကြည်အမည်ရှိဆင်နှင့် ဖလှယ်ခဲ့သည့် စာချုပ် အရ ဦးသိန်းရွှေလက်ရှိဖြစ်ခဲ့သော ဆင်ထီးမောင်သိန်းကြည်ကို သိမ်းဆည်း ခြင်းခံရသူ ဦးသိန်းရွှေထံ ပြန်ပေးသင့်ကြောင်း သုံးသပ်ဆုံးဖြတ်ထားသည်။

သို့ရာတွင် (၁၃-၆-၈၅) ရက်နေ့တွင် ဦးလှမြင့်က ၎င်းပိုင်ဆင် မမယ်ပုလေးကို ဦးသိန်းရွှေထံ လွှဲအပ်လုပ်ကိုင်ခွင့်ပေးခဲ့သော်လည်း ယင်း နေ့ နောက်ပိုင်း (၂၈-၁၂-၈၈) နေ့တွင် ပြုလုပ်သည့် ဆင်ဖလှယ်စာချုပ်၌မူ ဦးသိန်းရွှေတို့၏ဘခင် ဦးမောင်မောင်ကသာ ဆင်ပိုင်ရှင်အနေဖြင့် စာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုး၍ ဆင်မမယ်ပုလေး (ခ) မချောစိန်ကို ဦးစော လှသိန်းပိုင် ဆင်ထီးမောင်သောင်းကြည်နှင့် လဲလှယ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပြီး အဆိုပါ ဆင်ထီး မောင်သောင်းကြည်မှာ အချင်းဖြစ်သည့်

(၁-၁၂-၈၉) ရက်နေ့တွင် ဆင်ပိုင်ရှင် ဦးမောင်မောင်၏ (၂၁-၆-၈၉) နေ့စွဲပါ ကိုယ်စားလှယ် လွှဲစာချုပ်အရ သားငယ်ဖြစ်သူ မောင်သန်းရွှေ လက်ရှိ လုပ်ကိုင်လျက်ရှိသော ဆင်ဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် မြို့နယ် တရားရုံးက သက်သေခံဆင်ထီး မောင်သိန်းကြည်ကို ဦးသိန်းရွှေထံ ပြန် ပေးခဲ့ရာတွင် သုံးသပ်ထားသည့်အချက်မှာ အမှုအကြောင်းခြင်းရာမှန်နှင့် ညီညွတ်မှန်ကန်ခြင်းမရှိပေ။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ (၁)တွင် ပစ္စည်းလက်ရှိ ထားခွင့် ရှိသည်ဟု တောင်းဆိုသူအားပေးအပ်စေရန် အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသောကြောင့် ယင်းသို့ တောင်းဆိုသူမှာ သက်သေခံ ပစ္စည်းကို လက်ရှိထားပိုင်ခွင့်ရှိသူဖြစ်ရန် လိုအပ်သည်။

ယခုဖြစ်ပွားသည့် မူလမှုမှ သက်သေထွက်ချက်များနှင့်စာရွက်စာ တမ်း အထောက်အထားများအရ ဦးသိန်းရွှေက သက်သေခံဆင်နှစ်ကောင် ကိုဆွဲယူသွားသည့်အချိန်တွင် ဆင်ပိုင်ရှင်ဖြစ်သူ ဦးမောင်မောင်က သားဖြစ်သူ မူလရုံး တရားလို ဦးသန်းရွှေအား မှတ်ပုံတင် ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲပြောင်းပေးအပ်ထားပြီး သက်ဆိုင်ရာ သစ်လုပ်ငန်းဌာနက ငှားရမ်း၍ လုပ်ကိုင်နေချိန်ဖြစ်ကြောင်း တွေ့ရသည်။ မူလရုံးတရားခံ ဦးသိန်းရွှေက သက်သေခံဆင်နှစ်ကောင်ကို ယင်းသို့ တရားဝင် လက်ရှိလုပ်ကိုင်နေသူ ဦးသန်းရွှေထံမှ ဆွဲယူသွားခဲ့ရာတွင် လက်ရှိထားပိုင်ခွင့်ရှိသူအနေဖြင့် မဟုတ်ဘဲ ဆေးကုသပေးရန်အတွက် သက်သက်သာလျှင် ဆွဲယူသွားခဲ့သူ ဖြစ်ကြောင်းသာ ပေါ်ပေါက်သည်။

သို့ဖြစ်ရာ သက်ဆိုင်ရာ မူလမှု၏ ထူးခြားသောအကြောင်းခြင်းရာ အရ မြို့နယ်တရားရုံးက ဦးသိန်းရွှေအား အမှုမှစွဲချက်မတင်မီ ပြန်လွှတ် ထားခဲ့ရုံမျှဖြင့် ၎င်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ (၁) အရ သက်သေခံဆင်များကို လက်ရှိထားပိုင်ခွင့်ရှိသူဖြစ်သည်ဟု တောင်းဆိုနိုင်ရန် ခံယည်းပြီး သဘာဝကျနိုင်မည် မဟုတ်ပေ။

သက်သေခံဆင်များကို အမှုအတောအတွင်း လက်ရှိထိန်းသိမ်းခွင့် ရရန်အတွက် နှစ်ဘက်အပြိုင်အဆိုင် လျှောက်ထားခဲ့ကြစဉ်ကလည်း တရားရုံး ချုပ်က ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေ (အထူးအယူခံမှု) အမှတ် ၈၅ နှင့် ၈၆ တို့၌ သက်သေခံဆင် (၂) ကောင်စလုံးကို မူလရုံးတရားလို ဦးသန်းရွှေအား ထိန်းသိမ်းစေရန် ပေးအပ်ခဲ့သည့် တရားရုံးချုပ်၏

အမိန့်ကို အတည်ပြု၍ မူလရုံးတရားခံ ဦးသိန်းရွှေ၏ အထွေထွေလျှောက်လွှာကို ပလပ်ခဲ့ပြီးဖြစ်သည်။

ဦးသိန်းရွှေဘက်မှ စီရင်ထုံး အကိုးအကားများ တင်ပြခဲ့သော်လည်း ယင်းစီရင်ထုံးများပါ အမှုအဖြစ်အပျက်များမှာ ယခုအမှုပါ အဖြစ်အပျက် အကြောင်းခြင်းရာနှင့် ထပ်တူကိုက်ညီသော အမှုများဖြစ်သည်ဟု မဆိုနိုင်ပေ။

တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ အမိန့်ချမှတ်ရာ၌ တရားခံအား အပြစ်မရှိ၍ အမှုမှအပြီးအပြတ် လွှတ်ခဲ့လျှင် သက်သေခံပစ္စည်းကို သာမန်အားဖြင့် အကြောင်းထူးမရှိပါက ပစ္စည်းသိမ်းဆည်းခြင်း ခံရသူထံ ပြန်ပေးထားစေရန် အမိန့်ချမှတ်ရန် ဖြစ်သော်လည်း ယခုအမှုတွင်မူ အကြောင်းထူးရှိနေသဖြင့် ယင်းသို့အမိန့်ချမှတ်ရန်မသင့်ပေ။

**ဦးစိန်ဝင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၂)**[၁] အမှု၌ ပြစ်မှုဆိုင်ရာ အမှုများတွင် သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားခံအား အမှုမှအပြီးအပြတ်လွှတ်လိုက်ပါက သာမန်အားဖြင့် နောက်ဆုံးလက်ဝယ်ရှိခဲ့သူ အမှုမှလွှတ်သည့် တရားခံသို့သာ ပြန်ပေးလေ့ရှိကြောင်း၊ သို့ရာတွင် ဤအမှုမှ သက်သေခံငွေနှင့် ယင်းငွေအတွက် ထားရှိသော ငွေစုစာအုပ်မှာ ဗလီပိုင်ဖြစ်ပြီး အမှုမှ အပြီးအပြတ်လွှတ်ခဲ့သော ဂေါပကအဖွဲ့ဝင်တရားခံဦးစိန်ဝင်းပိုင်မဟုတ်ကြောင်း၊ ထိုအခြေအနေတွင် သက်သေခံငွေစုစာရင်း စာအုပ်အား ဗလီယာယီကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ခင်သို့ ပြန်ပေးစေရန် ချမှတ်ခဲ့သည့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို အတည်ပြုကြောင်း စီရင်ဆုံးဖြတ်ခဲ့သည့် သာဓကတစ်ရပ်လည်း ရှိပြီးဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး သက်သေခံဆင်ထီး (၂)ကောင်နှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် သာပေါင်းမြို့နယ် တရားရုံးနှင့် ဧရာဝတီတိုင်းတရားရုံး (ပုသိမ်မြို့နယ်စု)၏ အမိန့်တို့ကို ပယ်ဖျက်၍ ယင်းဆင်(၂) ကောင်စလုံးကို မူလရုံးတရားလို ဦးသန်းရွှေအား ပြန်ပေးထားစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

---

၁။ ၁၉၉၁ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး (တရားရုံးချုပ်) စာမျက်နှာ ၁၅

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

### တရားရုံးချုပ် တရားသူကြီး ဦးကျော်တင့်ရွှေ့တွင်

+ ၁၉၉၃ ဖေဖော်ဝါရီလ ၁၁ ရက်

ဦးသိန်းတင်ပါ ‒၂
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ‒၂ *

**မတရားတားဆီးပိတ်ပင်သူအား မတရားတားဆီးပိတ်ပင်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ အပြစ်ပေးရာတွင် မတရားတားဆီး ပိတ်ပင်ထားမှုကို ဖယ်ရှားစေရန် အမိန့်ချမှတ်ခြင်း မပြုနိုင်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ အရ လျှောက်ထားမှုတွင်သာ ထိုကဲ့သို့သော အမိန့်မျိုးကို ချမှတ်နိုင်သည်။**

**ဆုံးဖြတ်ချက်။** ။ ဦးသိန်းတင်နှင့်ဒေါ်အုန်းကျင်တို့အပေါ် ဦးတင်အေးက ရန်ကုန်တိုင်းတရားရုံး၌ တရားမမှုစွဲဆိုသောကြောင့် ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့က ခြံဝင်းအတွင်းသို့ ဦးတင်အေးတို့ ဝင်ထွက်သွားလာခြင်းမပြုနိုင်အောင် ခြံဝင်းတံခါးကို ပိတ်ထားခြင်းမှာ သဘောရိုးဖြင့် ပြုလုပ်ခြင်းဖြစ်သည်ဟု မဆိုနိုင်ပေ။ အချင်းဖြစ် မြေကွက်နှင့် ဂိုဒေါင်အား ဦးတင်အေးတို့ ဝင်ထွက်သွားလာခြင်း မပြုနိုင်အောင် ဦးသိန်းတင်တို့အနေဖြင့် ပိတ်ပင်တားဆီးခြင်းမှာ သဘောရိုးဖြင့် ပိတ်ပင်တားဆီးခြင်း မဟုတ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၉ ၏ ကင်းလွတ်ချက်၌ အကျုံးမဝင်ပေ။

တစ်ဦးတစ်ယောက်သောသူ သွားလာပိုင်ခွင့်ရှိသော အရပ်သို့ မသွားမလာရအောင် မိမိအလိုအလျောက် တားဆီးပိတ်ပင်လျှင် မတရားတားဆီးကန့်ကွက်မှုမြောက်ကြောင်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၉တွင် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့အပေါ် အင်းစိန်မြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ ပြစ်မှုထင်ရှားတွေ့ရှိပြီး အပြစ်ပေးထားခြင်းမှာ မှားယွင်းမှုမရှိပေ။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃.၂၅ (ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၃ တွင် ချမှတ်သော (၂၈‒၅‒၉၂) ရက်စွဲပါ ရန်ကုန်တိုင်း (အင်းစိန်မြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၃
ဦးသိန်းတင်
ပါ-၂
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

မတရားတားဆီးပိတ်ပင်သူအား မတရားတားဆီးပိတ်ပင်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရအပြစ်ပေးရာတွင် မတရားတားဆီးပိတ်ပင်ထားမှုကို ဖယ်ရှားစေရန် အမိန့်ချမှတ်ခြင်းမပြုနိုင်ပေ။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ အရ လျှောက်ထားမှုတွင်သာ ထိုကဲ့သို့သောအမိန့်မျိုးကို ချမှတ်နိုင်သည်။

လျှောက်ထားသူများအတွက် – ဦးထွန်းရွှေ၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်– ၁။ ဒေါ်ခင်မာမာလတ်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး၊
၂။ ဦးအုံးမောင်၊ တရားရုံးချုပ်ရှေ့နေ (မလာ)

အင်းစိန်မြို့နယ် တရားရုံး ၁၉၉၁ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၁၅၇၆ တွင် ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ ဒဏ်ငွေ ၅၀ဝိ/–စီ ပေးဆောင်စေရန်၊ ဒဏ်ငွေမဆောင်က ထောင်ဒဏ် (၁၅) ရက်စီ ကျခံစေရန်အပြင် ဦးတင်အေးတို့ မိသားစု ဝင်ထွက်သွားလာနိုင်ရန်အတွက် ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့က ပိတ်ပင်တားဆီးထားသော တံခါးကို ဖယ်ရှားပေးရန် အင်းစိန်မြို့နယ် တရားရုံးကအမိန့်ချမှတ်ခဲ့သည်။ယင်းအမိန့်ကို ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင် တို့က မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံး (အင်းစိန်မြို့နယ်စု) ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၃/၉၂ တွင် အယူခံဝင်ရာ မအောင်မြင်သောကြောင့် တရားရုံးချုပ်၌ ဤပြင်ဆင်မှုအား ဆက်လက်တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ အင်းစိန်မြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၁–စီ)၊ မြေကွက် အမှတ် (၆၀/ည)ရှိ ဂိုဒေါင်သို့ ဝင်ထွက်သွားလာခြင်းမပြုနိုင်အောင် ဝင်းခြံကို ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့က ပိတ်ထားပြီး မတရားတားဆီးကန့်ကွက်သဖြင့် ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့အပေါ် ဥပဒေအရ အရေးယူရန် ဦးတင်အေးကအင်းစိန်မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ချက်ဖွင့်ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

ဤပြင်ဆင်မှုတွင် လျှောက်ထားသူများ၏ ရှေ့နေက ဦးတင်အေးသည် လျှောက်ထားသူများအပေါ် တရားမလမ်းကြောင်းအရ ရန်ကုန်တိုင်း တရားရုံး၌ အခွင့်အမိန့်ဖြင့် နေထိုင်သူအား နှင်လိုမှုစွဲဆိုထားကြောင်း၊ ရန်ကုန်တိုင်း တရားရုံးက တရားမမှုကို အပြီးသတ်ဆုံးဖြတ်ခြင်း မပြုမီ

၁၉၉၃
ဦးသိန်းတင်
ပါ-၂
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

ယခု ပြင်ဆင်မှု လျှောက်ထားသူများအနေဖြင့် အချင်းဖြစ်မြေကွက်ကို လက်ဝယ်ထားရှိသူများဖြစ်၍ တားဆီးပိတ်ပင်ခွင့်ရှိကြောင်း သဘောရိုးဖြင့် တားဆီးပိတ်ပင်ခြင်းသည် ပြစ်မှုမမြောက်ကြောင်းဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၉ တွင် ပြဋ္ဌာန်းထားကြောင်း၊ ရန်ကုန်တိုင်း တရားရုံးက တရားမမှုကို အဆုံးအဖြတ်မပြုသေးမီ ယခုပြင်ဆင်မှုလျှောက်ထားသူများအား အင်းစိန်မြို့နယ် တရားရုံးက အပြစ်ပေးထားခြင်းမှာ တရားမမှုကို ကြိုတင် ဆုံးဖြတ်ရာ ရောက်နေပြီး တရားစီရင်ရေးမဏ္ဍိုင်ကို တိမ်းစောင်းစေကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇တွင် တံခါးကို ဖွင့်စေသည့် အမိန့် ချမှတ်ရန် လုပ်ပိုင်ခွင့် အပ်နှင်းမထားကြောင်း စသည်ဖြင့် လျှောက်လဲ တင်ပြသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိက ပြင်ဆင်မှု လျှောက်ထားသူတို့သည် ဦးတင်အေးတို့ ဝင်ထွက်သွားလာခွင့်ရှိသော ဂိုဒေါင်သို့ မသွားမလာရအောင် ခြံဝင်းတံခါးကို ပိတ်ထားခြင်းမှာ သဘောရိုးဖြစ်သည်ဟု မဆိုနိုင်၍ လျှောက်ထားသူတို့ အပေါ် မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ ပြစ်မှုထင်ရှားစီ ရင်ခြင်းမှာ ဥပဒေအရ မှန်ကန်ကြောင်း၊ လျှောက်ထားသူများသည် အတားအဆီးကို ဖယ်ရှားခြင်းမပြုဘဲ ဆက်လက်ထားရှိပါက ၎င်းတို့အပေါ် ထပ်တလဲလဲ တရားစွဲဆိုနိုင်ခွင့်ရှိသဖြင့် လျှောက်ထားသူများအား ပြစ်မှု ထင်ရှားစီရင်ရာတွင် ခြံတံခါးကို ဖယ်ရှားစေသည့် အမိန့်ထည့်သွင်း ချမှတ်ရန် လိုအပ်မည်မဟုတ်ကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

အချင်းဖြစ်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ ဂိုဒေါင်မှာ ဦးတင်အေး ၏ဖခင် ဦးစစ်ဖန်အမည်ဖြင့်ရှိသည်။ အချင်းမဖြစ်မီက အချင်းဖြစ်မြေနှင့် ဂိုဒေါင်သို့ ဦးတင်အေးတို့ ဝင်ထွက်သွားလာကြကြောင်း၊ ဦးတင်အေးက ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့အပေါ် ရန်ကုန်တိုင်း တရားရုံးတရားမကြီးမှု အမှတ် ၆၃ (က)/၉၁ တွင် အခွင့်အမိန့်ဖြင့် နေထိုင်သူအား နှင်လိုမှု စွဲဆိုပြီးသည့်နောက်ပိုင်းတွင်မှ အချင်းဖြစ်မြေကွက်နှင့် ဂိုဒေါင်သို့ ဦးတင် အေးတို့ ဝင်ထွက်သွားလာခြင်း မပြုနိုင်အောင် ဦးသိန်းတင်နှင့် ဒေါ်အုန်း ကျင်တို့က ခြံဝင်းတံခါးကို သော့ပိတ်ထားခဲ့ကြောင်းမှာ ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့၏ ထွက်ချက်များအရ ပေါ်ပေါက်နေသည်။

အင်းစိန်မြို့နယ် တရားရုံးအနေဖြင့် အချင်းဖြစ်မြေနှင့် ဂိုဒေါင်၏ ပိုင်ရှင်မှာ မည်သူဖြစ်ကြောင်းသော်လည်းကောင်း၊ဦးသိန်းတင်နှင့်ဒေါ်အုန်းကျင်

၁၉၉၃
ဦးသိန်းတင်
ပါ-၂
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

တို့သည် အခွင့်အမိန့်အရ နေထိုင်သူများ ဟုတ် မဟုတ်သော်လည်းကောင်း၊ အဆုံးအဖြတ်ပေးထားခြင်းမရှိချေ။ ထို့ကြောင့် အင်းစိန်မြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက်မှာ ရန်ကုန်တိုင်း တရားရုံးရှိ တရားမမှုကို ကြိုတင်ဆုံးဖြတ်ရာ ရောက်သည်ဆိုသော ပြင်ဆင်မှုလျှောက်ထားသူများ ရှေ့နေ၏ တင်ပြချက်ကို လက်မခံနိုင်ပေ။

ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့အပေါ် ဦးတင်အေးက ရန်ကုန်တိုင်းတရားရုံး၌ တရားမမှုစွဲဆိုသောကြောင့် ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့က ခြံဝင်းအတွင်းသို့ ဦးတင်အေးတို့ ဝင်ထွက်သွားလာခြင်း မပြုနိုင်အောင် ခြံဝင်းတံခါးကို ပိတ်ထားခြင်းမှာ သဘောရိုးဖြင့် ပြုလုပ်ခြင်းဖြစ်သည်ဟု မဆိုနိုင်ပေ။ အချင်းဖြစ်မြေကွက်နှင့် ဂိုဒေါင်အား ဦးတင်အေးတို့ ဝင်ထွက်သွားလာခြင်း မပြုနိုင်အောင် ဦးသိန်းတင်တို့အနေဖြင့် ပိတ်ပင်တားဆီးခြင်းမှာ သဘောရိုးဖြင့် ပိတ်ပင်တားဆီးခြင်း မဟုတ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၉ ၏ ကင်းလွတ်ချက်၌ အကျုံးမဝင်ပေ။

တစ်ဦးတစ်ယောက်သောသူ သွားလာပိုင်ခွင့်ရှိသောအရပ်သို့ မသွားမလာရအောင် မိမိအလိုအလျောက် တားဆီးပိတ်ပင်လျှင် မတရားတားဆီးကန့်ကွက်မှုမြောက်ကြောင်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၉ တွင် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့်ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့အပေါ် အင်းစိန်မြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ ပြစ်မှုထင်ရှားတွေ့ရှိပြီး အပြစ်ပေးထားခြင်းမှာ မှားယွင်းမှုမရှိပေ။

မတရားတားဆီးပိတ်ပင်သူအား မတရားတားဆီးပိတ်ပင်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ အပြစ်ပေးရာတွင် မတရားတားဆီးပိတ်ပင်ထားမှုကို ဖယ်ရှားစေရန် အမိန့်ချမှတ်ခြင်း မပြုနိုင်ပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ အရ လျှောက်ထားမှုတွင်သာ ထိုကဲ့သို့သော အမိန့်မျိုးကို ချမှတ်နိုင်သည်။

ဖော်ပြပါအကြောင်းများကြောင့် ဤပြင်ဆင်မှုကို တစ်စိတ်တစ်ဒေသ ခွင့်ပြု၍ အင်းစိန်မြို့နယ် တရားရုံးက ဦးသိန်းတင်နှင့် ဒေါ်အုန်းကျင်တို့ပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ ပြစ်မှုထင်ရှားတွေ့ရှိ အပြစ်ပေးထားခြင်းကို အတည်ပြုပြီး ပိတ်ပင်တားဆီးထားသည့် တံခါးအား ဖယ်ရှားစေရန် ချမှတ်ထားသည့် အမိန့်ကိုမူ ပယ်ဖျက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

### တရားရုံးချုပ် တရားသူကြီး ဦးကျော်တင့်ရှေ့တွင်

+ ၁၉၉၃
နှစ်လ ၂၅
ရက်

ဒေါ်သိန်းထိုက်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၈ *

**မြို့နယ်တရားရုံး၏ အမှုတွဲကို အခြားမြို့နယ်တရားရုံးသို့ ပြောင်းရွှေ့ခဲ့ပြီး အမှုကို အစမှပြန်လည် စစ်ဆေးရုံဖြင့် တိုင်းတရားရုံးမှ ယခင်က ချမှတ်ခဲ့သည့်အမိန့်သည် ပျက်ပြယ်သွားခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ မန္တလေးအရှေ့မြောက်မြို့နယ်တရားရုံးသည် မိမိ၏ အထက်တရားရုံးဖြစ်သည့် တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်ခွင့် မရှိသောကြောင့် အဆိုပါ မြို့နယ်တရားရုံးအမိန့်မှာ ဥပဒေအရ တရားမဝင်ချေ၊ ထို့ကြောင့် ယင်းအမိန့်ကို ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၃၆/၉၂ တွင် အတည်ပြု ခဲ့သော မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်)၏ (၂၁-၁၂-၉၂) နေ့စွဲပါ အမိန့်မှာလည်း ဥပဒေအရ တရားဝင်၍ မှန်ကန်သောအမိန့်အဖြစ် ရပ်တည်နိုင်မည်မဟုတ်ပေ။

လျှောက်ထားသူအတွက် - ဦးစိုးမြင့်၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက်- ၁။ ဦးခင်မောင်ဦး၊ လက်ထောက် ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး
၂။ ၃။ ၄။ ၅။ ၆။ ၇။ ၈။ ဦးမြင့်အောင် တရားရုံးချုပ်ရှေ့နေ။

ဒေါ်သိန်းထိုက်က (၁) ဦးတင်ယု (၂) ဒေါ်အေးသင် (၃) ဒေါ်စောရီ(၄) ဦးသန်းမောင် (၅) ဒေါ်ခင်သန်း (၆) မမြမြနှင့် (၇) ဦးကိုကြီးတို့သည် ကွယ်လွန်သူ ဒေါ်ငွေး၏ အိမ်သို့လူစုလူဝေးဖြင့် ဝင်ရောက်ပြီး ကွယ်လွန်သူ ဒေါ်ငွေး၏ ကျန်ရစ်ခဲ့သော ပစ္စည်းများဖြစ်သည့် စိန်၊ ရွှေ လက်ဝတ်

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃ (ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၃၆ တွင် ချမှတ်သော (၂၁-၁၂-၉၂) ရက်စွဲပါ မန္တလေးတိုင်း (မန္တလေးခရိုင်) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

ရတနာများကို ယူဆောင်သွားကြကြောင်း၊ ထို့အပြင် ဒေါ်ဌေး မကွယ်လွန်မီက ဒေါ်ဌေးနှင့် ဒေါ်သိန်းထိုက်တို့ လက်ရှိနေထိုင်သော တိုက်မကြီးပေါ်သို့ ဝင်ထွက်သွားလာခြင်းမပြုနိုင်ရန်အတွက် ဦးတင်ယုပါ (၇)ဦးတို့က သော့ပိတ်သွားသည့်ပြင် မီးဖိုတိုင် (၉) လုံးကို လွှဖြင့်ဖြတ်၍ဖျက်ဆီးသွားပြီးနောက် ထိုတိုင် (၉) လုံးဖြင့် တိုက်အတွင်းသို့ မဝင်နိုင်အောင် ပိတ်ဆို့ကာရံထား၍ ဝင်ထွက်သွားလာနိုင်ခြင်းမရှိတော့ကြောင်း၊ ဦးတင်ယုပါ (၇)ဦးတို့သည် ဒေါ်သိန်းထိုက်အား အရေးယူမည်၊ ဖမ်းဆီးမည်ဟု ခြိမ်းခြောက်ပြောဆိုကြောင်း စသည်ဖြင့်ဖော်ပြပြီး ဦးတင်ယု ပါ(၇) ဦးတို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄/ ၅၀၆/ ၄၂၇/ ၃၄၁ တို့အရ အရေးယူပေးရန် မတ္တရာမြို့နယ် တရားရုံး၌ ဦးတိုက်လျှောက်ထားသည်။ မတ္တရာမြို့နယ်တရားရုံးက ပြစ်မှုကြီး အမှတ် ၄၄၂/၉၁ ဖွင့်လှစ်ကာ ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဦးတင်ယု ပါ(၇) ဦးတို့က ဖော်ပြပါအမှုကို ရုံးပြောင်းပေးရန် မန္တလေးတိုင်းတရားရုံး(မန္တလေးမြို့နယ်စု) ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၆၇/၉၁ တွင် လျှောက်ထားရာ မန္တလေးတိုင်း တရားရုံး (မန္တလေး မြို့နယ်စု)က မတ္တရာမြို့နယ် တရားရုံး၏ ပြစ်မှုကြီး အမှတ် ၄၄၂/၉၁ ကို မန္တလေး အရှေ့မြောက်မြို့နယ် တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် အဆိုပါအမှုမှာ မန္တလေးအရှေ့မြောက်မြို့နယ်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၂၀၄၇/၉၁ အဖြစ်သို့ ပြောင်းလဲခဲ့သည်။

မတ္တရာမြို့နယ် တရားရုံး၌ အမှုကို စစ်ဆေးဆောင်ရွက်နေစဉ် ဒေါ်သိန်းထိုက်က ဦးတင်ယုတို့ ယူဆောင်သွားသည့် ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် တရားရုံးသို့ တင်ပြစေရန်အတွက် ဝရမ်းထုတ်ပေးရန် လျှောက်ထားရာ မတ္တရာမြို့နယ် တရားရုံးက ယင်းပစ္စည်းများကို တရားရုံးသို့တင်ပြရန် (၁၃-၆-၉၁) ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးတင်ယု ပါ(၇)ဦးတို့က မကျေနပ်၍ မန္တလေးတိုင်း တရားရုံး (မန္တလေးမြို့ နယ်စု) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၃၅/၉၁ တွင် ပြင်ဆင်မှုတင် သွင်းရာ ယင်းပြင်ဆင်မှုအား တိုင်းတရားရုံးက ပလပ်ခဲ့သည်။

မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံးသို့ အမှုတွဲပြောင်းရွှေ့ရောက်ရှိလာသည့်အခါ ဒေါ်သိန်းထိုက်က သက်သေခံပစ္စည်းများကို တရားရုံးသို့ တင်ပြစေရန် မတ္တရာမြို့နယ် တရားရုံးက အမိန့်ချမှတ်ထားပြီး ယင်းအမိန့်ကို မန္တလေးတိုင်းတရားရုံး (မန္တလေးမြို့နယ်စု) ကလည်း အတည်ပြု

ထားပြီး ဖြစ်သောကြောင့် ယင်းအမိန့်အရ သက်သေခံပစ္စည်းများကို တရားရုံးက သိမ်းဆည်းရန်အတွက် ဝရမ်းထုတ်ပေးရန် မန္တလေးအရှေ့မြောက်မြို့နယ်တရားရုံးတွင် လျှောက်ထားသည်။ မန္တလေး အရှေ့မြောက်မြို့နယ် တရားရုံးက ဒေါ်သိန်းထိုက်၏ လျှောက်ထားချက်ကို ပလပ်လိုက်သည်။ မြို့နယ်တရားရုံး၏အမိန့်ကို ဒေါ်သိန်းထိုက်က မကျေနပ်၍ မန္တလေးတိုင်းတရားရုံး (မန္တလေးခရိုင်)၏ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၃၆/၉၂ တွင် ပြင်ဆင်မှု တင်သွင်းသည်။ ယင်းပြင်ဆင်မှုကို ပလပ်ကြောင်း မန္တလေးတိုင်းတရားရုံး (မန္တလေးခရိုင်) က အမိန့်ချမှတ်ခဲ့သည်၊ ထို့ကြောင့်ဒေါ်သိန်းထိုက်က တရားရုံးချုပ်၌ ဤပြင်ဆင်မှုအား တင်သွင်းခြင်း ဖြစ်သည်။

ဒေါ်သိန်းထိုက်က ပြင်ဆင်မှုလျှောက်လွှာတွင် အကြောင်းပြချက်အဖြစ် အခြားအချက်အလက်များအပြင် သက်သေခံပစ္စည်းများကို တရားရုံးသို့ပေးအပ်ရန်အတွက် မတ္တရာမြို့နယ် တရားရုံးက အမိန့်ချမှတ်ခဲ့ပြီး ယင်းအမိန့်ကို တိုင်းတရားရုံးက အတည်ပြုခဲ့ကြောင်း၊ အမှုမှာ ရုံးပြောင်းသွား၍ မူလချမှတ်ထားသည့် မြို့နယ်တရားရုံး၏ အမိန့်မှာ ပျက်ပြယ်သွားပြီးဖြစ်သည်ဟု မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံးက သုံးသပ်ဆုံးဖြတ်ထားခြင်းနှင့် ယင်းဆုံးဖြတ်ချက်ကို မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) က အတည်ပြုခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း စသည်ဖြင့် အဓိကရေးသားဖော်ပြထားသည်။

တရားခံဦးတင်ယု ပါ (၇) ဦးတို့၏ ရှေ့နေက တင်ပြရာ၌ သက်သေခံ ပစ္စည်းများမှာ အမွေဆိုင်ပစ္စည်းများဖြစ်နေခြင်း၊ မူလရုံးတရားခံ ဦးတင်ယုတို့က (ရဝတ) ဥက္ကဋ္ဌရှေ့၌ သက်သေခံ (ခ)အရ မိသားစု စီမံမှုပြုလုပ်ခဲ့ကြစဉ်က ကန့်ကွက်သူမရှိခဲ့ခြင်း၊ ဒေါ်ဌေး၏ အသုဘာကုန်ကျစရိတ်ငွေများအတွက် သက်သေခံ ရွှေထည်ပစ္စည်းများကို အစိုးရအပေါင်ဆိုင်တွင် ပေါင်နှံခဲ့ခြင်းဖြစ်ရာ ပျောက်ဆုံးပျက်စီးသွားရန် အကြောင်းမရှိနိုင်ခြင်း၊ သက်သေခံပစ္စည်းများကို ရုံးရှေ့တင်ပြရန် မလိုအပ်ခြင်းတို့ကို အကြောင်းပြုပြီး ဒေါ်သိန်းထိုက်၏ လျှောက်ထားချက်ကို ပလပ်ခဲ့သည့် မြို့နယ်နှင့် တိုင်းတရားရုံးတို့၏ အမိန့်မှန်ကန်မျှတမှုရှိကြောင်း၊ ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

ရှေ့နေချုပ်ရုံးအတွက် လက်ထောက်ညွှန်ကြားရေးမှူးကလည်း တရားခံ ဦးတင်ယုတို့ဘက်မှ တင်ပြသည့်နည်းတူ တင်ပြပြီး (ရဝတ)

၁၉၉၃
ဒေါ်သိန်းထိုက်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၈

ဥက္ကဋ္ဌရှေ့၌ အမွေဆိုင်များက မိသားစုစိမ်ချက် ပြုလုပ်ခဲ့ကြရာတွင် တရားလို ဒေါ်သိန်းထိုက်ကိုယ်တိုင်က မြေကွက်တစ်ခြမ်းကို လက်ခံရယူခဲ့ပြီး ထိုစိမ်ချက်ကို သဘောတူခဲ့ကြောင်း၊ ဒေါ်ဌေး၏အသုဘကိစ္စအတွက် ၃၅၅၈၀/- ကုန်ကျခဲ့သဖြင့် သက်သေခံပစ္စည်းများကို အစိုးရ အပေါင်ဆိုင်တွင် ဦးတင်ယုကို့က ပေါင်ထားခြင်းဖြစ်သောကြောင့် အလွယ်တကူ ပျက်စီးပျောက်ဆုံးရန်အကြောင်း မရှိနိုင်ကြောင်း၊ ထို့ကြောင့် ဖော်ပြပါ အကြောင်းအချက်များအပြင် သက်သေခံပစ္စည်းများမှာ တရားရုံးသို့ ရောက်ရှိရန် အထူးတလည် လိုအပ်ခြင်းမရှိကြောင်း၊ သက်သေခံပစ္စည်းများကို သိမ်းဆည်းရန် ဝရမ်းထုတ်ခြင်းဖြင့် အမှုကို ပိုမိုရှုပ်ထွေးကြန့်ကြာစေနိုင်ကြောင်းဖြင့် သုံးသပ်၍ ဒေါ်သိန်းထိုက်၏ လျှောက်ထားချက်ကို ငြင်းပယ်ခဲ့သော မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များယွင်းမှုမရှိကြောင်း၊ ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံးကအခြားအချက်အလက်များအပြင် အမှုမှာ မတ္တရာမြို့နယ်တရားရုံးမှ မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံးသို့ပြောင်းရွှေ့ရောက်ရှိလာ၍ အမှုကိုအစမှတစ်ဖန် ပြန်လည်စစ်ဆေးခဲ့ရသဖြင့် မူလမတ္တရာမြို့နယ် တရားရုံး၏အမိန့်မှာ ပျက်ပြယ်ပြီးဖြစ်ကြောင်း သုံးသပ်ပြီး ဒေါ်သိန်းထိုက်၏ လျှောက်ထားချက်ကို ပလပ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) က မြို့နယ်တရားရုံး၏ အမိန့်မှာ ဥပဒေအရ အကြီးအကျယ် မှားယွင်းတိမ်းစောင်းကြောင်း မပေါ်ပေါက်ဟု သုံးသပ်ပြီး ဒေါ်သိန်းထိုက် တင်သွင်းသည့် ပြင်ဆင်မှုကို ပလပ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

မတ္တရာမြို့နယ်တရားရုံး ပြစ်မှုကြီးအမှတ် ၄၄၂/၉၁ နှင့် မန္တလေးတိုင်းတရားရုံး (မန္တလေးမြို့နယ်စု) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၃၅/၉၁ တို့တွင် ချမှတ်ထားသည့် အမိန့်များကို မည်သည့်တရားရုံးကမျှ ပယ်ဖျက်ခြင်း မရှိသေးသောကြောင့် အဆိုပါအမိန့်များမှာ ဥပဒေအရ အတည်ဖြစ်နေပေသည်။ ထိုကဲ့သို့ ဥပဒေအရ အတည်ဖြစ်နေသောအမိန့်များမှာ မတ္တရာမြို့နယ် တရားရုံးမှ မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံးသို့ အမှုလွှဲပြောင်းရောက်ရှိသွားခြင်းကြောင့် ပျက်ပြယ်ပြီးဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် တရားလို ဒေါ်သိန်းထိုက် (ခ) ဒေါ်ပုထံမှ တရားခံ ဦးတင်ယုတို့ ယူဆောင်သွားခဲ့ကြောင်း အငြင်းမပွားသော ရွှေထည်

ပစ္စည်းများ၊ စိန်လက်စွပ်၊ ဘုရားကျောင်းဆောင်၊ ဖလား၊ သေတ္တာ၊ ကုလားထိုင်နှင့် ကော်ဇောတို့ကို ရှာဖွေသိမ်းဆည်းပြီး တရားရုံးရှေ့သို့ သက်သေခံပစ္စည်း အဖြစ်တင်ပြစေရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၉၆ အရ ချမှတ်ခဲ့သော မတ္တရာမြို့နယ် တရားရုံး၏ အမိန့်ပျက်ပြယ်ပြီး ဖြစ်သည်ဟု အမိန့်ချမှတ်ခဲ့သော မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံး၏ အမိန့်မှားယွင်းသည်။ မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံးက ယင်းသို့အမိန့်ချမှတ်ခဲ့ခြင်းမှာ မတ္တရာမြို့နယ် တရားရုံး၏ အထက်ဖော်ပြပါ အမိန့်အား အတည်ပြုခဲ့သော မန္တလေးတိုင်းတရားရုံး (မန္တလေးမြို့နယ်စု) ၏ ပြင်ဆင်မှုအမှတ် ၁၃၄/၉၁ နှင့် ၁၃၅/၉၁ အမှုနှစ်မှု၏ (၃၁-၇-၉၁) နေ့စွဲပါ အမိန့်ကိုလည်း ပြင်ဆင်ပယ်ဖျက်ရာ ရောက်နေပေသည်။

မတ္တရာမြို့နယ် တရားရုံး၏ အမှုတွဲကို မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံးသို့ ပြောင်းရွှေ့ခဲ့ပြီး အမှုကိုအစမှ ပြန်လည်စစ်ဆေးရုံဖြင့် ဖော်ပြပါတိုင်းတရားရုံး၏ (၃၁-၇-၉၁) နေ့စွဲပါ အမိန့်ပျက်ပြယ်သွားခြင်း မရှိချေ။ မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံးသည် မိမိ၏အထက် တရားရုံးဖြစ်သည့် တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ခွင့်မရှိသောကြောင့် အဆိုပါ မြို့နယ်တရားရုံး၏ အမိန့်မှာ ဥပဒေအရတရားမဝင်ချေ။ ထို့ကြောင့် ယင်းအမိန့်ကို ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၃၆/၉၂ တွင် အတည်ပြု ခဲ့သော မန္တလေးတိုင်းတရားရုံး (မန္တလေးခရိုင်)၏ (၂၁-၁၂-၉၂) နေ့စွဲပါ အမိန့်မှာလည်း ဥပဒေအရတရားဝင်၍ မှန်ကန်သောအမိန့်အဖြစ် ရပ်တည် နိုင်မည်မဟုတ်ပေ။

မူလရုံးတရားခံ ဦးတင်ယုတို့သည် သက်သေခံပစ္စည်းများကို အစိုးရ အပေါင်ဆိုင်၌ ပေါင်နှံထားကြောင်း ဝန်ခံထားရာ ၎င်းတို့သည် အငြင်းပွားနေသော အမှုနှင့် သက်ဆိုင်သည့်ပစ္စည်းများကို လွှဲပြောင်းခဲ့သော ပြုလုပ်ချက် တစ်ရပ်ဖြစ်သည်။ ထို့ပြင် အငြင်းပွားနေသော ရွှေထည်လက်ဝတ်လက်စား ပစ္စည်းများမှာ မူလရုံးက အမှုစစ်ဆေးရာတွင် လိုအပ်ခြင်းမရှိနိုင်ဟု တထစ်ချ ဆိုနိုင်မည် မဟုတ်သည်ကိုလည်း တွေ့ရသည်။ မူလရုံးတရားခံ ဦးတင်ယု တို့သည် အမှုတွင် အဓိက အငြင်းပွားနေသော ပစ္စည်းများကို အစိုးရ အပေါင်ဆိုင်တွင် ပေါင်နှံထားပါက ယင်းပစ္စည်းများကို ပြန်လည်ရွေးယူပြီး တရားရုံးသို့ တင်ပြရန် တာဝန်ရှိပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံး၏ (၂၈-၉-၉၂) နေ့စွဲပါ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့

သော မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) ၏ (၂၁-၁၂-၉၂) နေ့စွဲပါ အမိန့်တို့ကို ပယ်ဖျက်၍ မူလရုံးတရားလို ဒေါ်သိန်းထိုက် လျှောက်ထား သည့်အတိုင်း အချင်းဖြစ် ရွှေငွေလက်ဝတ်ရတနာပစ္စည်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၉၆ အရ သိမ်းဆည်းတင်ပြရန် ဝရမ်းထုတ်ဆင့်ခဲ့သည့် မတ္တရာမြို့နယ် တရားရုံး၏ အမိန့်ကိုအတည်ပြုခဲ့သော မန္တလေးတိုင်း တရားရုံး (မန္တလေးမြို့နယ်စု) ၏ (၃၁-၇-၉၁) နေ့စွဲပါ အမိန့်ကို ပြန်လည် အတည်ပြုကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

### တရားရုံးချုပ် တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ဦးအေးကို
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂ *

+ ၁၉၉၃
ဖေဖော်ဝါရီလ
၁၆ ရက်

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ အရ အရေးယူပေးရန် တိုင်တန်းစွဲဆိုရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(က)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(က) တွင် "မည်သည့်တရားရုံးကမျှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၂ မှ ၁၈၈ အထိ ပြစ်ဒဏ်စီရင်ထိုက်သော ပြစ်မှုတစ်ခုခုတစ်ရာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၏ သို့မဟုတ် ၎င်း၏အထက် ပြည်သူ့ဝန်ထမ်း၏စာဖြင့် ရေးသားတိုင်တန်းချက်အရ မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်း မပြုရ"ဟု ပြဋ္ဌာန်းထားသည်။

မူလရုံးအမှုတွင် ဒုရဲအုပ် စခန်းမှူးသုခသည် တရားခံ ဦးအေးကိုအား အရေးယူပေးရန် တရားရုံးသို့စာဖြင့် ရေးသားတိုင်တန်းခဲ့သည်ကို မတွေ့ရဘဲ ရဲစခန်းသို့သာ သတင်းပေး တိုင်တန်းခဲ့ကြောင်း တွေ့ရှိသည်။ ထို့ပြင် ၎င်းမှာပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က)ပါ "သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း" ဖြစ်ကြောင်းသော်လည်းကောင်း၊ ထိုဝန်ထမ်း၏အထက် ပြည်သူ့ဝန်ထမ်းဖြစ်ကြောင်းသော်လည်းကောင်း ပေါ်ပေါက်ခြင်းမရှိပေ။ သို့ဖြစ်၍ မူလရုံးအမှုမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁)(က)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်သည်ဟု မဆိုသာပေ။

လျှောက်ထားသူအတွက် – ဦးသိန်းဟံ၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက်– ၁။ ဦးထွန်းရွှေ၊ လက်ထောက်
ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး
၂။ ကိုယ်တိုင်၊ လာ

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၈၃

+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၁၀၊ မြေထဲမြို့နယ်တရားရုံးအမှုတွဲ အား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ ချေဖျက်ပေးရန် လျှောက်ထားမှု

၁၉၉၃
ဦးအေးကို
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

မြေထဲမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၁၀/၉၂ တွင် မူလရုံးက တရားခံဦးအေးကိုအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ အရ အရေးယူစစ်ဆေးလျက်ရှိရာ ယင်းအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရချေဖျက်ပေးရန်အတွက် ဦးအေးကိုက တရားရုံးချုပ်သို့ ဤအထွေထွေလျှောက်လွှာကို တင်သွင်းသည်။

အမှုမှာ မြေထဲမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့၊ မှုခင်းမှတ်တမ်းဌာနမှ ဒုရဲအုပ် စခန်းမှူးသုခက မြေထဲမြို့နယ် ဒုရက်ဘို ရဲစခန်းအပိုင် စကြီးရွာနေ ဦးအေးကိုသည် မြေထဲမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး ဦးမောင်မောင်နှင့် ဥပဒေဝန်ထမ်းအဆင့် (၃) ဒေါ်ကြည်ကြည်ဝင်းတို့အပေါ် တရားခံဘက်မှ ငွေကြေးရယူလာဘ်စားမှုဖြင့် အရေးယူပေးရန် အထက်အာဏာပိုင်အဖွဲ့ အစည်းအသီးသီးသို့ တိုင်ကြားခဲ့ရာ တိုင်ကြားစာနှင့် ပတ်သက်၍ အဖွဲ့ဖွဲ့ စစ်ဆေးသည့်အခါ တိုင်ကြားချက်မှာ မှန်ကန်မှုမရှိသဖြင့် တိုင်ကြားသူ ဦးအေးကိုအား ထိရောက်စွာ အရေးယူသွားရန် မကွေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ညွှန်ကြားခဲ့ပြီး မကွေးတိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၊ ဒုတိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၊ မြေထဲမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးတို့မှ ထပ်ဆင့် ညွှန်ကြားခဲ့၍ ဦးအေးကိုအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ အရ အရေးယူပေးပါရန် မြေထဲရဲစခန်းသို့ သတင်းပေးတိုင်တန်းခဲ့သော အမှုဖြစ်သည်။

လျှောက်ထားသူက ပြင်ဆင်မှုအကြောင်းပြချက်အဖြစ် တင်ပြရာတွင် ရဲအရေးမပိုင်သောအမှုကို ရဲစခန်းမှ တိုင်ချက်လက်ခံပြီး တရားစွဲတင်ပို့ခဲ့ခြင်းအား မြို့နယ်တရားရုံးက စစ်ဆေးနေခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ အရ အရေးယူပေးရန် တိုင်တန်းစွဲဆိုရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁)(က) ပါပြဋ္ဌာန်းချက်နှင့်အညီ စွဲဆိုခဲ့ခြင်းမရှိကြောင်း အဓိကထားတင်ပြသည်။

မူလရုံးအမှုကို လေ့လာရာတွင် မြေထဲရဲစခန်းက ဒုရဲအုပ်စခန်းမှူးသုခ၏တိုင်ချက်ကို လက်ခံခဲ့ခြင်းမှာ ရဲအရေးမပိုင်မှုအဖြစ်သာ လက်ခံခဲ့ကြောင်းတွေ့ရှိရ၍ အမှုကိုစွဲဆိုရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁)(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ စွဲဆိုခဲ့ခြင်းရှိ မရှိသာ သုံးသပ်ရန်လိုအပ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁)(က)တွင် "မည်သည့်တရားရုံးကမျှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၂ မှ ၁၈၈ အထိပြစ်ဒဏ်

စိရင်ထိုက်သော ပြစ်မှုတစ်ခုတစ်ရာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၏ သို့မဟုတ် ၎င်း၏ အထက်ပြည်သူ့ဝန်ထမ်း၏ စာဖြင့် ရေးသားတိုင်တန်းချက်အရ မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရ" ဟု ပြဋ္ဌာန်းထားသည်။

မူလရုံးအမှုတွင် ဒုရဲအုပ်စခန်းမှူးသုခသည် တရားခံဦးအေးကိုအား အရေးယူပေးရန် တရားရုံးသို့စာဖြင့် ရေးသားတိုင်တန်းခဲ့သည်ကို မတွေ့ရဘဲ ရဲစခန်းသို့သာ သတင်းပေးတိုင်တန်းခဲ့ကြောင်း တွေ့ရှိသည်။ ထို့ပြင် ၎င်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁)(က)ပါ "သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း" ဖြစ်ကြောင်းသော်လည်းကောင်း၊ ထိုဝန်ထမ်း၏ အထက် ပြည်သူ့ဝန်ထမ်း ဖြစ်ကြောင်းသော်လည်းကောင်း၊ ပေါ်ပေါက်ခြင်းမရှိပေ။ သို့ဖြစ်၍ မူလရုံးအမှုမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁)(က)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်သည်ဟုမဆိုသာပေ။

ရှေ့နေချုပ်ရုံးမှ လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိကလည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁)(က)နှင့် ညီညွတ်ခြင်းမရှိကြောင်း လျှောက်လဲတင်ပြသည်။

သို့ဖြစ်၍ ဤအထွေထွေ လျှောက်လွှာကို လက်ခံသည်။ မြေထဲမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၁၀/၉၂ ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်လိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

### တရားရုံးချုပ် တရားသူကြီး ဦးသန်းဖေရှေ့တွင်

ဦးအောင်ထွန်း

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ *

+ ၁၉၉၃
မေလ ၂၆ရက်

အမှုသည်များထံမှ အမှုအဖြစ်အပျက်အကြောင်းအရာများကို ဆွေးနွေးသိရှိခဲ့ရပြီးနောက် အထက်ဖော်ပြပါ ပြောကြားခဲ့သူနှင့် ဆန့်ကျင်ဘက်အမှုသည်၏ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်းသည် ရှေ့နေရှေ့ရပ်များ စောင့်ထိန်းအပ်သော ကျင့်ဝတ်သိက္ခာနှင့် လျော်ညီခြင်းရှိမရှိ။

**ဆုံးဖြတ်ချက်။** ။ ရှေ့နေအသင်း တွဲဖက်အတွင်းရေးမှူးအဖြစ် တည်ရှိခဲ့စဉ် တာဝန်ရှိသူတစ်ဦး အနေဖြင့်လည်းကောင်း၊ လုပ်သက်ရင့် တရားရုံးချုပ်ရှေ့နေတစ်ဦး အနေဖြင့်လည်းကောင်း၊ အမှုသည်များ၊ အမှုအဖြစ်အပျက်အကြောင်းအရာများကို ဆွေးနွေးသိရှိခဲ့ရပြီးနောက် ရှေ့နေအသင်းအမှုဆောင်တာဝန်နှင့် အသင်းသားအဖြစ်မှ နုတ်ထွက်ခဲ့ကာ မိမိအားအထက်ဖော်ပြပါ ပြောကြားခဲ့သူနှင့် ဆန့်ကျင်ဘက်အမှုသည်၏ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်းသည် ရှေ့နေရှေ့ရပ်များစောင့်ထိန်းအပ်သော ကျင့်ဝတ်သိက္ခာနှင့် လျော်ညီခြင်းမရှိဟု သဘောရရှိပေသည်။

လျှောက်ထားသူအတွက် – ကိုယ်တိုင်

လျှောက်ထားခံရသူများအတွက် – ၁။ ဦးခင်မောင်ဦး၊ ဥပဒေအရာရှိ၊ ရှေ့နေချုပ်ရုံး

၂။ ဦးကျော်သိန်း၊ တရားရုံးချုပ်ရှေ့နေ (မလာ)

ပဲခူးမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၁၀၈/၉၂ တွင် တရားခံ မောင်တင်စန်း၏ ရှေ့နေအဖြစ် တရားရုံးချုပ်ရှေ့နေ

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၂၆ (ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၇ တွင်ချမှတ်သော (၂၀-၁၀-၉၂) ရက်စွဲပါ ပဲခူးတိုင်း (ပဲခူးမြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

ဦးကျော်သိန်းအား လိုက်ပါဆောင်ရွက်ခွင့် မပြုရန် တရားလိုဦးအောင်ထွန်းကကန့်ကွက်ခဲ့ရာ မူလရုံးက ယင်းကန့်ကွက်ချက်ကိုပယ်လျက် လိုက်ပါဆောင်ရွက်ခွင့်ပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဦးအောင်ထွန်းက ပဲခူးတိုင်း တရားရုံး (ပဲခူးမြို့နယ်စု) သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၇/၉၂ ကို တင်သွင်းခဲ့သော်လည်း အောင်မြင်ခြင်းမရှိသဖြင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို ဆက်လက်တင်သွင်းသည်။

အမှုမှာ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ သနပ်ပင်လမ်းနေ တရားရုံးချုပ်ရှေ့နေ ဦးအောင်ထွန်းက ၎င်းသည် တစ်လမ်းတည်းနေ မောင်တင်စန်းထံမှ အမှုလိုက်ခကြွေးကျန်ငွေရရန်ရှိသည့်ကိစ္စနှင့်ပတ်သက်၍ (ရဝတ) ဥက္ကဋ္ဌအား (၅-၇-၉၂) ရက်နေ့တွင် တိုင်ကြားခဲ့ရာ (ရဝတ) ဥက္ကဋ္ဌက မောင်တင်စန်းအား (၆-၇-၉၂) ရက်နေ့တွင် ခေါ်ပြောသဖြင့် ထိုနေ့ ည (၇)နာရီခန့်တွင် မောင်တင်စန်းသည် ၎င်း၏နေအိမ်ရှေ့ ပလက်ဖောင်းပေါ်မှနေပြီး ဓားရှည်ဆွဲကိုင်ကာ သတ်ဖြတ်မည်ဟု ကြိမ်းမောင်းခြင်း၊ ရှေ့နေများကို စော်ကားခြင်း၊ အရပ်ကို စော်ကားခြင်း၊ အသရေဖျက်ခြင်း၊ မူးယစ်ရမ်းကားတရားဥပဒေချိုးဖောက်ခြင်း ပြုခဲ့၍ မောင်တင်စန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၆၊၅၀၀ နှင့် ၂၉၄ တို့အရ အရေးယူပေးရန် ပဲခူးမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့သောအမှုဖြစ်သည်။

မူလရုံးက တရားလိုဦးအောင်ထွန်းသည် ၎င်း၏ အဖြစ်အပျက်ကို ရှေ့နေများနားနေခန်းတွင် ပြောပြ၍ ရှေ့နေဦးကျော်သိန်းကြားသိခဲ့ခြင်းမှာ ကြုံကြိုက်၍ ကြားခဲ့ရခြင်းသာဖြစ်ပြီး ဦးအောင်ထွန်းမှ အမှုသည်တစ်ဦးအနေဖြင့် ဆွေးနွေးခြင်း၊ ဦးကျော်သိန်းမှလည်း ဦးအောင်ထွန်းထံမှ ညွှန်ကြားချက်ရယူခဲ့ခြင်းမျိုး မဟုတ်သောကြောင့် တရားခံရှေ့နေအဖြစ် ဦးကျော်သိန်းလိုက်ပါဆောင်ရွက်ခြင်းအား ခွင့်ပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။

တိုင်းတရားရုံးက တရားရုံးချုပ်ရှေ့နေ တစ်ဦးသည် ကျင့်ဝတ်သိက္ခာနှင့် စပ်လျဉ်းသည့် မလိုလားအပ်သော အပြုအမူကို ပြုမူခဲ့သော် ထိုရှေ့နေအပေါ် ရှေ့နေများနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်နှင့်အညီသာ အရေးယူဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရှေ့နေလိုက်ပါခွင့်ကို ပိတ်ပင်ပါက တရားစီရင်ရေး ဥပဒေပုဒ်မ ၂(စ)ပါ အခွင့်အရေးကို ငြင်းပယ်ရာရောက်မည်ဖြစ်ကြောင်း သုံးသပ်ကာ မူလရုံးအမိန့်ကို အတည်ပြုခဲ့သည်။

လျှောက်ထားသူက ပြင်ဆင်မှုအကြောင်းပြချက်အဖြစ် တင်ပြရာတွင် တရားရုံးချုပ်ရှေ့နေ ဦးကျော်သိန်းသည် ပဲခူးရှေ့နေအသင်း၏ တွဲဖက်

အတွင်းရေးမှူးဖြစ်ပါလျက် အသင်းဝင် ရှေ့နေအစော်ကားခံရသည့် အဖြစ်အပျက် တိုင်တန်းတင်ပြချက်ကို အသေးစိတ် နားထောင်ခဲ့ပြီး စော်ကားသူဖက်မှ အမှုလိုက်ပါဆောင်ရွက်ပေးရန် ကမ်းလှမ်းလာသည့်အခါ ငွေကြေးရရှိမှုအား အဓိကထား၍ ပဲခူးရှေ့နေအသင်း၏ တွဲဖက်အတွင်းရေးမှူးအဖြစ်မှ နှုတ်ထွက်ကာ စော်ကားသူဖက်မှ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ရန် ရှေ့နေကိုယ်စားလှယ်စာတင်ခဲ့ခြင်းမှာ မည်သို့မျှ မလျော်ကန်သောအကြောင်းကိစ္စဖြစ်၍ မူလရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်ကို ပယ်ဖျက်ပြီး ဦးကျော်သိန်းအား မူလရုံးအမှုတွင် လျှောက်ထားခံရသူ၏ ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခွင့် မပြုသင့်ကြောင်း အဓိကထား တင်ပြသည်။

မူလရုံးနှင့် တိုင်းတရားရုံးအမှုများကို လေ့လာသောအခါ လျှောက်ထားသူ တရားရုံးချုပ်ရှေ့နေ ဦးအောင်ထွန်းက ၎င်းသည် မူလရုံးအမှုနှင့်ပတ်သက်သော အမှုဖြစ် အကြောင်းခြင်းရာများကို ပဲခူးရှေ့နေအသင်းတွဲဖက်အတွင်းရေးမှူးဖြစ်သူ ဦးကျော်သိန်းအား ပြောပြတိုင်ကြားခဲ့ရာဦးကျော်သိန်းသည် ယင်းအမှုဖြစ် အကြောင်းခြင်းရာများကို အသေးစိတ်နားထောင်သိရှိပြီးမှ ဆန့်ကျင်ဘက်အမှုသည်ဖြစ်သော တရားခံမောင်တင်စန်း၏ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ရန် ကိုယ်စားလှယ်လွှဲစာတင်ခဲ့ခြင်းမှာရှေ့နေများ စောင့်စည်းအပ်သည့် ကျင့်ဝတ်စည်းကမ်းနှင့် ညီညွတ်ခြင်းမရှိ၍မူလရုံးအမှုတွင် တရားခံရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့်မပြုသင့်ကြောင်းတင်ပြထားသည်ကို တွေ့ရသည်။

လျှောက်ထားခံရသူ မောင်တင်စန်း၏ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်သူ တရားရုံးချုပ်ရှေ့နေ ဦးကျော်သိန်းက တင်ပြရာတွင် တရားရုံးချုပ် ရှေ့နေတစ်ဦးသည် ရှေ့နေများ စောင့်စည်းအပ်သော ကျင့်ဝတ်သိက္ခာနှင့် မညီသည့် အပြုအမူကို ပြုမူခဲ့သော် ထိုရှေ့နေအပေါ် ရှေ့နေများကောင်စီ၏ ပြဋ္ဌာန်းချက်နှင့်အညီသာ အရေးယူ ဆောင်ရွက် ရမည်ဖြစ်ပြီးရှေ့နေလိုက်ပါခွင့်ကို ပိတ်ပင်၍ မရကြောင်း၊ ဦးအောင်ထွန်းက တရားခံမောင်တင်စန်းသည် ရှေ့နေများကို စော်ကားပြောဆိုနေသည်ဟု ပဲခူးရှေ့နေများ နားနေခန်းထဲတွင် ၎င်းရှိနေစဉ် ပြောခဲ့သည်မှာ မှန်သော်လည်းဦးအောင်ထွန်းမှာ ၎င်း၏အမှုသည်မဟုတ်၍ ညွှန်ကြားချက် ခံယူခြင်း၊ညွှန်ကြားချက်ပေးခြင်းမျိုး မဟုတ်ကြောင်း၊ ရှေ့နေကျင့်ဝတ် စာစောင်တွင်ကြားနာ၊ မေးမြန်း၊ ဆွေးနွေးပြီးဖြစ်လျှင် တစ်ဘက်အမှုသည်ဘက်မှ ရှေ့နေ

မလိုက်သင့်ဟုသာ ဖော်ပြထားကြောင်း၊ မလိုက်ရဟု ဖော်ပြခြင်းမရှိကြောင်း တင်ပြခဲ့သည်ကို တွေ့ရသည်။

ရှေ့နေတစ်ဦးကို မည်သည့်အမှုတွင် လိုက်ပါဆောင်ရွက်ခြင်း မပြုရဟု တားမြစ်ထားသော ဥပဒေပြဋ္ဌာန်းချက် တစ်စုံတစ်ရာ မရှိပေ။ သို့ရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် တရားရုံးချုပ် ရှေ့နေများကောင်စီမှ ထုတ်ဝေသော "ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ" စာအုပ် ရှေ့နေများ စောင့်ထိန်းအပ်သော အမှုသည်များနှင့် ပတ်သက်သည့် ကျင့်ဝတ်သိက္ခာများ ခေါင်းစဉ်အောက်ရှိ အပိုဒ် ၆၈ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

> " ရှေ့နေ ရှေ့ရပ်များသည် အမှုသည်က မိမိအား ရှေ့နေကိုယ်စား လှယ်စာဖြင့် လွှဲအပ်ခြင်း မပြုရသေးစေကာမူ ထိုအမှုသည်ထံမှ ညွှန်ကြားချက်ကို ခံယူပြီးဖြစ်လျှင် သို့မဟုတ် အမှုဖြစ်ရပ် အကျိုး အကြောင်းတို့ကို ကြားနာမေးမြန်း ဆွေးနွေးသိရှိပြီးဖြစ်လျှင် ယင်းအမှု အတွက် အခြားတစ်ဘက် အမှုသည်ဘက်မှ မိမိကိုယ်တိုင်သော် လည်းကောင်း၊ အခြား ရှေ့နေတစ်ဦးအား တစ်ဘက်လှည့်နှင့် သော်လည်းကောင်း လိုက်ပါဆောင်ရွက်ခြင်း မပြုသင့်။"

ထို့ပြင် "အမှုသည်တစ်ဦးထံမှ အငြင်းပွားမှုနှင့် စပ်လျဉ်း၍ လျှို့ဝှက် ကိစ္စများကို သိရှိရပြီးနောက် ဆန့်ကျင်ဘက်အမှုသည်ဘက်မှ လိုက်ပါ ဆောင်ရွက်မည်ဆိုပါက ပထမအမှုသည်၏ အကျိုးကို ထိခိုက်အောင် ၎င်းထံမှ သိရှိထားသည့်အချက်များကို အသုံးချနိုင်ရန် အကြောင်းရှိနိုင် သည်ဖြစ်၍ ယင်းရှေ့နေသည် ပထမအမှုသည်၏ ဆန့်ကျင်ဘက်အမှုသည် ဘက်မှ လိုက်ပါရန်မသင့်ချေ" ဟု **ဦးလောနှင့် မောင်ဘယေ**[၁] အမှုတွင် လမ်းညွှန်ဆုံးဖြတ်ထားသည်။

သို့ဖြစ်ရာ တရားရုံးချုပ် ရှေ့နေ ဦးကျော်သိန်း၊ ပဲခူးမြို့ ရှေ့နေအသင်း တွဲဖက်အတွင်းရေးမှူးအဖြစ် တည်ရှိခဲ့စဉ် တာဝန်ရှိသူတစ်ဦးအနေဖြင့် လည်းကောင်း၊ လုပ်သက်ရင့် တရားရုံးချုပ်ရှေ့နေတစ်ဦးအနေဖြင့်လည်း ကောင်း အမှုသည်များ၊ အမှုအဖြစ်အပျက်အကြောင်းအရာများကို ဆွေးနွေး သိရှိခဲ့ရပြီးနောက် ရှေ့နေအသင်း အမှုဆောင်တာဝန်နှင့် အသင်းသား

---

၁ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၃၁၀ (တရားလွှတ်တော်)။

၁၉၉၃
ဦးအောင်ထွန်း
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

အဖြစ်မှ နုတ်ထွက်ခဲ့ကာ မိမိအား အထက်ဖော်ပြပါ ပြောကြားခဲ့သူနှင့် ဆန့်ကျင်ဘက်အမှုသည်၏ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ခြင်းသည် ရှေ့နေရှေ့ရပ်များ စောင့်ထိန်းအပ်သော ကျင့်ဝတ်သိက္ခာနှင့် လျော်ညီခြင်း မရှိဟု သဘောရရှိပေသည်။

လျှောက်ထားသူက မောင်တင်စန်း ပါ-၃ ဦးတို့အပေါ် ရှေ့နေလိုက်ခ ရလိုမှု စွဲဆိုသော ပဲခူးမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၅၄/၉၂ တွင် တရားရုံးချုပ်ရှေ့နေ ဦးကျော်သိန်းအား မောင်တင်စန်းတို့ဘက်မှ လိုက်ပါဆောင်ရွက်ခွင့် မပြုရန် တရားရုံးချုပ် တရားမပြင်ဆင်မှု အမှတ် ၄၃၇/၉၂ ဦးအောင်ထွန်းနှင့် မောင်တင်စန်း ပါ-၃ ဦး အမှုတွင် ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်းလည်း စိစစ်တွေ့ရှိရသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ မူလရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီး တရားရုံးချုပ် ရှေ့နေ ဦးကျော်သိန်းအား ပဲခူးမြို့နယ် တရားရုံး ပြစ်မှုကြီးအမှတ် ၄၁၀၈/၉၂ တွင် တရားခံ မောင်တင်စန်း၏ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်းမပြုရန် အမိန့်ချမှတ်လိုက်သည်။ ထို့နောက် မူလရုံးအား အမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

### တရားရုံးချုပ် တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

+ ၁၉၉၃
ဖေဖော်ဝါရီလ
၁၇ ရက်

ဦးအောင်လင်း ပါ-၂
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂ *

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလအမှုကို ချေဖျက်ပေးရန် လုပ်ပိုင်ခွင့်ကို တရားရုံးချုပ်က အလွယ်တကူ ကျင့်သုံးလေ့မရှိခြင်း၊ မူလရုံးတရားလို၏ စွဲဆိုချက်မှန်ကန်စေကာမူ မည်သည့်ပြစ်မှုမျှ မြောက်နိုင်မည်မဟုတ်သော အမှုများတွင်သာ ယင်းလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တရားရုံးချုပ်က မူလရုံးအမှုတွဲကို ချေဖျက်ပေးရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ အထက်ဖော်ပြပါ နှစ်ဘက်တင်ပြချက်များနှင့် စပ်လျဉ်း၍ မူလရုံးအမှုတွဲကို လေ့လာကြည့်ရှုရာတွင် တရားလိုပြသက်သေ (၄)ဦးရှိသည့် အနက် (၂)ဦးကို စစ်ဆေးပြီးသောအခါမှ မူလရုံးတရားခံ ဦးအောင်လင်းနှင့် ဒေါ်တင်မေတို့က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလရုံးအမှုတွဲကို ချေဖျက်ပေးရန် တရားရုံးချုပ်သို့ တင်ပြလျှောက်ထားလာခြင်း ဖြစ်သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ မူလရုံးတရာခံ ဦးအောင်လင်းတို့အနေဖြင့် စစ်ဆေးပြီးဖြစ်သော မူလရုံးတရားလို ဦးသိန်းအောင်နှင့် အဓိကတရားလိုပြ သက်သေ ဦးချင်ချန်းတို့၏ ထွက်ချက်အရ ဦးအောင်လင်းတို့အပေါ် ပြစ်မှုကြောင်းအရ စွဲချက်တင်လောက်သော အခြေအမြစ်မရှိဟု တင်ပြလိုပါက၊ ထိုစစ်ဆေးပြီးသော အဓိကသက်သေ (၂) ဦး၏ ထွက်ချက်နှင့်ပင် သုံးသပ်၍ မူလရုံးတရားခံတို့အား စွဲချက်မတင်မီ အမှုမှ လွှတ်ပေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ (၂)အရ မူလရုံး၌ပင် တင်ပြလျှောက်ထားရန် အခွင့်အရေးရှိနေပြီးဖြစ်သည်။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၁၇

+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၉၀၊ မြစ်ကြီးနားမြို့နယ်တရားရုံး၊ အမှုတွဲအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုတွဲချေဖျက်ပေးရန် လျှောက်ထားမှု

၁၉၉၃
ဦးအောင်လင်း
ပါ–၂
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ–၂

ဦးအောင်လင်းတို့အနေဖြင့် ယင်းသို့ အခွင့်အရေးရှိနေသော ကိစ္စတွင် တရားရုံးချုပ်က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ မူလရုံးအမှုတွဲကို ချေဖျက်ပေးရန် သင့်မည်မဟုတ်ပေ။

လျှောက်ထားသူများအတွက် – ဦးသန်းညွန့်၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက်– ၁။ ဦးဝင်းကြည်၊ခရိုင်ဥပဒေအရာရှိ
၂။ ဦးညွန့်မြိုင်၊တရားရုံးချုပ်ရှေ့နေ

မြစ်ကြီးနားမြို့နယ်တရားရုံး၊ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၉၀/၉၂ တွင် ဦးအောင်လင်းနှင့် ဒေါ်တင်မေတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၈ အရ အရေးယူစစ်ဆေးစီရင်သွားရန် အမိန့်ချမှတ် ဆောင်ရွက်ခဲ့ရာ ယင်းအမှုတွဲကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ ချေဖျက်ပေးရန် ဦးအောင်လင်းတို့ (၂)ဦးက ဤအထွေထွေမှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက် ဦးပိုင်အမှတ် ၇၇/၇၉ မြေကွက်အမှတ် ၈၅/၈၆ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး (၂)ထပ်တိုက်ကို မိမိ (ဦးသိန်းအောင်)၏ဘခင် ဦးထွန်းအောင်နှင့် မိခင် ဒေါ်နှင်းဆီတို့က ဆောက်လုပ်ပိုင်ဆိုင်ခဲ့ကြောင်း၊ယင်းမြေနှင့်အိမ်မှာ မိမိ၏ ဘကြီး အယ်(လ်)လင်စု (ခ) ဦးဘသန်းနှင့် သားဦးချင်ချန်းတို့မှတစ်ဆင့် အဆင့်ဆင့်လွှဲပြောင်းပိုင်ဆိုင် လက်ရောက်နေထိုင်လာခဲ့ကြောင်း၊ မိမိသည် အဆိုပါမြေကွက်တွင် မိဘနှင့်အတူနေထိုင်ခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် ပြည်သူ့ ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်တွင် မိမိ၏ မိဘ များလည်း ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့သဖြင့် (၂) တရားခံ ဒေါ်တင်မေမိသားစု ကို အချင်းဖြစ်အိမ်နှင့်မြေပေါ်တွင် အခမဲ့နေခွင့် ပြုထားခဲ့ကြောင်း၊ မိမိ၏ အစ်ကိုဝမ်းကွဲ ဦးချင်ချန်းက မိမိ ညီဖြစ်သူ (၁) တရားခံ ဦးအောင်လင်းအား ဦးပိုင်အမည်လွှဲပြောင်းပေးခဲ့ကြောင်း၊ မိမိ၏ မိဘဖြစ်သူ ဦးထွန်းအောင်နှင့် ဒေါ်တင်မေ ကွယ်လွန်ပြီးနောက် အချင်းဖြစ်မြေနှင့်အိမ်မှာ အမွေဆိုင် ပစ္စည်းအဖြစ်ကျန်ခဲ့ကြောင်း၊ ဦးအောင်လင်းသည် အဆိုပါ မခွဲဝေရသေးသော အမွေဆိုင်ပစ္စည်းကို စောင့်ရှောက်ရန် တာဝန်ရှိပါလျက် ၁၉၈၇–၈၉ ခုနှစ် တွင် ဒေါ်တင်မေတစ်ဦးတည်း၏ အမည်သို့ လိမ်လည်လွှဲပြောင်းပေးခဲ့ ကြောင်း၊ ထို့ကြောင့် ဦးအောင်လင်းနှင့် ဒေါ်တင်မေတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၈ အရ အရေးယူပေးရန် ဦးသိန်းအောင်က မြစ်ကြီးနားမြို့နယ် တရားရုံး၌ တိုက်ရိုက်လျှောက်ထားစွဲဆိုသောအမှုဖြစ်သည်။

၁၉၉၃
ဦးအောင်လင်း
ပါ–၂
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ–၂

ဦးအောင်လင်းတို့အတွက် ရှေ့နေက အထွေထွေမှုအကြောင်းပြချက်များတင်ပြရာ၌ ဦးသိန်းအောင်က ၎င်းသည် ဦးထွန်းအောင်နှင့် ဒေါ်နှင်းဆီတို့၏ သားဖြစ်သည်ဟု တိုက်ရိုက်လျှောက်လွှာတွင် ဖော်ပြခဲ့သော်လည်း ရုံးရှေ့ထွက်ချက်တွင်မူ ၎င်းသည် စစ်အတွင်းကပင် ကွဲကွာသွားခဲ့သော ဦးထွန်းအောင်၏ပထမဇနီး ဒေါ်ဆွမ်ချင့်နှင့်ရသောသားဖြစ်ပြီး ဦးအောင်လင်းသည်သာလျှင် ဦးထွန်းအောင်နှင့် ဒေါ်နှင်းဆီတို့၏ သားဖြစ်သည်ဟု ပေါ်ပေါက်ခဲ့ကြောင်း၊ ဦးသိန်းအောင်နှင့် သက်သေ ဦးချင်ချွန်းတို့၏ ရုံးရှေ့ထွက်ဆိုချက်အရပင် အချင်းဖြစ်မြေမှာ မူလက ဦးထွန်းအောင်၏ အစ်ကို ဦးဘသန်း(ခ) အယ်(လ်)လင်စု အမည်ပေါက်ခဲ့ပြီး ဦးဘသန်းသည် ၎င်း၏ သား ချင်ချွန်းမှတစ်ဆင့် ဦးအောင်လင်း၏ အမည်သို့ တရားဝင်လွှဲပြောင်းပေးခဲ့ခြင်း၊ ၁၉၆၉–၇၀ ခုနှစ်ကတည်းက ဦးအောင်လင်းအမည်ဖြင့် လက်ရှိ မြေဂရံ မြေခွန်ပြေစာနှင့် စည်ပင်သာယာခွန် ပြေစာများ ထွက်ရှိခဲ့ခြင်း၊ ထိုသို့ ဦးအောင်လင်း၏ အမည်သို့ ပြောင်းပေးစဉ်က ဦးထွန်းအောင်၊ ဒေါ်နှင်းဆီ အပါအဝင် မည်သူမျှ ကန့်ကွက်မှု မရှိသဖြင့် သက်ဆိုင်ရာဌာနမှ တရားဝင်လွှဲပြောင်းပေးခဲ့ခြင်း၊ မိမိသည် အချင်းဖြစ်မြေကို ဦးအောင်လင်း၏ အမည်သို့ လိမ်လည် လွှဲပြောင်းပေးခဲ့ခြင်း မဟုတ်ဘဲ တရားဝင်လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်သည်ဟု ဦးချင်ချွန်းကိုယ်တိုင် စစ်ခံထွက်ဆိုထားခြင်းတို့မှာ ထင်ရှားပေါ်လွင်ပြီး ဖြစ်ကြောင်း၊ ဦးထွန်းအောင်နှင့် ဒေါ်နှင်းဆီတို့က အချင်းဖြစ်မြေနှင့်အိမ်ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်သည့် အထောက်အထားတစ်စုံတစ်ရာကိုလည်း ဦးသိန်းအောင်က မတင်ပြနိုင်သဖြင့် အမွေဆိုင်ပစ္စည်းဟု မဆိုနိုင်ကြောင်း၊ ဦးသိန်းအောင်သည် မမှန်မကန်ထိန်ချန်ဖော်ပြ၍ စွဲဆိုခဲ့ခြင်းဖြစ်သည်ဟုပေါ်လွင်ရာ ၎င်းမှာ တရားစွဲဆိုခွင့် ရှိသူအချင်းဖြစ်ပစ္စည်းနှင့် သက်ဆိုင်နစ်နာသူ မဟုတ်ကြောင်း၊ အမွေဆိုင်ပစ္စည်း မှန်ကန်လျှင်ပင် တရားမကြောင်းအရသာ စွဲဆိုရမည့် အမှုဖြစ်ပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၈ အရ စွဲဆိုရန် အကျုံးဝင်သော အမှုမဟုတ်ကြောင်း၊ ထို့ကြောင့် မူလ အမှုတွဲကို ချေဖျက်ပေးသင့်ကြောင်း ဆင်ပြသည်။

ရှေ့နေချုပ်ရုံးကိုယ်စား ဥပဒေအရာရှိက တင်ပြရာ၌ အချင်းဖြစ်မြေနှင့် စပ်လျဉ်း၍ ဦးသိန်းအောင်အမည်ဖြင့် ဂရန်ပေါက်နေရာမှ ဒေါ်တင်မေ၏ အမည်သို့ မည်သို့မည်ပုံ ပြောင်းလဲပြီး ဂရန်ထွက်လာသည့် အချက်ကို စိစစ်ဖော်ထုတ်ရန်လိုကြောင်း၊ ယင်းအချက်နှင့် စပ်လျဉ်း၍ မြေစာရင်းဌာနမှ

၁၉၉၃
ဦးအောင်လင်း
ပါ–၂
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ–၂

ပုဂ္ဂိုလ်များကို စစ်ဆေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤအထွေထွေမှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

ဦးသိန်းအောင်အတွက် ၎င်း၏ ရှေ့နေက ချေပတင်ပြရာ၌ အချင်းဖြစ်မြေမှာ မူလက ဦးဘသန်း ပိုင်ခဲ့ပြီး ဦးထွန်းအောင်နှင့် ဒေါ်နှင်းဆီက ထိုမြေကို ဝယ်ယူ၍ အိမ်ဆောက်လုပ်ခဲ့သည်မှာ ပေါ်လွင်ကြောင်း၊ ပစ္စည်းမှာ အမွေဆိုင်ပစ္စည်းဖြစ်ကြောင်း၊ အချင်းဖြစ်မြေကို ဦးအောင်လင်းက အမွေဆိုင်မဟုတ်သူ ဒေါ်တင်မေအား လိမ်လည်လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၈အရ ဆက်လက်စစ်ဆေးရန် အကျုံးဝင်သော အမှုဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအဆင့်တွင် အမှုကို ချေဖျက်ပေးရန် မသင့်၍ ဤအထွေထွေမှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ၅၆၁–ကအရ မူလအမှုကို ချေဖျက်ပေးရန် လုပ်ပိုင်ခွင့်ကို တရားရုံးချုပ်က အလွယ်တကူ ကျင့်သုံးလေ့မရှိပေ။ မူလရုံးတရားလို၏ စွဲဆိုချက်မှန်ကန်စေကာမူ မည်သည့်ပြစ်မှုမျှ မြောက်နိုင်မည်မဟုတ်သော အမှုများတွင်သာ ယင်းလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တရားရုံးချုပ်က မူလရုံးအမှုတွဲကို ချေဖျက်ပေးရန် ဖြစ်သည်။ ထို့ပြင် ယင်းသို့ အမှုတွဲချေဖျက်ပေးရန် လျှောက်ထားသူကလည်း စောစီးစွာ လျှောက်ထားရန် လိုပေသည်။

အထက်ဖော်ပြပါ နှစ်ဘက်တင်ပြချက်များနှင့် စပ်လျဉ်း၍ မူလရုံး အမှုတွဲကို လေ့လာကြည့်ရှုရာတွင် တရားလိုပြသက်သေ (၄) ဦးရှိသည့် အနက် (၂) ဦးကို စစ်ဆေးပြီးသောအခါမှ မူလရုံးတရားခံ ဦးအောင်လင်းနှင့် ဒေါ်တင်မေတို့က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ မူလရုံး အမှုတွဲကို ချေဖျက်ပေးရန် တရားရုံးချုပ်သို့ တင်ပြလျှောက်ထား လာခြင်း ဖြစ်သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ မူလရုံး တရားခံ ဦးအောင်လင်းတို့ အနေဖြင့် စစ်ဆေးပြီး ဖြစ်သော မူလရုံးတရားလို ဦးသိန်းအောင်နှင့် အဓိက တရားလိုပြသက်သေ ဦးချင်ချန်းတို့၏ ထွက်ချက်အရ ဦးအောင်လင်းတို့အပေါ် ပြစ်မှုကြောင်း အရ စွဲချက်တင်လောက်သော အခြေအမြစ်မရှိဟု တင်ပြလိုပါက ထို စစ်ဆေးပြီးသော အဓိက သက်သေ (၂) ဦး၏ထွက်ချက်နှင့်ပင် သုံးသပ်၍ မူလရုံးတရားခံတို့အား စွဲချက် မတင်မီ အမှုမှ လွှတ်ပေးရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ (၂) အရ မူလရုံး၌ပင် တင်ပြလျှောက်ထားရန် အခွင့်အရေးရှိနေပြီးဖြစ်သည်။

၁၉၉၃
ဦးအောင်လင်း
ပါ-၂
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ-၂

ဦးအောင်လင်းတို့အနေဖြင့် ယင်းသို့ အခွင့်အရေးရှိနေသော ကိစ္စတွင် တရားရုံးချုပ်က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလရုံးအမှုတွဲကို ချေဖျက်ပေးရန် သင့်မည်မဟုတ်ပေ။

ထို့ကြောင့် မြစ်ကြီးနားမြို့နယ် တရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၅၉၀/၉၂ အရ အမှုတွဲအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားသည့် ဤအထွေထွေမှုကို ခွင့်ပြုရန် အကြောင်းမရှိသဖြင့် ပယ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်ရွှေ့ထွင်

ဦးအောင်သန်း
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

+၁၉၉၃
ဧပြီလ
၅ ရက်

**စာရွက်စာတမ်းပါ အချက်အလက်များကို ဆန့်ကျင်၍ မတင်ပြနိုင်ကြောင်း သက်သေခံအက်ဥပဒေပုဒ်မ ၉၁ က ပိတ်ပင်ထားသည်။ သို့ရာတွင် အဆိုပါ စာရွက်စာတမ်းများမှာ လိမ်လည်ပြုလုပ်ထားသော မရိုးမသား ပြုလုပ်ထားသည့် စာရွက်စာတမ်းများဖြစ်လျှင် သက်သေခံ ဥပဒေအရ ပိတ်ပင်ထားမှု ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။စာရွက်စာတမ်းပါ အချက်အလက်များကိုဆန့်ကျင်၍ မတင်ပြနိုင်ကြောင်းသက်သေခံအက်ဥပဒေပုဒ်မ ၉၁ က ပိတ်ပင်ထားသည်။ စာတမ်းအမှတ်အသားသက်သေခံချက်မှာ မမှန်မကန်ပြုလုပ်ထားကြောင်းနှုတ်သက်သေခံဖြင့်တင်သွင်းနိုင်ခွင့်ရှိပေမည်။ ထို့ကြောင့်ယခုအမှုတွင် ငွေရပြေစာပါ ငွေအတိုင်း မရရှိကြောင်း လုပ်ငန်းရှင်များ၏ ထွက်ဆိုချက်ကို မူလရုံးက လက်ခံထားခြင်းမှာ သက်သေခံအက်ဥပဒေပုဒ်မ ၉၁၊ ၉၂ တို့နှင့် ဆန့်ကျင်ခြင်း မရှိပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးမောင်မောင်စိုး၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | – | ဒေါ်ခင်မာမာလတ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |

ရန်ကုန်တိုင်းတရားရုံး (ရန်ကုန်မြို့နယ်စု)၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇/၉၀ (ရက)နှင့် ၈/၉၀(ရက)တို့တွင် အယူခံတရားလို ဦးအောင်သန်းအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ်စီ ကျခံစေရန်နှင့် အပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်း ကျခံ

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၄၃ နှင့် ၆၄၄

+ ၁၉၉၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၊ ၈ တွင် ချမှတ်သော (၃–၄–၉၂)ရက်စွဲပါ ရန်ကုန်တိုင်း(ရန်ကုန်မြို့နယ်စု) တရားရုံး၏အမိန့်ကို အယူခံမှု

စေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို အယူခံတရားလို ဦးအောင်သန်းက မကျေနပ်၍ ဤအယူခံကို တင်သွင်းသည်။

အမှုအမှတ် ၇/၉၀ (ရက)မှာ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ် ၁၆၆ ရှိ စစ်ပြန်မဂ္ဂဇင်းနှင့် ပုံနှိပ်လုပ်ငန်းမှ အယ်ဒီတာချုပ်ဖြစ်သူ အယူခံတရားလို ဦးအောင်သန်းသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ နိုင်ငံသားကိုယ်ရေးမှတ်တမ်း (နိုင်-၂)ပုံစံများကို ၁၉၈၉ ခုနှစ်၊ ဩဂုတ်လမှ အောက်တိုဘာလအထိ ကာလအတွင်း ပုံနှိပ်လုပ်ငန်းရှင် ဦးနေဝင်းပါ(၉)ဦးတို့နှင့် ဆက်သွယ်၍ ရိုက်နှိပ်ခဲ့ရာ လုပ်ငန်းရှင်များအား ပုံစံ တစ်စောင်လျှင် ၄/၅ဝါးမှ ၄/၇၅ါးနှုန်းဖြင့် အမှန်ပေးချေခဲ့သော်လည်း ၅/၁၅ါး နှုန်းဖြင့် ပေးချေခဲ့ရလေဟန် စာချုပ်၊ ပြေစာနှင့် စာရင်းများကို မမှန်မကန်ပြုလုပ်တင်ပြ၍ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် လူ့ဆော်ပညာပေးရေး ကော်မတီ၏ရံပုံငွေ ၁ဝ၅၁၂၅ဝိ/- ကို ကိုယ်ကျိုး အလွဲသုံးစား ပြုလုပ်၍ ရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အယူခံတရားလို ဦးအောင်သန်းအပေါ် ရန်ကုန်တိုင်း အထူးစုံစမ်းစစ်ဆေးဦးစီးဌာန စုံစမ်းရေးမှူး ဦးတင့်လွင်ရွှေက အမှုဖွင့်တိုင်တန်းမှုဖြစ်သည်။ အမှုအမှတ် ၈/၉ဝ (ရက)မှာ စစ်ပြန်မဂ္ဂဇင်းတိုက်အနေဖြင့် ကိုယ်ပိုင်တာဝန်ယူရိုက်နှိပ်ခဲ့သည့် အဆိုပါ နိုင်ငံသားကိုယ်ရေးမှတ်တမ်း (နိုင်-၂)ပုံစံစောင်ရေ (၇)သိန်းကို ရိုက်နှိပ်ရာတွင် စက္ကူများဝယ်ခြင်း၊ ပုံနှိပ်ခြင်း၊ ချုပ်လုပ်ခြင်းနှင့် ယာဉ်ငှားရမ်းခြင်း လုပ်ငန်းတို့နှင့် ပတ်သက်၍ ပြေစာနှင့် စာရင်းဇယားကို မမှန်မကန် ပြုလုပ်တင်ပြကာ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် လူ့ဆော်ပညာပေးရေးလုပ်ငန်း ကော်မတီရန်ပုံငွေ ကျပ် ၁၉ဝ၆၅၆ဝ/-ကို အလွဲသုံးစားပြုလုပ်၍ ရယူခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ဦးတင့်လွင်ရွှေကပင် အယူခံတရားလို ဦးအောင်သန်းအပေါ် အမှုဖွင့် တိုင်တန်းခဲ့မှုဖြစ်သည်။

အမှုများမှာ လုပ်ငန်းတစ်ရပ်တည်းကို ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာခြင်းဖြစ်ပြီး အမှုသဘောသဘာဝ တူညီ၍ ဤစီရင်ချက်သည် အယူခံမှုနှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

မူလရုံးအမှုတွဲကို စိစစ်ကြည့်ရှုရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ စစ်ပြန်မဂ္ဂဇင်းတိုက်သို့ နိုင်ငံသားစိစစ်ရေး (နိုင်-၂) ပုံစံ စောင်ရေ (၆၃)သိန်းကို တစ်စောင်လျှင် ၅/၆ဝါးနှုန်းဖြင့် ရိုက်နှိပ်ပေးသွင်းရန် လုပ်ငန်းအပ်နှံခဲ့သည်။ စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်

၏ လမ်းညွှန်ချက်ဖြင့် ပုံစံစောင်ရေ သိန်း (၂၀)ကို ဗိုလ်တထောင်နယ်မြေ စစ်မှုထမ်းဟောင်းအဖွဲ့၊သီဟသူရပုံနှိပ်တိုက်သို့ ပုံစံတစ်စောင်လျှင်ဂ၅/၃၀ါး နှုန်းဖြင့် ပေးသွင်းရန် ထပ်ဆင့်ခွဲဝေချထားခဲ့သည်။ ကျန်ပုံစံ စောင်ရေ (၄၃)သိန်းကို ခစ်ပြန်မဂ္ဂဇင်းတိုက်မှ တာဝန်ယူ ရိုက်နှိပ်ခဲ့သည်။ သို့ရာတွင် မဂ္ဂဇင်းတိုက်၏ လုပ်ငန်းအခက်အခဲကြောင့် ပုံစံစောင်ရေ (၇)သိန်းကိုသာ စစ်ပြန်မဂ္ဂဇင်းတိုက်က ကိုယ်ပိုင်ပုံနှိပ်ခဲ့ပြီး ပုံစံစောင်ရေ (၃၆)သိန်းကိုမူ ပုဂ္ဂလိက ပုံနှိပ်လုပ်ငန်းရှင်များသို့ လုပ်ငန်းခွဲဝေ အပ်နှံခဲ့သည်။ ထိုသို့ လုပ်ငန်းခွဲဝေ အပ်နှံရာတွင် စစ်ပြန်မဂ္ဂဇင်းတိုက်နှင့် လုပ်ငန်းလက်ခံသူ တို့အကြား ပုံစံတစ်စောင်လျှင် ဂ၅/၁၅ါးနှုန်းဖြင့် ရိုက်နှိပ်ပေးသွင်းရန် သဘောတူစာချုပ် ပြုလုပ်ခဲ့ကြသည်။

ထိုလုပ်ငန်းကိုလုပ်ဆောင်ရာတွင် ဗိုလ်တထောင်မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ထံ တစ်စောင်လျှင် ဂ၅/၃၀ါးနှုန်းဖြင့် အပ်နှံခြင်းဖြစ်သဖြင့် စစ်ပြန် မဂ္ဂဇင်းတိုက်အနေဖြင့် ပြား ၁၀ အမြတ်ရ၍ စောင်ရေ (၂၀)သိန်းအတွက် စုစုပေါင်း ငွေကျပ် (၆)သိန်း အမြတ်ရခဲ့သည်။ ကျန်ပုဂ္ဂလိက လုပ်ငန်းရှင် များဖြစ်ကြသည့် ဦးကိုကိုထွေးထံ ပုံစံစောင်ရေ တစ်သိန်းငါးသောင်း၊ ဦးလှဝင်းထံ ပုံစံစောင်ရေ လေးသောင်းငါးထောင်၊ ဒေါ်တင်လေးဝင်းထံ ပုံစံစောင်ရေ (၂)သိန်း၊ ဦးနေဝင်းထံ ပုံစံစောင်ရေ (၂) သိန်း၊ ဦးရန်ရှင်းထံ ပုံစံစောင်ရေ (၂) သိန်း၊ ဦးမြသင်းထံ ပုံစံစောင် ရေ (၉)သိန်း (၅)ထောင်၊ ဦးဖသန်းထံ ပုံစံစောင်ရေ (၃) သိန်း၊ ဦးခေါင်းမင်းထံ ပုံစံစောင်ရေ (၉) သိန်း၊ ဦးမျိုးအောင်ထံ ပုံစံစောင်ရေ (၂)သိန်း၊ ဦးချစ်လှိုင်ထံ ပုံစံစောင်ရေ (၁)သိန်း၊ ဦးသန်းထွန်းထံ ပုံစံစောင်ရေ (၄)သိန်း၊ စုစုပေါင်း ပုံစံစောင်ရေ (၃၆)သိန်းကို ပြင်ပလုပ်ငန်းရှင်များသို့ အပ်နှံခဲ့သည်။ အဆိုပါ လုပ်ငန်းရှင် များကို စစ်ပြန်မဂ္ဂဇင်းတိုက်က ပုံစံ တစ်စောင်လျှင် ဂ၅/၁၅ါးနှုန်းဖြင့် ပေးချေခဲ့၍ တစ်စောင်လျှင် ၄၅–ပြား အမြတ်ရသောကြောင့် စစ်မှုထမ်း ဟောင်းအဖွဲ့တွင် ၂၇၅၆၀၅ဒိ/– အမြတ် ငွေပေါ်သည်ဟု စာရင်းပေါ် ပေါက်သည်။ အဆိုပါပေါ်ပေါက်ချက်မှာ စာရင်းစစ်ချုပ်ရုံးက အဆိုပါ (နိုင်–၂) ပုံစံများ ရိုက်နှိပ်ခြင်းနှင့် ပတ်သက်၍ စာရင်းစစ်ဆေးပြီးနောက် အစီရင်ခံချက် သက်သေခံ (ဘ)အရ ပေါ်ပေါက်ခြင်းဖြစ်သည်။

အယူခံတရားလို ဦးအောင်သန်းမှာ စစ်ပြန်မဂ္ဂဇင်းတိုက်၏အယ်ဒီတာချုပ် ဖြစ်သည်။ အဆိုပါပုံစံများကို တာဝန်ခံ ရိုက်နှိပ်၍ ပေးသွင်းရန် ဦးအောင်သန်း အား (၂၅–၃–၈၉) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် လုံ့ဆော် ပညာပေးရေး

၁၉၉၃
ဦးအောင်သန်း
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

လုပ်ငန်းကော်မတီ ၆၈/၈၉ အကြိမ် အစည်းအဝေး (သက်သေခံ–က၂)မှ တာဝန်ပေးခဲ့သည်။ အစည်းအဝေးမှတ်တမ်းအပိုဒ် (ဂ)အရ ပုံစံ တစ်စောင်လျှင် ၄၂–ပြား ဝင်ငွေရရှိစေရန်အတွက် ဆောင်ရွက်ရန် တာဝန်ပေးခဲ့ကြောင်း ပေါ်ပေါက်သည်။ အထက်ပါ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ စစ်ပြန်မဂ္ဂဇင်းတိုက် အယ်ဒီတာချုပ် ဦးအောင်သန်းက ပုံနှိပ်ခများကို သက်သေခံအမှတ် (ဂ) မှ (ဂ–၄၆) ထိ ပြေစာများဖြင့် အလီလီပေးချေခဲ့သည်။ တစ်စောင်လျှင် ၅/၁၅ါး နှုန်းဖြင့် ပေးချေခဲ့ကြောင်း ပေါ်ပေါက်သည်။ အထက်ဖော်ပြပါ ငွေရပြေစာများတွင် လုပ်ငန်းရှင်အသီးသီးက ငွေရရှိကြောင်း ၁၅–ပြားတန် တံဆိပ်ခေါင်းပေါ်တွင် လက်မှတ်ရေးထိုးထားသည်။ ရုံးရှေ့ ထွက်ဆိုရာ၌ အဆိုပါငွေရပြေစာတွင်ပါရှိသည့်ငွေအရေအတွက်ကိုမရရှိကြပါဟု လုပ်ငန်းရှင် (၁၁)ဦးအနက်(၉)ဦးက ထွက်ဆိုကြပြီး ကျန်လုပ်ငန်းရှင် (၂) ဦးကမူ အပြေအကြေ ရရှိကြောင်းနှင့် တာဝန်ဆောင်ရွက်ခ၊ ပို့ဆောင်ခ၊ အလျော့တွက် စသည်ဖြင့် ငွေအချို့ ဖြတ်တောက်ခံရကြောင်း ထွက်ဆိုကြသည်။

ဒုတိယမှုဖြစ်သော စစ်ပြန်မဂ္ဂဇင်းတိုက်က ကိုယ်ပိုင်ရိုက်နှိပ်သော ပုံစံ (၇) သိန်းအမှုတွင် စက္ကူထုပ်များကို ဝယ်ယူခဲ့ခြင်းနှင့် ပတ်သက်၍ သက်သေခံ (က–၉) မှ (က–၂၁)ထိလည်းကောင်း၊ ပုံစံများအား ရိုက်နှိပ်သည့်အတွက် ငွေရပြေစာကို သက်သေခံ (က–၂၂ မှ က–၂၅ ထိ) လည်းကောင်း၊ ယာဉ်ငှားရမ်းခနှင့် ယာဉ်မောင်းခ၊ သယ်ယူပို့ဆောင်ခများကို သက်သေခံ (က–၂၆ မှ က–၂၉၊ က–၃၀၊ က–၃၁ နှင့် က–၃၂) တို့ဖြင့် လည်းကောင်း တင်ပြထားသည်။

စစ်ပြန်မဂ္ဂဇင်းတိုက်အနေဖြင့် ပုံစံ (၇) သိန်းကို ရိုက်နှိပ်ရာတွင် အောက်ပါအတိုင်း ကုန်ကျခဲ့ကြောင်း စာရင်းစစ်ဆေးတွေ့ရှိခဲ့သည်–

| | |
|---|---|
| စက္ကူဖိုး ကုန်ကျငွေ | ၂၄၃၆၁၂၀/– |
| ရိုက်ခ၊ ချုပ်ခ | ၇၇၀၀၀၀/– |
| သယ်ယူပို့ဆောင်ခ | ၁၂၆၀၀၀/– |
| မော်တော်ယာဉ်ငှားခ | ၁၈၀၀၀/– |
| ယာဉ်မောင်းငှားရမ်းခ | ၁၈၀၀/– |
| စက်ဆီ၊ ချော်ဆီ | ၃၃၇၆/– |
| ညှော်ခံစရိတ် | ၂၈၆၅၃/– |
| စုစုပေါင်း = | ၃၃၈၃၉၄၉/– |

စစ်ပြန်မဂ္ဂဇင်းတိုက်မှ ပုံစံများကို ရိုက်နှိပ်သည့်လုပ်ငန်းနှင့် ပတ်သက်၍ စစ်မှုထမ်းဟောင်းဗဟိုအဖွဲ့ လုံ့လဆော်ပညာပေးရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဦးကြည်ညွန့်(လိုပြ-၁၄) က ပုံစံတစ်စောင်လျှင် ၅၀-ပြား၊ ၅၁-ပြားနှုန်း အမြတ်ရရှိခဲ့၍ စစ်ပြန်စစ်မှုထမ်းဟောင်း ဗဟိုအဖွဲ့တွင် နစ်နာဆုံးရှုံးမှုမရှိကြောင်း ထွက်ဆိုခဲ့သည်။ ထို့ပြင် အယူခံတရားလို ဦးအောင်သန်းအနေဖြင့် ဝင်ငွေ ၄၂-ပြား ရရှိရန် တာဝန်ပေးထားသော်လည်း ယခုကဲ့သို့ ၅၀-ပြား၊ ၅၁-ပြား ရရှိ၍ ဂုဏ်ပြုသင့်သည်ဟုပင် မှတ်ချက်ပြုခဲ့ကြောင်း ထွက်ဆိုထားသည်။ သို့ရာတွင် တရားလိုဘက်မှ အထက်ပါပုဂ္ဂလိက လုပ်ငန်းရှင်များ ထွက်ဆိုသည့်အတိုင်း ပုံစံတစ်စောင်လျှင် ၅/၁၅ါးနှုန်းဖြင့် ပေးချေသည် ဆိုသော်လည်း အမှန်တကယ် ထိုသို့ ပေးချေခြင်းမရှိဘဲ ၄/၅၀ါးမှ ၄/၇၅ါးနှုန်းသာ ပေးချေကြောင်း ထွက်ဆိုကြသည်ကို လက်ခံ၍ ယခုကဲ့သို့ စွဲဆိုခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ သာမန်အားဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ငွေရပြေစာများကိုကျော်လွန်၍ ထိုအတိုင်းမရရှိပါက လျော့နည်းရရှိပါသည်ဟု ထွက်ဆိုခြင်းကို ယုံကြည်လက်ခံရန် အကြောင်းမရှိချေ။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သည့် ဥပဒေအရာရှိကလည်း စစ်ပြန်မဂ္ဂဇင်းတိုက်က ပြင်ပလုပ်ငန်းရှင်များထံ (နိုင်-၂) ပုံစံ (၃၆)သိန်း ရိုက်နှိပ်ပေးရန် အပ်နှံရာတွင် စာချုပ်များ ချုပ်ဆိုအပ်နှံခြင်း၊ ငွေပေးချေရာတွင် ပြေစာများဖြင့် ပေးချေခဲ့ခြင်းတို့မှာ သက်သေခံအဖြစ် တင်သွင်းထားသော လုပ်ငန်းစာချုပ်နှင့် ပြေစာများအရ ပေါ်လွင်ကြောင်း၊ သို့ရာတွင် လုပ်ငန်းရှင်များက တရားရုံးရှေ့ ထွက်ဆိုရာတွင် စာချုပ်နှင့် ပြေစာများပါ နှုန်းထားအတိုင်း မရရှိကြောင်း ထွက်ဆိုကြရာ အဆိုပါစွပ်စွဲချက်မှာ နှုတ်သက်သေခံချက်ဖြစ်သဖြင့် သက်သေခံ အက်ဥပဒေပုဒ်မ ၅၉ နှင့် ၉၁ တို့အရ စာတမ်းအမှတ်အသား သက်သေခံချက်မှာ မမှန်ကန်ကြောင်း ထင်ရှားအောင် ပြသရန်လိုအပ်ကြောင်း၊ အထက်ပါ တရားလိုဘက် စွပ်စွဲချက်များ မှန်ကန်ပါက လုပ်ငန်းရှင်များအား ထုတ်မပေးဘဲ တရားခံက ထုတ်ယူလိုက်သောငွေသည် စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့ လုံ့လဆော်ပညာပေး ကော်မတီ၏ ငွေစာရင်းတွင် ပါဝင်မည်ဖြစ်၍ ထိုအသင်းအဖွဲ့က အကျိုးခံစားရမည်ဖြစ်သဖြင့် မူလရုံးတရားခံသည် အများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ်သည့် ဥပဒေပုဒ်မ ၃ ကို ကျူးလွန်ခြင်းဖြစ်သည်ဟု ယူဆရန်ရှိကြောင်း၊ သို့ရာတွင် တရားလိုပြသက်သေ ဦးကြည်ညွန့် ထွက်ချက်အရ မူလက စစ်မှုထမ်းဟောင်း ဗဟိုဌာနချုပ်က ပုံစံတစ်စောင်

လျှင် ၄၂-ပြားနှုန်းဖြင့် ပေးသွင်းရန် ဆုံးဖြတ်ခဲ့သည်ထက် ကျော်လွန်၍ ပုံစံတစ်စောင်လျှင် ၅၂-ပြားနှုန်းဖြင့် ဦးအောင်သန်းက ပေးသွင်းနိုင်ခဲ့ကြောင်း ပေါ်ပေါက်လျက် ရှိနေသဖြင့် ဦးအောင်သန်း၏ ဆောင်ရွက်မှုကြောင့် စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့၏ လှုံ့ဆော်ပညာပေးရေးကော်မတီတွင် နစ်နာမှု ရှိနိုင်–မရှိနိုင် စဉ်းစားသုံးသပ်သင့်ကြောင်း လျှောက်လဲသည်။

ထို့ပြင် ဥပဒေအရာရှိက စစ်ပြန်မဂ္ဂဇင်းတိုက်မှ တာဝန်ယူ ရိုက်နှိပ်ရသောပုံစံ (၇)သိန်းအနက် ပုံစံ (၂) သိန်းကို ကိုတင်ဦး၊ ကိုနေဝင်းတို့အား တာဝန်ယူ ဆောင်ရွက်စေပြီး ဦးအောင်သန်းက ပုံစံ (၅) သိန်းအတွက် တာဝန်ယူ ဆောင်ရွက်ခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ တရားလိုပြသက်သေများအနက် စက္ကူထုပ်ရောင်းချသူ ဦးတင်လေး၊ ဦးဌေးလင်း၊ ဦးသိန်းဝင်း၊ ဦးထွန်းလွင်၊ ဦးမြင့်အောင်၊ ဦးဇော်ဦး၊ ဦးကျော်သောင်း၊ ဦးရွှေအောင်၊ ဦးသိန်းထွန်း၊ ဦးသိန်းနိုင်တို့က စစ်ပြန်မဂ္ဂဇင်းတိုက်သို့ စက္ကူထုပ်များ ရောင်းချရာတွင် သက်သေခံပြေစာများတွင် ငွေလက်ခံသူများအဖြစ် လက်မှတ်ရေးထိုးခဲ့ခြင်း မှန်ကန်သော်လည်း ပြေစာတွင် ဖော်ပြသည့် ငွေအတိုင်း မရရှိကြောင်း ငြင်းဆိုထွက်ဆိုကြကြောင်း၊ ဦးအောင်လတ်၊ ကျော်ဇေယျဝင်းတို့က ပြေစာများတွင် ဖော်ပြသည့် ချုပ်ခနှုန်းထားများ အတိုင်း မရရှိပါဟု ထွက်ဆိုကြသည်။ တရားလို တင်ပြသည့် ယာဉ်ငှားရမ်းခ ပြေစာများနှင့် ပတ်သက်၍မူ တရားလိုပြသက်သေ ယာဉ်ငှားရမ်းသူ ဒေါ်တင်လေးဝင်း၊ မောင်မျိုးသန့် စသည်တို့က ပြေစာပါ ငွေအတိုင်း ရရှိသည်ဟု ထွက်ဆိုကြောင်း၊ မူလရုံးတွင် တရားခံ ဦးအောင်သန်းက စက္ကူရောင်းသူများအား ငွေရပြေစာ ပြုလုပ်၍ ငွေပေးချေခဲ့ကြောင်း၊ ချုပ်ခ ယာဉ်ငှားရမ်းခတို့ကို ပြေစာများအတိုင်းပင် ငွေပေးချေခဲ့သည်ဟု ထုချေထားကြောင်း၊ မူလတရားရုံးက တရားခံ ဦးအောင်သန်းသည် စက္ကူထုပ်ရောင်းချသူများကို စစ်မေးစဉ်က ငွေပေးပြေစာများတွင် အမှန် အတိုင်း ရေးသွင်းခဲ့သည်ကို ပြန်လှန်မေးမြန်းခြင်းမပြုခြင်းကြောင့် နောက်မှ အကြံရ၍ ထုချေခြင်းဖြစ်သဖြင့် ထုချေချက်မှာ ခိုင်မာမှုမရှိဟု သုံးသပ် ထားကြောင်း၊ ဤအမှုတွင် တရားလိုဘက် စွပ်စွဲချက်မှာ နှုတ်သက်သေ ထွက်ချက်ဖြစ်နေပြီး သက်သေခံ စာတမ်းအမှတ်အသားပါ ပြေစာများနှင့် ဆန့်ကျင်ထွက်ဆိုရာတွင် ငွေရရှိကြောင်း လက်မှတ်မှာ မှန်ကန်ကြောင်း ဝန်ခံပြီး ငွေအရေအတွက် မမှန်ကြောင်း ငြင်းဆိုထွက်ဆိုကြခြင်းဖြစ်သဖြင့် သက်သေခံ ဥပဒေပုဒ်မ ၅၉ နှင့် ၉၁ တို့အရ စာတမ်းအမှတ်အသား

သက်သေခံချက်ထက် နှုတ်သက်သေခံချက်ကို ယုံကြည်ထိုက်ကြောင်း တရားလိုဘက်မှ ထင်ရှားပြသရန်လိုမည်ဟု ယူဆကြောင်း လျှောက်လဲသည်။

ဥပဒေအရာရှိ တင်ပြသောအဓိကအချက်မှာ ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့် ငွေရရှိကြောင်း ပြေစာများတွင် ပြေစာတွင် ဖော်ပြထားသော ငွေများကို အမှန်တကယ် ရရှိပြီးကြောင်း လက်မှတ်ရေးထိုးပြီးနောက် အချင်းဖြစ်ငွေများကို အမှန်တကယ်မရရှိကြောင်း ပြောဆိုခြင်းကို လက်မခံသင့်ကြောင်းဖြစ်သည်။ သာမန်အားဖြင့် ပြေစာတွင် ဖော်ပြထားသည့်ငွေ များကို မိမိတို့ မရရှိပါဟု ပြောဆိုနိုင်ခြင်း မရှိသည်မှာ မှန်သည်။ ထိုသို့ စာရွက်စာတမ်းပါ အချက်အလက်များကို ဆန့်ကျင်၍ မတင်ပြနိုင်ကြောင်း သက်သေခံ အက်ဥပဒေပုဒ်မ ၉၁ က ပိတ်ပင်ထားသည်။ သို့ရာတွင် အဆိုပါငွေရပြေစာများမှာ လိမ်လည်ပြုလုပ်ထားသော မရိုးမသား ပြုလုပ် ထားသောပြေစာများ ဖြစ်သည်။ ယခုကိစ္စမှာ ပြေစာပါငွေကို ရရှိကြောင်း တာဝန်ခံလက်မှတ်ရေးထိုးပြီးမှ မရရှိပါဟု ငြင်းဆိုနေသောကိစ္စမဟုတ်ပေ။ ပြေစာတွင် လက်မှတ်ရေးထိုးစဉ်ကပင် ငွေအရေအတွက်ကို ဖော်ပြမထားဘဲ လက်မှတ်ရေးထိုးခဲ့ရပါသည်ဟု လုပ်ငန်းရှင်များက ထွက်ဆိုကြသည်။ လုပ်ငန်းစာချုပ်တွင်လည်း အပ်သည့်နှုန်းထားကို အယူခံ တရားလို ဦးအောင်သန်းက နောက်မှဖြည့်သွင်းသည့် သဘော ထွက်ဆိုထားကြသည်။ လုပ်ငန်းရှင် (၁၁) ဦးအနက် (၉) ဦးက ထိုအတိုင်း ထွက်ဆိုထားကြ သည်။ ရန်ညှိုးရန်စရှိသဖြင့် အကျိုးပျက်စီးရာ ပျက်စီးကြောင်း ထွက်ဆို ကြသည်ဟုလည်း မပေါ်လွင်၊ လုပ်ငန်းစာချုပ်တွင်လည်းကောင်း၊ ငွေရ ပြေစာတွင်လည်းကောင်း ရေးသွင်းထားသောငွေအရေအတွက်မှာ နောက်မှ ရေးသွင်းကြောင်းလည်း ပေါ်ပေါက်နေသည်။ စာတမ်းအမှတ်အသား သက်သေခံချက်မှာ မမှန်မကန်ပြုလုပ်ထားကြောင်း နှုတ်သက်သေခံဖြင့် တင်သွင်းနိုင်ခွင့်ရှိပေမည်။ ထို့ကြောင့် ယခုအမှုတွင် ငွေရပြေစာပါ ငွေ အတိုင်း မရရှိကြောင်း လုပ်ငန်းရှင်များ၏ ထွက်ဆိုချက်ကို မူလရုံးက လက်ခံထားခြင်းမှာ သက်သေခံအက်ဥပဒေပုဒ်မ ၉၁၊ ၉၂ တို့နှင့် ဆန့်ကျင်ခြင်းမရှိပေ။ အဆိုပါငွေရပြေစာပါအတိုင်း မိမိတို့ မရရှိဆိုခြင်းကိုမူ သက်သေခံ အက်ဥပဒေပုဒ်မ ၉၂ အရ ပိတ်ပင်တားမြစ်ထားခြင်းမရှိပေ။

ဒုတိယအမှုတွင်လည်း အလားတူပင် သက်သေခံပြေစာများအတိုင်း လက်ခံရန် ခဲယဉ်းသည်။ အဆိုပါပြေစာများကို အခြေပြု၍ အမှုကို အဆုံး အဖြတ် ပြုရန်မှာ မှန်ကန်မည် မယူဆချေ။

၁၉၉၃
ဦးအောင်သန်း
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

အထက်ပါ အကြောင်းအချက်များကို စိစစ်ကြည့်လျှင် အယူခံ တရားလို ဦးအောင်သန်းအနေဖြင့် (နိုင်-၂) ပုံစံများကို ရိုက်နှိပ်ရာတွင် ရိုးဖြောင့်စွာ ဆောင်ရွက်ခဲ့ပါသည်ဆိုခြင်းကို ယုံကြည်လက်ခံနိုင်ရန် ခဲယဉ်းပေသည်။ စစ်ပြန်မဂ္ဂဇင်းတိုက် ရန်ပုံငွေမှ အမှန်အတိုင်း ပေးချေခြင်း မပြုသည့် ပြေစာများကို ပြုလုပ်တင်ပြ၍ ငွေထုတ်ယူခြင်းမှာ ပေါ်ပေါက်လျက် ရှိသဖြင့် စစ်ပြန်မဂ္ဂဇင်းတိုက် ရန်ပုံငွေများ ဆုံးရှုံးရသည်။ ထိုသို့ ဆုံးရှုံး နစ်နာရသည်မှာ အချင်းဖြစ်လုပ်ငန်းကို တာဝန်ခံဆောင်ရွက်ရသူ အယူခံ တရားလို၏ အလွဲသုံးစားမှု၊ လိမ်လည်မှုကြောင့်ဟုသာ ဆိုရပေမည်။

ထို့ကြောင့် မူလရုံးက အယူခံ တရားလို ဦးအောင်သန်းအပေါ် အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှားစီရင်၍ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်စီ ကျခံစေရန်နှင့် ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်း ကျခံစေရန် ချမှတ်ခဲ့ခြင်းမှာ မှားယွင်းသည် မဆိုသာသောကြောင့် အယူခံမှု (၂) မှုစလုံးကို ပလပ်လိုက်သည်။

# ၁၉၉၃ ခုနှစ်

# တရားမဆိုင်ရာအမှုများ

## စီရင်ထုံးပြုသော တရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ကိုခင်မောင်သိန်း(ခ)ကိုသိန်း | နှင့် | မစန်းစန်းမြင့် | ၁ |
| ဒေါ်ခင်လှ | နှင့် | ဒေါ်မြသန်း (ခ) ဒေါ်မြမြသန်း | ၈ |
| ဦးချစ် | နှင့် | ကိုဝင်းမြင့် ပါ-၉ | ၁၃ |
| ဒေါ်ငွေသိန်း | နှင့် | ဒေါ်သိန်းညွန့် | ၁၇ |
| ဦးစိုးမြင့် ပါ-၃ | နှင့် | ဦးမောင်မောင်ကဲ ပါ-၂ | ၂၂ |
| ဦးစိန့် | နှင့် | ဒေါ်ခင်ငြိမ်း | ၂၆ |
| ဦးဇော်လင်း | နှင့် | ဒေါ်စန်းစန်းရွှေ | ၂၉ |
| ဒေါ်ညိုညို ပါ-၃ | နှင့် | ဒေါ်အုန်းတင် | ၃၃ |
| ဦးတင်ဦး ပါ-၂ | နှင့် | ဦးကျင်သန်း | ၃၉ |
| ဒေါ်နှင်းမြ | နှင့် | ဦးလှ ပါ-၄ | ၄၂ |
| ဒေါ်မြရှင်ဦး ပါ-၅ | နှင့် | ဒေါ်မေနုဖြူ | ၄၇ |
| ဦးရှားမား ပါ-၂ | နှင့် | ဦးအောင်သိန်း ပါ-၇ | ၅၂ |
| ဦးခွေး ပါ-၂ | နှင့် | ဦးအေးလွင် | ၅၇ |
| ဦးလှိုင်ဝက် | နှင့် | ဦးလှိုင်ကျက် ပါ-၄ | ၆၀ |
| ဒေါ်သန်းမြ | နှင့် | ဦးအေးဖေ ပါ-၃ | ၆၃ |
| ဒေါ်သန်းမြင့် | နှင့် | ဒေါ်တင်မြင့်(ခ) ဒေါ်ချိုတူး | ၆၄ |
| ဒေါ်သန်းရီ | နှင့် | ဒေါ်မြရီ ပါ-၄ | ၇၃ |
| ဒေါ်သန်းသန်းဌေး | နှင့် | ဒေါ်မေတိုး ပါ-၃ | ၇၇ |
| ဒေါ်အေးတင် ပါ-၂ | နှင့် | ဦးခေးဝက်(ခ) ဦးစိန်တင် | ၈၁ |
| ဒေါ်အေးသီ | နှင့် | ဒေါ်အမာကြည် | ၈၆ |
| ဦးအောင်ရ | နှင့် | ဦးမြတ်လွင် | ၈၉ |
| ဦးအောင်ခင် | နှင့် | ဒေါ်မြိုင်(ခ) အမေမြိုင် ပါ-၂ | ၉၂ |
| ဦးအောင်ခင် | နှင့် | ဒေါ်သိန်းလွင် ပါ-၇ | ၉၆ |

စာမျက်နှာ

## တရားမဆိုင်ရာအမှုများ

ဥပဒေများ –

- တရားမကျင့်ထုံးဥပဒေ
- ပဋိညာဉ်အက်ဥပဒေ
- မိုဟာမေဒင်ဥပဒေ
- မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ
- သီးခြားသက်သာခွင့်အက်ဥပဒေ
- သက်သေခံဥပဒေ
- အခမဲ့ခွင့်ပြုချက်ဖြင့် ထားသူအား ဖယ်ရှားပေးစေလိုမှု
- ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ
- ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ

**တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၇ ၏ ပြဋ္ဌာန်းချက်။**

**ပဏာမဒီကရီကို အယူခံဝင်ရောက်ခဲ့ခြင်း မရှိဘဲ အပြီးသတ်ဒီကရီကို အယူခံဝင်ရောက်ရာ၌ ပဏာမဒီကရီနှင့် ပတ်သက်၍ မှန်ကန်မှု မရှိကြောင်း တင်ပြနိုင်ခွင့်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။အယူခံတရားလိုက အမှုတွင် လက်ထက်ပွားပစ္စည်းနှင့် ငွေကြေး တစ်စုံတစ်ရာ မကျန်ရစ်ခဲ့သဖြင့် မူလတရားရုံး၏ ဒီကရီမှာ မှားယွင်းကြောင်း အဓိကတင်ပြထားသည်၊ လက်ထက်ပွားပစ္စည်း မကျန်ရစ်ခဲ့လျှင် ပစ္စည်းခွဲဝေသည့် ပဏာမဒီကရီကို ချမှတ်ရန်အကြောင်းမရှိနိုင်ပေ၊ သို့ဖြစ်၍ ခွဲဝေရန် လက်ထက်ပွားပစ္စည်း မရှိဘဲလျက် ပစ္စည်းခွဲဝေရန် ဒီကရီ ချမှတ်ခြင်းမှာ မှားယွင်းကြောင်း အယူခံတရားလိုက တင်ပြခြင်းမှာ ပဏာမဒီကရီသည် မမှန်ကန်ကြောင်း တင်ပြခြင်းသာဖြစ်သည်ဟု ဆိုရပေမည်၊ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၇ အရ ပဏာမဒီကရီကြောင့် နစ်နာသူအမှုသည်တစ်ဦးဦးသည် ထိုဒီကရီကို အယူခံမဝင်ခဲ့လျှင် အပြီးသတ် ဒီကရီကို အယူခံဝင်ရာ၌ ပဏာမဒီကရီသည် မမှန်

ကန်ကြောင်း တင်ပြခွင့်မရှိဟု အတိအလင်း ပိတ်ပင်ထားသည်၊ သို့ဖြစ်၍ စာမျက်နှာ အယူခံတရားလို၏ တင်ပြချက်ကို လက်မခံနိုင်ပေ။

ဦးဖော်လင်း နှင့် ဒေါ်စန်းစန်းရွှေ ... ၂၉

**တရားရုံးအာရုံမှုများအရ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လေလံတင်ရောင်းချရန် စီမံဆောင်ရွက်ရာ၌ ကြမ်းခင်းဈေး သတ်မှတ်နိုင်ရန် အလို့ငှာ တရားရုံးများက မလွဲမသွေ စုံစမ်းစစ်ဆေးရန် မလိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၆၆ (၄)တွင် ရောင်းချမည့်ပစ္စည်း၏ တန်ဖိုးကို ခန့်မှန်းသတ်မှတ်ရန်အတွက် မလွဲမသွေ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိချေ၊ တရားရုံးများ လက်စွဲ အပိုဒ် ၂၃၈ တွင် ဒီကရီအနိုင်ရသူနှင့် တရားရှုံးတို့ နှစ်ဦးနှစ်ဖက်ကပေးသော ခန့်မှန်းရတန်ဖိုးများကို ထည့်သွင်းခြင်းအားဖြင့် လည်းကောင်း၊ အမှု၏ အခြေအနေကို ထောက်ထား၍ အကြမ်းခန့်မှန်းရတန်ဖိုးကို ပြခြင်းဖြင့်လည်းကောင်း ရောင်းရန်ပစ္စည်း၏ ခန့်မှန်းရတန်ဖိုးကို ဖော်ပြရမည်ဟု ညွှန်ပြထားသည်။

ဦးလှိုင်ဝက် နှင့် ဦးလှိုင်ကျက် ပါ-၄ ... ၆၀

**တရားမကျင့်ထုံးဥပဒေအမိန့် ၁၈၊ နည်း ၂ ပါ ပြဋ္ဌာန်းချက်များအရ တရားမမှုများကို နှစ်ဖက်စစ်ဆေးကြားနာ၍ ဆုံးဖြတ်ရခြင်း**

**ဆုံးဖြတ်ချက်။** ။ တရားမမှုများ ကြားနာစစ်ဆေးခြင်းကို တရားမကျင့်ထုံးဥပဒေအမိန့် ၁၈ တွင် ပြဋ္ဌာန်းထားရာ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်များအရ အမှုကို စတင်ဆောင်ရွက်ခွင့်ရှိသော အမှုသည်က မိမိ၏အမှုအကြောင်းကို စ၍တင်ပြပြီး သက်သေခံအထောက်အထားများကို တင်ပြရသည်။ ထို့နောက် တစ်ဖက်အမှုသည်က မိမိအမှုအကြောင်းကို တင်ပြ၍ သက်သေအထောက်အထားရှိလျှင် တင်ပြရသည်၊ သို့ဖြစ်၍ ယင်းဥပဒေ ပြဋ္ဌာန်းချက်များအရ တရားရုံးသည် အမှုကို စစ်ဆေးကြားနာသည့်အခါ နှစ်ဖက်ကို စစ်ဆေးကြားနာ၍ ဆုံးဖြတ်ရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဤအမှုတွင် တရားလိုတစ်ဦးတည်းကိုသာ စစ်ဆေးပြီးဖြစ်၍ ကျန်တရားလိုပြသက်သေနှင့် တရားပြိုင်ဘက်ကို ဆက်လက်စစ်ဆေးရဦးမည်ဖြစ်ရာ အမှုကို အပြီးသတ် ဆုံးဖြတ်နိုင်မည်မဟုတ်သေးပေ။ ဤအခြေအနေတွင် တရားပြိုင်က တရားလို၏ အဆိုလွှာကို ပလပ်ပေးရန် လျှောက်ထားချက်ကို မူလတရားရုံးက ငြင်းပယ်ခဲ့ခြင်းမှာ မှားယွင်းမှုမရှိချေ။

ဦးခွေး ပါ-၂ နှင့် ဦးအေးလွင် ..... ၅၇

**အမွေပုံပစ္စည်းကို စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းသည် တရားလို ရသင့်သည့် အစုအားလုံးကို တောင်းခံခြင်းဖြစ်၍ ယင်းအမှု ပလပ်ခံရသည့်အခါ**

**လက်ရောက်ရလိုမှု နောက်ထပ်စွဲဆိုခြင်းကို တရားမကျင့်ထုံးဥပဒေ စာမျက်နှာ အမိန့် ၂၊ နည်း ၂ က ပိတ်ပင်မှု မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှု အမှတ်–၅၉၈/၈၉ (အရမ)တွင် ဦးကံထူးက အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ၌ ၎င်းနှင့် တရားပြိုင် ဒေါ်ညိုညို၊ ဒေါ်လှမြိုင်တို့သည် ကွယ်လွန်သူ ဦးစံမြနှင့် ဒေါ်သိန်းခင်တို့၏ ကိတ္တိမသားသမီးများ ဖြစ်ကြောင်းဖော်ပြပြီး တရားရုံးမှ အမွေပုံကို စီမံခန့်ခွဲပေးရန်အဆိုပြုခဲ့သည်၊ ဦးကံထူးသည် ၎င်းရထိုက်ခွင့်ရှိသည့် အမွေဝေစုအားလုံးကို စီမံခန့်ခွဲပေးရန် တောင်းခံခြင်း ဖြစ်သည်၊ ၎င်း၏ ဝေစုထဲမှ ၃ ပုံ ၂ ပုံကို ချန်လှပ်၍ တရားစွဲဆိုခြင်း မဟုတ်ချေ။ ထို့ကြောင့် ဦးကံထူး၏ ဇနီးဖြစ်သူ ဒေါ်အုန်းတင်စွဲဆိုသည့် အမှုတွင် တရားရုံး၏ ခွင့်ပြုချက်မရဘဲ ချန်လှပ်ခဲ့သည့် အချင်းဖြစ်ပစ္စည်း၏ ၃ ပုံ ၂ ပုံကို ထပ်မံစွဲဆိုခွင့် ရှိ မရှိ ပြဿနာပေါ်ပေါက်ခြင်း မရှိပေ။

**မဖွားရှင်နှင့် ဦးဘိုးဆယ်အမှု**[၁] (အေအိုင်အာရ် ၁၉၃၇– ရန်ကုန်၊ စာ–၃၂၄)သည် ယခုအမှုနှင့် ဖြစ်ရပ်ချင်း မတူညီပေ။ မဖွားရှင်က ပထမ အမှုတွင် ပစ္စည်းတစ်ရပ်လုံးကို တောင်းဆိုရမည့်အစား ဦးဘိုးဆယ်ထံမှ အမွေပစ္စည်း တစ်ဝက်ခွဲဝေပေးရန် တရားစွဲဆိုခြင်းသည် ကျန်ပစ္စည်းတစ်ဝက် ကို ချန်လှပ်ရာရောက်ကြောင်း ထင်ရှားသည်၊ ဦးကံထူးက ဒေါ်ညိုညိုတို့အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းသည် ၎င်းရသင့်သည့် အစု အားလုံးကို တောင်းခံခြင်းဖြစ်၍ ၎င်း၏ ဝေစုအချို့ကို ချန်လှပ်ထားခြင်း မရှိပေ၊ သို့ဖြစ်၍ ဒေါ်အုန်းတင်က ဒေါ်ညိုညိုတို့အပေါ် လက်ရောက်ရလိုမှု စွဲဆိုခြင်းကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၂ က ပိတ်ပင်မှုမရှိပေ။

ဒေါ်ညိုညိုပါ–၃ နှင့် ဒေါ်အုန်းတင် ၃၃

**တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၇ နှင့် ၂၈တို့အရ ညွှန်ကြား ချက်ဖြင့် ထပ်မံရယူတင်ပို့လာသော သက်သေခံချက်အသစ်များနှင့် ပတ်သက်၍ အယူခံရုံးအနေဖြင့် ထိုသက်သေခံချက်များကို မလွဲမသွေ အသုံးချရန် တာဝန်မရှိခြင်း၊ မိမိ၏ ဆင်ခြင်တုံတရားအရ ဆောင်ရွက် နိုင်ခွင့်ရှိခြင်း**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး အမိန့် ၄၁၊ နည်း ၂၇နှင့် ၂၈ တို့အရထပ်မံ၍ သက်သေခံချက်များရယူစေရန်ညွှန်ကြားသဖြင့် မူလရုံးမှ

သက်သေခံချက်များရယူ၍ ပြန်လည်တင်ပြလာသည့်အခါ ထိုသက်သေခံချက်များကို တရားရုံးချုပ်အနေဖြင့် မလွဲမသွေ စိစစ်သုံးသပ်လျက် အသုံးပြုရမည်ဟု ပြဋ္ဌာန်းချက်မရှိပေ၊ တရားရုံးချုပ်အနေဖြင့် မိမိ၏ဆင်ခြင်တုံတရားအရ သင့်လျော်သလို ဆောင်ရွက်နိုင်သည်၊ ထို့ကြောင့် ယင်းကဲ့သို့ ရှိမန်အမိန့်ဖြင့် ရယူတင်ပြလာသော သက်သေခံချက်အသစ်များကို အယူခံတရားရုံးချုပ်အနေဖြင့် မလွဲမသွေ အသုံးချရန် မလိုကြောင်း၊ မိမိ၏ဆင်ခြင်တုံတရားအရ ဆောင်ရွက်နိုင်ခွင့်ရှိကြောင်း ပြသနာ အမှတ် (၂) အား ဖြေဆိုလိုက်သည်။ စာမျက်နှာ

ဒေါ်သန်းမြ နှင့် ဦးအေးဖေ ပါ-၃ .... ၆၃

**တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၅ အရ မူလရုံးအား သက်သေခံချက် ထပ်မံရယူစေရန် ညွှန်ကြားခြင်းသည် အယူခံရုံးအနေဖြင့် အဆုံးအဖြတ်ပေးရာ၌ သက်သေခံချက် ပြည့်စုံစွာ ရရှိစေရန် မိမိ၏ဆင်ခြင်တုံတရားအရ ညွှန်ကြားခြင်းဖြစ်သည်ဟု ယူဆရန်ဖြစ်ခြင်း၊ ကွင်းဆက်ပြတ်နေသည့် သက်သေခံချက်ကို အားဖြည့်ပေးရန် ရည်ရွယ်ချက်ဖြင့် ညွှန်ကြားသည်ဟု ယူဆရန်မဟုတ်ခြင်း ။**

**ဆုံးဖြတ်ချက်။** ။တရားရုံးချုပ်က ရန်ကုန်တိုင်း တရားရုံးအား နောက်ထပ် သက်သေခံချက်ရယူရန် ညွှန်ကြားလိုက်သည့် ရှိမန်အမိန့်မှာ မူလရုံး၌ သက်သေခံတင်ပြရာ၌ တရားလိုဘက်မှ အားနည်းနေသည့် အချက်ကို အားဖြည့်ပေးသည့် သဘောသက်ရောက်သည်ဟု ယူဆရန် အကြောင်းမရှိပေ၊ မူလရုံးက စစ်ဆေးထားသည့် သက်သေခံချက်သည် တိကျရှင်းလင်းခြင်းမရှိသဖြင့် အယူခံရုံးမှ ကောက်ယူဆုံးဖြတ်ရန် အခက်အခဲရှိနေခြင်းကြောင့် အမိန့် ၄၁၊ နည်း ၂၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မိမိ၏ဆင်ခြင်တုံတရားအရ မူလရုံးအား နောက်ဆက်တွဲသက်သေခံချက်များ ရယူတင်ပို့စေရန် ညွှန်ကြားခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်အား ဆန့်ကျင်ခြင်းမရှိပေ။

ဒေါ်အေးသိ နှင့် ဒေါ်အမာကြည် ၈၆

**မြေကို ဂရန်ရရှိပိုင်ဆိုင်သူတစ်ဦးက ဂရန်သက်တမ်း မကုန်ဆုံးမီ အတွင်းရောင်းချခဲ့သည့် ကိစ္စတွင် ဂရန်သက်တမ်းကုန်ဆုံးသွားပြီးသည့် အချိန်၌လည်း ထိုမြေနှင့် ပတ်သက်၍ ဝယ်ယူရရှိထားသည့် အနိုင်ဒိုကရီကို ရောင်းသူက လိုက်နာဆောင်ရွက်ပေးရန် တာဝန်ရှိခြင်း ။**

**ဆုံးဖြတ်ချက်။** ။မူလက ဒေါ်ခင်ငြိမ်းနှင့် ဦးစိန့်တို့အရောင်းအဝယ်ကို စာမျက်နှာ ၂၇- ၁- ၈၄ ရက်နေ့တွင် ပြုလုပ်ခဲ့သောကြောင့် ထိုစဉ်က ဂရန်သက်တမ်း ကုန်ဆုံးခြင်းမရှိပေ၊ သို့ဖြစ်၍ အရောင်းအဝယ်ပြုလုပ်စဉ်အခါက ဦးစိန့် သည် ဂရန်သက်တမ်းကုန်ဆုံးခြင်း မရှိသောမြေကို ရောင်းချခဲ့ပြီး ဒေါ်ခင်ငြိမ်းကလည်း ဝယ်ယူခဲ့သည်ဖြစ်၍ တရားဝင် ပိုင်ဆိုင်မှုရှိသော အခြေအနေတွင် ရောင်းချခဲ့သည်ဟုဆိုရမည်ဖြစ်ပေသည်၊ ထို့နောက်တွင်မှ ဦးစိန့်က အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး မှတ်ပုံတင်ပြုလုပ်ပေးရန် ပျက်ကွက်သဖြင့် ဒေါ်ခင်ငြိမ်းက တရားစွဲဆိုရခြင်းဖြစ်ရာ နောက်ပိုင်းတွင် ဂရန်သက်တမ်း ကုန်ဆုံး၍ မှတ်ပုံတင်ပြုလုပ်ပေးရန် အခွင့်အရေးမရှိတော့ ကြောင်း၊ ဦးစိန့်၏ ကန့်ကွက်ချက်ကို လက်ခံနိုင်ရန်အကြောင်း မရှိနိုင်ပေ၊ ထို့အပြင် ဒေါ်ခင်ငြိမ်းသည် ဦးစိန့်အပေါ် တရားရုံးချုပ်၏ တရားမပထမ အယူခံမှု အမှတ် ၆၃/ ၉၀ တွင် ဒီကရီရရှိခဲ့ပြီး ဒီကရီမှာ ယနေ့တိုင်တည်မြဲ လျက်ရှိသဖြင့် ဦးစိန့်သည် ဒီကရီအရ လိုက်နာရန်တာဝန်ရှိမည်ဖြစ်သည်၊ ဂရန်သက်တမ်းကုန်ဆုံးနေခြင်းကြောင့် ဦးစိန့်မှ ဒီကရီအတိုင်း လိုက်နာရန် တာဝန်မရှိဟူ၍လည်း ဆိုရန်အကြောင်းမရှိပေ၊ အရောင်းအဝယ် စာချုပ် ချုပ်ဆိုပြီးသည့်နောက်တွင် ဂရန်ရရှိရေးအတွက် ဆောင်ရွက်ရန်မှာ ဒေါ်ခင်ငြိမ်း၏ တာဝန်သာဖြစ်မည်။

ဦးစိန့် နှင့် ဒေါ်ခင်ငြိမ်း . . . . . ၂၆

**အချင်းဖြစ်အခန်းနှင့် ပတ်သက်၍ မူလက အိမ်ရှင်အိမ်ငှားအဖြစ် ဆက်သွယ်မှု ရှိခဲ့ကြသော်ငြားလည်း ထိုအခန်းကို ပြည်သူပိုင် သိမ်းဆည်းလိုက်သည့် အချိန်မှစ၍ အိမ်ရှင်အိမ်ငှား ဆက်သွယ်မှု ရပ်စဲသွားခြင်း။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်အခန်း ပါဝင်သည့် အဆောက်အဦ တစ်ခုလုံးကို နိုင်ငံတော်မှပြည်သူပိုင်သိမ်းပြီး ပြည်သူ့ဆိုင်ဖွင့်လှစ်ရောင်းချ ခဲ့သည့်အချိန်မှ စ၍ထိုအခန်းနှင့် ပတ်သက်သမျှ အိမ်ရှင်အိမ်ငှားဆောင်ရွက်မှု မှာ အလိုအလျောက်ပြတ်စဲသွားပြီဟု ပဋိညာဉ် ဥပဒေပုဒ်မ ၅၆ အရ မှတ်ယူရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ပြည်သူပိုင်သိမ်းလိုက်သည်ဆိုသည်နှင့် တစ်ပြိုင်နက် ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုမှာ နိုင်ငံတော်အစိုးရလက်ဝယ်သို့ ရောက်ရှိသွားပြီး ဖြစ်ပေသည်၊ ပြည်သူပိုင်သိမ်းဆည်းခြင်းခံရသော ဥပစာ၏ မူလအိမ်ရှင် သော်လည်းကောင်း၊ မူလအိမ်ငှားသော်လည်းကောင်း ထိုဥပစာနှင့်

ပတ်သက်၍ ပိုင်ဆိုင်ခွင့် သို့မဟုတ် စီမံခန့်ခွဲပိုင်ခွင့်မရှိတော့ပေ၊ ထို့ကြောင့် စာမျက်နှာ ဥပဒေအမြင်တွင် ယခုအချင်းဖြစ် အခန်းတည်ရှိရာ ရိပ်သာပွဲရုံကို ပြည်သူ့ပိုင် သိမ်းလိုက်သောအခါ အချင်းဖြစ်အခန်းနှင့် စပ်လျဉ်း၍ တရားလို တရားပြိုင်တို့အကြား အငှားချထားမှု ရပ်စဲပြတ်တောက်သွားသည်။

ဦးရှားမား ပါ-၂ နှင့် ဦးအောင်သိန်း ပါ-၇ . . . . . ၅၂

**မိုဟာ မေဒင် ဘာသာဝင်တစ်ဦး အနေဖြင့် မိမိပစ္စည်းကို သေတမ်းစာဖြင့် စီမံခန့်ခွဲနိုင်ခွင့် ရှိသည်ဟုဆိုလင့်ကစား ပစ္စည်းအားလုံးကို စီမံခန့်ခွဲပိုင်ခွင့် မရှိ၊ ဥပဒေအရခွင့်ပြုသည့် ပစ္စည်းအစိတ်အပိုင်းကိုသာ သေတမ်းစာရေး၍ စီမံခန့်ခွဲပိုင်ခွင့်ရှိခြင်း ။**

**ဆုံးဖြတ်ချက်။** ။စိတ်ပေါ့သွပ်သူ သို့မဟုတ် အရွယ်မရောက်သေးသူ မဟုတ်သည့် မဟာမေဒင်ဘာသာဝင်တိုင်းသည် မိမိ၏ပစ္စည်းကို သေတမ်းစာဖြင့် စီမံခန့်ခွဲနိုင်သည်၊ သို့သော် ယင်းသို့စီမံခန့်ခွဲရာတွင် အသုဘစရိတ်များနှင့် ကြွေးမြီများပေးပြီးနောက် ပိုလျှံသည့်အမွေ၏ သုံးပုံတစ်ပုံထက်ပို၍ သေတမ်းစာဖြင့် စီမံခန့်ခွဲခွင့်မရှိပေ။ ပို၍ စီမံခန့်ခွဲပါက သေတမ်းစာရေးသူ ကွယ်လွန်ပြီးနောက်အမွေစား အမွေခံတို့က သဘောမတူလျှင် အတည်မဖြစ်ပေ။ အထက်တွင် ရှင်းလင်းတင်ပြထားသည့်အတိုင်း ဒေါ်အေးရှင်သည် ခင်ပွန်းဦးဒါဝတ်၏ အမွေပစ္စည်းမှ ရှစ်ပုံတစ်ပုံ ( $\frac{၁}{၈}$ ) ဖြစ်သော အမွေစုကိုသာ ရရှိသဖြင့် ယင်းအမွေစု၏ သုံးပုံတစ်ပုံကိုသာလျှင် သေတမ်းစာဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်၊ ဦးဒါဝတ် ကျန်ရစ်သော အမွေပစ္စည်းတစ်ရပ်လုံးကို သေတမ်းစာဖြင့် ပေးပိုင်ခွင့်မရှိပေ၊ ဒေါ်အေးရှင်သည် ဥပဒေအရ ၎င်းခံစားခွင့်ရှိသော အမွေစုကိုသာ သေတမ်းစာဖြင့် စီမံခန့်ခွဲခဲ့ခြင်းမဟုတ်ဘဲ ပစ္စည်းတစ်ရပ်လုံးကို စီမံခန့်ခွဲခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ချေ။

ဒေါ်သန်းမြင့် နှင့် ဒေါ်တင်မြင့်(ခ) ဒေါ်ချိုတူး ၆၆

**အိမ်ထောင်ပြုပြီးချိန်မှ စ၍လင်၏ မိဘထံတွင် လင်နှင့် အတူလိုက်နေခဲ့သော ချွေးမတွင် သားသမီး ထွန်းကားခြင်း မရှိဘဲ လင်သေဆုံးသွားသည့် အခါ လင်၏ ဩရသအခွင့်အရေးအရ ယောက္ခမထံမှ ချွေးမက အမွေတောင်းဆိုပိုင်ခွင့်ရှိခြင်း ။**

**ဆုံးဖြတ်ချက်။** ။ ယခုအမှုတွင် ဖခင်ဦးကျော်ခိုင် သေဆုံးပြီးမှ ဦးမျိုးကျော်သည် ဒေါ်မြသန်းနှင့် အိမ်ထောင်ပြုပြီး ပေါင်းသင်းနေထိုင်ခြင်း

ဖြစ်သည်၊ ဖခင်ဦးကျော်ခိုင်သေဆုံးချိန်၌ သြရသသားဖြစ်သူ ဦးမျိုးကျော် စာမျက်နှာ
အနေဖြင့် ၎င်း၏ သြရသအခွင့်အရေးလေးပုံတစ်ပုံကို ရရှိခံစားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဦးမျိုးကျော်နှင့် ဒေါ်မြသန်း အိမ်ထောင်ပြုချိန်၌ အဆိုပါလေးပုံတစ်ပုံအခွင့်အရေးမှာ ဦးမျိုးကျော်ဘက်မှ ပါလာသော ပါရင်းပစ္စည်းဖြစ်သည်၊ ၎င်းတို့လင်မယားအနေဖြင့် မိခင် ဒေါ်ခင်လှနှင့်အတူနေထိုင်စဉ် ဖြစ်ထွန်းလာသော ပစ္စည်းမဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ယခုအမှုတွင် အိမ်ထောင်ပြုပြီးချိန်မှစ၍ လင်၏ မိဘထံတွင် လင်နှင့်အတူလိုက်၍ နေခဲ့သော ချွေးမဖြစ်သူ ဒေါ်မြသန်း၌ သားသမီးထွန်းကားခြင်းမရှိဘဲ လင်သေဆုံးသွားသည့်အခါ လင်၏ရရှိခဲ့ပြီးဖြစ်သော သြရသအခွင့်အရေးကို မယားဖြစ်သူ ဒေါ်မြသန်းအနေဖြင့် ယောက္ခမထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

ဒေါ်ခင်လှ နှင့် ဒေါ်မြသန်း(ခ)ဒေါ်မြမြသန်း .... ၈

**မြန်မာဓလေ့ထုံးတမ်း ဥပဒေ–လင်မယားနှစ်ဦး တရားဝင် ပေါင်းသင်းစဉ် ဖြစ်ထွန်းတိုးပွားလာသော ပစ္စည်း–လင်မယားနှစ်ဦးစလုံး ဥပဒေနှင့်အညီ ခွဲဝေပိုင်ဆိုင်ကြခြင်း၊ တရားဝင် အပေးစာချုပ်ဖြင့် လွှဲပြောင်းပေးအပ်စေကာမူ၊ တစ်ဦးတည်းက ပစ္စည်းအားလုံး ပိုင်ဆိုင်မည်မဟုတ်ဘဲ နိသသိတနှင့် နိဿယအခြေအနေဖြင့်သာ ခွဲဝေခံစားခွင့်ရှိမည် ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးအောင်ထူးသည် မိမိအား ဖခင်က ပေးကမ်းခဲ့သော အချင်းဖြစ်ပစ္စည်းကို ဇနီးဖြစ်သူ မစန်းစန်းမြင့်အား တရားဝင် အပေးစာချုပ်ဖြင့် ထပ်မံလွှဲပြောင်းပေးအပ်လိုက်ခြင်း ဖြစ်သည်။ ထိုသို့လွှဲပေးစဉ်အခါတွင်လည်း ဦးအောင်ထူးနှင့် မစန်းစန်းမြင့်တို့မှာ တရားဝင်လင်မယားအဖြစ် ပေါင်းသင်းနေကြဆဲဖြစ်သဖြင့် ပစ္စည်းအားလုံးကို မစန်းစန်းမြင့်အား ပေးလိုက်စေကာမူ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ မစန်းစန်းမြင့်တစ်ဦးတည်း ပစ္စည်းအားလုံး ပိုင်ဆိုင်မည်မဟုတ်ဘဲ မစန်းစန်းမြင့်ရရှိသော ပစ္စည်းတွင် လင်ဖြစ်သူ ဦးအောင်ထူးသည် နိသသိတအနေဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိလာနိုင်မည်ဖြစ်သည်၊ ထို့ကြောင့် အချင်းဖြစ်ပစ္စည်းနှင့် စပ်လျဉ်း၍ မစန်းစန်းမြင့်သည် နိဿယအနေဖြင့် ရထိုက်ခွင့်ရှိပြီး ဦးအောင်ထူးမှာ နိသသိတအဖြစ် ယင်းပစ္စည်းအပေါ် ခွဲဝေခံစားခွင့်ရှိမည် ဖြစ်သည်။

ကိုခင်မောင်သိန်း (ခ) ကိုသိန်း နှင့် မစန်းစန်းမြင့် ၁

**မြန်မာလေ့ထုံးတမ်းဥပဒေ။** စာမျက်နှာ

**တစ်ဦးထက်ပိုသော ကိတ္တိမ မွေးစားသားသမီးများ ရှိခဲ့ရာတွင် ကိတ္တိမ မွေးစားသားသမီးများအနက် တစ်ဦးသေဆုံးပါက ကျန်ကိတ္တိမ မွေးစားသားသမီးများကသာ ဆက်ခံပိုင်ခွင့်ရှိခြင်း၊ ထိုကိတ္တိမ သားသမီးများကို ကျော်လွန်၍ တူ တူမများအား ဆက်ခံခွင့် မပြုသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ကွယ်လွန်သူ ဒေါ်သန်းကြည်နှင့် တရားလို ဦးအောင်ခင်၊ တရားပြိုင် ဦးတင်မြင့်တို့သည် ကွယ်လွန်သူ ဒေါ်မြညွှန့်မှ တရားဝင် မွေးစားထားခဲ့သည့် ကိတ္တိမ သားသမီးများ ဖြစ်ကြသည့်အားလျော်စွာ ၎င်းတို့သည် ညီအစ်ကို မောင်နှမအရင်းများကဲ့သို့ အမွေဆက်ခံမှု ပြုနိုင်ကြမည်ဖြစ်သည်။ ဤအခြေအနေတွင် ဒေါ်သန်းကြည်မှ ကျန်ရစ်သော အမွေဆိုင်ပစ္စည်းများကို ကိတ္တိမညီအစ်ကိုမောင်နှမများ ဖြစ်ကြသည့် ဦးအောင်ခင်နှင့် ဦးတင်မြင့်တို့ကသာ အမွေဆက်ခံပိုင်ဆိုင်ကြမည်ဖြစ်ပြီး တူ၊ တူမများဖြစ်ကြသော (၁) မှ (၆) အထိ တရားပြိုင်များသည် ဒေါ်သန်းကြည်၏ ကိတ္တိမ မွေးစားမောင်နှမများကို ကျော်လွန်၍ ဒေါ်သန်းကြည်၏အမွေကို ဆက်ခံနိုင်ခွင့် ရှိကြမည် မဟုတ်ချေ။

ဦးအောင်ခင် နှင့် ဒေါ်သိန်းလွင်ပါ-၇ . . . . . ၉၆

**သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုသည့်အမှုတွင် လက်ရှိဖြစ်နေရာမှ တရားဥပဒေလမ်းကြောင်းအတိုင်း မဟုတ်ဘဲ လက်မဲ့ဖြစ်သွားရသည်ဆိုသည့်အချက်ကို တရားလိုဘက်မှ ခိုင်မာထင်ရှားစွာ သက်သေပြရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ယခုအမှုမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုသည့်အမှု ဖြစ်သည်၊ ထို့ကြောင့် ယခုအမှု၌ တရားလို ဦးလှပါ-၄ ဦးတို့က ၎င်းတို့ လက်ရှိဖြစ်သော အချင်းဖြစ် မြေကွက်ပေါ်မှ တရားဥပဒေလမ်းကြောင်းအတိုင်း မဟုတ်ဘဲ ၎င်းတို့၏ သဘောဆန္ဒနှင့် ဆန့်ကျင်လျက် ဖယ်ရှားခြင်း ခံရပြီး လက်လွတ်ဆုံးရှုံးခဲ့ရသည်ဆိုသော အချက်ကို ခိုင်မာထင်ရှားစွာ သက်သေပြသနိုင်ရမည်၊ ယင်းကဲ့သို့ ပြသနိုင်ပါမှ ဦးလှတို့ စွဲဆိုသည့် အမှုမှာ အောင်မြင်ရန် အကြောင်းရှိပေလိမ့်မည်၊ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုသော အမှုဖြစ်သဖြင့် အချင်းဖြစ်မြေကွက်၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍မှုကား သက်သေပြသရန် မလိုအပ်ပေ။

ဒေါ်နှင်းမြ နှင့် ဦးလှ ပါ-၄ . . . . . ၄၂

စာမျက်နှာ

**သီးခြား စည်းကမ်းချက်မရှိသော ကိစ္စ၌ အိမ်ငှားတစ်ဦးသည် မိမိငှားရမ်းနေထိုင်သည့် ဥပစာကို အခြားသူတစ်ဦးအား တစ်ဆင့် လွှဲပြောင်းငှားရမ်းသည့်အခါ အိမ်ပိုင်ရှင်၏ သဘောတူညီချက်ကို ရယူရန် မလိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ အိမ်ငှားတစ်ဦးသည် မိမိငှားရမ်း နေထိုင်သည့် ဥပစာကို တစ်ဆင့်ပြန်လည်၍ အငှားချထားခွင့်ရှိသည်၊ ထိုကဲ့သို့ တစ်ဆင့်ပြန်လည်၍ အငှားချထားရာ၌ ရန်ကုန်မြို့၌ အများ လက်ခံကျင့်သုံးလျက်ရှိသော အပျောက်စနစ် (နေထိုင်ခွင့်အတွက် တန်ရာတန်ကြေး ပေး၍ ဥပစာကို လွှဲပြောင်းရယူသည့်စနစ်)ဖြင့် ဒေါ်ငွေသိန်းနှင့် ဒေါ်သိန်းညွှန့်တို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရသည်၊ ထိုကဲ့သို့ တစ်ဆင့် ပြန်လည် အငှားချထားရန် ဆောင်ရွက်သည့်အခါ အဆောက်အဦပိုင်ရှင်၏ ကြိုတင်ခွင့်ပြုချက်ကို ရယူပြီးမှ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက် မတွေ့ရပေ။

ဒေါ်ငွေသိန်း နှင့် ဒေါ်သိန်းညွှန့် ..... ၁၇

**ဘီနာမီ(ခ) အမည်ငှားဖြင့် ဝယ်ယူခြင်း ဟုတ် မဟုတ် စိစစ်ဆုံးဖြတ်ရာတွင် အမှုဖြစ်စဉ် အပေါ်၌ အခြေခံ၍ ဆုံးဖြတ်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပစ္စည်းတစ်ခုကိုဝယ်ယူရာ၌ အမည်ငှားဖြင့် ဝယ်ယူခြင်း ဟုတ်မဟုတ်ဆိုသည့် အချက်မှာ အကြောင်းခြင်းရာ ပြဿနာဖြစ်သည်၊ <u>ဒေါ်မြမြဝင်း</u> အမှုစီရင်ထုံးအရ ဘီနာမီအမည်ငှား ဟုတ်မဟုတ်ဆိုသော အချက်ကို စိစစ်ရာတွင် အခြေခံရမည့် လမ်းညွှန်ချက်များမှာလည်း အကြောင်းခြင်းရာများပင် ဖြစ်သည်၊ ထို့ကြောင့် ပစ္စည်းတစ်ခုကို ဝယ်ယူရာ၌ အမည်ငှားဖြင့် ဝယ်ယူခြင်း ဟုတ်မဟုတ်ဆိုသော အချက်ကို ဆုံးဖြတ်ရာတွင် အမှုဖြစ်စဉ် အပေါ်၌ အခြေခံ၍ စဉ်းစားဆုံးဖြတ်ရမည်သာ ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဦးလုံထော်သည် မိမိနေထိုင်ရာ မအူပင်ခရိုင်၊ စစ်ချောင်းကျေးရွာ မီးလောင်ရာ၌ နေအိမ်ပါသွားခြင်းကြောင့် ဒုက္ခရောက်ပြီး ရန်ကုန်သို့ ပြောင်းရွှေ့လာခြင်း၊ ရောက်လျှင်ရောက်ချင်း သားဖြစ်သူ ဦးခေးဗုက်ထံ၌ ခေတ္တနေထိုင်ရခြင်း၊ ၎င်းနောက် ယခု အချင်းဖြစ်အိမ်နှင့် မြေကို ဝယ်ယူနေထိုင်ခြင်း၊ ထိုသို့ ဝယ်ယူရာ၌ ဦးလုံထော်၏ အမည်ငှားဖြင့် သားဖြစ်သူ ဦးခေးဗုက်ပိုင်ငွေဖြင့် ဝယ်ယူကြောင်း သက်သေခံချက် ခိုင်မာစွာ ပေါ်ပေါက်ခြင်း၊ ရောင်းသူ ဦးစံရင်က မြေနှင့်အိမ်ဝယ်ရာ၌

ငွေပေးချေသူမှာ ဦးခေးဝှက်ဖြစ်ကြောင်း၊ စာချုပ်၌ ဦးခေးဝှက်က သူ့ဖခင် ဦးလုံထော်အမည်ဖြင့် ချုပ်ဆိုခိုင်းကြောင်း၊ ဂရန်အစရှိသော စာချုပ်စာတမ်းများကို ဦးခေးဝှက်လက်သို့ ပေးအပ်လိုက်ကြောင်း သက်သေခံချက်အတိအကျပေါ်ပေါက်သည်၊ ဤသက်သေခံချက်များကို အထောက်အထားပြု၍ မူလတိုင်းတရားရုံးနှင့် ပထမ အယူခံတရားရုံးချုပ်တို့မှ ဦးလုံထော်မှာ အမည်ခံသာဖြစ်ကြောင်း၊ အမှန်တကယ် ငွေပေးချေ၍ ဝယ်သူမှာ ဦးခေးဝှက်ဖြစ်ကြောင်း **ဒေါ်မြမြဝင်း** အမှုစီရင်ထုံးပါ လမ်းညွှန်ချက်များကို အထောက်အထားပြုလျက် စီရင်ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ စာမျက်နှာ

ဒေါ်အေးတင်ပါ-၂ နှင့် ဦးခေးဝှက်(ခ)ဦးမိန်တင် . . . . . ၈၁

**ပဋိညာဉ်ကို အကျိုးသက်ရောက်အောင် ဆောင်ရွက်ပေးရန် တောင်းဆိုသည့် ကိစ္စသည် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ၌ အကျုံးဝင်သည့် အကျိုးဆက်သက်သာခွင့် မဟုတ်သဖြင့်၊ ယင်းကိစ္စမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ အရ စွဲဆိုရမည့် ကိစ္စသာဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ အမှုဖြစ်စဉ်အရ တိုက်အိမ်နှင့် မြေကွက်ကို ရောင်းချရန်အတွက် နှစ်ဦးနှစ်ဖက် ကတိစာချုပ် ချုပ်ဆိုကြပြီး စရံငွေများ ပေးထားခဲ့သည်၊ ထိုစဉ်ကာလအတွင်း ရောင်းချမည့်သူအဖြစ် ကတိစာချုပ် ချုပ်ဆိုထားသော ဒေါ်မမခင် ကွယ်လွန်သွားသည်၊ ၎င်းအား ဆက်ခံသူ တရားဝင် ကိုယ်စားလှယ် ဦးအောင်ခင်အပေါ်၌ ယခုအမှုစွဲဆိုခြင်းဖြစ်သည်၊ အမှုဖြစ်စဉ်နှင့် ကတိစာချုပ်၌ ပါရှိသည့် ပဋိညာဉ် စည်းကမ်းများအရ စဉ်းစားကြည့်ပါက တရားလိုများအနေဖြင့် ကတိစာချုပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုမှုအတွက်သာ စွဲဆိုရမည်ဖြစ်သည်၊ မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခြင်းမှာ နည်းလမ်းမမှန်ပေ။ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၁၂ အရ ကတိစာချုပ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုမှု စွဲဆိုရမည့်ကိစ္စဖြစ်သည်၊ ထို့ကြောင့် ပဋိညာဉ်ကို အကျိုးသက်ရောက်အောင် ဆောင်ရွက်ပေးရန်အတွက် တောင်းဆိုသည့် ကိစ္စသည် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သည့် အကျိုးဆက်သက်သာခွင့် မဟုတ်ပေ။

ဦးအောင်ခင် နှင့် ဒေါ်မြိုင်(ခ)အမေမြိုင် ပါ-၂ . . . . . ၉၂

**ကုန်ဖိုး ကြွေးကျန်ငွေ ရလိုမှု စွဲဆိုသည့် အမှုတွင် ဝယ်သူနှင့် ရောင်းသူတို့ အကြား စဉ်ဆက်မပြတ် မှတ်သားထားခဲ့သည့် စာရင်းအင်းအားလုံးကို သက်သေခံအဖြစ် တင်ပြရန် မလိုအပ်ခြင်း၊ စာရင်းသွင်းချက် အချို့နှင့် ပတ်သက်၍ အထောက်အကူပြု သက်သေခံချက်ရှိလျှင် လက်ခံယုံကြည်ထိုက်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။အယူခံတရားပြိုင်နှင့် တရားခံတရားလိုတို့ အကြိမ်ပေါင်းမြောက်များစွာ ဆက်ဆံခဲ့သည့် စာရင်းမျိုးတွင် စာရင်းသွင်းချက် အားလုံး တစ်ခုမကျန် ထင်ရှားအောင် သက်သေထူရန် မလိုချေ၊ ထိုကဲ့သို့ သက်သေထူရန်လည်း လက်တွေ့အားဖြင့် ဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။ စာရင်းသွင်းချက်အချို့ကို ထောက်ခံသည့် အထောက်အထား တင်ပြလျှင် အယူခံတရားပြိုင် (မူလတရားလို) အနေဖြင့် တာဝန်ကျေပွန်ပြီဟု ဆိုရမည် ဖြစ်သည်။

ဦးအောင်ရ နှင့် ဦးမြတ်လွင် ..... ၈၉

**မိဘလက်ထက်က ဥပစာတွင် အခမဲ့ နေထိုင်ခွင့်ပြုခဲ့သူကို မိဘများ ကွယ်လွန်ပြီးနောက် အမွေဆက်ခံသူက ဆက်လက်၍ နေထိုင်ခွင့်ပြုခဲ့ပါသည်ဟု အတိအလင်းအဆိုပြု၍ စွဲဆိုသောအမှုတွင် ထိုသို့ အမွေဆက်ခံသူက ဆက်လက်နေထိုင်ခွင့်ပြုကြောင်းနှင့် ပတ်သက်၍ သက်သေခံချက် ခိုင်မာထင်ရှားစွာ ပြသရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးကျော်ဝင်း၏ အဆိုလွှာ၌ ဒေါ်သိန်း ကွယ်လွန်ပြီးနောက် ၎င်းက တရားပြိုင်များအား ဆက်လက်၍ အခမဲ့ နေထိုင်ခွင့်ပြုထားသည်ဟု အတိအလင်း ဖော်ပြစွဲဆိုထားကြောင်း တွေ့ရသည်၊ ယင်းသို့ဆိုလျှင် ဒေါ်သိန်း ကွယ်လွန်သောအခါ ဒေါ်သိန်း ခွင့်ပြုခဲ့သည့် အခမဲ့ နေထိုင်ခွင့်မှာ ပြီးဆုံးသွားပြီး အမွေဆက်ခံသူ ဦးကျော်ဝင်းက ထပ်မံ၍ အခမဲ့ နေခွင့်ပြုထားသည်ဟု မှတ်ယူရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ထို့ကြောင့် မွေးစားမိခင် ဒေါ်သိန်းလက်ထက်က အခမဲ့နေထိုင်ခွင့်ပြုခဲ့သူကို ဒေါ်သိန်း ကွယ်လွန်ပြီးနောက် အမွေဆက်ခံသူ ဦးကျော်ဝင်းက ဆက်လက်၍ အခမဲ့နေခွင့်ပြုထားခဲ့သည်ဟု အမိက အဆိုပြုလျက် စွဲဆိုသည့် ယခုအမှုတွင် ဦးကျော်ဝင်းက ဆက်လက်

နေထိုင်ခွင့်ပြုထားသည်ဆိုသော အချက်နှင့် ပတ်သက်၍ ခိုင်မာထင်ရှားစွာ သက်သေပြရန် လိုအပ်သည်။ စာမျက်နှာ

ဒေါ်သန်းရီ နှင့် ဒေါ်မြရီပါ-၄ ၇၃

**အချင်းဖြစ် မြေကွက်ကို မှတ်ပုံတင်ခြင်း မရှိသော အရပ်စာချုပ်ဖြင့် ဝယ်ယူသူသည် တရားဝင် ပိုင်ဆိုင်မှုကို မရရှိသောကြောင့် ထိုသူက မူလပိုင်ရှင်အား အစမဲ့ ခွင့်ပြုချက်ဖြင့် ထားပါသည်ဟု အဆိုပြုခြင်းကို လက်မခံနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားလို ဒေါ်သန်းသန်း**ဌေးသည်**လည်း အချင်းဖြစ် မြေကွက်ကို ဒေါ်မေတိုးတို့ထံမှ ဝယ်ယူရာ**တွင်** **အရောင်းအဝယ်စာချုပ်**ကို မှတ်ပုံတင်ထားခြင်း မရှိသဖြင့် အရောင်းအဝယ် အထမမြောက်သည့်အလျောက် ဒေါ်သန်းသန်းဌေးသည် အချင်းဖြစ် မြေကွက်၏ ပိုင်ရှင်အဖြစ်သို့ မရောက်နိုင်ပေ။ အချင်းဖြစ်မြေကွက်မှာ ဒေါ်မေတိုးတို့ ပိုင်သဖြင့် ဆက်လက်တည်ရှိနေသည့်အလျောက် ဒေါ်မေတိုးတို့သည် ဒေါ်သန်းသန်းဌေး၏ ခွင့်ပြုချက်ဖြင့် အချင်းဖြစ်မြေတွင် နေထိုင်ခြင်း မဟုတ်ဘဲ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့ အနေနှင့်နေခြင်းသာ ဖြစ်ပေသည်။

ဒေါ်သန်းသန်းဌေး နှင့် ဒေါ်မေတိုးပါ-၃ ၇၇

**မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့မှ ထပ်တူထပ်မျှ သုံးသပ်ဆုံးဖြတ်ထားခြင်းအပေါ် မှားသည်မှန်သည် တစ်စုံတစ်ရာသုံးသပ်ခြင်းမပြုဘဲ ဒုတိယအယူခံတရားရုံးချုပ်က ပယ်ဖျက်ခဲ့ခြင်းမှာ နည်းလမ်းမှန်ကန်မှု မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။မြို့နယ်တရားရုံးနှင့် ပထမအယူခံတိုင်းတရားရုံးတို့မှ တရားပြိုင် အိမ်ငှားများသည် တရားလို၏ အိမ်ဖော်များနှင့် ရန်ဖြစ်ပြီး မကြားဝံ့ မနာသာ ဆဲဆိုသဖြင့် အနီးဝန်းကျင်အား စိတ်ငြိုငြင်မှု ဖြစ်စေသည်ဟု ထပ်တူထပ်မျှ သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းအပေါ် ဒုတိယ အယူခံတရားရုံးချုပ်က မှားသည် မှန်သည် တစ်စုံတစ်ရာ သုံးသပ်ထားခြင်း မရှိကြောင်း တွေ့ရသည်၊ အကြောင်းခြင်းရာနှင့် ပတ်သက်၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့မှ ထပ်တူထပ်မျှ သုံးသပ်ဆုံးဖြတ်ထားခြင်းအပေါ် မှားသည် မှန်သည် တစ်စုံတစ်ရာ သုံးသပ်ခြင်း မပြုဘဲ ဒုတိယ အယူခံတရားရုံးချုပ်က ပယ်ဖျက်ခဲ့ခြင်းမှာ နည်းလမ်းမမှန်ပေ။

ဦးချစ် နှင့် ကိုဝင်းမြင့် ပါ-၉ ဦး ...... ၁၃

**ကွယ်လွန်သူ အိမ်ငှားအား မှီခိုနေထိုင်သူလည်း မဟုတ်၊ ကွယ်လွန်သူ အိမ်ငှားနှင့် အစဉ်တစိုက်အတူလက်ရှိနေထိုင်သူလည်း မဟုတ်လင့်ကစား တစ်စုံတစ်ယောက်သောသူသည် ကွယ်လွန်သူ အိမ်ငှား၏ တရားဝင် ကိုယ်စားလှယ်ဖြစ်ခဲ့လျှင် ထိုသူသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဆ)အရ အိမ်ငှားဖြစ်လာ နိုင်ခွင့် ရှိခြင်း။**　　စာမျက်နှာ

**ဆုံးဖြတ်ချက်။**　　။ဦးမောင်မောင်ကံသည် ချီချင်လင်နှင့် ဇနီး ဒေါ်ရင်တို့၏ သားဖြစ်သဖြင့် မိဘများ သေဆုံးချိန်၌ အမွေဆက်ခံခွင့် ရှိသူတစ်ဦး ဖြစ်သည်။ ထို့ကြောင့် ၎င်းသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂၊ စာပိုဒ်ခွဲ (၁၁)အရ ကွယ်လွန်သူ ချီချင်လင်နှင့် ဒေါ်ရင်တို့၏ တရားဝင် ကိုယ်စားလှယ်တစ်ဦးဖြစ်သည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ တွင် အိမ်ငှား ဆိုသည်မှာ တရား**မကျင့်ထုံး** ဥပဒေ၌ အဓိပ္ပာယ် ဖော်ပြထားသည့် တရားဝင်ကိုယ်စားလှယ်**ပါဝင်သည်**။

အထက်ပါ ပြဋ္ဌာန်းချက်တွင် တရားမကျင့်ထုံးကိုဥပဒေ၌ အဓိပ္ပာယ် ဖော်ပြထားသည့် တရားဝင်ကိုယ်စားလှယ်ဟု ပြဋ္ဌာန်းထားသဖြင့် တရားဝင်ကိုယ်စားလှယ် ဖြစ်လျှင် ဥပဒေပြဋ္ဌာန်းချက်ဘောင်ဝင်သည်၊ မိဘနှင့် အတူ နေရန်လို မလို၊ မိဘသေဆုံးချိန်ကျမှ ရောက်လာသူဖြစ်လျှင် အခွင့်အရေး ခံစားထိုက်၊ မခံစားထိုက်ဟူသောအချက်များကို ဆင့်ပွား ထည့်သွင်း စဉ်းစားမည် ဆိုပါက ဥပဒေပြဋ္ဌာန်းချက်ကို ချဲ့ထွင်ရာရောက်ပေလိမ့်မည်၊ ယခုအမှုတွင် ဦးမောင်မောင်ကံသည် ကွယ်လွန်သူ အိမ်ငှား ချီချင်လင်နှင့် ဒေါ်ရင်တို့၏ သားဖြစ်သဖြင့် ၎င်းတို့၏ တရားဝင် ကိုယ်စားလှယ်ဖြစ်သည်။ ထို့ကြောင့် မိဘများ ကွယ်လွန်ချိန်၌ မိဘများ ငှားရမ်းနေထိုင်ခဲ့သည့် အချင်းဖြစ် ဥပစာအခန်းအား ဦးမောင်မောင်ကံအနေဖြင့် ဆက်ခံခွင့်ရှိသည်၊ ထို့ကြောင့် ယခုအမှု၌ ဦးမောင်မောင်ကံသည် ကွယ်လွန်သူ အိမ်ငှားအား မှီခိုနေထိုင်သူလည်းမဟုတ်၊ ကွယ်လွန်သူအိမ်ငှားနှင့် အစဉ်တစိုက် အတူ လက်ရှိနေထိုင်သူလည်း မဟုတ်လင့်ကစား ကွယ်လွန်သူအိမ်ငှား၏ တရားဝင် ကိုယ်စားလှယ်ဖြစ်သဖြင့် အချင်းဖြစ်အခန်း၏အိမ်ငှား ဖြစ်လာသည်။

ဦးစိုးမြင့်ပါ-၃ နှင့် ဦးမောင်မောင်ကံပါ-၂ . . . . .　　၂၂

| | |
|---|---|
| **၁၉၅၀ ပြည့်နှစ်တွင် ပြန်လည်ဆောက်လုပ်သည့် အိမ်ဥပစာ၏ ပိုင်ရှင်သည် ပုဒ်မ ၁၂ (၁)(စ) ခြွင်းချက်တွင် အကျုံးဝင်သည့် ပိုင်ရှင် မဟုတ်ခြင်း။** | စာမျက်နှာ |

**ဆုံးဖြတ်ချက်။** ။ယခုအချင်းဖြစ်အိမ်မှာ ၁၉၅၀ ပြည့်နှစ်၌ အသစ်ဆောက်လုပ်သည့် အိမ်ဖြစ်သဖြင့် ၁-၅-၄၅ နေ့ မတိုင်မီက တည်ရှိနေသည့် အိမ်ဖြစ်သည်ဟု မဆိုနိုင်တော့ပေ။ ထို့အပြင် တရားလို ဦးကျင်သန်း၏ အဆိုလွှာ၌ပင်လျှင် အချင်းဖြစ် အိမ်မှာ ၎င်း၏ အမွေရ ပိုင်ဆိုင်သော အိမ်ဖြစ်သည်ဟု တိတိကျကျ ဖော်ပြထားခြင်းမတွေ့ရပေ။ ၁၉၄၂ ခုနှစ်က ၎င်းနှင့် ၎င်း၏ ဇနီး ဒေါ်တင်တင်တို့ အိမ်ထောင်ကျသော အချိန်မှစ၍ ထိုအိမ်၌ နေထိုင်ခဲ့သည်ဟုသာ ဖော်ပြထားသည်။ သို့ဖြစ်၍ ဦးကျင်သန်း အမွေရပိုင်ဆိုင်သည့် အိမ်ဖြစ်သည်ဟု မယူဆနိုင်ပေ၊ ၁၉၅၀ ပြည့်နှစ်တွင် ပြန်လည်ဆောက်လုပ်သည့် အချင်းဖြစ် အိမ်ဥပစာ၏ပိုင်ရှင် တရားလို ဦးကျင်သန်းသည် ပုဒ်မ ၁၂ (၁) (စ) ခြွင်းချက်၌ အကျုံးဝင်သည့် ပိုင်ရှင် မဟုတ်ဟု ယခုကြားနာသည့် ပြဿနာအား ဖြေဆိုလိုက်သည်။

ဦးတင်ဦးပါ-၂ နှင့် ဦးကျင်သန်း . . . . . . ၃၉

| | |
|---|---|
| **မိဘဘိုးဘွားများ လက်ထက်ကပင် ရခိုင်လူမျိုးများ ဖြစ်ခဲ့ကြပြီး၊ ရခိုင်လူမျိုးတို့၏ ဓလေ့ထုံးတမ်းအရ နေထိုင်ကြပါသည်ဟု ဆိုလင့်ကစား ထိုသူတို့ အနေဖြင့် လက်ရှိအားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်း နယ်ထဲ၌ ရောက်ရှိ၍ အတည်တကျ နေထိုင်လျက်ရှိသူများ ဖြစ်သဖြင့် ၎င်းတို့မှာ မြန်မာနိုင်ငံသား ဖြစ်မဖြစ်ဆိုသော အချက်ကို တရားရုံးက ဆုံးဖြတ်ပိုင်ခွင့် မရှိခြင်း၊ ၎င်းတို့ ပိုင်သော မြန်မာနိုင်ငံရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေအရသာ စီမံဆောင်ရွက်နိုင်ခြင်း။** | |

**ဆုံးဖြတ်ချက်။** ။လက်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းဒေသတွင် နေထိုင်သူ မြန်မာလူမျိုး ရခိုင်များကို နိုင်ငံခြားသားဟု သတ်မှတ်၍ ရနိုင်မရနိုင်မှာ မြန်မာနိုင်ငံအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ငန်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဤအမှုတွင်အငြင်းမပွားသည်မှာ အချင်းဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်သူ ဦးစောထွန်းဖြူ သည်လည်းကောင်း

ဦးစောထွန်းဖြူ ကွယ်လွန်သဖြင့် သက်ရှိထင်ရှား အမွေဆက်ခံသူ စာမျက်နှာ ဒေါ်စိန်ဘွင့်ခိုင်သည်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အမြဲနေထိုင်ကြခြင်းပင်ဖြစ်သည်။ ဤအမှုတွင် တရားစွဲဆိုသော တရားလိုမှာ ဒေါ်စိန်ဘွင့်ခိုင်၏ သမီးတစ်ဦးဖြစ်သည်။ ကျန်မွေးချင်း (၅)ဦးမှာလည်း မြန်မာနိုင်ငံတွင်မရှိ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် နေထိုင်ကြသည်။ ထို့ကြောင့် ဤအမှုမှ တရားလိုသည် နိုင်ငံခြားတွင် အမြဲနေထိုင်သူ၊ တစ်နည်းအားဖြင့် နိုင်ငံခြားသို့ အပြီးအပိုင် ထွက်ခွာသွားသူဟု သဘောသက်ရောက်သူများ၏ အခွင့်ကို ရယူပြီး တစ်နည်းအားဖြင့် ကိုယ်စားပြုပြီး စွဲဆိုရာရောက်သည်။ တစ်နည်းဆိုသော် အမွေဆက်ခံခွင့်ကို ရယူပြီး စွဲဆိုရာရောက်သည်။ ထို့ကြောင့် ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ (က)နှင့် ငြိစွန်းနေသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနက ဥပဒေနှင့်အညီ အမွေ ဆက်ခံခွင့်ပေးကြောင်း ချမှတ်သည့် အမိန့်မပါရှိဘဲ တရားမတရားရုံးက စီရင်ပိုင်ခွင့် မရှိပေ။

## တရားမ ပထမအယူခံမှု

**တရားရုံးချုပ်တရားသူကြီး ဦးကျော်တင့်ရွှေ့တွင်**

+၁၉၉၃
ဧပြီလ
၉ ရက်

ကိုခင်မောင်သိန်း (ခ) ကိုသိန်း

နှင့်

မစန်းစန်းမြင့်*

**မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ– လင်မယားနှစ်ဦးတရားဝင်ပေါင်းသင်းစဉ် ဖြစ်ထွန်းတိုးပွားလာသော ပစ္စည်း– လင်းမယားနှစ်ဦးစလုံး ဥပဒေနှင့်အညီခွဲဝေပိုင်ဆိုင်ကြခြင်း၊ တရားဝင် အပေးစာချုပ်ဖြင့်လွှဲပြောင်းပေးအပ်စေကာမူ၊ တစ်ဦးတည်းကပစ္စည်း အားလုံးပိုင်ဆိုင် မည်မဟုတ်ဘဲနိသ္သိတနှင့် နိဿယ အခြေအနေဖြင့် သာခွဲဝေခံစား ခွင့်ရှိမည်ဖြစ်ခြင်း ။**

**ဆုံးဖြတ်ချက်။** ။ဦးအောင်ထူးသည် မိမိအား ဖခင်က ပေးကမ်းခဲ့သော အချင်းဖြစ်ပစ္စည်းကို ဇနီးဖြစ်သူ မစန်းစန်းမြင့်အား တရားဝင် အပေးစာချုပ်ဖြင့် ထပ်မံလွှဲပြောင်းပေးအပ်လိုက်ခြင်းဖြစ်သည်။ ထိုသို့ လွှဲပေးစဉ်အခါတွင်လည်း ဦးအောင်ထူးနှင့် မစန်းစန်းမြင့်တို့မှာ တရားဝင်လင်မယားအဖြစ် ပေါင်းသင်းနေကြဆဲ ဖြစ်သဖြင့် ပစ္စည်းအားလုံးကို မစန်းစန်းမြင့်အားပေးလိုက်စေကာမူ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ မစန်းစန်းမြင့် တစ်ဦးတည်း ပစ္စည်းအားလုံး ပိုင်ဆိုင်မည် မဟုတ်ဘဲ မစန်းစန်းမြင့် ရရှိသောပစ္စည်းတွင် လင်ဖြစ်သူ ဦးအောင်ထူးသည် နိသ္သိတအနေဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်း၍ မစန်းစန်းမြင့်သည် နိဿယအနေဖြင့် ရထိုက်ခွင့်ရှိပြီး ဦးအောင်ထူးမှာ နိသ္သိတအဖြစ် ယင်းပစ္စည်းအပေါ် ခွဲဝေခံစားခွင့်ရှိမည်ဖြစ်သည်။

အယူခံတရားလိုအတွက် – ဦးထွန်းကြည်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးဘိုဘို၊ တရားရုံးချုပ်ရှေ့နေ

---

* ၁၉၉၁ ခုနှစ် တရားမပထမ အယူခံအမှတ် ၃၀၈

\+ ၁၉၈၉ ခုနှစ်တရားမကြီးမှု အမှတ် ၇၁၅တွင်ချမှတ်သော (၉– ၈– ၉၁) ရက်စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု

၁၉၉၃
ကိုခင်မောင်
သိန်း
(ခ)ကိုသိန်း
နှင့်
မစန်းစန်းမြင့်

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၇၁၅/၈၉ (မြင်းခြံ)တွင် တရားလို ဒေါ်စန်းစန်းမြင့်က တရားပြိုင် ဦးခင်မောင်သိန်းအပေါ် မြင်းခြံမြို့ အမှတ် (၈) ရပ်ကွက်၊ အကွက် အမှတ် (၁၇)၊ ဦးပိုင်အမှတ် (၄၀)၊ ဧရိယာ (၀.၀၂၀) ဧကရှိ ဘိုးဘပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ တို့အား မိမိပိုင်ဆိုင်ကြောင်းမြွက်ဟ ကြေညာပေးစေလိုမှုနှင့် လက်ရောက် ပေးအပ်စေလိုမှု စွဲဆိုရာ တိုင်းတရားရုံးက တရားလို စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးခဲ့သည်ကို တရားပြိုင် ဦးခင်မောင်သိန်းက မကျေနပ် ၍ တရားရုံးချုပ်သို့ ဤတရားမ ပထမအယူခံမှုကို တင်သွင်းခြင်း ဖြစ် သည်။

အယူခံတရားလိုက အကြောင်းပြချက်အဖြစ်တင်ပြရာတွင် **မူလရုံးသည်** အကြောင်းခြင်းရာ အပေါ်၌ ဥပဒေအမြင်သုံးသပ်ရာတွင် မှားယွင်းနေ ကြောင်း၊ အချင်းဖြစ်ပစ္စည်းသည် လင်းမယားပေါင်းသင်းနေစဉ် လင်က မယားအား ခန်းဝင်ပစ္စည်းအဖြစ် ပေးလိုက်ခြင်းကြောင့် မယားတစ်ဦးတည်း ပိုင်ပစ္စည်းအဖြစ် ပြောင်းလဲသွားခြင်း မရှိဘဲလင်မယားနှစ်ဦးပိုင် ပစ္စည်းသာ ဖြစ်ကြောင်း၊ လင်၏ဝေစု ပျောက်မသွားကြောင်း၊ ထိုပစ္စည်းပေါ်တွင် မစန်းစန်းမြင့်သည် ½ ရခွင့်ရှိကြောင်း၊ ယခုအမှုတွင် မူလရုံးက ယင်း ပစ္စည်းကို မစန်းစန်းမြင့်တစ်ဦးတည်းပိုင်သည်ဟု ဖြေဆိုဆုံးဖြတ်ထားခြင်းမှာ ဥပဒေအရ မှားယွင်းချွတ်ချော်နေပါကြောင်း၊ အချင်းဖြစ် ပစ္စည်းသည် လင်မယားနှစ်ဦးပိုင်ပစ္စည်း ဖြစ်သဖြင့် ပစ္စည်းခွဲဝေပေးစေလိုမှုသာ စွဲဆိုရ မည်ဖြစ်ပြီး တစ်ဦးတည်းပိုင်အဖြစ် မြွက်ဟကြေညာပေးစေလိုမှု မစွဲဆို နိုင်ကြောင်း၊ မစန်းစန်းမြင့်သည် ကွယ်လွန်သူ ဦးအောင်ထူး၏ ဆွေမျိုးသား ချင်းများကိုပါ အမှုသည်အဖြစ် ထည့်သွင်းစွဲဆိုရမည်ဖြစ်ကြောင်း၊ တရားလို သည် ဦးအောင်ထူးနှင့် ၂-၂-၈၂ ရက်နေ့တွင် ကွာရှင်းခဲ့ပြီး လင်ထံမှ မိမိ၏ဝေစုကို ကွာရှင်းသည့်နေ့မှစ၍ (၆) နှစ်အတွင်း တောင်းခံရမည် ဖြစ်ကြောင်း၊ အချင်းဖြစ်ပစ္စည်းသည် လင်မယားနှစ်ဦး အတူပိုင်ပစ္စည်း ရပ်ဖြစ်ရာ အယူခံတရားလိုသည် ပဋိညာဉ်ကို တစ်ပိုင်းတစ်စ ဆောင်ရွက် ထားပြီးဖြစ်၍ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃-က အရ အကာအကွယ် ရထိုက်ပါကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၄၄ အရလည်း ဖက်စပ်ပိုင်ပစ္စည်းဖြစ်ခဲ့လျှင်ပင် ထိုပစ္စည်းအား တရားဝင် လက်ရှိဖြစ်နေသူ ဦးအောင်ထူးသည် မြေစာရင်း၌ ၎င်း၏ အမည်ပေါက်ဆဲ ပစ္စည်းဖြစ်၍ ပိုင်ရှင်ဖြစ်ဟန် လက္ခဏာရှိသူဖြစ်ကြောင်း၊ ထိုသူထံမှ

သဘောရိုးဖြင့် တန်ဖိုးပေး၍ဝယ်ယူသူ အယူခံတရားလိုဖြစ်၍ ဥပဒေအရ အကာအကွယ်ရထိုက်ပါကြောင်း စသည်ဖြင့်တင်ပြသည်။ ၁၉၉၃ ကိုမင်မောင် သိန်း (ခ)ကိုသိန်း နှင့် မစန်းစန်းမြင့်

တရားလိုက မူလအမှုအဆိုလွှာ၌ ဖော်ပြရာတွင် အချင်းဖြစ်မြေနှင့် မြေပေါ်ရှိ နှစ်ထပ်တိုက်အိမ်ကို မြင်းခြံမြို့ စာချုပ်စာတမ်းမှတ်ပုံတင် အရာရှိရုံးတွင် မှတ်ပုံတင်ထားသော တရားဝင်စာချုပ်စာတမ်း အမှတ် ၂၆/၈၁ အရ တရားလိုက ပိုင်ဆိုင်ကြောင်း၊ အဆိုပါမြေနှင့် တိုက်အိမ်ပေါ်တွင် တရားလိုသည် ခင်ပွန်းဖြစ်သူ ဦးအောင်ထူးနှင့် ၎င်း၏ဖခင် ဦးသိန်းမောင် တို့နှင့်အတူ နေထိုင်ကြရာမှ တရားလိုသည် ၂- ၂- ၈၂ ရက်နေ့တွင် ခင်ပွန်းဦးအောင်ထူးနှင့် တရားရုံးတွင် ကွာရှင်းပြတ်စဲခဲ့ကြပြီး မြင်းခြံမြို့ စံပြတိုက်တန်းရှိ မိဘများထံ သွားရောက်နေထိုင်ခဲ့ကြောင်း၊ ထိုစဉ် တရားလိုပိုင် အိမ်နှင့်မြေအား ဦးအောင်ထူးနှင့် ဦးသိန်းမောင်တို့က ၈-၆- ၈၄ ရက်နေ့တွင် တရားပြိုင်သို့ တရားမဝင်လွှဲပြောင်းရောင်းချသွား ကြောင်း၊ ယခုအခါ ဦးအောင်ထူးနှင့် ဦးသိန်းမောင်တို့မှာ ကွယ်လွန်သွားကြ ပြီးအမွေစားအမွေခံမကျန်ရှိကြောင်း၊ တရားပြိုင်သည် တရားမဝင် ဝယ်ယူ ခဲ့သည့် အချင်းဖြစ်အိမ်နှင့် မြေတွင် ကျူးကျော်ဝင်ရောက်နေထိုင်လျက် ရှိသဖြင့် မိမိကဖယ်ရှားပေးရန် အကြောင်းကြားခဲ့ရာ တရားပြိုင်ကလိုက်နာ ဆောင်ရွက်ခြင်းမပြုသည့်အတွက် တရားပြိုင်အပေါ် တရားစွဲဆိုရခြင်းဖြစ် ကြောင်းဖော်ပြသည်။

တရားပြိုင်က ချေလွှာတင်သွင်းရာတွင် အချင်းဖြစ် ပစ္စည်းသည် တရားလိုပိုင်ပစ္စည်းမဟုတ်ကြောင်း၊ မှတ်ပုံတင်စာချုပ်အမှတ် ၂၆/၈၁ ကိုမသိကြောင်း၊ တရားလိုနှင့် ဦးအောင်ထူးတို့ ကွာရှင်းသည်ကိုလည်း မသိကြောင်း၊ မြေနှင့်အိမ်ပိုင်ရှင်ဖြစ်သူ ဦးသိန်းမောင်နှင့် ဦးအောင်ထူးတို့က တရားဝင်ရောင်းချခဲ့ခြင်းသာဖြစ်ကြောင်း၊ ၎င်းတို့မှာ တရားဝင် လွှဲပြောင်း ပိုင်ခွင့်ရှိသူများဖြစ်ကြောင်း၊ တရားလို၏ အဆိုလွှာတွင် ဖော်ပြချက်များအရ အချင်းဖြစ်ပစ္စည်းသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းဖြစ်ခဲ့ကြောင်း၊ ကွာရှင်း ပြီးသော်လည်း ပစ္စည်းမခွဲဝေရသေးကြောင်း ပေါ်ပေါက်နေသဖြင့် ထိုပစ္စည်း ရပ်အပေါ် တရားလိုကတစ်ဦးတည်းပိုင် ပစ္စည်းအဖြစ် မြွက်ဟကြေညာပေး စေလိုမှုကို ဤပုံစံအတိုင်း မစွဲဆိုနိုင်ကြောင်း၊ ပစ္စည်းတစ်ရပ်လုံးကို တရားလို တစ်ဦးတည်းမပိုင်သဖြင့် ထိုပစ္စည်းကို လက်ရောက်ရလိုမှု မစွဲဆိုနိုင်ကြောင်း၊ တရားပြိုင်သည် အချင်းဖြစ်ပစ္စည်းများကို ပိုင်ရှင် သို့မဟုတ် ပိုင်ရှင်ဖြစ်ပုံလက္ခဏာရှိသူထံမှ ဝယ်ယူခဲ့ခြင်းဖြစ်၍ တရားဝင်

၁၉၉၃
ကိုခင်မောင်
သိန်း
(ခ) ကိုသိန်း
နှင့်
မစန်းစန်းမြင့်

ပိုင်ခွင့်ရှိကြောင်း၊ တရားပြိုင်သည် "ပဋိညာဉ်အား တစ်ပိုင်းတစ်စ ဆောင်ရွက်ခြင်း" ဥပဒေအရ ပစ္စည်းလက်ရှိဖြစ်နေသူဖြစ်သဖြင့် အချင်းဖြစ်ပစ္စည်းမှ တရားပြိုင်အား နှင်ထုတ်ခွင့်မရှိကြောင်း၊ ဒိုင်းအဖြစ် အကာအကွယ်ရရှိကြောင်း တင်ပြသည်။

တရားလို တရားပြိုင်နှစ်ဖက်အဆိုအချေများအရ မူလရုံးက အောက်ပါ ငြင်းချက်များကို ထုတ်နုတ်ခဲ့သည်–

၁။ ဤအမှုကို **ဤပုံစံအတိုင်းစွဲဆိုခွင့်မရှိဆိုတာ** မှန်သလား၊

၂။ အမှုတန်ဖိုးနှင့် **ရုံးခွန်တော်**သည် ဥပဒေနှင့်လျော်ညီပါသလား၊

၃။ ကွယ်လွန်သူ ဦးအောင်ထူးနှင့် ဦးသိန်းမောင်တို့၏ တရားဝင် ကိုယ်စားလှယ်များကို တရားပြိုင်များအဖြစ် ထည့်သွင်းစွဲဆိုရန် လိုအပ်ပါသလား၊

၄။ အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေပါသလား၊

၅။ အချင်းဖြစ်ဥပစာမှာ တရားလိုပိုင်ပစ္စည်းဖြစ်သည်ဆိုရာမှန်သလား။

၆။ တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်သနည်း။

**နောက်တိုးငြင်းချက်**

ပဋိညာဉ်အား တစ်ပိုင်းတစ်စဆောင်ရွက်ခြင်း ဥပဒေအရ တရားပြိုင်အား အချင်းဖြစ် ဥပစာမှ နှင်ထုတ်ခွင့်ရှိသည် ဆိုတာမှန်သလား၊

ဖော်ပြပါငြင်းချက်များ အနက်ငြင်းချက်အမှတ် (၁) (၂) (၃) တို့ကို မူလရုံးက ပဏာမငြင်းချက်များအဖြစ် သတ်မှတ်ကြားနာ၍ တရားလိုအား အသာပေးဖြေဆို အမိန့်ချမှတ်ခဲ့သည်။ သို့ရာတွင် တရားရုံးချုပ်၏ တရားမပြင်ဆင်မှုအမှတ် ၁၆၈/၉၀ တွင် ပဏာမငြင်းချက်အမှတ် (၂) အပေါ် မူလရုံး၏ဆုံးဖြတ်ချက်ကို အတည်ပြုပြီး ပဏာမငြင်းချက်အမှတ် (၁) နှင့် (၃) တို့ကို အခြားငြင်းချက်များနှင့်အတူ နှစ်ဖက်သက်သေစစ်ဆေးပြီးမှ ဆုံးဖြတ်ရန် မူလရုံးအားညွှန်ကြားခဲ့သည်။

ထို့ကြောင့် မူလရုံးသည် သက်သေများအား စစ်ဆေးကြားနာပြီးနောက် ဤအမှုကို ဤပုံစံအတိုင်း စွဲဆိုနိုင်ကြောင်း၊ ဦးအောင်ထူးနှင့်ဦးသိန်းမောင်တို့၏ တရားဝင်ကိုယ်စားလှယ်များကို ဤအမှုတွင် တရားပြိုင်များအဖြစ် ထည့်သွင်းစွဲဆိုရန် မလိုအပ်ကြောင်း၊ အချင်းဖြစ်အမှုစွဲဆိုသည်မှာ ကာလစည်းကမ်းသတ် ကျော်လွန်နေခြင်း မရှိကြောင်း၊ အချင်းဖြစ်ပစ္စည်းသည် တရားလိုပိုင် ပစ္စည်းဖြစ်ကြောင်း၊ ပဋိညာဉ်အား တစ်ပိုင်းတစ်စ ဆောင်ရွက်ထားခြင်း ဥပဒေအရ တရားပြိုင်အားအချင်းဖြစ်ဥပစာမှနှင်ထုတ်ခွင့်မရှိဆို

ခြင်းမှာ မမှန်ကြောင်း၊ တရားလိုသည် တောင်းဆိုသည့်အတိုင်းသက်သာခွင့် ရထိုက်ကြောင်းဖြင့် ငြင်းချက်များကိုဖြေဆိုပြီး တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီဂရီ ချမှတ်ပေးခဲ့ခြင်း ဖြစ်သည်။

အချင်းဖြစ်အမှုတွင် ကွယ်လွန်သူ ဦးအောင်ထူးနှင့် တရားလိုမစန်းစန်းမြင့် တို့သည် ၂၅-၈-၈၀ရက်နေ့က တရားဝင် လက်ထပ်ထိမ်းမြားခဲ့ကြပြီး ၁၈-၃-၈၁ ရက်နေ့တွင် ပြုလုပ်သော တိုက်နှင့်မြေအပေးစာချုပ် (သက်သေခံ-က) မှတ်ပုံတင်စာချုပ်စာတမ်းအမှတ် ၂၆/ ၈၁ ဖြင့် အချင်းဖြစ်မြေနှင့်အိမ်ကို ဦးအောင်ထူးက မစန်းစန်းမြင့်အား ပေးအပ်ခဲ့ကြောင်း၊ ဦးအောင်ထူးနှင့်မစန်းစန်းမြင့်တို့သည်(၂-၂-၈၂)ရက်နေ့တွင် စာချုပ်စာတမ်းဖြင့် တရားဝင် ပြတ်စဲခဲ့ကြကြောင်း၊ (၈-၆-၈၄) ရက်နေ့တွင် ယင်းမြေနှင့် အိမ်ကို တရားပြိုင်ဦးခင်မောင်သန်းက ဦးအောင်ထူးထံမှ တန်းဖိုးငွေကျပ် ၁၆၈၀၀၀/-ဖြင့် ဝယ်ယူခဲ့ကြောင်း ပေါ်ပေါက်လျက်ရှိသည်။

မူလရုံးတွင် တရားပြိုင်က အချင်းဖြစ်အိမ်နှင့်မြေကို ဦးအောင်ထူးက မစန်းစန်းမြင့် အားပေးအပ်ခဲ့ခြင်းကို ငြင်းဆိုခြင်းမပြုသော်လည်း ယင်းအမှုဖြစ်ပစ္စည်းမှာ လင်မယားနှစ်ဦးပိုင် ခန်းဝင်ပစ္စည်းသာဖြစ်၍ တစ်ယောက်တစ်ဝက်စီ ပိုင်ဆိုင်ကြောင်း၊ ထို့ကြောင့် မစန်းစန်းမြင့် တစ်ဦးတည်းပိုင်ဖြစ်ကြောင်း မူလရုံးကသုံးသပ်ဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်းတင်ပြလာခြင်းဖြစ်သည်။ ထို့ပြင် တရားပြိုင်သည် ဦးအောင်ထူးထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ပစ္စည်းကိုလက်ရောက်ရရှိထားသည့်အတွက် ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကို ရထိုက်ကြောင်း တင်ပြသည်။

အချင်းဖြစ်အမှုတွင် အဓိကအဆုံး အဖြတ်ပြုရမည့်အချက်မှာ ဦးအောင်ထူးက ဇနီးမစန်းစန်းမြင့်အား အချင်းဖြစ်ဥပစာကို ပေးအပ်ခဲ့ခြင်းအားဖြင့် ပစ္စည်း၏ ပိုင်ဆိုင်မှုအနေအထား မည်သည့်အခြေအနေတွင် ရောက်ရှိသွားကြောင်းဆုံးဖြတ်ရန်ဖြစ်သည်။ ယင်းပစ္စည်းမှာ မူလက ဦးအောင်ထူး၏ ဖခင် ဦးသိန်းမောင် ပိုင်ဆိုင်ပြီး ဦးသိန်းမောင်က ၁၉- ၃- ၇၄ ရက်နေ့စွဲပါ "ဘိုးဘပိုင်ဝိုင်း မြေနှင့်နေအိမ်အမွေလွှဲပြောင်းပေးခြင်းစာချုပ်" (၁၉၇၄ ခုနှစ်စာချုပ်အမှတ် ၁၂/၇၄) ဖြင့် သားကိုအောင်ထူးအား လွှဲပြောင်းပေးခဲ့သည့် ပစ္စည်းဖြစ်သည်။ တစ်ဖန် ဦးအောင်ထူးက ၁၀- ၃- ၈၁ ရက်နေ့စွဲပါ "တိုက်နှင့်ဘိုးဘပိုင်ဝိုင်းမြေအပေးစာချုပ်" (၁၉၈၁ ခုနှစ်စာချုပ်အမှတ် ၂၆/၈၁) ဖြင့် ဇနီးမစန်းစန်းမြင့်အား ချစ်ခင်မြတ်နိုး၍ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ဖခင် ဦးသိန်းမောင်က လွှဲပြောင်းပေးသော အချိန်တွင်

၁၉၉၃
ကိုခင်မောင်သိန်း
(ခ) ကိုသိန်း
နှင့်
မစန်းစန်းမြင့်

ဦးအောင်ထူးနှင့် မစန်းစန်းမြင့်တို့မှာ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေစဉ်အခါဖြစ်သဖြင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ယင်းပစ္စည်းကို ဦးအောင်ထူးက လက်ထက်ပွား ပစ္စည်းအဖြစ်ပိုင်ဆိုင်သည့် သဘောသက်ရောက်သည်။ ဇနီး မစန်းစန်းမြင့်အနေဖြင့်လည်း နိဿယနှင့် နိဿိတ သဘောအရ ယင်းပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိသည်။ လင်မယားနှစ်ဦး သဘောတူကွာရှင်းကြရာတွင်လည်း နိဿယနှင့် နိဿိတ အခြေရှိပါက ပစ္စည်းရရှိသူက နှစ်စုနှင့် ကျန်ခင်ပွန်း/ ဇနီးဖြစ်သူက တစ်စုရရှိသည်။ **မောင်ရွှေသာ** နှင့် **မပိုင်းအမှု** [၁]၊ **ခင်ခင်ကြီး** နှင့် **မောင်ကံကြီးအမှု** [၂] တို့ကို ရည်ညွှန်းသည်။

မြန်မာဗုဒ္ဓဘာသာဝင် ယောကျ်ားနှင့် မိန်းမတို့ တရားဝင်လက်ထပ်ပေါင်းသင်းစဉ် ရရှိလာသော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေပညာရှင် S.C LAHIRI ကလည်း ၎င်း၏ PRINCIPLES OF MODERN BURMESE BUDDHIST LAW ဥပဒေကျမ်း[၃] တွင် အောက်ပါအတိုင်း ရှင်းလင်း ဖော်ပြထားသည်။

"Burman Buddhist Husband and wife share each other's properties and the party through whom the properties are acquired is given a larger share. A Person who brings much property to the marriage or who is mainly instrumental in the acquisition of the joint property is called the nissaya ( supporter) while the other is called the nissita (dependent).

If the husband alone is instrumental in the acquisition of the property, while the wife is maintained by him, then he shall be deemed to be the supporter (nissaya) and she the dependent (nissita). If the wife is the principal acquirer of the property, while the husband depends on her, then she becomes the supporter and he the dependant. The supporter gets more than the dependant."

သို့ဖြစ်ရာ အချင်းဖြစ်ပစ္စည်းကို ဦးအောင်ထူးက လွှဲပြောင်းပေးကမ်းခဲ့သည်ဟုဆိုသော်လည်း လင်မယားနှစ်ဦး တရားဝင်ပေါင်းသင်းနေထိုင်ကြ

(၁) ၁၁ အယ်လ်ဘီအာ ၄၈။
(၂) ၂ ယူဘီအာ (၁၉၀၂-၀၃) ကွာရှင်း-၁
(၃) PRINCIPLES OF MODERN BURMESE BUDDHIST LAW By S.C. LAHIRI (SIXTH EDITION) (1957) P. 70-71

စဉ် ဖြစ်ထွန်းတိုးပွားလာသော ပစ္စည်းဖြစ်သည့်အတွက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားနှစ်ဦးစလုံး ဥပဒေနှင့်အညီ ခွဲဝေပိုင်ဆိုင်ကြမည်သာဖြစ်သည်။ မည်သူက ပေးသည်ဖြစ်စေ တစ်ဦးတည်းပိုင် ပစ္စည်းအဖြစ် ရပ်တည်နိုင်မည်မဟုတ်ချေ။ ယခင်က "သင်းသီး" ဟုခေါ်ဆိုသော တစ်ဦးတစ်ယောက်တည်း သီးခြားပိုင်သည့်ပစ္စည်းဟူ၍ ရှိခဲ့သော်လည်း ယခုအခါ လင်နှင့်မယားတို့အတွက် ထိုပစ္စည်းမျိုးမရှိတော့ပေ။ အကြောင်းမှာ လင်နှင့် မယားတို့သည် တစ်ဦးပစ္စည်းတွင် တစ်ဦးအကျိုးခံစားခွင့်ရှိကြသောကြောင့် ဖြစ်သည်။ ဤဥပဒေသဘောကို **မအေးတင် နှင့် ဒေါ်သန့်အမှု** [၁] တွင် ထုံးဖွဲ့လမ်းညွှန်ပြီးဖြစ်သည်။

ထို့ကြောင့် အချင်းဖြစ်အမှုတွင် ပစ္စည်းတစ်ရပ်လုံးအပေါ် တရားပြိုင် မစန်းစန်းမြင့်က မိမိပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက်ပေးအပ်ရန်စွဲဆိုမှုသည် အမှုစွဲဆိုပုံ မှားယွင်းနေသဖြင့် အောင်မြင်ရန်အကြောင်းမရှိချေ။ ၎င်းအနေဖြင့် မိမိပိုင်ရေးဆိုင်ခွင့်ရှိသော ပစ္စည်းစုကို ရရှိရန်အတွက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်သာဖြစ်သည်။

ဤအမှုတွင် ထူးခြားသည့်အခြေအနေ တစ်ရပ်မှာ ဦးအောင်ထူးသည် မိမိအား ဖခင်က ပေးကမ်းခဲ့သော အချင်းဖြစ်ပစ္စည်းကို ဇနီးဖြစ်သူ မစန်းစန်းမြင့်အား တရားဝင်အပေးစာချုပ်ဖြင့် ထပ်မံ လွှဲပြောင်း ပေးအပ်လိုက်ခြင်းဖြစ်သည်။ ထိုသို့လွှဲပေးစဉ်အခါတွင်လည်း ဦးအောင်ထူးနှင့် မစန်းစန်းမြင့်တို့မှာ တရားဝင်လင်မယားအဖြစ် ပေါင်းသင်းကြဆဲဖြစ်သဖြင့် ပစ္စည်းအားလုံးကို မစန်းစန်းမြင့်အား ပေးလိုက်စေကာမူ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ မစန်းစန်းမြင့် တစ်ဦးတည်း ပစ္စည်းအားလုံးပိုင်ဆိုင်မည် မဟုတ်ဘဲ မစန်းစန်းမြင့် ရရှိသောပစ္စည်းတွင် လင်ဖြစ်သူ ဦးအောင်ထူးသည် နိသ္သိတအနေဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အချင်းဖြစ်ပစ္စည်းနှင့် စပ်လျဉ်း၍ **မစန်းစန်းမြင့်သည် နိဿယအနေဖြင့်** ရထိုက်ခွင့်ရှိပြီး ဦးအောင်ထူးမှာ နိသ္သိတအဖြစ် ယင်းပစ္စည်းအပေါ် ခွဲဝေခံစားခွင့်ရှိမည်ဖြစ်သည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး အယူခံတရားပြိုင်စွဲဆိုသောအမှုကိုပလပ်လိုက်သည်။

ဤအယူခံတွင် ကုန်ကျသည့်တရားစရိတ်များကို နှစ်ဖက်အမှုသည်များက မိမိကိုကိုယ်တိုင် ကျခံစေရမည်။

(၁) ၁၉၄၀၊ အာအယ်လ်အာ ၈၃၁၊

# တရားမ အထူးအယူခံမှု

## တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင်တို့ရှေ့တွင်

+ ၁၉၉၃
နိုဝင်ဘာလ
၁၁ ရက်

ဒေါ်ခင်လှ
(၎င်း၏အုပ်ထိန်းသူ ဒေါ်ပိုပိုမှ ကိုယ်စားပြုလျက်)
နှင့်
ဒေါ်မြသန်း (ခ) ဒေါ်မြမြသန်း*

**အိမ်ထောင်ပြုပြီးချိန်မှစ၍ လင်၏ မိဘထံတွင် လင်နှင့်အတူ လိုက်နေခဲ့သော ချွေးမတွင် သားသမီးထွန်းကားခြင်းမရှိဘဲ လင်သေဆုံးသွားသည့်အခါ လင်၏ဩရသအခွင့်အရေးအရ ယောက္ခမထံမှ ချွေးမက အမွေတောင်းဆိုပိုင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ယခုအမှုတွင် ဖခင်ဦးကျော်ခိုင် သေဆုံးပြီးမှ ဦးမျိုးကျော်သည် ဒေါ်မြသန်းနှင့် အိမ်ထောင်ပြုပြီး ပေါင်းသင်းနေထိုင်ခြင်းဖြစ်သည်။ ဖခင် ဦးကျော်ခိုင်သေဆုံးချိန်၌ ဩရသသားဖြစ်သူ ဦးမျိုးကျော်အနေဖြင့် ၎င်း၏ ဩရသအခွင့်အရေးလေးပုံတစ်ပုံကို ရရှိခံစားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဦးမျိုးကျော်နှင့် ဒေါ်မြသန်းအိမ်ထောင်ပြုချိန်၌ အဆိုပါ လေးပုံတစ်ပုံ အခွင့်အရေးမှာ ဦးမျိုးကျော်ဘက်မှ ပါလာသော ပါရင်းပစ္စည်းဖြစ်သည်။ ၎င်းတို့လင်မယား အနေဖြင့် မိခင်ဒေါ်ခင်လှနှင့်အတူ နေထိုင်စဉ် ဖြစ်ထွန်းလာသော ပစ္စည်းမဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ယခုအမှုတွင် အိမ်ထောင်ပြုပြီးချိန်မှစ၍ လင်၏ မိဘထံတွင် လင်နှင့်အတူလိုက်၍ နေခဲ့သော ချွေးမဖြစ်သူ ဒေါ်မြသန်း၌ သားသမီးထွန်းကားခြင်းမရှိဘဲ လင်သေဆုံးသွားသည့်အခါ လင်၏ ရရှိခဲ့ပြီးဖြစ်သော ဩရသအခွင့်အရေးကို မယားဖြစ်သူ ဒေါ်မြသန်းအနေဖြင့် ယောက္ခမထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

---

* ၁၉၉၂ ခုနှစ်တရားမအထူး အယူခံမှုအမှတ် ၄၉

\+ ၁၉၉၁ ခုနှစ် တရားမ ပထမအယူခံမှုအမှတ် ၂၁၂တွင် ချမှတ်သော (၃-၁၀-၉၁) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်မှု

၁၉၉၃
ဒေါ်ခင်လှ (၎င်း၏ အုပ်ထိန်းသူ ဒေါ်ပိုပိုမှ ကိုယ်စားပြုလျက်) နှင့် ဒေါ်မြသန်း (ခ) ဒေါ်မြမြသန်း

အယူခံတရားလိုအတွက် – ဒေါ်သင်းသင်းရီ၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးရဲခေါင်ညွန့်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး ၁၉၈၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၆၇ (ကမာရွတ်) တွင် တရားလိုဒေါ်မြသန်း (ခ) ဒေါ်မြမြသန်းက ယောက္ခမဖြစ်သူ တရားပြိုင်ဒေါ်ခင်လှ (၎င်း၏အုပ်ထိန်းသူ ဒေါက်တာ ဒေါ်ပိုပို) အပေါ်၌ ကွယ်လွန်သူ ဦးကျော်ခိုင်၏ ကျန်ရှိရစ်သော အမွေပစ္စည်းများအပေါ် ဩရသသား၏ဇနီးအနေဖြင့် အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ တိုင်းတရားရုံးက အမွေဝေစု လေးပုံတစ်ပုံ ခွဲဝေပေးရန် ပဏာမဒီဂရီချမှတ်သည်။ ထိုပဏာမ ဒီဂရီကို ဒေါ်ခင်လှက တရားရုံးချုပ်သို့ ပထမအယူခံမှု အမှတ် – ၂၁၂/၉၁ အရ ဝင်ရောက်သောအခါ ပလပ်ခြင်း ခံရသည်။ တဖန် ဒေါ်ခင်လှက တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံ ဝင်ခွင့်ပြုရန် လျှောက်ထားသောအခါ အောက်ပါပြဿနာ အားစုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်နိုင်ရန်အတွက် အထူးအယူခံဝင်ခွင့် ပြုခဲ့သောကြောင့် ဤအထူးအယူခံမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

**စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် ပြဿနာ**

"အိမ်ထောင်ပြုပြီးချိန်မှစ၍ လင်၏ မိဘထံတွင် လင်နှင့်အတူ လိုက်နေခဲ့သော ချွေးမတွင် သားသမီးထွန်းကားခြင်းမရှိဘဲ လင်သေဆုံးသွားသည့်အခါ လင်၏ဩရသအခွင့်အရေးအရ ယောက္ခမထံမှ ထိုချွေးမက အမွေတောင်းဆိုခွင့် ရှိမရှိ" ဟူ၍ ဖြစ်သည်။

အမှုဖြစ်စဉ် အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည် –

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ ဖြစ်ကြသော ဦးကျော်ခိုင်နှင့် ဇနီး ဒေါ်ခင်လှတို့၌ ဦးမျိုးကျော်ဆိုသူသားတစ်ယောက် မွေးဖွားသည်။ ဦးကျော်ခိုင်သည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝင်္ကပါရိပ်သာလမ်း၊ အမှတ် ၆ တွင် နေထိုင်ရင်း ၃–၁၁–၇၉ နေ့၌ ကွယ်လွန်ခဲ့သည်။ ဇနီးဒေါ်ခင်လှနှင့် သား ဦးမျိုးကျော်တို့ ကျန်ရှိခဲ့သည်။ ဦးကျော်ခိုင်သေဆုံးချိန်၌ ၎င်း၏ သား ဦးမျိုးကျော်မှာ အသက် ၄၂ နှစ်အရွယ်ရှိပြီဖြစ်သည်။ ဦးကျော်ခိုင် သေဆုံးပြီးနောက် ၅ လကျော်ခန့်အကြာ ၂၄–၄–၈၀ ရက်နေ့တွင် ဦးမျိုးကျော်သည် ဒေါ်မြသန်း(အမှု၌တရားလို) နှင့် ဗဟန်းမြို့နယ် တရားရုံး၌ လက်ထပ်ကြောင်း၊ ဦးမျိုးကျော်၏မိခင် ဒေါ်ခင်လှကိုယ်တိုင် လိုက်၍ တောင်းရမ်း လက်ထပ်ပေးခြင်း ဖြစ်ကြောင်း၊ ထိုသို့လက်ထပ်ပြီး ဦးမျိုးကျော် နှင့်ဒေါ်မြသန်းတို့သည် မြန်မာဗုဒ္ဓဘာသာဝင် လင်မယားအဖြစ် အတူ

၁၉၉၃
ခေါ်ခင်လှ
(၎င်း၏ အုပ်
ထိန်းသူ
ခေါ်ပိုပို့မှ
ကိုယ်စားပြု
လျက်)
နှင့်
ခေါ်မြသန်း
(ခ)
ခေါ်မြမြသန်း

ပေါင်းသင်းနေထိုင်ကြကြောင်း၊ ထိုသို့ပေါင်းသင်းနေထိုင်ရင်း ဦးမျိုးကျော်သည် ၁၅-၆-၈၁ နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ပေါ်ပေါက်သည်။

ရန်ကုန်တိုင်း တရားရုံးကသုံးသပ်ရာတွင် ဦးကျော်ခိုင်မှာ ၃-၁၁-၇၉ နေ့၌ ကွယ်လွန်ပြီး ဦးမျိုးကျော်မှာ ၁၅-၆-၈၁ နေ့၌ ကွယ်လွန်သွားကြောင်း၊ ဦးကျော်ခိုင်နှင့် ဇနီး ဒေါ်ခင်လှတို့၌ ဦးမျိုးကျော်မှအပ အခြားသားသမီးထွန်းကားခြင်း မရှိကြောင်း၊ သို့ဖြစ်၍ ဦးကျော်ခိုင် ကွယ်လွန်သည့်အချိန်တွင် ဦးမျိုးကျော်သည် ဩရသအရာကို ရရှိပြီး ဖြစ်သဖြင့် ဦးမျိုးကျော်အနေနှင့် ၎င်း၏ဖခင်ဦးကျော်ခိုင်၏ ကျန်ရှိရစ်သော အမွေပစ္စည်းတွင် လေးပုံတစ်ပုံကို အပြီးအပိုင် ရရှိအကျိုးခံစားခဲ့ပြီး ဖြစ်ကြောင်း၊ ထိုသို့အကျိုးခံစားခွင့် ရရှိပြီးနောက်မှ ဦးမျိုးကျော်သည် ဒေါ်မြသန်းနှင့် အိမ်ထောင်ပြုခဲ့ခြင်းဖြစ်၍ ထိုလေးပုံတစ်ပုံဝေစုမှာ ဦးမျိုးကျော်၊ ဒေါ်မြသန်းတို့၏ အိမ်ထောင်သို့ ဦးမျိုးကျော်၏ ပါရင်းပစ္စည်းအဖြစ် ပါလာခဲ့ကြောင်း၊ ဦးမျိုးကျော် ကွယ်လွန်သောအခါ သားသမီးမရှိသဖြင့် ထိုလေးပုံတစ်ပုံဝေစုကို ဦးမျိုးကျော်၏ဇနီး ဒေါ်မြသန်းက ဆက်ခံခွင့်ရှိသည်ဟု သုံးသပ်လျက် ဒေါ်မြသန်းအား အနိုင်ဒီဂရီချမှတ်ပေးသည်။

ပထမအယူခံတရားရုံးချုပ်က တိုင်းတရားရုံး၏ အမိန့်ကို ဆက်လက်အတည်ပြုပေးခြင်း ကိစ္စနှင့် ပတ်သက်၍ အောက်ပါအတိုင်းသုံးသပ်သည်-

"အမှု၌ ဦးမျိုးကျော်နှင့် ဒေါ်မြသန်းတို့သည် လင်၏မိခင်ဖြစ်သူ ဒေါ်ခင်လှနှင့်အတူ နေထိုင်ခြင်း၊ သားသမီးကျန်ရစ်မှုမရှိခြင်း၊ ယင်းအချိန်ခင်ပွန်းကွယ်လွန်ခြင်းတို့သည် အမှု၌ ပေါ်ပေါက်သည်။ ဖခင်ဖြစ်သူ ဦးကျော်ခိုင် ကွယ်လွန်ချိန်၌ ဦးမျိုးကျော်အနေဖြင့် ရခွင့်ရှိသော ဝေစုလေးပုံတစ်ပုံသည် ဦးမျိုးကျော်မှ ဒေါ်မြသန်းနှင့် အိမ်ထောင်ပြုသည့်အခါ ပါရင်းပစ္စည်းအနေဖြင့် ပါရှိခဲ့ကြောင်း အထက်တွင် သုံးသပ်ခဲ့ပြီး ဖြစ်သည်။ ယင်းကဲ့သို့ ယောက္ခမ ဒေါ်ခင်လှ၏ လက်ဝယ်ရှိ ကွယ်လွန်သူခင်ပွန်း ဦးမျိုးကျော်၏ ပါရင်းပစ္စည်းတွင် ဒေါ်မြသန်း၏ အပြီးအပိုင်ရရှိသော အကျိုးခံစားခွင့်သည် ဆုံးရှုံးမှုမရှိ၊ ရမြဲရကြောင်း တိုင်းတရားရုံးက ကိုးကားခဲ့သော ဒေါ်အေးတင် နှင့် ဒေါ်သန်း [၁] အမှုစီရင်ထုံး၌ ထုံးဖွဲ့ထားသဖြင့် တိုင်းတရားရုံးက ထိုကဲ့သို့ တွေ့ရှိသုံးသပ်မှုကို လက်ခံသည်" ဟု သုံးသပ်ထားသည်။

---

(၁) ၁၉၄၀ ပြည့်နှစ်၊ ရန်ကုန်စီရင်ထုံးများ စာ ၅၇၂ နှင့် ၈၃၁

၁၉၉၃
ဒေါ်ခင်လှ
(၎င်း၏ အုပ်
ထိန်းသူ
ဒေါ်ပိုပို
ကိုယ်စားပြု
လျက်)
နှင့်
ဒေါ်မြသန်း
(ခ)
ဒေါ်မြမြသန်း

မည်သည့်အတွက်ကြောင့် အထူးအယူခံဝင်ခွင့် ပြုသင့်ကြောင်း တရားရုံးချုပ်မှ အောက်ပါအတိုင်းသုံးသပ်သည် –

“ဤအမှု၌ ထူးခြားသည့်အချက်တစ်ရပ် ရှိနေသည်။ ယင်းအချက်မှာ သားဖြစ်သူ ဦးမျိုးကျော်သည် ဒေါ်မြသန်းနှင့် အိမ်ထောင်ပြုခဲ့သော်လည်း အိမ်ထောင်သီးခြားခွဲ၍ မနေဘဲ မိခင်၏အိမ်တွင်ပင် မိခင် ဒေါ်ခင်လှ နှင့်အတူ ဆက်လက်နေထိုင်ခဲ့သည့် အချက်ဖြစ်သည်။ ယင်းသို့ လင်၏ မိဘထံ လိုက်နေသော ချွေးမတစ်ဦးအနေဖြင့် သားသမီး မထွန်းကားဘဲ သေသည့်အချိန်တွင် ယောက္ခမနှင့် အမွေခွဲဝေရာ၌ ခန်းဝင်ပစ္စည်းကိုသာ ရခွင့်ရှိကြောင်းနှင့် သေသူလင်၏အမွေကို တောင်းခံခွင့်မရှိကြောင်း ကင်းဝန် မင်းကြီး ဦးကောင်း၏ သုံးဆယ့်ခြောက်စောင်တွဲ အမွေခန်း ဓမ္မသတ်ကြီး အခန်း ၁၉ ပုဒ်မ ၃၂၀ ကို ကိုးကား၍ ဒေါ်ခင်လှ၏ အကျိုးဆောင်က တင်ပြလျှောက်လဲသွားသည်။

ယင်းအချက်နှင့် စပ်လျဉ်း၍ တရားရုံးချုပ်ပထမ အယူခံမှုတွင်လည်း ဒေါ်ခင်လှတို့ဘက်မှ အလားတူ တင်ပြခဲ့သော်လည်း တရားရုံးချုပ်က သုံးသပ် ဖြေရှင်းခဲ့ခြင်းမရှိပေ။” ဟု သုံးသပ်ထားသည်။

အယူခံတရားလို၏ ရှေ့နေက လျှောက်လဲရာ၌ ယခုအမှုတွင် ဦးမျိုးကျော်နှင့် ဒေါ်မြသန်းတို့ လင်မယားသည် ဦးမျိုးကျော်၏ မိဘများနှင့်အတူ နေထိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့ နေထိုင်ရင်း ဦးမျိုးကျော် ကွယ်လွန်သွားကြောင်း၊ ဦးမျိုးကျော်၊ ဒေါ်မြသန်းတို့၌ သားသမီး မမွေးဖွားသဖြင့် ဒေါ်မြသန်းအနေဖြင့် ဓမ္မသတ်အရ အမွေတောင်းပိုင်ခွင့်မရှိကြောင်း၊ ကင်းဝန်မင်းကြီးရေးသားသည့် သုံးဆယ့်ခြောက်စောင်တွဲ အမွေမှုခန်း ဓမ္မသတ်ကျမ်းကြီးအခန်း ၁၉ ပုဒ်မ ၃၂၀ အရ ယခုအမှုကိစ္စကို စဉ်းစား ဆုံးဖြတ်သင့်ကြောင်း တင်ပြလျှောက်လဲသည်။

အယူခံတရားပြိုင်၏ ရှေ့နေက ချေပလျှောက်လဲရာ၌ ဓမ္မသတ် များမှာ အချိန်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည် ဓမ္မသတ်များထက် ကြီးကြောင်း၊ ကျယ်ဝန်းကြောင်း၊ ထိုမူသဘောကို ဒေါ်ကြည်ကြည်နှင့် မစ္စစ်မေရီဝိန် အမှုစီရင်ထုံး [၂] ၌ လမ်းညွှန်ဆုံးဖြတ် ပြီးဖြစ်ကြောင်း၊ ယခုအမှုတွင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အသားကျ ပြီးသော လင်သေမယားစားဟူသော မူသဘော၊ အမွေသည် အောက်သို့

(၂) ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ ၅၂

၁၉၉၃
ဒေါ်ခင်လှ (၎င်း၏ အုပ်ထိန်းသူ ဒေါ်ပိုပို မှ ကိုယ်စားပြု လျက်) နှင့် ဒေါ်မြသန်း (ခ) ဒေါ်မြမြသန်း

စုန်ဆင်းသည်ဟူသော မူသဘောတို့ကို လိုက်နာကျင့်သုံးသင့်ကြောင်း၊ ထို့အပြင် ယခုအမှုကိစ္စ၌ ဦးမျိုးကျော်နှင့် ဒေါ်မြသန်းတို့ လင်မယားသည် ဦးမျိုးကျော်၏ မိဘနှစ်ပါးနှင့်အတူ နေထိုင်ခြင်းမဟုတ်ကြောင်း၊ မိခင်ဖြစ်သူ ဒေါ်ခင်လှနှင့်အတူ နေခြင်းသာဖြစ်ကြောင်း၊ ထိုအချက်ကို စဉ်းစားသင့်ကြောင်း တင်ပြလျှောက်လဲသည်။

ကင်းဝန်မင်းကြီး ရေးသားသော သုံးဆယ့်ခြောက်စောင်တွဲအမွေမှုခန်း ဓမ္မသတ်ကျမ်းကြီးအခန်း ၁၉ ပုဒ်မ ၃၂၀ ၌ ပါရှိသော ပြဋ္ဌာန်းချက်များမှာ အိမ်ထောင်ကျပြီးနောက် မိဘနှင့်အတူ လိုက်၍နေသော ချွေးမ၊ သားမက်တို့အနေဖြင့် သားသမီး မထွန်းကားဘဲ သေဆုံးသွားပါက ကျန်ရှိသည့် ပစ္စည်းကို အတူနေ မိဘများက စားထိုက်သည်ဟု ဖော်ပြထားသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ ယခုအမှု၏ ဖြစ်စဉ်နှင့်မတူ ခြားနားသည်။ ယခုအမှုတွင် ဖခင်ဦးကျော်ခိုင် သေဆုံးပြီးမှ ဦးမျိုးကျော်သည် ဒေါ်မြသန်းနှင့် အိမ်ထောင်ပြုပြီး ပေါင်းသင်းနေထိုင်ခြင်းဖြစ်သည်။ ဖခင် ဦးကျော်ခိုင် သေဆုံးချိန်၌ ဩရသသားဖြစ်သူ ဦးမျိုးကျော်အနေဖြင့် ၎င်း၏ ဩရသ အခွင့်အရေး လေးပုံတစ်ပုံကို ရရှိခံစားခဲ့ပြီး ဖြစ်သည်။ ထို့**ကြောင့် ဦးမျိုး** ကျော်နှင့် ဒေါ်မြသန်း အိမ်ထောင်ပြုချိန်၌ အဆိုပါလေးပုံတစ်ပုံ **အခွင့်** အရေးမှာ ဦးမျိုးကျော်ဘက်မှ ပါလာသော ပါရင်းပစ္စည်းဖြစ်သည်။ ၎င်းတို့ လင်မယားအနေဖြင့် မိခင် ဒေါ်ခင်လှနှင့်အတူ နေထိုင်စဉ် ဖြစ်ထွန်းလာသော ပစ္စည်းမဟုတ်ပေ။ ဤအချက်နှင့် ပတ်သက်၍ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ရှင်းလင်းတိကျစွာ အဆုံးအဖြတ်ပေးနိုင်သောကြောင့် ဤအခြေအနေ၌ ဓမ္မသတ်များအား ကိုးကားရန်မလိုအပ်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထို့ကြောင့် ဒေါ်မြသန်းအနေဖြင့် ၎င်း၏ခင်ပွန်း ဦးမျိုးကျော်ဘက်မှ ပါလာသော အမွေဝေစု လေးပုံတစ်ပုံ ရထိုက်ကြောင်း ဆုံးဖြတ်ထားသည့် တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်အမိန့်၊ ထိုအမိန့်ကို အတည်ပြုထားသည့် ပထမအယူခံတရားရုံးချုပ်၏ ဆုံးဖြတ်ချက် အမိန့်တို့မှာ မှားယွင်းခြင်း မရှိသဖြင့် ဆက်လက်အတည် ပြုရပေမည်။

ထို့ကြောင့် ယခုအမှုတွင် အိမ်ထောင်ပြုပြီးချိန်မှ စ၍ လင်၏မိဘထံတွင် လင်နှင့်အတူ လိုက်၍နေခဲ့သော ချွေးမဖြစ်သူ ဒေါ်မြသန်း၌ သားသမီး ထွန်းကားခြင်းမရှိဘဲ လင်သေဆုံးသွားသည့်အခါ လင်၏ရရှိခဲ့ပြီးဖြစ်သော ဩရသအခွင့်အရေးကို မယားဖြစ်သူ ဒေါ်မြသန်းအနေဖြင့် ယောက္ခမထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်ဟု ယခုကြားနာသည့် ပြဿနာအား ဖြေဆိုလိုက်သည်။ ၎င်းနောက် ဤအထူးအယူခံအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၁၀၀၀/- သတ်မှတ်သည်။

## တရားမ အထူးအယူခံမှု

### တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင်နှင့် ဦးသန်းပေတို့ရှေ့တွင်

ဦးချစ်
(ဒေါ်မမညွန့်နှင့်ဒေါ်ခင်မျိုးလတ်တို့၏ ကိုယ်စားလှယ်)
နှင့်
ကိုဝင်းမြင့် ပါ-၉ဦး *

+၁၉၉၃
စက်တင်ဘာလ
၂၂ ရက်

**မြို့နယ်တရားရုံးနှင့်တိုင်းတရားရုံးတို့မှ ထပ်တူထပ်မျှ သုံးသပ်ဆုံးဖြတ်ထားခြင်းအပေါ် မှားသည် မှန်သည် တစ်စုံတစ်ရာ သုံးသပ်ခြင်းမပြုဘဲ ဒုတိယအယူခံတရားရုံးချုပ်က ပယ်ဖျက်ခဲ့ခြင်းမှာ နည်းလမ်းမှန်ကန်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။မြို့နယ်တရားရုံးနှင့် ပထမအယူခံတိုင်းတရားရုံးတို့မှ တရားပြိုင်အိမ်ငှားများသည် တရားလို၏ အိမ်ဖော်များနှင့် ရန်ဖြစ်ပြီး မကြားဝံ့မနာသာဆဲဆိုသဖြင့်အနီးပတ်ဝန်းကျင်အား စိတ်ငြိုငြင်မှု ဖြစ်စေသည်ဟု ထပ်တူထပ်မျှ သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းအပေါ် ဒုတိယအယူခံတရားရုံးချုပ်က မှားသည်မှန်သည် တစ်စုံတစ်ရာ သုံးသပ်ထားခြင်း မရှိကြောင်းတွေ့ရသည်။ အကြောင်းခြင်းရာနှင့် ပတ်သက်၍မြို့နယ် တရားရုံးနှင့် တိုင်းတရားရုံးတို့မှ ထပ်တူထပ်မျှ သုံးသပ်ဆုံးဖြတ်ထားခြင်းအပေါ် မှားသည်မှန်သည် တစ်စုံတစ်ရာ သုံးသပ်ခြင်းမပြုဘဲ ဒုတိယအယူခံတရားရုံးချုပ်က ပယ်ဖျက်ခဲ့ခြင်းမှာ နည်းလမ်းမမှန်ပေ။

အယူခံတရားလိုအတွက် – ဦးလှိုင်ထွဏ်း၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက်– ဦးစံထွန်း၊ တရားရုံးချုပ်ရှေ့နေ

---

* ၁၉၉၂ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၄၁

\+ ၁၉၉၀ ပြည့်နှစ် တရားမဒုတိယအယူခံမှုအမှတ် ၁၁၆ တွင် ချမှတ်သော (၆-၆-၉၁) ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံလျှောက်ထားမှု

၁၉၉၃
ဦးချစ်
(ဒေါ်မညွှန့်နှင့်
ဒေါ်ခင်မျိုးလတ်
တို့၏ကိုယ်စား
လှယ်)
နှင့်
ကိုဝင်းမြင့်
ပါ-၉ဦး

ရမည်းသင်းမြို့နယ် တရားရုံး ၁၉၈၈ ခုနှစ် တရားမကြီးမှုအမှတ်၁၀တွင် တရားလိုဦးချစ်က တရားပြိုင်ကိုဝင်းမြင့်ပါ ၉ဦးအပေါ်၌ ရမည်းသင်းမြို့၊ ဝါးထိုးဈေးကုန်းရပ်၊ သီလဝလမ်း၊ အကွက်အမှတ် ၁၉၊ ဦးပိုင်အမှတ်၄၇ရှိ အချင်းဖြစ်အိမ် ဥပစာမှ တရားပြိုင် အိမ်ငှားများအား ဖယ်ရှားပေးစေရန် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ၁၂(၁)(က)၊ ၁၂ (၁)(ဂ) နှင့် ၁၂ (၁)(စ) တို့အရစွဲဆိုရာ မြို့နယ်တရားရုံးက ပုဒ်မ ၁၂ (၁)(က)နှင့် (ဂ) တို့အရအနိုင် ဒီကရီချမှတ်ပေးသည်။ မြို့နယ်တရားရုံး၏ ဒီကရီကို တရားပြိုင် ကိုဝင်းမြင့်တို့က မကျေနပ်၍ မန္တလေးတိုင်းတရားရုံး (ရမည်းသင်းမြို့နယ်စု)သို့ အယူခံဝင်သောအခါ ပလပ်ခြင်းခံရသည်။ ကိုဝင်းမြင့်တို့က တရားရုံး ချုပ် (မန္တလေးရုံးထိုင်) သို့ ဒုတိယအယူခံမှုအမှတ် ၁၁၆/၉၀ အရ ဆက်လက်ဝင်ရောက်သည်။ တရားရုံးချုပ် (မန္တလေးရုံးထိုင်) က မြို့နယ် တရားရုံးနှင့် တိုင်းတရားရုံးတို့မှ ချမှတ်ထားသော ၁၉၆၀ ပြည့်နှစ် မြို့ပြ ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)အရ ဒီကရီကို ပယ်ဖျက်ပြီး ပုဒ်မ ၁၂(၁)(က) အရ ချမှတ်သော ဒီကရီကိုသာ အတည်ပြုသည်။ ထိုအမိန့်ကို ဦးချစ်က မကျေနပ်၍ တရားစီရင်ရေးဥပဒေပုဒ်မ၆အရ အထူးအယူခံဝင်ခွင့် လျှောက်ထားသောအခါ အောက်ပါပြဿနာအားစုံညီခုံရုံးဖြင့်ကြားနာဆုံးဖြတ်ရန်အလို့ငှာအထူးအယူခံဝင်ခွင့်ပြုခဲ့ခြင်းကြောင့် ဤအထူးအယူခံမှု ပေါ်ပေါက်လာခြင်းဖြစ်သည်-

**စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန်ပြဿနာ**

**"မူလရုံးနှင့် ပထမအယူခံတရားရုံးတို့က အိမ်ငှားများသည် ရန်ပြုဆဲဆိုခြင်းကြောင့် အိမ်နီးချင်းများအား စိတ်ငြိုငြင်မှု ဖြစ်စေသည်ဟု တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ထားခြင်းကို တရားရုံးချုပ်က ဒုတိယအယူခံမှု၌ တစ်စုံတစ်ရာ အကြောင်းပြခြင်းမရှိဘဲ ဝင်ရောက်စွက်ဖက် ပယ်ဖျက်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီမညီ" ဟူ၍ဖြစ်သည်။**

မည်သည့်အတွက်ကြောင့် အထူးအယူခံဝင်ခွင့်ပြုကြောင်း အောက်ပါအတိုင်း သုံးသပ်ထားသည် -

"မြို့နယ်တရားရုံးနှင့် ပထမအယူခံတိုင်း တရားရုံးတို့က အိမ်ငှားများသည် ၎င်းတို့ငှားရမ်းထားသည့် အိမ်ရှေ့အဖီကို ပြုပြင်သောကြောင့် အိမ်ရှင်အနေဖြင့် စိတ်ငြိုငြင်မှုဖြစ်ရကြောင်း လုံးဝသုံးသပ်ဆုံးဖြတ်ထားခြင်း မရှိဘဲ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ တရားမ ဒုတိယအယူခံမှုတွင် ယင်းအချက်ကို ထည့်သွင်းသုံးသပ်ဆုံးဖြတ်ထားကြောင်း တွေ့ရသည်။

မြို့နယ်တရားရုံးက တရားပြိုင်ကိုဝင်းမြင့်တို့ မိသားစုသည် တရားလို၏ အိမ်ဖော်များကို မကြာခဏ ရန်ပြုဆဲဆိုသဖြင့် အိမ်နီးနားချင်းများအား စိတ်ငြိုငြင်စေသည်ဟု ယူဆရန်ဖြစ်ကြောင်း သုံးသပ်ပြီး ပုဒ်မ ၁၂(၁)(ဂ) အရ ဒီကရီချမှတ်ပေးခဲ့သည်။ ပထမအယူခံ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ သုံးသပ်ဆုံးဖြတ်ချက်မှာ မှန်ကန်သည်ဟု သုံးသပ်ပြီး မြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည်။

၁၉၉၃ ဦးချစ် (ဒေါ်မသည့်နှင့် ဒေါ်ခင်မျိုးလတ်တို့၏ကိုယ်စားလှယ်) နှင့် ကိုဝင်းမြင့် ပါ-၈၁

အိမ်နီးနားချင်းများအား စိတ်ငြိုငြင်အောင်ပြုလုပ်ခြင်း ဟုတ် မဟုတ်မှာ အကြောင်းခြင်းရာ ပြဿနာဖြစ်သည်။ အကြောင်းခြင်းရာနှင့် ပတ်သက်၍ မူလအမှုစစ်တရားရုံးနှင့် ပထမအယူခံ တရားရုံးတို့က တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ချက်များမှာ သက်သေခံအထောက်အထား လုံးဝမရှိဘဲ ဆုံးဖြတ်ချက်များဖြစ်မှသာ သို့တည်းမဟုတ် ဥပဒေသဘောသက်ရောက်သည့် ချွတ်ချော်မှုရှိမှသာ ဒုတိယအယူခံ တရားရုံးက ဝင်ရောက်စွက်ဖက်ခွင့်ရှိကြောင်း စီရင်ထုံးအများအပြား၌ ပြဆိုထုံးဖွဲ့ထားသည်။ တရားရုံးချုပ် (မန္တလေးရုံးထိုင်) တရားမ ဒုတိယအယူခံမှု ၏ စီရင်ချက်နှင့် ဒီကရီတွင် အောက်ရုံးများ၏ ဆုံးဖြတ်ချက်များသည် သက်သေအထောက်အထား လုံးဝမရှိဘဲ ဆုံးဖြတ်ချက်များ ဖြစ်သည်ဟု သော်လည်းကောင်း၊ ဥပဒေသဘော သက်ရောက်သည့် ချွတ်ချော်မှု ရှိသည်ဟုသော်လည်းကောင်း သုံးသပ်ဖော်ပြထားကြောင်း မတွေ့ရှိပေ။" ဟု သုံးသပ်ထားသည်။

မူလမြို့နယ် တရားရုံးက တရားပြိုင်မိသားစုသည် တရားလို၏ အိမ်ဖော်များကို မကြာခဏ ရန်ပြုဆဲဆိုကြောင်း၊ ထိုသို့ပြုလုပ်ခြင်းမှာ အိမ်နီးချင်းများအား စိတ်ငြိုငြင်စေရာ ရောက်ကြောင်း သုံးသပ်လျက် ပုဒ်မ ၁၂ (၁) (ဂ)အရ အနိုင်ဒီကရီချမှတ်ပေးသည်။ ထိုအချက်ကို ပထမအယူခံတိုင်း တရားရုံးက ဆက်လက်အတည်ပြုသည်။ ထိုအချက်နှင့် ပတ်သက်၍ ဒုတိယအယူခံတရားရုံးချုပ်က မှားသည် မှန်သည်သုံးသပ်ခြင်း မရှိခဲ့ပေ။ ဒုတိယအယူခံတရားရုံးချုပ်၏ စီရင်ချက်တွင် အိမ်ငှားက အိမ်ရှေ့အဖီကို ပြုပြင်ခြင်းကိစ္စကိုသာ သုံးသပ်ပြီး ထိုသို့ပြုပြင်ခြင်းမှာ အိမ်ရှင်အနေဖြင့် စိတ်ငြိုငြင်စရာ အကြောင်းမဟုတ်ဟု ဆုံးဖြတ်သည်။ မြို့နယ်တရားရုံးနှင့် ပထမအယူခံ တိုင်းတရားရုံးတို့မှ တရားပြိုင် အိမ်ငှားများသည် တရားလို၏အိမ်ဖော်များနှင့် ရန်ဖြစ်ပြီး မကြားဝံ့မနာသာဆဲဆိုသဖြင့် အနီးဝန်းကျင်အား စိတ်ငြိုငြင်မှုဖြစ်စေသည်ဟု ထပ်တူထပ်မျှ သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းအပေါ် ဒုတိယအယူခံတရားရုံးချုပ်က မှားသည်မှန်သည်

၁၉၉၃
ဦးချစ်
(ဒေါ်မငြင်းနှင့်
ဒေါ်ခင်မျိုးလတ်
တို့၏ကိုယ်စား
လှယ်)
နှင့်
ကိုဝင်းမြင့်
ပါ-၉ဦး

တစ်စုံတစ်ရာ သုံးသပ်ထားခြင်း မရှိကြောင်း တွေ့ရသည်။ အကြောင်းခြင်းရာနှင့်ပတ်သက်၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့မှ ထပ်တူထပ်မျှ သုံးသပ်ဆုံးဖြတ်ထားခြင်းအပေါ် မှားသည် မှန်သည် တစ်စုံတစ်ရာသုံးသပ်ခြင်းမပြုဘဲ ဒုတိယအယူခံ တရားရုံးချုပ်က ပယ်ဖျက်ခဲ့ခြင်းမှာ နည်းလမ်းမမှန်ပေ။

ထို့ကြောင့် မူလတရားရုံးနှင့် ပထမအယူခံတရားရုံးတို့က အိမ်ငှားများသည် ရန်ပြုဆဲဆိုခြင်းဖြင့် အိမ်နီးနားခြင်းများအား စိတ်ငြိုငြင်မှုဖြစ်စေသည်ဟု တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ထားခြင်းကို တရားရုံးချုပ်က ဒုတိယအယူခံမှု၌ တစ်စုံတစ်ရာ အကြောင်းပြခြင်းမရှိဘဲ ပယ်ဖျက်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိဟု ယခုကြားနာသည့် ပြဿနာအား ဖြေဆိုလိုက်သည်။ ဤအထူးအယူခံမှုအား စရိတ်နှင့်တကွ ခွင့်ပြုလိုက်သည်။ မူလရုံးတရားလို ဦးချစ်အား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(က)နှင့် (ဂ) တို့အရ အနိုင်ဒီကရီချမှတ်ပေးသော မြို့နယ်တရားရုံး၏ အမိန့်နှင့် ဒီကရီ၊ ထိုအမိန့်နှင့် ဒီကရီကိုအတည်ပြုထားသည့် ပထမအယူခံ မန္တလေးတိုင်းတရားရုံး (ရမည်းသင်း မြို့နယ်စု)၏ အမိန့်နှင့် ဒီကရီတို့ကို ပြန်လည်၍ အတည်ပြုပေးလိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀၀/- သတ်မှတ်သည်။

## တရားမ အထူးအယူခံမှု

### တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင့်နှင့် ဦးသန်းဖေတို့ရှေ့တွင်

ဒေါ်ငွေသိန်း
နှင့်
ဒေါ်သိန်းညွန့် *

+ ၁၉၉၃
ဧပြီလ
၂ ရက်

**သီးခြားစည်းကမ်းချက်မရှိသောကိစ္စ၌ အိမ်ငှားတစ်ဦးသည် မိမိငှားရမ်းနေထိုင်သည့် ဥပစာကို အခြားသူတစ်ဦးအား တစ်ဆင့်လွှဲပြောင်း ငှားရမ်းသည့်အခါ အိမ်ပိုင်ရှင်၏ သဘောတူညီချက်ကို ရယူရန် မလိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ အိမ်ငှား တစ်ဦးသည် မိမိငှားရမ်းနေထိုင်သည့် ဥပစာကို တစ်ဆင့်ပြန်လည်၍ အငှားချထားခွင့်ရှိသည်။ ထိုကဲ့သို့ တစ်ဆင့်ပြန်လည်၍ အငှားချထားရာ၌ ရန်ကုန်မြို့၌ အများလက်ခံ ကျင့်သုံးလျက်ရှိသော အပျောက်စနစ် (နေပိုင်ခွင့်အတွက် တန်ရာတန်ကြေးပေး၍ ဥပစာကို လွှဲပြောင်းရယူသည့် စနစ်) ဖြင့် ဒေါ်ငွေသိန်းနှင့် ဒေါ်သိန်းညွန့်တို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ထိုကဲ့သို့ တစ်ဆင့် ပြန်လည် အငှားချထားရန် ဆောင်ရွက်သည့်အခါ အဆောက်အဦပိုင်ရှင်၏ ကြိုတင်ခွင့်ပြုချက်ကို ရယူပြီးမှ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက်မတွေ့ရပေ။

အယူခံတရားလိုအတွက် — ဦးတင်ဝင်း၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် — ဦးကျော်မြင့်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး ၁၉၈၈ ခုနှစ် တရားမကြီးမှုအမှတ် ၁၁၀ တွင် တရားလိုဒေါ်သိန်းညွန့်က တရားပြိုင် ဒေါ်ငွေသိန်းအပေါ်၌ သီးခြား

---

* ၁၉၉၂ ခုနှစ်တရားမ အထူးအယူခံမှုအမှတ် ၂၈

\+ ၁၉၉၀ ပြည့်နှစ် တရားမ ပထမအယူခံအမှတ် ၇၁၅ တွင် ချမှတ်သော (၂၅-၄-၉၁) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

၁၉၉၃
ဒေါ်ငွေသိန်း
နှင့်
ဒေါ်သိန်းညွန့်

သက်သာခွင့်ဥပဒေပုဒ်မ ၁၉ နှင့် ၂၇ တို့အရ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း အိမ်အမှတ် ၄၇ မြေညီထပ်အခန်းနှင့် ပတ်သက်၍ ပြုလုပ်ထားသော စာချုပ်ပါကတိအတိုင်း သီးခြားဆောင်ရွက်ပေးစေလျက် အချင်းဖြစ်အခန်းကို တရားလိုသို့ လက်ရောက်ပေးအပ်စေရန် စွဲဆိုရာ တိုင်းတရားရုံးမှ တရားလို စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးသည်။ ထိုဒီကရီကို မူလရုံး တရားပြိုင် ဒေါ်ငွေသိန်း မကျေနပ်၍ တရားရုံးချုပ်သို့ ၁၉၉၀ ပြည့်နှစ် ပထမအယူခံမှုအမှတ် ၇၁၅ အရ အယူခံဝင်သော်လည်း ပလပ်ခြင်းခံရသည်။ ဒေါ်ငွေသိန်းက တဖန်တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူး အယူခံဝင်ခွင့်ပြုရန် လျှောက်ထားသောအခါ အောက်ဖော်ပြပါ ပြဿနာအား စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်နိုင်ရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့ခြင်း ကြောင့် ဤအထူးအယူခံမှု ပေါ်ပေါက်လာခြင်းဖြစ်သည်၊

## စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန်ပြဿနာ

"အိမ်ငှားတစ်ဦးသည် ငှားရမ်းထားသော ဥပစာကို အိမ်ရှင်၏ သဘောတူခွင့်ပြုချက်မရဘဲ အခြားသူအား ရောင်းချနိုင်ခြင်းရှိ မရှိ" ဟူ၍ ဖြစ်သည်။

မည်သည့်အတွက်ကြောင့် အထူးအယူခံဝင်ခွင့်ပြုသင့်ကြောင်း တရားရုံးချုပ်မှ အောက်ပါအတိုင်းသုံးသပ်ထားသည်–

"မူလရုံးအမှုတွဲကို စိစစ်ကြည့်ရှုရာတွင် အချင်းဖြစ်အခန်းပါဝင်သည့် တိုက်တစ်တိုက်လုံး၏ ပိုင်ရှင်မှာ အေဒီဒူပလိ(ခ) ဦးမောင်မောင်လေး ဆိုသူဖြစ်ကြောင်း၊ မူလရုံးတရားပြိုင် ဒေါ်ငွေသိန်းသည် အိမ်ရှင် ဦးမောင် မောင်လေးအား အိမ်လခပေး၍ အချင်းဖြစ်အခန်းတွင် ငှားရမ်းနေထိုင်သူ အိမ်ငှားတစ်ဦးဖြစ်ကြောင်း၊ မူလရုံးတရားလို ဒေါ်သိန်းညွန့်သည် အိမ်ငှား ဒေါ်ငွေသိန်းထံမှ အချင်းဖြစ်အခန်း၏ တစ်စိတ်တစ်ဒေသကို ထပ်ဆင့် ငှားရမ်းနေထိုင်သူ တစ်ဆင့်ခံ အိမ်ငှားတစ်ဦးသာ ဖြစ်ကြောင်း အမှုတွဲရှိ သက်သေခံ အထောက်အထားများအရ ပေါ်ပေါက်သည်။

အိမ်ငှား ဒေါ်ငွေသိန်းက ဒေါ်သိန်းညွန့်အား အချင်းဖြစ်အခန်းကို ၁၁–၃–၈၁ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းချရန် စိမ်

၁၉၉၃
ဒေါ်ငွေသိန်း
နှင့်
ဒေါ်သိန်းညွန့်

ဆောင်ရွက်ခဲ့ရာ အိမ်ရှင်ဖြစ်သူ ဦးမောင်မောင်လေး၏ သဘောတူခွင့်ပြုချက်ကို ရယူပြီးမှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း အမှုတွဲ၌ မပေါ်ပေါက်ပေ။

ထိုအခြေအနေတွင် ဒေါ်ငွေသိန်းသည် ကတိစာချုပ်နှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်ပြီး အချင်းဖြစ်ငှားရမ်းထားသော အခန်းကို ဒေါ်သိန်းညွန့်အား လက်ရောက်ပေးအပ်စေရန် မူလရန်ကုန်တိုင်း တရားရုံးက တရားလို စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးခဲ့ပြီး တရားရုံးချုပ်က ယင်းဒီကရီကို အတည်ပြုခဲ့ခြင်းဖြစ်သည်။ ငှားရမ်းထားသော ဥပစာကို အိမ်ရှင်၏ သဘောတူခွင့်ပြုချက်မရဘဲ အိမ်ငှားတစ်ဦးက အခြားသူတစ်ဦး အား ရောင်းချနိုင်ခြင်း ရှိမရှိဆိုသောအချက်မှာ အငြင်းပွားဖွယ် ပြဿနာ တစ်ရပ်ဖြစ်ပေသည်" ဟု သုံးသပ်ထားသည်။

အချင်းဖြစ်ဥပစာအား အိမ်ရှင်ဦးမောင်မောင်လေးထံမှ အိမ်ငှား ဒေါ်ငွေသိန်းက ငှားရမ်းနေထိုင်လာခဲ့သည်။ ဒေါ်ငွေသိန်းက တဖန်ဒေါ်သိန်း ညွန့်အား အချင်းဖြစ် ဥပစာအခန်း၏ တစ်စိတ်တစ်ဒေသကို တစ်ဆင့် ပြန်၍ အငှားချထားသဖြင့် ဒေါ်သိန်းညွန့်သည် တစ်ဆင့်ခံအိမ်ငှားဖြစ်သည်။ ယင်းကဲ့သို့ မူလအိမ်ငှားဒေါ်ငွေသိန်းထံမှ ဒေါ်သိန်းညွန့်က တစ်ဆင့်ငှားရမ်း လာခဲ့ရာမှ ဒေါ်ငွေသိန်းက ဒေါ်သိန်းညွန့်အားအချင်းဖြစ်ဥပစာကို အပျောက် စနစ်ဖြင့် ရောင်းချရန် နှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆိုပြီး ငွေတစ်ချို့ တစ်ဝက်ပေးချေထားခဲ့ကြောင်း ပေါ်ပေါက်သည်။ ယင်းကဲ့သို့ ကတိစာချုပ် ပြုလုပ်ပြီး စာချုပ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်မပေးသဖြင့် ယခုအမှု စွဲဆိုခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင် တိုက်ခန်း၊ အိမ်ခန်းများကို အိမ်ငှားအချင်းချင်း အပျောက်စနစ်ဖြင့် အဆင့်ဆင့်လွှဲပြောင်းရောင်းချသော စနစ်ကို အများ ပြည်သူတို့ အနေဖြင့်လက်ခံကျင့်သုံးလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ လက်ရှိအိမ်ငှားကတခြားသူတစ်ဦးအား အခန်း၌ နေပိုင်ခွင့်ကို အပျောက် စနစ်ဖြင့် လွှဲပြောင်းပေးသည့်သဘောဖြစ်သည်။ နောက်တစ်နည်းမှာ မူလအိမ်ငှားက တခြားသူတစ်ဦးအားတစ်ဆင့်ပြန်လည်၍ အငှားချထားသည့် စနစ်ဖြစ်သည်။ အိမ်ငှားတစ်ဦးသည် မိမိငှားရမ်းထားသည့် ဥပစာနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်မှုအားလုံးကို အိမ်ရှင်သဘောတူသည်ဖြစ်စေ၊ မတူဘဲဖြစ်စေ အပြီးအပိုင်လွှဲပြောင်းပေးနိုင်ခွင့်ရှိကြောင်း၊ ထိုသို့လွှဲပြောင်း

၁၉၉၃
ဒေါ်ငွေသိန်း
နှင့်
ဒေါ်သိန်းညွန့်

ပေးခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၈ (ခ) (ည) အရ တရားဝင်ကြောင်း အယူခံတရားလိုပြိုင်၏ ရှေ့နေကလျှောက်လဲတင်ပြသည်။

**အမှုဖြစ်စဉ်အရ** စဉ်းစားသုံးသပ်ကြည့်လျှင် မူလအိမ်ငှား ဒေါ်ငွေသိန်းကဒေါ်သိန်းညွန့်အား အချင်းဖြစ်ဥပစာ၏ အစိတ်အပိုင်းတစ်ခုကို တစ်ဆင့်အငှားချထားခဲ့သည်။ ၎င်းနောက်အချင်းဖြစ် ဥပစာတစ်ခုလုံးကို လွှဲပြောင်းပေးရန် ကတိဖြင့် ၎င်းတို့နှစ်ဦး ကတိစာချုပ် ချုပ်ဆိုခဲ့ကြသည်။ထိုကဲ့သို့ ချုပ်ဆိုရာ၌ အများပြည်သူ လက်ခံကျင့်သုံးလျက်ရှိသော အပျောက်စနစ်ဖြင့် အချင်းဖြစ်ဥပစာ၌နေပိုင်ခွင့်ကို လွှဲပြောင်းပေးရန် ကတိစာချုပ် ချုပ်ဆိုခဲ့ကြခြင်းဖြစ်သည်ဟု သုံးသပ်တွေ့ရှိရသည်။ ယခုကိစ္စမှာ အပျောက်စနစ်ဖြင့် တစ်ဆင့်ပြန်လည်အငှားချထားခြင်းဖြစ်သည်ဟု ယူဆရပေသည်။ အိမ်ငှားတစ်ဦးသည် မိမိငှားရမ်းနေထိုင်သည့် ဥပစာကို တစ်ဆင့်ပြန်လည်၍ အငှားချထားခွင့်ရှိသည်။ ထိုကဲ့သို့ တစ်ဆင့်ပြန်လည်၍ အငှားချထားရာ၌ ရန်ကုန်မြို့၌ အများလက်ခံကျင့်သုံးလျက်ရှိသော **အပျောက်စနစ်** (နေပိုင်ခွင့်အတွက်တန်ရာတန်ကြေးပေး၍ ဥပစာကို လွှဲပြောင်းရယူသည့်စနစ်) ဖြင့်ဒေါ်ငွေသိန်းနှင့် ဒေါ်သိန်းညွန့်တို့ဆောင်ရွက်ခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ထိုကဲ့သို့ တစ်ဆင့်ပြန်လည်အငှားချထားရန် ဆောင်ရွက်သည့်အခါ အဆောက်အဦပိုင်ရှင်၏ ကြိုတင်ခွင့်ပြုချက်ကို ရယူပြီးမှ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက်မတွေ့ရပေ။ ထို့ကြောင့် ယခုအမှုကိစ္စ၌ အိမ်ငှားဒေါ်ငွေသိန်းက ၎င်းငှားရမ်းထားသော ဥပစာအခန်း အား ဒေါ်သိန်းညွန့်သို့ တစ်ဆင့်ပြန်လည် အငှားချထားရန် ဆောင်ရွက်သည့် ကိစ္စတွင် မူလငှားရမ်းစဉ်က တစ်ဆင့် အငှားချထားခြင်းမပြုရဟု စည်းကမ်းချက်မပါရှိသဖြင့် အိမ်ပိုင်ရှင်၏ သဘောတူခွင့်ပြုချက် ရယူရန် မလိုဟု စုံညီခုံရုံးရှေ့၌ ကြားနာသည့် ပြဿနာအား ဖြေဆိုလိုက်သည်။ ဒေါ်ငွေသိန်းနှင့် ဒေါ်သိန်းညွန့်တို့သည် ကတိစာချုပ်နှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်ပြီး အချင်းဖြစ် ဥပစာအခန်းလွတ်ကို ဒေါ်သိန်းညွန့်သို့ လက်ရောက်ပေးအပ်စေရန်ဟူသော မူလရုံးကချမှတ်ထားသည့် အမိန့်ဒီကရီကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ပေးလိုက်သည် -

"ဒေါ်ငွေသိန်းနှင့် ဒေါ်သိန်းညွန့်တို့သည် ၎င်းတို့ပြုလုပ်ထားသည့် ကတိစာချုပ်နှင့် အညီအချင်းဖြစ် ဥပစာအား တစ်ဆင့်လွှဲပြောင်းငှားရမ်းခြင်း ကိစ္စကို ဆက်လက်ဆောင်ရွက်ပြီး အချင်းဖြစ်ဥပစာအခန်းလွတ်ကို ဒေါ်သိန်းညွန့်သို့ လက်ရောက်ပေးအပ်စေရန်" ဟူ၍ အစားထိုးပြင်ဆင်ပေးလိုက်သည်။

ငင်းနောက် ဒေါ်ငွေသိန်း တင်သွင်းသည့် ဤအထူးအယူခံမှုအား စရိတ်နှင့် တကွ ပလပ်လိုက်သည်။ ၁၉၉၃ ဒေါ်ငွေသိန်း နှင့် ဒေါ်သိန်းညွန့်

ရှေ့နေခကျပ် ၁၀၀၀/-သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင့်နှင့် ဦးသန်းပေတို့ရှေ့တွင်

+၁၉၉၃
မေလ
၆ ရက်

ဦးစိုးမြင့် ပါ-၃
(ကွယ်လွန်သူ ဦးဘိုးဟန်၏ တရားဝင်ကိုယ်စားလှယ်များ)
နှင့်
ဦးမောင်မောင်ကံ ပါ-၂*

**ကွယ်လွန်သူ အိမ်ငှားအား မှီခိုနေထိုင်သူလည်းမဟုတ်၊ ကွယ်လွန်သူအိမ်ငှား နှင့် အစဉ်တစိုက် အတူလက်ရှိနေထိုင်သူလည်း မဟုတ်လင့်ကစား တစ်စုံတစ်ယောက်သောသူသည် ကွယ်လွန်သူ အိမ်ငှား၏ တရားဝင် ကိုယ်စားလှယ်ဖြစ်ခဲ့လျှင် ထိုသူသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဆ)အရ အိမ်ငှားဖြစ်လာ နိုင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးမောင်မောင်ကံသည် ချီချင်လင်နှင့် ဇနီးဒေါ်ရင်တို့ ၏ သားဖြစ်သဖြင့် မိဘများ သေဆုံးချိန်၌ အမွေဆက်ခံခွင့်ရှိသူတစ်ဦး ဖြစ်သည်။ ထို့ကြောင့် ၎င်းသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ စာပိုဒ်ခွဲ (၁၁) အရ ကွယ်လွန်သူ ချီချင်လင်နှင့် ဒေါ်ရင်တို့၏ တရားဝင် ကိုယ်စားလှယ်တစ်ဦးဖြစ်သည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂ တွင် အိမ်ငှားဆိုသည်မှာ တရားမကျင့်ထုံး ဥပဒေ၌ အဓိပ္ပာယ်ဖော်ပြထား သည့် တရားဝင်ကိုယ်စားလှယ်ပါဝင်သည်။

အထက်ပါပြဋ္ဌာန်းချက်တွင် တရားမကျင့်ထုံးကိုဥပဒေ၌ အဓိပ္ပာယ် ဖော်ပြထားသည့် တရားဝင်ကိုယ်စားလှယ်ဟု ပြဋ္ဌာန်းထားသဖြင့် တရားဝင် ကိုယ်စားလှယ်ဖြစ်လျှင် ဥပဒေပြဋ္ဌာန်းချက်ဘောင်ဝင်သည်။ မိဘနှင့်

---

* ၁၉၉၂ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၂

\+ ၁၉၉၀ပြည့်နှစ်တရားမပထမအယူခံမှုအမှတ် ၁၄၂တွင်ချမှတ်သော (၂၀-၇-၉၀) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

၁၉၉၃
ဦးစိုးမြင့်ပါ-၃ (ကွယ်လွန်သူ ဦးဘိုးဟန်၏ တရားဝင် ကိုယ်စားလှယ် များ) နှင့် ဦးမောင် မောင်ကံ ပါ-၂

အတူနေရန်လို မလို၊ မိဘ သေဆုံးချိန်ကျမှ ရောက်လာသူဖြစ်လျှင် အခွင့်အရေး ခံစားထိုက် မခံစားထိုက်ဟူသော အချက်များကို ဆင့်ပွားထည့်သွင်းစဉ်းစားမည်ဆိုပါက ဥပဒေပြဋ္ဌာန်းချက်ကို ချဲ့ထွင်ရာ ရောက်ပေလိမ့်မည်။ ယခုအမှုတွင် ဦးမောင်မောင်ကံသည် ကွယ်လွန်သူ အိမ်ငှား ချိုချင်လင်နှင့် ဒေါ်ရင်တို့၏သား ဖြစ်သဖြင့် ၎င်းတို့၏ တရားဝင် ကိုယ်စားလှယ်ဖြစ်သည်။ ထို့ကြောင့် မိဘများ ကွယ်လွန်ချိန်၌ မိဘများ ငှားရမ်းနေထိုင်ခဲ့သည့် အချင်းဖြစ် ဥပစာအခန်းအား ဦးမောင်မောင်ကံအနေ ဖြင့် ဆက်ခံခွင့်ရှိသည်။ ထို့ကြောင့် ယခုအမှု၌ ဦးမောင်မောင်ကံသည် ကွယ်လွန်သူ အိမ်ငှားအား မှီခိုနေထိုင်သူလည်း မဟုတ်။ ကွယ်လွန်သူ အိမ်ငှားနှင့် အစဉ်တစိုက် အတူလက်ရှိ နေထိုင်သူလည်း မဟုတ်လင့်ကစား ကွယ်လွန်သူအိမ်ငှား၏ တရားဝင် ကိုယ်စားလှယ်ဖြစ်သဖြင့် အချင်းဖြစ်အခန်း၏အိမ်ငှား ဖြစ်လာသည်။

အယူခံတရားလိုများအတွက် — ဦးမြင့်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဒေါ်ရီရီတင်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှု အမှတ် ၂၀၆ တွင် တရားလို ဦးဘိုးဟန်က တရားပြိုင် ဦးမောင်မောင်ကံနှင့် ဦးကြည်စိုးတို့အပေါ်၌ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ပထမလင်းစဒေါင်းလမ်း၊ အမှတ် ၂/၄/၆ ခေါ်တွင်သော တန်းလျားအဆောက်အဦ၌ တည်ရှိသည့် အချင်းဖြစ် ဥပစာအခန်းမှ အခွင့်အမိန့်အရ နေထိုင်သူအား ဖယ်ရှားပေးစေလိုမှုစွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးသည်။ တိုင်းတရားရုံး၏ ဒီကရီကို တရားပြိုင် ဦးမောင်မောင်ကံတို့က မကျေနပ်၍ တရားရုံးချုပ်သို့ ၁၉၉၀ ပြည့်နှစ် တရားမ ပထမအယူခံမှုအမှတ် ၁၄၂ အရ ဝင်ရောက်သောအခါ အယူခံကို ခွင့်ပြုပြီး တိုင်းတရားရုံး၏ အမိန့်နှင့် ဒီကရီကို ပယ်ဖျက်၍ တရားလိုဦးဘိုးဟန် စွဲဆိုသည့် အမှုအား ပလပ်လိုက်သည်။ ထိုအမိန့်ကို ဦးဘိုးဟန်က တဖန် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသောအခါ အောက်ဖော်ပြပါ ပြဿနာအား စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်နိုင်ရန်အလို့ငှာ အထူး အယူခံဝင်ခွင့်ပြုခဲ့သဖြင့် ယခုအထူးအယူခံမှု ပေါ်ပေါက်လာခြင်း ဖြစ်သည်—

**စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန်ပြဿနာ**

"အိမ်ငှားကွယ်လွန်သွားရာ၌ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၁၁)ပါ ကွယ်လွန်သူ အိမ်ငှား၏ တရားဝင် ကိုယ်စားလှယ်တစ်ဦးသည် သို့

၁၉၉၃
ဦးစိုးမြင့်ပါ-၃
(ကွယ်လွန်သူ
ဦးဘိုးဟန်၏
တရားဝင်
ကိုယ်စားလှယ်
များ)
နှင့်
ဦးမောင်
မောင်ကဲ
ပါ-၂

တည်းမဟုတ် အိမ်ငှား၏ ဆိုင်ရေးဆိုင်ခွင့် ရရှိသူတစ်ဦးသည် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဆ)အရ အလိုအလျောက်အိမ်ငှား ဖြစ်လာသည်ဆိုရာ၌ ကွယ်လွန်သူ အိမ်ငှားအား မှီခိုနေထိုင်သူလည်း မဟုတ် ကွယ်လွန်သူအိမ်ငှားနှင့် အစဉ်တစိုက် အတူလက်ရှိ နေထိုင်လျက်ရှိသူလည်း မဟုတ်လျှင် တရားဝင် ကိုယ်စားလှယ် အရည်အချင်းရှိသူဖြစ်သည်ဆိုရုံမျှနှင့် အကျုံးဝင်မဝင်" ဟူ၍ဖြစ်သည်။

အချင်းဖြစ် ဥပစာအခန်း၏ ပိုင်ရှင်မှာ ဦးဘိုးဟန်ဖြစ်သည်။ ချီချင်လင်နှင့် ဇနီး အပ်ဖွန်(ခ) ဒေါ်ရင်တို့သည် အချင်းဖြစ် ဥပစာအခန်းကို လိမ်လခတစ်လလျှင် ၁၅/-နှုန်းဖြင့် ဦးဘိုးဟန်ထံမှ ငှားရမ်းနေထိုင်ခဲ့ကြသော အိမ်ငှားများဖြစ်ကြသည်။ အယူခံတရားပြိုင်အမှတ် (၁) ဦးမောင်မောင်ကဲသည် အိမ်ငှား ချီချင်လင်နှင့် ဒေါ်ရင်တို့၏ သားဖြစ်သည်။ ဦးမောင်မောင်ကဲ၏ ဖခင် ချီချင်လင်မှာ ၁၉၈၀ ခုနှစ်၊ ဒီဇင်ဘာလတွင် ကွယ်လွန်၍ မိခင်ဒေါ်ရင်မှာ ၂-၁-၈၃ နေ့တွင် ကွယ်လွန်သည်။ မိခင် ကွယ်လွန်ချိန်၌ အချင်းဖြစ်အခန်း ဥပစာသို့ သားဖြစ်သူ ဦးမောင်မောင်ကဲ ရောက်ရှိနေထိုင်ခြင်းဖြစ်သည်။ ဤအချက်များမှာ အမှုတွဲ၌ ပေါ်ပေါက်လျက်ရှိသော နှစ်ဖက်အငြင်းမပွားသည့် အချက်များ ဖြစ်သည်။

ယခုအမှုတွင် အဓိကအချက်မှာ ကွယ်လွန်သူအိမ်ငှား ချီချင်လင်နှင့် ဇနီး ဒေါ်ရင်တို့၏သား ဦးမောင်မောင်ကဲသည် ယခင်က မိဘများနှင့် အတူ အချင်းဖြစ် ဥပစာ၌ နေထိုင်ခဲ့ခြင်း မရှိဘဲ ၎င်း၏ မိခင် ဒေါ်ရင် ကွယ်လွန်သည့်အချိန်ကျမှ အချင်းဖြစ်ဥပစာသို့ လာရောက်နေထိုင်ခြင်းကြောင့် ၎င်းအနေဖြင့် ဥပဒေအရ အချင်းဖြစ်ဥပစာ၏ အိမ်ငှားဖြစ်ထိုက် မဖြစ်ထိုက်ဆိုသော အချက်ဖြစ်သည်။

ဦးမောင်မောင်ကဲသည် ချီချင်လင်နှင့် ဇနီး ဒေါ်ရင်တို့၏ သားဖြစ်သဖြင့် မိဘများ သေဆုံးချိန်၌ အမွေဆက်ခံခွင့် ရှိသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် ၎င်းသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ စာပိုဒ်ခွဲ (၁၁)အရ ကွယ်လွန်သူ ချီချင်လင်နှင့် ဒေါ်ရင်တို့၏ တရားဝင် ကိုယ်စားလှယ်တစ် ဦးဖြစ်သည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ တွင် အိမ်ငှားဟူသော ဝေါဟာရနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

၁၉၉၃
ဦးစိုးမြင့်ပါ–၃
(ကွယ်လွန်သူ
ဦးဘိုးဟန်၏
တရားဝင်
ကိုယ်စားလှယ်
များ)
နှင့်
ဦးမောင်
မောင်ကံ
ပါ–၂

"အိမ်ငှားဆိုသည်မှာ ဥပစာအတွက် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူမှ တစ်ဆင့်ဖြစ်စေ၊ ငှားရမ်းခပေးရမည့်သူတစ်ဦးတစ်ယောက်ကို ဆိုလိုသည်။ ထိုစကားရပ်တွင် တရားမကျင့်ထုံးကိုဥပဒေ၌ အဓိပ္ပာယ်ဖော်ပြထားသည့် တရားဝင်ကိုယ်စားလှယ်လည်းကောင်း၊ အခါအားလျော်စွာ အိမ်ငှားထံမှတစ်ဆင့် ဆိုင်ရာဆိုင်ခွင့်ရရှိသူ အသီးသီးလည်းကောင်း၊ အငှားချထားမှု သို့တည်းမဟုတ် အငှားစာချုပ် ကုန်ဆုံးပြီးနောက် မိမိငှားရမ်းထားသည့် ဥပစာကို အိမ်ရှင်၏ သဘောတူညီချက်အရဖြစ်စေ၊ သဘောတူညီချက်အရမဟုတ်ဘဲဖြစ်စေ လက်ရှိနေထိုင်မြဲနေထိုင်သူအသီးသီးလည်းကောင်း ပါဝင်သည်"ဟု ပြဋ္ဌာန်းထားသည်။

အထက်ပါပြဋ္ဌာန်းချက်တွင် တရားမကျင့်ထုံးကိုဥပဒေ၌ အဓိပ္ပာယ်ဖော်ပြထားသည့် တရားဝင် ကိုယ်စားလှယ်ဟု ပြဋ္ဌာန်းထားသဖြင့် တရားဝင် ကိုယ်စားလှယ်ဖြစ်လျှင် ဥပဒေပြဋ္ဌာန်းချက်ဘောင်ဝင်သည်။ မိဘနှင့်အတူနေရန် လို မလို၊ မိဘသေဆုံးချိန်ကျမှ ရောက်လာသူဖြစ်လျှင် အခွင့်အရေး ခံစားထိုက် မခံစားထိုက်ဟူသော အချက်များကို ဆင့်ပွားထည့်သွင်းစဉ်းစားမည်ဆိုပါက ဥပဒေပြဋ္ဌာန်းချက်ကို ချဲ့ထွင်ရာ ရောက်ပေလိမ့်မည်။ ယခုအမှုတွင် ဦးမောင်မောင်ကံသည် ကွယ်လွန်သူ အိမ်ငှား ချိုချင်လင်နှင့် ဒေါ်ရင်တို့၏ သားဖြစ်သဖြင့် ၎င်းတို့၏ တရားဝင် ကိုယ်စားလှယ်ဖြစ်သည်။ ထို့ကြောင့် မိဘများ ကွယ်လွန်ချိန်၌ မိဘများ ငှားရမ်းနေထိုင်ခဲ့သည့် အချင်းဖြစ် ဥပစာအခန်းအား ဦးမောင်မောင်ကံ အနေဖြင့် ဆက်ခံခွင့်ရှိသည်။ ထို့ကြောင့် ယခုအမှု၌ ဦးမောင်မောင်ကံသည် ကွယ်လွန်သူအိမ်ငှားအား မှီခိုနေထိုင်သူလည်း မဟုတ်၊ ကွယ်လွန်သူ အိမ်ငှားနှင့် အစဉ်တစိုက် အတူလက်ရှိနေထိုင်သူလည်း မဟုတ်လင့်ကစား ကွယ်လွန်သူအိမ်ငှား၏ တရားဝင် ကိုယ်စားလှယ်ဖြစ်သဖြင့် အချင်းဖြစ်အခန်း၏ အိမ်ငှားဖြစ်လာသည်ဟု ယခုကြားနာသည့် ပြဿနာအား ဖြေဆိုလျက် ဤအထူးအယူခံမှုအား စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/–သတ်မှတ်သည်။

**တရားမအထွေထွေအယူခံမှု**

**တရားရုံးချုပ်တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်**

ဦးစိန့်
(၎င်း၏ အထွေထွေကိုယ်စားလှယ်ဦးဝင်းကျော်)
နှင့်
ဒေါ်ခင်ငြိမ်း*

+၁၉၉၃
ဇူလိုင်လ
၁၄ ရက်

**မြေကို ဂရန်ရရှိပိုင်ဆိုင်သူ တစ်ဦးက ဂရန်သက်တမ်း မကုန်ဆုံးမီအတွင်း ရောင်းချခဲ့သည့်ကိစ္စတွင် ဂရန်သက်တမ်း ကုန်ဆုံးသွားပြီးသည့်အချိန်၌လည်း ထိုမြေနှင့် ပတ်သက်၍ ဝယ်ယူရရှိထားသည့် အနိုင်ဒီကရီကို ရောင်းသူက လိုက်နာဆောင်ရွက်ပေးရန် တာဝန်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ မူလက ဒေါ်ခင်ငြိမ်းနှင့် ဦးစိန့်တို့ အရောင်းအဝယ်ကို ၂၇-၁-၈၄ ရက်နေ့တွင် ပြုလုပ်ခဲ့သောကြောင့် ထိုစဉ်က ဂရန်သက်တမ်း ကုန်ဆုံးခြင်း မရှိပေ။ သို့ဖြစ်၍ အရောင်းအဝယ် ပြုလုပ်စဉ်အခါက ဦးစိန့်သည် ဂရန်သက်တမ်း ကုန်ဆုံးခြင်း မရှိသော မြေကို ရောင်းချခဲ့ပြီး ဒေါ်ခင်ငြိမ်းကလည်း ဝယ်ယူခဲ့သည်ဖြစ်၍ တရားဝင်ပိုင်ဆိုင်မှုရှိသော အခြေအနေတွင် ရောင်းချခဲ့သည်ဟု ဆိုရမည် ဖြစ်ပေသည်။ ထို့နောက်တွင်မှ ဦးစိန့်က အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး မှတ်ပုံတင်ပြုလုပ်ပေးရန် ပျက်ကွက်သဖြင့် ဒေါ်ခင်ငြိမ်းက တရားစွဲဆိုရခြင်းဖြစ်ရာ နောက်ပိုင်းတွင် ဂရန်သက်တမ်း ကုန်ဆုံး၍ မှတ်ပုံတင်ပြုလုပ်ပေးရန် အခွင့်အရေး မရှိတော့ကြောင်း၊ ဦးစိန့်၏ ကန့်ကွက်ချက်ကို လက်ခံနိုင်ရန် အကြောင်းမရှိနိုင်ပေ။ ထို့အပြင် ဒေါ်ခင်ငြိမ်းသည် ဦးစိန့်အပေါ် တရားရုံးချုပ်၏ တရားမပထမအယူခံမှုအမှတ် ၆၃/၉၀ တွင် ဒီကရီရရှိခဲ့ပြီး ဒီကရီမှာ ယနေ့တိုင် တည်မြဲလျက် ရှိသဖြင့် ဦးစိန့်သည် ဒီကရီအရ လိုက်နာရန် တာဝန်ရှိမည်ဖြစ်သည်။ ဂရန်သက်တမ်း ကုန်ဆုံးနေခြင်းကြောင့် ဦးစိန့်မှ ဒီကရီအတိုင်း လိုက်နာရန် တာဝန်မရှိဟူ၍လည်း ဆိုရန်အကြောင်း မရှိပေ၊ အရောင်းအဝယ်

* ၁၉၉၂ ခုနှစ် တရားမအထွေထွေအယူခံမှုအမှတ် ၅၂

\+ ၁၉၉၂ ခုနှစ် တရားမဇာရီမှုအမှတ် ၅၇ တွင် ချမှတ်သော (၂၀-၁၁-၉၂) ရက်စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၃
ဦးစိန့်
(၎င်း၏
အထွေထွေ
ကိုယ်စားလှယ်
ဦးဝင်းကျော်)
နှင့်
ဒေါ်ခင်ငြိမ်း

စာချုပ်ချုပ်ဆိုပြီးသည့်နောက်တွင် ဂရန် ရရှိရေးအတွက် ဆောင်ရွက်ရန်မှာ ဒေါ်ခင်ငြိမ်း၏ တာဝန်သာဖြစ်မည်။

အယူခံတရားလိုအတွက် - ဦးကျော်ကျော်ဝင်း၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးလွန်းမောင်၊ တရားရုံးချုပ်ရှေ့နေ

မန္တလေးတိုင်း တရားရုံး တရားမကြီးမှုအမှတ် ၇/၈၇ တွင် အယူခံတရားပြိုင် ဒေါ်ခင်ငြိမ်းက အယူခံတရားလို ဦးစိန့်အပေါ် မန္တလေးအနောက်မြောက်မြို့နယ်၊ အနိုပ်တော်ရပ် အကွက်အမှတ် (၃)၊ ဦးပိုင်အမှတ် ၁၂၈ရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးရန်နှင့် ပဋိညာဉ်အရ အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးရန် စွဲဆိုရာ အနိုင်ဒီကရီ ရရှိခဲ့သည်။

ဒေါ်ခင်ငြိမ်းက ယင်းအနိုင်ဒီကရီကို မန္တလေးတိုင်း တရားရုံးဓာရီမှုအမှတ် ၅၇/၉၂ တွင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေရန်နှင့် တရားစရိတ်များ ပေးစေရန်အတွက် အတည်ပြုဆောင်ရွက်ခဲ့သည်။ တရားရှုံး ဦးစိန့်မှ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်နှင့် ပတ်သက်၍ အခါင်းဖြစ် ဂရန်သက်တမ်းမှာ ကုန်ဆုံးသွားပြီးဖြစ်သောကြောင့် မြေနှင့် စပ်လျဉ်းသည့် အခွင့်အရေးတစ်စုံတစ်ရာ မရှိတော့၍ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချနိုင်တော့မည် မဟုတ်ကြောင်းဖြင့် ကန့်ကွက်သည်။

တိုင်းတရားရုံးမှ ဦးစိန့်၏ ကန့်ကွက်ချက်ကို လက်မခံသောကြောင့် ဦးစိန့်မှ တရားရုံးချုပ်သို့ ဤတရားမအထွေထွေအယူခံမှုကို တင်သွင်းခြင်းဖြစ် သည်။

ဤအယူခံတွင် အယူခံတရားလိုက အချင်းဖြစ်မြေသည် ဂရန်သက်တမ်းကုန်ဆုံးသော မြေဖြစ်၍ အထက်မြန်မာပြည်မြေနှင့် အခွန်တော်လက်စွဲအရ နိုင်ငံတော်ကသာ စီမံခန့်ခွဲနိုင်သော မြေဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းတရားရုံးက ဂရန်ကုန်ဆုံးနေသော မြေနှင့် ပတ်သက်၍ အရောင်းအဝယ် စာချုပ် ချုပ်ဆိုစေရန် အမိန့်ချမှတ်ခြင်းသည် မှားယွင်းကြောင်းဖြင့် တင်ပြသည်။

မူလက ဒေါ်ခင်ငြိမ်းနှင့် ဦးစိန့်တို့ အရောင်းအဝယ်ကို ၂၇-၁-၈၄ ရက်နေ့တွင် ပြုလုပ်ခဲ့သောကြောင့် ထိုစဉ်က ဂရန်သက်တမ်း ကုန်ဆုံးခြင်း မရှိပေ။ သို့ဖြစ်၍ အရောင်းအဝယ် ပြုလုပ်စဉ်အခါက ဦးစိန့်သည် ဂရန်သက်တမ်း ကုန်ဆုံးခြင်း မရှိသောမြေကို ရောင်းချခဲ့ပြီး ဒေါ်ခင်ငြိမ်းက

၁၉၉၃
ဦးစိန့်
(၎င်း၏
အထွေထွေ
ကိုယ်စားလှယ်
ဦးဝင်းကျော်)
နှင့်
ဒေါ်ခင်ငြိမ်း

လည်း ဝယ်ယူခဲ့သည်ဖြစ်၍ တရားဝင် ပိုင်ဆိုင်မှု ရှိသော အခြေအနေတွင် ရောင်းချခဲ့သည်ဟု ဆိုရမည် ဖြစ်ပေသည်။ ထို့နောက်တွင်မှ ဦးစိန့်က အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး မှတ်ပုံတင်ပြုလုပ်ပေးရန် ပျက်ကွက်သဖြင့် ဒေါ်ခင်ငြိမ်းက တရားစွဲဆိုရခြင်းဖြစ်ရာ နောက်ပိုင်းတွင် ဂရန်သက်တမ်း ကုန်ဆုံး၍ မှတ်ပုံတင်ပြုလုပ်ပေးရန် အခွင့်အရေး မရှိတော့ကြောင်း၊ ဦးစိန့်၏ ကန့်ကွက်ချက်ကို လက်ခံနိုင်ရန် အကြောင်းမရှိနိုင်ပေ။ ထို့အပြင် ဒေါ်ခင်ငြိမ်းသည် ဦးစိန့်အပေါ် တရားရုံးချုပ်၏ တရားမပထမအယူခံမှုအမှတ် ၆၃/၉၀ တွင် ဒီကရီ ရရှိခဲ့ပြီး ဒီကရီမှာ ယနေ့တိုင် တည်မြဲလျက်ရှိသဖြင့် ဦးစိန့်သည် ဒီကရီအရ လိုက်နာရန် တာဝန်ရှိမည်ဖြစ်သည်။ ဂရန်သက်တမ်း ကုန်ဆုံးနေခြင်းကြောင့် ဦးစိန့်မှ ဒီကရီအတိုင်း လိုက်နာရန် တာဝန်မရှိဟူ၍လည်း ဆိုရန်အကြောင်း မရှိပေ။ အရောင်းအဝယ် စာချုပ် ချုပ်ဆိုပြီးသည့် နောက်တွင် ဂရန်ရရှိရေးအတွက် ဆောင်ရွက်ရန်မှာ ဒေါ်ခင်ငြိမ်း၏ တာဝန်သာဖြစ်မည်။

သို့ဖြစ်၍ မူလရောင်းချစဉ်က ဂရန်သက်တမ်း ရှိခဲ့ပြီးနောက်ပိုင်းတွင် ဂရန်သက်တမ်း ကုန်ဆုံး၍ အရောင်းအဝယ် စာချုပ် ပြုလုပ်နိုင်ခွင့် မရှိပါဟူသော အယူခံတရားလို၏ ကန့်ကွက်ချက်ကို တိုင်းတရားရုံးမှ လက်မခံခြင်းသည် မှားယွင်းခြင်း မရှိပေ။

ဂရန်သက်တမ်း ကုန်ဆုံးနေခြင်းကြောင့် အယူခံတရားလိုက ဒီကရီအတိုင်း အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် အခွင့်အရေး မရှိဟူသော အချက်မှာ မှန်ကန်မှု မရှိချေ။

ထို့ကြောင့် မူလရုံး၏ အမိန့်ကို အတည်ပြုပြီး ဤအယူခံမှုကို ရုံးအဆင့်ဆင့် ကုန်ကျစရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၄၀၀/-သတ်မှတ်သည်

## တရားမပထမအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင်တို့ရှေ့တွင်

ဦးဇော်လင်း
(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်မြင့်မြင့်)
နှင့်
ဒေါ်စန်းစန်းရွှေ*

+၁၉၉၃
ဒီဇင်ဘာလ
၁၅ ရက်

**တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၇ ၏ ပြဋ္ဌာန်းချက်။**
**ပဏာမဒီကရီကို အယူခံဝင်ရောက်ခဲ့ခြင်း မရှိဘဲ အပြီးသတ် ဒီကရီကို အယူခံဝင်ရောက်ရာ၌ ပဏာမဒီကရီနှင့် ပတ်သက်၍ မှန်ကန်မှု မရှိကြောင်း တင်ပြနိုင်ခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။အယူခံတရားလိုက အမှုတွင် လက်ထက်ပွားပစ္စည်းနှင့် ငွေကြေးတစ်စုံတစ်ရာ မကျန်ရစ်ခဲ့သဖြင့် မူလတရားရုံး၏ ဒီကရီမှာ မှားယွင်းကြောင်း အဓိကတင်ပြထားသည်။ လက်ထက်ပွားပစ္စည်း မကျန်ရစ်ခဲ့လျှင် ပစ္စည်းခွဲဝေသည့် ပဏာမဒီကရီကို ချမှတ်ရန် အကြောင်းမရှိနိုင်ပေ။ သို့ဖြစ်၍ ခွဲဝေရန် လက်ထက်ပွားပစ္စည်း မရှိဘဲလျက် ပစ္စည်းခွဲဝေရန် ဒီကရီ ချမှတ်ခြင်းမှာ မှားယွင်းကြောင်း အယူခံတရားလိုက တင်ပြခြင်းမှာ ပဏာမဒီကရီသည် မမှန်ကန်ကြောင်း တင်ပြခြင်းသာဖြစ်သည်ဟု ဆိုရပေမည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၇အရ ပဏာမဒီကရီကြောင့် နစ်နာသူအမှုသည် တစ်ဦးဦးသည် ထိုဒီကရီကို အယူခံမဝင်ခဲ့လျှင် အပြီးသတ် ဒီကရီကို အယူခံဝင်ရာ၌ ပဏာမ ဒီကရီသည် မမှန်ကန်ကြောင်း တင်ပြခွင့်မရှိဟု အတိအလင်း ပိတ်ပင်ထားသည်၊ သို့ဖြစ်၍ အယူခံ တရားလို၏ တင်ပြချက်ကို လက်မခံနိုင်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးမောင်မောင်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | – | ဦးမြအောင်၊ တရားရုံးချုပ်ရှေ့နေ |

---

* ၁၉၉၃ ခုနှစ် တရားမ ပထမအယူခံမှုအမှတ် ၈၈

\+ ၁၉၉၀ပြည့်နှစ်တရားမကြီးမှု အမှတ် ၁၈တွင် ချမှတ်သော (၁၇–၃–၉၃) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၉၃
ဦးဇော်လင်း
(၎င်း၏
အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်မြင့်မြင့်)
နှင့်
ဒေါ်စန်းစန်းရွှေ

ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှုအမှတ် ၁၈ (ခ)/၉၀ (မင်္ဂလာတောင်ညွန့်)တွင် ဒေါ်စန်းစန်းရွှေက ဦးဇော်လင်းအပေါ် အကြောင်းလင်မယားအဖြစ် ကွာရှင်းပြတ်စဲစေလိုမှုနှင့် လက်ထက်ပွားပစ္စည်း ခွဲဝေပေးစေလိုမှု စွဲဆိုရာ တိုင်းတရားရုံးက ဒေါ်စန်းစန်းရွှေ စွဲဆိုသည့်အတိုင်း လင်မယားကွာရှင်းခွင့် ဒီကရီနှင့် လက်ထက်ပွားပစ္စည်း ထက်ဝက်ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်သည်။ ထို့နောက် ပစ္စည်းစာရင်း ကောက်ယူရန်အတွက် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၆ အရ ကော်မရှင်နာ တစ်ဦး ခန့်ထားဆောင်ရွက်စေခဲ့ရာ ကော်မရှင်နာက လက်ထက်ပွားပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ကျပ် ၃၀၀၀၀၀/-ဖြစ်ကြောင်း အစီရင်ခံစာတင်သွင်းသည်။ ယင်းအစီရင်ခံစာကို နှစ်ဖက်ကြားနာပြီးနောက် မူလတရားရုံးက ကော်မရှင်နာ၏ အစီရင်ခံစာကို အတည်ပြုပြီး ဒေါ်စန်းစန်းရွှေသည် လက်ထက်ပွားပစ္စည်းတန်ဖိုး၏ ထက်ဝက်ဖြစ်သော ကျပ် ၁၅၀၀၀၀/- ကို ဦးဇော်လင်းထံမှ ရယူခွင့်ရှိကြောင်း အပြီးသတ် ဒီကရီချမှတ်သည်။ ထိုအပြီးသတ်ဒီကရီကို ဦးဇော်လင်းက မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမအယူခံကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံးတရားလို ဒေါ်စန်းစန်းရွှေက သူနှင့် ဦးဇော်လင်းတို့သည် ၂၇-၉-၈၃ ရက်နေ့တွင် အကြောင်းလင်မယားအဖြစ် ပေါင်းသင်းလာခဲ့ရာ ဦးဇော်လင်းသည် နိုင်ငံခြားသင်္ဘောတွင် အမှုထမ်းသူဖြစ်၍ (၁) ပါပလေကာကားတစ်စီး၊ (၂) ဆန်နီကားတစ်စီး၊ (၃) တိုရှီဘာ ရုပ်မြင်သံကြားစက်တစ်လုံး၊ (၄) ကက်ဆက်တစ်လုံး စုစုပေါင်း ကျပ် ၅၀၀၀၀၀/-ခန့် လက်ထက်ပွားပစ္စည်းများ စုဆောင်းရရှိခဲ့သဖြင့် လင်မယားကွာရှင်းခွင့်နှင့် လက်ထက်ပွားပစ္စည်းတန်ဖိုး ကျပ် ၂၅၀၀၀၀/-ကို ခွဲဝေပေးစေလိုကြောင်း အဆိုပြုစွဲဆိုသည်။

မူလရုံးတရားပြိုင် ဦးဇော်လင်းက မိမိနှင့် ဒေါ်စန်းစန်းရွှေတို့ ပေါင်းသင်းချိန်က မိမိသည် နိုင်ငံခြားသင်္ဘောတွင် လိုက်ပါခွင့်မရသေးကြောင်း၊ တရားလို တင်ပြထားသည့် ပစ္စည်းများသည် လက်ထက်ပွားပစ္စည်းများ မဟုတ်ကြောင်း ခုခံချေပသည်။

မူလတိုင်းတရားရုံးက နှစ်ဖက်ကို စစ်ဆေးကြားနာပြီးနောက် အထက်ပါအတိုင်း အပြီးသတ်ဒီကရီ ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဦးဇော်လင်းက ကော်မရှင်နာ၏ အစီရင်ခံစာကို မိမိက မကျေနပ်သဖြင့် တရားရုံးချုပ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၁၉/၉၃တွင် ပြင်ဆင်မှု

၁၉၉၃
ဦးဇော်လင်း
(၎င်း၏
အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်မြင့်မြင့်)
နှင့်
ဒေါ်စန်းစန်းရွှေ

လျှောက်ထားဆဲ ကာလတွင် မူလတရားရုံးက အပြီးသတ်ဒီကရီ ချမှတ်ခြင်းနှင့် အမှုတွင် လက်ထက်ပွားပစ္စည်းနှင့် ငွေကြေးတစ်စုံတစ်ရာ ကျန်ရစ်ခြင်း မရှိသည့်အချက်တို့ကို အယူခံအကြောင်းပြချက်များအဖြစ် အခိက တင်ပြသည်။

အယူခံတရားလိုရှေ့နေက အမှုတွင် လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်း တစ်စုံတစ်ရာ ကျန်ရစ်ကြောင်းကိုလည်းကောင်း၊ လက်ထက်ပွား ငွေကြေးကျန်ရစ်ကြောင်းကိုလည်းကောင်း အယူခံတရားပြိုင်က သက်သေထင်ရှားမပြနိုင်သဖြင့် အယူခံတရားလိုဘက်က ခုခံချေပသကဲ့သို့ အမှုတွင် လက်ထက်ပွားပစ္စည်း ငွေကြေးမကျန်ရစ်သည်မှာ ထင်ရှားပါကြောင်း အခိကလျှောက်လဲသည်။

အယူခံတရားပြိုင်ရှေ့နေက အမှုတွင် လက်ထက်ပွားပစ္စည်းရှိကြောင်း ပဏာမ ဒီကရီအရ ထင်ရှားပါကြောင်း၊ ယင်းဒီကရီကို အယူခံတရားလိုက အယူခံဝင်ရောက်ခဲ့ခြင်း မရှိသဖြင့် အတည်ဖြစ်လျှက်ရှိကြောင်း၊ အပြီးသတ်ဒီကရီချမှတ်ရာတွင်လည်း ကော်မရှင်နာ၏ အစီရင်ခံစာကို အတည်ပြုပြီးနောက် နှစ်ဖက်စလုံးမှ အပြီးသတ်ဒီကရီချမှတ်ပေးရန် တင်ပြချက်အရ မူလတရားရုံးက ဒီကရီချမှတ်ခြင်း ဖြစ်ကြောင်း ဖြေကြားလျှောက်လဲသည်။

မူလတရားရုံးက အယူခံတရားပြိုင် ဒေါ်စန်းစန်းရွှေသည် လက်ထက်ပွားပစ္စည်း၏ ထက်ဝက်ကို ရထိုက်ကြောင်း ၄-၃-၉၁ ရက်နေ့က ပဏာမဒီကရီချမှတ်ခဲ့ရာ ယင်းဒီကရီကို အယူခံတရားလိုက အယူခံဝင်ရောက်ခဲ့ကြောင်း မတွေ့ရသဖြင့် အတည်ဖြစ်လျက်ရှိသည်။ တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၆၊ နည်း ၁၄ (၃)ပါ ပြဋ္ဌာန်းချက်များအရ တရားရုံးသည် ကော်မရှင်နာ၏ အစီရင်ခံစာကို အတည်ပြုလျှင်ဖြစ်စေ၊ ပြောင်းလဲပြင်ဆင်လျှင်ဖြစ်စေ ထိုသို့ အတည်ပြုသည့်အတိုင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်သည့် အစီရင်ခံစာအတိုင်း အပြီးသတ် ဒီကရီကို ချမှတ်ရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည်။ ထို့နောက် အပြီးသတ်ဒီကရီကို ပဏာမ ဒီကရီပါ ညွှန်ကြားချက်များအပေါ် အခြေခံ၍ ရေးဆွဲရသည်။

ကော်မရှင်နာက လက်ထက်ပွားပစ္စည်း၏ တန်ဖိုးမှာ ကျပ် ၃၀၀၀၀၀/ ဖြစ်ကြောင်း အစီရင်ခံ တင်ပြချက်ကို မူလတရားရုံးက ၂၅-၁-၉၃ ရက်နေ့က လက်ခံအတည်ပြုခဲ့ပြီးဖြစ်သည်။ ယင်းကြားဖြတ်အမိန့်ကို အယူခံတရားလိုက မကျေနပ်၍ တရားရုံးချုပ် တရားမပြင်ဆင်မှုအမှတ် ၁၁၉/၉၃ တွင် ပြင်ဆင်မှု တင်သွင်းထားကြောင်း အယူခံအကြောင်းပြချက်

၁၉၉၃
ဦးဇော်လင်း (၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်မြင့်မြင့်) နှင့် ဒေါ်စန်းစန်းရွှေ

တွင် ဖော်ပြထားသည်ကို တွေ့ရသည်။ အယူခံတရားလိုအနေဖြင့် အဆိုပါ အမိန့်သည် မှားယွင်းကြောင်း သို့မဟုတ် နည်းလမ်းမကျကြောင်းကို တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၅ အရ အယူခံအကြောင်းပြချက်အဖြစ် ဖော်ပြ၍ အယူခံဝင်နိုင်ပေသည်။ သို့ရာတွင် အယူခံတရားလိုက ထိုသို့ အယူခံအကြောင်းပြချက်အဖြစ် ဖော်ပြခဲ့ခြင်း မရှိချေ။ သို့ဖြစ်၍ မူလ တရားရုံးက လက်ထက်ပွားပစ္စည်း၏ ထက်ဝက်တန်ဖိုးဖြစ်သော ကျပ် ၁၅၀၀၀၀/–ကို အယူခံတရားပြိုင်က အယူခံတရားလိုထံမှ ရခွင့်ရှိကြောင်း အပြီးသတ် ဒီကရီချမှတ်ခြင်းမှာ ဥပဒေနှင့် မညီဟု မဆိုနိုင်ပေ။

အယူခံတရားလိုက အမှုတွင် လက်ထက်ပွားပစ္စည်းနှင့် ငွေကြေး တစ်စုံတစ်ရာ မကျန်ရစ်ခဲ့သဖြင့် မူလတရားရုံး၏ ဒီကရီမှာ မှားယွင်းကြောင်း အဓိကတင်ပြထားသည်။ လက်ထက်ပွားပစ္စည်း မကျန်ရစ်ခဲ့လျှင် ပစ္စည်း ခွဲဝေသည့် ပဏာမဒီကရီကို ချမှတ်ရန်အကြောင်း မရှိနိုင်ပေ။ သို့ဖြစ်၍ ခွဲဝေရန် လက်ထက်ပွားပစ္စည်း မရှိဘဲလျက် ပစ္စည်းခွဲဝေရန် ဒီကရီချမှတ် ခြင်းမှာ မှားယွင်းကြောင်း အယူခံတရားလိုက တင်ပြခြင်းမှာ ပဏာမ ဒီကရီသည် မမှန်ကန်ကြောင်း တင်ပြခြင်းသာ ဖြစ်သည်ဟု ဆိုရပေမည်။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၉၇ အရ ပဏာမဒီကရီကြောင့် နစ်နာသူ အမှုသည် တစ်ဦးဦးသည် ထိုဒီကရီကို အယူခံမဝင်ခဲ့လျှင် အပြီးသတ် ဒီကရီကို အယူခံဝင်ရာ၌ ပဏာမဒီကရီသည် မမှန်ကန်ကြောင်း တင်ပြခွင့် မရှိဟု အတိအလင်း ပိတ်ပင်ထားသည်။ သို့ဖြစ်၍ အယူခံတရားလို၏ တင်ပြချက်ကို လက်မခံနိုင်ပေ။

ဖော်ပြပါအကြောင်းများကြောင့် ၁၇–၃–၉၃ ရက်စွဲပါ မူလတရားရုံး ၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြု၍ ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၅၀/–သတ်မှတ်သည်။

## တရားမအထွေထွေလျှောက်လွှာ

## တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်းရွှေ့တွင်

ဒေါ်ညိုညို ပါ-၃

နှင့်

ဒေါ်အုန်းတင်*

+ ၁၉၉၃
နွန်လ
၁၁ ရက်

**အမွေပုံပစ္စည်းကို စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းသည် တရားလို ရသင့်သည့် အစုအားလုံးကို တောင်းခံခြင်းဖြစ်၍ ယင်းအမှု ပလပ်ခံရသည့်အခါ လက်ရောက်ရလိုမှု နောက်ထပ်စွဲဆိုခြင်းကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၂ က ပိတ်ပင်မှု မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၅၉၈/၈၉ (အရမ)တွင် ဦးကံထူးက အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ၌ ၎င်းနှင့် တရားပြိုင် ဒေါ်ညိုညို၊ ဒေါ်လှမြိုင်တို့သည် ကွယ်လွန်သူ ဦးစံမြနှင့် ဒေါ်သိန်းခင်တို့၏ ကိတ္တိမသားသမီးများဖြစ်ကြောင်း ဖော်ပြပြီး တရားရုံးမှ အမွေပုံကို စီမံခန့်ခွဲပေးရန် အဆိုပြုခဲ့သည်။ ဦးကံထူးသည် ၎င်းရထိုက်ခွင့်ရှိသည့် အမွေဝေစုအားလုံးကို စီမံခန့်ခွဲပေးရန် တောင်းခံခြင်း ဖြစ်သည်။ ၎င်း၏ ဝေစုထဲမှ ၃ ပုံ ၂ ပုံကို ချန်လှပ်၍ တရားစွဲဆိုခြင်း မဟုတ်ချေ။ ထို့ကြောင့် ဦးကံထူး၏ ဇနီးဖြစ်သူ ဒေါ်အုန်းတင် စွဲဆိုသည့် အမှုတွင် တရားရုံး၏ ခွင့်ပြုချက် မရဘဲ ချန်လှပ်ခဲ့သည့် အချင်းဖြစ်ပစ္စည်း၏ ၃ ပုံ ၂ ပုံကို ထပ်မံစွဲဆိုခွင့် ရှိမရှိ ပြဿနာ ပေါ်ပေါက်ခြင်း မရှိပေ။

**မဖွားရှင်နှင့် ဦးဘိုးဆယ်အမှု** (အေအိုင်အာရ် ၁၉၃၇ ရန်ကုန်၊ စာ ၃၂၄)သည် ယခုအမှုနှင့် ဖြစ်ရပ်ချင်း မတူညီပေ။ မဖွားရှင်က ပထမ အမှုတွင် ပစ္စည်းတစ်ရပ်လုံးကို တောင်းဆိုရမည့်အစား ဦးဘိုးဆယ်ထံမှ အမွေပစ္စည်း တစ်ဝက်ခွဲဝေပေးရန် တရားစွဲဆိုခြင်းသည် ကျန်ပစ္စည်း တစ်ဝက်ကို ချန်လှပ်ရာရောက်ကြောင်း ထင်ရှားသည်။ ဦးကံထူးက

---

* ၁၉၉၂ ခုနှစ် တရားမ အထွေထွေလျှောက်လွှာအမှတ် ၄၁

\+ ၁၉၉၁ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၂၁၃တွင် ချမှတ်သော (၁-၉-၉၂) ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏အမိန့်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားမှု

၁၉၉၃
ဒေါ်ညိုညို
ပါ-၃
နှင့်
ဒေါ်အုန်းတင်

ဒေါ်ညိုညိုတို့အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းသည် ၎င်းရသင့်သည့် အစုအားလုံးကို တောင်းခံခြင်းဖြစ်၍ ၎င်း၏ ဝေစုအချို့ကို ချန်လှပ်ထားခြင်း မရှိပေ။ သို့ဖြစ်၍ ဒေါ်အုန်းတင်က ဒေါ်ညိုညိုတို့အပေါ် လက်ရောက်ရလိုမှု စွဲဆိုခြင်းကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၂ က ပိတ်ပင်မှု မရှိပေ။

လျှောက်ထားသူများအတွက် - ဦးလွန်းမောင်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဦးအုန်းမောင်၊ တရားရုံးချုပ်ရှေ့နေ

မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၂၅၀/၉၁ (အရမ)တွင် တရားလို ဒေါ်အုန်းတင်က တရားပြိုင် ဒေါ်ညိုညို၊ ဦးစန်းအောင်နှင့် ကိုစိုးမိုးအောင်တို့အပေါ် မန္တလေးအရှေ့မြောက်မြို့နယ်၊ စိတ္တရမဟီရပ်၊ အကွက်အမှတ် ၇၂၁၊ ဦးပိုင်အမှတ် ၄၁ (က) ဘိုးဘပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံတို့ကို လက်ရောက်ရလိုမှု စွဲဆိုသည်။

တရားလို၏ အဆိုလွှာအရ အချင်းဖြစ်မြေနှင့် အဆောက်အအုံမှာ ကွယ်လွန်သူ ဗုဒ္ဓဘာသာ ကိုးကွယ်သည့် ဦးစံမြနှင့် ဒေါ်သိန်းခင်တို့ ပိုင်ဆိုင်ကြပြီး တရားလို၏ ခင်ပွန်း ဦးကံထူးအား ဦးစံမြတို့က ကိတ္တိမ သားအဖြစ် မွေးစားခဲ့ကြောင်း၊ ဦးစံမြ-ဒေါ်သိန်းခင်တို့ ကွယ်လွန်သည့် အခါ ကိတ္တိမသား ဦးကံထူးက အချင်းဖြစ်မြေနှင့် အဆောက်အအုံကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ဦးကံထူးမှာ ၈-၁၂-၉၀ နေ့က ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ တရားလို ဒေါ်အုန်းတင်က မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြောင်း အဆိုပြုတင်ပြခဲ့သည်။

ဤအမှုမတိုင်မီက မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ်-၅၉၈/၈၉ (အရမ)တွင် ဦးကံထူး (ဒေါ်အုန်းတင်၏ ခင်ပွန်း)က တရားလိုပြု၍ ဒေါ်ညိုညိုနှင့် ဒေါ်လှမြိုင်တို့အပေါ် အချင်းဖြစ်မြေနှင့် အဆောက်အအုံများနှင့် စပ်လျဉ်းပြီး အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့ဖူးသည်။ အဆိုပါအမှုတွင် ဦးကံထူး ရှုံးနိမ့်ခဲ့ရာ ထိုအမှုတွင် အချင်းဖြစ်ပစ္စည်း၏ ၃ ပုံ ၂ ပုံကို တရားရုံး၏ ခွင့်ပြုချက်ဖြင့် ချန်လှပ်ခဲ့ခြင်း မဟုတ်သည့် အတွက် ယင်းပစ္စည်းများအပေါ် ယခုကဲ့သို့ အမှုထပ်မံ စွဲဆိုခွင့် မရှိကြောင်း ဖြင့် ဒေါ်ညိုညို၊ ဦးစန်းအောင်နှင့် ကိုစိုးမိုးအောင်တို့က ချေလွှာတင်၍ ခုခံခဲ့ကြသည်။

အဆိုအချေများအရ မူလရုံးက အချင်းဖြစ်ပစ္စည်းနှင့် စပ်လျဉ်းပြီး အမှုထပ်မံစွဲဆိုခွင့် ရှိမရှိနှင့် သက်ဆိုင်သော ပဏာမ ငြင်းချက် (၁)ရပ်

၁၉၉၃
ဒေါ်ညိုညို
ပါ-၃
နှင့်
ဒေါ်အုန်းတင်

အပါအဝင် ငြင်းချက် (၄)ရပ် ထုတ်နုတ်၍ ပဏာမငြင်းချက်ကို ဦးစွာ ကြားနာကာ တရားလိုဘက်သို့ အသာပေးဆုံးဖြတ်လိုက်သည့်အတွက် တရားပြိုင် ဒေါ်ညိုညိုတို့က မကျေနပ်၍ တရားရုံးချုပ် တရားမပြင်ဆင်မှုအမှတ် ၂၁၃/၉၁ကို တင်သွင်းခဲ့သည်။ တရားရုံးချုပ်က တရားလိုသည် အမှုထပ်မံ စွဲဆိုခွင့် ရှိသဖြင့် မူလတိုင်းတရားရုံး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းခြင်း မရှိကြောင်း ကောက်ယူသုံးသပ်၍ ပြင်ဆင်မှုကို ပလပ်ခဲ့သဖြင့် ဒေါ်ညိုညိုတို့က တရားရုံးချုပ်၏ အမိန့်ကို ပြန်လည်သုံးသပ်ပေးရန် ဤအထွေထွေလျှောက်လွှာကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

မူလရုံးက ထုတ်နုတ်၍ အဆုံးအဖြတ်ပြုခဲ့သော ပဏာမငြင်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

"မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၅၉၈/၈၉ (အရမ)တွင် အချင်းဖြစ် ဥပစာ၏ ၃ ပုံ ၁ ပုံအတွက် စွဲဆိုရာ၌ ရှုံးနိမ့်ပြီးဖြစ်သောကြောင့် ဥပစာ၏ ကျန် ၃ ပုံ ၂ ပုံအတွက် တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ ချန်လှပ်စွဲဆိုခဲ့သောကြောင့် ဤအမှုကို တရားလိုက ထပ်မံစွဲဆိုခွင့်မရှိဟု ဆိုခြင်းမှန်သလား"

မူလရုံးက ယခင် ဦးကံထူး စွဲဆိုခဲ့သော မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၅၉၈/၈၉ (အရမ)သည် ဒေါ်ညိုညိုနှင့် ဒေါ်လှမြိုင်တို့ကို ကွယ်လွန်သူ ဦးစံမြ-ဒေါ်သိန်းခင်တို့၏ ကိတ္တိမသမီးများဟု အဆိုပြု၍ အမွေပုံပစ္စည်း စီမံခန့်ခွဲပေးရန် စွဲဆိုခြင်းဖြစ်ရာ ထိုအမှုပုံစံ အရ ဦးကံထူး အနေဖြင့် အမွေပစ္စည်း ၃ ပုံ ၁ပုံထက်ပို၍ ရခွင့်မရှိ ကြောင်း၊ ထိုသို့ ရခွင့်မရှိသည့်အတွက် ဦးကံထူးအနေဖြင့် တရားစွဲဆို ရာတွင် ပစ္စည်း ၃ ပုံ ၂ ပုံ ချန်လှပ်ထားခဲ့သည်ဟု ဆိုနိုင်မည် မဟုတ်ကြောင်း၊ ထို့ပြင် အဆိုပါ အမှုတွင် ဦးကံထူးအား ဦးစံမြ-ဒေါ်သိန်းခင် တို့၏ ကိတ္တိမ မွေးစားသား မဟုတ်ဟုလည်း ဆုံးဖြတ်ခဲ့ခြင်း မရှိသေးသဖြင့် မီးသေဆုံးဖြတ်ချက် မဟုတ်ကြောင်း ကောက်ယူသုံးသပ်၍ ပဏာမ ငြင်းချက်ကို တရားလိုဘက်သို့ အသာပေးဖြေဆို ဆုံးဖြတ်ခဲ့သည်။

တရားရုံးချုပ်က ယခင် ဦးကံထူးစွဲဆိုသော အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုတွင် ဒေါ်ညိုညိုနှင့် ဒေါ်လှမြိုင်တို့ကို ဦးစံမြ-ဒေါ်သိန်းခင်တို့၏ ကိတ္တိမမွေးစားသမီးများအဖြစ် အဆိုပြု၍ စွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအမှုတွင် ဦးကံထူးက ပစ္စည်းလက်ရှိဖြစ်သူ ဒေါ်ညိုညိုအား ဦးစံမြ-ဒေါ်သိန်းခင် တို့၏ ကိတ္တိမမွေးစားသမီး မဟုတ်ပါဟု အဆိုပြုထိုးနှက်ပြီး ပစ္စည်း

၁၉၉၃
ဒေါ်ညိုညို
ပါ-၃
နှင့်
ဒေါ်အုန်းတင်

လက်ရောက်ရထိုက်ကြောင်း ယှဉ်တွဲတောင်းဆိုနိုင်ခွင့် မရှိသဖြင့် မီးသေဆုံးဖြတ်ချက် မဟုတ်ကြောင်း၊ ထို့ကြောင့် အမှုထပ်မံ စွဲဆိုခွင့် ရှိသည်ဟု မန္တလေးတိုင်း တရားရုံးက ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းမှု မရှိကြောင်း ကောက်ယူသုံးသပ်၍ ပြင်ဆင်မှုကို ပလပ်ခဲ့သည်။

လျှောက်ထားသူတို့၏ ရှေ့နေက ဒေါ်ညိုညိုတို့အပေါ် ပထမအမှုတွင် ချန်လှပ်စွဲဆိုခဲ့သည့် ပစ္စည်း ၃ ပုံ ၂ ပုံကို နောက်အမှုတွင် ထည့်သွင်းမစွဲဆိုနိုင်ဟု လျှောက်ထားသူတို့၏ ချေပချက် မှန်မမှန်ကို ပြင်ဆင်မှုရုံးက သုံးသပ်ရန် ပျက်ကွက်ခဲ့ကြောင်း၊ ပြင်ဆင်မှုတွင် ဥပဒေပြဿနာနှစ်ရပ် တင်ပြခဲ့သည့်အနက် ပထမနှင့် အဓိကအချက်ဖြစ်သော "တရားမမှုတိုင်းတွင် တရားလိုသည် မိမိရထိုက်ခွင့် ရှိသမျှကို ထည့်သွင်းပါဝင်စေရမည်၊ ချန်လှပ်ခဲ့သော အစိတ်အပိုင်းနှင့် စပ်လျဉ်း၍ နောက်ထပ်စွဲဆိုခြင်းမပြုရ" ဟူသော အချက်ကို ရုံးတော်က အဆုံးအဖြတ် မပြုကြောင်းနှင့် ပထမစွဲဆိုသော အမှုတွင် ဒေါ်ညိုညိုနှင့် တစ်ဦးအပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးရန် စွဲဆိုရာ၌ တရားလိုက ချန်လှပ်စွန့်လွှတ်ခဲ့သော တရားပြိုင်နှစ်ဦးနှင့် စပ်လျဉ်းသည့် အစိတ်အပိုင်းကို လက်ရောက်ရလိုမှု စွဲဆိုခွင့်မရှိကြောင်း ပြင်ဆင်မှုရုံးက မဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းကြောင်း တင်ပြလျှောက်ထားသည်။

လျှောက်ထားသူတို့၏ ရှေ့နေက အဓိကတင်ပြနေသည့် ပြဿနာမှာ မူလရုံးတရားလို၏ ခင်ပွန်း ဦးကံထူးက ပထမ စွဲဆိုခဲ့သည့် မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၅၉၈/၈၉ (အရမ)တွင် အချင်းဖြစ်ပစ္စည်း၏ ၃ ပုံ ၂ပုံ ကို ချန်လှပ်စွန့်လွှတ်၍ စွဲဆိုခဲ့ပြီးဖြစ်ခြင်းကြောင့် ကွယ်လွန်သူ ဦးကံထူး၏ ဇနီး ဒေါ်အုန်းတင်က ထပ်မံစွဲဆိုသည့် မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၂၅၀/၉၁ (အရမ)ကို ထပ်မံစွဲဆိုခွင့် မရှိဟူသော အချက်ဖြစ်သည်။ ထိုအချက်ကို မူလတိုင်းတရားရုံးက ပဏာမငြင်းချက်အဖြစ် ကြားနာ၍ အမှုထပ်မံ စွဲဆိုခွင့် ရှိကြောင်း အဆုံးအဖြတ်ပြုခဲ့ပြီး ဖြစ်သကဲ့သို့ တရားရုံးချုပ် တရားမပြင်ဆင်မှု အမှတ် ၂၁၃/၉၁ တွင်လည်း တိုင်းတရားရုံး၏ ဆုံးဖြတ်ချက် မှားယွင်းခြင်း မရှိကြောင်း အဆုံးအဖြတ် ပြုခဲ့ပြီးဖြစ်သည်။ သို့သော် တရားရုံးချုပ်၏ စီရင်ချက်၌ တရားပြိုင်တို့၏ ချေလွှာအရ ဦးကံထူး ပထမစွဲဆိုစဉ်က ချန်လှပ်စွန့်လွှတ်ခဲ့သည်ဟု အဆိုရှိသော အချင်းဖြစ်ပစ္စည်း၏ ၃ ပုံ ၂ ပုံကိစ္စကို တိတိကျကျဖော်ညွှန်းထားခြင်း မရှိ၍ လျှောက်ထားသူတို့က အထက်ပါအကြောင်းပြချက်များကို တင်ပြနေခြင်းဖြစ်သည်။

၁၉၉၃
ဒေါ်ညိုညို
ပါ-၃
နှင့်
ဒေါ်အုန်းတင်

လျှောက်ထားသူတို့၏ရှေ့နေက **မဖွားရှင်နှင့် ဦးဘိုးဆယ်** အမှု[၁] သည် ဤအမှု ဖြစ်ရပ်နှင့် ဆင်တူကြောင်း၊ မဖွားရှင်က အဘိုး၏အမွေကိုရရှိရန်အတွက် ကွယ်လွန်သူ အဒေါ်၏ယောကျာ်း ဦးဘိုးဆယ်ကို အမွေဆိုင်ဟု ယူဆပြီး အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုကြောင်း၊ တရားရုံးက ဦးဘိုးဆယ်မှာ အမွေဆိုင်မဟုတ်၍ မဖွားရှင်၏ အမှုကို ပလပ်သည့်အခါ မဖွားရှင်က လက်ရောက်ရလိုမှုစွဲဆိုကြောင်း၊ ထိုအခါ တရားလွှတ်တော်က မဖွားရှင်သည် ယခင်စွန့်လွှတ်သော တစ်ဝက်လက်ရောက်ရခွင့်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၂ က ပိတ်ပင်သည်ဟု ဆုံးဖြတ်၍ မဖွားရှင်၏ အမှုကို ပလပ်ခဲ့ကြောင်း၊ ထို့အတူ ယခု ဒေါ်အုန်းတင်၏ အမှုကိုလည်း ပလပ်ရန်ဖြစ်ကြောင်း တင်ပြသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက ယခင်ဦးကံထူးစွဲဆိုသည့် အမှုနှင့် ယခု ဒေါ်အုန်းတင်စွဲဆိုသည့် အမှုတို့သည် ခြားနားကြောင်း၊ အမွေစီမံခန့်ခွဲပေးစေလိုမှုတွင် တောင်းဆိုသည့် အစုအချိုးအတိုင်း မပေးဘဲ ရသင့်သည့် ဝေစုကိုသာပေးကြောင်း၊ ယင်းအမှုမျိုးတွင် စွန့်လွှတ်ခြင်း မရှိကြောင်း လျှောက်ထားတင်ပြသည်။

မဖွားရှင်နှင့် ဦးဘိုးဆယ်အမှုတွင် အဘိုး၏ အမွေတစ်ရပ်လုံးကို ဆက်ခံခွင့်ရှိသူမြေးမဖွားရှင်က အမွေဆက်ခံခွင့် မရှိသူ ဦးဘိုးဆယ်အပေါ် အမွေပစ္စည်း တစ်ဝက်ခွဲဝေပေးစေလိုမှုစွဲဆိုခြင်းဖြစ်သည်။ ပစ္စည်း၏တစ်စိတ်တစ်ဒေသကိုသာ ခွဲဝေပေးစေရန် စွဲဆိုခွင့် မရှိ၍ အမှုပလပ်ခံရသည့်အခါ မဖွားရှင်က အမွေပစ္စည်းအားလုံး လက်ရောက်ရလိုမှု ထပ်မံစွဲဆိုသည်။ တရားရုံးက အချင်းဖြစ်ပစ္စည်းများ၏ တစ်ဝက်တောင်းဆိုခြင်းကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ နှင့် အမိန့် ၂၃၊ နည်း ၁ တို့အရ လည်းကောင်း၊ ကျန်တစ်ဝက်တောင်းဆိုခြင်းကို အမိန့် ၂၊ နည်း ၂ က လည်းကောင်း ပိတ်ပင်ထားသည်ဟု သုံးသပ်ပြီး မဖွားရှင် စွဲဆိုခဲ့သည့် နောက်အမှုကိုလည်း ပလပ်လိုက်သည်။

မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၅၉၈/၈၉ (အရမ)တွင် ဦးကံထူးက အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ၌ ၎င်းနှင့် တရားပြိုင် ဒေါ်ညိုညို၊ ဒေါ်လှမြိုင်တို့သည် ကွယ်လွန်သူ ဦးစံမြနှင့် ဒေါ်သိန်းခင်တို့၏ ကိတ္တိမသားသမီးများ ဖြစ်ကြောင်း ဖော်ပြပြီး တရားရုံးမှ အမွေပုံကို စီမံခန့်ခွဲပေးရန် အဆိုပြုခဲ့သည်။ဦးကံထူးသည် ၎င်းရထိုက်ခွင့်ရှိသည့်

(၁) အေအိုင်အာရ်၊ ၁၉၃၇၊ ရန်ကုန်၊ စာ-၃၂၄

၁၉၉၃
ဒေါ်ညိုညို
ပါ–၃
နှင့်
ဒေါ်အုန်းတင်

အမွေဝေစုအားလုံးကို စီမံခန့်ခွဲပေးရန်တောင်းခံခြင်းဖြစ်သည်။ ၎င်း၏ ဝေစုထဲမှ ၃ ပုံ ၂ ပုံကို ချန်လှပ်၍ တရားစွဲဆိုခြင်း မဟုတ်ချေ။ ထို့ကြောင့် ဦးကံထူး၏ ဇနီးဖြစ်သူ ဒေါ်အုန်းတင်စွဲဆိုသည့် အမှုတွင် တရားရုံး၏ ခွင့်ပြုချက် မရဘဲ ချန်လှပ်ခဲ့သည့် အချင်းဖြစ်ပစ္စည်း၏ ၃ ပုံ ၂ပုံကို ထပ်မံ စွဲဆိုခွင့် ရှိမရှိပြဿနာ ပေါ်ပေါက်ခြင်း မရှိပေ။

**မဖွားရှင်နှင့် ဦးဘိုးဆယ်**အမှု[၁] သည် ယခုအမှုနှင့် ဖြစ်ရပ်ချင်း မတူညီပေ။ မဖွားရှင်က ပထမအမှုတွင် ပစ္စည်းတစ်ရပ်လုံးကို တောင်းဆိုရမည့်အစား ဦးဘိုးဆယ်ထံမှ အမွေပစ္စည်း တစ်ဝက် ခွဲဝေပေးရန် တရားစွဲဆိုခြင်းသည် ကျန်ပစ္စည်းတစ်ဝက်ကို ချန်လှပ်ရာ ရောက်ကြောင်း ထင်ရှားသည်။ ဦးကံထူးက ဒေါ်ညိုညိုတို့အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းသည် ၎င်းရသင့်သည့် အစုအားလုံးကို တောင်းခံခြင်းဖြစ်၍ ၎င်း၏ ဝေစုအချို့ကို ချန်လှပ်ထားခြင်း မရှိပေ။ သို့ဖြစ်၍ ဒေါ်အုန်းတင်က ဒေါ်ညိုညိုတို့အပေါ် လက်ရောက်ရလိုမှု စွဲဆိုခြင်းကို တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၊ နည်း ၂ က ပိတ်ပင်မှု မရှိပေ။

ထို့ကြောင့် ဒေါ်အုန်းတင်သည် လက်ရောက်ရလိုမှုကို ထပ်မံစွဲဆိုခွင့် ရှိသည်ဟု တိုင်းတရားရုံးက ဆုံးဖြတ်သည်မှာ မှားယွင်းခြင်း မရှိကြောင်း ချမှတ်သည့် တရားရုံးချုပ်၏ အမိန့်ကို ပြန်လည်သုံးသပ်ရန် မလိုချေ။

သို့ဖြစ်၍ ဤအထွေထွေလျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ၇၅/–ကျပ် သတ်မှတ်သည်။

---

(၁) အေအိုင်အာရ်၊ ၁၉၃၇၊ ရန်ကုန်၊ စာ–၃၂၄

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင့်နှင့် ဦးသန်းဖေတို့ရှေ့တွင်

+၁၉၉၃ ဩဂုတ်လ ၂၀ ရက်

ဦးတင်ဦးပါ-၂

နှင့်

ဦးကျင်သန်း*

**၁၉၅၀ ပြည့်နှစ်တွင် ပြန်လည်ဆောက်လုပ်သည့် အိမ်ဥပဒေ၏ ပိုင်ရှင်သည် ပုဒ်မ ၁၂ (၁) (စ) ခြွင်းချက်တွင် အကျုံးဝင်သည့် ပိုင်ရှင်မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ယခုအချင်းဖြစ်အိမ်မှာ ၁၉၅၀ ပြည့်နှစ်၌ အသစ်ဆောက်လုပ်သည့်အိမ် ဖြစ်သဖြင့် ၁-၅-၄၅ နေ့ မတိုင်မီက တည်ရှိနေသည့်အိမ်ဖြစ်သည်ဟု မဆိုနိုင်တော့ပေ။ ထို့အပြင် တရားလို ဦးကျင်သန်း၏ အဆိုလွှာ၌ပင်လျှင် အချင်းဖြစ်အိမ်မှာ ၎င်း၏ အမွေရ ပိုင်ဆိုင်သော အိမ်ဖြစ်သည်ဟု တိတိကျကျ ဖော်ပြထားခြင်း မတွေ့ရပေ။ ၁၉၄၂ ခုနှစ်က ၎င်းနှင့် ၎င်း၏ ဇနီးဒေါ်တင်တင်တို့ အိမ်ထောင်ကျသော အချိန်မှစ၍ ထိုအိမ်၌ နေထိုင်ခဲ့သည်ဟုသာ ဖော်ပြထားသည်။ သို့ဖြစ်၍ ဦးကျင်သန်း အမွေရပိုင်ဆိုင်သည့် အိမ်ဖြစ်သည်ဟု မယူဆနိုင်ပေ။ ၁၉၅၀ ပြည့်နှစ်တွင် ပြန်လည်ဆောက်လုပ်သည့် အချင်းဖြစ်အိမ် ဥပဒေ၏ ပိုင်ရှင်တရားလို ဦးကျင်သန်းသည် ပုဒ်မ ၁၂ (၁) (စ) ခြွင်းချက်၌ အကျုံးဝင်သည့် ပိုင်ရှင်မဟုတ်ဟု ယခုကြားနာသည့် ပြဿနာအား ဖြေဆိုလိုက်သည်။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဒေါ်ခင်လှဝင်း၊ (အယူခံတရားလိုများ၏ ကိုယ်စား ၎င်းတို့၏ ကိုယ်စားလှယ်စာရရှိသူ) (ကိုယ်တိုင်) |
| အယူခံတရားပြိုင်အတွက် | - | ဦးတင်လှိုင်၊ တရားရုံးချုပ်ရှေ့နေ |

* ၁၉၉၂ ခုနှစ် တရားမ အထူးအယူခံမှုအမှတ် ၄၆

\+ ၁၉၉၀ပြည့်နှစ် တရားမပထမအယူခံမှုအမှတ် ၇၂၉တွင်ချမှတ်သော(၂၆-၈-၉၁) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံလျှောက်ထားမှု

၁၉၉၃
ဦးတင်ဦး
ပါ-၂
နှင့်
ဦးကျင်သန်း

ရန်ကုန်တိုင်း တရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှု အမှတ် ၁၂၅ (ယခင်တာမွေမြို့နယ် တရားရုံး တရားမကြီးမှု အမှတ် ၂၄/၈၉)တွင် တရားလို ဦးကျင်သန်းက တရားပြိုင် ဦးတင်ဦးနှင့် ဦးအောင်မြင့်တို့ အပေါ်၌ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်မြောင်း လမ်း၊ အမှတ် ၈၈ နေအိမ် ဥပစာမှ ဖယ်ရှားပေးရန် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) နှင့် (စ) တို့အရ စွဲဆိုရာ အဆိုလွှာအား ပလပ်ခြင်း ခံရသည်။ ဦးကျင်သန်းက တရားရုံးချုပ်သို့ ၁၉၉၀ ပြည့်နှစ် တရားမ ပထမ အယူခံမှုအမှတ် ၇၂၉ အရ အယူခံဝင်ရောက်သောအခါ အယူခံကို ခွင့်ပြု၍ တိုင်းတရားရုံး၏ ဒီကရီကို ပယ်ဖျက်ပြီး မူလရုံးတရားလို ဦးကျင်သန်း စွဲဆိုသည့်အတိုင်း ပုဒ်မ ၁၂ (၁)(ဂ)နှင့် (စ)တို့အရ အနိုင်ဒီကရီ ချမှတ်ပေးသည်။ တရားရုံး ချုပ်၏ စီရင်ချက်တွင် အိမ်ရှင်၌သား မောင်ဇော်ဝင်းလည်း အိမ်ထောင် ကျလာခြင်းကြောင့် နေထိုင်မှုကျပ်တည်းမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သဘော ရိုးဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ပြန်လည်ရယူလိုသည်ဟု တင်ပြတောင်း ခံခြင်းကို ခွင့်ပြုသင့်ကြောင်း၊ အိမ်ငှား၏သားများက အချိန်မတော် ဂီတာ တီး၍ အိမ်ရှင်၏ သမီးများကို စောင်းချိတ်သီချင်းဆိုခြင်းမှာလည်း အိမ် ရှင်ကိုသာမက အနီးဝန်းကျင်ကို စိတ်ပြိုင်ငြင်စေသည်ဟု ယူဆနိုင်ကြောင်း သုံးသပ်လျက် အိမ်ရှင်အား ပုဒ်မ ၁၂ (၁) (ဂ) နှင့် (စ)တို့ဖြင့် အနိုင် ဒီကရီချမှတ်ပေးကြောင်း တွေ့ရှိရသည်။ တရားရုံးချုပ် ပထမအယူခံ၌ ချမှတ်သည့် စီရင်ချက်အမိန့်အပေါ်၌ အိမ်ငှားများ ဖြစ်ကြသော မူလရုံး တရားပြိုင် ဦးတင်ဦးနှင့် ဦးအောင်မြင့်တို့က မကျေနပ်၍ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသောအခါ အောက်ပါပြဿနာအား စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်နိုင်ရန် အလို့ငှာ အထူးအယူခံဝင်ခွင့်ပြုခဲ့သောကြောင့် ဤအထူးအယူခံမှု ပေါ်ပေါက်လာ ခြင်းဖြစ်သည်-

**စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် ပြဿနာ**

"၁၉၅၀ ပြည့်နှစ်တွင် ပြန်လည်ဆောက်လုပ်သည့် အိမ်ဥပစာ ပိုင်ရှင် သည် ပုဒ်မ ၁၂ (၁) (စ) ခြွင်းချက်တွင် အကျုံးဝင်သည့် ပိုင်ရှင် ဟုတ် မဟုတ်"ဟူ၍ ဖြစ်သည်။

အချင်းဖြစ်အိမ်နှင့် ပတ်သက်၍ တရားလိုအား တရားပြိုင်၏ ရှေ့နေက ပြန်လှန်မေးခွန်း မေးသောအခါ ယခင်အိမ်မှာ ဓနိမိုးထရံကာ ဖြစ်ကြောင်း၊

၁၉၉၃
ဦးတင်ဦး
ပါ-၂
နှင့်
ဦးကျင်သန်း

အချင်းဖြစ်အိမ်ကို ၁၉၅၀ ပြည့်နှစ်၌ နဂိုအိမ်ဟောင်းကို ဖျက်ပြီး ပြန်ဆောက်ခြင်းဖြစ်ကြောင်း တိတိကျကျ ထွက်ဆိုအစစ်ခံထားကြောင်း ပေါ်ပေါက်သည်။ နဂိုအိမ်ဟောင်းကို ဖျက်ပြီး အိမ်သစ်ပြန်ဆောက်သည်ဟု ထွက်ဆိုထားသဖြင့် အိမ်ဟောင်းကို အနည်းအကျဉ်းပြင်ဆင်သည့် သဘောမဟုတ်ပေ။ ၁၉၅၀ ပြည့်နှစ်၌ အိမ်သစ်ဆောက်လုပ်ခြင်း ဖြစ်ပေသည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) ၏ ခြွင်းချက်တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"ပိုင်ရှင်ဆိုသည့် စကားရပ်တွင် ၁၉၄၅ ခုနှစ် မေလ ၁ ရက်နေ့၌ ဆိုခဲ့သည့် ဥပစာပိုင်ရှင်ဖြစ်သူ သို့တည်းမဟုတ် ထိုနေ့ရက်နောက်မှ အမွေဆက်ခံခြင်းဖြင့် ထိုဥပစာပိုင်ရှင်ဖြစ်လာသူမှတပါး အခြားမည်သူမျှ မပါဝင်စေရ" ဟု ပြဋ္ဌာန်းထားသည်။

ယခုအချင်းဖြစ်အိမ်မှာ ၁၉၅၀ ပြည့်နှစ်၌ အသစ်ဆောက်လုပ်သည့် အိမ်ဖြစ်သဖြင့် ၁-၅-၄၅ နေ့ မတိုင်မီက တည်ရှိနေသည့်အိမ်ဖြစ်သည်ဟု မဆိုနိုင်တော့ပေ။ ထို့အပြင် တရားလို ဦးကျင်သန်း၏ အဆိုလွှာ၌ပင်လျှင် အချင်းဖြစ်အိမ်မှာ ၎င်း၏ အမွေရပိုင်ဆိုင်သော အိမ်ဖြစ်သည်ဟု တိတိကျကျ ဖော်ပြထားခြင်း မတွေ့ရပေ။ ၁၉၄၂ ခုနှစ်က ၎င်းနှင့် ၎င်း၏ ဇနီး ဒေါ်တင်တင်တို့အိမ်ထောင်ကျသော အချိန်မှစ၍ ထိုအိမ်၌ နေထိုင်ခဲ့သည်ဟုသာ ဖော်ပြထားသည်။ သို့ဖြစ်၍ ဦးကျင်သန်း အမွေရပိုင်ဆိုင်သည့်အိမ်ဖြစ် သည်ဟု မယူဆနိုင်ပေ။ ၁၉၅၀ ပြည့်နှစ်တွင် ပြန်လည်ဆောက်လုပ်သည့် အချင်းဖြစ်အိမ်ဥပစာ၏ ပိုင်ရှင်တရားလို ဦးကျင်သန်းသည် ပုဒ်မ ၁၂ (၁) (စ)ခြွင်းချက်၌ အကျုံးဝင်သည့်ပိုင်ရှင်မဟုတ်ဟု ယခုကြားနာသည့် ပြဿနာအား ဖြေဆိုလိုက်သည်။ယခုအထူးအယူခံအား စရိတ်နှင့်တကွ ခွင့်ပြုပြီး တရားရုံးချုပ်၏ တရားမပထမအယူခံမှုအမှတ် ၇၂၉/၉၀ တွင် ချမှတ်ထားသော မူလရုံးတရားလို ဦးကျင်သန်းအား ပုဒ်မ ၁၂ (၁) (ဂ) နှင့် (စ)တို့အရ အနိုင်ဒီကရီပေးထားသည့် အမိန့်တွင် ပုဒ်မ ၁၂ (၁) (ဂ) ကို အတည်ပြု၍ ပုဒ်မ ၁၂ (၁) (စ) အား ပယ်ဖျက်လိုက်သည်။

ဤအမှုအတွက် ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင့် နှင့် ဦးသန်းဖေတို့ရှေ့တွင်

+၁၉၉၃ ပြီလ ၂ ရက်

ဒေါ်နှင်းမြ
နှင့်
ဦးလှပါ-၄*

**သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုသည့်အမှုတွင် လက်ရှိဖြစ်နေရာမှ တရားဥပဒေလမ်းကြောင်းအတိုင်း မဟုတ်ဘဲ လက်မဲ့ဖြစ်သွားရသည်ဆိုသည့် အချက်ကို တရားလိုဘက်မှ ခိုင်မာထင်ရှားစွာ သက်သေပြရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ယခုအမှုမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုသည့် အမှုဖြစ်သည်။ ထို့ကြောင့် ယခုအမှု၌ တရားလို ဦးလှပါ-၄ဦးတို့က ၎င်းတို့လက်ရှိဖြစ်သော အချင်းဖြစ်မြေကွက်ပေါ်မှ တရားဥပဒေလမ်းကြောင်းအတိုင်း မဟုတ်ဘဲ ၎င်းတို့၏ သဘောဆန္ဒနှင့် ဆန့်ကျင်လျက် ဖယ်ရှားခြင်းခံရပြီး လက်လွတ်ဆုံးရှုံးခဲ့ရသည်ဆိုသော အချက်ကို ခိုင်မာထင်ရှားစွာ သက်သေပြသနိုင်ရမည်။ ယင်းကဲ့သို့ ပြသနိုင်ပါမှ ဦးလှတို့ စွဲဆိုသည့် အမှုမှာ အောင်မြင်ရန် အကြောင်းရှိပေလိမ့်မည်။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုသော အမှု ဖြစ်သဖြင့် အချင်းဖြစ်မြေကွက်၏ပိုင်ဆိုင်မှုနှင့် ပတ်သက်၍မူကား သက်သေပြသရန် မလိုအပ်ပေ။

အယူခံတရားလိုအတွက် - ဦးလှကို၊ တရားရုံးချုပရှေ့နေ
အယူခံတရားပြိုင်များအတွက် - ဦးထွန်းကြည်၊ တရားရုံးချုပ်ရှေ့နေ
မန္တလေးတိုင်း တရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှု အမှတ် ၇၄၅

* ၁၉၉၂ ခုနှစ် တရားမ အထူးအယူခံမှုအမှတ် ၂၆
\+ ၁၉၉၀ပြည့်နှစ်တရားမပြင်ဆင်မှုအမှတ် ၂၈၀တွင် ချမှတ်သော (၁၁-၄-၉၁)ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

(အရှေ့မြောက်)တွင် ဦးလှ၊ ၎င်း၏ ဇနီး ဒေါ်မြညွန့်၊ တူမများဖြစ်ကြသော မတင်သောင်းနှင့် မဆိုးတို့ ၄ ဦးက တရားလိုပြုလုပ်၍ တရားပြိုင် ဒေါ်နှင်းမြအပေါ်၌ မန္တလေးအရှေ့မြောက်မြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်၊ အကွက်အမှတ် ၈၂၈၊ ဦးပိုင်အမှတ် ၄/၅ မြေကွက်ပေါ်၌ တည်ရှိပြီး တရားလို လက်ရှိဖြစ်သော ရှေ့ပိုင်း ၂၄ ပေ၊ နောက်ပိုင်း ၂၁ ပေ၊ အလျား ၉၆ ပေ၊ မြေကွက်အား တရားပြိုင် ဒေါ်နှင်းမြက ၉–၉–၈၉ နေ့တွင် လူအင်အားဖြင့် ဝင်ရောက်ခြံကာလိုက်ခြင်းကြောင့် တရားလိုများအနေဖြင့် ထိုမြေကွက်ကို မတရားလက်မဲ့ဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် ထိုမြေကွက်အား တရားလိုများသို့ လက်ရောက်ပြန်လည်ပေးအပ်ပါမည့် အကြောင်း သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုသည်။ မန္တလေးတိုင်းတရားရုံးက အမှုနှင့် ပတ်သက်၍ ကောက်ချက်များ ထုတ်နုတ်ပြီး ပြည့်စုံစွာ စစ်ဆေးကြားနာလျက် တရားလိုများ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးသည်။ တရားပြိုင် ဒေါ်နှင်းမြက မန္တလေးတိုင်း တရားရုံး၏ ဒီကရီကို မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်)သို့ ၁၉၉၀ ပြည့်နှစ် တရားမပြင်ဆင်မှု အမှတ် ၂၈၀ အရ လျှောက်ထားခဲ့ရာ ပလပ်ခြင်း ခံရသည်။ ထိုကဲ့သို့ ပလပ်ခြင်း ခံရသည့် တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ အမိန့်ကို ဒေါ်နှင်းမြက တဖန် တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသောအခါ အောက်ဖော်ပြပါ ပြဿနာအား စုံညီခုံရုံးဖြင့် စစ်ဆေးကြားနာရန်အလို့ငှာ အထူးအယူခံဝင်ခွင့်ပြုခဲ့သဖြင့် ဤအထူးအယူခံမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

## စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် ပြဿနာ

"အချင်းဖြစ်စဉ် အချင်းဖြစ်မြေကို တရားလိုများ လက်ရှိဖြစ်သည်ဟု တရားရုံးချုပ်က ကောက်ယူဆုံးဖြတ်လိုက်ခြင်းမှာ အမှုတွဲရှိ သက်သေခံချက်များနှင့် ဆန့်ကျင်ကွဲလွဲခြင်းရှိမရှိ၊ ဆန့်ကျင်ကွဲလွဲပါက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ ဒီကရီ ချမှတ်ခြင်းမှာ ဥပဒေနှင့် ညီ မညီ" ဟူ၍ ဖြစ်သည်။

မည်သည့်အတွက်ကြောင့် အထူးအယူခံဝင်ခွင့်ပြုသင့်ကြောင်း တရားရုံးချုပ်က တရားမအထွေထွေလျှောက်လွှာအမှတ် ၁၈၉/၉၁ တွင် အောက်ပါအတိုင်း သုံးသပ်ထားသည်–

၁၉၉၃
ဒေါ်နှင်းမြ
နှင့်
ဦးလှ ပါ-၄

"အချင်းဖြစ်မြေကို တရားစွဲဆိုစဉ် တရားလို ဦးလှတို့ လက်ရှိ ဟုတ်မဟုတ်နှင့် လက်ရှိဖြစ်စဉ် မတရားဖယ်ရှားခံရခြင်း ဟုတ်မဟုတ်ဆိုသော ပြဿနာနှင့် စပ်လျဉ်းပြီး တရားရုံးချုပ်၏ ကောက်ယူဆုံးဖြတ်ချက်မှာ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း ရှိမရှိ" စဉ်းစားစရာ ပေါ်ပေါက်နေသည်။

မူလရုံးအမှုကို စိစစ်ကြည့်ရာတွင်လည်း လျှောက်ထားခံရသူ မူလရုံး (၁) တရားလို ဦးလှကိုယ်တိုင် ပြန်လှန်စစ်မေးရာတွင် အောက်ပါအတိုင်း ထွက်ဆိုထားသည်-

"xxxxအချင်းဖြစ်မြေမှာ ကျွန်တော်နှင့် ဘာမျှမဆိုင်ဟုဆိုလျှင် မှန်ပါသည်။ ကျွန်တော့် တူမနှင့်တော့ ဆိုင်ပါသည်။ ကျွန်တော်၏ လက်ရှိ မဟုတ်ဟုဆိုလျှင် မှန်ပါသည်။ တရားမကြီး ၁၂၀/၈၃ ဖြစ်သောအချိန်တွင်ဝင်းထရံဖျက်ပြီးသားဖြစ်၍ ဝင်းထရံမရှိတော့ပါ xxxx"

ထို့အပြင် လျှောက်ထားခံရသူ (မူလရုံး ၃-တရားလို) မတင်သောင်းကလည်း ပြန်လှန်စစ်မေးရာတွင် အောက်ပါအတိုင်း ထွက်ထားသည်-

"xxဝင်းထရံမှာ ဒေါ်နှင်းမြဘက်တွင် မရှိဘဲ ဒေါ်ဝက်တို့ဘက်တွင်သာ ရှိသည်ဆိုလျှင် မှန်ပါသည်။ ယခု ဒေါ်နှင်းမြ ဝင်းထရံခတ်သည့်အချိန်က ဝင်းထရံမရှိဟု ဆိုလျှင် မှန်ပါသည်။ လွန်ခဲ့သော ၃ နှစ် ဒီဘက်တွင် ကျွန်မတို့ဆောက်သော အဆောက်အဦထဲတွင် ကျွန်မတို့ နေထိုင်ခြင်း မရှိ၊အခြားအိမ်တွင် ငှားရမ်း နေထိုင်သည်ဆိုလျှင် မှန်ပါသည်။xxxx ဒေါ်နှင်းမြ ဝင်းထရံကာသည်မှာ ကျွန်မ၏ တဲမပါဘဲ မြောက်ဘက်မှ ကာသည်ဆိုတာ မှန်ပါသည်။ ကျွန်မတို့ အုတ်မြစ်ချသည်မှာ တစ်ဦးနှင့် တစ်ဦး အချင်းများနေ၍ စည်ပင်သာယာမှ တားး၍ ရပ်ထားရပါသည်"

လျှောက်ထားခံရသူ (မူလရုံးတရားလို)များ တင်ပြသော တရားလိုပြ သက်သေများကလည်း အလားတူထွက်ဆိုထားကြရာ ထိုစဉ်က ရပ်ကွက် ပြည်သူ့ကောင်စီအတွင်းရေးမှူး ဦးစံမောင် (လိုပြ-၃)ကလည်း ပြန်လှန် စစ်မေးရာတွင် အောက်ပါအတိုင်း ထွက်ဆိုထားသည်-

"xxxx ယခုအချင်းဖြစ်သည့်အိမ်တွင် မတင်သောင်းတို့ မနေပါ။ စကားများပြီးကတည်းက အချင်းဖြစ်မြေမှာ မတင်သောင်းတို့ မနေတော့ပါ။ ထိုသို့ မနေသည်မှာ ၂ နှစ် ၃ နှစ်ခန့် ရှိပါပြီ။ ယခုအမှုဖြစ်နေစဉ် ဒေါ်နှင်းမြ ဝင်းထရံလုံးဝမရှိတော့ဟု ဆိုလျှင်မှန်ပါသည်။ ဝင်းထရံမှာ ဒေါ်ဝက်ဘက်၌သာ ရှိနေသည်ဆိုလျှင် မှန်ပါသည်xxxx"

၁၉၉၃
ဒေါ်နှင်းမြ
နှင့်
ဦးလှ ပါ-၄

ထို့ကြောင့် လျှောက်ထားခံရသူ (မူလရုံးတရားလို)များ ကိုယ်တိုင်နှင့် ၎င်းတို့ တင်ပြသော တရားလိုဘက် သက်သေများ၏ ထွက်ဆိုချက်များအရပင်လျှင် အချင်းဖြစ်စဉ် အချင်းဖြစ်မြေတွင် လျှောက်ထားသူ (မူလရုံးကရားလို) ဦးလှတို့ လက်ရှိနေထိုင်ခြင်း မရှိကြောင်း ယူဆစရာ ပေါ်ပေါက်နေသည်။ ဤအခြေအနေတွင် ဤကဲ့သို့ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ၉ အရ စွဲဆိုသောအမှုမျိုး၌ အချင်းဖြစ်မြေကို တရားလိုများ လက်ရှိဖြစ်ကြောင်းနှင့် တရားပြိုင်က တရားလိုအား မတရား ဖယ်ရှားလိုက်ကြောင်း တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခြင်းအား တရားရုံးချုပ်က အတည်ပြုဆုံးဖြတ်လိုက်ခြင်းမှာ အမှုတွဲရှိ မြင်သာသော သက်သေခံချက်များနှင့် ကွဲလွဲဆန့်ကျင်လျက် ရှိ မရှိ ပြန်လည် စိစစ်စရာ ပြဿနာပေါ်ပေါက်နေသည် ဟု သုံးသပ်ထားသည်။

ယခုအမှုမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုသည့် အမှုဖြစ်သည်။ ထို့ကြောင့် ယခုအမှု၌ တရားလို ဦးလှပါ ၄ ဦးတို့က ၎င်းတို့ လက်ရှိဖြစ်သောအချင်းဖြစ် မြေကွက်ပေါ်မှ တရားဥပဒေလမ်းကြောင်းအတိုင်း မဟုတ်ဘဲ ၎င်းတို့၏ သဘောဆန္ဒနှင့် ဆန့်ကျင်လျက် ဖယ်ရှားခြင်းခံရပြီး လက်လွတ်ဆုံးရှုံးခဲ့ရသည်ဆိုသော အချက်ကို ခိုင်မာထင်ရှားစွာ သက်သေပြသနိုင်ရမည်။ ယင်းကဲ့သို့ ပြသနိုင်ပါမှ ဦးလှတို့ စွဲဆိုသည့် အမှုမှာ အောင်မြင်ရန်အကြောင်း ရှိပေလိမ့်မည်။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုသော အမှုဖြစ်သဖြင့် အချင်းဖြစ်မြေကွက်၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍မှုကား သက်သေပြသရန် မလိုအပ်ပေ။ မူလရုံးအမှုတွဲရှိ သက်သေခံချက်များအား စိစစ်လေ့လာသောအခါ အချင်းဖြစ်ချိန်က တရားလို ဦးလှတို့သည် အချင်းဖြစ်မြေကွက်အား လက်ရှိဖြစ်နေကြောင်း ထင်ရှားပေါ်ပေါက်ခြင်း မရှိပေ။ တရားလို ဦးလှ၏ အစစ်ခံချက်အရပင်လျှင် အချင်းဖြစ်မြေကို၎င်းလက်ရှိ မဟုတ်ကြောင်း ထင်ရှားသည်။ လက်ရှိဖြစ်နေရာမှ တရားနည်းလမ်းအတိုင်း မဟုတ်ဘဲ လက်မဲ့ဖြစ်သွားရသည်ဟု မပေါ်ပေါက်ပေ။ ၎င်းတို့အနေဖြင့် အချင်းဖြစ် မြေကွက်အပေါ်၌ ပိုင်ရေးဆိုင်ခွင့် ရှိနေသေးသည်ဟူသော သဘောဖြင့် စွဲဆိုခြင်းဖြစ်ကြောင်း တွေ့ရသည်။ အချင်းဖြစ် မြေကွက်နှင့် ပတ်သက်၍ လက်ရှိဖြစ်နေခြင်းလည်း မပေါ်ပေါက်၊ လက်ရှိဖြစ်နေရာမှ တရားနည်းလမ်းအတိုင်း မဟုတ်ဘဲ လက်မဲ့ဖြစ်သွားရသည်ဟူ၍လည်း မပေါ်ပေါက်သဖြင့် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၉ အရ သက်သာခွင့်ပေးရန် အကြောင်း

၁၉၉၃
ဒေါ်နှင်းမြ
နှင့်
ဦးလှ ပါ-၄

မမြင်ပေ။ အချင်းဖြစ်မြေပေါ်၌ ဦးလှတို့ ဆောက်လုပ်ခဲ့သည့် အုတ်ကျင်တွယ်တိုင် ရှိနေသောကြောင့် အချင်းဖြစ်မြေကို ဦးလှတို့ လက်ရှိဖြစ်သည်ဟု တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ ပြင်ဆင်မှုတွင် ချမှတ်သော စီရင်ချက်၌ သုံးသပ်ထားခြင်းကို လက်ခံနိုင်ခြင်း မရှိပေ။ အုတ်ကျင်တွယ်တိုင် ရှိနေရုံမျှနှင့် လက်ရှိဖြစ်သည်ဟု ယူဆရန် အကြောင်းမရှိပေ။ ထို့ကြောင့် အချင်းဖြစ်စဉ် အချင်းဖြစ်မြေကို တရားလိုများ လက်ရှိဖြစ်သည်ဟု တရားရုံးချုပ်က ကောက်ယူဆုံးဖြတ်လိုက်ခြင်းမှာ အမှုတွဲရှိ သက်သေခံချက်များနှင့် ဆန့်ကျင်ကွဲလွဲနေခြင်းကြောင့် သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၉ အရ ဒီကရီချမှတ်ခြင်းမှာ ဥပဒေနှင့် ကိုက်ညီမှု မရှိဟု ယခု ကြားနာသည့် ပြဿနာအား ဖြေဆိုလိုက်သည်။ ဒေါ်နှင်းမြ တင်သွင်းသည့် ယခုအထူးအယူခံမှုအား စရိတ်နှင့်တကွ ခွင့်ပြုပြီး မူလမန္တလေးတိုင်း တရားရုံးမှချမှတ်သောအမိန့်နှင့် ဒီကရီ၊ ထိုအမိန့်နှင့် ဒီကရီကို အတည်ပြုသည့် တရားရုံးချုပ် ပြင်ဆင်မှုတွင် ချမှတ်သောအမိန့်နှင့် ဒီကရီတို့ကို ပယ်ဖျက်၍ တရားလို ဦးလှပါ၄ ဦးစွဲဆိုသော အမှုအား ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/-သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင် ရှေ့တွင်

ဒေါ်မြရှင်ဦးပါ-၅
နှင့်
ဒေါ်မေနုဖြူ*

+၁၉၉၃
အောက်တို
ဘာလ
၄ ရက်

**မိဘဘိုးဘွားများ လက်ထက်ကပင် ရခိုင်လူမျိုးများ ဖြစ်ခဲ့ကြပြီး ရခိုင်လူမျိုးတို့၏ ဓလေ့ထုံးတမ်းအရ နေထိုင်ကြပါသည်ဟု ဆိုလင့်ကစား ထိုသူတို့ အနေဖြင့် လက်ရှိအားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်း နယ်ထဲသို့ ရောက်ရှိ၍ အတည်တကျ နေထိုင်လျက် ရှိသူများဖြစ်သဖြင့် ၎င်းတို့မှ မြန်မာနိုင်ငံသားဖြစ်မဖြစ်ဆိုသော အချက်ကို တရားရုံးက ဆုံးဖြတ်ပိုင်ခွင့် မရှိခြင်း၊ ၎င်းတို့ပိုင်သော မြန်မာနိုင်ငံရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေအရသာ စီမံဆောင်ရွက်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။လက်ရှိဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းဒေသတွင် နေထိုင်သူ မြန်မာလူမျိုး၊ ရခိုင်များကို နိုင်ငံခြားသားဟု သတ်မှတ်၍ ရနိုင်၊ မရနိုင်မှာ မြန်မာနိုင်ငံအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ငန်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဤအမှုတွင် အငြင်းမပွားသည်မှာ အချင်းဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်း ပိုင်ဆိုင်သူ ဦးစောထွန်းဖြူသည်လည်းကောင်း၊ ဦးစောထွန်းဖြူကွယ်လွန်သဖြင့် သက်ရှိထင်ရှား အမွေဆက်ခံသူ ဒေါ်စိန်ဘွင့်ခိုင်သည်လည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အမြဲနေထိုင်ကြခြင်းပင်ဖြစ်သည်။ ဤအမှုတွင် တရားစွဲဆိုသော တရားလိုမှာ ဒေါ်စိန်ဘွင့်ခိုင်၏ သမီးတစ်ဦးဖြစ်သည်။ ကျန်မွေးချင်း ၅ ဦးမှာလည်း မြန်မာနိုင်ငံတွင် မရှိ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်ကြသည်။ ထို့ကြောင့်

---

* ၁၉၉၃ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၁၉၃

\+ ၁၉၉၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၉၂တွင် ချမှတ်သော (၂၆-၂-၉၂)ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို လျှောက်ထားမှု

၁၉၉၃
ဒေါ်မြရှင်ဦး
ပါ-၅
နှင့်
ဒေါ်မေနုဖြူ

ဤအမှုမှ တရားလိုသည် နိုင်ငံခြားတွင် အမြဲနေထိုင်သူ၊ တစ်နည်းအားဖြင့် နိုင်ငံခြားသို့ အပြီးအပိုင် ထွက်ခွာသွားသူဟု သဘောသက်ရောက်သူများ၏ အခွင့်ကို ရယူပြီး တစ်နည်းအားဖြင့် ကိုယ်စားပြုပြီး စွဲဆိုရာရောက်သည်။ တစ်နည်းဆိုသော် အမွေဆက်ခံခွင့်ကို ရယူပြီး စွဲဆိုရာရောက်သည်။ ထိုကြောင့် ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ (က)နှင့် ငြိစွန်းနေသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနက ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးကြောင်း ချမှတ်သည့် အမိန့်မပါရှိဘဲ တရားမတရားရုံးက စီရင်ပိုင်ခွင့် မရှိပေ။

လျှောက်ထားသူများအတွက် – ဦးတင်မောင်အေး၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် – ဒေါ်လှဲလှဲရီ၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး၊ ၁၉၉၂ ခုနှစ် တရားမကြီးမှု အမှတ် ၂၉၂တွင် လျှောက်ကားခံရသူ ဒေါ်မေနုဖြူက လျှောက်ထားသူ ဒေါ်မြရှင်ပါ-၅ဦးတို့အပေါ် အချင်းဖြစ် တိုက်နှင့်မြေကို မိမိတစ်ဦးတည်း ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာ၍ လက်ရောက်ရလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက အဆို အချေအပေါ် မူတည်၍ အောက်ပါငြင်းချက်ကို ပဏာမငြင်းချက်အဖြစ် ထုတ်ပေးခဲ့သည်-

"အချင်းဖြစ် ပစ္စည်း၏ အမွေဆက်ခံရေးကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနကသာ ဆောင်ရွက်ရမည်ဆိုသည်မှာ မှန်သလား"

တိုင်းတရားရုံးက အဆိုပါ ငြင်းချက်အပေါ် နှစ်ဖက် လျှောက်လဲချက်ကြားနာပြီး အချင်းဖြစ်ပစ္စည်း၏ အမွေဆက်ခံရေးကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနကသာ ဆောင်ရွက်ရမည်ဆိုခြင်းမှာ မမှန်ကြောင်း အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ဒေါ်မြရှင်တို့က မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမ ပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။

ဒေါ်မြရှင်တို့က အဆိုလွှာအရ လျှောက်ထားသူ၏ ဖခင်သည် စစ်တကောင်းမြို့၌ နေထိုင်ပြီး ကွယ်လွန်သောအခါ အချင်းဖြစ်တိုက်နှင့် မြေကျန်ရစ်ကြောင်း၊ ၎င်း၏ မိခင်နှင့် ညီအစ်ကို မောင်နှမ ၅ ဦးတို့မှာလည်း စစ်တကောင်း တောင်တန်းဒေသတွင် အမြဲတမ်း နေထိုင်ကြသူများဖြစ်ကြောင်း ပေါ်ပေါက်နေသဖြင့် အချင်းဖြစ်ပစ္စည်းမှာ ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေနှင့် သက်ဆိုင်ပါကြောင်း၊ တိုင်းတရားရုံးက လျှောက်ထားခံရသူသည် အချင်း

ဖြစ်ပစ္စည်းကို မိခင်ဖြစ်သူက လွှဲပြောင်းပေးသည့် ကတိသစ္စာပြုလွှာအပေါ် အခြေပြုစွဲဆိုခြင်းဖြစ်၍ အဆိုပါဥပဒေနှင့် မသက်ဆိုင်ကြောင်း သုံးသပ်ခြင်းမှာ ယင်းဥပဒေ၏ ရည်ရွယ်ချက်ကို ထိခိုက်စေပါကြောင်း စသည်ဖြင့် တင်ပြသည်။

၁၉၉၃
ဒေါ်မြရှင်ဦး
ပါ-၅
နှင့်
ဒေါ်မေနုဖြူ

၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ မှာ အောက်ပါအတိုင်းဖြစ်သည်-

"၆။ နိုင်ငံခြားသားတစ်ဦး ကွယ်လွန်လျှင်ဖြစ်စေ၊ မည်သူမဆို နိုင်ငံခြားသို့ အပြီးအပိုင် ထွက်သွားလျှင်ဖြစ်စေ၊ ပြည်နှင်ဒဏ်ခံရလျှင်ဖြစ်စေ၊ ထိုသူပိုင်သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက ကိစ္စတစ်ရပ်ချင်း အလိုက် စိစစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးခြင်း
(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း။

တရားလိုက ၎င်း၏မိဘများနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဆိုပြုထားသည်-

"၉။ xxx တရားလိုမှလွဲ၍ ဖခင်၊ မိခင် ဒေါ်စိန်ဘွင့်ခိုင်နှင့် ကျန် အစ်ကိုအစ်မ၊ မောင်ညီမ (၅)ဦးမှာ စစ်တကောင်းတောင်တန်း ဒေသ၊ ဗန်ဒါရ်ဘန်မြို့၌ အမြဲတမ်း နေထိုင်ပါသည်။

၁၁၊ ဖခင် ဦးစောထွန်းဖြူသည် (၂၀-၃-၈၄) နေ့တွင် စစ်တကောင်းတောင်တန်းဒေသ၊ ဗန်ဒါရ်ဘန်မြို့၌ ကွယ်လွန်သွားပါသည်။

၁၂။ ဖခင် ဦးစောထွန်းဖြူ(၂၀-၃-၈၄)နေ့ ကွယ်လွန်ချိန်တွင် ဖခင်ပိုင်တိုက်နှင့် မြေကျန်ရစ်ပါသည်။ မိခင် ဒေါ်စိန်ဘွင့်ခိုင်နှင့် ကျန်ညီအစ်ကို မောင်နှမ (၅) ဦးမှာ စစ်တကောင်း တောင်တန်း ဒေသ ဗန်ဒါရ်ဘန်မြို့၌ပင် အမြဲတန်းနေထိုင်သူများဖြစ်၍ မြန်မာ ပြည်တွင် ဖခင်၏ အမွေဆက်ခံပိုင်ခွင့်ရှိသူမှာ တရားလို တစ်ဦးတည်းသာ ရှိပါသည်။"

အထက်ပါအဆိုပြုချက်များအရ တရားလိုမှအပ မိခင်ဖခင်နှင့် ကျန်ညီအစ်ကိုမောင်နှမအားလုံးတို့သည် မြန်မာပြည်တွင် နေထိုင်သူများ မဟုတ်ဘဲ နိုင်ငံခြားတွင် အမြဲတမ်း နေထိုင်သူများ ဖြစ်ကြကြောင်း ပေါ်ပေါက်သည်။

၁၉၉၃
ဒေါ်မြရှင်ဦး
ပါ-၅
နှင့်
ဒေါ်မေနုဖြူ

အချင်းဖြစ်တိုက်နှင့် မြေမှာ ကွယ်လွန်သူ ဦးစောထွန်းဖြူ ဝယ်ယူထားသဖြင့် ၎င်းနှင့် ဇနီးဒေါ်စိန်ဘွင့်ခိုင်တို့ နှစ်ဦးပိုင် ပစ္စည်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုး ဖြစ်ကြသဖြင့် ဦးစောထွန်းဖြူ ကွယ်လွန်သောအခါ ဇနီး ဒေါ်စိန်ဘွင့်ခိုင် တစ်ဦးတည်းက ဆက်ခံပိုင်ဆိုင်သည်။

ပြင်ဆင်မှု လျှောက်ထားခံရသူ၏ အကျိုးဆောင်က အချင်းဖြစ်ပိုင်ဆိုင်သူ ဦးစောထွန်းဖြူမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဒေသ (လက်ရှိမြန်မာနိုင်ငံပြင်ပ)တွင် နေထိုင်သူ ဖြစ်သော်လည်း နိုင်ငံခြားသား လူမျိုးခြားမဟုတ်ကြောင်း၊ ၎င်း၏ဇနီးဒေါ်စိန်ဘွင့်ခိုင်မှာလည်း အလားတူပင် နိုင်ငံခြားသားလူမျိုးခြား မဟုတ်ကြောင်း၊ မြန်မာတိုင်းရင်းသား ရခိုင်လူမျိုးဖြစ်ကြောင်း၊ ဘုရင့်နောင်မင်းတရားကြီး လက်ထက်တော် ဗိုလ်မင်း၊ မင်းစဉ်မင်းဆက်များ၏ ဆွေမျိုးဆင်းသက်ပုံဇယားကိုကြည့်လျှင် အမှတ်စဉ် (၁၃) ဦးကျော်ဇောသံမှာ ဦးစောထွန်းဖြူ၏ ဖခင်ဖြစ်ကြောင်း၊ မြေပုံပိုင်နက်အရ ယခု ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဗန်ဒါရ်ဘန်ဆဒါဥပဓိလခရိုင်ဆိုသည်မှာ ဘုရင့်နောင်မင်းတရားကြီး လက်ထက်တော်ကတည်းကပင် မြန်မာ့ရေ၊ မြန်မာ့မြေ၊ မြန်မာပြည်မြေပုံပိုင်နက်ပင် ဖြစ်ကြောင်း၊ ၁၈၂၄ ခုနှစ် မြန်မာပြည် မြေပုံအရလည်း ဗိုလ်မင်းနယ်မြေသည် မြန်မာပိုင်နက်အဖြစ် ထင်ရှားပေါ်လွင်လျက်ရှိကြောင်း၊ သို့ရာတွင် နယ်ချဲ့လက်အောက်ကျရောက်ခဲ့ပြီးနောက် ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရချိန်တွင် လက်ရှိမြန်မာပြည်မြေပုံအတိုင်း နယ်နိမိတ်ပုံဖော်ကာ လျှောက်ထားခံရသူ မူလရုံးတရားလို ဒေါ်မေနုဖြူတို့၏ ဘိုးစဉ်ဘောင်ဆက် တည်ရှိနေထိုင်ခဲ့ရာ ဗိုလ်မင်းထောင်နယ်မြေသည် မြန်မာပြည်မြေပုံမှ ဖယ်ထုတ်ခြင်း ခံရကြောင်း၊ နယ်စပ်ဒေသတွင် အခြေကျနေထိုင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီး၏ အနွယ်တော် ဒေါ်မေနုဖြူတို့၏ ဘိုးစဉ်ဘောင်ဆက် ဆွေမျိုးဆက်မှာ မြန်မာပြည်သား ရခိုင်လူမျိုးစစ်စစ်ဖြစ်ကြောင်း၊ တိုင်းတပါးသား သွေးနှောခြင်း မရှိပဲ မြန်မာမိရိုးဖလာအတိုင်း ဝတ်ဆင်နေထိုင်သူများကို နိုင်ငံခြားသားဟု သတ်မှတ်၍ မရနိုင်ကြောင်း အထောက်အထားများဖြင့် တင်ပြလျှောက်လဲသွားသည်။

လက်ရှိဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းဒေသတွင် နေထိုင်သူ မြန်မာလူမျိုးရခိုင်များကို နိုင်ငံခြားသားဟု သတ်မှတ်၍ ရနိုင်၊ မရနိုင်မှာ မြန်မာနိုင်ငံအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ငန်းဖြစ်သည်။ ဤအမှုတွင် အငြင်းမပွားသည်မှာ အချင်းဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်း

၁၉၉၃
ဒေါ်မြရှင်ဦး
ပါ-၅
နှင့်
ဒေါ်မေနုဖြူ

ပိုင်ဆိုင်သူ ဦးစောထွန်းဖြူသည်လည်းကောင်း၊ ဦးစောထွန်းဖြူ ကွယ်လွန်သဖြင့် သက်ရှိထင်ရှား အမွေဆက်ခံသူ ဒေါ်စိန်ဘွင့်ခိုင်သည်လည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အမြဲနေထိုင်ကြခြင်းပင်ဖြစ်သည်။ ဤအမှုတွင် တရား စွဲဆိုသော တရားလိုမှာ ဒေါ်စိန်ဘွင့်ခိုင်၏ သမီးတစ်ဦးဖြစ်သည်။ ကျန်မွေးချင်း ၅ ဦးမှာလည်း မြန်မာနိုင်ငံတွင် မရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်ကြသည်။ ထို့ကြောင့် ဤအမှုမှ တရားလိုသည် နိုင်ငံခြားတွင် အမြဲနေထိုင်သူ တစ်နည်းအားဖြင့် နိုင်ငံခြားသို့ အပြီးအပိုင်ထွက်ခွာသွားသူဟု သဘောသက်ရောက်သူများ၏ အခွင့်အရေးကိုရယူပြီး တစ်နည်းအားဖြင့် ကိုယ်စားပြုပြီး စွဲဆိုရာရောက်သည်။ တစ်နည်းဆိုသော် အမွေဆက်ခံခွင့်ကို ရယူပြီးစွဲဆိုရာရောက်သည်။ ထို့ကြောင့် ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ (က) နှင့် ငြိစွန်းနေသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနက ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးကြောင်း ခုမှတ်သည့် အမိန့်မပါရှိဘဲ တရားမတရားရုံးက စီရင်ပိုင်ခွင့် မရှိပေ။ သို့ဖြစ်ပါ၍ ယင်းဥပဒေပုဒ်မ ၆ အရ အကျုံးမဝင်ကြောင်း ဆုံးဖြတ်ကာ ဤအမှုကို ဆက်လက်စစ်ဆေးရန် ဆုံးဖြတ်ထားသော ရန်ကုန်တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်းသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို လက်ခံ၍ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပယ်ဖျက်ကာ အဆိုလွှာအား တရားမကျင့်ထုံး ဥပဒေအမိန့် ၇၊ နည်း ၁၁ (ဃ) အရ ပယ်ကြောင်း အမိန့်ချမှတ်သည်။

စရိတ်ခွင့်မပြု။

## တရားမအထူးအယူခံမှု

**တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင် နှင့် ဦးသန်းဖေတို့ရှေ့တွင်**

+၁၉၉၃ ဩဂုတ်လ ၂၀ ရက်

ဦးရှားမား ပါ-၂
နှင့်
ဦးအောင်သိန်း ပါ-၇*

**အချင်းဖြစ်အခန်းနှင့် ပတ်သက်၍ မူလက အိမ်ရှင်အိမ်ငှားအဖြစ် ဆက်သွယ်မှု ရှိခဲ့ကြသော်ငြားလည်း ထိုအခန်းကို ပြည်သူပိုင် သိမ်းဆည်းလိုက်သည့် အချိန်မှစ၍ အိမ်ရှင်အိမ်ငှား ဆက်သွယ်မှု ရပ်စဲသွားခြင်း။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်အခန်း ပါဝင်သည့် အဆောက်အဦတစ်ခုလုံးကို နိုင်ငံတော်မှ ပြည်သူပိုင်သိမ်းပြီး ပြည်သူ့ဆိုင်ဖွင့်လှစ် ရောင်းချခဲ့သည့် အချိန်မှစ၍ ထိုအခန်းနှင့် ပတ်သက်သမျှ အိမ်ရှင်အိမ်ငှား ဆောင်ရွက်မှုမှာ အလိုအလျောက် ပြတ်စဲသွားပြီဟု ပဋိညာဉ်ဥပဒေပုဒ်မ ၅၆ အရ မှတ်ယူရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ပြည်သူပိုင်သိမ်းလိုက်သည်ဆိုသည်နှင့် တပြိုင်နက်ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုမှာ နိုင်ငံတော်အစိုးရလက်ဝယ်သို့ ရောက်ရှိသွားပြီး ဖြစ်ပေသည်။ ပြည်သူပိုင်သိမ်းဆည်းခြင်း ခံရသော ဥပစာ၏ မူလအိမ်ရှင်သော်လည်းကောင်း၊ မူလအိမ်ငှားသော်လည်းကောင်း ထိုဥပစာနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့် သို့မဟုတ် စီမံခန့်ခွဲပိုင်ခွင့် မရှိတော့ပေ။ ထို့ကြောင့် ဥပဒေ အမြင်တွင် ယခုအချင်းဖြစ် အခန်းတည်ရှိရာ ရိပ်သာအိမ်ဝင်းကို ... 

ပြည်သူပိုင်သိမ်းလိုက်သောအခါ အချင်းဖြစ်အခန်းနှင့် စပ်လျဉ်း၍ တရားလိုတရားပြိုင်တို့အကြား အငှားချထားမှု ရပ်စဲပြတ်တောက်သွားသည်။

---

* ၁၉၉၂ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၄၈

\+ ၁၉၉၀ပြည့်နှစ်တရားမဒုတိယအယူခံမှုအမှတ် ၁၃၅နှင့် ၁၈၅ တို့တွင် ချမှတ်သော (၁၃-၈-၉၁) ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံလျှောက်ထားမှု

၁၉၉၃
ဦးရှားမား
ပါ-၂
နှင့်
ဦးအောင်သိန်း
ပါ-၇

အယူခံတရားလိုများအတွက် - ဦးအုံးမောင်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက် - ဦးတင်နု၊ တရားရုံးချုပ်ရှေ့နေ

ရွှေဘိုမြို့နယ် တရားရုံး ၁၉၈၇ ခုနှစ် တရားမကြီးမှုအမှတ် ၄၃ တွင် တရားလို ဦးအောင်သိန်းပါ (၇)ဦးက တရားပြိုင် ဦးရှားမား ပါ (၂)ဦး အပေါ်၌ ရွှေဘိုမြို့၊ (၇) ရပ်ကွက်၌ တည်ရှိသော အချင်းဖြစ် ဥပစာပေါ်မှ အခမဲ့ ခွင့်ပြုချက်ဖြင့် ထားသူအား ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ စွဲဆိုသည့် အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးသည်။ ထိုဒီကရီကို တရားပြိုင် ဦးရှားမား တို့က စစ်ကိုင်းတိုင်း တရားရုံးသို့ အယူခံဝင်ရောက်သောအခါ အယူခံကို တစ်စိတ်တစ်ဒေသ ခွင့်ပြုသည်။ စစ်ကိုင်းတိုင်း တရားရုံးမှ မြို့နယ် တရားရုံးက ဦးရှားမားတို့ နေထိုင်လျက်ရှိသော အိမ်နှင့် စပ်လျဉ်း၍ ချမှတ်သည့် ဒီကရီကိုအတည်ပြုပြီး ယင်းကိစ္စအတွက် အယူခံကို ပလပ်သည်။ ထို့ပြင် နှစ်ထပ်အိမ်မကြီးအောက်ထပ် နှစ်ခန်းပတ်လည်အခန်းနှင့် စပ် လျဉ်း၍ အယူခံကို ခွင့်ပြုပြီး ယင်းအခန်းနှင့် စပ်လျဉ်းသမျှ ဦးအောင်သိန်း တို့၏ အဆိုလွှာကို ပလပ်လိုက်သည်။ ဦးရှားမားတို့က တိုင်းတရားရုံး၏ ဒီကရီတွင် ၎င်းတို့နှင့် သက်ဆိုင်သမျှ အမိန့်ကို တရားရုံးချုပ်သို့ အယူခံ ဝင်ရောက်သော်လည်း ပလပ်ခြင်း ခံရသည်။ ဦးရှားမားတို့က တစ်ဖန် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက် ထားသောအခါ အောက်ပါပြဿနာအား စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ် နိုင်ရန်အလို့ငှာ အထူးအယူခံဝင်ခွင့်ပြုခဲ့သဖြင့် ဤအထူးအယူခံမှု ပေါ်ပေါက် လာခြင်းဖြစ်သည်-

## စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် ပြဿနာ

"ရှိဟောင်းပွဲရုံကို ပြည်သူပိုင် သိမ်းလိုက်သည့်အခါ အချင်းဖြစ်အခန်းနှင့် စပ်လျဉ်း၍ တရားလို တရားပြိုင်တို့အကြား အငှားချထားမှု ရပ်စဲပြတ် တောက်ခြင်း ရှိ မရှိ"ဟူ၍ ဖြစ်သည်။

အမှုဖြစ်စဉ် အကျဉ်းမှာ အောက်ပါအတိုင်းဖြစ်သည်-

အချင်းဖြစ်အိမ်မြေဥပစာကို ဦးအောင်သိန်းတို့ အမွေဆိုင် (၇)ဦးက အမွေဆက်ခံပိုင်ကြသည်။ ဦးအောင်သိန်းတို့က ဦးရှားမားတို့ လက်ရှိ နေထိုင်သော အိမ်တွင် ဦးရှားမားတို့အား အခွင့်အမိန့်ဖြင့် အခမဲ့ နေခွင့်ပြုခဲ့ကြောင်း၊ ထို့အပြင် နှစ်ထပ်အိမ်ကြီး၏ အောက်ထပ် နောက်ဖေး ဘက် အခန်းတစ်ခန်းကိုလည်း ဦးရှားမားတို့အား ပစ္စည်းထားရန် အခမဲ့

၁၉၉၃
ဦးရှားမား
ပါ-၂
နှင့်
ဦးအောင်သိန်း
ပါ-၇

ခွင့်ပြုခဲ့ကြောင်း အဆိုပြုလျက် အမှုစွဲဆိုခဲ့သည်။ ဦးရှားမားတို့က ချေပရာ၌ ၎င်းတို့လက်ရှိနေထိုင်သောအိမ်မှာ ၎င်းတို့ ဆောက်လုပ်နေထိုင်သောအိမ်ဖြစ်ကြောင်း၊ နှစ်ထပ်အိမ်ကြီး၏ အောက်ထပ်နောက်ဖေးဘက် အခန်းတစ်ခန်းမှာလည်း လခပေး၍ ငှားရမ်းထားခြင်း ဖြစ်ကြောင်း၊ အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်အသုံးပြုခြင်း မဟုတ်ကြောင်း ခုခံချေပသည်။

ဖလမ်မြို့နယ်တရားရုံးက တရားလိုတို့ အဆိုပြုသည့်အတိုင်း မှန်ကန်ကြောင်း သုံးသပ်ပြီး အနိုင်ဒီကရီချမှတ်ပေးသည်။ ပထမအယူခံ တိုင်းတရားရုံးကမူ ဦးရှားမားတို့ လက်ရှိနေသည့် အိမ်နှင့်စပ်လျဉ်း၍ အခမဲ့ထားခြင်းမှန်ကြောင်း သုံးသပ်လျက် မူလရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုသည်။ နှစ်ထပ်အိမ်ကြီးအောက်ထပ်အခန်းနှင့် စပ်လျဉ်း၍ ယင်းအခန်းမှာ ပြည်သူ့ပိုင်သိမ်းရာ၌ ပါသွားပြီး ဒေါ်သန်းရွှေက ပြန်ရသည့်အခါ ဒေါ်တင်နုသို့ တစ်လလျှင် ၅၀ ကျပ်ဖြင့် ငှားရမ်းကြောင်း သက်သေခံချက်များ ရှိသည်ဟု သုံးသပ်၍ မူလရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်သည်။ ဒုတိယ အယူခံမှုကို စီရင်ဆုံးဖြတ်သော တရားရုံးချုပ်က သုံးသပ်ရာ၌ ဦးရှားမားတို့သည် လက်ရှိနေသည့်အိမ်တွင် ခွင့်ပြုချက်ဖြင့် အခမဲ့ နေထိုင်ခြင်းဖြစ်ကြောင်း အကြောင်းခြင်းရာနှင့် စပ်လျဉ်းသည့် မူလရုံးနှင့် တိုင်းတရားရုံးတို့၏ တညီတညွတ်တည်း ကောက်ယူဆုံးဖြတ်ချက်ကို အတည်ပြုသည်။ နှစ်ထပ်အိမ်အောက်ထပ်တွင် ပစ္စည်းများထားရန်အတွက် ခွင့်ပြုခဲ့သည်ဆိုသော နောက်ဖေးခန်း ပါဝင်သည့် ရီဟောင်းပွဲရုံကို ပြည်သူ့ပိုင်သိမ်းလိုက်သည့်အခါ အချင်းဖြစ်အခန်းနှင့် စပ်လျဉ်း၍ တရားလို တရားပြိုင်တို့ အကြား အိမ်ရှင်အိမ်ငှား အဆက်အသွယ် မရှိတော့ကြောင်း၊ ပြည်သူ့ပိုင်သိမ်းသည့် အခန်းကို ပိုင်ရှင် ဒေါ်သန်းရွှေအား ပြန်ပေးပြီးနောက် ယင်းအခန်းကို တစ်လလျှင် ၅၀ ကျပ်ဖြင့် ငှားရမ်းအသုံးပြုခဲ့သည်ဆိုခြင်းမှာ အထောက်အထားမရှိကြောင်း ကောက်ယူပြီး မူလရုံးက ဆုံးဖြတ်ခဲ့သည့်အတိုင်း အခမဲ့ အသုံးပြုခွင့် ပေးထားခြင်းသာ မှန်ကန်သည်ဟု ဆုံးဖြတ်သည်။

ယခု စုံညီခုံရုံးရှေ့၌ ကြားနာဆုံးဖြတ်ရမည့် ကိစ္စမှာ နှစ်ထပ်အိမ်အောက်ထပ်ရှိ ပစ္စည်းများ ထားသိုသည့် နောက်ဖေးခန်းကိစ္စဖြစ်သည်။ ထိုအခန်းပါဝင်သော ရီဟောင်းပွဲရုံကို ပြည်သူ့ပိုင် သိမ်းခဲ့ပြီး ပြည်သူ့ဆိုင်အဖြစ် ဖွင့်လှစ်အသုံးပြုခဲ့သည်။ တစ်ဖန် ပြည်သူ့ပိုင် သိမ်းရာမှ ပိုင်ရှင်အား

၁၉၉၃
ဦးရှားမား
ပါ-၂
နှင့်
ဦးအောင်သိန်း
ပါ-၄

ပြန်၍ပေးသည်။ ပြည်သူပိုင် မသိမ်းမီက တရားလို တရားပြိုင်တို့မှာ အချင်းဖြစ် အခန်းနှင့် ပတ်သက်၍ အိမ်ရှင်အိမ်ငှား ဖြစ်ခဲ့ကြသော်လည်း ပွဲရုံကို ပြည်သူပိုင်သိမ်းလိုက်သော အချိန်၌ အိမ်ရှင်အိမ်ငှား ဆက်သွယ်မှု ပြတ်တောက်သွားခြင်း ရှိ မရှိ အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ တရားရုံးချုပ် ဒုတိယအယူခံ၌ အောက်ပါအတိုင်း သုံးသပ်ထားသည်–

"အချင်းဖြစ်ပွဲရုံကို ပြည်သူပိုင်သိမ်းဆည်းရာ၌ ယခုအချင်းဖြစ် နောက်ဖေးခန်း အပါအဝင် အောက်ထပ်တစ်ထပ်လုံး ပါဝင်ကြောင်းနှင့် ကုန်သွယ်ရေး ဌာနမှ ပြည်သူ့ဆိုင်အမှတ် ၉၉၄၉ အဖြစ် ဖွင့်လှစ်အသုံးပြုခဲ့ကြောင်း သက်သေခံချက်များနှင့် ပြည်သူပိုင်အိမ်ခန်း ပြန်ပေးရာတွင် ကိုယ်တိုင် ဆောင်ရွက်ခဲ့သူ ကုန်သွယ်ရေးမန်နေဂျာ ဦးကိုလေး (လိုပြ) ၏ ထွက်ဆိုချက်အရ ထင်ရှားသည်။ ထိုသို့ အငှားချထားသည့် ဥပစာကို အစိုးရ၏ ပြည်သူပိုင်သိမ်းခြင်း ခံရသည့် အကြောင်းကြောင့် မူလအိမ်ရှင်နှင့် အိမ်ငှားတို့ အဆက်အသွယ်ပြတ်သွားလျှင် ငှားရမ်းခြင်းမှာ ပဋိညာဉ်ဥပဒေပုဒ်မ ၅၆ အရ ရပ်စဲသွားပြီဖြစ်ကြောင်း သတိချပ်ရပေမည်။"ဟု သုံးသပ်ထားသည်။

အချင်းဖြစ်အခန်း ပါဝင်သည့် အဆောက်အဦတစ်ခုလုံးကို နိုင်ငံတော်မှ ပြည်သူပိုင်သိမ်းပြီး ပြည်သူ့ဆိုင်ဖွင့်လှစ်ရောင်းချခဲ့သည့် အချိန်မှစ၍ ထိုအခန်းနှင့် ပတ်သက်သမျှ အိမ်ရှင်အိမ်ငှားဆောင်ရွက်မှုမှာ အလိုအလျောက် ပြတ်စဲသွားပြီဟု ပဋိညာဉ်ဥပဒေပုဒ်မ ၅၆ အရ မှတ်ယူရပေမည်။

ဤကိစ္စနှင့် ပတ်သက်၍ အယူခံတရားလို ဦးရှားမားတို့၏ ရှေ့နေက ဦးရှားမားတို့အနေဖြင့် ပြည်သူပိုင်သိမ်းထားစဉ်ကာလ၌လည်း အချင်းဖြစ် ဥပစာကို လက်ရှိဖြစ်နေခဲ့ခြင်းကြောင့် အိမ်ရှင်အိမ်ငှားပြတ်တောက်မှု မရှိဟု သုံးသပ်ဆုံးဖြတ်သင့်ကြောင်း၊ မီးလောင်ပြင်မြေကွက်ပေါ်၌ တဲထိုး နေသည့် စီရင်ထုံး ဥပမာတစ်ခုကို ကိုးကားလျက် လျှောက်လဲတင်ပြသည်။ အချင်းဖြစ်ဥပစာကို မီးလောင်သွားသည့် ကိစ္စနှင့် အချင်းဖြစ်ဥပစာကို နိုင်ငံတော်အစိုးရက ပြည်သူပိုင်သိမ်းသည့် ကိစ္စတို့မှာ အခြေခံသဘာဝ ခြင်း မတူညီပေ။ မီးလောင်ပြီးလျှင်ပြီးခြင်း နေထိုင်ရေး အခက်အခဲကြောင့် မီးလောင်ပြင် မြေကွက်ပေါ်၌ တဲထိုး၍ လက်ရှိနေထိုင်သည့် ကိစ္စနှင့် ဥပစာကို နိုင်ငံတော်အစိုးရက ပြည်သူပိုင်သိမ်းဆည်းပြီး ပြည်သူ့ဆိုင် ဖွင့်လှစ်ရောင်းချသည့် ကိစ္စတို့မှာ အကြောင်းခြင်းရာအရဖြစ်စေ၊ ဥပဒေ

၁၉၉၃
ဦးရှားမား
ပါ-၂
နှင့်
ဦးအောင်သိန်း
ပါ-၇

အမြင်အရဖြစ်စေ ကွဲပြားခြားနားသည်။ ပြည်သူ့ပိုင် သိမ်းလိုက်သည်ဆိုသည်နှင့် တစ်ပြိုင်နက် ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုမှာ နိုင်ငံတော်အစိုးရလက်ဝယ်သို့ ရောက်ရှိသွားပြီး ဖြစ်ပေသည်။ ပြည်သူ့ပိုင်သိမ်းဆည်းခြင်းခံရသော ဥပစာ၏ မူလအိမ်ရှင်သော်လည်းကောင်း၊ မူလအိမ်ငှားသော်လည်းကောင်း ထိုဥပစာနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့် သို့မဟုတ် စီမံခန့်ခွဲပိုင်ခွင့် မရှိတော့ပေ။ ထို့ကြောင့် ဥပဒေအမြင်တွင် ယခုအချင်းဖြစ်အခန်းတည်ရှိရာ ရီဟင်းပွဲရုံကို ပြည်သူ့ပိုင်သိမ်းလိုက်သောအခါ အချင်းဖြစ်အခန်းနှင့် စပ်လျဉ်း၍ တရားလို တရားပြိုင်တို့အကြား အငှားချထားမှု ရပ်စဲပြတ်တောက်သွားပြီဟု ယခု ကြားနာသည့် ပြဿနာအား ဖြေဆိုလိုက်သည်။ ၎င်းနောက် ဤအထူးအယူခံမှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးသန်းဖေရှေ့တွင်

ဦးချွေး ပါ–၂
နှင့်
ဦးအေးလွင် *
(၎င်း၏ကိုယ်စားလှယ် ဦးဝင်းကျော်ဆန်း)

+ ၁၉၉၃
နိုဝင်ဘာလ
၂၆ ရက်

**တရားမကျင့်ထုံးဥပဒေအမိန့် ၁၈၊ နည်း ၂ ပါ ပြဋ္ဌာန်းချက်များအရ တရားမမှုများကို နှစ်ဖက် စစ်ဆေးကြားနာ၍ ဆုံးဖြတ်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။ တရားမမှုများ ကြားနာစစ်ဆေးခြင်းကို တရားမကျင့်ထုံးဥပဒေအမိန့် ၁၈ တွင် ပြဋ္ဌာန်းထားရာ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်များအရ အမှုကို စတင်ဆောင်ရွက်ခွင့်ရှိသော အမှုသည်က မိမိ၏ အမှုအကြောင်းကို စ၍ တင်ပြပြီး သက်သေခံ အထောက်အထားများကို တင်ပြရသည်။ ထို့နောက် တစ်ဖက် အမှုသည်က မိမိအမှုအကြောင်းကို တင်ပြ၍ သက်သေအထောက်အထားရှိလျှင် တင်ပြရသည်။ သို့ဖြစ်၍ ယင်းဥပဒေ ပြဋ္ဌာန်းချက်များအရ တရားရုံးသည် အမှုကို စစ်ဆေးကြားနာသည့်အခါ နှစ်ဖက်ကို စစ်ဆေးကြားနာ၍ ဆုံးဖြတ်ရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဤအမှုတွင် တရားလို တစ်ဦးတည်းကိုသာ စစ်ဆေးပြီးဖြစ်၍ ကျန်တရားလိုပြသက်သေနှင့်တရားပြိုင်ဘက်ကို ဆက်လက်စစ်ဆေးရဦးမည်ဖြစ်ရာ အမှုကို အပြီးသတ် ဆုံးဖြတ်နိုင်မည် မဟုတ်သေးပေ။ ဤအခြေအနေတွင် တရားပြိုင်က တရားလို၏ အဆိုလွှာကို ပလပ်ပေးရန် လျှောက်ထားချက်ကို မူလတရားရုံးက ငြင်းပယ်ခဲ့ခြင်းမှာ မှားယွင်းမှုမရှိချေ။

လျှောက်ထားသူများအတွက် – ဦးကိုနီ၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက် – ဦးလှဘူး၊ တရားရုံးချုပ်ရှေ့နေ

---

* ၁၉၉၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၈

\+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀ တွင် ချမှတ်သော (၃၁–၁၂–၉၂) ရက်စွဲပါ တိုက်ကြီးမြို့နယ်တရားရုံး၏ အမိန့်ကို လျှောက်ထားမှု

၁၉၉၃
ဦးခွေး ပါ-၂
နှင့်
ဦးအေးလွင်

တိုက်ကြီးမြို့နယ် တရားရုံး၊ ၁၉၈၉ ခုနှစ် တရားမကြီးမှု အမှတ် ၂၀ တွင် ဦးဝင်းကျော်ဆန်းက ကိုခွေးနှင့် သိန်းသိန်း(ခ)ဟန်စိန်တို့အပေါ် ကျူးကျော်နေသည့်မြေပေါ်မှ ဖယ်ရှားပေးရန် အခွင့်ရကိုယ်စားလှယ် ဦးအေးလွင်မှတစ်ဆင့် စွဲဆိုသည်။

တရားလိုကို စစ်ဆေးပြီးသည့်အချိန်တွင် ကိုခွေးတို့က တရားလို၏ ထွက်ချက်အရ အမှုကို ပလပ်ပေးရန် လျှောက်ထားရာ မူလတရားရုံးက နှစ်ဖက် ကြားနာပြီးနောက် တရားပြိုင်၏ လျှောက်ထားချက်ကို ပလပ် ကြောင်း အမိန့်ချမှတ်သည်။ ကိုခွေးတို့က ယင်းအမိန့်ကို မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

လျှောက်ထားသူတို့၏ ရှေ့နေက တရားလို၏ ထွက်ချက်အရ-

(က) ကာလစည်းကမ်းသတ်အရ ကျော်လွန်ကြောင်း ထင်ရှားပြီး ဖြစ်ခြင်း၊

(ခ) တရားလိုသည် အချင်းဖြစ်မြေကို တရားဝင် မပိုင်ကြောင်း ထင်ရှားပြီးဖြစ်ခြင်း၊

(ဂ) တရားလိုသည် တောင်းဆိုသည့် သက်သာခွင့်နှင့် ဆန့်ကျင် သည့် အဆိုပြုချက်ကို တင်ပြလာခြင်း။

တို့မှာ အမှုတွင် ထင်ရှားပေါ်ပေါက်ပြီးဖြစ်ကြောင်း၊ ယင်းအချက် (၃) ချက်အရ မည်သည့်အချက်အရမဆို အမှုကို ပလပ်ရမည်ဖြစ်၍ အမှုကို ဆက်လက်စစ်ဆေးခြင်းမှာ အမှုကြန့်ကြာရုံသာ ရှိမည်ဖြစ်၍ မူလရုံး၏ အမိန့်မှာ မှားယွင်းပါကြောင်း စသည်ဖြင့် အဓိကလျှောက်လဲသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက ကာလစည်းကမ်းသတ်နှင့် စပ်လျဉ်း၍ မူလတရားရုံးက နှစ်ဖက်သက်သေများကို စစ်ဆေးပြီးမှ ဆုံးဖြတ်မည် ဖြစ်ကြောင်း၊ ၂၉-၁၀-၉၀ ရက်နေ့က အမိန့်ချမှတ်ထားပြီးဖြစ်ကြောင်း၊ ယင်းအမိန့်ကို လျှောက်ထားသူများက ပြင်ဆင်မှု လျှောက်ထားခြင်းမပြုဘဲ ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု ဆိုကာ အမှုကို ပလပ်ပေးရန် မူလတရားရုံးတွင် ထပ်မံလျှောက်ထားခြင်းဖြစ်၍ ယင်းလျှောက်ထားချက် ကို မူလတရားရုံးက လက်မခံခြင်းမှာ မှားယွင်းမှု မရှိပါကြောင်း၊ လျှောက်ထားသူသည် အချင်းဖြစ်မြေတွင် ကျူးကျော်သူ ဟုတ်မဟုတ်ကို နှစ်ဖက်သက်သေများကို စစ်ဆေးပြီးမှ ဆုံးဖြတ်နိုင်မည်ဖြစ်၍ သက်သေ များကို စစ်ဆေးခြင်းမပြုရသေးမီ အမှုကို ပလပ်ပေးရန် လျှောက်ထားခြင်း ကို လက်မခံထိုက်ကြောင်း စသည်ဖြင့် ဖြေကြားလျှောက်လဲသည်။

၁၉၉၃
ဦးခွေး ပါ-၂
နှင့်
ဦးအေးလွင်

တရားမမှုများ ကြားနာစစ်ဆေးခြင်းကို တရားမကျင့်ထုံးဥပဒေအမိန့် ၁၈ တွင် ပြဋ္ဌာန်းထားရာ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်များအရ အမှုကို စတင်ဆောင်ရွက်ခွင့်ရှိသော အမှုသည်က မိမိ၏အမှုအကြောင်းကို စ၍ တင်ပြပြီး သက်သေခံအထောက်အထားများကို တင်ပြရသည်။ ထို့နောက် တစ်ဖက်အမှုသည်က မိမိအမှုအကြောင်းကို တင်ပြ၍ သက်သေ အထောက်အထားရှိလျှင် တင်ပြရသည်။ သို့ဖြစ်၍ ယင်းဥပဒေပြဋ္ဌာန်းချက်များအရ တရားရုံးသည် အမှုကို စစ်ဆေးကြားနာသည့်အခါ နှစ်ဖက်ကို စစ်ဆေးကြားနာ၍ ဆုံးဖြတ်ရမည်ဖြစ်သည်။

တရားလိုဘက်မှ သက်သေခံချက်များအရ တရားပြိုင် အနိုင်ရသင့်သည်ဟု ထင်မြင်ယူဆစေကာမူ တရားပြိုင်အား သက်သေပြခွင့် ပေးရပေမည်။ တရားပြိုင်ဘက်ကို စစ်ဆေးခွင့်မပေးဘဲ အမှုကို ဆုံးဖြတ်ခွင့်မရှိချေ။

ဤအမှုတွင် တရားလိုတစ်ဦးတည်းကိုသာ စစ်ဆေးပြီးဖြစ်၍ ကျန် တရားလိုပြ သက်သေနှင့် တရားပြိုင်ဘက်ကို ဆက်လက်စစ်ဆေးရဦးမည်ဖြစ်ရာ အမှုကို အပြီးသတ် ဆုံးဖြတ်နိုင်မည် မဟုတ်သေးပေ။ ဤအခြေအနေတွင် တရားပြိုင်က တရားလို၏အဆိုလွှာကို ပလပ်ပေးရန် လျှောက်ထားချက်ကို မူလတရားရုံးက ငြင်းပယ်ခဲ့ခြင်းမှာ မှားယွင်းမှု မရှိချေ။

ဖော်ပြပါအကြောင်းများကြောင့် မူလမြို့နယ်တရားရုံး၏ ၃၁-၁၂-၉၂ ရက်စွဲပါ အမိန့်ကို အတည်ပြု၍ ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးကျော်တင့် ရှေ့တွင်

ဦးလှိုင်ဝှက်
နှင့်
ဦးလှိုင်ကျက်ပါ-၄*

+၁၉၉၃
မတ်လ
၂၉ ရက်

**တရားရုံးဓာရိမ္မများအရ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို လေလံတင်ရောင်းချရန် စီမံဆောင်ရွက်ရာ၌ ကြမ်းခင်းဈေး သတ်မှတ်နိုင်ရန် အလို့ငှာ တရားရုံးများက မလွဲမသွေ စုံစမ်းစစ်ဆေးရန် မလိုအပ်ခြင်း**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၆၆ (၄) တွင် ရောင်းချမည့် ပစ္စည်း၏ တန်ဖိုးကို ခန့်မှန်းသတ်မှတ်ရန်အတွက် မလွဲမသွေ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိချေ။ တရားရုံးများ လက်စွဲအပိုဒ် ၂၃၈ တွင် ဒီကရီအနိုင်ရသူနှင့် တရားရှုံးတို့ နှစ်ဦးနှစ်ဖက်က ပေးသော ခန့်မှန်းရတန်ဖိုးများကို ထည့်သွင်းခြင်းအားဖြင့် လည်းကောင်း၊ အမှု၏ အခြေအနေကို ထောက်ထား၍ အကြမ်းခန့်မှန်းရ တန်ဖိုးကို ပြခြင်းဖြင့်လည်းကောင်း ရောင်းရန် ပစ္စည်း၏ ခန့်မှန်းရတန်ဖိုးကို ဖော်ပြရမည်ဟု ညွှန်ပြထားသည်။

လျှောက်ထားသူအတွက် – ဦးဌေးလှိုင်၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက်– (၁) ဦးအုံးသွင်၊ တရားရုံးချုပ်ရှေ့နေ
(၂) (၃) ကိုယ်တိုင်
(၄) ဦးသိန်းစိုး၊တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး၊ ၁၉၉၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၂၀၅(ခ) တွင် ဦးလှိုင်ကျက်က ဦးလှိုင်စိမ်းပါ (၄) ဦးတို့အပေါ် မိဘများ ကျန်ရစ်သည့် အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ ရန်ကုန်မြို့၊ ပုဇွန်တောင် မြို့နယ်၊ မြေကွက်အမှတ် ၃၂၊ မြေတိုင်းရပ်ကွက် အမှတ် ၇ (ဒီ)၊

---

* ၁၉၉၂ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၄၆၁

+ ၁၉၉၂ ခုနှစ် တရားမဓာရိမ္မအမှတ် ၃၉ တွင် ချမှတ်သော (၁၁-၉-၉၂) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို လျှောက်ထားမှု

ကြေးတိုင်ရပ်ကွက်အမှတ် ၈၊ အလျားပေ ၁၆၀×အနံ ၂၉ ပေ ၆ လက်မ / ၃၄ ပေ

၁၉၉၃
ဦးလှိုင်ဝှက်
နှင့်
ဦးလှိုင်ကျက်
ပါ-၄

ရှိ နှစ် (၉၀) ဂရန်မြေနှင့် မြေကွက်ပေါ်ရှိ ပျဉ်ထောင်၊ အုတ်ကြွပ်မိုး၊ တစ်ထပ်အိမ်၏ ၅ ပုံ ၁ ပုံကို ခံစားခွင့်ရှိကြောင်း ၁၄-၁၁-၉၁ နေ့တွင် အပြီးသတ် ဒီကရီရှိသည်။ ဦးလှိုင်ကျက်က အဆိုပါ ဒီကရီကို အတည်ပြု ပေးရန် ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၂ ခုနှစ် ဓာရီမှု အမှတ် ၃၉ တွင် လျှောက်ထားသည်။ ရန်ကုန်တိုင်း တရားရုံးက အမွေဆိုင် ပစ္စည်းကို လေလံတင်ရောင်းချရန် ၃၀-၄-၉၂ ရက်နေ့တွင် ဆုံးဖြတ်သည်။ နှစ်ဖက် အမှုသည်များ၏ တင်ပြချက်များအရ တိုင်းတရားရုံးက ရောင်းချမည့် အမွေပစ္စည်း၏ ခန့်မှန်းရတန်ဖိုး သိန်း ၅၀ သတ်မှတ်သည်ကို မကျေနပ်သောကြောင့် အမှတ် (၃) တရားရှုံး ဦးလှိုင်ဝှက်က တရားရုံးချုပ်တွင် ပြင်ဆင်ရန် လျှောက်ထားခြင်း ဖြစ်သည်။

တိုင်းတရားရုံးတွင် လျှောက်ထားသူ (အမှတ်-၃ တရားရှုံး)နှင့် လျှောက်ထားခံရသူ ဒေါ်ကျင်လှိုင် (အမှတ်-၄တရားရှုံး) တို့က အမွေဆိုင် ပစ္စည်း၏ တန်ဖိုး ၂၅ သိန်းတန်ကြောင်းဖြင့် တင်ပြသည်။ ကျန်လျှောက်ထား ခံရသူများက ပထမတွင် သိန်း ၇၀ တန်ကြောင်းဖြင့် တင်ပြပြီး နောက် ပိုင်းတွင် သိန်း ၅၀ သတ်မှတ်ပေးရန် တင်ပြသည်။

တရာမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၆၆ (၄) တွင်ရောင်းချမည့် ပစ္စည်း၏ တန်ဖိုးကို ခန့်မှန်းသတ်မှတ်ရန်အတွက် မလွဲမသွေ စုံစမ်းစစ်ဆေး မှု ပြုလုပ်ရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိချေ။ တရားရုံးများ လက်စွဲအပိုဒ် ၂၃၈ တွင် ဒီကရီအနိုင်ရသူနှင့် တရားရှုံးတို့ နှစ်ဦးနှစ်ဖက်က ပေးသော ခန့်မှန်းရ တန်ဖိုးများကို ထည့်သွင်းခြင်းအားဖြင့် လည်းကောင်း၊ အမှု၏ အခြေအနေကို ထောက်ထား၍ အကြမ်းခန့်မှန်းရတန်ဖိုးကို ပြခြင်းဖြင့် လည်းကောင်း ရောင်းရန် ပစ္စည်း၏ ခန့်မှန်းရတန်ဖိုးကို ဖော်ပြရမည်ဟု ညွှန်ပြထားသည်။

ရန်ကုန်တိုင်း တရားရုံးက အမွေဆိုင် ငါးဦးအနက် တရားပြိုင် အပါအဝင် အမွေဆိုင် သုံးဦးက တင်ပြသည့်အတိုင်း ရောင်းချမည့်ပစ္စည်း၏ ခန့်မှန်းရ တန်ဖိုး သိန်း ၅၀ ဖြစ်ကြောင်း သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ သတ်မှတ်ရာတွင် တိုင်းတရားရုံးသည် အပ်နှင်းထားခြင်း မရှိသည့် စီရင်ပိုင်ခွင့်ကိုကျင့်သုံးခဲ့သည်ဟုလည်းကောင်း၊ အပ်နှင်းထားသည့်စီရင်ပိုင်ခွင့် ကို ကျင့်သုံးရန် ပျက်ကွက်သည်ဟုလည်းကောင်း၊ စီရင်ပိုင်ခွင့်ကို ကျင့်သုံး ရာတွင် တရားဥပဒေနှင့် မညီဘဲဖြစ်စေ၊ အရေးပါသော နည်းလမ်းမကျမှု

၁၉၉၃
ဦးလှိုင်ဝက်
နှင့်
ဦးလှိုင်ကျက်
ပါ-၄

ဖြစ်စေ ဆောင်ရွက်ခဲ့သည်ဟုလည်းကောင်း လျှောက်ထားသူက တင်ပြနိုင်ခြင်း မရှိချေ။

တရားရုံးချုပ်က တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ အရ ပြင်ဆင်ရန် အကြောင်းမပေါ်သည့်အတွက် ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို အတည်ပြု၍ ဤပြင်ဆင်ရန်လျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၈၀/- သတ်မှတ်သည်။

## တရားမ အထူးအယူခံမှု

### တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင့်နှင့် ဦးသန်းပေတို့ရှေ့တွင်

ဒေါ်သန်းမြ

နှင့်

ဦးအေးဖေ ပါ-၃*

(ကွယ်လွန်သူ ဒေါ်သင်၏ တရားဝင်ကိုယ်စားလှယ်များ)

+ ၁၉၉၃
မေလ ၆
ရက်

**တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၇ နှင့် ၂၈ တို့အရ ညွှန်ကြားချက်ဖြင့် ထပ်မံရယူ တင်ပို့လာသော သက်သေခံချက်အသစ်များနှင့် ပတ်သက်၍ အယူခံခုံရုံးအနေဖြင့် ထိုသက်သေခံချက်များကို မလွဲမသွေ အသုံးချရန် တာဝန်မရှိခြင်း၊ မိမိ၏ ဆင်ခြင်တုံတရားအရ ဆောင်ရွက်နိုင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးအမိန့် ၄၁၊ နည်း ၂၇ နှင့် ၂၈ တို့အရ ထပ်မံ၍ သက်သေခံချက်များ ရယူစေရန် ညွှန်ကြားသဖြင့် မူလရုံးမှ သက်သေခံချက်များ ရယူ၍ ပြန်လည်တင်ပြလာသည့်အခါ ထိုသက်သေခံချက်များကို တရားရုံးချုပ်အနေဖြင့် မလွဲမသွေ စိစစ်သုံးသပ်လျက်အသုံးပြုရမည်ဟု ပြဋ္ဌာန်းချက်မရှိပေ။ တရားရုံးချုပ်အနေဖြင့် မိမိ၏ ဆင်ခြင်တုံတရားအရ သင့်လျော်သလို ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် ယင်းကဲ့သို့ ရိမန်အမိန့်ဖြင့် ရယူတင်ပြလာသော သက်သေခံချက်အသစ်များကို အယူခံတရားရုံးချုပ်အနေဖြင့် မလွဲမသွေ အသုံးချရန် မလိုကြောင်း၊ မိမိ၏ ဆင်ခြင်တုံတရားအရ ဆောင်ရွက်နိုင်ခွင့်ရှိကြောင်း ပြဿနာအမှတ် (၂) အား ဖြေဆိုလိုက်သည်။

အယူခံတရားလိုအတွက် – ဦးသိန်းဟန်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် – ဦးလှဘူး၊ တရားရုံးချုပ်ရှေ့နေ

---

* ၁၉၉၂ ခုနှစ် တရားမအထူးအယူခံအမှတ် ၂၇

\+ ၁၉၈၅ ခုနှစ် တရားမ ဒုတိယအယူခံအမှတ် ၈၆ တွင် ချမှတ်သော (၃၁-၅-၉၁) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု။

၁၉၉၃
ဒေါ်သန်းမြ
နှင့်
ဦးအေးဖေ
ပါ-၃
(ကွယ်လွန်သူ
ဒေါ်သင်၏
တရားဝင်
ကိုယ်စားလှယ်
များ)

စမ်းချောင်းမြို့နယ် တရားရုံး ၁၉၈၄ ခုနှစ် တရားမကြီးမှု အမှတ် ၂ တွင် တရားလို ဒေါ်သင်က တရားပြိုင်ဒေါ်သန်းမြအပေါ်၌ ရန်ကုန်မြို့ ပြည်လမ်း အမှတ် ၅၂၃ ရှိ အချင်းဖြစ် ဥပစာမှ တရားပြိုင် အိမ်ငှားအား ဖယ်ရှားပေးစေလိုမှုကို ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) နှင့် (ဂ) တို့အရ စွဲဆိုရာ စွဲဆိုသည့် အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးသည်။ တရားပြိုင် ဒေါ်သန်းမြက ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရာ ပုဒ်မ ၁၂ (၁)(က)အရ မြို့နယ် တရားရုံးမှ ချမှတ်ပေးသော ဒီကရီကို အတည်ပြုပြီး ပုဒ်မ ၁၂ (၁) (ဂ) အရ ချမှတ်သော ဒီကရီကို ပယ်ဖျက်သည်။ တရားလို ဒေါ်သင်က တရားရုံးချုပ်သို့ ဒုတိယအယူခံဝင်ရောက်သောအခါ ပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းအရ ပြောင်းလဲ၍ ဒီကရီချမှတ်ပေးသည်။ မူလရုံး တရားပြိုင် ဒေါ်သန်းမြ (အိမ်ငှား) က တရားရုံးချုပ် ဒုတိယအယူခံ၌ ချမှတ်သော အမိန့်နှင့်ဒီကရီကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့် ပြုရန် တရားရုံးချုပ်၌ လျှောက်ထားသောအခါ အောက်ပါ ပြဿနာအား စုံညီခုံဖြင့် ကြားနာ ဆုံးဖြတ်နိုင်ရန်အတွက် အထူးအယူခံ ဝင်ခွင့်ပြုခဲ့သဖြင့် ယခု အထူးအယူခံမှု ပေါ်ပေါက်လာခြင်း ဖြစ်သည်–

**စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန်ပြဿနာ**

(၁) ကွယ်လွန်သူအိမ်ရှင် ဒေါ်သင် ကွယ်လွန်သွားရာ အိမ်ရှင်ဖြစ်ခွင့်ရှိသူ သားသမီး ၃ ဦးရှိသည့်အနက် ဦးအေးဖေ တစ်ဦးတည်းကိုသာ တရားဝင် ကိုယ်စားလှယ် ထည့်သွင်းပြီး အမှုကို ဆက်လက် ဆောင်ရွက်ခွင့်ရှိ မရှိ၊

(၂) အယူခံရုံးက တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁ နည်း ၂၇ နှင့် ၂၈ တို့အရ နောက်ထပ်သက်သေခံချက်ရယူ တင်ပြရန် မူလရုံးအား ညွှန်ကြားခဲ့ပြီး ဖြစ်ပါလျက် ယင်းအမိန့်အရ မူလရုံးက ရယူတင်ပြ လာသော သက်သေခံချက်အသစ်များကို အယူခံရုံးက ဝေဖန် စဉ်းစားခြင်း မပြုတော့ဘဲ၊ အယူခံကို ဆုံးဖြတ်ရန် သင့် မသင့်" ဟူ၍ ဖြစ်သည်။

ဒေါ်သင်သည် တရားရုံးချုပ်သို့ ဒုတိယအယူခံမှုအမှတ် ၈၆/၈၅ ကို တင်သွင်းထားစဉ်အတွင်း ကွယ်လွန်သွားသဖြင့် အယူခံတရားလို ဒေါ်သင်၏ နေရာ၌ ၎င်း၏သား ဦးအေးဖေအား တရားဝင်ကိုယ်စားလှယ် ထည့်သွင်း၍ အမှုကို ဆက်လက်ဆောင်ရွက်ခြင်း ဖြစ်သည်။ ကွယ်လွန်သူ

ဒေါ်သင်၌ သား ဦးအေးဖေတစ်ဦးတည်းသာ ကျန်ရှိခြင်းမဟုတ်၊ ဦးအေးဖေ အပြင် သား ဦးမောင်မောင်မြင့်နှင့် သမီး ဒေါ်တင်တင်ဆွေတို့ ကျန်ရှိနေသေးကြောင်း တစ်ဖက်မှ တင်ပြသည်။ ထိုတင်ပြချက်နှင့် ပတ်သက်၍ တရားရုံးချုပ် ဒုတိယအယူခံမှုတွင် ၁–၃–၉၁ နေ့စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်အရ ဦးအေးဖေအား သတ်မှတ်ထားသော ရက် ၉၀ အတွင်း တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်ရှိနေသော ဦးမောင်မောင်မြင့်နှင့် ဒေါ်တင်တင်ဆွေတို့အား တရားမကျင့်ထုံး ဥပဒေအမိန့် ၁ နည်း ၁၀ နှင့် ပုဒ်မ ၁၀၇ (၂)တို့အရ ဒုတိယအယူခံမှုတွင် အမှုသည်များအဖြစ် ဦးအေးဖေနှင့်အတူ ထည့်သွင်းကြောင်း စီရင်ထုံး အကိုးအကားနှင့် ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ဒုတိယအယူခံမှုတွင် ဦးအေးဖေတစ်ဦးတည်းသာ ပါဝင်ခွင့်ရခြင်းမဟုတ်၊ တရားဝင်ကိုယ်စားလှယ် ထည့်သွင်းရန်ကာလ စည်းကမ်းသတ်ကျော်လွန်သွားသဖြင့် ဦးမောင်မောင်မြင့်နှင့် ဒေါ်တင်တင်ဆွေတို့အားအမှုသည်များအဖြစ်ထည့်သွင်း ပါဝင်စေ၍ ဆောင်ရွက်ခြင်းမှာ မှုတမှန်ကန်သည်။ ဥပဒေနှင့်ဆန့်ကျင်ခြင်း မရှိပေ။ ထို့ကြောင့် ဦးအေးဖေတစ်ဦးတည်းကိုသာ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းလျက် ဆောင်ရွက်ခြင်းမဟုတ်၊ ဦးမောင်မောင်မြင့်နှင့် ဒေါ်တင်တင်ဆွေတို့ကိုပါ အမှုသည်အဖြစ် ပါဝင်စေ၍ ဆောင်ရွက်ခြင်း ဖြစ်သဖြင့် ဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိ၊ ဆောင်ရွက်နိုင်သည်ဟု အမှတ်(၁) ပြဿနာအား ဖြေဆိုလိုက်သည်။

ဒုတိယအယူခံမှုတွင် တရားရုံးချုပ်က တရားမ ကျင့်ထုံးအမိန့် ၄၁ နည်း ၂၇ နှင့် ၂၈ တို့အရ ထပ်မံ၍ သက်သေခံချက်များ ရယူစေရန် ညွှန်ကြားသဖြင့် မူလရုံးမှ သက်သေခံချက်များ ရယူ၍ ပြန်လည်တင်ပြလာသည့်အခါ ထိုသက်သေခံချက်များကို တရားရုံးချုပ်အနေဖြင့် မလွဲမသွေ စိစစ်သုံးသပ်လျက် အသုံးပြုရမည်ဟု ပြဋ္ဌာန်းချက်မရှိပေ။ တရားရုံးချုပ်အနေဖြင့် မိမိ၏ ဆင်ခြင်တုံတရားအရ သင့်လျော်သလို ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် ယင်းကဲ့သို့ ရိုမန်အမိန့်ဖြင့် ရယူတင်ပြလာသော သက်သေခံချက် အသစ်များကို အယူခံတရားရုံးချုပ်အနေဖြင့် မလွဲမသွေ အသုံးချရန် မလိုကြောင်း၊ မိမိ၏ ဆင်ခြင်တုံတရားအရ ဆောင်ရွက်နိုင်ခွင့်ရှိကြောင်း ပြဿနာအမှတ် (၂) အား ဖြေဆိုလိုက်သည်။ ၎င်းနောက် ဒေါ်သန်းမြ တင်သွင်းသည့် ဤအထူးအယူခံမှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/– သတ်မှတ်သည်။

၁၉၉၃
ဒေါ်သန်းမြ
နှင့်
ဦးအေးဖေ
ပါ–၃
(ကွယ်လွန်သူ
ဒေါ်သင်၏
တရားဝင်
ကိုယ်စားလှယ်
များ)

## တရားမ ပထမအယူခံမှု

### တရားရုံးချုပ် တရားသူကြီး ဦးကျော်တင်နှင့် ဦးကျော်ဝင်းတို့ရှေ့တွင်

+ ၁၉၉၃
ဖေဖော်ဝါရီလ
၁၉ ရက်

ဒေါ်သန်းမြင့်
နှင့်
ဒေါ်တင်မြင့်(ခ) *
ဒေါ်ချိုတူး

**မိုဟာမေဒင် ဘာသာဝင် တစ်ဦးအနေဖြင့် မိမိပစ္စည်းကို သေတမ်းစာဖြင့် စီမံခန့်ခွဲနိုင်ခွင့်ရှိသည်ဟုဆို လင့်ကစား ပစ္စည်းအားလုံးကို စီမံခန့်ခွဲပိုင်ခွင့်မရှိ၊ ဥပဒေအရ ခွင့်ပြုသည့် ပစ္စည်း အစိတ်အပိုင်းကိုသာ သေတမ်းစာရေး၍ စီမံခန့်ခွဲပိုင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။စိတ်ပေါ့သွပ်သူ သို့မဟုတ် အရွယ်မရောက်သေးသူ မဟုတ်သည့် မဟာမေဒင်ဘာသာဝင်တိုင်းသည် မိမိ၏ပစ္စည်းကို သေတမ်းစာဖြင့် စီမံခန့်ခွဲနိုင်သည်။ သို့သော်ယင်းသို့ စီမံခန့်ခွဲရာတွင် အသုဘစရိတ်များနှင့် ကြွေးမြီများပေးပြီး နောက်ပိုလျှံသည့် အမွေ၏သုံးပုံ တစ်ပုံထက်ပို၍ သေတမ်းစာဖြင့် စီမံခန့်ခွဲခွင့်မရှိပေ။ ပို၍စီမံခန့်ခွဲပါက သေတမ်းစာရေးသူ ကွယ်လွန်ပြီးနောက် အမွေစား အမွေခံတို့က သဘောမတူလျှင် အတည်မဖြစ်ပေ။ အထက်တွင် ရှင်းလင်းတင်ပြထားသည့်အတိုင်း ဒေါ်အေးရှင်သည် ခင်ပွန်း ဦးဒါဝတ်၏ အမွေပစ္စည်းမှ ရှစ်ပုံတစ်ပုံ ( $\frac{1}{8}$ ) ဖြစ်သော အမွေစုကိုသာ ရရှိသဖြင့် ယင်းအမွေစု၏ သုံးပုံတစ်ပုံကိုသာလျှင် သေတမ်းစာဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ ဦးဒါဝတ်ကျန်ရစ်သော အမွေပစ္စည်းတစ်ရပ်လုံးကို သေတမ်းစာဖြင့် ပေးပိုင်ခွင့်မရှိပေ။ ဒေါ်အေးရှင်သည် ဥပဒေအရ ၎င်းခံစားခွင့်ရှိသော အမွေစုကိုသာ သေတမ်းစာဖြင့် စီမံခန့်ခွဲခဲ့ခြင်း မဟုတ်ဘဲ ပစ္စည်းတစ်ရပ်လုံးကို စီမံခန့်ခွဲခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ချေ။

---

* ၁၉၉၂ ခုနှစ် တရားမ ပထမယူခံမှုအမှတ် ၂၈၀

+ ၁၉၉၁ ခုနှစ် တရားမ ကြီးမှုအမှတ် ၈ တွင် ချမှတ်သော (၂၄- ၈- ၉၂)ရက်စွဲပါ ပဲခူးတိုင်းတရားရုံး ကချမှတ်သော ပဏာမဒီဂရီကို အယူခံမှု

၁၉၉၃
ဒေါ်သန်းမြင့်
နှင့်
ဒေါ်တင်မြင့်
(ခ)
ဒေါ်ချိုတူး

အယူခံတရားလိုအတွက် — ဦးဝေလင်း၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် — ဦးမင်းလွင်၊ တရားရုံးချုပ်ရှေ့နေ

ပဲခူးတိုင်း တရားရုံး တရားမကြီးမှုအမှတ် ၈/၉၁ တွင် တရားလို ဒေါ်တင်မြင့် (ခ) ဒေါ်ချိုတူးက တရားပြိုင်ဒေါ်သန်းမြင့် အပေါ်အမွေပုံ စီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ တိုင်းတရားရုံးက တရားလိုဒေါ်တင်မြင့် (ခ) ဒေါ်ချိုတူးသည် ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက်၊ ကျုံးရိုးတန်းလမ်း၊အမှတ် (၂၁၄) ဟုစာရင်းပေါက်သည့် နေအိမ်နှင့် နေအိမ်တည်ရာ မြေကွက်တွင် ဒေါ်အေးရှင်၏ အသုဘစရိတ်ငွေကျပ် ၃၀၀၀၀/-ကိုထုတ်နုတ်ပြီး၊ ကျန်ဝေစု၏ ၂/၃ ပုံခံစားခွင့်ရှိကြောင်း ပဏာမဒီကရီချမှတ်လိုက်သည်ကို တရားပြိုင်ဒေါ်သန်းမြင့်က မကျေနပ်၍ တရားရုံးချုပ်သို့ ဤပထမအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာတရားလို ဒေါ်ချိုတူး(ခ) ဒေါ်တင်မြင့်က ၎င်းသည်ကွယ်လွန်သူ ဦးပုကြီး (ခ) ဦးဒါဝတ်နှင့် ပထမဇနီး ဒေါ်ရန်တို့မှ မွေးဖွားသူဖြစ်ကြောင်း၊ ဦးဒါဝတ်နှင့် ဒေါ်ရန်တို့လင်မယား ကွဲကွာကြပြီးနောက် ဦးဒါဝတ်သည် ဒေါ်အေးရှင် (ခ) ဒေါ်မမလေးနှင့်ထပ်မံပေါင်းသင်းကြောင်း၊ ဦးဒါဝတ် ကွယ်လွန်သည့်အခါ ဒေါ်အေးရှင်သည် အစ်မဖြစ်သူဒေါ်အေးတင်၏သမီး ဒေါ်သန်းမြင့်အား ပဲခူးမြို့၊ ကျုံးရိုးတန်းလမ်းရှိ အမှတ် (၂၁၄)ဟုစာရင်း ပေါက်သောအိမ်နှင့် အောက်ခံမြေကြီးတို့ကို အခြားပစ္စည်းများနှင့်အတူ မှတ်ပုံတင်သေတမ်းစာပြုလုပ်၍ ပေးကမ်းခဲ့ကြောင်း၊ ဒေါ်အေးရှင်သည် ၁၂-၆- ၈၇ ရက်နေ့က ကွယ်လွန်ခဲ့ကြောင်း အဆိုပြု၍ အမွေပစ္စည်းများ လက်ရှိဖြစ်လျက်ရှိသူဒေါ်သန်းမြင့်အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေ လိုကြောင်း စွဲဆိုသည့်အမှုဖြစ်သည်။

အယူခံတရားလို ဒေါ်သန်းမြင့်က အယူခံအကြောင်းပြချက်များအဖြစ် တင်ပြရာတွင် ကွယ်လွန်သူမွတ်ဆလင်တစ်ဦး၏ အမွေကို ထိုသူသေဆုံးချိန် တွင် ထိုသူနှင့်သက်ဆိုင်သည့်ဥပဒေအရ အဆုံးအဖြတ်ပေးရမည်ဖြစ်ကြောင်း၊ သေဆုံးချိန်တွင် မွတ်ဆလင်အဖြစ် သေဆုံးလျှင် သူ၏အမွေကို အစ္စလာမ် တရားဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးရမည်ဖြစ်ကြောင်း၊ အကယ်၍ သေဆုံးချိန်၌ စွန်နီမွတ်ဆလင်အဖြစ် သေဆုံးပါက စွန်နီအမွေခန်းအရ ဆုံးဖြတ်ရန်ဖြစ်ကြောင်း၊ သို့အတွက် တိုင်းတရားရုံးကသုံးသပ်သကဲ့သို့ မဟာမေဒင်ဥပဒေအရ နေအိမ်ဥပစာကို ယေဘုယျအားဖြင့် လင်ယောကျ်ား ပိုင်ဖြစ်သည်ဟုသုံးသပ်ပါက- ဦးဒါဝတ်သည် လွန်ခဲ့သောနှစ် (၃၀)

၁၉၉၃
ဒေါ်သန်းမြင့်
နှင့်
ဒေါ်တင်မြင့်
(ခ)
ဒေါ်ချိုတူး

ခန့်ကသေဆုံးပြီးဖြစ်သဖြင့် ထိုအချိန်ကစပြီး ဒေါ်တင်မြင့် (ခ) ဒေါ်ချိုတူးသည် အမွေဆက်ခံသည့်အခွင့်အရေးပေါ်ပေါက်သည့်အတွက် ထိုအချိန်ကစပြီး တရားစွဲဆိုရန်ဖြစ်ကြောင်း၊ အမွေဆက်ခံနိုင်သည့်အခွင့်အရေးသည် အမွေရှင်သေဆုံးသည့် အချိန်မှအစပြု၍သာလျှင် ပေါ်ပေါက်ကြောင်း၊ အမွေပစ္စည်းသည် မရွေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်လျှင် ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ အရ ကာလစည်းကမ်းသတ်ရေတွက်ရန်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤအမှုကို ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ စွဲဆိုခြင်းဖြစ်ကြောင်း၊ တိုင်းတရားရုံး၏ သုံးသပ်ချက်အရဆိုလျှင် ဒေါ်တင်မြင့် (ခ) ဒေါ်ချိုတူးသည် မိထွေးဒေါ်အေးရှင်၏အမွေကို ဆက်ခံနိုင်သူ မဟုတ်ကြောင်း ပေါ်လွင်နေပါလျက် တိုင်းတရားရုံးသည် ယင်းအချက်များကိုမျက်ကွယ်ပြုပြီး ဒေါ်တင်မြင့် (ခ) ဒေါ်ချိုတူးအား အနိုင်ဒီကရီချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်အေးရှင်သည် ၎င်းပိုင်အတွင်းပစ္စည်းများကို ထုခွဲရောင်းချ၍ အချင်းဖြစ်အိမ်ကို ဝယ်ယူခြင်းဖြစ်ကြောင်း သက်သေထွက်ဆိုချက်များရှိပါလျက် ယင်းထွက်ဆိုချက်များအား မျက်ကွယ်ပြုပြီး မဟာမေဒင်ဥပဒေအရ နေအိမ်ဥပစာကို ယေဘုယျအားဖြင့် လင်ယောကျ်ားပိုင်သည်ဟု မှတ်ယူရကြောင်း၊ ဒေါ်အေးရှင်တစ်ဦးတည်းပိုင်ဖြစ်ကြောင်း ခိုင်လုံသည့်အထောက်အထားများကို ဒေါ်သန်းမြင့်ကအမှုတွင် တင်ပြထားခြင်းမရှိကြောင်းဖြင့် တိုင်းတရားရုံးက သုံးသပ်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြထားသည်။

တိုင်းတရားရုံးသည် မူလအမှုတွင် အောက်ပါငြင်းချက်များကို ထုတ်နုတ်ခဲ့သည်–

"၁။ တရားလိုနှင့် တရားပြိုင်တို့သည် ကွယ်လွန်သူဦးဒါဝတ်(ခ) ဦးပုကြီးနှင့် ဇနီးဖြစ်သူကွယ်လွန်သူဒေါ်အေးရှင် (ခ) ဒေါ်မမလေးတို့၏ အမွေစား အမွေခံဖြစ်ကြသလား၊

၂။ အချင်းဖြစ်မြေနှင့်အိမ်သည် တရားလို အကျိုးခံစားခွင့်ရှိသော အမွေဆိုင် ပစ္စည်းဖြစ်သလား၊

၃။ ဤအမှုစွဲဆိုခြင်းသည် ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဆိုသည် မှာ မှန်သလား၊

၄။ တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်ပါသနည်း။"

ဖော်ပြပါငြင်းချက်များနှင့်စပ်လျဉ်း၍ ဒေါ်ချိုတူးသည်မဟာမေဒင် ဥပဒေအရ ဖခင်၏အမွေဝေစုကို တစ်ဝက်ခံစားခွင့်ရှိသူဖြစ်ကြောင်း၊ ဒေါ်သန်းမြင့်

သည် ဒေါ်အေးရှင်၏အစ်မ ဒေါ်အေးတင်၏သမီးဖြစ်၍ ဒေါ်အေးရှင်၏ တူမသာဖြစ်ရာ ဦးဒါဝတ်၏အမွေကို ဒေါ်ချိုတူးနှင့်ယှဉ်၍ ဆက်ခံခွင့် မရှိကြောင်း တိုင်းတရားရုံးကသုံးသပ်ထားသည်။ ပဲခူးတိုင်းတရားရုံး တရားမကြီးမှုအမှတ် ၇၀/၈၇တွင် ဒေါ်သန်းမြင့်အားအမွေထိန်းစာ ထုတ်ပေး ရာ၌ အချင်းဖြစ်နေအိမ်နှင့် မြေကွက်သည် ဦးဒါဝတ်နှင့် ဒေါ်အေးရှင် (ခ) ဒေါ်မမလေးတို့၏ လက်ထက်ပွား ပစ္စည်းဖြစ်သည်ဟု သုံးသပ်ထားရှိ ချက်ကိုအခြေပြုပြီး ဒေါ်ချိုတူးကဖခင် ဦးဒါဝတ်၏လက်ထက်ပွားပစ္စည်း အဖြစ်ကျန်ရစ်သော နေအိမ်နှင့်မြေကွက်ဖြစ်သည်ဟူ၍ ဖော်ပြကာ သူမ၏ ဝေစုကို ဤအမှုတွင် တောင်းခံခြင်းဖြစ်သည်။ သို့ရာတွင် အစ္စလာမ် တရားဥပဒေတွင်နှစ်ဦးပိုင်လက်ထက်ပွား ပစ္စည်းဟူ၍ သတ်မှတ် လက်ခံခြင်း မရှိချေ။ ထိမ်းမြားမှု ပဋိညာဉ်၏အကျိုးသက်ရောက်မှုအဖြစ် လင်ကမယားကို မဟာရ်ပစ္စည်းမှ အပအစ္စလာမ်တရားဥပဒေရ လင်ပိုင် ပစ္စည်းသည် မယားနှင့်မသက်ဆိုင်သကဲ့သို့ မယားပိုင်ပစ္စည်းသည်လည်း လင်နှင့်သက်ဆိုင် ခြင်းမရှိပေ။ တစ်ဦးဦး သေဆုံးမှသာ အမွေခန်း ဥပဒေနှင့်အညီ ထိုက်သင့် သောအမွေဝေစုကို ခံစားခွင့်ရှိသည်။ အိမ်ထဲတွင် ရှိသော ပစ္စည်းများနှင့် ပတ်သက်၍လည်း လင်နှင့်မယားတို့သည် တစ်ဦးစီ သီးခြားပိုင်ဆိုင်ကြသည်။ အိမ်ကိုမူ ယေဘုယျအားဖြင့် လင်ယောကျ်ားက ပိုင်ဆိုင်သည်ဟု မှတ်ယူရ မည်ဖြစ်ကြောင်း **မခါတွန်** နှင့် **မဘိဘိ** (၁) အမှုတွင် ထုံးဖွဲ့ညွှန်ပြထားသည်။ ထို့ကြောင့် အစ္စလာမ်တရားဥပဒေအရ ဦးဒါဝတ်(ခ) ဦးပုကြီးကျန်ရစ်သော အမွေပစ္စည်းများနှင့် စပ်လျဉ်း၍ သမီးဖြစ်သူ ဒေါ်ချိုတူးသည် ပုံသေအမွေ ဆက်ခံခွင့်ရှိသူတစ်ဦးအနေဖြင့် နှစ်ပုံတစ်ပုံ($\frac{၁}{၂}$)ခံစားခွင့်ရှိမည်ဖြစ်ပြီး၊ ဇနီးဒေါ်အေးရှင်သည် ရှစ်ပုံတစ်ပုံ ($\frac{၁}{၈}$) ခံစားခွင့်ရရှိမည်ဖြစ်သည်။ ဦးဒါဝတ်ကွယ်လွန်သည်ကို အကြောင်းပြု၍ ဒေါ်ချိုတူးသည် ၎င်းရရှိမည့် အမွေစုကို ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၄အရ သူမ၏ဖခင်ကွယ်လွန်ချိန်မှ (၁၂) နှစ်အတွင်း မိထွေးဒေါ်အေးရှင်အပေါ်အရေး ဆိုရန် ပျက်ကွက်ခဲ့သဖြင့် ဖခင် ကွယ်လွန်သည်ကိုအကြောင်းပြု၍ မိထွေး ဒေါ်အေးရှင်အပေါ်အရေးဆိုခွင့်မှာ စည်းကမ်းသတ်ကာလ ကျော်လွန်မည့်ဖြစ် သော်လည်း မိထွေးကွယ်လွန် သည်ကိုအကြောင်းပြု၍ အခွင့်အရေးအသစ် တစ်ရပ် ထပ်မံပေါ်ပေါက်ကြောင်း၊ ဒေါ်အေးရှင်သည် ၁၂-၆- ၈၇ ရက်နေ့က ကွယ်လွန်ခဲ့ရာ ထိုကွယ်လွန်ချိန်မှ ရေတွက်လျှင် ဤအမှုသည်

(၁) အေအိုင်အာ (၁၉၃၃) ရန်ကုန်၊ စာ-၃၉၃ (၃၉၈)

၁၉၉၃
ဒေါ်သန်းမြင့်
နှင့်
ဒေါ်တင်မြင့်
(ခ)
ဒေါ်ချိုတူး

၁၉၉၃
ဒေါ်သန်းမြင့်
နှင့်
ဒေါ်တင်မြင့်
(ခ)
ဒေါ်ချို့တူး

ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိသေးကြောင်း တိုင်းတရားရုံးက သုံးသပ်ခဲ့သည်။ ဦးဒါဝတ်(ခ) ဦးပုကြီးသည် လွန်ခဲ့သော နှစ်(၃၀)ကျော်က ကွယ်လွန်ခဲ့ ကြောင်း အမှုတွင် ပေါ်ပေါက်သည်။ အမွေစားအမွေခံတို့သည် သီးခြား အစုများရရှိလျက် အမွေပုံကို အတူပိုင်ဆိုင်ကြသူများအဖြစ် အမွေဆက်ခံကြသည့်အလျောက် မိမိအမွေစုကို ရလိုကြောင်း တရားစွဲဆိုရာတွင် စည်းကမ်းသတ်ကာလကို အမွေရှင်ကွယ်လွန်သည့်အချိန်မှစ၍ ရေတွက်ရန် မဟုတ်ဘဲ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ တွင် သတ်မှတ်ထားသည့်အတိုင်း ရေတွက်ရန်ဖြစ်ကြောင်း **ဒေါ်နုရီပါ**– ဖ နှင့် **မသစ်သစ်** အမှု[၂] တွင် ညွှန်ပြထားသည်။ ထို့ပြင် မိဘတစ်ပါး ကွယ်လွန်ခြင်းကြောင်းဖြစ်စေ၊ ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုခြင်းကြောင့် ဖြစ်စေ၊ ကျန်ရစ်သူမိဘ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ အမွေတောင်းခံခဲ့ခြင်း မရှိလျှင် မိထွေး၊ ပထွေးကွယ်လွန်သောအခါ အမွေတောင်းဆိုနိုင်ကြောင်းဖြင့် ကာလစည်းကမ်းသတ်နှင့် မငြိစွန်းသည့် ပြဿနာကို **မတင်တင်ဝင်းနှင့် ဒေါ်စောတင်ပါ**–၃ အမှု[၃] တွင်တရားရုံးချုပ်မှ ရှင်းလင်းညွှန်ပြထားပြီးဖြစ်သည်။

တိုင်းတရားရုံးသည် ဥပဒေပညာရှင် Mulla ပြုစုသည့် Principles of Mohamedan law ဥပဒေကျမ်းအပိုဒ် ၈၄ တွင်ဖော်ပြထားသည့် " Step children do not inherit from step parents, nor do step parents inherit from step children." ဟူသော ဖော်ပြချက်ကို လက်ခံသုံးသပ်၍ ဒေါ်ချို့တူးသည် မိထွေးဒေါ်အေးရှင်၏ အမွေကိုဆက်ခံနိုင်သူမဟုတ်ကြောင်း ဆုံးဖြတ်ထားသည်ကိုလည်း တွေ့ရှိရသည်။ ဒေါ်ချို့တူးသည် ဦးဒါဝတ်နှင့် ပထမဇနီးဖြစ်သူ ဒေါ်ရန်တို့မှ မွေးဖွားသူဖြစ်သဖြင့် ဦးဒါဝတ်၏ ဒုတိယဇနီး ဒေါ်အေးရှင်သည် ဒေါ်ချို့တူး၏ မိထွေးဖြစ်သည်။ ထို့ကြောင့် တိုင်းတရားရုံးက လက်ခံထားပြီး အယူခံတရားလိုကလည်း အငြင်းပွားခြင်းမရှိသော ဥပဒေပညာရှင် Mulla ၏ မိုဟာမေဒင် ဥပဒေကျမ်းပါဖော်ပြချက်အရဆိုလျှင် ဒေါ်ချို့တူးသည် မိထွေးဒေါ်အေးရှင်၏ပစ္စည်းကို အမွေဆက်ခံနိုင်မည်မဟုတ်ပေ။ ဖခင်ဦးဒါဝတ်ပိုင် ပစ္စည်းကိုသာ အမွေဆက်ခံခွင့်ရှိမည်ဖြစ်သည်။ ထို့အတူဒေါ်သန်းမြင့်သည် ဦးဒါဝတ်၏ ဒုတိယဇနီး ဒေါ်အေးရှင်၏အစ်မ ဒေါ်အေးတင်၏သမီးဖြစ်ပြီးဒေါ်အေးရှင်၏

---

(၂) ၁၉၈၃ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ– ၁၆၂။
(၃) ၁၉၉၁ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ– ၆၆။

တူမသာဖြစ်သည့်အတွက် တိုင်းတရားရုံးကသုံးသပ်သကဲ့သို့ပင် ၎င်းသည် ဦးဒါဝတ်၏ အမွေကို ဦးဒါဝတ်၏သမီးဖြစ်သူ ဒေါ်ချိုတူးနှင့်ယှဉ်၍ ဆက်ခံရရှိနိုင်မည်မဟုတ်ပေ။ သို့သော် ဒေါ်သန်းမြင့်သည် ဒေါ်အေးရှင်က မှတ်ပုံတင်သေတမ်းစာဖြင့် ပစ္စည်းများ ပေးအပ်ခြင်းခံရသူဖြစ်သည့်အတွက် ဒေါ်အေးရှင်၏ ပစ္စည်းစုနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း ပေါ်လွင်သည်။

စိတ်ပေါ့သွပ်သူ သို့မဟုတ် အရွယ်မရောက်သေးသူ မဟုတ်သည့် မဟာမေဒင် ဘာသာဝင်တိုင်းသည် မိမိ၏ပစ္စည်းကို သေတမ်းစာဖြင့် စီမံခန့်ခွဲနိုင်သည်။ သို့သော် ယင်းသို့စီမံခန့်ခွဲရာတွင် အသုဘစရိတ်များနှင့် ကြွေးမြီများ ပေးပြီးနောက် ပိုလျှံသည့် အမွေ၏သုံးပုံတစ်ပုံထက်ပို၍ သေတမ်းစာဖြင့် စီမံခန့်ခွဲခွင့်မရှိပေ။ ပို၍စီမံခန့်ခွဲပါက သေတမ်းစာရေးသူ ကွယ်လွန်ပြီးနောက် အမွေစားအမွေခံတို့က သဘောမတူလျှင် အတည် မဖြစ်ပေ။ အထက်တွင် ရှင်းလင်းတင်ပြထားသည့်အတိုင်း ဒေါ်အေးရှင် သည် ခင်ပွန်းဦးဒါဝတ်၏ အမွေပစ္စည်းမှ ရှစ်ပုံတစ်ပုံ ($\frac{1}{8}$) ဖြစ်သော အမွေစုကိုသာရရှိသဖြင့် ယင်းအမွေစု၏ သုံးပုံတစ်ပုံကိုသာလျှင် သေတမ်းစာ ဖြင့်စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ ဦးဒါဝတ်ကျန်ရစ်သော အမွေပစ္စည်းတစ်ရပ်လုံးကို သေတမ်းစာဖြင့် ပေးပိုင်ခွင့်မရှိပေ။ ဒေါ်အေးရှင်သည် ဥပဒေအရ ၎င်းခံစားခွင့်ရှိသော အမွေစုကိုသာ သေတမ်းစာဖြင့် စီမံခန့်ခွဲခဲ့ခြင်း မဟုတ်ဘဲ ပစ္စည်းတစ်ရပ်လုံးကို စီမံခန့်ခွဲခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်သည် ဟု မဆိုနိုင်ချေ။

မူလရုံးတရားလို ဒေါ်ချိုတူးအနေဖြင့် ၎င်းသည် မိထွေးဖြစ်သူပိုင်ပစ္စည်း တွင် ခံစားနိုင်ခွင့် တစ်စုံတစ်ရာမရှိပေ။ ဖခင်ဖြစ်သူ၏ ပစ္စည်းပေါ်တွင်သာ ပုံသေဆက်ခံသူ သမီးတစ်ဦးအနေဖြင့် နှစ်ပုံထစ်ပုံ သို့မဟုတ် တစ်ဝက် ခံစားခွင့်ရှိမည်ဖြစ်သည်။ ထို့ကြောင့်တိုင်းတရားရုံးက အချင်းဖြစ်ပစ္စည်း တစ်ရပ်လုံး၏ သုံးပုံနှစ်ပုံ($\frac{2}{3}$) ခံစားခွင့်ရှိကြောင်း ဆုံးဖြတ်ထားသည်မှာ မှန်ကန်ခြင်းမရှိပေ။ ဒေါ်အေးရှင်အနေဖြင့်လည်း ၎င်းရရှိသည့် အချင်းဖြစ် ပစ္စည်း၏ ($\frac{1}{8}$) ကိုသာ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ မိုဟာမေဒင်ဥပဒေအရ သေတမ်းစာဖြင့် စီမံခန့်ခွဲလျှင် အမွေပစ္စည်း၏ ($\frac{1}{3}$) အတွက်သာ အကျိုးသက်ရောက်မှု ရှိသည်။ သို့ရာတွင် ဒေါ်အေးရှင်သည် သူမရရှိမည့် အမွေစုအားလုံးကို သေတမ်းစာဖြင့် စီမံခန့်ခွဲပါကလည်း ဒေါ်အေးရှင်၏ အမွေကို ဆက်ခံခွင့် ရှိသူများနှင့်သာ သက်ဆိုင်သည်။ ဒေါ်ချိုတူးနှင့်

သက်ဆိုင်မည် မဟုတ်ချေ။ ဒေါ်ချိုတူးသည် ဥပဒေအရ မိထွေးထံမှ အမွေဆက်ခံနိုင်ခွင့်ရှိသူမဟုတ်၍ ဖြစ်သည်။

အမွေမှုများတွင် အမှုသည်များမှာ အမွေဆိုင်ဖြစ်ပြီး စီမံခန့်ခွဲရန် အမွေပစ္စည်းကျန်ရစ်ပါက တရားရုံးသည် အမွေဆိုင်များ၏ အမွေစုများကို ဥပဒေနှင့်အညီသတ်မှတ်၍ ပဏာမဒီကရီချမှတ်ပြီး အမွေပစ္စည်းများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရမည်ဖြစ်သည်။ မည်သည့်ပစ္စည်းများသည် အမွေပစ္စည်းဖြစ်ကြောင်း၊ မည်သည့် ပစ္စည်းများသည် မည်သူ့ပိုင်ဖြစ်ကြောင်း ပဏာမဒီကရီမချမှတ်မီ တရားရုံးကစုံစမ်းစစ်ဆေးဆုံးဖြတ်ရန် မလိုပေဟု **ဟာဂျီသိန်း** နှင့် **ဟာဂျီအဗ္ဗဒူကလင်းအမှု**[၄] တွင် ဗဟိုတရားရုံး ကဆုံးဖြတ်လမ်းညွှန်ထားသည်။ သို့ဖြစ်ရာ အချင်းဖြစ်အိမ်နှင့် မြေသည် ကွယ်လွန်သူဦးဒါဝတ်(ခ) ဦးပုကြီး၏ အမွေပစ္စည်းဖြစ်သည်ဟု ထည့်သွင်း သုံးသပ်ဆုံးဖြတ်ထားသည်မှာ လုပ်ထုံးလုပ်နည်းအရ မှန်ကန်မှုမရှိပေ။ ပဏာမဒီကရီချမှတ်ရာတွင် တရားလိုသည် ကွယ်လွန်သူ၏ အမွေကို ဆက်ခံရရှိထိုက်သူ ဟုတ်- မဟုတ်နှင့် အကယ်၍ ဟုတ်ခဲ့လျှင်မည်သို့ သော အချိုးအစားဖြင့် သေသူ၏ အမွေကိုဆက်ခံထိုက်ကြောင်း များသာ ဖော်ပြရန်ဖြစ်သည်။

ထို့ကြောင့် ဤအယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြု၍ တိုင်းတရားရုံး က ဒေါ်တင်မြင့် (ခ) ဒေါ်ချိုတူးသည် ကွယ်လွန်သူ ဦးဒါဝတ်(ခ) ဦးပုကြီး၏ အမွေပုံမှ ဒေါ်အေးရှင်၏ အသုဘစရိတ်ငွေကျပ် ၃၀၀၀၀/- ကိုထုတ်နုတ်ပြီး ကျန်ဝေစု၏ $\frac{1}{3}$ ပုံခံစားခွင့်ရှိကြောင်း ချမှတ်ထားသည့် ပဏာမဒီကရီကို ပယ်ဖျက်လိုက်သည်။ ဒေါ်တင်မြင့် (ခ) ဒေါ်ချိုတူးသည် ကွယ်လွန်သူ ဦးဒါဝတ် (ခ) ဦးပုကြီး၏ အမွေပုံမှ ကွယ်လွန်သူ ဒေါ်အေးရှင်၏ အသုဘစရိတ်ငွေကျပ် ၃၀၀၀၀/- ကိုထုတ်နုတ်၍ ကျန်ဝေစု၏ $\frac{1}{2}$ပုံ ခံစားခွင့်ရှိကြောင်း ပဏာမဒီကရီကို စရိတ်နှင့်တကွ ပြင်ဆင်ချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀/- သတ်မှတ်သည်။

(၄) ၁၉၇၇ ခုနှစ် ဗဟိုတရားရုံး (မန္တလေး) တရားမပြင်ဆင်မှုအမှတ် ၂၀။

## တရားမ အထူးအယူခံမှု

### တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင့်နှင့် ဦးသန်းဖေတို့ရှေ့တွင်

ဒေါ်သန်းရီ
(ကွယ်လွန်သူ ဦးကျော်ဝင်း၏တရားဝင်ကိုယ်စားလှယ်)
နှင့်
ဒေါ်မြရီ ပါ-၄*

+ ၁၉၉၃
မေလ ၆
ရက်

**မိဘလက်ထက်က ဥပစာတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သူကို မိဘများကွယ်လွန်ပြီးနောက် အမွေဆက်ခံသူက ဆက်လက်၍ နေထိုင်ခွင့်ပြုခဲ့ပါသည်ဟု အတိအလင်းအဆိုပြု၍ စွဲဆိုသော အမှုတွင် ထိုသို့အမွေဆက်ခံသူက ဆက်လက်နေထိုင်ခွင့်ပြုကြောင်းနှင့် ပတ်သက်၍ သက်သေခံချက် ခိုင်မာထင်ရှားစွာ ပြသရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးကျော်ဝင်း၏ အဆိုလွှာ၌ ဒေါ်သိန်းကွယ်လွန်ပြီးနောက်၎င်းကတရားပြိုင်များအားဆက်လက်၍ အခမဲ့နေထိုင်ခွင့်ပြုထားသည်ဟု အတိအလင်း ဖော်ပြစွဲဆိုထားကြောင်း တွေ့ရသည်။ ယင်းသို့ဆိုလျှင် ဒေါ်သိန်းကွယ်လွန်သောအခါ ဒေါ်သိန်းခွင့်ပြုခဲ့သည့် အခမဲ့နေထိုင်ခွင့်မှာ ပြီးဆုံးသွားပြီး အမွေဆက်ခံသူ ဦးကျော်ဝင်းကထပ်မံ၍ အခမဲ့နေခွင့်ပြုထားသည်ဟုမှတ်ယူရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ထို့ကြောင့် မွေးစားမိခင်ဒေါ်သိန်းလက်ထက်က အခမဲ့နေထိုင်ခွင့်ပြုခဲ့သူကို ဒေါ်သိန်းကွယ်လွန်ပြီးနောက် အမွေဆက်ခံသူ ဦးကျော်ဝင်းက ဆက်လက်၍ အခမဲ့နေခွင့်ပြုထားခဲ့သည်ဟုအဓိက အဆိုပြုလျက် စွဲဆိုသည့် ယခုအမှုတွင် ဦးကျော်ဝင်းက ဆက်လက်နေထိုင်ခွင့်ပြုထားသည်ဆိုသောအချက်နှင့်ပတ်သက်၍ ခိုင်မာထင်ရှားစွာ သက်သေပြရန် လိုအပ်သည်။

---

* ၁၉၉၂ ခုနှစ် တရားမအထူးအယူခံအမှတ် ၃၅

\+ ၁၉၉၀ ပြည့်နှစ်တရားမပထမအယူခံမှုအမှတ် ၅၃၂တွင်ချမှတ်သော(၃၀-၅-၉၁) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု။

၁၉၉၃
ဒေါ်သန်းရီ
(ကွယ်လွန်သူ
ဦးကျော်ဝင်း၏
တရားဝင်
ကိုယ်စားလှယ်)
နှင့်
ဒေါ်မြရီ
ပါ-၄

အယူခံတရားလိုအတွက် – ဦးသန်းအောင်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက် – ဦးကျား၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး ၁၉၈၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၂ တွင် တရားလို ဦးကျော်ဝင်းက တရားပြိုင် ဒေါ်မြရီ၊ ဒေါ်မြသွင်၊ ကိုသောင်းနှင့် မအမာစိန်တို့လေးဦးအပေါ်၌ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ သက်န်းကျွန်းလမ်း၊ အိမ်အမှတ် ၇၁ အောက်ထပ်ဥပစာမှ ခွင့်ပြုချက်ဖြင့် အခမဲ့ထားသူအားနှင်ထုတ်ပေးစေလိုမှုစွဲဆိုရာ စွဲဆိုသည့်အတိုင်းအနိုင်ဒီကရီ ရရှိသည်။ အမှုအတွင်း တရားလို ဦးကျော်ဝင်းကွယ်လွန်သွားသဖြင့် ဇနီး ဖြစ်သူ ဒေါ်သန်းရီက တရားဝင်ကိုယ်စားလှယ်အဖြစ်ပါဝင်ဆောင်ရွက်သည်။ တိုင်းတရားရုံး၏ ဒီကရီကို မကျေနပ်၍ တရားပြိုင်ဒေါ်မြရီပါ ၄ဦးတို့က တရားရုံးချုပ်သို့ ၁၉၉၀ ပြည့်နှစ် တရားမ ပထမအယူခံမှုအမှတ် ၅၃၂ အရ ဝင်ရောက်သောအခါ အယူခံကိုခွင့်ပြုပြီး တိုင်းတရားရုံး၏အမိန့်နှင့် ဒီကရီကိုပယ်ဖျက်၍ တရားလိုဦးကျော်ဝင်းစွဲဆိုသော အမှုကိုပလပ်သည်။ ယင်းကဲ့သို့ချမှတ်သော တရားရုံးချုပ်၏ အမိန့်နှင့်ဒီကရီအပေါ်၌ ကွယ်လွန်သူ ဦးကျော်ဝင်း၏ တရားဝင်ကိုယ်စားလှယ်ဒေါ်သန်းရီက တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရတရားရုံးချုပ်၌ အထူးအယူခံဝင်ခွင့်ပြုရန်လျှောက်ထား သောအခါ အောက်ပါပြဿနာအား စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်နိုင်ရန် အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သောကြောင့် ဤအထူးအယူခံမှု ပေါ်ပေါက် လာခြင်းဖြစ်သည်–

**စုံညီခုံရုံးဖြင့်ကြားနာဆုံးဖြတ်ရန်ပြဿနာ**

" မိဘလက်ထက်က ဥပစာတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သူကိုမိဘများ ကွယ်လွန်ပြီးနောက် အမွေဆက်ခံသူက ဆက်လက်နေထိုင်ခွင့်ပြုခဲ့ရာတွင် ထိုကဲ့သို့ အမွေဆက်ခံသူက ဆက်လက်နေထိုင်ခွင့်ပြုကြောင်းအတိအလင်းသက်သေခံချက်ရှိရန် လိုမလို" ဟူ၍ဖြစ်သည်။

မူလရုံး အမှုတွဲရှိ အဆိုအချေနှင့်ပေါ်ပေါက်သည့်သက်သေခံချက်များအရ အမှုဖြစ်စဉ်မှာ အောက်ပါအတိုင်းဖြစ်သည်–

အချင်းဖြစ်ဥပစာတည်ရှိသော တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက် သက်န်းကျွန်းလမ်း၊ အိမ်အမှတ် ၇၁ မှာ ကွယ်လွန်သူ ဒေါ်သိန်းပိုင်သည့် အိမ်ဖြစ်ကြောင်း၊ ဒေါ်သိန်းရှိစဉ်ကပင် တရားပြိုင်များမှာ ဒေါ်သိန်းနှင့် အတူနေထိုင်သူများဖြစ်ကြောင်း၊ ဒေါ်မြရီသည် ဒေါ်သိန်း၏ညီမဖြစ်ပြီး မြသွင်နှင့် မအမာစိန်တို့မှာ ဒေါ်မြရီ၏သမီးများဖြစ်ကြောင်း၊ တရားလို

၁၉၉၃
ဒေါ်သန်းရီ
(ကွယ်လွန်သူ
ဦးကျော်ဝင်း၏
တရားဝင်
ကိုယ်စားလှယ်)
နှင့်
ဒေါ်မြရီ
ပါ-၄

ဦးကျော်ဝင်းသည် ဒေါ်သိန်း၏ကိတ္တိမမွေးစားသားဖြစ်ကြောင်း၊ ထို့ကြောင့် ဒေါ်သိန်းကွယ်လွန်သောအခါ အချင်းဖြစ်အိမ်အား ကိတ္တိမမွေးစားသားဖြစ်သူ ဦးကျော်ဝင်းက အမွေရဆက်ခံပိုင်ဆိုင်ကြောင်း၊ တရားပြိုင်များအား ဦးကျော်ဝင်းက ဆက်လက်၍ အခမဲ့ထားခဲ့ကြောင်း၊ အလိုရှိသောအခါ ဖယ်မပေးသဖြင့် တရားစွဲဆိုကြောင်း ပေါ်ပေါက်သည်။

မူလတိုင်းတရားရုံး၏ စီရင်ချက်တွင် ဒေါ်သိန်းကွယ်လွန်ပြီးနောက် ဦးကျော်ဝင်းက တရားပြိုင်များအား ဆက်လက်၍ အခမဲ့ခွင့်ပြုချက်ဖြင့် နေခွင့်ပြုသည်ဆိုခြင်း မမှန်ကြောင်း၊ ဗုဒ္ဓဘာသာကိုးကွယ်သူ ဒေါ်သိန်း ကွယ်လွန်သောအခါ သားသမီးအရင်းအချာ မကျန်ရစ်ဘဲ ဒေါ်သိန်း၏ ကိတ္တိမမွေးစားသား ဦးကျော်ဝင်းသာကျန်ရှိသဖြင့် အချင်းဖြစ် ဥပစာနှင့်တကွ ဥပစာနှင့်စပ်လျဉ်းသည့်အခွင့်အရေးအားလုံးကို ဦးကျော်ဝင်းက ဆက်ခံကြောင်း၊ ဒေါ်သိန်းက တရားပြိုင်များအား အခမဲ့နေခွင့်ပေးထားခဲ့သည့် ခွင့်ပြုချက်ကိုလည်း ဦးကျော်ဝင်းက ဆက်ခံကြောင်း၊ ထို့ကြောင့် ဦးကျော်ဝင်းအနေဖြင့် တရားပြိုင်များအား အခမဲ့ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းပြီး ဖယ်ရှားပေးစေရန် တရားစွဲဆိုခွင့်ရှိကြောင်း သုံးသပ်လျက် ဦးကျော်ဝင်း စွဲဆိုသည့်အတိုင်းအနိုင်ဒီကရီချမှတ်ပေးသည်။

ပထမအယူခံတရားရုံးချုပ်၏ စီရင်ချက်၌ ဒေါ်သိန်းကွယ်လွန်ချိန်တွင် ဒေါ်သိန်း၏ခွင့်ပြုချက်အရ နေထိုင်ခြင်းမှာ ရပ်စဲသွားကြောင်း၊ ဦးကျော်ဝင်း အဆိုအရ ၎င်းကဆက်လက်၍ အခမဲ့နေခွင့်ပေးထားသည်ဟုပေါ်ပေါက်သော်လည်း ယင်းအချက်နှင့်ပတ်သက်၍ သက်သေထင်ရှားပြသနိုင်ခြင်းမရှိကြောင်း၊ သို့သော် မူလရုံးသည် ဒေါ်သိန်း၏ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့သည်ဆိုသောအချက်ကိုနောက်ကြောင်းပြန်ကောက်ယူကာဒေါ်သိန်းကွယ်လွန်ချိန်၌ ကိတ္တိမသားဖြစ်သူ ဦးကျော်ဝင်းက ဒေါ်သိန်းအားဆက်ခံသူအနေဖြင့် နှင်ပိုင်ခွင့်ရှိသည်ဟု မူလရုံးမှသုံးသပ်ခြင်းမှာ နည်းလမ်းမမှန်ကြောင်း၊ ဦးကျော်ဝင်းအနေဖြင့် တရားပြိုင်များအား အခမဲ့နေခွင့်ပြုခဲ့သည်ဆိုသော အချက်ကို ခိုင်မာထင်ရှားစွာသက်သေမပြနိုင်သဖြင့် ၎င်းစွဲဆိုသောအမှုမှာ အောင်မြင်ရန်အကြောင်းမရှိဟု သုံးသပ်ဆုံးဖြတ်သည်။

အချင်းဖြစ် ဥပစာတည်ရှိရာ အိမ်မှာ ကွယ်လွန်သူ ဒေါ်သိန်းပိုင်သော အိမ်ဖြစ်သည်။ အငြင်းမပွားပေ။ ဒေါ်သိန်းက ၎င်းမသေမီ ဦးကျော်ဝင်းအား မှတ်ပုံတင်စာချုပ်ဖြင့် ကိတ္တိမ မွေးစားသားအဖြစ် မွေးစားခဲ့သဖြင့် ဦးကျော်ဝင်းသည် ဒေါ်သိန်း၏ကိတ္တိမသားဖြစ်သည်။ ကိတ္တိမမွေးစားစာချုပ်

၁၉၉၃
ဒေါ်သန်းရီ
(ကွယ်လွန်သူ
ဦးကျော်ဝင်း၏
တရားဝင်
ကိုယ်စားလှယ်)
နှင့်
ဒေါ်မြရီ
ပါ-၄

ကို ပယ်ဖျက်ပြီးပြီဟု တရားပြိုင်များဘက်မှ ချေပသော်လည်း တရားဝင် ပယ်ဖျက်ခြင်း မရှိသေးကြောင်းသက်သေခံချက်များအရ ထင်ရှားပေါ်ပေါက်သည်။ ထို့ကြောင့် ဦးကျော်ဝင်းသည် ဒေါ်သိန်း၏ကိတ္တိမမွေးစားသား ဖြစ်သည်။ ဒေါ်သိန်း၌ တခြားသားရင်းသမီးရင်းရှိကြောင်းမပေါ်ပေါက်သဖြင့် ဒေါ်သိန်း၏အမွေကို ဆက်ခံသူဖြစ်သည်။ သို့သော် ဦးကျော်ဝင်း၏ အဆိုလွှာ၌ ဒေါ်သိန်းကွယ်လွန်ပြီးနောက် ၎င်းက တရားပြိုင်များအား ဆက်လက်၍ အခမဲ့နေခွင့်ပြုထားသည်ဟု အတိအလင်း ဖော်ပြစွဲဆိုထားကြောင်း တွေ့ရသည်။ ယင်းသို့ဆိုလျှင် ဒေါ်သိန်း ကွယ်လွန်သောအခါ ဒေါ်သိန်းခွင့်ပြုခဲ့သည့် အခမဲ့နေထိုင်ခွင့်မှာ ပြီးဆုံးသွားပြီး အမွေဆက်ခံသူ ဦးကျော်ဝင်းက ထပ်မံ၍အခမဲ့နေခွင့်ပြုထားသည်ဟု မှတ်ယူရမည်ဖြစ်သည်။ ဦးကျော်ဝင်းအနေဖြင့် ၎င်းက ထပ်မံ၍ အခမဲ့နေခွင့်ပြုထားသည်ဆိုသည့် အချက်နှင့် ပတ်သက်၍ ခိုင်မာထင်ရှားစွာ သက်သေတင်ပြနိုင်ခြင်းမရှိကြောင်း တွေ့ရသည်။ တစ်နည်းအားဖြင့်ဆိုလျှင် မူလရုံးတရားပြိုင်များသည် မူလရုံးတရားလို ဦးကျော်ဝင်း၏ အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်သည်ဟု ပေါ်ပေါက်ခြင်းမရှိပေ။ ဦးကျော်ဝင်းအနေဖြင့် မိမိ၏ အဓိကအဆိုပြုချက်အား ခိုင်မာထင်ရှားစွာ သက်သေပြသနိုင်ခြင်းမရှိသောကြောင့် ၎င်းစွဲဆိုသော အမှုမှာ အောင်မြင်ရန်အကြောင်းမရှိပေ။ ထို့ကြောင့် မွေးစားမိခင် ဒေါ်သိန်းလက်ထက်က အခမဲ့နေထိုင်ခွင့်ပြုခဲ့သူကို ဒေါ်သိန်းကွယ်လွန်ပြီးနောက် အမွေဆက်ခံသူ ဦးကျော်ဝင်းက ဆက်လက်၍ အခမဲ့နေခွင့်ပြုထားခဲ့သည်ဟု အဓိကအဆိုပြုလျက် စွဲဆိုသည့်ယခုအမှုတွင် ဦးကျော်ဝင်းက ဆက်လက်နေထိုင်ခွင့်ပြုထားသည်ဆိုသော အချက်နှင့်ပတ်သက်၍ ခိုင်မာထင်ရှားစွာ သက်သေပြရန်လိုအပ်သည်ဟု ယခုကြားနာသည့်ပြဿနာအား ဖြေဆိုလိုက်သည်။ တရားရုံးချုပ် ပထမအယူခံ၌ ချမှတ်ထားသော အမိန့်နှင့်ဒီကရီကို အတည်ပြု၍ ယခုအထူးအယူခံမှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ်၁၀၀၀/- သတ်မှတ်သည်။

## တရားမ ပထမအယူခံမှု

## တရားရုံးချုပ် တရားသူကြီး ဦးကျော်ဝင်းရွှေ့တွင်

ဒေါ်သန်းသန်းဌေး
နှင့်
ဒေါ်မေတိုး ပါ-၃*

+ ၁၉၉၃
ဖေဖော်ဝါရီလ
၁၉ ရက်

**အချင်းဖြစ်မြေကွက်ကို မှတ်ပုံတင်ခြင်းမရှိသော အရပ်စာချုပ်ဖြင့် ဝယ်ယူသူသည် တရားဝင် ပိုင်ဆိုင်မှုကို မရရှိသောကြောင့် ထိုသူက မူလပိုင်ရှင်အား အစမဲ့ခွင့်ပြုချက်ဖြင့် ထားပါသည်ဟု အဆိုပြုခြင်းကို လက်မခံနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားလို ဒေါ်သန်းသန်းဌေးသည်လည်း အချင်းဖြစ်မြေကွက်ကို ဒေါ်မေတိုးတို့ထံမှ ဝယ်ယူရာတွင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ထားခြင်း မရှိသဖြင့် အရောင်းအဝယ် အထမမြောက်သည့်အလျောက် ဒေါ်သန်းသန်းဌေးသည် အချင်းဖြစ် မြေကွက်၏ ပိုင်ရှင်အဖြစ်သို့ မရောက်နိုင်ပေ။ အချင်းဖြစ်မြေကွက်မှာ ဒေါ်မေတိုးတို့ ပိုင်သဖြင့် ဆက်လက်တည်ရှိနေသည့်အလျောက် ဒေါ်မေတိုးတို့သည် ဒေါ်သန်းသန်းဌေး၏ခွင့်ပြုချက်ဖြင့် အချင်းဖြစ်မြေတွင် နေထိုင်ခြင်းမဟုတ်ဘဲ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့အနေနှင့် နေခြင်းသာ ဖြစ်ပေသည်။

အယူခံတရားလိုအတွက် — ဒေါ်နုနုအောင်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက် — ကိုယ်တိုင် (မလာ)

ပဲခူးတိုင်း တရားရုံး ၁၉၉၂ ခုနှစ် တရားမကြီးမှု အမှတ် ၄ (ပဲခူးမြို့နယ်စု) တွင် အယူခံတရားလို ဒေါ်သန်းသန်းဌေးက အယူခံတရားပြိုင်များဖြစ်ကြသည့် ဒေါ်မေတိုး၊ ဦးဘဦးနှင့် ဒေါ်ကြွေတို့ ၃ ဦးအပေါ် အခွင့်အမိန့်အရ နေထိုင်သူအား ဖယ်ရှားပေးစေလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက ဒေါ်သန်းသန်းဌေးစွဲဆိုသည့်အမှုကိုပလပ်လိုက်သဖြင့်ဒေါ်သန်းသန်းဌေးက

---

* ၁၉၉၂ ခုနှစ် တရားမ ပထမယူခံမှုအမှတ် ၂၉၉

\+ ၁၉၉၂ ခုနှစ်တရားမကြီးမှု အမှတ် ၄ တွင်ချမှတ်သော(၂၉-၁၀-၉၂) ရက်စွဲပါ ပဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၉၃
ဒေါ်သန်းသန်းဌေးနှင့် ဒေါ်မေတိုး ပါ-၃

တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သောကြောင့် တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

ပဲခူးမြို့ နန်းတော်ရာရပ်ကွက်၊ (ယခင် မြို့တွင်း အရှေ့-ခ ရပ်ကွက်၊ ဥဿာသီရိ ၆ လမ်း) မြေကွက်အမှတ် ၁၂၁၆ မှ အလျား ပေ ၆၀ x အနံ ပေ ၄၀ အကျယ်အဝန်းရှိ မြေကွက်ကို ဒေါ်မေတိုး၊ ဦးဘဦးနှင့် ဒေါ်ကြွေ တို့ ပိုင်ဆိုင်သည်။ ယင်းမြေကွက်ကို ဒေါ်သန်းသန်းဌေးက ဒေါ်မေတိုး တို့ထံမှ တန်ဘိုး ငွေကျပ် ၂၂၀၀/- ဖြင့် ဝယ်ယူခဲ့သည်။

မြေကွက်အရောင်းအဝယ် ကတိစာချုပ်ပြုလုပ်စဉ် ဒေါ်မေတိုးက သူနှင့် သူ၏မိဘများ ဖြစ်သော ဦးဘဦးနှင့် ဒေါ်ကြွေတို့အား လူမှုရေးအရ အချင်းဖြစ်မြေကွက်တွင် ၃၀-၉-၉၁ နေ့အထိ ဆက်လက်နေထိုင်ခွင့်ပြုရန် ခွင့်တောင်းသဖြင့် တရားလိုက အခကြေးငွေ လုံးဝမယူဘဲ နေထိုင်ခွင့် ပြုခဲ့ကြောင်း၊ ခွင့်ပြုရက် ကုန်ဆုံးသည့် ၃၀-၉-၉၁ နေ့တွင် တရားပြိုင်များက ဖယ်ရှားပေးခြင်းမပြုကြောင်း အဆိုပြုပြီး ဒေါ်သန်းသန်းဌေးက တရားစွဲဆိုသည်။

တရားပြိုင်တို့က အချင်းဖြစ် ခြံမြေမှာ အမှတ် (၂) နှင့် အမှတ် (၃) တရားပြိုင်များပိုင်သော ခြံမြေဖြစ်ကြောင်း၊ ၈-၁၀-၉၀ နေ့က အမှတ်(၁) တရားပြိုင် ဒေါ်မေတိုးက တရားလိုထံမှ ငွေကျပ် ၁၀၀၀/-ကို အတိုးဖြင့် ချေးယူခဲ့ရာ တရားလိုအား ခြံမြေအရောင်းအဝယ်စာချုပ်တစ်ခုကို ဟန်ဆောင်ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုက (၁) တရားပြိုင်နှင့် မိသားစုအား အခွင့်အမိန့်ဖြင့် ထားသယောင် ထည့်သွင်းချုပ်ဆိုခဲ့ခြင်း ဖြစ်ကြောင်း၊ အမှတ် (၂) နှင့် အမှတ် (၃) တရားပြိုင်တို့က အချင်းဖြစ် အိမ်နှင့်မြေကို အမှန်တကယ် ပိုင်ဆိုင်ပြီး လက်ရှိနေထိုင်သူများဖြစ်သည့် အတွက် အခွင့်အမိန့်နှင့် နေသူအား နှင်ထုတ်ရန် အကြောင်းမပေါ်ပေါက် ကြောင်း ချေပကြသည်။

တိုင်းတရားရုံးက အမှတ် (၁) တရားပြိုင်သည် အချင်းဖြစ်မြေကွက် တွင် မူလကပင် နေထိုင်ခဲ့သူဖြစ်ကြောင်း၊ တရားလိုသည် အချင်းဖြစ် မြေကွက်ကို မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခြင်းမဟုတ်၍ ဥပဒေနှင့်အညီ ပိုင်ဆိုင်သူမဟုတ်ကြောင်း၊ ထို့ကြောင့် တရားပြိုင်တို့သည် တရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းမဟုတ်ကြောင်း ဆုံးဖြတ်သည်။

အယူခံတရားလို၏ ရှေ့နေက အခွင့်အမိန့်အရ နေထိုင်သူအား ဖယ်ရှားစေလိုမှုတွင် ဝယ်ယူပိုင်ဆိုင်ခြင်းမှာ အဓိကမကျဘဲ တိုင်းတရားရုံး

၁၉၉၃
ဒေါ်သန်းသန်း
ဌေးနှင့်
ဒေါ်မေတိုး
ပါ-၃

က အယူခံတရားလိုသည် တရားဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်သည် ဆိုသောအချက်မှာ ပေါ်လွင်ခြင်းမရှိဟု ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ များစွာလွဲမှားကြောင်း တင်ပြလျှောက်ထားသည်။

အချင်းဖြစ်မြေကွက်ကို မူလက တရားပြိုင် ဒေါ်မေတိုးတို့ ပိုင်ဆိုင်ကြောင်း အငြင်းမပွားချေ။ တရားလို ဒေါ်သန်းသန်းဌေးက အချင်းဖြစ်မြေကွက်ကို ဒေါ်မေတိုးထံမှ စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ကြောင်း ထွက်ဆိုသော်လည်း ယင်းစာချုပ်ကို မှတ်ပုံမတင်ရသေးသဖြင့် တရားရုံးက သက်သေခံအဖြစ်ပင် လက်ခံခဲ့ခြင်းမရှိပေ။

**ဒေါ်ကျင်သန်းနှင့် ဒေါ်မေမေစိန် ပါ၃**[(၁)] အမှုတွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်ကို တွေ့နိုင်သည်-

"ဤအမှုတွင် အချင်းဖြစ်အိမ်မှာ မူလက ဒေါ်မေမေစိန်ပိုင်ဖြစ်ကြောင်း အငြင်းမပွားပေ။ ဒေါ်ကျင်သန်းက ယင်းအိမ်ကို သက်သေခံ(က) စာချုပ်အရ ဝယ်ယူပြီး ဒေါ်မေမေစိန်အား ယင်းအိမ်၌ ခေတ္တနေခွင့် ပြုခဲ့ကြောင်း ထွက်ဆိုသည်။ သက်သေခံ (က) အရောင်းအဝယ် စာချုပ် ကို မှတ်ပုံတင်ထားခြင်း မရှိသဖြင့် အရောင်းအဝယ် အထမမြောက်သည့်အလျောက် ဒေါ်ကျင်သန်းသည် အချင်းဖြစ် အိမ်၏ပိုင်ရှင်အဖြစ်သို့ မရောက်ရှိနိုင်ပေ။ အချင်းဖြစ်အိမ်မှာ ဒေါ်မေမေစိန်ပိုင်အဖြစ် ဆက်လက် တည်ရှိနေသည့်အလျောက် ဒေါ်မေမေစိန်သည် ဒေါ်ကျင်သန်း၏ အခွင့်အမိန့်အရ ယင်းအိမ်၌ နေထိုင်ခြင်းမဟုတ်ဘဲ ဆိုင်ရေးဆိုင်ခွင့် ရှိသူတစ်ဦးအဖြစ်ဖြင့် နေထိုင်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။ သို့ဖြစ်ရာ ဒေါ်ကျင်သန်း စွဲဆိုသောအမှုမှာ အောင်မြင်ရန် အကြောင်းမရှိပေ။"

ဤဥပဒေသဘောကို **ဒေါ်သောင်းစိန်နှင့် ဒေါ်ကြည်**[(၂)] အမှုတွင်လည်း တွေ့မြင်နိုင်သည်။

တရားလို ဒေါ်သန်းသန်းဌေးသည်လည်း အချင်းဖြစ်မြေကွက်ကို ဒေါ်မေတိုးတို့ထံမှ ဝယ်ယူရာတွင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ထားခြင်း မရှိသဖြင့် အရောင်းအဝယ် အထမမြောက်သည့်အလျောက် ဒေါ်သန်းသန်းဌေးသည် အချင်းဖြစ်မြေကွက်၏ ပိုင်ရှင်အဖြစ်သို့ မရောက်

---

(၁) ၁၉၈၃ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ-၆

(၂) ၁၉၈၄ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ-၃၄

၁၉၉၃
ဒေါ်သန်းသန်း
ဌေးနှင့်
ဒေါ်မေတိုး
ပါ-၃

နိုင်ပေ။ အချင်းဖြစ်မြေကွက်မှာ ဒေါ်မေတိုးတို့ ပိုင်သဖြင့် ဆက်လက်တည်ရှိနေသည့်အလျောက် ဒေါ်မေတိုးတို့သည် ဒေါ်သန်းသန်းဌေး၏ ခွင့်ပြုချက်ဖြင့် အချင်းဖြစ်မြေတွင် နေထိုင်ခြင်းမဟုတ်ဘဲ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့အနေနှင့် နေခြင်းသာ ဖြစ်ပေသည်။

တိုင်းတရားရုံးက ဒေါ်မေတိုးတို့သည် ဒေါ်သန်းသန်းဌေး၏ အခွင့်အမိန့်အရ နေထိုင်ခြင်းမဟုတ်ကြောင်း ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုပြီး ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

## တရားမ အထူးအယူခံမှု

### တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးထင်ထွတ်နိုင်တို့ရှေ့တွင်

ဒေါ်အေးတင် ပါ-၂

နှင့်

ဦးခေးဝှက် (ခ) ဦးစိန်တင် *

+၁၉၉၃
နိုဝင်ဘာလ
၁၁ ရက်

**ဘီနာမိ(စ) အမည်ငှားဖြင့် ဝယ်ယူခြင်း ဟုတ်မဟုတ် စိစစ်ဆုံးဖြတ်ရာတွင် အမှုဖြစ်စဉ်အပေါ်၌ အခြေခံ၍ ဆုံးဖြတ်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။ပစ္စည်းတစ်ခုကို ဝယ်ယူရာ၌ အမည်ငှားဖြင့် ဝယ်ယူခြင်း ဟုတ်မဟုတ်ဆိုသည့် အချက်မှာ အကြောင်းခြင်းရာ ပြဿနာဖြစ်သည်။ **ဒေါ်မြမြဝင်း** အမှုစီရင်ထုံးအရ ဘီနာမိ အမည်ငှား ဟုတ်မဟုတ်ဆိုသော အချက်ကို စိစစ်ရာတွင် အခြေခံရမည့် လမ်းညွှန်ချက်များမှာလည်း အကြောင်းခြင်းရာများပင်ဖြစ်သည်။ ထို့ကြောင့် ပစ္စည်းတစ်ခုကို ဝယ်ယူရာ၌ အမည်ငှားဖြင့် ဝယ်ယူခြင်းဟုတ်မဟုတ်ဆိုသောအချက်ကို ဆုံးဖြတ်ရာတွင် အမှုဖြစ်စဉ်အပေါ်၌ အခြေခံ၍ စဉ်းစားဆုံးဖြတ်ရမည်သာ ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဦးလုံထော်သည် မိမိနေထိုင်ရာ မအူပင်ခရိုင်၊ စစ်ချောင်းကျေးရွာ မီးလောင်ရာ၌ နေအိမ်ပါသွားခြင်းကြောင့် ဒုက္ခရောက်ပြီး ရန်ကုန်သို့ ပြောင်းရွှေ့လာခြင်း၊ ရောက်လျှင် ရောက်ခြင်း သားဖြစ်သူ ဦးခေးဝှက်ထံ၌ ခေတ္တနေထိုင်ရခြင်း၊ ၎င်းနောက် ယခုအချင်းဖြစ်အိမ်နှင့် မြေကို ဝယ်ယူနေထိုင်ခြင်း၊ ထိုသို့ ဝယ်ယူရာ၌ ဦးလုံထော်၏ အမည်ငှားဖြင့် သားဖြစ်သူ ဦးခေးဝှက်ပိုင်ငွေဖြင့် ဝယ်ယူကြောင်း သက်သေခံချက်ခိုင်မာစွာ မပေါ်ပေါက်ခြင်း၊ ရောင်းသူ ဦးစံရင်က မြေနှင့် အိမ်ဝယ်ရာ၌ ငွေပေးချေသူမှာ ဦးခေးဝှက်ဖြစ်ကြောင်း၊ စာချုပ်၌ ဦးခေးဝှက်က သူ့ဖခင်

---

* ၁၉၉၂ ခုနှစ် တရားမအထူးအယူခံအမှတ် ၅၁

\+ ၁၉၉၀ ပြည့်နှစ်တရားမပထမအယူခံအမှတ် ၃၃၅တွင်ချမှတ်သော(၂၅-၄-၉၁) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံ လျှောက်ထားမှု

၁၉၉၃
ဒေါ်အေးတင်
ပါ-၂
နှင့်
ဦးခေးဝှက်
(ခ)
ဦးစိန်တင်

ဦးလုံထော်အမည်ဖြင့် ချုပ်ဆိုခိုင်းကြောင်း၊ ဂရန် အစရှိသော စာချုပ်စာတမ်းများကို ဦးခေးဝှက်လက်သို့ ပေးအပ်လိုက်ကြောင်း သက်သေခံချက် အတိအကျ ပေါ်ပေါက်သည်။ ဤသက်သေခံချက်များကို အထောက်အထားပြု၍ မူလတိုင်းတရားရုံးနှင့် ပထမအယူခံ တရားရုံးချုပ်တို့မှ ဦးလုံထော်မှာ အမည်ငှားသာဖြစ်ကြောင်း၊ အမှန်တကယ် ငွေပေးချေ၍ ဝယ်သူမှာ ဦးခေးဝှက်ဖြစ်ကြောင်း **ဒေါ်မြမြဝင်းအမှုစီရင်ထုံးပါ** လမ်းညွှန်ချက်များကို အထောက်အထားပြုလျက် စီရင်ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုများအတွက် - ဦးထွန်းရွှေ၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးအုံးမောင်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး၊ ၁၉၈၇ ခုနှစ် တရားမကြီးမှု အမှတ် ၄၂၆ (တာမွေ) တွင် တရားလို ဦးခေးဝှက်(ခ) ဦးစိန်တင်က တရားပြိုင် ဒေါ်အေးတင်နှင့် ဦးကျင်စိန်တို့အပေါ်၌ မိမိသည် တာမွေတိုက်နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃စ-၁၊ မြေကွက်အမှတ် ၁၃၃ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အမှတ်(၁၉)၊ သြဘာလမ်း၊ တာမွေမြို့နယ်ဟု ခေါ်တွင်သည့် အိမ်၏ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးသည်။ တိုင်းတရားရုံး၏ စီရင်ချက်တွင် အချင်းဖြစ်မြေကွက်နှင့် အိမ်မှာ ဦးလုံထော်၏အမည်နှင့် ရှိလင့်ကစား ထိုပစ္စည်းသည် ဦးလုံထော်၏ သားဖြစ်သူ ဦးခေးဝှက်က ဖခင်ဖြစ်သူ ဦးလုံထော်၏ အမည်ငှားဖြင့် ဝယ်ထားသည့်ပစ္စည်းဖြစ်ကြောင်း၊ အိမ်နှင့်မြေတန်ဖိုးကို ဦးခေးဝှက်၏ ငွေဖြင့် ပေးချေထားခြင်းဖြစ်ကြောင်း၊ အချင်းဖြစ် ဥပစာနှင့် သက်ဆိုင်သော စာရွက်စာတမ်းများသည် ဦးခေးဝှက်လက်ဝယ်၌ အစဉ်တစိုက် ရှိနေခဲ့ကြောင်း ကောက်ယူသုံးသပ်လျက် ဦးခေးဝှက်သည် အချင်းဖြစ်မြေနှင့် အိမ်၏ပိုင်ရှင်ဖြစ်သည်ဟု မြွက်ဟကြေညာသည့် ဒီကရီချမှတ်ပေးခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ရန်ကုန်တိုင်း တရားရုံး၏ ဒီကရီကို ဒေါ်အေးတင်နှင့် ကိုကျင်စိန်တို့က မကျေနပ်၍ တရားရုံးချုပ်သို့ ပထမအယူခံမှုအမှတ် ၃၃၅/၉၀ အရ ဝင်ရောက်သောအခါ တရားရုံးချုပ်က တိုင်းတရားရုံး၏အမိန့်နှင့် ဒီကရီကို အတည်ပြု၍ ဒေါ်အေးတင်တို့၏ အယူခံကို ပလပ်သည်။ တရားရုံးချုပ်၏ စီရင်ချက်၌ အချင်းဖြစ်မြေနှင့် အိမ်ကို တန်ဖိုးငွေကျပ် ၁၅၀၀/-ဖြင့် ဦးခေးဝှက်က သူ၏ဖခင် ဦးလုံထော်၏အမည်ဖြင့် စာချုပ်

၁၉၉၃
ဒေါ်အေးတင်
ပါ–၂
နှင့်
ဦးခေးဝှက်
(ခ)
ဦးစိန်တင်

ချုပ်၍ ဝယ်ယူသည်ဆိုသောအချက် မှန်ကန်ကြောင်း၊ အမှန်ဝယ်သူမှာ ဦးခေးဝှက်သာဖြစ်ကြောင်း၊ အရောင်းအဝယ်စာချုပ်နှင့် ဂရန်ကို ရောင်းသူ ဦးစံရင်က ဦးခေးဝှက်သို့ ပေးအပ်ခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ ဦးခေးဝှက် က သူ့ဖခင် ဦးလုံထော်၏အမည်ငှားဖြင့် ဝယ်ယူခဲ့သည်ဆိုခြင်း မှန်ကန်ကြောင်း သုံးသပ်လျက် တိုင်းတရားရုံး၏အမိန့်နှင့် ဒီကရီကို အတည် ပြုကြောင်း ဆုံးဖြတ်သည်။

တရားရုံးချုပ် ပထမအယူခံတွင် ချမှတ်ထားသော အမိန့်နှင့် ပတ်သက်၍ ဒေါ်အေးတင်နှင့် ကိုကျင်စိန်တို့က တဖန် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံ ဝင်ခွင့်ပြုရန် လျှောက်ထားသောအခါ အောက်ပါ ပြဿနာအား စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်နိုင်ရန်အလို့ငှာ အထူးအယူခံ ဝင်ခွင့်ပြုခဲ့သောကြောင့် ဤအထူးအယူခံမှု ပေါ်ပေါက်လာခြင်း ဖြစ်သည်–

**စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် ပြဿနာ**

" ဖခင်ဖြစ်သူ ဦးလုံထော်သည် သားဖြစ်သူ ဦးခေးဝှက်၏ အမည် ငှားဖြစ်ကြောင်း ကောက်ယူရာတွင် **ဒေါ်အစုရာဘီ (ခ) ဒေါ်ချစ် တီးယားနှင့် ဒေါ်ဖာတူး(ခ) ဒေါ်မြမြဝင်းအမှု**[၁] စီရင်ထုံး၌ လမ်းညွှန် ထားသည့်မှုများအပေါ်တွင်သာ အခြေခံဆုံးဖြတ်ခြင်းသည် ပြည့်စုံ လုံလောက်မှု ရှိမရှိ" ဟူ၍ဖြစ်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်–

မူလရုံး တရားလိုဦးခေးဝှက် (ခ) ဦးစိန်တင်၏ဖခင်မှာ ဦးလုံထော် (ကွယ်လွန်)ဖြစ်သည်။ ဦးလုံထော်နှင့် ဇနီး ဒေါ်လှတို့တွင် သားနှစ်ယောက် နှင့် သမီးတစ်ယောက် မွေးဖွားခဲ့ရာ သမီးဖြစ်သူမှာ ငယ်စဉ်ကပင် ကွယ်လွန်သွားသည်။ သားနှစ်ယောက်မှာ ဦးခေတ်စွမ် (မူလရုံးတရားပြိုင် ဒေါ်အေးတင်၏ ခင်ပွန်း)နှင့် ဦးခေးဝှက် (ခ) ဦးစိန်တင်(မူလရုံးတရားလို) ဖြစ်သည်။ ကိုကျင်စိန်သည် ဒေါ်အေးတင်၏သားဖြစ်သည်။ ထို့ကြောင့် ...းတင်မှာ ဦးခေးဝှက်၏မရီးဖြစ်ပြီး ကိုကျင်စိန်မှာ တူဖြစ်သည်။ ဦးလုံထော်၏ဇာတိမှာ မအူပင်ခရိုင် စစ်ချောင်းကျေးရွာဖြစ်သည်။ ဦးလုံထော် ၏သား ဦးခေးဝှက်သည် ရန်ကုန်မြို့သို့ ၁၉၄၅ ခုနှစ်က ပြောင်းရွှေ့လာ ပြီး လုပ်ကိုင်စားသောက်နေသည်။ သူ၏ဖခင် ဦးလုံထော်သည် ၁၉၄၉ ခုနှစ် စစ်ချောင်းကျေးရွာ မီးလောင်ရာ၌ နေအိမ်ပါသွားသဖြင့် ဒုက္ခရောက်၍ သားရှိရာ ရန်ကုန်မြို့သို့ လိုက်လာခဲ့သည်ဟု အဆိုရှိသည်။ ဖခင်၌

(၁) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၁၄၈။

၁၉၉၃
ဒေါ်အေးတင်
ပါ-၂
နှင့်
ဦးခေးဇုက်
(ခ)
ဦးစိန်တင်

နေစရာအိမ်မရှိသဖြင့် သားဖြစ်သူ ဦးခေးဇုက်က ယခုအချင်းဖြစ်မြေနှင့် အိမ်ကို ဦးစံရင်ဆိုသူထံမှ ငွေကျပ် ၁၅၀၀/-နှင့် ဝယ်ပေးထားကြောင်း၊ ယင်းသို့ ဝယ်ပေးရာ၌ ဦးလုံထော်၏အမည်ဖြင့် ဝယ်ပေးထားသည်ဟု အဆိုရှိသည်။ ဤနေရာ၌ မူလရုံးတရားလို ဒေါ်အေးတင်တို့က ချေပရာတွင် ဦးလုံထော်၏ ကိုယ်ပိုင်ငွေဖြင့် ကိုယ်ပိုင်ပစ္စည်းအဖြစ် ဝယ်ယူနေထိုင်ခြင်းဖြစ်ကြောင်း၊ သားဖြစ်သူ ဦးခေးဇုက်၏ ငွေဖြင့် ဝယ်ပေးထားသည်ဆိုခြင်း မမှန်ကြောင်း ချေပသည်။ ထို့ကြောင့် ယခုအမှုတွင် အချင်းဖြစ်အိမ်နှင့်မြေမှာ ဦးခေးဇုက်က ငွေပေးချေ၍ သူ၏ဖခင် ဦးလုံထော် အမည်ငှားဖြင့် ဝယ်ယူထားသည့်ပစ္စည်း ဟုတ်မဟုတ် ငြင်းချက်ပေါ်ထွက်သည်။

**ဒေါ်မြမြဝင်းအမှု**[၁] စီရင်ထုံးတွင် ဘိနာမိ(ခ) အမည်ငှားဖြင့် အရောင်းအဝယ် ပြုလုပ်သော ကိစ္စ၌ အောက်ပါအချက်များအပေါ် မူတည်၍ စဉ်းစားသင့်ကြောင်း လမ်းညွှန်ထားသည်-

၁။ အမည်ငှားစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ရန် အကြောင်းရှိမရှိ၊

၂။ အမည်ငှားနှင့် တကယ်တန်း ဝယ်ယူသူတို့ ဆက်စပ်နေပုံအရ တကယ်တန်း ဝယ်ယူသူက ထိုအမည်ငှားများကို ရွေးချယ်ရန် အကြောင်း ရှိမရှိ၊

၃။ ပစ္စည်းပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသည့် စာချုပ်စာတမ်းများ မည်သူ့ထံတွင် ရှိသနည်း၊

၄။ ပစ္စည်း မည်သူ့လက်ဝယ် ရှိသနည်း၊

၅။ မည်သူ့ထံမှ အဖိုးငွေရရှိသနည်း။

ပစ္စည်းတစ်ခုကို ဝယ်ယူရာ၌ အမည်ငှားဖြင့် ဝယ်ယူခြင်း ဟုတ်မဟုတ် ဆိုသည့်အချက်မှာ အကြောင်းခြင်းရာ ပြဿနာဖြစ်သည်။ **ဒေါ်မြမြဝင်း** အမှုစီရင်ထုံးအရ ဘိနာမိ အမည်ငှား ဟုတ်မဟုတ်ဆိုသောအချက်ကို စိစစ်ရာတွင် အခြေခံရမည့် လမ်းညွှန်ချက်များမှာလည်း အကြောင်းခြင်းရာများပင် ဖြစ်သည်။ ထို့ကြောင့် ပစ္စည်းတစ်ခုကို ဝယ်ယူရာ၌ အမည်ငှားဖြင့် ဝယ်ယူခြင်း ဟုတ်မဟုတ်ဆိုသော အချက်ကို ဆုံးဖြတ်ရာတွင် အမှုဖြစ်စဉ် အပေါ်၌ အခြေခံ၍ စဉ်းစားဆုံးဖြတ်ရမည်သာ ဖြစ်ပေသည်။

ဦးလုံထော်သည် မိမိနေထိုင်ရာ မအူပင်ခရိုင် စစ်ချောင်းကျေးရွာ မီးလောင်ရာ၌ နေအိမ်ပါသွားခြင်းကြောင့် ဒုက္ခရောက်ပြီး ရန်ကုန်သို့ ပြောင်းရွှေ့လာခြင်း၊ ရောက်လျှင်ရောက်ခြင်း သားဖြစ်သူ ဦးခေးဇုက်ထံ၌

(၁) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၄၈။

ခေတ္တနေထိုင်ရခြင်း၊ ၎င်းနောက် ယခုအချင်းဖြစ်အိမ်နှင့်မြေကို ဝယ်ယူနေထိုင်ခြင်း၊ ထိုသို့ ဝယ်ယူရာ၌ ဦးလုံထော်၏အမည်ငှားဖြင့် သားဖြစ်သူ ဦးခေးဝှက်ပိုင်ငွေဖြင့် ဝယ်ယူကြောင်း သက်သေခံချက် ခိုင်မာစွာ ပေါ်ပေါက်ခြင်း၊ ရောင်းသူ ဦးစံရင်က မြေနှင့်အိမ်ဝယ်ရာ၌ ငွေပေးချေသူမှာ ဦးခေးဝှက်ဖြစ်ကြောင်း၊ စာချုပ်၌ ဦးခေးဝှက်က သူ့ဖခင် ဦးလုံထော်အမည်ဖြင့် ချုပ်ဆိုခိုင်းကြောင်း၊ ဂရန် အစရှိသော စာချုပ်စာတမ်းများကို ဦးခေးဝှက်လက်သို့ ပေးအပ်လိုက်ကြောင်း သက်သေခံချက် အတိအကျ ပေါ်ပေါက်သည်။ ဤသက်သေခံချက်များကို အထောက်အထားပြု၍ မူလတိုင်းတရားရုံးနှင့် ပထမအယူခံ တရားရုံးချုပ်တို့မှ ဦးလုံထော်မှာ အမည်ငှားသာ ဖြစ်ကြောင်း၊ အမှန်တကယ် ငွေပေးချေ၍ ဝယ်သူမှာ ဦးခေးဝှက်ဖြစ်ကြောင်း **ဒေါ်မြမြဝင်းအမှု** စီရင်ထုံးပါ လမ်းညွှန်ချက်များကို အထောက်အထားပြုလျက် စီရင်ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဖခင်ဖြစ်သူ ဦးလုံထော်သည် သားဖြစ်သူ ဦးခေးဝှက်၏ အမည်ငှားဖြစ်ကြောင်း ကောက်ယူရာတွင် **ဒေါ်မြမြဝင်းအမှုစီရင်ထုံး**၌ လမ်းညွှန်ထားသည့် မူများအပေါ်တွင်သာ အခြေခံ၍ ဆုံးဖြတ်ခြင်းသည် ပြည့်စုံလုံလောက်မှု ရှိသည်ဟု ယခုကြားနာသည့်ပြဿနာအား ဖြေဆိုလိုက်သည်။

၎င်းနောက် ဤအထူးအယူခံမှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

၁၉၉၃
ဒေါ်အေးတင်
ပါ-၂
နှင့်
ဦးခေးဝှက်
(ခ)
ဦးစိန်တင်

## တရားမ အထူးအယူခံမှု

### တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင်နှင့် ဦးသန်းပေတို့ရှေ့တွင်

+၁၉၉၃
ဇက်တင်ဘာလ
၂၂ ရက်

ဒေါ်အေးသိ
နှင့်
ဒေါ်အမာကြည်*

တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၅ အရ မူလရုံးအား သက်သေခံချက် ထပ်မံရယူစေရန် ညွှန်ကြားခြင်းသည် အယူခံရုံးအနေဖြင့် အဆုံးအဖြတ်ပေးရာ၌ သက်သေခံချက် ပြည့်စုံစွာ ရရှိစေရန် မိမိ၏ ဆင်ခြင်တုံတရားအရ ညွှန်ကြားခြင်းဖြစ်သည်ဟု ယူဆရန်ဖြစ်ခြင်း၊ ကွင်းဆက်ပြတ်နေသည့် သက်သေခံချက်ကို အားဖြည့်ပေးရန် ရည်ရွယ်ချက်ဖြင့် ညွှန်ကြားသည်ဟု ယူဆရန်မဟုတ်ခြင်း။

**ဆုံးဖြတ်ချက်။** ။တရားရုံးချုပ်က ရန်ကုန်တိုင်း တရားရုံးအား နောက်ထပ်သက်သေခံချက်ရယူရန် ညွှန်ကြားလိုက်သည့် ရုံးမန်အမိန့်မှာ မူလရုံး၌ သက်သေခံတင်ပြရာ၌ တရားလိုဘက်မှ အားနည်းနေသည့် အချက်ကို အားဖြည့်ပေးသည့် သဘော သက်ရောက်သည်ဟု ယူဆရန် အကြောင်းမရှိပေ။ မူလရုံးက စစ်ဆေးထားသည့် သက်သေခံချက်သည် တိကျရှင်းလင်းခြင်း မရှိသဖြင့် အယူခံရုံးမှ ကောက်ယူဆုံးဖြတ်ရန် အခက်အခဲ ရှိနေခြင်းကြောင့် အမိန့် ၄၁၊ နည်း ၂၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် မိမိ၏ ဆင်ခြင်တုံတရားအရ မူလရုံးအား နောက်ဆက်တွဲ သက်သေခံချက်များ ရယူတင်ပို့စေရန် ညွှန်ကြားခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်အား ဆန့်ကျင်ခြင်း မရှိပေ။

---

* ၁၉၉၂ ခုနှစ် တရားမအထူး အယူခံမှုအမှတ် ၃၀

\+ ၁၉၉၀ ပြည့်နှစ် တရားမပထမအယူခံမှုအမှတ် ၂၂၈ တွင် ချမှတ်သော (၁၃-၈-၉၁) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်ထားမှု

၁၉၉၄
ဒေါ်အေးသီ
နှင့်
ဒေါ်အမာ
ကြည်

အယူခံတရားလိုအတွက် - ဦးလှဘူး၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးသိန်းဟန်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး ၁၉၈၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၄၄ တွင် တရားလို ဒေါ်အမာကြည်က တရားပြိုင် ဒေါ်အေးသီအပေါ်၌ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၃၈၃၊ အိမ်ဥပစာမှ ခွင့်ပြုချက်ဖြင့်ထားသူအား နှင်လိုမှုစွဲဆိုရာ ပလပ်ခြင်း ခံရသည်။ တိုင်းတရားရုံး၏ ဒီကရီကို မကျေနပ်၍ ဒေါ်အမာကြည်က တရားရုံးချုပ်သို့ တရားမပထမအယူခံမှု အမှတ် ၂၂၈/၉၀ အရ ဝင်ရောက်သောအခါ အယူခံအား ခွင့်ပြုပြီး မူလရုံး၏ အမိန့်နှင့် ဒီကရီကို ပယ်ဖျက်၍ တရားလို ဒေါ်အမာကြည်စွဲဆို သည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးသည်။ ထိုသို့ ချမှတ်သည့် တရား ရုံးချုပ်၏ အမိန့်နှင့် ဒီကရီကို မူလရုံးတရားပြိုင် ဒေါ်အေးသီက တရားစီရင် ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသောအခါ အောက်ဖော်ပြပါ ပြဿနာအား စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်နိုင်ရန် အလို့ငှာ အထူးအယူခံဝင်ခွင့်ပြုခဲ့သဖြင့် ဤအထူးအယူခံမှု ပေါ်ပေါက် လာခြင်းဖြစ်သည်-

**စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် ပြဿနာ**

"ဒေါ်အမာကြည်က ဒေါ်အေးသီအား အခမဲ့ထားသူအား နှင်လိုမှုတွင် တရားရုံးချုပ်မှ ဒေါ်အေးသီအား ဒေါ်အမာကြည်ကိုယ်တိုင် အခမဲ့နေခွင့် ပေးခြင်း ဟုတ်မဟုတ် ထင်ထင်ရှားရှား ပေါ်ပေါက်မှုမရှိကြောင်း သုံးသပ် ၍ ငြင်းချက်အမှတ် (၁) နှင့် စပ်လျဉ်းပြီး တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁ နည်း ၂၅ အရ သက်သေခံချက် ထပ်မံရယူစေခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ၊ ဥပဒေနှင့် ညီညွတ်ခြင်း မရှိခဲ့လျှင် တိုင်းတရားရုံးက ထပ်မံရယူခဲ့သော သက်သေများ၏ သက်သေခံ ချက်များကို တရားရုံးချုပ်က ထည့်သွင်းစဉ်းစားနိုင်ခွင့် ရှိမရှိ၊ စဉ်းစားနိုင်ခွင့် မရှိခဲ့လျှင် မူလသက်သေခံချက်များအရ ဒေါ်အမာကြည်က ဒေါ်အေး သီအား အချင်းဖြစ်ဥပစာ၌ ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုကြောင်း ပေါ်ပေါက်မှု ရှိ မရှိ" ဟူ၍ ဖြစ်သည်။

တရားရုံးချုပ် ပထမအယူခံမှုအမှတ် ၂၂၈/၉၀ကို ဆောင်ရွက်နေစဉ် အတွင်း မူလရုံးအား တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၅ အရ နောက်ထပ် သက်သေခံချက်များ ရယူစေရန် ညွှန်ကြားခြင်းနှင့် ပတ်သက်၍ တရားရုံးချုပ်က အောက်ပါအတိုင်း အမိန့်ချမှတ်ထားသည်-

"xxxxယခုအမှုတွင် တရားပြိုင်ဒေါ်အေးသိအား တရားလိုဒေါ်အမာကြည် ကိုယ်တိုင် အခမဲ့နေခွင့်ပေးခြင်း ဟုတ်မဟုတ် ထင်ထင်ရှားရှား ပေါ်ပေါက်ခြင်း မရှိပေ။ ဤအချက် ထင်ထင်ရှားရှား ဖြစ်မှသာလျှင် ငြင်းချက်အမှတ် (၁)ကို ဖြေဆိုနိုင်မည် ဖြစ်ပေသည်၊

ထို့ကြောင့် ယင်းအချက်နှင့် ပတ်သက်၍ သက်သေခံချက် ထပ်မံရယူပြီး တွေ့ရှိချက်နှင့်အတူ အမှုတွဲကို ပြန်လည်တင်ပြရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁ နည်း ၂၅ အရ ရန်ကုန်တိုင်းတရားရုံးအား ညွှန်ကြားလိုက်သည်။" ဟူ၍ ဖြစ်သည်။

တရားရုံးချုပ်က ရန်ကုန်တိုင်း တရားရုံးအား အထက်ပါအတိုင်း ညွှန်ကြားလိုက်သည့် ရုံမန်အမိန့်မှာ မူလရုံး၌ သက်သေခံတင်ပြရာ၌ တရားလိုဘက်မှ အားနည်းနေသည့် အချက်ကို အားဖြည့်ပေးသည့်သဘော သက်ရောက်သည်ဟု ယူဆရန်အကြောင်းမရှိပေ။ မူလရုံးက စစ်ဆေးထားသည့် သက်သေခံချက်သည် တိကျရှင်းလင်းခြင်း မရှိသဖြင့် အယူခံရုံးမှ ကောက်ယူဆုံးဖြတ်ရန် အခက်အခဲရှိနေခြင်းကြောင့် အမိန့် ၄၁ နည်း ၂၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မိမိ၏ ဆင်ခြေတုံ့ တရားအရ မူလရုံးအား နောက်ဆက်တွဲ သက်သေခံချက်များ ရယူတင်ပို့စေရန် ညွှန်ကြားခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်အား ဆန့်ကျင်ခြင်း မရှိပေ။

ထို့ကြောင့် ဒေါ်အမာကြည်က ဒေါ်အေးသိအား အခမဲ့ခွင့်ပြုချက်ဖြင့် ထားသူအား နှင်လိုမှုစွဲဆိုရာ၌ တရားရုံးချုပ်က ဒေါ်အေးသိအား ဒေါ်အမာကြည်ကိုယ်တိုင် အခမဲ့နေခွင့်ပေးခြင်း ဟုတ်မဟုတ် ထင်ထင်ရှားရှား ပေါ်ပေါက်ခြင်း မရှိကြောင်း သုံးသပ်၍ ငြင်းချက်အမှတ် ၁ နှင့် စပ်လျဉ်းပြီး တရားမကျင့်ထုံးဥပဒေအမိန့် ၄၁ နည်း ၂၅ အရ သက်သေခံချက် ထပ်မံရယူစေခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိသည်ဟု ယခုကြားနာသည့် ပြဿနာအား ဖြေဆိုလိုက်သည်။ ၎င်းနောက် ဒေါ်အေးသိ တင်သွင်းသည့် ဤအထူးအယူခံမှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/–သတ်မှတ်သည်။

## တရားမ ပထမအယူခံမှု

### တရားရုံးချုပ် တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

ဦးအောင်ရ
နှင့်
ဦးမြတ်လွင်*

+၁၉၉၃
ဇန်နဝါရီလ
၁၂ ရက်

**ကုန်ဖိုးကြွေးကျန်ငွေ ရလိုမှုစွဲဆိုသည့် အမှုတွင် ဝယ်သူနှင့် ရောင်းသူတို့ အကြားစဉ်ဆက်မပြတ် မှတ်သားထားခဲ့သည့် စာရင်းအင်းအားလုံးကို သက်သေခံအဖြစ် တင်ပြရန် မလိုအပ်ခြင်း၊ စာရင်းသွင်းချက် အချို့နှင့် ပတ်သက်၍ အထောက်အကူပြု သက်သေခံချက်ရှိလျှင် လက်ခံယုံကြည်ထိုက်ခြင်း။**

**ဆုံးဖြတ်ချက်။** အယူခံတရားပြိုင်နှင့် အယူခံတရားလိုတို့ အကြိမ်ပေါင်း မြောက်များစွာ ဆက်ဆံခဲ့သည့် စာရင်းမျိုးတွင် စာရင်းသွင်းချက် အားလုံး တစ်ခုမကျန်ထင်ရှားအောင် သက်သေထူရန် မလိုချေ။ ထိုကဲ့သို့ သက်သေထူရန်လည်း လက်တွေ့အားဖြင့် ဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။ စာရင်းသွင်းချက်အချို့ကို ထောက်ခံသည့် အထောက်အထား တင်ပြလျှင် အယူခံတရားပြိုင် (မူလတရားလို) အနေဖြင့် တာဝန်ကျေပွန်ပြီဟု ဆိုရမည် ဖြစ်သည်။

**အယူခံတရားလိုအတွက်** – ဒေါ်ခင်ဖြူ၊ တရားရုံးချုပ် ရှေ့နေ
**အယူခံတရားပြိုင်အတွက်** – ဒေါ်သိန်းသိန်းဌေး၊ တရားရုံးချုပ် ရှေ့နေ

ရှမ်းပြည်နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၄၀/၈၉ တွင် ဦးမြတ်လွင်က ဦးအောင်ရ အပေါ် ကုန်ဖိုးကြွေးကျန် ငွေကျပ် ၈၆၆၅၀– ၅၀ါး ရလိုမှု စွဲဆိုသည်။ မူလရုံးက ဦးမြတ်လွင် စွဲဆိုသည့်အတိုင်း

---

* ၁၉၉၁ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၂၄၃

\+ ၁၉၈၉ ခုနှစ် တရားမကြီးမှု အမှတ် ၄၀တွင် ချမှတ်သော (၅-၆-၉၁) ရက်စွဲပါ ရှမ်းပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၉၃
ဦးအောင်ရ
နှင့်
ဦးမြတ်လွင်

အနိုင်ဒီကရီချပေးသည်။ ဦးအောင်ရက ထိုဒီကရီကို မကျေနပ်၍ တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

အယူခံတရားလိုက အယူခံတရားပြိုင်၏ ဆိုင်တွင် ကုန်ပစ္စည်းအဟောင်းဖိုး ပေးချေပြီးနောက် ကုန်ပစ္စည်းအသစ်ကို အကြွေးစနစ်ဖြင့် ဝယ်ယူခဲ့ခြင်း၊ ယင်းသို့ဝယ်ယူရာတွင် အယူခံတရားလိုက အယူခံတရားပြိုင်ထံ ကုန်ဖိုးကြွေးကျန်အတွက် ငွေပေးချေရန် ကျန်ရှိခြင်းသည် အမှုဒ္ဒ ထင်ရှားသည်။ အယူခံတရားလိုက အယူခံတရားပြိုင်သို့ ကြွေးဟောင်း ၈၂၆၁၉/-နှင့် အကြွေးအသစ် ၁၀၀၃၁-၅၀ါး တင်ရှိရာ ငွေကျပ် ၆၀၀၀/-ပေးခဲ့သဖြင့် ကြွေးကျန်ငွေပေါင်းမှာ ၈၆၆၅၀-၅၀ါး ဖြစ်သည် သို့မဟုတ် ကြွေးဟောင်းကျန်ငွေ ၁၀၀၃၁--၅၀ါးတွင် ငွေကျပ် ၆၀၀၀/-ပေးဆပ်ခဲ့ရာ ပေးဆပ်ရန်ကျန်ငွေသည် ၄၀၃၁-၅၀ါးဖြစ်သည်ဟူသော အချက်သာလျှင် နှစ်ဘက်အငြင်းပွားမှုရှိသည်။ အယူခံတရားလိုဘက်မှ တင်ပြသကဲ့သို့ ဦးမြတ်လွင်က ဦးအောင်ရအနေဖြင့် ဦးပေယားထံတွင် ကြွေးကျန် ကျပ် ၈၀၀၀၀/-ရှိကြောင်း၊ မိမိထံ၌ ကြွေးကျန် ကျပ် ၁၀၀၀၀/-ရှိကြောင်း အဆိုပြုခဲ့ကြောင်းလည်း မတွေ့ရှိပေ။

သို့ဖြစ်၍ အယူခံတရားလိုက အယူခံတရားပြိုင်သို့ ပေးဆပ်ရန်ကျန်ငွေသည် ၈၆၆၅၀-၅၀ါး ဖြစ်သည် သို့မဟုတ် ၄၀၃၁-၅၀ါး ဖြစ်သည်ဟူသော အချက်ကို အဓိက သုံးသပ်ရန်ဖြစ်သည်။

ဦးမြတ်လွင်က ကြွေးကျန်စာရင်းများကို မိမိနှင့် ဦးအောင်ရတို့ အရောင်းအဝယ် ပြုလုပ်သည့် အကြိမ်တိုင်းတွင် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သက်သေခံ အမှတ် (ည) မှ (ဋ)အထိ စာရင်းများ တင်ပြခဲ့သည်။ ယင်းစာရင်းမှာ စကားပြန် ဦးစိုးဝါမှ တရုပ်ဘာသာဖြင့် ရေးသားချက်ကို မြန်မာဘာသာ ပြန်ဆိုထားခြင်းဖြစ်သည်။ ဦးမောင်မောင်မြင့် (လိုပြ-၁) နှင့် ဦးကြည်တင်စိန် (လိုပြ-၂) တို့က မိမိတို့ ဦးမြတ်လွင်ဆိုင်သို့ ကုန်ဝယ်ကိစ္စဖြင့် ရောက်ရှိစဉ် ဦးမြတ်လွင်နှင့် ဦးအောင်ရတို့ စာရင်းတိုက်ကြပြီး ဦးအောင်ရက ကြွေးစာရင်း မှန်ကြောင်းဖြင့် လက်မှတ်ရေးထိုးသွားခဲ့ကြောင်း အစစ်ခံချက်ရှိသည်။ ဦးကြည်တင်စိန်ကလည်း ဦးမြတ်လွင်နှင့် ဦးအောင်ရတို့ စာရင်းတိုက်ကြကြောင်း၊ ယင်းအချိန်က ဦးမောင်မောင်မြင့်လည်းရှိကြောင်း ထောက်ခံထားသည်။ ဦးမြတ်လွင် တင်ပြသော ငွေစာရင်း ဘောက်ချာ (သက်သေခံအမှတ် ဓ-၁)တွင် စုစုပေါင်းကျန်ငွေ ၉၂၆၅၀-၅၀ါး ဖြစ်ပြီး ၃၀-၃-၈၉ နေ့စွဲဖြင့် ဦးအောင်ရ၏ အမည်

လက်မှတ်ပါရှိသည်။ ဦးအောင်ရက ယင်းကဲ့သို့ လက်မှတ်ရေးထိုးခဲ့ခြင်းကို မငြင်းနိုင်ချေ။ ဘောက်ချာများမှာ မင်ခံဖြစ်နေခြင်းသည် မူရင်းအား ဦးအောင်ရသို့ ပေးလိုက်ရ၍ ဖြစ်ကြောင်းဖြင့် ဦးမြတ်လွင်က ရှင်းလင်းအစစ်ခံသည်။ ဤကဲ့သို့ သက်သေခံအမှတ် (ဇ–၁) စာရင်း၌ ဦးအောင်ရမှ လက်မှတ်ရေးထိုးခြင်းကိုမငြင်းနိုင်ခြင်းနှင့် ဦးမောင်မောင်မြင့်(လိုပြ–၁)နှင့် ဦးကြည်တင်စိန် (လိုပြ–၂)တို့ နှစ်ဦး၏ အစစ်ခံချက်များကို ပေါင်းစပ်သုံးသပ်ခဲ့လျှင် ၎င်းတို့နှစ်ဦးအား ကြံ့ကြိုက်သက်သေဟု သတ်မှတ်ရန် သင့်မည် မဟုတ်ချေ။

အယူခံတရားပြိုင်နှင့် အယူခံတရားလိုတို့ အကြိမ်ပေါင်း မြောက်မြားစွာ ဆက်ဆံခဲ့သည့် စာရင်းမျိုးတွင် စာရင်းသွင်းချက်အားလုံး တစ်ခုမကျန် ထင်ရှားအောင် သက်သေထူရန် မလိုချေ။ ထိုကဲ့သို့ သက်သေထူရန်လည်း လက်တွေ့အားဖြင့် ဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။ စာရင်းသွင်းချက်အချို့ကို ထောက်ခံသည့် အထောက်အထား တင်ပြလျှင် အယူခံတရားပြိုင် (မူလတရားလို) အနေဖြင့် တာဝန်ကျေပွန်ပြီဟု ဆိုရမည်ဖြစ်သည်။

ဤကဲ့သို့ ပေါ်ပေါက်ချက်အရ ဦးမြတ်လွင်က တင်ပြသော သက်သေခံအမှတ် (ည) မှ (ဋ) အထိ ကြွေးကျန်စာရင်းသည် ထောက်ခံသော အထောက်အထား အစစ်ခံချက်တို့ ရှိသဖြင့် သက်သေခံအက်ဥပဒေပုဒ်မ ၃၄ အရ လက်ခံသည်။

ဦးအောင်ရကလည်း ကြွေးကျန်ငွေမှာ ၁၀၀၃၆–၅၀ါးသာ ဖြစ်ကြောင်း လက်ခံထိုက်သော အထောက်အထားတင်ပြနိုင်ခြင်း မရှိချေ။ ဦးအောင်ရမှ ဦးမြတ်လွင်သို့ တစ်ကြိမ်လျှင် ကျပ် ၃၀၀၀/–ဖြင့် နှစ်ကြိမ် ငွေပေါင်း ကျပ် ၆၀၀၀/–ပေးဆပ်ခဲ့ပြီးခြင်းသည် နှစ်ဘက်အငြင်းပွားမှု မရှိချေ။

ခြုံငုံ၍ ဖော်ပြရလျှင် မူလရုံးမှ ဦးအောင်ရက ဦးမြတ်လွင်ထံ ပေးရန်ကျန်ရှိသော ကြွေးကျန်ငွေမှာ ၈၆၆၅၆–၅၀ါး ဖြစ်ကြောင်း တွေ့ရှိချက်အား စွက်ဖက်ရန် မသင့်ချေ။

ထို့ကြောင့် အယူခံတရားလို၏ အယူခံလွှာကို ရုံးအဆင့်ဆင့် ကုန်ကျစရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/–သတ်မှတ်သည်။

## တရားမ အထူးအယူခံမှု

### တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်း၊ ဦးအောင်မြင့် နှင့် ဦးသန်းဖေ တို့ရှေ့တွင်

+၁၉၉၃
မေလ
၆ ရက်

ဦးအောင်ခင်
(ကွယ်လွန်သူ ဒေါ်မမခင်၏ တရားဝင်ကိုယ်စားလှယ်)
နှင့်
ဒေါ်မြိုင် (ခ) အမေမြိုင်ပါ-၂*

**ပဋိညာဉ်ကို အကျိုးသက်ရောက်အောင် ဆောင်ရွက်ပေးရန် တောင်းဆိုသည့် ကိစ္စသည် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ၌ အကျုံးဝင်သည့် အကျိုးဆက် သက်သာခွင့် မဟုတ်ခြင်း၊ ယင်းကိစ္စမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ အရ စွဲဆိုရမည့် ကိစ္စသာဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အမှုဖြစ်စဉ်အရ တိုက်အိမ်နှင့် မြေကွက်ကို ရောင်းချရန်အတွက် နှစ်ဦးနှစ်ဖက် ကတိစာချုပ် ချုပ်ဆိုကြပြီး စရန်ငွေများ ပေးထားခဲ့သည်။ ထိုစဉ်ကာလအတွင်း ရောင်းချမည့်သူအဖြစ် ကတိစာချုပ် ချုပ်ဆို ထားသော ဒေါ်မမခင်ကွယ်လွန်သွားသည်။ ၎င်းအား ဆက်ခံသူ တရားဝင် ကိုယ်စားလှယ် ဦးအောင်ခင်အပေါ်၌ ယခုအမှု စွဲဆိုခြင်းဖြစ်သည်။ အမှုဖြစ်စဉ်နှင့် ကတိစာချုပ်၌ ပါရှိသည့် ပဋိညာဉ် စည်းကမ်းများအရ စဉ်းစားကြည့်ပါက တရားလိုများအနေဖြင့် ကတိစာချုပ်ကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုမှုအတွက်သာ စွဲဆိုရမည်ဖြစ် သည်။ မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခြင်းမှာ နည်းလမ်းမမှန်ပေ။ သီး ခြားသက်သာခွင့် ဥပဒေပုဒ်မ ၁၂ အရ ကတိစာချုပ်အတိုင်း အကောင် အထည်ဖော် ဆောင်ရွက်ပေးစေလိုမှု စွဲဆိုရမည့် ကိစ္စဖြစ်သည်။ ထို့ကြောင့် ပဋိညာဉ်ကို အကျိုးသက်ရောက်အောင် ဆောင်ရွက်ပေးရန်အတွက် တောင်း

---

* ၁၉၉၂ ခုနှစ် တရားမအထူး အယူခံမှုအမှတ် ၃၆

\+ ၁၉၉၀ပြည့်နှစ် တရားမပထမအယူခံမှုအမှတ် ၂၈၆တွင်ချမှတ်သော(၁၄-၂-၉၀) ရက်စွဲပါ ရန်ကုန်မြို့တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

ဆိုသည့် ကိစ္စသည် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သည့် အကျိုးဆက်သက်သာခွင့်မဟုတ်ပေ။

၁၉၉၃
ဦးအောင်ခင်
(ကွယ်လွန်သူ
ဒေါ်မမခင်၏
တရားဝင်
ကိုယ်စားလှယ်)
နှင့်
ဒေါ်မြိုင် (ခ)
အမေမြိုင်
ပါ-၂

**အယူခံတရားလိုအတွက်** – ဒေါ်အေးအေးအောင်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက်– ဦးချစ်ကျော်ညွန့်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှုအမှတ် ၂၉၁ (ဗဟန်း)တွင် ဒေါ်မြိုင် (ခ) အမေမြိုင်နှင့် ဦးတင်အောင်တို့က တရားလို ပြုလုပ်၍ ဦးအောင်ခင် (ကွယ်လွန်သူ ဒေါ်မမခင်၏ မွေးစားသား ဟု အဆိုရှိသူ) အပေါ်၌ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ တရားလိုများနှင့် ကွယ်လွန်သူ ဒေါ်မမခင်တို့အကြား ချုပ်ဆိုခဲ့သော အရောင်းပဋိညာဉ် စာချုပ်အတိုင်း တရားပြိုင်မှ လိုက်နာရန် တာဝန်ရှိကြောင်း မြွက်ဟကြေညာ ပေးစေလိုမှု စွဲဆိုရာ အဆိုလွှာအား ပလပ်ခြင်း ခံရသည်။ တိုင်းတရားရုံး၏ အမိန့်နှင့် ဒီကရီကို တရားလို ဒေါ်မြိုင်တို့က မကျေနပ်၍ တရားရုံးချုပ် သို့ ၁၉၉၀ ပြည့်နှစ် တရားမ ပထမအယူခံမှုအမှတ် ၂၈၆ အရ ဝင်ရောက် သောအခါ အယူခံကို ခွင့်ပြုပြီး တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီ ကို ပယ်ဖျက်၍ မူလရုံးတရားလိုများအား ၎င်းတို့၏ အဆိုလွှာကို လိုအပ် သလို ပြင်ဆင်ခွင့်ပေးရန်နှင့် တစ်ဖက်သို့ ချေလွှာအသစ် တင်စေပြီး အမှုကို ဆက်လက်စစ်ဆေးဆုံးဖြတ်ရန် ညွှန်ကြားသည့် အမိန့်ချမှတ်သည်။ ထိုအမိန့်ကို မူလရုံးတရားပြိုင် ဦးအောင်ခင် (ကွယ်လွန်သူ ဒေါ်မမခင် ၏ တရားဝင်ကိုယ်စားလှယ်)က မကျေနပ်၍ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသောအခါ အောက်ဖော် ပြပါ ပြဿနာအား စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်နိုင်ရန်အတွက် အထူး အယူခံဝင်ခွင့်ပြုခဲ့သောကြောင့် ဤအထူးအယူခံမှု ပေါ်ပေါက်လာခြင်း ဖြစ်သည်–

**စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် ပြဿနာ**

"၁။ ပဋိညာဉ်ကို အကျိုးသက်ရောက်အောင် ဆောင်ရွက်ပေးရန် အတွက် အရေးဆိုရန်ကိစ္စသည် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သည့် အကျိုးဆက်သက်သာခွင့် ဟုတ်မဟုတ်၊

၂။ ဖော်ပြပါ ကိစ္စသည် သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၂တွင် အကျုံးဝင်သည့် သက်သာခွင့် မဟုတ်လျှင် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်မှာ ဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ"ဟူ၍ဖြစ်သည်။

၁၉၉၃
ဦးအောင်ခင်
(ကွယ်လွန်သူ
ဒေါ်မမခင်၏
တရားဝင်
ကိုယ်စားလှယ်)
နှင့်
ဒေါ်မြိုင် (ခ)
အမေမြိုင်
ပါ-၂

အမှုဖြစ်စဉ် အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်-

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်အတွင်းရှိ တာမွေတိုက်နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂-ဂျီ) မြေကွက်အမှတ် ၄၄၉/၅၂ နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော ဗဟန်းမြို့နယ်၊ ဂျမား ၂ ရပ်ကွက် နတ်မောက်လမ်းသွယ်၊ ခြံအမှတ် ၄၉ ဂိတ်တံခါးနှင့် ကပ်လျက်ရှိသော တစ်ထပ်တိုက်နှင့် အလျား ၆၈ ပေ/ပေ ၉၀၊ အနံ ၄၁ ပေ/၅၅ ပေ အတိုင်းအတာရှိသည့် မြေကွက်ကြီးအတွင်း ရှိ မြေတစ်စိတ်တစ်ဒေသကို တန်ဘိုးငွေကျပ် ၂၆၀၀၀၀/-ဖြင့် ဒေါ်မမခင်က ဦးတင်အောင်အား ရောင်းချရန် အရောင်းအဝယ် ကတိစာချုပ် တစ်ရပ်ကို ၁၆-၁၂-၈၄ နေ့က ချုပ်ဆိုကြကြောင်း၊ ထိုနေ့၌ ဦးတင်အောင်ထံမှ ဒေါ်မမခင်က စရံငွေ ကျပ် ၄၀၀၀၀/-လက်ခံရရှိကြောင်း၊ ထပ်မံ၍ စရံငွေကျပ် ၆၀၀၀၀/ ပေးကြောင်း၊ ၁၀-၆-၈၆ နှင့် ၃၁-၈-၈၆ ရက်စွဲပါ ကတိစာချုပ်များကို ထပ်မံချုပ်ဆိုကြကြောင်း၊ အရောင်းအဝယ် ပြုလုပ်သည့် တိုက်အိမ်တွင် အိမ်ငှားတစ်ဦး ရှိနေသဖြင့် ၎င်းအား ဖယ်ရှားရန် ဆောင်ရွက်နေစဉ်အတွင်း ဒေါ်မမခင် ကွယ်လွန်သွား ကြောင်း၊ ဒေါ်မမခင်အား ဆက်ခံသူ ကိတ္တိမမွေးစားသား ဦးအောင်ခင်အပေါ်၌ အချင်းဖြစ်ပစ္စည်းကို ဝယ်ယူရန် ကတိစာ ချုပ်ချုပ်ဆိုထားကြသူများဖြစ်သော ဦးတင်အောင်နှင့် ဒေါ်မြိုင်တို့ နှစ်ဦးက တရားလိုပြုလုပ်၍ ယခုအမှုစွဲဆိုခြင်း ဖြစ်သည်။

တရားလို ဦးတင်အောင်နှင့် ဒေါ်မြိုင်တို့က ၎င်းတို့၏ အဆိုလွှာတွင် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုကြောင်းနှင့် သက်သာခွင့် တောင်းခံရာ၌ တရားလိုများနှင့် ဒေါ်မမခင် မကွယ်လွန်မီက ချုပ်ဆို ခဲ့သော ၁၀-၆-၈၆ နေ့စွဲပါ နောက်ဆက်တွဲ ကတိစာချုပ်သည် တရား ပြိုင်အပေါ် အတည်ဖြစ်ကြောင်း မြွက်ဟကြေညာချက် ဒီကရီရလိုပါသည် ဟု တောင်းခံထားသည်။

အမှုဖြစ်စဉ်အရ တိုက်အိမ်နှင့် မြေကွက်ကို ရောင်းချရန်အတွက် နှစ်ဦးနှစ်ဖက်ကတိစာချုပ် ချုပ်ဆိုကြပြီး စရံငွေများ ပေးထားခဲ့သည်။ ထိုစဉ်ကာလအတွင်း ရောင်းချမည့်သူအဖြစ် ကတိစာချုပ် ချုပ်ဆိုထားသော ဒေါ်မမခင် ကွယ်လွန်သွားသည်။ ၎င်းအားဆက်ခံသူ တရားဝင် ကိုယ်စား လှယ် ဦးအောင်ခင်အပေါ်၌ ယခုအမှုစွဲဆိုခြင်းဖြစ်သည်။ အမှုဖြစ်စဉ်နှင့်

၁၉၉၃
ဦးအောင်ခင်
(ကွယ်လွန်သူ
ဒေါ်မမခင်၏
တရားဝင်
ကိုယ်စားလှယ်)
နှင့်
ဒေါ်မြိုင် (ခ)
အမေမြိုင်
ပါ-၂

ကတိစာချုပ်၌ပါရှိသည့် ပဋိညာဉ် စည်းကမ်းများအရ စဉ်းစားကြည့်ပါက တရားလိုများအနေဖြင့် ကတိစာချုပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုမှုအတွက်သာ စွဲဆိုရမည်ဖြစ်သည်။ မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခြင်းမှာ နည်းလမ်းမမှန်ပေ။ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၁၂အရ ကတိစာချုပ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုမှု စွဲဆိုရမည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် ပဋိညာဉ်ကို အကျိုးသက်ရောက်အောင် ဆောင်ရွက်ပေးရန်အတွက် တောင်းဆိုသည့် ကိစ္စသည် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သည့် အကျိုးဆက်သက်သာခွင့် မဟုတ်ဟု ပြဿနာအမှတ် ၁ ကို ဖြေဆိုလိုက်သည်။

ယခုအမှုကိစ္စမှာ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သောကိစ္စမဟုတ်သဖြင့် တရားရုံးချုပ် ပထမအယူခံမှုအမှတ် ၂၈၆/၉၀ တွင် ၁၄-၂-၉၁ ရက်စွဲဖြင့် ချမှတ်ထားသော တရားလိုများ၏ အဆိုလွှာအား ပြင်ဆင်ခွင့်ပေးပြီး အမှုကို ဆက်လက်စစ်ဆေးဆုံးဖြတ်စေရန် ညွှန်ကြားသည့် အမိန့်မှာ ဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ပြဿနာအမှတ် ၂ အား ဖြေဆိုလိုက်သည်။ ဤအထူးအယူခံမှုအား စရိတ်နှင့်တကွ ခွင့်ပြုပြီး တရားရုံးချုပ် ပထမအယူခံ၌ ချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်၍ တရားလို ဒေါ်မြိုင်နှင့် ဦးတင်အောင်တို့၏ အဆိုလွှာအား ပလပ်လိုက်သည့် မူလတိုင်းတရားရုံး၏ အမိန့်နှင့် ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေခကျပ် ၁၀၀၀/- သတ်မှတ်သည်။

## တရားမပထမအယူခံမှု

**တရားရုံးချုပ်တရားသူကြီး ဦးကျော်တင့်နှင့် ဦးသန်းဖေတို့ရှေ့တွင်**

+၁၉၉၂
မတ်လ ၁၉
ရက်

ဦးအောင်ခင်
နှင့်
ဒေါ်သိန်းလွင်ပါ-၇ *

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ

**တစ်ဦးထက်ပိုသော ကိတ္တိမမွေးစား သားသမီးများ ရှိခဲ့ရာတွင် ကိတ္တိမမွေးစားသားသမီးများအနက်တစ်ဦး သေဆုံးပါကကျန်ကိတ္တိမ မွေးစား သားသမီးများက သာဆက်ခံပိုင်ခွင့်ရှိခြင်း၊ ထိုကိတ္တိမ သားသမီးများကို ကျော်လွန်၍ တူ တူမများအား ဆက်ခံခွင့်မပြုသင့်ခြင်း ။**

**ဆုံးဖြတ်ချက်။** ။ ကွယ်လွန်သူ ဒေါ်သန်းကြည်နှင့် **တရားလို** ဦးအောင်ခင်၊ တရားပြိုင် ဦးတင်မြင့်တို့သည် ကွယ်လွန်သူ ဒေါ်မြညွန့်မှ တရားဝင်မွေးစားထားခဲ့သည့် ကိတ္တိမသားသမီးများ ဖြစ်ကြသည့်အား လျော်စွာ ၎င်းတို့သည် ညီအစ်ကိုမောင်နှမအရင်းများကဲ့သို့ အမွေဆက်ခံမှု ပြုနိုင်ကြမည်ဖြစ်သည်။ ဤအခြေအနေတွင် ဒေါ်သန်းကြည်မှ ကျန်ရစ်သော အမွေဆိုင်ပစ္စည်းများကို ကိတ္တိမညီအစ်ကိုမောင်နှမများ ဖြစ်ကြသည့် ဦးအောင်ခင်နှင့် ဦးတင်မြင့်တို့ကသာ အမွေဆက်ခံပိုင်ဆိုင်ကြမည်ဖြစ်ပြီး တူ၊ တူမများဖြစ်ကြသော (၁)မှ(၆) အထိတရားပြိုင်များသည် ဒေါ်သန်းကြည်၏ ကိတ္တိမမွေးစားမောင်နှမများကို ကျော်လွန်၍ ဒေါ်သန်းကြည်၏ အမွေကို ဆက်ခံနိုင်ခွင့်ရှိကြမည် မဟုတ်ချေ။

အယူခံတရားလိုအတွက် - ဦးကိုနီ၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက်- ၁-မှ-၆ ထိအတွက် ဦးထွန်းလင်း တရားရုံးချုပ်ရှေ့နေ
- ၇-အတွက်ဦးဝင်းမောင် တရားရုံးချုပ် ရှေ့နေ

---

* ၁၉၉၂ ခုနှစ်တရားမ ပထမအယူခံမှုအမှတ် ၃၀၅

\+ ၁၉၉၂ ခုနှစ် တရားမကြီးမှုအမှတ် ၁၃တွင် ချမှတ်သော (၉-၁၀-၉၂) ရက်စွဲပါ ပဲခူးတိုင်း (ပြည်မြို့နယ်စု)တရားရုံး၏ ပဏာမဒီကရီကို အယူခံမှု

၁၉၉၂
ဦးအောင်ခင်
နှင့်
ဒေါ်သိန်းလွင်
ပါ-၇

ပဲခူးတိုင်းတရားရုံး (ပြည်မြို့နယ်စု) တရားမကြီးမှုအမှတ် ၁၃/၉၀ တွင် တရားလို ဦးအောင်ခင်က တရားပြိုင် ဒေါ်သိန်းလွင်၊ ဦးမျိုးဆွေ၊ ဦးဝင်းဆွေထင်၊ ဦးခင်မောင်ဝင်းထင်၊ ဒေါ်ခင်စောမူထင်၊ ဒေါ်ခင်မမတင်နှင့် ဦးတင်မြင့်တို့အပေါ် ကွယ်လွန်သူဒေါ်သန်းကြည်ပိုင် ပြည်မြို့၊ ဖ-ဈေးရပ်၊ ဦးပိုင်အမှတ်၇၂(ခ)၊ မြေချိန်ဧရိယာ( .၀၀၃)၊ ဦးပိုင်အမှတ်-(၇၆)၊ မြေချိန်ဧရိယာ (.၀၆၄) ရှိမြေအား အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ တိုင်းတရားရုံးက တရားလိုသည် မည်သည့်သက်သာခွင့်မှ မရထိုက်ကြောင်း၊ တရားပြိုင်အမှတ်(၇)ဖြစ်သူ ဦးတင်မြင့်သည်လည်း အမွေမရထိုက်ကြောင်း၊ တရားပြိုင် ဒေါ်သိန်းလွင်၊ ဦးမျိုးဆွေ၊ ဦးဝင်းဆွေထင်၊ ဦးခင်မောင်ဝင်းထင်၊ ဒေါ်ခင်စောမူထင်နှင့် ဒေါ်ခင်မမတင်တို့သည် ကွယ်လွန်သူဒေါ်သန်းကြည်၏ အမွေကို တစ်ဦးလျှင် ခြောက်ပုံတစ်ပုံစီ ရထိုက်ကြောင်း ပဏာမဒီဂရီ ချမှတ်လိုက်သည်ကို တရားလို ဦးအောင်ခင်က မကျေနပ်၍ ဤတရားမ ပထမအယူခံမှုတင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားလိုက အယူခံအကြောင်းပြချက်များ အဖြစ်အဓိကတင်ပြရာတွင် အချင်းဖြစ်အမှု၌ အငြင်းမပွားသည့် အချက်များဖြစ်သော အချင်းဖြစ်မြေကွက်ကို ကွယ်လွန်သူ ဒေါ်သန်းကြည်က မှတ်ပုံတင်စာချုပ်အမှတ် ၂၂/၆၁ အရပိုင်ဆိုင်ခဲ့ကြောင်းနှင့် ကွယ်လွန်သူ ဒေါ်သန်းကြည်၊ အယူခံတရားလို ဦးအောင်ခင်နှင့် အယူခံတရားပြိုင် ဦးတင်မြင့်တို့သည် မှတ်ပုံတင်မွေးစား စာချုပ်အမှတ် ၁၀/၅၄အရ ဒေါ်မြညွန့်၏ ကိတ္တိမသားသမီးများဖြစ်ကြကြောင်းများကို မူလရုံးက လက်ခံခဲ့ပြီး ဖြစ်ပါလျက် ဒေါ်မြညွန့်၏ ကိတ္တိမသား သမီး(၃)ဦးအနက် ဒေါ်သန်းကြည် ၏ အမွေကိုကျန်မောင်နှမ (၂) ဦးအားဆက်ခံခွင့်မပေးဘဲ တူ၊တူမများအား ဆက်ခံခွင့်ပေးလိုက်ခြင်းသည် မျိုးဆက်နီးသူက ဆက်ခံခွင့်ရသည်ဆိုသည့် အခြေခံမှုနှင့် ဆန့်ကျင်နေကြောင်း၊ "ကိတ္တိမ သားသမီးတို့၏ အဖြစ်မှာ မိရင်း ဘရင်းတို့၏ အိမ်ထောင်တွင် မိသားစုတစ်ဦးအဖြစ်မှ ရပ်စဲသွားသည်၊ မိရင်း ဘရင်းတို့ထံမှ အမွေဆက်ခံခွင့်လည်း ဆုံးရှုံးသွားသည်" ဟူသော ဥပဒေသဘောတရားအရ ဒေါ်သန်းကြည်သည် ၁၉၅၄ ခုနှစ်တွင် ဒေါ်မြညွန့်က မွေးစားသည့်အချိန်မှစ၍ ဦးစ၊ ဒေါ်နှင်းဆိုင် မိသားစုဝင်အဖြစ်မှ ရပ်စဲသွားပြီး ဒေါ်မြညွန့်၏သမီး (မိသားစုဝင်) ဖြစ်သွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဒေါ်သန်းကြည်သည် ဦးစ၊ ဒေါ်နှင်းဆိုင်တို့နှင့်လည်းကောင်း ဦးစ၊ ဒေါ်နှင်းဆိုင်တို့၏အခြား သားသမီးများနှင့်လည်းကောင်း အမွေခန်းအရ ပြတ်သွားပြီဖြစ်ကြောင်း၊

၁၉၉၂
ဦးအောင်ခင်
နှင့်
ဒေါ်သိန်းလွင်ပါ - ၇

သို့ဖြစ်၍ အယူခံ တရားပြိုင်အမှတ် (၁) မှ(၆) တို့သည် ဒေါ်သန်းကြည်၏ အမွေကိုလုံးဝဆက်ခံခွင့် ပင်မရှိပါကြောင်း၊ ဤဥပဒေကို အယူခံတရားလိုက မသိမှား၍ အမှတ် (၁) မှ (၆) တရားပြိုင်တို့အား အမွေတစ်ဝက်ပေး၍ စွဲဆိုခဲ့မိကြောင်း၊ ဤကိစ္စအတွက် တရားရုံးမှ သင့်လျော်သလို စီရင်ဆုံးဖြတ်ပေးစေလိုကြောင်း၊ ဒေါ်သန်းကြည်၏ အမွေကို ဥပဒေအရ ဆက်ခံခွင့်ရှိသူများမှာ စာချုပ်တစ်ခုတည်းဖြင့် တစ်နေ့ တည်းအတူမွေးစားခြင်းခံရသည့် မောင်များဖြစ်သော အယူခံတရားလိုနှင့် အယူခံတရားပြိုင်ဦးတင်မြင့်တို့သာ လုံးဝဆက်ခံခွင့်ရှိကြသူများဖြစ်ကြောင်း၊ မူလရုံးက အယူခံတရားလိုသည် ကွယ်လွန်သူဒေါ်သန်းကြည်နှင့်သွေးသားမတော်စပ်ကြောင်း၊ ဒေါ်သန်းကြည်နှင့် မောင်နှမအရင်းတော်သူမှာ အယူခံ တရားပြိုင် (၁) မှ (၅) တို့၏ ဖခင်ဦးထင်နှင့် အယူခံတရားပြိုင် (၆) ၏မိခင် ဒေါ်အေးကြည်တို့သာ ရှိကြောင်း သုံးသပ်ခဲ့ခြင်းမှာ ဥပဒေအရ လည်းကောင်း၊ အကြောင်းခြင်းရာ အရလည်းကောင်းမှားယွင်း ပါကြောင်း၊ အမှန်အားဖြင့် ဒေါ်သန်းကြည်နှင့် အယူခံတရားလိုတို့သည် တစ်ဝမ်းကွဲ မောင်နှမများဖြစ်ကြကြောင်း၊ သို့သော်လည်း သက်သေခံ (ခ) စာချုပ်အရ ဒေါ်မြညွန့်၏ တရားဝင် ကိတ္တိမသားသမီးများဖြစ်ကြ၍ ဥပဒေအရ မောင်နှမအရင်း သဖွယ်ဖြစ်သွားကြောင်း၊ ဒေါ်သန်းကြည်၊ ဦးထင်နှင့် ဒေါ်အေးကြည်တို့သည် မူလက သွေးသားအရ မောင်နှမအရင်း ဖြစ်ခဲ့သော်လည်း ဒေါ်သန်းကြည်ကို ဒေါ်မြညွန့်က မွေးစားလိုက်သည့် အချိန်မှစ၍ ဥပဒေအရ မောင်နှမတော်စပ်ခြင်း မရှိတော့ကြောင်း၊ ဤအချက်ကိုလည်း မူလရုံးက မှားယွင်းဆုံးဖြတ်ခဲ့ကြောင်း၊ သို့ဖြစ်၍ မူလရုံး၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီး အယူခံတရားလိုအတွက် လိုအပ်သည့် သက်သာခွင့်ချမှတ်ပေးရန် ဖြစ်ကြောင်း တင်ပြသည်။

မူလရုံးတွင် တရားလို ဦးအောင်ခင်က ပဲခူးတိုင်း၊ ပြည်မြို့၊ ၆-ဈေးရပ်၊ဦးပိုင်အမှတ်၇၂ (ခ)၊မြေချိန်ဧရိယာ(.၀၀၃) ရှိမြေနှင့် ဦးပိုင်အမှတ် ၇၆၊ မြေချိန်ဧရိယာ(.၀၆၄) ရှိအိမ်ယာမြေအမျိုးအစား (ဘိုးဘွားပိုင်) မှာ ယခင် ဒေါ်မြညွန့် အမည်ထွက်ရှိသော ကွယ်လွန်သူ ဒေါ်သန်းကြည်ပိုင်ဆိုင်သော မြေဖြစ်ကြောင်း၊ ပြည်မြို့၊ ရွှေလက်လှလမ်းတွင် ဦးစနှင့် ဒေါ်မြညွန့်တို့ လက်ထပ်ပေါင်းသင်းရာ ဦးစတွင် ဒေါ်အေးကြည်၊ ဦးထင်၊ ဒေါ်သန်းကြည် စသော သားသမီးများပါရှိလာခဲ့ကြောင်း၊ ဦးစမှာ ၁၃၀၁ ခုနှစ်တွင် သေဆုံးပြီး ဇနီးဒေါ်မြညွန့်ကျန်ခဲ့ကြောင်း၊ ဒေါ်မြညွန့်၏

၁၉၉၂
ဦးအောင်ခင်
နှင့်
ဒေါ်သိန်းလွင်ပါ–

လင်ပါသမီး ဒေါ်အေးကြည်မှာ ဒေါ်မြညွန့်အရင်၁၉၇၉ ခုနှစ်ဇွန်လအတွင်းက သေဆုံးပြီး ဒေါ်မြညွန့်သည် ၁၉၇၉ ခုနှစ် အောက်တိုဘာလအတွင်းကသေဆုံးကြောင်း၊ လင်ပါသား ဦးထင်မှာလည်း ၁၉၈၁ ခုနှစ် ဇန်နဝါရီလအတွင်းကသေဆုံးခဲ့ကြောင်း၊ ဒေါ်မြညွန့်သက်ရှိထင်ရှားရှိစဉ် (၁၉– ၁– ၁၉၅၄) ရက်နေ့က– ဒေါ်မြညွန့်သည် ဒေါ်သန်းကြည်၊ ဦးထွန်းရွှေ၊ ဦးအောင်ခင် (တရားလို) နှင့် ဦးတင်မြင့် (၇–တရားပြိုင်) တို့အား အမွေစားအမွေခံ ကိတ္တိမသားသမီးများအဖြစ် မှတ်ပုံတင်စာချုပ်အမှတ် ၁၀/၅၄ ဖြင့် မွေးစားခဲ့ကြောင်း၊ (၂၆–၄– ၁၉၆၁) ရက်နေ့တွင် မှတ်ပုံတင်စာချုပ် အမှတ် ၂၂/၆၁ ဖြင့် အမွေဆိုင်များ သားချင်းတစ်စု စိမံမှုပြုလုပ်အမွေခွဲဝေကြရာ ဒေါ်သန်းကြည်သည် ယခုအချင်းဖြစ် မြေကွက်များကို ပိုင်ဆိုင်ခဲ့ကြောင်း၊ ဒေါ်သန်းကြည်တွင် မွေးစားညီအစ်ကို မောင်နှမများအဖြစ် ဦးထွန်းရွှေ၊ ဦးအောင်ခင်နှင့် ဦးတင်မြင့်တို့ရှိကြရာ ဦးထွန်းရွှေသည် ၁၉၈၂ ခုနှစ် မေလအတွင်းက ကွယ်လွန်သွားကြောင်း၊ ယင်းမြေကွက်များကို အမွေခွဲဝေရရှိပြီးနောက် ဒေါ်သန်းကြည်သည် မွေးစားမိခင်ဒေါ်မြညွန့်၊ မွေးစားညီအစ်ကို မောင်နှမများဖြစ်ကြသော ဦးထွန်းရွှေ၊ ဦးအောင်ခင်၊ ဦးတင်မြင့်တို့နှင့်အတူနေထိုင်လာခဲ့ရာမှ (၂၂– ၄–၉၀) ရက်နေ့တွင် သေဆုံးသွားကြောင်း၊ ဒေါ်သန်းကြည်၏ မောင်အရင်း ဦးထင်သည် ဒေါ်သန်းကြည်အရင်သေဆုံးသွားပြီး သားသမီးများအဖြစ် (၁)မှ(၅) တရားပြိုင်များကျန်ရစ်ကြောင်း၊ ဒေါ်သန်းကြည်၏ အစ်မအရင်း ဒေါ်အေးကြည်သည်လည်း ဒေါ်သန်းကြည် အရင်သေဆုံးကာ သမီးဖြစ်သူ (၆) တရားပြိုင်ကျန်ရစ်ခဲ့ကြောင်း၊ (၁) မှ (၆) အထိတရားပြိုင် များမှာ ဒေါ်သန်းကြည်၏ တူ၊ တူမများဖြစ်ပြီး တရားလို ဦးအောင်ခင်နှင့် တရားပြိုင် ဦးတင်မြင့်တို့မှာ အမွေရှင်ဒေါ်သန်းကြည်၏ မွေးစားညီအစ်ကို မောင်နှမများဖြစ်ကြကြောင်း၊ ထို့ကြောင့် ဒေါ်သန်းကြည်၏ အမွေပစ္စည်းကို မွေးစားညီအစ်ကို မောင်နှမများနှင့် ဦးထင်၊ ဒေါ်အေးကြည်တို့သည် အညီအမျှအကျိုးခံစားခွင့်ရှိကြကြောင်း၊ ဒေါ်သန်းကြည်၏ အမွေပုံပစ္စည်းကို (၄) ပုံ ပုံ၍ တရားလိုသည် (၁) ပုံကိုလည်းကောင်း၊ ဦးတင်မြင့်သည် (၁) ပုံကိုလည်းကောင်း၊ ဦးထင်၏ (၁) ပုံကို ၎င်း၏ သားသမီးများ ဖြစ်ကြသော (၁) မှ (၅) အထိ တရားပြိုင်များက လည်းကောင်း၊ ဒေါ်အေးကြည်၏ (၁) ပုံကို ၎င်း၏သမီး (၆) တရားပြိုင်က လည်းကောင်း ခွဲဝေခံစားထိုက်ကြကြောင်း၊ ဒေါ်သန်းကြည် ပိုင်ဆိုင်ခဲ့သော အချင်းဖြစ်

မြေများကို (၁)မှ (၆) တရားပြိုင်များက ရောင်းချပစ်မည်ကိုကြားသိရပြီး အမွေဆိုင်တရားလိုနှင့် (၇) တရားပြိုင်တို့ ၏အကျိုးခံစားရပိုင်ခွင့်ရှိစေရန်နှင့် နစ်နာဆုံးရှုံးမှုမဖြစ်စေရန်အတွက် တရားရုံးမှ အမွေစီမံခန့်ခွဲအုပ်ထိန်းပေးစေရန် အမှုစွဲဆိုရခြင်းဖြစ်ကြောင်း အဆိုလွှာတွင်ဖော်ပြခဲ့သည်။

အမှတ် (၁)မှ (၆) တရားပြိုင်များက ချေပတင်ပြရာတွင်– အချင်းဖြစ်မြေကွက်များမှာ ဒေါ်မြညွန့်၏အမည်ပေါက်ခဲ့ခြင်းမရှိဘဲ ယခင်က ဦးစနာမည်ပေါက်၍ ယခုအခါ (၁)မှ(၆) တရားပြိုင်များ၏ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိကြောင်း၊ ဒေါ်သန်းကြည်ပိုင်သည်ဆိုသည်မှာ မမှန်ကြောင်း၊ ဦးစတွင် (၁) မှ (၆) အထိ တရားပြိုင်များဖြစ်ကြသော မြေးများသာကျန်ရှိတော့ ရာ ထိုမြေးများသာ အမွေအားဖြင့် ပိုင်ဆိုင်ကြောင်း၊ ဒေါ်မြညွန့် ပြုလုပ်ခဲ့သည်ဆိုသော ကိတ္တိမမွေးစားစာချုပ်ကို မသိကြောင်း၊ ဦးစ၏ သားကြီးသမီးကြီးတို့ကို အမွေမပေးလို၍ ဒေါ်မြညွန့်မှ လက်ဝါးကြီးအုပ် စီမံမှုသာဖြစ်ကြောင်း၊သားချင်းတစ်စုစီမံမှုပြုလုပ် အမွေ ခွဲဝေသည်ဆိုသော မှတ်ပုံတင်စာချုပ်မှာလည်း ကာလစည်းကမ်းသတ်များစွာ ကျော်လွန်ပြီးမှ ချုပ်ဆိုသော စာချုပ်ဖြစ်၍ ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ ဦးစသေဆုံးစဉ်က အိမ်ထောင်ကြီး၏ သားကြီးသမီးကြီးတို့က အမွေတောင်းခံသော်လည်း ခွဲဝေပေးခဲ့ခြင်းမရှိကြောင်း၊ ဒေါ်သန်းကြည်သည် မည်သည့်အခါကမျှ အချင်းဖြစ် မြေယာအား လက်ရှိ လက်ဝယ်တရားဝင် ပိုင်ဆိုင်ခြင်း မရှိခဲ့ကြောင်း၊ ဒေါ်သန်းကြည်၏ အမွေသည်အောက်သို့ စုန်နိုင်ရန် ၎င်း၌တူ၊ တူမများ (၁ မှ ၆ တရားပြိုင်) ခြောက်ယောက် ကျန်ရှိနေကြောင်း၊ ထို့ကြောင့် မိထွေး ဒေါ်မြညွန့်၏ မွေးစားသားတရားလိုနှင့် (၇) တရားပြိုင်တို့ထံ အထက်သို့ဆန်၍ အမွေဆက်ခံရန်မရှိ ကြောင်း၊တရားလိုများသည် ဤအမှုကို ယခုပုံစံဖြင့်မစွဲဆိုနိုင်ကြောင်း၊ အမှုစွဲဆိုသည်မှာလည်း ကာလစည်းကမ်းသတ် များစွာကျော်လွန်ပြီးဖြစ်ကြောင်းစသည်ဖြင့် ချေပ တင်ပြခဲ့ကြသည်။

မူလရုံးသည် နှစ်ဖက်အဆိုအချေများအရ အောက်ပါငြင်းချက်များကို ထုတ်နုတ်ခဲ့သည်–

၁။ တရားလိုနှင့် တရားပြိုင်များသည် ကွယ်လွန်သူ ဒေါ်သန်းကြည်၏ အမွေစား အမွေခံများဖြစ်ကြပါသလား ၊

၂။ ကွယ်လွန်သူ ဒေါ်သန်းကြည်တွင် အမွေပစ္စည်းများ ကျန်ရှိခဲ့ပါသလား ၊

၁၉၉၂
ဦးအောင်ခင်
နှင့်
ဒေါ်သိန်းလွင်ပါ-

၃။ တရားလိုသည် ကွယ်လွန်သူဒေါ်သန်းကြည်၏ အမွေစားအမွေခံ ဖြစ်ပါက ကွယ်လွန်သူဒေါ်သန်းကြည် ကျန်ရစ်သည့် ပစ္စည်းကို မည်သို့ခံစားခွင့်ရှိပါသနည်း။

၄။ အမှုစွဲဆိုခြင်းသည် ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဆိုသည်မှာ မှန်သလား ၊

၅။ တရားလိုသည် ဤအမှုကို ဤပုံစံအတိုင်းစွဲဆိုနိုင်ပါသလား၊

၆။ တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်ပါသနည်း။

ဖော်ပြပါငြင်းချက်များအနက် ငြင်းချက်အမှတ် (၄) နှင့် (၅)တို့ကို မူလရုံးက ပဏာမငြင်းချက်များ အဖြစ်သတ်မှတ်ကြားနာခဲ့ပြီး ဤအမှု စွဲဆိုခြင်းသည် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီ ဆိုသည်မှာ မမှန်ကြောင်းနှင့် တရားလိုသည် ဤအမှုကို ဤပုံစံအတိုင်းစွဲဆိုနိုင်ကြောင်း ဖြင့် ပဏာမငြင်းချက်များကိုဖြေဆိုခဲ့သည်။ ငြင်းချက်အမှတ်(၁)နှင့် စပ်လျဉ်း၍ တရားလို တရားပြိုင်များသည် ကွယ်လွန်သူ ဒေါ်သန်းကြည် ၏ အမွေစား အမွေခံများဖြစ်ကြသည်ဆိုသည်မှာ မမှန်ဘဲ တရားပြိုင် ဒေါ်သိန်းလွင်၊ ဦးမျိုးဆွေ၊ ဦးဝင်းဆွေထင်၊ ဦးခင်မောင်ဝင်းထင်၊ ဒေါ်ခင်စောမူထင်နှင့် ဒေါ်ခင်မမတင်တို့သည် ကွယ်လွန်သူဒေါ်သန်းကြည်၏ အမွေစားအမွေခံများ ဖြစ်ကြောင်း၊ ငြင်းချက်အမှတ် (၂)နှင့် စပ်လျဉ်း၍ ကွယ်လွန်သူ ဒေါ်သန်းကြည်တွင် အမွေပစ္စည်း ကျန်ရှိခဲ့သည်မှာ မှန်ကန်ကြောင်း၊ ငြင်းချက်အမှတ် (၃)ကို ဖြေဆိုရန် မလိုတော့ကြောင်း သုံးသပ်၍ တရားလိုသည် မည်သည့်သက်သာခွင့်မှ မရထိုက်ကြောင်း၊ တရားပြိုင် ဦးတင်မြင့်သည်လည်း အမွေမရထိုက်ကြောင်း၊ တရားပြိုင် ဒေါ်သိန်းလွင်၊ ဦးမျိုးဆွေ၊ ဦးဝင်းဆွေထင်၊ ဦးခင်မောင်ဝင်းထင်၊ ဒေါ်ခင် စောမူထင်နှင့် ဒေါ်ခင်မမတင်တို့သည် ကွယ်လွန်သူ ဒေါ်သန်းကြည်၏ အမွေကို တစ်ဦးလျှင် ခြောက်ပုံတစ်ပုံစီ ရထိုက်ကြောင်းဖြင့် ပဏာမ ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။

အချင်းဖြစ်မြေကွက်များကို ကွယ်လွန်သူ ဒေါ်သန်းကြည်သည် သက်သေခံ (ဂ) အဖြစ် မူလအမှုတွင်တင်ပြထားသော ၂၆-၄-၆၁ ရက်နေ့စွဲပါ စာချုပ်အရ ပိုင်ဆိုင်ခဲ့ကြောင်း၊ ကွယ်လွန်သူ ဒေါ်မြညွန့်သည် အစ်မဖြစ်သူ၏ သမီးလည်းဖြစ်၊ လင်ပါသမီးလည်းဖြစ်သူ ဒေါ်သန်းကြည် နှင့်မောင်ဖြစ်သူ ဦးထွား၏သားများဖြစ်သော ဦးထွန်းရွှေ၊ ဦးအောင်ခင် (တရားလို)၊ ဦးတင်မြင့် (၇-တရားပြိုင်) တို့အား ၁၉-၁-၅၄ ရက်

၁၉၉၂
ဦးအောင်ခင်
နှင့်
ဒေါ်သိန်းလွင်
ပါ-၇

နေ့စွဲပါ ရေစစ္စတြီမှတ်ပုံတင်စာချုပ် (သက်သေခံ-ခ) ဖြင့် အမွေစား အမွေခံကိတ္တိမသားသမီးများအဖြစ် မွေးစားခဲ့ကြောင်း အမှုတွင် အငြင်း မထွက်ပေါ်ပေါက်သည်။ ကျန် (၁) မှ (၅) တရားပြိုင်များ ဖြစ်ကြသည့် ဒေါ်သိန်းလွင်၊ ဦးမျိုးဆွေ၊ ဦးဝင်းဆွေထင်၊ ဦးခင်မောင်ဝင်းထင်၊ ဒေါ်ခင်စော မူထင်တို့မှာ ဒေါ်သန်းကြည်၏ အစ်ကိုဦးထင် (ကွယ်လွန်)၏ သားသမီး များ ဖြစ်ကြပြီး (၆) တရားပြိုင် ဒေါ်ခင်မမတင်မှာ ဒေါ်သန်းကြည်၏ အစ်မ ဒေါ်အေးကြည် (ကွယ်လွန်)၏ သမီးဖြစ်သည်။ ဒေါ်အေးကြည်၊ ဦးထင်နှင့် ဒေါ်သန်းကြည်တို့သည် ဦးစနှင့် ၎င်း၏ ပထမအိမ်ထောင် ဒေါ်နှင်းဆိုင်တို့မှ မွေးဖွားသော သားသမီးများဖြစ်သည်။ ဒေါ်နှင်းဆိုင် ကွယ်လွန်သည့်အခါ ဦးစသည် ဒေါ်နှင်းဆိုင်၏ ညီမဖြစ်သူ ဒေါ်မြညွန့်နှင့် ဒုတိယအိမ်ထောင်ပြုခဲ့သည်။ သားသမီး မထွန်းကားပေ။ ဦးစကွယ်လွန် ပြီးနောက်တွင် ဒေါ်မြညွန့်သည် ဦးစ၏ ပထမအိမ်ထောင်မှ သမီးလည်းဖြစ်၊ မိမိ၏ တူမအရင်းလည်းဖြစ်သူ ဒေါ်သန်းကြည်နှင့် မိမိ၏မောင် ဦးထွား၏ သားများဖြစ်သည့် ဦးထွန်းရွှေ၊ ဦးအောင်ခင်နှင့် ဦးတင်မြင့်တို့ (၄)ဦးအား ကိတ္တိမ သားသမီးများအဖြစ် မွေးစားခဲ့သည်။ ဦးထွန်းရွှေမှာ ၁၉၈၂ ခုနှစ် တွင် ကွယ်လွန်သည်။ ထို့ကြောင့် ဒေါ်မြညွန့်၏ ကိတ္တိမသားသမီးများအဖြစ် ဒေါ်သန်းကြည်၊ ဦးအောင်ခင်နှင့် ဦးတင်မြင့်တို့ ကျန်ရစ်ခဲ့ကြရာ ၁၉၉၀ ပြည့်နှစ်တွင် ဒေါ်သန်းကြည် ကွယ်လွန်သည့်အခါ ဒေါ်သန်းကြည်ပိုင် အထက်တွင် ဖော်ပြပါ မြေကွက်များနှင့် စပ်လျဉ်း၍ ဦးအောင်ခင်က ဤအမွေပုံ စီမံခန့်ခွဲပေးစေလိုမှုကို စွဲဆိုလာခြင်းဖြစ်သည်။

မူလရုံးသည် အချင်းဖြစ်မြေကွက်များအား ဒေါ်သန်းကြည်က ပိုင်ဆိုင် ပြီး အမွေပုံပစ္စည်းအဖြစ် ကျန်ရစ်ခဲ့မှုနှင့် ကွယ်လွန်သူ ဒေါ်သန်းကြည် တရားလို ဦးအောင်ခင်နှင့် ၇-တရားပြိုင် ဦးတင်မြင့်တို့သည် ကွယ်လွန်သူ ဒေါ်မြညွန့်၏ တရားဝင် ကိတ္တိမသားသမီးများအဖြစ် ကျန်ရှိနေမှုတို့ကို လက်ခံခဲ့သော်လည်း မွေးစားခြင်း ခံရသူတစ်ဦးထံမှ ပစ္စည်းကို ကျန်မွေး စားခြင်း ခံရသည့် မွေးစားသားသမီးများက အမွေဆက်ခံခွင့် မရှိကြောင်း၊ ကွယ်လွန်သူ ဒေါ်သန်းကြည်၏ အမွေကို ၎င်း၏မောင်နှမများ ဖြစ်ကြ သော ဦးထင်နှင့်ဒေါ်အေးကြည်တို့က အမွေဆက်ခံရန်ဖြစ်သော်လည်း ဦးထင်၊ ဒေါ်အေးကြည်တို့မှာ ကွယ်လွန်ခဲ့ကြပြီး ဖြစ်သဖြင့် ၎င်းတို့မှ မွေးဖွားသော သားသမီးများ (၁ မှ ၆ အထိ တရားပြိုင်များ)သာ အမွေ ဆက်ခံရန်ဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

၁၉၉၂
ဦးအောင်ခင်
နှင့်
ဒေါ်သိန်းလွင်
ပါ-၇

အချင်းဖြစ်အမှုမှ အမွေရှင် ဒေါ်သန်းကြည် (ကွယ်လွန်)နှင့် တရားလို ဦးအောင်ခင်၊ ၇-တရားပြိုင် ဦးတင်မြင့်တို့မှာ ကွယ်လွန်သူ ဒေါ်မြညွန့်က မှတ်ပုံတင်စာချုပ်ဖြင့် မွေးစားခဲ့သော ကိတ္တိမသားသမီးများ ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ တရားဝင်မွေးစားသော ကိတ္တိမသားသမီးများသည် သားရင်းသမီးရင်းနှင့် မခြား မွေးစားမိဘ၏ အမွေကိုဆက်ခံခွင့်ရှိကြပြီး၊ အောက်ပါအချက်များတွင်မှတစ်ပါး သားရင်းသမီးရင်းများနှင့် မခြားတန်းတူ အခွင့်အရေးရရှိကြသည်-

(၁) ကိတ္တိမသားသမီးတို့သည် မည်သည့်အကြောင်းနှင့်မျှ ဩရသအဖြစ် မရရှိနိုင်ခြင်း၊

(၂) မွေးစားမိဘများသည် သားသမီး မွေးစားခြင်းကို အသိအမှတ်မပြုသည့် အခြားဘာသာသို့ ကူးပြောင်းသွားလျှင် ကိတ္တိမသားသမီးများ အမွေခံစားခွင့် ဆုံးရှုံးသွားခြင်း၊

(၃) မွေးစားမိဘသည် ၎င်း၏မိဘများထံမှ အမွေဆက်ခံခွင့်ရှိပြီး ပစ္စည်းလက်ရောက်မရသေးမီ သေဆုံးသွားပါက ကိတ္တိမမွေးစားသားသမီးသည် တစ်ဦးတည်းသောသားသမီးဖြစ်စေကာမူ အမွေတစ်ဝက်သာ ရခွင့်ရှိခြင်း။

ကိတ္တိမသားသမီးတို့၏ အဖြစ်မှာ မိရင်းဘရင်းတို့၏ အိမ်ထောင်တွင် မိသားစုအဖြစ်မှ ရပ်စဲသွားပြီး မိရင်းဘရင်းတို့ထံမှ အမွေဆက်ခံခွင့်လည်း ဆုံးရှုံးသွားကြောင်းဖြင့် **မမိုးစာ** နှင့် **ဦးဥတ္တမ** အမှု[၁]တွင် ထုံးဖွဲ့ထားပြီး၊ ကိတ္တိမသားသမီးတို့သည် မွေးစားမိဘအိမ်ထောင်တွင် မွေးဖွားလာသည့်သူ တစ်ဦးဖြစ်ကြောင်း **မောင်အိမ်** နှင့် **မခင်** အမှု[၂] တွင်လည်းကောင်း၊ ကိတ္တိမသားသမီးတို့သည် မွေးစားမိဘထံမှသာမက မွေးစားမိဘ၏ ဆွေမျိုးသားချင်းများထံမှလည်း အမွေဆက်ခံခွင့်ရှိကြောင်း **မသော်** နှင့် **မစိန်** အမှု[၃]တွင်လည်းကောင်း မွေးစားသားသမီးများ၏ အခွင့် အရေးများအား ထုတ်ဖော် သတ်မှတ်ညွှန်ပြထားသည်များကို တွေ့ရှိရ သည်။

သို့ဖြစ်ရာ ဒေါ်သန်းကြည်သည် ၎င်းအား ဒေါ်မြညွန့်မှ ကိတ္တိမသမီးအဖြစ် မွေးစားလိုက်သည့် ၁၉-၁-၅၄ ရက်နေ့မှစ၍-မိရင်းဘရင်းဖြစ်သူ ဦးစနှင့် ဒေါ်နှင်းဆိုင်တို့၏ မိသားစုဝင်အဖြစ်မှ ရပ်စဲသွားပြီး အမွေဆက်ခံခွင့်

(၁) အေအိုင်အာ ၁၉၃၁၊ ရန်ကုန်၊ ၃၀၀။
(၂) ၂-ယူဘီအာ (၁၈၉၂-၉၆)၊ ၂၂။
(၃) ၅-အယ်လ်ဘီအာ၊ ၈၉။

၁၉၉၂ ဦးအောင်ခင် နှင့် ဒေါ်သိန်းလွင် ပါ-၇

ဆုံးရှုံးသွားကာ ဒေါ်မြညွန့်၏ အိမ်ထောင်စုတွင် အခြားကိတ္တိမ မွေးစားသားများဖြစ်သူ ဦးထွန်းရွှေ၊ ဦးအောင်ခင်နှင့် ဦးတင်မြင့်တို့နှင့်အတူ အသစ်မွေးဖွားလာသော သားသမီးများအဖြစ် သားရင်းသမီးရင်းသဖွယ် အခွင့်အရေးများ ရရှိကြမည်ဖြစ်သည်။ မွေးစားခံရသူများ အချင်းချင်းသည်လည်း ညီအစ်ကို မောင်နှမအရင်းကဲ့သို့ပင် တန်းတူအခွင့်ရရှိကြမည်သာ ဖြစ်သည်။ မွေးစားမိဘတို့မှာလည်း မိရင်းဘရင်းတို့နှင့်မခြား အတူတူပင် တန်းတူအခွင့်အရေးရှိသည်ဖြစ်ရာ မွေးစားသားသမီး ကွယ်လွန်၍ ၎င်းတွင် သားသမီးမြေးမြစ်စသော တိုက်ရိုက်အဆက်အနွယ်များမရှိလျှင် မွေးစားသား သမီးတို့၏ အမွေကို မွေးစားမိဘတို့ ရခွင့်ရှိကြောင်းဖြင့် **မအေးဒုတ်** နှင့် **မောင်ငွေလှိုင်** အမှု[၄]တွင် ထုံးဖွဲ့ထားသည်။

**မောင်ခက်နှင့်မရင်** အမှု[၅]တွင် ကွယ်လွန်သူ မွေးစားသား၏ အမွေကို ၎င်း၏ နှမအရင်းသည် မွေးစားမိဘဘက်မှ တော်စပ်သည့် တစ်ဝမ်းကွဲ ညီအစ်ကိုမောင်နှမများထက်ပို၍ အခွင့်အရေးရကြောင်း တရားရုံးချုပ်က ဆုံးဖြတ်ပြီး ကိတ္တိမသားသမီးအဖြစ် မွေးစားခံရသူများသည် မိရင်းဘရင်းတို့ မိသားစုတွင် သူစိမ်းပြင်ပြင် တစ်ယောက်အဖြစ် ရောက်သွားသည်ဆိုသည်မှာ အဆိုပါ မိသားစုတွင် ကျန်ရစ်သူများ၏ အကျိုးကျေးဇူးများကို ကာကွယ်ပေးရန်အတွက်မျှသာဖြစ်ကြောင်း၊ ဤရည်ရွယ်ချက်ထက်ကျော်ပြီး အဓိပ္ပာယ်ကောက်ယူရန် မသင့်ကြောင်း၊ မွေးစားသားသမီးသည် မွေးစားမိဘ၏ ဆွေမျိုးများထံမှ အမွေဆက်ခံခွင့်ရရှိခြင်းမှာလည်း ၎င်း၏ သွေးရင်းသားရင်း မိသားစုထံမှ အမွေဆက်ခံခွင့် ဆုံးရှုံးသည့်အတွက်ကြောင့် ထိုအခွင့်အရေးပေးခြင်းမျှသာဖြစ်ကြောင်း၊ မွေးစားသားသမီးသည် မိရင်းဘရင်းတို့ထံမှ အမွေဆက်ခံခွင့်မရှိခြင်းနှင့် မွေးစားမိဘ၏ ဆွေမျိုးများထံမှ အမွေဆက်ခံခွင့်ရရှိခြင်းတို့မှလွဲ၍ ကျန်ကိစ္စအရပ်ရပ်တို့တွင် မွေးစားသားသမီး များသည် မွေးစားသည့်မိသားစုအကျိုးနှင့်သာလျှင် အစဉ်အမြဲ ဒွန်တွဲ ရပ်တည်လျက်ရှိရမည် မဆိုနိုင်ကြောင်း အောက်ပါအတိုင်း သုံးသပ်ခဲ့သည်–

"Thus the legal fiction by which the adopted child becomes a stranger to his natural relatives is meant only to safeguard the interest of the remaining members of the family out of which the adoptee has been dropped

(၄) ၂-ယူဘီအာ (၁၈၉၇-၁၀၁)၊ ၁၀၉။

(၅) ၁၉၆၆ ခု၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၂၇။

and it should not therefore be extended beyond what was orginally intended for. In other words the adoptee should not be regarded as a stranger to his natural relatives for the purpose of determining the question as to who should inherit his estate, although for the reasons stated above he should justifiably be regarded as a stranger for the purpose of shutting out all his claims in his orginal family."

အဆိုပါ သုံးသပ်ချက်အရ ဆိုပါလျှင် မွေးစာ သားသမီးများသည် မွေးစားမိဘတို့၏ အိမ်ထောင်စု၌ အကျိုးဆက်ခံခွင့်ကို ရရှိယုံမျှမက မိရင်းဘရင်းတို့၏ အိမ်ထောင်စုနှင့် ပတ်သက်၍ပါ ၎င်း၏ အမွေဆက်ခံရေး ကိစ္စများတွင် အကျုံးဝင်သက်ဆိုင်သည့် သဘောသက်ရောက်လျက်ရှိသည်။ အဆိုပါ မောင်ခက်နှင့် မရင်အမှုမှ သုံးသပ်ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဥပဒေပညာရှင် ဒေါက်တာ ဦးမောင်မောင်က ၎င်း၏ "BURMESE BUDDHIST LAW" စာအုပ်တွင် အောက်ပါအတိုင်း ဝေဖန်သုံးသပ်၍ မြန်မာဓလေ့ ထုံးတမ်းဥပဒေတွင် မွေးစားသားသမီးများသည် မိရင်းဘရင်း၏ အိမ်ထောင် နှင့် မွေးစားမိဘတို့၏ အိမ်ထောင်နှစ်ဖက်လုံးနှင့် ဆက်နွှယ် ပတ်သက်မှု အခြေအနေ (Dual family relationship) ကို အသိအမှတ် ပြုထားခြင်း မရှိကြောင်း ရှင်းလင်းညွှန်ပြထားသည်ကို တွေ့ရသည်-

"It would appear that the Learned Judge considered the adoptee to be a member of both the adoptive family and his natural family concurrently, for the special purpose of determining who inherits his estate. This is apparent from the Learned Judge's conclusion that the Kittima's natural sister is of nearer Kinship to him than the grandchildren of his adoptive parents, who, in other words, are his nephews and nieces by adoption. This involves recognition of the principle of dual membership of the kittima in his natural family and in the adoptive family, as, otherwise, there would be no need to make a comparative assessment of nearness of kinship as between a natural sister and adoptive nephews and nieces. Dual family relationship appears to be unknown to Burmese Buddhist Law and the Learned Judge's dictum was an ipse dexit, which clearly calls for

၁၉၆၂
ဦးအောင်ခင်
နှင့်
ဒေါ်သိန်းလွှင်
ပါ-၇

၁၉၉၂
ဦးအောင်ခင်
နှင့်
ဒေါ်သိန်းလွင်ပါ- ၇

further consideration in an appropriate case."

သို့ဖြစ်ရာ ကိတ္တိမ မွေးစားသားသမီး တစ်ဦးသည် ၎င်း၏ မိရင်းဘရင်းတို့ထံမှ အမွေဆက်ခံခွင့် ဆုံးရှုံးပြီး မွေးစားမိဘများ၏ ဆွေမျိုးများထံမှ အမွေဆက်ခံခွင့်ရသည်ဆိုသော ဥပဒေသဘောတရားသည် မြန်မာဓလေ့ ထုံးတမ်းဥပဒေတွင် ခိုင်မြဲတည်တံ့လျက်ရှိသော အခြေခံတစ်ရပ်ဖြစ်သည် ဟု ဆိုရမည် ဖြစ်သည်။ ထိုဥပဒေသဘောကို **ဒေါ်သန်းခင် နှင့် ဒေါ်နွဲ့နွဲ့ခင်** အမှု[၆]တွင် တရားရုံးချုပ်က ကျယ်ပြန့်စွာ သုံးသပ်ဆုံးဖြတ်ထားသည်။

အချင်းဖြစ်အမှုတွင် တရားလို ဦးအောင်ခင်နှင့် တရားပြိုင် ဦးတင်မြင့်၊ အမွေရှင် ဒေါ်သန်းကြည်တို့သည် ကွယ်လွန်သူ ဒေါ်မြညွန့်မှ ရေစစ်တွေ မှတ်ပုံတင်စာချုပ်ဖြင့် မွေးစားခဲ့သော ညီအစ်ကိုမောင်နှမများဖြစ်ရာ ၎င်းတို့သည် မူလ မိရင်းဘရင်းတို့၏ အိမ်ထောင်တွင် မိသားစုများအဖြစ်မှ ရပ်စဲသွားကာ အမွေဆက်ခံခွင့် ဆုံးရှုံးသွားကြပြီးဖြစ်ပြီး မွေးစားမိဘဖြစ်သူ ဒေါ်မြညွန့်၏ အိမ်ထောင်တွင် သားရင်းသမီးရင်းများသဖွယ် မွေးဖွားလာသည့် ညီအစ်ကိုမောင်နှမအရင်းများ အဖြစ်သို့ ရောက်ရှိကြသည်ဟု ဆိုနိုင်သည်။ မသော်နှင့် မစိန်အမှု[၇]တွင်လည်း ညီအစ်ကို မောင်နှမများတွင် ၎င်းတို့၏ မိဘများက မွေးစားထားသည့် ကိတ္တိမသားသမီးများလည်း ပါဝင်သည်ဟု ဆုံးဖြတ်ထားပြီးဖြစ်သည်။

ဖော်ပြပါအချက်များအရ ကွယ်လွန်သူ ဒေါ်သန်းကြည်နှင့် တရားလို ဦးအောင်ခင်၊ တရားပြိုင် ဦးတင်မြင့်တို့သည် ကွယ်လွန်သူ–ဒေါ်မြညွန့်မှ တရားဝင် မွေးစားထားခဲ့သည့် ကိတ္တိမသားသမီးများ ဖြစ်ကြသည့်အားလျော်စွာ ၎င်းတို့သည် ညီအစ်ကိုမောင်နှမအရင်းများကဲ့သို့ အမွေဆက်ခံမှုပြုနိုင်ကြမည်ဖြစ်သည်။ ဤအခြေအနေတွင် ဒေါ်သန်းကြည်မှ ကျန်ရစ်သော အမွေဆိုင်ပစ္စည်းများကို ကိတ္တိမညီအစ်ကို မောင်နှမများဖြစ်ကြသည့် ဦးအောင်ခင်နှင့် ဦးတင်မြင့်တို့ကသာ အမွေဆက်ခံပိုင်ဆိုင်ကြမည်ဖြစ်ပြီး တူ၊ တူမများဖြစ်ကြသော (၁) မှ (၆) အထိ တရားပြိုင်များသည် ဒေါ်သန်းကြည်၏ ကိတ္တိမ မွေးစားမောင်နှမများကို ကျော်လွန်၍ ဒေါ်သန်းကြည်၏ အမွေကို ဆက်ခံနိုင်ခွင့် ရှိကြမည်မဟုတ်ချေ။ ထို့ကြောင့် မူလရုံးက တရားလို ဦးအောင်ခင်နှင့် တရားပြိုင် ဦးအောင်မြင့်တို့အား

---

(၆) ၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ–၁၁၉။

၁၉၉၂
ဦးအောင်ခင်
နှင့်
ဒေါ်သိန်းလွင်ပါ- ၇

ဒေါ်သန်းကြည်၏ အမွေကို ဆက်ခံပိုင်ခွင့်မပြုဘဲ (၁) မှ (၆)အထိ တရားပြိုင်များအား ဒေါ်သန်းကြည်၏ အမွေပုံကို ခြောက်ပုံတစ်ပုံစီ ခံစားထိုက်ကြောင်း ပဏာမဒီကရီချမှတ်ပေးခဲ့ခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ထို့ပြင် တရားလို၏ အဆိုလွှာကို ပလပ်ကြောင်း အမိန့်ချမှတ်ပြီး အခွန်တော်များ ထမ်းဆောင်၍ မိမိတို့ အမွေဝေစုကို တောင်းခံထားခြင်း မရှိပါဘဲလျက် တရားပြိုင်များအား အမွေခွဲဝေပေးကြောင်း အမိန့်ချမှတ်ထားခြင်းမှာလည်း လုပ်ထုံးလုပ်နည်းနှင့်မညီ၊ မှန်ကန်မှု မရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် ပဲခူးတိုင်း တရားရုံး(ပြည်မြို့နယ်စု) တရားမကြီးမှုအမှတ် ၁၃/၉၀ တွင် တိုင်းတရားရုံးက ချမှတ်ခဲ့သည့် ပဏာမဒီကရီကို ပယ်ဖျက်ပြီး မူလရုံးတရားလို ဦးအောင်ခင်သည် ကွယ်လွန်သူ ဒေါ်သန်းကြည် ကျန်ရစ်သော အမွေပုံပစ္စည်းတွင် အမွေဝေစု ၁/၂ ပုံ ရထိုက်ကြောင်း စရိတ်နှင့်တကွ ပဏာမဒီကရီ ချမှတ်ပေးလိုက်သည်။ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အမှုကို ဆက်လက်ဆောင်ရွက်သွားရန် ပဲခူးတိုင်းတရားရုံး (ပြည်ခရိုင်)အား ညွှန်ကြား အမိန့်ချမှတ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀၀/- သတ်မှတ်သည်။

## ပြစ်မှုအမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | စာပိုဒ် | အမှား | အမှန် |
|---|---|---|---|---|
| ၄၅ | ၃ | ၁ | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၅၄ | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ |
| ၁၂၈ | | | – | **အောက်ခြေဖြည့်စွက်ရန်** ၁။ ၁၉၇၈ မြန်မာနိုင်ငံတရားစီရင်ထုံးစာ(၁)။ |
| ၁၅၉ | ၅ | ၃ | ဦးကြည်အောင် | ဦးကြည်မောင် |
| ၁၆၀ | ၄ | ၂ | သက်သေခံအဖြစ် | သက်သေအဖြစ် |
| ၂၁၆ | ၁၀ | ၃ | ခင်မောင်ချင်း (ခ) မောင်သောင်းကြည် | ခင်မောင်ချင်း (ခ) မောင်သိန်းကြည် |
| ၂၁၇ | ၇ | ၃ | မောင်သောင်းကြည် | မောင်သိန်းကြည် |
| ၂၁၉ | ၆ နှင့်၇ | ၄ | မောင်သောင်းကြည် | မောင်သိန်းကြည် |
| ၂၄၁ | ၁၃ | ၃ | ဒေါ်တင်မေ | ဒေါ်နှင်းဆီ |
| ၂၄၇ | ၉ | ၂ | ဦးဖသန်း | ဦးဖေသန်း |

## တရားမမှု အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာပိုဒ် | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| စီရင်ထုံး ပြုသော တရားမမှုများ | – | ၁၅ | ၆၄ | ၆၆ |
| ၁၈ | ၁ | ၆ | ဒေါ်ငွေသိန်း မကျေနပ်၍ | ဒေါ်ငွေသိန်းက မကျေနပ်၍ |
| ၂၀ | ၁ | ၁၇ | အဆောက်အဦ | အဆောက်အအုံ |
| ၇၇ | ၂ | ၅ | ပိုင်သဖြင့် | ပိုင်အဖြစ် |
| ၈၀ | ၁ | ၁ | ပိုင်သဖြင့် | ပိုင်အဖြစ် |
| ၈၇ | ၅/၇ | ၂–၁၁/၅ | နည်း ၂၅ | နည်း ၂၇/၂၈ |
| ၈၈ | ၂ | ၇ | ဆင်ခြေတို့ | ဆင်ခြင်တို့ |
| ၈၉ | ၂ | ၂ | မြောက်များ | မြောက်မြား |